http://www.cherrythitsar.org

# ဓမ္မပဒ

(ယမကာဝဂ်၊ စိတ္တဝဂ်၊ အပ္ပမာဒဝဂ်၊ ပုပ္ဖဝဂ် ပေါင်းချုပ်)

ဦးရွှေအောင်

မဟာဝိဇ္ဇာ(သင်္ချာ)၊ ဝင့်သကာ နှင့် သိမ်ရာမဏိ



ဒုတိယအကြိမ်

http://www.cherrythitsar.org

ပန်းများလှသလို လူ့ဘဝသည်လည်း လှပါစေ။
ပန်းများမွှေးသလို လူ့ဘဝသည်လည်း မွှေးပါစေ။
လှသော၊ မွှေးသော ပန်းများကို လောက၌
ထိုက်ထိုက်တန်တန် အသုံးချ၍ရသလို
လှသော၊ မွှေးသော လူ့ဘဝများကိုလည်း လောက၌
ထိုက်ထိုက်တန်တန် အသုံးချ၍ရပါစေ။
ဘုရားတင်၍ ပူဇော်ခြင်းဖြင့် ပန်းများကို လောက၌
ထိုက်ထိုက်တန်တန် အသုံးချ၍သလို
လောကအတွက် ပူဇော်ခြင်းဖြင့် မိမိတို့၏ ဘဝကို
ထိုက်ထိုက်တန်တန် အသုံးချ၍ရပါစေ။

[ဓမ္မပဒ၊ ပုပ္ဖဝဂ်... မှ]

http://www.cherrythitsar.org

## ဦးရွှေအောင် [၁၉၂၈–၁၉၉၄]

ပဲခူးတိုင်း ကဝမြို့နယ် ဖလေးရွာတွင် အဖ ဦးရေ၊ အမိ ဒေါ်အုန်းရှင် တို့က ၁၉၂၈ ခု ဇွန်လ ၇ ရက်တွင် မွေးဖွားသည်။ အမည်ရင်းမှာ ဦးရွှေအောင် ဖြစ်သည်။

ဖလေးရွာ အလယ်တန်းကျောင်း(၁၉၃၅)၊ ပဲခူးမြို့ မဟာဝိသုတာရာမ ကျောင်းတိုက်(၁၉၄၆)၊ မန္တလေးမြို့ တောင်ပြင် ဘုရားကြီးတိုက် ဆရာတော် ဦးကြယ်ကျောင်း (၁၉၄၈)၊ သက်ကြီးတက္ကသိုလ် (၁၉၆၀)၊ အိန္ဒိယပြည် ဘုံဆောတက္ကသိုလ် (၁၉၇၁) တို့တွင် ပညာသင်ခဲ့သည်။ စေတီယင်္ဂဏ ဓမ္မာစရိယ၊ သကျသီဟ ဓမ္မာစရိယ(ဝဋံသကာ)၊ အစိုးရ ဓမ္မာစရိယ (သိရောမဏိ) [၁၉၅၃]၊ တက္ကသိုလ်ဝင်တန်း (၁၉၅၆)၊ သက်ကြီးတက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ (၁၉၆၅)၊ ဘုံဘေတက္ကသိုလ်မှ မဟာဝိဇ္ဇာဘွဲ့ (သက္ကတ)နှင့် သဒ္ဓမ္မဇောတိကဓဇ (သာသနာပြုဘွဲ့) [၁၉၉၂] တို့ကို ရရှိခဲ့သည်။

၁၉၄၁ တွင် ရှင်သာမဏေ ဝတ်သည်။ ၁၉၄၈ တွင် ရဟန်းအဖြစ်သို့ ရောက်သည်။ ၁၉၆၀ တွင် လူဝတ်လဲသည်။ ပြည်သူ့ထောက်ပံ့ရေး အုပ်ချုပ်မှုအဖွဲ့၌ ဝန်ထမ်း၊ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့၌ လက်ထောက် အယ်ဒီတာ၊ အုပ်ချုပ်ရေးအရာရှိ (၁)၊ သာသနာရေးဦးစီးဌာန၌ တွဲဖက်ညွှန်ကြားရေးမှူး တာဝန်များကို ထမ်းဆောင်ခဲ့သည်။ ၁၉၈၈ တွင် အငြိမ်းစားယူသည်။

ထင်ရှားသော စာအုပ်များမှာ **ရသစာပေ၏ ရသ၊ ဗုဒ္ဓ–လောကသဘော တို့၏ အနိုင်းမဲ့ ကျေးဇူးရှင် ကိုယ်ကျင့်ဗုဒ္ဓဝင်၊ အမြင်များ ပြောင်းလဲခြင်းနှင့် အတွေးအမြင် စာစုများ၊ ဘဝအကျဉ်းသား၊ ဗုဒ္ဓ သို့မဟုတ် အနိုင်းမဲ့၊ ကုသိုလ်နှင့် အကုသိုလ်၊ ဗုဒ္ဓဝါဒ ပေါ်ထွန်းခြင်း၊ စာဖတ်သူများ၊ ချမ်းသာကို ရှာဖွေခြင်း၊ ဘဝအမြင်သစ်၊ ထေရဝါဒ အုတ်မြစ်၊ အဗ္ဗဝါဒမှ အနုဗ္ဗဝါဒသို့၊ ခရီးစဉ်** တို့ဖြစ်ကြသည်။

၁၉၉၄ ခု ဒီဇင်ဘာ ၂၂ ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။

## ၂၀၀၂ ထုတ် စာပြည့်စာအုပ်များ

၁၅၉။ သခင်ဘဆောင်း၏ တစ်ယောက်တစ်ည ပုံပြင်များ
၁၆၀။ ချမ်းမြလွင်၏ ကြိုးကြာတစ်ထောင်
၁၆၁။ လင်းယုန်မောင်မောင်၏ ယောင်ပြေးစပိုင်
၁၆၂။ မောင်ခင်မင် (ဓနုဖြူ)၏ နှစ်လေးဆယ် ဘဝမှတ်တိုင်များ
၁၆၃။ ဂျာနယ်ကျော် မမလေး၏ ဘဝပုံရိပ်များ
၁၆၄။ ဂါဘရီယယ် ဂါစီယာ မားကွက်စ်၏ လက်ရွေးစင်ဝတ္ထုတိုများ
၁၆၅။ ရွှေဥဒေါင်း၏ သုံးပေါက်ချွန်းနှင့် အခြားဝတ္ထုတိုများ
၁၆၆။ တက်တိုး၏ ကျွန်တော့်အတွေးအခေါ် မှတ်စုများ
၁၆၇။ ကိုကို၏ ခေါင်းလောင်းသံ (**For Whom The Bell tolls by Hemingway**)
၁၆၈။ ဇော်ဂျီ၊ မင်းသုဝဏ်၏ ခရီးသည်
၁၆၉။ စိုးမြင့်၏ မရဏတောင်ကြား (**The Valley of Fear by Sir Arthur Conandoyle**)
၁၇၀။ ကျော်လှိုင်ဦး၏ ရေပေါ်က လ နှင့် နိုဗယ်ဆုရ ဝတ္ထုတိုများ
၁၇၁။ မင်းသုဝဏ်၏ ဝတ္ထုတိုများ
၁၇၂။ ဦးတင်မောင်ရင်(မဟာဝိဇ္ဇာ)၏ သီပေါမင်းနှင့် အင်းဝမြို့စား ဒမ်မရင်
၁၇၃။ ပါရဂူ၏ မမွေတား
၁၇၄။ မောင်ရဲနိုင်၏ မဟာ ပရဟိတ လူသား အဲလ်ဘတ်ရှိုက်ဇာ
၁၇၅။ မင်းသုဝဏ်၏ စာဆိုတော်များ ဝတ္ထုပ္ပတ္တိ (မောင်ခင်မင်–တည်းဖြတ်)
၁၇၆။ ဦးရွှေအောင်၏ ဓာပတ်သူများ
၁၇၇။ ဒဂုန်တာရာ၏ မုန်းယံ စိတ်လေသော နွေဦးညများ
၁၇၈။ နန္ဒ၏ သံနှင့်သွေး
၁၇၉။ မောင်ပေါ်ထွန်း၏ ငါ့ဘဝ ငါသာသခင် ငါသာတရားရှင်

## ၂၀၀၂ ခုနှစ် ဒီဇင်ဘာတွင် ထုတ်ဝေမည့် စာအုပ်များ

၁၈၂။ မောင်မိုးသူ၏ စိတ္တဇ
၁၈၃။ မောင်သုရှင်၏ တီထွင်မှုများသမိုင်း
၁၈၄။ တင်မောင်မြင့်၏ မဟာရံပုံတိုင်းကို ဖြတ်ကျော်ခြင်း
၁၈၅။ ရွှေဥဒေါင်း၏ မွန်းဝံရှု
၁၈၆။ မောင်မိုးသူ၏ အိပ်မိုးခပ် (နိုင်ငံတစ်ခု မွေးဖွားခြင်း)
၁၈၇။ ပါရဂူ၏ ဒီဗျာ
၁၈၈။ ဦးရွှေအောင်၏ ရသစာပေ၏ ရသ

http://www.cherrythitsar.org

ရာပြည့်စာအုပ် ၁၈၀

# ဓမ္မပဒ

(ယမကဝဂ်၊ စိတ္တဝဂ်၊ အပ္ပမာဒဝဂ်၊ ပုပ္ဖဝဂ် ပေါင်းချုပ်)


ဦးရွှေအောင်

မဟာဝိဇ္ဇာ (သက္ကတ)၊ဝဋ္ဋုံသကာ နှင့် သိရောမဏိ



**ရာပြည့်စာအုပ်တိုက်**

**အမှတ် ၃၈၊ ၁၀၉ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့**

**ဖုန်း။ ၀၁-၂၉၆၆၇၁ (အိမ်)၊ ၂၅၇၉၈ (ဆိုင်)**

**[ ၁၊ နိုဝင်ဘာလ၊ ၂၀၀၂ ]**

စာမူခွင့်ပြုချက်အမှတ် [ ၄၃၃/ ၂၀၀၂ (၉) ]
မျက်နှာဖုံးခွင့်ပြုချက်အမှတ် [ ၅၆၀/ ၂၀၀၂ (၁၀) ]

□

**ပုံနှိပ်ခြင်း**

ယမကဝဂ်၊ ပဌမအကြိမ် – (၁၉၉၁) ပါရမီစာပေ
ဒုတိယအကြိမ် – (၁၉၉၆) ပါရမီစာပေ
စိတ္တဝဂ်၊ ပဌမအကြိမ် (၁၉၉၄) ပါရမီစာပေ
ဒုတိယအကြိမ် – (၁၉၉၆) ပါရမီစာပေ
အပ္ပမာဒဝဂ်၊ ပဌမအကြိမ် (၁၉၉၆) ပါရမီစာပေ
ပုပ္ဖဝဂ်၊ ပဌမအကြိမ် (၁၉၉၇) ပါရမီစာပေ

**ယမကဝဂ်၊ စိတ္တဝဂ်၊ အပ္ပမာဒဝဂ်၊ ပုပ္ဖဝဂ် ပေါင်းချုပ်**

ဒုတိယအကြိမ် – (၂၀၀၂) ရာပြည့် စာအုပ်တိုက်
၁၊ နိုဝင်ဘာ၊ ၂၀၀၂
အုပ်ရေ [၁၀၀၀]

□

**မျက်နှာဖုံးနှင့် အတွင်းစာသား ပုံနှိပ်သူ**

ဒေါ်ခင်အေးမြင့် [၀၁၅၉၀၁]၊ ရာပြည့်အော့ဖ်ဆက်
အမှတ် ၁၉၉၊ လမ်း ၅၀၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

□

**ထုတ်ဝေသူ**

ဦးအကျော်ဆန်း [၀၉၃၂]၊ ရဲအောင်စာပေတိုက်
အမှတ်၂၊ ရွှန်း (၁)လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။

□

**အတွင်းဖလင်**

ဇေအစက်

□

**စာအုပ်ချုပ်**

ကိုမြင့်နှင့် ညီဝင်းမြင့်

□

**မျက်နှာဖုံးပန်းချီ**

**Graphic Mg Theing Wing and Ocean Group**

ဒီဇိုင်း ဖွဲ့စည်းသည်။

□

**တန်ဖိုး**

၂၀၀၀ ကျပ်

# မာတိကာ


- သမြကန်ဆရာတော် အရှင်ဝါသေဋ္ဌာဘိဝံသ၏အမှာစာ ၉
- ဆရာကြီး ဦးဇော်ဟောင်း၏ ဗေဒဗုဒ္ဓ (အောင်သင်း) ၁၀

**ဝဂ္ဂ–ယမကဝဂ်**

၁။ စက္ခုပါလမထေရ် ၁၉
၂။ မဋ္ဌကုဏ္ဍလီ ၂၉
၃။ တိဿမထေရ် ၄၁
၄။ ကာဠီ ဘီလူးမ ၅၄
၅။ ကောသမ္ဗီရဟန်းများ ၆၇
၆။ စူဠကာလနှင့် မဟာကာလ ၇၉
၇။ ဒေဝဒတ် (ဒေဝဒတ္တ) ၈၂
၈။ ရှင်သာရိပုတ္တရာ ၁၂၅
၉။ အရှင်နန္ဒမထေရ် ၁၃၅
၁၀။ စုန္ဒ ဝက်ကုန်သည် ၁၆၇
၁၁။ ဓမ္မိက ဥပါသကာ ၁၇၇
၁၂။ သုမနာဒေဝီ ၁၈၅
၁၃။ မိတ်ဆွေ ရဟန်း နှစ်ပါး ၁၉၅

**ဝဂ္ဂ–စိတ္တဝဂ်**

၁။ မေဃိယမထေရ် ၂၀၇
၂။ မာတိကာ မာတာ ၂၁၇
၃။ သာသနာတော်၌ ငြီးငွေ့သော ရဟန်းတော်တစ်ပါး ၂၃၀
၄။ တူတော် သံဃရက္ခိတ ၂၃၈
၅။ စိတ္တဟတ္ထ မထေရ် ၂၄၆
၆။ ရဟန်းငါးရာ ၂၆၀
၇။ ပူတိဂတ္တတိဿ မထေရ် ၂၆၇

၈။ နွားကျောင်းသော နေ့ ၂၇၉
၉။ သောဓမ္မပျ သူတွေသော ၂၈၁

## ဓမ္မပဒ–အပ္ပမာဒဝဂ်

၁။ သာမာဝတီ မိဖုရား ၂၉၇
၂။ ကုမ္ဘဃောသက ၃၁၀
၃။ စူဠပန် မထေရ် ၃၁၉
၄။ ဗာလနက္ခတ္တ ပွဲသဘင် ၃၃၁
၅။ ရှင်မဟာကဿပ ၃၄၁
၆။ အဆွေခင်ပွန်း ရဟန်းနှစ်ပါး ၃၅၇
၇။ မဃလုလင် ၃၆၀
၈။ အညတရ ရဟန်းတစ်ပါး ၃၈၉
၉။ နိဂမဝါသီတိဿ မထေရ် ၃၉၅
၁၀။ သုခဇာတ် ၄၀၄

## ဓမ္မပဒ–ပုပ္ဖဝဂ်

၁။ မြေအကြောင်း ပြောသည့် ရဟန်းငါးရာ ၄၀၉
၂။ တံလျှပ်ကမ္မဋ္ဌာန်းကိုရှုသောရဟန်း ၄၁၇
၃။ ဝိဋူဋဘ ၄၂၉
၄။ ပတိပူဇိကာ ၄၃၉
၅။ မစ္ဆရိယသူဌေး ၄၆၆
၆။ ပါဝေယျက အာဇီဝက ၄၇၄
၇။ ဆတ္တပါဏိ ဥပါသကာ ၄၈၀
၈။ ဝိသာခါ ၄၈၈
၉။ အာနန္ဒထေရပုစ္ဆာ ၅၂၈
၁၀။ ရှင်မဟာကဿပအား ဆွမ်းလောင်းမိန်းခြင်း ၅၃၉
၁၁။ ဂေါဓိကမထေရ် ၅၄၇
၁၂။ သိရိဂုတ္တနှင့် ဂရဟဒိန္န ၅၅၀

# သမြေတန်းဆရာတော် အရှင်ဝိမလဗုဒ္ဓိဝံသ၏ စာ

ဦးစန္ဒာအောင်... ထံ

၁၃၅၂၊ တပို့တွဲလဆုတ် ၃ ရက်

အလေးအနက် ရေးသားအပ်ပါသည်။

ပါဠိမှ သိဒ္ဓိ ကောသမ္ဗီ နိဿယနှင့် ဝင်၍ ထပ်ပြီးရှင်းရေးရန် စိတ်ရှိနေသော်လည်း၊ အလုပ်ကများ၊ ဘာလိုနေရိုးက သိမ်းရတော့ ကြာသွားပါသည်။

ဦးစန္ဒာအောင်ရေးသားခဲ့သော စာစောင်၊ ဂျာနယ်၊ ထိုထိုစာအုပ်များကို ဖတ်ရသည့်အခါလည်း၊ အတော်ရှင်သောက်နိုင်ပါ၏။ ဤအတွေ့အခေါ်၊ ဤရေးဟန်များမှာ ထခြား စာရေးဆရာများ၌ မတွေ့ရသော အတွေ့အခေါ်သစ်၊ ရေးဟန် အတိုးအသစ်များ ဖြစ်ရာ ဦးစန္ဒာအောင်၏ ရေးဟန်ကိုယ်ပိုင် ဟုဆိုရာ လွယ်လိမ့်မည် မထင်ပါ။

မိမိရေးသားထင်မြင်သည့်အချက်ကို ဖွဲ့ဆောင်နိုင်သော အတွေး အခေါ်ရှင် အသစ်တွေ့ထင်သော စာရေးဆရာကောင်းတစ်ဦးအဖြစ် မြင်နိုင်သော မိမိတို့မှာ ပါဠိမှ သိဒ္ဓိ ကောသမ္ဗီ နိဿယကျမ်းကို မြင်ရတော့ "ဩော်... ဤနိဿယသမ်ကြီး ဤမျှ ကောင်းမွန်သည်မှာ မထင်မိပါတကား" ဟု အားရဝမ်းသာ ဝမ်းမြောက်စွာ ဝမ်းသာကြည်နူး ကြည်နူးခဲ့ရပါသည်။ ပြဆိုဝင်အား မိမိထင်မြင်ချက် အကြိမ်ကြိမ် ပြောခဲ့ရသည်မှာ မိမိကိုယ်တိုင် သဗ္ဗာ အလွန်တွေ့နိုင်ဖြစ်တော့ တခြား အကြွင်းကျန်ရ မှုတွေကြည့်ရ မထိုဘဲ ဤသစ်ကျမ်းသည့်ရဲ့ သဗ္ဗာ စာပေ လေ့လာသူများ ကိုမှုပြီးအောင် စိတ်ထင်မြ ထားသည်မှာ စာရေးဆယ် ကောင်း လှပါသည်ဟု ဖြစ်ပါသည်။

တုန်ကြီး ထပ်မြင်ချက်ပြောရလျှင် သဗ္ဗာအထင်ကြီးမှု ရှိမှုလား ဤမိန်ဝ၍ တော်တော်ရှာဖွေကျက်မှတ်ပါ၍ ထပ်ကြားထိုရှုမ် အခွင့်ကြည်ရလျှင် ဤစာအုပ်မှ ရေးနိုင်လား ရေးမှန်နိုင်မယ် ဒီယဉ်ကျေး၍ ဆရာစန္ဒာအောင်ပဲ ရှိမည် ဖြစ်ပါ၍။ ကောင်းသော ကျော်သော ပညာထိုဆရာ ရှင် ရှုမျှောမျှော်သော ထက်ကာ ထက်ကာ ကြီးစားပါဦးဟု ဆုမွန်ကောင်းပေးရပါသည်။

ထလ ဆေရေး ဉာဏေန၊ ဝီရိယေန သဗ္ဗသိ၊

သိဒ္ဓိ ကောသမ္ဗီ ဗှာနဲ့၊ ယာတု ဘာ ယာလ အမြဲ။

သိဒ္ဓိရှုကြ

အရှင်ဝိမလဗုဒ္ဓိဝံသ

ရွှေကျင်ကျောင်းတိုက်

မင်္ဂလာတောင်ညွန့်မြို့နယ်

ရန်ကုန်။

http://www.cherrythitsar.org

# ဆရာကြီး ဦးရွှေအောင်၏
# ဒေဝဒတ္တ

"ဆရာကြီး ဦးရွှေအောင်၏ ဒေဝဒတ္တ"ဆိုသည်မှာ ကျမ်းစာအုပ်တစ်အုပ် မဟုတ်ပါ။ "စစ်ပြန်" မဂ္ဂဇင်းတွင် ၁၉၉၀ပြည့် ဖေဖော်ဝါရီမှစ၍ ဧပြီတိုင်အောင် သုံးလဆက်ပြီး ရေးခဲ့သော အခန်းဆက် ဆောင်းပါးရှည်ကြီး ဖြစ်ပါသည်။ ကလောင်အမည်နေရာတွင်တော့ "ရွှေအောင်၊ မဟာဝိဇ္ဇာ(သက္ကတ)၊ဝင်္ဂသကာနှင့် သိရောမဏိ"ဟူ၍ တွေ့ရပါသည်။ သက္ကတစာပေနှင့် ပတ်သက်၍ မဟာဝိဇ္ဇာ ဘွဲ့ကို ဆွတ်ခူးခဲ့ကြောင်း သိသာပါသည်။ "ဝင်္ဂသကာနှင့်သိရောမဏိ"တို့မှာ အတ္တုတ်တံခွန် ဟူသော သဘောမျိုးဖြစ်သည်ဟုမှန်းဆရပါသည်။ သေသေချာချာ မသိပါ။ ဆရာကြီးကိုလည်း တစ်ခါမှမတွေ့မမြင်ဖူးပါ။ သို့သော်လည်းဆရာကြီး ပြုစုသော "ရသနိဒါန်း" ကျမ်းကို ဖတ်ကြည့်ခဲ့ဖူးသောကြောင့် ဆရာကြီး၏ ပညာကို အံ့ဩအားကျခြင်း၊ ရိုသေခြင်းတို့ အထပ်ထပ် ဖြစ်ခဲ့ရဖူးပါသည်။ စင်စစ်အားဖြင့် ထိုကျမ်းကို ကျွန်တော် ပြည့်ပြည့်ဝဝ နားမလည်နိုင်သေးပါ။ သူ့ကိုချည်း အချိန်ပေးပြီး ဖတ်လိုက်၊ စဉ်းစားလိုက် အတော်ကြာကြာကြီး လုပ်မှ နားလည်နိုင်မည့် ကျမ်းမျိုးဖြစ်ပါသည်။

ထိုကဲ့သို့ ဆရာကြီးအပေါ် ရိုသေစိတ်အခံရှိနေခဲ့ပြီး ဖြစ်သောကြောင့် "ဒေဝဒတ္တ"ဆောင်းပါးများကိုစောင့်ပြီး ဖတ်ခဲ့မိခြင်း ဖြစ်ပါသည်။ စင်စစ်အားဖြင့် "ဒေဝဒတ္တ"အကြောင်းကို ကျွန်တော်တို့ဗုဒ္ဓဘာသာဝင်များသာမဟုတ်၊ မြန်မာစာပေကို လိုက်စားဖူးသူမှန်လျှင် (မြန်မာရည် ဝလာမည်ဆိုပါလျှင်) ဗုဒ္ဓဘာသာဝင် မဟုတ်သူ လူမျိုးခြားများပင်လျှင် သိနေကြပါသည်။ ဆရာကြီး၏အမည်ကို တွေ့လိုက်ရသောအခါ ဒေဝဒတ်အကြောင်းကို စိတ်ဝင်စား၍ မဟုတ်ဘဲ "ဦးရွှေအောင်"ကို စိတ်ဝင်စားမိသောကြောင့်သာ ဖတ်လိုက်မိခြင်း ဖြစ်ပါသည်။ ဖတ်လိုက်မိသောအခါတွင်ကား ဆရာကြီးဦးရွှေအောင်ကိုသာ မဟုတ်၊ ဒေဝဒတ်

အကြောင်းကိုလည်း ပိုပြီး သိလာရသည်။ ထို့ပြင် ကျွန်တော်တို့ အကြောင်းကိုလည်း ပိုပြီး သိလာရပြန်သည်ဟု ဆိုလိုက်ချင် မိပါသည်။ ထို့ကြောင့် ထိုဆောင်းပါးအတွက် ကြော်ငြာမောင်းသမားအဖြစ် ကျွန်တော်က ဤဆောင်းပါးကို ရေးလိုက်ရခြင်း ဖြစ်ပါသည်။

ပရိသတ်တို့မည်သည် "မောင်းသမား"ကို ပဓာနမထား၊ ဓာတ်မင်းသားကိုသာ အာရုံပြုတတ်ကြမြဲ ဓမ္မတာအတိုင်း ထိုဆောင်းပါးများကို ရှာဖွေဖတ်ရှုကြလိမ့်မည်ဟု ယုံကြည်မိပါသည်။

ဆရာကြီး၏ဆောင်းပါးများမှ အနည်းငယ်ကို ကောက်နုတ်တင်ပြပြီး ကျွန်တော် နှစ်သက်မိပုံကလေးများကို ထည့်သွင်းပြလိုက်ပါရစေ။

မြတ်စွာဘုရားသည် သာဝတ္ထိပြည်၌ စံနေ၏။ ဒေဝဒတ်ကား ရာဇဂြိုဟ်ပြည်၌ စံနေ၏။ ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလာန်တို့သည် ရဟန္တာငါးရာစီ ခြံရံလျက် ရာဇဂြိုဟ်ပြည်သို့ တရားဟောရန် ကြွသွား၏။ ဒါနကထာ၊ သီလကထာ၊ သဂ္ဂကထာ၊ မဂ္ဂကထာအားဖြင့် အစဉ်အတိုင်း ဟောရာ ဆရာကြီး ရှင်းပြပုံကို ကြည့်ပါ။

> စာသင်ကျောင်းများ၌ စာသင်သားပုဂ္ဂိုလ်တို့၏ အတန်းအစား အလိုက် သင်ခန်းစာများကို အလွယ်နှင့်အခက် စီစဉ်သည့် သဘောမျိုးပင် ဖြစ်၏။ လှူဒါန်းမှုနှင့်စပ်သော တရားစကား "ဒါနကထာ" သည် ပြုလုပ်ရ လွယ်ကူသဖြင့် ပထမဦးဆုံး ပြုလုပ်တတ်ကြသောကြောင့် ရှေးဦးစွာ ဟောအပ်သော တရားစကား ဖြစ်၏။ ဒါနဟူသည် ပြုလုပ်ရ လွယ်ကူသော်လည်း အသိဉာဏ်ယှဉ်သူများအတွက် ကြီးမားသော အကျိုး အာနိသင် ရှိ၏။ ဒါနသည် နှမြောခြင်း "မစ္ဆရိယ"ကို ကျော်လွန်ပြီး လိုချင်ခြင်း "လောဘ"ကို ပယ်သတ်နိုင်မှသာ ပေးလှူနိုင်ခြင်းမျိုး ဖြစ်သဖြင့် ပါရမီ ၁၀ ပါးတွင် ပထမဦးဆုံးလာသော ပါရမီ ဖြစ်၏။ အမှန်အားဖြင့် လောဘကို အောင်နိုင်လျှင် လောကကို အောင်နိုင်သူ ဖြစ်၏။ သမုဒယသစ္စာဟူသည် လောဘပင်တည်း၊ လောဘကို အောင်ရန် လွယ်ကူသည် မဟုတ်၊ ကိုယ်ကျင့်သိက္ခာ ကောင်းသူများသာ အောင် နိုင်ကြ၏။ ထို့ကြောင့် ကိုယ်ကျင့်သိက္ခာ ကောင်းသူများ ဖြစ်လာကြစေရန် သီလနှင့်စပ်သော တရားစကား "သီလကထာ" ကို ဟောရ၏။ ဒါနလည်း ရှိပြီ၊ သီလလည်း ရှိပြီဆိုလျှင် ထိုပုဂ္ဂိုလ်များအတွက် စည်းစိမ်ချမ်းသာ ဟူသည် ပြေးမလွတ်တော့။ ပစ္စုပ္ပန်၌လည်း ဒါနကြောင့် လောဘကင်းသဖြင့် ချမ်းသာ၏။ သီလကြောင့် ဒေါသ ကင်းသဖြင့်

လည်း ချမ်းသာသည်။ တမလွန်၌လည်း နတ်ချမ်းသာ၊ လူချမ်းသာကို မလွဲမသွေ ရမည်သာ ဖြစ်၏။ ထို့ကြောင့် နတ်ပြည်နှင့်စပ်သော တရားစကား "သဂ္ဂကထာ"ကို ဟောရ၏။

ကျွန်တော်တို့သည်လည်း ဒါန၊ သီလ စသည်တို့ကို သင်အံကျက်မှတ်ခဲ့ရဖူးပါသည်။ အလှူပေးခြင်းကိုလည်း ဘာသာတရား၏ အဆုံးအမအလျောက် တတ်အားသမျှ ပြုခဲ့ဖူးကြပါသည်။ သို့သော် ဒါနကို အဘယ်ကြောင့် ပါရမီ ၁၀ ပါးတွင် ထည့်သွင်းရပါသနည်း ဆိုသည်ကို ကိစ္စတစ်ခုလုပ်ပြီး မစဉ်းစားခဲ့မိရိုးအမှန် ဖြစ်ပါသည်။ ဆရာကြီးရှင်းပြလိုက်သောအခါတွင်မှ အပြုလုပ်ရ လွယ်ကူခြင်း၊ အသိဉာဏ် ဆင်ခြင်တတ်လျှင် လောဘကို နုံ့သွားစေခြင်း စသည်တို့ကိုပါ လင်းခနဲ ကျိုးကြောင်းဆက်စပ်ပြီး တွေးလိုက်မိပါသည်။

ပါရမီနှင့်ပတ်သက်ပြီး ဆရာကြီး ဆက်၍ ရှင်းလင်းလိုက်ပုံကို ဖတ်ကြည့်ကြစေချင်ပါသေးသည်။ ဆရာကြီးက ဒေဝဒတ်သည် သာကီဝင်မင်းမျိုး၌ ဖြစ်ရခြင်း၊ ရခဲသော ရဟန်းဘဝကိုလည်း ရသေးခြင်း၊ ဈာန်သမာပတ်နှင့် အသိဉာဏ်ကိုပင် ရသေးခြင်း စသည်တို့ကြောင့် သူ၏အတိတ်ကံသည် အလွန်ကြီးမားသည်။ သို့သော် ပါရမီမမြောက်သော ကုသိုလ်ကံဖြစ်၍ ပင်လယ်ရေစီးကြောင်းအတိုင်း မျောချင်တိုင်း မျောနေသော လှေငယ်သဖွယ် ဖြစ်သည်ဟု ဆိုပါသည်။ ဆရာကြီးက ဆက်ပြီး ရှင်းလင်းပြရာတွင်–

> လူမှန်သမျှ အလုပ်ကို တစ်ခုမဟုတ်တစ်ခုကို လုပ်နေကြရ၏။ ထိုသို့ လုပ်ကြရာ၌ ရည်ရွယ်ချက်သည် ရှိ၏။ ထိုရည်ရွယ်ချက်ကိုလိုက်၍ ပါရမီသဘောနှင့် ပါရမီမဟုတ်သော သဘောသည် ကွဲပြားသွား၏။ ငါ့အတွက်သက်သက်ဟူ၍ ရည်ရွယ်လျှင် ပါရမီ မဟုတ်တော့။ လောကအတွက်၊ သူတပါးအတွက်သာလျှင် ပါရမီဖြစ်၏။ ပါရမီဟူသည် တူရူသာကွဲ၏၊ လုပ်ငန်းချင်းကား မကွဲ။ လောကအတွက်၊ သူတပါးအတွက်ဟူ၍ ဆိုသည်နှင့်တစ်ပြိုင်နက် မိမိအတွက် တပ်မက်ခြင်း "လောဘ"ကို အလိုလိုပယ်စွန့်ပြီးသား ဖြစ်၏။ ယင်းတို့ကို "နေက္ခမ္မ ပါရမီ" ဟူ၍ ဆိုရ၏။ "နေက္ခမ္မ ပါရမီ" သဘော သက်ဝင်လာလျှင် သာယာဖွယ်ဟူသမျှကို စွန့်နိုင်၏။ ကြံ့ကြံ့ခံနိုင်၏။ ရဲရင့်လာ၏။ ထိုအခါ "ခန္တီပါရမီ" သဘောဝင်လာ၏။ "ခန္တီပါရမီ"သဘော ဝင်လာလျှင် မည်သည့် ဘေးရန်ကိုမျှ မကြောက်တော့။ မြှောက်၍လည်း မမြောက်၊ ခြောက်၍ လည်းမကြောက်။ မိမိ ကျရာတာဝန်အတိုင်း တရားသဖြင့် ဆောင်ရွက်သွားမည်သာ ဖြစ်၏။ ရရှိနိုင်မည့် အကျိုးကျေးဇူးကိုလည်း

မကြည့်၊ ကျရောက်မည့် ပြစ်ဒဏ်ကိုလည်း မကြည့်၊ တရားသဖြင့် ဖြစ်ရေးကိုသာ ကြည့်၏။ ဤသည်မှာ "ဥပေက္ခာပါရမီ" သဘော ဖြစ်၏။

တပ်မက်စရာကောင်းသော ရာထူးဂုဏ်သိန် စည်းစိမ်ဥစ္စာများကို စွန့်လွှတ်နိုင်သော "နေက္ခမ္မပါရမီ"၊ ကြောက်စရာကောင်းသော ဘေးရန်အန္တရာယ် အသွယ်သွယ်တို့ကို မကြောက်မရွံ့ ရဲရဲဝင့်ဝင့်နှင့် ကြံ့ကြံ့ခံနိုင်သော "ခန္တီပါရမီ"တို့ ဖြစ်ထွန်း ပေါ်ပေါက်လာသည်နှင့် တစ်ပြိုင်နက် အကောင်းအဆိုး နှစ်မျိုးလုံးကို လစ်လျူရှုနိုင်သော "ဥပေက္ခာပါရမီ" သည် မလွဲမသွေ ပေါ်လာရမည် ဖြစ်၏။ ထိုပါရမီသုံးမျိုး ပေါ်ထွန်းလာသည်နှင့် တစ်ပြိုင်နက် ကျန်သော ပါရမီတို့များ လွယ်လင့်တကူ ပြည့်စုံလာလေ၏။ ထိုကဲ့သို့ ပါရမီများ ပြည့်စုံလာခြင်းကိုပင် အရိယာမျိုးစေ့ စိုက်ပျိုးသည် မည်၏။

ပါရမီအဆင့်ဆင့်၏သဘောကို ဆရာကြီး ရှင်းပြလိုက်ပုံမှာ အလွန့်ကို ဘဝင်ကျစရာ ကောင်းလှပါသည်။ ပါရမီဖြည့်တယ်ဆိုတာ လွယ်လွယ်လေးပါလားဟု ရတ်တရက် အောက်မေ့သွားပြီးနောက် ပါရမီဖြည့်တယ်ဆိုတာ အတော်လေး ခက်တဲ့အလုပ်ပါလားဟုလည်း အောက်မေ့လိုက်မိပြန်ပါသည်။ ကျွန်တော်တို့ သိသလိုလိုနှင့် ဝေ့လည်ဝေ့လည်ဖြစ်နေသော "ခန္တီ၊ ဥပေက္ခာ" စသည်တို့ကိုလည်း အတန်အသင့် သဘောပေါက်လာပါသည်။

ဆရာကြီး ရှင်းပြထားသော ပါရမီသဘောကို အထပ်ထပ် ဆင်ခြင်ကြည့်မိပြီးလျှင် ယနေ့လူငယ်တို့အား ဤသို့သောသဘောမျိုးကို ပြည့်ပြည့်ဝဝ နားလည်သဘောပေါက်သွားအောင် ကျင့်သုံးလိုစိတ် တက်ကြွလာအောင် ကျယ်ကျယ်ပြန့်ပြန့် ဟောပြော ရေးသားနိုင်သူများ ပေါ်ပေါက်လာသော် ကောင်းလေစွဟု တောင့်တမိပါသည်။

ကျွန်တော်ကတော့ ဝတ္ထုတို/ ရှည်များကို လေ့လာနေသူ ဖြစ်သောကြောင့် ဤသို့သော စိတ်အားသတ္တိ (**Moral Courage**) မျိုးကို ပေါက်ဖွားစေနိုင်သည့် ဝတ္ထုမျိုးတွေကို ယနေ့ ဝတ္ထုဆရာများ အဘယ်ကြောင့် စိတ်ကူးမပေါက်ကြပါလိမ့်ဟုလည်း တွေးလိုက်မိပါသည်။

ဆရာကြီးဦးရွှေအောင်သည် ဒေဝဒတ်၏အကြောင်းကို ပြောရာ၌ "သူတစ်ပါး၏အမှားမှ သင်ခန်းစာကို ယူကြရန်" ရည်ရွယ်၍ ပြောနေသည်ဟု ထင်ရပါသည်။ ထိုသင်ခန်းစာတို့သည် လောကုတ္တရာအတွက်သာမက ကျွန်တော်တို့လောကီအတွက်ကိုလည်း ဆင်ခြင်စရာ၊ တွေးတောစရာများ ဖြစ်ကြစေရန်လည်း ရည်ရွယ်သည်ဟု ထင်မိပါသည်။ ဆရာကြီး ထုတ်နုတ်ပြလိုက်သော

အကြောင်းအရာ၊ ရှင်းလင်းပြလိုက်သော မှတ်ချက်တို့ကိုကြည့်လိုက်လျှင် သိသာနေပါသည်။ ကြည့်ပါ။

> သံသရာတစ်လျှောက်လုံး ရှင်ဒေဝဒတ် "လူကြမ်း" ဖြစ်ရခြင်း၌ ရှင်ဒေဝဒတ်၏ စရိုက်ဆိုး၊ ဉာဉ်ဆိုးလည်း ပါ၏။ ပတ်ဝန်းကျင်လည်း ပါ၏။ ရှင်ဒေဝဒတ်သည် မိမိနှင့် ယှဉ်လာသူတိုင်းအပေါ် "ဦးခေါင်း" တစ်လုံး မြင့်လို၏။ ဗိုလ်လုပ်လို၏။ ဤသည်မှာ ရှင်ဒေဝဒတ်၏ "မာန" ဖြစ်၏။ မာနဟူသည် မြင့်မြင့်သမျှနှင့် ယှဉ်လိုသောသဘော ဖြစ်၏။ ယှဉ်ပြိုင်ရသောအခါ မိမိ၌မရှိသောဂုဏ်ကို တကယ်ရှိသယောင် ပြုရ၏။ ဤသဘောကို "သာဌေယျ" ဟု ခေါ်၏။ ထို့အပြင် မိမိ၌ တကယ်ရှိနေသော အပြစ်များ၊ အားနည်းချက်များကို လုံးဝမရှိလေဟန် ဖုံးကွယ်ရပြန်၏။ ဤသဘောကို "မာယာ" ဟု ခေါ်၏။ အမှန်အားဖြင့် ရှင်ဒေဝဒတ်သည် သံသရာ တစ်လျှောက်လုံး "လူကြမ်း" အဖြစ်နှင့် ကျင်လည်ခဲ့ရသည်မှာ "မာန၊ သာဌေယျ နှင့် မာယာ" တို့၏ ဖိစီးနှိပ်စက်မှုကို မတွန်းလှန်နိုင်သောကြောင့် ဖြစ်၏။ .........သံသရာတစ်လျှောက်လုံး ရှင်ဒေဝဒတ်၏ ပတ်ဝန်းကျင်ကို လေ့လာကြည့်ပါက များသောအားဖြင့် သူ့ပတ်ဝန်းကျင်သည် သူ့ကို လမ်းမှန်ကမ်းမှန်သို့ ရောက်အောင် ဆွဲဆောင်နိုင်သည့် ပရိသတ်မျိုးမဟုတ်ဘဲ လူကြမ်းဘဝသို့ ရောက်အောင်သာ ဖို့ဆောင်နိုင်သည့် ပရိသတ်မျိုးသာ ဖြစ်၏။ အကယ်၍ သူ့ကို ယဉ်ကျေးလာအောင် ပြုပြင်နိုင်သည့် ပရိသတ်မျိုးကို တွေ့လျှင်လည်း ထိုပရိတ်သတ်မျိုးကို သူက ရှောင်၏။ ရှင်ဒေဝဒတ်၏ မူလပင်ကို စရိုက်ဆိုး၊ ဉာဉ်ဆိုး၊ ဝါသနာဆိုးတို့အရ သူသည် အမြဲတမ်း 'ဗိုလ်' လုပ်ချင်သူ ဖြစ်ရကား သူ့ကို 'ဗိုလ်' တင်နိုင်မည့် ပရိသတ်မျိုးကို ရှာ၏။ ထိုပရိသတ်မျိုးနှင့်သာ ပေါင်း၏။ ထိုပတ်ဝန်းကျင်မျိုး၌သာ သူပျော်မွေ့၏။ သူသည် အနှစ်မရှိသောဘဝ၌ ကြက်ဆူပင် ဖြစ်ရခြင်းကို ကျေနပ်သူ ဖြစ်၏။ နောက်ဆုံး၌ အနှစ်မရှိသော ပတ်ဝန်းကျင်တို့ကြောင့် ရှင်ဒေဝဒတ်သည် ဘဝပျက်ခဲ့ရ၏။

ကျွန်တော်တို့သည် မည်သည့်ပတ်ဝန်းကျင်တွင်မဆို ဤသို့လျှင် မာန၊ သာဌေယျ၊ မာယာတို့ကို တွေ့နေကြရတတ်ပါသည်။ ကျွန်တော်တို့ ကိုယ်တိုင်လည်း ဤသဘောကို လုံးဝကင်းစင်နိုင်ကြမည်မဟုတ်၊ အနည်းနှင့်အများ အကျင့်ဆိုးကြီး ပါနေကြသည်ဟုပင် ဆိုနိုင်လိမ့်မည် ထင်ပါသည်။ သို့သော်

http://www.cherrythitsar.org



**အနှစ်မရှိသော လောကတွင် ကြက်ဆူပင်ဖြစ်ရန် ကြိုးစားမှုသည် ဘဝကို ပျက်စေတတ်သည်ဟူသော အချက်ကိုမူကား ကျွန်တော်ဖြင့် အလေးအနက် နှလုံးသွင်း မှတ်သားလိုက်မိပါသည်၊**

ရှင်ကြီး ဒေဝဒတ်သည် သံဃာတို့ကို ဂိုဏ်းခွဲပြီး မိမိကိုယ်တိုင်က ဘုရားရှင်ကဲ့သို့ ခေါင်းဆောင်ကြီးဖြစ်လာရန်အတွက် ဟာကယ် အလုပ်မဖြစ်နိုင်သော အဆိုကို ဘုရားရှင်အား အကြံပြု တင်သွင်းခဲ့ကြောင်းကို ကျွန်တော်တို့ ကြားဖူးကြပါသည်။ ထိုအကြောင်းနှင့်ပတ်သက်၍ ဆရာကြီးဦးရွှေအောင် ရေးသားလိုက်ပုံကို ကြည့်စေချင်ပါသည်။

> ရှင်ဒေဝဒတ်အတွက် အားကိုးရာသည် မရှိတော့ပြီ။ ရာဇဂြိုဟ်၌လည်း နေ၍ မဖြစ်တော့၊ ဂယာသိမ့်၌လည်း နေ၍မဖြစ်တော့။ ရှင်ဒေဝဒတ်ကား ဉာဏ်နီဉာဏ်နက်များသူ ဖြစ်၏။ အကြံအဖန်ရှိသူ ဖြစ်၏၊ ထို့ကြောင့် သူသည် နောက်ဆုံးအနေနှင့် အကြံတစ်ခုကို ကြံမိ၏။ ထိုအကြံကား လူကြိုက်များသောအကြံ ဖြစ်၏။ လောကဓမ္မတာအရ ဤလောကတွင် ရုပ်ကို အကြောင်းပြု၍ ကြည်ညိုသူ သုံးပုံတွင် နှစ်ပုံရှိ၏။ ကျော်စောသံကို အကြောင်းပြု၍ ကြည်ညိုသူ ငါးပုံလျှင် လေးပုံရှိ၏။ ခေါင်းပါးသော အကျင့်ကို အကြောင်းပြု၍ ကြည်ညိုသူ ဆယ်ပုံလျှင် ကိုးပုံရှိ၏။ မှန်ကန်သော ဓမ္မကိုအကြောင်းပြု၍ ကြည်ညိုသူ တစ်သိန်းပုံလျှင်တစ်ပုံသာ ရှိ၏။ ဤသို့ ပညာရှိများ သတ်မှတ်ချက်ရှိ၏။ ဤသတ်မှတ်ချက်ကို အကြောင်းပြု၍ "ခေါင်းပါးသောအကျင့်"ဖြင့် ဆွဲဆောင်ရလျှင် ရဟန်း သံဃာအပေါင်းသည် ငါ့ထံသို့ ပါလာနိုင်ရာ၏။ ဤသို့ ဒေဝဒတ်သည် ဉာဏ်ထုတ်၏။

ထိုသို့သော ဖြည့်စွက်ချက်ကလေးများကို ကြည့်လိုက်ရုံနှင့်ပင် ဆရာကြီးသည် ဒေဝဒတ်၏ ဇာတ်ကြောင်းကို ကွက်စိပ်ပြောသလို ပြောလို၍ ရေးခြင်း မဟုတ်ကြောင်း သိသာနေပါပြီ။ ရုပ်ကို အကြောင်းပြု၍ ကြည်ညိုသူ၊ ကျော်စောသံကို အကြောင်းပြု၍ကြည်ညိုသူ စသည်တို့ကို တွေ့လိုက်ရသောအခါ ကျွန်တော်ဖြင့် အလွန်ကို နှစ်သက်ခြင်း ဖြစ်မိပါသည်။ ဤသို့သော သဘောများမှာ ဘုရား လက်ထက်တော်ကသာ မဟုတ်၊ ယနေ့တိုင် စာပေလောက ၌ဖြစ်စေ၊ နိုင်ငံရေး လောက၌ပင်ဖြစ်စေ အမြဲ ရှိနေတတ်သည်ကိုလည်း သတိ ပြုမိပါသည်။

ကျွန်တော်သည် "ကြောင်ပြာအောင်းသမား သက်သက်မျှသာ ဖြစ်ပါသည်" ဟု အထက်တွင် ဆိုခဲ့ပြီးပါပြီ။ ဆရာဦးရွှေအောင်က သုံးလတိုင် အခန်းဆက်

http://www.cherrythitsar.org



ရေးခဲ့သော ဆောင်းပါးများအကြောင်းကို တစ်လတည်းနှင့် ကျွန်တော်က ပြည့်စုံအောင် အတတ်မှာ ရေးနိုင်ပါအံ့နည်း။

(၁) ကျွန်တော်၏ဆောင်းပါး ရှည်လျားလွန်းသွားမည် စိုးသောကြောင့် ချန်ထားခဲ့ရသည့် ကောင်းကွက်ကလေးများလည်း ရှိပါသည်။

(၂) အလွန်ကောင်းနေသည်ကို သိပါလျက် စာအုပ်ဖတ်သူတို့ကိုယ်တိုင် ဖတ်ကြည့်လိုက်မှ တအံ့တသြ ရင်ဖိုရွှာခံစားစေလိုသောကြောင့် တမင် ချန်ထားပစ်ခဲ့သည့် ကောင်းကွက်များလည်း ရှိပါသည်။

(၃) ကျွန်တော်ကိုယ်တိုင် ခံစားမိသည်ထက် စာဖတ်သူက ပိုပြီး ခံစားလိုက်နိုင်သော ကောင်းကွက်များလည်းရှိနိုင်ပါသေးသည်။

ထို့ကြောင့် စာဖတ်သူများအား ထိုဆောင်းပါးများကို ဆက်ဆက်ကြီး ရှာဖွေပြီး ဖတ်ကြစေ်းပါဟု မောင်းသမားအနေနှင့် အကြောင်းစကား ပါးလိုက်ရပါသည်။ **(စစ်ကြန်မှုစစ်ခင်း၊ ၁၉၉၈ ပြည့် ဖေဖော်ဝါရီ၊ မတ်၊ ဧပြီ သုံးလ ဖြစ်ပါသည်။)**

ကျွန်တော်သည် ဆောင်းပါးသမားတစ်ယောက် အနေနှင့် စာပေဆောင်းပါးများ ရာချီပြီး ရေးခဲ့ပြီးပါပြီ။ ဆရာဦးရွှေအောင်၏ ဆောင်းပါးသုံးပုဒ်ကို ဖတ်ပြီးလိုက်သော အခါတွင်မူကား ကျွန်တော့်ဆောင်းပါးတွေကို ဒေါးချိတ်ပြီး ဒီလိုဆောင်းပါးမျိုး တစ်ပုဒ်လောက်များ ရေးလိုက်နိုင်ရင် ဟိုတစ်ရာလောက်ကို လွှင့်ပစ်နိုင်ပါရဲ့ဟု အောက်မေ့လိုက်မိသေးကြောင်းကိုလည်း ထပ်လောင်းပြီး ပြောလိုက်ရပါသေးသတည်း။

**အောင်သင်း**

http://www.cherrythitsar.org

ဓမ္မပဒ

# ယမကဝဂ်

ဗုဒ္ဓဆင်းတုတော်
၁၉ ရာစု၊ ငဖဲကျောင်း၊ အင်းလေးရွာမ

http://www.cherrythitsar.org

# စက္ခုပါလမထေရ်

သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ မြတ်စွာဘုရားသခင် သီတင်း သုံးတော်မူစဉ်က ဖြစ်ရပ်ဖြစ်၏။ သာဝတ္ထိပြည်၌ သူကြွယ် မဟာသုဝဏ္ဏသည် သားကြီး မဟာပါလနှင့် သားငယ်စူဠပါလတို့ကို လောကအလယ်၌ ထားရစ်ကာ ကွယ်လွန်ခဲ့၏။

မဟာပါလနှင့် စူဠပါလတို့သည် ညီနောင်အရင်း ဖြစ်ကြပါလျက် လောကအမြင်ချင်းကား မတူ။ မဟာပါလက အဆန်ကို မြင်၏။ စူဠပါလက အစုန်ကို မြင်၏။ အဆန်သည် လောကုတ္တရာ ဖြစ်၏။ အစုန်သည် လောကီ ဖြစ်၏။ မြင့်မြတ်သူတို့၏ အလုပ်သည် အဆန်ဖြစ်သော်လည်း သာမန်လူတို့ကား အစုန်၌ ယစ်မူး၏။ မဟာပါလက အနာခံခြင်း၌ "ရသ" ကိုမြင်၍ စူဠပါလက အသာခံခြင်း၌ "ရသ" ကိုမြင်၏။ သို့ရာတွင် ညီအစ်ကိုနှစ်ယောက်တို့သည် အချင်းချင်း များစွာ ကြင်နာကြပါ၏။

တစ်နေ့တွင် မဟာပါလသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ သွား၍ မြတ်စွာဘုရားသခင်ထံတော်မှ တရားတော်ကို နာယူ၏။ ထိုတရားပွဲကား မဟာပါလ၏ အလို အဇ္ဈာသယကိုလိုက်၍ဟောသော တရားပွဲဖြစ်၏။ ထိုတရားပွဲ၌ ဒါနနှင့်စပ်၍လည်း ဟော၏။ သီလနှင့်စပ်၍လည်း ဟော၏။ နတ်ပြည်နှင့် စပ်၍လည်း ဟော၏။ လောက၏ အပြစ်၊ ယုတ်ညံ့ခြင်း၊ ညစ်နွမ်းခြင်းတို့နှင့် စပ်၍လည်း ဟော၏။ လောကုတ္တရာ၏ အကျိုးအာနိသင်နှင့် စပ်၍လည်း ဟော၏။

မဟာပါလကား ဆင်းရဲသူမဟုတ်၊ မိဘနှစ်ပါးထံမှ ထိုက်တန်သော အမွေအနှစ်များကို ရထားသော သူကြွယ်ဖြစ်၏။ သို့ရာတွင် သူရထားသော စည်းစိမ် ဥစ္စာတို့၌ မတပ်မက်တော့။ လောကစည်းစိမ်ဟူသည် ကြွေးယူ၍ ရထားသော ဥစ္စာများသာ ဖြစ်၏။ ဥစ္စာစည်းစိမ် များလေလေ ကြွေးပတ်လည် ဝိုင်းလေလေ ဖြစ်၏။ ယင်းကြွေးများကို ဝိပါကကြွေး၊ ကမ္မကြွေး၊ ကိလေသာကြွေး ဟူ၍ ခေါ်ကြောင်း မဟာပါလသည် ဇေတဝန်ကျောင်းတော်၌ တရားတော်ကို နာယူရာမှ

http://www.cherrythitsar.org



သဘော ပေါက်လာ၏။ အမှန်အားဖြင့် ဘဝဟူသည် ကြွေးပါတကား၊ ဤသို့ မဟာပါလသည် ဉာဏ်ဖြင့် မြင်လေ၏။

ကြွေးကို ဆပ်ရမည်။ ဘဝမှ လွတ်မြောက်အောင် လုပ်ရမည်။ ဤသို့ မဟာပါလ ဆုံးဖြတ်လိုက်၏။ မဟာပါလသည် ဇေတဝန်ကျောင်းတော်မှ အိမ် ပြန်ရောက်လျှင် ညီငယ် စူဠပါလကို ခေါ်၍ သူ၏စည်းစိမ်ဥစ္စာတို့ကို ပေး၏။ သူ၏ ဆုံးဖြတ်ချက်ကိုလည်း ပြောပြ၏။ ဘဝကြွေးမှ လွတ်မြောက်လိုပါလျှင် မြတ်စွာဘုရားသခင်၏ သာသနာတော်၌ ရဟန်းပြုမှ ပို၍ထိရောက်မည် ဟူသော အသိသည် မဟာပါလ၏ နှလုံးအိမ်၌ လှမ်းမိုးလျက်ရှိ၏။

စူဠပါလသည် အစ်ကိုကြီး မဟာပါလ၏ စကားကို ကြားရသောအခါ မှားစွာတုန်လှုပ်၏။ အစ်ကိုကြီး၏ စည်းစိမ်ဥစ္စာတို့ကို ငါ ရသည် ဆိုသော်လည်း ထိုလို့ရခြင်းသည် ငါ့အတွက် ဝမ်းသာစရာမဟုတ်၊ အစဉ်တစိုက် ကြေကွဲစရာသာ ဖြစ်၏။ မိခင် ကွယ်လွန်စဉ်ကလည်း အစ်ကိုကြီးကိုပင် မိခင်သဖွယ် တွယ်တာမိ၏။ နောက် ဖခင် ကွယ်လွန်ပြန်တော့လည်း အစ်ကိုကြီးကိုပင် ဖခင်သဖွယ် အားကိုးမိ၏။ အမှန်အားဖြင့် အစ်ကိုကြီးသည် အစ်ကိုလည်း ဟုတ်၏၊ မိခင်လည်း ဟုတ်၏၊ ဖခင်လည်း ဟုတ်၏။ ဤသို့ တွေးရင်း စူဠပါလသည် မဟာပါလအား မြတ်စွာဘုရားသခင်၏ သာသနာတော်၌ ရဟန်းမပြုအောင် ဉာဏ်မီသမျှ ကျိုးကြောင်းပြ၍ ကန့်ကွက်၏။

‘အစ်ကိုကြီး၊ အိမ်၌ များစွာသော စည်းစိမ်ဥစ္စာတို့ ရှိပါ၏။ ထိုစည်းစိမ် ဥစ္စာတို့ဖြင့် ကောင်းမှုတို့ကို အိမ်၌နေရင်း ပြုခြင်းသာ တတ်ကောင်းပါ၏ ဒါန ပြု၍လည်း ရပါ၏၊ သီလဆောက်တည်၍လည်း ရပါ၏။ သို့ဖြစ်၍ မြတ်စွာဘုရား သခင်၏ သာသနာတော်၌ ရဟန်းပြုရန် မလိုပါ။ အကယ်၍ မဖြစ်မနေ ရဟန်း ပြုလိုသည် ဆိုလျှင်လည်း ကြီးရင့်သော ကာလရောက်မှ ရဟန်းပြုတော်မူပါ’

မဟာပါလသည် စူဠပါလအား ညီလိုချစ်၏၊ သားလို တွယ်တာ၏၊ ဖြစ်နိုင်လျှင် ညီနောင်နှစ်ယောက်လုံး သာသနာ့ဘောင်သို့ ဝင်ရောက်၍ ဘဝမှ လွတ်မြောက်ကြောင်းတရားကို အားထုတ်ရန် ဆုံးမလို၏။ သို့ရာတွင် ညီငယ် စူဠပါလသည် သူကဲ့သို့မဟုတ်၊ ဘဝ၌ သာယာဖွယ်ကိုသာ မြင်၏၊ ဘဝ၌ ငြီးငွေ့ဖွယ်ကို မမြင်။ ဘဝကို မြတ်နိုးစရာ ပန်းတိုင်အဖြစ် သာမြင်၏၊ ဘဝကို အသုံးပြုစရာ တန်ဆာပလာအဖြစ် မမြင်၊ ဘဝကို ကိုယ်ပိုင် အဖြစ်သာ မြင်၏၊ ဘဝကို ကြွေးအဖြစ် မမြင်။

နောက်ဆုံး၌ မဟာပါလသည် မိမိ၏ညီငယ် စူဠပါလအား မိမိ၏ စည်းစိမ်ဥစ္စာ အားလုံးကို အမွေအဖြစ် ပေးစွန့်ပြီး မြတ်စွာဘုရားသခင် သီတင်း

http://www.cherrythitsar.org



သုံးရာ ဇေတဝန်ကျောင်းတော်သို့ သွား၍ ရဟန်းပြု၏။ စူဠပါလလည်း ငိုကြွေး မြည်တမ်းရင်း ကျန်ရစ်ခဲ့၏။

မဟာပါလသည် ဆရာ ဥပဇ္ဈာယ်ထံ၌ ငါးဝါပတ်လုံးနေ၍ ဝါကျွတ်သောအခါ ပဝါရဏာပြု၍ မြတ်စွာဘုရားသခင် အထံသို့ ချဉ်းကပ်ရှိခိုးလျက် ရဟန်းတို့၏ တာဝန်ကို လျှောက်ထားမေးမြန်း၏။

ပိဋက စာပေ သင်အံပို့ချခြင်းနှင့် ဝိပဿနာတရား အားထုတ်ခြင်း ဟူ၍ တာဝန်နှစ်မျိုးရှိကြောင်း မိန့်တော်မူရာ မဟာပါလသည် ကြီးရင့်သော ကာလ၌သာ ရဟန်းပြုခြင်းကြောင့် ပိဋကတ်စာပေ သင်အံပို့ချခြင်း တာဝန်ကို မထမ်းဆောင်နိုင်ဘဲ ဝိပဿနာတရား အားထုတ်ခြင်း တာဝန်ကိုသာ ထမ်းဆောင်နိုင်သောကြောင့် ဝိပဿနာ ကမ္မဋ္ဌာန်းတရားကို ဟောကြားတော်မူပါရန် မြတ်စွာဘုရားသခင်အား လျှောက်ထား၏။ မြတ်စွာဘုရား သခင်က လည်း မဟာပါလအား အရဟတ္တဖိုလ်တိုင်အောင်သော ကမ္မဋ္ဌာန်း တရားကို မဟာပါလ၏ စရိုက်အားလျော်စွာ ဟောကြားတော်မူလိုက်၏။

မဟာပါလသည် သီတင်းသုံးဖော် ခြောက်ကျိပ်တို့နှင့်အတူ သာဝတ္ထိမှ ယူဇနာ ၁၂၀ ကွာဝေးသော ပစ္စန္တရစ်ရွာသို့ ကြွရောက်၍ ရဟန်းတရားကို အားထုတ်၏။ ရဟန်းတရားကို အားထုတ်ရာတွင် ဣရိယာပုထ် လေးမျိုးအနက် အိပ်ခြင်း ဣရိယာပုထ်ကို ပယ်၍ လျှောင်း၊ ထိုင်၊ ရပ်၊ ဣရိယာပုထ် သုံးမျိုးဖြင့်သာ အားထုတ်၏။ မဟာပါလသည် မည်သည့်အခါမျှ မအိပ်၊ ကြမ်းပြင်ပေါ်၌ မည်သည့်အခါမျှ ကျောကုန်းကို မဆန့်။

အိပ်စက်ခြင်း လုံးဝမပြုသော အရှင်မဟာပါလအား ဝါဆိုလလွန်၍ ဝါခေါင်လသို့ ရောက်လျှင် မျက်စိရောဂါ ဖြစ်ခဲ့၏။ အိုးပေါက်မှ ယိုကျသော ရေအလျဉ်ကဲ့သို့ မျက်စိတို့မှ မျက်ရည်တို့သည် တသွင်သွင် ယိုစီးလျက် ကျကုန်၏။ အရှင်မဟာပါလသည် ညဉ့်သုံးယံပတ်လုံး ရဟန်းတရားကို အားထုတ်၏။ အရုဏ်တက်မှ ကျောင်းသင်္ခမ်းတွင်းသို့ ဝင်၍ အနားယူ၏။

အခြားသော သီတင်းသုံးဖော်တို့က အရှင်မဟာပါလ၏ မျက်စိရောဂါကို ကုရန်လိုကြောင်း၊ ဝိနည်းသိက္ခာပုဒ်တော်နှင့်အညီ ဖိတ်ကြားထားသော မျက်စိကု ဆရာရှိကြောင်း၊ ခွင့်ပြုပါလျှင် မျက်စိကုဆရာကို ခေါ်၍ပြသလိုကြောင်း လျှောက်ထားကြ၏။ အရှင်မဟာပါလကလည်း သဘောတူ ခွင့်ပြု၏။

သီတင်းသုံးဖော်တို့သည် မျက်စိကုဆရာအား အကြောင်းကြားလျှင် မျက်စိကုဆရာသည် ဆီကိုချက်၍ ပို့၏။ မျက်စိထဲသို့ ဆီထည့်နည်းကိုလည်း လျှောက်ထားလိုက်၏။ ဆရာကိုယ်တိုင် လိုက်လာ၍ကား မကု၊ ဆေးညွှန်းအရ

http://www.cherrythitsar.org



ဆိုလျှင် ပက်လက်အိပ်ပြီး ဆီကို နှာဝမှ လောင်းထည့်ရမည်။ သို့ရာတွင် အရှင်မဟာပါလသည် တရားအားထုတ်ချိန်မှစ၍ ပက်လက်ဖြစ်စေ၊ စောင်းလျက်ဖြစ်စေ၊ မည်သည့်အနေအထားနှင့်မျှ မအိပ်ရန် အဓိဋ္ဌာန်ပြုထား၏။ ထို့ကြောင့် မျက်စိရောဂါ ကုသရန်အတွက် ဆေးအညွှန်းနှင့် အဓိဋ္ဌာန်အကြား တစ်ဖက်ဖက်ကို လိုက်နာရန် မဟာပါလ ဆုံးဖြတ်ရချေတော့မည်။

အရှင်မဟာပါလသည် အဓိဋ္ဌာန် အပျက်မခံဘဲ ထိုင်လျက်ပင် ဆီကို နှာဝမှလောင်းထည့်၏။ မျက်စိကုဆရာ၏ ညွှန်ကြားချက်ထက် အဓိဋ္ဌာန်မပျက်ဖို့က လောကုတ္တရာရေးရာတွင် ပို၍ အရေးကြီး၏။ မျက်စိကုဆရာ၏ ညွှန်ကြားချက်အတိုင်း မလိုက်နာလျှင် မျက်စိရောဂါ မပျောက်ရုံသာ ရှိမည်။ အဓိဋ္ဌာန်ပျက်လျှင် လောကုတ္တရာတရားနှင့် ပို၍ဝေးမည်။ မဟာပါလ၏ ရည်ရွယ်ချက်က လောကုတ္တရာတရားထူး ရရေးသာ ပဓာနဖြစ်၏။

မဟာပါလ ရွာတွင်းသို့ ဆွမ်းခံဝင်ရာ မျက်စိကုဆရာနှင့် တွေ့၏။

'အရှင်ဘုရား၏ မျက်စိရောဂါအတွက် တပည့်တော် ဆီပို့လိုက်ပါတယ်၊ ဆီကို ခတ်ပါရဲ့လား ဘုရား'

'ခတ်ပါတယ် ဒါယကာ'

'ဒါဖြင့် သက်သာ သက်သာပါရဲ့လား'

'မသက်သာပါဘူး ဒါယကာ'

'ဆီကိုခတ်တဲ့အခါ ထိုင်ရင်းခတ်ပါသလား၊ အိပ်ပြီးမှခတ်ပါသလား'

ဤမေးခွန်းကိုမူ မဟာပါလ မဖြေတော့၊ မျက်စိကုဆရာကလည်း ဖွဲမလျှော့၊ အထပ်ထပ်မေး၏။ မဟာပါလကလည်း ဖွဲမလျှော့၊ ငုတ်တုတ်ခံ၏၊ မဖြေ။

နောက်ဆုံး၌ မျက်စိကုဆရာက လက်လျှော့လိုက်၏။ 'ကြွပါတော့ အရှင်ဘုရား' ဟု လျှောက်ပြီး ကျောင်းသို့ ကိုယ်တိုင်သွားကြည့်၏။ မဟာပါလ၏ ကျောင်းသင်္ခမ်း၌ အိပ်ရာဟူ၍ မရှိ၊ ထိုင်ရာနှင့် စင်္ကြံ လျှောက်ရာသာ ရှိ၏။

အမှန်အားဖြင့် မျက်စိကုဆရာ၏ မျက်စဉ်းဆီသည် ညွှန်ကြားချက်အတိုင်း လိုက်နာပါက တစ်ကြိမ်ခတ်ရုံမျှနှင့် မျက်စိရောဂါကို ပျောက်ကင်းစေနိုင်ပါသည်။ သို့ရာတွင် မဟာပါလက မလိုက်နာ။ မဟာပါလသည် သူ၏ အဓိဋ္ဌာန်ကို မဖျက်။ ထိုင်ရင်းခတ်သလား၊ အိပ်ပြီးခတ်သလား ဟူသော မေးခွန်းကိုပင် မဖြေ။ ထိုမေးခွန်းသည် ဝိနည်းသိက္ခာပုဒ်နှင့် စပ်၏။ ရဟန်းတို့ မည်သည် မိမိတို့၏ အကျင့်ပဋိပတ်နှင့် စပ်လျဉ်း၍ ထုတ်ဖော်မပြောကောင်း။

http://www.cherrythitsar.org



မျက်စိကုဆရာသည် မဟာပါလအား ကြည့်ရှုပါ၏။ မျက်စိရောဂါကိုလည်း ပျောက်ကင်းစေလိုပါ၏။ ရဟန်းတရားကိုလည်း ကျင့်စေလိုပါ၏။ ထို့ကြောင့် မျက်စဉ်းဆီကို အိပ်ပြီးခတ်ပါရန် အကြိမ်ကြိမ် လျှောက်ထား၏။ တောင်းလည်းတောင်းပန်၏။ သို့ရာတွင် မဟာပါလကမလိုက်နာ။ မြတ်သော သူတို့သည် မိမိတို့၏ ပါရမီမြောက် အဓိဋ္ဌာန်ကို ဖျက်ရိုးမရှိ။

လုပ်ငန်းတစ်ခု အောင်မြင်ရေးအတွက် အခြေခံအနေဖြင့် အင်္ဂါ(၄)ရပ် ရှိဖို့ လို၏။ ယင်းအင်္ဂါ(၄)ရပ်ကို ဣဒ္ဓိပါဒ်ဟု ခေါ်သည်။ ခိုင်မာသော ရည်မှန်းချက် ရှိရမည်၊ မဆုတ်နစ်သော ကြိုးပမ်းမှု ရှိရမည်၊ စိတ်ဓာတ် ခိုင်မာရမည်၊ လုံလောက်သော ဉာဏ်ပညာ ရှိရမည်။ ဤအင်္ဂါ(၄)ရပ်ကို အခြေခံ၍ ဆောင်ရွက်ပါက လောကီဖြစ်စေ၊ လောကုတ္တရာ ဖြစ်စေ တစ်နေ့တွင် မလွဲမသွေ အောင်မြင်ရ၏။ တစ်နေ့တွင်ဆိုရာ၌ ဣဒ္ဓိပါဒ် ကြားမပြတ်သော "တစ်နေ့တွင်" ဖြစ်၏။ ဣဒ္ဓိပါဒ် ကြားပြတ်သွားပါက "တစ်" ကပင် ပြန်စရ၏။ ထိုအခါ "တစ်နေ့တွင်" သည် မဆုံးနိုင်သော "တစ်နေ့တွင်" ဖြစ်နေပေလိမ့်မည်။

မဟာပါလသည် သူ၏ တရားအားထုတ်မှုလုပ်ငန်း၌ ဘဝမှ လွတ်မြောက်ရေးပန်းတိုင်အတွက် "တစ်" က ပြန်မစလို၊ ရှေ့သို့သာ တိုး၍တိုး၍ သွားလို၏။ ထို့ကြောင့် အဓိဋ္ဌာန်ကို ဖျက်၍ အိပ်ပြီး မျက်စဉ်းဆီကို မခတ်၊ ထိုင်လျက်သာ ခတ်၏။ ထိုအခါ မျက်စိရောဂါက မသက်သာ၊ တိုး၍ တိုး၍သာ လာ၏။

မျက်စိကုဆရာကလည်း ဆရာနာမည်ပျက်မှာ စိုးရိမ်၊ နောက်ဆုံး မတတ်သာတော့၍ မဟာပါလအား –

'အရှင်ဘုရား၊ တပည့်တော်၏ ညွှန်ကြားချက်အတိုင်း လိုက်နာ ဆောင်ရွက်ခြင်း မပြုနိုင်ပါက မျက်စိရောဂါ ပျောက်ကင်းနိုင်ဖွယ် မရှိပါ။ ယနေ့မှစ၍ တပည့်တော်ကလည်း မျက်စဉ်းဆီပေး၍ ကုသတော့မည် မဟုတ်ပါ။ အရှင်ဘုရားကလည်း တပည့်တော်၏ ကုသမှုကိုခံယူနေသည်ဟူ၍ မှတ်ယူတော် မမူပါလင့်' ဟူ၍ လျှောက်ထားပြီး အဆက်ဖြတ် လိုက်၏။

မဟာပါလသည် စိတ်ဓာတ်ကျခြင်းမရှိဘဲ ပို၍ပင်အားတင်းကာ ရဟန်းတရားကို အားထုတ်၏။ ထိုနေ့ ညဉ့်သန်းခေါင်ယံလွန်ချိန်၌ မျက်စိနှစ်ဖက်တို့သည်လည်း ကွယ်လေ၏။ အာသဝေါတရားတို့သည်လည်း ကုန်ခန်းလေ၏။ ထိုအခါ မဟာပါလသည် ဘဝမှလွတ်မြောက်သော ရဟန္တာဖြစ်လေ၏။ ထိုအချိန်မှစ၍ မဟာပါလအား စက္ခုပါလမထေရ် ဟူ၍ အမည်သစ် တွင်လေ၏။

စက္ခုပါလမထေရ် မျက်စိကွယ်သောအခါ ရွာတွင်းသို့ ဆွမ်းခံမဝင်နိုင်တော့၊ အခြားသီတင်းသုံးဖော် ခြောက်ကျိပ်တို့က ပြုသင့်ပြုထိုက်သော ဝတ်ကြီး

http://www.cherrythitsar.org



ဝတ်ငယ်တို့ကိုပြု၏။ ဆွမ်းခံ၍ လုပ်ကျွေးကြ၏။ ဒါယကာတို့ကလည်း စက္ခုပါလမထေရ်အတွက် ကျောင်းသို့ ဆွမ်းပို့ကြ၏။ ထိုခြောက်ကျိပ်သော ရဟန်းတို့သည် စက္ခုပါလမထေရ်၏ အနီးကပ်ဩဝါဒကို ခံယူ၍ တရားအားထုတ်ကြရာ သီတင်းကျွတ်လပြည့် ပဝါရဏာနေ့ နီးသောအခါ အားလုံး ရဟန္တာ ဖြစ်ကြလေ၏။

ဝါကျွတ်သောအခါ ထိုရဟန္တာခြောက်ကျိပ်တို့သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်ရှိ မြတ်စွာဘုရားသခင်ကို ဖူးမြော်ရန် စက္ခုပါလ မထေရ်အား လျှောက်ထားကြ၏။ စက္ခုပါလမထေရ်က –

"အရှင်ဘုရားတို့နှင့်အတူ တပည့်တော်သွားလျှင် အရှင်ဘုရားတို့လည်း မချမ်းသာ၊ တပည့်တော်လည်း မချမ်းသာ ဖြစ်မည်။ သို့ဖြစ်၍ အရှင်ဘုရားတို့ ဦးစွာသွားနှင့်ကြ။ တပည့်တော်၏ စကားဖြင့် မြတ်စွာဘုရားသခင်နှင့် ရှစ်ကျိပ်သော မဟာသာဝကတို့ကို ရှိခိုးကြ။ ထို့နောက် တပည့်တော်၏ ညီ စူဠပါလအား တပည့်တော် မျက်စိကွယ်ကြောင်း၊ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ လာရောက်နိုင်ရေးအတွက် ညီထံမှ တစ်စုံတစ်ယောက် စေလွှတ်ပေးရန် တောင့်တလျက်ရှိကြောင်း ပြောပြကြ" ဟူ၍ မိန့်ကြား၏။

ထိုရဟန္တာခြောက်ကျိပ်တို့သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ ကြွရောက်၍ မြတ်စွာဘုရားသခင်နှင့် ရှစ်ကျိပ်သော မဟာသာဝကတို့အား စက္ခုပါလမထေရ်၏ စကားဖြင့် ရှိခိုး၍ တစ်ဖန် မိုးသောက်သောနေ့၌ စက္ခုပါလမထေရ်၏ညီ စူဠပါလသူကြွယ်နေရာလမ်းခရီးသို့ ဆွမ်းခံဝင်ပြီး စက္ခုပါလမထေရ် မှာကြားသည့်အတိုင်း စူဠပါလသူကြွယ်အား ပြောကြားကြ၏။

စူဠပါလသူကြွယ်လည်း ရဟန္တာခြောက်ကျိပ်တို့၏ ညွှန်ကြားချက်အတိုင်း တူဖြစ်သူပါလိတကို လမ်းခရီး၌ ဘေးကင်းရန်ကင်းစိမ့်သောငှာ သာမဏေပြုစေပြီး အစ်ကိုစက္ခုပါလမထေရ်ထံရောက်လျှင် အကျိုးအကြောင်း လျှောက်ထားကာ စက္ခုပါလမထေရ်၏ တောင်ဝှေးစွန်းကိုကိုင်၍ ယူဇနာ တစ်ရာနှစ်ဆယ်ဝေးရာ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်ဆီသို့ တူဝရီးနှစ်ယောက် လာကြ၏။

တူဝရီးနှစ်ယောက် လာကြရာ လမ်းခရီးအကြား ကဋ္ဌနဂရရွာသို့ ရောက်၏။ ကဋ္ဌနဂရရွာမှ ထွက်၍ တောသို့သီချင်းဆိုလျက် ထင်းခွေနေသော အမျိုးသမီးငယ်၏ သီချင်းသံ၌ တပ်မက်ကာ ပါလိတသာမဏေသည် ဦးရီး စက္ခုပါလမထေရ်အား ခေတ္တရပ်တန့်တော်မူပါရန် လျှောက်ထားပြီး အမျိုးသမီးငယ်ထံသွား၏။ သာမဏေနှင့် အမျိုးသမီးငယ်တို့ ဖောက်မှားကြ၏။

ယခုပင် သီချင်းသံ ကြား၏၊ ယခုပင် သီချင်းသံ ပျောက်၏။ သာမဏေ

http://www.cherrythitsar.org



သည်လည်း ကြာမြင့်၏။ သာမဏေနှင့် အမျိုးသမီးငယ်တို့သည် မှောက်မှားခြင်း ဖြစ်တန်ရာ၏။ သာမဏေသည်လည်း သီလပျက်စီးခြင်း ဖြစ်တန်ရာ၏ ဟူ၍ စက္ခုပါလမထေရ် ဆင်ခြင်မိ၏။

သာမဏေသည် မိမိကိစ္စပြီး၍ ဦးရိုးထံ ပြန်လာကာ ရှေ့ခရီး ဆက်ရန် လျှောက်ထား၏။ ဦးရိုးကလည်းသာမဏေအား 'သာမဏေ၊ သင်သည် အမျိုး သမီးငယ်နှင့် မှောက်မှား၍ သီလပျက်ခဲ့ပြီ မဟုတ်လား' ဟူ၍ မေး၏။ သာမဏေ က မဖြေ၊ ဦးရိုးကလည်း ထပ်ကာထပ်ကာမေး၏။ သာမဏေကမူ ဆိတ်ဆိတ်။

စက္ခုပါလမထေရ်သည် ထိုသာမဏေအား မိမိ၏ တောင်ဝှေးစွန်းကို အကိုင်မခံဘဲ နှင်ထုတ်လေ၏။ သာမဏေကမူ မျက်စိနှစ်ဖက် ကွယ်နေသော ဦးရိုးတော် မထေရ်သည် တောအုပ်အလယ်၌ ဒုက္ခရောက်မည်ကို စိုးရိမ်ပြီး အမျိုးမျိုး တောင်းပန်လျှောက်ထား၏။ သာမဏေဘဝနှင့် မကိုင်ရလျှင် လူဘဝနှင့် ကိုင်မည်ဖြစ်ကြောင်း ထပ်၍လျှောက်၏။ စက္ခုပါလမထေရ်က လုံးဝခွင့်မပြု။ ထိုအခါ သာမဏေသည် ကြီးစွာသောနောင်တဖြင့် ချစ်လှစွာသော ဦးရိုးထံပါးမှ ငိုကြွေးမြည်တမ်းလျက် ဖဲခွာရလေ၏။

ကိုယ်ကျိုးကိုယ်စီးပွားကို ငဲ့၍ ကိုယ်ကျင့်သိက္ခာ မကောင်းသူများအား လျစ်လျူရှုထားခြင်းနှင့် မိမိတို့ ယုံကြည်လိုက်နာနေသော လမ်းစဉ်များမှ သွေဖည်ခြင်းသည် မြင့်မြတ်သူတို့၏ ကျင့်စဉ်မဟုတ် ဟူ၍ စက္ခုပါလမထေရ်က နမူနာ ပြ၏။

စက္ခုပါလမထေရ်သည် မျက်စိနှစ်ကွင်း အလင်းမရသူ ဖြစ်၏။ ဤ ကန္တာရခရီး၌ အသက်သေသည်အထိ ဒုက္ခရောက်နိုင်၏။ ထိုဖြစ်လှ သာမဏေ ကလည်း လျှောက်ထား၏။ ကိုယ်တိုင်လည်း သိ၏၊ သို့ရာတွင် စက္ခုပါလမထေရ် သည် အသက်ကို တန်ဖိုးမထား၊ လောက၌ ဓမ္မထွန်းကားရေးကိုသာ တန်ဖိုး ထား၏။ နုတ်သုဓာ တစ်တင်းခွဲ၌ မစင်တစ်ပဲ အရောမခံနိုင်သူ ဖြစ်၏။ ရှေး သူတော်ကောင်းတို့၏ ကျင့်စဉ်ပေတကား။

စက္ခုပါလမထေရ်သည် ကန္တာရခရီးထဲ၌ အဖော်မဲ့ဖြစ်၏။ မျက်စိလည်း မမြင်၊ သို့ရာတွင် ဤလောက၌ ဓမ္မကို စောင့်ရှောက်သော ဓမ္မဘက်တော်သား များသည် အချိန်မရွေး နေရာအနှံ့ရှိ၏။ ဓမ္မ၏ တန်ခိုးရှိန်ဝော် အာနုဘော်ကို မည်သူ အန်တုနိုင်မည်နည်း။ နောက်ဆုံး၌ သိကြားမင်းသည် ခရီးသည်ဟန် ဆောင်၍ စက္ခုပါလမထေရ်ကို သာဝတ္ထိပြည် ဇေတဝန် ကျောင်းအရောက် ဆောင် ယူသွား၏။ စူဠပါလသူကြွယ် ဆောက်လုပ်လှူဒါန်းထားသည့် ကျောင်း၌ နေရာ ချထား၏။ နောက် စူဠပါလအား အစ်ကို စက္ခုပါလမထေရ် ရောက်ရှိပြီးဖြစ်ကြောင်း

http://www.cherrythitsar.org



သတင်းပို့၏။ သူတော်ကောင်းဟူက ဓမ္မ၏ တန်ခိုးတော်ကြောင့် နတ်ကောင်း မမြဲ ဖြစ်၏ ၊ ထို့ကြောင့် သူတော်ကောင်းဖြစ်ရန်သာ လိုပါ၏။

ညီ စူဠပါလလည်း အစ်ကို စက္ခုပါလမထေရ်ထံ သွားရောက်၍ ဖူးမြော်၏။ အစ်ကို၏ ဘဝဖြစ်အင်ကိုမြင်လျှင် ဖြေရင်း၌ လူးလိမ့်ငိုကြွေး၏။ ရဟန်း မပြုပါရန် အတန်တန် တားမြစ်သည့်ကြားက နားမထောင်ဘဲ ရဟန်းပြုသည့် အတွက် ယခုကဲ့သို့ ဒုက္ခပင်လယ်ဝေရခြင်း ဖြစ်ကြောင်းဖြင့် အပြစ်တင်၏။ အမှန်အားဖြင့် စူဠပါလသည် ခံစားမှုချမ်းသာ "ဝေဒယိတ သုခ" ကိုသာ နားလည် ပြီး ငြိမ်းချမ်းမှုချမ်းသာ "သန္တိသုခ" ကို နားမလည်သဖြင့် ယခုကဲ့သို့ အပြစ်တင် ခြင်း ဖြစ်၏။ ငြိမ်းချမ်းမှုချမ်းသာသည်သာ ချမ်းသာစစ်ဖြစ်၍ ခံစားမှုချမ်းသာ သည် ဒုက္ခ၏ အသွင်တစ်မျိုး ဖြစ်၏။

ညီ စူဠပါလသည် အစ်ကို စက္ခုပါလအား အစွမ်းကုန် ပြုစုလုပ်ကျွေး၏။ မိမိ၏ ကျွန်နှစ်ယောက်ကိုလည်း ကျွန်ဘဝမှ လွတ်ငြိမ်းစေပြီး အစ်ကို မထေရ်ထံ၌ သာမဏေပြု၍ အနီးကပ် လုပ်ကျွေးစေ၏။ ညီငယ်တစ်ယောက်၏ တာဝန် ကျေပါပေသည်။

မြတ်စွာဘုရားသခင် သက်တော်ထင်ရှားရှိစဉ် ကာလက ဒေသအသီး သီး၌ ဝါကပ်ကြကုန်သော ရဟန်းတို့သည် ဝါကျွတ်သောအခါ မြတ်စွာဘုရား သခင်ကို လာရောက်ဖူးမြော်လေ့ရှိကြ၏။ ထိုဓလေ့အရ ဇေတဝန်ကျောင်းတော်၌ ဘုရားဖူးလာရောက်ကြသော ရဟန်းတော်များ ရှိကြ၏။ ထိုရဟန်းတော်များသည် မြတ်စွာဘုရားသခင်ကိုလည်း ရှိခိုး ဖူးမြော်ကြ၏။ ရှစ်ကျိပ်သော မဟာသာဝက တို့ကိုလည်း ရှိခိုး ဖူးမြော်ကြ၏။ ဇေတဝန်ကျောင်းတော် ပရဝုဏ်အတွင်းရှိ ကျောင်းငယ်များကိုလည်း လှည့်လည် ကြည့်ရှုကြ၏။

ဘုရားဖူး ရဟန်းတော်များသည် ကျောင်းစဉ် လှည့်လည်ကြည့်ရှုကြရာ စက္ခုပါလမထေရ်၏ ကျောင်းသို့ရောက်လျှင် မိုးကြီးသည်းထန်စွာ ရွာသွန်း၏။ ထို့ကြောင့် ထိုနေ့အဖို့ ကျောင်းစဉ်လှည့်လည်ခြင်းကို ရပ်တန့်လိုက်၏။ ထိုညဉ့်၌ မိုးသည် ပဌမယံပတ်လုံး ရွာသွန်း၍ သန်းခေါင်ယံ၌ လင်းစင်၏။

စက္ခုပါလမထေရ်သည် မိုးသောက်ယံ၌ စင်္ကြံသွားလျှင် မိုးရေစွတ်စိုစ ဖြစ်သော မြေမှထွက်လာသော ပိုးဖလံများစွာကို နင်းမိသဖြင့် ပိုးဖလံတို့ သေကြ ကုန်၏။ စင်္ကြံလမ်းသည် ပိုးဖလံသေတို့ဖြင့် ပြွမ်း၏။ စက္ခုပါလ မထေရ်၏ သာမဏေတို့ တံမြက်မလှည်းမီ ဘုရားဖူးရဟန်းများသည် စက္ခုပါလမထေရ်၏ ကျောင်းသို့ ရောက်လာကြပြီး စင်္ကြံလမ်းရှိ ပိုးဖလံသေများကို တွေ့ကြ၏။

http://www.cherrythitsar.org



ကြောက်လန့်၍ ပိုးဖလံများကို စက္ခုပါလမထေရ်က စကြံသွားခြင်းအားဖြင့် သတ်ပါကြောင်း ဘုရားဖူးရဟန်းများက မြတ်စွာဘုရားသခင်အား လျှောက်ထားကြ၏။ မြတ်စွာဘုရားသခင်က "ရဟန္တာတို့အား သေစေလိုသော စေတနာ မရှိ" ဟူ၍ ဟောတော်မူ၏။ ထိုအခါမှ စက္ခုပါလမထေရ်သည် ရဟန္တာဖြစ်ကြောင်း သိရှိကြပြီး ရဟန္တာဖြစ်ပါလျက် မျက်စိကွယ်ခြင်းနှင့် စပ်လျဉ်း၍ သဘောမပေါက်သော ပရိသတ်အား မြတ်စွာဘုရားသခင်က ဤသို့ ဟောကြားတော်မူ၏။

– **ဓမ္မတို့သည် စိတ်လျှင် ရှေ့သွားရှိကုန်၏။ စိတ်လျှင် အကြီးအမှူး ရှိကုန်၏။ စိတ်လျှင် အထည်ကိုယ်ရှိကုန်၏။**

– **မကောင်းသောစိတ်ဖြင့် ပြောဆိုပြုလုပ်မိပါက ထိုသို့ ပြောဆိုမိ ပြုလုပ်မိခြင်းကြောင့် လှည်းဆွဲသည့် နွားခြေရာသို့ အစဉ် တကောက် လိုက်နေသကဲ့သို့ ဒုက္ခသည် ထိုပုဂ္ဂိုလ်သို့ အစဉ်တကောက် လိုက်နေတော့၏။**

ယနေ့ ကျွန်ုပ်တို့ ဖြစ်ဖြစ်သမျှသည် မနေ့က ကျွန်ုပ်တို့၏ အတွေးအမြင်များမှ ဆင်းသက်သည်။ ယနေ့ ကျွန်ုပ်တို့၏ အတွေးအမြင်များသည် မနက်ဖြန် ကျွန်ုပ်တို့၏ဘဝကို တည်ဆောက်ပေလိမ့်မည်။ အတွေး (သင်္ကပ္ပ) နှင့် အမြင် (ဒိဋ္ဌိ) တို့သည် မှန်ကန်သောအတွေးနှင့်အမြင်ဖြစ်ပါက မဂ္ဂင်ရှစ်ပါးတွင် သမ္မာသင်္ကပ္ပနှင့် သမ္မာဒိဋ္ဌိ အမည်ကိုရ၍ မှားယွင်းသော အတွေးနှင့်အမြင် ဖြစ်ပါက မိစ္ဆာသင်္ကပ္ပနှင့် မိစ္ဆာဒိဋ္ဌိ အမည်ကိုရ၏။ ထို့ကြောင့် အတွေးနှင့်အမြင်သည် ဘဝအတွက် အစုန်နှင့်အဆန် လမ်းနှစ်သွယ်လုံးကို ခင်းပေးလေ၏။ သို့ရာတွင် အတွေးနှင့်အမြင်သည် စေတသိက်များဖြစ်၍ သူ့ချည်း မရပ်တည်နိုင်ဘဲ စိတ်ကို ရှေ့သွားပြုရ၏။ စိတ်ကို အကြီးအမှူး ပြုရ၏။ စိတ်ဖြင့် တည်ဆောက်ရ၏။

ကျွန်ုပ်တို့ဖြစ်ဖြစ်သမျှသည် "ဘဝတီတိ ဘဝေါ၊ ဘဝတိ၊ ဖြစ်တတ်၏။ ဣတိ၊ ထို့ကြောင့်။ ဘဝေါ၊ ဘဝ မည်၏" ဟူသော ဝိဂြိုဟ်အရ "ဘဝ" ဖြစ်၏။ ဘဝတွင် ဝိပါက[၁] အပိုင်း၊ ကမ္မ[၂] အပိုင်း၊ ကိလေသ[၃] အပိုင်းဟူ၍ အပိုင်းသုံးပိုင်း ပါဝင်၏။ ကိလေသာကြောင့် ကုသိုလ်ကံနှင့် အကုသိုလ်ကံ ဖြစ်ရ၏။ ကုသိုလ်ကံနှင့် အကုသိုလ်ကံကြောင့် ကုသိုလ်အကျိုးနှင့် အကုသိုလ်အကျိုး ဖြစ်ရ၏။ ဤ၌ ကိလေသာဟူသည် အနုသယအစဉ် ကိလေသာ ဖြစ်၏။ ယင်းကို ကိလေသာဝဋ် ဟူ၍လည်း ခေါ်၏။ ကမ္မ ဟူသည် နာနာက္ခဏိက အဆင့် ကုသိုလ်ကံနှင့် အကုသိုလ် ကံဖြစ်၏။ ယင်းကို ကမ္မဝဋ်ဟူ၍လည်း ခေါ်၏။ ဝိပါကဟူသည်

---

**၁ ဝိပါက – အကျိုးတရား ၂ ကမ္မ – ကုသိုလ်ကံနှင့် အကုသိုလ်ကံ**

**၃ ကိလေသ – လောဘနှင့် တကွ ဖြစ်သော ကိလေသာ**

http://www.cherrythitsar.org



ကုသိုလ် ကံနှင့် အကုသိုလ်ကံကြောင့် ဖြစ်ပေါ်လာသော အကျိုးတရား ဖြစ်၏။ ယင်းကို ဝိပါကဝဋ် ဟူ၍လည်း ခေါ်၏။

ရွှေလက်ကောက်တွင် လက်ကောက်ပုံသဏ္ဌာန်သည် ဝိပါက အပိုင်း ဖြစ်၏။ ရွှေသားသည် ကမ္မအပိုင်း ဖြစ်၏။ ရွှေသားတွင်ပါဝင်သော မဟာတုတ်ခေါ် ဓာတ်ကြီးလေးပါးသည် ကိလေသာအပိုင်း ဖြစ်၏။ ရွှေလက်ကောက်တွင် ဤသို့ အပိုင်းသုံးပိုင်း ပါဝင်သော်လည်း ယင်းအပိုင်း သုံးပိုင်းကို သီးခြားစီ ခွဲထုတ်၍ မရသကဲ့သို့ ကျွန်ုပ်တို့ ဖြစ်ဖြစ်သမျှ "ဘဝ" တွင်လည်း ဝိပါက်၊ ကံ၊ ကိလေသာ ဟူသော အပိုင်းသုံးပိုင်းကို သီးခြားစီခွဲထုတ်၍ မရ။ ဤသို့ ခွဲ၍မရခြင်းကိုပင် နွား၏ခြေရာနောက်သို့ အစဉ်လိုက်သော လှည်းဘီးနှင့် ဥပမာပြုခြင်း ဖြစ်၏။

စက္ခုပါလမထေရ်သည် တစ်ခုသော မျက်စိကုသရာဘဝက မျက်စိရောဂါရှင်တစ်ဦးအား မှားသောအတွေးနှင့် မှားသောအမြင်တို့က ခင်းပေးသော လမ်းပေါ်၌လျှောက်၍ မျက်စိကန်းအောင် ပြုလုပ်ခဲ့ဖူး၏။ ထို အကုသိုလ်ကံကြောင့် ယခု နောက်ဆုံးဘဝ၌ သူ မျက်စိကန်းခြင်း ဖြစ်၏။ ရဟန္တာဖြစ်သွား၍ အနုသယအဆင့် ကိလေသာအပိုင်းကို ပယ်၍ တစ်ဖန် ပဋိသန္ဓေနေရခြင်း "ဇာတိ" ကို ကုန်အောင် လုပ်နိုင်သော်လည်း နာနာက္ခဏိကအဆင့် အကုသိုလ်ကံကိုကား ကုန်အောင် မလုပ်နိုင်ပါချေ။

ဘဝခရီးကို လျှောက်ရာ၌ ကျွန်ုပ်တို့၏ စိတ်နှင့်ယှဉ်သော အတွေးနှင့် အမြင်တို့က ခင်းပေးသောလမ်းအတိုင်း လျှောက်ရ၏။ လမ်းမှားနှင့် လမ်းမှန်ကို မည်သူကမျှ ခင်းပေးသည်မဟုတ်။ ကျွန်ုပ်တို့၏ အတွေးနှင့် အမြင်ကသာ ခင်းပေးခြင်း ဖြစ်၏။ အမှန်အားဖြင့် လူ့သမိုင်းဟူသည် ကျွန်ုပ်တို့၏ အတွေးနှင့်အမြင်တို့က ခင်းပေးသော လမ်းအတိုင်း လျှောက်နေကြရသော "ဘဝခရီးသည်တို့၏ ခရီးသွားမှတ်တမ်း" သာ ဖြစ်ပါ၏။

ထို့ကြောင့် အစုန်လမ်းနှင့်အဆန်လမ်း သို့မဟုတ် လမ်းမှားနှင့်လမ်းမှန်ကို ရွေးရာတွင် လောက၌ "ဓမ္မ" ထွန်းကားရေးအတွက် ကျရောက်သမျှသော လောကဓံတရားများကို ကြံ့ကြံ့ခံကာ ပြတ်ပြတ်ထင်သော ရည်မှန်းချက်၊ မဆုတ်မနစ်သော ကြိုးပမ်းမှု၊ ခိုင်မာသော စိတ်ဓာတ်၊ လုံလောက်သော ဉာဏ်ပညာတို့ဖြင့် အသက်ကိုပင် မငဲ့ကွက်ဘဲ လမ်းမှန်ကိုရွေး၍ ဘဝခရီး လျှောက်ခဲ့သော စက္ခုပါလမထေရ်၏ အတွေးမှန်(သမ္မာသင်္ကပ္ပ)နှင့် အမြင်မှန် (သမ္မာဒိဋ္ဌိ) ကို အစဉ်တစိုက် နှလုံးသွင်း နိုင်ရန် ဤဂါထာကို မြတ်စွာဘုရားသခင် ဟောတော်မူခြင်းဖြစ်ပေ၏။

# မဋ္ဌကုဏ္ဍလီ

အဒိန္နပုဗ္ဗက ဗြာဟ္မဏ ဇနီးမောင်နှံသည် သာဝတ္ထိပြည်တွင် သူဌေးစာရင်းဝင် ဖြစ်၏။ သူတို့တွင် တစ်ယောက်တည်းသောသားသာ ထွန်းကားခဲ့၏။ တစ်ယောက်တည်းသောသား ဖြစ်သဖြင့် မိဘနှစ်ပါးလုံးက အလွန် မြတ်နိုး၏၊ ချစ်၏။ သူ့ကို မဋ္ဌကုဏ္ဍလီ ဟုခေါ်၏။ အဒိန္နပုဗ္ဗကသည် သူ၏ တစ်ဦးတည်းသောသား မဋ္ဌကုဏ္ဍလီကို ချစ်သည်၊ မြတ်နိုးသည် မှန်၏။ သို့ရာတွင် သားထက် ပစ္စည်းဥစ္စာကို ပို၍ ချစ်၏၊ ပို၍ မြတ်နိုး၏၊ ပို၍ မက်မော၏။ ဇနီးဖြစ်သူကလည်း ခင်ပွန်းသည်ကို မလွန်ဆန်နိုင်။

သူဌေးကြီး အဒိန္နပုဗ္ဗကသည် သူ၏ ပစ္စည်းဥစ္စာများကို နည်းနည်းမျှ အပွန်းအပဲ့ မခံ။ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးလျက်ရှိသော မြတ်စွာဘုရားအားလည်း မလှူ။ တိတ္ထိယ ဆရာကြီးများအားလည်းမလှူ။ သူ့ဘဝ တစ်လျှောက်တွင် မည်သည့် အလှူခံပုဂ္ဂိုလ်ကိုမျှ မလှူဘူးခဲ့။ ထို့ကြောင့် သူ့ကို အဒိန္နပုဗ္ဗက ဟုခေါ်ခြင်းဖြစ်၏။ အဒိန္နပုဗ္ဗက၏ အနက်မှာ "တစ်ခါမျှ မလှူဘူးသူ" ဟူ၍ ဖြစ်၏။ အဒိန္နပုဗ္ဗကသည် သူ၏ပစ္စည်းများကို မလှူရက်၊ မသုံးစွဲရက်။ လှူလိုက် သုံးစွဲလိုက်ပါက ပစ္စည်းများ လျော့ပါးသွားပေမည်။ ထိုဒုက္ခကို သူ သည်း မခံနိုင်။ မလှူဘဲမသုံးစွဲဘဲနေပါက သူ၏ပစ္စည်းများ လျော့မသွား။ ဤသည် ကိုပင် "အရှိသုခ" အဖြစ် ကျေနပ်၏။

မဋ္ဌကုဏ္ဍလီ (၁၆)နှစ်သားအရွယ်သို့ ရောက်သောအခါ ဖျော့တော့သော ရောဂါ ဖြစ်၏။ ယနေ့ခေါ်ဝေါဟာရအရ "အသားဝါ" ရောဂါ ဖြစ်၏။ သား၏ရောဂါကို ဆရာကောင်းသမားကောင်းတို့ဖြင့် ကုသပါရန် မိခင်ဖြစ်သူက အဒိန္နပုဗ္ဗက အား တိုက်တွန်း၏။ သို့ရာတွင် ဆေးဖိုးဝါးခ ကုန်ကျမည်စိုး၍ ဆရာမပင့်ဘဲ အဒိန္နပုဗ္ဗကက ဆေးမြီးတိုဖြင့် ကု၏။

သား၏ရောဂါ မသက်သာဘဲ တစ်နေ့ထက်တစ်နေ့ တိုးလာသည်ကို မြင်သောမှ ဆေးဆရာအိမ်သို့သွား၍ "အသားဝါရောဂါဖြစ်လျှင် ဘယ်လိုဆေးနှင့် ကုရသနည်း" ဟု မထိမသာမေး၏။ ဆရာကလည်း လာရောက်ပင့်ဆောင်ခြင်း မဟုတ်သည့်အပြင် လူနာ၏ ရောဂါကို ကိုယ်တိုင်ကိုယ်ကျ စမ်းသပ်စစ်ဆေးရခြင်း မရှိသဖြင့် ထင်ရာလျှော်ရာပင် ပြောလိုက်၏။ သို့ရာတွင် အဒိန္နပုဗ္ဗကသည် ဆရာ၏ စကားကို အဟုတ်ကြီးထင်၍ သားကို ဆရာပြောသည့် ဆေးဝါးတို့ဖြင့် ကုသပြန်၏။

ရောဂါလည်း ကျွမ်းခဲ့ပြီ၊ အချိန်လည်း နှောင်းခဲ့ပြီ။ အဒိန္နပုဗ္ဗကသည်

http://www.cherrythitsar.org



နောက်ဆုံးမှ သမားတော်ကို ပင့်၏။ သမားတော်သည် မဋ္ဌကုဏ္ဍလီ ၏ရောဂါကို စစ်ဆေး၏၊ စမ်းသပ်၏။ မိမိဆေးချက် အစွမ်းမထက်နိုင်တော့ကြောင်း သိရှိသဖြင့် အခြားသမားတော်များကိုပင့်ရန် လမ်းညွှန်ပြီး လက်လျှော့လိုက်၏။ အခြား သမားတော်များကလည်း လက်မခံကြတော့။

ထိုအခါကျမှ မိမိ၏သား မဋ္ဌကုဏ္ဍလီ ဆုံးပါးတော့မည်ကို သိ၏။ အိမ်ခန်းတွင်းမှ အိမ်ဦးပြင်သို့ ထုတ်၏။ သား၏ချစ်ခြင်းသည် အဒိန္နပုဗ္ဗက ၏ ရင်တွင်း၌ ပြင်းစွာဖြစ်၏။ သို့ရာတွင် အဒိန္နပုဗ္ဗက ဘာမျှ မတတ်နိုင်တော့။ နောင်မှ "တ" ရသော နောင်တသည် သူ့အား နှိပ်စက်လေပြီ။

ထိုညဉ့်မိုးသောက်သောအခါ မြတ်စွာဘုရားသည် မဟာကရုဏာ သမာပတ်မှ ထတော်မူ၍ ကျွတ်ထိုက်သော ဝေနေယျသတ္တဝါတို့ကို ကြည့်တော်မူသော အခါ မဋ္ဌကုဏ္ဍလီ သူဌေးသားကို မြင်တော်မူ၏။ အမှန်အားဖြင့် မဋ္ဌကုဏ္ဍလီ မိသားစုတွင် "ဒါနကုသိုလ်လည်း မရှိခဲ့၊ သီလကုသိုလ်လည်း မရှိခဲ့၊ ဘာဝနာကုသိုလ်လည်း မရှိခဲ့။ သို့ရာတွင် မဋ္ဌကုဏ္ဍလီသည် သေအံ့မူးမူးသို့ ရောက်ခဲ့ပြီ။ သေအံ့မူးမူးအချိန်၌ အာသန္နကံသည် အလွန်အရေးကြီး၏။ အာသန္နကံ ဟူသည် သေခါနီး ကာလ၌ပြုအပ်သောကံဖြစ်၏။ သောဏမထေရ်၏ဖခင် မုဆိုးကြီးသည် မုဆိုးဘဝဖြင့် တစ်သက်လုံး အကုသိုလ် ဒုစရိုက်များကို ပြုလုပ်ခဲ့သော်လည်း သေခါနီးကာလ၌ သောဏမထေရ်၏ စီစဉ်ပေးချက်အရ အကုသိုလ်အာသန္နကံကြောင့် သုဂတိဘဝသို့ ရောက်ခဲ့ရ၏။ မလ္လိကာ မိဖုရားကြီးသည်လည်း အသဒိသ ကောင်းမှုရှင်ဖြစ်ပါလျက် သေခါနီးကာလ၌ အကုသိုလ် အာသန္နကံကြောင့် ဒုဂ္ဂတိဘဝသို့ ရောက်ခဲ့ရ၏။ မဋ္ဌကုဏ္ဍလီသည် သူ၏ ဘဝတစ်လျှောက်လုံး ဒါနကိုလည်း မပြုခဲ့၊ သီလကိုလည်း မစောင့်၊ ဘာဝနာကိုလည်း မပွား၊ ထို့ကြောင့် သူ့တွင် ကုသိုလ်ကံဟူ၍ ဟုတ်ဟုတ်ညားညား ဘာမျှမရှိ။ သို့ရာတွင် မြတ်စွာဘုရား၌ ကြည်ညိုသော ဗုဒ္ဓါနုဿတိ ဘာဝနာကုသိုလ် အာသန္နကံကြောင့် သုဂတိဘဝသို့ ရောက်မည်ကို မြတ်စွာဘုရား မြင်တော်မူ၏။

မြတ်စွာဘုရားသည် ရဟန်းသံဃာတော်အပေါင်း ခြံရံလျက် သာဝတ္ထိပြည်တွင်းသို့ ဆွမ်းခံကြွတော်မူ၏။ အိမ်စဉ်အတိုင်း ကြွတော်မူရာ အဒိန္နပုဗ္ဗက၏ အိမ်ရှေ့သို့ ရောက်တော်မူ၏။ မဋ္ဌကုဏ္ဍလီသည် မြတ်စွာဘုရားကို ဖူးမြင်ရလေရာ မြတ်စွာဘုရားကို အလွန်ကြည်ညိုမိ၏။ သို့ရာတွင် ခြေလက်ကိုပင် မသယ်ဆောင်နိုင်တော့သဖြင့် စိတ်ထဲက ကြည်ညိုရုံမှတစ်ပါး အခြားဘာမျှ မတတ်နိုင်တော့။ ဤသည်ပင် သူ့အတွက် အဘိုးအနဂ္ဃထိုက်သော ဘာဝနာကုသိုလ်ကံ ဖြစ်၏။ မြတ်စွာဘုရားကို အာရုံပြုသော ဤဘာဝနာ ကုသိုလ်ကံဖြင့်ပင် တွယ်လွန်၍ တာဝတိံသာ နတ်ပြည်၌ ဖြစ်ရ၏။

http://www.cherrythitsar.org



မိမိ၏ တစ်ဦးတည်းသောသား မဋ္ဌကုဏ္ဍလီ ကွယ်လွန်သောအခါ အဒိန္နပုဗ္ဗကသည် ယူကျုံးမရ ဖြစ်ရ၏။ မိမိ၏ မိုက်ပြစ်ဒဏ်ကို မိမိခံရမှ တစ်ပါးဘာမျှမတတ်နိုင်တော့။ မိမိ၏ မျိုးဆက်သည် ပြတ်လေပြီ။ ဆေးပေး မီးယူပြုမည့်သူပင် မရှိ။ ရင်သွေးရတနာ သားသည်းချာ၏ ချစ်စရာမျက်နှာကို မမြင်ရတော့ဘဲ မိမိတို့ အဘိုးအိုအဘွားအို နှစ်ဦးတည်းသာ တစ်ယောက်ကိုတစ်ယောက် အဖော်ပြုလျက် ဘဝခရီးကို လျှောက်ကြရတော့မည်။ မိမိ၏ မိုက်ပြစ်ဒဏ်ကြောင့် မိမိပတ်ဝန်းကျင်၏ ကြင်နာမှုကိုရဖို့ရန် မမျှော်လင့်နိုင်တော့သည့်အပြင် ပြစ်တင် ရှုတ်ချမှုကိုပင် ဆက်ကာဆက်ကာ ခံယူရတော့မည်။

အဒိန္နပုဗ္ဗကသည် တွေးရင်းတွေးရင်း မျက်ရည်ကျ၏။ သားကို သင်္ဂြိုဟ်ရာ သင်္ချိုင်းသို့ နေ့စဉ် သွား၍သွား၍ ငို၏။ အမှန်အားဖြင့် အဒိန္န ပုဗ္ဗကသည် သူနှင့်ထိုက်တန်သော ပြစ်ဒဏ်ကို မျက်မှောက်ဘဝ၌ပင် သူခံယူရခြင်း ဖြစ်၏။

ထိုအခါ မဋ္ဌကုဏ္ဍလီနတ်သားသည် မိမိ၏ဖခင်အား တရားပြရန် မဋ္ဌကုဏ္ဍလီ ရုပ်သွင်ဖြင့်ပင် အဒိန္နပုဗ္ဗက ငိုကြွေးရာအနီး၌ ရပ်၍ ငိုကြွေး၏။

အဒိန္နပုဗ္ဗကသည် မိမိအနီး၌ ငိုကြွေးသူကို ကြည့်လိုက်ရာ မိမိ၏ သားမဋ္ဌကုဏ္ဍလီနှင့် ချွတ်စွပ်တူနေသည်ကို တအံ့တသြ တွေ့ရ၏။ ထိုအခါ သား၏ချစ်ခြင်းဖြင့်–

'အမောင်လုလင် သင် ဘာကြောင့် ဤနေရာသို့လာ၍ ငိုပါသနည်း' ဟု မေး၏။

မဋ္ဌကုဏ္ဍလီနတ်သားသည် ဤမေးခွန်းကို မျှော်လင့်ထား၏။ ယခု အဒိန္နပုဗ္ဗကသည် မဋ္ဌကုဏ္ဍလီ မျှော်လင့်ထားသည့်အတိုင်း မေးမြန်းလေသောအခါ –

'အို … ဖခင် ကျွန်ုပ်မှာ ရွှေရထားတစ်စီးရှိပါသည်။ သို့ရာတွင် ရွှေရထားနှင့် လိုက်ဖက်သော ဘီးများမရှိပါ။ ထိုဘီးများကို ရှာရင်း ဤနေရာသို့ ရောက်လာပါသည်။ နေရာအနှံ့ ရှာပြီးဖြစ်သော်လည်း ယခုတိုင် မရသေးသဖြင့်ငိုမိခြင်း ဖြစ်ပါသည်' ဟု ဖြေ၏။

အဒိန္နပုဗ္ဗကသည် မိမိ၏ စည်းစိမ်ဥစ္စာ ကုန်ခန်းသွားမည်ကို နှမြောပြီး သားကို ဆေးမကုခဲ့သဖြင့် တစ်ဦးတည်းသောသား ဆုံးရှုံးခဲ့ရ၏။ ထို့အတွက် ယူကျုံးမရ ငိုကြွေးခဲ့ရ၏။ ယခု မိမိ၏ စည်းစိမ်ဥစ္စာကို မငဲ့ကွက်တော့ဘဲ သား၌ ချစ်သောစေတနာဖြင့် –

'အမောင်လုလင် သင်၏ ရွှေရထားအတွက် ရွှေဘီးကို လိုချင်လျှင်လည်း ရွှေဘီးကို လုပ်ပေးမည်၊ ပတ္တမြားဘီးကို လိုချင်လျှင်လည်း ပတ္တမြားဘီးကို လုပ်ပေးမည်၊ ငွေဘီးကို လိုချင်လျှင်လည်း ငွေဘီးကို လုပ်ပေးမည်၊ ကြေးဘီးကို

http://www.cherrythitsar.org



လိုချင်လျှင်လည်း ကြေးဘီးကို လုပ်ပေးမည်၊ သင်လိုချင်သော ဘီးကိုသာ ပြောပါ၊ ဒီအတွက်တော့ စိတ်ဒုက္ခရောက်ပြီး မငိုကြွေးပါ လင့်" ဟု ဆို၏။

မဋ္ဌကုဏ္ဍလိ နတ်သားကလည်း မိမိ၏ ဖခင်ဟောင်း အဒိန္နပုဗ္ဗကအား သတိသံဝေဂ ရစေရန် သင်ခန်းစာပေးလိုသဖြင့် –

"အို ... ဖခင် ကျွန်ုပ်၏ ရွှေရထားအတွက် ရွှေဘီးကိုလည်း မလိုချင်ပါ၊ ပတ္တမြားဘီးကိုလည်း မလိုချင်ပါ၊ ငွေဘီးကိုလည်း မလိုချင်ပါ၊ ကြေးဘီးကိုလည်း မလိုချင်ပါ၊ သို့ရာတွင် ကျွန်ုပ်၏ ရွှေရထားအတွက် နေဝန်းနှင့်လဝန်းကိုသာ ဘီးတစ်စုံအဖြစ် အသုံးပြုရန် လိုချင်ပါသည်" ဟု ဆို၏။

"မိုက်ပါ့ဘိ လုလင်ရယ်၊ သင်သည် မတောင့်တထိုက်သည်ကို တောင့်တဘိ၏၊ သင်သည် ငိုကြွေးရင်း သေလျှင်သာ သေပေလိမ့်မည်၊ နေနှင့်လကို ရနိုင်ဖို့ရန် အကြောင်းမရှိ" ဟု အဒိန္နပုဗ္ဗကက မဋ္ဌကုဏ္ဍလီအား ဆို၏။

"ကောင်းပါပြီ ဖခင်၊ ကျွန်ုပ်က နေနှင့်လကို လိုချင်၍ ငိုပါ၏၊ ဖခင်က သေလွန်သောသားကို လိုချင်၍ ငိုပါ၏။ နေနှင့်လသည် ကောင်းကင်၌ ထင်ရှား ရှိပါ၏၊ မျက်စိဖြင့်လည်း မြင်ရပါ၏။ သေလွန်သွားသောသားကား ထင်ရှားမရှိ မျက်စိဖြင့်လည်း မမြင်ရ၊ ဤသို့ချင်း၌ ကျွန်ုပ်တို့နှစ်ယောက်လုံး လိုချင်သည်ကို မရ၍ ငိုကြသူများ ဖြစ်ကြပါ၏။ ကျွန်ုပ်လည်း မိုက်ပါ၏၊ ဖခင်လည်း မိုက်ပါ၏၊ သို့ရာတွင် ကျွန်ုပ်တို့ နှစ်ယောက်အနက် မည်သူက ပို၍မိုက်သည်ဟု ထင်ပါသနည်း" ဤသို့ မဋ္ဌကုဏ္ဍလီ နတ်သားက အဒိန္နပုဗ္ဗကအား မေး၏။

"အမောင်လုလင် ... သင်သည် မှန်သောစကားကို ဆိုပါ၏။ သင်က နေနှင့်လကို တောင့်တ၍ငို၏၊ ကျွန်ုပ်ကသေလွန်သွားသောသားကို တောင့်တ၍ ငို၏။ ထိုငိုသူနှစ်ယောက်တို့တွင် ကျွန်ုပ်ကသာ သင့်ထက်ပို၍ မိုက်ပါ၏" ဟု အဒိန္နပုဗ္ဗကသည် မဋ္ဌကုဏ္ဍလီနတ်သားအား ဝန်ခံ၏။

မဋ္ဌကုဏ္ဍလီနတ်သား၏ စကားကြောင့် အဒိန္နပုဗ္ဗကသည် သတိသံဝေဂ ရ၏၊ အထိုက်အလျောက်သောကငြိမ်း၏။ ထို့ကြောင့် မဋ္ဌကုဏ္ဍလီနတ်သားအား ကောင်းချီးပေးသောအားဖြင့် –

"ထောပတ်ဖြင့် သွန်းလောင်းအပ်သော မီးကို ရေဖြင့်ငြိမ်းစေသကဲ့သို့ ငါ၏ ရင်၌ တောက်လောင်နေသော သောကကို သင်၏ စကားဖြင့် ငြိမ်းစေပါ၏။ ငါ၏ နှလုံးသား၌ စူးဝင်နေသော မြားငြှောင့်ကို သင်၏ စကားဖြင့် ပယ်နုတ်အပ်ပါ၏။ ယခု ငါသည် သင်၏ စကားကြောင့် စိတ်သက်သာရာရပြီဖြစ်၍ နောက်ထပ် ငိုကြွေးတော့မည် မဟုတ်ပါ" ဟု ဆို၏။ ထို့နောက် –

"အမောင်လုလင် ... သင်သည် နတ်လော၊ သိကြားလော၊ လူသားစင်စစ်ပင် ဖြစ်ပါသလော" ဟု မေးလေရာ မဋ္ဌကုဏ္ဍလီနတ် သားက –

http://www.cherrythitsar.org



"အို ... ဖခင် ကျွန်ုပ်သည် သင် ငိုကြွေးတမ်းတနေသော သင်၏သား မဋ္ဌကုဏ္ဍလီပင် ဖြစ်ပါ၏။ သေအံ့မူးမူးအချိန် ပြုခဲ့သော အာသန္နကံ ကုသိုလ်ကြောင့် ယခုကျွန်ုပ်သည် တာဝတိံသာနတ်ပြည်၌ နတ်သား ဖြစ်ခဲ့ပါ၏" ဟု ဆို၏။

ထိုအခါ အဒိန္နပုဗ္ဗက က –

"အမောင်လုလင် ... ငါ၏ သက်တမ်းတစ်လျှောက်လုံး ငါ၏ အိမ်၌ ဒါနလည်း မပြုခဲ့၊ သီလလည်း မစောင့်သုံးခဲ့၊ ဘာဝနာကိုလည်း မပွားများခဲ့။ ငါတို့မိသားစုသည် ဒါန၊ သီလ၊ ဘာဝနာတို့မှ ဝေးခဲ့သူများ ဖြစ်ကြပါ၏၊ သို့ဖြစ်ပါလျက် သင်ပြုခဲ့သော ကုသိုလ်ကောင်းမှုကား ဘယ်လို ကုသိုလ်ကောင်းမှုမျိုး ပါနည်း။ ငါ့အနေဖြင့် စဉ်းစား၍ မရနိုင်အောင် ရှိပါ၏" ဟု ဆို၏။

"ဖခင် ... ကျွန်ုပ်တို့မိသားစုသည် ဖခင်ပြောသည့်အတိုင်း ဒါနမပြုခဲ့သည်မှာလည်း မှန်၏။ ဥပုသ်သီလ မစောင့်သုံးခဲ့သည်မှာလည်း မှန်၏။ ဘာဝနာ မပွားများခဲ့သည်မှာလည်း မှန်၏။ သို့ရာတွင် ကျွန်ုပ်သေအံ့မူးမူး အချိန်၌ ဖခင်သည် ကျွန်ုပ်အား အိမ်ဆန်းတွင်းမှ အိမ်ဦးပြင်သို့ ထုတ်၍ထား၏၊ ထိုအချိန်တွင် သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရားသည် နောက်ပါရဟန်းသံဃာများ ခြံရံလျက် သာဝတ္ထိပြည်တွင်းသို့ ဝင်ရောက်၍ အိမ်စဉ်အတိုင်း ဆွမ်းခံကြွတော်မူလာရာ သားတို့၏အိမ်ရှေ့သို့ရောက်ခဲ့ပါ၏။ ထိုသို့ ရောက်ခဲ့သော်လည်း သားတို့အိမ်ကထွက်၍ တစ်ဇွန်းတစ်ယောက်မျှ ဆွမ်းမလောင်းခဲ့၊ ဝေယျာဝစ္စကိုလည်း မပြုခဲ့၊ တရားဒေသနာကိုလည်း မနာကြားခဲ့၊ သို့ရာတွင် ကျွန်ုပ်သည် ရောင်ခြည်တော်ခြောက်သွယ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို ဖူးမြင်လိုက်ရ၏။ ထိုအချိန်က ကျွန်ုပ်သည် မိမိလက်များကိုပင် မသယ်ဆောင်နိုင်တော့သဖြင့် လက်အုပ်ပင် ဟုတ်ဟုတ်ညားညား မချီမြှောက်နိုင်ခဲ့၊ စိတ်ထဲက ကြည်ညိုရုံမျှသာ ကြည်ညိုနိုင်ခဲ့ပါ၏။ ထိုကြည်ညိုစိတ်လည်းပင် ကျွန်ုပ်အတွက် ဗုဒ္ဓါနုဿတိ ဘာဝနာ ဖြစ်၏။ မြတ်စွာဘုရား၏ ဂုဏ်တော်ကို အဖန်ဖန်အောက်မေ့၏။ ယင်းသို့ အောက်မေ့ရင်း ကွယ်လွန်ခဲ့ရာ ယခုကဲ့သို့ တာဝတိံသာနတ်ပြည်၌ နတ်သား ဖြစ်ရခြင်းဖြစ်ပါ၏။ သေအံ့မူးမူးအချိန်၌ မြတ်စွာဘုရားကို ဖူးမြင်လိုက်ရသော၊ မြတ်စွာဘုရား၌ ကြည်ညိုမိသော၊ မြတ်စွာဘုရား၏ ဂုဏ်တော်ကို အဖန်ဖန်အောက်မေ့သော ကုသိုလ်ကောင်းမှုသည်ပင် ကျွန်ုပ်၏ဘဝ၌ ကျွန်ုပ် ပြုခဲ့သောကောင်းမှုဖြစ်၏။ ဘာဝနာကုသိုလ်ဖြစ်၏" ဟု မဋ္ဌကုဏ္ဍလီက အဒိန္နပုဗ္ဗကအား ရှင်းပြလိုက်၏။

အဒိန္နပုဗ္ဗကသည် အံ့လည်းအံ့သြ၏၊ တစ်ကိုယ်လုံးလည်း ပီတိဖုံး၏။

http://www.cherrythitsar.org



မြတ်စွာဘုရားကို ဖူးမြင်ရ၊ မြတ်စွာဘုရား၌ ကြည်ညိုရ၊ မြတ်စွာဘုရား၏ ဂုဏ်တော်ကို အောက်မေ့ရုံမျှနှင့် ဤကဲ့သို့သော အကျိုးတရားကို ရသည်ဆိုလျှင် တကယ်တမ်း ဒါနကို ပြုပါက၊ သီလကို စောင့်သုံးပါက၊ ဘာဝနာတရားကို ပွားများပါက အဘယ်မျှလောက်သော အကျိုးတရားများကို ရလေလိမ့်မည်နည်း။ ဤသို့တွေးရင်း မြတ်စွာဘုရား၌ ကြည်ညိုလာ၏၊ ဝမ်းမြောက်ဝမ်းသာ သဒ္ဓါတရား ဖြစ်ပေါ်လာ၏။ မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်တော့အံ့ဟု ဆုံးဖြတ်လိုက်၏။

မဋ္ဌကုဏ္ဍလီနတ်သားသည် အဒိန္နပုဗ္ဗက၏ စိတ်အကြံအစည်ကို ရိပ်မိ၏။ မိမိ၏ တရားပြလိုရင်း ရည်ရွယ်ချက် အောင်မြင်ပြီကို သဘောပေါက်၏။ ထို့ကြောင့် ကုသိုလ်ကောင်းမှုပြုရမည့် အစီအစဉ်နှင့် ပတ်သက်၍—

'ဖခင် ... ယနေ့မှစ၍ သရဏဂုံသုံးပါးကို ဆောက်တည်ပါ၊ ငါးပါး သီလကို စောင့်သုံးပါ၊ ငါးပါးသီလကို စောင့်သုံးသောအခါ မကျိုးမပေါက် မပြောက်မကျားအောင် စောင့်သုံးပါ။ ဖခင်၏အိမ်၌ များစွာသော စည်းစိမ်ဥစ္စာ သည် ရှိပါ၏' ဟု တိုက်တွန်းပြောဆို၏။

အဒိန္နပုဗ္ဗကလည်း မဋ္ဌကုဏ္ဍလီနတ်သား၏ တိုက်တွန်းချက်အတိုင်း လိုက်နာရန် ပဋိညာဉ်ပြု၏။ မဋ္ဌကုဏ္ဍလီနတ်သားသည် မိမိ၏ ရည်ရွယ်ချက် အောင်မြင်ပြီဖြစ်၍ တာဝတိံသာနတ်ပြည်သို့ ပြန်၏။

အဒိန္နပုဗ္ဗကသည် သင်္ချိုင်းမှ အိမ်သို့ပြန်လာပြီးလျှင် မိမိ၏ဇနီး ပုဏ္ဏေးမကို အကြောင်းစုံပြောပြ၏၊ တိုင်ပင်၏။ ထို့နောက် ဇေတဝန်ကျောင်းတော်သို့ သွား၍ မြတ်စွာဘုရားကို ရှိသေစွာ ရှိခိုး၏။ ပဋိသန္ထာရစကား ပြောကြား၏။ ရဟန်းသံဃာတော်အပေါင်းနှင့်တကွ မြတ်စွာဘုရားသည် သူ၏အိမ်သို့ ဆွမ်း ဘုဉ်းပေး ကြွတော်မူပါရန် လျှောက်ထား၏။ မြတ်စွာဘုရားရှင်ကလည်း သည်းခံ တော်မူ၏။

အဒိန္နပုဗ္ဗကသည် အမြင်မှန် ရလေပြီ။ သာသနာတော်၌ ကြည်ညိုတတ် လေပြီ။ မိမိ၏ စည်းစိမ်ဥစ္စာကို မလှူရက်မဒါန်းရက် တွယ်တာခြင်းဖြင့် ရရှိခံစား ရသော လောဘနှင့်ယှဉ်သော ပီတိ[1] သုခ[2] ထက် လှူဒါန်းခြင်းဖြင့် ရရှိသော အကျိုးတရားကို ခံစားရသော အလောဘနှင့်ယှဉ်သော ပီတိသုခက ပို၍သာလွန် ကြောင်း မဋ္ဌကုဏ္ဍလီနတ်သား၏ အတွေ့အကြုံအရ မျက်ဝါးထင်ထင် သိမြင် လေပြီ။

အမှန်အားဖြင့် အဒိန္နပုဗ္ဗကသည် ပါရမီရှိ၏။ သစ္စာလေးပါးကို သိစွမ်း

---

**၁။ ပီတိ — နှစ်သက်ခြင်း။ ၂။ သုခ — ချမ်းသာ၊**

http://www.cherrythitsar.org



နိုင်၏ ။ သို့ရာတွင် ကာလျာဏမိတ္တာတို့ မိတ်ဆွေကောင်းနှင့် မပေါင်းသင်းရသဖြင့် ယခုကဲ့သို့ အမြင်မှားရခြင်းဖြစ်၏ ။ မိတ်ဆွေကောင်း မဒ္ဒကုဏ္ဍလီနတ်သားနှင့် ပေါင်းသင်းလိုက်ရသဖြင့် အဒိန္နပုဗ္ဗက အမြင်မှန်ရ၏ ။ ထိုအမြင်မှန်ကြောင့်ပင် သူသည် သံသရာဒုက္ခမှ လွတ်မြောက်၍ နိဗ္ဗာနသုခ[၁] ကို ခံစားရပေတော့မည်။ မိတ်ကောင်း ဆွေကောင်းတို့၏ အကျိုးကျေးဇူးကား ကြီးမားလှပေစွတကား။

အဒိန္နပုဗ္ဗကသည် မြတ်စွာဘုရားသည်းခံတော်မူသည်ကို သိ၍ အိမ်သို့ လျင်မြန်စွာ ပြန်လာပြီး မွန်မြတ်သော ခဲဖွယ်ဘောဇဉ်တို့ကို စီရင်၏ ။ ရဟန်း သံဃာတော်များနှင့်တကွ မြတ်စွာဘုရားအတွက် နေရာထိုင်ခင်းတို့ကို အသင့် ခင်းထား၏ ။

မြတ်စွာဘုရားလည်း ရဟန်းသံဃာတော်အပေါင်း ခြံရံလျက် အဒိန္နပုဗ္ဗက ၏ အိမ်သို့ ကြွတော်မူ၍ ခင်းအပ်ပြီးသော နေရာထက်၌ နေတော်မူ၏ ။ ရဟန်း သံဃာတော်များလည်း မိမိတို့အတွက် ခင်းအပ်ပြီးသော နေရာထက်၌ အသီးသီး နေတော်မူ၏ ။

အဒိန္နပုဗ္ဗကသည် မြတ်စွာဘုရား အမှူးရှိသော ရဟန်းသံဃာအပေါင်း အား ရိုသေစွာဆွမ်းလုပ်ကျွေး၏ ။ မြတ်စွာဘုရားနှင့်တကွ ရဟန်းသံဃာအပေါင်း တို့ ဆွမ်းဘုဉ်းပေးခြင်းကိစ္စ ပြီးသောအခါ အဒိန္နပုဗ္ဗကသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ နိမ့်သောနေရာ၌ နေလျက် –

'အရှင်ဂေါတမ – အရှင်တို့အား အလှူကိုလည်းမပေး၊ ဥပုသ်သီလကို လည်း မဆောက်တည်၊ ပူဇော်ခြင်းလည်း မပြု၊ တရားတော်ကိုလည်း မနာယူ၊ အရှင်တို့၌ စိတ်ကို ကြည်ညိုစေရုံသက်သက်မျှဖြင့် နတ်ပြည်၌ ဖြစ်သောလူ မည်သည် ရှိကောင်းပါသလော' ဟူ၍ မေးလျှောက်၏ ။

အဒိန္နပုဗ္ဗက၏ မေးခွန်းကိုအကြောင်းပြု၍ တရားဟောပါက အဒိန္န ပုဗ္ဗကလည်း သောတာပန်ဖြစ်မည်။ မဋ္ဌကုဏ္ဍလီ နတ်သားလည်း သောတာပန် ဖြစ်မည်။ ကျန်တရားနာ ပရိသတ်အပေါင်းလည်း အကျွတ်တရားရကြမည်။ ဤသို့ မြတ်စွာဘုရားသည် ကြိုတင်သိမြင်ပြီးသား ဖြစ်သဖြင့် –

'ပုဏ္ဏား ... ဒါနလည်း မပြု၊ သီလလည်း မဆောင့်၊ ပူဇော်မှုကိုလည်း မပြု၊ တရားကိုလည်း မနာယူပါဘဲလျက် ငါဘုရား၌ ကြည်ညိုရုံ သက်သက်မျှ ဖြင့် နတ်ပြည်သို့ လားကြသူများ၏ အရေအတွက်ကား အရာအထောင်မက များလှ၏ ။ သင့်၏သားမဋ္ဌကုဏ္ဍလီသည်ပင် ငါဘုရား၌ ကြည်ညိုရုံသက်သက်

---

၁။ နိဗ္ဗာနသုခ – နိဗ္ဗာန်ချမ်းသာ၊

http://www.cherrythitsar.org



မှုဖြင့် တာဝတိံသာနတ်ပြည်၌ နတ်သားဖြစ်ကြောင်းကို သင့်အား သုသာန်၌ ပြောခဲ့ပြီးပြီ မဟုတ်ပါလား' ဟု မိန့်ကြားတော်မူ၏။

ထိုပရိသတ်တွင် မြတ်စွာဘုရား၏ မိန့်ကြားချက်၌ ယုံကြည်သူ သမ္မာဒိဋ္ဌိ ပုဂ္ဂိုလ်များလည်း ပါဝင်၏။ ယုံမှားမကင်းရှိသူ မိစ္ဆာဒိဋ္ဌိပုဂ္ဂိုလ်များလည်း ပါဝင်၏။ သမ္မာဒိဋ္ဌိပုဂ္ဂိုလ်များက မြတ်စွာဘုရား၏ တင့်တယ်စံပယ်ခြင်းကို ဖူးမြင်ရသဖြင့် ပို၍ ကြည်ညို၏။ မြတ်စွာဘုရား၏ မိန့်ကြားချက်ကြောင့် သာသနာတော်၌ ပို၍ သဒ္ဓါတရားဖြစ်၏။ မိစ္ဆာဒိဋ္ဌိပုဂ္ဂိုလ်တို့ကမူ မြတ်စွာဘုရားကို မကြည်ညို။ နှိပ်စက်ညှဉ်းဆဲလို၏။ မြတ်စွာဘုရား၏ မိန့်ကြားချက်၌ မယုံကြည်၊ သံသယ ဖြစ်၏။ ဤသို့ ခြားနားခြင်းမှာ နှလုံးသွင်း ကွဲပြားခြင်းကြောင့် ဖြစ်၏။

မြတ်စွာဘုရားသည် မိမိ၏မိန့်ကြားချက်နှင့် ပတ်သက်၍ ယုံမှားသံသယ ရနေသူများအတွက် သက်သေခံအနေဖြင့် အဋ္ဌကုဏ္ဍလီနတ်သား ကိုယ်တိုင် လာရောက်၍ ရှင်းလင်းပေးရန် အဓိဋ္ဌာန်ပြုတော်မူလိုက်ရာ မဋ္ဌကုဏ္ဍလီနတ်သားသည် နတ်၌ဖြစ်သော တန်ဆာတို့ဖြင့် တန်ဆာဆင်လျက် တာဝတိံသာဗိမာန်မှ ဆင်းသက်၍ မြတ်စွာဘုရားကို ရှိခိုးကာ တင့်အပ်လျောက်ပတ်သော နေရာ၌ နေ၏။

မြတ်စွာဘုရား—

'သောက်ရူးကြယ်ကဲ့သို့ ခင်လင်းသော အရောင်မျက်နှာတော်ကို ထွန်းပလျက် နှစ်လိုဖွယ်သော အဆင်းရှိသော ကြီးသောအာနုဘော်ရှိသော နတ်သား၊ လူ ဖြစ်စဉ်က အဘယ်လိုကောင်းမှုမျိုးကို ပြုခဲ့သနည်း'

နတ်သား—

'ဘုန်းကြီးတော်မူသော မြတ်စွာဘုရား၊ တပည့်တော်သည် လူဖြစ်စဉ်က သာဝတ္ထိပြည် အဒိန္နပုဗ္ဗက ဗြာဟ္မဏသူဌေး၏ တစ်ဦးတည်းသောသား မဋ္ဌကုဏ္ဍလီ ဖြစ်ပါ၏။ သေအံ့မူးမူးအချိန်၌ မြတ်စွာရှင်အပေါ် စိတ်၌ လိုက်လိုက်ဖြစ်ပေါ်လာသော ကြည်ညိုသဒ္ဓါတည်းဟူသော ကုသိုလ်ကောင်းမှု တစ်မျိုးတည်းကိုသာ ပြုခဲ့ပါ၏။ ထိုကောင်းမှုကြောင့် ဤနတ်၏ စည်းစိမ်ချမ်းသာကို ရခြင်းဖြစ်ပါ၏။

ပရိသတ်သည် မဋ္ဌကုဏ္ဍလီနတ်သားကို ကြည့်၍ —

'အချင်းတို့၊ မြတ်စွာဘုရား၏ ကျေးဇူးတို့သည် အံ့ဖွယ်ရှိပါတကား၊ တစ်သက်လုံး တစ်ခါမျှ မလှူဘူးသော အဒိန္နပုဗ္ဗက၏သားဖြစ်လျက် အခြား ကောင်းမှုများကို မပြုဘဲ မြတ်စွာဘုရား၏စိတ်ကို ကြည်ညိုခဲ့မှုဖြင့် တာဝတိံသာ နတ်ပြည်၌ နတ်သားဘဝဖြင့် ဤသို့သော စည်းစိမ်ချမ်းသာကို ရ၏' ဟု နှစ်သက်စကား ပြောကြားကြကုန်၏။

http://www.cherrythitsar.org



ထိုအခါ မြတ်စွာဘုရားသည် ဤသို့ ဟောကြားတော်မူ၏ –

– **ဖြစ်ဖြစ်သမျှ ဓမ္မဟူသည် စိတ်သာလျှင် ရှေ့သွားဦးဆောင် ရှိ၏၊ စိတ်သာလျှင် အကြီးအမှူးရှိ၏၊ စိတ်ဖြင့် ပြီး၏။**

– **ဖြူစင်သောစိတ်ဖြင့် ပြောသည်ဖြစ်စေ၊ ပြုလုပ်သည် ဖြစ်စေ၊**

– **ထို ဖြူစင်သောစိတ်ဖြင့် ပြောဆိုခြင်း၊ ပြုလုပ်ခြင်းကြောင့် လူ၏ အရိပ်သည် လူ့နောက်သို့ အစဉ်လိုက်သကဲ့သို့ ချမ်းသာ သုခသည် ထိုပုဂ္ဂိုလ်နောက်သို့ အစဉ်လိုက်၏။**

ဂါထာ၏ အဓိပ္ပာယ်မှာ ဤသို့ဖြစ်၏။

လူ့ဘဝတွင် ဆင်းရဲ ချမ်းသာ၊ သို့မဟုတ် ဒုက္ခသုခ၊ သို့မဟုတ် သံသရာနှင့် နိဗ္ဗာန်ဟူ၍ ဆန့်ကျင်ဘက် အစုံတရားတို့သည် ရှိကြပါ၏။ ယင်း အစုံတရားနှစ်မျိုးတို့အနက် တစ်မျိုးမျိုးကို မလွဲမသွေ တွေ့ကြရမည် ဖြစ်ပါ၏။ ဗုဒ္ဓဒေသနာတော်အရ ယင်း အစုံတရားနှစ်မျိုးတို့ကို ပြုလုပ်သူကား ပြင်ပတန်ခိုးရှင်မဟုတ်၊ မိမိစိတ်ပင် ဖြစ်၏။ မိမိ၏မကောင်းသော စိတ်က ဆင်းရဲ၊ သို့မဟုတ် ဒုက္ခ၊ သို့မဟုတ် သံသရာကိုဖန်ဆင်း၍၊ မိမိ၏ကောင်းသော စိတ်က ချမ်းသာ၊ သို့မဟုတ် သုခ၊ သို့မဟုတ် နိဗ္ဗာန်ကို ဖန်ဆင်း၏။

ဤနေရာ၌ နိဗ္ဗာန်ကို ဘုံနန်းအဖြစ် ယူရမည်မဟုတ်၊ နိဗ္ဗာန်၏အနက်အဓိပ္ပာယ်ကိုက တဏှာမှ လွတ်မြောက်ခြင်း၊ တဏှာမရှိခြင်း ဖြစ်၏။ တဏှာ နည်းနည်းမရှိလျှင် နည်းနည်း နိဗ္ဗာန်ဖြစ်၏။ တဏှာ များများမရှိလျှင် များများ နိဗ္ဗာန်ဖြစ်၏။ တဏှာ လုံးဝမရှိတော့လျှင် လုံးဝ နိဗ္ဗာန် ဖြစ်၏။ နည်းနည်း နိဗ္ဗာန်ကို တဒင်္ဂနိရောဓဟု ခေါ်၏။ များများနိဗ္ဗာန်ကို ဝိက္ခမ္ဘနနိရောဓ ဟု ခေါ်၏။ လုံးဝ နိဗ္ဗာန်ကို သမုစ္ဆေဒ နိရောဓဟု ခေါ်၏။

နိဗ္ဗာန်ကို ချမ်းသာစစ်၊ ချမ်းသာမှန်ဟု ဗုဒ္ဓဘာသာဝင်တို့ နားလည်ကြ၏။ သို့ဖြစ်လျှင် နိဗ္ဗာန်အရ တဏှာလောဘ နည်းနည်းကင်းလျှင် နည်းနည်း ချမ်းသာ၏။ များများကင်းလျှင် များများချမ်းသာ၏။ အလုံးစုံ ကင်းလျှင် အတုမရှိ ချမ်းသာ၏။ ဤသို့ဆိုလျှင် ဤအဆိုသည် အငြင်းပွားဖွယ် မရှိသော အဆိုဖြစ်၏ဟူ၍ လက်ခံကြရမည် ဖြစ်ပါ၏။

ဗုဒ္ဓဘာသာဝင်တို့အနေဖြင့် ကောင်းမှုကုသိုလ်လုပ်တိုင်း "နိဗ္ဗာန ပစ္စယော ဟောတု" နိဗ္ဗာန်၏အကြောင်း အထောက်အပံ့ဖြစ်ပါစေ ဟူ၍ ဆုတောင်းရာ၌လည်း တောင့်တတ်သော တဏှာလောဘကို ကင်းအောင် ပြုနိုင်ပါစေဟု ဆိုလိုရင်း ဖြစ်၏။ တစ်နည်းအားဖြင့် ဆိုရလျှင် တဏှာ လောဘ၏ အာရုံဖြစ်သော အရာဝတ္ထုများကို မတောင့်တတတ်သူ ဖြစ်ရပါလို၏ ဟူ၍

http://www.cherrythitsar.org



"မဖြစ်"သဘောကို တောင့်တခြင်း ဖြစ်၏၊ "အဖြစ်"သဘောကို တောင့်တခြင်း မဟုတ်။ အမှန်အားဖြင့် မဖြစ်ခြင်း "အနုပ္ပါဒ" သည်သာ သုခ ဖြစ်၍၊ ဖြစ်ခြင်း "ဥပ္ပါဒ" သည် ဒုက္ခဖြစ်လေသည်။

မဖြစ်ခြင်း "အနုပ္ပါဒ"ကို မတောင့်တဘဲ၊ ဖြစ်ခြင်း"ဥပ္ပါဒ"ကို တောင့်တခြင်းသည် စိတ်၏ ပင်ကိုမူလသဘော မဟုတ်၊ စိတ်၌ မှီတွယ်လာသော စေတသိက်တို့၏ သဘောသာဖြစ်၏။ စိတ်၏ ပင်ကိုမူလသဘောသည် အလွန်စင်ကြယ်၏။ အလွန်ကြည်လင်သော မှန်သားပြင်နှင့်တူ၏၊ မှန်သား ကြည်လင်ပါက မှန်သား၌ ထင်လာသော အရိပ်တို့သည် မူလအရာဝတ္ထု၏ ပကတိပုံစံအတိုင်း ဖြစ်၏။ မှန်သား မကြည်လင်ပါက မှန်သား၌ထင်လာသော အရိပ်က တစ်မျိုး၊ မူလအရာဝတ္ထု၏ ပကတိ ပုံစံကတစ်မျိုး ဖြစ်၏။ ထိုနည်းအတူပင် စိတ်သည် ကိလေသာ အနှောက်အယှက်တို့ မရှိဘဲ စင်ကြယ်သန့်ရှင်းနေပါက ယင်းစိတ်၌ ထင်လာသော အာရုံတို့သည် မူလပကတိအတိုင်းပင် ဖြစ်၏။

သို့ရာတွင် လူသားတို့၏ စိတ်ကား မူလပကတိအတိုင်း မဟုတ်၊ ယင်းစိတ်၌ ကိလေသာ အနှောက်အယှက်တို့သည် ဥပါဒ်၊ ဋီ၊ ဘင်ဟူ၍ အနုသယ အဆင့်ဖြင့် ရှိမြဲဖြစ်၏။ ထိုထက် ပိုလွန်လျှင် ဥပါဒ်၊ ဋီ၊ ဘင်ရှိ ပရိယုဋ္ဌာန အဆင့်ဖြင့် ရှိ၏။ ထိုအခါ စိတ်သည် အာရုံကို ယထာဘူတကျကျ အမှန်အတိုင်း မသိတော့ဘဲ ဘက်လိုက်၍ သိတော့၏။ ဘက်လိုက်၍ သိသောအခါ ချစ်စရာ မဟုတ်ပါဘဲလျက် ချစ်စရာဟုသိ၍ ချစ်၏။ မုန်းစရာ မဟုတ်ပါဘဲလျက် မုန်းစရာဟုသိ၍ မုန်း၏။ ကြောက်စရာ မဟုတ်ပါဘဲလျက် ကြောက်စရာဟု သိ၍ ကြောက်၏။ အမှန် မဟုတ်ပါဘဲလျက် အမှန်ဟုသိ၍ ရဲဝံ့၏။

ဤသို့ဖြစ်ရသည်မှာ မိမိတို့၏ မူလက ဖြူစင်သော စိတ်၌ ကိလေသာ အနှောက်အယှက်တို့က အနုသယ အဆင့်ဖြင့် ဖြစ်စေ၊ ပရိယုဋ္ဌာန အဆင့်ဖြင့် ဖြစ်စေ ပူးယှဉ်၍ စိတ်ကို ကမောက်ကမဖြစ်အောင် ပုံပျက်ပန်းပျက် ဖြစ်အောင် ပြုလုပ်သောကြောင့် ဖြစ်၏။ စိတ်သည် မိမိကိုယ်တိုင် ကမောက်ကမနှင့် ပုံပျက်ပန်းပျက် ဖြစ်လာသောအခါ အာရုံကို ကမောက်ကမ သိ၏၊ ပုံပျက်ပန်းပျက် သိ၏။

လူသည် ပုထုဇဉ် သဘာဝအားဖြင့် မိမိကိုယ်ကို အချစ်ဆုံး ဖြစ်၏။ ထို့ကြောင့် မိမိနှင့် ပတ်သက်လာလျှင် မိမိ၏ စိတ်၌ အတ္တနှင့် မာနတို့သည် တဏှာအပေါ် အခြေခံလျက် အနုသယအဆင့်ဖြင့် အထင်ရှားဆုံး ကိန်းဝပ်လျက် ရှိ၏။ ထို့ကြောင့် ပုထုဇဉ်တို့၏ စိတ်သည် မိမိနှင့်ပတ်သက်လာလျှင် မစင်ကြယ်၊ ငြိမ်ငြိမ်ပြက်ပြက် မဖြစ်၊ အတ္တနှင့်မာနလွှမ်းလျက် ရှိ၏။ သို့ဖြစ်လေရာ မိမိ၏ စိတ်၌

http://www.cherrythitsar.org



မိမိတည်းဟူသော အာရုံထင်လေတိုင်း တစ်နည်းအားဖြင့် ဆိုရလျှင် မိမိကိုယ်ကို မိမိ ပြန်လည်စဉ်းစားတိုင်း အပြစ်ရှိလျက် ပေါ်၍ မြင်တတ်၏၊ မှားပါလျက် အမှန်ဟု မြင်တတ်၏။

ထိုသို့ဖြစ်ရခြင်းမှာ မိမိ၏ စိတ်သည် မိမိကိုယ်တိုင်နှင့် ပတ်သက်လာလျှင် တဏှာအပေါ် အခြေခံသော အတ္တနှင့် မာနကြောင့် ကမောက်ကမ ဖြစ်လျက် ရှိ၏။ ပုံပျက်ပန်းပျက် ဖြစ်လျက်ရှိ၏။ ထို့ကြောင့် မိမိကိုယ်ကို မိမိက ပြန်လည် ကြည့်သောအခါ ကမောက်ကမ မြင်ခြင်းဖြစ်၏။ ပုံပျက်ပန်းပျက် မြင်ခြင်းဖြစ်၏။ "ငါ မှန်တယ်၊ ငါ တရားတယ်၊ ငါ သူတော်ကောင်း" ဟု မြင်ခြင်းဖြစ်၏။ ဤသို့မြင်ခြင်းမှာ မိမိနှင့် ပတ်သက်လာလျှင် မိမိ၏ သန္တာန်၌ အသိပ်သည်းဆုံး ကိန်းဝပ်နေသော အတ္တနှင့်မာန ပူးဝင်သောစိတ်ဖြင့် မိမိကိုယ်ကိုမိမိ ပြန်၍ မြင်သောကြောင့် ဖြစ်လေ၏။ မိမိစိတ်ကိုယ်တိုင်က မကြည်လင်၊ မစင်ကြယ် သောကြောင့် ဖြစ်လေ၏။

လူသည် နေ့စဉ် ကံသုံးပါးတို့တွင် တစ်ပါးပါးကို မလွဲမသွေ ပြုနေရ၏။ ယင်းကံသည် ကုသိုလ်ကံ ဖြစ်ချင်ဖြစ်မည်၊ အကုသိုလ်ကံ ဖြစ်ချင်ဖြစ်မည်။ ကုသိုလ်ကံ ဖြစ်လျှင် ကောင်းကျိုးကို ပေး၏၊ အကုသိုလ် ကံဖြစ်လျှင် မကောင်း ကျိုးကို ပေး၏။ ရှောင်လွှဲ၍ မရ။ လူ့အရိပ်သည် လူ့နောက်သို့ အစဉ်လိုက်နေ သကဲ့သို့ပင် ဖြစ်၏။ ထိုရာတွင် အကျိုးပေးရာ အချိန်ကား ခြားနား၏။

ကုသိုလ်၊ အကုသိုလ်ဟူသော အမည်သည် စေတသိက်၏ အမည်ဖြစ်၏။ စိတ်၏ အမည်မဟုတ်၊ စိတ်၌ ကောင်း–မကောင်းသဘောမရှိ။ စေတသိက်၌သာ ကောင်း–မကောင်းသဘောရှိ၏။ စေတသိက်၌ ကောင်း–မကောင်း သဘောရှိသော် လည်း ယင်း စေတသိက်တို့သည် သူတို့ချည်း မတည်နိုင်၊ စိတ်ကိုမှီ၍သာ တည်ရ၏။ စိတ်ကို ရှေ့သွား ပြုကြရ၏။ စိတ်ကို ခေါင်းဆောင်အဖြစ် ထားကြ ရ၏။ စိတ်နှင့် မယှဉ်တွဲဘဲ မရပ်တည်နိုင်သဖြင့် စိတ်၏ အခြံအရံ ဖြစ်ကြရ လေသောကြောင့် စိတ်ဖြင့်ပြီး၏ ဟူ၍ ဆိုရ၏။ ထို့ကြောင့် "စိတ်သာပဓာန ဖြစ်၏" ဟူ၍ ဟောတော်မူခြင်း ဖြစ်၏။

လူသည် အစမထင် သံသရာမှစ၍ အနုသယ အဆင့်ဖြင့် အတ္တနှင့် မာန လွှမ်းမိုးခြင်းခံရသူ ဖြစ်၏။ ထို့ကြောင့် အရာရာတိုင်းအပေါ် "ငါသာ ပဓာန"အဖြစ် မြင်တတ်၏။ ယင်းအမြင်မှာ ဒိဋ္ဌာနုသယ (အတ္တ) အပေါ် အခြေခံ၏။ ငါသာ ပဓာနဟူသည် "သူကား ငါ့ဆရာ"၊ "သူကား ငါ့တပည့်"၊ "သူကား ငါ့အုပ်စု"၊ငါ ပြီးလျှင် ပြီးရော၊ ငါ ပိုင်သည် ဟူသော အမြင်မျိုးဖြစ်၏။ အများကို တစ်စုတည်းအဖြစ် မြင်သော အမြင်ပင်တည်း။ နောက် အမြင်တစ်မျိုး

http://www.cherrythitsar.org



ရှိသေး၏။ ယင်းအမြင်ကား မာနာနုသယ (မာန) အပေါ် အခြေခံသောအမြင် ဖြစ်၏။ ယင်းအမြင်ကား အုပ်စုဖွဲ့ အမြင်တည်း၊ ခွဲခြမ်းခွဲခြမ်းပြုသော အမြင်တည်း။ "ငါကောင်းသည်" "သူမကောင်း" "ငါ့မှာ အပြစ်မရှိ" "သူ့မှာ အပြစ်ရှိသည်" ဟူ၍ တစ်စုတည်းကို အများပြုသော အမြင်မျိုး ဖြစ်၏။

အတ္တနှင့်မာန လွှမ်းမိုးသောစိတ်ဖြင့် ပြုလုပ်သော ကံဟူသမျှသည် မိမိတို့၏ အမြင်အရ ကောင်းသည်ဟု ထင်ရသော်လည်း တကယ်တမ်း မကောင်း၊ မီးကို အေးသည်ဟု ထင်မှတ်ပြီး ကိုင်သောအခါ တကယ်မအေးဘဲ ပူသည်ကိုသာ ခံစားရသကဲ့သို့ပင် ဖြစ်၏။ ထို့ကြောင့် တကယ်တမ်း ကောင်းသောကံဟူသည် လောဘကို ပါးအောင်လုပ်နိုင်သော အတ္တနှင့်မာနကို ပါးအောင်လုပ်နိုင်သော ကံသာ ဖြစ်၏။ ယင်းကံသည်သာ တကယ်တမ်း ကောင်းကျိုးကို ဖြစ်စေပါ၏။

ထို့ကြောင့် မိမိ၏ အမြင်၊ မိမိ၏ အသိ၊ မိမိ၏ ကံသည် တကယ်တမ်း ကုသိုလ်ဟုတ်သည် မဟုတ်သည်ကို သိလိုပါက မိမိသန္တာန်၌ လောဘ၊ ဒေါသ၊ မောဟတို့ ပါး,မပါးဖြင့် စိစစ်ကြည့်ရ၏။ လောဘ၊ ဒေါသ၊ မောဟတို့ ပါးလျှင် ကုသိုလ်ဟုတ်၏။ မပါးလျှင် မဟုတ်သေး။ တစ်နည်းအားဖြင့် ဆိုရလျှင် "အထင်မှန်" ဖြင့် ကုသိုလ်ကို စစ်၍မရ၊ "တကယ်မှန်" ဖြင့်သာ ကုသိုလ်ကို စစ်၍ရလေသည်။ တကယ်မှန် ဟူသည်ကား မိမိတို့၏ သန္တာန်၌ လောဘ၊ ဒေါသ၊ မောဟ၊ မာန စသော အကုသိုလ်များ ပါးပြီး၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ စသော ကုသိုလ်များ ပွားခြင်းဖြစ်၏။ ယင်းသို့ စိစစ်ကြည့်ရ၏။

ဘဝသက်တမ်းတစ်လျှောက်၌ ကံများကို ပြုကြ၏။ ကုသိုလ်ကံ ဖြစ်ချင်ဖြစ်မည်၊ အကုသိုလ်ကံ ဖြစ်ချင်ဖြစ်မည်။ သို့ရာတွင် မည်သည့်ကံကို ပြုပြု အရေးကြီးဆုံးအချိန်ကား သေကာနီးကာလတည်း။ အကျိုးပေးစဉ်အားဖြင့် ရှာန်နှင့် ပဋ္ဌာနန္တ ရိယကံများမှတစ်ပါး သေခါနီးကာလ၌ ပြုအပ်သော ကံသည်သာလျှင် အကျိုးပေး၏။ သေကာနီးကာလ၌ အကုသိုလ်စောစေလျှင် ဒုဂ္ဂတိဘဝ[၁] သို့လားရ၏။ ကုသိုလ်စောစေလျှင် သုဂတိဘဝ[၂]သို့ လားရ၏။ စောစေပိုင်းက မည်သည့်ကံကိုပင် ပြုထား ပြုထား၊ ထိုကံသည် သေကာနီးကာလ၌ ပြုအပ်သော ကံကို မလွှမ်းနိုင်၊ ဂရုကံခေါ် သော ဈာန်တရားများနှင့် "ကံကြီး" ထိုက်သည်ဟု ဆိုရသော ပဋ္ဌာနန္တ ရိယ ကံများသာလျှင် သေခါနီးကာလ၌ ပြုအပ်သော ကံကို လွှမ်းနိုင်၏။ ထို့ကြောင့် သေကာနီးကာလ၌ ကလျာဏမိတ္တခေါ် မိတ်ကောင်း ဆွေကောင်းသည် အလွန်အရေးကြီး၏။

---

၁။ ဒုဂ္ဂတိဘဝ – အပါယ်လေးဘုံ၌ ဖြစ်ခြင်း။

၂။ သုဂတိဘဝ – လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံတို့၌ ဖြစ်ခြင်း။

http://www.cherrythitsar.org



တစ်သက်လုံး ဘာတစ်ခုမျှ မည်မည်ရရ ကောင်းမှုမပြုလုပ်ခဲ့သော အဒိန္နပုဗ္ဗကဗြာဟ္မဏ သူဌေး၏ တစ်ဦးတည်းသောသား မဋ္ဌကုဏ္ဍလီသည် မြတ်စွာဘုရားတည်းဟူသော ကလျာဏမိတ္တကို အကြောင်းပြု၍ မြတ်စွာဘုရားကို ဖူးမြင်ရသော အာသန္နကံ ကုသိုလ်ကြောင့် တာဝတိံသာနတ်ပြည်၌ နတ်သား ဖြစ်ရခြင်းသည် ဗုဒ္ဓဘာသာဝင် သူတော်စင်တို့အတွက် အလေးအနက်ထား၍ လိုက်နာကျင့်သုံးရန် အားကျသင့်သော ဝတ္ထုတစ်ခု ဖြစ်ပါ၏။ သို့ရာတွင် အခြားကံများသည်လည်း အကျိုးမပေး ဟူ၍ မရှိ၊ လူ့နောက် အရိပ်လိုက်သကဲ့သို့ အကျိုးပေးရန် အခါအခွင့်ကို စောင့်နေခြင်းသာ ဖြစ်ကြောင်း သဘောပေါက်အပ်ပါ၏။

# တိဿမထေရ်

တိဿမထေရ်သည် မြတ်စွာဘုရားနှင့် ညီအစ်ကိုဝမ်းကွဲ တော်၏။ တိဿမထေရ်၏ မယ်တော် အမိတာဒေဝီသည် မြတ်စွာဘုရား၏ ခမည်းတော် သုဒ္ဓေါဒန မင်းကြီး၏ နှမတော် ဖြစ်၏။ မြတ်စွာဘုရားနှင့် ညီအစ်ကိုဝမ်းကွဲ ဖြစ်ပါလျက် တိဿမထေရ်သည် မြတ်စွာဘုရားကို နားမလည်၊ နားလည်အောင်လည်း မကြိုးစား။

သူသည် မြတ်စွာဘုရားကို မြတ်စွာဘုရားအဖြစ် နားလည်ခြင်း မဟုတ်ဘဲ သာကီဝင်မင်းသား၊ ညီအစ်ကိုတော်စပ်သူ သိဒ္ဓတ္ထမင်းသားအဖြစ် နားလည်ခြင်းသာ ဖြစ်သည်။ ယခင်က သိဒ္ဓတ္ထမင်းသား ယခု မြတ်စွာဘုရားသည် ပုဂ္ဂိုလ်အနေဖြင့် တစ်ဦးတည်း ဖြစ်သော်လည်း အချိန်အခါနှင့် အခြေအနေတို့၏ ပြောင်းလဲမှုကြောင့် ကြောင်းကျိုးနိယာမအရ ရှေးနှင့်နောက် မတူတော့သည်ကို တိဿမထေရ် သဘောမပေါက်။

သူ သဘောပေါက်သည်က မြတ်စွာဘုရားသည် လာဘ်လာဘ ပေါများ၏။ ပူဇော်သက္ကာရကို ခံရ၏။ လူမင်း၊ နတ်မင်း၊ ဗြဟ္မာမင်းတို့၏ ဝပ်စင်းကော်ရော်ခြင်းကို ခံရ၏။ ထို့ကြောင့် "ငါ၏ဆွေမျိုးဖြစ်သော မြတ်စွာဘုရား၏ သာသနာတော်၌ ရဟန်းပြုရလျှင် မြတ်စွာဘုရား၏ အရှိန်အဝါကြောင့် ငါသည်လည်း လာဘ်လာဘ ပေါများမည်၊ ပူဇော်သက္ကာရ ရရှိမည်" ဟူ၍ ဖြစ်ပြီး အရွယ်ကြီးရင့်သော ကာလရောက်မှသာ ရဟန်းပြုခဲ့သူ ဖြစ်၏။

ရဟန်းပြုလေလျှင် သူမျှော်လင့်ထားသည့် အတိုင်းပင် ဇေတဝန်ကျောင်းတိုက်ကြီး၏ အလယ်ဗဟိုရှိ ဧည့်ခံဇရပ်ကြီး၌ သီတင်းသုံးရ၏။ ဆွမ်း

http://www.cherrythitsar.org



ကျောင်းများကို ဘုဦးပေးရ၏။ သင်္ကန်းကျောင်းများကို ဝတ်ဆင်ရ၏။ အသားအရေ စုံပြည့်၏။ ဝဖြိုး၏။ ခံ့ညား၏။ မထေရ်ကြီး၏ အသွင်ဆောင်၏။ ဆံပင်နားတော့ ဆံကျေးဖြစ်၏။ သို့ရာတွင် ဆံကျေးသည် မိမိနားရာ ဆံပင်နှင့် လိုက်လျောညီထွေဖြစ်မှု "အနုလောမ" ရှိဖွယ်ရာ အရှည်တည်တံ့၏။ ဆန့်ကျင်မှု "ဝိလောမ" ရှိနေပါက အရှည်မတည်တံ့၊ ပျက်စီးရ၏။ ဤသဘောကို တိဿမထေရ် မရိပ်စားမိ။

မြို့ရွာ ဇနပုဒ်များမှ ရဟန်းတော်များသည် မြတ်စွာဘုရားကို ဖူးမြော်ရန် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ လာရောက်လေ့ရှိကြ၏။ အစဉ်အလာအားဖြင့် သီတင်းဝါလကျွတ်လျှင် လာကြ၏။ အခြားအချိန်အခါများတွင်လည်း အကြောင်းအားလျော်စွာ လာကြ၏။ ထိုသို့ လာသောအခါ ဧည့်ခံဇရပ်ကြီးသို့ ဝင်ရောက်ကြ၏။ ဧည့်ခံဇရပ်ကြီးတွင် တိဿမထေရ်ကို မြင်သောအခါ သက်တော်ဝါတော် ကြီးရင့်သော မထေရ်ကြီးအဖြစ် မှတ်ယူ၍ ဝတ်ကြီးဝတ်ငယ် ပြုကြ၏။ ခြေဆုပ်လက်နယ် ပြုကြ၏။ တိဿမထေရ်ကား မမြစ်တား။ ဆိတ်ဆိတ်သာ နေ၏။ သာယာ၏။

ထိုအချိန်တွင် ရဟန်းငယ်တစ်ပါးက တိဿမထေရ်အား 'အရှင် ဘုရားတို့သည် သိက္ခာဝါ အဘယ်မျှ ရှိပါပြီနည်း' ဟု မေးလျှောက်ရာ တိဿမထေရ်က 'ငါတို့သည် ကြီးရင့်သောကာလရောက်မှ ရဟန်းပြုခြင်း ဖြစ်၏၊ တစ်ဝါမျှ မရသေး' ဟု ပြန်ကြား၏။

ထိုအခါ ရဟန်းငယ်က တိဿမထေရ်ကြီးအား 'ငါ့ရှင် ရဟန်းကြီး သင်သည် ဝိနည်းသိက္ခာပုဒ်တော်များကို မလေးစားသူ ဖြစ်၏၊ မယဉ်ကျေးသူ ဖြစ်၏။ မိမိ၏ ပမာဏကိုမသိသူ ဖြစ်၏။ ကြွရောက်လာသော မထေရ်ကြီးများကို မြင်ပါလျက် ရိုသေလေးစားခြင်း အမူအရာမျှကိုပင် သင် မပြု၊ ဝတ်ကြီးဝတ်ငယ် ပြုလာသော် မိမိဝါမရသေးသည်ကို မပြောကြားဘဲ ဆိတ်ဆိတ်နေလျက် သာယာ၏။ မြတ်စွာဘုရား၏ သာသနာတော်၌ သင်ကဲ့သို့သော ပုဂ္ဂိုလ်မျိုး ရှိသည်မှာ အံ့ဩဖွယ် ရှိပါဘိ' ဟူ၍ ပြောကြား၏။

ရဟန်းငယ်၏ စကားများသည် တိဿမထေရ်၏ ခတ္တိယမာန်ကို နှိုးဆွလိုက်သကဲ့သို့ ဖြစ်၏။ တိဿမထေရ်သည် အမျက်ဒေါသခြောင်းခြောင်းထ၏။ 'သင်ကဲ့သို့သော အနိမ့်စားပုဂ္ဂိုလ်မျိုးက ငါကဲ့သို့သော အမြတ်စားပုဂ္ဂိုလ်ကို ဤကဲ့သို့ မခန့်မညား ပြောရကောင်းလား' ဟူသော အယူဖြင့် နာကြည်း၏။

ခတ္တိယတို့၏ အယူဝါဒအရ "မြင့်မြတ်မှု" ဟူသည် အကျင့် သိက္ခာ၌ မတည်၊ ဇာတ်၌သာ တည်၏။ မြတ်စွာဘုရားသည်လည်း သာကီဝင်မင်းမျိုး

http://www.cherrythitsar.org



ဖြစ်၏။ ငါသည်လည်း သာကီဝင် မင်းမျိုးပင် ဖြစ်၏။ 'မြတ်စွာဘုရားကို မြင့်မြတ်သူအဖြစ် အသိအမှတ်ပြုနိုင်လျှင် ငါ့ကိုကော မြင့်မြတ်သူ အဖြစ် ဘာကြောင့် အသိအမှတ် မပြုနိုင်ရမည်နည်း။ အာဂန္တုက ရဟန်းတို့၏ဝတ်ကြီး ဝတ်ငယ်ပြုခြင်း၊ ခြေဆုပ်လက်နယ်ပြုခြင်း၊ အရိုအသေပြုခြင်းတို့ကို ဘာကြောင့် မခံယူထိုက်ရမည်နည်း။ အမှန်စင်စစ် ငါသည်လည်း မြတ်စွာဘုရားကဲ့သို့ပင် သာကီဝင်မင်းသားဖြစ်မှန်းမသိ၍သော ဤရဟန်းငယ်က ဤသို့ ပြောခွင့်ဆိုခွင့် ရှိချေသည်။ ငါ့အကြောင်း သိစေအံ့' ဟု ကြံ၍ တိဿမထေရ်က အာဂန္တုက ရဟန်းတို့အား ဤသို့ မေး၏။

'သင်တို့ ယခု မည်သူ့ထံ လာကြသနည်း'

'မြတ်စွာဘုရားထံ လာကြပါသည်'

'ငါ့ကို သင်တို့က မည်ကဲ့သို့သော ပုဂ္ဂိုလ်မျိုးဟု မှတ်ထင်ကြသနည်း။ သင်တို့ကို အရင်းအမြစ်က ဖြတ်ပစ်ရမည်' ဟု ကြိမ်းဝါးလျက် တိဿမထေရ်သည် မြတ်စွာဘုရားထံ သွားရောက်တိုင်ကြား၏။ တိဿမထေရ်၏ စေတိမာန်သည် အထွတ်အထိပ်သို့ ရောက်၏။ မျက်ရည်တွက်လောက်အောင် ဆတ်ဆတ်ခါ နာကြည်း၏။ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ ရှိလှ၏။

အာဂန္တုက ရဟန်းတို့ကလည်း ဤတိဿရဟန်းသည် မြတ်စွာဘုရား အား မိမိတို့နှင့် ပတ်သက်၍ လျှောက်ထားပေတော့မည်ဟု သိ၍ မြတ်စွာဘုရား မေးတော်မူလျှင် လျှောက်ထားနိုင်အောင် တိဿရဟန်းနှင့် အတူတကွပင်လိုက်၍ သင့်တင့်လျောက်ပတ်သော နေရာ၌ ရှိခိုး၍ နေကြ၏။ မြတ်စွာဘုရားကလည်း ဤသို့ မေးမြန်းတော်မူ၏။

'တိဿ ဘာကိစ္စလျှောက်ထားရန် ရှိသနည်း'

'မှန်လှပါ၊ အာဂန္တုက ရဟန်းသည် တပည့်တော်ကို ဆဲရေးကြပါသည် ဘုရား'

'သင်က ဘယ်နေရာ၌ နေသနည်း'

'မှန်လှပါ၊ တပည့်တော်က ဇေတဝန်ကျောင်းတိုက်၏ အလယ်ဇရပ်ရှိ ထိုင်ခုံရပ်၌ နေပါသည် ဘုရား'

'ဤ အာဂန္တုကရဟန်းများ ကြွလာသည်ကို သင်မြင်ပါသလား'

'မြင်ပါသည် ဘုရား'

'ခရီးဦးကြိုခြင်းကို ပြုပါသလား'

'မပြုပါ ဘုရား'

'ပရိက္ခရာများကိုကော လှမ်းယူပါသလား'

http://www.cherrythitsar.org



'မယူပါ ဘုရား'

'သောက်ရေဖြင့် ပန်ကြားခြင်း၊ အိပ်ရာနေရာ ပြင်ဆင်ပေးခြင်း၊ ခြေဆုပ်လက်နယ်ပြုခြင်း စသော အာဂန္တုက မထေရ်ကြီးတို့အား ပြုထိုက်သော ဝတ်ကြီးဝတ်ငယ်များကို သင်ပြုပါသလော'

'မပြုပါ ဘုရား'

'တိဿ၊ သင့်၌သာ အပြစ်ရှိ၏။ မိမိထက် ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ အာဂန္တုကအဖြစ် ကြွရောက်လာသော ရဟန်းတို့အား ဆိုင်ရာ ဝတ်ကြီးဝတ်ငယ်တို့ကို ပြုရ၏။ အကယ်၍ မပြုလိုလျှင် အာဂန္တုက ရဟန်းတို့ ဝင်ထွက်ရာ အလယ်ဗဟို၌ရှိ ဧည့်ခံဇရပ်၌ မနေသင့်၊ ဧည့်ခံဇရပ်၌ နေပါက ဧည့်သည် အာဂန္တုက ရဟန်းတို့အပေါ် ဝိနည်းဒေသနာတော်လာ ဆိုင်ရာဆိုင်ရာ ဧည့်ဝတ်ကို ပြုရသည်သာ။ ဧည့်ဝတ်ပြုခြင်းသည် အိမ်ရှင်တို့၏ ဝတ္တရား ဖြစ်၏။ ထို့ကြောင့် ဧည့်သည် ရဟန်းများကျေနပ်အောင် သင် တောင်းပန်ပါ' ဟူ၍ မြတ်စွာဘုရားက မိန့်ကြားတော်မူ၏။

မြတ်စွာဘုရား၏ အဆုံးအဖြတ်ကို ကြားရသောအခါ တိဿမထေရ်သည် များစွာအံ့သြ၏။ သာကီဝင်မင်းမျိုးတို့၏ အစဉ်အလာ ယုံကြည်ချက်အရ ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ သာကီဝင်မင်းသားတို့သည် အခြားပုဂ္ဂိုလ်အားလုံးတို့၏ အလေးအမြတ်ပြုခြင်းကို ခံထိုက်၏။ မိမိသည် သာကီဝင်မင်းသား ဖြစ်၏။ ဤရဟန်းတို့သည် အခြားအမျိုးအနွယ်မှ ဖြစ်ကြ၏။ ထို့ကြောင့် မိမိသည် ဤရဟန်းတို့၏ အလေးအမြတ်ပြုခြင်းကို ခံထိုက်၏။ ထို့အပြင် မိမိသည် မြတ်စွာဘုရားနှင့်ညီနောင်တော်စပ်သူလည်း ဖြစ်၏။ လောက ထုံးတမ်းအစဉ်အလာအရ ဆွေမျိုးကို ဦးစားပေးရ၏။ ဆွေမျိုးဘက်က လိုက်ရ၏။ သို့ဖြစ်၍ မိမိအနေဖြင့် ဤရဟန်းတို့၏ အလေးအမြတ်ပြုခြင်းကို ခံယူမှုနှင့် ပတ်သက်၍ မိမိဘက်က လိုက်ပြီးလျှင် ဤရဟန်းတို့အပေါ်သာ အပြစ်တင်ထိုက်၏။ မိမိအပေါ် အပြစ်မတင်ထိုက်။ ထို့ကြောင့် ဤကိစ္စနှင့် ပတ်သက်၍ မိမိသာ မှန်သည်၊ အာဂန္တုက ရဟန်းတို့ မမှန်။ မမှန်ဘက်ကို အနိုင်ပေးသော မြတ်စွာဘုရား၏ ဆုံးဖြတ်ချက်ကိုလည်း လိုက်နာရန်မလိုဟု တိဿမထေရ်က ယုံကြည်၏။ သူ၏ ယုံကြည်ချက်သည် အမှန်သစ္စာတရား ဖြစ်သည်ဟူ၍လည်း ခံယူထား၏။

သာကီဝင်မင်းမျိုးတို့၏ အစဉ်အလာ ယုံကြည်ချက်သည် လည်းကောင်း၊ လောကထုံးတမ်းစဉ်လာအရ ဆွေမျိုးကို ဦးစားပေးရခြင်းသည် လည်းကောင်း တိဿမထေရ်၏ ခံယူချက်အတိုင်း "သစ္စာ" တရား ဖြစ်သည်မှာ မှန်၏။ သို့ရာတွင် ထိုသစ္စာသည် သမ္မုတိသစ္စာသာ ဖြစ်၏။ သမ္မုတိသစ္စာ ဟူသည်

http://www.cherrythitsar.org



အကာနှင့်အသတ် ရှိ၏။ သောင်ရှိ၏။ ထိုအကာနှင့် အသတ်နှင့် ထိုသောင်အတွင်း၌သာ မှန်၏။ သမ္မုတိသစ္စာအခါ “အမှန်တရား” တစ်ခုသည် မိမိနှင့် နှလုံးသွင်းတူ၊ စရိုက်တူ၊ ဉာဏ်တူ၊ ဝါသနာတူ၊ အမြင်တူ ပုဂ္ဂိုလ်များအတွင်း၌သာ မှန်ကန်၍ “အမှန်တရား”အမည်ကို ရပါ၏။ ထိုအကာနှင့်အသတ်နှင့် ထိုသောင်ကို ကျော်လွန်သည်နှင့် တစ်ပြိုင်နက် မမှန်ကန်တော့သဖြင့် “အမှန်တရား”အမည်ကို မရတော့။

သို့ရာတွင် တိဿမထေရ်သည် ထိုသို့ သဘောပေါက်သောအခါ သူ၏ ယုံကြည်ချက်ကို “ယာယီသစ္စာ” အနေဖြင့် မဟုတ်ဘဲ “ထာဝရသစ္စာ” အနေဖြင့် မြဲမြဲစွာ ဆွဲကိုင်ထား၏။ စွန့်လွှတ်ရန် ငြင်းဆန်၏။ မြဲမြဲစွာ ဆွဲကိုင်ထားသူကို ပါဠိဝေါဟာရဖြင့် အာဓာနဂ္ဂါဟီ ဟူ၍ ခေါ်၏။ စွန့်လွှတ်ရန် ငြင်းဆန်သူကို ဒုပ္ပဋိနိဿဂ္ဂီ ဟူ၍ ခေါ်၏။ ခေါင်းမာသူတို့၏ လက္ခဏာပေတည်း။

မြတ်စွာဘုရားက တိဿမထေရ်အား ဧည့်သည်ရဟန်းတို့ ကျေနပ်အောင် တောင်းပန်စိမ်းသောအခါ တိဿမထေရ်က မိမိ၌အပြစ် မရှိကြောင်း၊ ဧည့်သည် ရဟန်းတို့ကသာ မိမိကိုဆဲရေးသဖြင့် ဆဲရေးသူ ဧည့်သည်ရဟန်းတို့၌သာ အပြစ် ရှိကြောင်း၊ သို့ဖြစ်၍ မိမိအနေဖြင့် မတောင်းပန်နိုင်ပါကြောင်းဖြင့် မြတ်စွာဘုရား အား ပြန်လည် လျှောက်ထား၏။ မြတ်စွာဘုရားကလည်း တိဿမထေရ်အား ထပ်မံတိုက်တွန်း၏။ တိဿမထေရ်ကလည်း ငြင်းဆန်မြဲ ငြင်းဆန်၏။

ထိုအခါ အာဂန္တုကရဟန်းတို့က ‘ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ဤ တိဿရဟန်းသည် အလွန်ခေါင်းမာသူ၊ ဆိုဆုံးမရခက်သူ ဖြစ်ပါ၏’ ဟူ၍ လျှောက်ထားရာ၊ မြတ်စွာဘုရားကလည်း “ရဟန်းတို့ တိဿသည် ယခုမှသာ ခေါင်းမာသူ၊ ဆိုဆုံးမရခက်သူ မဟုတ်၊ အတိတ်ကာလ ဒေဝိလရသေ့ဘဝတုန်းကလည်း ဤကဲ့သို့ ခေါင်းမာသူ၊ ဆိုဆုံးမရခက်သူ ဖြစ်ခဲ့ဖူး၏”ဟူ၍ မိန့်တော်မူပြီး တိဿမထေရ်၏ အတိတ်ကာလ ဒေဝိလရသေ့ဘဝကို ဟောကြားတော်မူ၏။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း စိုးစံစဉ်က ဖြစ်၏။ ဒေဝိလရသေ့သည် ဟိမဝန္တာ၌ ရှစ်လပတ်လုံး သီတင်းသုံးပြီး ဗာရာဏသီပြည်၌ လေးလသီတင်းသုံးရန် ဟိမဝန္တာမှ ကြွလာတော်မူ၍ အိုးထိန်းသည်၏ အိုးတင်းကုပ်၌ တည်းခိုနေ၏။ ထိုနေ့၌ပင် နာရဒရသေ့လည်း ဟိမဝန္တာမှ ဗာရာဏသီပြည်သို့ ကြွတော်မူလာပြီး ဒေဝိလရသေ့ တည်းခိုရာ အိုးတင်းကုပ်၌ပင် ဒေဝိလရသေ့၏ ခွင့်ပြုချက်ဖြင့် အတူတကွ တည်းခို၏။

ဒေဝိလရသေ့က အပြင်၌ နေရာယူ၍ နာရဒရသေ့က အတွင်း၌ နေရာယူ၏။ ရသေ့နှစ်ပါးတို့သည် တစ်သက်ပတ်လုံး အမှတ်ရဖွယ် စကားတို့ကို

http://www.cherrythitsar.org



အချင်းချင်း ပြောဆိုကြပြီး သီတင်းသုံးကြ၏။ ညဉ့်အိပ်ရာဝင်သောအခါ နာရဒ ရသေ့သည် ဒေဝိလရသေ့၏ အိပ်ရာနှင့် တံခါးကို မှတ်၍အိပ်၏။ သို့ရာတွင် ဒေဝိလရသေ့သည် မည်သို့ စိတ်ကူးပေါက်သည် မသိ။ မိမိ၏အိပ်ရာ၌ မအိပ်ဘဲ တံခါး၌ ကန့်လန့်ပြု၍ အိပ်လေ၏။ နာရဒ ရသေ့ကမူ မိမိအိပ်ရာ၌ပင် အိပ်လေ၏။

ညဉ့်အခါ နာရဒရသေ့သည် ကိုယ်လက်သုတ်သင်ရန် အောက်သို့ ဆင်း၏။ ထိုသို့ဆင်းရာတွင် တံခါး၌ ဒေဝိလရသေ့ ကန့်လန့်ဖြတ်အိပ်နေမှန်း မသိ။ သူ့နေရာ၌သူ အိပ်နေသည် ဟူ၍သာ ထင်၏။ ထို့ကြောင့် တံခါးသို့ တိုက်ရိုက် ထွက်သောအခါ နာရဒရသေ့သည် ဒေဝိလရသေ့၏ ဆံကျစ်ဦးစွန်းကို နင်းမိ၏။ ဒေဝိလရသေ့က 'ငါ၏ ဆံကျစ်ဦးစွန်းကို နင်းသူကား မည်သူနည်း' ဟု မေး၏။ နာရဒ ရသေ့က 'သည်းခံပါ ဆရာ၊ မသိ၍ နင်းမိပါသည်၊ ကန်တော့ပါ၏' ဟူ၍ ပြောဆိုတောင်းပန်၏။ ဒေဝိလ ရသေ့ကလည်း ဒီတစ်ခါ နာရဒရသေ့ ပြန်တက်လာလျှင် ငါ၏ဦးစွန်းကို နင်းမိဦးမည်။ ခြေရင်းနှင့်ခေါင်းရင်း ပြောင်းလားမှဖြစ်မည်' ဟု တွေးပြီး ခေါင်းရင်းကို ခြေပြု၍ အိပ်၏။ နာရဒရသေ့ကလည်း 'ငါ အဆင်းတုန်းက ဒေဝိလရသေ့၏ ဆံကျစ်ဦးစွန်းကို နင်းမိသည်။ ခြေရင်း ဘက်က တက်မှဖြစ်မည်' ဟု တွေးပြီးတက်ရာ ခြေရင်းကို ခေါင်းပြု အိပ်နေသော ဒေဝိလ ရသေ့၏လည်ပင်းကို နင်းမိပြန်၏။ ထိုအခါ ဒေဝိလ ရသေ့က 'ငါ၏ လည်ပင်းကို နင်းသူကား မည်သူနည်း' ဟု မေး၏။ နာရဒရသေ့ကလည်း 'သည်းခံပါဆရာ၊ မသိ၍ နင်းမိခြင်း ဖြစ်ပါမည်၊ ကန်တော့ပါ၏' ဟူ၍ ပြောဆို တောင်းပန်၏။

'ငါ သည်းမခံနိုင်တော့၊ ပထမအကြိမ် သင်သည် ငါ၏ဆံကျစ်ဦးစွန်းကို နင်း၏။ ယခု ဒုတိယအကြိမ် ငါ၏လည်ပင်းကို နင်း၏၊ သင့်ကို ကျိန်စာ တိုက်အံ့' ဟူ၍ ဒေဝိလရသေ့က နာရဒရသေ့အား ပြောကြား၏။ နာရဒရသေ့ ကလည်း 'ဆရာ၊ ဆရာ ဤသို့အိပ်သည်ကို မသိ၍ နင်းမိခြင်း ဖြစ်ပါသည်၊ တမင်နင်းခြင်း မဟုတ်ပါ။ သို့ဖြစ်၍ ကျွန်ုပ်မှာ အပြစ်မရှိပါ၊ ကျိန်စာမတိုက်ပါနှင့်' ဟု တောင်းပန်၏။ သို့ရာတွင်ဒေဝိလရသေ့သည် မကျေနိုင် မချမ်းနိုင်ဖြစ်ကာ –

'ရောင်ခြည်တစ်ထောင်ဆောင်သော အပူဓာတ်တစ်ရာရှိသော နေမင်း သည် နံနက်အခါ၌ ထွက်လတ်သော် သင်၏ဦးခေါင်းသည် ခုနစ်စိတ် ကွဲစေ သတည်း'

ဟူ၍ ကျိန်စာတိုက်လေ၏။ နာရဒရသေ့ကလည်း –

'ဆရာ၊ ကျွန်ုပ် အတန်တန် တောင်းပန်ပါလျက် ဆရာသည် ကျိန်စာ

http://www.cherrythitsar.org



တိုက်တီ၏။ အမှန်အားဖြင့် တဖင်တကာနင်းခြင်း မဟုတ်သဖြင့် ကျွန်ုပ်မှာ အပြစ်မရှိပါ။ ယခုကား လက်လွန်ခြေလွန် ဖြစ်ချေပြီ။ ကျွန်ုပ်လည်း မတတ်နိုင်တော့၊ တန်ပြန်ရုံသာ ရှိတော့သည်" ဟု ဆိုပြီး

"နေမင်းထွက်လျှင် အပြစ်ရှိသူ၏ ဦးခေါင်းသည် ခုနစ်စိတ် ကွဲပါစေသတည်း" ဟူ၍ တန်ပြန် ကျိန်စာတိုက်၏။

ရသေ့နှစ်ဦးအနက် မည်သူ့တွင် အပြစ်ရှိသနည်း။ ပြောတိုင်း လုပ်တိုင်း "ကံ" မမြောက်သည် မဟုတ်။ စေတနာပါမှ "ကံ" မြောက်၏။ စေတနာကိုသာ "ကံ" ဟူ၍ မြတ်စွာဘုရားက ဟောကြားထား၏။ ထိုသဘောကို ဒေဝိလရသေ့ မသိ၊ ဒေဝိလရသေ့ "သိ" သည်ကား နာရဒရသေ့သည် သူ၏ ဆံကျစ်ဦးစွန်းကို နင်း၏၊ သူ၏လည်ပင်းကို နင်း၏။ ဤသည်မှာ ကာယကံမြောက် ကျူးလွန်ခြင်း ဖြစ်၏။ သို့ဖြစ်၍ နာရဒရသေ့တွင် အပြစ်ရှိ၏ ဟူ၍ပင် ဖြစ်၏။

အမှန်အားဖြင့် ပုထုဇဉ်တို့၏ သိစိတ်သည် အရာကို ယထာဘူတ ကျကျ သိရန် ခဲယဉ်း၏။ သိစိတ်သည် မူလပင်ကိုအားဖြင့် ဖြူစင်သော်လည်း ယင်း၏ နောက်ကွယ်၌ မသိစိတ်များသည် အင်နှင့်အားနှင့် ဖိအားပေးလျက် ရှိကြ၏။ မသိစိတ်ဟူသည် ပတ်ဝန်းကျင်၏ သဘာဝ၊ ယင်း၏အမြင်၊ ယင်း၏ဓလေ့စရိုက်၊ ယင်း၏ အယူဝါဒတို့ကို တွေ့ကြုံရာမှ စွဲထင်ကျန်ရစ်ခဲ့သော ကိလေသာများ၏ သဏ္ဍာန်ပင် ဖြစ်၏။ ယင်းတို့ကို ဥပါဒါန်များ ဟူ၍ ခေါ်၏။ ဥပါဒါန်များသည် နှောင့် အစဉ်အားဖြင့် နှလုံးသွင်းစရိုက်၊ ညဉ်၊ ဝါသနာ၊ အနုသယဟူ၍ အဆင့်ဆင့် ဖြစ်ထွန်းသွားရ၏။ ထိုမသိစိတ်များသည် ဥပါဒါန ပစ္စယာ ဘဝေါ အရ ကမ္မဘဝ အပေါ် အင်နှင့်အားနှင့် ဖိအားပေးကြ၏၊ လွှမ်းမိုးကြ၏။ ကမ္မဘဝဟူသည် ကုသိုလ် သိစိတ်နှင့် အကုသိုလ် သိစိတ်များ ဖြစ်ကြ၏။ ထို့ကြောင့် သိစိတ်များသည် ကုသိုလ်ဖြစ်စေ၊ အကုသိုလ်ဖြစ်စေ၊ မသိစိတ်များ၏ လွှမ်းမိုးမှုကြောင့် အရာကို ယထာဘူတကျကျ မသိနိုင်ဘဲ ဘက်လိုက်၍ သိခြင်းဖြစ်၏။

တံငါနားနီး တံငါ၊ မုဆိုးနားနီး မုဆိုး ဟူသော စကားပုံသည်လည်း ဤပဋိစ္စသမုပ္ပါဒ်၏ အနက်အဓိပ္ပာယ်ကို မြန်မာနည်း မြန်မာဟန်ဖြင့် ဖွင့်ဆိုခဲ့ခြင်း ဖြစ်၏။ တံငါ ပတ်ဝန်းကျင်၌ ကျင်လည်ရသူသည် ပြဿနာတစ်ရပ်နှင့် ကြုံတိုင်း တံငါသဘာဝ၊ တံငါအမြင်၊ တံငါဓလေ့စရိုက်၊ တံငါအယူဝါဒအတိုင်းသာ ဆုံးဖြတ်တတ်၏။ အခြားပတ်ဝန်းကျင်၌ ကျင်လည်ရသူများသည်လည်း မိမိတို့ကျင်လည်ရာ ပတ်ဝန်းကျင်၏ သဘာဝ၊ အမြင်၊ ဓလေ့စရိုက်နှင့် အယူဝါဒအတိုင်းသာ ပြဿနာကို ကိုင်တွယ်၍ဖြေရှင်းကြလေ၏။ ဤသဘောကိုပေါက်မြင်နိုင်မှသာ ပုထုဇဉ်တို့သည် မသိစိတ် ကိလေသာများ၏ လွှမ်းမိုးမှုကို မိမိတို့၏ ကိုယ်ကျင့်သိက္ခာများဖြင့် တွန်းလှန်ဖယ်ရှားပြီး အရာကို ယထာ*ဘူတကျကျ

http://www.cherrythitsar.org



သိနိုင်မေလိမ့်မည်။ အာရုံကို ယထာဘူတကျကျ သိမြင်နိုင်မှလည်း အဆုံးအဖြတ်များ မှန်ကန်မေလိမ့်မည်။

ဒေဝိလရသေ့သည် ပုထုဇဉ်သာ ဖြစ်၏။ ထို့ကြောင့် သူသည် သူ့ကိုယ်ကို နာရဒရသေ့ထက် ပို၍ချစ်၏။ ပို၍ မြတ်နိုး၏။ 'ဤလောက၌ မိမိနှင့် ထပ်တူ ချစ်နိုင်သောသူ မည်သည် မိမိမှတစ်ပါး အခြားမရှိ' ဟူသည့်အတိုင်း ဒေဝိလရသေ့၏ မိမိကိုယ်ကိုမိမိ ပို၍ချစ်သည့်စိတ်၊ ပို၍ မြတ်နိုးသည့်စိတ်သည် မိမိ၏ သဘာဝ၊ မိမိ၏ အမြင်၊ မိမိ၏ ဝေလေ့စရိုက်၊ မိမိ၏ အယူဝါဒတို့ကို စွဲလမ်းရာမှ ဖြစ်ပေါ်လာခဲ့လေသောကြောင့် ဥပါဒါန် အဖြစ်သို့ရောက်၏။ ထို့နောက် မသိစိတ်အဆင့်သို့ ရောက်၏။ ထိုအခါ သိစိတ်များကို လွှမ်းမိုးလေသည်။ အမှန်အားဖြင့် မိမိ၏ ခန္ဓာငါးပါးသည် မိမိနှင့်အမြဲတမ်း တွေ့ကြုံဆက်ဆံနေရသည့် အရင်းနှီးဆုံး ပတ်ဝန်းကျင် ဖြစ်၏။

ထို့ကြောင့် ပုထုဇဉ်တို့သည် မိမိနှင့် ပတ်သက်လေတိုင်း မိမိကိုယ်ကို အမှန်အတိုင်းမမြင်ဘဲ မိမိကိုယ်ကို ပို၍ချစ်သည့်စိတ်၊ မိမိကိုယ်ကို ပို၍မြတ်နိုးသည့် စိတ်က မသိစိတ်အနေဖြင့် သိစိတ်အပေါ် ဖိအားပေးလေသောကြောင့် မိမိ၏ မကောင်းမှုကို မကောင်းမှုဟူ၍ မမြင်၊ ကောင်းမှုဟူ၍သာ မြင်၏။ မိမိ၏ အမှားကို အမှားဟူ၍ မမြင်၊ အမှန်ဟူ၍သာ မြင်၏။ မိမိ၏ မတရားမှုကို မတရားမှုဟူ၍ မမြင်၊ တရားမှု ဟူ၍သာ မြင်၏။ မိမိ၏ ယုတ်မာမှုကို ယုတ်မာမှုဟူ၍ မမြင်၊ သူတော်စင်အဖြစ်သာ မြင်၏။ ဤသို့ ပြောင်းပြန်မြင်ခြင်းသည် မသိစိတ်များ၏ လွှမ်းမိုးမှုကြောင့် သိစိတ်ကအာရုံကို ယထာဘူတကျကျ အမှန်အတိုင်း မသိဘဲ ဘက်လိုက်၍သိခြင်းကြောင့် ဖြစ်၏။

အာရုံကို ယထာဘူတကျကျ အမှန်အတိုင်း သိလိုပါက မိမိသန္တာန်၌ မသိစိတ်များအနေဖြင့် ကိန်းအောင်းနေသော ကိလေသာများကို ကိုယ်ကျင့်သိက္ခာများဖြင့် ပယ်သတ်နိုင်အောင် အားထုတ်ရန်သာ ရှိပါ၏။ ကိလေသာများကို မပယ်သတ်နိုင်သရွေ့ မည်မျှလောက် ပညာရှိပင်ဖြစ်စေ မှားမြဲမှားလျက်ပင် ရှိကြမည်။ ယုတ်မာမြဲ ယုတ်မာလျက်ပင် ရှိကြမည်။ ဒေသနာတော်အရ ကိလေသာများကို မပယ်သတ်နိုင်သော ပညာသည် ပညာအမည်ခံထားသော်လည်း ပညာမဟုတ်၊ သညာသာ ဖြစ်ပါ၏။ ထို့ကြောင့် ပညာရှိဆိုသူတို့၏ ယုတ်မာမှုနှင့် ပညာမဲ့တို့၏ ယုတ်မာမှုသည် သကြားဖုံးထားသောအဆိပ်နှင့် သကြားမဖုံးသော အဆိပ်သဖွယ် သာ ဖြစ်ပါ၏။ သကြားဖုံးထားသော အဆိပ်သည် အဆိပ်မှန်း သိရန်ခက်၏။ သကြားမဖုံးသော အဆိပ်ကား အဆိပ်မှန်းသိရန် လွယ်ကူ၏။ ဤမျှသာ ထူးသည်၊ အခြား ထူးခြားချက် မရှိ။

http://www.cherrythitsar.org



ဒေဝိလရသေ့သည် မိမိကိုယ်ကို ပို၍ချစ်သော မသိစိတ်၊ မိမိ ကိုယ်ကို ပို၍မြတ်နိုးသော မသိစိတ်၏ လွှမ်းမိုးမှုကြောင့် မိမိ၏အပြစ်ကို အပြစ်ဟူ၍ မမြင်ဘဲ နာရဒရသေ့၏ အပြစ်ဟူ၍သာ မြင်၏။ သို့ဖြစ်၍ နာရဒရသေ့က အတန်တန် တောင်းပန်နေသည့်ကြားမှပင် ကျိန်စာတိုက်မိအောင် တိုက်လိုက်၏။ သို့ရာတွင် အပြစ်ကို အပြစ်ဟူ၍ မြင်သည်ဖြစ်စေ၊ အပြစ်မဟုတ်ဟူ၍ မြင်သည် ဖြစ်စေ အပြစ်သည် အပြစ်သာဖြစ်၏။ သဘာဝတရားတို့ မည်သည် မည်သည့် တန်ခိုးရှင်၏ ဩဇာကိုမျှမခံဘဲ အနတ္တသဘောအတိုင်း မိမိ၏ လမ်းကြောင်း ပေါ်၌သာ လျှောက်ကြ၏။ မိမိ၏ နိယာမအရသာ ဖြစ်ကြ၏။

နာရဒရသေ့သည် တန်ခိုးကြီးသူ ဖြစ်၏။ ရှေ့နောက် ကမ္ဘာ (၄၀)ကို မြင်စွမ်းနိုင်၏။ ထို့ကြောင့် နာရဒရသေ့သည် ‘မည်သူ့တွင် အပြစ်ရှိသနည်း။ နေထွက်လျှင် မည်သူ၏ဦးခေါင်း ခုနစ်စိတ် ကွဲမည်နည်း’ ဟူ၍ ဆင်ခြင်လေလျှင် ဒေဝိလရသေ့၌ အပြစ်ရှိ၍ ဒေဝိလရသေ့၏ ဦးခေါင်း ခုနစ်စိတ် ကွဲမည်ကို မြင်၏။ ထိုအခါ ဒေဝိလရသေ့အပေါ်၌ သနားကရုဏာသက်ပြီး နေမထွက်နိုင် အောင် မိမိ၏တန်ခိုးဖြင့် တား၏။ ဗာရာဏသီပြည်သည် နေရောင်မဲ့ကာ အမိုက်တိုက်အတိ ဖြစ်၏။

ဗြဟ္မဒတ်မင်းသည် ‘မိမိ မင်းကျင့်တရားနှင့် မညီသောကြောင့် ဤသို့ ဖြစ်လေသလော’ဟူ၍ ပြန်လည်ဆင်ခြင်သောအခါ မိမိ၌ အပြစ်မရှိကြောင်း တွေ့၏။ “သို့ဖြစ်လျှင် တန်ခိုးအာနုဘော်တို့နှင့် ပြည့်စုံသော ရသေ့တို့နှင့်သာ ပတ်သက်ပေလိမ့်မည်” ဟု ဆင်ခြင်ပြီး ဤမြို့၌ ရသေ့မည်သည်များ ရောက် မရောက် စုံစမ်း၏။ အိုးတင်းကုပ်၌ ရသေ့နှစ်ပါး ရောက်နေကြောင်း သိရသောအခါ ဗြဟ္မဒတ်မင်းသည် မီးတုတ်များကို ထွန်းညှိစေပြီး အိုးတင်းကုပ်သို့ သွား၍ နာရဒရသေ့ကို မေးမြန်း၏။

နာရဒရသေ့ကလည်း ဖြစ်ကြောင်းကုန်စင် ပြောပြ၏။ ထိုအခါ မင်းကြီး က ‘အရှင်ရသေ့၊ ဒေဝိလရသေ့ကို အန္တရာယ်ကင်းအောင် မည်သို့ စောင့်ရှောက်နိုင် မည်နည်း’ ဟု မေးရာ၊ နာရဒရသေ့က ‘အကယ်၍ ဒေဝိလ ရသေ့သည် ငါ့ကို ကန်တော့ပါက ဤအန္တရာယ်မှ ကင်းလွတ်နိုင်ပါ၏’ ဟု ဖြေကြား၏။

ထိုအခါ ဗြဟ္မဒတ်မင်းသည် ဒေဝိလရသေ့ထံ သွား၍ နာရဒ ရသေ့အား ကန်တော့ပါရန် ပန်ကြား၏။ ဒေဝိလရသေ့ကလည်း ‘ငါ၌ အပြစ်မရှိ၊ နာရဒ ရသေ့၌သာ အပြစ်ရှိ၏။ အပြစ်ရှိသူကို ငါ မကန်တော့နိုင်’ဟု ဆို၏။ မင်းကြီး လည်း အတန်တန်တိုက်တွန်း၏။ ဒေဝိလရသေ့ကလည်း အကြိမ်ကြိမ်ငြင်း၏။ နောက်ဆုံး၌ မတတ်သာတော့သဖြင့် ဒေဝိလရသေ့ကို ဖမ်းချုပ်စေပြီး နာရဒရသေ့ အား အတင်းအကျပ် ကန်တော့စေ၏။

http://www.cherrythitsar.org



နာရဒရသေ့ကလည်း 'ဒေဝိလ ထပေတော့၊ ငါ သည်းခံပါ၏' ဟု ဆိုပြီး မင်းကြီးအား 'မင်းကြီး၊ ဒေဝိလရသေ့သည် အောတနာမပါဘဲ ငါ့ကို ကန့်တော့ခြင်း ဖြစ်သည်။ သို့ဖြစ်၍ ဒေဝိလသည် အန္တရာယ်မှကင်းလွတ် လိမ့်မည် မဟုတ်၊ အကယ်၍ အန္တရာယ်မှကင်းလွတ်စေလိုသော ဒေဝိလရသေ့ကို ရေကန်တွင်းသို့ လည်ပင်းမြုပ်အောင် ဆင်းစေပြီး မြေစိုင်ခဲကို ဒေဝိလရသေ့၏ ဦးခေါင်းပေါ်၌ တင်ပေးထားပါ' ဟု ဆို၏။ မင်းကြီးလည်း နာရဒရသေ့ ပြောသည့်အတိုင်း မင်းချင်းတို့အား ပြုစေ၏။ ထို့နောက် ဒေဝိလရသေ့အား 'ဆရာ ကျွန်ုပ်သည် နေမင်းကိုလွှတ်တော့မည်၊ နေထွက်သည်နှင့် တစ်ပြိုင်နက် ရေငုပ်၍ ပြေးလေတော့' ဟု ဆိုကာ နေမင်းကို လွှတ်လိုက်ရာ နေရောင်သည် ဒေဝိလရသေ့၏ ဦးခေါင်း ပေါ်၌ တင်ထားသော မြေစိုင်ခဲကို ထိသည်နှင့်တစ်ပြိုင်နက် မြေစိုင်ခဲသည် ခုနစ်စိတ်ကွဲလေ၏။ ဒေဝိလရသေ့လည်း ရေငုပ်၍ ပြေးလေ၏။

ဤလောက၌ ဖြစ်ပြစ်သမျှသည် ထာဝရဘုရားသခင်၏ ဖန်ဆင်း၍ ဖြစ်သည် မဟုတ်၊ ကြောင်းကျိုး နိယာမအရသာ ဖြစ်ရ၏။ အကြောင်းကြောင့် အကျိုးဖြစ်၍ တစ်ဖန် အကျိုးကြောင့် အကြောင်းဖြစ်ရပြန်သည်။ ဤသည်ကိုပင် ပဋိစ္စသမုပ္ပါဒ် ဟူ၍ လည်းကောင်း၊ စက်ရဟတ် ဟူ၍လည်းကောင်း၊ ဝဋ်ဟူ၍ လည်းကောင်း ခေါ်ရ၏။ အကြောင်းနှင့် အကျိုးတို့သည် စက်ဘီးပမာ ချာချာလည်ခြင်း သဘော များဖြင့် ဖြစ်ကြ၏။

ထို့ကြောင့် တိဿမထေရ်၏ ခေါင်းမာမှု၊ ဆိုဆုံးမရခက်မှုသည် အစ မထင် သံသရာ၌ ကျင်လည်ခဲ့ရသော ဘဝများ၏ ခေါင်းမာမှု၊ ဆိုဆုံးမရ ခက်မှုများနှင့် အကြောင်းအကျိုးအနေဖြင့် ဆက်စပ်၏။ ဘဝများတွင် နမူနာ အဖြစ် ဒေဝိလရသေ့ဘဝကို ထုတ်ဆော်၍ မြတ်စွာဘုရားက ပရိသတ်အားလည်း စေရန် ရှင်းပြခြင်း ဖြစ်၏။ ထိုထို ဖြစ်ရပ်များသည် အကြောင်းအကျိုး နိယာမအရ ဖြစ်ကြရတွင် အကြောင်းကို မပယ်သတ်သရွေ့ ကာလပတ်လုံး ချားရဟတ်ပမာ ဆက်ကာဆက်ကာဖြစ်ပြီး အကြောင်းကို ပယ်သတ်မှသာ ရပ်တန့်သွားမည် ဖြစ်ကြောင်း မြတ်စွာဘုရားက ဤသို့ ဟောကြားတော်မူ၏။

- ဤသူသည် ငါ့ကို ဆဲရေး၏၊ ညှဉ်းဆဲ၏၊ အနိုင်အထက် ပြု၏၊ ငါ့ပစ္စည်းကို မတရားယူ၏။
- ဤသို့ ရန်ငြိုးဖွဲ့သူအား ရန်သည်မငြိမ်း။
- ဤသူသည် ငါ့ကို ဆဲရေး၏၊ ညှဉ်းဆဲ၏၊ အနိုင်အထက် ပြု၏၊ ငါ့ပစ္စည်းကို မတရားယူ၏။
- ဤသို့ ရန်ငြိုးမဖွဲ့သူအား ရန်သည် ငြိမ်း၏။

သံယောဇဉ်ကြီးများသည် နိုင်မြဲကြ၏။ သံယောဇဉ်ကြီးများတွင် ရန်ငြိုး

http://www.cherrythitsar.org



ပွဲခြင်းသည်လည်း ကြိုးတစ်ချောင်းအဖြစ် ပါဝင်၏။ ယင်းကြိုးကို ပဋိစ္စသမုပ္ပါဒ်ကြိုးဟု ခေါ်၏။ ပဋိစ္စ ဟူသည် အနက်အဓိပ္ပာယ်အားဖြင့် ဆန့်ကျင်ခြင်း ဖြစ်၍ ဒေါသသဘောရှိရာ ယင်းကြိုးကို ဖြတ်တောက်နိုင်မှ ရန်သည် ငြိမ်းပေ လိမ့်မည်။

ပဋိစ္စ သမုပ္ပါဒ်ကြိုးကို ဖြတ်တောက်ရာတွင် မူရင်းဒေါသကို နောက် ဒေါသဖြင့် ဖြတ်တောက်၍ မရ၊ ပထမပုဂ္ဂိုလ်၏ ဒေါသသည် အမှားတစ်ခု ဖြစ်၏၊ ယင်းအမှားကို အကြောင်းပြု၍ ဒုတိယပုဂ္ဂိုလ်က ဒေါသ ထပ်မံဖြစ်မည် ဆိုပါက ဒုတိယပုဂ္ဂိုလ်၏ ဒေါသသည်လည်း အမှားတစ်ခုပင် ဖြစ်၏။ သို့ဖြစ်၍ အမှားနှစ်ခုကို ပေါင်းလိုက်သောအခါ ညီမျှခြင်းအနေဖြင့် အမှန်တစ်ခု ရမလာဘဲ အမှားနှစ်ခုသာ ရလာပေလိမ့်မည်။ ဤနည်းအားဖြင့် အမှားများ ဆက်ကာ ဆက်ကာ ပွားပြီး ရန်သည် မည်သည့်အခါမျှ ငြိမ်းနိုင်တော့မည် မဟုတ်ချေ။

ပဋိစ္စ သမုပ္ပါဒ်ကြိုးကို ဖြတ်တောက်သောအခါ ဒေါသကို အဒေါသ ဖြင့် ဖြတ်တောက်ရ၏။ အဒေါသဟူသည် မေတ္တာပင်တည်း။ လောကကို မေတ္တာ စိတ်ဖြင့် ကြည့်နိုင်ပါက အရာရာတိုင်းသည် ငြိမ်းချမ်းပေလိမ့်မည်။ အကယ်၍ ဒေါသကို အဒေါသဖြင့် မချေဖျက်ပါက ယင်းဒေါသသည် သံသရာတစ်လျှောက် လုံး တစ်ဘဝပြီးတစ်ဘဝ သံသယာဇာတ်ကြိုးအနေဖြင့် ရစ်ပတ်နှောင်ဖွဲ့ပေလိမ့်မည်။ အရာရာတိုင်းကို ဒေါသဖြစ်စရာ၊ မကျေနပ်စရာအဖြစ် မြင်ပေလိမ့်မည်။ ထိုအခါ ဘဝသည် မငြိမ်းချမ်းနိုင်တော့၊ ထို့ကြောင့် ဘဝငြိမ်းချမ်းရေးအတွက် သံသယာဇာတ် ကြိုးအနေဖြင့် ရစ်ပတ်နှောင်ဖွဲ့လာသော ဒေါသကို အဒေါသတည်း ဟူသော မေတ္တာဖြင့် ဖျက်မိအောင် ဖျက်အပ်ပါ၏။

သတ္တသမံ ပေမံ နတ္ထိ[၁] ဟူသည့်အတိုင်း အရာရာတိုင်းမှာ ချစ်စရာသဘော ရှိ၏။ အရာရာတိုင်းမှာ အလှရှိပါ၏။ မီးမှာလည်း မီးအလှနှင့်မီး၊ ရေမှာလည်း ရေအလှနှင့် ရေ၊ အဆိပ်မှာလည်း အဆိပ်အလှနှင့် အဆိပ်၊ သို့ရာတွင် ထိုချစ်စရာ၊ ထိုအလှကို သားလူ သူတစ်မိမ်းအနေဖြင့် ကြည့်၍မမြင်၊ မိမိကိုယ်တိုင် မီး၊ မိမိကိုယ်တိုင် ရေ၊ မိမိကိုယ်တိုင် အဆိပ်ဖြစ်ပြီး မိမိကိုယ်ကိုမိမိ ပြန်ကြည့်မှ မိမိ၏ ချစ်စရာ၊ မိမိ၏အလှကို မြင်ရ၏။ ထို့ကြောင့် မိမိနှင့်တူသော ချစ်စရာ ဟူသည် မရှိ ဟူ၍ မြတ်စွာဘုရားက ဟောကြားတော်မူခြင်း ဖြစ်၏။ ဆေဒန္တ ဒဿနကလည်း 'အရာရာတိုင်းမှာ လေးစားစရာ သဘော၊ ချစ်စရာသဘော၊ သန့်သင်တတ်သည့်သဘောရှိ၏။ ထိုသဘောများကို သားလူ သူတစ်မိမ်းများက မြင်သည်ဖြစ်စေ၊ မမြင်သည် ဖြစ်စေ ရှိသည်ကား အမှန်' ဟူ၍ ဆိုလေသည်။

---

၁။ အတ္တသမံ ပေမံ နတ္ထိ – မိမိအသက် ချစ်စရာကောင်းသော အရာတစ္ဆု တူသည် မရှိ။

http://www.cherrythitsar.org



အရာရာတိုင်း၌ ချစ်စရာသဘော ရှိ၏။ ချစ်စရာသဘော ရှိသော်လည်း ထိုချစ်စရာသဘောကို မြင်အောင် မကြည့်တတ်၊ အရာရာတိုင်း၌ အလှရှိ၏။ အလှရှိသော်လည်း ထိုအလှကို မြင်အောင်မကြည့်တတ်၊ ထိုသို့ မြင်အောင်မကြည့်တတ်ခြင်းသည် မကြည့်တတ်သူ၏အပြစ်၊ မကြည့်တတ်သူ၏ အဝိဇ္ဇာ ဖြစ်၏။ သို့ဖြစ်၍ ထိုအပြစ်၊ ထိုအဝိဇ္ဇာကို ဖယ်ရှားရန် လိုအပ်ပါ၏။ အဝိဇ္ဇာကို ဖယ်ရှားသောအခါ သူ၏ဆန့်ကျင်ဘက် ဝိဇ္ဇာဖြင့်ဖယ်ရှားရ၏။ အဝိဇ္ဇာ ပျောက်သွားသောအခါ အရာရာတိုင်း၌ ချစ်စရာသဘော(မေတ္တာ)၊ အရာရာတိုင်း၌ ကြင်နာစရာသဘော(ကရုဏာ)၊ အရာရာတိုင်း၌ ဝမ်းမြောက်စရာသဘော(မုဒိတာ)၊ အရာရာတိုင်း၌ ခွင့်လွှတ်စရာသဘော(ဥပေက္ခာ) တို့ကို မြင်လာပေလိမ့်မည်။ အရာရာတိုင်းဟူသည် ဝေဒန္တဒေသနာအရ သက်ရှိသက်မဲ့ ဖြစ်သော်လည်း ဗုဒ္ဓဒေသနာတော်အရ သက်ရှိသာ ဖြစ်ပါ၏။ သက်ရှိသာ သံသရာနှင့် သက်ဆိုင်ပေသည်။

ဤလောက၌ အမြင်သုံးမျိုးရှိ၏။ ပထမအမြင်မှာ မိမိ၏ မျက်စိရှေ့၌ ရှိသလောက်ကိုသာ မြင်စွမ်းနိုင်သောအမြင်ဖြစ်၏။ ယင်းအမြင်မျိုးကို ပစ္စက္ခဒိဋ္ဌိ ဟူ၍ခေါ်၏။ ပစ္စက္ခဒိဋ္ဌိဖြင့် လောက၏ ချစ်စရာ၊ ကြင်နာစရာ၊ ကျေနပ်စရာနှင့် ခွင့်လွှတ်စရာ သဘောကို မမြင်နိုင်၊ လောက၏အလှကို မမြင်နိုင်၊ လောက၏ လေးစားစရာသဘောကိုမမြင်နိုင်၊ လောက၏သွန်သင်ချက်ကို သဘောမပေါက်။ ထိုအခါ ဒေါသပွားတတ်၏။ ပဋိဃသံယောဇဉ်ဖြင့် ရစ်ပတ်နှောင်ဖွဲ့ခြင်းခံရ၏။ သို့ရာတွင် မိမိကိုယ်ကိုမူ တိဿမထေရ်ကဲ့သို့ပင် အမှန်ဘက်၌ ရပ်တည်သူအဖြစ် မြင်၏။ ဤသဘောမှာလည်း အဝိဇ္ဇာသဘောသာ ဖြစ်၏။ ဒုတိယ အမြင်မှာ မိမိ၏ရှေ့မှောက်ရှိ ရှိသလောက်ကိုသာမက ယင်းနှင့်ဆက်စပ်ပြီး ယင်း၏နောက်ကွယ်ရှိ အရာ ဝတ္ထုများကိုပါ မြင်၏၊ ယင်းအမြင်မျိုးကို အနုမိတဒိဋ္ဌိ ဟူ၍ ခေါ်၏။ ဤအမြင်သည် ပစ္စက္ခဒိဋ္ဌိထက် သာသည်မှန်သော်လည်း လောက၏အလှကို မြင်အောင် မကြည့်တတ်သေးသဖြင့် အားကိုးလောက်သောအမြင် မဟုတ်သေး။

ပစ္စက္ခဒိဋ္ဌိနှင့် အနုမိတဒိဋ္ဌိတို့သည် မိမိက သူတစ်ပါးကို ကြည့်သည့် အကြည့်မျိုး၊ မိမိက သူတစ်ပါးကိုမြင်သည့် အမြင်မျိုးသာ ဖြစ်၏။ မိမိက မိမိကိုယ်ကို ကြည့်သည့် အကြည့်မျိုး၊ မိမိက မိမိကိုယ်ကိုမြင်သည့် အမြင်မျိုး မဟုတ်။ ထို့ကြောင့် လောက၏အလှကို မမြင်နိုင်ခြင်းဖြစ်၏။ အရာရာတိုင်း၏ ချစ်စရာသဘောကို မမြင်နိုင်ခြင်း ဖြစ်၏။ အမှန်အားဖြင့် မိမိက မိမိကိုယ်ကို ပြန်ကြည့်မှသာ မိမိ၏အလှ၊ မိမိ၏ ချစ်စရာသဘောကို မြင်နိုင်ခြင်း ဖြစ်လေရာ လောကကို ထိုအကြည့်မျိုးဖြင့် ကြည့်ဖို့လို၏။ ထိုအမြင်မျိုးဖြင့် မြင်ဖို့လို၏။

http://www.cherrythitsar.org



မီးကို ကြည့်လျှင်လည်း မိမိကိုယ်တိုင်က မီးဖြစ်သွားဖို့ လို၏။ ရေကို ကြည့်လျှင်လည်း မိမိကိုယ်တိုင်က ရေဖြစ်သွားဖို့ လို၏။ အဆိပ်ကို ကြည့်လျှင်လည်း မိမိကိုယ်တိုင်က အဆိပ်ဖြစ်သွားဖို့ လို၏။ ထိုအခါမှသာ မီး၏အလှ၊ ရေ၏အလှ၊ အဆိပ်၏အလှကို မြင်နိုင်၏။ ကြည့်တတ်သူနှင့် အကြည့်ခံဝတ္ထုတို့ နှစ်မျိုး မကွဲပြား၊ တစ်သားတည်းဖြစ်မှသာ အကြည့်ခံဝတ္ထုတို့၏ အလှ၊ အကြည့်ခံဝတ္ထုတို့၏ ချစ်စရာ၊ ကြင်နာစရာ၊ ကျေနပ်စရာ၊ လေးစားစရာ၊ ခွင့်လွှတ်နိုင်စရာတို့ကို မြင်နိုင်ပါ၏။ ထိုသို့ မြင်မှသာ ကြည့်တတ်သူ၏ သန္တာန်၌ အဒေါသတရား ဖြစ်မည်၊ ဗြဟ္မစိုရ်တရားပွားမည်။ ဒေါသအာဃာတ ပြေပျောက်၍ ဘဝသည် ငြိမ်းချမ်းပေလိမ့်မည်။ အာဃာတ သံသရာသည် တိုပေလိမ့်မည်။

လောက၏ အလှ၊ အရာရာတိုင်း၏ အလှကို မြင်နိုင်သော အမြင်မျိုးကို သစ္ဆိကတဒိဋ္ဌိ ဟူ၍ ခေါ်၏။ တတိယအမြင်မျိုး ဖြစ်သည်။ ယင်းအမြင်မျိုးသည်သာ ဘဝငြိမ်းချမ်းရေးအတွက် အားကိုးလောက်သော အမြင်မျိုးဖြစ်၏။ ယင်းအမြင်မျိုးဖြင့် လောကကို မြင်တတ်ရန် လွယ်ကူသည်မဟုတ်။ မလွယ်ကူသော်လည်း မဖြစ်နိုင်လောက်သော အရာလည်း မဟုတ်။ အားထုတ်လျှင် ဖြစ်နိုင်သည်သာ။

ထို့ကြောင့် ထိုအမြင်မျိုးဖြင့် လောကကို မြင်နိုင်စေရန် မိမိ၏ သန္တာန်၌ ကိုယ်ကျင့်သီလကို စောင့်ထိန်းရ၏။ တည်ကြည်မှု သမာဓိကို ခိုင်မာအောင် ပွားရ၏။ အမြင်နှင့်အတွေးကို ကြည်လင်သန့်ရှင်းအောင် ကြိုးစားရ၏။ ထိုအခါ သိက္ခာသုံးပါး ပြည့်စုံ၏။ သိက္ခာသုံးပါး ပြည့်စုံပါက လိုအပ်သော သစ္ဆိကတဒိဋ္ဌိ အမြင်ဖြင့် လောက၏အလှကို မလွဲမသွေ မြင်နိုင်ပေလိမ့်မည်။ ဒေါသအာဃာတ တို့ကို ပယ်ဖျောက်၍ ရန်ငြိမ်းပြီး ဘဝသည် အေးချမ်းသာယာပေလိမ့်မည်။ အသိမှန် ဝိဇ္ဇာဖြင့် အသိမှား အဝိဇ္ဇာကို ပယ်နိုင်ပေလိမ့်မည်။ သို့ဖြစ်၍ ဤကျင့်စဉ် အတိုင်း လိုက်နာကျင့်သုံးရန် မြတ်စွာဘုရားက ဤဂါထာ နှစ်ဂါထာကို ဟောကြားတော်မူခြင်း ဖြစ်၏။ ဤဒေသနာ၏ အဆုံး၌ တိဿမထေရ်လည်း ခေါင်းမာသူ မဟုတ်တော့ဘဲ ဆိုဆုံးမရလွယ်သူ ဖြစ်သွား၏။

ကျွန်ုပ်တို့သည်လည်း ခေါင်းမာသူ၊ ဆိုဆုံးမရခက်သူဖြစ်ရန် အခြေအနေနှင့် ကြုံတိုင်း တိဿမထေရ်၏ ထုံးကို နှလုံးသွင်းပြီး တိဿမထေရ်ကဲ့သို့ မိမိကိုယ်ကို ပြုပြင်အပ်ပါ၏။

**မှတ်ချက်။ ။ ပစ္စက္ခဒိဋ္ဌိ၊ အနုမိတဒိဋ္ဌိ၊ သစ္ဆိကတဒိဋ္ဌိ ဟူသော ဝေါဟာရတို့သည် မူရင်း ပါဠိဝေါဟာရများ မဟုတ်ကြ၊ မှတ်ဆိုရလွယ်ကူစေရန် မူရင်း သဒ္ဒါကျ ဝေါဟာရများကို အနီးကပ်ဆုံး ပါဠိပြန်ထားသည့် ဝေါဟာရများသာ ဖြစ် ကြပါ၏။**

http://www.cherrythitsar.org

# ကာဠီ ဘီလူးမ

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ကာလက ဖြစ်၏။ သာဝတ္ထိပြည်တွင် သူကြွယ်ဇနီးမောင်နှံ ရှိ၏။ တစ်ယောက် တည်းသော သားရတနာသာ ထွန်းကား၏။ ဖခင် ကွယ်လွန်သောအခါ မိခင်နှင့် သား နှစ်ဦးတည်း ကျန်ခဲ့၏။ သားကား မိဘ လက်ငုတ် လယ်ကိုလည်း လုပ်၏။ အမိ၏ဝေယျာဝစ္စကိုလည်း လုပ်၏။ အမိကမူ သူ့သားပင်ပန်းလှသည်ဟု ထင်၏၊ အမိထင်ခြင်းကား တစ်မျိုးဖြစ်၏။ သားကမူ မပင်ပန်းဟု ထင်၏၊ သား၏ထင်ခြင်းကား တစ်မျိုးဖြစ်၏။ အမိနှင့်သား အထင်အမြင်ချင်း မတူ။ အမိကား ပို၍ ဘဝခရီးကို လျှောက်ခဲ့သူဖြစ်၏။ သားသမီးများအပေါ် ထားရှိသော မိဘမေတ္တာနှင့် မိဘအပေါ်ထားရှိသော သားသမီးတို့၏ မေတ္တာများတွင် မိဘ မေတ္တာကသာ အနိုင်းမဲ့သာလွန်ကြောင်း "မာတာ ယထာ နိယံ ပုတ္တံ" ဟူ၍ မေတ္တသုတ်၌ မြတ်စွာဘုရားက ဟောကြားထား၏။

မနုဿတ္တဘာဝေါ ဒုလ္လဘော ဟူသည်နှင့်အညီ ဥစ္စာပစ္စည်း ပြည့်စုံ၊ အသိပညာ အတတ်ပညာ ပြည့်စုံမှုနှင့် လူ့ဘဝမည်သည် မဟုတ်။ လူ့ဘဝတွင် ရည်ရွယ်ချက်များ ရှိ၏။ ကျင့်ဝတ်များ ရှိ၏။ တာဝန်များ ရှိ၏။ ထိုရည်ရွယ်ချက်၊ ထိုကျင့်ဝတ်၊ ထိုတာဝန်များနှင့် ပြည့်စုံမှသာ လူ့ဘဝမည်၏။ ထိုသို့ လူ့ဘဝ မည်သော ဘဝမျိုးကို ထူထောင်နိုင်ရန် အိမ်ထောင်သည်ဘဝသည်သာ အသင့် လျော်ဆုံး ဖြစ်၏။ ထို့ကြောင့် သားချစ်သော မိခင်သည် သူ၏သားအား အိမ်ထောင်ချရန် စီစဉ်၏။ ထိုသို့ စီစဉ်ခြင်းသည် လူ့ဘဝသို့ ရောက်လာသော သူ့သား၏ဘဝကို ဘဝမည်သော သဘောကို ဆောင်နိုင်စေရန် မိခင်၏ စစ်မှန် သောမေတ္တာဖြင့် စီစဉ်ခြင်း ဖြစ်၏။ စစ်မှန်သော မေတ္တာဟူသည် "သီမာ သမ္ဘေဒ" ခေါ် "ငါ့အတွက် ငါ့သား" ဟူသော "ငါ၏" နယ်နိမိတ်ကို လွန်၍ လောကအတွက် ငါ့သား ဟူသော နယ်နိမိတ်မဲ့ သဘောကိုဆောင်၏။

သို့ရာတွင် သားကား မိခင်၏ စစ်မှန်သောမေတ္တာကို သဘောမပေါက်။ ငါ့ဘဝသည် ငါ့မိခင်အတွက်သာ ဖြစ်၏ဟူ၍ မိခင်၏ နယ်နိမိတ်အတွင်း၌သာ ကန့်သတ်ထား၏။ လောက၏နယ်နိမိတ်အတွင်းသို့ မရောက်။ သူ၏အချစ်သည် နုနယ်သောသူတို့၏ ဘဝအသိအတိုင်း၊ နုနယ်သေးသောအချစ်သာ ဖြစ်၏။ ရင့်ကျက် မှည့်ဝင်းသောအဆင့်သို့ မရောက်သေးသော်လည်း သူ့အဆင့်အရ မှန်မြတ်ပါ၏။ သို့ဖြစ်၍ သူ့မိခင်၏ အစီအမံကို ငြင်းဆန်ကာ လက်ရှိ လူပျိုဘဝ ဖြင့်ပင် သူ့မိခင်၏ ဝေယျာဝစ္စများကို ဆောင်ရွက်ကာ လယ်ယာလုပ်ငန်းဖြင့်

http://www.cherrythitsar.org



သူ့မိခင်ကို ပြုစုစောင့်ရှောက်ခွင့်ပြုရန် တောင်းပန်ရှာ၏။ သာမန်အမြင်အားဖြင့် ဆိုလျှင် သားလိမ္မာပင် ဖြစ်၏။

သို့ရာတွင် အမေမြင်သည်က ဘဝတွင် ရည်ရွယ်ချက်ရှိ၏။ ဘဝ၏ ရည်ရွယ်ချက်မှာ လွတ်လပ်မှု၊ ရှင်သန်မှုနှင့် ရိုးပင်မှုတို့ပင် ဖြစ်၏။ ယင်း သုံးမျိုးတို့သည် အသွင်အားဖြင့် သုံးမျိုးဖြစ်သော်လည်း အနှစ်သာရအားဖြင့်မူ တစ်ခုတည်းသာ ဖြစ်၏။ မကွဲပြား။ လူ့ဘဝသည် လောက၏ အစိတ်အပိုင်းသာ ဖြစ်၏။ အစိတ်အပိုင်း အသီးသီးတို့သည် မိမိတို့ တာဝန်အလျောက် လွတ်လပ်စွာ ဆောင်ရွက်နိုင်ပါမှ စက်ယန္တရားသဖွယ် လောကသည် ငြိမ်ညောင်းသာယာစွာ လည်ပတ်နိုင်ပေလိမ့်မည်။ သို့မဟုတ်ဘဲ ဘဝတစ်ခုက အခြားဘဝတစ်ခုကို မိမိနှင့် မဆိုင်ဘဲ ဝင်ရောက်ချုပ်ချယ်ပါက ဘဝအစိတ်အပိုင်း အချင်းချင်း တိုးဆွတစ်ဆို့ သွားပြီး လောကယန္တရားသည် ကမောက်ကမ ဖြစ်သွားပေလိမ့်မည်။

ထို့ကြောင့် အမေသည် သူ့သား၏ဘဝကို လောကယန္တရား၏ အစိတ် အပိုင်းများ လွတ်လပ်စွာ လှုပ်ရှားမှု၌ တိုးဆွတစ်ဆို့သွားအောင် မချုပ်ချယ်ဘဲ သာယာငြိမ်ညောင်းစွာ လည်ပတ်နိုင်မှု၌ အထောက်အကူပြုသော အစိတ်အပိုင်း တစ်ခု ဖြစ်စေလို၏။ သို့ဖြစ်၍သာ သူ့သားကို အိမ်ထောင်ပြုစေရန် စီမံခြင်း ဖြစ်၏။ အိမ်ထောင်သည်၏ ဘဝသည် အမှန်အားဖြင့် လောကယန္တရား၏ အခြားသော ဆိုင်ရာဆိုင်ရာ ဘဝအစိတ်အပိုင်းများနှင့် အထိအတွေ့ရဆုံး ဖြစ် သဖြင့် အန္တရာယ်အပြုနိုင်ဆုံး သို့မဟုတ် အထောက်အကူ အပြုနိုင်ဆုံး ဖြစ်၏။ အိမ်ထောင်သည်ဟူသည် တစ်ဦးတည်းက သားလည်း ဖြစ်၏။ အုပ်ချုပ်ခံလည်း ဖြစ်၏။ ဖခင်လည်း ဖြစ်၏။ အိမ်ဦးနတ်လည်း ဖြစ်၏။ ခင်ပွန်းလည်း ဖြစ်၏။ အုပ်ချုပ်သူလည်း ဖြစ်၏။ ဒါယကာလည်း ဖြစ်၏။ အလှူခံလည်း ဖြစ်၏။ သားသမီးများ၏ ဆရာလည်း ဖြစ်၏။ မိတ်ဆွေလည်း ဖြစ်၏။ အတာယ်မျှလောက် လောကသာယာ ငြိမ်ညောင်းရေးအတွက် ဆောင်ရွက်ခွင့်ရသော ဘဝအစိတ် အပိုင်းမျိုး ဖြစ်ပါလေသနည်း။

ရှင်သန်မှုနှင့် ပတ်သက်၍ အိမ်ထောင်သည်၏ဘဝသည် အစဉ် ရှင်သန် နေမှသာ မိဘ ဘိုးစဉ်ဘောင်ဆက် အပါအဝင် မိမိတို့၏ အမျိုးအနွယ်များ၊ ဓလေ့ထုံးစံများ၊ ယဉ်ကျေးမှုများကို ဤမြေပြင်မှ မပျောက်ကွယ်သွားအောင် ထိန်းသိမ်းနိုင်မည်ဖြစ်၏။ သို့ဖြစ်၍ သားစဉ်သမီးဆက် ဖြစ်ပေါ်ရန် လိုအပ်၏။ အိမ်ထောင်ပြုခြင်း ဆိုသည်မှာ ကာမဂုဏ်ခံစားရန် မဟုတ်ဘဲ လောကယန္တရား သာယာငြိမ်ညောင်းစွာ လည်ပတ်နိုင်ရေးအတွက် လောက၏အစိတ်အပိုင်းများ အဖြစ် အထောက်အကူပြု ဆောင်ရွက်နိုင်စေရန် သားသမီးရတနာများ ထွန်းကား

http://www.cherrythitsar.org



ရေးအတွက်သာ ဖြစ်၏။ သို့မဟုတ်ပါက မျိုးဆက်ပြန့်ပွားမှု ရပ်ဆိုင်းပြီး လူ့လောကသည် တစ်မျိုးတစ်ဖုံ ဖြစ်သွားနိုင်ပါ၏။ ဤအန္တရာယ်ကို ကာကွယ်ရန်အတွက် အမေသည် သားအား အိမ်ထောင်ပြုရန် တိုက်တွန်းခြင်းဖြစ်၏။ ဘဝ၏ ရည်ရွယ်ချက်ကို အကောင်အထည်ဖော်ရန် ဖြစ်၏။ အကယ်၍ လောကယန္တရား၏ အစိတ်အပိုင်းသဖွယ်ဖြစ်သော ထိုထိုဘဝတို့သည် ရှင်သန်မှု မရှိတော့ဘဲ ပျက်သုဉ်းသွားမည် ဆိုပါက ဤလောကသည် မည်သို့ အသွင်သဏ္ဌာန် ရှိနိုင်ပါသနည်း ဟူသော မေးခွန်းနှင့်ပတ်သက်၍ ဗြဟဒါရဏျက ဥပနိသျှတ်– ၁၀၊ ၁၂၉ ၏ စကားကို ကောက်နုတ်၍ သုံးရလျှင် –

"ဤလောကသည် မည်သည့်အရာဝတ္ထုမှ စတင်ဖြစ်ပေါ်လေသနည်း။ ဖန်ဆင်းမှု ဟုတ်ချင်လည်း ဟုတ်မည်၊ မဟုတ်ချင်လည်း မဟုတ်။ ဤလောက၏ အကြီးအမှူးဖြစ်၍ အမြင့်ဆုံး ကောင်းကင်၌ နေသူသာ သိပေလိမ့်မည်။ သို့မဟုတ် သူသည်ပင် သိချင်မှ သိပေလိမ့်မည်"

ဟူ၍ ဖြေရမည်ပင် ဖြစ်၏။ ဗုဒ္ဓ၏စကားနှင့် ဖြေရလျှင်မူ "လောကဝိသယော အစိန္တေယျော" ပင် ဖြစ်၏။ အထူးဆိုဖွယ်မရှိ။ သို့ရာတွင် ပုထုဇဉ်တို့၏ အမြင်အရ အစဉ်အလာအယူအဆအကြံအတိုင်း ကောင်းသောလက္ခဏာ ဟူ၍တော့ မဆိုနိုင်ပါချေ။

ရိုင်းပင်းမှုနှင့် ပတ်သက်၍ လူတို့မည်သည် တစ်ဦးချင်း တစ်ယောက်ချင်း နေ၍မရ။ အပေါင်းအစုအဖြစ် အုပ်စုဖွဲ့၍ နေရ၏။ ထိုအခါ လောက၏ အစိတ်အပိုင်းသဖွယ်ဖြစ်သော လူတို့သည် မိမိတို့၏ ဆိုင်ရာ အစိတ်အပိုင်း တာဝန်အလျောက် အစိတ်အပိုင်းအချင်းချင်း အဖော်အမှီ ပြုရ၏။ အချင်းချင်း ရိုင်းပင်းရ၏။ ကူညီရ၏။ ထိုလုပ်ငန်းဆိုင်ရာ တာဝန်များ ပျက်ကွက်သည်နှင့်အမျှ လောကယန္တရားသည် ချောမောစွာ လည်ပတ်နိုင်တော့မည် မဟုတ်။ ထိုအခါ လောက၏ အစိတ်အပိုင်းဖြစ်သော ထိုထိုဘဝတို့သည် မည်သို့လျှင် သုခနှင့်ပြည့်စုံနိုင်ကြပေလိမ့်မည်နည်း။ ထို့ကြောင့် တစ်ဦးချင်း၏ ဘဝသာယာရေးအတွက် လောကတစ်ခုလုံး ငြိမ်းချမ်းသာယာအောင် ဆောင်ရွက်ရေး၌ အချင်းချင်း ရိုင်းပင်းကူညီရန် တာဝန်ကိုယ်စီ ရှိကြ၏။ ဤလဒ္ဓိကို အမေသည် မြင်၏။ ဤအမြင်သည် အမေ၏ မေတ္တာနှင့်ယှဉ်သော အမြင်ဖြစ်၏။

လူ့သမိုင်းအစ၌ ဘဝ၏ ရည်ရွယ်ချက် သုံးမျိုးဖြစ်သော (၁) လွတ်လပ်မှု၊ (၂) ရှင်သန်မှု၊ (၃) ရိုင်းပင်းမှုတို့ကို ဆောင်ရွက်နိုင်ရန် မိမိတို့၏ ဘဝအယူအကြံများမှ အိမ်ထောင်သည်ဘဝကို တန်ဖိုးထား ကြခြင်းဖြစ်၏။ အိမ်ထောင်သည်

http://www.cherrythitsar.org



ဘဝသည် လောက၏ အစိတ်အပိုင်းသဖွယ်ဖြစ်သော ဘဝအသီးသီးတို့၏တာဝန် အမျိုးမျိုးတို့ကို ဆောင်ရွက်ခွင့်အရဆုံး ဖြစ်၏၊ ဘဝ၏ ရည်ရွယ်ချက်ကို ပြီးမြောက်အောင် အကောင်အထည် အဖော်နိုင်ဆုံး ဖြစ်၏။

မိဘနှင့် ပတ်သက်လာလျှင် မိမိသည် သားသမီး ဖြစ်၏။ ထို့ကြောင့် သားသမီး၏ ဘဝအပိုင်းကို ဆောင်ရွက်ခွင့်ရ၏။ သားသမီးနှင့် ပတ်သက် လာလျှင်လည်း မိမိသည် မိဘဖြစ်ပြန်၏။ ထို့ကြောင့် မိဘ၏ ဘဝအပိုင်းကို ဆောင်ရွက်ခွင့် ရပြန်၏။ ဤနည်းအားဖြင့် မိဘနှင့် ပတ်သက်လာလျှင် မိမိသည် တပည့်ဖြစ်ရသဖြင့် တပည့်၏ဘဝပိုင်း တာဝန်၊ သားသမီးနှင့် ပတ်သက်လာလျှင် မိမိသည် ဆရာဖြစ်ရသဖြင့် ဆရာ၏ ဘဝပိုင်းတာဝန်၊ ဆရာသာမက မိတ်ဆွေ လည်း ဖြစ်ရသဖြင့် မိတ်ဆွေ၏ ဘဝပိုင်းတာဝန်၊ မိတ်ဆွေသာမက ပတ်ဝန်းကျင် လည်း ဖြစ်ရသဖြင့် ပတ်ဝန်းကျင်၏ ဘဝပိုင်းတာဝန်၊ ခင်ပွန်းဖြစ်ရသဖြင့် ခင်ပွန်း၏ တာဝန်၊ အိမ်ဦးနတ် ဖြစ်ရသဖြင့် အိမ်ဦးနတ်၏ တာဝန်၊ လုပ်ငန်းများ စီမံခန့်ခွဲရသဖြင့် အလုပ်ရှင်၏ တာဝန်၊ မိမိကိုယ်တိုင် လုပ်ကိုင်ဆောင်ရွက်ရသဖြင့် အလုပ်သမား၏ တာဝန်၊ ဆိုင်ရာဆိုင်ရာ ကောင်းမှုလုပ်ငန်းတို့၌ ပါဝင်လှူဒါန်းရ သဖြင့် အလှူရှင်၏ တာဝန်၊ ထိုထို ပူဇော်မှု၊ ချီးမြှောက်မှုတို့ကို ခံယူရသဖြင့် အလှူခံပုဂ္ဂိုလ်၏ တာဝန်၊ ရှေ့ဆောင်ရှေ့ရွက် ပြုရသဖြင့် နာယကပုဂ္ဂိုလ်၏ တာဝန်၊ လက်အောက်ခံနေရာကနေ၍ ဆောင်ရွက်ရသဖြင့် ငယ်သား၏တာဝန်၊ အုပ်ချုပ်ရေးကို ဆောင်ရွက်ရသဖြင့် မင်း၏တာဝန်၊ ဆိုင်ရာဥပဒေများကို လိုက်နာရသဖြင့် တိုင်းသူပြည်သားများ၏ တာဝန်၊ ဤသို့ စသည်စသည်များဖြင့် တာဝန် အမျိုးမျိုးကို ဆောင်ရွက်ခွင့်ရ၏။

ဤသို့ ဆောင်ရွက်ခွင့်ရသဖြင့် ဆောင်ရွက်ရခြင်းသည် အစပထမ၌ ဘဝ သုခ၏ ရည်ရွယ်ချက်များ ဖြစ်၏။ လောကသုခ၏ ရည်ရွယ်ချက်များ ဖြစ်၏။ ယင်း ရည်ရွယ်ချက်များသည် အရိယသစ္စာကို မသိသေးမီပင်ကြား ကောင်းမွန် သော သမ္မုတိသစ္စာ၊ သဘာဝသစ္စာများ ဖြစ်ပါ၏။ ယင်းသစ္စာများသည် တဏှာ၊ မာန၊ ဒိဋ္ဌိတို့ဖြင့် ဖွဲ့ယှက်အပ်သော "အတ္တ" အပေါ် အခြေခံသော သစ္စာ များသာဖြစ်ကြောင်း ထိုးထွင်း၍ သိမြင်လာသောအခါ ဘဝ၏ ရည်ရွယ်ချက် သုံးခုကို အမြင့်ဆုံးရောက်အောင် တိုးမြှင့်လိုက်၏။ အရိယသစ္စာအဖြစ် သတ်မှတ် လိုက်၏။ ထိုအခါ ဘဝ၏ လွတ်လပ်မှုကို "မောက္ခ" ဟူ၍လည်းကောင်း၊ ဘဝ၏ ရှင်သန်မှုကို "အမတ" ဟူ၍ လည်းကောင်း၊ ဘဝ၏ ရိုင်းပင်းမှုကို "သရဏ" ဟူ၍လည်းကောင်း ပညတ်လိုက်၏။ အမှန်အားဖြင့် မောက္ခ၊ အမတ၊ သရဏ ဟူသော အမည်သုံးမျိုးသည် "နိဗ္ဗာန်" တစ်မျိုးတည်း၏ ပရိယာယ် အမည်များသာ ဖြစ်၏။

http://www.cherrythitsar.org



အသိဉာဏ်များ မရင့်ကျက်မီက ပါရီဥာဏ်သိကာ သစ္စာ၊ သမ္မုတိသစ္စာ၊ သဘာဝသစ္စာများ အနေဖြင့် လူတို့သည် ဘဝ၏ ရည်ရွယ်ချက်များကို (၁) လွတ်လပ်မှု၊ (၂) ရှင်သန်မှု၊ (၃) ရိုင်းပင်းမှု ဟူ၍ သုံးမျိုး သတ်မှတ်ခဲ့ပါ၏။ ထိုသုံးမျိုး သတ်မှတ်ခဲ့သည့်အတိုင်း အဆင့်အလိုက် သုံးမျိုးပင် ကွဲပြားကြပါ၏။ သို့ရာတွင် "နံ" ရာမှ ရင့်၍ ရင့်၍သွားအောင် သူတို့သည် ကျင့်၍ကျင့်၍ သွားကြလေသောအခါ ပါရီဥာဏ်သိ သစ္စာမှ သမ္မုတိသစ္စာသို့၊ သမ္မုတိသစ္စာမှ သဘာဝသစ္စာ (ဥပါဒါနက္ခန္ဓာ–ရုပ်နှင့် နာမ်) သို့၊ သဘာဝသစ္စာမှာ အရိယသစ္စာသို့ အမှန်တရားတို့သည် အဆင့်ဆင့် ပို၍ပို၍ ဖြင့်မားလာကြ၏။ နောက်ဆုံး၌ ဘဝရည်ရွယ်ချက်သည် "နိဗ္ဗာန်" သို့ တိုင်၏။ နိဗ္ဗာန်သည် အနှစ်သာရအနေဖြင့် တစ်ခုတည်း ဖြစ်သော်လည်း အသွင်သဏ္ဌာန်အားဖြင့်မူ လွတ်လပ်မှုလည်း ပါ၏။ ရှင်သန်မှုလည်းပါ၏။ ရိုင်းပင်းမှုလည်းပါ၏။ ယင်းသုံးမျိုးတို့သည် ယနေ့ လူ့ဘောင်သာယာရေးအတွက် သီးခြားစီ သီးခြားစီ နာနတ္တတိက အနေဖြင့် ဆောင်ရွက်ရန် ဘဝ၏ ရည်ရွယ်ချက်အမှန်များ ဖြစ်ကြပါ၏။

အမေ၏ ဘဝရည်ရွယ်ချက်သည် အရိယသစ္စာအထိ မမြင့်မားသော်လည်း ထိုခေတ် ဘာသာရေး ယုံကြည်မှုအရ လောကသစ္စာ၌မူ သက်ဝင်ယုံကြည်၏။ ဘာသာရေးယုံကြည်မှု၌ အယူသည်းသူအဖြစ်လည်း မှတ်ယူနိုင်၏။ သို့ဖြစ်၍သာ အမေသည် သား၏ဘဝကို မိမိ၏ ကိုယ်ကျိုးကိုယ့်စီးပွား တစ်ခုတည်းအတွက်သာ အသုံးချရန် မရည်ရွယ်ဘဲ မိမိမျိုးနွယ်စု၏ အစီးအပွား၊ ပတ်ဝန်းကျင်၏ အစီးအပွား၊ လောက၏ အစီးအပွားအတွက်ပါ အသုံးချရန် ရည်ရွယ်၍ သားကို အိမ်ထောင်ချရန် စီစဉ်ခြင်းဖြစ်၏။ သို့မှသာ သားအပေါ် အမေ၏ စစ်မှန်သော မေတ္တာဖြင့် ချစ်ရာရောက်ပေလိမ့်မည်။ သို့မဟုတ်ပါက အချစ်များကို အချစ်မှန် ထင်သော မိခင်မျိုးသာ ဖြစ်ပေလိမ့်မည်။

ဘဝ၏ ရည်မှန်းချက်များ ပြည့်ရန်အတွက် တာဝန်ဝတ္တရားများကိုလည်း ဆောင်ရွက်ရန် လိုအပ်ပါ၏။ ထိုတာဝန်ဝတ္တရားများမှာ မိမိတို့၏ ဘဝအဆင့်အလိုက် သားသမီးတာဝန်၊ မိဘတာဝန်၊ တပည့်တာဝန်၊ ဆရာတာဝန်၊ ခင်ပွန်းတာဝန်၊ ဇနီးတာဝန်၊ အလုပ်ရှင်တာဝန်၊ အလုပ်သမားတာဝန်၊ မိတ်ဆွေတာဝန်၊ အိမ်ရှင်တာဝန်၊ ဧည့်သည်တာဝန်၊ ရဟန်းတာဝန်၊ ဒါယကာတာဝန်၊ မင်းတာဝန်၊ ပြည်သူ့တာဝန်၊ ခေါင်းဆောင်နာယကတာဝန်၊ လက်အောက်ငယ်သားတာဝန် စသည်တို့ဖြင့် လူတို့သည် ဆိုင်ရာဆိုင်ရာ တာဝန်များကို ဝတ္တရားများအနေဖြင့် မလွှဲမသွေ ဆောင်ရွက်ရမည် ဖြစ်ပါ၏။ တာဝန်ဝတ္တရားများကိုလည်း ဘာသာယဉ်ကျေးမှုအရ လိုက်နာဆောင်ရွက်ရန် သတ်မှတ်ပြီး ဖြစ်ပါ၏။ ပြဋ္ဌာန်းပြီး ဖြစ်ပါ၏။

http://www.cherrythitsar.org



တာဝန်များကို ဆောင်ရွက်ရာ၌ တာဝန်တစ်ရပ်နှင့်တစ်ရပ် အချင်းချင်း ချုပ်ချယ်လွှမ်းမိုးပြီး တိုးတော့တစ်ဆို့သွားကာ လောကယန္တရား ကမောက်ကမ ဖြစ်မသွားရလေအောင် အချင်းချင်း လိုက်နာကျင့်သုံးရမည့် အခြေခံမူများလည်း ရှိပါ၏။ ယင်းတို့ကို ကိုယ်ကျင့်သိက္ခာများ ဟူ၍ ခေါ်၏။ ကိုယ်ကျင့်သိက္ခာများကို ကျင့်သုံးရာတွင် ဗြဟ္မစိုရ်တရားတို့ဖြင့် ဝန်းရံထားဖို့ လိုအပ်ပါ၏။ ချစ်ခြင်း၊ ကြင်နာခြင်း၊ လေးစားခြင်း၊ မှန်ကန်မျှတခြင်း မပါသော ဒါန၊ သီလ၊ ဘာဝနာ သို့မဟုတ် သီလ၊ သမာဓိ၊ ပညာ တို့သည် လောကယန္တရားကို အေးချမ်းသာယာအောင် ဆောင်ရွက်ရာ၌ ထိရောက်ကြမည်မဟုတ်။ တစ်သားတည်း၊ တစ်ခုတည်း အဖြစ်သို့ရောက်သော ညီညွတ်မှု **(Harmony)** ကို ဖြစ်အောင် ဆောင်ရွက်နိုင်ကြမည်မဟုတ်။ လောကလူ့ဘောင်တွင် အချို့သောအပိုင်းသည် သာယာ၍ အချို့သောအပိုင်းကား ဂယက်ထန်မြဲ ထန်နေမည်သာ ဖြစ်၏။ ဦးခေါင်းလျှင် ပုံကစိုက်၍ ပုံကခေါင်းလျှင် ဦးကစိုက်နေမည် ဖြစ်၏။ ထို့ကြောင့် လောကယန္တရား ငြိမ့်ညောင်းသာယာစွာ လှုပ်ရှားနိုင်ရေးအတွက် ဆိုင်ရာဆိုင်ရာ ဘဝ အဆင့်အလိုက် ကိုယ်စီတာဝန်များကို ဆောင်ရွက်ရာတွင် အခြေခံမူ အဖြစ် ချစ်ခြင်း၊ ကြင်နာခြင်း၊ လေးစားခြင်း၊ တရားမျှတခြင်း တည်းဟူသော ဗြဟ္မစိုရ်တရား လေးပါးတို့ဖြင့် ထုံမွှမ်းထားသော ကိုယ်ကျင့်သိက္ခာများကို တစ်ဦးချင်း စရိုက်၊ တစ်ဦးချင်းညဉ်အဆင့်ကို ကျော်လွန်ကာ အမျိုးသားစရိုက်၊ အမျိုးသား ညဉ်အဆင့်သို့ ရောက်အောင် အားထုတ်အပ်ပါ၏။

အမေသည် အတ္တဆန်သော အမေ မဟုတ်၊ လောကဆန်သော အမေ ဖြစ်၏။ အမြင်ကျဉ်းသော အမေ မဟုတ်၊ အမြင်ကျယ်သော အမေ ဖြစ်၏။ ထို့ကြောင့် အမေသည် သား၏ဘဝကို လောက၏ အထောက်အကူပြု အစိတ်အပိုင်းတစ်ခုအဖြစ် တာဝန်ယူ ဆောင်ရွက်နိုင်စေရန် အိမ်ထောင်ချဖို့ စီစဉ်၏။ သားသည် အိမ်ထောင်မပြုလိုသော်လည်း အမေ၏ဆန္ဒကို လိုက်လျောကာ အမေနှင့်ညှိပြီး မိမိနှစ်သက်သော အမျိုးသမီးနှင့် လက်ထပ်လိုက်၏။ သို့ရာတွင် သား၏အိမ်ထောင်သည်ဘဝသည် အမေမျှော်လင့်သော အိမ်ထောင်သည်ဘဝမျိုး ဖြစ်မလာ။ သူတို့တွင် သားသမီးရတနာများ မထွန်းကားခဲ့။ ထိုအခါ ဘဝ၏ ရည်ရွယ်ချက်များ၊ ကျင့်ဝတ်များ၊ တာဝန်များကို မျှော်မှန်းသည့်အတိုင်း ဆောင်ရွက်ရန် အကျပ်အတည်း တွေ့လာ၏။ ထိုအကျပ်အတည်းကား ကံကြမ္မာ၏ အကျိုးတရားပေတည်း။ ကံကြမ္မာ၏ အကျိုးတရားဟူသည် မည်သူမျှ မတွန်းလှန်နိုင်သော အင်အားဖြစ်၏။ ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ ကံကြမ္မာ၏ အင်အားကို "လှေကားထစ်" သဖွယ်ခံယူရ၏။ ယင်းကိုဝင် ပါဠိ

http://www.cherrythitsar.org



ဝေါဟာရဖြင့် သဒ္ဒါဝသ ဟူ၍ ဆိုအပ်၏။ မြန်မာဝေါဟာရအားဖြင့် ကျေနပ်မှု (သို့) ရောင့်ရဲမှုပင် ဖြစ်၏။ ကျေနပ်မှု (သို့) ရောင့်ရဲမှု ဟူသည် "လောကီ" သဘောယ်ဖြစ်သဖြင့် "ယာယီတွန်းခိုရာ"သာ ဖြစ်၏။ ထာဝရစခန်း မဟုတ်၊ တက်၍လည်း ရ၏။ ဆင်း၍လည်း ရ၏။ ထိုရာတွင် ထာဝစဉ် ရပ်၍ကား မနေရ။ အမြင့်ဆုံးအထိ မရောက်မနေ တက်ရမည့်တာဝန် ရှိ၏။

လောကတွင် ကံကြမ္မာ၏ အကျိုးတရားများ ရှိ၏။ ယင်းကို လောကဓံ ဟူ၍ ခေါ်၏။ လောကဓံတွင် ကောင်းသည်လည်း ရှိ၏။ ဆိုးသည်လည်းရှိ၏။ ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ၊ ယင်းကို သဘာဝ၏ ဖြစ်စဉ်အဖြစ် သတ်မှတ်၏။ လောကီသာအဖြစ် သဘောထား၏။ အဖြစ်ကို အဖြစ်အတိုင်း၊ အရှိကို အရှိအတိုင်း မြင်နိုင်အောင် အမေသည် ကြိုးစား၏။ အမေ၏ သားနှင့် သမီးတို့တွင် သားသမီးရှေ့သာ မထွန်းကားလေသောအခါ အမေတို့မျိုးနွယ်၏ ဘဝသည် ရှင်သန်တော့မည် မဟုတ်၊ ပျက်သုဉ်းပေတော့မည်။ ဤသဘောကို အမေသည် လက်မခံနိုင်၊ ဖြစ်–ဖြစ်သမျှ၊ ရ–ရသမျှ၊ ရှိ–ရှိသမျှနှင့် ရောင့်ရဲရမည်၊ ကျေနပ်ရမည်ဟူသည် ငုတ်တုတ်ထိုင်၍ ထာဝရရပ်နားနေရမည်ဟူ၍ ဆိုလိုသည် မဟုတ်။ အဆိုးတရားနှင့်တွေ့လျှင်လည်း ငိုရှိုက်ပြီး လည်စင်းမခံရ။ အကောင်း တရားနှင့် တွေ့လျှင်လည်း ရယ်မောပြီး ယစ်မူးမနေရ။ အမေသည် လူ့ဘဝနှင့် ပတ်သက်၍ ဤသို့မြင်သူ ဖြစ်၏။ လောကဓံတရားများသည် ဘဝအတွက် ပန်းတိုင်မဟုတ်၊ ဆက်၍ဆက်၍ လျှောက်ကာလျှောက်ကာ တစ်ထစ်ပြီးတစ်ထစ် တက်လှမ်းရမည့် လောကီသာ ဖြစ်၏။ သံသရာတည်းဟူသော လောကား ကား ရှည်လျား လှပါဘိ။

အမေသည် သားကို ချစ်၏။ မြေးမကိုလည်း ချစ်၏။ သားနှင့် မြေးမကို ချစ်သောအချစ်သည် မိမိက ပိုင်ဆိုင်ပြီး မိမိ၏ အကျိုးစီးပွားအတွက် ချစ်သော အချစ် မဟုတ်။ လောကက ပိုင်ဆိုင်ပြီး လောက၏ အစီးအပွားအတွက် ချစ်သော အချစ်ဖြစ်၏။ သေမျှော သနန္တနော ဟူသော လောကအစဉ်အလာ မှုအရ အိမ်ထောင်စု တစ်စုအတွက် တစ်ဦးက စတေးခံရ၏။ ရွာတစ်ရွာအတွက် အိမ်ထောင်စု တစ်ခုက စတေးခံရ၏။ မြို့တစ်မြို့အတွက် ရွာတစ်ရွာက စတေး ခံရ၏။ လူမျိုးတစ်မျိုးလုံးအတွက် မြို့တစ်မြို့က စတေးခံရ၏။ ဤနေရာ၌ စတေး ခံရခြင်း ဆိုသည်မှာ ဓါးသ၊ မားနတို့ဖြင့် ခွန်းစားခြင်း မဟုတ်ပဲ၊ ချစ်ခြင်း၊ ကြင်နာခြင်း၊ လေးစားခြင်း တရားမျှတခြင်း တည်းဟူသော ဗြဟ္မစိုရ်တရား လေးပါးတို့ဖြင့် ထုံမွမ်းသော ကိုယ်ကျင့်သိက္ခာထက်၌ အခြေခံ၍ မိမိဆိုင်ရာ တာဝန်များကိုဆောင်ရွက်ရာ၌ မကြောက်မရွံ့နောက်မတွန့်ဘဲ အသက်သေသည်

http://www.cherrythitsar.org



အထိ ကိုယ်ကျိုးကို စွန့်လွှတ်ခြင်းတည်း။ ထိုသို့ စွန့်လွှတ်ခြင်းသည် ဘဝ၏ ရည်ရွယ်ချက်များဖြစ်သော လွတ်လပ်မှု၊ ငြိမ်းချမ်းမှု၊ ရှင်သန်မှု၊ ရိုးဖြောင့်မှုတို့အတွက်သာ ဖြစ်၏။ ယင်းကို ဗုဒ္ဓဘာသာဝင်တို့က "နိဗ္ဗာန ပရမံ သုခံ" ဟုဆိုကြသည်။ ဤနိဗ္ဗာန်ဆိုသည်မှာ ဘာကိုမျှ မတောင့်တဘဲ၊ သို့မဟုတ် ဘာကိုမျှ မတောင့်တဘဲ လွတ်လွတ် စွန့်လွှတ်ခြင်း ဟူ၍ ဘာသာရေးအမြင်ဖြင့် အနက်ဖော်ကြ၏။ ဘာကိုမျှ မတောင့်တခြင်းဟူသည် တောင့်တတက်သော "ဝါန" ခေါ် လောဘမှ လွတ် မြောက်ခြင်း ဖြစ်၏၊ လောဘမှ လွတ်မြောက်ခြင်းသည် နိဗ္ဗာန်ဖြစ်၏။ နိဗ္ဗာန် သည် ဘုံနှင့်နှင့်နှင့်ဗိမာန်နှင့် မဟုတ်။ လောဘကိုပယ်ခြင်း ဖြစ်၏။ အရပ်သုံး ဝေါဟာရဖြင့် ဖော်ပြရပါက လောဘကို နည်းနည်းပယ်လျှင် နည်းနည်း နိဗ္ဗာန် ဖြစ်၏။ များများပယ်လျှင် များများနိဗ္ဗာန် ဖြစ်၏။ အကြွင်းမဲ့ ပယ်လျှင် အကြွင်းမဲ့ နိဗ္ဗာန် ဖြစ်၏၊ နိဗ္ဗာန်၏ အေးမြချမ်းသာခြင်းကိုမူ လူတိုင်း ကြားဖူး ကြ၏။ လောဘကင်းလျှင် ကင်းသည့်အလျောက် ချမ်းသာခြင်းကို လူတိုင်း ကြုံတွေ့ဖူးသော်လည်း နိဗ္ဗာန်၏ အေးမြသော ချမ်းသာခြင်းမျိုး ဟူ၍ကား မရိပ်စားမိကြ။

အမေသည် တစ်လင်တစ်မယားစနစ်ကို မြတ်နိုးပါ၏။ ထိန်းသိမ်းလည်း ထားပါ၏။ သို့ရာတွင် မိမိတို့အမျိုးအနွယ် မပြတ်ရေးအတွက် လောက အစဉ် အလာဓမ္မကို လိုက်နာသောအားဖြင့် ထိုစနစ်ကို "စဖော" ရမည်။ မိမိသားအား နောက်အိမ်ထောင်ပြုရန် တိုက်တွန်းရ၏။ သို့မှသာ သားစဉ် မျိုးဆက်မပြတ် ဖြစ်ချေမည်။ သားကလည်း အမေ့ဆန္ဒအတိုင်း လိုက်နာ၏။ မိမိ၏ ဇနီးသည်နှင့် ညှိ၏။ ဇနီးသည်ကလည်း သဘောတူ၏။ မုန့်ကို စေ့ဖျူနိုင်ရန် အနေအထားအပေါက် ကင်းစွာ ကြည့်ဖြူနိုင်သော်လည်း လင်ကို ဝေမျှရန်ကို မကြည့်ဖြူနိုင်။ သို့ရာတွင် လောကအစဉ်အလာ ဓမ္မတာအတိုင်း လိုက်နာရန် ယောက္ခမ၏ အစီအစဉ်ကို မတွန်းလှန်နိုင်။ ထို့ကြောင့် ယောက္ခမနှင့် ခင်ပွန်းသည်၏ အစီအစဉ်ကို ကြေကွဲ သော နှလုံးသားဖြင့် သဘောတူ လက်ခံလိုက်ရခြင်း ဖြစ်၏။ သို့ရာတွင် သူ့ အတွက် အကောင်းဆုံးဖြစ်အောင်တော့ စဉ်းစား၏။ မိမိ၏ ခင်ပွန်းသည် မိမိနှင့် မရင်းနှီးသောအမျိုးသမီးကို လက်ထပ်၍ သားသမီးမွေးလျှင် မိမိသည် အရိုင်းလိုပင် ကျွန် ဖြစ်ရပေတော့မည်။ မိမိနှင့် ရင်းနှီးသော အမျိုးသမီးကို မိမိကိုယ်တိုင် ရှာကြံပေးစားနိုင်မှ "အဂ္ဂ ပတိ" ခေါ် မယားကြီး ဖြစ်နိုင်ပေမည်ဟု စဉ်းစား၏။ ထို့နောက် သူ၏အကြံအစည်အတိုင်း သူနှင့်ရင်းနှီးသော အမျိုးသမီး မိဘများ ထံ သွား၍ အကျိုးအကြောင်း ရှင်းပြပြီးလျှင် သားသမီးရတနာရပါက ထို သတို့သမီးသာ ဆွေစဉ်မျိုးဆက် အမွေခံဖြစ်မည်ဖြစ်ကြောင်း ပြောပြပြီး၊ ထို

http://www.cherrythitsar.org



သတို့သမီးကို မိမိ၏ ခင်ပွန်းသည်နှင့် ထိမ်းမြားပေး၏။ သို့ရာတွင် ဒုတိယဇနီးသည်နှင့် မည်သည့်နည်းနှင့်မျှ သားသမီး မရစေရ ဟူ၍ကား ဆုံးဖြတ်ထား၏။

ထို့နောက် အမြုံဇနီးက "ညီမ၊ ကိုယ်ဝန်ရလျှင် အစ်မကို အရင်ဆုံးပြော၊ အစ်မ ပြုစုမည်" ဟု မှာထား၏။ အမျိုးသမီးငယ်ကလည်း မှာထားသည့်အတိုင်း ကိုယ်ဝန်ရသောအခါ ပြောပြ၏။ အမြုံဇနီးက သည်အခါတွင် ကိုယ်ဝန်ကျဆေးကို ထည့်၍ အစ်မအရင်းသဖွယ် ပြုစုကျွေးမွေး၏။ ထိုအခါ ကိုယ်ဝန်သည် ပျက်ကျ၏။ သို့ရာတွင် ရိုးရိုးပင်ဟု ထင်၏။ ဒုတိယအကြိမ် ကိုယ်ဝန်ရကြောင်း ပြောပြသောအခါတွင်လည်း အမြုံဇနီးသည် သည် ပို၍ဂရုစိုက်၏။ စောင့်ရှောက်၏။ သို့ရာတွင် ကိုယ်ဝန်သည် ဒုတိယအကြိမ် ပျက်ပြန်လေ၏။ ဒုတိယအကြိမ် ပျက်ပြန်သော်လည်း ရိုးရိုးပင်ထင်၏။ အစ်မ၏ ပြုစုခြင်းကား အသွင်သဏ္ဌာန်အားဖြင့် တကယ်ပင် ကိုယ်ဖိရင်ဖိ စေတနာအပြည့် ဖြစ်ပေသည်တကား။ မည်သို့မျှ သံသယဝင်စရာ မရှိ။

သို့ရာတွင် ပတ်ဝန်းကျင်ကမူ သံသယဝင်လေ၏။ ထို့ကြောင့် နောက် တစ်ကြိမ် ကိုယ်ဝန်ရှိလျှင် မပြောရန် မှာကြားထား၏။ တတိယအကြိမ် ကိုယ်ဝန် ရှိလာသောအခါ မိန်းမငယ်သည် မပြောဘဲ နေ၏။ ကိုယ်ဝန်ရင့်လာသောအခါမှ အမြုံမဇနီးသည် သိ၏။ ထိုအခါ အမြုံမ ဇနီးသည်က "ညီမရယ် စောစောက ဘာကြောင့် မပြောပါသလဲ" ဟု မေး၏။ မိန်းမငယ်ကလည်း "ပထမ ကိုယ်ဝန် ပျက်ကျခြင်းမှာလည်း အစ်မပင် ဖျက်ချခြင်း ဖြစ်တယ်၊ ဒုတိယကိုယ်ဝန် ပျက်ကျခြင်းမှာလည်း အစ်မပင် ဖျက်ချခြင်း ဖြစ်တယ်။ ရိုးရိုးပျက်ကျခြင်း မဟုတ်ဘူး။ ဒါကြောင့် တတိယအကြိမ် ကိုယ်ဝန်ရှိလာလျှင် မပြောလေနဲ့လို့ အိမ်နီးချင်းများက မှာထား၍ မပြောမိခြင်း ဖြစ်ပါတယ်" ဟု ရိုးသားစွာ ပြန်လည်ရှင်းပြ၏။

အမြုံမဇနီးသည်သည် မည်သို့မျှ မတတ်နိုင်တော့၊ ကိုယ်ဝန်ကလည်း ရင့်လေပြီ။ သူ၏အပြုအစုကိုလည်း မခံတော့။ သူကျွေးမွေးသည်ကိုလည်း မစားတော့။ သို့ရာတွင် အမြုံမဇနီးသည်သည် အားမလျှော့။ ကြိတ်၍ ကြံ၏။ တစ်နေ့တွင် မိန်းမငယ်အလစ်၌ အစာတွင် ကိုယ်ဝန် ပျက်ကျဆေးကို ခတ်လိုက်၏။ မိန်းမငယ်လည်း အမှတ်မဲ့ စားမိရာမှ ကိုယ်ဝန်သည် ပျက်ကျသွား၏။ ကိုယ်ဝန်က ရင့်မာချိန်ရောက်မှ ပျက်ကျသဖြင့် အမိ၏အသက်ပါ ဆုံးရှုံးရတော့၏။ မိန်းမငယ်သည် များစွာနာကြည်း၏။ မိဘချင်းလည်း ခင်မင်၏။ မိမိကလည်း အစ်မကဲ့သို့ပင်သံယောဇဉ်တွယ်၏။ သူ့စကားကို နားထောင်၏။ သူ့ကို ယုံ၏။ မိမိက အပျို။ သူ့ယောကျ်ားကို ချစ်လှ၍ လက်ထပ်သည် မဟုတ်။ သူ့ကိုချစ်၍ သူ့ကိုငဲ့၍ အခြားအမျိုးသမီးနှင့်ဆိုလျှင် သူ အမြုံမ ဖြစ်နေသည့်

http://www.cherrythitsar.org



အတွက် ကျွန်ဖြစ်ရချေရဲ့ဟု မျက်နှာငယ်နှင့် ပြောသဖြင့် သူ့ကို ကူညီလို၍ သူ့ယောက်ျားကို လက်ထပ်ခြင်း ဖြစ်၏။ ယခုကား လုပ်ရက်လေခြင်းဟု မျှားမှာ စိတ်နာကာ "နောင်ဘဝတွင် သူ၏သားသမီးများကို ဖျက်ဆီးနိုင်သူ ဖြစ်ရပါလို၏" ဟူ၍ မကွယ်လွန်မီ အာဃာတစိတ်ဖြင့် ဆုတောင်း၍ ကွယ်လွန်၏။ ကောသော အတ္တံန ဇာနာတိ – ဒေါသသည် အကျိုးအကြောင်းကို မဆင်ခြင်နိုင်ပါတကား။

မိန်းမငယ်သည် သူ၏ဆုတောင်းအတိုင်း ဤအိမ်၌ပင် ကြောင်မ ဖြစ်၏။ လင်ယောက်ျားဖြစ်သူကလည်း အကြောင်းအကျိုး အနံ့အလင်ကို သိသောအခါ မိမိဒေါသကို မထိန်းသိမ်းနိုင်တော့ဘဲ မိမိ၏ အမြိုမ ဇနီးသည်ကို ရိုက်နှက်ရာ လက်လွန်ခြေလွန်ဖြစ်ပြီး အမြိုမယားသည် ကွယ်လွန်သွားရှာ၏။ သူ၏ အကုသိုလ်ကံကြောင့် ဤအိမ်၌ ကြက်မ ဖြစ်ရ၏။

ဗုဒ္ဓ ဒေသနာတော်အရ ဝဋ်သည် လည်လေပြီ။ ကြက်မက "ဥ" ၏။ ကြောင်မက စား၏။ တစ်ဖန် ကြက်မက "ဥ" ပြန်၏။ ကြောင်မက စားပြန်၏။ ဤနည်းအားဖြင့် သုံးကြိမ်မြောက် ဥတို့ကို စားပြီးသောအခါ "နောင်ဘဝ၌ ကြောင်မနှင့်တကွ သားသမီးများကို စားနိုင်သောကိုယ် ဖြစ်ရလိုပါ၏" ဟု ကြက်မကဆုတောင်း၏။ အသက်ကံအလျောက် ကြက်မသေသောအခါ ကြက်မက "သစ်" ဖြစ်၏။ ကြောင်မ သေသောအခါ ကြောင်မက "သမင်" ဖြစ်၏။

သံသရာကား ကျယ်၏။ ကျယ်သော်လည်း "ထင်းခွေရင်း မတွေ့လျှင် ရေခပ်ရင်းတော့ တွေ့ရ၏" ဟူသော စကားပုံအတိုင်း တစ်ခုသော တောအုပ်၌ သစ်နှင့် သမင်တို့ ဆုံကြပြန်၏။ မူလ ဆုတောင်းအတိုင်း သမင်က မွေး၏။ သစ်က စား၏။ သုံးကြိမ်မြောက်၌မူ သစ်သည် သားနှင့်တကွ သမင်မကိုပါ စား၏။ သမင်မ မသေမီ လက်စားချေရန် ဆုတောင်း ပြန်၏။ ထိုဆုတောင်းအရပင် သမင်မ ကွယ်လွန်သောအခါ သာဝတ္ထိပြည် အနီးတွင် ဘီလူးမ ဖြစ်၏။ သစ်မက သာဝတ္ထိပြည်တွင် တစ်ခုသော အမျိုးအနွယ်၌ အမျိုးသမီးဖြစ်၏။

ဘီလူးမသည် လူ့အသွင် ဖန်ဆင်း၍ အမျိုးသမီးနှင့် ရင်းနှီးသော မိတ်ဆွေဖွဲ့၏။ တစ်ဦးကား လူသားစစ်စစ်၊ တစ်ဦးကား လူယောင်ဆောင်ထားသော ဘီလူးမ။ သူတို့နှစ်ဦးသည် အလွန်ရင်းနှီးသောမိတ်ဆွေများ ဖြစ်ကြ၏။ လူသား အမျိုးသမီးသည် အရွယ်ရောက်လာသောအခါ အိမ်ထောင်ပြု၏။ မိမိခင်ပွန်းသည် နေထိုင်ရာ သာဝတ္ထိပြည်၏ တံခါးအနီးရှိရွာသို့ လိုက်၍နေရ၏။ အချိန်ရောက်သောအခါ သားဦးရတနာကို ဖွားမြင်၏။ လူသား အမျိုးသမီး သားဦးရတနာ ဖွားမြင်ကြောင်း ကြားသိရသောအခါ ဘီလူးမအမျိုးသမီးသည် ရင်းနှီးသော မိတ်ဆွေအသွင်ဖြင့် လာရောက်၍ မီးနေခန်းအတွင်းသို့ ဝင်ပြီး ကလေးကို

http://www.cherrythitsar.org



ကြည့်ဟန်ပြုကာ စားပြီး ဘီလူးမတန်ခိုးဖြင့် လူများမမြင်အောင် ထွက်ခွာသွား၏။ ထို့ရာတွင် လူသားအမျိုးသမီးလည်း ထိုသို့ ဘီလူးမစားသွားကြောင်း မသိ။ အခြားသော လူသားများလည်း မသိ။ မသိရုံသာမက သံသယလည်း မရှိကြ။ ဒုတိယအကြိမ် သားဦးရတာနာ ဖွားမြင်သောအခါ၌လည်း ထိုအတူပင် ဘီလူးမသည် လာ၍စားသွားပြန်၏။ ထိုသို့ ဘီလူးမလာ၍ စားသွားပါလျက် လူတို့မသိသည်မှာ သာမန်အမြင်ဖြင့် ကြည့်လျှင်မယုံကြည်ဖွယ် ဖြစ်သော်လည်း –

"အကုသိုလ်အကျိုးပေးခွင့် ကြုံလာပါက လူတို့သည်
အမှားကို အမှန်အဖြစ် မြင်လာကြ၏။ အဓမ္မ သဘောသည်
ဓမ္မအသွင်ကို ဆောင်လာတတ်၏"

ဟူ၍ ဝဇိရဗုဒ္ဓိဋီကာဆရာ မိန့်ဆိုသည့်အတိုင်း ဘီလူးမကို မိတ်ဆွေရင်း ထင်မှတ်ပြီး ဘီလူးမအပေါ် မည်သို့မျှ သံသယမရှိသောကြောင့် ဖြစ်၏။

သို့ရာတွင် "အမှန်တရား" ဟူသည် ကြာကြာဖုံးလား၍ မရ၊ တစ်နေ့တွင် "အမှန်တရား" အဖြစ် ပေါ်လာမြဲ ဖြစ်၏။ အဓမ္မသည်လည်း ဓမ္မအသွင်ကို ကြာကြာဆောင်ထား၍ မရ။ တစ်နေ့တွင် "အဓမ္မ" သဘော ပေါ်လာမြဲ ဖြစ်၏။ ထို့ကြောင့် တတိယအကြိမ် အမျိုးသမီးငယ် ကိုယ်ဝန်ရှိသောအခါ အမျိုးသမီးငယ်က သူ၏ခင်ပွန်းကို ခေါ်၍ –

'ကျွန်မတို့က မိတ်ဆွေရင်းလို့ ထင်သောသူမှာ လူသားမဟုတ်၊ ဘီလူးမ ဖြစ်တယ်။ ကျွန်မတို့၏ ပထမကလေးနှင့် ဒုတိယကလေး နှစ်ဦးစလုံး ကွယ်လွန်သည်မှာ ရိုးရိုးမဟုတ်၊ ထိုဘီလူးမ စားသွားခြင်းသာ ဖြစ်တယ်။ ယခု တတိယအကြိမ် ကိုယ်ဝန်အရင့်အမာ ဖြစ်လာပြီ။ ဒီအိမ်မှာ မွေးဖွားလို့တော့ မဖြစ်ဘူး၊ အကယ်၍ မွေးဖွားလျှင် ဘီလူးမ လာစားမှာပဲ။ ဒါကြောင့် တတိယကိုယ်ဝန် မွေးဖွားလျှင် ကျွန်မ၏ မိဘအိမ်သို့ ပြောင်း၍ မွေးဖွားရအောင်။ ကျွန်မ၏ မိဘအိမ်က သာဝတ္ထိမြို့တွင်းမှာဖြစ်လို့ ပိုပြီးလုံခြုံတယ်' ဟူ၍ ပြောပြ၏။

ခင်ပွန်းသည်ကလည်း သဘောတူသဖြင့် ဇနီးမောင်နှံနှစ်ဦးတို့သည် သာဝတ္ထိမြို့တွင်းရှိ ဇနီး၏ မိဘအိမ်သို့ပြောင်း၍ တတိယသားရတနာကို ဖွားမြင်၏။ ထိုအချိန်တွင် ဘီလူးမသည်လည်း ဝေဿဝဏ္ဏ နတ်မင်းကြီးထံသို့ အခစားဝင်ခိုက် ဖြစ်၏။ လူတို့၏ နှစ်အရေအတွက်အရ ဘီလူးမသည် ဝေဿဝဏ္ဏမင်းကြီးထံ၌ ငါးလခန့် အခစားဝင်ရ၏။ တာဝန်ကာလပြီးလျှင် ပြီးချင်း ဘီလူးမသည် မိမိဌာနသို့ ပြန်လာ၏။

ထိုအခါ ဇနီးမောင်နှံသည်လည်း မိမိတို့၏ သားငယ်ကို ခေါင်းဆေး မင်္ဂလာပြုခြင်း၊ အမည်ပေး ကင်ပွန်းတပ်မင်္ဂလာ ပြုခြင်းတို့ဖြင့် ဆိုင်ရာဆိုင်ရာ

http://www.cherrythitsar.org



မင်္ဂလာအခမ်းအနားများကို ပြုလုပ်ပြီးနောက် ဇေတဝန်ကျောင်းတော်ကို ဖြတ်၍ မိမိတို့၏ မူလ နေရင်းအိမ်သို့ ပြန်ကြ၏။ ဇေတဝန်ကျောင်းတော်သို့ မရောက်မီ ကျောင်းတော်ရေကန်၌ ရေချိုးကြ၏။ ဇနီးသည်က အလျှင်ချိုး၏။ ဖခင်က သားငယ်ကို ထိန်း၏။ ထို့နောက် ဖခင်က ချိုး၏။ မိခင်က သားငယ်ကို ထိန်းရင်း နို့တိုက်၏။

ဘီလူးမလည်း ရွာသို့ပြန်ရောက်လျှင် ပြန်ရောက်ချင်း မိမိ၏ အဆွေအမျိုးသမီးကို မေး၏။ အိမ်နီးချင်းများကလည်း သားနှစ်ယောက် မွေးဖွားစဉ်က ဘီလူးမ စားသွားသဖြင့် ယခု တတိယမြောက်သားကို ဤရွာ၌ မမွေးတော့ဘဲ သူ့မိဘများရှိရာ သာဝတ္ထိမြို့တွင်းအိမ်သို့ သွား၍ မွေးဖွားကြောင်း၊ သို့ဖြစ်၍ ထိုအမျိုးသမီး မရှိကြောင်းဖြင့် ပြန်လည် ပြောပြ၏။

ထိုအခါ ဘီလူးမသည် ထိုအမျိုးသမီး၏ သားကို စားရန်အတွက် သာဝတ္ထိမြို့တွင်းသို့ အလျင်အမြန်လိုက်လာရာ ဇေတဝန်ကျောင်းတော်အနီး၌ အချင်းချင်း ဆုံမိကြ၏။ လူအမျိုးသမီးသည် ဘီလူးမကို မြင်လျှင် မြင်ချင်း မှတ်မိပါ၏။ သူ၏ခင်ပွန်းသည်အား 'အရှင်၊ အမြန်လာပါ၊ ရှေ့က လာသူမှာ သားငယ် နှစ်ယောက်ကို စားသွားသော ဘီလူးမ ဖြစ်ပါတယ်၊ ယခု တတိယသားကို စားပါလိမ့်မယ်' ဟု ကျယ်လောင်စွာ ဟစ်၍ခေါ်၏။ ထို့နောက် ခင်ပွန်းသည် လာသည်တိုင်အောင် မစောင့်နိုင်တော့ဘဲ သားငယ်ကိုပွေ့ချီကာ ဇေတဝန်ကျောင်းတော်အတွင်းသို့ ဝင်၍ပြေးလေ၏။

ထိုအခါ မြတ်စွာဘုရားသည် ပရိသတ်အား တရားဟောတော်မူဆဲ ဖြစ်၏။ အမျိုးသမီးသည်လည်း မိမိ၏သားငယ်ကို မြတ်စွာဘုရား၏ ခြေဖမိုးတော်ပေါ်၌ ချကာ 'တပည့်တော်မသည် အရှင်ဘုရားတို့အား ဤသားငယ်ကို လှူဒါန်းပါ၏၊ တပည့်တော်မ၏ သားငယ်အား အသက်ရှင်ခြင်းကို ပေးသနားတော်မူပါဘုရား' ဟု လျှောက်ထား၏။

ကျောင်းတော် တံခါးမုခ်ဦး၌ စောင့်နေသော သုမနနတ်မင်းက ဘီလူးမအား ကျောင်းတော်တွင်းသို့ ဝင်ခွင့်မပေးသဖြင့် ဘီလူးမသည် ကျောင်းတော်တွင်းသို့ မဝင်နိုင်ဘဲ ရှိလေရာ မြတ်စွာဘုရားက ရှင်အာနန္ဒာအား လွှတ်၍ ခေါ်ခိုင်းလိုက်၏။ ဘီလူးမ ရောက်လာသောအခါ မြတ်စွာဘုရားက လူအမျိုးသမီးနှင့် ဘီလူးမ အမျိုးသမီးနှစ်ယောက်စလုံးကို အကြောင်းပြု၍ ဤသို့ ဟောကြားတော်မူ၏။ ထိုအခါ ဘီလူးမသည် ပါရမီရှိသူဖြစ်၍ သောတာပန်၌တည်၏။ လူအမျိုးသမီးသည်လည်း ဓမ္မဿဝန ကုသိုလ်ရ၏။

- ဤလောက၌ ရန်တို့သည် ရန်တုံ့မူသဖြင့် တစ်ရံ တစ်ဆစ်မျှ မငြိမ်းကုန်။

http://www.cherrythitsar.org



– ရန်တုံ့မမူမှသာ ငြိမ်းကုန်၏။ ဤသည်မှာ ကမ္ဘာ့ အစဉ်အလာ နိယာမ ဓမ္မတာတည်း။

လောကဖြစ်စဉ် ဟူသမျှတို့သည် မျဉ်းဖြောင့်အသွင်ဖြင့် ဖြစ်ကြသည် မဟုတ်၊ စက်ဝန်းအသွင်ဖြင့်သာ ဖြစ်ကြခြင်းဖြစ်၏။ စက်ဝန်းအသွင်ဖြင့် ဖြစ်ကြရာတွင် နိမ့်၍နိမ့်၍ ဖြစ်သည်လည်း ရှိ၏။ မြင့်၍မြင့်၍ ဖြစ်သည်လည်း ရှိ၏။ နိမ့်၍နိမ့်၍ ဖြစ်ခြင်းကို ပဋိစ္စသမုပ္ပါဒ် အနုလုံစက်ဝန်းဟူ၍ ဆိုရ၏။ ယင်းကား လောကသဘောကို ဆောင်၏။ မြင့်၍မြင့်၍ ဖြစ်ခြင်းကို ပဋိစ္စသမုပ္ပါဒ် ပဋိလုံစက်ဝန်းဟူ၍ ဆိုရ၏။ ယင်းကား လောကုတ္တရာ သဘောကို ဆောင်၏။

သက်ရှိဘဝဟူသည် ပဋိစ္စသမုပ္ပါဒ်၏ အစိတ်အပိုင်းတစ်ခုပင် ဖြစ်ရာ အနုလုံဖြစ်စဉ်အရ လောကသဘောကို ဆောင်သည်လည်း ရှိ၏။ ပဋိလုံ ဖြစ်စဉ်အရ လောကုတ္တရာသဘောကို ဆောင်သည်လည်း ရှိ၏။ အနုလုံ ဖြစ်စဉ်အရ လောကသဘောကို ဆောင်လေသောအခါ လောက၏ အစိတ်အပိုင်းဖြစ်သော သက်ရှိဘဝတစ်ခုသည် မိမိ၏ နယ်နိမိတ်များကို ကျော်လွန်၍ အခြား သက်ရှိဘဝတစ်ခု၏ နယ်နိမိတ်များအတွင်းသို့ ကျူးကျော်ဝင်ရောက်၏။ ထိုအခါ သက်ရှိဘဝအချင်းချင်း "ဝိရောဓိ" သဘောကိုဆောင်ရာမှ ရန်ဘက်ဖြစ်ကြ၏။ ရန်ဘက်ဖြစ်ရာမှ အကြောင်းပြီးလျှင် အကျိုး၊ အကျိုးပြီးလျှင် အကြောင်းဟူ၍ အကြောင်း အကျိုးမပြတ် စက်ရဟတ်သဘောဖြင့် "ရန်" လောက၊ "ရန်" သံသရာသည် ထာဝစဉ် လည်ပတ်၍ "ရန်" ဖြတ်သည် မည်သည့်အခါမှ ငြိမ်းလိမ့်မည် မဟုတ်၊ ဝဋ်အဖြစ် လည်နေမည်သာ ဖြစ်၏။

အကယ်၍ သက်ရှိဘဝတစ်ခုသည် ပဋိလုံဖြစ်စဉ်အရ မိမိ၏ နယ်နိမိတ်ကို မကျော်ဘဲ အခြားသက်ရှိဘဝတစ်ခု၏ နယ်နိမိတ်ကို လေးစားပြီး အထောက်အကူပြုလုပ်ငန်းများကို ဆောင်ရွက်ပါလျှင် သက်ရှိဘဝ အချင်းချင်း ဆန့်ကျင်မှု ဝိရောဓိသဘောကို မဆောင်တော့ဘဲ ညီညွတ်မှု "အနုရောဓိ" သဘောဖြင့် လောကစက်ဝန်းသည် မြင့်၍မြင့်၍လာပြီး နောက်ဆုံး၌ အကြောင်းပြီးလျှင် အကျိုး၊ အကျိုးပြီးလျှင် အကြောင်းဟူ၍ အကြောင်းအကျိုး အစပ် စက်ရဟတ်သည် ပြတ်လေလိမ့်မည်။ ထိုအခါ "ရန်" လောက၊ "ရန်" သံသရာဟူ၍ အဘယ်မှာလျှင် ရှိနိုင်ပါ တော့မည်နည်း။

အကယ်၍ အရိယသစ္စာကို မသိသေး၍ ဘဝစက် မပြတ်သေးသဖြင့် ဘဝစက်အတွင်း၌ပင် နေရသေးသောကာလ၌ အထမြောက်နိုင်သည့်အပိုင်း အိမ်ထောင်သည်ဘဝသည် လောက၏ အဓိအပွားအတွက် ဆောင်ရွက်ခွင့်အရှိဆုံး ဖြစ်လေသောကြောင့် အခြားသောသူတို့၏ ဘဝကို "ဝိရောဓိ" သဘောဖြင့် ချေဖျက်ယှဉ်ဘဲ

http://www.cherrythitsar.org



"အနုမောဒီ" သဘောဖြင့် တစ်သားတည်းပြု၍ ဘဝ၏ ရည်ရွယ်ချက်၊ ဘဝ၏ တာဝန်၊ ဘဝ၏ ကျင့်ဝတ်သိက္ခာတို့ကို ဗုဒ္ဓ၏ ဆိုဆုံးမချက်များနှင့်အညီ တစ်ဦး ချင်း၏ စရိုက်နှင့် ဉာဉ်အဆင့်မှ အမျိုးသားစရိုက်နှင့် ဉာဉ်အဆင့်သို့ ရောက်အောင် ဆောင်ရွက်မည်ဆိုပါက ဤလောကသည် "ရန်" ငြိမ်း၍ အေးချမ်းသာယာ ပေလိမ့်မည်။ "အဓမ္မ" တို့သည်လည်း "ဓမ္မ" အသွင်ကို ဆောင်ပုံကြတော့မည် မဟုတ်။ "အဓမ္မ" တို့သည် "ဓမ္မ" အသွင်ကို မဆောင်ပုံပါက လူတို့သည်လည်း "အမှား" ကို "အမှန်" အဖြစ် မြင်ကြတော့မည်မဟုတ်။ ထို့ကြောင့် ကျွန်ုပ်တို့သည် အဓမ္မကို ဓမ္မထင်ပြီး၊ အမှားကို အမှန်ထင်ပြီး အချင်းချင်းအပေါ် "ကလဲ့စားချေ" လိုပါက ဤ ကာဠီဘီလူးမ၏ ဝတ္ထုကို ဆင်ခြင်နှလုံးသွင်း၍ "ရန်" ငြိမ်းအောင် ဆောင်ရွက်ကြပါရန် မြတ်စွာဘုရားက ဤဂါထာကို ဟောတော်မူခြင်း ဖြစ်ပါ၏။

# ကောသမ္ဗီရဟန်းများ

ကောသမ္ဗီသည် ဃောသိတာရုံကျောင်းတိုက်၌ ဝိနည်းဓိုရ် ဦးဆောင်သော ရဟန်း ငါးရာနှင့် ဓမ္မကထိကဦးဆောင်သော ရဟန်းငါးရာတို့သည် အတူတကွ သီတင်း သုံးကြ၏။ အချင်းချင်းညီညွတ်ကြ၏၊ စည်းလုံးကြ၏။ သို့ဖြစ်၍ ကြည်ညိုဖွယ် ရှိလှ၏။ ကောသမ္ဗီ ပြည်သူပြည်သားတို့၏ ကောင်းမှုကို စိုက်ပျိုးရာ လယ်ယာ မြေကောင်းသဖွယ် ဖြစ်၏။ ကောင်းမှုကို စိုက်ပျိုးရာ လယ်ယာမြေကောင်း သဖွယ် ဖြစ်ခြင်းကို "ပုည ခေတ္တ" ဟု ဆို၏။

ကောသမ္ဗီ ပြည်သူပြည်သားတို့သည် ရဟန်းတော်တစ်ထောင်တို့အား မိမိတို့ တတ်စွမ်းသမျှ ပစ္စည်းလေးပါးတို့ဖြင့် လှူဒါန်းကြ၏။ ပူဇော်ကြ၏။ ထိုသို့ လှူဒါန်းပူဇော်ခြင်းသည် ကောင်းမှုကိုစိုက်ပျိုးခြင်းပင် ဖြစ်၏။ ကောင်းမှုကို စိုက်ပျိုးပါမှ အနာဂတ်၌အသီးအပွင့်တို့ကို ဆွတ်ခူးနိုင်ပေလိမ့်မည်။ ကောင်းမှုကို စိုက်ပျိုးရာတွင် မျိုးစေ့ကလည်း ကောင်းဖို့လို၏။ လယ်ယာမြေကလည်း ကောင်း ဖို့ လို၏။ ကောသမ္ဗီပြည်သူပြည်သားတို့၏ မျိုးစေ့သည် သဒ္ဓါတရား အပြည့်အဝ နှင့် ဖြစ်သဖြင့် မျိုးစေ့ကောင်း ဖြစ်၏။ ဃောသိတာရုံ ကျောင်းတိုက်နေ ရဟန်း တစ်ထောင်တို့သည်လည်း အကျင့်သီလနှင့် ပြည့်စုံကြသဖြင့် လယ်ယာမြေ ကောင်းပင် ဖြစ်၏။

သို့ဖြစ်ရာ လယ်ယာမြေကောင်း၌ စိုက်ပျိုးသော မျိုးစေ့ကောင်းသည် အဘယ်မှာလျှင် အပွင့်ကောင်း၊ အသီးကောင်းကို မဖြစ်စေနိုင်ဘဲ ရှိရာအံ့နည်း၊

http://www.cherrythitsar.org



ယောသိတာရုံ ကျောင်းတိုက်နှင့် ကောသမ္ဗီပြည်သည် မြတ်စွာဘုရားရှင်၏ သာသနာတော်အတွက် ပန်းသင့်လှပါ၏။ ကြည်နူးဖွယ် ရှိလှပါ၏။

သို့ရာတွင် တစ်နေ့သ၌ ဓမ္မကထိက ဆရာတော်သည် ကျင်ငယ်သို့ဝင်၍ ကိုယ်လက်သုတ်သင်၏။ သန့်သက်ရေကျန်ကို ခွက်ထဲ၌ ထားခဲ့၏။ ဝိနည်းဓိုရ် ဆရာတော်ကျင်ငယ်သို့ဝင်သောအခါ၌ ခွက်ထဲ၌ သန့်သက်ရေကျန်ကိုတွေ့၏။ ထို့နောက် ဝိနည်းဓိုရ်ဆရာတော်က ဓမ္မကထိကဆရာတော်အား ဤသို့ လျှောက်ထား၏။

'အရှင်ဘုရား သန့်သက်ရေကျန်ကို ခွက်ထဲ၌ ထားခဲ့ပါသလား'

'မှန်ပါ၊ ထားခဲ့မိပါသည် ဘုရား'

'ဤသို့ထားလျှင် အာပတ်သင့်သည်ကို မသိဘူးလား'

'မှန်ပါ၊ မသိပါ ဘုရား'

'သို့ဖြစ်လျှင် အရှင်ဘုရား အာပတ်သင့်ပြီ'

'အာပတ်သင့်လျှင် တပည့်တော် ကုစားပါမည် ဘုရား'

ဝိနည်းဓိုရ်ဆရာတော်နှင့် ဓမ္မကထိကဆရာတော်တို့ အချင်းချင်း ဆွေးနွေး ခြင်းသည် ဤနေရာ၌ အဆုံးသတ်လျှင် ကောင်းလေစွ။ သို့ရာတွင် ဤနေရာ၌ အဆုံးမသတ်နိုင်ဘဲ ဝိနည်းဓိုရ် ဆရာတော်က ဓမ္မကထိက ဆရာတော်အား 'အရှင်ဘုရား၊ လွန်ကျူးလိုသော စေတနာမရှိလျှင် ဖြစ်စေ၊ အမှတ်တမဲ့ ပြုမိလျှင်ဖြစ်စေ အာပတ်မသင့်ပါ' ဟူ၍ လျှောက်ထားလိုက်ရာမှ သာသနာ့သမိုင်းတွင် ဃောသိတာရုံ ကျောင်းတိုက်နေ ရဟန်းတစ်ထောင်နှင့် ကောသမ္ဗီ ပြည်သူပြည်သားတို့၏ စိတ်မချမ်းမြေ့ဖွယ် ဖြစ်ရပ်သည် ပေါ်ပေါက်ခဲ့ရ၏။ သံဃာဂဏ္ဍဖွယ် ကောင်းပေစွ။

ဓမ္မကထိက ဆရာတော်သည် ဝိနည်းဓိုရ် ဆရာတော်၏ နောက်ဆုံး စကားကို အလေးအနက်ထား၍ မိမိ၌ အာပတ်သင့်ဟု ယူဆပြီး အာပတ်ကို မကုစားတော့။ ထိုနေ့၌ပင် ဝိနည်းဓိုရ်ဆရာတော်က မိမိ၏ တပည့်ရဟန်းတို့အား 'ဓမ္မကထိက ဆရာတော်သည် မိမိ၌ အာပတ်သင့်သည်ကိုမျှ မသိ' ဟူ၍ မိန့်ကြား လိုက်ရာ ဝိနည်းဓိုရ် ဆရာတော်၏ တပည့်များက ဓမ္မကထိက ဆရာတော်၏ တပည့်များအား 'သင်တို့၏ ဆရာသည် မိမိ၌ အာပတ်သင့်သည်ကိုမျှ မသိ' ဟူ၍ ပြက်ရယ်ပြုကြ၏။

ဓမ္မကထိက ဆရာတော်ကလည်း မိမိ၏ တပည့်ရဟန်းများအား 'ဝိနည်း ဓိုရ်ဆရာတော်သည် ယခင်က အာပတ်မသင့်ဟု ပြောပြီးမှ ယခု အာပတ်သင့် သည်ဟု ပြောပြန်၏။ ဝိနည်းဓိုရ် ဆရာတော်သည် ရှေ့နောက် ညီညွတ်အောင်

ရာပြည့်စာအုပ်တိုက်

http://www.cherrythitsar.org



မပြော။ ခုတစ်မျိုး ခုတစ်မျိုး ပြောတတ်၏။ မုသာဝါဒကို ဆိုတတ်၏" ဟူ၍ မိန့်ကြားရာ ဓမ္မကထိက ဆရာတော်၏ တပည့်များက ဝိနည်းဓိုရ်ဆရာတော်၏ တပည့်များအား ပြန်လည်ချေပကြ၍ တပည့်အချင်းချင်း ကွဲလေ၏။

ဝိနည်းဓိုရ် ဆရာတော်သည် ဓမ္မကထိက ဆရာတော်အား "အာပတ်ကို မကုစား" ဟူသော အကြောင်းပြချက်ဖြင့် ဃောသိတာရုံ ကျောင်းတိုက်မှ နှင်ထုတ်၏။ ဓမ္မကထိက ဆရာတော်ကလည်း မသွား၊ ဝိနည်းဓိုရ်ဆရာတော် အုပ်စုကလည်း မိမိတို့ နှင်ထုတ်သော 'ကံ' သည် တရားနှင့်လျော်သော "ဓမ္မကံ" ဖြစ်သည်ဟု ယူဆပြီး အတင်းနှင်ထုတ်၏။ ဓမ္မကထိက ဆရာတော် အုပ်စုကလည်း ဝိနည်းဓိုရ် ဆရာတော်အုပ်စုက ပြုသောကံသည် တရားနှင့်မလျော်သော "အဓမ္မကံ" ဖြစ်သည်ဟု ယူဆပြီး ဃောသိတာရုံ ကျောင်းတိုက်မှ မထွက်။

ဤနည်းအားဖြင့် ဃောသိတာရုံကျောင်းတိုက်၌ သံဃာ ၂ အုပ်စု ကွဲလေ၏။ သံဃာ ၂ အုပ်စုကွဲလျှင် သံဃာ့ဩဝါဒခံ ရဟန်းမများနှင့် ဒါယကာများလည်း ၂ အုပ်စု ကွဲလေ၏။ ထို့နောက် ဆိုင်ရာ အစောင့်အရှောက် နတ်များမှစ၍ အဆင့်အဆင့် ဗြဟ္မာ့ပြည်တိုင်အောင် ပုထုဇဉ် အဆင့်တို့သည် ၂ အုပ်စု ကွဲကြကုန်၏။

ဤအကြောင်းကို မြတ်စွာဘုရားကြားလျှင် အချင်းချင်း ညီညွတ်ရန် ၂ ကြိမ်တိုင်တိုင် စေလွှတ်၍ မိန့်တော်မူသော်လည်း မရသဖြင့် သုံးကြိမ်မြောက်၌ ကိုယ်တော်တိုင် ကြွတော်မူပြီး ပညတ်လင့်သည်ကို ပညတ်တော်မူ၍ ညီညွတ်စေပြန်၏။ နောက်တစ်ဖန် ခိုက်ရန်ဖြစ်ပွားအငြင်းပွား နေဆဲဟု ကြားသော်မူပြန်သဖြင့် မြတ်စွာဘုရားသည် ဒုတိယအကြိမ် ကိုယ်တော်တိုင် ကြွတော်မူပြီး –

"ချစ်သားရဟန်းတို့၊ ခိုက်ရန်ဖြစ်ပွား ငြင်းခုံကွဲပြားခြင်းတို့သည် အကျိုးမဲ့ကို ပြုတတ်ကုန်၏။ ခိုက်ရန်ပြုခြင်းကို မှီ၍ နှံစုတ်ငှက်မသည် ဆင်ပြောင်ကြီးကိုပင် အသက်ကုန်ခြင်းသို့ ရောက်စေဖူးပြီ" ဟု လဋုကိကဇာတ်ကို လည်းကောင်း၊ ငြင်းခုံ ကွဲပြားခြင်းကြောင့် များစွာသောငုံးငှက်တို့ အသက်ကုန်ရသော ဝဋ္ဋကဇာတ်ကို လည်းကောင်း ဟောတော်မူ၏။

ထိုသို့ ဟောတော်မူသော်လည်း ကောသမ္ဗီပြည် ဃောသိတာရုံ ကျောင်းတိုက်၌ အုပ်စု ၂ စုရှိ သံဃာတော်တို့သည် မြတ်စွာဘုရား၏ အဆုံးအမကို မနာယူဘဲ ငြင်းခုံမြဲ ငြင်းခုံလျက်ပင် ရှိကြ၏။ နောက်ဆုံး၌ မြတ်စွာဘုရားသည် ငြင်းခုံကွဲပြား ခိုက်ရန်ဖြစ်ပွားခြင်း မပြုဘဲ အချင်းချင်း စည်းလုံးညီညွတ်မှုကြောင့် မင်းစည်းစိမ်ကို ရရှိသော ဒီဃီတိ ကောသလ မင်းကြီး၏ သားတော် ဒီဃာဝု မင်းသား၏အကြောင်းကို ဟောတော်မူပြန်၏။ သို့ရာတွင် ထိုပဋိပက္ခကား မငြိမ်း။

http://www.cherrythitsar.org



ဃောသိတာရုံကျောင်းတိုက်ရှိ ဝိနည်းဓိုရ် ဆရာတော်အုပ်စုသည်လည်းကောင်း၊ ဓမ္မကထိက ဆရာတော် အုပ်စုသည် လည်းကောင်း အကျင့်သီလနှင့် ပြည့်စုံသူများ ဖြစ်ကြပါ၏။ သံသရာမှ လွတ်မြောက်ရေးအတွက် ဦးတည်၍ ကျင့်သူများ ဖြစ်ကြပါ၏။ မြတ်စွာဘုရား သာသနာတော်၌ ယုံကြည်သက်ဝင်သူများဖြစ်ကြပါ၏။ မြတ်စွာဘုရားကိုအကြောင်းပြု၍ ပဉ္စင်းလေးပါးကို ရရှိခြင်းဖြစ်ကြောင်းလည်း သူတို့ သိကြပါ၏။ သူတို့သည် မြတ်စွာဘုရားကို လူနတ်တို့၏ ဆရာအဖြစ် လည်း လက်ခံကြပါ၏။

သို့ရာတွင် သူတို့၏ သန္တာန်၌ ဒေါသ မာန်မာနများ ကိန်းဝပ်လေသော အခါ သူတို့၏ ပင်ကို အသိ၊ ပင်ကို ယုံကြည်မှုတို့သည် ကွယ်ပျောက် သွားကြကုန်၏။ ပတ်ဝန်းကျင်သည် ပိန်းပိတ်အောင် မှောင်လေတော့၏။ ဘုရားကိုလည်း မမြင်၊ တရားကိုလည်း မမြင်၊ ရှက်ရမှန်းလည်း မသိ၊ ကြောက်ရမှန်းလည်း မသိ။ သူတို့သည် အဝိဇ္ဇာ၏ ရုပ်တုသက်သက်ပင် ဖြစ်၏။

အဝိဇ္ဇာ၏ သဘောအရ သူတို့သိသည်ကား ငါမှန်သည်၊ သူမှားသည် ဟူ၍ဖြစ်၏။ သူတို့မြင်သည်ကား ငါက တရားနှင့်လျော်သည်၊ သူက တရားနှင့် မလျော် ဟူ၍ ဖြစ်သည်။ ထိုအသိထိုအမြင်မှ တစ်ပါးသူတို့၏ သန္တာန်၌ ဘုရား လည်းမရှိ။ တရားလည်းမရှိ။ ကိုယ်ကျင့်သိက္ခာလည်းမရှိ။ အခြား ဘာဆိုဘာမျှ မရှိ။ အဝိဇ္ဇာ၏ သဘောမှာ "အတသ္မိံ တဒ္ဒိဋ္ဌိ" ဟူသည်နှင့်အညီ ထိုဟာ မဟုတ် သည်၌ ထိုဟာဟု သိခြင်းဖြစ်ရာ သဗ္ဗညုမြတ်စွာဘုရား၏ အဆုံးအမကိုပင် လိုက်နာထိုက်သော အဆုံးအမဟူ၍ မမြင်တော့။ ထိုအခါ မြတ်စွာဘုရားလည်း လက်လျှော့လိုက်၏။

ပုထုဇဉ်တို့၏ သန္တာန်၌ ကုသိုလ်နှင့် အကုသိုလ်တို့သည် အလှည့်သင့် သလို ဖြစ်ကြလေရာ၊ အကုသိုလ်တို့ ဖြစ်ပွားသောအခါ၌ လူသည် တိရစ္ဆာန် သဖွယ် ဖြစ်၏။ တိရစ္ဆာန်စိတ် ပေါက်၏။ တိရစ္ဆာန်လို ရိုင်းပျ၏။ အတ္တဆန်၏။ သည်းမခံ၊ ခွင့်မလွှတ်။ ထို့ကြောင့် လူသည် မျောက်မှဆင်းသက်သည်ဟုဆိုသော အဆိုသည် အကျင့်သိက္ခာ ရှုထောင့်မှကြည့်လျှင် မှန်၏။ ကုသိုလ်တို့ ဖြစ်ပွားသော အခါ၌မူ လူသည် ဗြဟ္မာသဖွယ်ဖြစ်၏။ ဗြဟ္မာစိတ်ပေါက်ကာ ဗြဟ္မာလို ယဉ်ကျေး၏။ အတ္တမဆန်၊ ဗြဟ္မစိုရ်တရားနှင့်အညီကျင့်၏။ သည်းခံ၏။ ခွင့်လွှတ်၏။ ထို့ကြောင့် လူသည် ဗြဟ္မာမှဆင်းသက်သည်ဟု ဆိုသောအဆိုသည် အကျင့်သိက္ခာ ရှုထောင့်မှ ကြည့်လျှင် မှန်၏။

ထို့ကြောင့် ပုထုဇဉ်တို့သည် တိရစ္ဆာန်တစ်ပိုင်း၊ ဗြဟ္မာတစ်ပိုင်း ဖြစ်သည့် အလျောက် တိရစ္ဆာန်လိုလည်း ရိုင်းတတ်ကုန်၏။ သို့ရာတွင် အမြဲတမ်း ရိုင်းမနေ၊

http://www.cherrythitsar.org



ပြဿဒ်တစ်ပိုင်း ပြိုလည့်အလေ့ကျ ပြဿဒ်လိုလည်း ယဥ်တတ်ကုန်၏။ သို့ရာတွင် အမြဲတမ်းလည်း ယဥ်မနေ။ ရိုင်းခြင်းနှင့် ယဥ်ခြင်းသည် ပုထုဇဉ်လူသားတို့၏ ပင်ကိုစရိုက် ဖြစ်၏။ သို့ရာတွင် ထို ပင်ကို သဘာဝစရိုက်ကို သူ့ချည်းလွှတ်၍ မထားအပ်။ သူ့ချည်းလွှတ်၍ထားလျှင် အရိုင်းစိတ်က ပို၍ လွှမ်းသွားပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ဘဝတွင်ပဋိသန္ဓေနေစဉ် ပထမဦးဆုံးဖြစ်သောစိတ်ကား အရိုင်း လောဘစိတ်သာ ဖြစ်ခြင်းကြောင့်ပင်တည်း။ သို့ဖြစ်၍ ပုထုဇဉ်လူသားတို့၏ သန္တာန်၌ သတိသမ္ပဇဉ်ဉာဏ်ယှဉ်၍ မဆင်ခြင်ပါက အရိုင်းစိတ်က ပို၍ အဖြစ်များပေသည်။

အရိုင်းနှင့် အယဉ်၊ သို့မဟုတ် အကုသိုလ်နှင့် ကုသိုလ်တို့တွင် အရိုင်း သို့မဟုတ်အကုသိုလ်က၊ အယဉ်သို့မဟုတ်ကုသိုလ်တို့အပေါ်၌ မည်မျှပင်အောင်ပွဲ ခံစေကာမူ ထိုအောင်ပွဲသည် ထာဝရအောင်ပွဲ မဟုတ်။ ယာယီ အောင်ပွဲသာ ဖြစ်၏။ ဗုဒ္ဓဒေသနာတော်အရ ထာဝရ အောင်ပွဲခံနိုင်သောစိတ်ကား ကုသိုလ်စိတ်သာ ဖြစ်၏။ ဤသို့ ကုသိုလ်စိတ်က အကုသိုလ်စိတ်အပေါ် ထာဝရအောင်ပွဲ ခံခြင်းကို "အရိယာ" ဖြစ်သွားခြင်း ဟူ၍ ဆိုရ၏။ ထို့ကြောင့် အဓမ္မတို့တွင် ဓမ္မသည် အကြောင်းမညီညွတ်၍ မည်မျှပင် ရှုံးစေကာမူ နောက်ဆုံးတစ်နေ့၌ ဓမ္မသည် အဓမ္မအပေါ် မလွဲမသွေ ထာဝရအောင်ပွဲကို ရယူနိုင်မည်သာ ဖြစ်၏။

ဤသဘောကို သိတော်မူသော မြတ်စွာဘုရားသည် ကောသမ္ဗီပြည် ဃောသိတာရုံကျောင်းရှိ ရဟန်းပေါင်းတစ်ထောင်တို့ကို စွန့်၍ ပါလိလေယျက တောအုပ်သို့ ကြွတော်မူပြီး တစ်ပါးတည်း သီတင်းသုံး နေတော်မူ၏။ ထိုတောအုပ်၌ ပါလိလေယျက ဆင်မင်းသည် မြတ်စွာဘုရားအား လုပ်ကျွေးပြုစု၏။ မက္ကဋ မျောက်ကလည်း လုပ်ကျွေးပြုစု၏။ မြတ်စွာဘုရားသည် ပါလိလေယျက ဆင်မင်းနှင့် မက္ကဋမျောက်တို့၏ အပြုအစုကို ခံယူလျက် တစ်ပါးတည်း ချမ်းသာစွာ သီတင်းသုံး နေတော်မူ၏။

ပါလိလေယျက ဆင်မင်းသည် မြတ်စွာဘုရားအား သစ်သီးကြီးငယ်တို့ကို ရှာဖွေ၍ ဆက်ကပ်၏။ မျက်နှာသစ်ရေ၊ သောက်ရေတို့ကို အိုးဖြင့် ခပ်၍ စီရင်ထား၏။ သစ်သားချင်းပွတ်တိုက်၍ မီးဖြစ်အောင်ပြုလုပ်ပြီး ထိုမီး၌ ကျောက်ခဲတို့ကိုထည့်ကာ တုတ်ဖြင့်ဖောက်၍ ရေအိုင်ငယ်၌ ချ၏။ ရေအိုင်ငယ်၌ ရေကို နွေးစေပြီး မြတ်စွာဘုရားအား ချိုးရေအဖြစ် အသုံးပြုရန် ဆက်ကပ်၏။ မြတ်စွာဘုရား ဆွမ်းခံဝင်သောအခါ၌လည်း ရွာ၏ ဥပစာတိုင်အောင် ကြိုခြင်း၊ ပို့ခြင်းကို ပြု၏။ မက္ကဋမျောက်ကလည်း ပျားဖောင်မရှိသော ပျားလပို့ဖြင့် မြတ်စွာဘုရားအား ဆက်ကပ်၏။ ဤသို့လျှင် မြတ်စွာဘုရားသည် ပါလိလေယျက တောအုပ်၌ ချမ်းသာစွာ တစ်ပါးတည်း သီတင်းသုံးတော်မူ၏။

http://www.cherrythitsar.org



ကောသမ္ဗီပြည် ဃောသိတာရုံကျောင်းတိုက်၌ သီတင်းသုံးလျက် ရှိကြသော ရဟန်းတစ်ထောင်တို့သည် ပုထုဇဉ်တို့သာဖြစ်ခဲ့ကြ၏။ ပုထုဇဉ် တို့သဘာဝ အတိုင်းယဉ်သည့်သဘောလည်း ရှိ၏။ ရိုင်းသည့်သဘောလည်း ရှိ၏။ သို့ရာတွင် အစပထမ၌ မြတ်စွာဘုရား၏ အဆုံးအမတော်၌ ယုံကြည်သက်ဝင်သည့် အားလျော်စွာ ရဟန်းတရားများကို အားထုတ်ကြသဖြင့် အယဉ်များ ဖြစ်လာကြ၏။ ကုသိုလ်တရားများ ပွားများလာကြ၏။ အကျင့်သီလနှင့် ပြည့်စုံကြ၏။ ကောင်းမှုကို စိုက်ပျိုးရာ လယ်ယာမြေကောင်းသဖွယ် ဖြစ်ကြ၏။ သို့ရာတွင် ငါမှန်သည် သူမှားသည်ဟု ဒေါသမာန်မာနတို့ လွှမ်းမိုးလာသောအခါ အရိုင်းများ ဖြစ်သွားကြပြန်၏။ အကုသိုလ်များ ပွားစီးလာကြ၏။ အမှန်အားဖြင့် သတိသမ္ပဇဉ် အမြဲဥဒါတ်ယှဉ်၍ ဆင်ခြင်နေမှသာ သူတော်ကောင်းသူတော်စင်အဖြစ် တာရှည်စွာ ရပ်တည်နိုင်ပေလိမ့်မည်။ သူတော်ကောင်းနှင့် သူယုတ်မာဟူသည် ရာထူးဂုဏ်သိန် စည်းစိမ်ဥစ္စာတို့၌ မတည်။ အသိပညာ အတတ်ပညာတို့၌ မတည်။ ကိုယ်ကျင့်သိက္ခာတို့၌သာ တည်လေ၏။

တစ်ချိန်က လယ်ယာမြေကောင်းအဖြစ် သတ်မှတ်ပြီး ကောသမ္ဗီ ပြည်သားတို့သည် ထိုရဟန်းတစ်ထောင်တို့၌ ကောင်းမှုမျိုးစေ့ကို စိုက်ပျိုးခဲ့ကြပါ၏။ ယခုအခါ၌ ကျွတ်တီးကုန်းအဖြစ်သတ်မှတ်ပြီး ကောင်းမှုမျိုးစေ့ကို မစိုက်ပျိုးတော့။ ကောင်းမှုမျိုးစေ့ကို မစိုက်ပျိုးရုံသာမက နေရာပေးခြင်းလည်း မပြုတော့။ ရှိခိုးခြင်းလည်း မပြုတော့။ အရိုအသေမျှကိုပင် မပြုတော့။

မြတ်စွာဘုရားသည် ဃောသိတာရုံကျောင်း၌ ရှိစဉ်က ဝိနည်းဓိုရ် အုပ်စုနှင့် ဓမ္မကထိက အုပ်စုတို့သည် မိမိတို့ဒါယကာများနှင့် မိမိတို့ ပစ္စည်းလေးပါးဖြင့် လုံလောက်ကြ၏။ ဒါယကာများ၏ နေရာပေးခြင်း၊ ရှိခိုးခြင်း၊ အရိုအသေပြုခြင်းကို ရရှိကြ၏။ ထိုသို့ရရှိခြင်းသည် မိမိတို့ ဘုန်းကံအလျောက် ရရှိခြင်း ဟူ၍ ထင်မှတ်ခဲ့ကြ၏။ သို့ရာတွင် မြတ်စွာဘုရား၏ အဆုံးအမကို မနာယူခြင်းကြောင့် ဃောသိတာရုံကျောင်းတိုက်ရှိ ရဟန်းပေါင်းတစ်ထောင်ကို စွန့်ခွာ၍ မြတ်စွာဘုရား သည် ပါလိလေယျကတောသို့ ကြွသွားပြီး ထိုတောအုပ်၌ တစ်ပါးတည်း သီတင်း သုံး နေထိုင်လျက်ရှိကြောင်း ကြားသိရသော အချိန်မှစ၍ ကောသမ္ဗီ ပြည်သားတို့ သည် ထိုရဟန်း တစ်ထောင်တို့အား ပစ္စည်းလေးပါးတို့ဖြင့် ထောက်ပံ့ခြင်းလည်း မပြုကြတော့၊ နေရာပေးခြင်းလည်း မပြုကြတော့၊ ရှိခိုးခြင်းလည်း မပြုကြတော့၊ အရိုအသေမျှကိုပင် မပြုကြတော့။

ဃောသိတာရုံကျောင်းတိုက်ရှိ ရဟန်းပေါင်းတစ်ထောင်တို့သည် မြတ်စွာ ဘုရား၏ ဂုဏ်ကျေးဇူးကို ထိုအခါမှစ၍ သဘောပေါက်လာကြ၏။ မိမိတို့၏

http://www.cherrythitsar.org



ဘုန်းကံသည် မိမိတို့ပိုင် မဟုတ်။ မြတ်စွာဘုရားထံမှ ဆေတ္တ ချေးငှားထားသော အငှားဘုန်းကံများသာ ဖြစ်၏။ ထိုအငှားဘုန်းကံများကို အကြောင်းပြု၍ မိမိတို့သည် ဒါယကာများထံမှ ပစ္စည်းလေးပါးနှင့်တကွ နေရာပေးခြင်း၊ ရှိခိုးခြင်း၊ အရိုအသေပြုခြင်းတို့ကို ရရှိကြခြင်း ဖြစ်၏။ မိမိတို့ တစ်စင်ထောင်လိုက်သည်နှင့် တစ်ပြိုင်နက် မိမိတို့သည် ဘာမျှမဟုတ်တော့၊ ဘာဘုန်းကံမျှ မရှိတော့။ သို့ဖြစ်၍ မိမိတို့ အချင်းချင်း ညီညွတ်ပြီး မြတ်စွာဘုရားကို ကန်တော့မှ ဖြစ်တော့မည်ဟု နားလည်လာကြ၏။ သဘောပေါက်လာကြ၏။

ထို့ကြောင့် ဝိနည်းဓိုရ် ဆရာတော်အုပ်စုနှင့် ဓမ္မကထိက ဆရာတော်အုပ်စုတို့သည် ပြန်လည် ညီညွတ်ကြ၏၊ ရဟန်းတရားကို အားထုတ်ကြ၏။ ထိုအခါမှစ၍ ထိုရဟန်းတစ်ထောင်တို့သည် ကိုယ်ကျင့် သီလနှင့်ပြည့်စုံသူများ ဖြစ်လာကြ၏။ ကောင်းမှုကိုက်ပျိုးရာ လယ်ယာမြေကောင်းသဖွယ် ဖြစ်လာကြ၏။

ထို့နောက် ဃောသိတာရုံကျောင်းနေ ရဟန်းတစ်ထောင်တို့သည် မိမိတို့ အချင်းချင်း လွန်ကျူးမိသော အပြစ်ကိုပြောကြား၍ ကန်တော့ကြပြီး ဖြစ်ကြောင်း၊ အချင်းချင်း ညီညွတ်ကြပြီးဖြစ်ကြောင်း။ သို့ဖြစ်၍ ဒါယကာတို့ကလည်း မိမိတို့အပေါ် ရှေးကကဲ့သို့ ကြည်ဖြူကြစေလိုကြောင်း ပြောကြားကြကုန်၏။ ထိုအခါ ဒါယကာတို့ကလည်း "အရှင်ဘုရားတို့သည် မြတ်စွာဘုရားကို ကန်တော့ပြီး နောက်မှသာ အရှင်ဘုရားတို့အပေါ်၌ တပည့်တော်တို့က ရှေးကကဲ့သို့ ကြည်ဖြူကြပါမည်" ဟူ၍ လျှောက် ထားကြလေ၏။ ထိုရဟန်းတို့သည် ဝါတွင်းဖြစ်သော ကြောင့် မြတ်စွာ ဘုရားအထံတော်သို့ သွားရောက် ကန်တော့ခြင်းငှာ မဝံ့ကုန်။ ထို့ကြောင့် ဃောသိတာရုံ ကျောင်းတိုက်နေ ရဟန်းတစ်ထောင်တို့သည် ဝါတွင်း သုံးလပတ် လုံး ဆင်းရဲငြိုငြင်စွာ အသက်မွေးကြရကုန်၏။ နောင်တ ဟူသည် စင်စစ်အားဖြင့် အကုသိုလ် အုပ်စုဝင် ဖြစ်၏။

မြတ်စွာဘုရား ဆိုဆုံးမသည်ကို မနာယူဘဲ ဒေါသ မာန်မာနဖြင့် "တင်း" ခံကြကုန်သော ရဟန်းတို့၏ အကုသိုလ်အကျိုးဆက်ကား ဤမျှသာ မဟုတ်သေး၊ ပရိသတ်အလယ်၌ ဦးခေါင်းမဖော်ဝံ့အောင် အရှက်ရကြမည် ဖြစ်၏။ သို့ရာတွင် မိမိတို့၏ အမှားကို အမှားအတိုင်း သိမြင်၍ ဝန်ချတောင်းပန်ပြီး မြတ်စွာဘုရား ရှင်၏ ခြေတော်ရင်း၌ ပြားပြားဝပ်၍ ကန်တော့ရသော ကောင်းမှုကုသိုလ်ကံ၏ အာနုဘော်သည် သူတို့ ကျူးလွန်မိသော အပြစ်များကို ပြေပျောက်စေကာ သောတာပတ္တိမဂ်ကိုပင် ရအောင်နိုင်သော ဥပနိဿယပစ္စည်း၏ သတ္တိဖြင့် အထောက် အပံ့ ပြုလေ၏။

အမှားကို အမှားမှန်း သိခြင်းသည် ကုသိုလ်ဖြစ်၍ သူတော်ကောင်းဖြစ်၏။

**ရာပြည့်ဓာအုပ်တိုက်**

http://www.cherrythitsar.org



မိမိ၏အမှားကို ဖော်ထုတ်၍ ဝန်ချတောင်းပန်ခြင်းသည် ပဋိယ သံယောဇဉ်ကို ဖြတ်ရာရောက်၍ ပို၍ သူတော်ကောင်း ဖြစ်၏။ မဖြစ်သေးသော အကုသိုလ်များကို မဖြစ်ရလေအောင် အားထုတ်ရ၏။ ဖြစ်ပြီးသား အကုသိုလ်များကို ပယ်ပျောက်သွားအောင် အားထုတ်ရ၏။ မဖြစ်သေးသော ကုသိုလ်များကို ဖြစ်ပွား လာအောင် အားထုတ်ရ၏။ ဖြစ်ပြီးသား ကုသိုလ်များကို ပွားများ လာအောင် အားထုတ်ရ၏။ ဤသို့အားထုတ်ခြင်းသည် သမ္မာဝါယာမ မဂ္ဂင်ထိုက်၍ သစ္စာလေးပါးကို သိခြင်း၌ အားကြီးသော အထောက်အပံ့ ဖြစ်၏။

ကောသမ္ဗီပြည် ဃောသိတာရုံကျောင်းနေ ရဟန်းတစ်ထောင် တို့သည် ဤသမ္မာဝါယမ မဂ္ဂင်၏ အားကြီးသော အထောက်အပံ့ကြောင့် မြတ်စွာဘုရား၏ ရှေ့မှောက်၌ တရားကို နာယူပြီး သောတာပန်ပုဂ္ဂိုလ်များ ဖြစ်သွားကြပေလိမ့်မည်။ သတိသမ္ပဇဉ် ရှိသူများအတွက် ပျက်အစဉ် ပြင်ခယာသာတည်း၊ အရိုင်းဘဝမှ အယဉ်ဘဝသို့ မဖြစ်မနေ ကူးပြောင်းကြသည်၏။ ဤသို့ ကူးပြောင်းခြင်းသည် နိယာမရာ အမွေအပေါ် မမ္မကာ ဆောင်ပွဲခံခြင်း မည်၏။

သီတင်းဝါလ ကျွတ်လေပြီ။ အနယ်နယ် အရပ်ရပ်မှ မြတ်စွာဘုရားကို ဖူးမြင်ရန် ရောက်လာကြကုန်သော ရဟန်းတို့သည်လည်း သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ အရေအတွက်အားဖြင့် ငါးရာမျှရှိကုန်၏။ အနာထပိဏ် သူဌေးနှင့် ဝိသာခါ ဒါယိကာမကြီးတို့ကလည်း မြတ်စွာဘုရားကို ဖူးမြင်လိုကြပြီ။ ထို့ကြောင့် ပါလိလေယျကတော၌ သီတင်းသုံးနေတော်မူသော မြတ်စွာဘုရားကို ပင့်ဆောင်ပေးပါရန် ရှင်အာနန္ဒာအား လျှောက်ထားကြ၏။ ရဟန်းငါးရာတို့ကလည်း ရှင်အာနန္ဒာနှင့်အတူ လိုက်ပါခွင့်ပြုပါရန် တောင်းပန်ကြ၏။

ထို့ကြောင့် ရှင်အာနန္ဒာသည် ရဟန်းငါးရာနှင့်အတူ မြတ်စွာဘုရားကို ပင့်ဆောင်ရန် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှ ပါလိ လေယျကတောသို့ ကြွသွားတော်မူ၏။ ပါလိလေယျကတောသို့ ရောက် သောအခါ ရဟန်းငါးရာကို ထားခဲ့ပြီး ကိုယ်တော်တစ်ပါးတည်း မြတ်စွာ ဘုရားသို့ ချဉ်းကပ်၏။ ထိုအခါ ပါလိလေယျက ဆင်မင်းသည် ရှင်အာနန္ဒာအား ဟန့်တား၏။ မြတ်စွာဘုရားက မဟန့်တားရန် အမိန့်ရှိသောအခါမှသာ ပါလိလေယျက ဆင်မင်းသည် မဟန့်တားတော့ဘဲ ရှင်အာနန္ဒာ၏ သပိတ်သင်္ကန်းကို လှမ်းယူ၏။ သို့ရာတွင် ရှင်အာနန္ဒာက မပေး။

ထိုအခါ ပါလိလေယျက ဆင်မင်းသည် ရှင်အာနန္ဒာ၏ အရိပ် အခြေကို အကဲခတ်ကြည့်နေ၏။ ရှင်အာနန္ဒာသည် မိမိ၏ သပိတ်သင်္ကန်း တို့ကို မြတ်စွာဘုရား သီတင်းသုံးရာ ကျောက်ဖျာထက်၌ မချထားဘဲ မြေ၌သာ ချထားလေ၏။

http://www.cherrythitsar.org



ဗုဒ္ဓဘာသာ ယဉ်ကျေးမှုအရ တပည့်တို့သည် အလေးအမြတ် ပြုအပ်သော မိဘ၊ ဆရာသမားတို့၏ ထိုင်ရာ အိပ်ရာ နေရာ တို့၌ မိမိတို့၏ အသုံးအဆောင် ပရိက္ခရာများကို မထားကြချေ။

ရှင်အာနန္ဒာသည် မြတ်စွာဘုရားသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တင့်အပ် လျောက်ပတ်သော နေရာ၌ နေ၏။ မြတ်စွာဘုရားက ရှင်အာနန္ဒာအား 'အာနန္ဒာ၊ သင်တစ်ယောက်တည်းလား' ဟူ၍ မေးလျှင်၊ ရှင်အာနန္ဒာကလည်း ရဟန်းငါးရာ ပါလာကြောင်း၊ တောအုပ်၏ အပြင်ဘက်၌ထားခဲ့ကြောင်း လျှောက်ထားရာ ရှင်အာနန္ဒာအား ရဟန်းငါးရာကို သွားရောက် ခေါ်စေ၏။

ရဟန်းငါးရာတို့လည်း မြတ်စွာဘုရားရှေ့မှောက်တော်သို့ ရောက်၍ သင့်လျော်ရာနေရာ၌ နေတော်မူကြပြီး မြတ်စွာဘုရားအား 'ရှင်တော်မြတ်ဘုရား သည် ဘုရားရှင်၏ သိမ်မွေ့ခြင်းလည်း ရှိတော်မူ၏။ မင်း၏ သိမ်မွေ့ခြင်းလည်း ရှိတော်မူ၏။ ဝတ်ကြီးဝတ်ငယ်ကို ပြုစုလုပ်ကျွေးသူ တစ်ဦးတစ်ယောက်မျှ မရှိဘဲ ဝါတွင်းသုံးလပတ်လုံး ဤပါလိလေယျက တောအုပ်၌ တစ်ပါးတည်း သီတင်းသုံး တော်မူခြင်းသည် ခဲယဉ်းငြိုငြင်ဖွယ် ရှိလှပါ၏' ဟု လျှောက်ထားကြလေရာ မြတ်စွာဘုရားက –

'ချစ်သားရဟန်းတို့၊ ဤပါလိလေယျက ဆင်မင်းသည် ငါ၏ အလုံးစုံ သော ဝတ်ကြီးဝတ်ငယ်ကို ပြုစု၏။ ဤအဆွေခင်ပွန်းကောင်းနှင့် အတူတကွ နေရခြင်းသည် မြတ်၏။ အကယ်၍ အဆွေခင်ပွန်းကောင်းကို မရခဲ့သော် အဆွေ ခင်ပွန်းယုတ်တို့နှင့် မနေဘဲ တစ်ယောက်တည်းနေခြင်း ကပင် မြတ်၏' ဟူ၍ အောက်ပါ သုံးဂါထာကို ဟောတော်မူ၏။

– ရင့်ကျက်သောပညာနှင့် ခိုင်ခံ့သော သမာဓိရှိသော အတူတကွ ကျင့်ဖက်၊ ကောင်းစွာ သီတင်းသုံးဖက်ဖြစ်သော အဆွေခင်ပွန်း ကောင်းကို ရရှိခဲ့လျှင်၊ ထိုအဆွေခင်ပွန်းနှင့် အတူ ဖြစ်ပေါ်လာသော ဘေးရန် အားလုံးတို့ကို နှိမ်နင်း၍ ဝမ်းမြောက်ဝမ်းသာ သတိရှိစွာဖြင့် ကျင့်ရာ၏။

– အကယ်၍ ရင့်ကျက်သောပညာနှင့် ခိုင်ခံ့သော သမာဓိရှိသော အတူ တကွ ကျင့်ဖက် ကောင်းစွာ သီတင်းသုံးဖက် ဖြစ်သော အဆွေ ခင်ပွန်းကောင်းကို မရရှိခဲ့လျှင်၊ နိုင်ငံကို စွန့်၍ တစ်ယောက်တည်း တောထွက်သော မင်း ကဲ့သို့ လည်းကောင်း၊ ဆင်အုပ်ကို စွန့်၍ တစ်ကောင်တည်း တော၌ ကျက်စားသော ဆင်ပြောင်ကြီးကဲ့သို့ လည်းကောင်း တစ်ယောက်တည်း ကျင့်ရာ၏။

http://www.cherrythitsar.org



– တစ်ယောက်တည်း ကျင့်ခြင်းသည် မြတ်၏။ သူမိုက်တို့နှင့် အဖော်ပြုခြင်းသည် မမြတ်။ ကြောင့်ကြမဲ့တော၌ တစ်ကောင်တည်း ကျက်စားသော ဤပါလိလေယျက ဆင်မင်းကဲ့သို့ တစ်ယောက်တည်း ကျင့်ရာ၏။ မကောင်း မှုတို့ကို မပြုရာ။

ဤ ဂါထာသုံးဂါထာတို့ကို ဟောတော်မူသည်၏ အဆုံး၌ ရှင်အာနန္ဒာနှင့် အတူပါ လာသော ရဟန်းငါးရာတို့ အားလုံး ရဟန္တာများ ဖြစ် သွားကြ၏။ ရှင်အာနန္ဒာမှာမူ ရဟန္တာ မဖြစ်သေး။

ထို့နောက် ရှင်အာနန္ဒာက အနာထပိဏ် ဝိသာခါ အမှူးရှိသော အရိယာ သာဝကတို့သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ မြတ်စွာဘုရား ကြွလာ တော်မူပါရန် တပည့်တော်မှ တစ်ဆင့် လျှောက်ထားကြပါကြောင်း တင်ပြ လျှောက်ထား၏။ ထိုအခါ မြတ်စွာဘုရားက 'ထိုသို့ဖြစ်လျှင် အာနန္ဒာ၊ သပိတ် သင်္ကန်းတို့ကို ယူလော့' ဟု မိန့်တော်မူပြီး နောက်ပါ ရဟန်းတို့နှင့်အတူ ထွက်ကြွ တော်မူ၏။

ထိုအခါ ပါလိလေယျက ဆင်မင်းသည် လမ်းခရီး၌ ကန့်လန့်ဖီလာ ပြု၍ ရပ်နေ၏။ 'ဆင်မင်းသည် အဘယ့်ကြောင့် ကန့်လန့်ဖီလာပြု၍ ရပ်နေပါ သနည်း' ဟု ရဟန်းတို့က မြတ်စွာဘုရားအား လျှောက်ထားရာ မြတ်စွာဘုရားက 'ရဟန်းတို့၊ သင်တို့အား ဤဆင်မင်းသည် ဆွမ်းကို လှူခြင်းငှာ တောင့်တ၏။ ဤဆင်မင်းသည် ဝါတွင်းသုံးလပတ်လုံး ငါ့အား လုပ်ကျွေး၏။ ထိုဆင်မင်း၏ သဒ္ဓါတရားကို ပျက်စီးစေခြင်းငှာ မသင့်။ ထို့ကြောင့် ချစ်သားရဟန်းတို့ ပြန်ကြ ကုန်ဦးလော့' ဟု မိန့်တော်မူပြီးလျှင် ပါလိလေယျက တောအုပ်သို့ ပြန်ကြွတော် မူ၏။

ပါလိလေယျက ဆင်မင်းသည် တောအုပ်သို့ဝင်၍ အရသာရှိသော သစ်သီးကြီးငယ်တို့ကို ဆောင်ယူပြီးလျှင် နောက်နေ့ အရုဏ် တက်၌ ဘုရား အမှူးရှိသော သံဃာတော်တို့အား သစ်သီးဆွမ်းဖြင့် ကပ်လှူပူဇော်၏။ ဘုရား အမှူးရှိသော သံဃာတော်တို့လည်း ပါလိလေယျက ဆင်မင်း၏ သစ်သီးဆွမ်းကို ဘုဉ်းပေးတော်မူပြီးနောက် တောအုပ်မှ ထွက်ကြွတော်မူလေ၏။

ပါလိလေယျက ဆင်မင်းသည် မြတ်စွာဘုရား၏ရှေ့၌ ရပ်တန့်၍ မြတ်စွာဘုရားအား ကြွသွားတော်မမူပါရန် လျှောက်ထားသကဲ့သို့ ပြု၏။ ထိုအခါ မြတ်စွာဘုရားက 'ပါလိလေယျက၊ ယခု ငါဘုရား ကြွသွားခြင်းသည် ဤတောသို့ တစ်ဖန် ပြန်မလာတော့သော အပြီးတိုင် ကြွခြင်း ဖြစ်၏။ သင်ဘဝဖြင့် ဈာန် မဂ်ဖိုလ်ရရန် အကြောင်းမရှိ၊ သင်၌ လုံ လောက်သော ကာမာဝစရကုသိုလ်ကို

http://www.cherrythitsar.org



ဆည်းပူးအပ်ပြီ။ သို့ဖြစ်၍ ငါဘုရား အား မတားဘဲ ဤအရပ် ဤဌာနဌ်သာ နေရစ်ပါလေတော့' ဟု မိန့်ကြားလျှင် ပါလိလေယျက ဆင်မင်းသည် မိမိ၏ နှာမောင်းကို ခံတွင်းသို့သွင်းကာ ငြင်းစွာငိုကြွေးလျက် နောက်တော်မှ တကောက်ကောက် လိုက်လေ၏။

ရွာ၏ ဥပစာသို့ ရောက်သောအခါ 'ပါလိလေယျက၊ ဤအရပ် မှ ရှေ့တွင် သင့်အတွက် ရန်များချေမည်။ ဤအရပ်၌ နေရစ်လေလော့' ဟု မြတ်စွာဘုရားက မိန့်လေလျှင် ပါလိလေယျက ဆင်မင်းသည် စီးကျသော မျက်ရည်တို့ဖြင့် မြတ်စွာဘုရားနှင့် ရဟန်းသံဃာအပေါင်း တို့ကို မျက်စိတစ်ဆုံး မျှော်ကြည့်လျက် မြတ်စွာဘုရားနှင့် ရဟန်းသံဃာ များကို မမြင်ရ တော့သော ကာလ၌ ရင်ကွဲနာကျ၍ နေရာ၌ပင် သေလွန် လေ၏။

မြတ်စွာဘုရားသည် ပါလိလေယျက တောအုပ်၌ သီတင်းသုံးစဉ် ပျားလပို့ လှူဒါန်းသော မျောက်သည် လည်းကောင်း၊ သစ်သီးကြီးငယ် တို့ကို ခူးဆွတ်၍ နေ့စဉ်ဆက်ကပ်ပြီး မြတ်စွာဘုရား၏ ဝတ်ကြီးဝတ်ငယ် တို့ကို အမြဲတစေ ပြုစုသော ပါလိလေယျကဆင်မင်းသည် လည်းကောင်း သေလွန်သောအခါ တာဝတိံသာ နတ်ပြည်၌ နတ်သားများ ဖြစ်ကြ၏။ မြတ်စွာဘုရား ပျားလပို့ ဘုဉ်းပေးနေသည်ကို မြင်ရသဖြင့် ဝမ်းသာလွန်းသောကြောင့် မျောက်သည် တစ်ပင်မှတစ်ပင်သို့ ခုန်ကူးရာ သစ်ကိုင်းကျိုး ကျ၍ သေရခြင်း ဖြစ်၏။ ပါလိလေယျက ဆင်မင်းသည် မြတ်စွာဘုရားနှင့် ခွဲခွာရသဖြင့် ရင်ကွဲ နာကျ၍ သေရခြင်း ဖြစ်၏။ မျောက်နှင့် ဆင်တို့၏ သေခြင်းကား မြတ်သော သေခြင်းသာတည်း။

လူဖြစ်ခေ တိရစ္ဆာန်ဖြစ်စေ ရတနာသုံးပါး၌ ထက်သန်သော သဒ္ဓါတရားဖြင့် လှူဒါန်းဆည်းကပ်ပါက ဉာဏ်မယှဉ်သော ကုသိုလ်ပင် ဖြစ်စေဦးတော့၊ ကောင်းကျိုးကို မလွဲကေန် ပေးမည်သာတည်း။ ဉာဏ် ယှဉ်သော ကုသိုလ်ဖြစ်ပါမူ အဘယ်ဆိုဖွယ်ရာ ရှိပါအံ့နည်း။

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ ရောက်တော်မူကြောင်း ကောသမ္ဗီပြည်သား ရဟန်းတို့ ကြားလျှင် မြတ်စွာဘုရားကို ဝန်ချကန်တော့ရန် သာဝတ္ထိပြည်သို့ လာကြကုန်၏။ ပသေနဒီ ကောသလ မင်းကြီးကလည်း မြတ်စွာဘုရား ကိုယ်တော်တိုင် ဆိုဆုံးမ သည်ကို မနာယူဘဲ ခိုက်ရန်ဖြစ်ပွား ငြင်းခုံခြင်းများကြသော ထိုရဟန်း တို့ကို သူ၏နိုင်ငံတွင်းသို့ ဝင်ရောက်ခွင့် မပေးလိုကြောင်း မြတ်စွာ ဘုရားအား လျှောက်ထား၏။ ကျောင်းဒါယကာ အနာထပိဏ် သူဌေး ကြီးကလည်း ဇေတဝန်ကျောင်းတွင်း သို့ ထိုရဟန်းများကို ဝင်ရောက်ခွင့် မပေးလိုကြောင်း လျှောက်ထားပြန်၏။

http://www.cherrythitsar.org



ထိုအခါ မြတ်စွာဘုရားက–

'ဤရဟန်းတို့သည် အကျင့်သီလ စင်ကြယ်သော ရဟန်းများချည်း ဖြစ်ကြ၏။ အချင်းချင်း ငြင်းခုံမှုကြောင့် ငါဘုရားစကားကို မနာ ယူခြင်း ဖြစ်၏။ ယခု ဝန်ချတောင်းပန်ရန် လာခြင်းဖြစ်၍ မတားမြစ်ပါနှင့်၊ လာပါစေ' ဟူ၍ ကောသလမင်းကြီးနှင့် အနာထပိဏ်တို့အား မိန့်ကြား တော်မူရာ ထိုရဟန်းများ လာခွင့်ရကြ၏။

ထိုရဟန်းများ ရောက်လာလျှင် မြတ်စွာဘုရားသည် ကျောင်း၊ အိပ်ရာ နေရာတို့ကို ပေးစေတော်မူ၏။ အခြားသော ရဟန်းတို့သည် လည်း ကောင်း၊ လူအပေါင်းတို့သည် လည်းကောင်း 'ဤရဟန်းတို့ကား မြတ်စွာဘုရား ကိုယ်တော် တိုင် ဆိုဆုံးမသည်ကို မနာယူဘဲ အချင်းချင်း ခိုက်ရန် ဖြစ်ပွား ငြင်းခုံခြင်းများ ကြသော ရဟန်းတို့ပေတည်း' ဟူ၍ တစ်ဦးနှင့် တစ်ဦး လက်ညှိုးထိုးကာ ပြောဆို ကြသဖြင့် ထိုရဟန်းတို့သည် ဦးခေါင်းပင် မဖော်ဝံ့သောက်အောင် ရှက်ကြလေ၏။ မိမိတို့အပြစ်နှင့် မိမိတို့ဖြစ်၍ ဘာမျှ ခွန်းတုံ့ မပြန်နိုင်တော့။

ကောသမ္ဗီရဟန်းတို့သည် မြတ်စွာဘုရား ခြေတော်ရင်း၌ ဝပ်စင်း ညွှတ်ပွားလျက် တောင်းပန်ကြကုန်၏။ မြတ်စွာဘုရားကလည်း–

'ဤလောက၌ အနိစ္စသဘောကို မသိမမြင်ကြကုန်သော သူမိုက် တို့သည် အချင်းချင်း ငြင်းခုံ၍ ခိုက်ရန် ဖြစ်ပွားကြကုန်၏။ အချင်းချင်း ငြင်းခုံ၍ ခိုက်ရန် ဖြစ်ပွားခြင်းဖြင့် ထိုငြင်းခုံကွဲပြား ခိုက်ရန်ဖြစ်ပွားခြင်း သည် ငြိမ်းအေးသည်ဟူ၍ မရှိ။ အနိစ္စသဘောကို သိသော ပညာရှိတို့ အတွက်ကား ငြင်းခုံ၍ ခိုက်ရန်ဖြစ်ပွား ခြင်းသည် ပြေငြိမ်း၏' ဟူ၍ ဆိုဆုံးမကာ အောက်ပါ ဂါထာကို ဟောတော်မူ၏။

**– ဤလောက၌ ငါတို့သည် တစ်နေ့တွင် မုချမသွေ သေဆုံး ကြရမည် သာ ဖြစ်၏ ဟူ၍ မသိကြကုန်သော သူမိုက်တို့ အတွက် ငြင်းခုံကွဲပြား ခိုက်ရန် များခြင်းသည် မပြေငြိမ်း။**

**– ထိုသို့ သိသော ပညာရှိတို့အတွက်ကား၊ ထိုသို့ သိခြင်းကြောင့် ခိုက်ရန် ဖြစ်ပွား ငြင်းခုံကွဲပြားခြင်းတို့သည် ပြေငြိမ်း ကုန်၏။**

ပုထုဇဉ်လူသားတို့၏ သဘာဝဟူသည် သိသိသာသာ ပြိုင်ခြင်းနှင့် မသိမသာ ပြိုင်ခြင်းတို့၏ ပေါင်းစည်းရာဌာန ဖြစ်၏။ မာနပင်တည်း။ မာနသည် မိမိထက် သာသူနှင့်လည်း ပြိုင်၏။ တန်းတူနှင့်လည်း ပြိုင်၏။ မိမိအောက် နိမ့်ကျသူနှင့် လည်း ပြိုင်၏။ ဘက်မရွေး မြင်မြင်သမျှနှင့် ပြိုင်၏။ ထိုသို့ပြိုင်ရာမှ မခံချင်စိတ် တို့သည် ဖြစ်၏။ ဒေါသပင်တည်း။ ဒေါသ မာန်မာနတို့ကြောင့် မခံချင်စိတ်တို့ ပြင်းထန်လာသောအခါ မှားမှန်း သိလျက် စွတ်တိုး၏။ မလုပ်သင့်မှန်း သိလျက်

http://www.cherrythitsar.org



ဖွတ်လုပ်၏။ ဘာကိုမှ မမြင်။ ယှဉ်ဖက်အပေါ် အသာစီးရရေး၊ ယှဉ်ဖက် ဒုက္ခရောက်ရေးကိုသာ မြင်၏။ ထိုအခါ ဘုရားလည်း မတတ်နိုင်၊ တရားလည်း မတတ်နိုင်၊ သံဃာလည်း မတတ်နိုင်၊ မိဘနှင့် ဆရာသမားတို့ကား တတ်နိုင်ပို့ ဝေး၏။

ပညာယ န ဘာသေ ဌာနံ – ပုထုဇဉ် လူမိုက်တို့၏ ဘဝ၌ ပညာ၏ ပြဋ္ဌာန်းမှုမည်သည် မရှိဟူ၍ အဆိုအမိန့် ရှိလေရာ၊ ပုထုဇဉ် လူသားတို့ အတွက် ဆင်ခြင်ဉာဏ်ထက် ခံစားချက်က ပို၍ ပြဋ္ဌာန်းလေ၏။ ထို့ကြောင့် ကောသမ္ဗီ ပြည်သား ယောသိတာရုံ ရဟန်းများသည် သီလစင်ကြယ်သူများ ဖြစ်ကြပါလျက်၊ မြတ်စွာဘုရား၏အဆုံးအမကို မနာယူနိုင်ခြင်း ဖြစ်ပါ၏။ ပုထုဇဉ်တို့၏ ကိုယ်ကျင့် သိက္ခာသည် ကျောက်တိုင်ကဲ့သို့ မခိုင်မြဲဘဲ မြေသားတိုင်ကဲ့သို့ ယိုင်လဲတတ်ချေ၏။ ထို့ကြောင့်ပင် ပုထုဇဉ် လူသား များကို တံငြောင်းတစ်ပိုင်း ပြဟ္မာတစ်ပိုင်း ဟူ၍ ဆိုခြင်း ဖြစ်ရာ၏။

ဆင်ခြင်ဉာဏ်ကို အလေးအနက် ထားသူများအတွက် လူသား တို့၏ အနိစ္စသဘောအရ တစ်နေ့တွင် သေရမည်ချည်း ဖြစ်ရာ သေလွန် သောအခါ၌ သုဘာရာဇာ လက်တွင်းဝယ် အားလုံးအတူတူ ဘယ်သူ ဘယ်ဝါမှ သာခြင်း၊ နာခြင်း မရှိဘဲ မြေကြီးစာနှင့် ပြာစုအသွင်ဖြင့်သာ အဆုံးသတ်ရမည် ဖြစ်သောကြောင့် "မရဏာနုဿတိ" ခေါ် သေခြင်း တရားကို အဖန်ဖန် အောက်မေ့သော ကမ္မဋ္ဌာန်း ဘာဝနာဖြင့် မခံချင် စိတ်များ၊ ဒေါသ မာန်မာန စိတ်များကို ပယ်ဖျောက်နိုင်၏။ ခိုက်ရန် ကွဲပြား အငြင်းပွားမှုများကို ပယ်ဖျောက်နိုင်၏။ ထို့ကြောင့် ယောသိတာရုံ ရဟန်းများသည် မရဏာနုဿတိ ကမ္မဋ္ဌာန်းဖြင့် သမာဓိကို ထူထောင်ပြီး သစ္စာ တရားများကို ဝိပဿနာရှုရာမှ သောတာပန် ဖြစ်သွားကြလေ၏။ ဤသည်မှာ ဤဂါထာ၏ ဆိုလိုရင်း ဖြစ်၏။

ကျွန်ုပ်တို့သည်လည်း ဒေါသ မာန်မာနကို အကြောင်းခံ၍ မခံချင် စိတ်များ ဖြစ်ပွားလာခဲ့သော် ယောသိတာရုံ ရဟန်းများ၏ ဖြစ်ရပ်ကို အာရုံပြု ၍ ထိုဒေါသ မာန်မာနတို့ကို ပယ်ဖျောက်နိုင်အောင် ကြိုးစား ရာ၏။

# စူဠကာလနှင့် မဟာကာလ

သေတဗျမြို့၌ သူကြွယ်မိဘနှစ်ပါး ကွယ်လွန်သွားသောအခါ သားသုံးယောက် ကျန်ရစ်ခဲ့၏။ သားကြီး၏အမည်မှာ မဟာကာလ ဖြစ်၏။ သားလတ်၏အမည်မှာ မဇ္ဈိမကာလ ဖြစ်၏။ အငယ်ဆုံးသားမှာ စူဠကာလ ဖြစ်၏။ သားသုံးယောက်လုံး

http://www.cherrythitsar.org



အိမ်ထောင်သည်ချည်း ဖြစ်ကြသော်လည်း စီးပွားမခွဲကြ။ မိဘ၏ လက်ငုတ်လက်ရင်း လုပ်ငန်းကိုပင် တစ်စီးပွားတည်းအနေဖြင့် တက်ညီလက်ညီ လုပ်ကိုင်ကြ၏။

မဟာကာလနှင့် စူဠကာလတို့က ကုန်များကို ရှာဖွေ ဝယ်ယူပြီး သေတဗျမြို့သို့ ပို့ပေး၏။ မဇ္ဈိမကာလက သေတဗျမြို့၌ ခိုင်ခံပြီး ဖြန့်ဖြူး ရောင်းချ၏။ ဤသို့လျှင် တာဝန်ကိုယ်စီဖြင့် ညီနောင်သုံးယောက်တို့သည် သူကြွယ်တို့၏ ထုံးစံအတိုင်း ကုန်သန်းရောင်းဝယ်ရေး လုပ်ငန်းများကို လုပ်ကိုင်ကြ၏။ ထိုခေတ်ကား "လှည်းခေတ်" ဖြစ်လေရာ လှည်းများဖြင့် ကုန်စည်ပို့ဆောင်ရေး လုပ်ငန်းများကို ဆောင်ရွက်ကြ၏။

တစ်နေ့တွင် မဟာကာလနှင့် စူဠကာလတို့သည် လှည်းပေါင်း (၅၀၀)တို့ဖြင့် ကုန်စည်များကို တင်ဆောင်လာရာ သာဝတ္ထိပြည်သို့ ရောက်လာ၏။ သာဝတ္ထိပြည်တွင် စခန်းချရန် အကောင်းဆုံးနေရာကို ရွေးကြရာ သာဝတ္ထိပြည်နှင့် ဇေတဝန်ကျောင်းတော်၏ အကြား၌ တွေ့ကြ၏။ ထို့ကြောင့် မဟာကာလနှင့် စူဠကာလတို့သည် လှည်းများကိုဖြုတ်၍ ထိုနေရာ၌ စခန်းချကြ၏။

ညချမ်းသောအခါ သာဝတ္ထိပြည်သားတို့သည် ပန်းနံ့သာလက်စွဲ လျက် ဇေတဝန်ကျောင်းတော်၌ မြတ်စွာဘုရား တရားဟောတော်မူသည်ကို နာကြားရန် သွားကြ၏။ မဟာကာလသည် ထိုလူများထံမှ မြတ်စွာဘုရား တရားဟောတော်မူမည့်အကြောင်းကို ကြားရသောအခါ ညီဖြစ်သူ စူဠကာလကို ခေါ်၍ "ညီချစ် စူဠကာလ၊ ဤပစ္စည်းတို့ကို သတိဝီရိယနှင့် စောင့်ရှောက်ရစ်ပါ၊ အစ်ကိုတော့ မြတ်စွာဘုရား၏ တရားတော်ကို သွားရောက်နာကြားဦးမည်" ဟု မှာကြားကာ ဇေတဝန်ကျောင်းတော်သို့ သွားလေ၏။

ဇေတဝန်ကျောင်းတော်သို့ ရောက်သောအခါ ပရိသတ်၏ အစွန်၌ နေ၍ တရားတော်ကို နာယူ၏။ သို့ရာတွင် မြတ်စွာဘုရားသည် မဟာကာလ၏ ပါရမီတော်ကို သိတော်မူ၏။ ထို့ကြောင့် ထိုတရားပွဲသည် မဟာကာလ၏ တရားပွဲ ဖြစ်၏။ ထိုတရားပွဲ၌ ကာမဂုဏ်တို့၏ အပြစ်၊ ကာမဂုဏ်တို့၏ ယုတ်ညံ့ခြင်း၊ ကာမဂုဏ်တို့၏ ညစ်ညူးခြင်း၊ ကာမဂုဏ်တို့မှ ထွက်မြောက်ခြင်း၏ အာနိသင်တို့ကို ဟောကြားတော် မူလိုက်၏။

ထိုအခါ မဟာကာလအတွက် "အလင်းရောင်သစ်" သည် ပေါ်ခဲ့လေပြီ။

မဟာကာလသည် ထိုအလင်းရောင်သစ်ဖြင့် သူကျင်လည်ခဲ့ရသော လောကကို ပြန်ကြည့်၏။ ထိုအခါ လောကအပေါ် ယခုအမြင်သည် တစ်မျိုး ဖြစ်၏။ အလင်းရောင်ဟောင်းဖြင့် လောကအပေါ် မြင်ရသော ယခင်အမြင်သည်

http://www.cherrythitsar.org



တစ်မျိုး ဖြစ်၏။ အလင်းရောင်ဟောင်းသည် "နေ" က ပေးသော ရုပ်အလင်းရောင် ဖြစ်၏။ ယခု အလင်းရောင်သည် မြတ်စွာဘုရားကပေးသော ဉာဏ်အလင်းရောင် ဖြစ်၏။

နေအလင်းရောင်ဖြင့် ကြည့်စဉ်က သူကြွယ်တို့၏ ထုံးစံအတိုင်း စည်းစိမ်ဥစ္စာတို့၏ ပြည့်စုံခြင်း၊ ဆွေမျိုးဉာတိတို့၏ ပြည့်စုံခြင်း၊ ရာထူး ဂုဏ်သိန်တို့၏ ပြည့်စုံခြင်းတို့သည် အားရဖွယ် ကောင်းလှ၏။ ပျော်မွေ့ဖွယ် ကောင်းလှ၏။ မဟာကာလအတွက် လောကဟူသည် ကြည်နူးသာယာဖွယ် အတိပါတကား။ လောဘရမ္မက်ကြောင့် မောလို့လည်း မောရမှန်း မသိ၊ မောရခြင်းသည်ပင် ပျော်စရာ ဖြစ်၏။ ပန်းလို့လည်း ပန်းရမှန်း မသိ၊ ပန်းရခြင်းသည်ပင် ပျော်စရာ ဖြစ်၏။ လောဘသည် မဟာကာလ လျှောက်လှမ်းဖို့ရန် "ပျော်မြူးစရာလမ်းမ" ကို ခင်းပေးလေ၏။ ဤသည်မှာ ရုပ်အလင်းရောင်ဖြင့် မြင်ရသော မဟာကာလ၏ ယခင် လောကအမြင် ဖြစ်၏။

ယခု မြတ်စွာဘုရားထံမှ ဉာဏ်အလင်းရောင်ကို ရပြီ။ ဉာဏ်အလင်းရောင်ဖြင့် လောကကို ကြည့်တတ်ပြီ၊ မြင်တတ်ပြီ။

အကြောင်းကံတရားတို့ ညီညွတ်ပြည့်စုံသောအခါ အကျိုးတရားသည် ဖြစ်ပေါ်လာရ၏။ ယင်းကိုပင် "ဘဝ" ဟူ၍ ခေါ်ရ၏။ ဘဝ၏ ကိစ္စမှာ ဖြစ်ခြင်း၊ အိုခြင်းနှင့် သေခြင်းပင် ဖြစ်၏။ ပါဠိ ဝေါဟာရအားဖြင့် ဇာတိ၊ ဇရာ၊ မရဏ ဟူ၍ ခေါ်ရ၏။ ဘဝ၏ အသွင်သဏ္ဌာန်မှာ အသံထွက်၍ ငိုခြင်းနှင့် အသံမထွက်ဘဲ ကျိတ်၍ငိုခြင်းတို့အကြား၌ လူးလွန့်နေခြင်းမျှသာ ဖြစ်၏။ သို့ရာတွင် ထိုကဲ့သို့ လူးလွန့်နေခြင်းကိုပင် သုခဟု ထင်၏။ အမှန်အားဖြင့် ဘဝ၏အလွန်၌ အတိုင်းမသိသော သုခအစစ်သည် ရှိ၏။ ထို သုခသို့ သွားရာလမ်းလည်း ရှိ၏။ ထိုလမ်းကား ဘဝခရီး၌ မတိမ်းမစောင်းဘဲ လျှောက်နိုင်အောင် ကိုယ်ကျင့်သိက္ခာက ခင်းပေးသော လမ်းတည်း။ အသံထွက်၍ ငိုခြင်းကို သောကပရိဒေဝ ဟူ၍ ခေါ်ရ၏။ အသံမထွက်ဘဲ ကျိတ်၍ငိုခြင်းကို ဒုက္ခ, ဒေါမနဿ, ဥပါယာသ ဟူ၍ ခေါ်ရ၏။ မဟာကာလသည် ဉာဏ်အလင်းရောင်ဖြင့် လောကကို ဤသို့ မြင်လေပြီ။ မဟာကာလအတွက် လောကသည် ဘဝ၊ ဘဝသည် ရုပ်နာမ်၊ ရုပ်နာမ်သည် ဒုက္ခ၊ သို့ရာတွင် ဤအမြင်သည် မဟာကာလ၏ ကိုယ်ပိုင်အမြင် မဟုတ်။ မြတ်စွာဘုရားထံမှရသော ဒေသနာဉာဏ်အမြင် ဖြစ်၏။

မဟာကာလသည် အိမ်မက်မက်ရာမှ နိုးခဲ့ပြီ။ သူ နားကြားခဲ့ရသော ဒေသနာတော်အရ လူ့ဘဝဟူသည် ရှည်လျားလှသော အိမ်မက်ပင် ဖြစ်၏။ ပျော်စရာ မဟုတ်ပါဘဲလျက် ပျော်ခဲ့၏။ ငိုစရာ မဟုတ်ပါ ဘဲလျက် ငိုခဲ့၏။

http://www.cherrythitsar.org



ရယ်စရာ မဟုတ်ပါဘဲလျက် ရယ်ခဲ့၏။ အိပ်မက်တွင် မဖြစ်နိုင်သော အရာဟူ၍ ဘာမျှမရှိ။ မြေကိုလည်း လျှိုးခဲ့၏။ မိုးကိုလည်း ပျံခဲ့၏။ ရေပေါ်၌လည်း လျှောက်ခဲ့၏။ ယင်းတို့ကား အိပ်မက်မှ မနိုးသေးမီကာလအတွင်း တကယ်တွေ့ကြုံခံစားရသော အတွေ့အကြုံနှင့် ခံစားချက်များ ဖြစ်၏။ မငြင်းဆိုနိုင်သော အမှန်တရားများ ဖြစ်၏။ ယခုကား အိပ်မက်မှ နိုးခဲ့ပြီ။ အိပ်မက်မှ နိုးသည်နှင့် တစ်ပြိုင်နက် ထိုခံစားချက်များနှင့် အတွေ့အကြုံများသည် မမှန်တော့။ သို့ရာတွင် အမှန်တရားကား ရှိ၏။ ရှာ၍လည်း ရ၏။ မြင်၍လည်း ရ၏။

မဟာကာလသည် ထိုအမှန်တရားကိုရှာရန် ဆုံးဖြတ်၏။ ဒေသနာအတိုင်း ရှာ၍ ကိုယ်ပိုင်ဉာဏ်ဖြင့်မြင်ရန် လုံ့လပြုရေးအတွက် သန္နိဋ္ဌာန်ချလိုက်၏။ ထို့ကြောင့် မြတ်စွာဘုရားအား ရဟန်းပြုပေးတော်မူပါရန် လျှောက်ထား၏။ မြတ်စွာဘုရားကလည်းဆိုင်ရာ ပုဂ္ဂိုလ်တို့အား ပန်ကြားရန် ညွှန်ကြားလိုက်၏။

မဟာကာလသည် ညီဖြစ်သူ စူဠကာလအား အကျိုးအကြောင်း ပြောကြား၏။ ညီဖြစ်သူ စူဠကာလက သဘောမတူ။ အတန်တန် တားမြစ်၏။ သို့ရာတွင် တားမြစ်၍ မရ။ နောက်ဆုံး၌ 'အစ်ကိုကြီး ဆန္ဒအတိုင်း ပြုတော်မူပါလော့' ဟူ၍ ခွင့်ပေးစကား ပြောကြားလိုက်၏။ ညီနောင်နှစ်ယောက်တို့၏ အမြင်ချင်းကား မတူ။ စူဠကာလ၏ အမြင်ကား အိပ်မက်လောက အမြင်မျိုး ဖြစ်၏။ ထိုအမြင်ဖြင့် လက်ရှိလောကကို 'အမှန်တရား' ဟူ၍ ခံယူ၏။ ထိုခံယူချက်ဖြင့် သူ၏ အစ်ကိုကို လမ်းမှား မလိုက်ရန် တားမြစ်ခြင်း ဖြစ်၏။ မဟာကာလ၏ အမြင်ကား နိုးကြားလောက၏ အမြင်ဖြစ်၏။ ထိုအမြင်ဖြင့် လက်ရှိလောကကို တဏှာဝိသုကာက မာယာအတတ်ပညာဖြင့် ဖန်ဆင်းထားသော အိပ်မက်လောက သို့မဟုတ် "အမှားတရား" ဟူ၍ ခံယူ၏။ ထိုခံယူချက်ဖြင့် ဤလောကကို စွန့်ခွာရန် ဆုံးဖြတ်ခြင်း ဖြစ်၏။

ညီနောင် နှစ်ယောက်ကား ကမ္ဘာခြားလေပြီ။ ညီငယ်ကား အိပ်မက်ကမ္ဘာ၌ ကျန်ရစ်ခဲ့လေပြီ။ နောင်တော်ကား နိုးကြားကမ္ဘာ အတွင်းသို့ ဝင်လေပြီ။ မဟာကာလသည် မြတ်စွာဘုရားထံ၌ ရဟန်းပြုကာ အရဟတ္တဖိုလ်တိုင်အောင် ရောက်စေနိုင်သော အသုဘကမ္မဋ္ဌာန်းကို ယူကာ သုသာန်ဓူတင်ကို ဆောင်၍ ဝိပဿနာတရားကို အားထုတ်၏။ နောက်များမကြာမီ စူဠကာလသည်လည်း ရဟန်းပြုပြန်၏။ စူဠကာလ ရဟန်းပြုခြင်း၏ ရည်ရွယ်ချက်ကား အစ်ကိုဖြစ်သူ မဟာကာလကို လူ့ဘောင်သို့ ပြန်ရောက်အောင် ဖြားယောင်းပြီး ရှေးကအတိုင်း သေတဗျမြို့၌ ညီအစ်ကိုသုံးယောက်တို့ စုစုစည်းစည်း တပျော်တပါး နေထိုင်သွားရန်သာ ဖြစ်၏။ ရဟန်းတရားကို အားထုတ်ရန် မဟုတ်။

http://www.cherrythitsar.org



မဟာကာလကား ဖြတ်စွာဘုရား ဟောတော်မူသည့်အတိုင်း ကမ္မဋ္ဌာန်းတရား၌ တကယ်ယုံကြည်သူ ဖြစ်၏။ မလျော့သော ဖွဲ့လုံ့လရှိသူ ဖြစ်၏။ မမေ့လျော့သော သတိတရားနှင့် ပြည့်စုံ၏။ နိုင်မာသော သမာဓိ ရှိ၏။ ရင့်ကျက်သော ပညာလည်း ရှိ၏။ ဤအင်္ဂါ ငါးပါးကို ဗုဒ္ဓဒေသနာတော်၌ ဣန္ဒြေငါးပါး ဟူ၍ ခေါ်၏။ ဤဣန္ဒြေငါးပါးတို့ ပြည့်စုံညီညွတ်လေသောအခါ တကယ်အမှန်တရား သစ္စာလေးပါးကို ကိုယ်ပိုင်ဉာဏ်ဖြင့် မျက်မှောက်ပြုနိုင်ပြီ ဖြစ်၏။ မဟာကာလသည် ဤ ဣန္ဒြေငါးပါးကို အညီအမျှဖြစ်အောင် အားထုတ်လျက် ညဦးယံ လူခြေတိတ်ချိန် သုသာန်သို့သွား၍ အသုဘကမ္မဋ္ဌာန်းကို စီးဖြန်း၏။ နံက် စောစောအခါ အလုံးစုံသောသူတို့ မထမီ ကျောင်းသို့ပြန်၏။ ကျောင်း၌ ကမ္မဋ္ဌာန်းတရားကို ဆက်လက် အားထုတ်၏။ ဤသည်မှာ သာသနာတော်၌ အကယ်တမ်း ကြည်ညိုပြီး ဝိနည်းဒေသနာတော်ကို လေးစားကြသော ပုဂ္ဂိုလ်မွန်တို့၏ ကျင့်စဉ်ဖြစ်၏။ ပုဂ္ဂိုလ်မွန်တို့သည် မိမိတို့ ဆောက်တည်သော ဓုတင်ကို အခြားသူများ မသိရလေအောင် အတတ်နိုင်ဆုံးလျှို့ဝှက်ကြ၏။ ပေါ်ပေါ်ထင်ထင် ပြုရိုးမရှိ။

သုသာန်၌ ကာဠီ မည်သော သုသာန်စောင့် ရှိ၏။ ကာဠီသည် ပုဂ္ဂိုလ်တစ်ဦး၏ ရပ်ရာ ထိုင်ရာ စင်္ကြံသွားရာတို့ကို တွေ့၏။ သို့ရာတွင် မည်သည့် ပုဂ္ဂိုလ်မှန်း မသိ။ ထို့ကြောင့် တစ်ညဦးတွင် ချောင်း၍စောင့်ရာ လူခြေတိတ်ချိန် သန်းခေါင်ယံ၌ သုသာန်သို့ ကြွလာသော မဟာကာလ မထေရ်ကို တွေ့လေ၏။ ထိုအခါ ကာဠီကမဟာကာလ မထေရ်အား သုသာန်ဓုတင်ဆောင် ရဟန်းတော်တို့ လိုက်နာရသော ကျင့်ဝတ်များနှင့် ပတ်သက်၍ လျှောက်ထား၏။

"အရှင်ဘုရား၊ သုသာန် ဓုတင်ဆောင် ရဟန်းတို့မည်သည် သုသာန်စောင့်၊ ရွာစားနှင့် ကျောင်းထိုင် မထေရ်ကြီးတို့အား မိမိတို့ သုသာန်ဓုတင် ဆောင်ကြောင်း ရှေးဦးစွာ ပန်ကြားအပ်ပါ၏။ တစ်ခါတစ်ရံ သူခိုးတို့သည် မိမိတို့ ခိုးယူခဲ့သော ဥစ္စာပစ္စည်းတို့ကို ပိုင်ရှင်တို့ လိုက်ဖမ်းသဖြင့် လွတ်မြောက်မြင်ပါက သုသာန်၌ ဥစ္စာထုပ်ကို စွန့်ပစ်၍ ပြေးသွားတတ်ကြပါ၏။ ထိုအခါ ဥစ္စာရှင်တို့က အရှင်ဘုရားအား သူခိုးအဖြစ် မှတ်ယူ၍ အန္တရာယ်ပြုတတ်ပါ၏။ အကယ်၍မှာ သုသာန်စောင့်, ရွာစားနှင့် ကျောင်းထိုင်ထေရ်ကြီးတို့က ရှေးမဆွကာ ကြိုတင် ပန်ကြားထားခဲ့ပါလျှင် တပည့်တော်တို့က တာဝန်ယူနိုင်သဖြင့် အရှင်ဘုရားတို့သည် ထောအန္တရာယ်မှ လွတ်ကင်းနိုင်ပါ၏"

ထိုအခါ မဟာကာလက "သင်ပြောသည့်အတိုင်း လိုက်နာဆောင်ရွက်ပါမည်။ နောက်ထပ်ပြုသင့်သောအကျင့်ရှိသေးလျှင်လည်း ပြောပါဦး" ဟုဆို၏။

http://www.cherrythitsar.org



ကာဠီကလည်း 'အရှင်ဘုရား၊ သုသာန်ရှုတင်ဆောင်သော ရဟန်းတို့မည်သည် ငါး၊ အမဲ၊ နှမ်း၊ မုန့်ညက်၊ ဆီ၊ တင်လဲတို့ကို မမှီဝဲအပ်ပါ' ဟူ၍ ပြန်လည် လျှောက်ထားလေ၏။

မဟာကာလကလည်း 'ကာဠီ သင်ပြောဆိုသည့်အတိုင်း လိုက်နာပါမည်။ အကယ်၍ အသုဘရှုရန် လျောက်ပတ်သော အလောင်းကောင်ကို တွေ့မြင်ပါက ငါ့အား အကြောင်းကြားပါ' ဟူ၍ ကာဠီအား မှာထား၏။ ထိုမှာထားချက်အရ ရွှေလိုဝင်းသော အဆင်းရှိသော ချောမောလှပသော မိန်းမပျို အလောင်း တစ်လောင်း ရောက်လာပြီး သုသာန်စောင့် ကာဠီအား မီးသင်္ဂြိုဟ်ပေးပါရန် မှာကြား၍ အခကြေးငွေပေးကာ မိတ်ဆွေမျိုးတို့ ပြန်သွားကြ၏။

သုသာန်စောင့် ကာဠီသည် ထိုအကြောင်းကို မဟာကာလမထေရ်အား အကြောင်းကြား၏။ မဟာကာလသည် သုသာန်သို့ကြွလာပြီးလျှင် ထင်းပုံထက်ရှိ မိန်းမပျိုအလောင်းကို ဖဝါးမှဆံဖျားတိုင်အောင် ရှုမှတ်၍ ဖဲ့ခွာသွား၏။ ထို့နောက် ကာဠီအား 'မီးလောင်၍ ရုပ်နာမ်ပျက်ချိန်တွင် ထပ်မံ၍ အကြောင်းကြားပါဦး' ဟု မှာကြားခဲ့၏။

ရုပ်နာမ်ပျက်၍ သုသာန်စောင့်ကာဠီ အကြောင်းကြားလေလျှင် ဆောဆောက ရွှေအဆင်းကဲ့သို့ ဝါဝင်းသော အသားအရေတို့သည် နွားမ ပြောက် အဆင်းကဲ့သို့ ဖြစ်ကုန်၏။ ခြေလက်တို့ ကျိုးကုန်၏၊ ကျော ကောက်ကုန်၏။ နဖူးပြင်၊ ရင်သား၊ ပေါင်သားတို့သည်လည်း မရှိကုန်တော့။

'ဩော် ... မိန်းမပျိုသည် ယခုကပင် ရွှေအဆင်းကဲ့သို့ ဝင်းဝါခဲ၏။ ယခု ချက်ချင်းပင် အသားအရေတို့သည် ဖောက်ပြန်ပျက်စီးကုန် ၏။ ကုန်ခြင်း၊ ပျက်ခြင်းသို့ ရောက်ကုန်၏။ ရုပ်နာမ်ဓမ္မသင်္ခါရတို့သည် အမြဲမရှိ၊ ဆင်းရဲဘိ၍ အနှစ်မရှိပါတကား' ဟု ဝိပဿနာဉာဏ်ဖြင့် ရှုမြင် ရာ ပဋိသမ္ဘိဒါ လေးပါးနှင့်တကွ ရဟန္တာ ဖြစ်သွားလေ၏။

ယခုမှပင် မဟာကာလသည် လောကကို သူ၏ ကိုယ်ပိုင်ဉာဏ်ဖြင့် အမှန် အတိုင်း မြင်၏။ လောကဟူသည် ရုပ်နာမ်ပင် ဖြစ်၏။ ယင်း ရုပ်နာမ်ကိုပင် အကြောင်းဟူ၍လည်း ဆိုရ၏။ အကျိုးဟူ၍လည်း ဆိုရ၏။ ရုပ်နာမ်သည်ပင် အကြောင်းသဘောဆောင်ပါက အကြောင်းတရား ဖြစ်လာရ၏။ အကျိုးသဘော ဆောင်ပါက အကျိုးတရား ဖြစ်လာရ၏။ အကြောင်းဟူသည်လည်း ရုပ်နာမ်၊ အကျိုး ဟူသည်လည်း ရုပ်နာမ်၊ ယင်းရုပ်နာမ်တို့သည် သူ့သဘော သူဆောင်ကာ ဖြစ်လိုက်ပျက်လိုက်၊ တစ်ဖန် ဖြစ်လိုက်ပျက်လိုက်ဖြင့် အမြဲတစေ ပြုပြင်ပြောင်းလဲ လျက် ရှိ၏။ ယင်းကိုပင် သင်္ခါရဟု ခေါ်ရ၏။

http://www.cherrythitsar.org



ရုပ်နာမ် ဓမ္မ သင်္ခါရတို့ကား ပုဂ္ဂိုလ်လည်း မဟုတ်၊ သတ္တဝါလည်း မဟုတ်၊ အရာဝတ္ထုလည်း မဟုတ်၊ သက်သက် ဖြစ်ပျက် ပြုပြင်မှု သဘောမျှသာ တည်း။ ယင်းကိုပင် တဏှာဗိသုကာက မာယာ အတတ်ပညာဖြင့် ခန္ဓာအိမ် ဆောက်ပေးလိုက်၏။ ခန္ဓာအိမ် ဆောက်ပေးလိုက် သည်နှင့် တပြိုင်နက် ယင်းခန္ဓာ အိမ်တွင် နေထိုင်မည့်သူကို ဖန်ဆင်းရ၏။ နေထိုင်မည့်သူကား "ငါ" ပင်တည်း။ ယင်း "ငါ" ကိုပင် အတ္တဟူ၍ ဆိုရ၏။ အတ္တသည် စင်စစ်အားဖြင့် အသက် လည်း မရှိ။ အသက်မရှိလျှင် သက်ရှိသတ္တဝါလည်း မဟုတ်။ သို့ပါလျက် တဏှာ၊ မာန၊ ဒိဋ္ဌိတို့က အတ္တကိုအသက်သွင်းကာ ခန္ဓာအိမ်ပိုင်ရှင် "ငါ" အဖြစ် ဖန်ဆင်း လိုက်၏။ ထိုအခါ "ဘဝ" သည် လည်းကောင်း၊ လောကသည် လည်းကောင်း၊ သံသရာသည် လည်းကောင်း အဆုံးမသတ် တရစပ် ဖြစ်ပေါ်ခဲ့ရ၏။ ဘယ်အချိန် ဘယ်ကာလက စခဲ့သည်ဟူ၍တော့ မသိ။ ဘဝ၊ လောက၊ သံသရာတို့သည်ကား သစ္စာလေးပါးကို မသိမချင်း အဆုံးမသတ်နိုင်ဘဲ အဆုံးမသတ် တရစပ် ဖြစ်နေ ဦးမည်ပင်။ ထိုကဲ့သို့ အမြဲမပြတ် တရစပ် ဖြစ်ပျက်နေခြင်းသည်ပင် ဒုက္ခမည်၏။ ထိုဒုက္ခမှ မဟာကာလမထေရ်သည် လွတ်မြောက်သွားပေပြီ။ ထို လွတ်မြောက် ခြင်းသည်သာ တကယ် မြတ်နိုးခြင်း မည်၏။ မောဟအမှောင်၏ လွှမ်းရာ ဘဝ တည်းဟူသော ညဥ့်၊ လောကတည်းဟူသော ညဥ့်၊ သံသရာတည်းဟူသော ညဥ့်မှ နိဗ္ဗာန်တည်းဟူသော နေ့သို့ ရောက်ပေပြီ။

ညီတော်မောင် စူဠကာလကား အိပ်တုန်း၊ အိပ်မက် မက်တုန်းပင် ဖြစ်၏။ သူ ရဟန်းပြုခြင်း၏ ရည်ရွယ်ချက်ကိုက သူ့အစ်ကို မဟာကာလကို လူ့ဘောင်သို့ ပြန်လည် ဆောင်ကြဉ်းရေးအတွက် ဖြားယောင်းသိမ်းသွင်းရန်ဖြစ်ရာ အဘယ်မှာ လျှင် မောဟလွှမ်းရာ ညဥ့်များမှ နိုး၍ အလင်း ရောင်ကို မြင်နိုင်ပေလိမ့်မည်နည်း။

မဟာကာလသည် သူပိုင်ဆိုင်သမျှ ပစ္စည်းဥစ္စာအားလုံးကို ညီငယ်တို့ အား အပြီးအပိုင် စွန့်ပစ်ခဲ့သည် မှန်၏။ သို့ရာတွင် စူဠကာလ၏အမြင်အရ မဟာကာလသည် သက်မဲ့ ရုပ်နာမ် အစုအပုံ မဟုတ်၊ သက်ရှိဖြစ်၏၊ အစ်ကိုကြီး ဖြစ်၏။ အဘအရာလည်း တည်၏။ လုပ်ငန်း၌ လမ်းညွှန်ပြနိုင်သူဖြစ်၏။ ထို့ကြောင့် အားကိုး၏။ ချစ်၏၊ ဥယကဲ့ သိုက်မပျက် အတူတကွ နေလို၏။ အစ်ကိုကြီးမရှိလျှင် ဤ၍စည်းစိမ်ဥစ္စာတို့သည် ဘာအသုံးကျမည်နည်း၊ ညီငယ်များ မက်သည်ကား အစ်ကိုကြီး ပိုင်ဆိုင်သော စည်းစိမ် ဥစ္စာများ မဟုတ်။ အစ်ကိုကြီး ကိုသာ ဖြစ်၏။ ထို့ကြောင့် အစ်ကိုကြီးကို ပူးသတ်သောနည်းဖြင့် ဖြားယောင်း သွေးဆောင်ရန် စူဠကာလသည် ရဟန်းပြုခြင်းဖြစ်၏။ အမှန်အားဖြင့် စူဠကာလ သည် တဏှာ၊ မာန၊ ဒိဋ္ဌိတို့က အသက်သွင်းထားသည့် ပုဂ္ဂိုလ် သတ္တဝါ ဖြစ်လေရာ

http://www.cherrythitsar.org



တဏှာ၏ အလိုကိုလိုက်၍ မဟာကာလကို ချစ်၏။ မာန၏ အလိုကိုလိုက်၍ မဟာကာလနှင့် ပတ်သက်ပြီး ဝင့်ကြွားရ၏။ ဒိဋ္ဌိ၏ အလိုကိုလိုက်၍ မဟာကာလကို အားကိုးရာအဖြစ် မြင်၏။ ထို့ကြောင့် မဟာကာလကို ဖြားယောင်းရန် အားထုတ်ကြခြင်း ဖြစ်၏။

သို့ရာတွင် အခြေအနေချင်းကား ခြားလေပြီ။ ဆက်စပ်၍ မရတော့။ စူဠကာလသည် အိပ်မက်ကမ္ဘာ၌နေသူ ဖြစ်၏။ အဝိဇ္ဇာ၏ ညဥ့်အမှောင်၌ အိပ်ပျော်နေသူ ဖြစ်၏။ မဟာကာလကား နိုးကြားကမ္ဘာ၌ နေသူဖြစ်၏။ ဝိဇ္ဇာ၏ နေ့အလင်း၌ နိုးကြားနေသူ ဖြစ်၏။ သို့ဖြစ်၍ အမြင်ချင်းမတူ။ စူဠကာလသည် ရုပ်ရှင်ပိတ်ကားပေါ်၌ ရုပ်ရှင်အတတ်ပညာအရ မြင်ရသောအရုပ်များကို တကယ့်သက်ရှိပုဂ္ဂိုလ်များသဖွယ် မှတ်ယူသူနှင့် တူ၏။ လွမ်းစရာမှတ်လျှင် လွမ်းလိုက်၏။ မုန်းစရာမှတ်လျှင် မုန်းလိုက်၏။ ပျော်စရာ မှတ်လိုက်လျှင် ပျော်လိုက်၏။ မဟာကာလကား ထိုသို့မမြင်။ ရုပ်ရှင် ပိတ်ကားပေါ်၌ မြင်ရသော အရုပ်များကို သက်မဲ့ ကော်ပြားအရုပ်အတိုင်းသာ မြင်၏။ ရုပ်ရှင်အတတ်ပညာ၏ လှည့်စားချက်များသာ ဖြစ်၏။ ဘာမျှ မဟုတ်။ လွမ်းစရာလည်း မရှိ။ မုန်းစရာလည်း မရှိ။ ပျော်စရာလည်း မရှိ။ ရုပ်ရှင် ရိုက်စဉ်ကလည်း ဇာတ်ဝင်ပုဂ္ဂိုလ်များသည် တကယ့်အမှန် ဖြစ်ပျက်နေသည့် ပုဂ္ဂိုလ်များ မဟုတ်။ ပုဂ္ဂိုလ်တုများသာ ဖြစ်၏။ ရုပ်ရှင်ရိုက်နေစဉ် ကိုယ်တိုင် မျက်မြင်ကြည့်နေသူများအဖို့ လွမ်းစရာ၊ မုန်းစရာ၊ ပျော်စရာ မဟုတ်သည့်အပြင် ရယ်စရာပင် ကောင်းသေး၏။ တကယ့် မာယာတည်း။ မာယာမှ နှစ်ကြိမ် မာယာ။ ဇာတ်ဝင်ပုဂ္ဂိုလ်များက တကယ့်လောကကို တစ်ကြိမ်၊ ဖလင်ကော်ပြားရုပ်များက သက်မဲ့ဖြစ်ပါလျက် သက်ရှိ တကယ့်ပုဂ္ဂိုလ်များသဖွယ် တစ်ကြိမ်၊ စုစုပေါင်း မာယာဖြင့် နှစ်ကြိမ်လိမ်၏။ ဤသို့ မာယာဖြင့် လိမ်ထားသည်ကို အလိမ်မှန်း အတုမှန်း မဟာကာလက မြင်၏။ သိ၏။ ထို့ကြောင့် မဟာကာလအတွက် တဏှာ၏ အလိုကိုလည်း လိုက်စရာ မလို။ မာန၏ အလိုကိုလည်း လိုက်စရာ မလို။ ဒိဋ္ဌိ၏ အလိုကိုလည်း လိုက်စရာမလို။ မှန်၏။ မဟာကာလသည် တဏှာ၊ မာန၊ ဒိဋ္ဌိတို့က အဝိဇ္ဇာမာယာဖြင့် အသက်သွင်းထားသော ပုဂ္ဂိုလ်သတ္တဝါ ဇီဝ အတ္တ မဟုတ်တော့။ ဘဝမှ လွတ်မြောက်ပြီ။ လောကမှ လွတ်မြောက်ပြီ။ သံသရာမှ လွတ်မြောက်ပြီ။ အကျဉ်းဆုံး ဆိုရလျှင် မာယာမှ လွတ်မြောက်လေပြီ။

စူဠကာလသည် ရုပ်ရှင်ပိတ်ကားပေါ်က အရုပ်များကို တကယ့် လောကအဖြစ် မြင်သူဖြစ်၏။ မဟာကာလကား တကယ့်လောကကို ရုပ်ရှင် ပိတ်ကားပေါ်က အရုပ်များအဖြစ် မြင်သူဖြစ်၏။ တစ်နေ့တွင် မြတ်စွာဘုရားသည် မဟာ

http://www.cherrythitsar.org



ကာလ, စူဠကာလ မထေရ်နှစ်ပါးနှင့်အတူ ရဟန်းသံဃာတော်အပေါင်း ခြံရံလျက် ဒေသစာရီ ကြွချီတော်မူခဲ့ရာ သေတဗျမြို့သို့ ရောက်တော်မူလာ၏။ သေတဗျမြို့သို့ ရောက်တော် မူလာသော်လည်း သေတဗျမြို့တွင်း၌ သိတင်းမသုံး၊ ရင်းတိုက်တော ၌သာ သိတင်းသုံးတော်မူ၏။

သေတဗျ မြို့သူမြို့သားတို့သည် မြတ်စွာဘုရား ရင်းတိုက် တော၌ သိတင်း သုံးတော်မူကြောင်း၊ ရဟန်းသံဃာတော်များလည်း ပါလာကြောင်း၊ မဟာကာလ နှင့် စူဠကာလ ညီနောင်နှစ်ပါးတို့ ပါဝင်ကြောင်း ကြားသိကြ၏။ ထိုအခါ မဟာကာလနှင့် စူဠကာလတို့၏ ဆွေမျိုးတစ်စုတို့သည် မြတ်စွာဘုရားနှင့် ရဟန်း သံဃာအပေါင်းကို ဆွမ်းစားပင့်ကြ၏။ မဟာကာလက စူဠကာလကို နေရာ ထိုင်ခင်းပြင်ရန် ရှေးဦးစွာ လွှတ်လိုက်၏၊ မဟာကာလတို့ ဆွေမျိုးအုပ်စုသည် မြတ်စွာဘုရားနှင့်တကွ ရဟန်းသံဃာ အပေါင်းကို ဆွမ်းစားပင့်ဖူးကြသည် မဟုတ်။ ထို့ကြောင့် နေရာထိုင်ခင်းကိုလည်း မစီစဉ်တတ်။ သို့ဖြစ်၍ မဟာကာလ က စူဠကာလကို နေရာထိုင်ခင်းများ စနစ်တကျ စီစဉ်ခင်းကျင်းရန် ကြိုတင် လွှတ်လိုက်ခြင်း ဖြစ်၏။

စူဠကာလသည် သေတဗျမြို့သို့ ရောက်၍ ဆွေမျိုးဉာတိတို့နှင့် တွေ့ဆုံရ သောအခါ အလွန်ပျော်၏။ အချင်းချင်း နောက်ကြပြောင်ကြနှင့် ငယ်ပေါင်းတို့၏ အလယ်၌ ပြောရဆိုရသည်မှာ နှစ်သက်ဖွယ်ရှိလှ၏။ အစ်ကိုကြီးနှင့်လည်း အမြင်ချင်း မတူ၊ အစ်ကိုကြီးကိုလည်း သွေးဆောင်ဖြားယောင်း၍ မရမှန်း သူ သိလာ၏။ သူ၏ ဇနီးတို့ကလည်း သူတို့နှင့်အတူ နေထိုင်၍ အေးအတူ ပူအမျှ ခံစားချက်ဖြင့် လောကကို ရင်ဆိုင်ရန် ဖြားယောင်းကြ၏။ မြူဆွယ်ကြ၏။ ထို့ကြောင့် စူဠကာလသည် လူထွက်လိုက်၏။ အစ်ကိုကြီး မဟာကာလအပေါ်၌ လည်း သူ့သဘော သူ့ဆန္ဒအတိုင်း သူ့အဆုံးအဖြတ်နှင့်သူ ရှိစေတော့ဟု သဘော ထားလိုက်၏။ အစ်ကိုကြီးကို လျစ်လျူမရှုနိုင်လျှင် သူသာ ပင်ပန်းရုံရှိမည်။ သူ့မျှော်မှန်းချက်သည် မည်သို့မျှ အကောင်အထည် ပေါ်လာစရာ မရှိတော့ဟု ဆုံးဖြတ်လိုက်ပြီး လုံးဝ အားလျှော့လိုက်၏။

စူဠကာလသည် လူဝတ်နှင့်ပင် မြတ်စွာဘုရားနှင့်တကွ နောက်ပါ ရဟန်း သံဃာများကို သွားရောက်ပင့်၏။ ခရီးဦးကြိုဆို၏။ မြတ်စွာဘုရားလည်း ဆွမ်း ဘုဉ်းပေးတော်မူပြီးနောက် ဆွမ်းအနုမောဒနာတရားတော်ကို ဟောကြားတော် မူပြီး ရဟန်းသံဃာအပေါင်း ခြံရံလျက် ရင်းတိုက်တောသို့ ပြန်ကြွတော်မူ၏။ စူဠကာလကား လူဝတ်နှင့်ပင် ဇနီးမယား သမီးသားနှင့် ဆွေမျိုးဉာတိတို့နှင့်အတူ ကျန်ရစ်ခဲ့၏၊ ပျော်စရာကောင်းလိုက်သည့် ဖြစ်ခြင်း။ လူ့လောကဟူသည် လူသား

http://www.cherrythitsar.org



တို့ ပျော်မွေ့ကစားရာ ပန်းဥယျာဉ်သဖွယ်ဖြစ်ပါတကား။ စူဠကာလသည် ဤအမြင်ဖြင့် ပျော်မွေ့နေ၏။ အိပ်မက်ကမ္ဘာ၌ နေသူများအဖို့ မြင်းခြောက်ကောင်ကသော ရထားဖြင့် ငွေစန္ဒာ လမင်းဆီသို့ သွားနိုင်ကြပါ၏။ တကယ်နိုးသောအခါ၌ကား လမင်းအောက်က ကောက်လှိုင်းပုံများပေါ်၌ နွားလှည်းဖြင့် စပါးနယ်နေသော လယ်လုပ်သား သူရင်းငှားဖြစ်နေကြောင်း တွေ့မြင်သောအခါ မိမိဘဝကို မိမိပြန်၍ ပြုံးတတ်ကြပါ၏။ ဤအပြုံးကား တကယ်စစ်မှန်သော အပြုံးမဟုတ်။ လောက၏ ကမောက်ကမနိုင်မှုကို လှောင်သော အပြုံးတည်း။ စူဠကာလသည် ကမောက်ကမနိုင်လှသော လောက၌ သူကြွယ်အဆင့်ဖြင့် ကျန်ရစ်ခဲ့လေ၏။ ထိုသို့ ကျန်ရစ်ခဲ့ခြင်းကို သူ ဝမ်းမနည်း။

မြင်းခြောက်ကောင် ကသော ရထားဖြင့် ငွေစန္ဒာ လမင်းဆီသို့ သွားနေသူကလည်း သူသည် လယ်လုပ်သား သူရင်းငှား မဟုတ်ကြောင်း ငြင်းမည်ပင်ဖြစ်၏။ လမင်းစန္ဒာအောက် ကောက်လှိုင်းပုံများပေါ်၌ နွားလှည်းဖြင့် စပါးနယ်နေသော သူရင်းငှားကလည်း သူသည် မြင်းခြောက် ကောင်ကသော ရထားဖြင့် လမင်းစန္ဒာဆီသို့ သွားနေသူ မဟုတ်ကြောင်း ငြင်းမည်ဖြစ်၏။ ထိုသူနှစ်ယောက်လုံး မည်သို့ပင် ငြင်းစေကာမူ အိပ်မက်လောကအမြင်ဖြင့် ကြည့်လျှင် မြင်းခြောက်ကောင် ကသော ရထားဖြင့် လမင်းစန္ဒာဆီသို့ သွားသူက အမှန်ဖြစ်၏။ သံသရာလောက အမြင်ဖြင့် ကြည့်လျှင် ကောက်လှိုင်းနယ်နေသော သူရင်းငှားက အမှန်ဖြစ်၏။ ဖြစ်ရပ် ၂ မျိုးလုံးပင် ကိုယ်တိုင်ကိုယ်ကျ ကိုယ်တွေ့ ခံစားရ၍ရသည်ချည်းဖြစ်၏။ သို့ဖြစ်၍ အမှန်များဟု ဆိုနိုင်ပါ၏။ သို့ရာတွင် အရိယာလောကအမြင်ဖြင့် ကြည့်လျှင် ၂ ဦးလုံး အမှားချည်းသာတည်း။

မဟာကာလမထေရ်ကို လူ့ဘောင်သို့ ပြန်လည်ရောက်ရှိအောင် ဆွဲဆောင်ဖြားယောင်းရန် စူဠကာလကို တာဝန်ပေးခဲ့၏။ သို့ရာတွင် မအောင်မြင်။ ယခုမူ နည်းသစ်ကို ရလေပြီ။ နည်းသစ်ဟူသည် စူဠကာလကို လှူထွက်စေသည့်နည်းပင် ဖြစ်၏။ ထို့ကြောင့် မြတ်စွာဘုရားနှင့်တကွ ရဟန်းသံဃာအပေါင်းကို မဟာကာလတို့ ဆွေမျိုးတစ်သိုက်က ဆွမ်းစားပင့်ဖိတ်၏။ ယခုအကြိမ်၌ နေရာထိုင်ခင်းစီစဉ်ရန် မဟာကာလ မလာ၊ အခြား ရဟန်းတစ်ပါးသာ လာ၏။ ထို့ကြောင့် သူတို့အစီအစဉ် မအောင်မြင်။ မြတ်စွာဘုရား ကြွတော်မူလာပြီးနောက် ရဟန်းသံဃာတော်များနှင့်အတူ ဆွမ်းဘုဉ်းပေးတော်မူ၏။ ဆွမ်းဘုဉ်းပေးတော်မူပြီးနောက် ဆွမ်းအနုမောဒနာ တရားတော်ကို ဟောကြားရန် မဟာကာလမထေရ်ကို ထားခဲ့ပြီး မြတ်စွာဘုရား အမှူးပြုသော ရဟန်းသံဃာတော်များ ပြန်ကြွတော်မူရန် အလှူရှင်များက လျှောက်ထားရာ မြတ်စွာဘုရားအမှူးပြုသော

http://www.cherrythitsar.org



ရဟန်းသံဃာတော်များ ပြန်ကြွကြ၏။ မဟာကာလမထေရ် တစ်ပါးတည်းသာ ဆွမ်း အနုမောဒနာတရားတော်ကို ဟောကြားရန် ကျန်ရစ်ခဲ့ ၏။ သူတို့အကြံ အောင်လေပြီ။

မဟာကာလ၏ ဇနီးဟောင်းတို့သည် မဟာကာလကို လူထွက်ရန် အနုနည်းနှင့် ဖြားယောင်းကြ၏။ သွေးဆောင်ကြ၏။ အနုနည်းဖြင့် မအောင်မြင်သောအခါ အကြမ်းနည်းဖြင့် သင်္ကန်းကို အတင်းချွတ်ရန် ကြိုးစားကြ၏။ ထိုအခါ မဟာကာလမထေရ်သည် တန်ခိုးဣဒ္ဓိပါဒ်ဖြင့် အိမ်ခေါင်မိုးကို ဖောက်၍ ကောင်းကင်ခရီးဖြင့် ကြွလေ၏။ မဟာကာလ၏ မယားများအပါအဝင် ပရိသတ်သည် တအံ့တသြ ကောင်းကင်ကို မော့ကြည့်ရင်း ကျန်ရစ်ကြ၏။

မြတ်စွာဘုရား ကြွတော်မူရာ လမ်းခရီးတွင် သံဃာတော်တို့ က— ‘ယမန်နေ့ကလည်း စူဠကာလကို တစ်ပါးတည်း နေရစ်စေခိုင်းသဖြင့် လူထွက်ရသည့် အဖြေသို့ ရောက်ခဲ့၏။ ယခုလည်း မဟာကာလကို တစ်ပါးတည်း ထားခဲ့သဖြင့် အကျင့်သီလနှင့် ပြည့်စုံသော မဟာကာလမထေရ်ကား လူထွက်ရသည့် အဖြေသို့ ရောက်ကောင်းရောက်ပေလိမ့်မည်’ ဟု အချင်းချင်း ပြောဆိုကြ၏။ ဤပြောဆိုမှုနှင့် စပ်လျဉ်း၍ မြတ်စွာဘုရားက—

- **ရဟန်းတို့ မခိုင်မာသောသစ်ပင်ကို လေပြင်းမုန်တိုင်းသည် နှိမ်နင်းနိုင်သကဲ့သို့ သာယာတင့်တယ်ခြင်းကိုသာ အစဉ်တွေးတော၍ နေသော၊ ဣန္ဒြေတို့ကို မစောင့်သိန်းသော၊ အစားအစာ၌ အတိုင်း အရှည်ကို မသိသော၊ ပျင်းရိသော၊ ဝီရိယ အားနည်းသော ပုဂ္ဂိုလ်ကို ကိလေသမာရ်သည် နှိမ်နင်းနိုင်၏။**
- **ရဟန်းတို့ ကျောက်တောင်ကို လေပြင်းမုန်တိုင်းသည် မနှိမ်နင်းနိုင် သကဲ့သို့ မသာယာခြင်းကိုသာ အစဉ်တွေးတော၍ နေသော၊ ဣန္ဒြေတို့ကို စောင့်သိန်းသော၊ အစားအစာ၌ အတိုင်းအရှည်ကိုသိသော၊ သဒ္ဓါတရားနှင့် ပြည့်စုံသော၊ လုံ့လရှိသော ပုဂ္ဂိုလ်ကို ကိလေသမာရ်သည် မနှိမ်နင်းနိုင်။**

ဟူ၍ စူဠကာလနှင့် မဟာကာလတို့၏ ခြားနားမှုကို နောက်ပါ ရဟန်းသံဃာတော်တို့အား ဟောကြားတော်မူ၏။ ဒေသနာတော်အဆုံး၌ နောက်ပါ ရဟန်းသံဃာတော်တို့သည် သောတာပန်မထေရ်များ ဖြစ်သွားကြကုန်၏။

စူဠကာလသည်လည်း သမ္မုတိသစ္စာအရ လူသားပင်ဖြစ်၏။ မဟာကာလသည်လည်း သမ္မုတိသစ္စာအရ လူသားပင်ဖြစ်၏။ လူသားချင်း တူသော်လည်း အမြင်ချင်း၊ လုပ်ငန်းချင်း၊ အကျင့်ခြင်းကား မတူ။ လူသားတို့၏ ထုံးစံအတိုင်း နှစ်ဦးလုံး ချစ်ခင်တတ်ပါ၏။ ကြင်နာတတ်ပါ၏။ မြတ်နိုးတတ်ပါ၏။ ခွင့်လွှတ်တတ်ပါ၏။ သို့ရာတွင် စူဠကာလကား တဏှာ၊ မာန၊ ဒိဋ္ဌိတို့က မာယာဖြင့်

http://www.cherrythitsar.org



အသက်သွင်းပေးထားသော လူသား (ဇီဝအတ္တ) ဖြစ်၏။ ထို့ကြောင့် စူဠကာလသည် လောကကို သာယာဖွယ်၊ ချစ်ခင်ဖွယ်အဖြစ် မြင်၍ ချစ်၏။ ခင်၏။ သို့ရာတွင် သူ၏ ချစ်ခင်ခြင်းကား တဏှာ၏ အမိန့်အရ သူနှင့် ပတ်သက်သူများကိုသာ ချစ်ခင်ခြင်း ဖြစ်၏။ လောကတစ်ခုလုံးကို ရှု၍ ချစ်ခင်ခြင်းမျိုး မဟုတ်။ ကြင်လည်း ကြင်နာတတ်ပါ၏။ သို့ရာတွင် သူ၏ ကြင်နာခြင်းကား တဏှာ၏ ဆန္ဒအတိုင်း သူနှင့် ပတ်သက်သူများကိုသာ ကြင်နာခြင်း ဖြစ်၏။ လောကတစ်ခုလုံးကို ရှု၍ ကြင်နာခြင်းမျိုး မဟုတ်။ မြတ်နိုးခြင်း၊ ခွင့်လွှတ်ခြင်းတို့၌လည်း ထိုနည်း အတူပင်။ မာနနှင့် ဒိဋ္ဌိတို့၏ အလိုအတိုင်း သူနှင့်ပတ်သက်သူများကိုသာ မြတ်နိုးခြင်း၊ ခွင့်လွှတ်ခြင်းဖြစ်၏။ လောကတစ်ခုလုံးကိုရှု၍ မြတ်နိုးခြင်း၊ ခွင့်လွှတ်ခြင်းမျိုး မဟုတ်။

လောကကို ကြည့်ရာ၌လည်း လှသောအဆင်းကိုမှ ရှာ၍ ကြည့်၏။ ကောင်းသော အသံကိုမှ ရှာ၍ နားထောင်၏။ မွှေးသော အနံ့ကိုမှ ရှာ၍ နမ်း၏။ အရသာရှိသော အစာကိုမှ ရှာ၍ စား၏။ နူးညံ့သော အရာကိုမှ ရှာ၍ ထိတွေ့၏။ အစာအာဟာရများကို စားသောက်ရာ၌လည်း မဆင်ခြင်၊ ကြိုက်လျှင် ကြိုက်သလို စားပစ်လိုက်၏။ လောကအကျိုးပြု လုပ်ငန်းများ၌ သဒ္ဓါတရား မထား။ သူ့အတွက် အကျိုးမရှိဟုယူဆလျှင် ရှောင်၏။ မလွှဲသာ၍ လုပ်ရလျှင်လည်း ဖျင်းရိဖျင်းတွဲ ရှိလှ၏။ တက်ကြွ မှုမရှိ။ ဤသည်မှာ တဏှာမာနနှင့် ဒိဋ္ဌိတို့က အဝိဇ္ဇာမာယာ အတတ်ပညာဖြင့် အသက်သွင်းပေးထားသော စူဠကာလ (ဇီဝအတ္တ) ၏ သဘာဝ ဖြစ်၏။ စူဠကာလ၌လည်း ကောင်းမွန်မြင့်မြတ်သော သိက္ခာသုံးပါး ရှိ၏။ သို့ရာတွင် ထိုသိက္ခာသုံးပါးသည် အားနည်းလှ၏။ မခိုင်မာသော သစ်ပင်နှင့်တူ၏။ လေပြင်းမုန်တိုင်းသဖွယ် အားကောင်းလှသော တဏှာ၊ မာန၊ ဒိဋ္ဌိ တည်းဟူသော ကိလေသမာရ်၏ဒဏ်ကို မခိုင်မာသော သစ်ပင်သဖွယ် အားနည်းလှသော စူဠကာလ၏ သိက္ခာသုံးပါးသည် အဘယ်မှာလျှင် ခံနိုင်ပါအံ့နည်း။ မလွဲမသွေ လူထွက်ရမည်သာတည်း။

မဟာကာလကား ထိုကဲ့သို့မဟုတ်။ တဏှာ၊ မာန၊ ဒိဋ္ဌိတို့က အဝိဇ္ဇာ မာယာဖြင့် အသက်သွင်းထားသော ဇီဝအတ္တ မဟုတ်တော့။ တဏှာ၊ မာန၊ ဒိဋ္ဌိတို့ကို ပယ်သတ်ပြီးပြီ။ အဝိဇ္ဇာနှင့် ယင်း၏မာယာကို အမြစ်ကပါ နုတ်ပြီးပြီ။ အရိယသစ္စဉာဏ်ဖြင့် လှုပ်ရှားသူ ဖြစ်၏။ လောက၏ သာယာဖွယ်၊ ဘဝ၏ သာယာဖွယ်၊ သံသရာ၏ သာယာဖွယ်တို့သည်ကား တကယ် သာယာဖွယ် မဟုတ်၊ တဏှာ၊ မာန၊ ဒိဋ္ဌိတို့က အဝိဇ္ဇာမာယာဖြင့် သာယာဖွယ်ဖြစ်အောင် ဖန်ဆင်းထားခြင်းမျှသာ ဖြစ်၏။ အမှန်အားဖြင့် ရုပ်နာမ် ဓမ္မ သင်္ခါရသာတည်း။

http://www.cherrythitsar.org



ရုပ်နာမ်ဓမ္မ သင်္ခါရဟူသည် အမြဲတမ်း ဖြစ်ပျက် ပြုပြင်ပြောင်းလဲမှုအစဉ် ဖြစ်၏။ ယင်းသည် သာယာဖွယ် မဟုတ်၊ မသာယာဖွယ် ဒုက္ခအစဉ် ဖြစ်၏။ ယင်းကို မဟာကာလက ကိုယ်ပိုင်ဉာဏ်ဖြင့် မြင်၏။ မသာယာဖွယ် ဒုက္ခအစဉ်၏ အဆုံး၌ တကယ့် သာယာဖွယ် တကယ့်သုခကိုလည်း မြင်ပြီး ဖြစ်၏။ နိရောဓသစ္စာ၊ သို့မဟုတ် နိဗ္ဗာန်၊ သို့မဟုတ် သန္တိသုခ ဟူ၍ ဆိုရ၏။ ထို့ကြောင့် မဟာကာလသည် မသာယာဖွယ် အစဉ်ကိုလည်း မြင်ပြီး ဖြစ်၏။ သာယာဖွယ် အစဉ်ကိုလည်း မြင်ပြီးဖြစ်၏။ သူသည် လောကနှင့် ပတ်သက်လာလျှင် အမှန်သစ္စာကို အမှန်အတိုင်း မဖောက်မပြန် မြင်ပြီး သူသာတည်း။ သူ့အတွက် စိုးရိမ်ဖွယ်ရာ ဘာမျှ မရှိတော့။

မာယာနှင့် သစ္စာကို ပိုင်ပိုင် ခွဲခြားသိပြီးသူအတွက် ဘာစိုးရိမ်ဖွယ်ရာ ရှိပါတော့အံ့နည်း။ လောကကို မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်တို့ဖြင့် မဟာကာလသည် ကြည့်ပါ၏။ မြင်ပါ၏။ သို့ရာတွင် မြင်လျှင်မြင်ကာမျှ၊ ကြားလျှင် ကြားကာမျှ၊ သိလျှင် သိကာမျှသာ ဖြစ်၏။ ဥပါဒါန်အဖြစ်သို့ မရောက်တော့။ စွဲလမ်းမှု မရှိတော့၊ စွဲလမ်းမှု မရှိလျှင် "ကံ" မဖြစ်တော့၊ "ကံ" မဖြစ်လျှင် သူ့အတွက် နောက်ထပ်ဘဝ မဟုတ်တော့။ သူ့အတွက် ပြုဖွယ်ကိစ္စ အားလုံးကို ပြုလုပ်ခဲ့ပြီးလေပြီ။ နောက်ထပ် သူ့အတွက် ဘာမျှ လုပ်ဖို့မလိုတော့။

စားခြင်း သောက်ခြင်းမှစ၍ ယခုလက်ရှိ မဟာကာလမထေရ် လုပ်သမျှသည် လောက၏အစီးအပွားအတွက် တကယ့်သဒ္ဓါတရားဖြင့် လောကကို ချစ်၍ လုပ်ခြင်းဖြစ်၏။ လောကကို ကြင်နာ၍ လုပ်ခြင်း ဖြစ်၏။ လောကကို ကောင်းစေလို၍ လုပ်ခြင်းဖြစ်၏။ လောက၏ အပြစ်များကို လျစ်လျူရှု၍ လုပ်ခြင်း ဖြစ်၏။ ဤသို့ လုပ်ခြင်းကား ကရုဏာနှင့် ပညာ၏ စေဆော်ချက်အရသာ လုပ်ခြင်းဖြစ်၏။

အမှန်အားဖြင့် မဟာကာလမထေရ်၏ သန္တာန်၌ လေပြင်း မုန်တိုင်းနှင့် တူသော ကိလေသမာရ်သည် မြူမျှပင် မရှိ။ မဟာကာလ၏ သိက္ခာသုံးပါးသည် ကျောက်တောင်နှင့် တူ၏။ ကျောက်တောင်နှင့်တူသော မဟာကာလ၏ သိက္ခာသုံးပါးကို မြူမျှပင်မရှိသော ကိလေသမာရ်တို့က အဘယ်မှာလျှင် တုန်လှုပ် ချောက်ချားနိုင်ပါမည်နည်း။ ထို့ကြောင့် မဟာကာလ မထေရ်အတွက် လှုပ်ခြင်း အန္တရာယ်သည် လုံးဝ မဖြစ်နိုင်ချေ။ ထို့ကြောင့် မဟာကာလမထေရ် တစ်ပါးတည်းကို ငါတုရား ထားခဲ့ခြင်း ဖြစ်၏။ ဤသို့ ဟောတော်မူနိုက်မှာပင် မဟာကာလ မထေရ်သည် ကောင်းကင်ခရီးဖြင့် ကြွလာတော်မူပြီး ရွှေအဆင်းနှင့် တူသော မြတ်စွာဘုရား၏ ကျေးဇူးတော်များကို ထောမနာပြုလျက် ကောင်းကင်မှ ဆင်းသက်၍ မြတ်စွာဘုရား၏ ခြေတော်အစုံကို ရှိခိုး ဦးခိုက်လေ၏။

http://www.cherrythitsar.org



ကျွန်ုပ်တို့သည် ကောင်းမှုကုသိုလ်ကြောင့် ရခဲလှစွာသော လူ့ဘဝကို ရလာသူများ ဖြစ်ကြလေရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာ၌ ပို၍ ကောင်းသည်ထက်ကောင်းအောင် လောကအကျိုးသည် ပထမ၊ အသိုက်အဝန်းအကျိုးသည် ဒုတိယ၊ မိမိအကျိုးသည် တတိယ ဟူ၍ မြတ်စွာဘုရား ဟောတော်မူသည့်အတိုင်း စူဠကာလကဲ့သို့ တဏှာ၊ မာန၊ ဒိဋ္ဌိတို့၏ ကျွန်အဖြစ်ကို မခံယူဘဲ မဟာကာလကဲ့သို့ တဏှာ၊ မာန၊ ဒိဋ္ဌိတို့ကို အပြီးအပိုင် မတော်လှန်နိုင်သည့်တိုင်အောင် တော်လှန်နိုင်သလောက် တော်လှန်ပြီး ဆောင်ရွက်နိုင်ပါစေခြင်းငှာ ဤဝတ္ထုကို မြတ်စွာဘုရားသခင် ဟောကြားတော်မူခြင်း ဖြစ်ပါ၏။

## ဝေဝဝင်

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ်က ဖြစ်၏။ ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလ္လာန်တို့သည်လည်း မြတ်စွာဘုရားနှင့် အတူပင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူကြ၏။ ရှင်ဒေဝဒတ်ကား သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော် ၌ သီတင်းမသုံး၊ ရာဇဂြိုဟ်ပြည်၌ သီတင်းသုံးလေ၏။

ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလ္လာန်တို့သည် သံသရာခရီးသည်များ မဟုတ်ကြတော့။ သူတို့သည် သံသရာခရီးသည်များအဖြစ် နှစ်အသင်္ချေါင်းများစွာ သံသရာအတွင်း၌ လှည့်လည်သွားလာခဲ့ကြ၏။ မြတ်စွာဘုရားသခင်နှင့် တွေ့ပြီး မြတ်စွာဘုရားထံမှ တရားတော်ကို နာယူ၍ အကျင့်မြတ်ကို ကျင့်သုံးကာ သစ္စာဉာဏ်ကိုရပြီး အဂ္ဂသာဝကများ ဖြစ်ချိန်မှစ၍ "မဂ္ဂင်ယာဉ်မှူး" များ ဖြစ်ကြလေပြီ။ သူတို့သည် "မဂ္ဂင် ယာဉ်"ကို စီးလိုကြသည့် သံသရာခရီးသည်များကို ရှာဖွေသူများ ဖြစ်လာကြ၏။ သံသရာခရီးသည်များကို သူတို့ဆန္ဒအတိုင်း ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလ္လာန်တို့က သံသရာခရီးအဆုံး "နိဗ္ဗာန်" တိုင်အောင် ပို့ဆောင်ပေး၏။

သို့ရာတွင် သံသရာခရီးသည်များအနက် အချို့က သံသရာခရီး အဆုံး "နိဗ္ဗာန်" တိုင်အောင် သွားကြ၏။ အချို့က လမ်းခုလတ် ဗြဟ္မာ့ပြည်၌ ဆင်းကြ၏။ အချို့က နတ်ပြည်၌ ဆင်းကြ၏။ အချို့က လူ့ပြည်၌ ဆင်းကြ၏။ သံသရာခရီးသည်များ၏ ဆန္ဒအတိုင်း သွားလိုရာ သွားနိုင်ကြ၏။ ဆင်းလိုရာ ဆင်းနိုင်ကြ၏။ "မဂ္ဂင်ယာဉ်" ကို မစီးဘဲ နေလိုကလည်း နေနိုင်ကြ၏။ သို့ရာတွင် "မဂ္ဂင်

http://www.cherrythitsar.org



ယာဉ်" ကို စီးပြီးကာမှ သင်္ဘောဆိပ်ကမ်းသို့ မရောက်မီ ခုန်ချသူများလည်း ရှိသေး၏။ ထိုခုန်ချသူများ စာရင်းတွင် ရှင်ဒေဝဒတ်လည်း ပါ၏။ ထုံးစံအတိုင်း ခုန်ချသူများသည် "မဂ္ဂင်ယာဉ်" ၏ အရှိန်ကြောင့် အကျနာကြ၏။

သံသရာခရီးသည်များ၏ ဆန္ဒများ မည်သို့ပင် ရှိကြစေကာမူ ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလ္လာန်တို့သည် မြတ်စွာဘုရား၏ ဩဝါဒတော်အတိုင်း သံသရာခရီးသည်များအတွက် "မဂ္ဂင်ယာဉ်"ကို သံသရာခရီးအဆုံး "နိဗ္ဗာန်" တိုင်အောင် အစဉ်သာဝရ မောင်းနှင်ပေးကြသူများ ဖြစ်ကြ၏။ မောင်းနှင်ပေးရမည့် တာဝန်ကား လက်ယာတော်ရံ ရှင်သာရိပုတ္တရာနှင့် လက်ဝဲတော်ရံ ရှင်မောဂ္ဂလာန်တို့၏ တာဝန်တည်း။ စီးရမည့်တာဝန်ကား သံသရာခရီးသည်တို့၏ တာဝန်တည်း။ အကယ်၍ စီးမည့် သံသရာခရီးသည် တစ်ဦးတစ်ယောက်မျှ မရှိစေဦးတော့၊ ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလ္လာန်တို့သည် "မဂ္ဂင်ယာဉ်" ကို ရပ်မထား၊ ပုံမှန်အတိုင်း မောင်းနှင်နေကြသည်သာ ဖြစ်၏။

အခါတစ်ပါး၌ ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလ္လာန်တို့သည် မိမိတို့၏ ငါးရာကုန်သော အခြံအရံ ရဟန်းများကို ခေါ်ဆောင်ပြီးလျှင် မြတ်စွာဘုရားကို ရှိခိုးလျှောက်ထားကာ ခွင့်ပန်ကြား၍ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှ ရာဇဂြိုဟ်ပြည်သို့ သွားရောက်ကြကုန်၏။ ထိုသို့ သွားရောက်ခြင်းမှာ ရာဇဂြိုဟ်ပြည်ရှိ သံသရာခရီးသည်တို့အား သံသရာ၏ ခရီးအဆုံး "နိဗ္ဗာန်" သို့ "မဂ္ဂင်ယာဉ်" ဖြင့် ပို့ဆောင်နိုင်စိမ့်သောငှာ တရားဒေသနာများကို ဟောကြားရန် ဖြစ်၏။ ထိုသို့ ဟောကြားရန်လည်း မြတ်စွာဘုရားသည် မိဂဒါဝုန်တော၌ တစ်ဝါရစဉ်ကပင် ပဉ္စဝဂ္ဂီငါးပါးနှင့် ယသသူဌေးသား ခေါင်းဆောင်သည့် ရဟန္တာ ၅၅ ပါး၊ စုစုပေါင်း ရဟန္တာ ၆၀ ပါးတို့အား ညွှန်ကြားပြီး ဖြစ်၏။ ထို့ပြင် ရဟန္တာတို့အား တရားဟောရန် မရှိသည့်အခါများ၌ ဖလသမာပတ်ကို မပြတ်ဝင်စားရန် ညွှန်ကြားပြီး ဖြစ်၏။ ထိုညွှန်ကြားချက်ကို လိုက်နာသောအားဖြင့် ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလ္လာန်တို့သည် မိမိတို့၏ နောက်ပါရဟန်း ငါးရာတို့နှင့်အတူ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှ ရာဇဂြိုဟ်မြို့သို့ ကြွတော်မူခြင်း ဖြစ်၏။

ရာဇဂြိုဟ်ပြည်သို့ ရောက်သောအခါ ရာဇဂြိုဟ်ပြည်သားတို့သည် မိမိတို့ အချင်းချင်း အလျဉ်းသင့်သလို အုပ်စုများဖွဲ့၍ အာဂန္တုကအလှူကို ပေးလှူကြကုန်၏။ ထိုသို့ ပေးလှူရာတွင် တစ်နေ့သ၌ ရှင်သာရိပုတ္တရာ သည် အနုမောဒနာ တရားကို ဟောကြားတော်မူ၏။ မြတ်စွာဘုရား၏ အဆုံးအမအတိုင်း သာသနာတော်၌ တရားဒေသနာသည် တရားနာယူသည့် ပုဂ္ဂိုလ်တို့၏ ဣန္ဒြေအနုအရင့်ကို လိုက်၍ လေးဆင့်ရှိ၏။ ထိုလေးဆင့်တို့မှာ အောက်ပါအတိုင်း ဖြစ်၏။

http://www.cherrythitsar.org



(၁) ဒါနကထာ

(၂) သီလကထာ

(၃) သဂ္ဂကထာ

(၄) မဂ္ဂကထာ

တသင်ကျောင်းများ၌ တသင်သားပုဂ္ဂိုလ်တို့၏ အတန်းအစား အလိုက် သင်ခန်းစာများကို အလွယ်နှင့်အခက် စီစဉ်သည့်သဘောမျိုး ဖြစ်၏။ လှူဒါန်းမှုနှင့် စပ်သော တရားစကား "ဒါနကထာ" သည် ပြုလုပ်ရ လွယ်ကူသဖြင့် ပထမဦးဆုံး ပြုလုပ်တတ်ကြသောကြောင့် ရှေးဦးစွာ ဟောအပ်သော တရားစကား ဖြစ်၏။ ဒါနဟူသည် ပြုလုပ်ရ လွယ်ကူသော်လည်း အသိဉာဏ် ယဉ်သူများအတွက် ကြီးမားသော အကျိုးအာနိသင် ရှိ၏။ ဒါနသည် နှမြောခြင်း "မစ္ဆရိယ" ကို ကျော်လွှန်ပြီး လိုချင်ခြင်း "လောဘ" ကို ပယ်သတ်နိုင်မှသာ ပေးလှူနိုင်ခြင်းမျိုး ဖြစ်သဖြင့် ပါရမီ ၁၀ ပါးတွင် ပထမဦးဆုံးလာသော ပါရမီ ဖြစ်၏။ အမှန်အားဖြင့် လောဘကို အောင်နိုင်လျှင် လောကကို အောင်နိုင်သူ ဖြစ်၏။

သမုဒယသစ္စာ ဟူသည် လောဘပင်တည်း။ လောဘကို အောင်ရန် လွယ်ကူသည် မဟုတ်။ ကိုယ်ကျင့်သိက္ခာ ကောင်းသူများသာ အောင်နိုင်ကြ၏။ ထို့ကြောင့် ကိုယ်ကျင့်သိက္ခာ ကောင်းသူများ ဖြစ်လာကြစေရန် သီလနှင့်စပ်သော တရားစကား "သီလကထာ" ကို ဟောကြားရ၏။ ဒါနလည်း ရှိပြီ၊ သီလလည်း ရှိပြီဆိုလျှင် ထိုပုဂ္ဂိုလ်များအတွက် စည်းစိမ် ချမ်းသာဟူသည် ပြေးမလွတ်တော့။ ပစ္စုပ္ပန်၌လည်း ဒါနကြောင့် လောဘကင်းသဖြင့် ချမ်းသာ၏။ သီလကြောင့် ဒေါသကင်းသဖြင့် ချမ်းသာ၏။ တမလွန်၌လည်း နတ်ချမ်းသာ၊ လူချမ်းသာကို မလွဲမသွေ ရမည်သာ ဖြစ်၏။ ထို့ကြောင့် နတ်ပြည်နှင့်စပ်သော တရားကား "သဂ္ဂ ကထာ" ကို ဟောရ၏။

ထိုအခါ တရားနာပရိသတ်၏ စိတ်သည် နူးညံ့၏၊ သိမ်မွေ့၏။ သဒ္ဓါ တရား ထက်လာ၏။ လောဘ၊ ဒေါသ၊ ဒိဋ္ဌိ၊ မာန စသော ကိလေသာများ အလိုက်အလျောက် ကင်းစင်သွားသဖြင့် ဇမ္ဗူရာဇ်ရွှေစင်ပမာ ဆွဲတိုင်းတင် ငင်တိုင်းရသကဲ့သို့ သစ္စာလေးပါး နက်နဲသောတရားကို ခံယူနိုင်လောက်သော အနေအထား၌ ရှိ၏။ ထိုအခါ သစ္စာလေးပါးနှင့်စပ်သော တရားစကား "မဂ္ဂ ကထာ" ကို ဟောတော်မူရ၏။

သစ္စာလေးပါး တရားတော်ကို ဟောတော်မူရာ၌ တိုက်ရိုက်ဟောကြား ရသည် မဟုတ်။ သစ္စာသိဟူသည် တိုက်ရိုက်ဟောကြားရုံ၊ တိုက်ရိုက် နာကြား ရုံမျှနှင့် သိသည်မဟုတ်။ နာကြားသူ၏ သန္တာန်၌ ဝိပဿနာဉာဏ်ကို ဖြစ်စေပြီးမှ

http://www.cherrythitsar.org



ဝိပဿနာ၏ အဆုံး၌ သူ့ဟာသူ ထိုးထွင်း၍ သိလာသော အသိတစ်မျိုးသာ ဖြစ်၏။ ထို့ကြောင့် လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာ ဟူသမျှတို့သည် လောကီ ကုသိုလ်ကံကြောင့် ဖြစ်ရ၏။ လောကီ ကုသိုလ်ဟူသမျှတို့သည် အဝိဇ္ဇာကြောင့် ဖြစ်ရ၏။ သို့ဖြစ်၍ လောကီချမ်းသာ ဟူသမျှသည် အပြစ်နှင့်တကွ ဖြစ်၏။ စင်စစ်အားဖြင့် "ချမ်းသာ" ဟူ၍ ဆိုရသော်လည်း အရိယသစ္စာအားဖြင့် "ဆင်းရဲ" အစုအဝေးသာတည်း ဟူ၍ ကာမဂုဏ်ချမ်းသာတို့၏ သဘောကို အမှန်အတိုင်း မြင်လာအောင် ဟောရ၏။ ထိုအခါ ယထာဘူတဉာဏ်သည် ဖြစ်ပေါ်လာ၏။ ယထာဘူတဉာဏ် ဖြစ်ပေါ်လာလျှင် လောကီစည်းစိမ်တို့၏ အပြစ်ကို မြင်လာ၏။ လောကီစည်းစိမ်တို့၏ အပြစ်ကို မြင်လာလျှင် ထိုစည်းစိမ်တို့မှ လွတ်မြောက်မှု အကျိုးအာနိသင်ကို မြင်လာ၏။ ထိုအခါကျမှ သစ္စာလေးပါးကို ကိုယ်တိုင်မျက်မှောက်ပြုနိုင်ရေးအတွက် လုံလောက်သော ရုပ်နာမ်ခန္ဓာ အသိသည် ဖြစ်ပေါ်လာ၏။ အနိစ္စဉာဏ်၊ ဒုက္ခဉာဏ်၊ အနတ္တ ဉာဏ်သည် ထင်ရှားလာ၏။ ထို့နောက် မဂ်ဉာဏ် ဖိုလ်ဉာဏ်သည် ဖြစ်ပေါ်လာ၏။

ထို့ကြောင့် သစ္စာလေးပါးနှင့်စပ်သောတရားစကား "မဂ္ဂကထာ" ကို ဟောတော်မူတိုင်း စည်းစိမ်ချမ်းသာ တည်းဟူသော ရုပ်နာမ်ခန္ဓ သင်္ခါရတို့၌ ဝိပဿနာအမြင် ဖြစ်ပေါ်နိုင်စိမ့်သောငှာ ကာမဂုဏ်တို့၏ အပြစ်နှင့်စပ်သော တရားစကားကို လည်းကောင်း၊ ကာမဂုဏ်စည်းစိမ်တို့မှ လွတ်မြောက်မှု၏ အကျိုးအာနိသင်နှင့်စပ်သော တရားစကားကိုလည်းကောင်း ဟောကြားတော်မူခြင်း ဖြစ်၏။

မြတ်စွာဘုရားသည် မိဂဒါဝုန်တော၌ ပဉ္စဝဂ္ဂီတို့အား သစ္စာလေးပါးနှင့် စပ်သော တရားစကား "မဂ္ဂကထာ" ကို သန့်သန့်ဟောတော်မူသော်လည်း လူပုဂ္ဂိုလ်များဖြစ်သော ယသသူဌေးသားမှစ၍ သူ့ဖခင်၊ သူ့မိခင်၊ သူ့ဇနီးဟောင်း၊ သူ့မိတ်ဆွေ ၅၄ ယောက်တို့အား ဤမိဂဒါဝုန်တော၌ပင် ဒါနကထာမှစ၍ အစဉ်အတိုင်း ဟောတော်မူခဲ့၏။ ဟောတော်မူသည့် အတိုင်းလည်း တရားထူးကို ရကြသည်သာ ဖြစ်၏။ တရားထူးရသူများတွင် ယသ၏ ဖခင်၊ မိခင်နှင့် ဇနီးဟောင်းတို့သည် သောတာပန် ဖြစ်ကြ၏။ ယသနှင့် သူငယ်ချင်း ၅၄ ယောက်၊ ယသပါ ပါလျှင် စုစုပေါင်း ၅၅ ယောက်တို့သည် ရဟန္တာများ ဖြစ်ကြ၏။

ရှင်သာရိပုတ္တရာသည်လည်း ဆရာ ဘုရား နည်းအတိုင်း ရာဇဗြိုဟ် ပြည်သူပြည်သားတို့အား တရားဟောရာတွင် ရှေးဦးစွာ ဒါနကထာကို ဟောတော်မူ၏။ ဒါနကထာကို ဟောရာတွင် ပုဂ္ဂိုလ်လေးပါး ခွဲခြား၍ ဟောတော်မူ၏။ ထိုပုဂ္ဂိုလ်လေးမျိုးတို့မှာ အောက်ပါအတိုင်း ဖြစ်၏။

http://www.cherrythitsar.org



(၁) ဒါယကာတစ်ယောက်သည် မိမိချည်းသာ ပေးလှူ၏။ သူတစ်ပါးကို မတိုက်တွန်း မနှိုးဆော်။ ထိုသူမျိုးသည် ဖြစ်လေရာဘဝတိုင်း ဘဝတိုင်း၌ စည်းစိမ်ချမ်းသာနှင့် ပြည့်စုံ၏။ အခြံအရံ ပရိသတ်ကား မရှိ၊ ထိုကဲ့သို့သော ဒါယကာမျိုးလည်း ဤလောက၌ ရှိတတ်၏။ ထိုပုဂ္ဂိုလ်မျိုးသည် ဒါနပြုရာ၌ တိုက်တွန်းနှိုးဆော်ခြင်း၏ အကျိုးအာနိသင်ကို သိပြားသော်လည်း သူတစ်ပါးကို တိုက်တွန်းနှိုးဆော်ရန် ဝန်လေးသောကြောင့် ဖြစ်၏။

(၂) ဒါယကာတစ်ယောက်သည် မိမိကိုယ်တိုင်ကား ပေးလှူနိုင်စွမ်း မရှိ။ သူတစ်ပါးကိုကား တိုက်တွန်း၏။ နှိုးဆော်၏။ ထိုသူမျိုးသည် ဖြစ်လေရာ ဘဝတိုင်း ဘဝတိုင်း၌ အခြံအရံ ပရိသတ်နှင့် ပြည့်စုံ၏။ မိမိမှာကား စည်းစိမ် ချမ်းသာနှင့် မပြည့်စုံ။ ထိုကဲ့သို့သော ဒါယကာမျိုးလည်း ဤလောက၌ ရှိတတ်၏။ ထိုပုဂ္ဂိုလ်မျိုးကား မိမိမတတ်နိုင်လျှင် တတ်နိုင်သည့်ဘက်မှ တာဝန်ယူ ဆောင်ရွက် တတ်သောကြောင့် ဖြစ်၏။

(၃) ဒါယကာတစ်ယောက်သည် မိမိကိုယ်တိုင်လည်း ပေးလှူနိုင်စွမ်း မရှိ။ သူတစ်ပါးကိုလည်း မတိုက်တွန်း မနှိုးဆော်။ ထိုကဲ့သို့သော ဒါယကာမျိုး လည်း ဤလောက၌ ရှိတတ်၏။ ထိုသူမျိုးသည် ဖြစ်လေရာ ဘဝတိုင်း ဘဝတိုင်း၌ စည်းစိမ်ချမ်းသာ မပြည့်စုံ။ အခြံအရံလည်းမရှိဘဲ အထီးကျန် ဖြစ်ရတတ်၏။

(၄) ဒါယကာတစ်ယောက်သည် မိမိကိုယ်တိုင်လည်း ပေးလှူ၏။ သူတစ်ပါးကိုလည်း ပေးလှူရန် တိုက်တွန်း၏။ နှိုးဆော်၏။ ထိုသူမျိုးသည် ဖြစ်လေရာ ဘဝတိုင်း ဘဝတိုင်း၌ စည်းစိမ်ချမ်းသာနှင့်လည်း ပြည့်စုံ၏။ အခြံအရံ နှင့်လည်း ပြည့်စုံ၏။ ထိုကဲ့သို့သော ပုဂ္ဂိုလ်မျိုးလည်း လောက၌ ရှိတတ်၏။

ထိုအခါ ပညာရှိသော ယောကျ်ားတစ်ယောက်သည် ရှင်သာရိပုတ္တရာ၏ ဒါနနှင့် စပ်သော ပုဂ္ဂိုလ်လေးမျိုးတရားကို နာကြားရသောအခါ ထက်သန်သော သဒ္ဓါတရား ဖြစ်ပေါ်ပြီးလျှင် စတုတ္ထဒါယကာမျိုးဖြစ်ရန် အားထုတ်မည်ဟု ဆုံးဖြတ်လိုက်၏။ ထိုဆုံးဖြတ်ချက်အတိုင်း ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလ္လာန် အမှူးရှိသော နောက်ပါရဟန်းတော်ပေါင်း တစ်ထောင်ကို ဆွမ်းလုပ်ကျွေးရန် လျှောက်ထားလိုက်၏။ ရှင်သာရိပုတ္တရာကလည်း လက်ခံလိုက်၏။ စတုတ္ထ ဒါယကာမျိုး ဖြစ်စေရန် သူကိုယ်တိုင်က လည်း လှူရမည်။ အခြားသူများကိုလည်း လှူအောင် တိုက်တွန်းရမည်။ နှိုးဆော်ရမည်။ "အဓိပတိ" တပ်၍ လုပ်ကိုင် ဆောင်ရွက်ပါက မည်သည့်လုပ်ငန်းမဆို ပြီးပြည့်စုံ၏ ဟူ၍ မြတ်စွာဘုရား ကိုယ်တော်တိုင် ဟောတော်မူထားသော ဒေသနာတော် ရှိ၏။ ထိုဒေသနာတော်နှင့် အညီ ဆောင်ရွက်နိုင်ပါမှ နက်ဖြန် ရဟန်းသံဃာတော်ပေါင်း တစ်ထောင်ကို ဆွမ်းလုပ်ကျွေးနိုင်မည် ဖြစ်၏။

http://www.cherrythitsar.org



ထိုယောကျ်ားသည် ရဟန်းသံဃာတော်ပေါင်း တစ်ထောင်ကို ဆွမ်းလုပ်ကျွေးနိုင်ရေးအတွက် ရာဇဂြိုဟ်ပြည်အနှံ့ လှည့်လည်နိုးဆော်၏။ တိုက်တွန်း၏။ သူ၏ နိုးဆော်တိုက်တွန်းချက် အတိုင်းပင် ဆန်၊ နမ်း၊ ထောပတ်၊ ပျား၊ တင်လဲ စသည့် ပစ္စည်းများကို အလုံအလောက် ရရှိ၏။ ထို့အပြင် သူကြွယ် တစ်ယောက်ကလည်း "သင်၏ အလှူဝတ်သည် အကယ်၍ မပြည့်မစုံ ဖြစ်ငြားအံ့၊ ဤအဖိုးတစ်သိန်း ထိုက်တန်သော သင်္ကန်းလျာ ပုဆိုးကို ရောင်းချ၍ အလှူဝတ်ကို ပြည့်စုံအောင် ဖြည့်ပါ၊ အလှူဝတ် ပြည့်စုံနေလျှင်လည်း လှူလိုသော ရဟန်းအား လှူပါ" ဟူ၍ ပြောဆိုပြီး အဖိုးတစ်သိန်းထိုက်တန်သော နံ့သာဖြင့်ထုံအပ်သော သင်္ကန်းလျာ ပုဆိုးကို ပေးလှူလိုက်၏။ ဦးစီးဦးကိုင်ပြုသော ဒါယကာကလည်း သူကြွယ်ပေးသော သင်္ကန်းလျာ ပုဆိုးကို အလှူခံယူထားလိုက်၏။

အဋ္ဌသာဝက (၂) ပါး အမှူးပြုသော ရဟန်းသံဃာတော်ပေါင်း တစ်ထောင်ကို တစ်နေ့ရာတည်း၌ ဆွမ်းလုပ်ကျွေးနိုင်ရန် ဆန်၊ နမ်း၊ ထောပတ်၊ ပျား၊ တင်လဲ စသည်တို့ကို တစ်နေ့ရာတည်းသို့ သယ်ယူ၏။ စုဆောင်း၏။ ချက်ပြုတ်၏။ ရဟန်းသံဃာတော်ပေါင်း တစ်ထောင်အတွက် အားလုံးပြည့်စုံ၏။ လုံလောက်၏။ အနည်းငယ်မျှ ယုတ်လျော့ခြင်းမည်သည် မရှိလေပြီ။

ထိုအခါ အလှူဝတ်ကို ဦးစီးဦးကိုင်ပြုသော ဒါယကာက သူကြွယ် လှူဒါန်းလိုက်သော အဖိုးတစ်သိန်းထိုက်တန်သော သင်္ကန်းလျာပုဆိုးနှင့် ပတ်သက်၍ သူကြွယ် မှာကြားလိုက်သော စကားကို ပရိသတ်အား တင်ပြ၏၊ အလှူဝတ္ထုများ အားလုံး ပြည့်စုံလုံလောက်နေသဖြင့် ဤသင်္ကန်းလျာပုဆိုးကို ရောင်းဖို့မလိုကြောင်း၊ အပိုဖြစ်နေသဖြင့် လှူဒါန်းဖို့သာ ဖြစ်ကြောင်း၊ သို့ဖြစ်၍ အညီအညွတ် တိုင်ပင်ပြီး မည်သည့်ရဟန်းအား လှူဒါန်းမည်ကို ဆုံးဖြတ်ကြစေလိုကြောင်းဖြင့် မေးမြန်း ပြောဆို၏။

ထိုအခါ သင်္ကန်းလျာပုဆိုး လှူဒါန်းရေးအတွက် အလှူခံပုဂ္ဂိုလ်ကို ရွေးချယ်ရာတွင် ပရိသတ်အတွင်း၌ သဘောထား (၂) မျိုးကွဲ၏။ တစ်မျိုးက ရှင်သာရိပုတ္တရာအား လှူဒါန်းလို၏။ အခြားတစ်မျိုးက ရှင်ဒေဝဒတ်အား လှူဒါန်းလို၏။ ရှင်သာရိပုတ္တရာအား လှူဒါန်းလိုသူများက ရှင်သာရိပုတ္တရာ၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကို အကြောင်း ပြု၍ ဓမ္မာဓိဋ္ဌာန် သဘောအရ လှူဒါန်းလိုခြင်း ဖြစ်၏။ ရှင်သာရိပုတ္တရာကို ခင်၍ မင်၍ လှူဒါန်းလိုခြင်း မဟုတ်။ တစ်နည်းအားဖြင့် ဆိုရလျှင် သာသနာတော်၏ အကျိုးစီးပွားအတွက် လှူဒါန်းလိုခြင်း ဖြစ်၏။ သို့ရာတွင် ရှင်ဒေဝဒတ်အား လှူဒါန်းလိုသူများက ရှင်ဒေဝဒတ်၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကို အကြောင်းပြု၍ ဓမ္မာဓိဋ္ဌာန် သဘောအရ လှူဒါန်း

http://www.cherrythitsar.org



လိုခြင်း မဟုတ်။ ရှင်ဒေဝဒတ်ကို ခင်၍ မင်၍ ကျေးဇူးခံ ကျေးဇူးစား အနေဖြင့် ပုဂ္ဂလိကစိတ်နှင့် သဘောအရ လျှုဒါန်းလိုခြင်း ဖြစ်၏။ တစ်နည်းအားဖြင့် ဆိုရလျှင် ထိုဒုပ်စုသည် သာသနာတော်၏ မျက်နှာကို မကြည့်၊ ရှင်ဒေဝဒတ်၏ မျက်နှာကို သာ ကြည့်၏။

ရှင်သာရိပုတ္တရာသည် မြတ်စွာဘုရားကလွဲလျှင် ပညာအကြီးဆုံး ဖြစ်၏။ ပညာအရာ၌ "ဧတဒဂ်" ဘွဲ့ထူးကို ရ၏။ ဘုရားတက်ဆိုင်ရာ စစ်သူကြီး "ဓမ္မ သေနာပတိ" အဖြစ် သာသနာတော်၌ ထင်ရှား၏။ သို့ဖြစ်၍ တရားဓမ္မ ဟောပြော စရာရှိမှ ရာဇဂြိုဟ်ပြည်သို့ လာရောက်ခြင်း ဖြစ်၏။ ရာဇဂြိုဟ်ပြည်၌ အမြဲ သီတင်း မသုံး၊ တရားဓမ္မ ဟောပြောရေးအတွက် ဒေသစာရီခရီး လှည့်လည်သွားလာ နေခြင်း ဖြစ်၏။ ထို့ကြောင့် ရာဇဂြိုဟ် ပြည်သူပြည်သားများက ပုဂ္ဂိုလ်ရေးရာအရ ရှင်သာရိပုတ္တရာကို မခင်မင်။ ရှင်ဒေဝဒတ်ကား ရာဇဂြိုဟ်ပြည်၌ သီတင်းသုံးသူ ဖြစ်၏။ ရာဇဂြိုဟ် ပြည်သူ ပြည်သားတို့၏ မင်္ဂလာကိစ္စအဝဝတို့၌ ဦးစီးဦးကိုင်ပြု၍ ဆောင်ရွက်ပေးလေ့ ရှိ၏။ ထို့ကြောင့် ရာဇဂြိုဟ် ပြည်သူပြည်သားတို့က ပုဂ္ဂိုလ် ရေးရာအရ ရှင်ဒေဝဒတ်ကို ခင်မင်ကြ၏။ သို့ဖြစ်၍ သူကြွယ်၏ အမိုးတစ်သိန်း တန် သင်္ကန်းလျာပုဆိုး လှူဒါန်းရေးနှင့် ပတ်သက်၍ ရှင်ဒေဝဒတ်အား လှူဒါန်းရန် အများစုက ဆန္ဒပြုကြ၏။ အများစု၏ ဆန္ဒအရ ရဟန်းသံဃာတော်ပေါင်း တစ်ထောင်ကို ဆွမ်းလုပ်ကျွေးပြီးနောက် အမိုးတစ်သိန်းတန် သင်္ကန်းလျာ ပုဆိုးကို ရှင်ဒေဝဒတ်အား လှူဒါန်းလိုက်၏။

ပညာယ န တာဝေ ဌာနံ၊ ဒယာယ န သမေဒ္ဓိတီ–

လူမှုရေးရာ အဖြာဖြာ၌ ပညာသည် ပဓာနမကျ၊ ခံစားမှုသည်သာ ပဓာန ကျ၏။ လောကုတ္တရာရေးရာ အဖြာဖြာ၌ကား ခံစားမှုသည် ပဓာနမကျ၊ ပညာ သည်သာ ပဓာနကျ၏ ဟူ၍ အဆိုအမိန့် ရှိလေရာ တစ်ခါတစ်ရံ ပုထုဇဉ်တို့သည် အချို့သော ကိစ္စများ၌ မလုပ်သင့်မှန်း သိပါလျက် မခံချင်သော စိတ်၊ ခံစားချက် ပြင်းထန်သောစိတ်ဖြင့် ဖောက်လုပ်တတ်ကြ၏။ဖြစ်ချင်ရာဖြစ်ဟု သဘောထားတတ် ကြ၏။ ဤသည်မှာ ပညာပါရမီ မရင့်သေးသူတို့၏ ခံယူချက် နိယာမတည်း။ ဤ ပုထုဇဉ် လောက၌လည်း ပညာပါရမီ မရင့်သေးသူတို့က အများစု ဖြစ်ကြ၏။ ပညာပါရမီ ရင့်သူတို့အနေဖြင့်မူ အသိဉာဏ်ပညာနှင့် ခံစားမှုဝေဒနာတို့ကို အချိုးညီစွာ အသုံးပြုတတ်ကြ၏။ တစ်နည်းအားဖြင့်ဆိုရလျှင် ဦးနှောက်နှင့် နှလုံးသားကို သတိသမ္ပဇဉ်ဖြင့် ဉာဏ်ယှဉ်၍ သုံးတတ်ကြ၏။ ဉာဏ်ယှဉ်၍ သုံးခြင်းဟူသည် တဏှာ၊ မာန၊ ဒိဋ္ဌိ တို့ဖြင့် ဖွဲ့လမ်းခြင်းမှ လွတ်အောင်ရှောင်ခြင်းပင် ဖြစ်၏။

http://www.cherrythitsar.org



သူကြွယ်၏ အဖိုးတစ်သိန်းတန် သင်္ကန်းလျာပုဆိုးကို အများစု၏ ဆန္ဒအရ ရှင်ဒေဝဒတ်အား လှူဒါန်းရာ၌ အများစု၏ ဆန္ဒဟူသည်မှာ မြတ်စွာဘုရား၏ ဓမ္မဝိနယနှင့် ညီညွတ်သော အများစုဆန္ဒမဟုတ်။ ဓမ္မဝိနယနှင့် ညီညွတ်သော အများစုဆန္ဒဟူသည် ဓမ္မဝါဒီ ပုဂ္ဂိုလ်တို့၏ အများစုဆန္ဒသာ ဖြစ်၏။ ထို့ကြောင့် ရှင်ဒေဝဒတ်အား သင်္ကန်းလှူမှုကိစ္စ၌ လူနည်းစုပင် ဖြစ်သော်လည်း ဓမ္မဝါဒီ ပုဂ္ဂိုလ်တို့၏ ဆေပန်မှုကို မြတ်စွာဘုရားက အလေးထား၍ ဤဇာတ်ကို ဟောတော်မူခြင်း ဖြစ်၏။

ရှင်ဒေဝဒတ်သည် သာကီဝင် မင်းသား ဖြစ်၏။ ယသောဓရာ၏ မောင်လည်း ဖြစ်၏။ လောကီဈာန် အဘိညာဉ်ကို ရသူလည်း ဖြစ်၏။ သို့ဖြစ်၍ ရှင်ဒေဝဒတ်သည် အတိတ်ကံကောင်းသူ ဖြစ်သည်ဟု ဆိုနိုင်၏။ သာကီဝင်မင်းသား ဖြစ်ရခြင်း၊ လောကီဈာန် အဘိညာဉ်ကို ရနိုင်ခြင်းတို့ကား နှယ်နှယ်ရရ အတိတ်ကံ မဟုတ်။ အင်မတန်ကြီးမားသော အာနုဘော်ရှိသော အတိတ်ကံ ဖြစ်၏။ သို့ရာတွင် ရှင်ဒေဝဒတ်သည် မိမိ၏ သတိသမ္ပဇဉ် အားနည်းမှုကြောင့် အသိဉာဏ် ပညာဘက်သို့ ဦးမလှည့်ဘဲ ခံစားမှုဘက်သို့ ဦးလှည့်ခဲ့၏။ လောကုတ္တရာဘက်သို့ ဦးမလှည့်ဘဲ လောကီဘက်သို့ ဦးလှည့်ခဲ့၏။ အကယ်၍ လောကုတ္တရာဘက်သို့ ဦးလှည့်ခဲ့မည်ဆိုလျှင် အဖိုးတစ်သိန်း ထိုက်တန်သော သင်္ကန်းလျာ ပုဆိုးကို ဘယ်နည်းနှင့်မျှ အလှူခံလိမ့်မည် မဟုတ်။ အကယ်၍ ဒါယကာတို့၏ သဒ္ဓါတရားကို ငဲ့၍ အလှူခံလျှင်လည်း မိမိက တစ်ဖန် အဂ္ဂသာဝကများ ဖြစ်ကြသော ရှင်သာရိပုတ္တရာအား ဖြစ်စေ၊ ရှင်မောဂ္ဂလ္လာန် အားဖြစ်စေ ပြန်လှူမည်သာ ဖြစ်၏။ ယခုမူ ထိုသို့မဟုတ်၊ ရှင်ဒေဝဒတ်က သူ့အတွက် အလှူခံယူလိုက်၏။

လောကုတ္တရာဘက်သို့ ဦးလှည့်သော ပုဂ္ဂိုလ်များအတွက် လာဘ်လာဘနှင့် ပတ်သက်၍ လိုက်နာရမည့်၊ ကျင့်သုံးရမည့် ဒေသနာ ရှိ၏။ ထိုဒေသနာတော်အရ ပုဂ္ဂိုလ်သုံးစား ရှိ၏။ ပထမ အမျိုးအစားအရ လာဘ်လာဘကိုရလျှင် ရသလောက်နှင့်သာ ကျေနပ်သူ ဖြစ်၏။ ထိုသက်ပိုင်၍ မရကောင်းလား၊ ရထိုက်ပါလျက် အရနည်းသည်၊ ရထိုက်သလောက် မရဟူ၍ မကျေမနပ်ဖြစ်မှု မရှိ။ နှလုံး မသာယာမှု မရှိ။ လုပ်နိုင်သလောက်သာရသည်၊ ထိုက်တန်သလောက်သာ ရသည်ဟူသော နိယာမကို ယုံကြည်စွာ လက်ခံ၏။ ဒုတိယ အမျိုးအစားအရ မိမိလုပ်နိုင်သလောက် ရသည့်အထဲမှ၊ မိမိနှင့် ထိုက်တန်သလောက်ရသည့်အထဲမှ မိမိအတွက် လိုသလောက်ကိုသာ ယူပြီး ပိုလျှံသမျှကို အခြားသူများအား ဝေငှ သုံးစွဲသူ ဖြစ်၏။ တတိယ အမျိုးအစားအရ မိမိအတွက် လိုသလောက်ထဲမှပင် မိမိ၏ အခြေအနေ အဆင့်အတန်းအလိုက် တန်ရာ တန်ရာကိုသာ သုံးစွဲပြီး

http://www.cherrythitsar.org



မိမိနှင့် မတန်မရာ ပစ္စည်းများကို အခြား ထိုက်တန်သူများအား ဝေငှသုံးစွဲသူ ဖြစ်၏။ တတိယအမျိုးအစား ပုဂ္ဂိုလ်မျိုးသည် မိမိနှင့်မတန်သော ပစ္စည်းဝတ္ထု၊ မိမိနှင့်မတန်သော ရာထူးဂုဏ်သိန်တို့ကို လက်ခံရယူခြင်း မရှိ။ မိမိထက် ပို၍ ထိုက်တန်သူများအားသာ လွှဲပြောင်းပေးအပ်၏။ ထိုပုဂ္ဂိုလ်သုံးမျိုးအနက် ပထမ အမျိုးအစား ပုဂ္ဂိုလ်ကို "ယထာလာဘ သန္တောသ" ပုဂ္ဂိုလ်ဟူ၍ လည်းကောင်း၊ ဒုတိယအမျိုးအစား ပုဂ္ဂိုလ်ကို "ယထာဗလ သန္တောသ" ပုဂ္ဂိုလ်ဟူ၍ လည်းကောင်း၊ တတိယအမျိုးအစား ပုဂ္ဂိုလ်ကို "ယထာသာရုပ္ပ သန္တောသ" ပုဂ္ဂိုလ်ဟူ၍လည်းကောင်း ခေါ်၏။

ရှင်ဒေဝဒတ်အား ထိုပုဂ္ဂိုလ် သုံးစားအနက် မည်သည့်အစားထဲ၌မျှ ပါဝင်ခြင်း မရှိ။ ထို့ကြောင့် ရှင်ဒေဝဒတ်ကို လောကုတ္တရာဘက်သို့ ဦးမလှည့်ဘဲ လောကီဘက်သို့သာ ဦးလှည့်သော ပုဂ္ဂိုလ်ဟူ၍ ဆိုရ၏။ အမှန်အားဖြင့် ရှင်ဒေဝဒတ်သည် သနားစရာကောင်းသူတစ်ဦး ဖြစ်၏။ သံသရာတစ်လျှောက်လုံး "လူကြမ်း" ဘဝဖြင့်သာ ကျင်လည်ခဲ့ရသူ ဖြစ်၏၊ "လူကြမ်း" ဘဝ၏ အရင်းအနှီးကား ကြီးမားလှ၏။ ရှင်ဒေဝဒတ်၏ လူကြမ်းဘဝကို နောက်ခံပြု၍ မြတ်စွာဘုရားလောင်း၏ ပါရမီတို့သည် ပို၍ပို၍ ပြည့်လာ၏။ ထို့ကြောင့် ရှင်ဒေဝဒတ်သည် မြတ်စွာဘုရား အလောင်းတော်အား သူ၏ ဆန့်ကျင်ဘက်နည်းများနှင့် အတိုက် အခံနည်းများဖြင့် မိမိ၏ ဘဝအမျက်စကား တစ်နည်းတစ်ဖုံ ပါရမီဖြည့်ရာ ရောက်သောကြောင့် သူ့ကို သနားစရာကောင်းသူအဖြစ် မြင်ရ၏။ သို့ရာတွင် ရှင်ဒေဝဒတ်သည် သူ မ,တည်ခဲ့ရသော အရင်းအနှီးများကြောင့် ဤကမ္ဘာမှ နောက် ကမ္ဘာတစ်သိန်း အလွန်၌ အဋ္ဌိဿရအမည်ဖြင့် ပစ္စေကဗုဒ္ဓါ ဖြစ်ပေလိမ့်မည်။

ရှင်ဒေဝဒတ်သည် အဖိုးတစ်သိန်းတန်သော သင်္ကန်းလျာပုဆိုးကို ရသောအခါ ထိုပုဆိုးကို သင်္ကန်းချုပ်၍ ဝတ်ဆင်၏။ ထိုမှ ဤမှ လှည့်လည် သွားလာ၏။ ထိုအခါ မြင်မြင်သမျှ လူအပေါင်းတို့က ရှင်ဒေဝဒတ်ကို ကဲ့ရဲ့လာကြ၏။ ထိုသင်္ကန်းနှင့် ရှင်ဒေဝဒတ်သည် မထိုက်တန်ဟု ဆိုလာ၏။ ထိုအခါ ရှင်ဒေဝဒတ်သည် မြတ်စွာဘုရား၏ သာသနာတော်၌ "လူကြမ်း" ဖြစ်လာရပြန်လေ၏။

သံသရာတစ်လျှောက်လုံး ရှင်ဒေဝဒတ် "လူကြမ်း" ဖြစ်ရခြင်း၌ ရှင်ဒေဝဒတ်၏ စရိုက်ဆိုး ဉာဏ်ဆိုးလည်း ပါ၏။ ပတ်ဝန်းကျင်လည်း ပါ၏။ ရှင်ဒေဝဒတ်သည် မိမိနှင့် ယှဉ်လာသူတိုင်းအပေါ် "ဦးခေါင်း" တစ်လုံး မြင့်လို၏၊ ဗိုလ်လုပ်လို၏။ ဤသည်မှာ ရှင်ဒေဝဒတ်၏ မာန ဖြစ်၏။ မာနဟူသည် မြင်မြင်သမျှနှင့် ယှဉ်ပြိုင်လိုသော သဘောဖြစ်၏၊ ယှဉ်ပြိုင်ရသောအခါ မိမိ၌ မရှိသော

http://www.cherrythitsar.org



ဂုဏ်ကို တကယ်ရှိသယောင် ပြုရ၏။ ဤသဘောကို သာဌေယျဟု ခေါ်၏။ ထို့အပြင် မိမိ၌ တကယ်ရှိနေသော အပြစ်များ၊ အားနည်းချက်များကို လုံးဝ မရှိလေဟန် ဖုံးကွယ်ရပြန်၏။ ဤသဘောကို မာယာဟု ခေါ်၏။ အမှန်အားဖြင့် ရှင်ဒေဝဒတ်သည် သံသရာတစ်လျှောက်လုံး "လူကြမ်း" ဘဝဖြင့် ကျင်လည်ခဲ့ရသည်မှာ မာန၊ သာဌေယျနှင့် မာယာတို့၏ ဖိစီးနှိပ်စက်မှုကို မတွန်းလှန်နိုင်သောကြောင့် ဖြစ်၏။ သာကီဝင်မင်းသား လောကီဈာန် အဘိညာဉ်ရ ပုဂ္ဂိုလ်ထူး ဘဝကိုရသည့် အခွင့်ကောင်းနှင့် ကြုံကြိုက်ရပါလျက် ယင်းအခွင့်ကောင်းကို မှန်မှန်ကန်ကန် အသုံးမချဘဲ အဓမ္မနည်းဖြင့် သဗ္ဗညုမြတ်စွာဘုရား၏ နေရာကို လုယူရန် ကြိုးစားခဲ့၏။ အကြမ်းတကာ့အကြမ်းဆုံး ရှင်ဒေဝဒတ်ပေတကား။

ထိုကဲ့သို့ ရှင်ဒေဝဒတ် "လူကြမ်း" ဖြစ်ရာတွင် သူ့ပတ်ဝန်းကျင်လည်း တာဝန်မကင်း။ ပုဂ္ဂိုလ်တစ်ယောက်၏ဘဝကို ဖန်တီးရာတွင် ပတ်ဝန်းကျင်သည် အရေးကြီးပါ၏။ လူမိုက်တို့၏ ပတ်ဝန်းကျင်၌ ကြီးပြင်းရသူသည် လူမိုက်တို့၏ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိ အတွေ့တို့က ထိုလူ၏ စိတ်အစဉ်၌ လွှမ်းမိုး၍ စွဲထင်ကျန်ရစ်၏။ ထို သဘောကို ကာမုပါဒါန်ဟု ခေါ်၏။ လူမိုက်တို့၏ အမြင်လည်း စွဲထင်ကျန်ရစ်၏။ ထိုသဘောကို ဒိဋ္ဌုပါဒါန်ဟု ခေါ်၏။ လူမိုက်တို့၏ အလေ့ အကျင့်လည်း စွဲထင်ကျန်ရစ်၏။ ထိုသဘောကို သီလဗ္ဗတုပါဒါန်ဟု ခေါ်၏။ လူမိုက်တို့၏ အယူဝါဒသည်လည်း စွဲထင်ကျန်ရစ်၏။ ထို သဘောကို အတ္တဝါဒုပါဒါန်ဟု ခေါ်၏။ ထို့ကြောင့် ဥပါဒါန်တို့၏ လွှမ်းမိုးမှုအရ ပြဿနာ တစ်ရပ်နှင့် ကြုံလေတိုင်း လူမိုက်ပတ်ဝန်းကျင်၌ ကြီးပြင်လာသူသည် လူမိုက်လိုပင် စဉ်းစား၏၊ တွေးခေါ်၏၊ ဆုံးဖြတ်၏။ အခြားပတ်ဝန်းကျင်၌ ကြီးပြင်းလာသူသည် လည်း ထိုနည်းအတိုင်းပင် ပတ်ဝန်းကျင်အလိုက် စဉ်းစား၏။ တွေးခေါ်၏။ ဆုံးဖြတ်၏။ လုပ်ကိုင် ဆောင်ရွက်၏။

သံသရာ တစ်လျှောက်လုံး ရှင်ဒေဝဒတ်၏ ပတ်ဝန်းကျင်ကို လေ့လာကြည့်ပါက များသောအားဖြင့် သူ့ပတ်ဝန်းကျင်သည် သူ့ကို လမ်းမှန် ကမ်းမှန်သို့ ရောက်အောင် ဆွဲဆောင်နိုင်သည့် ပရိသတ်မျိုး မဟုတ်ဘဲ လူကြမ်းဘဝသို့ ရောက်အောင်သာ ပို့ဆောင်နိုင်သည့် ပရိသတ်မျိုးသာ ဖြစ်၏။ အကယ်၍ သူ့ကို ယဉ်ကျေးလာအောင် ပြုပြင်နိုင်သည့် ပရိသတ်မျိုးနှင့် တွေ့လျှင်လည်း ထိုပရိသတ်မျိုးကို သူက ရှောင်၏။ ရှင်ဒေဝဒတ်၏ မူလ ပင်ကိုစရိုက်ဆိုး၊ ညဉ်ဆိုး၊ ဝါသနာ ဆိုးတို့အရ သူသည် အမြဲတမ်း "ဗိုလ်" လုပ်ချင်သူ ဖြစ်ရကား သူ့ကို "ဗိုလ်" တင်နိုင်မည့် ပရိသတ်မျိုးကို ရှာ၏။ ထိုပရိသတ်မျိုးနှင့်သာ ပေါင်း၏။ ထိုပတ်ဝန်းကျင်မျိုး၌သာ သူ ပျော်မွေ့၏။ သူသည် အနုစိတ်မရှိသော တော၌

http://www.cherrythitsar.org



ကြက်သူပင် ဖြစ်ရခြင်းကို ကျေနပ်သူ ဖြစ်၏။ နောက်ဆုံး၌ အနှစ်မရှိသော ပတ်ဝန်းကျင်တို့ကြောင့် ရှင်ဒေဝဒတ်သည် ဘဝပျက်ခဲ့ရ၏။ ပတ်ဝန်းကျင်သည် အကောင်းဘက်၌ ဖြစ်စေ၊ အဆိုးဘက်၌ ဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦး၏ ဘဝကြမ္မာကို ဖန်တီးရာ၌ အင်အားကြီးမားသော စွမ်းအင်တစ်မျိုး ဖြစ်၏။ ထို့ကြောင့် လူမိုက်ကို ရှောင်၍ လူလိမ္မာကိုပေါင်းလျှင် မင်္ဂလာဖြစ်၏ ဟူ၍ မြတ်စွာဘုရားက ဟောတော်မူခြင်း ဖြစ်၏။ သို့ဖြစ်၍ သံသရာတစ်လျှောက်လုံး ရှင်ဒေဝဒတ် လူကြမ်းဖြစ်ရခြင်းသည် သူ၏ ဉာဉ်ဆိုးနှင့် သူ၏ ညံ့ဖျင်းသော ပတ်ဝန်းကျင်တို့တွင် တာဝန်ရှိလေ၏။

တစ်နေ့တွင် ရာဇဂြိုဟ်ပြည်မှ ရဟန်းတစ်ပါးသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ မြတ်စွာဘုရားကို ဖူးမြော်ရန် ရောက်လာ၏။ ထိုအခါ မြတ်စွာဘုရားက ရာဇဂြိုဟ်ပြည်၌ အဂ္ဂသာဝက (၂) ပါးတို့၏ အကြောင်းကို မေးမြန်း၏။ ထိုရဟန်းကလည်း မြတ်စွာဘုရားအား အကြောင်းစုံကို လျှောက်ထား၏။ ထိုရဟန်းအား မြတ်စွာဘုရားက "ချစ်သား ရဟန်း – ဒေဝဒတ်သည် ယခုအခါမှသာ မိမိနှင့်မလျော်သော သင်္ကန်းကို ဝတ်ဆင်သည် မဟုတ်။ ရှေးကလည်း ဤသို့ပင် ဝတ်ဆင်ခဲ့ ဖူးသည်" ဟူ၍ ရှင်ဒေဝဒတ်၏ အတိတ်ဇာတ် "ဆင်သတ်ယောက်ျား" အကြောင်းကို ဟောတော်မူ၏။

ရှေးအခါက ဗာရာဏသီပြည်တွင် ဗြဟ္မဒတ်မင်းသည် မင်းပြု၏။ ဗာရာဏသီပြည်၌ မုဆိုးတစ်ယောက်သည် ဆင်ကိုသတ်၍ အသက်မွေးမြူ၏။ တောတစ်တော၌ ဆင်ပေါင်းများစွာ ကျက်စား၏။ ဆင်ကိုသတ်ရာ၌ အန္တရာယ်ကြီးလှ၏။ ဆင်တစ်ကောင်ကို ရရန်အတွက် အလွန်ပင် ခဲယဉ်း၏။ ချောင်းရမြောင်းရသည်မှာလည်း သက်စွန့်ဆံဖျားပင် ဖြစ်၏။ သို့ရာတွင် တစ်နေ့သ၌ ကံအားလျော်စွာ ဆင်အုပ်ကြီးကို တွေ့၏။ ပစ္စေကဗုဒ္ဓါများကိုလည်း တွေ့၏။ ဆင်အုပ်ကြီးသည် ပစ္စေကဗုဒ္ဓါများကို ပုဆစ်ဒူးတို့ဖြင့် တုပ်ဝပ်ရှိခိုးပြီးမှ မိမိတို့ စားကျက်ရှိရာသို့ သွားသည်ကိုလည်း တွေ့၏။ ထိုအခါ ဆင်သတ်မုဆိုးများသည် ဆင်များကို အလွယ်တကူ သတ်နိုင်သော နည်းပရိယာယ်ကို ရရှိသွားလေ၏။

တစ်နေ့တွင် ပစ္စေကဗုဒ္ဓါတစ်ဆူ ဇာတာသရအိုင်သို့ သက်ဆင်း၍ ရေချိုးစဉ် ကမ်းနား၌ထားသော သင်္ကန်းကို ခိုးယူလိုက်၏၊ ထို့နောက် မုဆိုးသည် သင်္ကန်းကို ဝတ်ရုံ၍ ပစ္စေကဗုဒ္ဓယောင် ဆောင်လိုက်၏။ ဆင်တို့ သွားရာလမ်း၌ ပစ္စေကဗုဒ္ဓါ အနေဖြင့် နေပြီး လှံကို ဂုက်၍ထား၏။ ဆင်များသည် အယောင်ဆောင် ပစ္စေကဗုဒ္ဓါကို တွေ့လျှင် ပစ္စေကဗုဒ္ဓါ အစစ်ထင်မှတ်ပြီး ပုဆစ်ဒူးတို့ဖြင့် တုပ်ဝပ်ရှိခိုးပြီးမှ စားကျက်သို့ သွားကြ၏။ ထိုအခါ မုဆိုးသည် နောက်ဆုံးဆင်ကို

http://www.cherrythitsar.org



လှံဖြင့် အလွယ်တကူ သတ်နိုင်၏။ ဤနည်းအားဖြင့် ဆင်သတ်မုဆိုးသည် အသက်မွေးရ လွယ်ကူတော့၏။ မိမိ၏ အသက်အန္တရာယ်လည်း မစိုးရိမ်ရတော့။

ဘုရားလောင်းသည် ဆင်မျိုး၌ဖြစ်လာပြီး ထိုဆင်အုပ်၏ မင်း ဖြစ်လာ၏။ ထိုအခါ၌လည်း မုဆိုးသည် ရှေးနည်းအတူ ပစ္စေကဗုဒ္ဓ ယောင်ဆောင်၍ နောက်ဆုံးဆင်ကို သတ်၏။ ဘုရားလောင်းဆင်မင်းသည် မိမိ၏ ဆင်အုပ် တစ်နေ့ထက် တစ်နေ့ အရေအတွက် နည်းပါးလာသောအခါ မိမိတို့၌ အန္တရာယ်ရှိလာသည်ကို သိ၏။ အယောင်ဆောင် ပစ္စေကဗုဒ္ဓါအပေါ်၌ သံသယဝင်လာ၏။

တစ်နေ့တွင် ဆင်မင်းသည် မိမိ၏ဆင်အုပ်ကို ရှေ့ကသွားစေပြီး မိမိမှုကား နောက်ဆုံး မလှမ်းမကမ်းမှ သတိကြီးစွာဖြင့် လိုက်၏။ ရှေးရှေး ဆင်တို့သည် ပစ္စေကဗုဒ္ဓါ အယောင်ဆောင်မုဆိုးကို ရှိခိုးပြီး သွားကြလေ သောအခါ မုဆိုးသည် နောက်ဆုံးမှလာသော ဘုရားလောင်းဆင်မင်းကို မြင်လျှင် သင်္ကန်းကို ဖယ်၍ လှံကို လွှတ်လေ၏။ ဘုရားလောင်းဆင်မင်းကား သတိဖြင့်လာသူဖြစ်၍ လှံကိုရှောင်ပြီးလျှင် မုဆိုးကိုသတ်ရန် ပြေးဝင်လာ၏။ မုဆိုးလည်း သစ်ပင်ကို ကွယ်၍ ပုန်းလေ၏။ ဘုရားလောင်း ဆင်မင်းသည် သစ်ပင်နှင့်တကွ မုဆိုးကို နှာမောင်းဖြင့် ရစ်ပတ်၍ နုတ်ယူကာ မြေ၌ကိုင်ရိုက်ရန် အားယုတ်သောအခါ မုဆိုးသည် သင်္ကန်းကိုပြ၍ တောင်းပန်၏။

ဘုရားလောင်း ဆင်မင်းသည် သင်္ကန်းကိုမြင်လျှင် သတိဖြင့် ဒေါသကို ချုပ်ထိန်း၍ သည်းခံလိုက်၏။ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာ တို့ကို အရှက်ခွဲရာ ရောက်မည်ကို စိုးရိမ်သောကြောင့် ဖြစ်၏။ ထို့နောက် ဘုရားလောင်းဆင်မင်းက 'သင်သည် ယခုလို ပစ္စေကဗုဒ္ဓါယောင်ဆောင်ပြီး ဆင်တို့ကို သတ်ခဲ့သည် မဟုတ်လော' ဟု မေးမြန်းသောအခါ မုဆိုးကလည်း မှန်ကြောင်း ဝန်ခံ၏။ ထိုအခါ ဘုရားလောင်းဆင်မင်းက 'မုဆိုး သင်သည် ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာတို့နှင့်သာ ထိုက်တန်သော သင်္ကန်းကို ဝတ်ရုံလျက် ဤသို့ ဝန်လေးသော အမှုကို ပြုတိ၏' ဟု ဆုံးမကာ အသက်ကို ချမ်းသာပေးလိုက်၏။

မြတ်စွာဘုရားသည် ရှင်ဒေဝဒတ်၏ အတိတ်ဝတ္ထုကို ဆောင်၍ ဆောက်ပါဂါထာကို ဟောတော်မူ၏။ ဂါထာ၏အဆုံး၌ ရာဇဂြိုဟ်ပြည်မှ ရောက်လာသော ရဟန်းသည် သောတာပန် ဖြစ်လေ၏။ တရားနာ ပရိသတ် အပေါင်းသည်လည်း သောတာပန် ဖြစ်ကြ၏။

— **အညစ်အကြေး တည်းဟူသော ကိလေသာလည်း မစင်ကြယ်၊ ဣန္ဒြေကို ချုပ်တည်းခြင်းလည်း မရှိ၊ ဖြောင့်မှန်ခြင်းလည်း မရှိ၊ ထိုသူမျိုးသည် သင်္ကန်း ဝတ်ခြင်းငှာ မထိုက်။**

**ရာပြည့်စာအုပ်တိုက်**

http://www.cherrythitsar.org



**– အညစ်အကြေးတည်းဟူသော ကိလေသာမှ ခင်ကြယ်၏။ ဣန္ဒြေကို စောင့်စည်း၏။ သီလ၊ သမာဓိနှင့် ပြည့်စုံ၏။ ဖြောင့်မှန်ခြင်း ရှိ၏။ ထိုသူမျိုးသာ သတ်န်းဆင်ခြင်းဖွာ ထိုက်၏။**

ဤလောကၐ္ လူဖြစ်စေ၊ ရဟန်းဖြစ်စေ၊ အသိနှင့် အကျင့်ကို တစ်သားတည်းဖြစ်အောင်၊ အချင်းချင်း ခွဲ၍မရအောင် ဆောင်ရွက်ဖို့လို၏။ အသိက တခြား၊ အကျင့်ကတခြား ဖြစ်နေသေးလျှင် ရခဲသော လူ့ဘဝကို ရသော်လည်း ထိုလူ့ဘဝကို မှန်ကန်စွာ အသုံးချရာ မရောက်၊ ရခဲသော ရဟန်းဘဝကို ရသော်လည်း ထိုရဟန်းဘဝကို မှန်ကန်စွာ အသုံးချရာ မရောက်၊ အသိနှင့် အကျင့်ကို တစ်သားတည်းဖြစ်အောင် ဆောင်ရွက်မှသာ လူဖြစ်လျှင်လည်း လူဖြစ်ရကျိုးနပ်၏။ ရဟန်းဖြစ်လျှင်လည်း လူဖြစ်ရကျိုးနှင့် ရဟန်းဖြစ်ရကျိုး၊ အကျိုး (၂) မျိုးလုံး နပ်၏။

အသိကို မျက်စိနှင့်တူသည်ဟူ၍ လည်းကောင်း၊ အကျင့်ကို ခြေနှင့်တူသည်ဟူ၍ လည်းကောင်း နှိုင်းခိုင်း၍ ဆိုကြပါ၏။ ခြေမပါဘဲ မျက်စိချည်းသာ ရှိနေလျှင်လည်း မိမိလိုရာခရီးကို ရောက်အောင် မသွားနိုင်။ မျက်စိမပါဘဲ ခြေချည်းသာ ရှိနေလျှင်လည်း မိမိလိုရာခရီးကို ရောက်အောင်မသွား နိုင်ရုံသာမက ချောက်ကမ်းပါးထဲသို့ ကျဖို့က များလေသည်။ လိုရာခရီး ဟူသည်မှာ အမြင့်ဆုံးအားဖြင့် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ရာ နိဗ္ဗာန်သို့ရောက်ရေးပင် ဖြစ်၏။ အနိမ့်ဆုံးအားဖြင့် လောကကို မိမိနှင့် တစ်သားတည်းထား၍ ချစ်တတ်၊ ငဲ့ညှာတတ်၊ မြတ်နိုးတတ်၊ ခွင့်လွှတ်တတ်သော စိတ်ဖြင့် ဆက်ဆံဆောင်ရွက်ရေးပင် ဖြစ်၏။

လူသည် တိရစ္ဆာန်လိုလည်း နေ၍ရ၏။ ဗြဟ္မာလိုလည်း နေ၍ရ၏။ ဗြဟ္မာယောင်ဆောင်၍ တိရစ္ဆာန်လိုလည်း နေ၍ရ၏။ မိမိကြိုက်သလို နေ၍ရ၏။ တိရစ္ဆာန်လိုနေလျှင် မိမိကိုယ်ကျိုး တစ်ခုတည်းကိုသာ ကြည့်တတ်သဖြင့် အကုသိုလ်ပွား၏။ ဗြဟ္မာလိုနေလျှင် ဗြဟ္မစိုရ်အမြင်ဖြင့် လောက၏ အကျိုးကို သယ်ပိုးတတ်သောကြောင့် ကုသိုလ်ပွား၏။ ဗြဟ္မာယောင်ဆောင်၍ တိရစ္ဆာန်လို နေလျှင်ကား ဒေဝဒတ်လောင်း ဆင်သတ်မုဆိုးနှယ် ဝန်လေးသော အမှုကို ပြုရာရောက်၏။ တိရစ္ဆာန်လိုနေသူနှင့် ဗြဟ္မာလိုနေသူတို့ကား ဆိုးသည်ဖြစ်စေ၊ ကောင်းသည်ဖြစ်စေ ဖြောင့်မတ်သူများဖြစ်၍ သိသာသဖြင့် ရှောင်ရလွယ်၏။ ပေါင်းရလွယ်၏။ ဗြဟ္မာယောင်ဆောင်၍ တိရစ္ဆာန်လို နေသူကား မဖြောင့်မတ်သူများဖြစ်၍ မသိသာသဖြင့် လောကအတွက် အန္တရာယ်များ၏။ အပြောက တစ်မျိုး၊ အလုပ်ကတစ်မျိုး၊ သို့မဟုတ် အသွင်သဏ္ဌာန်က တစ်မျိုး၊ အကျင့်စရိုက်

http://www.cherrythitsar.org



ကတစ်မျိုး လုပ်တတ်သူများသည် ဗြဟ္မာ ယောင်ဆောင်၍ တိရစ္ဆာန်လိုနေသူများ စာရင်း၌ ပါဝင်၏။

ဗြဟ္မစိုရ်တရားကို အခြေခံ၍ ကုသိုလ်တရား ပွားများအောင် ကျင့်ကြံသူများသာ ကိလေသာစင်ကြယ်အောင် ကျင့်နိုင်၏။ ဣန္ဒြေကို စောင့်စည်းနိုင်၏။ သီလ၊ သမာဓိ၊ ပညာနှင့် ပြည့်စုံအောင် အားထုတ်နိုင်၏၊ မြင့်မြတ် မှန်ကန်သော သစ္စာတရားနှင့် ပြည့်စုံနိုင်၏။ ထိုပုဂ္ဂိုလ်မျိုးသာ လူ ဖြစ်လျှင်လည်း လူ့အသိ၊ လူ့အကျင့်နှင့် ညီညွတ်ရကား ခဲယဉ်းသော လူအဖြစ်၊ လူ့အသွင် လူ့အမည်ကို ခံယူထိုက်၏။ ရဟန်းဖြစ် လျှင်လည်း ရဟန်းအသိ၊ ရဟန်း အကျင့်နှင့် ညီညွတ် ရကား ပို ခဲယဉ်းသော ရဟန်းအဖြစ် ရဟန်းအသွင် ရဟန်းအမည်ကို ခံယူ ထိုက်၏။ ထို့ကြောင့် ဗြဟ္မာယောင်ဆောင်၍ တိရစ္ဆာန်လို နေတတ်သော အယောင် ဆောင်အသိနှင့် အယောင်ဆောင်သော အကျင့်မျိုးရှိသူများ မဖြစ်ကြစေရန် မြတ်စွာဘုရားက ဤဂါထာများကို ဟောကြားတော်မူခြင်း ဖြစ်ပါ၏။ သဏ္ဍာန် လုပ်လျှင် သရုပ်နှင့် တူရမည်သာတည်း။

●

သာသနာ့သမိုင်းတွင် ရှင်ဒေဝဒတ်သည် သံဃာဂဏရမှုယ် အဆောင်းဆုံးသော ပုဂ္ဂိုလ် ဖြစ်သည်။ ရင်နာဖွယ်လည်း ကောင်း၏၊ သနားစရာလည်း ကောင်း၏။ သူသည် သာသနာတော်နှင့် ပတ်သက်၍ ဆိုဆုံးမရာ၌ "လူကြမ်း" အဖြစ် ခံထား၍ ဆိုဆုံးမ ခံရသူ ဖြစ်၏။ အဓမ္မနည်းကို အသုံးပြုလာလျှင် 'ဒီကောင်က ဒေဝဒတ် ပဲ' ဟူ၍ မကောင်းဘက်မှ စံပြအဖြစ် တင်ပြခံရသူ ဖြစ်၏။

ဒေဝဒတ်သည် သာကီဝင်မင်းသား ဖြစ်၏။ မလ္လာမင်းတို့၏ နယ်မြေ အနုပိယ သရက်ဥယျာဉ်၌ အခြားသော သာကီဝင်မင်းသားများ ဖြစ်ကြသော ဘဒ္ဒိယ၊ အနုရုဒ္ဓါ၊ အာနန္ဒာ၊ ဘဂု၊ ကိမိလ၊ ဆတ္တာသည် ဥပါလိတို့နှင့်အတူ စုစုပေါင်း (၇) ယောက်တို့ တစ်ပြိုင်နက် မြတ်စွာဘုရား၏ထံတော်၌ ရဟန်း ပြုကြသူများ ဖြစ်ကြ၏။ ဒေဝဒတ်သည် သာကီဝင် မင်းသားဖြစ်သည် ဆို ကတည်းက သူ၏ အတိတ်ကံကို မှန်းဆ၍ရ၏။ သူ၏ အတိတ်ကံကား နယ်နယ်ရရ အတိတ်ကံ မဟုတ်။ ဈာန သမာပတ်နှင့် အဘိညာဉ်ကို ရစေနိုင်စွမ်း သော အတိတ်ကံဖြစ်၏။ သို့ရာတွင် သူ၏အတိတ်ကံသည် "စာမေးပွဲ ကာလ တစ်လျှောက်လုံး စာမှန်မှန်မကျက်ဘဲ အာပူတိုက်ထားသော မေးခွန်းနှင့် ကွက်တိ တိုး၍ ဖြေဆိုနိုင်ပြီး ပထမရွဲသော ကံမျိုး" သာ ဖြစ်၏။ စည်းစနစ်တကျ မှန်မှန် ကန်ကန် ကျေကျေညက်ညက် ကျက်မှတ်ပြီး မေးခွန်းများ အားလုံးကို ဖြေဆိုနိုင်ပြီး

http://www.cherrythitsar.org



ပဟာမစွဲသော ကံမျိုးမဟုတ်။ ထို့ကြောင့် ဒေဝဒတ်၏ ကံမျိုးကို စာပေဆေါ်ဟာရ ဖြင့် ဆိုရလျှင် "ပါရမီမမြောက်သော ကံမျိုး" ဟူ၍ ဆိုရ၏။ အရပ်သုံး ဝေါဟာရ ဖြင့်ဆိုရလျှင် "ကြက်ကန်းဆန်အိုးတိုး ကံမျိုး" ဖြစ်၏။ သို့ဖြစ်၍သာ ရှင် ဒေဝဒတ်သည် ရခဲသော လူ့ဘဝကိုရခြင်း၊ လူ့ဘဝဆိုရာတွင်လည်း မြင့်မြတ်သော သာကီဝင်မင်းသားဘဝ ဖြစ်ခြင်း၊ ရခဲသော ရဟန်းဘဝကို ရခြင်း၊ ရဟန်းဘဝ ဆိုသော်လည်း ဈာန်သမာပတ်နှင့် အဘိညာဉ် ဖြစ်ခြင်း၊ ထို့ပြင်လောကီ ထူးချွန်သူဖြစ်ပြီး မြတ်စွာဘုရားနှင့် ကိုယ်တိုင်ကိုယ်ကျ တွေ့ဆုံရပါလျက် သူ၏ဘဝသည် အကျနာလှ၏။

မှန်ပါ၏။ ပါရမီမမြောက်သော ကုသိုလ်ကံတို့မည်သည် ဦးတည်ရာ မရှိဘဲ ပင်လယ်ရေစီးကြောင်းအတိုင်း မျောချင်ရာ မျောနေသော ရေယယ်သဖွယ် သာ ဖြစ်၏။ ကောင်းမွန်ရာဆိပ်ကမ်းသာသို့လည်း ဆိုက်နိုင်၏၊ ဘေးရန်ထူထပ် သော သောင်မြေ၌လည်း တင်နိုင်၏။ ဝဲဂယက်ထဲသို့လည်း စုံးစုံးမြုပ်နိုင်၏။ ဖြစ်ချင်သလို ဖြစ်သွားနိုင်၏။ တိကျမှန်ကန်သော သတ်မှတ်ချက်ဟူ၍ မရှိ။ ဤသည်မှာ ပါရမီမမြောက်သော ကုသိုလ်တို့၏သဘော ဖြစ်၏။

ဒေဝဒတ်နှင့်အတူ ရဟန်းပြုကြသော ပုဂ္ဂိုလ်အားလုံးတို့သည် အရိယာ များ ဖြစ်သွားကြ၏။ ဒေဝဒတ်သာ ပုထုဇဉ်ဘဝဖြင့် ကျန်ရစ်၏။ အရိယာ ဖြစ်သွားကြသူများသည် ရှေးရှေးဘဝက ပါရမီဖြည့်ခဲ့သူများ ဖြစ်ကြ၏။ အရိယာ မျိုးစေ့ကို စိုက်ပျိုးခဲ့သူများ ဖြစ်ကြ၏။ ဒေဝဒတ်ကား ထိုကဲ့သို့မဟုတ်၊ ပါရမီကို လည်း မဖြည့်၊ အရိယာမျိုးစေ့ကိုလည်း မစိုက်ပျိုးခဲ့၊ ဘဝတွင် ကြုံသလိုနေခဲ့သူသာ ဖြစ်၏။ ထို့ကြောင့် သူသည် ရနိုင်ခဲသော အခွင့်အရေးကြီး (၃) မျိုးကို ရပါလျက် မှန်မှန်ကန်ကန် အသုံးမချ နိုင်သဖြင့် ဘဝပျက်ခဲ့ရသူ ဖြစ်၏။ ရင်နာစရာကောင်း လှသော ဒေဝဒတ်၏ ဘဝပါတကား။

အမှန်အားဖြင့် ပါရမီမမြောက်သော ကုသိုလ်ဟူသည် တကယ်တမ်း ကျတော့ ဘာမျှအားကိုးလောက်သော ကုသိုလ်မဟုတ်၊ အသဒိသ အလှူကြီး ကို ပေးခဲ့သော မလ္လိကာမိဖုရားကြီးသည်ပင် သေခါနီးကာလ၌ နှလုံးသွင်း မကောင်းသဖြင့် ငရဲသို့ ကျခဲ့ရ၏။ တစ်သက်လုံး မုဆိုးဘဝဖြင့် အသက်မွေးပြီး သေခါနီးကာလ၌ သားဖြစ်သူ သောဏထေရ်၏ စီစဉ်ပေးမှုကြောင့် နှလုံးသွင်း ကောင်းပြီး မုဆိုးကြီးသည် နတ်ပြည်သို့ သွားရ၏၊

ထို့ကြောင့် ကျွန်ုပ်တို့သည် ပါရမီမျိုးစေ့ကို မချဘူးသေးသူ ဖြစ်ပါလျှင် ယခုအချိန်မှစ၍ ပါရမီမျိုးစေ့ကို ချဖို့ လိုအပ်ပါ၏။ ပါရမီ မျိုးစေ့ကို ချခြင်းသည်သာ သံသရာတစ်လျှောက်လုံးအတွက် အားကိုးဖွယ်ရာ ဖြစ်၏။ ပါရမီမျိုးစေ့ ချသဖြင့်

http://www.cherrythitsar.org



ပါရမီမြောက်သော ကုသိုလ်သည်သာ တကယ်တမ်း အားကိုးရသော ကုသိုလ် ဖြစ်၏။ ပါရမီမျိုးစေ့ချခြင်း ဟူသည်မှာလည်း လုပ်ရန်ခက်ခဲသော လုပ်ငန်း မျိုး မဟုတ်၊ ဆန္ဒရှိမည်၊ ဝီရိယရှိမည်၊ စိတ်ဓာတ်ခိုင်မာမည်၊ ဉာဏ်ပညာရှိမည် ဆိုလျှင် လုပ်၍ရကောင်းသော လုပ်ငန်းမျိုး ဖြစ်၏။

လူမှန်သမျှ အလုပ်ကို တစ်ခုမဟုတ် တစ်ခုကို လုပ်နေကြရ၏။ ထိုသို့ လုပ်ကြရာ၌ ရည်ရွယ်ချက်သည် ရှိ၏။ ထိုရည်ရွယ်ချက်ကိုလိုက်၍ ပါရမီသဘော နှင့် ပါရမီမဟုတ်သော သဘောသည် ကွဲပြားသွား၏။ ငါ့အတွက် သက်သက်ဟု ရည်ရွယ်လျှင် ပါရမီမဟုတ်တော့၊ လောကအတွက်၊ သူတစ်ပါးအတွက်ပါလျှင် ပါရမီ ဖြစ်၏။ ပါရမီဟူသည် ဤမျှသာ ကွဲ၏။ လုပ်ငန်းချင်းကား မကွဲ။ လောက အတွက် သူတစ်ပါးအတွက်ဟူ၍ ဆိုသည်နှင့် တစ်ပြိုင်နက် မိမိအတွက် တပ်မက် ခြင်း "လောဘ"ကို အလိုလို ပယ်စွန့်ပြီးသား ဖြစ်၏။ ယင်းကိုပင် "နေက္ခမ္မပါရမီ" ဟူ၍ ဆိုရ၏။ "နေက္ခမ္မ ပါရမီ" သဘော သက်ဝင်လာလျှင် သာယာဖွယ် ဟူသမျှကို စွန့်နိုင်၏။ ကြံ့ကြံ့ခံနိုင်၏။ ရဲရင့်လာ၏။ ထိုအခါ "ခန္တီပါရမီ" သဘောဝင်လာ၏။ "ခန္တီပါရမီ" သဘောဝင်လာလျှင် မည်သည့်ဘေးရန် ကိုမျှ မကြောက်တော့။ မြှောက်၍လည်း မမြောက်၊ ခြောက်၍လည်း မကြောက်။ မိမိ ကျရာတာဝန်အတိုင်း တရားသဖြင့် ဆောင်ရွက်သွားမည်သာ ဖြစ်၏။ ရရှိနိုင်မည့် အကျိုးကျေးဇူးကိုလည်းမကြည့်၊ ကျရောက်မည့် ပြစ်ဒဏ်ကိုလည်း မကြည့်၊ တရားသဖြင့် ဖြစ်ရေးကိုသာ ကြည့်၏။ ဤသည်မှာ "ဥပေက္ခာပါရမီ" သဘော ဖြစ်၏။

တပ်မက်စရာကောင်းသော ရာထူးဂုဏ်သိန်၊ စည်းစိမ်ဥစ္စာများကို စွန့် လွှတ်နိုင်သော "နေက္ခမ္မ ပါရမီ"၊ ကြောက်စရာကောင်းသော ဘေးရန်အန္တရာယ် အသွယ်သွယ်တို့ကို မကြောက်မရွံ့၊ ရဲရဲဝံ့ဝံ့နှင့် ကြံ့ကြံ့ခံနိုင်သော "ခန္တီပါရမီ" တို့ ဖြစ်ထွန်း ပေါ်ပေါက်လာသည်နှင့် တစ်ပြိုင်နက် အကောင်းအဆိုး နှစ်မျိုးလုံးကို လျစ်လျူရှုနိုင်သော "ဥပေက္ခာ ပါရမီ" သည် မလွဲမသွေ ပေါ်လာရမည် ဖြစ်၏။ ထို ပါရမီသုံးမျိုး ပေါ်ထွန်းလာသည်နှင့် တစ်ပြိုင်နက်ကျန်သော ပါရမီများသည် လွယ်လင့်တကူ ပြည့်စုံလာလေ၏။ ထိုကဲ့သို့ ပါရမီများ ပြည့်စုံလာခြင်းကိုပင် အရိယာမျိုးစေ့ကို စိုက်ပျိုးသည် မည်၏။ ထိုအရိယာမျိုးစေ့သည် အောင်မြင်သည် နှင့် တစ်ပြိုင်နက် အချိန်ကျရောက်သောအခါ အရိယာအဖြစ်သို့ ရောက်ပေလိမ့် မည်။ အရိယာအဖြစ်ဟူသည် မိမိစိုက်ပျိုးခဲ့သော အရိယာမျိုးစေ့၏ အသီးပင် တည်း။ မျိုးစေ့ကို မစိုက်လျှင်တော့ အပင်လည်း ပေါက်မည်မဟုတ်။ အပင် မပေါက်လျှင် အသီးလည်း သီးမည်မဟုတ်။

http://www.cherrythitsar.org



ဇေဝဒတ်သည် မြတ်စွာဘုရားထံ၌ ရဟန်းပြုစက သိမ်မွေ့သူ ဖြစ်၏။ ရဟန်းကျင့်ဝတ်နှင့်အညီ ကျင့်ကြံသူ ဖြစ်၏။ ဆဋ္ဌာသည် ဥပါလိကိုပင် ရှုံးနိုင်သူ ဖြစ်၏။ ဇတ္တိယမာန်ကို နှိမ်နင်းနိုင်သူ ဖြစ်၏။ ထို့ကြောင့် ရှင်ဇေဝဒတ်သည် အစ၏ ကောင်းခြင်းနှင့် ပြည့်စုံသူဖြစ်၏၊ သို့ရာတွင် အလယ်၏ကောင်းခြင်း၊ အဆုံး၏ကောင်းခြင်းနှင့်ကား မပြည့်စုံရှာပေ။ ထိုသို့ မပြည့်စုံခြင်းသည် "အရိယာ" အဖြစ်သို့ ရောက်စေနိုင်သော ပါရမီမျိုးစေ့ကို မစိုက်ပျိုးခဲ့သောကြောင့် ဖြစ်၏။

ရှင်ဇေဝဒတ်သည် အရိယာအဖြစ်သို့ ရောက်စေနိုင်သော ပါရမီမျိုးစေ့ကို မစိုက်ပျိုးခဲ့သော ပုထုဇဉ် ဖြစ်သည့်အားလျော်စွာ ပုထုဇဉ်တို့၏ ဓမ္မတာအတိုင်း အစားကောင်းကို စားလို၏။ အဝတ်ကောင်းကို ဝတ်လို၏။ ခန့်ခန့်ညားညား နေလို၏။ ကျန်းကျန်းမာမာလည်း နေလို၏။ ဤ သဘောမှာ ရုပ်ပိုင်းဆိုင်ရာ၏ တောင့်တချက် ဖြစ်၏။ ထို့နောက် ပျော်ပျော် ရွှင်ရွှင်လည်း နေလို၏။ ဤသဘောမှာ ဝေဒနာပိုင်းဆိုင်ရာ၏ တောင့်တချက် ဖြစ်၏။ ပညာဗဟုသုတနှင့်လည်း ပြည့်စုံလို၏။ ဤသဘောမှာ သညာပိုင်းဆိုင်ရာ၏ တောင့်တချက်ဖြစ်၏။ ထူးလည်းထူးချွန်လို၏။ ဤသဘောမှာ သင်္ခါရပိုင်းဆိုင်ရာ၏ တောင့်တချက် ဖြစ်၏။ ထို့ပြင် သူတောင်တောင်း ဟူ၍လည်း အထင်ခံလို၏။ ဤသဘောမှာ ဝိညာဉ်ပိုင်းဆိုင်ရာ၏ တောင့်တချက် ဖြစ်၏။ ဤ တောင့်တချက်အားလုံးသည် ဝိညာဉ်ပိုင်း၌ တစ်စုတည်း တစ်သားတည်း အနေဖြင့် တည်၏။ အောက်ဆီဂျင်နှင့် ဟိုက်ဒရိုဂျင်တို့သည် တစ်စုတည်း တစ်သားတည်းအနေဖြင့် တည်သောအခါ "ရေ" အဖြစ်သို့ ရောက်သွားသကဲ့သို့ ဖော်ပြပါ တောင့်တတတ်သော ခန္ဓာငါးပါး အစုတို့သည်လည်း တစ်စုတည်း တစ်သားတည်းအနေဖြင့် တည်ရှိလေသောအခါ "အတ္တ" အဖြစ်သို့ ရောက်သွား၏။ သို့ဖြစ်၍ "အတ္တ" ဟူသည် မူလအရှိတရား မဟုတ်၊ နောက်မှ ဖြစ်ပေါ်လာသော အဖြစ်တရားသာ ဖြစ်၏။ ထို့ကြောင့် မူလက မရှိသော "အတ္တ" ကို ပယ်နိုင်ခြင်း ဖြစ်၏။

ရှင်ဇေဝဒတ်သည် "အတ္တ" ကို ဤဘဝ၌ မပယ်နိုင်စေဦးတော့၊ နောက်ဘဝများ၌ "အတ္တ" ကို ပယ်နိုင်သော အခွင့်အရေးကို လက်လွှတ် ခံ၏။ အရိယာမျိုးစေ့ကို စိုက်ပျိုးနိုင်သော လယ်ယာမြေကောင်းသဖွယ်ဖြစ်သော သက်တော်ထင်ရှား မြတ်စွာဘုရား၌ အရိယာမျိုးစေ့ကို မစိုက်ပျိုးခဲ့၊ သို့ရာတွင် လုံးလုံး မစိုက်ပျိုးသည်တော့ မဟုတ်၊ အလွန်နောက်ကျသော အချိန်၊ အဝီစိငရဲသို့ ကျရောက်ရန် အချိန်ပိုင်းကာလရောက်မှ စိုက်ပျိုးလေသဖြင့် သူစိုက်ပျိုးသော အရိယာမျိုးစေ့သည် ဤကမ္ဘာမှ နောက်ကမ္ဘာတစ်သိန်း ကာလရောက်မှ အပင်၊

http://www.cherrythitsar.org



အပွင့်၊ အသီးတို့ကို စားရပေလိမ့်မည်။ အင်္ဂီသရ ပစ္စေကဗုဒ္ဓါအဖြစ်ဖြင့် ပရိနိဗ္ဗာန် ပြုရပေလိမ့်မည်။ တန်ရာတန်ရာ အပင်၊ အပွင့်၊ အသီးတို့ကို စားလိုပါလျှင် တန်ရာတန်ရာမျိုးစေ့ကို စိုက်ပျိုး၍ တန်ရာတန်ရာ အချိန်ကာလအထိ စောင့်ရပေလိမ့်မည်။ ဤသည်မှာ မှန်ကန်သော ဓမ္မနည်းတည်း။ မမှန်ကန်သော အဓမ္မနည်းကို အသုံးပြုမည် ဆိုပါက ရှင်ဒေဝဒတ်၏ ဂိုဏ်းဝင်သာ ဖြစ်ပေလိမ့်မည်။ ပုပ်သိုးသော အသီးနှင့် အပွင့်ကိုသာ ရပေလိမ့်မည်။

ရှင်ဒေဝဒတ်တို့ စိတ်ရိုင်းဝင်ချိန်က မြတ်စွာဘုရားသခင် (၄) ပါးမြောက် အချိန် ဖြစ်၏။ ထိုစဉ်က မြတ်စွာဘုရားသည် ကောသမ္ဗီပြည် ဃောသိတာရုံ ကျောင်း၌ သီတင်းသုံးတော်မူသော အခါကာလ ဖြစ်၏။ ထိုအချိန်တွင် မြတ်စွာဘုရား သာသနာတော်၌ အဂ္ဂသာဝကများ၊ မဟာသာဝကများနှင့် ပကတိသာဝကများ စုံစုံလင်လင် ရှိကြလေပြီ။ သာသနာတော်သည် နေ၊ လအသွင် ထွန်းပ၍ များစွာသော ပူဇော်သက္ကာရတို့ဖြင့် ပြည့်၏။ ဒါယကာ၊ ဒါယိကာမ အပေါင်းတို့ကလည်း နေ့စဉ်ပင် မြတ်စွာဘုရားအထံသို့ လည်းကောင်း၊ အဂ္ဂသာဝက၊ မဟာသာဝကများ အထံသို့လည်းကောင်း၊ အရှင်ဒေဝဒတ်နှင့်အတူ ရဟန်းပြုဖက် ဖြစ်သော အရှင် ဘဒ္ဒိယ၊ အရှင် အာနန္ဒာ၊ အရှင် အနုရုဒ္ဓါ၊ အရှင် ကိမိလ၊ အရှင် ဘဂုတို့ အထံသို့လည်းကောင်း လာရောက်ကြ၍ လှူဖွယ်ပစ္စည်းဝတ္ထုတို့ဖြင့် လှူဒါန်းကြ၏။ ရှင်ဒေဝဒတ်ထံသို့ လာရောက်၍လှူဒါန်းသော ဒါယကာ၊ ဒါယိကာမဟူ၍ မရှိသလောက်ပင် ဖြစ်၏။

ထိုအခါ ရှင်ဒေဝဒတ်သည် ရှက်လာ၏။ သူသည် ပုထုဇဉ်ပီပီ သူ၏ စိတ်ကို မြတ်စွာဘုရား ဟောတော်မူသည့်အတိုင်း “သဗ္ဗသတ္တာ ကမ္မ သကာ” ဟူ၍ သဘောမထားနိုင်ဘဲ ခံပြင်းလာ၏၊ သူတစ်ပါးရသည်ကို မနာလိုသော “ဣဿာ” တရားပွားလာ၏။ သူတစ်ပါးထက် သာလို၏။ ရှင်ဒေဝဒတ် အလောင်းသည် သံသရာတစ်လျှောက်လုံး ဘုရားအလောင်းနှင့်အပြိုင် သူနိုင် ကိုယ်နိုင် “ဗိုလ်လုပွဲ” ဆင်နွှဲခဲ့သူ ဖြစ်လေရာ အဘယ်သို့လျှင် သူများ၏အောက် သို့ အကျရောက်ခံနိုင်မည်နည်း။

သက္ကာရော ကာပုရိသံ ဟန္တိ၊ ပူဇော်သက္ကာရဟူသည် ယုတ်ညံ့သော စိတ်ဓာတ်ရှိသူ၊ မခိုင်မာသူများအတွက် အဆိပ်သဖွယ် ဖြစ်၏။ ဘဝ၌ မကောင်းသော နိဂုံးကို ဖြစ်စေတတ်၏ ဟူ၍ မြတ်စွာဘုရားသခင်က ဟောတော်မူသော်လည်း ထိုဒေသနာကို ရှင်ဒေဝဒတ် မယုံကြည်၊ သူ့အဖို့ အရေးကြီးသည်ကား ပူဇော်သက္ကာရ ပေါများဖို့သာ လို၏။ မင်း၏ ဆရာဖြစ်ဖို့သာ လို၏။ မင်းဆရာ ဖြစ်သည်နှင့် တစ်ပြိုင်နက် အခြားအရာများကား အသေးအဖွဲများသာတည်း။

http://www.cherrythitsar.org



"ကျွဲကူး ရေပါ" ဟူသည်နှင့်အညီ သူ့ဟာသူ အလိုလို ဖြစ်လာမည် ဖြစ်၏။ သို့ဖြစ်လျှင် မင်းဆရာဖြစ်အောင် မည်သို့ပြုရမည်နည်း။ ရှင်ဒေဝဒတ်သည် စဉ်းစား၏။ အဖန်ဖန် စဉ်းစား၏။

မင်းဆရာ ဖြစ်ရန်အတွက် စဉ်းစားသောအခါ ဗိမ္ဗိသာရနှင့်လည်း ပေါင်း၍ မဖြစ်၊ ကောသလမင်းကြီးနှင့်လည်း ပေါင်း၍မဖြစ်၊ ထိုမင်းကြီးတို့ကား မြတ်စွာဘုရားကိုသာ ကြည်ညိုကြပြီး မိမိကိုမူ မည်သည့်နည်းနှင့်မျှ ကြည်ညိုကြလိမ့်မည် မဟုတ်။ ထို့ကြောင့် အကောင်းဆုံးနည်းကား ဗိမ္ဗိသာရမင်းကြီး၏ သား ငယ်ရွယ်သူ အဇာတသတ်မင်းသားကိုသာ စည်းရုံးရန် ရှိတော့သည်။ အဇာတသတ်သည် အိမ်ရှေ့ ဥပရာဇာ ဖြစ်၏၊ မိမိ၏ တန်ခိုးပြာဋိဟာဖြင့် စည်းရုံးလျှင် အလွယ်တကူ ရနိုင်၏၊ အိမ်ရှေ့မင်းသား ကြည်ညိုလာလျှင် သူ၏ ဘက်တော်သားများပါ ပါဝင်လာကြလိမ့်မည်။ ဤနည်းအားဖြင့်သာ မင်းဆရာဖြစ်လာရန် ရှိပေသည်။ မင်းဆရာဖြစ်လာလျှင် ပူဇော်သက္ကာရများ၊ အခြံအရံများ အကျော်အစောများ၊ ဂုဏ်သတင်းများ၊ ရဟန်း သံဃာတော်များနှင့်တကွ လူအပေါင်းတို့၏ အလေး အမြတ်ပြုမှုများကို ခံယူရပေလိမ့်မည်။ ဤနည်းအတိုင်း ဆောင်ရွက်ရန် ရှင်ဒေဝဒတ်သည် ဆုံးဖြတ်လိုက်၏။

ထိုအကြံအစည်အတိုင်း ဆောင်ရွက်ရန် ရှင်ဒေဝဒတ်သည် ကောသမ္ဗီ ပြည်မှ ရာဇဂြိုဟ်သို့ပြန်လာ၏။ ထိုနောက် ရှင်ဒေဝဒတ်သည် မိမိ၏ ဈာန် အဘိညာဉ် တန်ခိုးပြာဋိဟာဖြင့် အဇာတသတ်မင်းသားအား မိမိကို ကြည်ညို စေ၏။ အဇာတသတ် မင်းသားကလည်း ငယ်ရွယ်သူ ဖြစ်သည့်အလျောက် ဒေဝဒတ်၏ ဈာန်အဘိညာဉ်ကို အကြောင်းပြု၍ ဒေဝဒတ်၌ ကြည်ညိုပြီး နေ့စဉ် ဆွမ်းအုပ် (၅၀၀) ကို ပို့လေ၏။

ဒေဝဒတ်ကား ဤမျှနှင့် ကျေနပ်သူ မဟုတ်၊ ရှင်ဒေဝဒတ်သည် မြတ်စွာ ဘုရားကို အားကျကာ သူကိုယ်တိုင် မြတ်စွာဘုရားလည်း လုပ်လို၏။ မင်းဆရာ လည်း ဖြစ်လို၏။ သံဃာအပေါင်း ခြံရံကာ ဒေသစာရီလည်း လှည့်လို၏။ ထို့ကြောင့် ဓမ္မဘက်သို့ ဦးမတည်ဘဲ အဓမ္မဘက်သို့ ဦးတည်ကာ မိမိကိုယ်တိုင် ဘုရားဖြစ်မှု၊ သံဃာပရိသတ် ခြံရံမှု၊ မင်းဆရာဖြစ်မှု၊ အားလုံးတို့၏ လေးစားမှုကို မရမနေ ကြံစည်ခြင်း ဖြစ်၏။ ကြံစည်သည့်အတိုင်းလည်း တကယ် ကြိုးကြိုး ပမ်းပမ်း ရက်ရက်စက်စက် လုပ်၏။ အမှောင်နှင့် အလင်းတို့တွင် အမှောင်ဘက်သို့ တိုက်ရိုက် ဦးတည်၍လျှောက်သူ ဖြစ်၏။ အလင်းဘက်သို့ လုံးဝပြန်မကြည့်ဘဲ တန်းတန်းမတ်မတ် လျှောက်သူဖြစ်၏။ အလင်းဘက်ကို သံယောဇဉ်တင်းကာ ကျောပေး၍ လျှောက်သူဖြစ်၏။ ရှင်ဒေဝဒတ်သည် ဤဘဝ၌ အရိယာဖြစ်ရန်

http://www.cherrythitsar.org



ပါရမီ မပါသေးဦးသော ချာန်အတတ်ပညာဉ်ကိုသဖြင့် တိတ်ဟတ်ပုဂ္ဂိုလ်သော ဖြစ်ရိုးမှန်၏။ ပါရမီတတ်မပါသော တိတ်ဟတ်ပုဂ္ဂိုလ်များသည် သတိသမ္ပဇဉ် ဉာဏ်မယှဉ်ဘဲ မိုက်ကြပြီဆိုလျှင် မနိုင်းယှဉ်သာအောင် မိုက်ကြသော၊ ရက်စက်ကြသော၊ ကြမ်းကြုတ်ကြသော လူရမ်းကား အတ္တာဝါဒီသမားသက်သက်သာ ဖြစ်ကြောင်းကို ဒေဝဒတ်ဝတ္ထုအရ မမိုက်မသုန် ယုံကြည်အပ်ပါ၏။

*

သစ်ပင်တစ်ပင်ကို ကြည့်သောအခါ အမြစ်ပိုင်း၊ ပင်စည်ပိုင်း၊ အကိုင်း အခက်ပိုင်းဟူ၍ သုံးပိုင်းပါဝင်သကဲ့သို့ လူ့ဘဝတွင်လည်း ကိုယ်ကျင့်တရားပိုင်း၊ အသိပညာပိုင်းနှင့် အတတ်ပညာပိုင်း၊ ရာထူးဂုဏ်သိန် စည်းစိမ်ဥစ္စာပိုင်းဟူ၍ပင် အပိုင်းသုံးမျိုး ပါဝင်၏။ သစ်ပင်တွင် အမြစ်ပိုင်း ပျက်စီးသွားပါက ကျန်သော ပင်စည်ပိုင်းနှင့် အကိုင်းအခက်ပိုင်းတို့သည် ဘာမှ အသုံးမကျဘဲ ထင်းခြောက်ပမာသာ ဖြစ်၏။

ထို့နည်းတူပင် လူ့ဘဝတွင်လည်း ကိုယ်ကျင့်တရားပိုင်း ပျက်စီးသွားပါက ကျန်သော အသိပညာပိုင်းနှင့် အတတ်ပညာပိုင်း၊ ရာထူး ဂုဏ်သိန် စည်းစိမ်ဥစ္စာပိုင်းတို့သည် အလွန်ကြောက်စရာကောင်းသော လောက၏ အဆိပ်များသာ ဖြစ်၏။ "ဝဋ္ဋဝါမုခ" ခေါ် အလွန်ကြောက်စရာကောင်းသော ကမ္ဘာပျက်မီးနှင့် တူ၏။

အမှန်အားဖြင့် ဒေဝဒတ်သည် ကိုယ်ကျင့်တရားမဲ့သော ပညာရှင် လူမိုက် လူရမ်းကား သတ္တာဝါဒီသမား ဖြစ်၏။ ပါရမီမျိုးစေ့ကို စိုက်ပျိုးထားခြင်း မရှိသော သာမန်ပုထုဇဉ်များ အနေဖြင့်မူ သစ်ပင်၏ အကိုင်း အခက်ကို ပို၍ နှစ်သက်မြတ်နိုး၏။ ထို့နောက်မှ ပင်စည်ကို နှစ်သက်၏။ အမြစ်ကိုမူကား ရှိသည်ဟုပင် မထင်ကြ။ ဤသည်မှာ ပါရမီကို နားမလည် ကြသော ပုဂ္ဂိုလ်တို့၏ အမြင်ဖြစ်၏။ ထိုအမြင်ကြောင့်ပင် ရာထူးဂုဏ်သိန် စည်းစိမ်နှင့် ပြည့်စုံကြသော ပုဂ္ဂိုလ်တို့ကို ဤလောကသို့ ကိုယ်ကျင့်သိက္ခာ ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ လူအများစုက အလေးအမြတ် ပြုနေကြခြင်း ဖြစ်၏။ ထို့နောင်မှ အသိပညာရှင် အတတ်ပညာရှင်များကို နေရာပေး၏။ တကယ် ကိုယ်ကျင့်သိက္ခာနှင့် ပြည့်စုံသော၊ ပါရမီကို အလေးအမြတ်ထား၍ မိမိအကျိုးထက် သူတစ်ပါးအကျိုးကို ဆောင်ရွက် တတ်သော ပုဂ္ဂိုလ်မျိုးကိုမူ အသိအမှတ်ပြု၍ အဖက်လုပ်ပြီး စကားပင်ပြောလိုခြင်း မရှိကြ။

ဒေဝဒတ်သည် ဤအယူရှိသူ ဖြစ်၏။ ထို့ကြောင့် ရှင်ဒေဝဒတ်သည်

http://www.cherrythitsar.org



မြတ်စွာဘုရား၏ ပူဇော်သက္ကာရ ပေါများမှု၊ အခြံအရံပေါများမှု၊ မင်းပုဏ္ဏား သူဌေးသူကြွယ် စသော ဒါယကာများ ပေါများမှုတို့ကို အားကျပြီး သူကိုယ်တိုင် ဘုရားလုပ်လိုခြင်း ဖြစ်၏။ အဇာတသတ်မင်းသား၏ ကြည်ညိုမှုကို ရရှိလာသောအခါ သူသည် မိမိ၏ပရိသတ်ဖြင့် မိမိ တစ်စစ်ထောင်ရန် ကြံစည်၏။ ထိုသို့ ကြံစည်သည်နှင့် တစ်ပြိုင်နက် သူ၏ ဈာန်အဘိညာဉ်တို့သည် ကွယ်လေ၏။ သို့ရာတွင် သူသည် သူ၏ အကြံအစည်ကို ပေါ်ပေါ်ထင်ထင် မပြုသေး။ အနုနည်းဖြင့် မြတ်စွာဘုရား၏ ရဟန်းသံဃာပရိသတ်ကို မြတ်စွာဘုရားထံမှ အသာတကြည် တောင်းယူရန် ဆုံးဖြတ်၏။ အကယ်၍ မြတ်စွာဘုရားက ခွင့်ပြုလျှင် သူ၏ဆန္ဒသည် အလွယ်တကူ ချောချောမောမော ဖြစ်မည် ဖြစ်၏၊ ထိုသို့လျှင် သူသည် ဘုရားတစ်ဆူ ဖြစ်လေပြီ။ သူ မျှော်မှန်းထားသော မျှော်မှန်းချက်များ အားလုံး ပြည့်စုံမည် ဖြစ်၏။

ထိုအခါ မြတ်စွာဘုရားသည် ဝါတော် ၂၀ ရပြီး ဖြစ်၏။ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူသောအခါ ဖြစ်၏။ တစ်နေ့တွင် မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်ရှိ တရားဟောပလ္လင်၌ မင်းပရိသတ်အပေါင်းတို့အား တရားဟောတော်မူစဉ်–

'ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ယခုအခါ မြတ်စွာဘုရားသည် အိုမင်းရင့်ရော်သော အရွယ်သို့ ရောက်ပါပြီ။ ရဟန်းသံဃာတော်များနှင့် ပတ်သက်၍ ကြောင့်ကြမဲ့နေတော်မူပါ၊ မျက်မှောက်၌ စံစားအပ်သော ဖလသမာပတ်ချမ်းသာကို စံစားခြင်းဖြင့် နေတော်မူပါ၊ တပည့်တော်သည် ရဟန်းသံဃာအပေါင်းကို ဦးဆောင်ပါအံ့၊ ရဟန်းသံဃာအပေါင်းကို တပည့်တော်အား လွှဲအပ်တော်မူပါ'

ဟူ၍ ဒေဝဒတ်က ရိုသေစွာလျှောက်ထား၏။ ထိုအခါ မြတ်စွာဘုရားသည် မောင်းမဲတော်မူ၍ ဒေဝဒတ်၏ လျှောက်ထားချက်ကို ပယ်မြစ်တော်မူလိုက်၏။ ထိုအခါ မြတ်စွာဘုရားအပေါ်၌ ဒေဝဒတ်သည် ရှေးဦးစွာသော ရန်ငြိုးကို ဖွဲ့လေ၏။

ရှင်ဒေဝဒတ်သည် အနုနည်းဖြင့် အားထုတ်၍ မရမှန်းသိသောအခါ အကြမ်းနည်း အဓမ္မနည်းဖြင့် အားထုတ်ရန် ကြံစည်ပြန်၏။ မြတ်စွာဘုရားကို သတ်မှဖြစ်မည်။ မြတ်စွာဘုရားသေမှ ငါဘုရား ဖြစ်မည်။ မြတ်စွာဘုရားကို သတ်ရန် မင်း၏ အကူအညီလို၏။ ထို့ကြောင့် အဇာတသတ်မင်းသားကို မင်းဖြစ်အောင် ရှေးဦးစွာ ကြံစည်ရမည်။ သူ၏ခမည်းတော် ဗိမ္ဗိသာရကို သတ်ခိုင်းပြီး ထီးနန်းကိုရယူရန် အဇာတသတ်မင်းသားအား တိုက်တွန်းရမည်။ အဇာတသတ် ထီးနန်းရလျှင် သူ၏ အကူအညီဖြင့် မြတ်စွာဘုရားကို သတ်ရမည်။

http://www.cherrythitsar.org



သူ၏ အကြံအစည်အတိုင်း ဖြစ်မြောက်အောင် ရှင်ဒေဝဒတ်သည် အဇာတသတ်မင်းသားအား သူ၏ ဖခမည်းတော် ဗိမ္ဗိသာရမင်းကြီးကို အသတ်ခိုင်းပြီး ထီးနန်းကို ရယူစေ၏။ ထို့နောက် လေးသမားများကို လွှတ်၍ ဘုရားရှင်အား လုပ်ကြံသတ်ဖြတ်စေ၏။ မအောင်မြင်သောအခါ သူကိုယ်တိုင် ဂိဇ္ဈကုဋ်တောင်ပေါ်သို့ ကျောက်မောင်းဆင်၍ ကျောက်တုံးများကို လှိမ့်ချပြီး မြတ်စွာဘုရားကို သတ်ပြန်၏။ မအောင်မြင်သောအခါ နာဠာဂီရိဆင်ကို အရက်တိုက်၍ မြတ်စွာဘုရားသခင် ရာဇဂြိုဟ်မြို့တွင်း ဆွမ်းခံကြွစဉ် အနင်းခိုင်း၍ သတ်စေပြန်၏။ အမှန်အားဖြင့် မြတ်စွာဘုရားတို့ မည်သည် သူတစ်ပါး၏ လုံ့လပယောဂဖြင့် မည်သည့်အခါမျှ ပရိနိဗ္ဗာန်ပြုရိုး မရှိချေ။ ဤသဘောကို ဒေဝဒတ်သည် မသိ၊ “ငါလုပ်လျှင် ဘာမဆိုဖြစ်ရမည်” ဟူသော အတ္တစွဲပြင်းထန်သူ ဖြစ်၏။ ယခုတော့ သူကိုယ်တိုင် တွေ့လေပြီ။ လောကတွင် မိမိဖြစ်စေလိုတိုင်း မဖြစ်နိုင်သော အရာတွေ များစွာရှိပါတကား။

မြတ်စွာဘုရားထံမှ ရဟန်းသံဃာတော်များကို အုပ်ချုပ်ခွင့်ပြုရန် ရှင်ဒေဝဒတ်တောင်းခဉ်က မြတ်စွာဘုရားသည် ရှင်ဒေဝဒတ်အား နှစ်ကြိမ်တိုင်တိုင် “မသင့်ကြောင်း” ပြောဆို ဆုံးမ၏။ သုံးကြိမ်မြောက် တောင်းရာမှ –

‘ဒေဝဒတ် – ငါဘုရားသည် သာရိပုတ္တရာနှင့် မောဂ္ဂလ္လာန်တို့အား သော်မှလည်း ရဟန်းသံဃာကို လွှဲအပ်မည် မဟုတ်၊ တံတွေးနှင့်တူသော ပစ္စည်းများကို သုံးစွဲသော ယုတ်မာသော သင့်အား အဘယ်သို့လျှင် လွှဲအပ် နိုင်ပါမည်နည်း’

ဟူ၍ မိန့်တော်မူရာ ဒေဝဒတ်သည် များစွာရှက်၏။ မြတ်စွာဘုရားသည် သာရိပုတ္တရာနှင့် မောဂ္ဂလ္လာန်တို့ကိုသာ ချီးမြှောက်၏။ ငါ့ကိုမူ မချီးမြှောက်၊ မင်းပရိသတ်အလယ်၌ ငါ့ကို အရှက်ခွဲ၏ ဟူ၍ များစွာနာကြည်း၏။ သို့ရာတွင် မြတ်စွာဘုရားကို အရိုအသေပြုကာ ရှိခိုး၍ ပရိသတ်ထံမှ ထွက်ခွာသွားလေ၏။

မြတ်စွာဘုရားကလည်း ရဟန်းသံဃာတော်တို့အား ရာဇဂြိုဟ်ပြည်တွင်း၌ ရှင်ဒေဝဒတ်နှင့် ပတ်သက်၍ “ပကာသနီယကံ” ပြုစေ၏။ ရှင်သာရိပုတ္တရာအား လည်း ရှင်ဒေဝဒတ်နှင့် ပတ်သက်၍ ထပ်ဆင့် ရှင်းလင်းပြောကြားရန် သံဃာတော်များက “သမ္မုတိ” ပေးလိုက်၏။ ပကာသနီယကံ ဟူသည်မှာ ရှင်ဒေဝဒတ်သည် ရှေးအခါက သာသနာတော်နှင့် ပတ်သက်၏။ ယခုအခါ ရှင်ဒေဝဒတ်သည် သာသနာတော်နှင့် မပတ်သက်ဟူ၍ ဖြစ်၏။ ယခုကာလ အမွေပြတ်ကြော်ငြာသော သဘောမျိုး ဖြစ်၏။

ယခုအခါ မြတ်စွာဘုရားသည် ငါ့ကို ပယ်စွန့်လေပြီ၊ ငါကလည်း မြတ်စွာဘုရားကို လက်စားချေရမည်ဟူသော သဘောဖြင့် ရှင်ဒေဝဒတ်သည် မြတ်စွာ

http://www.cherrythitsar.org



ဘုရားကို သတ်ရန် အကြိမ်ကြိမ်ကြိုးပမ်းခြင်း ဖြစ်၏။ မြတ်စွာဘုရား၏ ခြေတော်၌ သွေးစိမ်းကို တည်စေခဲ့ပြီ။ အစပထမ၌ ဒေဝဒတ်၏ ယုတ်မာရက်စက်မှုများသည် မပေါ်ပေါက်သေး၊ လေးသမားများအား မြတ်စွာဘုရားကို သတ်နိုင်ခြင်းသည်လည်း ရှင်ဒေဝဒတ်၏ လက်ချက်မှန်း မသိ၊ ဂိဇ္ဈကုဋ်တောင်ပေါ်မှ ကျောက်တုံးလှိမ့်ချ၍ မြတ်စွာဘုရားကို သတ်ရန် ကြံစည်ခြင်းသည်လည်း ဒေဝဒတ်၏ လက်ချက်မှန်းမသိ၊ နာဠာဂီရိဆင်ကို အရက် ၁၆ အိုးတိုက်၍ မြတ်စွာဘုရားရှင်ကို သတ်ရန် အားထုတ်ကာမှ ရှင်ဒေဝဒတ်၏ လက်ချက်မှန်း သိလာ၏။ ထိုအခါ တိုင်းသူပြည်သားတို့သည် အုတ်အုတ်ကျက်ကျက် ပြုလာ၏။ အဇာတသတ်မင်းအပေါ် မကျေမနပ် ဖြစ်လာ၏။ ထိုအခါမှ စ၍ ရှင်ဒေဝဒတ်သည် အဇာတသတ်မင်း၏ အလှူဇော်ကို မခံရတော့၊ သို့ရာတွင် အဇာတသတ်မင်း ကြည်ညိုစဉ်က "ဂယာသီသ" ၌ ဒေဝဒတ်အား ဆောက်လုပ်လှူဒါန်းထားသော ကျောင်းတိုက်ကြီး ရှိသေး၏။ ထို ကျောင်းတိုက်သည်သာ ရှင်ဒေဝဒတ်၏ နောက်ဆုံးအားကိုးရာ ဖြစ်တော့၏။

ရှင်ဒေဝဒတ်အတွက် အားကိုးရာသည် မရှိတော့ပြီ။ ရာဇဂြိုဟ်၌လည်း နေ၍ မဖြစ်တော့၊ ကောသမ္ဗီ၌လည်း နေ၍မဖြစ်တော့၊ ရှင်ဒေဝဒတ်ကား ဉာဏ်နီဉာဏ်နက်များသူ ဖြစ်၏။ အကြံအဖန် ရှိသူဖြစ်၏။ ထို့ကြောင့် သူသည် နောက်ဆုံးအနေဖြင့် အကြံတစ်ခုကို ကြံမိ၏။ ထိုအကြံကား လှုကြိုက်များသော အကြံဖြစ်၏။

လောကဓမ္မတာအရ ဤလောကတွင် ရုပ်ကို အကြောင်းပြု၍ ကြည်ညိုသူ သုံးပုံတွင် နှစ်ပုံ ရှိ၏။ ကျော်စောသံကို အကြောင်းပြု၍ ကြည်ညိုသူ ငါးပုံလျှင် လေးပုံရှိ၏။ ခေါင်းပါးသော အကျင့်ကို အကြောင်းပြု၍ ကြည်ညိုသူ ဆယ်ပုံလျှင် ကိုးပုံရှိ၏။ မှန်ကန်သော ဓမ္မကို အကြောင်းပြု၍ ကြည်ညိုသူ တစ်သိန်းပုံလျှင် တစ်ပုံသာ ရှိ၏။ ဤသို့ ပညာရှိများ သတ်မှတ်ချက်ရှိ၏။

ဤ သတ်မှတ်ချက်ကို အကြောင်းပြု၍ "ခေါင်းပါးသောအကျင့်" ဖြင့် ဆွဲဆောင်ရလျှင် ရဟန်းသံဃာအပေါင်းသည် ငါ့ထက်သို့ ပါလာနိုင်ရာ၏။ ဤသို့ ဒေဝဒတ်သည် ဉာဏ်ထုတ်၏။

ဤဉာဏ်ဖြင့် မိမိ၏ အကြံအစည်ကို အကောင်အထည်ဖော်ခြင်းငှာ ရှင်ဒေဝဒတ်သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် ဗုဒ္ဓသာသနာတော်၌ ထက်သန်သော သဒ္ဓါတရားဖြင့် ရဟန်းပြုကြသော ပုဂ္ဂိုလ်များ လိုက်နာကျင့်ကြံရေးနှင့် ပတ်သက်၍ အောက်ပါအတိုင်း ဆု ၅ ပါးကို ပေးတော်မူပါရန် လျှောက်ထားလေ၏။

http://www.cherrythitsar.org



(၁) ရဟန်းအားလုံးတို့သည် အသက်ထက်ဆုံး တောကျောင်း၌သာ နေကြရန်၊

(၂) ရဟန်းအားလုံးတို့သည် ပင့်ဖိတ်သောဆွမ်းကို လက်မခံဘဲ ဆွမ်းခံ၍သာ ဘုဉ်းပေးကြရန်၊

(၃) အသက်ထက်ဆုံး ပံ့သကူ သင်္ကန်းကိုသာ သုံးဆောင်ကြရန်၊

(၄) သစ်ပင်ရင်းတည်းဟူသော ကျောင်း၌သာ သီတင်းသုံးကြရန်၊

(၅) အမဲ၊ သား၊ ငါးတို့ကို မသုံးဆောင်ဘဲ သက်သတ်လွတ်ကိုသာ ဘုဉ်းပေးကြရန်၊

မြတ်စွာဘုရားသည် "လူကြားကောင်းရုံမျှ" သာဖြစ်ပြီး တကယ်တမ်းအားဖြင့် လောက၏ အစီးအပွားအတွက် သံသရာမှ လွတ်မြောက်ခြင်းငှာ အကျိုးမပြုနိုင်သော ဒေဝဒတ်၏ တောင်းဆိုချက်များကို ခွင့်မပြုချေ။ မြတ်စွာဘုရားက ထိုသို့ ခွင့်မပြုခြင်းကြောင့် ရှင်ဒေဝဒတ်သည် ဝမ်းမနည်း။ မြတ်စွာဘုရားအပေါ် သူကျူးလွန်ခဲ့သော ပြစ်မှုများကြောင့် သူသည် မြတ်စွာဘုရားနှင့် လမ်းခွဲမှ ဖြစ်တော့မည်။ သူသည် တစ်ဂိုဏ်း တစ်စင်ထောင်၍ သူကိုယ်တိုင်က ဘုရားလုပ်ပြီး သူပိုင် သံဃာပရိသတ်ကိုမွေးမှ ဖြစ်တော့မည်။ သံဃာပရိသတ်ကို မွေးရာ၌ သံသရာဝဋ် ဆင်းရဲမှ လွတ်မြောက်ရန် ကျင့်ကြံလိုကြသော ပုဂ္ဂိုလ်များအတွက် သူတင်ပြသော လမ်းစဉ်သည် လောကဓမ္မတာအရ "အကောင်းပါးဆုံးသော လမ်းစဉ်" ဖြစ်သဖြင့် ပရိသတ်အားလုံးက ထောက်ခံမည်ဟု သူ ယုံကြည်၏။ ထို့ကြောင့် သူသည် ရာဇဂြိုဟ်ပြည်တွင်းသို့ လှည့်လည်၍ သူ၏ "ကောင်းပါးသော ကျင့်စဉ်" ကို တစ်အိမ်တက်ဆင်း ကြေညာ၏။

ထိုစဉ် ရာဇဂြိုဟ်ပြည်တွင်းသို့ ဆွမ်းခံကြွလာသော ရှင်အာနန္ဒာနှင့် တွေ့လေရာ ရှင်ဒေဝဒတ်က –

'ငါ့ရှင် အာနန္ဒာ၊ ယနေ့မှစ၍ ငါသည် မြတ်စွာဘုရားနှင့် လည်းကောင်း၊ မြတ်စွာဘုရား၏ တပည့်သံဃာများနှင့် လည်းကောင်း လမ်းခွဲ၍ သံဃာ့ကံကို ဖြစ်စေ၊ ဥပုသ်ကံကို ဖြစ်စေ သီးခြားပြုတော့အံ့'

ဟူ၍ ဆိုလေ၏။ ရှင်အာနန္ဒာသည် ဝေဠုဝန်ကျောင်းတော်သို့ ပြန်ရောက်သောအခါ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ထား၏။ မြတ်စွာဘုရားသည် ရှင်ဒေဝဒတ်ကို ခေါ်တော်မူ၍ –

'ချစ်သား ဒေဝဒတ် – သင်သည် သံဃာကို ဂိုဏ်းခွဲ၍ တည်ထောင်ရန် အားထုတ်နေသည်ဟု ဆိုသည်မှာ မှန်ပါသလား' ဟူ၍ မေးတော်မူရာ

http://www.cherrythitsar.org



'မှန်ကြောင်း' ရှင်ဒေဝဒတ်က ပြန်လည် လျှောက်ထား၏။ ရှင်ဒေဝဒတ်သည် သံဃာကို အစိတ်စိတ်ကွဲအောင် လုပ်သော ဤ "သံဃဘေဒက" ကံကြောင့် မဟာအဝီစိငရဲ၌ ကျရောက်ခံစားရမည်ဟု ဓမ္မသံဝေဂ များစွာ ဖြစ်တော်မူ၏။

ရှင်ဒေဝဒတ်သည် ဥပုသ်နေ့ တစ်နေ့၌ မိမိ၏ ပရိသတ်နှင့် အတူတကွ တင့်အပ်လျောက်ပတ်သော နေရာ၌ ထိုင်နေပြီးလျှင် မိမိ၏ "ခေါင်းပါးသော အကျင့်" ၌ သက်ဝင်ယုံကြည်ကြကုန်သော သူတို့သည် ဤသံဃာ့ပရိသတ်၌ ရှိပါက မိမိကို ထောက်ခံရန် ဆန္ဒမဲပေးစေလိုကြောင်း ကြေညာ၏။ ထိုအခါ ဝဇ္ဇီတိုင်းသား ရဟန်းငါးရာတို့သည် ရှင်ဒေဝဒတ်၏ "ခေါင်းပါးသော အကျင့်" ၌ သက်ဝင်ယုံကြည်ကြပါကြောင်း ဆန္ဒမဲပေးကြ၏။

မြတ်စွာဘုရားထံ၌ ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလ္လာန်၊ ရှင်မဟာကဿပ ဟူသော တပည့်ကြီးများ ရှိသကဲ့သို့ ရှင်ဒေဝဒတ်ထံ၌လည်း ရှင်ကောကာလိက၊ ရှင်ကဋမောဒကတိဿက၊ ရှင်သမုဒ္ဒဒတ္တဟူသော တပည့်ကြီးများ ရှိ၏။ ရှင်ဒေဝဒတ်သည် ထိုတပည့်ကြီးများနှင့်တကွ ဝဇ္ဇီတိုင်းသား ရဟန်းငါးရာ ခြံရံလျက် ရာဇဂြိုဟ်မှ ဂယာသီသသို့ သွားလေ၏။

ဂယာသီသ ကျောင်းတိုက်၌ ရှင်ဒေဝဒတ်သည် မြတ်စွာဘုရား တရားဟောတော်မူသကဲ့သို့ သူ၏ ပရိသတ်များအား တရားဟောတော် မူ၏။ သူလည်း ဘုရားတစ်ဆူပင် ဖြစ်လေရာ၊ မြတ်စွာဘုရား ဆောင်ရွက်တော်မူသည့် နည်းများ အတိုင်းပင် ဆောင်ရွက်တော်မူ၏။ သူ၏ ကြေညာချက်အရ သူသည် "ခေါင်းပါး သော အကျင့်" ၌ သက်ဝင် ယုံကြည်သူဖြစ်၍ သူ၏တပည့်များ ယုံကြည်လာအောင် ကြိုးစား၍ ကျင့်ရမည်ဖြစ်၏။ သို့မှသာ သူ၏တပည့်များက သူ့ကို ခေါင်းဆောင် အဖြစ်၊ ဘုရားအဖြစ် လက်ခံယုံကြည်ကြပေလိမ့်မည်။

ဝဇ္ဇီတိုင်းသား ရဟန်းငယ်များ ငါးရာတို့သည် ရှင်ဒေဝဒတ်နောက် လိုက်ပါသွားကြောင်း မြတ်စွာဘုရား ကြားသိတော်မူသောအခါ မြတ်စွာဘုရားက ရှင်သာရိပုတ္တရာနှင့် ရှင်မဟာမောဂ္ဂလ္လာန်တို့အား ထိုရဟန်း ငါးရာတို့အား ပြန်လည် ခေါ်ဆောင်လာကြရန် မိန့်ကြားတော်မူ၏။ မြတ်စွာဘုရား အမိန့်တော်အတိုင်း ရှင်သာရိပုတ္တရာနှင့် ရှင်မဟာမောဂ္ဂလ္လာန်တို့သည် ရှင်ဒေဝဒတ်ရှိရာ ဂယာသီသသို့ သွားရောက်ကြ၏။ ထိုအချိန်၌ ရှင်ဒေဝဒတ်သည် သူ၏ပရိသတ်အား တရား ဟောဆဲဖြစ်၏။ ရှင်မောဂ္ဂလ္လာန်နှင့် ရှင်သာရိပုတ္တရာတို့ ကြွတော်မူလာသည်ကို ရှင်ဒေဝဒတ် မြင်သောအခါ မြတ်စွာဘုရား၏ အဂ္ဂသာဝကနှစ်ပါးသည် မိမိ၏ ခေါင်းပါးသောအကျင့်၌ သက်ဝင်ယုံကြည်သဖြင့် ကြွလာတော်မူခြင်း ဖြစ်သည်ဟု ထင်မှတ်၍ များစွာဝမ်းသာ၏။

ရာပြည့်စာအုပ်တိုက်

http://www.cherrythitsar.org



သို့ရာတွင် ကောကာလိက က 'ရှင်သာရိပုတ္တရာနှင့် ရှင်မဟာ မောဂ္ဂလ္လာန်တို့ကို အရောမဝင်ရန် ရှင်ဒေဝဒတ်အား သတိပေး၏။ သို့ ရာတွင် ရှင်ဒေဝဒတ်သည် ကောကာလိက၏ စကားကို မယုံကြည်ဘဲ ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလ္လာန်တို့အား သူ၏ကိုယ်စား တရားဟောခိုင်း၏။ ထိုအခါ ရှင်သာရိပုတ္တရာနှင့် ရှင်မဟာမောဂ္ဂလ္လာန်တို့ တရားဟောကြားတော်မူရာ ဝဇ္ဇီတိုင်းသား ရဟန်းငယ်များသည် ထိုတရားပွဲ၌ပင် သောတာပန် ဖြစ်သွား၏။ ထို့နောက် ဆရာဖြစ်တော်မူသော ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလ္လာန်တို့နှင့်အတူ ဈာန်အဘိညာဉ်ဖြင့် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်သို့ ပြန်ကြွသွားကြလေ၏။

ရှင်ဒေဝဒတ်ကား အိပ်မောကျတုန်းပင် ဖြစ်၏။ ထိုအခါ ရှင်ကောကာလိကသည် များစွာ စိတ်ဆိုး၏။ အစကတည်းက ရှင်သာရိပုတ္တရာနှင့် ရှင်မဟာမောဂ္ဂလ္လာန်တို့အား အရောမဝင်ရန် ရှင်ဒေဝဒတ်အား သတိပေးပါလျက် သူ၏ သတိပေးချက်ကို မနာယူသဖြင့် ယခု ရဟန်းငါးရာတို့သည် ရှင်သာရိပုတ္တရာနှင့် ရှင်မဟာမောဂ္ဂလ္လာန်တို့နောက် ပါသွားကြလေပြီ၊ ယခုတော့ ဘာတတ်နိုင်တော့မည်နည်း။

ရှင်ကောကာလိကသည် အိပ်ပျော်နေသော ရှင်ဒေဝဒတ်၏ ရင်ဝကို ဖနောင့်နှင့်ပေါက်၍ နှိုး၏။ ထိုအခါမှ ရှင်ဒေဝဒတ်သည် နိုးလေ၏။ ထိုဒဏ်ကြောင့် ရှင်ဒေဝဒတ်သည် သွေးပွက်ပွက်အန်လေ၏၊ ဒေဝဒတ်သည် ၉ လ တိုင်တိုင် ဂယာသီသကျောင်းတိုက်၌ ဒေဝဒနာကို ခံစားလျက်ရှိရာ နောက်ဆုံး၌ ဘုရားသခင်ကို ဖူးမြင်လိုသောဆန္ဒ အပြင်းအထန် ဖြစ်လာ၏။ နောက်ဆုံးအကြိမ်အဖြစ် ဝန်ချကန်တော့လို၏။ သူ နောင်တရလေပြီ။

သို့ရာတွင် သူ၏နောင်တသည် များစွာ နောက်ကျသွားလေပြီ။ သူသည် မြတ်စွာဘုရားအား သွေးစိမ်းရှင်ရှင် ထွက်အောင်လည်း လုပ်ခဲ့၏။ သံဃာများကိုလည်း ကွဲအောင် ခွဲခဲ့၏။ ဤကံကြီးများကား အလွန် အပြစ်ကြီးသော ကံကြီးများ ဖြစ်၏။ သာမန်ကံမျိုး မဟုတ်။ ဤကံမျိုး ကျူးလွန်သူများသည် အဝီစိငရဲ၌ ကေန် ကျလိုက်သူများ ဖြစ်ကြ၏။

ရှင်ဒေဝဒတ်ကား အဝီစိငရဲ၌ ကျမည်သာ ဖြစ်၏။ မြတ်စွာဘုရားကို ဘယ်နည်းနှင့်မျှ ဖူးမြော်ခွင့် ရလိမ့်မည် မဟုတ်။ သို့ရာတွင် သူသည် နောက်ဆုံးအနေဖြင့် သူ၏နောင်တော် ဖြစ်တော်မူသော မြတ်စွာဘုရားကို ဖူးမြင်ချင်လှ၏။ ထို့ကြောင့် သူ၏တပည့်များအား သူ့ကို သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်ရှိ မြတ်စွာဘုရားထံသို့ ပို့ဆောင်ပေးကြပါရန် အတန်တန်တောင်းပန်၏။

ရှင်ဒေဝဒတ်၏ အတန်တန်တောင်းပန်ချက်အရ နောက်ဆုံး၌ သူ၏

http://www.cherrythitsar.org



တပည့်များသည် ဒေဝဒတ်ကို ညောင်စောင်းပေါ်တင်၍ သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်ရှိ မြတ်စွာဘုရားထံသို့ သယ်ဆောင်လာကြ၏။ ဇေတဝန်ကျောင်း တော်တွင်းရှိ ရေကန်သို့ ရောက်သောအခါ ဒေဝဒတ်၏ တပည့်များသည် ညောင် စောင်းကို ဆွဲချ၍ ရေဆင်းချိုးကြ၏။

ရှင်ဒေဝဒတ်လည်း ညောင်စောင်းမှ သူ၏ ခြေနှစ်ဖက်ကို မြေပေါ်သို့ ချ၍ ထိုင်လိုက်၏။ ထိုအခါ သူ၏ ခြေနှစ်ဖက်တို့သည် မြေကြီးထဲသို့ ဝင်သွား၏။ ဒေဝဒတ်သည် အလန့်တကြားထ၏။ သို့ရာတွင် ထ၍မရတော့၊ အော်ဟစ် ရုန်းကန်ရင်းပင် ခြေမျက်စိ၊ ခြေသလုံး၊ ပေါင်၊ ခါး၊ ရင်သို့တိုင်အောင် မြုပ်၍ မြုပ်၍ သွား၏။ နောက်ဆုံး မေးရိုးသို့ ရောက်သောအခါ –

ဣမေဟိ အဋ္ဌီဟိ တမဂ္ဂပုဂ္ဂလံ၊
ဒေဝါတိ ဒေဝံ နရဒမ္မ သာရထိံ။
သမန္တ စက္ခုံ သတပုည လက္ခဏံ၊
ပါဏေဟိ ဗုဒ္ဓံ သရဏံ ဂတောသ္မိ။ *

အဂ္ဂပုဂ္ဂလံ၊ ကမ္ဘာအလုံးတွင် အသာဆုံးပုဂ္ဂိုလ်လည်း ဖြစ်တော်မူပေ ထသော။ ဒေဝါတိဒေဝံ၊ နတ်အပေါင်းတို့၏ ဦးခေါင်းညွတ်လျှိုး ခိုကိုးရာအစစ် နတ်မင်းလင်း ဖြစ်တော်မူပေထသော။ နရဒမ္မသာရထိံ၊ ဆုံးမရန်ကြို မျှားဗိုလ်ပုံကို စုလင်စွာ သင်ဆေးလျက် ယဉ်ကျေးအောင် ဆုံးမတော်မူပေထသော။ သမန္တ စက္ခုံ၊ ကြွင်းမဲ့ဥဿုံ အလုံးစုံကို အကုန်သိမြင် သဗ္ဗညုဉာဏ်ရှင်လည်း ဖြစ်တော်မူပေ ထသော။ သတပုညလက္ခဏံ၊ ရာပေါင်းများစွာ ဘုန်းသမ္ဘာကြောင့် ကောင်းစွာ မြင့်ကြွယ် တင့်တယ်သော လက္ခဏာတော်လည်း ရှိပေထသော။ တံ ဗုဒ္ဓံ၊ တု၍မနိုင် ပြိုင်၍မရ ကမ္ဘာ့ထိပ်ခေါင် ထိုနောင်တော် မြတ်ဘုရားကို။ ဣမေဟိ အဋ္ဌီဟိ၊ အသားတွေပျောက် အရေခြောက်သဖြင့် မျက်မှောက်ထင်စွာ ဤလုံးရာသော အရိုးတို့ဖြင့် လည်းကောင်း။ ဣမေဟိ ပါဏေဟိ၊ မငြိမ်လှုပ်လှုက် ချုပ်ပျက်ခါနီး ဖြစ်သော ဤအသက်တို့ဖြင့် လည်းကောင်း။ သရဏံ၊ ဦးတင်ကျိုန ဖူးချင်လှလည်း

---

* ရှင်ဒေဝဒတ်သည် ဘဝပေါင်းများစွာ ဘုရားအလောင်းတော်နှင့် တွေ့ဆုံသော [illegible] အနှောင့်အယှက် ပေးခဲ့သောကြောင့် ဘုရားဖြစ်တော်မူသော အခါ၌ပင် အသက်သေကြောင်း၊ ကြံစည်အထိ အကုသိုလ်ကြီးကို ကြီးမားစွာ ပြုခဲ့သူ ဖြစ်ပါသည်။ သို့သော် နောက်ဆုံး သေခါနီးအခါ အချိန်ကလေးအတွင်း ဗုဒ္ဓရှင်တော်မြတ်အား အသက်နှင့်လှူ၍ ဆည်းကပ်ခဲ့သဖြင့် တစ်ချိန်တွင် ပစ္စေကဗုဒ္ဓါ အဖြစ်ဖြင့် နိဗ္ဗာန်သို့ ရောက်ရှိပါဦးမည်။ ထို့ကြောင့် ပုထုဇဉ်မှန်သမျှ [illegible] အကုသိုလ်ကြီးများကို ကျူးလွန်ခဲ့သူဖြစ်စေ သေတော့မည့် ရသည့်အချိန်တွင် ဘုရား၊ တရား၊ သံဃာ၌ အကြွင်းမဲ့ နှစ်လျှော်ကြည်ညို ဆည်းကပ်နိုင်ရန် ရည်ရွယ် ကြိုးစား သင့်ကြပါသည်။

http://www.cherrythitsar.org



မရတော့ပါ ကိုးကွယ်ရာဟူ၍ သာလျှင်။ ဂဇေတာသို့ အပြစ်ရှိသမျှ သတိရသဖြင့် အသမ ၀န္ဒ၊ အကုန်စိ၍ အတာန်တန် ဆည်းကပ် ပါသည် ဘုရား၊

'နတ်တကာတို့ထက် မြတ်တော်မူထသော၊ လူ–နတ်–ဗြဟ္မာ–သတ္တဝါ အပေါင်းကို ယဉ်ကျေးအောင် ဆုံးမတော်မူတတ်သော၊ သဗ္ဗညုတ ဉာဏ်တော်နှင့် ပြည့်စုံတော်မူသော၊ အရာမကသော ကုသိုလ်တော်တို့ကြောင့် ဘုန်းလက္ခဏာနှင့် ပြည့်စုံတော်မူထသော၊ လောကတွင် အမြတ်ဆုံး ဖြစ်တော်မူထသော ထိုမြတ်စွာဘုရားကို အကျွန်ုပ်သည် ဤအရိုးတို့ဖြင့်လည်းကောင်း၊ ဤကျန်ရှိနေသေးသော အသက်တို့ဖြင့်လည်းကောင်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏'

ဟူ၍ သရဏဂုံ ယူပြီးလျှင် မဟာသမုဒ္ဒရာ၏ ကျရောက်သွားတော့၏။

ရှင်ဒေဝဒတ် မြေမျိုသွားပြီးဟူ၍ လူအပေါင်းတို့ ကြားသည်နှင့် တစ်ပြိုင်နက် ကြားကြားသမျှသော လူအပေါင်းတို့သည် ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြ၏။ တံခွန်လုံး၊ တံခွန်ပြား၊ ငှက်မျှာပင်၊ ရေပြည့်အိုးတို့ကိုတည်ကာ ပွဲလမ်းသဘင် ခံကြ၏။

ရဟန်းအပေါင်းတို့က မြတ်စွာဘုရားအား ထိုအကြောင်းကို လျှောက်ထား ကြလေရာတွင် ယခုအခါကလည်း လူအားလုံးတို့က မုန်း၍နေသော ဇာရာဏသီ ပြည်ရှင် ဘုရင်ပိင်္ဂလ ကွယ်လွန်စဉ်ကလည်း ဤကဲ့သို့ပင် ကြားကြားသမျှ တိုင်းသူပြည်သား လူအပေါင်းတို့ ပျော်ရွှင်ဖူး ကြပြီဟူ၍ ဒုကနိပါတ်၊ ဥပါဟနဝဂ် မဟာပိင်္ဂလဇာတ်ကို ဟောတော်မူ၏။ ထို့နောက် ရှင်ဒေဝဒတ်နှင့် ပတ်သက်၍ မြတ်စွာဘုရားသခင်က –

– **မကောင်းမှုကို ပြုလေ့ရှိသူသည် ပစ္စုပ္ပန်ဘဝ၌လည်း ပူပန်ရ၏။**

– **တမလွန်ဘဝ၌လည်း ပူပန်ရ၏။**

– **ပစ္စုပ္ပန်၊ တမလွန် နှစ်ဘဝလုံး၌ ပူပန်ရ၏။**

– **ငါသည် မကောင်းမှုကို ပြုမိပြီဟု သိသည်နှင့် တစ်ပြိုင်နက် ပူပန်ရ၏။**

– **တမလွန်ဖြစ်ရာ အပါယ်တို့၌ကား ထို့ထက်ပို၍ ပူပန်ရ၏။**

ဟု ဟောတော်မူလေရာ တရားနာပရိသတ်တို့သည် ဒေသနာ၏ အဆုံး၌ သောတာပန် ဖြစ်ကြသူများလည်း ရှိ၏၊ ကံ–ကံ၏ အကျိုး၌ သက်ဝင်စွာ ယုံကြည် ကြသူများလည်း ရှိ၏။ ဤဒေသနာသည် တရားနာပရိသတ်အတွက် များစွာ အကျိုးရှိသော ဒေသနာ ဖြစ်၏။

ဤလောက၌ လူဟူသမျှသည် တစ်ဦးချင်း တစ်ယောက်ချင်း နေ၍ ရသည်မဟုတ်။ အစုနှင့် အပေါင်းနှင့် နေမှရ၏။ အစုနှင့် အပေါင်းနှင့် နေမှ ရသည်ဆိုလျှင်ပင် လူတစ်ဦးချင်း တစ်ဦးချင်း၏ အကြား၌ အချင်းချင်း

http://www.cherrythitsar.org



ဆက်ဆံရေးသည် မလွဲမသွေ ပေါ်ပေါက်လာရ၏။ ဇနီးသည်နှင့် ခင်ပွန်း၊ အလုပ်ရှင်နှင့် အလုပ်သမား၊ ကျောင်းဆရာနှင့် ကျောင်းသား၊ မိဘနှင့် သားသမီး၊ ဆရာနှင့် တပည့်၊ အုပ်ချုပ်သူနှင့် အုပ်ချုပ်ခံရသူ၊ မင်းနှင့် တိုင်းသူပြည်သား၊ ဆရာနှင့် ဒါယကာ။ ဤသို့ စသည်အားဖြင့် အချင်းချင်း ဆက်ဆံကြရာ၌ ငြိမ်းချမ်းပြေပြစ်စွာ ဆက်ဆံနိုင်ကြစေရန် သတ်မှတ်ထားသော သတ်မှတ်ချက်များ ရှိကြ၏။

ထိုသတ်မှတ်ချက်များ ဟူသည် ပြည်သူ့တရားဥပဒေများ၊ လူမျိုးစုအလိုက် လိုက်နာကျင့်သုံးနေကြသော ဓလေ့ထုံးစံများ၊ လူ့လောကရှိ လူတန်းစားအလိုက် လိုက်နာကျင့်သုံးရန် ပြဋ္ဌာန်းထားသော ဘာသာရေးဆိုင်ရာ ကျင့်ဝတ်များ စသည် တို့သည် သမ္မုတိသစ္စာ သဘောရှိ၏။ ဤသမ္မုတိသစ္စာတို့သည် အသွင်သဏ္ဍာန် သဘောကိုသာ ဆောင်၏။ တကယ့်အနှစ်သာရ သဘောကို မဆောင်ကြချေ။ ထို့ကြောင့် ထိုသမ္မုတိ သစ္စာအတိုင်း လိုက်နာကျင့်သုံးရုံမျှနှင့်တော့ တကယ်တမ်း လူကောင်းလူတော် ဖြစ်မလာနိုင်သေးချေ။

သမ္မုတိသစ္စာ ဆိုတာတည်းက အပြင်ပန်းသဘောသာ ဖြစ်၏။ ယင်း အပြင်ပန်း၏ အတွင်း၌ အနှစ်သာရ ရှိသေး၏။ အနှစ်သာရဟူသည် ပုဂ္ဂိုလ် တစ်ဦးချင်းစီ၏ စိတ်နေစိတ်ထား ဖြစ်၏။ ပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ စိတ်နေ စိတ်ထားကိုလိုက်၍ မြင့်မြတ်သူ ယုတ်ညံ့သူဟူ၍ ပုဂ္ဂိုလ်အမျိုးအစား ကွဲပြား သွား၏၊ ဤသို့သော ကွဲပြားသွားခြင်းသည်သာ တကယ်မှန်ကန်သော ကွဲပြား သွားခြင်းမျိုး ဖြစ်၏။ ရာထူးဂုဏ်သိန် စည်းစိမ်ဥစ္စာတို့ကို လိုက်၍ ကွဲပြားသွား ခြင်းမျိုးကား တကယ်မှန်ကန်သော ကွဲပြားသွားခြင်းမျိုး မဟုတ်၊ သစ္စာအနေဖြင့် ပြောရလျှင် ရာထူးဂုဏ်သိန် စည်းစိမ်ဥစ္စာတို့ကို လိုက်၍ ကွဲပြားသွားခြင်းမျိုးကို "သမ္မုတိသစ္စာ" အရ ကွဲပြားခြင်းဟူ၍ ဆိုအပ်၏။ စိတ်နေစိတ်ထားတည်းဟူ သော ကိုယ်ကျင့်သိက္ခာအရ ကွဲပြားသွားခြင်းမျိုးကိုသာ "ပရမတ္ထသစ္စာ" အရ ကွဲ ပြားခြင်းဟူ၍ ဆိုအပ်၏။ အမှန်အားဖြင့် "ပရမတ္ထသစ္စာ" သည် "သမ္မုတိ သစ္စာ" ၏ အုတ်မြစ်ဖြစ်၏။

"ပရမတ္ထသစ္စာ" ကို နောက်ထပ် သုံးမျိုးခွဲ၍ ရသေး၏။ မိမိ၏ ကိုယ်ကျင့် သိက္ခာကို အပေါ်ယံသဘောမျှသာ လူမြင်ကောင်းအောင် လူကြားကောင်းအောင် ဟန်ဆောင်ပြီး "မာယာ" သဘောအရ မိမိ၏ ယုတ်မာမှုကို ဖုံးကွယ်၍ "သာဌေယျ" သဘောအရ မိမိ၌မရှိသော မြင့်မြတ်မှုကို လူမကြားလျှင် ကြားအောင်၊ လူမသိလျှင် သိအောင် ကြွေးကြော်ကာ ကိုယ်ကျိုးတစ်ခုတည်းကိုသာ ရှေးရှု၍ ဆောင်ရွက်တတ်သော ပုဂ္ဂိုလ်မျိုးလည်း ရှိ၏။ ထိုပုဂ္ဂိုလ်မျိုး၏ ဆောင်ရွက်ချက် များကို သူနှင့် စရိုက်တူညဉ်တူ ပုဂ္ဂိုလ်များက အားကျကြ၏။ ချီးမွမ်းကြ၏။

http://www.cherrythitsar.org



မှန်သည် ဟု လက်ခံကြ၏။ ပါဠိဝေါဟာရဖြင့် ဆိုရလျှင် ထိုအမှန်မျိုးကို "ပါရိဘာသိက သစ္စာ" ဟူ၍ ဆိုရ၏။ ထို ပုဂ္ဂိုလ်မျိုး၌ ကိုယ်ကျင့်သိက္ခာဟူ၍ မည်မည်ရရ ဘာမျှမရှိ။ သို့ရာတွင် သူ၏ ဆောင်ရွက်ချက်၊ သူ၏ ခံယူချက် သူ၏အမြင် တို့သည် သူနှင့် စရိုက်တူညဉ်တူ ပုဂ္ဂိုလ်မျိုးတို့၏ နယ်ပယ်၌ "သစ္စာ" အဖြစ် ခံယူထားခြင်း ရှိသောကြောင့် ယင်းကို "သစ္စာ" စာရင်း၌ ထည့်သွင်းထားခြင်း ဖြစ်၏။ ဝါဒရေးရာနှင့် ပတ်သက်လာလျှင်လည်း ကွန်မြူနစ်ဝါဒ ဖြစ်စေ၊ ဆိုရှယ်လစ်ဝါဒ ဖြစ်စေ၊ အရင်းရှင်ဝါဒ ဖြစ်စေ၊ ဒီမိုကရေစီဝါဒ ဖြစ်စေ၊ ထိုထို ဝါဒများ၌ သက်ဝင်ယုံကြည်ကြသူများသည် မိမိ၏ ကိုယ်ကျိုးတစ်ခုတည်းကိုသာ ရှေးရှု၍ မိမိထင်ပေါ်ရေး၊ မိမိ ကျော်ကြားရေးအတွက် မျှော်မှန်းချက်ဖြင့် ဆောင်ရွက်လျှင် သူ၏ ဆောင်ရွက်ချက်နှင့် သူ၏ အမြင်သည် "ပါရိဘာသိက သစ္စာ" အုပ်စုဝင် အမှန်မျိုးသာဖြစ်၏။

ကောင်းသော ကံကို လုပ်လျှင် ကောင်းကျိုးကို ခံစားရ၏၊ မကောင်းသော ကံကို လုပ်လျှင် မကောင်းကျိုးကို ခံစားရ၏ ဟူသော နိယာမအရ လိမ်ညာ၍ ဖြစ်စေ၊ ကောက်ကျစ်၍ဖြစ်စေ၊ အသက်အရာရှိကို ကပ်ပါးရပ်ပါး လုပ်၍ဖြစ်စေ၊ မတော်မတရား လာဘ်စား၍ဖြစ်စေ၊ ဈေးပြတိုက်၍ဖြစ်စေ၊ အယုတ်ဆုံး ဖခင်ကိုပင် သတ်၍ဖြစ်စေ ရာထူးဂုဏ်သိန်တိုး၍ ပစ္စည်းဥစ္စာတို့ ပြည့်ဖြိုးပြီး လူတစ်လုံး သူတစ်လုံး ဖြစ်လာပါက ထိုသူမျိုးကို "ကံ" ကောင်းသူများအဖြစ် မြင်ကြ၏။ ထိုသူများ၏ ဆောင်ရွက်ချက်၊ ထိုသူများ၏ ခံယူချက်၊ ထိုသူများ၏ အမြင်တို့ကို "အမှန်" အဖြစ် မြင်ကြ၏။ ထို အမြင်သည်လည်း မှန်သောအမြင်ပင် ဖြစ်၏၊ ဒေသနာတော်အရ အပြစ်နှင့် ယှဉ်တွဲ၍ ဖြစ်ပေါ်ခဲ့သော ဒါနကုသိုလ် "သာဝဇ္ဇဒါနကုသိုလ်" ကံသည် အကုသိုလ် လုပ်ငန်းစုနှင့် အကျိုးပေး၏။ အကုသိုလ်လုပ်ငန်းကို ရှုန့်လှုပ်လိုက်သည်နှင့် တစ်ပြိုင်နက် ကြီးပွားချမ်းသာမှုလည်း ပျောက်ပါးသွား၏။ အကုသိုလ်ကလည်း ကုသိုလ်ကို သင့်လျော်သလို ထောက်ပံ့၏။ ကုသိုလ် ကလည်း အကုသိုလ်ကို သင့်လျော်သလို ထောက်ပံ့၏။ ထို့ကြောင့် ယင်းကို "သစ္စာ" စာရင်း၌ ထည့်သွင်းခြင်း ဖြစ်၏။ ယင်းသစ္စာမျိုးကို "သဘာဝသစ္စာ" ဟူ၍ ခေါ်၏။ ယင်းသို့သော သဘာဝသစ္စာအရ ကျင့်သောပုဂ္ဂိုလ်များသည် ကိုယ်ကျင့်သိက္ခာနှင့် မပြည့်စုံသူများ ဖြစ်ကြ၏။ အမှန်အားဖြင့် အကုသိုလ်၌လည်း ပျော်ရွှင်ဖွယ် ရှိ၏။ ကုသိုလ်၌လည်း ပျော်ရွှင်ဖွယ် ရှိ၏။ အဘိဓမ္မာ ဒေသနာတော် အရ "ပျော်ရွှင်ဖွယ်" ဟူသည် "သုခဝေဒနာ" ၏ အမည် တည်း။

အပြစ်နှင့် လုံးဝမယှဉ်တွဲဘဲ သန့်စင်သော ဒါနကုသိုလ် "အနဝဇ္ဇဒါနကုသိုလ်" ၏ အကျိုးဆေးကား အထူးဆိုဖွယ်မရှိ။ ကောင်းကျိုးကို ပေးမည်မှာ

http://www.cherrythitsar.org



အမှန်ပင်ဖြစ်၏။ ထို့ကြောင့် ထိုသူတို့၏ ဆောင်ရွက်ချက်၊ ထိုသူတို့၏ ခံယူချက်၊ ထိုသူတို့၏ အမြင်တို့သည် အမှန် "သစ္စာ" တရားများ ဖြစ်ကြ၏။ ထိုသစ္စာတရားကို "သဘာဝသစ္စာ" အုပ်စုတွင်း၌ ထည့်သွင်း၏။ ထိုသစ္စာတရားအရ လိုက်နာကျင့်သုံးသော ပုဂ္ဂိုလ်တို့တွင် ပါရမီမြောက်သော ကိုယ်ကျင့်တရားနှင့် ပြည့်စုံသူများလည်း ပါဝင်နိုင်၏။ ပါရမီ မမြောက်သော ကိုယ်ကျင့်တရားနှင့် ပြည့်စုံသူများလည်း ပါဝင်နိုင် ၏။ သို့ရာတွင် ဤသဘာဝ သစ္စာကား "သာဝဇ္ဇဒါန ကုသိုလ်" ကို အကြောင်းပြု၍ ဖြစ်ပေါ်လာသော "သစ္စာ" မျိုး မဟုတ်၊ "အနဝဇ္ဇဒါန ကုသိုလ်"ကို အကြောင်းပြု၍ ဖြစ်ပေါ်လာသော "သစ္စာ" မျိုးသာ ဖြစ်သဖြင့် တစ်ခုနှင့်တစ်ခု အချင်းချင်း မတူကြချေ။ နောက်သစ္စာကား ပို၍မြင့်၏။

နောက်ဆုံးပိတ် သစ္စာကား "အရိယသစ္စာ" ဖြစ်၏။ ဤသစ္စာအရ ကျင့်လျှင် ဩကာသလောက ဖြစ်စေ၊ သတ္တလောက ဖြစ်စေ၊ သင်္ခါရလောက ဖြစ်စေ၊ ဤလောကသုံးပါး၌ ဖြစ်သမျှ သက်ရှိသက်မဲ့ အရာဝတ္ထု အားလုံးတို့သည် အမှန်တကယ်တမ်းအားဖြင့် နှစ်သက်စရာသာယာစရာ ဟူ၍ ဘာတစ်ခုမျှ မရှိ၊ ဒုက္ခ အစုအဝေး သက်သက်သာတည်း။ ပုဂ္ဂိုလ်သတ္တဝါဟူ၍ မရှိကြောင်း၊ အသက်ဇီဝဟူ၍လည်း မရှိကြောင်း၊ အားလုံး ဓမ္မအစုအဝေးမျှသာ ဖြစ်ကြောင်း မြင်လာမည် ဖြစ်၏။ ခန္ဓဝဂ္ဂသံယုတ် ပါဠိတော်၌ –

"အကြင်သူသည် ရုပ်ကို တောင့်တ၏။ ဝေဒနာကို တောင့်တ၏၊ သညာကို တောင့်တ၏။ သင်္ခါရကို တောင့်တ၏၊ ဝိညာဉ်ကို တောင့်တ၏။ ထိုသူသည် ဒုက္ခကို တောင့်တသည် မည်၏" ဟူ၍ ဟောတော်မူထားရာ လောကနှင့် ပတ်သက်သော ရာထူးဂုဏ်သိန် စည်းစိမ်ဥစ္စာ အားလုံးတို့ကို တောင့်တခြင်းသည် ဒုက္ခကို တောင့်တခြင်းမည်၏ ဟူ၍ အတိဓမ္မယောရှင် ဂုရုတောင်လေးလုံး ဆရာတော်ကြီးက ဟောတော်မူ၏။

အမှန်အားဖြင့် အရိယသစ္စာအရ တကယ်တမ်း စစ်မှန်သော ချမ်းသာ ဟူသည် ရုပ်ပိုင်းဆိုင်ရာ ပစ္စည်းဝတ္ထုများ၌ မတည်၊ မှန်ကန်သော နှလုံးသွင်းနှင့် မှန်ကန်သော အသိ၊ မှန်ကန်သော သစ္စာ၊ မှန်ကန်သော အမြင်၌သာ တည်၏။ ထို့ကြောင့် ကျွန်ုပ်တို့သည် တကယ်တမ်း မှန်ကန်သော ချမ်းသာကို ရလိုပါလျှင် မှန်ကန်သော အသိ၊ မှန်ကန်သော သစ္စာ၊ မှန်ကန်သော အမြင်ကို ရနိုင်အောင် ကြိုးစားအပ်ပါ၏။

သို့ရာတွင် ကျွန်ုပ်တို့သည် လူ့လောက၌ သက်ရှိလူပုဂ္ဂိုလ်များ အနေဖြင့် နေထိုင်ကြရလေရာ သမ္မုတိသစ္စာအရ တစ်ဦးနှင့်တစ်ဦး မလွဲသာမရှောင်သာ ဆက်ဆံနေကြရမည် ဖြစ်၏။ ထိုသို့ ဆက်ဆံကြရာတွင်လည်း ဆိုင်ရာဆိုင်ရာ

http://www.cherrythitsar.org



သတ်မှတ်ပြဋ္ဌာန်းထားသော တရားဥပဒေများ၊ ဓလေ့ထုံးစံ များ၊ ကျင့်ဝတ်များ အတိုင်း လိုက်နာကျင့်သုံး၍ ဆက်ဆံနေကြရမည် ဖြစ်၏။

သမ္မုတိသစ္စာဟူသည် အပြင်ပန်းသဘောမျှသာဖြစ်ရာ ယင်း၏ အောက်ခြေ၌ တစ်ဦးချင်း တစ်ယောက်ချင်းစီ၏ စိတ်နေစိတ်ထားတည်း ဟူသော အနှစ်သာရသည် ရှိသေး၏။ ယင်းအနှစ်သာရကို "သစ္စာ" ဟူ၍ ခေါ်၏။ လူအချင်းချင်း ဆက်ဆံရာ၌ မိမိ၏ ဆောင်ရွက်ချက်၊ မိမိ၏ ခံယူချက်၊ မိမိ၏ အမြင်သည် "မှန်" သည်၊ "သစ္စာ" နှင့် ညီသည် ဟူ၍ ထင်မြဲဖြစ်၏၊ ယုံကြည်မြဲ ဖြစ်၏။ ဤနေရာ၌ မိမိကိုယ်တိုင် ကလိန်ကကျစ် ကျမှန်းသိပြီး ဆောင်ရွက်သော ပုဂ္ဂိုလ်များကိုမူ ဆိုလိုရင်း မရှိပါ။ တကယ် မိမိ၏ ယုံကြည်ချက်အရ "မှန်" သည်ဟု ယူဆပြီး ဆောင်ရွက်သော ပုဂ္ဂိုလ်မျိုးကိုသာ ဆိုလိုရင်း ဖြစ်ပါသည်။

ရိုးသားစွာ "မှန်" သည်၊ "သစ္စာ" နှင့် ညီသည်ဟူ၍ ယုံကြည်ပြီး ဆောင်ရွက်ကြသော ပုဂ္ဂိုလ်တို့၏ "သစ္စာ" ကိုသာ အဆင့်အတန်း၊ အနိမ့်အမြင့် ခွဲလို၍ ဆိုခြင်း ဖြစ်ပါ၏။ ဤဝတ္ထု၌ ရှင်ဒေဝဒတ်၏ ဆောင်ရွက်ချက်၊ ရှင်ဒေဝဒတ် ခံယူချက်၊ ရှင်ဒေဝဒတ်၏ အမြင်သည် "သစ္စာ" ဝေါဟာရဖြင့် ပြောရလျှင် "ပါရိဘာသိက" အဆင့်နှင့် "ပဌမသဘာဝ သစ္စာ" အဆင့်သာ ရှိ၏။ "ဒုတိယ သဘာဝသစ္စာ" အဆင့်ပင် မရှိ၊ "အရိယ သစ္စာ" အဆင့်ကား ပြောစရာ ပင် မလို။ ထို့ကြောင့်ပင် ရှင်ဒေဝဒတ်သည် ဈာန်အဘိညာဉ်ရပြီး နောက်ပိုင်း "ပူဇော်သက္ကာရ" ကို အကြောင်းပြု၍ ပင်ပန်းလှ၏။ ဆင်းရဲလှ၏။ ပူလောင်လှ၏။ နောက်ဆုံး သွေးပွက်ပွက်အန်သည်ထိ ပစ္စုပ္ပန်ဘဝ၌ ပူလောင်လှ၏၊ ဆင်းရဲလှ၏။ တမလွန်ဘဝ၌လည်း မဟာအဝီစိ ငရဲ၌ နှစ်ပေါင်းများစွာ ကျခံရပေ လိမ့်မည်။ မဟာအဝီစိငရဲ၏ သက်တမ်းအတိုင်းဆိုလျှင် အန္တရကပ် တစ်ကပ် အထိ ကျခံရပေလိမ့်မည်။

နောက်ဆုံး၌ လူနတ်ဗြဟ္မာ သတ္တဝါအားလုံးပေါ်၌ မျှတသော စိတ်ထား ရှိတော်မူသော မြတ်စွာဘုရားအပေါ်၌ "ငါသည် မကောင်းမှုကို ပြုမိခဲ့ပြီ" ဟူ၍ နောက်ဆုံး အသက်ထွက်ချိန်အထိ နောင်တတစ်ဖန် ပူပန်သော စိတ်ဖြင့် ဆင်းရဲခဲ့ရ၏။ သေပြီးနောက်၌လည်း မဟာအဝီစိငရဲ၌ ကျက်ရပေလိမ့်ဦးမည်။ ဤသည်မှာ မကောင်းမှုကို ပြုကြသူတို့၏ မလွှဲသာမရှောင်သာ သွားရမည့် လမ်းပေတည်း။

ထို့ကြောင့် ကျွန်ုပ်တို့သည် သမ္မုတိသစ္စာအရ လူလူချင်း ဆက်ဆံကြ ရာတွင် ဆိုင်ရာဆိုင်ရာ သတ်မှတ်ပြဋ္ဌာန်းထားသော တရားဥပဒေများ၊ ဓလေ့ ထုံးစံများ၊ ကျင့်ဝတ်များနှင့်အညီ လိုက်နာကျင့်သုံးကြရာ၌ တကယ့်ကို စိတ်ပါ

http://www.cherrythitsar.org



လက်ပါ ဆောတနာပါသော သဆောဖြင့် မြတ်စွာဘုရား ဟောတော်မူထားသည့်အတိုင်း "မြင့်မြတ်၍ ရခဲလှသော လူ့ဘဝ" ကို တန်းတူ ရည်တူရကြသူများ အချင်းချင်းအပေါ် "အရိယသစ္စာ" ဘက်သို့ ဦးတည်သော "ဒုတိယ သဘာဝ သစ္စာ" အမြင်ဖြင့် တကယ်ချစ်သော မေတ္တာ၊ တကယ်ကြင်နာသော ကရုဏာ၊ တကယ် ကြီးပွားစေလိုသော မုဒိတာ၊ ဘက်မလိုက်ဘဲ တကယ် မှန်မှန်ကန်ကန် ကျင့်ကြံစေလိုသော ဥပေက္ခာတို့အပေါ် အခြေခံ၍ ဆက်ဆံကြရမည် ဖြစ်၏။ ထိုကဲ့သို့ ဆက်ဆံနိုင် အောင်လည်း ဝိုင်းဝန်း အားပေးရမည် ဖြစ်၏။

"အရိယသစ္စာ" ဘက်သို့ ဦးတည်ထားပါက ကျွန်ုပ်တို့သည် တပ်မက်ဖွယ်ကောင်းသော အာရုံများကိုလည်း လွန်းလွန်နိုင်၏။ ကြောက်မက်ဖွယ်ကောင်းသော အာရုံများကိုလည်း သည်းခံလာနိုင်၏။ ထိုအခါ ကောင်း မကောင်း အာရုံများကို လျစ်လျူရှုနိုင်လာ၏။ ဤသဘောများကိုပင် အစဉ်အတိုင်း ပါဠိ ဝေါဟာရဖြင့် နေက္ခမ္မ ပါရမီ၊ ခန္တီပါရမီ၊ ဥပေက္ခာပါရမီ ဟူ၍ ခေါ်ရ၏။

ဤအမြင်ဖြင့် လောကကို ကြည့်သောအခါ တကယ်စစ်မှန်သော ချမ်းသာဟူသည် ရုပ်ပိုင်းဆိုင်ရာပစ္စည်းများ ပြည့်စုံမှုအပေါ်၌ မတည်ဘဲ မှန်ကန်သောသစ္စာ၊ မှန်ကန်သောအမြင်၊ မှန်ကန်သော နှလုံးသွင်းပေါ်၌သာတည်ကြောင်း လက်တွေ့မြင်လာ၏။ လက်တွေ့သိလာ၏။ ဒေသနာတော်၌လည်း "မှန်သောအသိ" သည် လူမင်း ချမ်းသာ၊ နတ်မင်း ချမ်းသာတို့ထက် သာလွန်သော ချမ်းသာ ဖြစ်ကြောင်း လာရှိပါ၏။

ထို့ကြောင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ နိုင်ငံ၌ ကြီးမားသော တိုက်ကြီးများ၊ ကြီးမားသော ယာဉ်ရထားများ၊ တန်ဖိုးကြီးလှသော အဝတ်အထည်များ၊ စားကုန်သောက်ကုန်များ၊ အလှကုန်များ စသည် စသည်တို့ မရှိစေကာမူ၊ မြတ်စွာဘုရား၏ အဆုံးအမတော်အတိုင်း ဟန်ဆောင်မှုမျိုး မပါဘဲ တကယ်တမ်း မတုန် မလှုပ် ခိုင်မာသော ယုံကြည်ချက်ဖြင့် တစ်ဦးချင်း၏ စရိုက်၊ ညဉ်အဆင့်မှ အမျိုးသားစရိုက်၊ အမျိုးသား ဉာဉ်အဆင့်သို့ ရောက်ရလေအောင် ပစ္စည်းတတ်နိုင်သည့်ဘက်မှ ပစ္စည်းအားဖြင့် လည်းကောင်း၊ ကာယအား တတ်နိုင်သည့်ဘက်မှ ကာယအားဖြင့် လည်းကောင်း၊ ဉာဏအား တတ်နိုင်သည့်ဘက်မှ ဉာဏအားဖြင့် လည်းကောင်း၊ ကိုယ်ကျင့်တရားဖြင့် စံပြုနိုင်သည့်ဘက်မှ ကိုယ်ကျင့်တရားဖြင့် လည်းကောင်း ဝိုင်းဝန်း ဆောင်ရွက်မည်ဆိုပါက ကျွန်ုပ်တို့ မြန်မာနိုင်ငံသည် ရုပ်ပိုင်းဆိုင်ရာ ပစ္စည်းများ မကြွယ်ဝစေကာမူ၊ ဗုဒ္ဓဘာသာဝင် လူမျိုးပီပီ စိတ်ချမ်းသာ ကိုယ်ချမ်းသာနှင့် ပြည့်စုံသော လူမျိုးနှင့်နိုင်ငံ ဖြစ်လာပေလိမ့်မည်။ သို့မဟုတ်ပါက ဒေဝဒတ်၏ လမ်းစဉ်အတိုင်း လိုက်နာရာရောက်ပြီး အမြဲတစေ

http://www.cherrythitsar.org



ပုပန်နေရပေလိမ့်မည်။ ထို့ကြောင့် ဒေဝဒတ်ကဲ့သို့ ရုပ်ပိုင်းဆိုင်ရာ ပစ္စည်းများ၏ ပြည့်စုံခြင်းကို "သုခ" အဖြစ် မမြင်ဘဲ မြတ်စွာဘုရား ဟောတော်မူသည့်အတိုင်း လူသား အချင်းချင်းအပေါ် စေတနာအပြည့်ပါသော၊ မှန်ကန်သော မေတ္တာ စေတနာ အပြည့်ပါသော၊ မှန်ကန်သော ကြင်နာမှု၊ စေတနာအပြည့်ပါသော၊ မှန်ကန်သော ကြီးပွားစေလိုမှု၊ စေတနာအပြည့်ပါသော၊ မှန်ကန်သော ကိုယ်ကျင့်တရားအပေါ်၌ မယိမ်းမယိုင် ခိုင်ခိုင်မာမာ ရပ်တည်နိုင်အောင် ဖေးမမှုတို့ဖြင့် "မှန်ကန်သော နှလုံးသွင်းနှင့် မှန်ကန်သော အသိဉာဏ်" ကိုသာ "သုခ" အဖြစ် မြင်တတ်အောင် ဗုဒ္ဓဘာသာဝင် ဤမြန်မာနိုင်ငံနှင့် မြန်မာလူမျိုးများအားလုံး အတွက် တာဝန်ကိုယ်စီဖြင့် ဆောင်ရွက်ရန် အချိန်ရောက်နေပြီ ဖြစ်ပါကြောင်းကို ဤဒေဝဒတ်ဝတ္ထုက ဖော်ပြခြင်း ဖြစ်ပါသည်။

# ရှင်သာရိပုတ္တရာ

မာဂဓတိုင်း ရာဇဂြိုဟ်ပြည်အနီး၌ "နာလက" အမည်ရှိသော ရွာကြီးတစ်ရွာ ရှိ၏။ ထိုအချိန်က မြတ်စွာဘုရား ပွင့်တော်မူပြီးသောအချိန် ဖြစ်၏။ သို့ရာတွင် မြတ်စွာဘုရား ပွင့်တော်မူကြောင်းကိုမူ လူအပေါင်းတို့ သိပ်မသိကြသေးသော်လည်း "တကယ့်" အမှန်တရားကို ရှာဖွေကြသူတို့သည် မဇ္ဈိမဒေသ၌ ဘုရားအမည်ကို ရသည်အထိ မိမိတို့နည်း၊ မိမိတို့အကျင့်ဖြင့် ရှာဖွေကြသူများ များစွာပင် ရှိ၏။

နာလကရွာ၌ ဝင်္ဂန္တနှင့် ရူပသာရီ ဗြာဟ္မဏ ဇနီးမောင်နှံတို့သည် ကျော်ကြားသော ဥစ္စာရှင်များ ဖြစ်ကြ၏။ အသက်မွေးဝမ်းကျောင်းမှုနှင့် စပ်လျဉ်း ဗြာဟ္မဏဇာတ်အားလျော်စွာ "ယဇ်" ပူဇော်ခြင်းနှင့် ပညာရေးဆိုင်ရာ လုပ်ငန်းများကိုသာ လုပ်ကြ၏။ စီးပွားဥစ္စာ အနေအားဖြင့်မူ အလွန် ကြွယ်ဝသူများ ဖြစ်ကြ၏။

ဘာသာရေးအားဖြင့်မူ "ဗြာဟ္မဏ" ဇာတ်အားလျော်စွာ "ဝေဒ" ၏ သွန်သင်ချက်အတိုင်း "မအိုရာ၊ မနာရာ၊ မသေရာ" တရားထူးကို ရှာဖွေသူများ ဖြစ်ကြ၏။ ယင်းကို "မောက္ခ" ဟု ခေါ်၏။ သူတို့ ရှာဖွေသောနည်းကား "ဗြဟ္မာ" ကို ရည်ရွယ်၍ "ယဇ်" ပူဇော်ခြင်းပင်တည်း။

"ဗြဟ္မာ" ကို ရည်ရွယ်၍ ယဇ်ပူဇော်ခြင်းအားဖြင့် "မအိုရာ၊ မနာရာ၊ မသေရာ" တရားထူးကို ရ၏၊ ယင်းတရားထူးသည် အလွန်ချမ်းသာ၏။ တရားထူးဟု ဆိုရသော်လည်း အားလုံးမှ တစ်ခုတည်း ဖြစ်၏။ အစိတ် အစိတ်ကို

http://www.cherrythitsar.org



ပေါင်းထားသော တစ်ခုတည်း မဟုတ်၊ အားလုံး တစ်ခုတည်းမှ တစ်ခုတည်းအစစ် ဖြစ်၏။ တစ်ခုတည်း အစစ်ဖြစ်သော်လည်း ထို တစ်ခုတည်းသည် နေရာတိုင်းမှာ ရှိ၏။ ယင်းကို ပါဠိဝေါဟာရဖြင့် "အဗ္ဗျာပိ" ဟု ခေါ်၏။ တရားထူးကို "အရှိ" ဟူ၍လည်း ဆိုရ၏။ "အသိ" ဟူ၍ လည်း ဆိုရ၏။ "အလှ" ဟူ၍လည်း ဆိုရ၏။ ထိုတရားထူးကို ယဇ်ပူဇော်ခြင်းဖြင့် ရ၏။ ဤအယူကို ဗြာဟ္မဏတို့သည် အရိုးစွဲအောင် သက်ဝင်ယုံကြည်ကြ၏။ ဗြာဟ္မဏတို့၏ ကျမ်းအရဆိုလျှင် အစ မထင်သော သံသရာမှစ၍ ယုံကြည်ခဲ့ခြင်း ဖြစ်၏။ အဆုံးလည်း မရှိသော၊ အစလည်း မရှိသော ဘာသာတရားနှင့် ယုံကြည်ချက်ပင် ဖြစ်၏။

ဝင်္ဂန္တနှင့် ရူပသာရီတို့သည်လည်း ဗြာဟ္မဏလူမျိုးဖြစ်သည့်အား လျော်စွာ ထိုဗြာဟ္မဏဝါဒ၌ သက်ဝင်ယုံကြည်ကြသူများ ဖြစ်ကြ၏။ သို့ရာတွင် သူတို့ မိသားစုအားလုံးတော့ မဟုတ်၊ သူတို့ မိသားစုတွင် မိဘနှစ်ဦးနှင့် သားသမီး ခုနစ်ဦး စုစုပေါင်း ၉ ဦး ပါဝင်၏။ သားက လေးယောက်၊ သမီးက သုံးယောက်၊ သားသမီးချည်း ခုနစ်ယောက် ဖြစ်၏။ သား လေးယောက်တို့မှာ ဥပတိဿ၊ စုန္ဒ၊ ဥပသေန၊ ရေဝတတို့ဖြစ်ပြီး၊ သမီးများမှာ စာလာ၊ ဥပစာလာ၊ သီသူပစာလာတို့ ဖြစ်ကြ၏။ အငယ်ဆုံးသားမှာ "ရေဝတ" ဖြစ်၏။ ထိုစဉ်က "ရေဝတ" မှာ ကလေးသူငယ်အရွယ် အငယ်ဆုံးဖြစ်သဖြင့် ဘာသာရေးရာနှင့် ပတ်သက်၍ ဘာမျှ စိတ်ဝင်စားမှု မရှိ၊ ကျန် အစ်ကိုနှင့် အစ်မတို့ကမူ နိုင်မာသော ကိုယ်ကျင့်သိက္ခာ မပါဘဲ ဗဟိဒ္ဓကို အလေးထားကာ "ဗြဟ္မာ" ဖြစ်ဖို့ရန် ရည်မှန်းပြီး ဗြာဟ္မဏဝါဒအတိုင်း ယဇ်ပူဇော်ရုံမျှဖြင့် "မောက္ခ" ခေါ် တရားထူးကို ရနိုင်သည် ဟူသော အယူကိုမူ သူတို့ မယုံကြည်ကြချေ။

"ငါ ဘာလဲ" ဟူ၍ "ငါ့ကိုယ်" ကို သိအောင်လုပ်ပြီး "ငါ" ၌ ရှိသော အညစ်အကြေးများကို စင်ကြယ်အောင် လုပ်နိုင်မှ "မအိုရာ၊ မနာရာ၊ မသေရာ" ဖြစ်သော တရားထူးကို ရနိုင်လိမ့်မည်ဟု သားသမီးများက ယုံကြည်ကြ၏။ ထိုအထဲတွင် သားအကြီးဆုံးဖြစ်သူ "ဥပတိဿ" သည် ဦးဆောင်ဖြစ်၏။

ဘီ စီ (၆) ရာစု ဝန်းကျင်သည် "အရိယသစ္စာ" နှင့် ပတ်သက်၍ လူ့သမိုင်းတွင် ထူးချွန်သော ရှာဖွေသူများ ပေါ်ပေါက်ရာ ခေတ်ဖြစ်ကြောင်း သမိုင်းဆရာများက ဆိုကြလေရာ "ဂေါတမမြတ်စွာဘုရား" ပွင့်တော်မူခြင်းနှင့် "လက်ယာတော်ရံ ရှင်သာရိပုတ္တရာ" အလောင်းအလျာ (ဥပတိဿ) တို့ ပွင့်တော်မူလာခြင်းသည် မတော်တဆ အကြောင်းတိုက်ဆိုင်၍ ပွင့်တော်မူလာခြင်း မဟုတ်၊ ခေတ်၏ တောင်းဆိုချက်အရ ပွင့်တော်မူလာခြင်းဖြစ်၏။

လွန်လေပြီးသော လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလက ဒီပင်္ကရာ

http://www.cherrythitsar.org



မြတ်စွာဘုရားရှင်၏ ထံတော်မှောက်၌ သုမေဓာသည် ရသေ့ဘဝဖြင့် "ဗုဒ္ဓ" မျိုးစေ့ကို အောင်မြင်စွာ စိုက်ပျိုးခဲ့၏။ ယခု ထိုမျိုးစေ့သည် "ဂေါတမဗုဒ္ဓ" အဖြစ် အပင်ပေါက်လေပြီ။ ထိုနည်းအတူပင် လွန်ခဲ့သော တစ်သင်္ချေနှင့် ကမ္ဘာ တစ်သိန်း ကာလက အနောမဒဿီ မြတ်စွာဘုရားရှင်၏ ထံတော်မှောက်၌ သရဒ သည် "လက်ယာတော်ရံ အဂ္ဂသာဝက မျိုးစေ့ကို ရသေ့ဘဝဖြင့်ပင် အောင်မြင်စွာ စိုက်ပျိုးခဲ့၏။ ယခု ထိုမျိုးစေ့သည် "လက်ယာတော်ရံ အဂ္ဂသာဝက" အဖြစ် ပေါက်ပေတော့မည်။ သက်ရှိဖြစ်စေ၊ သက်မဲ့ဖြစ်စေ အရာဝတ္ထုတစ်ခု ဖြစ်ပေါ်ရာ၌ နိယာမ အလွှတ်ဖြစ်ချင်သလို ဖြစ်ကြသည် မဟုတ်၊ အကြောင်းနှင့် အကျိုးတို့ သင့်လျော်သလို စုပေါင်း၍ ဖြစ်ပေါ်လာခြင်း ဖြစ်၏။

ထို အကြောင်းနှင့်အကျိုး ဖြစ်ရပ်တွင် ပဓာနကျသော အင်အားစုများ ပါဝင်၏။ ယင်းအင်အားစုများမှာ ကာလ၊ ဒေသ၊ ပယောဂ၊ ဥပဓိတို့ ဖြစ်ကြ၏။ ကာလ ဟူသည် ဖြစ်စဉ်တစ်ရပ်၏ ရှေ့နှင့်နောက် တစ်ဆက်တည်းသော အစဉ် ဖြစ်၏။ ဒေသ ဟူသည် ရှေ့နှင့်နောက် ဖြစ်ရာတွင် တစ်ချိန်၌ဖြစ်သော ဝတ္ထုနှင့် အခြား တစ်ချိန်၌ဖြစ်သော ဝတ္ထုတို့အချင်းချင်း မတူညီကြဘဲ ရှေ့နှင့်နောက် တစ်ဆက်တည်း အစဉ်ဖြစ်၏။ ပယောဂဟူသည် အချိန်အခါအလိုက် အရာဝတ္ထု တို့ အဆင့်ဆင့် ပြောင်းလဲရာတွင် အခြေအနေတစ်ရပ်မှ တစ်ရပ်သို့ ရောက်အောင် ဆွဲငင်မှုနှင့် ရုန်းကန်မှု ဖြစ်၏။ ဥပဓိ ဟူသည် ဖော်ပြပါ အင်အားစုများ၏ အခြေအနေအလိုက် ပေါင်းစည်းရာမှ အသစ်အသစ်နှင့် ထူးထူးခြားခြား ဖြစ်ပေါ် လာသော အရာဝတ္ထု ဖြစ်၏။ ဤနိယာမအရ တစ်ချိန်က အဋ္ဌကလာပ်ရုပ် ဖြစ်သော မြေစိုင်ခဲသည် အခြားတစ်ချိန်၌ "ပတ္တမြားကျောက်" အဖြစ်သို့ ရောက် နိုင်ခဲ့သည် မဟုတ်ပါလား။

ဤ နိယာမ အတိုင်းပင် တစ်ချိန်က "သုမေဓာရသေ့" သည် အခြား တစ်ချိန်၌ "ဂေါတမဗုဒ္ဓ" ဖြစ်၍ တစ်ချိန်က "သရဒရသေ့" သည် အခြား တစ်ချိန်၌ "လက်ယာတော်ရံ အဂ္ဂသာဝက ရှင်သာရိပုတ္တရာ" ဖြစ်ပေလိမ့်မည်။

ဥပတိဿ မိသားစုနှင့် ရင်းနှီးသော အခြားမိသားစု ရှိသေး၏။ ထိုမိသားစု မှာ ကောလိတ မိသားစုပင် ဖြစ်၏။ ထိုမိသားစု နှစ်စုလုံးပင် ကြွယ်ဝသော မိသားစုများ ဖြစ်ကြ၏။ ရင်းနှီးသော မိသားစုများ ဖြစ်ကြသည့် အားလျော်စွာ ဥပတိဿနှင့် ကောလိတတို့လည်း ရင်းနှီးကြ၏။ ကောလိတသည်လည်း သာမန်ပုဂ္ဂိုလ် မဟုတ်၊ မောဂ္ဂလ္လာန်ဟူသော အမည်ဖြင့် "လက်ဝဲတော်ရံ အဂ္ဂသာဝက" ရာထူးကို ရမည့် ပုဂ္ဂိုလ်ထူးတည်း။ သူလည်း အနောမဒဿီ မြတ်စွာဘုရားထံတော်မှောက်မှ ဗျာဒိတ်တော် ရပြီးသူပင် ဖြစ်၏။

http://www.cherrythitsar.org



ရှေးဆောက် အိန္ဒိယ ယဉ်ကျေးမှုအရ တောင်ထိပ်ပွဲသဘင် ကျင်းပလေ့ ရှိရာ ထိုတောင်ထိပ်ပွဲသဘင်သို့ သူငယ်ချင်းနှစ်ယောက် အတူသွားရောက် ကြည့်ရှုကြ၏။ တောင်ထိပ်ပွဲတို့၏ ထုံးစံအတိုင်း "ဇာတ်လမ်းဇာတ်ကွက်" များဖြင့် ကပြကြလေရာ သရုပ်ဆောင်သူများက အနုပညာရှင်များ ဖြစ်ကြ၏။ ဇာတ်လမ်း ဇာတ်ကွက်များက ရှေးပုရာဏ်ကျမ်းလာ ဇာတ်လမ်းဇာတ်ကွက်များ ဖြစ်ကြ၏။ ကာလရှယောင့်မှ ကြည့်လျှင် ဇာတ်လမ်းဇာတ်ကွက် များသည် ရှေးခေတ်၊ ထိတိကျကျ အစကို မသိနိုင်သောခေတ်က ဇာတ်လမ်းဇာတ်ကွက်များ ဖြစ်၏။ ယခု သရုပ်ဆောင်သော ပုဂ္ဂိုလ်များကား ဥပတိဿနှင့် ကောလိတတို့၏ မျက်မှောက်ခေတ် ပုဂ္ဂိုလ်များ ဖြစ်ကြ၏။ ခေတ်ချင်းကား အလွန် အလှမ်းဝေးကြ၏။ သို့ပါလျက် ပွဲကြည့်ပရိသတ်သည် ဇာတ်လမ်းဇာတ်ကွက်လာ ပုဂ္ဂိုလ်များနှင့် ယခု သရုပ်ဆောင် ပုဂ္ဂိုလ်များကို တစ်ဦးတည်း တစ်ယောက်တည်း ထင်ကြ၏။ ပုရာဏ်ခေတ် ဇာတ်လမ်းဇာတ်ကွက်များကိုလည်း ယခုခေတ် ဇာတ်လမ်း ဇာတ်ကွက်များနှင့် တစ်သားတည်း ထင်ကြ၏။

ထို့ကြောင့် ချစ်စရာရှိလျှင် ချစ်လိုက်၏။ မုန်းစရာရှိလျှင် မုန်းလိုက်၏။ ရယ်စရာရှိလျှင်လည်း ရယ်လိုက်၏။ ပျော်စရာရှိလျှင်လည်း ပျော်လိုက်၏။ ပုရာဏ်ကျမ်းလာ ဇာတ်လမ်းဇာတ်ကွက်က တခြား၊ ယခု ဖြစ်ပျက်နေသည့် ဇာတ်လမ်းဇာတ်ကွက်က တခြားဟူ၍ မသိကြ။ တစ်သားတည်း အဖြစ်သာ သိကြ၏။ ခွဲခြား၍ မသိ။ ဤသို့ မသိနိုင်လေအောင် အနုပညာ အတတ်ဖြင့် ဖန်ဆင်းထား၏။ ဤ အနုပညာအတတ်ကို "ဘာသာရေး ဝေါဟာရ" ဖြင့် ဆိုရလျှင် "မာယာ" ဟူ၍ ဆိုရ၏။ တကယ် အမှန်မဟုတ်။ ဤသဘောကို ဥပတိဿနှင့် ကောလိတတို့ နှစ်ဦးလုံး သိ၏။ သဘောပေါက်၏။

သူတို့နှစ်ဦးလုံးသည် သံသရာကို ယုံကြည်ကြ၏။ ကံနှင့် ကံ၏ အကျိုးကို ယုံကြည်ကြ၏။ သံသရာအစဉ်၌ သူတို့ဖြစ်ခဲ့ရသော ဘဝနှင့် ယခု လက်ရှိဘဝ သည် တောင်ထိပ်ပွဲသဘင် ဇာတ်လမ်းဇာတ်ကွက်နှင့် ပုရာဏ် ဇာတ်လမ်း ဇာတ်ကွက်ကဲ့သို့ပင်၊ သာမန်ပရိသတ်များ ထင်ကြသည့်အတိုင်း တစ်သားတည်း တစ်ခုတည်းမဟုတ်၊ သို့ရာတွင် တစ်သားတည်း တစ်ခုတည်းကဲ့သို့ ထင်ရ၏။ ဤသည်လည်း မာယာပင် ဖြစ်၏။ ဤမာယာကား "အနုပညာ" မဟုတ်၊ ဘဝမာယာ – ဘဝကို အစစ်အမှန်အတိုင်း မသိစေဘဲ တစ်မျိုးတမည် သိအောင် မျက်လှည့်ပြထားသော မာယာစစ်စစ်သာ ဖြစ်၏။ ယင်းမာယာကို ပယ်သတ်၍ ချေဖျက်နိုင်မှ မိမိတို့၏ ဘဝအစစ်အမှန်ကို သိမည်။ ဘဝ အစစ်အမှန်ကို သိပါမှ "ငါ ဘာလဲ" ဟူ၍ "ငါ့ကိုယ်" ကို သိမည်။ ထိုအခါမှသာ မှန်ကန်သော

http://www.cherrythitsar.org



အသိ၊ မှန်ကန်သော အမြင်ဖြင့် "မအိုရာ၊ မနာရာ၊ မသေရာ" တရားထူးကို ရမည်။ ဤသို့ သူတို့နှစ်ဦးလုံး ယုံကြည်ကြ၏။

ယုံကြည်ကြသည် အားလျော်စွာ မိမိတို့၏ မိဘများ အစဉ်အလာ ယုံကြည်ခဲ့ကြသော ဗြာဟ္မဏလမ်းစဉ်ကို စွန့်၍ "တာပ" ကျင့်စဉ်ကို ကျင့်ကြံ အားထုတ်ရန် ဆုံးဖြတ်ကြ၏။ ထို့နောက် နှစ်ဦးသဘောတူ "သိဥ္စည်း" ဆရာကြီးထံမှ နည်းယူ၍ တရားကျင့်ရန် ဆုံးဖြတ်ကြ၏။ ဆရာကြီးထံ၌ ပရိဗိုဇ်ပြု၍ "တာပ" အကျင့်ကို အားထုတ်ကြ၏။ ပါဠိ စာပေ၌ "သိဥ္စည်း" ဆရာကြီးကို "သဥ္စယဗေလဋ္ဌပုတ္တ" ဟူ၍ ခေါ်၏။ ဒဿနဆရာများကမူ သူ၏ဝါဒကို "သံသယဝါဒ" ဟူ၍ လည်းကောင်း၊ "အညာဏဝါဒ" ဟူ၍ လည်းကောင်း ခေါ်ကြ၏။

သူ၏ ဝါဒအရ အရာဝတ္ထုတစ်ခုကို မြင်ရာတွင် ရှုထောင့်အလိုက်၊ နှလုံးသွင်းအလိုက်၊ ဇရိုက်အလိုက်၊ မိမိ၏ အတွေ့အကြုံနှင့် အရည်အချင်း အလိုက် မြင်ကြခြင်း ဖြစ်လေရာ –

(က) အမြဲရှိ ဟူ၍လည်း မဆိုနိုင်။

(ခ) အမြဲမရှိ ဟူ၍လည်း မဆိုနိုင်။

(ဂ) အချို့ အမြဲရှိ၊ အချို့ အမြဲမရှိ ဟူ၍လည်း မဆိုနိုင်။

(ဃ) ဘာမျှမရှိ ဟူ၍လည်း မဆိုနိုင်။

(င) ဘာမျှမရှိသည် မဟုတ် ဟူ၍လည်း မဆိုနိုင်။

ဟု ယူသော အယူဝါဒ ဖြစ်၏။ ပါဠိစာပေတွင် ထိုဝါဒကို "အမရာ ဝိက္ခေပဝါဒ" ဟူ၍ ဆို၏။

ဥပတိဿနှင့် ကောလိတတို့သည် နှစ်ရက်သုံးရက်မျှနှင့်ပင် သိဥ္စည်း ဆရာကြီး၏ ဝါဒအားလုံးကို သင်ယူတတ်မြောက်ပြီး ဖြစ်၏။ သိဥ္စည်း ဆရာကြီး ကလည်း သင်တို့နှစ်ယောက်လုံးသည် ငါ၏ဝါဒ အားလုံးကို သင်ယူတတ်မြောက် ပြီး ဖြစ်ကြ၏ဟု ပြောဆိုလေ၏။

သိဥ္စည်းဆရာကြီး ပြောသောအသိမျှဖြင့် "ဗြဟ္မစရိယ" ခေါ်သော မြတ်သော အကျင့်ကိုကျင့်ရန် မဖြစ်နိုင်။ "ဗြဟ္မစရိယ" ခေါ်သော မြတ်သော အကျင့်ကိုကျင့်ရန် မဖြစ်နိုင်လျှင် ငါတို့၏ မိဘများ ပြောသည့်အတိုင်း မအိုရာ၊ မနာရာ၊ မသေရာ "တရားထူး" ကို ရည်သည့်နည်းနှင့်မျှ မရနိုင်။ ထို့ကြောင့် ငါတို့သည် အခြားဂိုဏ်းဆရာများထံ သွားရောက်၍ နိုးနှောကြဦးအံ့ဟု တိုင်ပင်ကာ ဂိုဏ်းဆရာအသီးသီးထံတွင် သွားရောက်၍ တိုင်ပင်ကြ၏။ နိုးနှောကြ၏။ ကျေနပ် ဖွယ်ကို မရရှိကြ။

ထို့နောက် နှစ်ဦးသား တိုင်ပင်ကြပြန်၏။ ငါတို့နှစ်ဦးသည် ဆရာကောင်း

http://www.cherrythitsar.org



ရှိရေးအတွက် နှစ်ဦးပေါင်းပြီး ရှာဖွေကြမည့်အစား တစ်ဦးစီခွဲ၍ ရှာဖွေပြီးလျှင် အကယ်၍ တစ်ဦးဦးက ဆရာကောင်းကို တွေ့ရှိပါက မိမိ တစ်ဦးတည်းအနေဖြင့် လွတ်ရာလွတ်ကြောင်း မသွားဘဲ တစ်ယောက်သည် တစ်ယောက်အား ပြန်ကြား ပြောဆိုရန် ကတိကဝတ် ပြုကြ၏။

မြတ်စွာဘုရား၏ ညွှန်ကြားချက်အရ မိဂဒါဝုန်တောမှ အစပြု၍ ရဟန္တာ ခြောက်ကျိပ်တို့သည် မတူမတစ်ခွင် လှည့်လည်၍ သာသနာပြုကြရာ ထွက်ကြရာ ပဉ္စဝဂ္ဂီငါးဦးတို့အနက် နောက်ဆုံးမှ ရဟန္တာဖြစ်သော "အဿဇိ" မထေရ်သည် ဒေသစာရီ ပြန်ကြွလာရာ ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံ ဝင်ရောက်ခိုက် ဥပတိဿ နှင့် တွေ့လေလျှင် လူးလူးခြားခြား ကြည်ညိုဖွယ် ဆွမ်းခံကြွသော ရှင်အဿဇိ အပေါ် ဥပတိဿပရိဗိုဇ်သည် များစွာ စိတ်ဝင်စားသဖြင့် မလှမ်းမကမ်း နောက်ပါး မှနေ၍ အကဲခတ်လျက် လိုက်လေ၏။

ရှင်အဿဇိသည် ဖြူစင်သောဆွမ်းကို ရသောအခါ သင့်လျော်သော နေရာ၌ ဆွမ်းဘုဉ်းပေးရန် ပြင်ဆင်၏။ ထိုအခါ ဥပတိဿပရိဗိုဇ်သည် မိမိ၌ပါလာ သောအခင်းကို လျင်မြန်စွာခင်း၍ ပေးလေ၏။ ရှင်အဿဇိသည်လည်း ဥပ တိဿပရိဗိုဇ် ခင်း၍ပေးသော အခင်းပေါ်၌ ထိုင်၏။ ထို့နောက် သိမ်မွေ့စွာ ဆွမ်းဘုဉ်းပေး၏။ ရှင်အဿဇိ ဆွမ်းဘုဉ်းပေးနေစဉ် ဥပတိဿပရိဗိုဇ်သည် ရှင်အဿဇိ၏ အမူအရာ၌ လေ့လာအကဲခတ်ရင်း ကြည်ညိုလျက် ရှိ၏။ ရှင် အဿဇိ ဆွမ်းဘုဉ်းပေးပြီးသောအခါ ဥပတိဿ ပရိဗိုဇ်သည် မိမိ၌ပါလာသော ရေကရားမှရေကို ဆက်ကပ်၏။ ဤသို့ ဥပတိဿသည် ဆရာအပေါ်၌ ပြုသင့် သောဝတ်ကို ပြုပြီးနောက် ဤသို့ လျှောက်ထား၏။

'အရှင်ဘုရား၊ အရှင်ဘုရား၏ ဣန္ဒြေတို့သည် သိမ်မွေ့လှ၏။ အရှင် ဘုရား၏ ဆရာကား မည်သူပါနည်း'

ထိုအခါ ရှင်အဿဇိက

'ငါ့ရှင် – ငါသည် မြတ်စွာဘုရား၏ သာသနာတော်၌ ရဟန်းပြုခဲ့၏' ဟူ၍ ဖြေ၏။ ထိုသို့ဖြေလျှင် ဥပတိဿပရိဗိုဇ်ကလည်း –

'မြတ်စွာဘုရားရှင်သည် မည်သို့သော တရားများကို ဟောကြားတော် မူပါသနည်း၊ အကျွန်ုပ်အား သိခွင့်ပေးတော်မူပါ' ဟု လျှောက်ထား၏။ ထိုအခါ ရှင်အဿဇိမထေရ်က –

'ငါ့ရှင် – ငါသည် မြတ်စွာဘုရား၏ သာသနာတော်၌ ရဟန်းပြုခဲ့သည်မှာ မကြာလှသေးပါ၊ ထို့ကြောင့် အကျယ်ဟောပြခြင်းငှာ မစွမ်းနိုင်ပါ' ဟူ၍ ပြန်ကြား လေလျှင် ဥပတိဿပရိဗိုဇ်က –

http://www.cherrythitsar.org



'အရှင်ဘုရား သိသမျှကိုသာ ဟောကြားတော်မူပါ' ဟု လျှောက်ထား တောင်းပန်၏။ ထိုအခါ ရှင်အဿဇိမထေရ်က ဤသို့ ဟောကြားတော်မူ၏။

'ဤလောက၌ ဖြစ်ဖြစ်သမျှတို့သည် အကြောင်းကြောင့် ဖြစ်ကုန်၏။ ထိုဖြစ်ဖြစ်သမျှတို့၏ အကြောင်းကို မြတ်စွာဘုရားသည် ဟောကြားတော်မူ၏။ ထို ဖြစ်ဖြစ်သမျှတို့၏ ချုပ်ရာကိုလည်း ဟောကြားတော်မူ၏။ ထို ဖြစ်ဖြစ်သမျှ တို့၏ ချုပ်ရာသို့ ရောက်ကြောင်း အကျင့်ကိုလည်း ဟောကြားတော်မူ၏။ မြတ်စွာ ဘုရားသည် ဤသို့ ဟောကြားတော်မူပါ၏'

ဥပတိဿပရိဗိုဇ်သည် ရှင်အဿဇိမထေရ် ဟောကြားတော်မူသော ဂါထာ၏ ပထမနှစ်ပိုဒ် ဆုံးလျှင်ပင် သောတာပန် ဖြစ်သွား၏။ ကျန်နှစ်ပိုဒ်ကား သောတာပန်ဖြစ်ပြီးမှ နာကြားရသော အပိုဒ်များ ဖြစ်ကြ၏။

'ငါ မျှော်မှန်းခဲ့သော တရားအထူးကို အပြည့်အစုံ ငါ သိရပေတော့မည်' ဟု သဘောပေါက်ပြီး ဥပတိဿက ရှင်အဿဇိမထေရ်အား –

'အရှင်ဘုရား တရားတော်ကို ဆက်လက် ဟောကြားတော်မမူပါနှင့်ဦး၊ ဤမျှနှင့်ပင် ရပ်တန့်တော်မူပါ၊ မြတ်စွာဘုရားသည် ယခု ဘယ်အရပ်၌ သီတင်း သုံးနေတော်မူပါသနည်း' ဟု မေးမြန်းလျှောက်ထားရာ ရှင်အဿဇိ မထေရ် ကလည်း –

'ယခုအခါ မြတ်စွာဘုရားသည် ဤရာဇဂြိုဟ်ပြည် ဝေဠုဝန် ကျောင်းတော် ၌ သီတင်းသုံးလျက် ရှိပါ၏' ဟု ဖြေကြားတော်မူ၏။

ထိုသို့ဖြစ်လျှင် 'အရှင်ဘုရား ကြွနှင့်တော်မူပါဦး' ဟု လျှောက်ထား၏။

ဥပတိဿသည် 'တရားထူးရလျှင် ပြောကြစတမ်း' ဟူသော ကတိ ကဝတ်အတိုင်း မိမိ၏ အဆွေခင်ပွန်းဖြစ်သူ ကောလိတအား ပြောကြားရန် ပြန်လာလေရာ ကောလိတသည် အဝေးမှ ဥပတိဿလာနေသည်ကို မြင်၏။ "ဥပတိဿ၏ ခြေလှမ်းတို့သည် ယခင်နေ့များနှင့်မတူ ထူးခြား၏၊ ရွှင်လန်း သော မျက်နှာရှိ၏၊ ကေန်မချွတ် တရားထူးကို တွေ့ခဲ့ပြီ" ဟု ကြိုတင်တွေး၏။

ကောလိတ၏အနီးသို့ ရောက်သောအခါ ဥပတိဿကအကြောင်းစုံကို ပြန်ပြောပြ၏။ ရှင်အဿဇိမထေရ်ထံမှ သူနာကြားခဲ့ရသော "ယေ ဓမ္မာ ဟေတုပ္ပဘဝါ" ဂါထာကို ဟောပြ၏။ ကောလိတသည်လည်း ထို ဂါထာနှင့်ပင် သောတာပန် ဖြစ်လေ၏။

ယေ ဓမ္မာ ဟေတုပ္ပဘဝါ ဂါထာသည် ပါဠိစာပေလောက၌ အလွန် ထင်ရှားသော ဂါထာဖြစ်၏။ ရှင်အဿဇိမထေရ်က ဥပတိဿပရိဗိုဇ်အား ဤ ဂါထာနှင့်ပင် သစ္စာလေးပါး မြတ်တရားကို သိစေတော်မူခဲ့၏။ ဥပတိဿ

http://www.cherrythitsar.org



ကလည်း ကောလိတ ပရိဗိုဇ်အား ဤဂါထာနှင့်ပင် သစ္စာလေးပါး မြတ်တရားကို သိစေတော်မူခဲ့၏။

ဤဂါထာသည် မြတ်စွာဘုရားရှင်က ဝေဠုဝန်ကျောင်း၌ ကိုယ်တော်တိုင် သစ္စာလေးပါး မြတ်တရားနှင့် သမ္မာသမ္ဗုဒ္ဓဉာဏ်တော်ကို ရရှိတော် မူခဲ့သည့်အတိုင်း ကိုယ်တွေ့တရားအနေဖြင့် ပဉ္စဝဂ္ဂီငါးဦးတို့အား လက်တွေ့ သင်ကြားပြသခဲ့သော "ဓမ္မစက္ကပဝတ္တနသုတ်၊ အနတ္တလက္ခဏာသုတ်နှင့် ပဋိစ္စသမုပ္ပါဒ်ဒေသနာ" ၏ အနှစ်ချုပ် ဖြစ်၏။

ဥပတိဿနှင့် ကောလိတတို့သည် ဤလောက၌ မအိုရာ၊ မနာရာ၊ မသေရာ စင်စစ်ချမ်းသာသော တရားထူး တရားမြတ် ရှိမှန်းတော့ သိ၏။ သို့ရာတွင် ထိုတရားထူးကို မည်သို့ရှာမှန်း မသိ။ ထို့ကြောင့် လူတို့သည် "တပ" အကျင့်ဖြင့် တောရမ်းတောင်ရမ်း စမ်းတဝါးဝါး ကျင့်နေသူများသာ ဖြစ်၏။

ယခု သူတို့ သိကြပြီ၊ အမှန်အားဖြင့် ဤလောက ပုဂ္ဂိုလ်သတ္တဝါ အရာဝတ္ထုဟူ၍ မရှိ၊ ဓမ္မများသာ ရှိ၏။ ဓမ္မဟူသည်မှာလည်း ရုပ်နှင့် နာမ်သာ ဖြစ်၏။ ရုပ်နှင့် နာမ်တို့သည် အကြောင်းသဘောကို ဆောင်သည့် အခါလည်း ရှိ၏။ အကျိုးသဘောကို ဆောင်သည့်အခါလည်း ရှိ၏။ အကြောင်းသဘောကို ဆောင်ရာတွင် "သစ္စာအမြင်" အားဖြင့် "တဏှာ" သည် အရေးအကြီးဆုံး ဖြစ်၏။

တဏှာသည် "အမှန်ရှိသော ရုပ်နှင့်နာမ်" ကို "အဝိဇ္ဇာ၏ မာယာ" အတတ်ဖြင့် ခန္ဓာအိမ် ဆောက်လိုက်၏။ ထို့နောက် "ဒိဋ္ဌိ နှင့် မာန" ဖြင့် ပေါင်း၍ အမှန်မရှိသော အတ္တကို ဖန်ဆင်းပြီး "အသက်" သွင်းပေးလိုက်၏။

ထိုအခါမှ ပုဂ္ဂိုလ် သတ္တဝါဟူ၍ ဖြစ်ပေါ်လာခြင်း ဖြစ်၏။ ပုဂ္ဂိုလ် သတ္တဝါ အနေဖြင့်ရှိသော "အတ္တ" သည် တဏှာအား မိမိနှင့် ဆိုင်သမျှကို "သက်ရှိ" ဖြစ်လျှင်လည်း ပုဂ္ဂိုလ်တစ်ယောက်ပြီး တစ်ယောက်၊ "သက်မဲ့" ဖြစ်လျှင်လည်း အရာဝတ္ထု တစ်ခုပြီးတစ်ခု ဖြစ်အောင် ဖန်ဆင်းခိုင်း၏။ ယင်းကို ပါဠိဝေါဟာရဖြင့် "ပေါနောဗ္ဘဝိကာ" ဟု ဆို၏။ မိမိနှင့် ဆိုင်သမျှကို ချစ်စရာ၊ နှစ်သက်စရာ ဖြစ်အောင် အရောင်အဆင်း ဆိုးခိုင်း၏။ ယင်းကို ပါဠိ ဝေါဟာရ ဖြင့် "နန္ဒီရာဂ" ဟု ဆို၏။ ရောက်ရာ ရောက်ရာ ဘဝ၊ ရောက်ရာ ရောက်ရာဒေသ၌ ပျော်မွေ့စရာ ဖြစ်အောင် ဖန်တီးခိုင်း၏။ ယင်းကို ပါဠိဝေါဟာရဖြင့် "တတြတတြာ – ဘိနန္ဒိနီ" ဟု ဆို၏။

ထို့ကြောင့် တဏှာသဘောအရ "သူတောင်းစား" သည်ပင် မိမိဘဝ နှင့် မိမိပိုင်ပစ္စည်းများကို မြတ်နိုးခြင်း ဖြစ်၏။ နှစ်သက်ခြင်း ဖြစ်၏။ မိမိကိုယ်ကို "ချစ်စရာကောင်းသူ" အဖြစ် မြင်ခြင်း ဖြစ်၏။ မိမိ နေရာ ဒေသကို "နတ်ဘုံ နတ်နန်းသဖွယ်" ထင်မှတ်ခြင်း ဖြစ်၏။

http://www.cherrythitsar.org



အတ္တသည် ထိုမျှသာ မကသေး၊ ဒိဋ္ဌိအား တဏှာနှင့် ပူးပေါင်း၍ ဖန်တီးထားသမျှ အားလုံးကို အစိုင်အခဲအဖြစ် ထင်မြင်ရလေအောင် ဖန်တီးခိုင်း၏။ မာနအား "ငါ ... ငါ" ဟူ၍ မြင့်မြင့်သမျှ ပရိသတ်၏ အလယ်၌ "ဂုဏ်" ယူတတ်အောင် ဝင့်ကြွားတတ်အောင် "မောက်မာ" တတ်အောင် "မထီမဲ့မြင်ပြု" တတ်အောင် ဖန်တီးခိုင်း၏။

ရှင်အသဘိ ဟောပြတော်မူသည့်အတိုင်း မအိုရာ၊ မနာရာ၊ မသေရာ ဖြစ်သော ချမ်းသာစစ် ချမ်းသာမှန် ဖြစ်သော တရားထူး တရားမြတ်ကို ရလိုပါက "တဏှာ" ကို အမြစ်ပြတ်အောင် ပယ်သတ်နိုင်မှ ဖြစ်မည်။ "တဏှာ" သေသွားလျှင် သူနှင့် အပေါင်းအပါ "ဒိဋ္ဌိနှင့်မာန" ပါ သေသွားပေလိမ့်မည်။ သူတို့၏ ဦးဆောင်ဖြစ်သော "အဝိဇ္ဇာ" လည်း သေသွားပေလိမ့်မည်။ ဤသို့ သတ်ရမှန်း သိခြင်းသည်ပင်လျှင် "ကိစ္စဉာဏ်" မည်၏။

အကယ်၍ "တဏှာ" နှင့် အပေါင်းပါ အကြောင်းတရားအုပ်စုကို အမြတ်ပြတ်အောင် အသေမသတ်နိုင်သေးလျှင် "အတ္တ" သည် တဏှာ၊ ဒိဋ္ဌိ၊ မာနတို့၏ စွမ်းအင်ဖြင့် မိမိနှင့်ဆိုင်သမျှကို "ပျော်စရာ" ဖြစ်အောင် ဖန်တီးမည် ဖြစ်၏။ "ခွေး" ကလည်း ခွေးဘဝနှင့် ခွေးပျော်၏။ "နွား" ကလည်း နွားဘဝနှင့် နွား ပျော်၏။ အားလုံးသော သတ္တဝါတိုင်းပင် မိမိတို့၏ ဘဝနှင့် မိမိတို့ ပျော်ကြပါ၏။ ထိုပျော်ခြင်းကား အစစ်အမှန် ပျော်ခြင်းမဟုတ်၊ ဆင်းရဲခြင်း အဆုံးရှိသော ပျော်ခြင်းသာ ဖြစ်၏။ အသံထွက်၍ ငိုခြင်းနှင့် ကျိတ်၍ ငိုခြင်းတို့၏ အကြား၌ လူးလာတုံ့ခေါက်ပြုရင်း ပျော်ခြင်းမျိုးမျှသာ ဖြစ်၏။ ဤပျော်ခြင်းမျိုးကို ဥပတိဿသည်လည်း နား လည်၏။ ကောလိတသည်လည်း နားလည်၏။ ထိုကဲ့သို့သော "အတု ပျော်ခြင်း" မျိုးမှ "အစစ်ပျော်ခြင်း" မျိုးကို ဥပတိဿရော ကောလိတပါ သိကြလေပြီ။

"အတုပျော်ခြင်း" နှင့် ပတ်သက်၍ ဖြစ်ရပ်တစ်ခု ရှိ၏။ တစ်ခုသော အချိန်က အသောကမင်းကြီးသည် ညီတော် တိဿမင်းသားအား မိမိ၏ ထီးနန်း စည်းစိမ်ကို ၇ ရက် လွှဲအပ်၏။ အသောကမင်းကြီး၏ ထီးနန်းစည်းစိမ်ကား အများသိကြသည့်အတိုင်း အလွန်ကြီးကျယ်သော စည်းစိမ် ဖြစ်၏။ သို့ရာတွင် ညီတော် တိဿမင်းသားသည် မိမိရရှိထားသော စည်းစိမ်၌ သာယာမက်မောခြင်း မရှိ၊ အကြောင်းမူကား ဤကြီးကျယ်သော စည်းစိမ်ကို ၇ ရက် ခံစားပြီးနောက် "သေဒဏ်" ခံရမည်ဟု အသောကမင်းကြီးက အမိန့်ထုတ်ထားသောကြောင့် ဖြစ်၏။ အမှန်အားဖြင့် မိမိတို့ ခံစားနေကြသော စည်းစိမ်ဟုသမျှသည် စည်းစိမ် ချမ်းသာအဖြစ်မှ ရွေ့လျောပြီး "ဒုက္ခဆင်းရဲ" အဖြစ်သို့ ရောက်ရမည့်အချိန်ကို

http://www.cherrythitsar.org



တကယ်တမ်း တိတိ ကျကျ သိပါက မည်သူမဆို မိမိ လက်ရှိခံစားနေရသော စည်းစိမ်သော "စစ်မှန်သော စည်းစိမ်ချမ်းသာ" အဖြစ် အဘယ်သို့လျှင် သက်ဝင်ယုံကြည် နိုင်ပါမည်နည်း။

ဥပတိဿသည် လူမင်း စည်းစိမ်၊ နတ်မင်း စည်းစိမ်၊ ဗြဟ္မာမင်း စည်းစိမ် ဟူသမျှတို့သည် စည်းစိမ်ချမ်းသာ အစစ်များ မဟုတ်ကြ၊ စည်းစိမ် ချမ်းသာယောင် ဆောင်နေကြသော "ဒုက္ခ" စစ်စစ်များသာ ဖြစ်၏ဟူ၍ သိ၏။ ပေါ်ပေါ်လွင်လွင် ဆိုရလျှင် ၃၁ ဘုံ အတွင်းရှိ သက်ရှိသက်မဲ့အရာ အားလုံးတို့သည် ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်အရ ပုဂ္ဂိုလ်သတ္တဝါ အရာဝတ္ထုများ မဟုတ်ကြဘဲ ဓမ္မများသာ ဖြစ်ကြ၏။ ယင်း ဓမ္မများသည် အကြောင်းနှင့်အကျိုး ဖြစ်စဉ် နိယာမအရ ခဏမစဲ အမြဲဖြစ်နေ ပျက်နေကြခြင်းသာ ဖြစ်၏။

တစ်နုံတစ်ခုကို မိမိ၏တန်ခိုးဖြင့်ဖြစ်စေ ပျက်စေနိုင်သော တန်ခိုးရှင် ထာဝရဘုရားဟူ၍ မရှိ။ အကြောင်းဖြစ်လျှင် အကျိုးဖြစ်၏။ အကြောင်းချုပ်လျှင် အကျိုးချုပ်၏။ ဤ၌ အကြောင်းတရား ပဋိစ္စသမုပ္ပါဒ်လာ အတိတ်နှင့် ပစ္စုပ္ပန် ဖြစ်သော တဏှာနှင့် အပေါင်းပါ ကိလေသာတရားများတည်း။ အကျိုးတရား ပဋိစ္စသမုပ္ပါဒ်လာ ပစ္စုပ္ပန်နှင့် အနာဂတ်ဖြစ်သော ကိလေသာမဟုတ်သော ရုပ်နှင့် နာမ်တရားများတည်း။ ယင်းတို့ကို မည်သို့ချုပ်အောင် လုပ်ရမည်နည်း၊ ဗောဓိ မဏ္ဍိုင်၌ မြတ်စွာဘုရားလုပ်ခဲ့သော နည်းအတိုင်း လုပ်ရန်ဖြစ်၏။ မြတ်စွာဘုရား ကလည်း ပဉ္စဝဂ္ဂီငါးဦးတို့အား ကိုယ်တိုင် လက်တွေ့ကျင့်သုံးခဲ့သည့်နည်းဖြင့် "အမြိုက်နိဗ္ဗာန်" ကို ရစေခဲ့၏။ ရောက်စေခဲ့၏။ "အမြိုက်နိဗ္ဗာန်" ဟူသည် အတုမဲ့ချမ်းသာစစ် ချမ်းသာမှန် ဖြစ်၏။

ကျွန်ုပ်တို့သည် လက်ရှိ အတွေ့အကြုံအရ မိုးလင်းမှ မိုးချုပ်သည် အထိ မိမိဘဝ ရှင်သန်ရေးအတွက် သွားကြ၏၊ လာကြ၏၊ ပြောကြ၏၊ ဆိုကြ၏၊ စဉ်းစားကြ၏၊ လှုပ်ရှားကြ၏၊ ထိုအတွင်း ရယ်သည့်အခါလည်း ပါ၏၊ ငိုသည့် အခါလည်း ပါ၏၊ ပျော်သည့်အခါလည်း ပါ၏၊ စိတ်ညစ်သည့်အခါလည်း ပါ၏၊ ချမ်းသာသည့်အခါလည်း ပါ၏၊ ဆင်းရဲသည့်အခါလည်း ပါ၏။ သို့ရာ တွင် ဘာပဲပါပါ မျှော်လင့်ချက်ဖြင့် မိမိဘဝကို မိမိ တွယ်တာနေကြသူများသာ ဖြစ်၏။ ဤဖြစ်ရပ်များမှာ အရပ်သုံး ဝေါဟာရဖြင့် ဖော်ပြထားသော ဖြစ်ရပ်များ ဖြစ်ပါ၏။

ဒေသနာ ဝေါဟာရဖြင့် ဖော်ပြရလျှင် ယင်းဖြစ်ရပ်များကို "လောက" ဟူ၍ လည်းကောင်း၊ "ပဋိစ္စသမုပ္ပါဒ်" ဟူ၍ လည်းကောင်း၊ "ဓမ္မ" ဟူ၍ လည်းကောင်း၊ "ခန္ဓာ" ဟူ၍ လည်းကောင်း၊ "အာယတန" ဟူ၍ လည်း ကောင်း၊

http://www.cherrythitsar.org



"အတ္တ" ဟူ၍ လည်းကောင်း၊ "သတ္တ" ဟူ၍ လည်းကောင်း ဆိုကြ၏။ ဝိပဿနာ ပေါ်ဟာရဖြင့် ဆိုရလျှင် "ရုပ်နှင့်နာမ်" သို့မဟုတ် "ပရမတ္ထ" တရားများ ဖြစ်ကြ၏။ သင်္ခါရတရားများ ဖြစ်ကြ၏။

ယင်း ရုပ်နှင့် နာမ်တရားများ၌ အနိစ္စ၊ ဒုက္ခ၊ အနတ္တ – သဘော ပေါ် လာအောင် ရှုရ၏။ ယင်းသို့ ပေါ်လာအောင် ရှုရမည့်သဘောကို "ကိစ္စ ဉာဏ်" ဟူ၍ ဓမ္မစက္ကပ္ပဝတ္တနသုတ်၌ ဟောတော်မူထား၏။ ယင်းသို့ ပေါ်လာ အောင် မည်သို့ရှုရမည်နည်း၊ သမ္မာဒိဋ္ဌိ ဦးဆောင်သော မဂ္ဂင်ရှစ်ပါးဖြင့် ရှုရ၏။ မဂ္ဂင်ရှစ်ပါး ဟူသည်မှာ ဝိပဿနာဉာဏ်ပင် ဖြစ်၏။ သင်္ခါရ တရားများ၌ "အနိစ္စ၊ ဒုက္ခ၊ အနတ္တ" သဘော ပေါ်လာသည်အထိ မြင်နိုင်အောင် မဂ္ဂင်ရှစ်ပါး မြတ် တရားကို အကြိမ်ကြိမ် ပွားရမည်၊ မပြင်မချင်း ပွားရမည်။ ဤသို့ မဂ္ဂင်ရှစ်ပါး၏ လုပ်ငန်းကို သိခြင်းသည်လည်း "ကိစ္စဉာဏ်" ပင် မည်၏။

သင်္ခါရတရားတို့၌ "အနိစ္စ၊ ဒုက္ခ၊ အနတ္တ" သဘောကို မဂ္ဂင်ရှစ်ပါး သည် ဗောဓိပက္ခိယတရားများ၏ စွမ်းအား အထွတ်အထိပ်သို့ ရောက်အောင် ဆောင်ရွက်နိုင်ပြီး တကယ်တမ်း အပ်ကျမတ်ကျ ဝိမုတ္တိရသသဘောဖြင့် မြင်သော အခါ သင်္ခါရတရားတို့၏ ချုပ်ငြိမ်းခြင်းသဘောကို ဧကန်မျက်မှောက် ပြုရတော့ ၏။ ဤနည်းဖြင့် ဥပတိဿသည် နိရောဓ သစ္စာခေါ် နိဗ္ဗာန်ကို မျက်မှောက်ပြု နိုင်ခဲ့၏။ သူ၏ အဆွေခင်ပွန်း ကောလိတကိုလည်း မျက်မှောက်ပြုစေနိုင်ခဲ့၏။ ဤသို့ သင်္ခါရ တရားများကို ကျော်လွန်၍ မအိုရာ မနာရာ မသေရာဖြစ်သော "ချမ်းသာစစ် ချမ်းသာမှန်" "နိဗ္ဗာန်" ကို မျက်မှောက်ပြုနိုင်အောင် လုပ်ရမည့် လုပ်ငန်းကို သိခြင်းသည်လည်း "ကိစ္စဉာဏ်" ပင် ဖြစ်၏။

မြတ်စွာဘုရား သာသနာတော်၌ ဥပတိဿနှင့် ကောလိတတို့သည် ရှင်အဿဇိထံမှ ကြားနာခဲ့ရသော "ယေဓမ္မာဟေတုပ္ပဘဝါ" ဖြင့် တရားသုံး တရားမြတ်ကို ကိုယ်တိုင်ကိုယ်ကျ မြင်ပြီ၊ ဓမ္မ ဟူသမျှသည် ဒုက္ခ၊ သမုဒယ၊ နိရောဓ၊ နိရောဓဂါမိနီ ပဋိပဒါ ဟူ၍ "သစ္စာ" အနေဖြင့် လေးမျိုးသာ ရှိ၏။ ယင်းလေးမျိုးသည် အတုမဲ့မှန်သော သစ္စာဖြစ်၏။ ယင်းသစ္စာကို အရိယသစ္စာဟူ၍ ဆိုရ၏။ အရိယသစ္စာနှင့် ပတ်သက်၍ ဥပတိဿနှင့် ကောလိတတို့သည် "သစ္စဉာဏ်" ကိုလည်း ရကြပြီ၊ "ကိစ္စဉာဏ်" ကို လည်း ရကြပြီ၊ "ကတဉာဏ်" ကိုလည်း ရကြပြီ။ ဤ၌ သစ္စဉာဏ်ဟူသည် ၃၁ ဘုံတွင်းဝယ် ရှိရှိသမျှ ပုဂ္ဂိုလ် သတ္တဝါ အားလုံးကို သမ္မုတိသစ္စာ အနေအားဖြင့်သာ "အရှိ" အဖြစ်ဖြင့် ရှုမြင်ပြီး ပရမတ္ထဓမ္မအားဖြင့် ကြည့်လျှင်မူ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ မဂ္ဂသစ္စာဟူ၍ လေးမျိုးသာ ရှိ၏ ဟူ၍ သိသောဉာဏ် ဖြစ်၏။ ကိစ္စဉာဏ်ဟူသည်

ဒုက္ခသစ္စာ၌ အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘောမှ တစ်ပါးအခြား ဘာမျှမရှိ။ သမုဒယသစ္စာ၌ အဝိဇ္ဇာ တဏှာနှင့် ယင်း၏ အပေါင်းပါ ကိလေသာအားလုံးကို မြစ်ပြတ်ပယ် သတ်ရမည်။ နိရောဓသစ္စာ၌ သမုဒယသစ္စာနှင့် ဒုက္ခသစ္စာတို့သည် တစ်ဖန်ပြန်မဖြစ်သောအားဖြင့် ချုပ်ကြ၏။ မဂ္ဂသစ္စာ၌ မဂ္ဂင်ရှစ်ပါးတို့သည် အခြားဆိုင်ရာ ဗောဓိပက္ခိယများနှင့်အတူ နိဗ္ဗာန်ကို အာရုံပြုသောအားဖြင့် သိ၏။ ကျန်သစ္စာ ၂ ပါးကို ကိစ္စပြီးသောအားဖြင့် သိ၏ဟူ၍ သိသောဉာဏ် ဖြစ်၏။ ကတဉာဏ်ဟူသည် ပြုသင့်သော ကိစ္စအားလုံးကိုပြုပြီးနောက် လောကုတ္တရာနယ်သို့ ရောက်သွားပြီဖြစ်ကြောင်းကို သိသောဉာဏ် ဖြစ်၏။

ဥပတိဿနှင့် ကောလိတတို့သည် မနောမဒဿီ မြတ်စွာဘုရားလက်ထက်မှ ဗျာဒိတ်တော်ကိုရပြီးလျှင် အဝိဇ္ဇာ၏ မျက်လှည့်ပြပွဲ၌ သာယာမက်မောနေကြသော သတ္တဝါအပေါင်းကို အမှန်အတိုင်း မြင်ဆပြီး အတုမဲ့ ချမ်းသာဖြစ်သော နိဗ္ဗာန်သို့ ပို့ဆောင်နိုင်သော စွမ်းရည်ကို ကိုယ်တိုင်ပိုင်ဆိုင်နိုင်စိမ့်သောငှာ တစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်းတို့ ကာလပတ်လုံး ပါရမီတို့ကို ဖြည့်ကျင့်တော်မူခဲ့၏။ ယခု ပါရမီတို့ ပြည့်လေပြီ၊ အဂ္ဂသာဝကများ အနေဖြင့် အဝိဇ္ဇာ၏ မာယာကွန်ရက်၌ မိနေကြသော သတ္တဝါအပေါင်းကို ကယ်တင်ရပေတော့မည်။ သူတို့၏ မေတ္တာစေတနာကား ကြီးမားလှပါဘိ။

ကောလိတသည် ဥပတိဿထံမှ ရှင်အဿဇိ ဟောကြားတော်မူလိုက်သော တရားတော်ကို ကြားနရလျှင် ကြားနာရချင်း ရာဇဂြိုဟ်ပြည်ရှိ ဝေဠုဝန်ကျောင်းရှိ မြတ်စွာဘုရားထံတော်မှောက်သို့ ချက်ချင်း သွားရောက်လို၏။ ကျန်နေသေးသော အထက်မဂ်ဖိုလ်တရားများအတွက် ဆက်လက် ကျင့်ကြံနိုင်ရန် မြတ်စွာဘုရားထံတော်မှောက်မှ တရားဒေသနာတော်ကို နာကြားလို၏။

ဥပတိဿကမူ မိမိတို့၏ ဆရာတော်ခဲ့ဖူးသော သိဉ္စည်းဆရာ ကြီးထံ သွားရောက်၍ မိမိတို့ သိလာသော သစ္စာလေးပါး မြတ်တရားကို ဟောပြချင်သေး၏။ ထိုသို့ ဟောပြလိုက်ပါက သိဉ္စည်းဆရာကြီးသည် ဉာဏ်ရှိသူပီပီ မိမိကိုယ်တိုင် သစ္စာလေးပါးတရားကို မျက်မှောက်ပြုချင်လည်း ပြုသွားနိုင်သည်။ အကယ်၍ မျက်မှောက်မပြုနိုင်ပါက မိမိတို့ကို အားနာ၍ မြတ်စွာဘုရားထံတော်မှောက်သို့ လိုက်လာနိုင်ရာ၏။ မြတ်စွာဘုရားထံတော်မှောက်မှ တရားတော်ကို ကိုယ်တိုင် ကြားနာရပါလျှင် သိဉ္စည်းဆရာကြီးသည် မုချမသွေ သစ္စာလေးပါး မြတ်တရားကို မျက်မှောက်ပြု နိုင်ပေလိမ့်မည်။

ဥပတိဿသည် သူ၏ အယူအဆကို ကောလိတအား တင်ပြ၏။ ကောလိတကလည်း သဘောတူပါ၏။ သို့ရာတွင် သိဉ္စည်းဆရာကြီးသည် ဂိုဏ်း

ဆရာကြီးအနေဖြင့် ဉာဏ်ရှိသည် မှန်ပါ၏။ သူ၏ဉာဏ်ကား သမ္မာဒိဋ္ဌိဉာဏ်မျိုး မဟုတ်၊ မိစ္ဆာဒိဋ္ဌိဉာဏ်မျိုးသာ ဖြစ်၏။ ဤသို့သော အခြေအနေသည် ဥပတိဿ အတွက် အသိရခက်သော အခြေအနေမျိုး ဖြစ်၏။ သဉ္စယပါဝါဝါတစ်ဦး ကျွတ်ထိုက် မကျွတ်ထိုက်ကို အာသယာနုသယဉာဏ်နှင့် ဣန္ဒြိယ ပရောပရိယတ္တဉာဏ်တို့ ဖြစ်သော တိတိကျကျ သိနိုင်၏။ ဤဉာဏ်နှစ်မျိုးကား မြတ်စွာဘုရား၏ အရာသာ ဖြစ်၏။ သို့ရာတွင် ဥပတိဿသည် သူ့ကိုယ်ကို လောကအတွက် အသုံးချလို စိတ်ပြင်းပြ၏။ ထို့ကြောင့် ဥပတိဿနှင့် ကောလိတတို့ နှစ်ဦးသည် မိမိတို့ဆရာ သိဉ္စည်းထံသို့ သွားကြ၏။

ဆရာကြီးထံ ရောက်လျှင် အခါတိုင်း မေးနေကျအတိုင်း –

'သင်တို့သည် မအိုရာ မနာရာ မသေရာဖြစ်သော အမြိုက်နိဗ္ဗာန်ကို တွေ့ခဲ့ကြပြီလော' ဟု မေးမြန်း၏။

ဥပတိဿနှင့် ကောလိတတို့ကလည်း –

'မိမိတို့သည် မအိုရာ မနာရာ မသေရာ အမြိုက်နိဗ္ဗာန်ကို တွေ့ခဲ့ကြ ပါပြီ၊ ဤလောက၌ သစ္စာလေးပါးကို ထိုးထွင်း၍ သိတော်မူသော သဗ္ဗညုတ ဉာဏ်ရှင် မြတ်စွာဘုရားသည် အမှန်ပင် ပွင့်တော်မူပါပြီ၊ သစ္စာလေးပါး မြတ် တရားနှင့် သံဃာတော်များလည်း ပေါ်ပေါက်လျက် ရှိပါပြီ။ ထို့ကြောင့် ဤ လောက၌ ဘုရား၊ တရား၊ သံဃာ၊ ရတနာသုံးပါးလုံး ပေါ်ပေါက်နေပြီ ဖြစ်ပါသဖြင့် ယခု ဆရာကြီးအား မြတ်စွာဘုရားထံ သွားရောက်ရန် လာရောက်ပင့်ဆောင်ခြင်း ဖြစ်ပါသည်' ဟု ရိုသေစွာ သိဉ္စည်းဆရာကြီးအား ပြောကြားကြလေ၏။

ထိုအခါ ဆရာကြီးက –

'ဥပတိဿ၊ ငါ၏ဂိုဏ်းတွင် သင်တို့နှစ်ယောက်ကို ငါသည် အားအထား ဆုံး ဖြစ်၏၊ ငါမရှိလျှင် ငါ၏ တရားဓမ္မများကို ဦးစီးဦးဆောင်ပြု၍ ဖြန့်ချီ ဟောပြောရေးအတွက် သင်တို့ကို တာဝန်ပေးအပ်ရန် ငါ ရည်ရွယ်ထားပါ၏' ဟု သိဉ္စည်းဆရာကြီးက ပြောလေ၏။

ထိုအခါ ဥပတိဿက –

'ဆရာ၊ ကျွန်ုပ်တို့သည် မအိုရာ၊ မနာရာ၊ မသေရာဖြစ်သော အမြိုက် နိဗ္ဗာန်ကို ရှာခြင်းငှာ လောကီစည်းစိမ် ဟူသမျှကို စွန့်ပြီး ပရိဗိုဇ်ပြုခဲ့ကြခြင်း ဖြစ်၏။ အချည်းနှီးသော ဘဝဖြင့် အချိန်ကို မကုန်လွန်စေဘဲ ကျွန်ုပ်တို့နှင့် အတူ မြတ်စွာဘုရားရှင်ထံ လိုက်ခဲ့ပါရန် တိုက်တွန်းပါ၏' ဟု ပြောကြားလေရာ သိဉ္စည်းဆရာကြီးက –

'ဥပတိဿ၊ ငါသည် ဂိုဏ်းခေါင်းဆောင် ဖြစ်၏။ ငါ၏ဂိုဏ်းတွင်

http://www.cherrythitsar.org



အိုးစရည်း ဖြစ်၏။ ဗုဒ္ဓထံ၌မူ ငါသည် အိုးစရည်းထဲမှ ရေခွက်သာ ဖြစ်နိုင်၏။ ငါသည် ရေခွက် မဖြစ်လိုတော့၊ သင်တို့၏ ဆန္ဒအတိုင်းပင် သင်တို့ သွားလိုက သွားနိုင်၏။ ငါမူကား မလိုက်လိုပြီ' ဟု ဆို၏။

ဥပတိဿကလည်း –

'ဆရာ၊ မြတ်စွာဘုရားထံ ကျွန်ုပ်တို့ သွားကြလျှင် ပရိဗိုဇ်ငါးရာတို့သည်လည်း ကျွန်ုပ်တို့နှင့်အတူ လိုက်ကြမည် ဖြစ်၏။ ထိုအခါ ဆရာတစ်ဦးတည်းသာ ကျန်ရစ်ပေလိမ့်မည်' ဟု ထပ်မံ ပြောကြပြန်ရာ သိဉ္စည်း ဆရာကြီးကလည်း –

'ဥပတိဿ၊ ဤလောက၌ လူမိုက်နှင့် လူလိမ္မာ နှစ်မျိုးတို့တွင် လူမိုက်က များ၍ လူလိမ္မာက နည်း၏။ လူလိမ္မာတို့က ဗုဒ္ဓထံသွားလျှင် လူမိုက်တို့က ငါထံ လာပေလိမ့်မည်၊ သင်တို့ ငါ့အတွက် မပူလေနှင့်၊ သင်တို့၏ ဆန္ဒအတိုင်း ဗုဒ္ဓထံ သင်တို့သွားကြတော့' ဟု ဆို၍ ခွင့်ပြု လိုက်၏။

ဥပတိဿနှင့် ကောလိတတို့သည်လည်း နောက်ပါ ပရိဗိုဇ်များနှင့် အတူ ဝေဠုဝန်ကျောင်းတော်ရှိ မြတ်စွာဘုရားရှင်ထံသို့ လာကြလေရာ ထိုအချိန်၌ မြတ်စွာဘုရားသည် ပရိသတ်အား တရားဟောတော်မူဆဲ ဖြစ်၏။ ဥပတိဿနှင့် ကောလိတတို့သည် ပရိသတ်၏ အလယ်သို့ ဝင်ရောက်၍ မြတ်စွာဘုရားကို ကြည်ညိုလေးမြတ်စွာ ဖူးမြော်ကြ၏။ ထိုနောက် ပရိသတ်၏ အလယ်၌ ပထမ ဆရာ ဖြစ်တော်မူသော ရှင်အဿဇိ မထေရ်အား ရှာဖွေ၍ ကန်တော့ပြီးလျှင် သင့်လျော်လျောက်ပတ်သော နေရာ၌ ဆည်းကပ်လျက်နေကြ၏။

ထိုအခါ မြတ်စွာဘုရားက 'သာရိပုတ္တရာနှင့် မောဂ္ဂလ္လာန်တို့ လာကြကုန်လော့' ဟု ရင်းနှီးစွာ ခေါ်တော်မူသောအခါ ဥပတိဿနှင့် ကောလိတတို့သည် များစွာ ကြည်နူးဝမ်းမြောက်ကြ၏။ ထိုခေတ် မဇ္ဈိမဒေသ ယဉ်ကျေးမှုအရ မယ်တော်ဖြစ်သော သာရီပုဏ္ဏေးမကို အစွဲပြု၍ ဥပတိဿအား "သာရိပုတ္တရာ" ဟု ခေါ်ခြင်းသည် မြတ်စွာဘုရား၏ ကြီးမားသော ဂုဏ်ပြုခြင်း ဖြစ်၏။ ထို့နည်းအတူ မောဂ္ဂလီပုဏ္ဏေးမ၏ သားဖြစ်သော ကောလိတအား "မောဂ္ဂလ္လာန်" ဟု ခေါ်ခြင်းသည်လည်း မြတ်စွာဘုရား၏ ကြီးမားသော ဂုဏ်ပြုခြင်းဖြစ်၏။

ထိုအခါမှစ၍ ဥပတိဿသည် "သာရိပုတ္တရာ" ဟူသော အမည်ဖြင့် ထင်ရှား၏။ ကောလိတသည် "မောဂ္ဂလ္လာန်" ဟူသော အမည်ဖြင့် ထင်ရှား၏။ ထိုတရားပွဲ၌ပင် ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလ္လာန်တို့သည် မိမိတို့၏ နောက်ပါ ပရိဗိုဇ်များနှင့်အတူ မြတ်စွာဘုရားထံ ရဟန်းအဖြစ်ကို တောင်းကြ၏။ မြတ်စွာဘုရားကလည်း "ဧဟိဘိက္ခု" ရဟန်းအဖြစ်ဖြင့် ရဟန်းအဖြစ်ကို ခွင့်ပြုတော်မူ၏။

မြတ်စွာဘုရားသည် ထိုတရားပွဲ၌ ရှင်သာရိပုတ္တရာနှင့်ရှင်မောဂ္ဂလ္လာန်

http://www.cherrythitsar.org



တို့နှင့်တကွ နောက်ပါပရိသတ်အား စရိုက်အားလျော်စွာ တရားတော်ကို ဟောပြောရာ ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလ္လာန်တို့မှတစ်ပါး သူတို့၏ တပည့်များအားလုံးသည် ရဟန္တာ ဖြစ်ကြ၏။ ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလ္လာန်တို့ကား မိမိတို့၏ ကြီးမားသော ပါရမီများ အထွတ်အထိပ်သို့ရောက်ရန် အချိန်လိုသေးသဖြင့် ရဟန္တာ မဖြစ်ကြသေးချေ။

ရှင်မောဂ္ဂလ္လာန်သည် ရဟန်းဖြစ်သောနေ့မှ ၇ ရက်မြောက်သော နေ့၌ ရဟန္တာ ဖြစ်၏။ ရှင်သာရိပုတ္တရာသည် ရဟန်းဖြစ်သောနေ့မှ ၁၅ ရက်မြောက်သောနေ့၌ ရဟန္တာဖြစ်၏။ ရှင်သာရိပုတ္တရာ ရဟန္တာဖြစ်သော နေ့၌ပင် မြတ်စွာဘုရားသခင်သည် ဝေဠုဝန်ကျောင်းတော်၌ တပည့်သာဝက အပေါင်းကို စည်းဝေးစေ၍ ရှင်သာရိပုတ္တရာအား "လက်ယာရံ အဂ္ဂသာဝက" အရာနှင့် ရှင်မောဂ္ဂလ္လာန်အား "လက်ဝဲရံ အဂ္ဂသာဝက" အရာကို ပေးတော်မူပြီးလျှင် ဩဝါဒပါတိမောက်ကို ပြတော်မူ၏။

ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလ္လာန်တို့အား အဂ္ဂသာဝက အရာများကို မြတ်စွာဘုရားက ပေးတော်မူသောအခါ –

'ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလ္လာန်တို့သည် မြတ်စွာဘုရား၏ သာသနာတော်အတွင်းသို့ နောက်မှ ရောက်လာသူများ ဖြစ်ကြ၏၊ ထို့ကြောင့် အဂ္ဂသာဝက အရာကို သူတို့အား မပေးဘဲ ရှင်ကောဏ္ဍညတို့အား ဖြစ်စေ၊ ရှင်ယသတို့အား ဖြစ်စေ၊ ဘဒ္ဒဝဂ္ဂီတို့အား ဖြစ်စေ၊ ဥရုဝေလကဿပ ညီနောင်တို့အား ဖြစ်စေ ပေးသင့်၏' ဟု ရဟန်းတော်များအချင်းချင်း ပြောဆိုကြလေရာ မြတ်စွာဘုရားက ဤသို့ ရှင်းပြတော်မူ၏။

'ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလ္လာန်တို့သည် မနောမဒဿီ မြတ်စွာဘုရားထံတော်မှောက်၌ "အဂ္ဂသာဝက" မျိုးစေ့ကို အောင်မြင်စွာ စိုက်ပျိုးခဲ့ကြသူများ ဖြစ်ကြ၏။ ရှင်ကောဏ္ဍညသည် ဝိပဿီ မြတ်စွာဘုရား ထံတော်မှောက်၌ လည်းကောင်း၊ ပဒုမုတ္တရ မြတ်စွာဘုရားထံတော်မှောက်၌ လည်းကောင်း၊ သစ္စာလေးပါး မြတ်တရားကို ပထမဆုံးသိသော အရဟန္တာမျိုးစေ့ကို စိုက်ပျိုးခဲ့သူ ဖြစ်၏။ ထိုနည်းအတူပင် ရှင်ယသတို့သည် လည်းကောင်း၊ ဘဒ္ဒဝဂ္ဂီတို့သည် လည်းကောင်း၊ ဥရုဝေလ ကဿပညီနောင်တို့သည် လည်းကောင်း မိမိတို့ ဆိုင်ရာ ဆိုင်ရာ မြတ်စွာဘုရားရှင်တို့၏ ထံတော်မှောက်၌ မိမိတို့ ဆိုင်ရာဆိုင်ရာ "အရဟတ္တဖိုလ်" မျိုးစေ့များကိုသာ အောင်မြင်စွာ စိုက်ပျိုးခဲ့သူများ ဖြစ်ကြ၏။

မိမိတို့ အောင်မြင်စွာ စိုက်ပျိုးခဲ့သော မျိုးစေ့များကို ပေါင်းသင်ခြင်း၊ မြေဩဇာထည့်ခြင်း စသော သဘောမျိုးဖြင့် ပါရမီများကို အစဉ်တစိုက် ဖြည့်ကျင့်

http://www.cherrythitsar.org



ခဲ့ရာ ထိုမျိုးစေ့တို့သည် သီးပွင့်သင့်သော အချိန်သို့ ရောက်ပါက ဆိုင်ရာဆိုင်ရာ မျိုးစေ့တို့၏ နိယာမအရ ဆိုင်ရာဆိုင်ရာ အသီးအပွင့် အပင်တို့သာ ဖြစ်ထွန်းကြရ၏။ မည်သူကမှ တန်ခိုးအာဏာဖြင့် "ဖြစ်စေသတည်း" ဟူ၍ သစ္စာဝကို လွန်ဆန်ပြီး ဖန်ဆင်းခြင်း မပြုနိုင်။

မြတ်စွာဘုရား၏ သာသနာတော်ကို ဤကဲ့သို့ အရှည်တည်တံ့အောင် ပြုလုပ်ရာတွင် အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလ္လာန်တို့သည် အရေးအပါဆုံးသောကဏ္ဍမှ ပါဝင်ဆောင်ရွက်ကြ၏။ ပညာရေးရာနှင့် ပတ်သက်လာလျှင် မြတ်စွာဘုရားသည် ရှင်သာရိပုတ္တရာအား မိမိ၏ လက်ရုံးတစ်ဆူအဖြစ် အားကိုး၏။ တန်ခိုးဣဒ္ဓိပါဒ်နှင့် ပတ်သက်လာလျှင် မြတ်စွာဘုရားသည် ရှင်မောဂ္ဂလ္လာန်အား မိမိ၏ လက်ရုံးတစ်ဆူအဖြစ် အားကိုး၏။ မြတ်စွာဘုရားသည် လောက၏ အစီးအပွားအတွက် မိမိ၏ သာသနာတော်ကို အရှည်ရှည်စွာ တည်ပါစေခြင်း အကျိုးငှာ ဤအဂ္ဂသာဝကများ၊ မဟာသာဝကများဖြင့် ဆောင်ရွက်ခဲ့ပါ၏။

အခါတစ်ပါး၌ ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလ္လာန်တို့က မြတ်စွာဘုရားအား ဤသို့ လျှောက်ထားကြ၏။

'တပည့်တော်တို့သည် သိဉ္စည်းဆရာကြီးအား မြတ်စွာဘုရား၏ ခြေတော်ရင်းသို့ လိုက်လာပါရန် ခေါ်ကြပါ၏။ ထိုအခါ သိဉ္စည်းဆရာကြီးက မိမိသည် များစွာသော တပည့်အပေါင်းတို့၏ ဆရာဖြစ်၏။ အိုးစရည်းကြီးသဖွယ် ဖြစ်၏။ ဖုဒ္ဓထံ၌ နေရလျှင် ရေခွက်သဖွယ်သာ ဖြစ်ပေမည်။ ထို့ကြောင့် ငါသည် ဗုဒ္ဓထံသို့ မလိုက်လို၊ သင်တို့သာ သွားကြလေတော့ဟု ပြန်ကြားခဲ့ပါသည် ဘုရား'

ထိုအခါ မြတ်စွာဘုရားက ဤသို့ မိန့်ကြားတော်မူ၏။

— **မိစ္ဆာဒိဋ္ဌိ အယူရှိကုန်သော ပုဂ္ဂိုလ်တို့သည် အနှစ်သာရ မရှိသော တရား၌ အနှစ်သာရ ရှိသည်ဟု ယူဆကြကုန်၏။ အနှစ်သာရ ရှိသော တရား၌ အနှစ်သာရမရှိဟု ယူဆကြကုန်၏။ ထိုပုဂ္ဂိုလ်တို့သည် အနှစ်သာရကို မရနိုင်ကြကုန်။**

— **သမ္မာဒိဋ္ဌိ အယူရှိကုန်သော ပုဂ္ဂိုလ်တို့သည် အနှစ်သာရရှိသော တရားကို အနှစ်သာရရှိမှန်း သိကြ၏။ အနှစ်သာရ မရှိသော တရားကို အနှစ်သာရမရှိမှန်း သိကြ၏။ ထိုပုဂ္ဂိုလ်တို့သည် အနှစ်သာရကို ရနိုင်ကြကုန်၏။**

ဤလောက၌ အရာဝတ္ထုဟူသမျှတွင် အသွင်သဏ္ဌာန်ပိုင်းနှင့် အနှစ်သာရပိုင်း ဟူ၍ နှစ်မျိုးရှိ၏။ အသွင်သဏ္ဌာန်ပိုင်း ဟူသည် ပညတ်ပိုင်း ဖြစ်၏။ အနှစ်သာရပိုင်း ဟူသည် ပရမတ်ပိုင်း ဖြစ်၏။ ပညတ်ပိုင်းတွင် ရာထူးဂုဏ်သိန် စည်းစိမ်ဥစ္စာ ရတနာရွှေငွေ တိုက်တာအိမ်ခြေ စသည်အားဖြင့် သက်ရှိသက်မဲ့

http://www.cherrythitsar.org



အခြေခံရှိ ပုဂ္ဂိုလ်သတ္တဝါ အရာဝတ္ထုအားလုံး ပါဝင်၏။ အနှစ်သာရပိုင်းတွင် ပရမတ္ထ ဖြစ်သော "မိစ္ဆာသက်ပွနှင့် သမ္မာသက်ပွ" တို့ ပါဝင်၏။

ထိုတွင် ပညတ်ပိုင်းဆိုင်ရာအတွက် လူတို့သည် မရမနေ နပုံးမှချေး ခြေမကျသည်အထိ ကိုယ်အားဉာဏ်အားဖြင့် ကြိုးစားကြ၏။ ပုဂ္ဂိုလ် သတ္တဝါ မှန်လျှင် အားလုံး ပညတ်ပိုင်းဆိုင်ရာအတွက် ကြိုးစားချက်ချင်း အတူတူပင် ဖြစ်၏။ ပညတ်ပိုင်း ဆိုင်ရာများသည်လည်း အရေအတွက်နှင့် အရည်အချင်း အားဖြင့် နည်းသည်၊ များသည်၊ ဆိုးသည်၊ ကောင်းသည် ဟူ၍သာ ခြားနား၏။ သဘောအားဖြင့်ကား အတူတူပင်ဖြစ်၏။ တဏှာက ချစ်စရာကောင်းသော အရောင် "နန္ဒိရာဂ"ဖြင့် ဆိုးထားသည်ချည်း ဖြစ်၏။ တစ်ခုပြီးတစ်ခု မကျေနပ်နိုင်ဘဲ "ပေါ်နောဗ္ဘဝိကာ" ဖြင့် ဖန်ဆင်းထားသည်ချည်း ဖြစ်၏။ မိမိတို့ ရောက်ရာ ရရာဘဝနှင့် ပိုင်ဆိုင်ရာ အရာဝတ္ထုများ၌ တွယ်တာနေနိုင်အောင် "တတြတတြာ ဘိနန္ဒိနီ" ဖြင့် ဖွဲ့နှောင်ထားသည်ချည်း ဖြစ်၏။

သို့ဖြစ်လေရာ ပညတ်ဝတ္ထုများ၌ "အကာ" နှင့် "အနှစ်" ဟူ၍ ခွဲခြားရန် မလွယ်။ အဘယ့်ကြောင့်ဆိုသော် အသွင်သဏ္ဍာန်များသည် အားလုံးတူသော အသွင်အပြင်ကို ဆောင်သောကြောင့် ဖြစ်၏။ သို့ရာတွင် "အကာ" နှင့် "အနှစ်" ကို ပီပီပြင်ပြင် ခွဲခြားနိုင်သော သဘောသည် ရှိ၏။ ယင်းသဘောကား ပရမတ် သဘောတည်း။

ပရမတ်သဘောတွင် "မိစ္ဆာသက်ပွနှင့် သမ္မာသက်ပွ" သဘော သည် လုံးလုံးခြားနား၏။ မိစ္ဆာသက်ပွဟူသည် မှားယွင်းသော အတွေးဖြစ် ၏။ သမ္မာ သက်ပွဟူသည် မှန်သောအတွေး ဖြစ်၏။ လူ့လောက၌ နေကြရသူ မှန်သမျှ အကြောင်းအမျိုးမျိုးကြောင့် တစ်ဦးနှင့်တစ်ဦး မလွဲမသွေ ဆက်ဆံကြရ၏။ မဆက်ဆံဘဲ နေ၍မရ၊ ထိုအခါ "အနှောင့်ခြင်း" နှင့် "အသာခံ ခြင်း" ဟူသော ဝေါဟာရ နှစ်လုံးရှိ၏။

"အနှောင့်ခြင်း" ဟူသော ဝေါဟာရသည် "သမ္မာသက်ပွ" ၏ အဓိပ္ပာယ် နက် ဖြစ်၏။ လူအချင်းချင်း ဆက်ဆံရာတွင် ဆိုင်ရာဆိုင်ရာ သတ်မှတ်ထားသော စည်းကမ်းများ ရှိ၏။ ဝန်ထမ်းများတွင်လည်း ဝန်ထမ်းများအလျောက်၊ ကုန်သည် များတွင်လည်း ကုန်သည်များ အလျောက်၊ ကာယ လုပ်သားဖြစ်စေ၊ ဉာဏ လုပ်သားဖြစ်စေ လုပ်သားများတွင်လည်း လုပ်သားများအလျောက်၊ အုပ်ချုပ်သူများ တွင်လည်း အုပ်ချုပ်သူများ အလျောက် စသည် စသည်အားဖြင့် သတ်မှတ်ထား သော စည်းကမ်းများ ရှိ၏။ ယင်းတို့ကို တရားဥပဒေများ၊ ဓလေ့ထုံးစံများ၊ စည်းမျဉ်းများ၊ အစဉ်အလာများ၊ တာဝန်များ၊ ဝတ္တရားများ စသော အမည် အမျိုးမျိုးဖြင့် ခေါ်ကြ၏။ ယင်းကို သမ္မုတိသစ္စာဟူ၍လည်း ခေါ်နိုင်၏။

ရှုပြည့်စာအုပ်တိုက်

http://www.cherrythitsar.org



အကြောင်းအမျိုးမျိုးကြောင့် သမ္မုတိသစ္စာအရ လူလူချင်းဆက်ဆံကြရာတွင် "အနာခံခြင်း" ဟူသော သမ္မာသင်္ကပ္ပ အမြင်ဖြင့် ဆက်ဆံနိုင် ပါက "အချင်းချင်းအပေါ် မေတ္တာထားခြင်း၊ ငဲ့ညှာထောက်ထားခြင်း၊ စိတ်ချမ်းမြေ့ခြင်း၊ ခွင့်လွှတ်ခြင်း" တည်းဟူသော ဗြဟ္မစိုရ်တရားများအပေါ် အခြေခံ၍ ဆက်ဆံကြ၏။ အပယုတ်ဆုံးအားဖြင့် ဆိုရလျှင် အိမ်ထောင်ပြုရာ၌ပင် ကာမဂုဏ်ခံစားရန် အတွက် မဟုတ်ဘဲ လောကအတွက် အသုံးပြုရန် သားကောင်းသမီးကောင်း ရရှိရေးအတွက် ဖြစ်၏။ ပစ္စည်းဥစ္စာ ရှာဖွေရာ၌လည်း မိမိတို့ သုံးစားရန် မဟုတ်ဘဲ ဆေးရုံဆောက်ရန် စသည်တို့အတွက် ဖြစ်၏။ ဤသို့ပြုခြင်းကိုပင် "ပါရမီဖြည့်ခြင်း" ဟု ခေါ်၏။ ပါရမီသဘော သက်ဝင်လာပါက "ငါ" ကို ရှေ့တန်း မတင်ဘဲ "သူ" ကို ရှေ့တန်းသို့ တက်လာနိုင်အောင် ပျိုးထောင်သည့် သဘော ဝင်လာ၏။

ပါရမီကိုပျိုးထောင်ရာတွင် လိုချင်စရာ၌ မတပ်မက်ခြင်း "နေက္ခမ္မ"၊ ကြောက်စရာ၌ ကြောက်ရွံ့ခြင်း "ခန္တီ"၊ လိုချင်စရာနှင့် ကြောက်စရာ၌ လျစ်လျူရှုနိုင်ခြင်း "ဥပေက္ခာ" တို့ကို သတိ တရားဖြင့် မိမိ၏စိတ်ကို ဆုံးမပြီး ထူထောင်နိုင်အောင် ကြိုးစားရမည် ဖြစ်၏။

ထိုပါရမီ သုံးမျိုးကို ထူထောင်နိုင်ပါက ကျန်သော ပါရမီတို့သည် အလွယ်တကူ ပြည့်စုံလာနိုင်သည်ဟူ၍ ကျမ်းများ၌ ဆိုကြ၏။

သမ္မာသင်္ကပ္ပ အမြင်ဖြင့် "ဘဝ၏အနှစ်" ကို ရှာလေသောအခါ မိမိပိုင် ပစ္စည်း၌ မာယာသုခကို မမြင်တော့ဘဲ "သန္တိသုခ" မှန်ဦးဆီသို့ သွားသော "ဒါန" ကို မြင်လာ၏၊ ဒါနဟူသည် "အလောဘ" ဖြစ်၏။ အလောဘ အင်အား ပြည့်စုံလေသောအခါ သမုဒယသစ္စာဆော်သော "တဏှာလောဘ" ကို သတ်နိုင် ပေလိမ့်မည်။ ဤအနှစ်ကား ပစ္စည်းဥစ္စာထဲမှ ထုတ်ယူရရှိသော ပထမအနှစ် ဖြစ်၏။

လူ့ဘောင် အဖွဲ့အစည်းတွင် လူသားများ ရှိကြ၏။ သူတို့သည်လည်း မိမိနည်းတူပင် "ချမ်းသာလိုကြ၏။ ကျန်းမာလိုကြ၏။ ပညာရှိ ဖြစ်လိုကြ၏" ထိုသဘောကို ဗြဟ္မစိုရ်တရားအပေါ် အခြေခံ၍ သမ္မာသင်္ကပ္ပ မျက်စိဖြင့် ကြည့်လေသောအခါ မိမိ၏ ခန္ဓာကိုယ်ထဲ၌ "သီလ" ကို မြင်လာ၏။

သီလဟူသည် "အဒေါသ" ဖြစ်၏။ အဒေါသ ပြည့်စုံလေသောအခါ တစ်ကိုယ်ကောင်းကြီးထသော "အတ္တစိတ်" ကို သတ်နိုင်ပေလိမ့်မည်။ အတ္တစိတ်၏ လက်ရုံးနှစ်ဆူကား ဣဿာနှင့် မစ္ဆရိယပင်တည်း။

သီလ၏ စွမ်းအားကြောင့် ဣဿာနှင့် မစ္ဆရိယတို့လည်း အားနည်း

http://www.cherrythitsar.org



သွားမည်ပင် ဖြစ်၏။ ဤ အဋ္ဌ၊ ဣဿာ၊ မစ္ဆရိယတို့ လေလေသောအခါ ရစ်လှစွာသော လူ့ဘဝကို ရကြသူချင်းအတူတူ တစ်ဦးနှင့်တစ်ဦး လေးလေးစားစား ယဉ်ယဉ်ကျေးကျေး ဆက်ဆံကြမည်ဖြစ်၏။ ဤအနှစ်ကား ခန္ဓာကိုယ်ထဲမှ ထုတ်ယူရရှိသော အနှစ်ဖြစ်၏။

မိမိ၏ ခန္ဓာကိုယ်ထဲမှပင် "အသိဉာဏ်" ကို ထုတ်ယူရ၏၊ ယင်း အသိဉာဏ်ကို "ဘာဝနာ" ဟု ခေါ်၏။ စစ်မှန်သော ဘာဝနာကို ဝိပဿနာ ဝေါဟာရဖြင့် "ခန္ဓာဉာဏ်ရောက် အသိ" ဟူ၍ ခေါ်ရ၏။ ပိဋကစာပေ များ၌ အပြင်ဘက် "ဗဟိဒ္ဓ" မှ ရသော အသိမျိုးကို "ဗဟုသုတ" ဟူ၍သာ ခေါ်ရ၏။

အမှန်အားဖြင့် အပြင်ဘက် "ဗဟိဒ္ဓ" မှ ရသော အာရုံများကိုပင် မိမိ၏ ခန္ဓာကိုယ်အတွင်းသို့ ရောက်စေပြီးနောက် ခန္ဓာဉာဏ်ရောက် အသိမျိုး အဖြစ်သို့ ရောက်အောင် အားထုတ်ရ၏။ သို့မှသာ မိမိကိုယ်တိုင် မာယာသုခမှ လွန်မြောက်၍ သန္တိသုခသို့ ရောက်အောင် သွားနိုင်ပေလိမ့်မည်။ အခြားသူများကိုလည်း သန္တိသုခ သို့ ပို့ဆောင်နိုင်ပေလိမ့်မည်။

သမ္မာသက်ပွဖြင့် လောကကို ကြည့်သူများက မိမိသည် မိမိအတွက်သာ မွေးဖွားလာခြင်း မဟုတ်ဘဲ လောကအတွက်လည်း ပါဝင်ကြောင်း မိမိ ဆည်းပူး ခဲ့သော ပါရမီတရားများ၏ အရှိန်အဟော်ကြောင့် သိရှိပေလိမ့်မည်။ ထို့ကြောင့် မိမိ၏ အဇ္ဈတ္တနှင့် ဗဟိဒ္ဓ၊ သက်ရှိသက်မဲ့ အရာဝတ္ထုများထဲမှ ဒါန (အလောဘ)၊ သီလ (အဒေါသ)၊ ဘာဝနာ (မဂ်ဖိုလ်ပညာ) ကို ထုတ်ယူ ရရှိနိုင်ကြ၏။ ထိုသို့ ထုတ်ယူနိုင်သဖြင့် ကာမဂုဏ်တည်းဟူသော နွံဗွက်အတွင်း၌ နေရစေကာမူ အညစ်အကြေး ကင်းစင်စွာဖြင့် အတုမဲ့ချမ်းသာသော သန္တိသုခကို ခံစားနေနိုင်ခြင်း ဖြစ်၏။ ယာဝစဉ် နွံမြုတ်သန့်စင်နေကြခြင်း ဖြစ်၏။

မိစ္ဆာသက်ပွ အမြင်ဖြင့် လောကကို ကြည့်တတ်သူများ အနေဖြင့် မိမိ၏ ကိုယ်ကျိုးစီးပွားအတွက် ဒုစရိုက်လုပ်ငန်း၌လည်း ပျော်ပိုက်၏။ သုစရိုက်လုပ်ငန်း ၌လည်း ဒါန၊ သီလ၊ ဘာဝနာ လုပ်ငန်းများကို လုပ်ခွင့်ရ၍ လုပ်ရစေကာမူ သံသရာအတွင်းရှိ မာယာသုခများမှ လွတ်မြောက်ရန် မရည်ရွယ်ဘဲ ထို မာယာသုခ အတွင်း၌ပင် လူးလွန့်နေရန်သာ စိတ်စောလျက်ရှိ၏။ သူတစ်ပါးအကျိုးစီးပွားကို နားမလည်၊ စိတ်မဝင်စား၊ မိမိ၏ အကျိုးစီးပွားကိုသာ နားလည်၏။

မိမိ၏ အကျိုးစီးပွား၌သာ စိတ်ဝင်စား၏။ ထိုပုဂ္ဂိုလ်များ၏ မိစ္ဆာသက်ပွ အမြင်သည် အကုသိုလ် ဖြစ်နေပါက ဒုဂ္ဂတိဘဝ၌သာ ပျော်ပါးရပေလိမ့်မည်။ ဝက်ဖြစ်လျှင် မစင်၌သာ ပျော်ပါးရ၏။ လင်းတဖြစ်လျှင် ခွေးသေကောင်ပုပ်၌သာ ပျော်ပါးရ၏။ သို့ရာတွင် ထိုမစင်နှင့် ခွေးသေကောင်ပုပ်တို့သည် ဝက်နှင့်

http://www.cherrythitsar.org



လင်းတာများအတွက် သူတို့၏ တရားက ဆိုးပေးထားသော နှစ်သက်စရာ အရောင်အဆင်း "နန္ဒီရာဂ" ဖြင့် မာယာသုခ၌ မက်မော၍ တွယ်တာကာ ပျော်မဆုံး မော်မဆုံး ရှိကြပေလိမ့်မည်။ ဂုဏ်ယူမဆုံး ရှိကြပေလိမ့်မည်။

အကယ်၍ ထိုပုဂ္ဂိုလ်များ၏ မိစ္ဆာသက်ပ္ပသည် ကာမကုသိုလ်၊ ရူပကုသိုလ်၊ အရူပကုသိုလ် ဖြစ်နေပါက လူ့ဘဝ၊ နတ်ဘဝ၊ ဗြဟ္မာဘဝသို့ ရောက်ပြီး ထိုထိုဘဝတို့၏ ဆိုင်ရာ မာယာသုခ၌သာ မက်မောတွယ်တာ၍ ပျော်မဆုံး မော်မဆုံး ရှိကြပေလိမ့်မည်။ သန္တိသုခကို မည်သည့်နည်းနှင့်မျှ စံစားခွင့် ရကြမည် မဟုတ်။ လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာကို အနှစ်သာရအဖြစ် မြင်ပေလိမ့်မည်။ ထိုအမြင်မျိုးကြောင့်သာ သိဥ္စည်းဆရာကြီးသည် မြတ်စွာဘုရားထံ လာရောက်ရန် ငြင်းဆန်ခြင်း ဖြစ်၏၊ သံသရာ ရေအလျဉ်ကြောင့် မျောပေဦးတော့။

အနှစ်သာရကို ရှာရာ၌ မိစ္ဆာသင်္ကပ္ပ အမြင်ဖြင့် လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာသည် အနှစ် ဖြစ်၏။ အကာမဟုတ်။ သမ္မာသင်္ကပ္ပ အမြင်ဖြင့် လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာသည် ဝိပရိဏာမဒုက္ခနှင့် သင်္ခါရဒုက္ခ စစ်စစ်ဖြစ်၏။ မာယာချမ်းသာ သို့မဟုတ် အကာဖြစ်၏၊ အနှစ်မဟုတ်။ ဤသို့ အယူအဆချင်း ခြားနား၏။ ဤသို့ မြတ်စွာဘုရားသခင်က သာရိပုတ္တရာ ဝတ္ထုဖြင့် "အနှစ်နှင့်အကာ" ၏ အဓိပ္ပာယ်ကို ဖွင့်ဆိုခြင်း ဖြစ်၏။

တစ်နည်းအားဖြင့် ဆိုရလျှင် အရပ်သုံး အတွေ့အကြုံအရ လောကအကျိုးကို ဦးစားပေး၍ စဉ်းစားခြင်းသည် အနှစ်မည်၏။ မိမိအကျိုးကို ဦးစားပေး၍ စဉ်းစားခြင်းသည် "အကာ" မည်၏။

ရှင်သာရိပုတ္တရာ၏ နိဂုံးပိုင်းကို စဉ်းစားလိုက်သောအခါ အကုသိုလ် ပါရမီတရားတို့၏ သဘောကို များစွာသံဝေဂယူဖွယ် အဖြစ်ဖြင့် တွေ့ရ၏။ မိမိမွေးဖွားရာ ရာဇဂြိုဟ်ပြည်အနီး နာလကရွာ၊ မိမိ၏အိမ်၊ မိမိ၏ မွေးဖွားရာ တိုက်ခန်း၌ပင် သွေးသွန်သော ဝေဒနာဖြင့် ပရိနိဗ္ဗာန် ပြုတော်မူ၏။ သာရိပုတ္တရာသည် ညီလေးယောက်နှင့် ညီမသုံးယောက် စုစုပေါင်း ၇ ယောက် ရှိလေရာ၊ ညီအစ်ကိုမောင်နှမ အားလုံးကို ရဟန္တာဖြစ်အောင် ဆောင်ရွက်နိုင်စွမ်း ရှိ၏။ အလွန်ကျေးဇူးများသော မိဘနှစ်ဦးအနက် အမိကိုသာ သောတာပန် ဖြစ်အောင် ယောကြားသွားနိုင်၏။ အဖကိုမူ အရိယာအဖြစ်သို့ မစွမ်းဆောင်နိုင်ခဲ့ချေ။ မိမိအပေါ်၌ ထင်ရှိသော ကျေးဇူးကို ကျေးဇူးမှန်းသိ၍ ထိုက်ထိုက်တန်တန် ဆပ်ချင်ပါသော်လည်း ဆပ်ခွင့်ကိုရနိုင်မှရသောသဘော ရှိပါတကား။ အချိန်အခါနှင့် အခြေအနေတို့ကပေးသော အခွင့်အရေးသည် နေမင်းကပေးသော အလင်းရောင်

http://www.cherrythitsar.org



၏ "အလျှဉ်" ကို အမိဖမ်းရန် ခက်ခဲသကဲ့သို့ ခဲယဉ်းလှပါတကား။ ထို့ကြောင့်ပင် မြတ်စွာဘုရားသည် "အပ္ပမာဒေန သမ္ပာဒေထ" ဟု ဟောတော်မူခဲ့ခြင်း ဖြစ်တန်ရာပါ၏။

## အရှင်နန္ဒမထေရ်

သူ၏အမည်ကား "နန္ဒမင်းသား" ဖြစ်သည်။ မြတ်စွာဘုရားနှင့် အဖတူ အမေကွဲ ဖြစ်၏။ ဖခမည်းတော်မှာမူ "သုဒ္ဓေါဒန" ပင် ဖြစ်၏။ မယ်တော်နှင့် ပတ်သက်၍ မြတ်စွာဘုရား၏ မယ်တော်မှာ "မဟာ မာယာဒေဝီ" ဖြစ်၏။ နန္ဒမင်းသား၏ မယ်တော်မှာ "မဟာပဇာပတိ ဂေါတမီ" ဖြစ်၏။ ထို့ကြောင့် မြတ်စွာဘုရားနှင့် နန္ဒမင်းသားသည် နောင်တော်နှင့် ညီတော် ဖြစ်ကြ၏။

သာကီဝင်မင်းမျိုးတို့၏ အစဉ်အလာ ယဉ်ကျေးမှုအရ ငယ်သူက ကြီးသူကို ပြန်လှန်၍ ဆင်ခြေဆင်လက် တက်ရိုးထုံးစံ မရှိ။ ဤသည်ပင် ကြီးသူတို့အား ရိုသေခြင်း "ဂါရဝ" မင်္ဂလာမည်၏။ မိမိကိုယ်ကို နှိမ့်ချခြင်း "နိဝါတ" မင်္ဂလာလည်း မည်၏။ မင်္ဂလာဟူသည် ကောင်းသောလေ့၊ ကောင်းသောစရိုက်၊ ကောင်းသောအကျင့်၊ ကောင်းသောယဉ်ကျေးမှု ဖြစ်၏။ ဤမလေ့၊ ဤစရိုက်၊ ဤအကျင့်၊ ဤယဉ်ကျေးမှုအရ နန္ဒမင်းသားသည် မြတ်စွာဘုရားအား မည်သို့သော ခံစားမှုနှင့် ကြုံရစေကာမူ ပြန်လှန်လျှောက်တင်ရိုး မရှိ။ မိမိ၏ ဆန္ဒနှင့် မလိုက်လျောစေကာမူ နောင်တော် မြတ်စွာဘုရား၏ မိန့်တော်မူချက်အတိုင်း လိုက်နာသည်သာ ဖြစ်၏။

ဘာသာယဉ်ကျေးမှုနှင့် ပတ်သက်၍ အလျဉ်းသင့်သဖြင့် ဆိုရလျှင် ဤယဉ်ကျေးမှုမှာ မြန်မာနိုင်ငံတွင်းသို့ ဝင်ရောက်လာသော ထေရဝါဒ ဗုဒ္ဓဘာသာ ယဉ်ကျေးမှု ဖြစ်၏။ သို့ရာတွင် ယင်းယဉ်ကျေးမှုသည် ယနေ့တိုင်အောင်ပင် မြန်မာနိုင်ငံ အချို့သောဒေသများ၌ ရှိသေးကြောင်း တွေ့ရ၏။ လွန်ပြီတို့ ငယ်စဉ်ဘုန်းကြီးကျောင်းသားဘဝက ဆရာတော်ဘုန်းကြီးက "ဗုဒ္ဓဘာသာဆိုင်ရာ ယဉ်ကျေးမှု" လင်္ကာများ၊ သံပေါက်များကို မရမနေ အာဂုံကျက်ခိုင်း၏၊ အလွတ် ဆိုပြရ၏။ မရလျှင် ရိုက်၏။ ရိုက်သော်လည်း ဆရာတော်ဘုန်းကြီးကို မမုန်းတီး။ ကိုယ့်ဘက်ကသာ ပို၍ ကြိုးစား၏။ အိုးထိန်းသည်သည် အိုးကို တွဲအောင်မရိုက်၊ လှပလာအောင်သာ ရိုက်၏ဟူ၍ ဆရာတော်ဘုန်းကြီးက လောကနီတိကို သင်ပေးထားရာ ဆရာတော်ဘုန်းကြီး၏ စေတနာကို နားလည်၏။ အဓိပ္ပာယ်ကိုလည်း ရှင်းပြ၏။ လက်တွေ့လည်း လိုက်နာဆောင်ရွက်ခိုင်း၏။

## ရာပြည့်စာအုပ်တိုက်

အမှန်အားဖြင့် ယဉ်ကျေးမှုကို ထိန်းသိမ်းရာ၌ ဖြစ်စေ၊ ကိုယ်ကျင့်တရားကို တည်ဆောက်ရာ၌ ဖြစ်စေ၊ နိုင်ငံတော်က ပြဋ္ဌာန်းထားသော ဥပဒေများ၊ အမိန့်များ၊ ညွှန်ကြားလွှာများ၊ စည်းမျဉ်းများသည် ယနေ့ခေတ် ၌ လုံလောက်မှု မရှိတော့ကြောင်း လက်တွေ့အားဖြင့် တွေ့မြင်နေကြရပြီ ဖြစ်၏။ ရှေးခေတ်နှင့် ယနေ့ခေတ်တို့၏ ကိုယ်ကျင့်တရားဆိုင်ရာ လိုက်နာမှုများနှင့် ယဉ်ကျေးမှုဆိုင်ရာ ထိန်းသိမ်းမှုများသည် များစွာ ခြားနားသွားလေပြီ။ ရှေးခေတ် ယဉ်ကျေးမှု ထိန်းသိမ်းခြင်းနှင့် ကိုယ်ကျင့်တရား လိုက်နာမှုတို့ကပင် ပို၍ ကောင်းလေသလော။ ယနေ့ခေတ် ယဉ်ကျေးမှုထိန်းသိမ်းခြင်းနှင့် ကိုယ်ကျင့်တရား လိုက်နာမှုတို့ကပင် ပို၍ ကောင်းလေသလော။

သူ့အမြင်နှင့်သူ ရှေးခေတ်က ပို၍ကောင်းသည်ဟု ဆိုသူများ ရှိသလို၊ ယခုခေတ်က ပို၍ကောင်းသည်ဟု ဆိုသူများလည်း ရှိကြမည်ပင် ဖြစ်၏။ သို့ရာတွင် ဗုဒ္ဓဝါဒ အမြင်အရ ဆိုရလျှင် ပတ်ဝန်းကျင်သည် အရေးမကြီး၊ အရေးကြီးသည်ကား မိမိ၏စိတ် ဖြစ်၏။ ပတ်ဝန်းကျင်ဟူသည် မြင်စရာ၊ ကြားစရာ၊ နမ်းစရာ၊ လျက်ရာ၊ ထိတွေ့စရာဟူသော ငါးဖြာအာရုံ ကာမဂုဏ်တို့ ဖြစ်ကြ၏။ ယင်းတို့ကို မြတ်စွာဘုရား၏ ဒေသနာတော်၌ "ပယ်၍ မရကောင်းသောတရား" အဖြစ် ဟောကြားတော်မူထား၏။

ပတ်ဝန်းကျင်သည် "ဥပါဒါန်" ကို ဖြစ်စေ၏။ ဥပါဒါန်ဆိုကာတည်းက ကောင်းသောတရား မဟုတ်။ ဥပါဒါန် ဖြစ်လာလျှင် ပဋိစ္စသမုပ္ပါဒ်အရ "ဘဝ" ဖြစ်လာပေဦးမည်။ သို့ရာတွင် ဥပါဒါန်ကို ဖွေးမြူနေမှသာ မကောင်းသော သဘောကို ဆောင်၏။ အမှန်အားဖြင့် "အရိယ သစ္စဉာဏ်" ကို ရလိုပါက ထို ဥပါဒါန်ကို အသုံးပြုရ၏၊ ဆရာဇီဝကသည် "အဆိပ်" ကို ဆေးအဖြစ် အသုံးပြု သကဲ့သို့ပင် "အရိယသစ္စဉာဏ်" ကို ရလိုသောသူသည် ဥပါဒါန်ကြောင့် ဖြစ်လာ သော "ဘဝ" ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘော ထင်လာသည်အထိ မှုန့်မှုန့် ညက်ညက် ကြေသွား အောင် ချေမှုန်းရ၏။

ဆရာ ဇီဝကအတွက် "အဆိပ်"သည် ဆေးဖြစ်၏။ အခြားသူများ အတွက် "အဆိပ်"သည် အန္တရာယ်ဖြစ်၏။ ထိုနည်းအတူပင် "ဥပါဒါန်" သည် အရိယသစ္စာဉာဏ်ကို ရလိုသူများအတွက် မိမိကြောင့် ဖြစ်လာသော "ဘဝ" ကို "ဝိပဿနာဉာဏ်စဉ်" များဖြင့် မှုန့်မှုန့်ညက်ညက် ကြေသွားအောင် ချေမှုန်းစေ နိုင်ပါက "ဆေး" ဖြစ်၍ အရိယသစ္စဉာဏ်ကို ရစေနိုင်ပါ၏။ အခြား သာမန် ရိုးရိုးသူများအတွက်မူ "ဥပါဒါန်" သည် "ကံ" အနေဖြင့် "ဘဝ" ကို ဖြစ်စေ၏။ သံသရာ ရှေလျဉ်ကြောင်း၌ ရုန်းချည်ဆန်ချည် ဖျော်စေ၏၊ ထိုသူများအတွက်မူ ဥပါဒါန်သည် "အဆိပ်" ပင် ဖြစ်၏။

http://www.cherrythitsar.org



ငယ်ရွယ်စဉ် ကျောင်းသားဘဝက အင်္ဂလိပ် ကဗျာဆရာ **Words Worth** ၏ သဘာဝအဖွဲ့ကို သင်ရ၏။ သင်ပြသူ ဆရာက လည်း "လူ" သည် ပင်ကိုစိတ် အားဖြင့် မကောင်းသူ ဖြစ်၏။ ရိုးသားဖြူစင်မှု နည်းပါး၏။ ကောက်ကျစ်စဉ်းလဲမှုများ၏။ လိမ်ညာဟန်ဆောင်မှုများဖြင့် "လူတော်စင်" ယောင်ဆောင်တတ်၏။ "သဘာဝ" ကား ဖြူစင်၏။ သန့်ရှင်း၏။ ရိုးသား၏။ ပွင့်လင်း၏။ "လူ" အကြောင်းဖွဲ့သော ကဗျာသည် လူ၏ မကောင်းသော အကျင့်ဆိုး၊ စရိုက်ဆိုးများကို "ကဗျာ" မှတစ်ဆင့် ကဗျာဖတ်သူ၏ စိတ်၌ ဥပါဒါန်အဖြစ် ထင်ကျန်ရစ်စေနိုင်မည် ဖြစ်၏။ "သဘာဝ" အကြောင်းဖွဲ့သော ကဗျာသည် သဘာဝ၏ ရိုးသားဖြူစင်မှု၊ သန့်ရှင်းမှု၊ ပွင့်လင်းမှုတို့ကို "ကဗျာ" မှတစ်ဆင့် ကဗျာဖတ်သူ၏ စိတ်၌ ထင်ကျန်ရစ်နေနိုင်မည် ဖြစ်၏။ ထို့ကြောင့် ကဗျာဆရာက "လူ" အကြောင်းကို မဖွဲ့ဘဲ "သဘာဝ" အကြောင်းကိုသာ ဖွဲ့ခြင်းဖြစ်၏ဟု ရှင်းလင်း သင်ကြားလေ၏။

မင်္ဂလသုတ်၌လည်း "လူမိုက်" နှင့် မပေါင်းရ၊ "လူမိုက်" နှင့် ပေါင်းလျှင် လူမိုက်အကျင့်၊ လူမိုက်စရိုက် ဝင်တတ်၏၊ ဤသို့ ဆိုပါ၏။ ထို့ကြောင့် ကဗျာဆရာ၏ အဆိုသည် သာမညအားဖြင့် မှန်ပါ၏။ သို့ရာတွင် "ပါရမီအမြင်"ဖြင့် ကြည့်ပါက ကျွန်ုပ်တို့သည် လူ့လောက၏ အကျိုးစီးပွားအတွက် မွေးဖွားလာသူ ဖြစ်၏။ မိမိတစ်ဦးတည်း၏ အကျိုးစီးပွားအတွက် မွေးဖွားလာသူ မဟုတ်။ အထွတ်အထိပ် ပါရမီအဆင့်သို့ ရောက်အောင်ကျင့်ပြီး ဘုရားဖြစ်တော်မူလာသော ဂေါတမ မြတ်စွာဘုရားသည်ပင် လောကအတွက် ပွင့်တော်မူလာခြင်း ဖြစ်၏။ ဤသည်မှာ ပါရမီအမြင်ဖြင့် ကြည့်ခြင်းဖြစ်၏။

ပါရမီ အမြင်မျိုးဖြင့် မကြည့်ဘဲ သာမန် လောကအမြင်မျိုးဖြင့်သာ ကြည့်ပါမူ ကဗျာဆရာ မြင်သည့်အတိုင်းပင် မြင်ပေလိမ့်မည်။ ပါရမီ ဓမ္မတာအရ အဝိဇ္ဇာမှ ဝိဇ္ဇာသို့ တက်ရ၏။ အမှားမှ အမှန်သို့ တက်ရ၏။ လောကမှ လောကုတ္တရာသို့ တက်ရ၏။ အကယ်၍ အဝိဇ္ဇာအမှားနှင့် လောကသာ မရှိလျှင် ဝိဇ္ဇာသည် လည်းကောင်း၊ အမှန်သည် လည်းကောင်း၊ လောကုတ္တရာသည် လည်းကောင်း ဖြစ်ပေါ်လာလိမ့်မည် မဟုတ်။ ပဒုမ္မာကြာသည် နွံမှ ထွက်ပေါ်လာခြင်း ဖြစ်၏။ ပဒုမ္မာကြာသည် နွံနှင့်ကင်း၍ မဖြစ်။ အကယ်၍ ကင်း၍ ရနိုင်သည် ဆိုလျှင်လည်း ဓမ္မတာအရ ကင်းနိုင်ခြင်းမျိုးမဟုတ်။ တန်ခိုးဣဒ္ဓိပါဒ်အရ ကင်းနိုင်ခြင်းမျိုးသာ ဖြစ်၏။ ထို့ကြောင့် ပတ်ဝန်းကျင်ထက် စိတ်က ပို၍ ပဓာနကျ၏ဟုဆိုခြင်း ဖြစ်၏။ ဗုဒ္ဓဒေသနာတော်အရ ပတ်ဝန်းကျင်သည် "ပယ်၍ မရကောင်းသော တရား" ဖြစ်၏။ "စိတ်" ၌ ယှဉ်လာပြီး ပတ်ဝန်းကျင်၌

http://www.cherrythitsar.org



တွယ်တာ မက်မောခြင်း၊ မအောင့်နိုင်ခြင်း စသော ကိလေသာတရားများကိုသာ "မလွှဲမရှောင် ပယ်ရမည့်တရား" များအဖြစ် ယောကြားတော်မူခြင်း ဖြစ်၏။ အကျဉ်းအားဖြင့် ပယ်၍ မရကောင်းသော တရားကား ရုပ်ပတ်ဝန်းကျင်၊ ပယ်၍ ရကောင်းသော တရားကား ကိလေသာ၊ ကိလေသာကို ပယ်နိုင်သည်နှင့်အမျှ ရုပ်ဝန်းကျင်သည် အလိုလို ငြိမ်းချမ်းပြီးသား ဖြစ်၏။ ချမ်းသာပြီးသား ဖြစ်၏။ အထူး ဝါယမစိုက်ရန် မရှိ။ ကမ္ဘာမြေပြင် တစ်ခုလုံးကို အစိုးရသော စကြဝဋေး မင်း၏ ချမ်းသာထက် သာလွန်၏ဟု ဒေသနာ ရှိ၏။

ဤလောကတွင် "ပါရမီအမြင်" နှင့် "ပါရမီမဟုတ်သော အမြင်" ဟူ၍ နှစ်မျိုးရှိလေရာ ပါရမီမဟုတ်သော အမြင်ဖြင့် ကြည့်ပါက ဤလောကတွင် "သူ၊ ငါ" ဟူ၍ ပိုင်းခြားပြီး မြင်၏။ ဤလောကတွင်းသို့ "သူ" ရောက်လာခြင်းသည် "လောကအတွက်" ရောက်လာခြင်း မဟုတ်၊ လောကသည်သာ "သူ့ အတွက်" ဖြစ်၏ဟု မြင်၏။ လောကကို သူ့အတွက် အသုံးချရန် အတွက်သာကောင်း ကို အမြဲတစေ မျှော်လင့်တောင့်တနေသူ ဖြစ်၏။ ထို့ကြောင့် သူ့အမြင်ကို အပိုင်း အခြားရှိသော အမြင်ဟူ၍ ဆိုရ၏။ ပါဠိ ဝေါဟာရအားဖြင့် "ပမညာ" ဟု ခေါ်၏။ အမှန်အားဖြင့် ဤလောက၌ ဤအမြင်မျိုး ရှိသူက အများစုဖြစ်၏။

ပါရမီအမြင်ဖြင့် ကြည့်ပါက တစ်မျိုးဖြစ်၏။ လောကသည် သူ့အတွက် မဟုတ်၊ သူသည်သာ လောကအတွက် ဖြစ်၏။ ဤမြင်မျိုးဖြင့် လောကကို ကြည့်တတ်ရန် လွယ်သည်မဟုတ်၊ မလွယ်သော်လည်း လုပ်၍ကား ဖြစ်၏။ ဤလောက၌ လုပ်၍ မဖြစ်နိုင်သော အရာဟူ၍ တာမျှမရှိ။ အားလုံး လုပ်၍ ရသည်ချည်း ဖြစ်၏။ သို့ရာတွင် အချိန်ကာလကိုတော့ အလေးထားရ၏။ နေရောင်ခြည်သည် သူနှင့်အတူ "အပူရှိန်အငွေ့" ကို တစ်ပါတည်း ယူဆောင်သွား သကဲ့သို့ ကာလသည်လည်း "အမိကာရ" ခေါ် ဆိုင်ရာ ဆိုင်ရာ ရှိန်းအငွေ့များကို သူနှင့်အတူ တစ်ပါတည်း ယူဆောင်သွား၏။ သို့ရာတွင် ကာလက နေရောင်ခြည် ထက် ပို၍မြန်၏။ ပို၍ ရှိန်းအားသက်၏။ ထို့ကြောင့်ပင် "လောက" ကို ကာလက အုပ်စိုး၏ ဟု ဒဿနဆရာများက ဆိုခြင်းဖြစ်၏။

တစ်ဦးချင်း စရိုက်ကောင်းအဆင့်မှ အမျိုးသား စရိုက်ကောင်း အဆင့် အထိ ဖြစ်လာအောင် နှစ်ပေါင်း ၃ ရာစုကျော် ယူဆောင်လိုက်လျှင် ဖြစ်လာ၏ ဟု ဖတ်ရဖူး၏။ မြန်မာနိုင်ငံ၌ ထေရဝါဒဗုဒ္ဓဘာသာ ယဉ်ကျေးမှု စတင်လာ ခဲ့သော အချိန်ကာလကို ပုဂံခေတ်မှ စတင်ရေတွက်လျှင်ပင် ၁၀ ရာစု ရှိပေပြီ။ ယခုအချိန်အထိ တစ်ဦးချင်း စရိုက်ကောင်းအဆင့်မှ အမျိုးသား စရိုက်ကောင်း အဆင့်သို့ မရောက်သေး။ တစ်ဦးအပေါ်တစ်ဦး လွှဲချ၍မရ၊ တာဝန်ကိုယ်စီ

http://www.cherrythitsar.org



ရှိကြသည်မှာ အမှန်၊ ပါရမီနှင့် ပတ်သက်လာလျှင်ကား နှစ်ပေါင်းကို ရာစုနှင့် တွက်၍မရ၊ ကမ္ဘာနှင့်ချီ၍ တွက်ရ၏။ သို့ရာတွင် မဖြစ်သားဟူ၍တော့ မရှိ၊ လုပ်လျှင် ဖြစ်သည်ချည်းသာပင် ဖြစ်၏။ နန္ဒမင်းသား၏ ပါရမီဖြည့်ရာ ကာလကို စိစစ်လိုက်လျှင် ရှေးလွန်လေပြီးသော ကမ္ဘာတစ်သိန်းအထက် ပဒုမုတ္တရ မြတ်စွာ ဘုရားသခင် လက်ထက်မှ "ဣန္ဒြေကို စောင့်စည်းနိုင်သူတို့တွင် အမြတ်ဆုံး" ဧတဒဂ် ဘွဲ့ထူးဖြင့် ရဟန္တာဖြစ်ရန် ဗျာဒိတ်တော်ပြီးသူ ဖြစ်၏။

သူ၏ ပါရမီဖြည့်ရာ ကာလကို တွက်ကြည့်လိုက်လျှင် နှစ်ပေါင်း ကမ္ဘာ တစ်သိန်းတိုင်တိုင် ဖြစ်၏။ သူ၏ ကိုယ်ကျိုးအတွက် တွယ်တာနှစ်သက်စရာ ကောင်းသော အရာဝတ္ထုတို့၌ "မတွယ်တာမှု" အမျက်ထွက်စရာ ကောင်းသော အရာဝတ္ထုတို့၌ "သည်းခံနိုင်မှု" "ဘက်လိုက်စရာကောင်းသော အရာဝတ္ထုတို့၌ ဘက်မလိုက်ဘဲ တရားမျှမျှ၌ တည့်မှန်စွာ ရပ်တည်နိုင်မှု" စသော ပါရမီတို့ကို ဖြည့်ခဲ့လေရာ၊ ယခုဘဝသည် သူ၏ နောက်ဆုံးဘဝ ဖြစ်၏။ အသိဉာဏ် မည်မျှ ထက်မြက်သည်ကို အလွယ်တကူပင် မှန်းဆ၍ ကြည့်နိုင်ပါ၏။

မြတ်စွာဘုရား၏ တရားဒေသနာတော်အရ အဆက်ဆက်သော ပါရမီရှင် တို့သည် "အရိယသစ္စဉာဏ်" ဖြင့် နောက်ဆုံး ရဟန္တာ ဖြစ်တော်မူကြပြီး ပရိနိဗ္ဗာန် စံဝင်တော်မူကြပြီ ဖြစ်လေသောကြောင့် ယခုအခါ ပြည့်စုံသော ပါရမီရှင်များ မကျန်ရှိတော့လဖြင့် မျက်မှောက် ကမ္ဘာလောကကြီးသည် အချင်းချင်း ရန်စောင်မှု၊ တစ်ဦးအပေါ် တစ်ဦး အသာစီးရလိုမှုတို့ကြောင့် မငြိမ်းချမ်းမှုများ အမြဲတစေ နေ့စဉ် ဖြစ်နေလေရော့သလား ဟူ၍ပင် မှတ်ထင်ဖွယ် ကြီးရ၏။ ဤလောက၌ "ငါနှင့် ငါ့အုပ်စု" သမားချည်းလိုလို ဖြစ်နေလေတော့ရာ ပါရမီသဘောကို တကယ်တမ်း ထိထိကျကျ နားလည်သူ၊ နားလည်လျှင်လည်း လိုက်နာလိုသူများ ရှိမှရှိပါလေတော့စ ဟူ၍ပင် ထင်ရမည်လောက် ဖြစ်နေတော့၏။

သိဒ္ဓတ္ထမင်းသား တောထွက်၍ တရားကျင့်ပြီးနောက် ဗောဓိမဏ္ဍိုင်၌ သုံးလောကထွတ်ထား သဗ္ဗညုဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ပြီ။ မြတ်စွာ ဘုရားသည် တစ်မြို့ဝင် တစ်ရွာထွက်ဖြင့် "တကယ်စစ်မှန်သော ချမ်းသာဟူသည် ဤသည်ပင်တည်း" စစ်မှန်သော ချမ်းသာကို "သစ္စဉာဏ်" ဖြင့် ရအပ်၏။ စစ်မှန်သောချမ်းသာဟူသည် ရုပ်ပိုင်းဆိုင်ရာ ပြည့်စုံမှုများ၌ မရှိ၊ ရုပ်ပိုင်းဆိုင်ရာ ပစ္စည်းဝတ္ထုများကို ပြည့်စုံအောင် ရှာဖွေပြီး မိမိနှင့် မိမိအုပ်စုအတွက် သုံးစွဲဖို့ သိမ်းဆည်းထားသမျှ ကာလပတ်လုံး စစ်မှန်သော ချမ်းသာကို ရှာရာမရောက် တော့ဘဲ စစ်မှန်သော ဒုက္ခကိုသာ ရှာရာရောက်တော့၏။ ချမ်းသာစစ်နှင့် ချမ်းသာ တုသည် ကျောချင်းဆိုင်ကာ လူရှုချင်း ပြောင်းပြန်ပြလျက် ရှိ၏။ ဤသို့လျှင်

http://www.cherrythitsar.org



တွေ့သမျှ သေနေယျပရိသတ်ကို ယင်းတို့၏ အစွမ်းသယအားလျော်စွာ တရားတော်ကို ဟောတော်မူရင်း ဇာရာဏသီမြို့အနီး "ဣသိပတန" အမည်ရသော မိဂဒါဝုန်တောမှ ပဉ္စဝဂ္ဂီငါးဦးတို့ အပါအဝင် ရဟန္တာ ၆၀ တို့အား ဒေသ အသီးသီးသို့ တရားဟောလွှက်ကြရန် ခရီးတာစ်ကြောင်းလျှင် တစ်ပါးကျစီ တာဝန်များ ခွဲဝေသတ်မှတ်ပြီး၊ မိမိမူကား မိဂဒါဝုန်၊ ထိုနောက် ဥပရုဝေဠုတောအုပ်၊ ထို့နောက် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်သို့ မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ပြာသိုလပြည့်နေ့၌ ရောက်တော်မူ၏။ ထိုကျောင်းတော်၌ အင်္ဂတိုင်းသား၊ မဂဓ တိုင်းသား တစ်သောင်းကျော်ကို ရဟန္တာအဖြစ်သို့ ရောက်အောင် တရား ဟောတော်မူ၏။

သုဒ္ဓေါဒန မင်းကြီးသည် သားတော်ဘုရား ရာဇဂြိုဟ်၌ သီတင်းသုံး နေတော်မူကြောင်း ကြားသိတော်မူသဖြင့် မိမိ၏ ရာဇဌာနီ ကပိလဝတ်ပြည် သို့ ကြွရောက်တော်မူပါရန် ခေါင်းဆောင်အမတ်တစ်ဦးနှင့် နောက်ပါ အခြွေ အရံ တစ်ထောင်စီဖြင့် စေလွှတ်၍ သားတော်ဘုရားအား အပင့်ခိုင်းလေရာ ပင့်ခိုင်းသမျှ အမတ်တို့သည် မည်သူမျှ ပြန်မလာကြဘဲ အားလုံး ဘုရားသခင်ထံ၌ ရဟန်းပြု၍ ရဟန္တာချည်း ဖြစ်ကြလေ၏။ သတင်းစကားပင် ပြန်ကြားမည့်သူ မရှိဘဲ ဖြစ်လေ၏။

သုဒ္ဓေါဒန မင်းကြီးသည် သားတော်ဘုရားကို မတွေ့ရသည်မှာ ၇ နှစ် ရှိခဲ့လေပြီ။ မင်းကြီးသည် သားတော်ဘုရားကို အလွန်ပင် တွေ့ချင်၏။ ယသော ဓရာဒေဝီ ဆိုလျှင်လည်း အလူးပင် တွေ့ချင်သည်မှာ ပြောစရာပင် မလို။ မဟာ ပဇာပတီ ဂေါတမီကား ဝမ်းနှင့်လွယ်၍ မမွေးရသော ရှိ၏။ အခြားသော ဆွေတော်မျိုးတော်တို့သည်လည်း တွေ့ချင်ကြသည်သာ ဖြစ်၏။ ထို့ကြောင့် ခေါင်းဆောင်အမတ်များကို နောက်လိုက်နောက်ပါ တစ်ထောင်စီနှင့် သားတော် ဘုရားကို အပင့်လွှတ်ခဲ့သည်မှာ ၉ ကြိမ်တိုင်တိုင် ရှိခဲ့ပြီ။ မည်သည့်သတင်းစကားမျှ ပြန်မလာ။

သုဒ္ဓေါဒန မင်းကြီးသည် အိုမင်းသောအရွယ်သို့ ရောက်လေပြီ။ "သေခြင်း" တရားမည်သည့် အချိန်မရွေး မိမိထံသို့ ရောက်လာနိုင်၏။ ထို့ကြောင့် မင်းကြီးသည် မိမိ မသေမီကာလအတွင်း မိမိ၏သားတော် ဘုရားကို ဖူးတွေ့ချင် လှ၏။ သို့ဖြစ်၍ ဖွားဖက်တော် ကာဠုဒါယီအမတ်ကို နောက်ပါ အခြွေအရံ တစ်ထောင်နှင့်အတူ သားတော်ဘုရားကို ကပိလဝတ် နေပြည်တော်သို့ ပင့်ဆောင် ပေးရန် တာဝန်ပေးလိုက်၏။

ကာဠုဒါယီအမတ်ကား မြတ်စွာဘုရားနှင့် ဖွားဖက်တော်လည်း ဖြစ်၏။

http://www.cherrythitsar.org



ကစားဖော်ကစားဖက်လည်း ဖြစ်၏။ ထို့ကြောင့် မြတ်စွာဘုရားနှင့် အလွန်ချစ်ကျွမ်းဝင်၏။ ကာဠုဒါယီသာပင့်လျှင် မြတ်စွာဘုရားသည် မုချမသွေ ကပိလဝတ် နေပြည်တော်သို့ ကြွလာတော်မူလိမ့်မည်ဟု မင်းကြီးက ထင်မှတ်တော်မူ၏။ သို့ဖြစ်၍ မင်းကြီးက ဖွားဖက်တော် ကာဠုဒါယီကို တာဝန်ပေးခြင်း ဖြစ်၏။

ကာဠုဒါယီသည်လည်း နန္ဒမင်းသားနည်းတူ ဝဒုမုဋ္ဌရ မြတ်စွာဘုရား၏ ထံတော်မှောက်မှ "မိမိမျိုးနွယ်၏ အားထားကြည်ညိုမှုကို ဖြစ်စေနိုင်သူ" ဟူသော ဧတဒဂ်ဘွဲ့ထူးဖြင့် ရဟန္တာဖြစ်ရန် ဗျာဒိတ်တော်ရပြီးသူ ဖြစ်၏။ သို့ဖြစ်၍ ကာဠုဒါယီ၏ ဉာဏ်ပညာထက်မှုနှင့် ပတ်သက်၍ အထူးဆိုဖွယ်မရှိပြီ။ ကာဠုဒါယီအား နောက်ပါ အခြွေအရံ တစ်ထောင်နှင့်အတူ သားတော် မြတ်စွာဘုရားကို ကပိလဝတ် နေပြည်တော်သို့ အရောက်ပင့်ရန် တာဝန်ပေးလေသောအခါ ကာဠုဒါယီ အမတ်ကလည်း မင်းကြီးအား 'အကယ်၍ အရှင်မင်းကြီးသည် ကျွန်တော်မျိုးနှင့်တကွ နောက်ပါ အခြွေအရံတစ်ထောင်ကို မြတ်စွာဘုရား၏ ထံတော်မှောက်၌ ရဟန်းပြုခွင့် ပေးတော်မူပါလျှင် သားတော် မြတ်စွာဘုရားကို ကပိလဝတ် နေပြည်တော်သို့ အရောက် ပင့်ဆောင်ပေးရန် တာဝန်ယူပါသည် ဘုရား' ဟူ၍ သူလိုချင်သောဆုကိုတောင်းရာ သုဒ္ဓေါဒနမင်းကြီးက ခွင့်ပြုတော်မူလိုက်၏။

ကာဠုဒါယီသည် နောက်ပါ အခြွေအရံများနှင့်အတူ ကပိလဝတ် နေပြည်တော်မှ ရာဇဂြိုဟ်သို့ သွားလေရာ မဟာသက္ကရာဇ် ၁၀၃ ခုနှစ် တပေါင်းလဆန်းတွင် ရာဇဂြိုဟ်သို့ ရောက်၏။ ကာဠုဒါယီ ရောက်သောအချိန်တွင် မြတ်စွာဘုရားသခင် တရားတော်ကို ဟောတော်မူဆိုက်နှင့် ကြုံသဖြင့် တရားတော်ကို နာကြားလေရာ နောက်ပါအခြွေအရံများနှင့် အတူ အားလုံး "ရဟန္တာ" ချည်း ဖြစ်သွားကြ၏။

မြတ်စွာဘုရားသခင် ကပိလဝတ် နေပြည်တော်သို့ ကြွရောက်တော် မူရေးအတွက် လျှောက်ထားရန် အခါအခွင့်ကို စောင့်နေလေရာ မဟာ သက္ကရာဇ် ၁၀၃ ခုနှစ် တပေါင်းလပြည့်နေ့၌ အခွင့်ကောင်းရသဖြင့် ဖခမည်းတော် မင်းကြီးနှင့် တကွ ဆွေတော်မျိုးတော် အပေါင်းတို့အား ချီးမြှောက်တော်မူသောအားဖြင့် ကပိလဝတ် နေပြည်တော်သို့ ကြွရောက် တော်မူပါရန် လမ်းခရီးသာယာပုံ၊ ရာသီဥတု အုံ့အနန်း ကြည်နူးဖွယ်ရှိပုံတို့နှင့် ပတ်သက်၍ ဂါထာပေါင်း ၆၄ ဂါထာတို့ဖြင့် မြတ်စွာဘုရားအား လျှောက်ထားလေ၏။ ဖခမည်းတော် မင်းကြီးနှင့်တကွ ဆွေတော်မျိုးတော်တို့ကလည်း မြတ်စွာဘုရားကို ဖူးမြင်လိုကြပါသဖြင့် တပည့်တော်အား အပင့်နိုင်းလိုက်ခြင်း ဖြစ်ပါကြောင်းကိုလည်း လျှောက်ထားလေ၏။

**ရာပြည့်ဇာတ်တိုက်**

http://www.cherrythitsar.org



ရာဇဂြိုဟ်မှ ကပိလဝတ်သို့ ကြွရောက်တော်မူပါရန် အချိန်အခါနှင့် အခြေအနေတို့အရ လမ်းခရီးနှင့် ရာသီဥတုတို့ သာယာလှပါကြောင်း ဂါထာ ပေါင်း ၆၄ တို့ဖြင့် လျှောက်ထားခြင်း ဖြစ်ပါသော်လည်း မူလဋီကာ ဆရာ၏ ထုံးကို လိုက်နာသောအားဖြင့် ဂါထာ ၆၀ ဟူ၍သာ သုံးနှုန်း၏။ ပျို့အနေ အားဖြင့်လည်း ဂါထာ ၆၀ ပျို့ ဟူ၍သာ ဆိုကြပါ၏။ ကာဠုဒါယီ၏ လျှောက် ထားချက်အရ မြတ်စွာဘုရားသခင်သည် နောက်ပါရဟန္တာပေါင်း နှစ်သောင်း ခြံရံလျက် ရာဇဂြိုဟ်မှ ကပိလဝတ်သို့ ကြွတော်မူ၏။ ရာဇဂြိုဟ်နှင့် ကပိလဝတ် သည် ယူဇနာပေါင်း ၆၀ ဝေးကွာလေရာ တစ်နေ့လျှင် တစ်ယူဇနာနှုန်းဖြင့် မဟာသက္ကရာဇ် ၁၀၃ ခုနှစ် တပေါင်း လပြည့်ကျော် ၁ ရက်နေ့မှစတင်ကြွရောက် တော်မူရာ ရက်ပေါင်း ၆၀ ကြာ၏။ ကဆုန်လပြည့်နေ့မှ ကပိလဝတ်ပြည် နိဂြောဓာရုံ ကျောင်းတော်သို့ ရောက်၏။

နိဂြောဓာရုံကျောင်း၌ တန်ခိုးပြာဋိဟာအားဖြင့် သာကီဝင်မင်းမျိုးတို့၏ ခတ္တိယမာန်ကို နှိမ်နင်း၍ မဟာဗုဒ္ဓဝင်တရားကို ဟောတော်မူ၏။ ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်း၌ပင် ဖခမည်းတော် သုဒ္ဓေါဒနမင်းကြီးအား "အနာဂါမ်"၊ မဟာပဇာပတိ ဂေါတမီအား "သောတာပန်" တည်စေတော်မူ၏။ ကြွင်းသော သွေးတော်မျိုးတော်တို့အားလည်း မိမိတို့၏ ပါရမီအလျောက် ကောင်းမှုကုသိုလ် များကို ရနိုင်စေရန် ဟောကြားတော်မူ၏။ ဗုဒ္ဓဝင်ဒေသနာကား ဂါထာပေါင်း ၉၅၁ ဂါထာ ရှိ၏။ မြတ်စွာဘုရားသခင် ကပိလဝတ်ပြည်သို့ ရောက်တော်မူပြီး နောက် တတိယနေ့တွင် နန္ဒမင်းသားနှင့် ဝတ်သက်၍ အောက်ပါအတိုင်းမင်္ဂလာ ၅ မျိုး ပြုလုပ်ရန် ရှိ၏။ သာကီဝင်မင်းမျိုးတို့ အစဉ်အလာအရ ပြုလုပ်ရသော မင်္ဂလာများ ဖြစ်၏။

(၁) အိမ်ရှေ့မင်း ဦးသျှောင်ထုံး မင်္ဂလာ၊
(၂) နဖူး၌ ရွှေပြား သင်းကျစ်တော်တပ်ဆင်ခြင်း မင်္ဂလာ၊
(၃) အိမ်ရှေ့စံ နန်းတော်အပ်နှင်းပွဲ မင်္ဂလာ၊
(၄) လက်ထပ်ထိမ်းမြားခြင်း မင်္ဂလာ၊
(၅) အိမ်ရှေ့စံ ထီးဖြူတော်စိုက် မင်္ဂလာ။

မြတ်စွာဘုရားသည် နန္ဒမင်းသားအတွက် အစဉ်အလာအရ မင်္ဂလာများ ကို ပြုလုပ်စဉ် နန်းတော်သို့ ဆွမ်းခံကြွ ဝင်တော်မူ၏။ ဆွမ်းခံ ပြန်ကြွသောအခါ မိမိ၏သပိတ်ကို နန္ဒမင်းသား၏ လက်ထဲသို့ ထည့်လိုက်၏။ နန္ဒမင်းသားလည်း နောင်တော် မြတ်စွာဘုရားသခင်၏ သပိတ်ကို လက်ဝယ်ပိုက်လျက် မြတ်စွာဘုရား နောက်တော်ပါးက "သပိတ်ကို ပြန်ယူနိုးနိုး" လိုက်ပါသွားရလေ၏။

http://www.cherrythitsar.org



ထိုအခါ မိမိနှင့် လက်ထပ်ထိမ်းမြားခြင်း မင်္ဂလာပြုရန် စီစဉ်ထားသော "ဇနပဒကလျာဏီ" မင်းသမီးက ပြတင်းပေါက် တံခါးဝမှ ရပ်လျက် အဆောင်၏ လမ်းမပေါ်သို့ပင် ရောက်နေပြီဖြစ်သော "နန္ဒမင်းသား" အား မောင်တော် ဘုရား အမြန်ဆုံး ပြန်ခဲ့ပါဟု ဆံပင် ဖိုးရိုးဖားရားနှင့် လှမ်း၍ မှာလိုက်၏။

နန္ဒမင်းသားသည် ဇနပဒ ကလျာဏီ၏ "မှာကြားလိုက်သံ" ကို မိမိ၏ နှလုံးသားအတွင်းမှ ပျောက်သွားအောင် မတတ်နိုင်ဘဲ ရှိ၏။ ဇနပဒ ကလျာဏီ၏ အသံသည် နန္ဒမင်းသား၏ နားထဲ၌ ကြားယောင်လျက်ရှိ၏။ ဤအသံ၊ ဤအသွင်၊ ဤရုပ်၊ ဤဟန်ကို နန္ဒမင်းသားသည် မည်သို့မျှ ဖျောက်၍မရဘဲ ရှိ၏။

သို့ရာတွင် နန္ဒမင်းသားသည် မည်သို့မျှ မတတ်နိုင်တော့၊ နောင်တော် ဘုရားသည် သူ၏သပိတ်ကို ပြန်ယူနိုးနိုးနှင့် နောက်တော်ပါးက လိုက်သွားလေရာ နိဂြောဓာရုံကျောင်းသို့တိုင် ရောက်သွားလေ၏။ ကျောင်းတော်သို့ ရောက်သွားသောအခါမှသာ မြတ်စွာဘုရားက နန္ဒမင်းသားအား "ညီတော် နန္ဒ၊ ရဟန်းပြုမည်လော" ဟု မေးတော်မူ၏။ ထိုအခါ နန္ဒ မင်းသား၏ စိတ်တွင် "နောင်တော်ဘုရားသည် မေးမှ မေးရက်လေခြင်း" ဟု စိတ်နှလုံး ယူကျုံးမရ ခံစားရရှာ၏။ သို့ရာတွင် သူ၏နှလုံးသားများ ကြေမွသွားစေကာမူ ကျိတ်မှိတ်ခံစားရင်း အမှန်အတိုင်း မလျှောက်ထားရဲသဖြင့် 'ပြုပါမည်ဘုရား' ဟု ပြန်လည်လျှောက်ထား၏။ ထိုအခါ မြတ်စွာဘုရားသခင်က 'သို့ဖြစ်လျှင် ချစ်သားရဟန်းတို့၊ နန္ဒမင်းသားကို ရဟန်းပြုကြကုန်လော့' ဟု မိန့်တော်မူရာ "နန္ဒမင်းသား" သည် ရဟန်း ဖြစ်သွား၏။ သို့ရာတွင် နန္ဒမင်းသားသည် ရဟန်းဘဝ၌ လုံးဝပျော်မွေ့ခြင်း မရှိ။ တစ်ချိန်လုံး သူ၏စိတ်သည် ဇနပဒကလျာဏီ၌သာ ရှိ၏။ ဇနပဒကလျာဏီသည် သာလျှင် တစ်ချိန်လုံး သူ၏နှလုံးသား၌ နေရာအပြည့်ယူလျက် စိုးမိုးထား၏။ ရဟန်းတရား ဟူသမျှ သူ၏နှလုံးသား၌ မြူမှုန်ခန့်မျှ နေရာဟူ၍ မရှိ။ သူကိုယ်တိုင်က လည်း နေရာမပေး။

နန္ဒမင်းသားကို ရဟန်းပြုပေးပြီးနောက် ၇ ရက်မြောက်နေ့တွင် ယသောဓရာဒေဝီက သားတော် ရာဟုလာအား ဖခင်ဖြစ်သော မြတ်စွာဘုရားထံ အမွေတောင်းခံစေပြန်၏။ မြတ်စွာဘုရားက "လောကုတ္တရာ အမွေအနေဖြင့်" ရှင်သာရိပုတ္တရာအား ဥပဇ္ဈာယ်ပြုလုပ်စေပြီး ရာဟုလာ မင်းသားကို "ရှင်သာမဏေ" ပြုပေးလိုက်၏။

ဤလောကတွင် ထားထိုက်သော "သံယောဇဉ်" နှင့် မထားထိုက်သော "သံယောဇဉ်" ဟူ၍ ၂ မျိုး ရှိပါ၏။ ထားထိုက်သော သံယောဇဉ်ဟူသည်မှာ ရဟန္တာပုဂ္ဂိုလ်များအတွက် "ကတညုတာ ကတဝေဒီ" မင်္ဂလာ အမည်ဖြင့်

http://www.cherrythitsar.org



"ကရုဏာနှင့် ပညာ" ဖြစ်၏။ ယင်း သံယောဇဉ်မျိုးကား အညစ်အကြေး ကင်းစင်၏။ ဖြူစင်၏။ သန့်ရှင်း၏။ ကရုဏာသည် လောကဖြစ်စဉ်တွင် ပြဿနာန်း၍ ပညာသည် လောကုတ္တရာဖြစ်စဉ်တွင် ပြဿနာန်း၏။ ဤသို့ ဆရာများက ဆိုကြ၏။ ထို့ကြောင့်ပင် မြတ်စွာဘုရား သည် "ယသောဓရာဒေဝီ" အခန်းသို့ ကိုယ်တော်တိုင် ကြွ၏။ စန္ဒကိန္နရီ ဇာတ်ဖြင့် ချီးကျူးခြင်း ဖြစ်၏။ ဆွေတော်မျိုးတော် အပေါင်းတို့အား ချီးမြှောက်ခြင်း ဖြစ်၏။

မြင့်မြတ်သော လူများအတွက် ထားထိုက်သော သံယောဇဉ်သည်လည်း "ကတညုတာ ကတဝေဒီ" မင်္ဂလာအစည်ဖြင့် ဗြဟ္မစိုရ်တရား ဖြစ်၏။ ဗြဟ္မစိုရ်တရားဖြင့် "အမျိုးဘာသာ သာသနာ" သန့်ရှင်းတည်တံ့ ပြန့်ပွားရေးအတွက် ဆောင်ရွက်၏။ ဘက်လိုက်၍ ဆောင်ရွက်ခြင်း မဟုတ်၊ မင်္ဂလာတရား၏ အတိမ်အနက်ကိုလိုက်၍ ဆောင်ရွက်ခြင်းသာ ဖြစ်၏။ "ဗြဟ္မစိုရ်တရားကို အခြေခံသည်" ဟု ဆိုကတည်းက ဘက်လိုက်ခြင်း သဘောမရှိ။ ထို့ကြောင့် ဗြဟ္မစိုရ်တရားကို "အပိုင်းအခြား မထားအောင်းသော တရား" ဟူ၍ ပိဋကတ်တော်၌ ဆိုခြင်းဖြစ်၏။ ထို့ကြောင့် မင်္ဂလာတရား၏ အတိမ်အနက်ကို လိုက်၍ လေးနက်စွာ ဆောင်ရွက်ရသည့် နေရာရှိသလို၊ မလေးမနက် ဆောင်ရွက်ရသည့် နေရာမျိုးလည်း ရှိတတ် ပါ၏။

သားတော် နန္ဒမင်းသားနှင့် မြေးတော် ရာဟုလာကို သာသနာ့ဘောင် အတွင်းသို့ သွတ်သွင်းလိုက်ပြီဟု သုဒ္ဓေါဒနမင်းကြီး ကြားသည်နှင့် တစ်ပြိုင်နက် မင်းကြီး၏ ရင်တွင်း၌ မဖော်ပြနိုင်သော "သောက" သည် ပြင်းထန်စွာ ဖြစ်၏။ သားမြေးတို့အပေါ်၌ ထားရှိသော ဘိုးဘွားမိဘတို့၏ "ချစ်ခြင်းမေတ္တာ" သည် အရေထူ အရေပါးကို ထွင်းဖောက်၍ ရိုးတွင်းခြင်ဆီသို့ တိုင်၏။

ထိုစဉ်က သုဒ္ဓေါဒနမင်းကြီးသည် "သကဒါဂါမိ" အဆင့်သို့ ရောက်နေပြီဖြစ်၍ ရင့်ကျက်ခိုင်မာသော စိတ်ဓာတ်ရှိ၏။ သို့ပါလျက် မင်းကြီးသည် ပြင်းထန်သော ဝေဒနာကို ခံစားရ၏၊ မင်းကြီးသည် စာနာ၏။ သူလို "သကဒါဂါမိ" ပုဂ္ဂိုလ်မျိုးသည်ပင် သားသမီးများအပေါ်၌ထားသော မျှော်လင့်ချက်ကို မြတ်စွာဘုရားက ရှင်ရဟန်းပြုခြင်းအားဖြင့် ဖျက်ဆီးရာရောက်သောကြောင့် ဤမျှလောက် သောကရောက်ရပါလျှင် အခြားပုထုဇဉ် မိဘဘိုးဘွားများ အနေဖြင့် မည်မျှ သောကရောက်ရှာ လေမည်နည်း။ နှိုင်းဆ၍ မရလောက်အောင်ပင် ရောက်ရှာပေလိမ့်မည်။ သားသမီး မြေးမြစ်တို့အပေါ်၌ ထားရှိသော မိဘဘိုးဘွားတို့၏ မေတ္တာစေတနာကား အတိုင်းအဆမရှိ ကြီးမားလှပါ၏။

မင်းကြီးသည် ကြေကွဲသော နှလုံးသားဖြင့် သားတော်ဘုရားထံ သွား၍

http://www.cherrythitsar.org



မိမိ၏ ခံစားချက်ကို လျှောက်ထားရင်း "နောင်တွင် မိဘခွင့်မပြုသော သားသမီးများကို ရှင်ရဟန်းပြုခွင့် မပေးပါရန် လျှောက်ထား၏။ မြတ်စွာဘုရားကလည်း သိက္ခာပုဒ် ပညတ်တော်မူကာ ခမည်းတော်မင်းကြီး လျှောက်ထားသည့်အတိုင်း လိုက်လျော၏။

ကပိလဝတ် နေပြည်တော်သည် ဘုမ္မိနက်သန်မှန်သော နေပြည်တော် ဖြစ်၏။ သားတော် သိဒ္ဓတ္ထမင်းသား ဖွားမြင်တော်မူစဉ်ကလည်း "စကြဝတေးမင်း" ဖြစ်မည်ဟု ဗြာဟ္မဏဗေဒင်ပညာရှင်များက ဟောခဲ့၏။ ထိုစဉ်က မင်းကြီးသည် မိမိသားတော်၏ "စကြဝတေးမင်း" အသရေတော်ကို မျက်မှောက်ထင်ထင် ကိုယ်တော်တိုင် ရှုကြည့်ရန် အားခဲထား၏။ သို့ရာတွင် သားတော်သည် မိမိ မျှော်လင့်ထားသည့်အတိုင်း စကြဝတေးမင်းမလုပ်ဘဲ တောထွက်၍ တရားကျင့်ကာ "ဘုရား" လုပ်သွား၏။ မင်းကြီး၏ မျှော်လင့်ချက်သည် ပျက်ပြား၍ သောက ရောက်ခဲ့ရ၏။

သားတော် နန္ဒမင်းသားသည်လည်း "စကြဝတေးမင်း" ဖြစ်မည်ဟု ဗြာဟ္မဏဗေဒင် ပညာရှင်များက ဟောထားပြန်၏။ မင်းကြီးသည် ထိုမျှော်လင့်ချက်ဖြင့် ပြန်လည်၍ ကြည်နူးကာ နန္ဒမင်းသား၏ "စကြဝတေးမင်း" အသရေတော်ကို ရှုစားရန် စိတ်ကူးယဉ်ပြန်၏။ နန္ဒမင်းသားကို ရဟန်းပြုပေးလိုက်ခြင်းအားဖြင့် မြတ်စွာဘုရားသည် မင်းကြီး၏ မျှော်လင့်ချက်ကို ဖျက်ဆီးလိုက်၏။ မင်းကြီး၏ "စိတ်ကူးယဉ်ဗိမာန်" သည် ပြိုလဲသွားခဲ့ရပြန်၏။ မင်းကြီး၏ နှလုံးသားသည် ဒုတိယအကြိမ် ကြေမွရပြန်၏။

တစ်ဖန် မြေးတော် ရာဟုလာသည်လည်း လွန်လေပြီးသော ကမ္ဘာ တစ်သိန်းအထက်ကာလ ပဒုမုတ္တရ မြတ်စွာဘုရားထံတော်မှောက်မှ "သိက္ခာသုံးပါးကို လိုလားသူတို့တွင် အမြတ်ဆုံး" ဟူသော ဧတဒဂ်ဘွဲ့ထူးဖြင့် ရဟန္တာ ဖြစ်ရန် ဗျာဒိတ်တော်ရပြီးသူ ဖြစ်၏။ သို့ရာတွင် ကပိလဝတ်နန်းတော်ရှိ ဗြာဟ္မဏဗေဒင် ပညာရှင်တို့က ရာဟုလာအား "စကြဝတေးမင်း" ဖြစ်ရမည်ဟု ဟောပြန်၏။ သုဒ္ဓေါဒနမင်းကြီးသည် အားတက်ပြန်၏။ ယခု သားတော် မြတ်စွာဘုရားက မြေးတော် ရာဟုလာအား ရှင်ပြုပေးလိုက်ပြန်ရာ မင်းကြီး၏ တတိယအကြိမ် မျှော်လင့်ချက်သည် ကျေပျက်သွားပြန်၏။ မျှော်လင့်ချက် ကျေပျက်သည်နှင့်အတူ မင်းကြီး၏ နှလုံးသားလည်း ကြေမွသွားလေ၏။ သာကီဝင်မင်းဆက်လည်း ပြတ်လေပြီဟု ယူကျုံးမရ ဖြစ်ရရှာ၏။

သုဒ္ဓေါဒနမင်းကြီးသည် ကပိလဝတ် နေပြည်တော်ကို မဏ္ဍိုင်ပြု၍ စကြဝတေးနိုင်ငံတော်ကို ထူထောင်လိုသူ ဖြစ်၏။ သို့ရာတွင် မြတ်စွာဘုရားက

http://www.cherrythitsar.org



ဖခမည်းတော်မင်းကြီး ထူထောင်လိုသော "စကြဝတေးနိုင်ငံတော်" ကို မင်းကြီး ခေါ်သည့်အတိုင်း "စကြဝတေးနိုင်ငံတော်" ဟု မသတ်မှတ်။ "**မာယာသုခနိုင်ငံတော်**" ဟုသာ သတ်မှတ်၏။ မြတ်စွာဘုရားကလည်း နိုင်ငံတော်တစ်မျိုးကို ထူထောင်လိုသူ ဖြစ်၏။ ထိုသို့ ထူထောင်နိုင်ရန်အတွက် လေးသင်္ချေနှင့် ကမ္ဘာ တစ်သိန်းတို့ ကာလပတ်လုံး ပါရမီတော်တို့ကို ဖြည့်ကျင့်ခဲ့ခြင်း ဖြစ်၏။ မြတ်စွာဘုရား ထူထောင်လိုသော နိုင်ငံတော်ကား ဖခမည်းတော် ထူထောင်လိုသော "**မာယာသုခနိုင်ငံတော်**" မျိုး မဟုတ်၊ "သန္တိသုခ နိုင်ငံတော်" ဖြစ်၏။

မြတ်စွာဘုရားသည် သူ၏ "**သန္တိသုခ နိုင်ငံတော်**" သို့ ဖခမည်းတော်နှင့် တကွ ကျွတ်ထိုက်သော ဝေနေယျသတ္တဝါ အားလုံးကို ခေါ်သွားမည်ဖြစ်၏။ ယခု **နန္ဒ**မင်းသားနှင့် ရာဟုလာကို ခေါ်၏။ နောက် မဟာပဇာပတိ ဂေါတမီ၊ ယသောဓရာ စသော သူများကိုလည်း ခေါ်ဦးမည်ပင် ဖြစ်၏။ မြတ်စွာဘုရား၏ "သန္တိသုခ နိုင်ငံတော်" ကား–

**"ရွာ" ဖြစ်ချင် ဖြစ်မည်၊ "တော" ဖြစ်ချင် ဖြစ်မည်။ "ချိုင့်ဝှမ်း" ဖြစ်ချင် ဖြစ်မည်၊ "ကြည်းကုန်း" ဖြစ်ချင် ဖြစ်မည်၊ သို့ရာတွင် ဘာဖြစ်ဖြစ် ထို "သန္တိသုခ နိုင်ငံတော်" သည် ပျော်မွေ့စရာ အကောင်းဆုံးတို့ထက် ပို၍ ပျော်မွေ့စရာ ကောင်း၏၊ အချမ်းသာဆုံးတို့ထက် ပို၍ ချမ်းသာ၏။**

*(၉၈၊ ဓမ္မပဒ)*

ယခု မြတ်စွာဘုရားသည် နန္ဒမင်းသားကို သူ၏ "သန္တိသုခနိုင်ငံတော်" သို့ ခေါ်လာခဲ့ပြီ။ သို့ရာတွင် **နန္ဒ**မင်းသားသည် ထိုနိုင်ငံတော်၌ လုံးဝမပျော်မွေ့၊ သို့ဖြစ်၍ ထိုနိုင်ငံတော်၌ နန္ဒမင်းသားအား ပျော်မွေ့အောင်ထားရန် မြတ်စွာဘုရား၌ တာဝန်ရှိ၏။ မြတ်စွာဘုရားသခင်သည် ဖခမည်းတော် မင်းကြီးအား "အနာဂါမ်" တည်စေပြီးနောက် ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်းမှ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်သို့ ပြန်ကြွတော်မူ၏။

ထိုနောက် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်ကြီး ဆောက်လုပ် ပြီးစီးပြီ ဖြစ်သဖြင့် မူလပြုထားသော ပဋိညာဉ်အတိုင်း မြတ်စွာဘုရားသည် ဇေတဝန် ကျောင်းတော်သို့ ကြွတော်မူ၏။ မြတ်စွာဘုရားနှင့်အတူ **နန္ဒ**မထေရ်လည်း ပါလာ၏။ ထိုအချိန်အထိ **နန္ဒ**မထေရ်သည် "လူ" ကသာ မြတ်စွာဘုရား တည်ထောင်တော်မူထားသော "သန္တိသုခ နိုင်ငံတော်"၌ ရှိနေသော်လည်း "စိတ်" ကမူ မင်းများ အမျိုးပြုသော ပုထုဇဉ်လူသားတို့ တည်ထောင်ထားသော "မာယာသုခ

---

**မာယာသုခနိုင်ငံ – လောကီချမ်းသာရှိရာဌာန၊**
**သန္တိသုခနိုင်ငံ – နိဗ္ဗာန်ချမ်းသာ၊**

http://www.cherrythitsar.org



နိုင်ငံတော်" ၌သာ ရှိ၏။ ဇနပဒကလျာဏီနှင့် သူသည် ပါဠိတော်ပါဟာရာအားဖြင့် "အ ဒုတိယ" ဖြစ်၏။ အမြင်အားဖြင့်သာ နှစ်ယောက်ဖြစ်သော်လည်း အမှန်အားဖြင့်မူ တစ်ယောက်တည်း ဖြစ်၏၊

ဤအခြေအနေကို မြတ်စွာဘုရားသည် သိပါ၏။ "ဘဝ" သည် ကြောင်လိမ်လှေကား၏ အလယ်နေရာ ဖြစ်၏။ အထက်သို့ တက်၍လည်း ရ၏။ အောက်သို့ ဆင်း၍လည်း ရ၏။ ကြောင်လိမ်လှေကား၏ စက်ဝန်းမှ ခုန်ထွက်၍လည်း ရ၏။ အထက်သို့တက်လျှင် လူ့, နတ်, ဗြဟ္မာ ဖြစ်၏။ အောက်သို့ ဆင်းလျှင် အပါယ်လေးပါးသို့ ရောက်၏။ လှေကားစက်ဝန်းမှ လွတ်အောင် ခုန်ထွက်လျှင် "သန္တိသုခ နိုင်ငံတော်" သို့ ရောက်၏။ ယခု နန္ဒမထေရ်၏ "ဘဝ" သည် မည်သည့်ဘက်သို့ ဦးတည်ရမည်၊ လှူရပြုရမည်ကို မြတ်စွာဘုရား သခင်သည်သာလျှင် အသိဆုံး ဖြစ်၏။ နန္ဒမထေရ်၌ "ဇနပဒကလျာဏီ" မှ "ဇနပဒကလျာဏီ" အခြား ဘာကိုမျှမမြင်၊ သူ၏ သန္တာန်၌ "ရာဂ" စရိုက် လွှမ်းနေ၏။ ရာဂဟူသည် နာမ်တရား ဖြစ်၏။ နာမ်တရားဖြစ်လျှင် အခြား ယှဉ်ဘက် နာမက္ခန္ဓာ လေးပါးနှင့်တကွ အာရုံနှင့် ဒွါရ ပါဝင်လာ၏။ အာရုံနှင့် ဒွါရကား ရုပ်တရား ဖြစ်၏။ စုစုပေါင်းလိုက်လျှင် "ဥပါဒါနက္ခန္ဓာ" ငါးပါးရ၏။ ထိုဥပါဒါနက္ခန္ဓာ ငါးပါးတွင် "ရာဂ" သည် ပြဋ္ဌာန်း၏။ နန္ဒမထေရ်သည် ရာဂကို နိစ္စဟု ထင်နေ၏။ ထို့ကြောင့် ရာဂသည် အနိစ္စဖြစ်ကြောင်း လက်တွေ့ပြရန် နန္ဒကို တာဝတိံသာ နတ်ပြည်သို့ ခေါ်သွားလေ၏။

တာဝတိံသာသို့ ခေါ်သွားစဉ် တစ်ခုသော မီးလောင်ပြင်၌ မီးလောင် ငုတ်တိုပေါ်တွင် ထိုင်နေသော မျောက်အိုမကို ပြခဲ့၏။ နန္ဒမထေရ်သည် ဇနပဒ လျာဏီ၏ အလှနှင့် မျောက်အိုမ၏ အလှကို နှိုင်းယှဉ်ကြည့်၏။ တာဝတိံသာ သို့ ရောက်လေပြီ။ တာဝတိံသာ၌ မြတ်စွာဘုရားကို လာရောက် ပူဇော်ကြသော နတ်သမီးများကို တွေ့ပြန်ပြီ။ ထိုအခါ ဇနပဒကလျာဏီသည် မီးလောင်ငုတ်တို၌ ထိုင်နေသော မျောက်အိုမ ဖြစ်သွားပြန်၏။ အားလုံးသော လောက "အသိ" များသည် အနိစ္စပါတကား။

အစပထမ၌ နတ်သမီးများကို ရလိုလျှင် တရားအားထုတ်၊ နတ်သမီး များကိုရရန် ငါအာမခံ၏ ဟူသော ပဋိညာဉ်အရ တရားအားထုတ် ခြင်း ဖြစ်သော်လည်း အခြားသီတင်းသုံးဖော်တို့၏ လှောင်ပြောင်မှုကြောင့် မူလ ဟန်လုပ်၍ တရားအားထုတ်ရာမှ နောက်ဆုံး၌ တကယ်တမ်း မှန်ကန် သော တရားအားထုတ်ခြင်း၊ တကယ် "ဟန်" သော အားထုတ်ခြင်း အဖြစ်သို့

http://www.cherrythitsar.org



ရောက်ပြီး အာသဝေါကုန်ခန်း ရဟန္တာ ဖြစ်သွား၏။ ယခုမူ နန္ဒမထေရ်သည် သန္တိသုခနိုင်ငံတော်သို့ တကယ်ရောက်၏။

မာယာသုခ နိုင်ငံတော်သားများသည်လည်း လူပင် ဖြစ်ကြ၏။ သန္တိသုခ နိုင်ငံတော်သားများသည်လည်း လူပင်ဖြစ်ကြ၏။ ဤနေရာ၌ အခြားသော နတ်ဗြဟ္မာများသည်လည်း “သစ္စဉာဏ်” ကို ရ၍ သန္တိသုခ နိုင်ငံတော်သားများပင် ဖြစ်ကြ၏ဟု ဆိုနိုင်ပါသော်လည်း လူလောကနှင့် ပတ်သက်၍ ဆိုခြင်းဖြစ်သဖြင့် အခြား အရိယာဖြစ်သော နတ်ဗြဟ္မာများကို ချန်ထားခဲ့ပါသည်။ လူကိုသာ အဓိက ထား၍ ဆိုမည် ဖြစ်ပါ၏။

နန္ဒမထေရ်သည် ကြောင်လိမ်လှေကား၏ ဇဟိုချက်မှနေ၍ ကြောင်လိမ် လှေကား၏ ဆွဲငင်အားကို လွတ်မြောက်အောင် ခုန်ထွက်ပြီး မြတ်စွာဘုရား၏ ဩဝါဒအရ မာယာသုခနိုင်ငံမှ ဝေနေယျများကို သန္တိသုခ နိုင်ငံတော်သို့ ဆွဲခေါ် မည် ဖြစ်၏။

မာယာသုခ နိုင်ငံတော်မှ လူသည် လူ့စရိုက်အရ လူဖြစ်၏။ ထို့ကြောင့် သူ၏ ချစ်ခြင်း၊ ကြင်နာခြင်းစသော ဗြဟ္မစိုရ်တရားများကို အခြေခံ၍ လုပ်ငန်း များကို လုပ်ဆောင်ပါသော်လည်း ကိလေသာ သဘောအရ အတိုက်အလျောက် မစင်ကြယ်မှု သဘောပါ၏။ သန္တိသုခ နိုင်ငံတော်မှ လူများသည် လူ့စရိုက် မရှိတော့သဖြင့် “လူ” ဟူ၍ ခေါ်ရုံ သက်သက်မျှသာ ဖြစ်၏။ အမှန်အားဖြင့် လူမဟုတ်တော့၊ အစဉ်အလာ ခေါ်နေကျဖြစ်၍သာ လူဟူ၍ ခေါ်ရခြင်း ဖြစ်၏။

ဥပမာအားဖြင့် မြေရိုင်းခဲနှင့် ပတ္တမြားကျောက် သဘောမျိုး ဖြစ်၏။ အဋ္ဌကလာပ်ရုပ်ချင်းသာ တူသော်လည်း ဂုဏ်နှင့် သတ္တိချင်းကား မတူ၊ ထိုသဘော မျိုးပင် ဖြစ်၏။ လောကအပေါ်၌ ထားရှိသော အရိယာများနှင့် ပုထုဇဉ်များ၏ မေတ္တာစေတနာတို့သည် အမည်ချင်းသာ တူ၏။ ဂုဏ်နှင့် သတ္တိချင်းကား မတူ၊ ရုပ်ပိုင်းအရလည်း မတူ၊ နာမ်ပိုင်းအရလည်း မတူ။ နိုင်ငံတော်ချင်းအရလည်း “မာယာသုခ နိုင်ငံတော်” နှင့် “သန္တိသုခ နိုင်ငံတော်” တို့သည် သဘာဝချင်း လုံးဝမတူချေ။

“မာယာသုခနိုင်ငံတော်” ၌ “အကြောင်းတရားနှင့် အကျိုးတရား တို့၏ နိယာမအရ ဖြစ်ခြင်း” သည် ပဓာနကျ၏။ သန္တိသုခနိုင်ငံတော်၌ “အကြောင်း တရားနှင့် အကျိုးတရားတို့၏ နိယာမအရ ချုပ်ခြင်း” သည် ပဓာနကျ၏။ အကြောင်းဖြစ်လျှင် အကျိုးဖြစ်သည်ကား “မာယာသုခ နိုင်ငံတော်”၏ ဥပဒေသ၊ အကြောင်းချုပ်လျှင် အကျိုးချုပ်သည်ကား “သန္တိသုခ နိုင်ငံတော်” ၏ ဥပဒေသ၊ ဤကား နိုင်ငံတော်နှစ်ခုတို့၏ ခြားနားသော ဥပဒေသတည်း။

http://www.cherrythitsar.org



ဤလောကတွင် မည်သည့်ဝတ္ထုမျှ ရုပ်ဖြစ်စေ၊ နာမ်ဖြစ်စေ နိစ္စ သုခ၊ သုခ၊ အတ္တ သဘောမရှိ၊ အားလုံး အနိစ္စ၊ အသုဘ၊ ဒုက္ခ၊ အနတ္တ သဘောမျှသာ ဖြစ်၏။

သို့ပါလျက် တဏှာက သက်ရှိဖြစ်စေ၊ သက်မဲ့ဖြစ်စေ တစ်ခုမကြိုက်လျှင် နောက်တစ်ခုကို ကြိုက်အောင် တာဝန်ယူ၍ အားထုတ်၏။ ယင်းကို ပါဠိဝေါဟာရအားဖြင့် "ပေါနောဗ္ဘဝိကာ" ဟု ခေါ်၏။

အားလုံးကို နှစ်သက်စရာကောင်းအောင် အရောင်အဆင်း၊ အသွင်၊ ဟန်ဖြစ်လာအောင် "ခြယ်" ၍လည်း ပေးတတ်၏။ ယင်းကို ပါဠိဝေါဟာရအားဖြင့် "နန္ဒီရာဂ" ဟု ခေါ်၏။

သက်ရှိဖြစ်စေ၊ သက်မဲ့ဖြစ်စေ အာရုံတစ်ခုတည်း၌ မကျေနပ်နေဘဲ မြင်မြင်သမျှ ဟူသရွေ့တို့၌ နှစ်သက်ဖွယ်ဖြစ်အောင် လုပ်ပေးတတ်၏။ မိမိနှင့် ပတ်သက်လာလျှင် အကျိုးဖြစ်ဖြစ်၊ အကာန်းဖြစ်ဖြစ်၊ အရုတ်ဖြစ်ဖြစ်၊ အပြတ်ဖြစ်ဖြစ် အားလုံးကို နှစ်သက်စရာကောင်းအောင် "နန္ဒီရာဂ" ဖြင့် လုပ်ပေးတတ်၏။ အခြားနှင့် ပတ်သက်လာလျှင်မူ သူက ပြောင်းပြန်။

အမှန်အားဖြင့် နန္ဒမထေရ်သည် "ရာဂ" ဝင်ပေါက်မှ ရာဂကို ဥပနိဿယပြု၍ ရုပ်နှင့်နာမ်ကို အနတ္တမြင်အောင်ရှုပြီး ရဟန္တာဖြစ်လာသူ ဖြစ်၏။ ထို့ကြောင့် မြတ်စွာဘုရားက နန္ဒမထေရ်နှင့် ပတ်သက်၍ ဂါထာ နှစ်ပုဒ်ကို ဤသို့ ဟောတော်မူ၏။

- **ကောင်းစွာ မိုးမထားသော အိမ်ကို မိုးရေပေါက်သည် ဝင်ရောက် ထိုးဖောက်နိုင်သကဲ့သို့ ဤအတူ ဝိပဿနာ ရှုပွားမှုမရှိသော စိတ်ကို "ရာဂ" သည် ဝင်ရောက် ထိုးဖောက်နိုင် ၏။**
- **ကောင်းစွာ မိုးထားသောအိမ်ကို မိုးရေပေါက်သည် မထိုးဖောက် မဝင်ရောက်နိုင်သကဲ့သို့ ဤအတူ ကောင်းစွာ ဝိပဿနာရှုပွားထားသော စိတ်ကို "ရာဂ" သည် မဝင်ရောက် မထိုးဖောက်နိုင်။**

သုံးစွဲရိုး ဝေါဟာရအားဖြင့် "လောက"၊ ဒေသနာ ဝေါဟာရအားဖြင့် "ပဋိစ္စသမုပ္ပါဒ်"၊ အဘိဓမ္မာ ဝေါဟာရအားဖြင့် "ရုပ်နှင့်နာမ်" ဝိပဿနာ ဝေါဟာရအားဖြင့် "ဥပါဒါနက္ခန္ဓာ" ဤတရားများသည် အပြင်ကလည်း လာ၏။ အတွင်းကလည်း လာ၏။ ဘယ်ကလာလာ လာချင်သလိုလာ လာသည့်စိတ်ကို "လာမှန်း" သိအောင် သတိဖြင့် မလွတ်တမ်း မှတ်သားရမည်။ ထိုသို့မှတ်သားရာ၌ ကောင်း-မကောင်း၊ ကောင်းသည်လည်း မဟုတ်၊ မကောင်းသည်လည်း မဟုတ် ဟူသောသဘောမျိုး ပေါ်ထင်မလာတော့ဘဲ ချုပ်ပျောက်သွားပြီး "မဂ်

http://www.cherrythitsar.org



ဉာဏ်” ပေါ်လာအောင် မှတ်ရမည်။ ကောင်း သဘော ပေါ်လာလျှင် “သုခ” ဝေဒနာ၊ မကောင်းသဘော ပေါ်လာလျှင် “ဒုက္ခ” ဝေဒနာ၊ ကောင်းလည်းမဟုတ် မကောင်းလည်းမဟုတ် သဘော ပေါ်လာလျှင် “ဥပေက္ခာ” ဝေဒနာတို့ဖြစ်ကြ၏။

ဝေဒနာမချုပ်ဘဲ ပေါ်လာလျှင် “တဏှာ” ဝင်တော့၏။ တဏှာပေါ်လာလျှင် “ကံ” ဖြစ်တော့၏။ ကံ ဖြစ်လာပါက “ဘဝ” ဖြစ်ရန် သေချာလှ၏။ နန္ဒမထေရ်သည် ဘဝကို ဖြတ်သူဖြစ်၏။ ဘဝကို ဖြတ်လိုလျှင် ကံကို ဖြတ်ရ၏။ ကံကို ဖြတ်လိုလျှင် တဏှာကို ဖြတ်ရ၏။ တဏှာ ဖြတ်လိုပါက မိမိ၏ သန္တာန်၌ ဖြစ်ပေါ်လာသမျှ အာရုံများကို ရုပ်ဖြစ်စေ၊ နာမ်ဖြစ်စေ “ဝေဒနာ” ဖြတ်ပြီး “မဂ်ဉာဏ်” ပေါ်လာမှ ဖြစ်ပေလိမ့်မည်။

နန္ဒမထေရ်သည် “ရာဂ” ကို ဥပနိဿယပြု၍ “ဥပါဒါနက္ခန္ဓာ ငါးပါး” တွင် ပေါ်လာသမျှကို အရဟတ္တမဂ်နှင့် အရဟတ္တဖိုလ် ရောက်သည့်တိုင်အောင် ဝိပဿနာရှုခဲ့သူ ဖြစ်လေရာ သူ၏သန္တာန်၌ ထင်လာသမျှ ရုပ်နာမ်အားလုံးကို ဝေဒနာမပေါ်တော့ဘဲ “မဂ်ဉာဏ်” ပေါ်အောင် ရှုခဲ့သဖြင့် တဏှာပြတ်၍ ဘဝ၏ ဆွဲငင်အားမှာ ရုန်းထွက်ပြီး “သန္တိသုခ နိုင်ငံတော်” သို့ အရောက်သွားနိုင်ခဲ့သူ ဖြစ်၏။ ထို့ကြောင့် နန္ဒမထေရ်သည် “ဣန္ဒြေကို စောင့်စည်းနိုင်သူတို့တွင် အမြတ်ဆုံး” ဧတဒဂ်ဘွဲ့ထူးကို ရရှိခြင်း ဖြစ်၏။

ကျွန်ုပ်တို့သည် နန္ဒမထေရ်လို ပါရမီရင့်သူများ မဟုတ်ကြ၊ သို့ရာတွင် ကျွန်ုပ်တို့သည် “သန္တိသုခနိုင်ငံတော်” သို့ ရောက်လိုသူများတော့ ဖြစ်ကြပါ၏။ သို့ဖြစ်လျှင် ကျွန်ုပ်တို့သည် မိမိတို့၏ ရုပ်တည်ရာ ကြောင်လိမ်လှေကား၏ ဗဟိုချက်ဖြစ်သော “ဘဝ” စက်ဝန်း၏ ဆွဲငင်အားမှ လွတ်မြောက်အောင် ခုန်ထွက်နိုင်ရေးအတွက် ကြောင်လိမ်လှေကား၏ အထက်သို့ တက်ရမည် ဖြစ်၏။ အထက်သို့ရောက်ပါမှ ခုန်ထွက်နိုင်ပေမည်။ အောက်သို့ဆင်း၍တော့ ခုန်ထွက်နိုင်မည် မဟုတ်၊ သို့ဖြစ်လျှင် ကျွန်ုပ်တို့ ဘာလုပ်ကြမည်နည်း။

အထက်သို့ တက်လိုလျှင် မြတ်စွာဘုရား ဟောတော်မူသည့်အတိုင်း ကျွန်ုပ်တို့သည် ပထမ ချမ်းသာအောင် ကြိုးစားရမည်။ ချမ်းသာအောင် ကြိုးစားနည်းကား ဒါနပြုခြင်းပင် ဖြစ်၏။ ဒါနဟူသည် တရားကိုယ်အား ဖြင့် “အလောဘ” ဖြစ်၏။ အလောဘသည် လောဘကို တစ်နည်းနည်းဖြင့် သတ်မည်မှာ သေချာလှ၏။

သို့ရာတွင် နောက်ထပ် လောဘအသစ်တစ်ခု ထပ်မံ မပေါ်ရလေအောင်

http://www.cherrythitsar.org



တစ်စုံတစ်ခုသော အကျိုးတရား တစ်မျိုးမျိုးကို မတောင့်တမိဖို့သော့ လို၏။ အကယ်၍ တောင့်တနေလျှင် လောဘကို သတ်ရာမရောက်ဘဲ နောက်ထပ် လောဘသစ်တစ်ခုကို ထပ်ပြီးတိုးပွားအောင် လုပ်ရာရောက်ပေလိမ့်မည်။ လောဘသေခြင်းသည် နိဗ္ဗာန်မည်၏။ နည်းနည်းသေလျှင်ပင် နည်းနည်း နိဗ္ဗာန်မည်၏။ လှူစရာမရှိဘူး ဟူ၍လည်း ဆင်ခြေမတက်ပါလေနှင့်၊ နဖူးမှချွေး ခြေမသို့ ကျသည်အထိ ကြိုးစား၍ "လှူစရာ" ရအောင် တရားသောနည်းဖြင့် ရှာဖွေရမည်။ အလောဘမရှိပါဘဲ လောဘကို သတ်၍ မရ။

ဒုတိယ ကျန်းမာအောင် လုပ်ရမည်။ ကျန်းမာအောင်လုပ်နည်းကား "သီလ" စောင့်ထိန်းခြင်း ဖြစ်၏။ သီလရှိမှ ကိုယ်ကျင့်တရားလည်း ကောင်း၏။ ကျန်းလည်း ကျန်းမာ၏။ သီလဟူသည် တရားကိုယ်အားဖြင့် "အဒေါသ" ဖြစ်၏။ ဒသကနိပါတ် မဟာဓမ္မပါလဇာတ်၌ ဒုစရိုက်တရားကို ရှောင်၍ သုစရိုက်တရားကိုကျင့်သူများ ကျန်းမာကြောင်း၊ အသက်ရှည်ကြောင်း လာရှိ၏။ ထို့ကြောင့် ကျန်းမာလိုပါလျှင်၊ ကိုယ်ကျင့်တရား ကောင်းမွန်လိုပါလျှင် သီလကို စောင့်ထိန်းရ၏။ အမှန်အားဖြင့်လည်း ကျန်းမာမှ အလုပ်ကြိုးစား၍ လုပ်နိုင်မည် ဖြစ်၏။ ထို့အပြင် "အဒေါသ" သည် ဒေါသကို သတ်နိုင်၏။ ပုဂ္ဂိုလ်၊ သတ္တဝါနှင့် ပတ်သက်လာလျှင် အဒေါသသည် မေတ္တာအလုပ်ကို လုပ်၏။

တတိယ အမှားနှင့် အမှန်ကို ခွဲခြား၍ သိရန်လို၏။ အမှားနှင့်အမှန်ကို ခွဲခြား၍ သိနိုင်ရန် "ဘာဝနာ" ကို လုပ်ရမည်။ ဘာဝနာဟူသည် "အမောဟ" ဖြစ်၏။ ဘာဝနာသည် လောကုတ္တရာတိုင်အောင် ပို့ဆောင်နိုင်၏။ လောကရေးရာတွင်လည်း "အမောဟ" သည်သာ မပါဝင်ပါက "သူ့ကျေးဇူး ရှိဖူး၏" ဟူသော အကြောင်းပြချက်ဖြင့် မတော်မတရား လုပ်ငန်းမှန်းသိလျက် ကူညီပံ့ပိုး ပေးတတ်၏။ ယင်းကိုပင် "ကတညုတ ကတဝေဒီမင်္ဂလာ" ဟူ၍ အမည်တပ်လိုက်သေး၏။ စင်စစ် "အမင်္ဂလာ" ပေတည်း။

မိမိ၏ကိုယ်ကျိုးအတွက်လည်း မတော်မရား လုပ်တတ်၏။ အဂတိတရားလေးပါးကို ကျူးလွန်တတ်၏။ အခွင့်အရေးကို တရားသည်ဖြစ်စေ၊ မတရားသည်ဖြစ်စေ မရလျှင် ရသည့်နည်းဖြင့် ယူတတ်၏။

ထို့ကြောင့် ဗုဒ္ဓဒေသနာတော်အရ သန္တိသုခ နိုင်ငံတော်သို့ သွားလိုရိုးမှန်ပါလျှင် အလောဘ (ဒါန)၊ အဒေါသ (သီလ)၊ အမောဟ (ဘာဝနာ) တို့ဖြင့် မိမိ၏ရပ်တည်ရာ ကြောင်လိမ်လှေကား၏ ဗဟိုချက်မှ အထက်သို့ တက်၍ သန္တိသုခနိုင်ငံတော်သို့ ဦးတည်ရ၏။ တူရူမြဲရ၏။ ကြိုးစားရ၏။

http://www.cherrythitsar.org



ထိုနောက် တဖြည်းဖြည်း "ဘဝ" ၏ ဆွဲငင်အားမှ လွတ်မြောက်သွားမည် ဖြစ်၏။ သန္တိသုခ နိုင်ငံတော်သို့ ရောက်နိုင်ရန် အခြားလမ်း မရှိ။

သာမန်လူများကို မဆိုထားနှင့်ဦး၊ မြတ်စွာဘုရားသခင်သည်ပင် "ကတညုတာ ကတဝေဒီမင်္ဂလာ" အရ ဝေသာလီပြည် မဟာဝုန်တော ကူဋာဂါရ ကျောင်းတော်၌ ပဉ္စမဝါ ကပ်တော်မူစဉ် ကပိလဝတ်ပြည် ထီးဖြူရိပ်၌ ဖခမည်းတော်မင်းကြီးအား အရဟတ္တဖိုလ်သို့ ရောက်လောက်အောင် တရားဟောကြားတော်မူခဲ့၏။ မယ်တော်အရင်း ဖြစ်ခဲ့ဖူးသော သန္တုသိတနတ်သား အမှူးပြုသော ပရိသတ်အား အဘိဓမ္မာတရားကို တာဝတိံသာ ပင်လယ် ကသစ်ပင်ရင်း၌ ဟောတော်မူခဲ့၏။ မိထွေးတော် အမှူးပြုသော သာကီဝင်မင်းသမီး ငါးရာတို့အား ဘိက္ခုနီမ ပြုခွင့်ပေးပြီး အရဟတ္တဖိုလ်သို့ ရောက်လောက်အောင် တရားပေးတော်မူခဲ့၏။ ယသောဓရာဒေဝီ စသော ဆွေတော်မျိုးတော်တို့ကို မြတ်စွာဘုရားသည် "ကတညုတာ ကတဝေဒီ" မင်္ဂလာအရ ဖြစ်စေ၊ ထိုထိုပုဂ္ဂိုလ်တို့၏ ပါရမီအရ ဖြစ်စေ ကျွတ်ထိုက်သော ဝေနေယျတို့ကို "သန္တိသုခနိုင်ငံတော်" သို့ ခေါ်ဆောင်သွားကြသည်သာ ဖြစ်၏။

"သန္တိသုခနိုင်ငံတော်" သို့ သင်္ခါရတရားများတို့၏အဆုံး ဝင်ချင်ရာ ဘက်မှ ဝင်နိုင်၏။ အင်္ဂုလိမာလ၊ အာဠာဝကတို့သည် ဒေါသကို ဥပနိဿယ ပြု၍ ဝင်၏။ ခေမာထေရီသည် မာနကို ဥပနိဿယပြု၍ ဝင်၏။ ပဋာစာရီသည် မောဟကို ဥပနိဿယပြု၍ ဝင်၏။ အမှန်အားဖြင့် သင်္ခါရ တရားတို့၏ အဆုံး၌ "သန္တိသုခ နိုင်ငံတော်" ရှိ၏။ ထိုနိုင်ငံတော်သို့ ဝင်နိုင်ရန် တံခါးပေါက်မှာ သင်္ခါရတရား အားလုံးတို့၏ အမျိုးမျိုးသော "သင်္ခတလက္ခဏာ" များမှာ တစ်ခုတည်းသော သာမညလက္ခဏာ "အနတ္တ" တံခါးပေါက် ဖြစ်၏။ အနတ္တကို တကယ်တမ်း မြင်လျှင် "သန္တိသုခ နိုင်ငံတော်" သို့ ရောက်ပေပြီ။ အနတ္တကို မြင်မှတော့ အနိစ္စနှင့် ဒုက္ခကား မြင်ပြီးသား။

မိမိ၏ စရိုက်အလိုက် ကြိုက်ရာ သင်္ခါရကို ဥပနိဿယပြု၍ မိမိ၏ သန္တာန်သို့ ဝင်ရောက်လာသမျှ၊ ပစ္စုပ္ပန်ကျကျ ထင်လာသမျှ ရုပ်နာမ်တို့ကို "အရှုခံ" သဘောအဖြစ်ထား၍ မိမိ၏သန္တာန်၌ရှိသော သတိပဋ္ဌာန်၊ သမ္မပ္ပဓာန် စသော တရားများကို ဗောဓိပက္ခိယ အုပ်စုဝင် ဖြစ်ပြီး မဂ္ဂင်ထိုက်အောင် ရှုနိုင်ပါက "သန္တိသုခနိုင်ငံတော်" သို့ ရောက်ကြောင်း ဤနန္ဒမထေရ်ဝတ္ထုဖြင့် ကိုယ်တော်တိုင် ဟောတော်မူခြင်း ဖြစ်၏။ ကြောင်လိမ်လှေကား၏ အလယ်ဗဟို၌ ရပ်မနေဘဲ အထက်သို့တက်၍ "ဘဝ" ၏ဆွဲငင်အားမှ လွတ်လိုစိတ်ရှိရန်သာ အရေးအကြီးဆုံး ဖြစ်ပါ၏။

**ရှုပြည့်စာအုပ်တိုက်**

http://www.cherrythitsar.org



# စုန္ဒ ဝက်ကုန်သည်

စုန္ဒသည် ရာဇဂြိုဟ်မြို့ကြီးသား ဖြစ်၏။ သူ၏အိမ်သည် မြတ်စွာဘုရားသခင် သီတင်းသုံးတော်မူရာ ဝေဠုဝန်ကျောင်းတော်နှင့် သိပ်မဝေးလှ။ သို့ရာတွင် စုန္ဒသည် မြတ်စွာဘုရား ကျောင်းတော်သို့ တစ်ခါမျှ မသွား၊ မြတ်စွာဘုရား၏ တပည့်သား ရဟန်းသံဃာတော်များသည် သူ၏အိမ်ကို မကြာခဏ ဖြတ်သန်းသွားလေ့ ရှိကြပါ၏။

ထိုသို့ ရဟန်းသံဃာတော်များ မကြာခဏ ဖြတ်သန်းသွားကြသည်ကို လည်း စုန္ဒသည် တွေ့ပါ၏။ သို့ရာတွင် စုန္ဒသည် ထိုရဟန်း သံဃာတော်များကို နှုတ်ခွန်းဆက်ခြင်းပင် မပြု၊ လှူဒါန်းရမည်ကို စိုးရိမ်၍ နှုတ်ခွန်းမဆက်ခြင်းလည်း ဖြစ်နိုင်၏။ အမြင်ကတ်၍ နှုတ်ခွန်းမဆက်ခြင်းလည်း ဖြစ်နိုင်၏။

မြတ်စွာဘုရား ကျောင်းတော်ကိုသာ မသွားသည် မဟုတ်၊ အခြားသော တိတ္ထိများ အရပ်သို့လည်း စုန္ဒသည် မသွား၊ ပရိဗိုဇ်များနှင့်လည်း အကျွမ်းတဝင် မဆက်ဆံ၊ အမှန်အားဖြင့် စုန္ဒသည် အလှူခံပုဂ္ဂိုလ်မှန်လျှင် မည်သည့် အလှူခံ ပုဂ္ဂိုလ်ဖြစ်စေ မသိကျိုးကျွန်ပြု၍ နေ၏။ စုန္ဒသည် သူ၏ ဘဝသက်တမ်းတစ် လျှောက်လုံး ပန်းတစ်ပွင့် ရေတစ်ခွက်မျှကိုပင် မည်သည့် အလှူခံပုဂ္ဂိုလ်အားမဆို လှူဒါန်းဖူးသည်ဟူ၍ မရှိ၊ သီလဆောက်တည်ခြင်း၊ တရားဘာဝနာ ပွားများ ခြင်းကား ဝေးလေစွ။

စုန္ဒတို့ခေတ် ဘီစီ ၆ ရာစုတွင် လောက၏ အမှန်တရားနှင့် ပတ်သက်၍ ရှာဖွေကြသော ဘာသာရေးဂိုဏ်းများ ရှိကြပါ၏။ အချို့ဂိုဏ်းက ဗြာဟ္မဏ ဝါဒအရ ယဇ်ပူဇော်မှုဖြင့် လောက၏ အမှန်တရားကို တွေ့ရန် ကြိုးပမ်းကြ၏။ ထိုဂိုဏ်းတွင်လည်း သူ့ဝါဒအလျောက် ကြိုက်သူများရှိကြ၏၊ ကိုးကွယ် ဆည်းကပ်သူများ ရှိကြ၏။ စုန္ဒကတော့ ထိုဝါဒကိုလည်း မကြိုက်။

ယဇ်ပူဇော်မှုကို မကြိုက်သဖြင့် "တပ" ခေါ် ခြိုးခြံသော အကျင့်ဖြင့် လောက၏ အမှန်တရားကို ရှာဖွေသော ဂိုဏ်းများလည်း ရှိကြပါ၏။ ထိုဂိုဏ်းများ တွင် ပူရဏကဿပ စသော တိတ္ထိဂိုဏ်း ၆ ဂိုဏ်းတို့သည် ထင်ရှားကြ၏။ အဇာတသတ်မင်း လက်ထက်တိုင်အောင် ကိုးကွယ်သူများသည် အရေအတွက် အားဖြင့် များစွာရှိပါ၏။ အဇာတသတ်မင်း၏ ဝန်ထမ်းများအနက် မှူးကြီးမတ်ကြီး များ အချို့ပင် ကိုးကွယ်ဆည်းကပ်ကြ၏။ သို့ရာတွင် စုန္ဒကတော့ ယင်းဂိုဏ်းများ ၏ အယူဝါဒ၌ စိတ်ဝင်စားခြင်း မရှိ။

မင်းနှင့်တကွသော မှူးမတ်များ၊ တိုင်းသူပြည်သားများသည် မြတ်စွာ

http://www.cherrythitsar.org



ဘုရား၏ သာသနာတော်၌ သက်ဝင်ယုံကြည်ကြ၏။ နေ့တိုင်းပင် ပန်းနံ့သာ လက်စွဲလျက် ဇေတဝန်ကျောင်းတော်သို့ တရားနာ သွားကြ၏။ စုန္ဒလည်း မြင်၏။ သို့ရာတွင် သူသည် လောက၏ အမှန်တရား ရှာဖွေရေးကိစ္စနှင့် ပတ်သက်၍ သူနှင့်ဆိုင်သည်ဟု ခံယူချက် လုံးဝမရှိ။

ထို့ကြောင့် စုန္ဒသည် မည်သည့်ဘာသာရေးဂိုဏ်း၏ ဝါဒ၌မျှ သက်ဝင် ယုံကြည်ခြင်း မရှိသဖြင့် သူ့ကို ဘာသာမဲ့ဟု ဆိုရ၏။ ယနေ့ခေတ်၌ စုန္ဒလို ဘာသာမဲ့ ပုဂ္ဂိုလ်ပေါင်းများစွာ ရှိနိုင်ပါ၏။ သို့ရာတွင် ပိဋကစာပေ၌ စုန္ဒလို မှတ်တမ်း တင်ခံရလောက်အောင် မိုက်မဲ၍ ရက်စက်ကြမ်းကြုတ်သူ ရှား၏။

စုန္ဒ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းသည် ဝက်သားပေါ်၍ ရောင်း ဝယ်သော လုပ်ငန်းဖြစ်၏။ စုန္ဒသည် ဝက်ပေါက်စများကို ဝယ်၍ သူ့အိမ်၏ နောက်ဖေးဘက်၌ ဝက်မြံကြီးတစ်ခုကို ဆောက်၍ မွေးမြူထား၏။ ဝက်ပေါက်စ များကို ဝယ်သည်ဆိုသော်လည်း ငွေဖြင့်ဝယ်သည် မဟုတ်၊ စပါးဖြင့်ဝယ်ခြင်း ဖြစ်၏။ စပါးဖြင့် ဝယ်သည်ဆိုသော်လည်း တန်ရာတန်ကြေးပေး၍ ဝယ်သည် မဟုတ်၊ များစွာဈေးနှိမ်၍ ဝယ်ခြင်း ဖြစ်၏။ စုန္ဒသည် ဝက်ကုန်သည်လောက၌ သူ့နည်းသူ့ဟန်အရ ကျွမ်းကျင်သူ ဖြစ်၏။

စပါးများပေါ်ချိန်တွင် စပါးများကို ဝယ်ယူစုဆောင်း၏။ စပါးရှားချိန် သို့ ရောက်သောအခါ စုန္ဒသည် တစ်ရွာဝင် တစ်ရွာထွက်ဖြင့် ဝက်ပေါက်စများ ကို ငွေသားမပေးဘဲ စပါးပေးကာ ဝယ်ယူ၏။ ထိုထို ဒေသရှိ ဝက်မွေးမြူရေး သမားများကလည်း စုန္ဒပေးသည့် ဈေးအတိုင်းပင် ရောင်းလိုက်ရ၏။ စုန္ဒသည် ဝက်မွေးမြူရေးသမားများ၏ အခြေအနေကို သိ၏၊ မရောင်းလျှင် မဖြစ်နိုင်သော အခြေအနေသို့ ရောက်နေသော ဝက်မွေးမြူရေးသမားများထံမှသာ ဝက်ပေါက်စ များကို သူပေးချင်သည့်ဈေးအတိုင်း ပေး၍ ဝယ်ယူ၏။ နောက် သူကပင် ကရုဏာရှေ့ထား၍ ဝယ်လိုက်သည့် သဏ္ဌာန်ကို ဆောင်လိုက်သေး၏။ ဝက် မွေးမြူရေးသမားက စုန္ဒကိုပင် ကျေးဇူးတင်လိုက်ရသေး၏။ ထို့ကြောင့် ဝက်ကုန်သည်လောက၌ စုန္ဒကို အရောင်းအဝယ် ကျွမ်းကျင်သူအဖြစ် အသိအမှတ် ပြုခြင်း ဖြစ်၏။ ဝက်ရောင်းဝယ်ရေးလုပ်ငန်း၌ အလွန်တော်သော စုန္ဒ။

ဘဝဟူသည် ထာဝစဉ် တည်မြဲနေသည် မဟုတ်၊ ခဏတိုင်း ခဏတိုင်း ပြောင်းလဲနေ၏။ မြစ်ရေအလျဉ်ကဲ့သို့ လည်းကောင်း၊ ဆီမီးအလျှံကဲ့သို့ လည်းကောင်း အစဉ်တစိုက် အဆက်မပြတ် ဖြစ်နေခြင်း ဖြစ်၏။ နောက်ပျက်နေ ခြင်း ဖြစ်၏။ ယင်းကဲ့သို့ ဘဝ၏ အစဉ်တစိုက် ပျက်နေခြင်းကို ရိုးရိုး သာမန် မျက်စိဖြင့် မမြင်၊ ဝိပဿနာ ဉာဏ်မျက်စိဖြင့်သာ မြင်နိုင်၏။ ဤသို့ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်က ဆို၏။

http://www.cherrythitsar.org



ဘဝသည် ဟာဝစဉ် ပြောင်းလဲနေသော်လည်း ယင်းဘဝတွင် သာယာဖွယ် အပိုင်း မသာယာဖွယ်အပိုင်း ထွက်မြောက်ရာ အပိုင်းဟူ၍ အပိုင်းသုံးပိုင်း ပါဝင်၏။ ပါဠိဝေါဟာရအားဖြင့် သာယာဖွယ်အပိုင်းကို "အဿာဒ"ဟု ခေါ်၏။ မသာယာဖွယ် အပိုင်းကို "အာဒီနဝ" ဟု ခေါ်၏၊ ထွက်မြောက်ရာအပိုင်းကို "နိဿရဏ" ဟု ခေါ်၏။ ဤသို့ နေတ္တိကျမ်းက ဆို၏။

ဘဝ၏ သာယာဖွယ်အပိုင်း မသာယာဖွယ်အပိုင်း ထွက်မြောက်ရာ အပိုင်းတို့၌ မျက်နှာပြင် နှစ်ခုစီ ရှိ၏။ မျက်နှာပြင်တစ်ခုမှ အတ္တရှုထောင့်မှ မြင်ရသော မျက်နှာပြင် ဖြစ်၏။ အခြားမျက်နှာပြင်တစ်ခုမှာ အနတ္တရှုထောင့်မှ မြင်ရသော မျက်နှာပြင် ဖြစ်၏။ အတ္တရှုထောင့်မှ ကြည့်လျှင် "အသာစီး" ခြင်း သဘောကို တွေ့ရ၏။ အနတ္တရှုထောင့်မှ ကြည့်လျှင် "အနာခံ" ခြင်း သဘောကို တွေ့ရ၏။

စန္ဒသည် ဘဝကို အတ္တရှုထောင့်မှ ကြည့်သူဖြစ်၏။ အတ္တရှုထောင့်မှ ကြည့်လေသောအခါ သူ၏ဘဝအတွက် အရာရာတိုင်း၌ "အသာစီး" ခြင်း သဘောကိုသာ တွေ့ရ၏။ သူ၌ တရားသည် မတရားသည်ဟူ၍ ပုံသေ သတ်မှတ်ချက်မရှိ၊ သူ့ဘဝအတွက်ရလျှင် တရား၏။ မရလျှင် မတရား၊ လုယူ၍ပဲ ရရ၊ လိမ်လည်၍ပဲရရ၊ ရလျှင် တရားသည်သာ ဖြစ်၏။ ထို့ကြောင့် သူသည် ကုသိုလ်၌လည်း မယုံကြည်၊ အကုသိုလ်၌လည်း မယုံကြည်၊ စန္ဒသည် အတ္တရှုထောင့်မှသာ ဘဝကို ကြည့်သူဖြစ်သောကြောင့် သူ့ကိုယ်ကိုသာ သူယုံ၏။ အခြား မည်သူ့ကိုမျှ သူမယုံကြည်။ ဘာသာတရားများ၏ သွန်သင်ချက်၌လည်း သူ မယုံ၊ ပတ်ဝန်းကျင်၌လည်း သူမယုံ၊ စန္ဒသည် သူ၏ဘဝအတွက် အရာရာ တိုင်းကို "သာယာဖွယ်" အဖြစ်သာ မြင်၏။ အကယ်၍ သူ၏ဘဝအတွက် "မသာယာဖွယ်" ဖြစ်သော အဟန့်အတားတစ်ခုခုကို တွေ့ရပါက ယင်းအဟန့် အတားမှ "ထွက်မြောက် ရာ" ကို အကြမ်းနည်းဖြင့် ဖြစ်စေ၊ အနုနည်းဖြင့် ဖြစ်စေ ဖြစ်သည့်နည်းဖြင့် ထိုမသာယာဖွယ်ဖြစ်သော အဟန့်အတားကို ဖယ်ရှားပြီး ထွက်မြောက်ရာကို ရအောင်ယူမည် ဖြစ်၏။

စန္ဒသည် သူ့ဘဝအတွက် သာယာဖွယ်ကို ရှာရာ၌လည်းကောင်း၊ မသာယာဖွယ် အဟန့်အတားကို ဖယ်ရှားရာ၌ လည်းကောင်း၊ ထွက်မြောက်ရာ ကို ရအောင်ယူရာ၌ လည်းကောင်း ခမ္မနှင့် အခမ္မ၊ ကုသိုလ်နှင့် အကုသိုလ် တို့နှင့်ပတ်သက်၍ ပုံသေသတ်မှတ်ချက် မရှိ၊ အသာရလျှင် ပြီးရောဟူသော ခံယူချက်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်သူ ဖြစ်၏။

ဘဝကို အနတ္တရှုထောင့်မှ ကြည့်လျှင်မူ တစ်မျိုးမြင်၏။ အနုရုဒ္ဓါ ဆရာ

http://www.cherrythitsar.org



၏ ဩဝါဒအရ (၁) မြင့်မြတ်သော စိတ်နေစိတ်ထားရှိခြင်း၊ (၂) စဉ်းစဉ်းစားစား လုပ်တတ်ခြင်း၊ (၃) လုပ်နည်းလုပ်ဟန် မှန်ကန်ခြင်း ဟူသော အင်္ဂါသုံးရပ်နှင့် ပြည့်စုံသော လုပ်ငန်းမှပေါ်ထွက်လာသော အကျိုးတရားသည်သာလျှင် သာယာဖွယ် ဖြစ်၏။

အရိယသစ္စာ အမြင်ဖြင့် တရားကို မမြင်နိုင်သေးသရွေ့ ကာလပတ်လုံး ပုထုဇဉ်တို့၏ အမြင်သည် ဆင်ကိုစမ်းသော မျက်မမြင်ပုဏ္ဏား ခြောက်ယောက်တို့၏ အမြင်များကဲ့သို့ မပြည့်စုံသော အမြင်၊ သို့မဟုတ် မှားယွင်းသော အမြင်ချည်း ဖြစ်၏။ ယင်းအမြင်မျိုးကို ပါဠိပေါ်ဟာရဖြင့် ဝိပ္ပလ္လာသဟု ခေါ်၏။ ထို့ကြောင့် ပုထုဇဉ်ဟူသမျှသည် မည်မျှပင် ပညာရှိသည်ဖြစ်စေ သူ၏အမြင်၌ တစ်နည်းတစ်ဖုံအားဖြင့် မသာယာဖွယ်ပါမည်သာ ဖြစ်၏။ ထိုမသာယာဖွယ်ကိုလည်း အနုဒိဋ္ဌာဆရာ၏ ဩဝါဒအတိုင်း ဖယ်ရှား၍ ယင်းမှထွက်မြောက်ရာကို ရအောင်ယူရ၏။ ယင်း၏ အဖြေ၊ ယင်းမှ ထွက်ပေါက်ကို ရှာ၍ ထွက်ရ၏။

မသာယာဖွယ် သို့မဟုတ် အဟန့်အတားကို ဖယ်ရှားရာ၌ ပထမ အခြေခံအနေဖြင့် မြင့်မြတ်သောစိတ်ထားရှိဖို့ လို၏။ ထို့နောက် ဖြစ်ပေါ်လာသော အဟန့်အတားကို အဘက်ဘက်မှ စူးစမ်းဆင်ခြင်နိုင်ဖို့ လို၏။ နောက်ဆုံးအချက်အနေဖြင့် ဖယ်ရှားနည်း ဖယ်ရှားဟန် မှန်ဖို့လို၏။ သို့မှသာ မသာယာဖွယ် တည်းဟူသော အဟန့်အတားမှ ထွက်မြောက်ရာကို အေးအေးနှပ်နှပ် ရရှိနိုင်မည် ဖြစ်ပါ၏။ သို့မဟုတ်ပါက နောက်ကြောင်းမအေးဘဲ စိတ်တထင့်ထင့် ဝေဒနာကို ခံစားနေရပေလိမ့်မည်။

စုန္ဒကား ထိုနည်းကို မသုံး၊ တာဝပြစ်ဖြစ် သူ့ဘက်မှ အသာရသော နည်းကိုသာ သုံး၏။ အနာခံရသော နည်းကိုမသုံး။ ပြဿနာတစ်ရပ်ကို ဖြေရှင်းရာ၌ အလျှော့အတင်း သဘောတရားကို လိုက်နာရ၏။ ယင်း သဘောတရားကို ပါဠိဝေါဟာရအားဖြင့် ဟာနောပါဒါန ဟု ခေါ်၏။ ဟာနဟူသည် အလျှော့ပေးခြင်း ဖြစ်၏။ ဥပါဒါနဟူသည် တင်းခံခြင်း ဖြစ်၏။ သို့ရာတွင် စုန္ဒသည် ထိုသဘောတရားကို မသုံး၊ သူ အသာစီးရသော သဘောတရားကိုသာ သုံး၏။ စုန္ဒသည် သူ့ဘဝအတွက် အမြဲတမ်း သာယာဖွယ်ကိုချည်း ရှာသူဖြစ်၏။

စုန္ဒသည် မတန်တဆဈေးဖြင့် အနယ်နယ်အရပ်ရပ်မှ ဝယ်ယူလာသော ဝက်ပေါက်စများကို သူ့အိမ်နောက်ဘက်ရှိ ဝက်ခြံကြီးထဲ၌ လှောင်ထား၏။ သတ်ဖြတ်လောက်သော အရွယ်သို့ မရောက်မချင်း စုန္ဒသည် ဝက်များကို ကောင်းမွန်စွာ ကျွေးမွေး၏။ ဝက်များ ဝပြီး အသားတိုးမှ အရောင်းအဝယ်လုပ်ရာ၌ အမြတ်များများရသည်ကို စုန္ဒ သိ၏။ ထို့ကြောင့် စုန္ဒသည် ဝက်များကို အစာကျွေးရာ၌ မွှယ်မွှယ်ရာရာဖြစ်အောင် ပြုလုပ်၍ ကျွေးပါ၏။

http://www.cherrythitsar.org



စုန္ဒသည် ဝက်မွေးမြူရေးလုပ်ငန်းဖြင့် အသက်မွေးသော်လည်း စုန္ဒ တစ်အိမ်တည်း လွှင်တီးခေါင် နေသည်မဟုတ်၊ ရွာထဲရပ်ထဲ၌ပင် နေ၏။ ရွာထဲရပ်ထဲ၌ နေသည်ဆိုကတည်းက စုန္ဒသည် လူ့အဖွဲ့အစည်းတွင် အဖွဲ့ဝင် တစ်ဦးအနေဖြင့် မလွှဲမသွေ ပါဝင်လာရ၏။ ထိုအခါ လူ့အဖွဲ့အစည်းတွင်ရှိသော လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး၊ ဘာသာရေး စသော ရေးရာ အဖြာဖြာတို့နှင့် မလွှဲမသွေ ကြုံကြိုက်ရ၏။

ထိုသို့ ကြုံကြိုက်ရာတွင် လူမှုရေးအရလည်း လူသားအချင်းချင်း ဆက်ဆံရ၏။ နိုင်ငံရေးအရလည်း နိုင်ငံသားအချင်းချင်း ဆက်ဆံရ၏။ စီးပွားရေး အရလည်း ရောင်းသူနှင့် ဝယ်သူအချင်းချင်း ဆက်ဆံရ၏။ အုပ်ချုပ်ရေးအရလည်း အုပ်ချုပ်သူနှင့် အုပ်ချုပ်ခံရသူ အချင်းချင်း ဆက်ဆံရ၏။ ဘာသာရေး၌ကား ထိုကဲ့သို့မဟုတ်၊ တစ်ဦးတည်း တစ်ယောက်တည်း လုပ်ရ၏။ တစ်ဦးတည်း တစ်ယောက်တည်းလုပ်မှလည်း ဆိတ်ငြိမ်ရာကို ရ၏။ ဆိတ်ငြိမ်ရာကို ရမှလည်း ပို၍ ထိရောက်၏။

ဘာသာရေးသည် အခြားတစ်ဘက်ကို မငဲ့သော၊ ဆက်ဆံရေးနှင့် မပတ်သက်သော ပုဂ္ဂလိကလုပ်ငန်းသဘောမျိုး သက်ရောက်သဖြင့် အခြားသော နိုင်ငံရေး၊ စီးပွားရေး စသော ရေးရာများလောက် အရေးမကြီးဟု ထင်မှားတတ် ကြ၏။ အမှန်အားဖြင့် ဘာသာရေးသည် လူတစ်ဦးချင်းစီ၏ ကိုယ်ကျင့်တရားကို တည်ဆောက်ရာ၌ ပဓာနကျ၏။ ကိုယ်ကျင့်တရားကောင်းသော လူတစ်ဦးချင်းစီ ပါဝင်ဖွဲ့စည်းထားသော လူ့အဖွဲ့အစည်းသာ လူ့လောက အေးချမ်းသာယာရေး အတွက် ဆောင်ရွက်နိုင်မည် ဖြစ်၏။

စုန္ဒသည် ကိုယ်ကျင့်တရား တည်ဆောက်ရေးအတွက် ဘာသာရေး ဟူသမျှ၌ စိတ်ဝင်စားခြင်း မရှိသဖြင့် သူ့၌ ကောင်းသော ကိုယ်ကျင့်တရား မရှိ၊ ထို့ကြောင့် စုန္ဒသည် ရပ်ထဲရွာထဲ၌ နေသော်လည်း သူ၏ အိမ်နားပတ်ဝန်း ကျင်အပေါ် ငဲ့ညှာယောက်ယားရမှန်း မသိ၊ အားနာရမှန်း မသိ၊ သူလုပ်ချင်သည့် လုပ်ငန်းကို ဇွတ်တရွတ် လုပ်၏။ အမှန်အားဖြင့် စုန္ဒသည် လူမဟုတ်သော လူ ဖြစ်၏။

စုန္ဒသည် သတ်ဖြတ်သင့်သော အခြေအနေသို့ရောက်သော ဝက်များ ကို သတ်ဖြတ်၍ ရောင်း၏။ သို့ရာတွင် စုန္ဒ ဝက်သတ်နည်းကား ယခုခေတ် ဝက်သတ်နည်းနှင့် မတူ၊ စုန္ဒသည် ဝက်များကို တိုင်၌ ချည်နှောင်၏။ မရုန်း နိုင်အောင် လုပ်၏။ ထို့နောက် တင်းပုတ်နှင့် ထု၏။ အသားများ ဖူးဖူးရောင် လာအောင် ပြုလုပ်ခြင်း ဖြစ်၏။ ထိုအခါ ဝက်များသည် အလွန်ဝလာဟန်

http://www.cherrythitsar.org



ရှိလာ၏။ ထို့နောက် စုန္နသည် ဝက်များ၏ အာခေါင်ကို ထုတ်နှင့်ထောက်ထား၏။ ဝက်များ၏ ပါးစပ်သည် ပွင့်ဟ၍ နေ၏။

စုန္နသည် ဝက်များ၏ ပါးစပ်ထဲသို့ ကျိုက်ကျိုက်ဆူနေသော ရေနွေးကို လောင်းထည့်၏။ ဝက်များ၏ ခန္ဓာတွင်းမှ မစင်များကို အရည်ပျော်၍ ထွက်သွားအောင် လုပ်၏။ ဤသို့ ရေနွေးကျိုက်ကျိုက်ဆူကို အကြိမ်များစွာ လောင်းထည့်၏။ ဝက်များ၏ အူအတွင်းမှ ကျဆင်းလာသော အရည်သည် ဖြူလာသောအခါမှ ရေနွေးလောင်းထည့်ခြင်းကို ရပ်၏။

စုန္န၏ ဝက်သတ်နည်းသည် တွေးကြည့်လျှင် ကြက်သီးမွေးညင်း ထဖွယ်ကောင်းလောက်အောင် ရက်စက်လှသည်။ စုန္န၏ အိမ်နီးနားချင်းနေ လူများအဖို့တော့ မည်သို့ခံစားရမည် မသိ။

စုန္နသည် မည်သူ့ကိုမျှ အရေးထားသည်မဟုတ်။ သူလုပ်ချင်သည့်အတိုင်း လုပ်သူဖြစ်၏။ စုန္န၏ အိမ်နားတွင် မနေလိုပါက ပြောင်းရွှေ့သွားရုံသာ ရှိ၏။ မမြင်လိုပါက မျက်စိကို ပိတ်ထားရုံသာ ရှိ၏။ မကြားလိုပါကလည်း နားကို ပိတ်ထားရုံသာ ရှိ၏။ စုန္နကတော့ မည်သူ့ကိုမျှ အလေးထား၍ စဉ်းစားမည် မဟုတ်။ စုန္န၏ အိမ်နားမှ ပြောင်းရွှေ့မသွားနိုင်ကြသူများသည် စုန္နကို လျစ်လျူရှုရုံမှတစ်ပါး အခြားနည်းလမ်းများ မရှိတော့။

ဤနည်းအတိုင်း စုန္နသည် ၅၅ နှစ်တိုင်တိုင် ဝက်လုပ်ငန်းဖြင့် အသက်မွေးမြူ၏။ ထိုကာလအတွင်း စုန္နသည် ဝက်များကိုသတ်ရာ၌ အလွန်ပျော်၏။ ဝက်များကို တင်းပုတ်ဖြင့် ထုသောအခါ ဝက်များအော်ဟစ်ကြသည်ကို ကြားရလျှင်လည်း စောင်းသံကို ကြားရသည်နှယ် အလွန်ပီတိ ဖြစ်၏။ ကျိုက်ကျိုက်ဆူနေသော ရေနွေးများကို ဝက်များ၏ ပါးစပ်ထဲသို့ လောင်းချလိုက်သောအခါ ဝက်များ ရူးရူးဝါးဝါး အော်ဟစ် ကြသည်ကို ကြားရသောအခါလည်း စုန္နသည် အလွန်နားထောင်ကောင်းသည်ဟု ထင် ၏။

စုန္နသည် လောကကို အသိများ (စိတ္တဝိပ္ပလ္လာသ)၊ အမှတ်များ (သညာဝိပ္ပလ္လာသ)၊ အမြင်များ (ဒိဋ္ဌိဝိပ္ပလ္လာသ) တို့ဖြင့် ကြည့်သောအခါ လောကသည် အလွန်ပျော်စရာကောင်းသော ကစားကွင်းသဖွယ် ဖြစ်သည်ဟု မြင်ရ၏။ ဤအမြင်မျိုးကို ရှေးဆောတ်က လောကာယတ အမြင်ဟု ခေါ်၏။

အိန္ဒိယ ဒဿနကျမ်းများ၌မူ ယင်းအမြင်မျိုးကို စာရ်ဝါကအမြင်ဟု ဆို၏။ ယင်းအမြင်သည် သံသရာကို မယုံကြည်သော အမြင်ဖြစ်၏။ စာရ်ဝါက၏ ဆောင်ပုဒ်မှာ "ကြွေးယူ၍ ထောပတ်ကို သောက်ပါ" ဟူ၍ ဖြစ်၏။ ဤအယူကိုမူ စုန္နသည် နှစ်သက်ပုံရ၏။ ထို့ကြောင့် စုန္နသည် မည်သူ့ကိုမျှ အလေးမထားတဲ့ သူကြိုက်သလို နေခြင်းဖြစ်၏။

http://www.cherrythitsar.org



သို့ရာတွင် ဤလောကနှင့် မည်သူကြိုက်ကြိုက် မကြိုက်ကြိုက် ဓမ္မသည် အမြဲပကတိအနေဖြင့် နောက်ဆုံး အုပ်စိုးသည်သာ ဖြစ်၏။ အဓမ္မ၏ လွှမ်းမိုးမှုကား ယာယီမျှသာ ဖြစ်၏။ အဆုံးတစ်နေ့တွင် ဓမ္မသည် အဓမ္မအပေါ် အောင်ပွဲခံရ၏။ ထို့ကြောင့် စုန္ဒသည်လည်း ဓမ္မ၏ အပြစ်ပေးမှုကို မလွှဲမသွေ ခံရမည် ဖြစ်၏။

ဝိပ္ပလ္လာသ မျက်မှန်တပ်ပြီး မိမိ၏ဘဝကို သာယာဖွယ်အဖြစ် မြင်ကြသော အယ္ဘလ္ဘန်ပုဂ္ဂိုလ်တို့၏ သွားရာလမ်းကား အပါယ်လေးဆိုသာ ဖြစ်၏။

တစ်နေ့တွင် စုန္ဒသည် မမာမကျန်း ဖြစ်၏။ လောကအပေါ် အနိုင်ယူခဲ့သမျှ ယခုတော့ စုန္ဒသည် ဓမ္မ၏ ဒဏ်ခတ်ခြင်းကို ခံရလေပြီ။ ၅၅ နှစ်လုံးလုံး ဝက်များအပေါ် စုန္ဒ ပြုမူခဲ့သည့်အတိုင်း အဝီစိ ငရဲမီးလျှံသည် စုန္ဒဆီသို့ ရောက်လာ၏။ စုန္ဒသည် ပူလောင်ခြင်း ဝေဒနာကို ပြင်းပြစွာ ခံစားရ၏။ ဝက်များသွားသည့် အတိုင်း လေးဘက်ထောက်၍ သွားရ၏။ ဝက်များ အော်ဟစ်သည့်အတိုင်း ဆူညံစွာ ဝက်သံဖြင့် အော်ဟစ်ရ၏။

အကုသိုလ်ဟူသည် ဓမ္မနိယာမအတိုင်း ကူသောအကျိုးကို ပေး၏။ ကုသိုလ်လည်း ထိုနည်းအတူပင် ကူသောအကျိုးကို ပေး၏။ ဤနေရာ၌ကား စုန္ဒသည် သူ၏ ဘဝသက်တမ်းတစ်လျှောက်လုံး ကုသိုလ်ကောင်းမှုဟူ၍ ဘာမျှ မပြုလုပ်ခဲ့သည့်အတွက် ကုသိုလ်နှင့်ပတ်သက်၍ ကူသော အကျိုးပေးစရာ ဘာမျှ မရှိ၊ အကုသိုလ်ကသာ ကူသောအကျိုးပေးစရာ ရှိလေသည်။

စုန္ဒ၏ကိုယ်၌ အနာတို့သည် ပုံးပုံးရောင်ထကြွကုန်၏။ အဝီစိ ငရဲမီးလျှံသည် စုန္ဒကိုယ်ပေါ် လွှမ်းခြုံထား၏။ စုန္ဒသည် သတိလွတ်ကင်း၍ အိမ်၏အတွင်း၌ ဟိုမှသည်မှ လှည့်လည်ပြေးသွား၏။ အိမ်သူအိမ်သားတို့ကလည်း စုန္ဒ အပေါ်သို့ ထွက်မပြေးနိုင်စေရန်သောတွာ အိမ်တံခါးကို လုံခြုံစွာ ပိတ်ထားကြ၏။ လုံခြုံစွာ ပိတ်၍ထားသော အိမ်အတွင်း၌ စုန္ဒသည် ဝက်ခြံတွင်း၌ အသတ်ခံရမည့် ဝက်များ ထွက်ပေါက်ကို ရှာသကဲ့သို့ လှည့်လည်၍ ထွက်ပေါက်ရှာ၏။

စုန္ဒသည် ဝက်၏အော်သံဖြင့် ဆူညံစွာ အော်ဟစ်လျက် နေ၏။ စုန္ဒသည် အရှင်လတ်လတ် ပူပြင်းလှသော အဝီစိငရဲမီးဒဏ်ကို ပြင်းထန်စွာ ခံစားရ၏။ အိမ်နီးပါးချင်းတို့သည် စုန္ဒ၏ အော်သံကြောင့် အိပ်၍မရဘဲ ရှိကြ၏။ စုန္ဒသည် ၇ ရက်ပတ်လုံး ဝက်များကို သူသတ်စဉ်က ဝက်များ ခံစားရသည့်အတိုင်း ခံစားရ၏။ ဝက်များ ပြေးပေါက်ရှာသည့်အတိုင်း သူလည်း ပြေးပေါက်ကို ရှာရ၏။ ဝက်များ နာကျင်စွာခံစားရသော ဝေဒနာကြောင့် အော်ဟစ်ရသကဲ့သို့ စုန္ဒသည် အော်ဟစ်ရ၏။ ၇ ရက် တိုင်တိုင် စုန္ဒသည် အရှင်လတ်လတ် လူ၏ခန္ဓာဖြင့်

http://www.cherrythitsar.org



အဇိစိဝရဲ၏ဒဏ်ကို ခံစားရပြီးနောက် သေဆုံး၍ အဝီစိငရဲ၌ ကျရောက်လေ၏။ စုန္ဒ၏ အိမ်နီးပါးချင်းတို့သည် များစွာထိတ်လန့်ကြ၏။

စုန္ဒ၏ အိမ်အနီးမှ ဖြတ်၍သွားကြသော ရဟန်းတို့က မြတ်စွာဘုရားအား လျှောက်ထားကြ၏၊ စုန္ဒ၏အိမ်၌ ၇ ရက်ပတ်လုံး ဝက်များသတ်နေသည့် အသံကို ကြားရပါသည်။ စုန္ဒသည် အလွန် ရက်စက်ကြမ်းကြုတ်သူ ဖြစ်ပါသည်။ ဤမျှလောက် ရက်စက်ကြမ်းကြုတ်သောသူ တစ်စုံတစ်ယောက်ကိုမျှ တပည့်တော်တို့ မတွေ့ရဘူးပါဟု လျှောက်ထားကြ၏၊

ထိုအခါ မြတ်စွာဘုရားက ချစ်သားရဟန်းတို့၊ စုန္ဒသည် ၇ ရက် ပတ်လုံး ဝက်တို့ကို သတ်နေသည်မဟုတ်၊ ၅၅ နှစ်တို့ ကာလပတ်လုံး သူပြုခဲ့သော မကောင်းမှု အကုသိုလ်ကံသည် ဤပစ္စုပ္ပန်ဘဝ၌ပင် စုန္ဒအား တုံ့သောအကျိုးကို ပေးခြင်းဖြစ်၏။ ယနေ့တွင်မှ စုန္ဒသည် ကွယ်လွန်၍ အဝီစိငရဲသို့ ကျသွားခြင်း ဖြစ်သည်ဟု မိန့်တော်မူကာ အောက်ပါဂါထာကို ဟောတော်မူ၏။

- **မကောင်းမှုကို ပြုသူသည် ဤပစ္စုပ္ပန် ဘဝ၌လည်း စိုးရိမ်ပူပန်ရ၏၊ နောင် တမလွန်ဘဝ၌လည်း စိုးရိမ်ပူပန်ရ၏၊ ပစ္စုပ္ပန် တမလွန် နှစ်ဘဝလုံး၌ စိုးရိမ်ပူပန်ရ၏၊**
- **ထိုသူသည် မိမိ၏ ညစ်ညူးသော အကုသိုလ် ကံကြမ္မာကို မြင်၍ စိုးရိမ် ပူပန်ရ၏။ စိုးရိမ်ပူပန်ရသည်နှင့်အမျှ ပင်ပန်းရ၏၊**

ဤလောက၌ လူဟူ၍ ဖြစ်လာပြီး အရွယ်ရောက်လာသည်နှင့် တစ်မြိုင် နက် အလုပ်များကို တစ်ခုမဟုတ်တစ်ခု လုပ်ရတော့မည် ဖြစ်၏။ အလုပ်ကို လုပ်သောအခါ နှလုံးသွင်းသည်လည်း မလွဲမသွေ ပါလာမည် ဖြစ်၏။ ထိုတွင် အလုပ်ပြီးမြောက်မှုသည် ပဓာနမဟုတ်၊ နှလုံးသွင်း ကောင်းမှုသည်သာ ပဓာန ဖြစ်၏။ ထို့ကြောင့် နှလုံးသွင်းသည် မိမိလုပ်သော အလုပ်နှင့် ပတ်သက်၍ ကောင်းသောနှလုံးသွင်းလည်း ရှိ၏။ မကောင်းသော နှလုံးသွင်းလည်း ရှိ၏။

ကောင်းသော နှလုံးသွင်းဟူသည် မိမိ၏ဘဝကို လောကအတွက် အသုံးချ ခြင်းဖြစ်၏။ မကောင်းသော နှလုံးသွင်းဟူသည် လောကကို မိမိဘဝအတွက် အသုံးချခြင်း ဖြစ်၏။ ထို့ကြောင့် လောကကို မိမိဘဝအတွက် အသုံးချရန် ရည်ရွယ်ချက်ဖြင့် လုပ်ငန်းများကို လုပ်ပါက ထိုလုပ်ငန်း၌ ငါ့အတွက်ဟူသော နှလုံးသွင်းသည် အမြဲတမ်း လွှမ်းမိုး၏။ ငါဟူသော ခံယူချက် လွှမ်းမိုးသည်နှင့်အမျှ လောကအပေါ် လေးစားသောစိတ်များ မရှိတော့၊ "မှုစရာလား" ဟူ၍သာ ခံယူထားတော့၏။ ထို့ကြောင့် သူ့ဘဝအတွက် အကျိုးရှိမည်ဆိုလျှင် ဘာမဆို လုပ်ရဲ၏။ တရားသည် မတရားသည်ကို သူမမှု၊ သူမှုသည်ကား သူ့ဘဝ

http://www.cherrythitsar.org



အတွက် သူရည်မှန်းထားသော ရည်မှန်းချက် ပြည့်စုံရေးပင် ဖြစ်၏။ ထိုရည်မှန်းချက်သာ ပြည့်စုံမည်ဆိုလျှင် လောကပါလဓါ လောကကို ဖရိုဖရဲ ဖြစ်မသွားအောင် စောင့်ရှောက်တတ်သော ဟိရီနှင့် သြတ္တပ္ပ တရားနှစ်ပါးကိုလည်း အလေးမထားတော့ဘဲ သူလုပ်ချင်ရာကို ဖွက်အတင်းလုပ်မည် ဖြစ်၏။

လုပ်ငန်းများကို လုပ်ရာတွင် ထားရှိရမည့် သဘောထားသုံးမျိုးကို မြတ်စွာဘုရားသခင်က ဟောတော်မူထား၏။ ပထမသဘောထားမှာ မိမိ၏ ဂုဏ်သိက္ခာကို မိမိက လေးစားရခြင်း ဖြစ်၏။ တစ်သက်လုံး ဖုံးသမျှ ကုန်းခါမှပေါ် ဟူသော အဖြစ်မျိုး မရောက်ရလေအောင် မိမိ၏ ဘဝတစ်လျှောက်လုံး ထိန်းသိမ်းစောင့်ရှောက်လာသော ဂုဏ်သိက္ခာများ၊ မိမိ၏ မျိုးရိုးစဉ်ဆက် ဂုဏ်သိက္ခာများကို လေးစားသော သဘောထားဖြင့် လုပ်ငန်းများကို လုပ်ရ၏။ ဤသဘောထားကို အတ္တာဓိပတိဟု ခေါ်၏။

ဒုတိယ ထားရှိရမည့် သဘောထားမှာ လောကာဓိပတိ ဖြစ်၏။ လောကာဓိပတိဟူသည် ပတ်ဝန်းကျင်လောကကို လေးစားခြင်း ဖြစ်၏။ ပတ်ဝန်းကျင်လောကတွင် အစဉ်အတိုင်း မိမိ၏ မိသားစု၊ မိမိ၏ ရပ်ရွာ၊ မိမိ၏မြို့နယ်၊ မိမိ၏နိုင်ငံနှင့် ကမ္ဘာတစ်ခုလုံး ပါဝင်၏။ တစ်နည်းအားဖြင့် ဆိုရလျှင် လူသားအားလုံး ပါဝင်၏။ အမှန်အားဖြင့် လူတစ်ယောက်သည် လူသားအားလုံး ပါဝင်သော လူ့အဖွဲ့အစည်း၏ အဖွဲ့ဝင်တစ်ဦး ဖြစ်လေရာ တစ်ဦးချင်းကောင်းပါမှ လူ့အဖွဲ့အစည်းတစ်ခုလုံး ကောင်းပေမည်၊ ယာဉ် တစ်စီး ချောမောစွာ လှုပ်ရှားပြေးသွားနိုင်ရေးသည် ယာဉ်၏ အစိတ်အပိုင်း ဖြစ်သော ဇွေးသွားစိတ်တစ်ခု၏ ကောင်းမွန်မှု၌ တည်ပါ၏။ ထို့ကြောင့် လူတစ်ဦးတစ်ယောက်သည် ပတ်ဝန်းကျင်လောက၏ ငြိမ်းချမ်းသာယာရေး အတွက် တာဝန်ရှိပါ၏။ သို့ဖြစ်၍ မိမိနှင့် ပတ်သက်ပြီး ပတ်ဝန်းကျင်လောက၌ နစ်နာမှုမရှိရလေအောင် ပတ်ဝန်းကျင်ကို လေးစားရခြင်း ဖြစ် ပါ၏။

တတိယ ထားရှိရမည့် သဘောထားသည် ဓမ္မာဓိပတိ ဖြစ်၏။ ဤ၌ ဓမ္မသည် အရာကျယ်၏။ သံသရာတွင်းနှင့်လည်း ပတ်သက်၏၊ သံသရာလွန်နှင့်လည်း ပတ်သက်၏။ လောကနှင့်လည်း ပတ်သက်၏။ လောကုတ္တရာနှင့်လည်း ပတ်သက်၏။ တစ်ဦးချင်းနှင့်လည်း ပတ်သက်၏၊ လောကတစ်ခုလုံးနှင့်လည်း ပတ်သက်၏။ ထို့ကြောင့် ဆိုင်ရာဆိုင်ရာ သတ်မှတ်ထားသော ယဉ်ကျေးမှုများ၊ ဓလေ့ထုံးစံများ၊ စည်းမျဉ်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများကို ဤလောက၌ ပစ္စုပ္ပန် ငြိမ်းချမ်းသာယာရေးအတွက် စိတ်ရင်းမှန် စေတနာမှန်နှင့် လေးစားအပ်၏။ တမလွန် ငြိမ်းချမ်း သာယာရေးအတွက် ဆိုင်ရာ ဆိုင်ရာ သတ်မှတ်ထားသော

http://www.cherrythitsar.org



ကိုယ်ကျင့်သိက္ခာများ၊ ကုသိုလ်ကောင်းမှုများ၊ တရားဓမ္မကျင့်စဉ်များ ကိုလည်း လေးစားအပ်၏။

အနက်အဓိပ္ပာယ်အားဖြင့် ဓမ္မဟူသည် ကောင်းသောသဘောကို ဆောင် ပါမှ ဓမ္မမည်၏။ မိမိတို့၏ အယူအရ ကောင်းသည်ဟု သတ်မှတ်ထားရုံမျှနှင့် သော့ ဓမ္မမဟုတ်၊ ဓမ္မဟူသည် တဏှာ၊ မာန၊ ဒိဋ္ဌိတို့ကို ပါးသည်ထက်ပါးအောင် လုပ်နိုင်သော သဘောရှိမှသာ စစ်မှန်သော ဓမ္မမည်၏။ ထို့ကြောင့် ဓမ္မဓိပတိအရ တရားကို လေးစားခြင်းဟူသည်မှာ လုပ်ငန်းများကို လုပ်ရာ၌ မိမိ၏တဏှာ၊ မိမိ၏မာန၊ မိမိ၏ ဒိဋ္ဌိတို့ကို ပါးနိုင်သမျှပါးအောင် ဆောင်ရွက်ခြင်း ဖြစ်၏။ တစ်နည်းအားဖြင့် ဆိုရလျှင် မိမိ၏အတ္တကို ပါးနိုင်သမျှပါးအောင် လုပ်ခြင်းပင် ဖြစ်၏။ အဘယ့်ကြောင့်ဆိုသော် အတ္တဟူသည် တဏှာဖြင့်စွဲသော အတ္တလည်း ရှိ၏။ မာနဖြင့်စွဲသော အတ္တလည်းရှိ၏။ ဒိဋ္ဌိဖြင့်စွဲသော အတ္တလည်း ရှိ၏။ သို့ဖြစ်၍ အတ္တပါးလျှင် တဏှာ၊ မာန၊ ဒိဋ္ဌိတို့လည်း အလိုက်အလျောက် ပါးသော ကြောင့် ဓမ္မာဓိပတိအရ အတ္တပါးအောင် လုပ်ခြင်းသည် တရားကို လေးစားခြင်း မည်၏ဟု ဆိုခြင်း ဖြစ်၏။

မိမိ၏ ဘဝသက်တမ်းတစ်လျှောက် လုပ်ငန်းများကို လုပ်ရာတွင် ဓမ္မာ ဓိပတိသဘော ပါဝင်မှု ရှိ မရှိကို သေခါနီးကာလ၌ ပြ၏။ သေခါနီးကာလတွင် ကံနိမိတ်၊ ကမ္မနိမိတ်၊ ဂတိနိမိတ် တည်းဟူသော နိမိတ်သုံးပါးတို့တွင် တစ်ပါးပါး သည် မလွဲမသွေ ထင်ရ၏။ ကံသည် ဓမ္မနိယာမအရ မိမိနှင့် တူသောအကျိုးကို ပေး၏။ ကံကို လိမ်၍ညာ၍ မရ၊ မိမိအနေဖြင့် မိမိလုပ်သော အမှုကို ပုထုဇဉ်တို့၏ ဓမ္မတာအရ အကောင်းဟူ၍ချည်း ထင်လေရာ မိမိ၏အထင် မှန်–မမှန်ကို သေခါနီးကာလ၌ သိရ၏။

စုန္ဒဝတ္ထု၌ စုန္ဒလုပ်ခဲ့သော ကံများက ဂတိနိမိတ်အနေဖြင့် စုန္ဒအား ပြ၏။ စုန္ဒသည် ဝက်ကဲ့သို့ အော်ရ၏။ ဝက်ကဲ့သို့ ပြေးသွားရ၏။ ဝက်များ ကျိုက်ကျိုက်ဆူနေသော ရေနွေးပူလောင်းခြင်း၏ဒဏ်ကို ခံစားရသကဲ့သို့ စုန္ဒသည် လူ့ဘဝ၌ပင် အရှင်လတ်လတ် ၇ ရက်တိုင်တိုင် အဝီစိ ငရဲမီးလောင်ခြင်းကို ခံရ၏။ ဤမျှလောက် ခံစားရရုံနှင့် မပြီးသေး၊ သေတော့လည်း အဝီစိငရဲသို့ပင် ကျရလေ၏။

မိမိပြုခဲ့သော ကံသည် မိမိအနေဖြင့် ကောင်းသည်ဟု ထင်၍ လုပ်ခဲ့ခြင်း ဖြစ်စေကာမူ သေခါနီးကာလ၌ သူ့သဘောသူဆောင်ကာ ကံနိမိတ်၊ ကမ္မနိမိတ်၊ ဂတိနိမိတ် သုံးပါးတို့တွင် တစ်ပါးပါးသော နိမိတ်ဖြင့်တူသော အကျိုးပေးသည့် သဘောကို မလွဲမသွေပြမည် ဖြစ်၏။ ဝရမ်းပြေး လူဆိုးသည် ရာဇဝတ်ဘေးမှ

http://www.cherrythitsar.org



ပြေး၍ လွှတ်ချင်လွှတ်ဦးမည်၊ အကုသိုလ်ကို ပြုလုပ်ခဲ့ပါက ထိုအကုသိုလ်ကို မဂ်ဉာဏ်ဖြင့် မပယ်သတ်နိုင်လျှင် ၃၁ ဘုံ၌ ဘယ်နေရာ ပြေးပြေး ယင်းအကုသိုလ်၏ ပြစ်ဒဏ်မှ မလွှတ်နိုင်။ ပုထုဇဉ်ဖြစ်လျှင် အပါယ်လေးပါးသို့ပင် ကျနိုင်၏။ ထို့ကြောင့် ဗြဟ္မာပြည်မှာ တဝင်းဝင်း၊ ဝက်စားကျင်းမှာ တရှုပ်ရှုပ်ဆိုခြင်း ဖြစ်၏။

အကယ်၍ ရဟန္တာဖြစ်ပြီး နောက်ဘဝ မရှိလျှင်သော်မှ ရှင်မောဂ္ဂလ္လာန်လို ခိုးသားလူဆိုးများ၏ ရိုက်နှက်ခြင်းကို ခံရတတ်ပါ၏။ ထို့ကြောင့် ဤလောကတွင် မည်သည့်လုပ်ငန်းကိုလုပ်လုပ် အကုသိုလ်လုပ်ငန်းများကို မလုပ်မိအောင်၊ အစွဲစိတ်နည်းပါးအောင် လောကကို မိမိဘဝအတွက် အသုံးမကျဘဲ မိမိဘဝကိုသာ လောကအတွက် အသုံးချတတ်အောင် ဤဂါထာဖြင့် မြတ်စွာဘုရားက တရားနာပရိသတ်အား ဟောကြားတော်မူခြင်း ဖြစ်ပါ၏။ အလွန် သံဝေဂယူဖွယ်ကောင်းသော ဝတ္ထုဖြစ်သဖြင့် ပိဋကတော်၌ မှတ်တမ်းအဖြစ် ပါဝင်ခြင်း ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

# မဟာဓမ္မိက ဥပါသကာ

ထိုစဉ်က မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူလျက်ရှိ၏။ ရဟန်းသံဃာတော်အပေါင်းသည်လည်း မြတ်စွာဘုရား၏ ဩဝါဒကို ခံယူကာ ဇေတဝန်ကျောင်းတော်၌ပင် သီတင်းသုံးတော်မူကြ၏။

ဇေတဝန်ကျောင်းသည် အကျယ်အဝန်းအားဖြင့် ဧကပေါင်း ၄၅၀ ဧက ကျော် ရှိ၏။ ကျောင်းဒါယကာမှာ အနာထပိဏ်သူဌေး ဖြစ်၏။ အနာထပိဏ်သူဌေးသည် ဇေတဝန်ကျောင်းတော်ကို ဆောက်လုပ်စဉ်က မြေဖိုး ၁၈ ကုဋေ၊ ကျောင်းဖိုး ၁၈ ကုဋေ၊ ကျောင်းရေစက်ချ ၁၈ ကုဋေ စုစုပေါင်း ၅၄ ကုဋေ အကုန်အကျခံ၍ ဆောက်လုပ်ခဲ့၏။ မြတ်စွာဘုရား အမှူးရှိသော ရဟန်းသံဃာတော်များ ချမ်းသာစွာ သီတင်းသုံးနိုင်သော ကျောင်းတော်ဖြစ်၏။

ဇေတဝန်ကျောင်းတော်နေရာသည် သာသနာတော်၏ ဘူမိနက်သန် နေရာမှန်လည်း ဖြစ်၏။ ဝိပဿီ မြတ်စွာဘုရား၊ သိခီ မြတ်စွာဘုရား၊ ဝေဿဘူ မြတ်စွာဘုရား၊ ကကုသန် မြတ်စွာဘုရား၊ ကောဏာဂုံ မြတ်စွာဘုရား၊ ကဿပ မြတ်စွာဘုရား၊ ဂေါတမ မြတ်စွာဘုရားတည်း ဟူသော ဘုရား ၇ ဆူတို့၏ သီတင်းသုံးတော်မူရာ ကျောင်းတိုက်ကြီးများသည် ဤနေရာ၌ပင် တည်ရှိခဲ့ဖူး၏။

http://www.cherrythitsar.org



ထို့ကြောင့် ယနေ့လက်ရှိ ဇေတဝန် ကျောင်းတော်၏ နေရာကို သာသနာတော်၏ ဘူမိနက်သန် နေရာဖွန်ဟူ၍ ဆိုရ၏။

ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူကြသော ဘုရားအမှူးရှိသော ရဟန်းသံဃာတော်မြတ်များအား ပြုစုလုပ်ကျွေးရန်အတွက် သာဝတ္ထိပြည်၌ "ဓမ္မိက ဥပါသကာအဖွဲ့" ဟူ၍ အဖွဲ့တစ်ဖွဲ့ ရှိ၏။ ထိုအဖွဲ့တွင် အဖွဲ့ဝင် ခေါင်းဆောင် ၅၀၀ ရှိ၏။ ဖွဲ့စည်းပုံအရ အဖွဲ့ဝင် ခေါင်းဆောင်တစ်ဦးစီ၏ လက်အောက်၌ သာမန်အသင်းသား အဖွဲ့ဝင် ငါးရာစီ ငါးရာစီ ရှိကြလေရာ စုစုပေါင်း သာမန်အဖွဲ့ဝင် ၂၅၀,၀၀၀ ရှိကြ၏။ ထိုအဖွဲ့၏ အကြီးဆုံး ခေါင်းဆောင်မှာ မဟာဓမ္မိက ဥပါသကာ ဖြစ်၏။

အဖွဲ့၏ လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်၏။

(၁) ဓာတ်ဆေးထဲ ယာဂုကပ်လှူခြင်း၊
(၂) ဓာတ်ဆေးထဲ ဆွမ်းကပ်လှူခြင်း၊
(၃) လဆန်းပက္ခ၊ လဆုတ်ပက္ခ ဆွမ်းကပ်လှူခြင်း၊
(၄) ပင့်ဖိတ်၍ လှူအပ်သောဆွမ်းကို ကပ်လှူခြင်း၊
(၅) ဥပုသ်နေ့၌ လှူအပ်သောဆွမ်းကို ကပ်လှူခြင်း၊
(၆) ဧည့်သည် အာဂန္တုက ရဟန်းတို့အား ဆွမ်းကို ကပ်လှူခြင်း၊
(၇) ကျောင်းနေ သံဃာတော်များအား ဆွမ်းကို ကပ်လှူခြင်း၊
(၈) ဝါဆိုသင်္ကန်း ကပ်လှူခြင်း။

ဓမ္မိက ဥပါသကာအဖွဲ့သည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူကြသော ဘုရားအမှူးရှိသော ရဟန်းသံဃာတော်များ အနေဖြင့် ချမ်းသာစွာ သီတင်းသုံးနိုင်ရန် မိမိတို့၏ လုပ်ငန်းကြီး ၈ ရပ်ကို အားသွန်ခွန်စိုက် ဆောင်ရွက်ကြ၏။ ထိုသို့ ဆောင်ရွက်ကြရာတွင် အဖွဲ့ဝင်များ အားလုံးသည် မိမိတို့ ကိုယ်တိုင်လည်း တတ်အားရှိသမျှ လှူဒါန်းကြ၏။ အခြားသော ဒါယကာ ဒါယိကာမတို့အားလည်း မိမိတို့ တတ်အား ရှိသမျှ လှူဒါန်းကြပါရန် နှိုးဆော်၏။ တိုက်တွန်း၏။ ဤသို့လျှင် ဓမ္မိက ဥပါသကာအဖွဲ့သည် မြတ်စွာဘုရား၏ သာသနာတော် အဓွန့်ရှည်စွာ တည်ပါစေခြင်းအကျိုးငှာ ဒါယကာများဘက်မှ ပြုသင့်သော ပစ္စယာနုဂ္ဂဟ တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ကြပါ၏။

ယနေ့ မြန်မာနိုင်ငံရှိ ကျောင်းတိုက်ကြီးများတွင် ဆိုင်ရာ ဒါယကာများ သည် အသင်းများဖွဲ့စည်း၍ ပစ္စည်းလေးပါးတို့ဖြင့် ကျောင်းတိုက်ရှိ ရဟန်း သံဃာတော်တို့အား ထောက်ပံ့ကြခြင်းသည် မြတ်စွာဘုရားရှင် လက်ထက်တော် အခါက ရှိခဲ့ဖူးသော ဤဓမ္မိက ဥပါသကာအဖွဲ့ကို အတုယူ၍ ဖွဲ့စည်းဆောင်ရွက်

http://www.cherrythitsar.org



ကြခြင်း ဖြစ်သည်ဟု ဆိုနိုင်ဖွယ် ရှိပါ၏။ သို့ရာတွင် ဘာကြောင့်များ ပစ္စည်းအား၊ ကိုယ်အား ဉာဏ်အားတို့ကို အသုံးပြုကာ ဆောက်ပံ့ကြပါလေသနည်း၊ ဤ မေးကွန်းမှာ မေးထိုက်သော မေးခွန်း ဖြစ်၏။

လူသည် ဘဝကိုရပြီးနောက် သိတတ်သောအချိန်မှစ၍ စစ်မှန်သော ချမ်းသာ၊ စစ်မှန်သော အသိနှင့် စစ်မှန်သော ငြိမ်းချမ်းမှုတို့ကို ရှာခဲ့၏။ ပစ္စည်း ဥစ္စာတို့၌လည်း ရှာခဲ့၏။ ရာထူးဂုဏ်သိန်တို့၌လည်း ရှာခဲ့၏။ စာပေ ကျမ်းဂန် တို့၌လည်း ရှာခဲ့၏။ ကျော်စော ထင်ပေါ်ခြင်းတို့၌လည်း ရှာခဲ့၏။ တွေ့လိမ့် နိုးနိုးဖြင့် လက်လှမ်းမှီရာ နေရာအားလုံးတို့၌ ရှာခဲ့၏။

သို့ရာတွင် ပြင်ပလောကရှိ မည်သည့်နေရာ၌မျှ မတွေ့၊ မတွေ့သော်လည်း စိတ်အားမလျှော့ "တွေ့ရမည်" ဟူသော မျှော်လင့်ချက်ဖြင့် ဘဝဆုံးသည့် တိုင်အောင် ရှာလေ၏။ ဘဝသာ ဆုံးသွားသည် တွေ့ကားမတွေ့၊ နောက်ဆုံး၌ စစ်မှန်သော ချမ်းသာ၊ စစ်မှန်သော အသိနှင့် စစ်မှန်သော ငြိမ်းချမ်းမှုဟူသည် "မျှော်လင့်ချက်" ၏ မျက်နှာပြင် သုံးဘက်ပင် ဖြစ်လေရော့သလားဟု မဆုံးဖြတ် နိုင်ဘဲ ရှိခဲ့၏။

စစ်မှန်သော ချမ်းသာ၊ စစ်မှန်သော အသိနှင့် စစ်မှန်သော ငြိမ်းချမ်းမှု တို့ကို တွေ့လိုပါလျှင် လူသည် မိမိ၏ ခန္ဓာငါးပါး၌သာ ရှာရမည်၊ အခြား မည်သည့်နေရာ၌မျှ မရှာရဟု မြတ်စွာဘုရားက ဟောတော် မူ၏။

မြတ်စွာဘုရား ဟောတော်မူသည့်အတိုင်း ရဟန်းသံဃာတော်များက လက်တွေ့ ရှာကြလေရာ စစ်မှန်သော ချမ်းသာ၊ စစ်မှန်သော အသိနှင့် စစ်မှန် သော ငြိမ်းချမ်းမှုတို့ကို တကယ်ပင် မိမိတို့၏ ခန္ဓာအဆုံး၌ တွေ့ကြလေ၏။ ထိုအခါ ရဟန်းသံဃာတော်များသည် မိမိတို့တွေ့ရှိသည့်အတိုင်း လက်ဆင့်ကမ်း ကြ၏။ ထိုသို့ လက်ဆင့်ကမ်းနေသမျှ ကာလပတ်လုံး မြတ်စွာဘုရားရှင်၏ သာသနာတော်သည် ဤလောက၌ တည်ရှိနေလိမ့်မည်။ ထို့ကြောင့် မြတ်စွာဘုရား ရှင်၏ သာသနာတော် အရှွန့်ရှည်စွာ တည်ရှိနိုင်ရေးအတွက် ရဟန်းသံဃာတော် များသည် အလွန် ပြဋ္ဌာန်းသော ကဏ္ဍမှ ပါဝင်ပါ၏။ သို့ဖြစ်၍ ဒါယကာများသည် ဓမ္မိက ဉပါသကာအဖွဲ့ကဲ့သို့သော အဖွဲ့များကို ဖွဲ့စည်း၍ ရဟန်းသံဃာတော်များ အား ပစ္စည်းများ ကိုယ်အား ဉာဏ်အားတို့ကို အသုံးပြုကာ ပစ္စယာနုဂ္ဂဟဖြင့် မငြီးမငြင် ရွှင်လန်းတက်ကြွစွာ လှူဒါန်းထောက်ပံ့ကြခြင်း ဖြစ်၏။ ဤသည်မှာ ဓမ္မိက ဉပါသကာအဖွဲ့ အပါအဝင် ဗုဒ္ဓမြတ်စွာ သာသနာတော်၌ သက်ဝင်ယုံကြည် ကြသော ဒါယကာ၊ ဒါယိကာမတို့၏ လှူဒါန်းထောက်ပံ့မှုနှင့် စပ်လျဉ်းသောအဖြေ ဖြစ်၏။

http://www.cherrythitsar.org



မဟာဓမ္မိက ဥပါသကာ အမျိုးပြုသော ဓမ္မိက ဥပါသကာအဖွဲ့သည်လည်း မြတ်စွာဘုရားနှင့် တပည့်သာဝကတို့ထံမှ တရားဓမ္မကို မနာယူရမီ ကာလက စစ်မှန်သော ချမ်းသာ၊ စစ်မှန်သော အသိနှင့် စစ်မှန်သော ငြိမ်းချမ်းမှုတို့ကို အများနည်းတူ ရှာခဲ့ပါသော်လည်း ယင်းတို့သည် မည်သည့်နေရာ၌ ရှိမှန်းမသိခဲ့၊ စစ်မှန်သော ချမ်းသာ၊ စစ်မှန်သော အသိနှင့် စစ်မှန်သော ငြိမ်းချမ်းမှုတို့၏ တည်ရှိရာ မိမိ၏ ခန္ဓာငါးပါးကိုပင် ခန္ဓာမှန်း မသိခဲ့။

အယုတ်ဆုံးအားဖြင့် ပညတ်နှင့် ပရမတ်ကို ခွဲခြား၍ မသိခဲ့သဖြင့် စစ်မှန်သော ချမ်းသာ၊ စစ်မှန်သော အသိနှင့် စစ်မှန်သော ငြိမ်းချမ်းမှုတို့ လုံးဝမရှိရာ ပညတ်နယ်၌သာ ယင်းတို့ကို ရှာဖွေမိခဲ့၏။ အစစ်အမှန်တို့ မရှိရာ ပညတ်နယ်၌ ရှာဖွေလေသောအခါ အတုအယောင်ချမ်းသာ၊ အတုအယောင်အသိနှင့် အတုအယောင်ငြိမ်းချမ်းမှုတို့ကိုသာ တွေ့ရလေ၏။

အတုအယောင် ချမ်းသာ၊ အတုအယောင်အသိနှင့် အတုအယောင် ငြိမ်းချမ်းမှုတို့သည် မိမိတို့အား သောက ဒုက္ခ ဒေါမနဿနှင့် ပရိဒေဝဆီသို့ လိမ်၍ ညာ၍လှည့်စား၍ ဖြားယောင်း၍ ခေါ်ဆောင်သွားနေခြင်း ဖြစ်ကြောင်း မြတ်စွာဘုရားနှင့် တပည့်သာဝကတို့၏ တရားဒေသနာတော်များကို နာကြားရသော အချိန်ရောက်မှ သိခဲ့ရ၏။ မြတ်စွာဘုရားနှင့် တပည့်သာဝကတို့၏ တရားဒေသနာတော်ကြောင့် မဟာဓမ္မိက ဥပါသကာ ခေါင်းဆောင်သော ဓမ္မိက ဥပါသကာ အဖွဲ့ဝင်တို့သည် ယခုဆိုလျှင် အတုနှင့်အစစ်ကိုလည်း ခွဲတတ်ပြီ။ ပညတ်နှင့် ပရမတ်ကိုလည်း ခွဲတတ်ပြီ။

ဤလောက၌ ပရမတ်သာ အမှန်တကယ် ရှိကြောင်း၊ ကြောင်းကျိုး ဖြစ်စဉ် အရ ခဏတိုင်း ခဏတိုင်း အမြဲတစေ ဖြစ်ပျက် ပြုပြင်ပြောင်းလဲနေ ကြသည်မှာ ယင်း ပရမတ်များသာ ဖြစ်ကြောင်း၊ ပညတ်မဟုတ်ကြောင်း ပညတ်ဟူသည်မှာ ယင်းပရမတ်တရားများကို ပြော၍ ဆို၍ ရရုံသက်သက်မျှသာ ဖြစ်ကြောင်း၊ သို့ဖြစ်၍ အမှန်တကယ်အားဖြင့် ပုဂ္ဂိုလ် သတ္တဝါဟူ၍ မရှိကြောင်း၊ ပုဂ္ဂိုလ် သတ္တဝါအနေဖြင့် ဤလောက၌ စစ်မှန်သော ချမ်းသာ၊ စစ်မှန်သော အသိနှင့် စစ်မှန်သော ငြိမ်းချမ်းမှုတို့ကို ရှာဖွေနေလျှင် ယင်းတို့ အမှန်တကယ်ရှိရာ မိမိတို့၏ ခန္ဓာငါးပါး၌ပင် ရှာဖွေဦးတော့ မည်သည့်အခါမျှ တွေ့မည်မဟုတ်ကြောင်း၊ အဘယ့်ကြောင့်ဆိုသော် ပုဂ္ဂိုလ် သတ္တဝါအရ "ငါ" ဟူသော သဘောသည် ပင်ကိုယ်သဘောအရ မရှိသောသဘောဖြစ်သဖြင့် "မရှိသော သဘော" က "ရှိသော သဘော" ကို တွေ့အောင် ရှာဖွေ၍ မရကောင်းသောကြောင့် ဖြစ်ကြောင်း စသည် စသည်အားဖြင့် မဟာဓမ္မိက ဥပါသကာ ခေါင်းဆောင်သော ဓမ္မိက ဥပါသကာ အဖွဲ့ဝင်တို့သည် သဘာဝသဘောကို သိကြလေပြီ။

http://www.cherrythitsar.org



သူတို့သည် အကန်း "အန္ဓပုထုဇဉ်" မဟုတ်တော့၊ "အန္ဓပုထုဇဉ်" ဘဝမှ လွတ်မြောက်လေပြီ၊ အကန်းပုထုဇဉ်ဘဝမှ လွတ်မြောက်ခြင်းသည် စစ်မှန်သော ချမ်းသာ၊ စစ်မှန်သော အသိနှင့် စစ်မှန်သော ငြိမ်းချမ်းမှုတို့ကို တွေ့အောင်ရှာနိုင်သော အရိယသစ္စာ မှန်ဦးသို့ သွားရာလမ်းကြောင်းပေါ်သို့ တင်ပေးလိုက်ခြင်း ဖြစ်၏။

ထိုလမ်းအတိုင်း သွားမည်ဆိုလျှင် လူတိုင်းလူတိုင်း တောင့်တကြသော စစ်မှန်သော ချမ်းသာ၊ စစ်မှန်သော အသိနှင့် စစ်မှန်သော ငြိမ်းချမ်းမှုတို့ကို မိမိတို့ ခရီးအဆုံး၌ မုချမသွေ တွေ့ရပေလိမ့်မည်။ ဤသည်မှာ မြတ်စွာဘုရား သခင်နှင့် တပည့်သံဃာတို့၏ ကျေးဇူးကြောင့် ဖြစ်လေရာ ထိုကျေးဇူးကို ကျေအောင် မဆပ်နိုင်စေကာမူ မိမိတို့ သက်တမ်း တစ်လျှောက်လုံး တတ်စွမ်းနိုင်သမျှ ပေးဆပ်ကြရန် ဓမ္မိက ဥပါသကာအဖွဲ့ဝင်တို့သည် ခိုင်ခိုင်မာမာ ဆုံးဖြတ်ထားကြ၏။

ဓမ္မိက ဥပါသကာအဖွဲ့တွင် အဖွဲ့ဥက္ကဋ္ဌဖြစ်သူ မဟာဓမ္မိက ဥပါသကာကြီး၌ သား ၇ ယောက်နှင့် သမီး ၇ ယောက် ရှိကြ၏။ ဥပါသကာကြီးနှင့် ဇနီးအပါအဝင် စုစုပေါင်း အိမ်သူအိမ်သား ၁၆ ယောက်တို့ ရှိကြ၏။ ဥပါသကာကြီး၏ အိမ်ထောင်စုသည် မိမိတို့ဆိုင်ရာ ကျင့်ဝတ်များအတိုင်း လိုက်နာ ကျင့်သုံးကြသဖြင့် များစွာချမ်းမြေ့သော အိမ်ထောင်စုတစ်စု ဖြစ်ပုံရ၏။ မိဘလုပ်သူများကလည်း သားသမီးတို့အပေါ်၌ –

မကောင်းမြစ်တား၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနှီးရင်း၊
ထိမ်းမြားခြင်းလျှင်၊ ဝတ်ငါးအင်၊ ဖခင်မယ်တို့တာ။

ဟူသည့်အတိုင်း မိဘကျင့်ဝတ်ကို လိုက်နာကျင့်သုံး၏။ တစ်ဖန် သားသမီးတို့ကလည်း မိဘများအပေါ်၌ –

ကျွေးမွေးမပျက်၊ ဆောင်ရွက်စီမံ၊ မွေ့ခံထိုက်စေ၊ လှူမြှုဝေ၍၊ ဆောင့်လေ
မျိုးနွယ်၊ ဝတ်ငါးသွယ်၊ ကျင့်ဖွယ်သားတို့တာ။

ဟူသည့်အတိုင်း သားသမီးတို့ ကျင့်ဝတ်ကို လိုက်နာ ကျင့်သုံးကြ၏။ တစ်ဖန် မဟာဓမ္မိက ဥပါသကာကြီးကလည်း မိမိ၏ ဇနီးသည်အပေါ်၌–

မထီမဲ့ကင်း၊ အပ်နှင်းဥစ္စာ၊ အိမ်ရာမမှား၊ ဝတ်စားဆင်ယင်၊ မြတ်နိုးကြင်၊
ချစ်လင် ငါးဝန်တာ။

ဟူသည့်အတိုင်း ခင်ပွန်းကျင့်ဝတ်ကို လိုက်နာကျင့်သုံး၏။ တစ်ဖန် ဇနီးသည်ကလည်း မိမိ၏ ခင်ပွန်းဖြစ်သူအပေါ်၌ –

အိမ်တွင်းမှုလုပ်၊ သိမ်းထုပ်သေချာ၊ မိစ္ဆာကြဉ်ရှောင်၊ လျော်အောင်ဖြန့်ချို၊
ပျင်းရိမမှု၊ ဝတ်ငါးဆူ၊ အိမ်သူကျင့်အပ်စွာ။

http://www.cherrythitsar.org



ဟူသည့်အတိုင်း ဇနီးကျင့်ဝတ်ကို လိုက်နာကျင့်သုံး၏။ သို့ဖြစ်၍ မြတ်စွာဘုရားရှင် လက်ထက်တော်အခါက မဟာဓမ္မိက ဥပါသကာကြီး၏ အိမ်ထောင်ရေးသည် များစွာ ချမ်းမြေ့ပုံရသော အိမ်ထောင်ရေး ဖြစ်ဖွယ်ရှိသည်ဟု ဆိုခြင်း ဖြစ်ပါ၏။

ဓမ္မိကဥပါသကာအဖွဲ့၏ လုပ်ငန်းကြီးရှစ်ရပ်ကို မဟာဓမ္မိက ဥပါသကာကြီး၏ မိသားစုသည် ခေါင်းဆောင်အနေဖြင့် တက်တက်ကြွကြွ ဆောင်ရွက်၏။ ယခုအခါ ဥပါသကာကြီးသည် မျက်ကန်း “အန္ဓပုထုဇဉ်” မဟုတ်တော့၊ ကလျာဏပုထုဇဉ် အဖြစ်သို့ ရောက်သွားပေပြီ။ ထို့ကြောင့် သူသည် ဒါနကိုလည်း ပြုတတ်လာ၏။ သီလကိုလည်း ဆောက်တည်တတ်လာ၏။ ဘာဝနာကိုလည်း ပွားတတ်လာ၏။

ကလျာဏပုထုဇဉ်အနေဖြင့် ကမ္မနိယာမကို သိလာသောအခါ “ကံ” ကို ထိန်းချုပ်နိုင်ရန် ကြိုးစားလာ၏။ “ကံ” သာလျှင် ဥစ္စာ၊ “ကံ” သာလျှင် အမိ၊ “ကံ” သာလျှင် အဖ ဟူသော သဘောဖြင့် မိမိဘဝကို “ကံ” ၏လက်ထဲသို့ ထိုး၍မအပ်လိုတော့၊ “ကံ” သာလျှင် ဥစ္စာဖြစ်သည် မှန်သော်လည်း ဉာဏ်သာလျှင် အမိ၊ ဉာဏ်သာလျှင် အဖဟူသော အမြင်သစ်ဖြင့် “ကံ” ကို မိမိဆန္ဒအတိုင်း ဖြစ်လာစေရန် မိမိဘဝကို ဉာဏ်၏ လက်ထဲသို့ ထပ်၍အပ်တတ်လာ၏။

မြတ်စွာဘုရားနှင့် တပည့်သာဝကများထံမှ တရားဒေသနာများကို မနာကြားရမီ မျက်ကန်း “အန္ဓပုထုဇဉ်” ဘဝက ဒါနကိုလည်း မလုပ်တတ်၊ သီလကိုလည်း မဆောက်တည်တတ်၊ ဘာဝနာကိုလည်း မပွားတတ်၊ ထိုအခါ ကံ၏ လက်တွင်းသို့ အလိုအလျောက် ကျရောက်သွားရအောင် ဒါနကိုပဲ လုပ်လုပ်၊ သီလကိုပဲ ဆောက်တည် ဆောက်တည်၊ ဘာဝနာကိုပဲ ပွား ပွား “ငါ” ကို ရှေ့တန်းတင်ပြီး သံသရာသုခကို မျှော်လင့်၍ လုပ်ဆောင်ခြင်း မျိုးချည်းသာ ဖြစ်သဖြင့် ဂင်္ဂါဝါဠု သဲစုမက ပွင့်တော်မူကြကုန်သော မြတ်စွာဘုရားရှင်တို့ ကယ်ချွတ်ရန် မတတ်ကောင်းလောက်အောင် ကံပစ်ချရာအတိုင်း ခံခဲ့ရ၏။ ကံကို မိမိက လွှမ်းနိုင်ရန် ကမ္မနိယာမကို မသိခဲ့သဖြင့် ကံကသာလျှင် မိမိကို လွှမ်းမိုးပြီး မိမိကမူ ကံကို မလွှမ်းမိုးနိုင်ဘဲ ရှိခဲ့၏။

ထိုအခါ မျက်ကန်း “အန္ဓပုထုဇဉ်” တို့၏ ဘဝသည် နွေဦးရာသီ၌ ရွက်ကြွေသစ်ဆော၏ သစ်ရွက်ဝါနှင့် တူလေ၏။ သစ်ရွက်ဝါတို့သည် တောင်လေ တိုက်လျှင် မြောက်ဘက်သို့ ကြွေကျရကုန်၏။ မြောက်လေတိုက်လျှင် တောင်ဘက် သို့ ကြွေကျရကုန်၏။ လေကလည်း လေရူး၊ တိုက်ချင်သည့်ဘက်မှ တိုက်၏။ မည်သည့်ဘက်မှ တိုက်သည်ဖြစ်စေ ရွက်ဝါတို့သည် တိုက်လေ၏ လမ်းကြောင်း

http://www.cherrythitsar.org



အတိုင်း လိုက်၍ တွေ့ကျရကုန်၏။ ထိုသို့ တွေ့ကျရာ၌ ရွက်ဝါတို့သည် လွင်ပြင် ပေါ်၌ ကျချင်ကျမည်။ ချောက်ထဲ၌ ကျချင်ကျမည်။ သန့်ရှင်းသော နေရာ၌ ကျချင်ကျမည်။ ညစ်ပတ်သောနေရာ၌ ကျချင်ကျမည်။ သတ်မှတ်ချက် မရှိ၊ လေတိုက်သည့်အတိုင်း လိုက်၍ ကျရလေ၏။

ထိုနည်းအတူ ဖျက်ဆီးကန်း ပုထုဇဉ်သည် ကံကို ပြုလုပ်သောအခါ ကောင်း ရှိသော ရုပ်နာမ်တရားတို့နှင့် ယင်းတို့၏ အကြောင်းအကျိုး ဖြစ်စဉ်ကိုလည်း ကောင်း၊ ခဏတိုင်း ခဏတိုင်း အမြဲတစေ ဖြစ်ပျက်မှု သဘောကိုလည်းကောင်း နှလုံးသွင်းကာ ဘဝချုပ်ငြိမ်းရေးအတွက် မရည်ရွယ်ဘဲ ဘဝစည်ပင်ရေးအတွက် သာ ရည်ရွယ်ပြီး အမှတ်မှား (သညာ ဝိပလ္လာသ)၊ အသိမှား (စိတ္တဝိပလ္လာသ) နှင့် အယူမှား (ဒိဋ္ဌိဝိပလ္လာသ) တို့ဖြင့် တကယ်မရှိသော ငါ (အတ္တ) ကို ရှေ့တန်း တင်၍ လုပ်ခဲ့မိသဖြင့် ထိုကံသည် ရှေ့ဦးရေသီး၏ လေရူးသဖွယ် ဖြစ်လေ၏။ ထို့ကြောင့် အန္ဓ ပုထုဇဉ်ဗဝသည် ယနေ့ ဇာတ ရာဇ် ဖြစ်နေရာမှ နက်ဖြန် အကျဉ်း သား ဖြစ်သွားနိုင်၏။ နတ်ပြည်နှင့် ဗြဟ္မာပြည်တို့၌လည်း ထိုနည်းအတူပင် ယနေ့ နတ်မင်း၊ ဗြဟ္မာမင်း ဖြစ်နေရာမှ နက်ဖြန် အပါယ်သို့ ကျသွားနိုင်၏။ ထို့ကြောင့် ဗြဟ္မာပြည်မှာ တဝင်းဝင်း၊ ဝက်စားကျင်းမှာ တရှုပ်ရှုပ်ဟု ရှေးပညာရှင် များက ဆိုခဲ့ခြင်း ဖြစ်၏။ အန္ဓပုထုဇဉ်တို့၏ ထိုကဲ့သို့ မတည်ငြိမ်သောဘဝကို ပရမ်းပတာ ကျချင်သလို ကျသွားနိုင်သော ဘဝဟု ဆိုကြရ၏။ ယင်းသဘောကို "ဝိနိပါတိက" ဟေးဟူ၍ အဋ္ဌကထာတော်၌ ပါဠိတော်ဟာဖြင့် ဆို၏။ ဖြစ်ချင်သလို ဖြစ်အောင် သတ်မှတ်၍ မရကောင်းသော ဘဝ (အနိယတဂတိက) ဟူ၍လည်း ဆို၏။ ဤသို့ ဖြစ်ရ ခြင်းမှာကံကို ထိန်းချုပ်နိုင်သော ကမ္မနိယာမကို မသိသော ကြောင့် ဖြစ်၏။ အမှန်အားဖြင့် ကံကို သစ္စာနုလောမိကဉာဏ်ဖြင့်သာ ထိန်းချုပ် နိုင်၏။

မဟာဒန္တိက ဥပါသကာကြီးသည် ကံကို ထိန်းချုပ်နိုင်သော နည်းကို သိ၏။ ထို့ကြောင့် ဒါနကို ပြုရာ၌ ဖြစ်စေ၊ သီလကို ဆောက်တည်ရာ၌ ဖြစ်စေ၊ ဘာဝနာကို ပွားများရာ၌ ဖြစ်သော သစ္စာနုလောမိက ဉာဏ်ဖြင့်သာ ပြုလုပ်၏။ အရိယသစ္စာ အားလျော်သော သစ္စာနုလောမိကဉာဏ်[၁] ဟူသည်မှာ သံသရာမှ လွတ်မြောက်ရန်အတွက် ကံကို ဖြတ်သောဉာဏ် ဖြစ်၏။ ကံကိုဖြတ်မှ ဘဝ ပြတ်မည်၊ ကံ ရှိနေသေးလျှင် ဆိုင်ရာဆိုင်ရာ ဘဝကို အကျိုးပေးမည် ဖြစ်၏။ ဘဝ မပြတ်သေးသရွေ့ သံသရာမှ လွတ်မြောက်ရန် မဖြစ်နိုင်၊ ကံကို ဖြတ်ရာ၌ အရေးအကြီးဆုံးသော အချက်မှာ ဘဝကိုတောင့်တတတ်သော သမုဒယသစ္စာ

---

၁ – သစ္စာနုလောမိကဉာဏ် – ဝိပဿနာဉာဏ်၊

http://www.cherrythitsar.org



ခေါ် တဏှာကို ပါးသည်ထက် ပါးအောင်၊ နောက်ဆုံး အမြစ်ပြတ်သွားအောင် သမ္မာဒိဋ္ဌိ အမြင်ဖြင့် ဆောင်ရွက်ခြင်း ဖြစ်၏။

သမ္မာဒိဋ္ဌိအမြင်ဖြင့် ဆောင်ရွက်နိုင်ရန် ဘဝကို တည်ဆောက်ထားသော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၌ အနိစ္စ, ဒုက္ခ, အနတ္တတို့ကို ကိုယ်တိုင်ကိုယ်ကျ မြင်ဖို့လို၏။ အနိစ္စကို မြင်လျှင် မာန ကွာ၏။ ဒုက္ခကို မြင်လျှင် တဏှာ ကွာ၏။ အနတ္တကို မြင်လျှင် ဒိဋ္ဌိ ကွာ၏။ အမှန်အားဖြင့် တဏှာ၊ မာန၊ ဒိဋ္ဌိ တို့သည် ကိလေသာတရားများ၏ ဦးစီးဦးဆောင် ဖြစ်ကြ၏။ ထို့ကြောင့် တဏှာ၊ မာန၊ ဒိဋ္ဌိတို့ ကွာလျှင် ကျန်သောကိလေသာ တရားများလည်း ကွာပြီးဖြစ်ကြ၏။ ထိုအခါ ကိလေသာ အပူများ ငြိမ်းသည်နှင့်အမျှ စစ်မှန်သော ငြိမ်းချမ်းမှုကို ရ၏။ အနိစ္စ၊ ဒုက္ခ၊ အနတ္တတို့ကို ကိုယ်တိုင်ကိုယ်ကျ အမှန်အတိုင်း မြင်သဖြင့် မှားယွင်းသော အမြင် "ဝိပလ္လာသ" ကွာ၏။ ထိုအခါ အမြင်မှား မရှိတော့သဖြင့် စစ်မှန်သော အသိကို ရ၏။ စစ်မှန်သော အသိကိုရသည်နှင့် တစ်ပြိုင်နက် ဘဝနှင့် ပတ်သက်သော စည်းစိမ်ချမ်းသာ ဟူသမျှကို အတုချမ်းသာအဖြစ်မြင်ပြီး ယင်းတို့၏နေရာ၌ စစ်မှန်သောချမ်းသာကို မျက်ဝါးထင်ထင် တွေ့မြင်ရလေ၏။ ဤသည်မှာ သစ္စာနုလောမိကဉာဏ်ဖြင့် ကံကို ထိန်းချုပ်နည်း ဖြစ်၏။ ဤနည်းကို မဟာဓမ္မိက ဥပါသကာကြီးသည် သိ၏။

ကံကို ထိန်းချုပ်နိုင်သောနည်းကို သိပါမှ မိမိ၏ဘဝအတွက် ရွက်ကြွေ သစ်တော၏ ရွက်ဝါကဲ့သို့ တိုက်လေအလိုက် ပရမ်းပတာ ကျရသော "ဝိနိပါတိက" ဘေးမှ လွတ်မြောက်ကာ တစ်ဆင့်ပြီးတစ်ဆင့် ပို၍ ပို၍ မြင့်မားသော၊ ပို၍ ပို၍ စစ်မှန်သော ချမ်းသာ၊ အသိနှင့် ငြိမ်းချမ်းမှုတို့ကို ရရှိနိုင်၏။ မဟာဓမ္မိက ဥပါသကာကြီးသည် မြတ်စွာဘုရားနှင့် တပည့်သာဝကတို့ထံမှ ကံကို ထိန်းချုပ်နိုင်သော သစ္စာနုလောမိကဉာဏ်ကို ရပြီးသည့်ကာလမှစ၍ ထိုဉာဏ်ဖြင့် ဒါနကို ပြု၏။ သီလကို ဆောက်တည်၏။ ဘာဝနာကို ပွား၏။ ထိုအခါ သူ၏ဘဝသည် ရွက်ကြွေ သစ်တော၏ ရွက်ဝါနှင့် မတူတော့ဘဲ စိုင်မာသော ကျောက်တိုင်နှင့် ပို၍ ပို၍ တူလာလေ၏။

သောတာပန် ပုဂ္ဂိုလ်၏ ဘဝသည် အရပ်လေးမျက်နှာတို့မှ တိုက်ခတ်လာသော လေပြင်းမုန်တိုင်းတို့ကြောင့် တုန်လှုပ်ခြင်းမရှိသော ကျောက်တိုင်နှင့် တူ၏ဟု ရတနသုတ်၌ ဆို၏။ မဟာဓမ္မိက ဥပါသကာ ကြီးသည် သောတာပန် အဆင့်သို့ မရောက်သေးသော်လည်း ကလျာဏ ပုထုဇဉ်အဆင့်သို့ကား ရောက်ပြီး ဖြစ်၏။ ထို့ကြောင့် သူသည် သစ္စာနုလောမိကဉာဏ်ဖြင့် ကံကို ထိန်းချုပ်နိုင်ခြင်း ဖြစ်၏။ ကံကို ထိန်းချုပ်နိုင်သရွေ့ ကာလပတ်လုံး သူ၏ဘဝသည် ကျောက်တိုင်

http://www.cherrythitsar.org



နှင့် ပို၍ ပို၍ တူလာကာ "သုဂတိတာဝဖြင့်သာ ရှိရမည်" ဟု သတ်မှတ်နိုင်သော သဘော ရှိလာ၏။ ယင်းကို နိယတဂတိက ဟု ပါဠိတော်ပါဝေါဟာရဖြင့် ဆို၏။

တစ်နေ့တွင် မဟာဓမ္မိက ဥပါသကာကြီးသည် မကျန်းမမာ ဖြစ်၏။ သူ၏ရောဂါသည် တစ်နေ့ထက်တစ်နေ့ ပို၍ ပို၍ ဆိုးလာ၏။ တတ်ကျွမ်းသော သမားတော်ကြီးများဖြင့် ကုသကြပါသော်လည်း ရောဂါ ပျောက်ကင်းမှုယ် မရှိသော အခြေအနေသို့ ရောက်လာ၏။ ထိုအခါ မြတ်စွာဘုရားထံ ရဟန်းတော်များကို စေလွှတ်ပေးပါရန် လျှောက်ထားစေ၏။ မြတ်စွာဘုရားကလည်း မမာမကျန်း ဖြစ်နေသော မဟာဓမ္မိကဥပါသကာကြီးအား တရားဓမ္မများ ဟောကြားရန် ရဟန်းတော်များကို စေလွှတ်လိုက်၏။

ရဟန်းတော်များသည် မဟာဓမ္မိက ဥပါသကာကြီး၏ ညောင်စောင်း အနီးသို့ ရောက်သောအခါ ဥပါသကာကြီးက ရဟန်းတော်များကို သုတ္တန်တရား တော်ကို ရွတ်ဖတ်ချီးမြှင့်တော်မူပါရန် လျှောက်ထား၏။ ရဟန်းတော်များက သတိပဋ္ဌာန် သုတ္တန်ဒေသနာတော်ကို ဟောကြား ချီးမြှင့်တော်မူကြ၏။ သတိပဋ္ဌာန် ဒေသနာတော်သည် သဗ္ဗညုဘုရားရှင်တို့၏ ဥဒါန်းအတွက် အသင့်လျော်ဆုံးသော ဒေသနာတော် ဖြစ်၏။

ဥပါသကာကြီးသည် သတိပဋ္ဌာန် ဒေသနာတော်ကို နာကြားရင်း မိမိ ခန္ဓာကိုယ်၌ ပေါ်လာသမျှကို သတိပဋ္ဌာန်နည်းအရ ဖြစ်ပျက်ရှု၏။ ရုပ်ပေါ်လျှင် ရုပ်ကို ဖြစ်ပျက်ရှု၏။ ဝေဒနာပေါ်လျှင် ဝေဒနာကို ဖြစ်ပျက် ရှု၏။ စိတ်ပေါ်လျှင် လည်း ဘာစိတ် ပေါ်ပေါ် ကုသိုလ်စိတ် ဖြစ်ဖြစ်၊ အကုသိုလ်စိတ် ဖြစ်ဖြစ် ပေါ်ချင်ရာ ပေါ် ဖြစ်ပျက်ရှု၏။ ကျန်စေတသိက်များ ပေါ်လျှင်လည်း ပေါ်သည့် စေတသိက် များကို ဖြစ်ပျက်ရှု၏။ ထိုအခါ သူ၏ ခန္ဓာဝါးပါး၌ ပေါ်လာသမျှသော ရုပ်၊ ဝေဒနာ၊ စိတ်၊ ဓမ္မတို့၏ ဖြစ်ပျက်တို့ကို မျက်ဝါးထင်ထင် ကိုယ်တိုင်မြင်၏။

ဖြစ်ပျက်တွင် အဖြစ်ကိုမြင်သောအခါ ဥဒ္ဒေဒိဋ္ဌိကွာ၏။ အပျက်ကို မြင်သောအခါ သဿတဒိဋ္ဌိ ကွာ၏။ ဖြစ်ပျက်နှစ်မျိုးလုံး မြင်သောအခါ သက္ကာယ ဒိဋ္ဌိ ကွာ၏။ ဒိဋ္ဌိကွာလျှင် ပုဂ္ဂိုလ်သတ္တဝါ မရှိသောတဲ့ သင်္ခါရတရားတို့၏ ကြောင်း ကျိုး ဖြစ်စဉ်သဘောကိုပါ နားလည်သွားသောကြောင့် ဝိစိကိစ္ဆာလည်း ကွာလေ ၏။ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ ကွာခြင်းသည် မြစ်ပြတ်ကွာခြင်း မဟုတ်သေးသဖြင့် အရိယာ သောတာပန်အဆင့်သို့ကား မရောက်၊ သို့ရာတွင် ပုထုဇဉ် ရှုဠသောတာပန် အဆင့်သို့မူ ရောက်လေ၏။

ထို့ကြောင့် မဟာဓမ္မိက ဥပါသကာကြီးသည် မိမိဘဝကို မိမိ၏ ဆန္ဒအတိုင်း ရောက်စေလိုသော ဘုံသို့ ရောက်စေနိုင်သော စွမ်းအားကို ပိုင်ဆိုင်

http://www.cherrythitsar.org



လေ၏။ ထိုသဘောကိုပင် မြဲသော လားရောက်ရာ ရှိဟု ဆို၏။ ပါဠိ ပေါ်ဟာရ အားဖြင့် "နိယတဂတိက" ဟူ၍ ကျမ်းဂန်များ၌ ဖော်ပြထား၏။

ဥပါသကာကြီးသည် သတိပဋ္ဌာန် ဒေသနာတော်ကို နာကြားစဉ် သေခါနီး အချိန်သို့ ရောက်ခဲ့၏။ မရဏာသန္နကာလသည် နီးသည်ထက် နီးလာလေ၏။ မရဏာသန္နကာလတို့၏ နိယာမအတိုင်း ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် ဟူသော အာရုံ သုံးမျိုးတို့တွင် တစ်မျိုးမျိုးသည် မလွဲမသွေ ထင်ရ၏။ ယခုမူ ဂတိနိမိတ်သည် ထင်လေ၏။ ဂတိနိမိတ် ဟူသည် မိမိလားရောက်ရမည့် ဘုံနှင့်ပတ်သက်သော အာရုံများ ထင်လာခြင်း ဖြစ်၏။ နတ်ပြည် ခြောက်ထပ်မှ နတ်ရထား ခြောက်စင်းတို့သည် ဥပါသကာကြီး၏ အာရုံများအဖြစ် ထင်လာ၏။

ရထားထိန်း နတ်သားများကလည်း "သူ့ရထား တက်ပါ၊ ငါ့ရထား တက်ပါ" ဟု ဥပါသကာကြီးအား တောင်းပန်ကြ၏။ ဥပါသကာကြီးကလည်း တရားနာယူဆဲ ဖြစ်သဖြင့် 'ခဏဆိုင်းကြပါ၊ ခဏဆိုင်း ကြပါ" ဟု နှုတ်မြွက်ဆို လိုက်၏။ ထိုအခါ သတိပဋ္ဌာန် ဒေသနာတော်ကို ရွတ်ဖတ် ပူဇော်ကြွားနေသော ရဟန်းတော်များက မိမိတို့အား ရပ်ခိုင်းသည် ထင်မှတ်၍ ဆက်လက် မဟောကြား တော့ဘဲ ရပ်လိုက်၏။

ထိုအခါ သားသမီးတို့က "ငါတို့၏ ဖခင်သည် ရှေးအခါက တရားတော် ကို နာကြားခြင်း၌ ရောင့်ရဲသည်ဟူ၍ မရှိ၊ ယခုမူ မိမိကိုယ်တိုင် ရွတ်ဖတ် ဟောကြားတော်မူပါရန် အရှင်ဘုရားတို့အား တောင်းပန်ခဲ့လျက် ဆက်လက် ဟောကြားတော် မမူပါရန် တားမြစ်ခြင်းသည် သေခြင်းကို ကြောက်ရွံ့၍သာ ဖြစ်ပေလိမ့်မည်" ဟု ယူဆပြီး ငိုကြွေးကြ၏။ သားသမီးများ ငိုကြွေးကြလျှင် ရဟန်းတော်များလည်း ကျောင်းတော်သို့ ပြန်ကြွကြလေ၏။

ခဏအကြာတွင် ဟောခမ္မိကဥပါသကာကြီးသည် သတိပြန်လည် ရလာ ပြီး မိမိပတ်ဝန်းကျင်ကို ကြည့်လိုက်သောအခါ သားသမီးများ ငိုကြွေးနေသည်ကို လည်းကောင်း၊ ရဟန်းတော်များ ပြန်ကြွသွားပြီ ဖြစ်သဖြင့် မရှိ တော့သည်ကို လည်းကောင်း တွေ့မြင်ရသဖြင့် မိမိ၏ သားသမီးများအား–

'သားတို့ သမီးတို့ အဘယ်ကြောင့် ငိုကြွေးနေကြသနည်း၊ ယခု ရဟန်းတော် များ အဘယ်ကြောင့် ပြန်ကြွသွားကြဘိသနည်း ဟု မေးမြန်း လေသည်။

သားသမီးများကလည်း –

'ရဟန်းတော်များ ရွတ်ဖတ်ဟောကြားနေသည်ကို "ခဏဆိုင်းငံ့ပါရန်" ဖခင်ကိုယ်တိုင် တားမြစ်သဖြင့် ရဟန်းတော်များ ကျောင်းတော်သို့ ပြန်ကြွသွား ကြပြီ ဖြစ်၏" ဟု ပြန်ကြားပြောဆိုကြ၏။ ထိုအခါ ဥပါသကာ ကြီးက–

http://www.cherrythitsar.org



'ငါသည် ရဟန်းတော်များနှင့် တစ်စုံတစ်ရာ နှုတ်မြွက် ပြောဆိုခြင်း မရှိ' ဟု ဆို၏။

'သို့ဖြစ်လျှင် "ခဏဆိုင်းငံ့ပါဦး" ဟု ဖခင်က မည်သူကို ပြောဆိုခြင်း ဖြစ်သနည်း' ဟု မေး၏။

'သားတို့ သမီးတို့ နတ်ပြည် ၆ ထပ်မှ နတ်ရထား ခြောက်စင်း တို့သည် ဤအိမ်၏ ကောင်းကင်ပြင်၌ တည်ကြကုန်၏။ ရထားထိန်း နတ်သားတို့ သည် သူ့ရထား တက်ပါ၊ ငါ့ရထား တက်ပါ ဟု တောင်းပန်ကြသဖြင့် တရားတော်ကို နာယူဆဲဖြစ်၍ "ခဏဆိုင်းငံ့ပါဦး" ဟု နတ်သားတို့အား ငါ ပြောဆိုမိ၏' ဟု ဥပါသကာကြီးက သူ၏ သားသမီးများအား ဆို၏။

ထိုအခါ သားသမီးတို့က 'ယခု နတ်ရထားများ ရှိသေးပါသလား' ဟု သူတို့၏ ဖခင်အား မေးမြန်းကြရာ ဖခင်ကြီးကလည်း ယခု အိမ်အပြင် ကောင်းကင်၌ နတ်ရထားများ ရှိသေးသည်၊ အိမ်၌ ပန်းကုံးများ ရှိလျှင် မိမိ အလိုရှိသော နတ်ရထားဦး၌ "ချိတ်ဆွဲပါစေသတည်း" ဟူ၍ အဓိဋ္ဌာန်ပြီး ပန်းကုံး ကို ကောင်းကင်သို့ ပစ်တင်လိုက်လျှင် ပန်းကုံးသည် ထိုနတ်ရထားဦး၌ ချိတ်မိ လိမ့်မည် ဟု ဆို၏။

ဖခင်ဥပါသကာကြီးမိန့်သည့်အတိုင်း သားသမီးများက ပန်းကုံးကို ယူ၍ အဓိဋ္ဌာန်ဖြင့် ကောင်းကင်သို့ ပစ်တင်မည်ပြုရာ ဖခင်ကြီးက နတ်ပြည် ခြောက်ထပ်တွင် မည်သည့်နတ်ပြည်သည် ကောင်းကြောင်း သင်တို့ ကြားဖူးပါ သနည်းဟု မေးပြန်၏၊ သားသမီးတို့ကလည်း တုသိတာနတ်ပြည်သည် ဘုရားလောင်းနှင့် ဘုရားလောင်း၏ မယ်တော် ခမည်းတော်တို့ မွေ့လျော် စံမြန်းရာ ဖြစ်သဖြင့် ကောင်း၏ဟု ကြားဖူးပါကြောင်းဖြင့် ပြန်လည်ပြောဆိုကြ၏။ သို့ဖြစ်လျှင် တုသိတာနတ်ရထားဦး၌ ချိတ်မိပါစေသတည်းဟု အဓိဋ္ဌာန်၍ ပန်းကုံးကို ပစ်ကြတော့ဟု ဖခင် ဥပါသကာကြီးက ပြော၏။ ဖခင် ညွှန်ကြား သည့်အတိုင်းပင် ပန်းကုံးကို အဓိဋ္ဌာန်၍ ကောင်းကင်သို့ ပစ်တင်လိုက်ရာ ပန်းကုံးသည် တုသိတာ နတ်ရထားဦး၌ တွဲလောင်းဆွဲ၍ ချိတ်မိလေ၏။ အနီး အပါးရှိ လူတို့သည် တွဲလောင်းကျနေသော ပန်းကုံးကို မြင်ရ၏။ တုသိတာ နတ်ရထားကိုမူ မမြင်ရချေ။

သားတို့ သမီးတို့ ဖခင်အတွက် စိုးရိမ်ပူဆွေး ငိုကြွေးခြင်း မပြုကြနှင့် တော့၊ သားတို့ သမီးတို့ မြင်သည့်အတိုင်း ဖခင်သည် တုသိတာ နတ်ရထားဖြင့် တုသိတာနတ်ဘုံသို့ လိုက်ပါသွားတော့မည်၊ သားတို့ သမီးတို့လည်း တုသိတာ နတ်ဘုံ၌ ဖြစ်လိုပါက ဖခင်ချမှတ်ခဲ့သော လမ်းစဉ်အတိုင်း ဒါန၊ သီလ၊ ဘာဝနာ

http://www.cherrythitsar.org



တို့၌ "အတ္တ" ကို မပါဝင်စေဘဲ သစ္စာ နုလောမိကဉာဏ်ဖြင့်သာ ပြုရစ်ကြ၊ သစ္စာနုလောမိကဉာဏ်ဖြင့် ပြုလုပ်လျှင် မိမိ၏ "ကံ" ကို မိမိက ထိန်းချုပ်နိုင်၏၊ မိမိရောက် လိုရာဘုံဘဝ၌ ဖြစ်ရ၏ဟု မှာကြားပြီးနောက် ကွယ်လွန်သွား၏။

မဟာဓမ္မိက ဥပါသကာကြီးအား တရားဟောရန် ကြွရောက်၍ တရားဟောပြီး ပြန်ကြွလာကြသော ရဟန်းတို့အား မြတ်စွာဘုရားက အခြေအနေကို မေးမြန်းတော်မူသောအခါ ဥပါသကာကြီးက "ဆိုင်းငံ့တော်မူပါဦး" ဟု လျှောက်ထားသဖြင့် တပည့်တော်များ ပြန်လာခြင်း ဖြစ်ပါသည် ဘုရားဟု ရဟန်းများက ပြန်လည် လျှောက်ထားသောအခါ ဥပါသကာကြီးသည် သင်တို့အား ဆိုင်းငံ့ရန် လျှောက်ထားခြင်းမဟုတ်၊ နတ်ပြည် ၆ ထပ်မှ လာရောက်ကြိုဆိုကြသော နတ်ရထားထိန်းတို့အား ဆိုင်းငံ့ရန် မေတ္တာရပ်ခံခြင်း ဖြစ်သည်။ ယခု ဥပါသကာကြီးသည် တုသိတာ နတ်ပြည်၌ ဖြစ်၏ဟု မိန့်တော်မူကာ အောက်ပါ ဂါထာကို ဟောတော်မူ၏။

- **ကောင်းမှုပြုသောသူသည် ပစ္စုပ္ပန်ဘဝ၌လည်း ဝမ်းမြောက်ရ၏။ တမလွန် ဘဝ၌လည်း ဝမ်းမြောက်ရ၏။ နှစ်ဘဝလုံး၌ပင် ဝမ်းမြောက်ရ၏။**
- **မိမိ၏ စင်ကြယ်သော ကုသိုလ်ကံကို မြင်၍ ဝမ်းမြောက်ရ၏။ ပို၍ ပို၍ ဝမ်းမြောက်ရ၏။**

အန္ဓပုထုဇဉ်ဖြစ်စေ၊ ကလျာဏပုထုဇဉ်ဖြစ်စေ ကောင်းမှုကို ပြုတတ်ကြပါ၏။ သို့ရာတွင် အန္ဓပုထုဇဉ်သည် "ကံ" သာ အမိ၊ "ကံ"သာ အဖ ဟူသော "အတ္တဒိဋ္ဌိ" အမြင်ဖြင့် သံသရာသုခကို ရှာစားလို၍ ပြုခြင်း ဖြစ်၏။ မည်သည့်ကောင်းမှုကိုပင် ပြုသည်ဖြစ်စေ၊ ထိုကောင်းမှု၌ "ငါ" ကို ထည့်သွင်း၍ ပြု၏။ "ငါ" ကို ထည့်သွင်းခြင်းသည် အပါယ်မျိုးစေ့ကို ထည့်သွင်းရာ ရောက်ကြောင်း သူမသိ။ ထိုအခါ အဝိဇ္ဇာပစ္စယာ သင်္ခါရာဟူသော ပဋိစ္စ သမုပ္ပါဒ် အရ သူ၏ကံသည် အဝိဇ္ဇာကို မြစ်ဖျားခံ၏။ အဝိဇ္ဇာကို မြစ်ဖျားခံသဖြင့် တပ်မက်မှု "တဏှာ" သည် လာ၏။ ထို့နောက် စွဲလမ်းမှု "ဥပါဒါန်" လာ၏။ ထို့နောက် "ကံ" လာ၏။ ထို့နောက် "ဘဝ" လာ၏။ ဘဝ လာလျှင် "ဇာတိ" လာ၏။ ထိုအခါ သူ၏ဘဝသည် သံသရာ ရေအလျဉ်ကြော၌ အစုန်မျောလေ၏၊ ထို့ကြောင့် သူ၏ဘဝသည် "ကံ" ကို မထိန်းချုပ်နိုင်သဖြင့် "ကံ" ပစ်ချရာ ခံရ၏။ သူ၏၌ မိမိ၏ဘဝအတွက် မိမိဆန္ဒရှိသည့်အတိုင်း ရွေးချယ်ပိုင်ခွင့် မရှိ။ ဤသည်ကိုပင် ဝိနိပါတိကဓော် ပရမ်းပတာသားဟု ဆိုရ၏။

ကလျာဏပုထုဇဉ်သည်ကား "ဉာဏ်" သာ အမိ၊ "ဉာဏ်" သာ အဖ ဟူသော ကမ္မဒိဋ္ဌိ အမြင်သစ်ဖြင့် သံသရာသုခထက် အဆပေါင်းများစွာ

http://www.cherrythitsar.org



သာလွန်သော နိဗ္ဗာန်၏ သန္တိသုခကို မျက်မှောက်ပြုလို၍ ကောင်းမှုကို ပြုခြင်း ဖြစ်၏။ မည်သည့်ကောင်းမှုကိုပင် ပြုသည်ဖြစ်စေ ထိုကောင်းမှု၌ "ငါ" ထည့်သွင်းခြင်း မပြု။ ထိုအခါ အဝိဇ္ဇာပစ္စယာ "ဝိဇ္ဇာ" ဟူ၍ "အဝိဇ္ဇာ" ကို သတ်မည့် သင်္ခါရကို ပြု၏။ ထိုသို့ ပြုကတည်းက သူ၏ ဘဝသည် အစုန် ပဋိစ္စသမုပ္ပါဒ်၌ မဝင်တော့ဘဲ အဆန် ပဋိစ္စသမုပ္ပါဒ် ၌ဝင်လေ၏။ "အဝိဇ္ဇာ" သေလျှင် "တဏှာ" သေ၏။ "တဏှာ" သေလျှင် "ဥပါဒါန်" သေ၏။ "ဥပါဒါန်" သေလျှင် "ကံ" သေ၏။ "ကံ" သေလျှင် "ဘဝ" သေ၏။ "ဘဝ" သေလျှင် "ဇာတိ" သေ၏။ ထိုအခါ သူ၏ဘဝသည် သံသရာမှ ထွက်မြောက်ရာ နိဗ္ဗာန်သို့ ဦးတည်သော မဂ္ဂင်လမ်းကြောင်းပေါ်၌ လျှောက်သွားလျက်သား ဖြစ်လေ၏။

ထိုအခါ သူ၌ မိမိ၏ဘဝအတွက် "လားရောက်ရာ" "ဂတိ" နှင့် ပတ်သက်၍ မိမိဆန္ဒအတိုင်း ရွေးချယ်ပိုင်ခွင့် ရှိလာ၏။ ဤသည်ကိုပင် "မြဲသော ဂတိ" ရှိ၏ဟူ၍ ဆိုရ၏။ မြဲသောဂတိ ရှိလာပါက သူ၏ ကောင်းမှုသည် ပစ္စုပ္ပန်ဘဝအတွက်လည်း ဝမ်းမြောက်စရာ၊ တမလွန်ဘဝအတွက်လည်း ဝမ်းမြောက်စရာ၊ နှစ်ဘဝလုံးအတွက် ဝမ်းမြောက်စရာ ဖြစ်ရုံသာမက စစ်မှန်သော ချမ်းသာ၊ စစ်မှန်သော အသိနှင့် ဇစ်မှန်သော ငြိမ်းချမ်းမှုတို့ကို မြင်အောင် ကြည့်တတ်သော အရိယသစ္စာမုခ်ဦးသို့ ပို၍ နီးလာပြီဖြစ်၏ ဟူ၍ ဂါထာက ဆိုပါ၏။

## သုမနဒေဝီ

မြတ်စွာဘုရား လက်ထက်တော်အခါက သာဝတ္ထိပြည်တွင် အလှူဒါနပြုကြရာ၌ အမြတ်ဆုံး ဧတဒဂ်ဘွဲ့ရ ပုဂ္ဂိုလ်နှစ်ဦး ရှိ၏။ တစ်ဦးမှာ ဇေတဝန်ကျောင်း ဒါယကာ အနာထပိဏ် သူဌေး ဖြစ်၏။ အခြားတစ်ဦးမှာ ပုဗ္ဗာရုံကျောင်း ဒါယိကာမ ဝိသာခါ ဖြစ်၏။ ထိုပုဂ္ဂိုလ်နှစ်ဦးသည် ရဟန်းသာမဏေများ၏ အလိုဆန္ဒကို သိ၏၊ အကြိုက်ကို သိ၏၊ အနာထပိဏ်နှင့် ဝိသာခါတို့သည် မြတ်စွာဘုရားနှင့်လည်း ရင်းနှီး၏။ ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလ္လာန်မှ စ၍ သာမဏေငယ်များအထိ သံဃာတော်များအားလုံးနှင့် အကျွမ်းတဝင် ရှိ၏။ လျှောက်ထားစရာ ရှိလျှင်လည်း ပွင့်ပွင့်လင်းလင်း လျှောက်ထားနိုင်ကြ၏။

အနာထပိဏ်နှင့် ဝိသာခါတို့၏အိမ်၌ နေ့စဉ် ရဟန်းသံဃာပေါင်း နှစ်ထောင်ခန့် ဆွမ်းဘုဉ်းပေးကြ၏၊ အနာထပိဏ်နှင့် ဝိသာခါတို့သည် အနည်းဆုံး တစ်နေ့လျှင် တစ်ခေါက် မြတ်စွာဘုရားထံ သွားရောက်ဖူးမြော်ကြ၏။ တရားတော်

http://www.cherrythitsar.org



ကို နာယူကြ၏။ ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလ္လာန်၊ ရှင်အာနန္ဒာမှစ၍ ရဟန်းသာမဏေများကိုလည်း ဖူးမြော်ကြ၏။ ပန္နည်းလေးပါးဖြင့်လည်း ဖိတ်ကြားကြ၏၊ ကျောင်းတော်သို့ သွားတိုင်းလည်း လှူဖွယ်ဝတ္ထုမပါဘဲ လက်ချည်းသက်သက် သွားသည်ဟူ၍ မရှိ၊ လှူဖွယ်ဝတ္ထု တစ်မျိုးမဟုတ် တစ်မျိုးကို ယူဆောင်သွားကြသည်ချည်း ဖြစ်၏။ မတတ်သာသည့်အဆုံး သဲနုနုကိုပင် ယူဆောင်ကာ ဂန္ဓကုဋိပရဝုဏ်အတွင်း ၌ ခင်းကြ၏။

အနာထပိဏ်နှင့် ဝိသာခါတို့သည် သောတာပန်လည်း ဖြစ်ကြ၏။ ထို့ကြောင့် ဒါန၊ သီလ၊ ဘာဝနာ လုပ်ငန်းများ၌ သမ္မာဉာဏ်မျက်စိဖြင့် ကြည့်တတ်ကြ၏။ သမ္မာဉာဏ် မျက်စိဖြင့် ကြည့်သောအခါ ခန္ဓာငါးပါး ချုပ်ခြင်းသည် တကယ် မှန်ကန်သော ချမ်းသာစစ်၊ ချမ်းသာမှန် ဖြစ်၏။ လူ့ဘဝ၊ နတ်ဘဝ၊ ဗြဟ္မာဘဝ စသည်ဖြင့် ဘဝသမ္ပတ္တိ၊ ဘောဂသမ္ပတ္တိတို့ကို ရရှိနိုင်အောင် လှူဒါန်းခြင်း၊ သီလဆောက်တည်ခြင်း၊ သမထဘာဝနာ ပွားများခြင်းသည် အန္ဓပုထုဇဉ်တို့၏ ဆောင်ရွက်နည်း ဖြစ်၏။ အန္ဓပုထုဇဉ်တို့၏ ဆောင်ရွက်နည်းအရ ဆောင်ရွက်ခြင်းသည် ခန္ဓာငါးပါး ချုပ်ရန်မဟုတ်ဘဲ ခန္ဓာငါးပါး ပွားစီးရန်သာ ဖြစ်၏။ ခန္ဓာငါးပါးသည် အမှန်အားဖြင့် ဒုက္ခအစုအဝေးသာ ဖြစ်၏။

ထို့ကြောင့် လူ့ဘဝ လူ့စည်းစိမ်၊ နတ်ဘဝ နတ်စည်းစိမ်၊ ဗြဟ္မာ ဘဝ ဗြဟ္မာ စည်းစိမ်တို့ကို ရရှိအောင် အားထုတ်ခြင်း ဟူသမျှသည် စစ်မှန်သော သုခကို ရှာရာမရောက်ဘဲ ဒုက္ခကို ရှာရာသာ ရောက်၏။ သာသနာတွင်း၌ နေပြီး သာသနာပ၏ ကျင့်စဉ်အတိုင်း ကျင့်ရာရောက်၏၊ သို့ရာတွင် ဤအမြင်မျိုးကို လူတိုင်း မြင်နိုင်သည် မဟုတ်၊ အရိယသစ္စာတရားကို ကိုယ်တိုင်ကြားနာပြီး အရိယသစ္စာတရားကို ကိုယ်တိုင် နှလုံးသွင်းနိုင်သူများသာ မြင်နိုင်၏။

သို့ဖြစ်၍ ထိုစဉ်၌ ဒါန၊ သီလ၊ ဘာဝနာများကို ပြုလိုသူများသည် အနာထပိဏ်နှင့် ဝိသာခါတို့ကို ချဉ်းကပ်ရ၏။ ရဟန်းသံဃာ တော်များအတွက် နေရာထိုင်ခင်းမှစ၍ အစစအရာရာ အဆင်ပြေအောင် စီမံဆောင်ရွက်ပေးပါရန် ဖိတ်ကြားရ၏။ အရိယသစ္စာနှင့်လျော်သော သစ္စာနုလောမိက ဉာဏ်မျိုးဖြင့် အလှူကို လှူတတ်အောင် သီလကို ဆောက်တည်တတ်အောင် ဘာဝနာကို ပွားတတ်အောင် စီစဉ်ညွှန်ကြားပေးပါရန် အနူးအညွတ် တောင်းပန်ရ၏။

အနာထပိဏ်နှင့် ဝိသာခါတို့ကား နိဗ္ဗာန်ကို မျက်မှောက်ပြုပြီးသူများ ဖြစ်ကြသည့် အားလျော်စွာ မိမိတို့ စွမ်းအားရှိသလောက် လူအပေါင်းအား သံသရာ ဝဋ်ဆင်းရဲမှ ထွက်မြောက်ဆောင် ဆောင်ရွက်ပေးရန် စိတ်အားထက်သန်ကြ၏။ စိတ်အားထက်သန်သည့်အလျောက်လည်း အနာထပိဏ်နှင့် ဝိသာခါတို့က မိမိတို့ကို လာရောက်ဖိတ်ကြားသည့် ကောင်းမှုရှင်တို့အား ကူညီကြ၏။

http://www.cherrythitsar.org



အမှန်အားဖြင့် ကောင်းမှုပြုလုပ်ရာ၌ ကျင့်စဉ်နှစ်မျိုး ရှိ၏။ ကျင့်စဉ်တစ်မျိုးမှာ မှားယွင်းသော ကျင့်စဉ် "မိစ္ဆာပဋိပဒါ" ဖြစ်၏။ နောက်တစ်မျိုးမှာ မှန်ကန်သော ကျင့်စဉ် "သမ္မာပဋိပဒါ" ဖြစ်၏။ ထို ကျင့်စဉ်နှစ်မျိုးအနက် ကောင်းမှုရှင်တို့အနေဖြင့် မှန်ကန်သောကျင့်စဉ် "သမ္မာပဋိပဒါ" အရ ကျင့်နိုင်ရန် အနာထပိဏ်နှင့် ဝိသာခါတို့က ပံ့ပိုးပေးကြ၏။ ထို့ကြောင့် ကောင်းမှုရှင်တို့က လည်း အနာထပိဏ်နှင့် ဝိသာခါတို့အား ဖိတ်ကြားကြခြင်း ဖြစ်၏။ ကောင်းမှု ဟူသည် ပြုတတ်မှ အကျိုးကို ထိုက်ထိုက်တန်တန် ရ၏။

ကောင်းမှုကိုပြုရာ၌ မှားသောကျင့်စဉ် "မိစ္ဆာပဋိပဒါ" ဟူသည် ဂုဏ်ပကာသနကို မက်မော၍ ကောင်းမှုပြုခြင်းနှင့် လူ့စည်းစိမ်၊ နတ်စည်းစိမ်၊ ဗြဟ္မာစည်းစိမ်တို့ကို မက်မော၍ ကောင်းမှုပြုခြင်း ဖြစ်၏။

ထိုကဲ့သို့ ကောင်းမှုပြုခြင်းမျိုးကို ဘုရားအစရှိသော သူတော်ကောင်းတို့က မချီးမွမ်း၊ ဂုဏ်ပကာသနကိုလည်း မမက်မော၊ လူ့စည်းစိမ်၊ နတ်စည်းစိမ်၊ ဗြဟ္မာစည်းစိမ်တို့ကိုလည်း မတပ်မက်ဘဲ ဘဝထိုထိုမှ လွတ်မြောက်ရေး အတွက် လူ့ဘဝနှင့် လူ့တာဝန်အရ ကောင်းမှုပြုခြင်း မျိုးသာ မှန်ကန်သောကျင့်စဉ် "သမ္မာပဋိပဒါ" မည်၏။ မှားသောကျင့်စဉ်သည် မိမိကောင်းစားရေးအတွက် ရယူပိုင်ဆိုင်ခြင်း "လောဘ" ၌ ဗဟိုပြု၏။ မှန်ကန်သော ကျင့်စဉ်သည် လောက ငြိမ်းချမ်းသာယာရေးအတွက် စွန့်လွှတ်ပေးကမ်းခြင်း "အလောဘ"၌ ဗဟိုပြု၏။

ကောင်းမှုပြုခြင်းနှင့် ပတ်သက်၍ မဇ္ဈိမပဏ္ဏာသ ပါဠိတော် ကုက္ကုရ ဝတိကသုတ်၌ ဤသို့ ဟောကြားတော်မူထားသည်ကို တွေ့ရ၏။

မိမိတို့ ပြုထားသည့် "ကံ" ဟူသမျှသည် အုပ်စုလေးစုတွင် တစ်စုစု၌ ပါဝင်ရသည်သာ ဖြစ်၏။ အုပ်စုလေးစု ဟူသည်မှာ –

(၁) အမည်းအကျိုးကို ပေးသော အမည်း "ကံ"

(၂) အဖြူအကျိုးကို ပေးသော အဖြူ "ကံ"

(၃) အမည်းနှင့် အဖြူရော၍ အကျိုးပေးသော အမည်းနှင့် အဖြူရောသော "ကံ"။

(၄) အမည်းနှင့်အဖြူရော၍ အကျိုးမပေးသော အမည်းအဖြူ မဟုတ်သော "ကံ" တို့ ဖြစ်ကြ၏။

ထို "ကံ" လေးမျိုးတို့တွင် အမည်း "ကံ" ဟူသည် ဒုစရိုက် "ကံ" သက်သက် ဖြစ်၏။ မကောင်းကျိုးသက်သက်ကိုသာ ပေး၏။

အဖြူ "ကံ" ဟူသည် သုစရိုက် "ကံ" သက်သက် ဖြစ်၏။ ထို "ကံ" သည် ကောင်းကျိုးသက်သက်ကိုသာ ပေး၏။

http://www.cherrythitsar.org



အမည်းနှင့်အဖြူရောသော "ကံ" ဟူသည် မကောင်းကျိုးနှင့် ကောင်းကျိုးကိုရော၍ ပေးသော"ကံ" ဖြစ်၏။ ယင်း "ကံ" သည် ဒုစရိုက်နှင့် သုစရိုက်ရောသောကံ ဖြစ်၏။

အမည်းအဖြူ မဟုတ်သော "ကံ" ဟူသည် "ဝိပဿနာကံနှင့် မဂ်ကံ" တို့ဖြစ်ကြ၏။ "ဝိပဿနာကံ" နှင့် "မဂ်ကံ" တို့သည် အစမတင် သံသရာမှစ၍ မိမိတို့၏ သန္တာန်၌ ကိန်းနေသော ဒုစရိုက်ဖြစ်စေ၊ သုစရိုက်ဖြစ်စေ "ကံ" ဟူသမျှ အားလုံးကို နောင်တစ်ဖန် ပဋိသန္ဓေ အကျိုးမပေးနိုင်အောင် "အဟောသိကံ" ဖြစ်သွားအောင် ဆောင်ရွက်နိုင်သော "ကံ" ဖြစ်၏။ ယင်း "ကံ" ဖြင့် သံသရာ၌ မကျင်လည်ရအောင် သံသရာမှ ထွက်မြောက်အောင် ဆောင်ရွက်နိုင်၏။

ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ် ဟူ၍ "ဝဋ်" သုံးပါး လည်လျက်ရှိသောရာ နောင်တစ်ဖန် ပဋိသန္ဓေ မနေရခြင်းသည် ဝိပါကဝဋ် ချုပ်သည် မည်၏။ ဝိပါကဝဋ် ချုပ်သွားအောင် ကမ္မဝဋ်ကို ချုပ်အောင် လုပ်ဖို့လို၏။ တစ်ဖန် ကမ္မဝဋ်ကို ချုပ်သွားအောင် ကိလေသဝဋ်ကို ချုပ်အောင်လုပ်ဖို့ လို၏။ ဝဋ်သုံးပါး ချုပ်အောင် လုပ်ရာ၌ ရုပ်နာမ်ခန္ဓာတို့၏ ဖြစ်ပျက်ကို မျက်ဝါးထင်တင် ဝိပဿနာ ဉာဏ်မျက်စိဖြင့် မြင်အောင် ရှုရန်မှတစ်ပါး အခြားနည်း မရှိ။ ခန္ဓာတို့၏ ဖြစ်ပျက်ကို မြင်ဖန်များ လာသောအခါ ခန္ဓာငါးပါးတို့၌ ငြီးငွေ့၏။ ငြီးငွေ့သော အခါ မဂ်ဉာဏ် လာ၏။ ထို့နောက် ဖိုလ်ဉာဏ် လာ၏။ ထို့နောက် ပစ္စဝေက္ခဏာ ဉာဏ် လာ၏။ ဤသည်ကိုပင် အမည်းအဖြူ မဟုတ်သော "ကံ" ဟု ဆိုရ၏။

အနာထပိဏ်နှင့် ဝိသာခါတို့က ဆိုင်ရာဆိုင်ရာ ကောင်းမှုရှင်တို့အား ဤသို့လျှင် ဝဋ်ဆင်းရဲမှ ထွက်မြောက်ရာနည်းလမ်းကို ပြ၏။ ဆိုင်ရာ ဆိုင်ရာ ကောင်းမှုရှင်တို့ကလည်း အနာထပိဏ်နှင့် ဝိသာခါတို့၏ ညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်ကြ၏။ ထိုအခါ ကောင်းမှု၏ ထိုက်တန်သော အကျိုးကို ရ၏။

ထိုက်တန်သော အကျိုးဟူသည်မှာ တပ်မက်မှုတဏှာ ပါး၍ ပါး၍ လာခြင်းဖြစ်၏။ တဏှာ ပါး၍ ပါး၍ လာခြင်းသည် နိဗ္ဗာန်နှင့် နီး၍ နီး၍ လာခြင်းဖြစ်၏။ နိဗ္ဗာန်နှင့် နီး၍နီး၍ လာခြင်းသည် စစ်မှန်သော ချမ်းသာကို ပို၍ပို၍ ရခြင်းမည်၏။ ဤအမြင်မျိုးကို လူတိုင်း မြင်ကြသည်တော့ မဟုတ်။ အရိယသစ္စာတရားကို နာကြားရပြီး၊ အရိယသစ္စာကို ကိုယ်တိုင် နှလုံးသွင်းနိုင်ကြသူများသာ မြင်နိုင်သော အမြင်ဖြစ်၏။ အနာထပိဏ်နှင့် ဝိသာခါတို့၏ ညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်ကြသော ကောင်းမှုရှင်တို့ကား ဤ အမြင်မျိုးကို မြင်နိုင်ကြပါ၏။

http://www.cherrythitsar.org



အနာထပိဏ်နှင့် ဝိသာခါတို့၏ အိမ်၌လည်း နေ့စဉ် ရဟန်းသံဃာတော်ပေါင်း နှစ်ထောင်စီအတွက် ဆွမ်းဝတ်ကို ပြုလျက်ရှိလေရာ အနာထပိဏ်နှင့် ဝိသာခါတို့သည် မိမိတို့၏ အိမ်သို့ ကြွရောက်တော်မူလာကြသော ရဟန်းသံဃာတော်များအတွက် ဆွမ်းဝတ်ပြုခြင်းကို ကိုယ်တိုင်မဆောင်ရွက်နိုင်တော့ဘဲ ကိုယ်စားလှယ်ထား၍ ဆောင်ရွက်ကြရ၏။ ဝိသာခါကမူ မိမိ၏မြေးမကို မိမိ၏ ကိုယ်စားဆောင်ရွက်စေ၏။ အနာထပိဏ်ကမူ မိမိ၏ သမီးကြီး မဟာသုဘဒ္ဒါကို မိမိ၏ ကိုယ်စား ဆောင်ရွက်စေ၏။

မဟာသုဘဒ္ဒါသည်ဖခင် အနာထပိဏ်၏ ကိုယ်စား ရဟန်းသံဃာတော်များ၏ ဆွမ်းကွမ်းဝေယျာဝစ္စကို ဆောင်ရွက်ပြုစုလျက် တရားတော်များကို မပြတ်နာကြားရ၏။ မိမိနာကြားရသော တရားတော်အတိုင်း ကျင့်ကြံအားထုတ်၏။ ထိုအခါ မဟာသုဘဒ္ဒါသည် သောတာပန် ဖြစ်သွားလေ၏။ သောတာပန်ဖြစ်ပြီးနောက် မိဘများ၏ စီမံချက်အရ အမျိုးကောင်းသားတစ်ဦးနှင့် အိမ်ထောင်ပြုရ၏။ အိမ်ထောင်ပြုပြီးသောအခါ ထိုခေတ်ဓလေ့အတိုင်း ခင်ပွန်းသည်၏ အိမ်သို့ လိုက်သွားရ၏။

အနာထပိဏ်သူဌေးကြီးသည် မဟာသုဘဒ္ဒါ မရှိတော့သောအခါ ရဟန်းသံဃာတော်များ၏ ဆွမ်းကွမ်း ဝေယျာဝစ္စကို ဆောင်ရွက်ရန် သမီးလတ် စူဠသုဘဒ္ဒါကို တာဝန်ပေးပြန်၏။ စူဠသုဘဒ္ဒါလည်း မဟာသုဘဒ္ဒါနည်းတူ ဆွမ်းကွမ်းဝေယျာဝစ္စများကို ပြုစုလုပ်ကျွေးရင်း ရဟန်းသံဃာတော်များထံမှ တရားတော်များကို မပြတ်နာကြားရပြီး တရားတော်အတိုင်း ကျင့်ကြံအားထုတ်လေရာ သောတာပန် ဖြစ်သွား၏။ ထို့နောက် မိဘများ၏ စီမံချက်အရ အမျိုးကောင်းသားတစ်ဦးနှင့် အိမ်ထောင်ပြု၏။ အိမ်ထောင်ပြုပြီးသောအခါ ထိုခေတ် ဓလေ့အတိုင်း ခင်ပွန်းသည်၏ အိမ်သို့ လိုက်သွားရ၏။

ထို့နောက် သမီးအငယ် သုမနဒေဝီကို မိမိ၏ကိုယ်စား အိမ်သို့ ကြွရောက်ကြသော ရဟန်းသံဃာတော်များ၏ ဆွမ်းကွမ်း ဝေယျာဝစ္စကို ဆောင်ရွက်ရန် တာဝန်ပေးပြန်၏။ သုမနဒေဝီသည် ဖခင်၏ တာဝန်ပေးချက်အရ ရဟန်းသံဃာတော်များ၏ ဆွမ်းကွမ်း ဝေယျာဝစ္စကိုလည်း မလစ်ဟင်းရလေအောင် ဆောင်ရွက်၏။ ရဟန်းသံဃာတော်များထံမှ တရားဓမ္မများကိုလည်း နာယူ၏။ နာယူရုံသက်သက်သာ မဟုတ်၊ တရားဓမ္မလာအတိုင်း ကျင့်စဉ်များကိုလည်း ကျင့်၏။ ထို့ကြောင့် သုမနဒေဝီသည် သကဒါဂါမ် ဖြစ်သွား၏။

သုမနဒေဝီသည် မိမိက သကဒါဂါမ်ဖြစ်၍ ဖခင်ကြီးမှာမူ သောတာပန်မျှသာ ဖြစ်နေသေးသည်ကို သိ၏။ ဖခင်ကြီးအား တရားဓမ္မများကို ဆက်လက်

http://www.cherrythitsar.org



အားထုတ်၍ အရဟတ္တဖိုလ် တိုင်အောင် ရောက်အောင်လို၏။ သို့ရာတွင် မိမိအနေဖြင့် တစ်စုံတစ်ရာကို ဖခင်ကြီးအား တိုက်တွန်းပြောဆိုရန် မသင့်ဟု ယူဆထား၏။ ဖခင်ကြီးကား အလှူဒါနနှင့် အထုံပါသနာ ကြီးသူ ဖြစ်၏။ အထက်မဂ်၊ အထက်ဖိုလ် များကို ရရှိရေးအတွက် ကြောင့်ကြစိုက်မှု သိပ်မရှိလှ။

ဇေတဝန်ကျောင်းတိုက်သို့ ရောက်ပါသော်လည်း သူဌေးကြီး၏ အထုံပါသနာအလျောက် ဒါနအကြောင်းကိုသာ မြတ်စွာဘုရားကလည်း ဟောကြားတော်မူ၏။ ရှင်သာရိပုတ္တရာကလည်း ဒါနအကြောင်းကိုပင် ဟောကြားတော်မူ၏။ အနာထပိဏ်သူဌေးကြီးသည် မြတ်စွာဘုရားနှင့် လည်းကောင်း၊ ရှင်သာရိပုတ္တရာနှင့် လည်းကောင်း ၂၄ နှစ်တိုင်တိုင် ရင်းနှီးစွာဆက်ဆံခွင့်ရပါသော်လည်း အရဟတ္တဖိုလ် တိုင်အောင် မျက်မှောက်ပြုနိုင်သော တရားဒေသနာများကို ဟောကြားချီးမြှင့်တော်မူပါရန် မြတ်စွာဘုရားအား လည်းကောင်း၊ ရှင်သာရိပုတ္တရာအား လည်းကောင်း တောင်းပန်လျှောက်ထားခြင်း မရှိခဲ့ဘူးချေ။

သုမနဒေဝီကမူ မိမိဖခင်ကြီးအား အထက်မဂ်၊ အထက်ဖိုလ်ကို ရနိုင်ရေး အတွက် ကြောင့်ကြစိုက်လာအောင် အရိပ်အမြွက်သဘောဖြင့် တင်ပြနိုင်မည့် အခွင့်အလမ်းကိုသာ မျှော်လင့်စောင့်စားလျက် ရှိ၏။ ဖခင်ကြီး၏ အထုံပါသနာ အတိုင်း အခြားကောင်းမှုရှင်တို့အား ကိုယ်တိုင်ကိုယ်ကြပ် သွားရောက်၍ ချီးမြှောက်သည်ကိုလည်း သုမနဒေဝီက ဝမ်းမြောက်ဝမ်းသာ ရှိပါ၏။

ထို့အပြင် ဖခင်ကြီးသည် နေ့စဉ်နေ့တိုင်း ဇေတဝန်ကျောင်းတော်သို့ ရောက်လျက်ရှိရာ မြတ်စွာဘုရားထံတော်မှ ဖြစ်စေ၊ ရှင်သာရိပုတ္တရာ ထံတော်မှ ဖြစ်စေ အရဟတ္တဖိုလ်သို့ မျက်မှောက်ပြုနိုင်သော တရားဓမ္မများကို နာယူ၍ ကျင့်လည်း ကျင့်ကြံစေချင်၏။

သုမနဒေဝီသည် မကျန်းမမာ ဖြစ်လာ၏။ မကျန်းမမာ ဖြစ်လာသော်လည်း မိမိ၏တာဝန်အရ ရဟန်းသံဃာတော်များအပေါ် ပြုရမည့် ဆွမ်းကွမ်း ဝေယျာဝစ္စများကို မလစ်ဟင်းရလေအောင် ဆောင်ရွက်၏။ ဖခင်ကြီးမှာမူ ဇေတဝန်ကျောင်းတော်သို့ သွားလိုက်၊ လာရောက်ပင့်ဖိတ်ထားသော ကောင်းမှုရှင်များထံသို့ သွားရောက်၍ ချီးမြှောက်လိုက်ဖြင့် “မောသည် ပန်းသည်” ဟူ၍ မရှိဘဲ စိတ်အားထက်သန်လျက် ရှိလေ၏။ အနာထပိဏ်သည် သောတာပန် ဖြစ်သော်လည်း အထက်မဂ် အထက်ဖိုလ် များအတွက် အားထုတ်ရန်ထက် သူတစ်ပါး၏ အကျိုးစီးပွားကို ဆောင်ရွက်ရန် စိတ်အား ပို၍ထက်သန်၏။

ထို့ကြောင့် အနာထပိဏ် သူဌေးကြီးအား “ဘုရားလောင်းသဖွယ် ဖြစ်၏” ဟု မြတ်စွာဘုရားက မြွက်ကြားတော်မူခြင်း ဖြစ်၏။ သူဌေးကြီးသည် ဇေတဝန်

http://www.cherrythitsar.org



ကျောင်းတော်သို့ ရောက်တိုင်း ဒါနပြု၏၊ သီလ ဆောက်တည်၏၊ ထို့နောက် ပြန်လေ၏။ ဝိပဿနာပွားသည်ဟူ၍ မရှိ။ သို့ရာတွင် အနာထပိဏ်သူဌေးကြီး ကွယ်လွန်ခါနီးကာလ၌ ရှင်သာရိပုတ္တရာနှင့် ရှင်အာနန္ဒာတို့ ကြွလာတော်မူကြပြီး အရဟတ္တဖိုလ်ကို မျက်မှောက်ပြုနိုင်သော "အနာထပိဏ္ဍိကောဝါဒသုတ်" ကို ရှင်သာရိပုတ္တရာက ဟောကြားတော်မူသောအခါ ထိုကဲ့သို့သော တရားမျိုးကို သူ မနာကြားခဲ့ရသဖြင့် "အရဟတ္တ ဖိုလ်" မှ ရှုံးလေပြီဟု သံဝေဂရကာ သည်းစွာ ငိုကြွေးလေ၏။ အမှန်အားဖြင့် ထိုတရားမျိုးကို သူဌေးကြီး ကျန်းမာစဉ်ကာလ ကသာ နာကြားခွင့်ရခဲ့ပါလျှင် သုမနဒေဝီ မျှော်လင့်ထားသည့်အတိုင်း သူဌေးကြီး သည် အထက်မဂ်၊ အထက်ဖိုလ်ကို မျက်မှောက်ပြုကောင်း ပြုနိုင်ပေလိမ့်မည်။ ယခုတော့ အချိန်က လွန်သွားလေပြီ။ အခွင့်အရေးဟူသည်ကား အတောင် ပါသော ငှက်ပမာတည်း။ ရုတ်တရက် ရောက်လာပြီး ရုတ်တရက်ပင် ပြန်ထွက် သွားတတ်သည်။ ဖမ်းနိုင်သော သတိသမ္ပဇဉ် ရှိမှ ရ၏။

သုမနဒေဝီ မမာမကျန်းဖြစ်နေသည်မှာ ကြာပေပြီ။ သို့ရာတွင် စိတ်ဆောင်ပြီး ရဟန်းသံဃာတော်များ၏ ဝေယျာဝစ္စကို မလစ်ဟင်းရလေအောင် ကြိုးစားပြီး ဆောင်ရွက်နေသည့်ကြားမှ အစာအာဟာရပြတ်ကာ ရုတ်တရက် ဝေဒနာ ပြင်းထန်စွာ ဖြစ်ပေါ်လာ၏။ ထိုအခါ အလှူမဏ္ဍပ်တစ်ခု၌ စီမံပေးနေ သော ဖခင်သူဌေးကြီးကြား၍ အိမ်သို့ အမြန်ပြန်လာ၏။ သမီးအနီးသို့ ကပ်၍ –

'ဘယ်လိုနေသလဲ သမီး'

'ဘာကိုမေးတာလဲ မောင်လေး'

'သမီး ယောင်ယမ်းပြောနေတာလား'

'ယောင်ယမ်းပြောနေတာ မဟုတ်ပါဘူး မောင်လေး'

'သမီး သေရမှာ ကြောက်သလား'

'သေရမှာ မကြောက်ပါဘူး မောင်လေး'

သုမနဒေဝီသည် ဖခင် အနာထပိဏ်သူဌေးကြီးအား အထက်မဂ်၊ အထက် ဖိုလ်အတွက် ဆက်လက်အားထုတ်ပါရန် သတိပေးလိုသည်မှာ ကြာပြီ၊ အခွင့် အရေး မရခဲ့။ ယခုမှပင် အခွင့်အရေးကို ရ၏။ ရသည့် အခွင့်အရေးကို လက်လွှတ် မခံဘဲ အသုံးကျအောင် အသုံးချသွား၏။ ဖခင် သူဌေးကြီးအား "သံဝေဂ" ရအောင် ပြောကြားပြီးသည်နှင့် တစ်ပြိုင်နက် ကွယ်လွန်၍ တုသိတာနတ်ပြည်သို့ ရောက် သွားလေ၏။

အနာထပိဏ် သူဌေးကြီးသည် သောတာပန် ဖြစ်သော်လည်း သမီး

http://www.cherrythitsar.org



အတွက် များစွာ သောကရောက်ရ၏။ သမီး၏ အလောင်းကို သင်္ဂြိုဟ်ပြီးနောက် ငိုကြွေးလျက် မြတ်စွာဘုရားအား သွားရောက် လျှောက်ထား၏။

'ဒါယကာသူဌေးကြီး၊ သမီးငယ်အတွက် အဘယ့်ကြောင့် ဤမျှ သောက ရောက်ရပါသနည်း။ သတ္တဝါဟူသမျှ တစ်နေ့တွင် မလွဲဧကန် အမှန်ပင် သေကြရမည် မဟုတ်လော' ဟု မြတ်စွာဘုရားက အနာထပိဏ် သူဌေးကြီးအား တရား ဟောတော်မူ၏။

'သတ္တဝါဟူသမျှ တစ်နေ့တွင် မလွဲဧကန် အမှန်သေရမည်ကို တပည့် တော် သိပါ၏၊ သို့ရာတွင် သမီးငယ် သုမနဒေဝီသည် နေ့စဉ်နေ့တိုင်း ရဟန်း သံဃာတော် နှစ်ထောင်ခန့်၏ ဆွမ်းကွမ်းဝေယျာဝစ္စကို ပြုစုလုပ်ကျွေးနေသူ ဖြစ်ပါလျက် သေခါနီးကာလ၌ "သတိလွှတ်" ကာ ကယောင်ကတမ်း ပြောဆို လျက် ကွယ်လွန်သွားသည့်အတွက် တပည့် တော် "သောက" ရောက်ခြင်း ဖြစ်ရ ပါသည် ဘုရား' ဟု အနာထပိဏ် သူဌေးကြီးက မြတ်စွာဘုရားအား လျှောက်၏။

'မည်ကဲ့သို့သော ကယောင်ကတမ်းများကို ပြောဆိုလျက် ကွယ်လွန် သွားပါသနည်း' ဟု မြတ်စွာဘုရားက အနာထပိဏ်သူဌေးကြီးအား မေးမြန်း ရာ၊ 'တပည့်တော်ကို "မောင်လေး - မောင်လေး" ဟု ယောင်ယမ်း ပြောဆို ပြီးနောက် ကွယ်လွန်ခြင်း ဖြစ်ပါသည် ဘုရား' ဟု သူဌေးကြီးက မြတ်စွာ ဘုရားအား ပြန်လည်လျှောက်ထား၏။

'ဒါယကာ သူဌေးကြီး၊ ဒါယကာ သူဌေးကြီး၏ သမီးငယ်သည် ယောင်ယမ်းပြောဆိုခြင်း မဟုတ်၊ အရိယာအဆင့်အားဖြင့် ဒါယကာကြီးက သောတာပန်၊ သမီးငယ် သုမနဒေဝီက သကဒါဂါမ်၊ သို့ဖြစ်၍ ဒါယကာကြီး ထက် သမီးငယ်က အဆင့်မြင့်သောကြောင့် ဒါယကာကြီးကို "မောင်လေး... မောင်လေး" ဟု ခေါ်ခြင်းဖြစ်၏။ ယခုအခါ သမီးငယ် သုမနဒေဝီသည် တုသိတာနတ်ပြည်၌ ဖြစ်၏' ဟု မြတ်စွာဘုရားက အနာထပိဏ်သူဌေးကြီး အား ရှင်းပြ၏။ ထိုအခါမှ အနာထပိဏ် သူဌေးကြီး၏ သန္တာန်၌ "သောက" ပျောက်၍ "မုဒိတာ" ရောက်တော့၏။ သိက္ခာသုံးပါး၏ အကျိုးကား အံ့ဖွယ် ရှိပေစွ။ ထိုအခါ မြတ်စွာဘုရားသည် တရားနာပရိသတ်အား အောက်ပါ ဂါထာကို ဟောတော်မူ၏။

- **ကုသိုလ်ကောင်းမှု ပြုသူသည် ဤဘဝ၌လည်း ရွှင်လန်းရ၏၊ တမလွန် ဘဝ၌လည်း ရွှင်လန်းရ၏။ ပစ္စုပ္ပန် တမလွန် နှစ်ဘဝလုံး၌ ရွှင်လန်းရ၏။**
- **ဤ ပစ္စုပ္ပန်ဘဝ၌ ကောင်းမှုကို ပြုပြီးပြီဟု ဝမ်းမြောက်ရ၏၊ မလွန်ဘဝ ၌ကား ဤပစ္စုပ္ပန် ကုသိုလ်ကြောင့် သုဂတိဘဝကို ရရှိသောအခါ ပို၍ လွန်စွာ ဝမ်းမြောက်ရ၏။**

http://www.cherrythitsar.org



ဤလောက၌ ကုသိုလ်ကောင်းမှုများကို ပြုကြရာတွင် "သာသနာပ" ပြုနည်းနှင့် "သာသနာတွင်း" ပြုနည်းဟူ၍ နှစ်မျိုးရှိ၏။ "သာသနာပ" ပြုနည်းမှာ ပကာသနကို မက်မော၍ ပြုသောနည်းနှင့် ကောင်းမှု၏ အကျိုးကို ခံစားလို၍ ပြုသောနည်းတို့ ဖြစ်ကြ၏။ ထိုနည်းများအရ ကောင်းမှုကို ပြုသောအခါ "ငါ၊ "ငါ့ဟာ"၊ "ငါ့ဥစ္စာ" ဟူသော ခံယူချက်ဖြင့် ပြုကြ၏။ ကောင်းမှုကို ပွားစီးသည်ထက် ပွားစီးအောင် အားထုတ်၏။ ကောင်းမှု ပွားစီးလေလေ ဘဝသမ္ပတ္တိနှင့် ဘောဂသမ္ပတ္တိတို့ ပွားစီးလေလေ ဖြစ်၏။

ဤကောင်းမှုပြုနည်းကို "သာသနာပ" ကောင်းမှုပြုနည်း ဟူ၍ ဆိုရ၏။ ဤနည်းအရ ကောင်းမှုပြုပါက "ဝိနိပါတဘေး" မှ မလွတ်။ ကွယ်လွန်သောအခါ မိမိပြုခဲ့သော ကောင်းမှုများက မကယ်တင်နိုင်ဘဲ အပါယ်လေးဘုံသို့ ပရမ်းပတာ ကျချင်သလို ကျသွားနိုင်၏။

အသဒိသ အလှူရှင် မဋ္ဌိကာဓိပုဏ္ဏားကြီးသည် သေခါနီးကာလ၌ နှလုံးသွင်းမှား၍ ငရဲသို့ ကျ၏။ တတိယ သံဂါယနာတင် ဒါယကာ အသောက မင်းကြီးမှာလည်း သေခါနီးကာလ၌ နှလုံးသွင်းမှား၍ စပါးကြီးမြွေ ဖြစ်သွားရ၏။

အတ္တနှင့် အတ္တနိယကို အခြေခံပြုသော ကောင်းမှုဟူသမျှသည် အပါယ်မျိုးစေ့ကို ရင်ဝယ်ပိုက်ထားသော သမ္မဿကတာ သမ္မာဒိဋ္ဌိမျိုးသာ ဖြစ်၏။ ထိုအမြင်မျိုးမျှလောက်ဖြင့် ပြုသော ကောင်းမှုမျိုး ဖြစ်ပါက ဤပစ္စုပ္ပန်ဘဝ၌ ရွှင်လန်းရသည် မှန်၏၊ ဝမ်းမြောက်ရသည် မှန်၏။ သို့ရာတွင် တမလွန်ဘဝတွင်မူ ရွှင်လန်းချင်မှ ရွှင်လန်းရ၏၊ ဝမ်းမြောက်ချင်မှ ဝမ်းမြောက်ရ၏။ မဋ္ဌိကာမိပုဏ္ဏားကြီးနှင့် အသောကမင်းကြီးတို့ကို ထောက်ထားလျှင် တမလွန်၌ ရွှင်လန်းရမှုနှင့် ဝမ်းမြောက်ရမှု မရှိခြင်းကို တွေ့ရ၏။ ထို့ကြောင့် ကောင်းမှုများကို ပြုလုပ်ရာ၌ သမ္မဿကတာ သမ္မာဒိဋ္ဌိသည် အတ္တနှင့် အတ္တနိယကို မပယ်နိုင်သောကြောင့် ယင်း ကမ္မဿကတာသမ္မာ ဒိဋ္ဌိသည် အားကိုးလောက်သော သမ္မာဒိဋ္ဌိ မဟုတ်။ ထို့ကြောင့် "သာသနာ ပ" ကောင်းမှုပြုနည်း ဟူ၍သာ ဆိုရ၏။

"သာသနာတွင်း" ကောင်းမှုပြုနည်းဟူသည် ကောင်းမှု "ငါ" ဟူသမျှကို ပါးသည်ထက်ပါးအောင်၊ ထိုထက်စွမ်းနိုင်လျှင် "ငါ" ဟူ သမျှကို လုံးဝ ချုပ်ငြိမ်းသွားအောင် ပြုရသော ကောင်းမှုပြုနည်း ဖြစ်၏။

ယင်းပြုနည်းကို ဝိပဿနာ သမ္မာဒိဋ္ဌိဖြင့် ပြုရ၏။ ဗုဒ္ဓဘာသာဝင်တို့၏ အမြင့်ဆုံးပန်းတိုင်သည် နိဗ္ဗာန် ဖြစ်၏။ နိဗ္ဗာန်ဟူ၍ ဆိုတတည်းက ဇာတိ ပြတ်၏၊ ဇာတိ ပြတ်အောင် "ငါ" ကို ဖြတ်ရ၏။ "ငါ" ကို ဖြတ်သွားအောင်

http://www.cherrythitsar.org



"ဥပါဒါန်" ကို ဖြတ်ရ၏၊ "ဥပါဒါန်" ကို ဖြတ်သွားအောင် အဝိဇ္ဇာနှင့် တဏှာကို ဖြတ်ရ၏။ ထိုသို့ အဆင့်ဆင့်ပြတ်သွားအောင် လုပ်ရာ၌ "ငါ"၊ "ငါ့ဟာ"၊ "ငါ့ဥစ္စာ" ဟူသော သိမ်းပိုက်မှု ဟူသမျှကို ဖယ်ရှားရ၏။ ထိုသို့ ဖယ်ရှားနိုင်ရန် ဝိပဿနာ သမ္မာဒိဋ္ဌိသည် မရှိမဖြစ်သော သာသနာတွင်း အမြင်ဖြစ်၏။

အမှန်အားဖြင့် ဝိပဿနာ သမ္မာဒိဋ္ဌိသည် မြတ်စွာဘုရား ပွင့်တော်မူမှ သိရသော တရားထူး တရားမြတ် ဖြစ်၏။ ကမ္မဿကတာ သမ္မာဒိဋ္ဌိမှာမူ မြတ်စွာဘုရား ပွင့်တော်မူသည်ဖြစ်စေ၊ ပွင့်တော်မမူသည်ဖြစ်စေ သိရသောတရား ဖြစ်၏။ ထို့ကြောင့်လည်း ကမ္မဿကတာ သမ္မာဒိဋ္ဌိဖြင့်ပြုသော ကောင်းမှုရှင်များသည် ဤဘဝ၌ ရွှင်လန်းရသည် မှန်၏၊ ဝမ်းမြောက်ရသည် မှန်၏။ သို့ရာတွင် တမလွန်ဘဝ၌မူ ရွှင်လန်းချင်မှ ရွှင်လန်းရ၏။ ဝမ်းမြောက်ချင်မှ ဝမ်းမြောက်ရ၏။ ဝိပဿနာ သမ္မာဒိဋ္ဌိဖြင့်ပြုသော ကောင်းမှုရှင်များသည်ကား ဤဘဝ၌လည်း ရွှင်လန်းရ၏။ ဝမ်းမြောက်ရ၏။ တမလွန် ဘဝ၌လည်း ရွှင်လန်းရ၏။ ဝမ်းမြောက်ရ၏။ တမလွန်ဘဝ၌ အံ့သြဖွယ် ကောင်းလောက်အောင်ပင် ဝမ်းမြောက်ရ၏၊

ထို့ကြောင့် တမလွန်ဘဝ၌ ဝမ်းမြောက်ရန် ရွှင်လန်းရန် မသေချာသော ကမ္မဿကတာသမ္မာဒိဋ္ဌိ မျှလောက်ဖြင့် ကောင်းမှုများကို မပြုဘဲ၊ တမလွန်ဘဝ၌ပါ ရွှင်လန်းရန် ဝမ်းမြောက်ရန် သေချာသော ဝိပဿနာ သမ္မာဒိဋ္ဌိဖြင့် ကောင်းမှုများကို ပြုလုပ်ကြရေးအတွက် မြတ်စွာဘုရားက ဤဒေသနာတော်ကို ဟောကြားတော်မူခြင်း ဖြစ်ပါ၏။

ဤဒေသနာတော် အရ ကမ္မဿကတာ သမ္မာဒိဋ္ဌိသည် "ငါ"၊ "ငါ့ဟာ"၊ "ငါ့ဥစ္စာ" ဟူသော အတ္တနှင့် အတ္တနိယအမြင်ကို မပယ်သတ်နိုင်ဘဲ ဝိပဿနာ သမ္မာဒိဋ္ဌိကသာ "ငါ"၊ "ငါ့ဟာ"၊ "ငါ့ဥစ္စာ" ဟူသော အတ္တ[1] နှင့် အတ္တနိယ[2] အမြင်ကို ပါး၍ ပါး၍ သွားအောင် လုပ်ရာမှ နောက်ဆုံး လောကုတ္တရာအဆင့်သို့ ရောက်ပြီး မြစ်ပြတ် ပယ်သတ်နိုင်သည်အထိ စွမ်းနိုင်၏။ ဗုဒ္ဓဒေသနာတော် အရ "ငါ" ပျောက်မှ "နိဗ္ဗာန်" ကို မျက်မှောက်ပြုနိုင်မည် ဖြစ်၏ ဟူ၍ ဆိုလိုရင်း ဖြစ်ပါ၏။

---

၁။ အတ္တ – ငါ

၂။ အတ္တနိယ – ငါ့ဟာ၊ ငါ့ဥစ္စာ၊

http://www.cherrythitsar.org

# မိတ်ဆွေ ရဟန်း နှစ်ပါး

ဘီ စီ ၆ ရာစုသည် အသိဉာဏ် ဖွံ့ဖြိုးတိုးတက်မှုအရ လူ့သမိုင်းတွင် လူသား မမြောက်သော အဆင့်မှ လူလားမြောက်သော အဆင့်သို့ တိုးတက်ပြောင်းလဲ သောခေတ်ဟု သမိုင်းဆရာများက ဆိုကြ၏။ သမိုင်းဆရာများ၏ အဆိုအရ ဘီစီ ၆ ရာစုတွင် လက်ရှိ သစ္စာတရားအပေါ် မကျေနပ်၍ နောက်ဆုံး သစ္စာတရား ကို ရှာဖွေကြသူများသည် နေရာအနှံ့အပြား၌ ပေါ်ပေါက်ခဲ့ကြ၏။

တရုတ်ပြည်ကို ကြည့်လိုက်လျှင် "ကွန်ဖြူးရှပ်စ်နှင့် လာအိုဇီ" တို့ကို တွေ့ရ၏။ ပါရှားကို ကြည့်လိုက်လျှင် "ဇိုရိုဧတား" ကို တွေ့ရ၏။ ရောမကို ကြည့်လိုက်လျှင် "ပိုက်သာဂိုရပ်စ်" ကို တွေ့ရ၏၊ အိန္ဒိယကို ကြည့်လိုက်လျှင် "ဗုဒ္ဓ"၊ "မဟာဝီရ၊ အခြား တိတ္ထိယ" များကို တွေ့ရ၏။ ထို့အပြင် ၆၂ ပါးသော ဝါဒရှင်များကိုလည်း တွေ့ရ၏။ ထိုပုဂ္ဂိုလ်များသည် မိမိတို့၏ အကျင့်များဖြင့် နောက်ဆုံးသစ္စာတရားသို့ ဦးတည်၍ ကျင့်ကြသူများ ဖြစ်ကြ၏။ သို့ရာတွင် နောက်ဆုံး သစ္စာတရားသို့ ဦးတည်သောလမ်းပေါ်၌ လျှောက်လျက် လမ်းပျောက် နေသူများ ဖြစ်ကြ၏။

သို့ရာတွင် အခြားသူများအနေဖြင့် နောက်ဆုံးသစ္စာတရားသို့ ဦးတည် သော လမ်းပေါ်၌ လျှောက်လျက် လမ်းပျောက်သွားကြသော်လည်း မြတ်စွာ ဘုရားအနေဖြင့်မူ နောက်ဆုံးသစ္စာတရားကို မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန် လပြည့်နေ့၌ မျက်မှောက်ပြုတော်မူပြီး သဗ္ဗညုတဉာဏ်ရှင် ဘုရားသခင် အဖြစ်သို့ ရောက်တော်မူ၏။ ထိုအခါ မြတ်စွာဘုရား၏ မူရင်းရည်ရွယ်ချက်သည် ပြည့်စုံ တော်မူ၏။

အလောင်းတော်မင်းသားသည် မိမိတစ်ဦးတည်း၏ အကျိုးစီးပွားအတွက် ဆိုလျှင် သုမေဓာရှင်ရသေ့ဘဝကပင် နိဗ္ဗာန်သို့ မျက်မှောက်ပြုလို ပါက ပြုနိုင်ပါ၏။ သို့ရာတွင် အလောင်းတော်မင်းသားသည် မိမိတစ်ဦးတည်း ကောင်းစားရေး အတွက် ကိုယ်လွတ်ရုန်းကာ နိဗ္ဗာန်ကို မျက်မှောက် မပြုခဲ့၊ ယောကျ်ားကောင်း မှန်လျှင် မိမိတစ်ဦးတည်း ကောင်းစားရေးအတွက် ကိုယ်လွတ်မရုန်းကောင်း ဟူ၍ ခိုင်မာသော ခံယူချက်ရှိသူ ဖြစ်၏။

ထိုခံယူချက်ကြောင့်ပင် အလောင်းတော်မင်းသားသည် လောက သုံးပါး၏ အစီးအပွားကို ဆောင်ရွက်နိုင်ရန် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတို့ ကာလပတ်လုံး ပါရမီများကို ဖြည့်ခဲ့၏။ အံ့ဖွယ်ကောင်းလောက်အောင် အဆင်းအရဲကို ခံခဲ့၏။ တစ်ခါတစ်ရံ အပါယ်လေးဘုံသို့ ကျရောက်သည် အထိ လောက၏ အစီးအပွား

http://www.cherrythitsar.org



အတွက် အနစ်နာခံခဲ့၏။ လောကအပေါ်ထားရှိသော အလောင်းတော်မင်းသား၏ စေတနာသည် အံ့ဖွယ်ရှိပေစွာ၊ ဤနေရာ၌ "စေတနာ" ဟူသည် ကရုဏာ၊ ပညာနှင့်ယှဉ်သော စေတနာဖြစ်၏။ မျက်ကန်းစေတနာမျိုး မဟုတ်၊ ဒီပင်္ကရာ မြတ်စွာဘုရားထံတော်မှ ဗျာဒိတ်တော်ကို ရပြီးချိန်မှစ၍ အလောင်းတော် မင်းသားသည် လောက၏ အစီးအပွားကိုသာ ရှေ့တန်းတင်၍ ဆောင်ရွက်ခဲ့၏။

ငွေအကြွေးတင်လျှင် ယင်းအကြွေးကို ကျေသွားအောင် ပြန်လည်၍ ဆပ်လို့ရ၏၊ ပစ္စည်းအကြွေးတင်လျှင်လည်း ယင်းအကြွေးကို ကျေသွားအောင် ပြန်လည်၍ ဆပ်လို့ရ၏။ စေတနာ အကြွေးတင်လျှင်ကား ယင်းအကြွေးကို ကျေလည်အောင် ပြန်လည်၍ ဆပ်လို့မရဟု ပညာရှင်များက ဆိုကြ၏။ သို့ဖြစ် လျှင် မိမိတို့အနေဖြင့် ဖွမ်းနိုင်သမျှ ဆပ်ရုံမှတစ်ပါး အခြားနည်းမရှိတော့၊ လောကအပေါ် ထားရှိသော မြတ်စွာဘုရား စေတနာအကြွေးကား အတိုင်းအဆမရှိ ကြီးမားပါ၏။ မြတ်စွာဘုရား၏ စေတနာကြွေးကို ဆပ်ခြင်းဟူသည်မှာ မြတ်စွာ ဘုရား၏ မူရင်းရည်ရွယ်ချက်အတိုင်း မိမိတို့၏ သန္တာန်၌ရှိနေသော အတ္တလွှန် သတောကို မြစ်ပြတ်ပယ်သတ်ရန် ဖြစ်၏။ မြတ်စွာဘုရား၏ ဘုန်းတော်များ၊ ဂုဏ်တော်များကို ရွတ်ဆိုပူဇော်ပြီး ဝဋ္ဋလိုရာဟန်းလို တစိမ့်စိမ့်ကြည်ညိုနေရန် အဓိကမဟုတ်။

'တရားကို မြင်သူသည်သာလျှင် ငါဘုရားကို မြင်သူမည်၏' ဟူ၍ မြတ်စွာဘုရားက ဟောတော်မူထားရာ လူ၊ နတ်၊ ဗြဟ္မာ ဝေနေယျသတ္တဝါများ အနေဖြင့် တရားကိုမြင်ဖို့ အရေးကြီး၏။ တရားကိုမြင်ပါမှ အကုသိုလ်ဒုစရိုက် များ၏ အခြေခံ အတ္တလွှန်သတောကို ပယ်နိုင်မည်၊

အတ္တလွှန်သတောကို ပယ်နိုင်မှ အခြားသူများအပေါ် အနိုင်အထက် ကျင့်လိုသော "မာန" မတော်မတရား သိမ်းပိုက်လိုသော "တဏှာ" အံမတု ဝံ့အောင် နှိပ်ကွပ်လိုသော "ဒိဋ္ဌိ" တို့ကို ပယ်နိုင်မည် ဖြစ်၏။

ထိုသို့ ပယ်နိုင်ပါမှလည်း လူအချင်းချင်းအပေါ် လူလိုမြင်တတ်သော လောကပါလတရားများ၊ ဗြဟ္မစိုရ်တရားများ ပွားများနိုင်မည် ဖြစ်၏။ ထိုအခါ မှသာ ဒုစရိုက်ကင်း၍ ငြိမ်းချမ်းသောလောက ဖြစ်လာပေလိမ့်မည်၊ မြတ်စွာ ဘုရား၏ တရားတော်မြတ်ကို "သန္ဒိဋ္ဌိက [၁]" သဘောပေါက်အောင် ကိုယ်တိုင် ကိုယ်ကျ မကျင့်သုံးသရွေ့ ကာလပတ်လုံး လောကအပေါ်ထားရှိသော မြတ်စွာ

---

၁။ သန္ဒိဋ္ဌိက—မိမိ၏ ခန္ဓာငါးပါး၌ ဖြစ်ပေါ်နေသော ဖြစ်ခြင်း၊ ပျက်ခြင်းတို့ ဝိပဿနာဉာဏ်ဖြင့် ကိုယ်တွေ့သိမြင်ခြင်း။

http://www.cherrythitsar.org



ဘုရား၏ ဒေသနာတော်ကြီးကို ဗုဒ္ဓဘာသာဝင်များအနေဖြင့် ပေးဆပ်ရာလည်း ရောက်လိမ့်မည် မဟုတ်။

လောကသုံးပါး၏ ကျေးဇူးရှင် ဖြစ်တော်မူသော မြတ်စွာဘုရားအား ကျေးဇူးဆပ်ရာလည်း ရောက်လိမ့်မည် မဟုတ်။ ထိုအခါ ဤလောက၌ ဘုရား ပွင့်တော်မူကျိုးလည်း နပ်လိမ့်မည် မဟုတ်၊ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်များသည် မြတ်စွာဘုရား၏ ဒေသနာတော်ကြီးကို တတ်နိုင်သမျှ ဆပ်တတ်သူများ ဖြစ်အောင် လောက၏ ကျေးဇူးရှင်အနေဖြင့် မိမိတို့အပေါ် တင်ရှိထားသော ကျေးဇူးကို ပြန်လည်ဆပ်တတ်သူ ဖြစ်အောင် ရှမ်းနိုင်သမျှ ကြိုးစားအပ်ပါ၏။

ထိုစဉ်က မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူဆဲ ဖြစ်၏။ မြတ်စွာဘုရား သီတင်းသုံးတော်မူစဉ် နေ့တိုင်း နေ့တိုင်း ဗုဒ္ဓကိစ္စ ၅ပါးကို ဆောင်ရွက်မြဲ ဖြစ်၏။

ပထမ ဗုဒ္ဓကိစ္စမှာ ကိုယ်လက်သုတ်သင်၍ ဖလသမာပတ်ကို ဝင်စား တော်မူပြီး ဆွမ်းခံကြွရောက်ချိန် ရောက်တော်မူသောအခါ ဆွမ်းခံကြွတော်မူခြင်း ဖြစ်၏။

ဒုတိယ ဗုဒ္ဓကိစ္စမှာ မြတ်စွာဘုရား ဆွမ်းဘုဉ်းပေးတော်မူပြီးနောက် ဂန္ဓကုဋီ ကျောင်းတော်သို့ မဝင်ရောက်မီ ခြေဆေးအင်းပျဉ်၌ ခြေတော်ဆေးကာ ရဟန်း တော်တို့အား ဒုလ္လဘတရား ငါးပါးကို ဟောကြားတော်မူခြင်း ဖြစ်၏။ ကမ္မဋ္ဌာန်း တောင်းသော ရဟန်းတို့အားလည်း စရိုက်နှင့် လျော်ညီသော ကမ္မဋ္ဌာန်းကို ပေးတော်မူပြီး ဂန္ဓကုဋီကျောင်းတော်သို့ ဝင်ရောက်၍ ခဏတ္တ အနားယူတော်မူခြင်း ဖြစ်၏။ ထို့နောက် တရားနာ ပရိတ်သတ်အား တရားဟောတော်မူခြင်း ဖြစ်၏။

တတိယ ဗုဒ္ဓကိစ္စမှ မိမိကိုယ်ကို ရေသုံးသပ်တော်မူပြီးနောက် ဂန္ဓကုဋီ ကျောင်းတော်ရှိ မြတ်စွာဘုရား၏ နေရာ၌ သီတင်းသုံးတော်မူကာ ပြဿနာ မေးလာသော ရဟန်းတို့အား ပြဿနာဖြေခြင်း၊ ကမ္မဋ္ဌာန်း တောင်းလာသော ရဟန်းတို့အား စရိုက်အားလျော်စွာ ကမ္မဋ္ဌာန်းတရားတော်ကို ဟောကြားခြင်း၊ တရားနာယူလိုသော ရဟန်းတော်တို့အား တရားဒေသနာများကို ဟောကြားတော် မူခြင်း ဖြစ်၏။

စတုတ္ထ ဗုဒ္ဓကိစ္စမှာ ဓာတ်ခေတ်ဖြစ်သော စကြဝဠာတိုက်တစ်သောင်းမှ လာရောက်၍ ပြဿနာမေးမြန်းကြသော နတ်၊ ဗြဟ္မာတို့အား ပြဿနာကို ဖြေကြားခြင်း ဖြစ်၏။

ပဉ္စမ ဗုဒ္ဓကိစ္စမှာ ပစ္ဆိမယာမ်ပုတ် မျှတတေရန် စင်္ကြံလျှောက်ခြင်း၊ ကျိန်းစက် တော်မူခြင်း၊ ကျွတ်ထိုက်သော သတ္တဝါတို့အား ဗုဒ္ဓစက္ခုဖြင့် ကြည့်တော်မူပြီး ချွတ်တော်မူခြင်း ဖြစ်၏။

http://www.cherrythitsar.org



မြတ်စွာဘုရားရှင်သည် ဤ ဗုဒ္ဓကိစ္စ ၅ ပါးကို တစ်ရက်အတွင်း ပြီးအောင် အစဉ်အမြဲ ဆောင်ရွက်တော်မူ၏။ ထိုအချိန်က သာဝတ္ထိပြည်တွင် ရင်းနှီးသော မိတ်ဆွေနှစ်ဦး ရှိကြ၏။ ထိုမိတ်ဆွေနှစ်ဦးသည် “ဘဝဒုက္ခ” ကို ကိုယ်တိုင် သိကြ၏။ ပဋိသန္ဓေနေမှု “ဇာတိဒုက္ခ” ကိုလည်း သိကြ၏။ အိုမင်းရင့်ရော်မှု “ဇရာဒုက္ခ” ကိုလည်း သိကြ၏။ မကျန်းမာမှု “ဗျာဓိဒုက္ခ” ကိုလည်း သိကြ၏။ ကွယ်လွန်မှု “မရဏဒုက္ခ” ကိုလည်း သိကြ၏။ ဤဒုက္ခများကား မိမိတို့ ကိုယ်တိုင် ကိုယ်ကျ တွေ့ကြုံခံစားနေရသော ဒုက္ခများ ဖြစ်ကြ၏။ သက်ရှိ သတ္တဝါများ အနေဖြင့် ပထမ “ဇာတိ” ကို ရ၏။ ဇာတိနောင် “ဇရာ” လာ၏။ ဇရာနောင် “ ဗျာဓိ” လာ၏။ ဗျာဓိနောင် “မရဏ” လာ၏။ တစ်ဖန် မရဏနောင် “ဇာတိ” လာပြန်၏။ ထို့အပြင် ဇာတိနှင့် မရဏအကြား၌ စိုးရိမ်မှု “သောက”၊ အသံထွက်၍ ငိုကြွေးမှု “ပရိဒေဝ”၊ ဆင်းရဲမှု “ဒုက္ခ”၊ စိတ်မချမ်းသာမှု “ဒေါမနဿ”၊ ကြိတ်၍ ငိုကြွေးမှု “ဥပါယာသ” တို့ကလည်း အကြောင်းအားလျော်စွာ ဝင်ရောက်၍ နှိပ်စက်ကြပြန်၏။

ဘဝဟူသည် ခန္ဓာငါးပါး အစုအဝေးသာ ဖြစ်၏။ ထို့အပြင် ဒုက္ခ စစ်စစ်သာ ဖြစ်၏။ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ၊ ထို့နောင် ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ ဟူ၍ စက်ဝိုင်းသဖွယ် လည်ပတ်ပြီး သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသတို့က ဝန်းရံလျက် ရှိကြ၏။ “ငြိမ်းချမ်းသည်” ဟူ၍ လွတ်လွတ် ကျွတ်ကျွတ် ဆိုရချိန်ကနည်းလှ၏။ ဤသည်မှာ သမ္မုတိသစ္စာ အနေဖြင့် မိတ်ဆွေ နှစ်ဦးတို့ ကိုယ်တိုင်ကိုယ်ကျ တွေ့ကြုံခံစားရချက်များ ဖြစ်ကြ၏။ ထို့ကြောင့် မိတ်ဆွေနှစ်ဦးတို့သည် ထိုဒုက္ခမှ လွတ်လိုကြ၏။

ထိုဒုက္ခမှ လွတ်သောနည်းသည် ရှိ၏။ ထိုနည်းကို မြတ်စွာဘုရားသည် သိတော်မူ၏။ မြတ်စွာဘုရား၏ နည်းအတိုင်း လိုက်နာကျင့်ကြံ အားထုတ်ကြ သဖြင့် ဘဝဒုက္ခမှ လွတ်မြောက်သွားကြသော ပုဂ္ဂိုလ်များကိုလည်း မိတ်ဆွေနှစ်ဦး တို့သည် ကိုယ်တိုင်ကိုယ်ကျလည်း တွေ့မြင်နေကြ၏။ ထိုပုဂ္ဂိုလ်များကို အဝေး သွားရှာစရာ မလို။ သာဝတ္ထိပြည်တွင်း၌ပင် အမြောက်အမြား တွေ့မြင်နေကြရ၏။ ထို့ကြောင့် မိတ်ဆွေနှစ်ဦးတို့သည် ဘဝဒုက္ခမှ လွတ်မြောက်ရေးအတွက် ကျင့်ကြံအားထုတ်နိုင်ရန် မြတ်စွာဘုရား၏ သာသနာတော်တွင်းသို့ ဝင်ရောက်ဖို့ အချင်းချင်းတိုင်ပင်ကာ ဆုံးဖြတ်လိုက်ကြ၏။

ထို့နောက် မိတ်ဆွေနှစ်ယောက်တို့သည် အများနည်းတူ မြတ်စွာဘုရား သီတင်းသုံးတော်မူရာ သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတိုက်သို့ တရားနာ သွားရောက်ပြီး ရဟန်းပြုကြ၏။ ရဟန်း ဝါ ၅ ဝါ တို့ ကာလပတ်လုံး ဆရာ

http://www.cherrythitsar.org



ဥပဇ္ဈာယ်ထံ၌ အဆုံးအမကို နာယူကာ သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတိုက်၌ပင် သီတင်းသုံး နေထိုင်တော်မူကြ၏။ လူ့ဘဝတုန်းကလိုပင် ရဟန်းဘဝ၌လည်း ရင်းနှီးသော မိတ်ဆွေများ ဖြစ်ကြ၏။

ရဟန်း ဝါ ၅ ဝါ ရပြီးနောက် မိတ်ဆွေရဟန်းနှစ်ပါးသည် မြတ်စွာဘုရား ထံ သွားရောက်၍ ရဟန်းတို့အနေဖြင့် ကျင့်ရမည့် တရားများကို မေးလျှောက် ကြ၏။ မြတ်စွာဘုရားကလည်း ရဟန်းတို့အနေဖြင့် ကျင့်သုံးရမည့် တရားတော် များကို အကျယ်ဟောကြားတော်မူလိုက်၏။ မြတ်စွာဘုရားဟောကြားတော် မူလိုက်သောတရားများမှာ "ဂန္ထဓုရ" နှင့် "ဝိပဿနာ ဓုရ" တို့ ဖြစ်ကြ၏။

ဂန္ထဓုရဟူသည် စာပေကျမ်းဂန်ကို သင်အံပို့ချခြင်း ဖြစ်၏။ ဝိပဿနာ ဓုရ ဟူသည် စာပေကျမ်းဂန်လာအတိုင်း ကိုယ်တိုင်ကိုယ်ကျ တရားဘာဝနာ ပွားများဆုတ်ခြင်း ဖြစ်၏။ တစ်နည်းအားဖြင့် ဆိုရလျှင် ဂန္ထဓုရ ဟူသည် မှာ စာသိ၊ ပေသိ၊ ကျမ်းဂန်သိ သဘောမျိုး ဖြစ်၏။ ဝိပဿနာသိ ဟူသည်မှာ ခန္ဓာသိ သဘောမျိုး ဖြစ်၏။ သို့ရာတွင် ခန္ဓာသိသည် ကျမ်းဂန်ကို လွတ်၍ မဖြစ်။ ကျမ်းဂန်နှင့် ညီရ၏။ ကျမ်းဂန်နှင့် မညီပါက လွဲမှားသည်ဟု ဆိုရ၏။

မိတ်ဆွေ ရဟန်းနှစ်ပါးအနက် တစ်ပါးက တောသို့ဝင်၍ ဝိပဿနာဓုရကို ဆောင်၏။ မနေမနားလျှော့သော လုံ့လဖြင့် ကျင့်ကြံအားထုတ်သောကြောင့် ပဋိသမ္ဘိဒါနှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်၏။

ကျန်ရဟန်းတစ်ပါးက ဂန္ထဓုရကို ဆောင်၏။ တပည့် ရဟန်းငါးရာ တို့အား အမြဲမပြတ် ပိဋကတ်စာပေများကို ပို့ချ၏။ ပရိယတ္တိ၌ ကျွမ်းကျင်သူ "ပရိယတ္တိဗဟုလ" အဖြစ် လည်းကောင်း၊ စာပေ အပို့အချကောင်းသူ "ပညတ္တိ ဗဟုလ" အဖြစ်လည်းကောင်း၊ စာပေ သရဇ္ဈာယ်ကောင်းသူ "သဇ္ဈာယ ဗဟုလ" အဖြစ် လည်းကောင်း၊ အနက်အဓိပ္ပာယ် အကြံအစည်ကောင်းသူ "ဝိတက္က ဗဟုလ" အဖြစ်လည်းကောင်း ကျော်ကြား၏။ သို့ရာတွင် တရားဖြင့်နေသူ "ဓမ္မဝိဟာရီ" အဖြစ်ကား မကျော်ကြားချေ။

များစွာသော ရဟန်းတို့သည် မြတ်စွာဘုရားထံမှ ကမ္မဋ္ဌာန်းကို သင် ယူ၍ ဝိပဿနာဓုရဆောင် ရဟန္တာမထေရ်ထံ သွားရောက်၍ ထိုမထေရ်၏ ဩဝါဒ၌တည်လျက် ရဟန်းတရားကို မလျှော့သောလုံ့လဖြင့် အားထုတ်လေရာ အရဟတ္တဖိုလ်သို့ ရောက်ကြ၏။ ထိုမထေရ်တို့သည် သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်ရှိ မြတ်စွာဘုရားကို ဖူးမြော်ရန် ခွင့်ပန်ကြ၏။ ဝိပဿနာဓုရ မထေရ် ကလည်း သူ၏တပည့်များအား မြတ်စွာဘုရားကို ရှိခိုးပြီးနောက် ရှစ်ကျိပ်သော မထေရ်ကြီးများကို ရှိခိုးရန်၊ ထို့နောက် မိတ်ဆွေဟောင်း ဂန္ထဓုရမထေရ်အားလည်း

'တပည့်တော်တို့၏ ဆရာက ရှိခိုးလိုက်ပါသည်' ဟု လျှောက်ထားရန် မှာကြားပြီး လွှတ်လိုက်၏။ ဆရာမထေရ်၏ ခွင့်ပြုချက်အရ ရဟန္တာမထေရ်တို့သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ သွားကြ၏။

ဝိပဿနာဓုရဆရာ မှာကြားလိုက်သည့်အတိုင်း ရှေးဦးစွာ မြတ်စွာဘုရားကို ရှိခိုး၏။ ထို့နောက် ရှစ်ကျိပ်သော မထေရ်များကို ရှိခိုး၏။ ထို့နောက် ဆရာ၏ မိတ်ဆွေဟောင်း ဂန္ထဓုရမထေရ်အားလည်း ဆရာမှာ လိုက်သည့်အတိုင်း မိမိတို့၏ ဆရာက ရှိခိုးလိုက်ပါကြောင်း လျှောက်ထား ကြ၏။ ထိုအခါ ဂန္ထဓုရမထေရ်က 'သင်တို့၏ဆရာ မည်သူနည်း' ဟု မေးမြန်း၏။ 'အရှင်မြတ်၏ မိတ်ဆွေဟောင်း ဖြစ်ပါသည်' ဟု ပြန်လည် လျှောက်ထား ကြ၏။

ဤသို့လျှင် မြတ်စွာဘုရားထံ အဖူးအမြော် ရောက်လာကြသော မထေရ်တို့က မကြာခဏ လာရောက်၍ "ဝိပဿနာဓုရ" မထေရ်၏ အမှာစကားကို ကြားရဖန်များလေသော် ငြူစူစိတ် "ဣဿာ" ဝင်လာ၏။ "ဝိပဿနာဓုရ" ရဟန်းသည် တစ်ဂါထာမျှလည်း နားမလည်။ ပံ့သကူသင်္ကန်းကို ကောက်ပြီး ရဟန်းပြုသော ကာလမှစ၍ တောသို့ဝင်ကာနေသူ ဖြစ်ပါလျက် တပည့်တပန်း များလှ၏။ ထိုရဟန်းကိုယ်တိုင် လာသောအခါမှ ပြဿနာကို မေးမည်ဟု ကြံစည်၏။

ဝိပဿနာဓုရမထေရ်သည် မြတ်စွာဘုရားကို ဖူးမြော်ရန် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ လာ၏။ ရှေးဦးစွာ မိမိ၏ မိတ်ဆွေဟောင်း "ဂန္ထဓုရ" ရဟန်းထံ ဝင်၏။ ထို့နောက် မြတ်စွာဘုရားကို ရှိခိုး၏။ ထို့နောက် ရှစ်ကျိပ်သော မထေရ်တို့ကို ရှိခိုး၏။ ထို့နောက် မိမိ၏ မိတ်ဆွေဟောင်း ဂန္ထဓုရ ရဟန်းထံ ပြန်လာ၏။

ဂန္ထဓုရ ရဟန်းကလည်း ဝိပဿနာဓုရ ရဟန်း ပြန်အလာကို စောင့် မျှော်နေ၏။ ဝိနည်း ဒေသနာတော်လာအတိုင်း ဝတ်ကြီး၊ ဝတ်ငယ်ကို ပြုစုရန် စီစဉ်ထား၏။ နေရာထိုင်ခင်းကိုလည်း တန်းတူရည်တူ စီစဉ်ထား ၏။ မိမိမေးမြန်းမည့် ပြဿနာကိုလည်း စိတ်ကူးထား၏။ ဂန္ထဓုရရဟန်းသည် မိမိအတွက် စီစဉ်ထားသော နေရာ၌ ထိုင်လျက် အသင့်ရှိနေ၏။ ထိုခေတ် အစဉ်အလာအတိုင်း မြတ်စွာဘုရားအတွက် နေရာကိုမူ သီးသန့်ခင်းထား၏။ မြတ်စွာဘုရားသည် အကြောင်း အားလျော်စွာ ရဟန်းများ သီတင်းသုံးရာ ကျောင်းများသို့ လှည့်လည်၍ အဆုံးအမ ဩဝါဒ ပေးတတ် ၏။

ထိုခဏ၌ "ဂန္ထဓုရ" ရဟန်းက ရဟန္တာ ဖြစ်လေပြီးသော "ဝိပဿနာဓုရ" ရဟန်းကို အထင်အမြင်သေးစွာ ပြဿနာမေးလေလျှင် ငရဲသို့ ကျရောက်မည်ကို

http://www.cherrythitsar.org



မြင်တော်မူသဖြင့် "ဂန္ထဓုရ" ရဟန်းအပေါ် ကရုဏာသက်ကာ မြတ်စွာဘုရားသည် ကျောင်းစဉ်ကို လှည့်လည်ကြည့်ရှုဘိသကဲ့သို့ ထိုရဟန်းနှစ်ပါးတို့ နေထိုင်ရာ ကျောင်းသို့ ကြွတော်မူ၏။ ထိုနောက် မြတ်စွာဘုရားအတွက် ခင်းထားသော နေရာ၌ သီတင်းသုံးတော်မူ၏။

ထိုနောက် မြတ်စွာဘုရားသည် "ဂန္ထဓုရ" ရဟန်းအား ဈာန်သမာပတ် ရှစ်ပါးကို လည်းကောင်း၊ ရုပ်နာမ်တို့ကို လည်းကောင်း မေးတော်မူ၏။ "ဂန္ထဓုရ" ရဟန်းကလည်း ပြန်လည်ဖြေကြားတော်မူ၏။ ထို့နောက် မြတ်စွာဘုရားက "ဂန္ထဓုရ" ရဟန်းအား မဂ်ဖိုလ်တို့ကို မေးတော်မူရာ "ဂန္ထဓုရ" ရဟန်းက မဖြေဆိုနိုင်သဖြင့် ရဟန္တာဖြစ်ပြီးသော "ဝိပဿနာဓုရ" ရဟန်းအား မေးတော်မူရာ "ဝိပဿနာဓုရ" ရဟန်းက ကောင်းမွန်စွာ ဖြေဆိုနိုင်သောကြောင့် "သာဓု" ခေါ်တော်မူ၏။

မြတ်စွာဘုရား "သာဓု" ခေါ်သံကို ကြားသဖြင့် ဘုမ္မစိုးနတ်မှ စ၍ ဗြဟ္မာပြည်တိုင်အောင် အဆင့်ဆင့် "သာဓု" ခေါ်ကြလေ၏။

ထိုအခါ "ဂန္ထဓုရ" ရဟန်း၏ တပည့်များက မြတ်စွာဘုရားအား ကဲ့ရဲ့ကြ၏။ မြတ်စွာဘုရားသည် စာပေမတတ်သော သက်ကြီးရွယ်ရင့် မထေရ်အား "သာဓု" ခေါ်တော်မူ၍ စာပေတတ်ကျွမ်းသော ရဟန်းငါးရာတို့၏ ဆရာ ဖြစ်တော်မူသော မထေရ်အားမူ "သာဓု" ခေါ်ခြင်းကို ပြုတော် မမူဟု ဆိုကြကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် တရားနာပရိသတ်အား အောက်ပါအတိုင်း ဟောတော်မူ၏ –

– **ပိဋကတော်များကို အကြိမ်များစွာ သင်ကြား ပို့ချပေးနေသော်လည်း ပိဋကတော်လာ အကျင့်မြတ်ကို မကျင့်သုံးဘဲ မေ့မေ့လျော့လျော့ နေငြားအံ့၊**

– **နွားကျောင်းသားသည် နွားအရေအတွက်အတိုင်း နွားရှင်ကို အပ်နှံရသကဲ့သို့ စာချပုဂ္ဂိုလ်သည် အကျင့်မြတ်ကို ကျင့်သုံးလိုကြသော သူတော်စင်တို့အား ပိဋကကို ပေးအပ်ရ၏။**

– **မိမိအတွက် နွားနို့၏ အရသာကို မခံစားရဘဲ ပိုင်ရှင်သာ ခံစားရသကဲ့သို့ စာချပုဂ္ဂိုလ်သည် မဂ်ဖိုလ်ကို မျက်မှောက် မပြုရဘဲ၊ ပိဋကတော်လာ အကျင့်မြတ်ကို ကျင့်သုံးသူသည်သာ မဂ်ဖိုလ်ကို မျက်မှောက်ပြုရ၏။**

– **ပိဋကတော်လာ အနည်းငယ်မျှ သင်ကြားပို့ချပေးနေသော်လည်း ပိဋကတ်တော်လာ အကျင့်မြတ်ကို သတိသမ္ပဇဉ်ဖြင့် ကျင့်သုံးငြားအံ့၊**

– **ထိုပုဂ္ဂိုလ်သည်သာ ဤပစ္စုပ္ပန်ဘဝ၌ လည်းကောင်း၊ တမလွန်ဘဝ၌**

http://www.cherrythitsar.org



**လည်းကောင်း လောဘ၊ ဒေါသ၊ မောဟတို့ကို ပယ်၍ ဥပါဒါန်တို့မှ လွတ်မြောက်ကာ မင်္ဂိုလ်ကို မျက်မှောက်ပြုရ၏။**

မြတ်စွာဘုရားသည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတို့ ကာလပတ်လုံး ပါရမီတော်များကို ဖြည့်ကျင့်တော်မူခဲ့၏။ ထိုသို့ ဖြည့်ကျင့်တော်မူခြင်းမှာ သူ့အတွက် မဟုတ်။ လောကအတွက် ဖြစ်၏။ သဗ္ဗညုတ ဉာဏ်တော်ကို ရပါမှ ဝဋ်ဆင်းရဲမှ လွတ်မြောက်ရာ မဇ္ဈိမပဋိပဒါအကျင့်မြတ်ကို ဝေနေယျတို့အား ဟောကြားတော်မူနိုင်မည် ဖြစ်၏။

မြတ်စွာဘုရား၏ ရည်ရွယ်ချက်အတိုင်း မဇ္ဈိမပဋိပဒါ အကျင့်မြတ်ကို ကျင့်ပါမှ ဝေနေယျတို့သည် ဝဋ်ဆင်းရဲမှ လွတ်မြောက်ကာ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်မည် ဖြစ်၏။ မအိုရာ၊ မနာရာ၊ မသေရာဖြစ်သော "သန္တိ သုခ" ကို ရရှိနိုင်မည် ဖြစ်၏။ အမှန်အားဖြင့် "သန္တိသုခ" သည်သာ လောက၏ နောက်ဆုံးပန်းတိုင် ဖြစ်၏။

မြတ်စွာဘုရားသည် လမ်းညွှန် "မဂ္ဂဒေသက" အဖြစ် ဝေနေယျ သတ္တဝါတို့၏ စရိုက်အလျောက်စွာ ပိဋကတော်များကို ဟောကြားတော်မူခဲ့၏။ စာပေအနေဖြင့်ကြည့်လျှင် ပုဒ်ချင်း ပါဠိချင်း အက္ခရာချင်း အားလုံးအတူတူပင် ဖြစ်၏။ သို့ရာတွင် ထိုစာပေကို ဖတ်သောအခါ၌မူ အနက်များသည် သုံးမျိုးကွဲပြားသွား၏။ ပထမအနက်မှာ "ပရိယတ္တိ" အနက် ဖြစ်၏။ ဒုတိယအနက်မှာ "ပဋိပတ္တိ" အနက် ဖြစ်၏။ တတိယအနက်မှာ "ပဋိဝေဒ" အနက် ဖြစ်၏။

အချို့သော ပညာရှင်များမှာ ပရိယတ္တိအနက်ကိုသာ သိ၏။ ထိုပုဂ္ဂိုလ်မျိုးကို စာသိ၊ ပေသိ၊ ကျမ်းဂန်သိ ဟူ၍သာ ဆိုရ၏။ ထိုပုဂ္ဂိုလ်မျိုးသည် စာပေပိဋကတ်၌ရှိသည့်အတိုင်း သဒ္ဒါ၏ အလှကိုမြင်၏။ အနက်၏ အလှကိုလည်း မြင်၏။ ထိုထက်ကား မပို။ ထိုပုဂ္ဂိုလ်မျိုးသည် စာပေမှတစ်ဆင့် မိမိခန္ဓာကိုယ်ကို ကြည့်ပါ၏။ သို့ရာတွင် မိမိ၏ ခန္ဓာကိုယ်ကို မမြင်ရဘဲ၊ မိမိခန္ဓာကိုယ်မှ ထွက်လာသော တဏှာ၊ မာန၊ ဒိဋ္ဌိတို့ဖြင့် ဖွဲ့လမ်းရာ "အတ္တ" ကိုသာ မြင်၏။ အမှန်အားဖြင့် "အတ္တ" ဟူသည် တကယ်ရှိသော "ဓမ္မ" မဟုတ်။ မှန်သားပြင်၌ ပေါ်လာသော အရိပ်သဖွယ်သာ ဖြစ်၏။ အကယ်၍ မှန်သားပြင်သည် "အစိုင်အခဲ" မဟုတ် သော "သုညတ" သာ ဖြစ်ခဲ့လျှင် အရိပ်ထင်စရာ ဘာအကြောင်းမှ မရှိ။ ခန္ဓာငါးပါးသည် "သုညတ" ဖြစ်ပါလျက် "သုညတ" ဟု မမြင်ဘဲ "အစိုင်အခဲ" အဖြစ် မြင်နေသောကြောင့်သာ တဏှာ၊ မာန၊ ဒိဋ္ဌိတို့ဖြင့် ဖွဲ့လမ်းရာ "အတ္တ" အရိပ်ကို မြင်ခြင်း ဖြစ်၏။ "အတ္တ" အရိပ်ကို မြင်နေသမျှ ကာလပတ်လုံး ခန္ဓာငါးပါး၌ နိစ္စ သညာ၊ သုခသညာ၊ သုဘ သညာ၊ အတ္တ

http://www.cherrythitsar.org



သဘောတို့ကို မြင်နေမည်သာ ဖြစ်၏။ အကယ်၍ မမြင်ဘူး ဆိုပါလျှင်လည်း မိမိကိုယ်ကို မိမိ ဘာမှန်းမသိသော ပုဂ္ဂိုလ်အမျိုးအစားသာ ဖြစ်၏၊ သို့ရာတွင် ထိုပုဂ္ဂိုလ်မျိုးသည်လည်း ပညာရှိ အမည်ကို ခံယူတတ်ပါ၏။ အကယ်၍ ပညာရှိ အမည်ကို ခံယူလိုပါက အလွန်ဆုံး ပရိယတ္တိ အနက်သိ ပညာရှိမျိုးသာ ဖြစ်နိုင်၏၊ ထိုထက် မပို။ အဘယ့်ကြောင့်ဆိုသော် သူ၏အသိ၌ တဏှာ၊ မာန၊ ဒိဋ္ဌိတို့ဖြင့် ဖွဲ့လမ်းနေသော အရိပ်သဖွယ်ဖြစ်သော အတ္တသည် မြစ်တွယ်နေသောကြောင့် ဘာကိုလုပ်လုပ်၊ ဘာကို ပြောပြော၊ ဘာကိုတွေးတွေး သူ၏အကျိုးစီးပွားကို ရှေ့တန်းတင်ထားပြီး ဆောင်ရွက်မည်သာ ဖြစ်သောကြောင့်တည်း။

အချို့သော ပညာရှင်များမှာ ပရိယတ္တိ အနက်ကိုလည်း သိ၏။ ပဋိပတ္တိ အနက်ကိုလည်း သိ၏။ ထို့ကြောင့် ထိုပုဂ္ဂိုလ်မျိုးသည် ခဏမှတစ်ဆင့် မိမိ၏ ခန္ဓာကိုယ်ကို ကြည့်၏။ ထိုအခါ မိမိ၏ခန္ဓာကိုယ်သည် ခဏတိုင်း ခဏတိုင်း ဖြစ်လိုက်၊ ပျက်လိုက်ဖြင့် အစိုင်အခဲမဲ့သဘော၊ "သုညတ" သဘောကိုသာ တွေ့ရ၏။ နိစ္စသဘောကိုလည်း မတွေ့၊ သုခ သဘောကိုလည်း မတွေ့၊ သုဘ သဘောကိုလည်း မတွေ့၊ အတ္တသဘော ကိုလည်း မတွေ့။ သို့ဖြစ်လျှင် အစိုင်အခဲမဲ့ အနေဖြင့် ခဏတိုင်း ဖြစ်ပျက် နေသော ခန္ဓာငါးပါး၌ တဏှာ၊ မာန၊ ဒိဋ္ဌိတို့ဖြင့် ဖွဲ့လမ်းနေသော အရိပ်သဖွယ်ဖြစ်သော အတ္တကို အဘယ်သို့လျှင် တွေ့မြင်နိုင်ပါမည်နည်း။ အတ္တသဘောကို မတွေ့တော့သည်နှင့် တစ်ပြိုင်နက် အတ္တအပေါ် အခြေခံသော အကုသိုလ် ဒုစရိုက်များသည်လည်း တဖြည်းဖြည်း ပါး၍ပါး၍ လာကာ နောက်ဆုံး၌ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဆိုက်ပြီး နိဗ္ဗာန်ကို မျက်မှောက်ပြု၍ အကုသိုလ် ဒုစရိုက် အားလုံးကို ဖြတ်ပြတ်ပယ်ပြီး ဖြစ်တော့၏။ ဒုစရိုက်ဟူသမျှ ကင်းစေးသော လောကသည် မည်မျှငြိမ်းချမ်းမည်ကို စဉ်းစားရုံမျှနှင့်ပင် ကြည်နူးစရာ ကောင်းလှပါ၏။ စိတ်ချမ်းမြေ့စရာလည်း ကောင်းလှပါ၏။ ဤသူမျိုးကား မြတ်စွာဘုရား သာသနာတော်၌ မရကောင်းသော သူမျိုးမဟုတ်၊ ဤသူမျိုးကို ဆေးချင်၍ မြတ်စွာဘုရား ပွင့်တော်မူလာခြင်း ဖြစ်၏။

အချို့သော ပညာရှင်များကား ပရိယတ္တိအနက်ကိုလည်း သိ၏။ ပဋိပတ္တိ အနက်ကိုလည်း သိ၏။ ပဋိဝေဓအနက်ကိုလည်း သိ၏၊ ပဋိဝေဓအနက်ကို သိ၏ဟု ဆိုလိုက်သည်နှင့် တစ်ပြိုင်နက် အကုသိုလ် ဒုစရိုက်ဟူသမျှ အားလုံးမှ ကင်းဝေးတော့၏။ အကယ်၍ ပဋိဝေဓအနက်ကို မသိရသေးသည့်တိုင်အောင် ပဋိပတ္တိအနက်ကို သိသည်ဆိုလျှင်ပင် ဝေနေယျ သတ္တဝါများအနေဖြင့် လောက အပေါ် ထားရှိသော မြတ်စွာဘုရား၏ စေတနာကြွေးကို ဆပ်ရာရောက်ပါ၏။

http://www.cherrythitsar.org



မြတ်စွာဘုရား၏ လောကအပေါ်ပြုခဲ့သော ကျေးဇူးတော်ကိုလည်း ခွမ်းနိုင်သမျှ ဆပ်ရာရောက်ပါ၏။ ကျေသည်၊ မကျေသည်ကား တစ်ကဏ္ဍသာ ဖြစ်ပါ၏။

ထို့ကြောင့် မြတ်စွာဘုရား ဟောကြားတော်မူထားသော ဒေသနာတော် တစ်ပုဒ်ကို လေ့လာဖတ်ကြားပါလျှင် အသိဉာဏ်၏ ထက်မှုနှင့် နုံမှုအလိုက် ကွဲပြားသွားသော ပရိယတ္တိအနက်၊ ပဋိပတ္တိအနက်၊ ပဋိဝေဓ အနက်တည်းဟူသော အနက်သုံးမျိုးလုံးကို ပိုင်းခြားပြီး သိနိုင်အောင် ကြိုးစားမှသာ မြတ်စွာဘုရား၏ သားတော်ဟူသော အမည်ကို ခံယူထိုက်ကြောင်း ဟောကြားတော်မူလိုရင်း ဖြစ်ပါ၏။ သို့မှသာ လောကဥပမာအားဖြင့် မြတ်စွာဘုရား၏ သာသနာတော်နှင့် တွေ့ကြုံကိန်ကိုက် နွားကျောင်းသားနှင့် မတူဘဲ၊ နွားပိုင်ရှင်နှင့်တူပြီး နွားနို့၏ အရသာကို သုံးဆောင်ခံစားနိုင်သူ ဖြစ်ပေလိမ့်မည်။ ဝေနေယျသတ္တဝါများ အနေဖြင့်လည်း ထိုကဲ့သို့သော ချမ်းသာသုခမျိုးကို ခံစားနိုင်အောင် ဆောင်ရွက်ပေးရန် မြတ်စွာဘုရားသည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတို့ ကာလပတ်လုံး ပါရမီတော်များကို ဖြည့်ကျင့်ခြင်းဖြစ်ကြောင်း ပေါ်ပေါ်လွင်လွင် လောကအား သိရှိနိုင်စေရန် ဤဂါထာများက ဖော်ပြပါ၏။

**ဓမ္မပဒ – ယမကဝဂ်** ပြီး၏။

http://www.cherrythitsar.org

**ဓမ္မပဒ**

# စိတ္တဝဂ်

မတ်ရပ် ဗုဒ္ဓဆင်းတုတော်
၁၇ ရာစု၊ နန်းတွင်းအနုပညာပြတိုက်၊ ဘန်ကောက်

http://www.cherrythitsar.org



# မေဃိယမထေရ်

မြတ်စွာဘုရားသည် စာလိကာမြို့အနီး စာလိကာ တောင်ပေါ်ကျောင်း၌ ၁၃ ဝါမြောက် ဝါကို ကပ်တော်မူစဉ်အခါက ဖြစ်၏။ မေဃိယမထေရ်သည် ဇန္တုရွာသို့ ဆွမ်းခံဝင်လိုပါကြောင်း မြတ်စွာဘုရားအား လျှောက်ထားရာ မြတ်စွာဘုရားက ခွင့်ပြုတော်မူသဖြင့် မေဃိယ မထေရ်သည် ဇန္တုရွာသို့ ဆွမ်းခံကြွလေ၏။

ဇန္တုရွာ၌ ဆွမ်းကိစ္စပြီးလျှင် မေဃိယမထေရ်သည် ကိမိကာလာ မြစ်သို့ ကြွရောက်လာ၏။ ကိမိကာလာ မြစ်ကမ်းခြေ၌ စင်္ကြံလျှောက်နေစဉ် ပျော်မွေ့ဖွယ် ကောင်းသော သရက်ဥယျာဉ်ကို တွေ့မြင်ရလေ၏။ ထိုအခါ မေဃိယမထေရ်၏ သန္တာန်ဝယ် ထိုသရက်ဥယျာဉ်၌ တရား အားထုတ် လိုသောဆန္ဒ ဖြစ်ပေါ်လာ၏။ သို့ရာတွင် မြတ်စွာဘုရားအား ခွင့်ပန်လျှောက်ထားခြင်း မရှိသေးသဖြင့် စာလိကာ တောင်ပေါ်ကျောင်းသို့ ပြန်ကြွလာပြီးလျှင် မြတ်စွာဘုရားအား ကိမိကာ မြစ်ကမ်းခြေအနီးရှိ သရက်ဥယျာဉ်၌ တရားအားထုတ်လိုပါကြောင်း ခွင့်ပန် လျှောက်ထားလေ၏။

မြတ်စွာဘုရားကလည်း မေဃိယမထေရ်နှင့် သရက်ဥယျာဉ် တို့၏ ဆက်သွယ်မှုကို သိသဖြင့် မေဃိယရဟန်းအား "ချစ်သား မေဃိယ၊ သင်သည် အလုပ်အကျွေးရဟန်းဖြစ်၏။ သင်သွားလျှင် ငါဘုရား တစ်ပါးတည်း ကျန်ရစ်လိမ့်မည်။ ထို့ကြောင့် အခြားရဟန်း တစ်ပါးပါးလာအောင် စောင့်ပါဦး" ဟူ၍ မိန့်တော်မူ၏။ သို့ရာတွင် မေဃိယမထေရ်သည် မြတ်စွာဘုရားအားခွင့်ပြု တော်မူပါရန် ဒုတိယ အကြိမ် ခွင့်ပန်လျှောက်ထားပြန်၏။ မြတ်စွာဘုရားကလည်း အခြား ရဟန်းတစ်ပါးပါး ရောက်လာသည့်တိုင်အောင် ဆိုင်းငံ့ရန် မိန့်ကြားတော် မူ၏။ မြတ်စွာဘုရားက ဆိုင်းငံ့ရန် မိန့်ကြားတော်မူသော်လည်းမေဃိယမထေရ် သည် နောက်ဆုတ်တဲ တတိယအကြိမ် မြတ်စွာဘုရား အား ခွင့်ပန်လျှောက်ထား ပြန်၏။ ထိုအခါ မြတ်စွာဘုရားသည် မေဃိယ မထေရ်အား ခွင့်ပြုတော်မူလိုက်၏။

မေဃိယ မထေရ်သည် မြတ်စွာဘုရားထံမှ အခွင့်ရလျှင် တရားအားထုတ် ရန် သရက်ဥယျာဉ်သို့ ပြန်လာပြီး သရက်ပင်တစ်ပင်၏ ခြေရင်းရှိ ကျောက်ဖျာ

http://www.cherrythitsar.org



ပေါ်၌ ထိုင်လိုက်၏။ ထို့နောက် တရားအားထုတ် လေ၏။ သို့ရာတွင် မေဃိယမထေရ်၏ သန္တာန်၌ တရားဆိုင်ရာ အာရုံနိမိတ်များ မထင် လာဘဲ ကာမဝိတက်၊ ဗျာပါဒဝိတက်၊ ဝိဟိံသဝိတက်တည်းဟူသော အကုသိုလ် ဝိတက်များသာ ထင်လေ၏။

အမှန်အားဖြင့် မေဃိယမထေရ်သည် ဤသရက်ဥယျာဉ်၌ ပြည့်ရှင်မင်းသားဖြင့် ဘဝပေါင်း ငါးရာတိုင်တိုင် စိုးစံဖူး၏။ ထိုစဉ်ကာလက ခံစားခဲ့ရသော အာရုံများသည် မေဃိယသန္တာန်၌ ဥပါဒါန်များအနေဖြင့် အစဉ်တစိုက် လိုက်ပါခဲ့၏။ ထိုဥပါဒါန်များသည် မဂ်ဖြင့်ပယ်သတ်ခြင်း မခံရသရွေ့ ကာလပတ်လုံး သံသရာတစ်လျှောက် အစဉ်လိုက်ပါနေမည်သာ ဖြစ်၏။ ထိုသို့ လိုက်ပါရာတွင် မသိစိတ် အနေမျိုးဖြင့်သာ လိုက်ပါခြင်းဖြစ်၏။ ထို့ကြောင့် မေဃိယမထေရ်သည် ရဟန်းတရားကို အားထုတ်နေပါလျက် ရဟန်းတရားဆိုင်ရာ အာရုံနိမိတ်များ ထင်မလာဘဲ မင်းဖြစ်စဉ်ကာလက ခံစားခဲ့ရသော ကာမဂုဏ်အာရုံများသာ ထင်လေ၏။ ကချေသည်မများ၊ မင်းမြှောက်တန်ဆာများ ထင်လာသောအခါ ကာမဝိတက်သည် ဖြစ်ရပြန်၏။ ဤနေရာ၌ မင်းဖြစ်စဉ်ကာလက မိမိ၏ရှေ့မှောက်သို့ သွင်းလာသော သူခိုးနှစ်ယောက်တို့ အနက် သူခိုးတစ်ယောက်ကို သေဒဏ်ပေးလိုက်သော အာရုံသည် ထင်လာပြန်၏။ ဤအာရုံထင်လာသောအခါ ဗျာပါဒဝိတက်သည် ဖြစ်ရပြန်၏။ အားကောင်းသော ဥပါဒါန်ဖြင့် စွဲယူထားသော အတိတ်အာရုံများကား ပျောက်၍မရ။ အလျဉ်းသင့်သလို စိတ်၌ ထင်လာတတ်ကြ၏၊ ထို့ကြောင့် ထိုထင်လာသော အကုသိုလ် ဝိတက်သုံးပါးတို့၏ အလယ်၌ မေဃိယမထေရ်သည် လုံးချာလိုက်လျက် ရှိလေသည်။ လုံးချာလိုက်လျက်ရှိရာမှ ထိုအကုသိုလ် ဝိတက်သုံးပါးကို ပယ်ဖျောက်ရန် မေဃိယမထေရ်သည် ကြိုးစားပါ၏။ သို့ရာတွင် ကြိုးစား၍ကားမရ။

မေဃိယမထေရ်သည် ပါရမီရှိသူဖြစ်၏။ ပါရမီရှိသူဖြစ်သည့်အလျောက် မြတ်စွာဘုရား၏ သာသနာတော်၌ တကယ်စစ်မှန်သော သဒ္ဓါတရားဖြင့် ရဟန်းပြုခဲ့သူ ဖြစ်၏။ သို့ရာတွင် မေဃိယ မထေရ်အတွက် မဂ်ဉာဏ်ရဖို့ သေးစွ။ ဝိပဿနာဉာဏ်များပင် မပေါ်လာဘဲ ရှိလေ၏။ အချိန်သည် စကားပြော၏။ အမှန်အားဖြင့် မေဃိယမထေရ်အတွက် တရားထူးရနိုင်ရန် အချိန်များ လိုသေး၏။ အချိန်လိုသေးသည့်အတွက် ဣန္ဒြေများ ရင့်ကျက်ရန် မဖြစ်နိုင်သေးချေ၊ ထို့ကြောင့် မေဃိယမထေရ်၏ သန္တာန်၌ အကုသိုလ် ဝိတက်များသာ ဖြစ်ပွားပြီး ဝိပဿနာဉာဏ်များ ဖြစ်ပေါ်မလာနိုင်ခြင်း ဖြစ်၏။

မေဃိယ မထေရ်သည် မြတ်စွာဘုရား၏ အလုပ်အကျွေး ရဟန်းတစ်ပါး

အနေဖြင့် မြတ်စွာဘုရားထံတော်မှ တရားထူးများကို နာကြားပြီးလျှင် အရိယသစ္စာကို ထိုးထွင်း၍ သိနိုင်လိမ့်မည်ဟု မှတ်ထင်ခဲ့၏။ မြတ်စွာဘုရား တရားဟောကြားတော်မူသည်ကိုလည်း အကြိမ်များစွာ နာကြားခဲ့ဖူးပါ၏။ သို့ရာတွင် မေဃိယမထေရ်အတွက် ထူးသောတရားဟူ၍ တစ်ပုဒ်မှမပါရှိခဲ့။ အမှန်အားဖြင့် တရားတိုင်းသည် ထူးသင့်သော ပုဂ္ဂိုလ်များအတွက် ထူးပါ၏။ ဉာဏ်ဣန္ဒြေ ရင့်ကျက်သူများအတွက် မိမိတို့၏ စရိုက်နှင့်လျော်ညီသော တရားဒေသနာတော်ကို နာကြားရပါက ထိုတရားဒေသနာသည် ထိုပုဂ္ဂိုလ်များအတွက် ထူးသော တရားဖြစ်၏။ အခြားပုဂ္ဂိုလ်များအတွက်မူ ထူးသောတရားမဟုတ်။

မေဃိယမထေရ်သည် အရိယသစ္စာကို ထိုးထွင်း၍ သိနိုင်ဖို့အတွက် အချိန်လိုသေးကြောင်း၊ ဉာဏ်ဣန္ဒြေများ ရင့်ကျက်ချိန်သို့ မရောက်သေးကြောင်းဖြင့် မြတ်စွာဘုရားက သိပြီးဖြစ်တော်မူ၏။ ထို့ကြောင့် မြတ်စွာဘုရားက မိမိ၏ အလုပ်အကျွေးဖြစ်သော မေဃိယမထေရ်အတွက် ရည်ရွယ်၍ တရားကို သီးသန့် မဟောသေးခြင်းဖြစ်၏။ သို့ရာတွင် မေဃိယမထေရ်ကမူ ထိုသို့မသိ။ မေဃိယမထေရ်သည် မြတ်စွာဘုရား၌ တကယ်ပင် ကြည်ညိုသူ ဖြစ်၏။ ကြည်ညိုသူဖြစ်သည့်အလျောက် မြတ်စွာဘုရား၏ အလုပ်အကျွေးအဖြစ် ဆည်းကပ်သူဖြစ်ခဲ့၏။ သို့ရာတွင် သူနှင့်ထိုက်တန်သော တရားထူးကို မရရှိသောအခါ မြတ်စွာဘုရားကို ရှုန့်ပြီး မိမိဘာသာသာမိမိ တရားအားထုတ်ရန် ကြံစည်ခြင်း ဖြစ်၏။ ထိုသို့ ကြံစည်နေခိုက်တွင် ကိမိကာလာ မြစ်ကမ်းပါးရှိ သရက်ဥယျာဉ်ကို တွေ့သောအခါ ထိုသရက်ဥယျာဉ်သည် အတိတ်ကာလက ပြည့်ရှင်မင်းဘဝဖြင့် ဘဝပေါင်း ငါးရာတိုင်တိုင် မေဃိယမထေရ်၏ သန္တာန်၌ စွဲထင်ခဲ့ဖူး၏။ ထိုသို့ စွဲထင်နေသော ဥပါဒါန်၏ ဖမ်းစားမှုကြောင့် မေဃိယမထေရ်သည် ထိုဥယျာဉ်၌ တရားအားထုတ်ရန် စိတ်ဆုံးဖြတ်ခြင်း ဖြစ်၏။

“ဥပါဒါန ပစ္စယာ ဘဝေါ”အရ ဥပါဒ်ဒါန်တို့သည် အသိဉာဏ်အား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုကြောင်း မေဃိယ မထေရ်မသိ။ ဤသရက်ဥယျာဉ်သည် မေဃိယမထေရ်အတွက် အတိတ်ကာလက ပြည့်ရှင်မင်း အဖြစ်ဖြင့် ဘဝပေါင်း ငါးရာတိုင်တိုင် တွေ့ကြုံခံစားခဲ့ရသော အတိတ်သရက်ဥယျာဉ်ကို ဥပါဒါန်အနေဖြင့် အပြင်းအထန် နှိုးဆွလိုက်သောကြောင့် ဖြစ်လေ၏။ သို့ဖြစ်၍သာ မေဃိယမထေရ်၏ သန္တာန်၌ ဝိပဿနာဉာဏ်စဉ်များ မတက်ဘဲ အကုသိုလ်ဝိတက်များသာ တက်ခြင်းဖြစ်၏။

မေဃိယမထေရ်သည် ယခုနောင်တရလျက် ရှိ၏။ မြတ်စွာဘုရားက ထိုသရက်ဥယျာဉ်သို့ မသွားရန် တားမြစ်ခဲ့၏။ ထိုသို့ တားမြစ်သည့်ကြားက

http://www.cherrythitsar.org



မေဃိယ မထေရ် ခွဲထွက်လာခြင်းဖြစ်၏။ "မြတ်စွာဘုရားအား ဖူးမြော်ခြင်းနှင့် မြတ်စွာဘုရားအား လုပ်ကျွေးခြင်းအတွက် လောကီကုသိုလ်များသာ တိုးပွားနိုင်သည်။ အရိယသစ္စာကို ထိုးထွင်း၍သိခြင်းတည်းဟူသော လောကုတ္တရာ ကုသိုလ်ကိုမူ မရနိုင်။ အမှန်အားဖြင့် လောကုတ္တရာကုသိုလ်ကိုရပါမှ သံသရာ ဝဋ်ဆင်းရဲမှ ထွက်မြောက်နိုင်မည် ဖြစ်၏။ လောကုတ္တရာကုသိုလ်ကို ရဖို့ဆိုသည်မှာလည်း မြတ်စွာဘုရားအား ဖူးမြင်ရုံနှင့်မရ။ လုပ်ကျွေး ပြုစုရုံနှင့်မရ။ ကိုယ်တိုင်တရားအားထုတ်မှသာ ရနိုင်မည်ဖြစ်၏" ဤသို့ မေဃိယမထေရ် စဉ်းစားဆုံးဖြတ်ပြီး မြတ်စွာဘုရားကို စွန့်ခွာကာ တရားအားထုတ်ရန် ဤသရက်ဥယျာဉ်သို့ ထွက်လာခြင်းဖြစ်၏။

ယခုတော့ သရက်ဥယျာဉ်က မေဃိယမထေရ်ကို ဖမ်းစားလိုက်ပြီ။ ဥပါဒါန်အနေဖြင့် ဖွဲ့နှောင်လိုက်ပြီ။ ဤသရက်ဥယျာဉ်၌သာ ဆက်လက်နေထိုင်ပါက မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို မရနိုင်သည့်အပြင် ကာမဝိတက်၊ ဗျာပါဒဝိတက်၊ ဝိဟိံသဝိတက်တို့ကြောင့် အပါယ်လေးပါးသို့ပင် ကျရောက်နိုင်၏။ ရပြီးသား လူ့ဘဝပင် ဆုံးရှုံးသွားနိုင်၏။ ထို့ကြောင့် ထိုသရက်ဥယျာဉ်မှ အမြန်ဆုံးထွက်ခွာလာကာ မြတ်စွာဘုရားထံ ပြန်သွားပြီး မိမိ၏ ဖြစ်ရပ်များကို လျှောက်ထားရန် ဆုံးဖြတ်လိုက်၏။ ထိုဆုံးဖြတ်ချက်အတိုင်း မေဃိယမထေရ်သည် စာလိက တောင်ပေါ်ကျောင်းသို့ ပြန်လာကာ မြတ်စွာဘုရားအား မိမိ၏ အတွေ့အကြုံများကို လျှောက်ထားလေ၏။

ထိုအခါ မြတ်စွာဘုရားက မေဃိယမထေရ်အား –

"ချစ်သား မေဃိယ ဆိုင်းငံ့ဦးလော့၊ ယခုအခါ ငါဘုရား တစ်ပါးတည်းသာ ဖြစ်နေ၏။ အခြားရဟန်း တစ်ပါးပါး လာသည့်တိုင်အောင် ဆိုင်းငံ့ဦးလော့"ဟု ပြောကြားပါလျက် ငါဘုရားကို တစ်ပါးတည်းထားခဲ့ပြီး သင်ချစ်သားသည် သရက်ဥယျာဉ်သို့ သွားခဲ့၏။ ရဟန်းမည်သည် စိတ်၏အလိုသို့ လိုက်ရန်မသင့်လျော်ချေ။ စိတ်ကိုသာ မိမိ၏အလိုသို့ လိုက်စေရန် အားထုတ်သင့်၏"ဟူ၍ မိန့်ကြားတော်မူပြီး အောက်ပါဂါထာ နှစ်ဂါထာကို ဟောကြားတော်မူ၏။

– **စိတ်သည် အာရုံမြောက်ပါးတို့၌ ပြေးသွားတတ်၏။ အာရုံတစ်ခုတည်း၌ ကြာကြာမနေဘဲ လျှပ်ပေါ်လော်လည် တတ်၏၊ သင့်လျော်သော အာရုံတစ်ခုတည်း၌ ထား၍ မရသဖြင့် စောင့်ရှောက်ရန် ခက်၏၊ မသင့်လျော်သော အာရုံသို့ မသွားနိုင်အောင် တားမြစ်ရန်လည်း ခက်၏၊ လေးသမားသည် မိမိ၏ ကောက်နေသောမြားကို မီးမြိုက်၍ ဖြောင့်အောင်လုပ်သကဲ့သို့**

http://www.cherrythitsar.org



**ယောဂီပုဂ္ဂိုလ်သည် မိမိ၏ စိတ်ကို မိမိ၏အလိုအတိုင်း ဖြစ်အောင်လုပ်ရာ၏။**

ရေမှဆယ်ယူ၍ ကုန်းပေါ်၌ထားသော ငါးသည် တဖျပ်ဖျပ် လှုပ်သကဲ့သို့ ထိုအတူ စိတ်သည် ကိလေသာများကို ပယ်သတ်ရန်အတွက် ကာမဂုဏ်အာရုံများမှ ဆွဲယူ၍ ကမ္မဋ္ဌာန်းအာရုံ၌ တင်လိုက်သောအခါ တဖျပ်ဖျပ် လှုပ်၏။

လေးသမားသည် မိမိ၏မြား ကောက်နေပါက ဖြောင့်အောင် လုပ်ရ၏။ ထိုသို့လုပ်ရာတွင် လိုအပ်သော ပစ္စည်းမှာ မီးဖိုဖြစ်၏။ မီးဖိုရှိပြီးသောအခါ ရှေးဦးစွာ ကောက်နေသောနေရာကို ရှာ၏။ ထို့နောက် မီးပူပေးရ၏။ ထို့နောက် ဖြောင့်ရ၏။ ထို့နောက် ဟိုဘက်သည်ဘက် ကြည့်ရ၏။ ထို့နောက် ပြန်လည်၍ အသုံးချလို့ ရ–မရ စီစစ်ရ၏။ ဤသည်မှာ မြားဖြောင့်ရာ၌ ဆောင်ရွက်ရသော လုပ်ငန်းအဆင့်ဆင့် ဖြစ်၏။ ယင်းလုပ်ငန်း အဆင့်ဆင့်ကို မဂ္ဂင်ရှစ်ပါးနှင့် ဟပ်လိုက်သောအခါ သမ္မာသတိသည် ကောက်သောနေရာကို ရှာခြင်းနှင့်တူ၏။ သမ္မာဝါယာမသည် မြားကို အပူပေးခြင်းနှင့် တူ၏။ သမ္မာသမာဓိသည် မြားကို ဖြောင့်ခြင်းနှင့် တူ၏။ သမ္မာသင်္ကပ္ပသည် မြားကို ဟိုဘက်သည်ဘက် လှည့်ကြည့်ခြင်းနှင့်တူ၏။ သမ္မာဒိဋ္ဌိသည် မြားကို ပြန်လည်၍ အသုံးချလို့ ရ–မရဆုံးဖြတ်ခြင်းနှင့်တူ၏။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝတည်းဟူသော သီလမဂ္ဂင် သုံးပါးသည် မီးဖိုနှင့် တူ၏။

ဤလေးသမား ဥပမာအတိုင်းပင် ယောဂီပုဂ္ဂိုလ်သည် သမ္မာသတိ မဂ္ဂင်ဖြင့် မိမိ၏ဒွါရ၌ ထင်လာသော အာရုံကို ပျောက်မသွားရအောင် ကြည့်ရ၏။ သမ္မာဝါယာမမဂ္ဂင်ဖြင့် သမ္မာဝါယာမ မဂ္ဂင်ကညွှန်ပြသော အာရုံကို မလွတ်အောင် ကြိုးစား၍ ဖမ်းရ၏။ သမ္မာဝါယာမမဂ္ဂင်ဖြင့် ထိုအာရုံကို ဖမ်းချုပ်ထားရ၏။ သမ္မာသင်္ကပ္ပ မဂ္ဂင်ဖြင့် ထိုအာရုံကို စေ့စေ့စပ်စပ်ကြည့်၍ သမ္မာဒိဋ္ဌိမဂ္ဂင်အား ပြရ၏။ သမ္မာဒိဋ္ဌိမဂ္ဂင်ဖြင့် ထိုအာရုံကို အနိစ္စလား၊ ဒုက္ခလား သုခလား၊ အနတ္တလား အတ္တလား၊ အသုဘလား၊ သုဘလား ဟူ၍ မြင်လာအောင် ကြည့်ရ၏။ ဤသည်မှာ ကမ္မဋ္ဌာန်း အာရုံနှင့် ပတ်သက်၍ မဂ္ဂင်ရှစ်ပါး၏ ဆောင်ရွက်ချက် ဖြစ်၏။ ထိုဆောင်ရွက်ချက်များ ထက်မြက်လာစေရန် ဣန္ဒြေတို့ရင့်ကျက်မှု ရှိဖို့ လို၏။ ဣန္ဒြေတို့ ရင့်ကျက်လာစေရန် မဂ္ဂင်ရှစ်ပါးဖြင့် ဆောင်ရွက်ဖို့ လိုပြန်၏။ ဤသို့လျှင် ဣန္ဒြေနှင့် မဂ္ဂင်တို့သည် အပြန်အလှန် ကျေးဇူးပြုကြ၏။

အကယ်၍ ဣန္ဒြေနှင့် မဂ္ဂင်တို့ဖြင့် မိမိ၏ဒွါရ၌ ထင်လာသော အာရုံများကို မရှုမှတ်ဘူးဆိုပါက စိတ်သည် အာရုံများနောက်သို့ ကောက်ကောက်ပါအောင် လိုက်၏။ ထိုသို့ လိုက်သော်လည်း အာရုံတစ်ခုတည်းအပေါ်၌ စွဲစွဲမြဲမြဲရှိနေသည်

http://www.cherrythitsar.org



မဟုတ်။ ထိုအာရုံအပေါ်ပြောင်းလိုက်၊ သည်အာရုံအပေါ်ပြောင်းလိုက်ဖြင့် လျှပ်ပေါ်လော်လည်း လှ၏။ ထို့အပြင် မသင့်လျော်သော အာရုံများနောက်သို့ မလိုက်ရန် တားမြစ်သော်လည်း စိတ်သည် တားမြစ်ခြင်းကို မခံ၊ အတင်းအဓမ္မ ရုန်းကန် ထွက်၏။ သင့်လျော်သော ကမ္မဋ္ဌာန်းအာရုံများ၌ ငြိမ်ငြိမ်ဝပ်ဝပ် ရှိနေရန် အားထုတ် ပါသော်လည်း ထိုသို့ အားထုတ်တိုင်း စိတ်ကမနေ၊ သွားချင်ရာသွား၏။

အမှန်အားဖြင့် စိတ်သည် အိမ်ရှင်အနေဖြင့် ပကတိသဘောအရ ဖြူစင်ပါသော်လည်း ဧည့်သည်ဖြစ်သော အညစ်အကြေးတို့ကြောင့် ထိုကဲ့သို့ ယောက်ယက်ခတ်သွားရခြင်းဖြစ်၏။ ထို့ကြောင့် ကိလေသာ အညစ်အကြေးတို့မှ စိတ်ကို လွတ်မြောက်စေရန် အားထုတ်ရ၏။ စိတ်သည် ကိလေသာအညစ် အကြေးတို့မှ မလွတ်မြောက်သေးသရွေ့ ကာလပတ်လုံး အာရုံများနောက်သို့ တကောက်ကောက် လိုက်နေရမည် ဖြစ်၏။ အကယ်၍ စိတ်သည် အာရုံများနောက်သို့ မလိုက်ရတော့ဘဲ အာရုံများကသာ စိတ်ဆီသို့လာရပြီဆိုလျှင် စိတ်သည် ကိလေသာများမှ အတိုက်အလျောက် လွတ်မြောက်ပြီဟူ၍ ဆိုရ၏။ ကိလေသာများမှ လွတ်မြောက်သည်နှင့်အမျှ စိတ်သည် ယဉ်ကျေးပြီဖြစ်၏။ ထို့ကြောင့် မိမိ၏ စိတ်ကို ယဉ်ကျေးအောင် လုပ်ရ၏။

စိတ်သည် ယဉ်ကျေးသည်နှင့်အမျှ ချမ်းသာကိုဆောင်တတ်ပါ၏။ စိတ်ကို ယဉ်ကျေးအောင် လုပ်ရာတွင် ပထမဦးစွာ စိတ်ကို အာရုံများနောက်သို့ မလိုက်စေဘဲ အာရုံများကိုသာ စိတ်၌ လာရောက်ထင်အောင် ကြိုးစားရ၏။ ထိုသို့ ကြိုးစားရာတွင် စိတ်သည် ရေထဲမှ ငါးကို ကုန်းပေါ်သို့ တင်လိုက်သောအခါ ဖျပ်ဖျပ်လူးသကဲ့သို့ ဖျပ်ဖျပ်လူးလေ၏။ စိတ်ဖျပ်ဖျပ်လူးခြင်းဟူသည်မှာ စိတ်သည် မိမိနေရာ၌ မနေဘဲ အာရုံများနောက်သို့ လစ်ခနဲ လစ်ခနဲ ပြေး၍ လိုက်သွားခြင်း ဖြစ်၏။ စိတ်ကို မိမိ၏နေရာမှ လစ်ခနဲပြေးထွက်ပြီး အာရုံများနောက်သို့မလိုက် နိုင်စေရန် သတိဖြင့် စောင့်ကြည့်ရ၏။ ထိုအခါ စိတ်က အာရုံများနောက်သို့ မလိုက်တော့ဘဲ အာရုံများကသာ စိတ်ဆီသို့ ဦးတိုက်လာလေ၏။ ထိုအခါစိတ်ကို သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ ဟူသော သမာဓိမဂ္ဂင် သုံးပါးတို့ဖြင့် အတိုက်အလျောက် ထိန်းချုပ်နိုင်ပြီဟူ၍ဆို၏။ ထိုသို့ ထိန်းချုပ်နိုင်လျှင် စိတ်ဆီ သို့လာသော အာရုံများကို ရုပ်နာမ်ကွဲအောင် ရှုမှတ်ရ၏။ အကြောင်းနှင့်အကျိုး ကွဲအောင်ဆင်ခြင်ရ၏။ ထို့နောက် ဖြစ်ပျက်မြင်အောင် ရှုမှတ်ရ၏။ ထို့နောက် ဖြစ်ပျက် ငြီးငွေ့အောင် ရှုမှတ်ရ၏။ ထို့နောက် ယောဂီသည် ဖြစ်ခြင်းနှင့် ပျက် ခြင်းတို့ ကုန်ဆုံးရာ နိဗ္ဗာန်ကို မြင်လာမည် ဖြစ်၏။

ထိုသို့ နိဗ္ဗာန်ကို မြင်လာအောင် အားထုတ်ရာ၌ ပထမဦးစွာ သီလကို

http://www.cherrythitsar.org



ဝင်ကြွယ်အောင် ထိန်းသိမ်းရ၏။ သီလဝင်ကြွယ်လျှင် သမာဓိအား ကောင်းလာရေးအတွက် စိတ်ကို အာရုံများနောက်သို့ မလိုက်ရလေအောင် သတိဖြင့် စောင့်ရ၏။ အစပထမ ပုဂ္ဂလဗျာပါရဖြင့် စောင့်ရ၏။ နောက်တော့ သတိသည် သူ့ဟာသူ မမွဗျာပါရဖြင့် စောင့်လာ၏။ သတိသည် မမ္မဗျာပါရဖြင့် စောင့်နိုင်သောအခါ အာရုံများနောက်သို့ စိတ်ကမလိုက်ရတော့ဘဲ အာရုံများကလာစိတ်ဆီသို့ လာတော့၏။ ထိုအခါ ထင်လာသော အာရုံများကို သမာဓိမဂ္ဂင်သုံးပါး၊ ပညာမဂ္ဂင်နှစ်ပါးတို့ဖြင့် ရှုမှတ်ရ၏။ ရှုမှတ်ဖန်များလာသောအခါ မဂ္ဂင်တရားတို့သည် အာရုံတရားရော၊ အာရုံဘက်က တရားပါ နှစ်မျိုးလုံး အမြဲတစေ ဖြစ်ပျက်နေကြသည်ကို ပကတိမျက်စိဖြင့် မြင်ရသလို မြင်ရပြီး နောက်ဆုံး၌ မဂ္ဂင်ငါးပါးမှ ရှစ်ပါးသို့ တိုးတက်ကာ နိဗ္ဗာန်ကို မျက်မှောက်ပြုရလေတော့၏။

ဤသဘောကို အထက်ပါဂါထာ နှစ်ဂါထာဖြင့် မြတ်စွာဘုရားက မေဃိယ မထေရ်အား ဟောကြားတော်မူ၏။ ထိုသို့ ဟောကြားတော်မူသောအခါ မေဃိယ မထေရ်သည် သောတာပတ္တိမဂ်ဉာဏ်ဖြင့် အရိယသစ္စာကို ထိုးထွင်း၍ သိပြီး သောတာပန်ဖြစ်သွားလေ၏။ ထို့ကြောင့် မေဃိယ မထေရ်လို မိစ္ဆာဝိတက်နှိပ်စက်ခံနေရသော ယောဂီများသည်လည်း မေဃိယ မထေရ်လို ဓိဋ္ဌာနပြသနာ သတိပဋ္ဌာန်ဖြင့် သစ္စာလေးပါးကို မျက်မှောက်ပြုနိုင်အောင် အားထုတ်အပ်ပါ၏။

# မာတိက မာတာ

ဤဝတ္ထုသည် မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ်က မြတ်စွာဘုရားကိုယ်တော်တိုင် ဟောကြားတော်မူသောဝတ္ထုဖြစ်သဖြင့် ဤကမ္ဘာမြေအပြင်၌ တကယ်ပင်ဖြစ်ခဲ့သော ဝတ္ထုဖြစ်ပါ၏။

မြတ်စွာဘုရား ပွင့်တော်မမူမီ ကာလကပင် ဇမ္ဗူမြေသည် (၁) ကာသိ၊ (၂) ကောသလ၊ (၃) အင်္ဂ၊ (၄) မဂဓ၊ (၅) ဝဇ္ဇီ၊ (၆) မလ္လ၊ (၇) စေတိယ၊ (၈) ဝံသ၊ (၉) ကုရု၊ (၁၀) ပဉ္စာလ၊ (၁၁) မစ္ဆ၊ (၁၂) သူရသေန၊ (၁၃) အဿက၊ (၁၄) အဝန္တိ၊ (၁၅) ဂန္ဓာရ၊ (၁၆) ကမ္ဗောဇဟူ၍ တိုင်းကြီး ၁၆ တိုင်း ရှိခဲ့၏။ ထိုတိုင်းကြီး ၁၆ တိုင်းအနက် ကောသလတိုင်းတွင် မာတိကာဟူ၍ ရွာကြီးတစ်ရွာရှိ၏။ ထိုရွာကြီး၏ ရွာစားကိုလည်း မာတိက ဟူ၍ပင် ခေါ်ကြ၏။ ရွာစား၏ မိခင်ကိုမူ ပါဠိဝေါဟာရအားဖြင့် မာတိကမာတာ ဟူ၍ ခေါ်ကြ၏။

မာတိကရွာသည် တောင်ခြေ၌ ရှိ၏။ အလွန်စည်ကား၏။ သာယာ

လည်း သာယာ၏။ အိမ်ခြေလည်း ထူထပ်၏။ ထိုအချိန်တွင် ရဟန်းတော်ပေါင်း ၆၀ သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှ ကြွလာတော်မူကြရာ ဆွမ်းခံချိန်၌ မာတိကရွာသို့ ဆွမ်းခံဝင်ရောက်ကြ၏။ ထိုရဟန်းတော်ပေါင်း ၆၀ သည် ဒေသစာရီသဘောဖြင့် တရားဟောရန် လှည့်လည် ခရီးကြွလာခြင်းမျိုးမဟုတ်။ သူတို့သည် ပုထုဇဉ်မျှသာ ဖြစ်ကြသေး၏။ ဇေတဝန်ကျောင်းတော်၌ တရားအားထုတ်လျှင် မဂ်ဖိုလ်ကို ရနိုင်ရန် အခွင့်အလမ်းမရှိဟု ဆင်ခြင်ပြီး မြတ်စွာဘုရားထံမှ ကမ္မဋ္ဌာန်းတရားကို တောင်းကာ သင့်လျော်သောနေရာ၌ ရဟန်းတရားကို ပွားများအားထုတ်ရန် စိတ်တူသဘောတူ တိုင်ပင်ပြီး သူတို့ထွက်လာကြခြင်းဖြစ်၏။ မြတ်စွာဘုရားကလည်း ခွင့်ပြုတော်မူလိုက်၏။ ကမ္မဋ္ဌာန်းတရားကိုလည်း ပေးလိုက်၏။ မြတ်စွာဘုရားသည် ထိုရဟန်း ၆၀ တို့၏ မဂ်ဖိုလ်ရနိုင်ရန် ဥပနိဿယကို မြင်တော်မူပြီး ဖြစ်၏။ ထိုရဟန်း ၆၀ တို့၏ ပါရမီနှင့် ဣန္ဒြေ အနုအရင့်ကိုလည်း သိပြီးဖြစ်၏။ ထို့ကြောင့် မြတ်စွာဘုရားသည် ထိုရဟန်း ၆၀ တို့အား အရဟတ္တဖိုလ်တိုင်အောင် ဆိုက်နိုင်သော ကမ္မဋ္ဌာန်းတရားကို ဟောကြားတော်မူပြီး လွှတ်လိုက်ခြင်းဖြစ်၏။

ရဟန်းတော် ၆၀ တို့သည် မာတိကရွာ၌ ဆွမ်းခံဝင်လာသောအခါ ရွာစားမိခင် မာတိကမာတာသည် ထိုရဟန်းများကို ဖူးမြင် ရလေ၏။ မာတိကမာတာသည် မြတ်စွာဘုရား၏ တပည့်သား ရဟန်းတော်များနှင့် ပတ်သက်၍ အစဉ်အလာ ဓလေ့များကို အထိုက်အလျောက် ကြားဖူး၏။ ရဟန်းတော်များသည် ဝါဦးကာလ၌ တရားအားထုတ်ရန်အတွက် ဇေတဝန်ကျောင်းတော်မှ ထွက်ခွာကာ မိမိတို့နှင့် သပ္ပာယ်ဖြစ်နိုင်မည့် ကျောင်းသင်္ခမ်းများကိုရှာတတ်ကြ၏။ သပ္ပာယဖြစ်မည့် ကျောင်းသင်္ခမ်းများကို တွေ့လျှင် ထိုကျောင်းသင်္ခမ်းများ၌ ဝါကပ်ပြီး သီတင်းသုံးကြ၏။ ရဟန်းတော်များကိုလည်း ကြိုးစားပမ်းစား ပွားများအားထုတ်ကြ၏။ ထိုသို့ အားထုတ်ခြင်းဖြင့် ရဟန္တာ ဖြစ်သွားကြသူများလည်း ရှိ၏။ အောက်မဂ် အောက်ဖိုလ် အဆင့်မျှသာ ရကြသူများလည်း ရှိ၏။ သစ္စာလေးပါးကို ထိုးထွင်း၍ မသိမြင်ဘဲ သာမန်ပုထုဇဉ်ဘဝဖြင့် ကာမာဝစရ ကုသိုလ်ကောင်းမှုများကိုသာ ရကြသူများလည်း ရှိ၏။

ရဟန်းတော် ၆၀ တို့ မာတိကရွာသို့ ဆွမ်းခံဝင်လာသောအခါ မာတိကမာတာက ရဟန်းတော်အားလုံးကို မိမိ၏အိမ်သို့ ပင့်၍ ဆွမ်းကျွေးလေ၏။ ထို့နောက် "အရှင်ဘုရားတို့ မည်သည့်ဒေသသို့ ကြွတော်မူကြမည်နည်း" ဟု လျှောက်ထားလျှင် ရဟန်းတော်များကလည်း "မိမိတို့သည် ချမ်းသာစွာ နေရအံ့သော ထိုထိုအရပ်သို့ ကြွကြမည်ဖြစ်ပါသည်" ဟု မာတိကမာတာအား ပြန်လည်၍

ပြောကြားကြ၏။ ထိုအခါ မာတိကမာတာက "ဤရဟန်းတို့သည် ငါဆိုရန် ငါ့ဆိုတောင်းကို ရှာကြသည်"ဟု ရိပ်စားမိပြီးလျှင် ဤသို့ ဖြန့်လည် လျှောက်ထားလိုက်၏။

"အရှင်ကောင်းတို့သည် ဤအရပ်၌ ဤဝါတွင်း သုံးလပတ်လုံး နေကြသည် ဖြစ်ပါအံ့။ တပည့်တော်မသည်လည်း သရဏဂုံသုံးပါး၊ ငါးပါးသီလတို့ကို ယူ၍ ဥပုသ်စောင့်သုံးခြင်းကို ပြုပါမည်ဘုရား"

ရဟန်းတော် အရှင်မြတ်တို့ကလည်း "ငါတို့သည် ဤ ဒါယိကာမကြီးကို အမှီပြု၍ ဆွမ်းမပင်ပန်းဘဲ သံသရာဝဋ်ဘဝမှ လွတ်ထွက်ရအောင် ပြုခြင်းငှာ စွမ်းနိုင်ပေလိမ့်မည်"ဟု သိမြင်တော်မူကြပြီး မာတိကမာတာ လျှောက်ထားသည့်အတိုင်း ဤရွာ၌ ဝါကပ်ရန် သဘောတူကြ၏။ ထိုအခါ မာတိကမာတာသည် ရဟန်းတော် ၆၀ တို့အတွက် ဝါကပ်ရန် ငါ့ဆိုတောင်းကို ဆောက်လုပ်လှူဒါန်း၏။

မာတိကမာတာသည် မြတ်စွာဘုရား တပည့်သား ရဟန်းတော်များအား များစွာ ကျေးဇူးတင်တတ်သူ ဖြစ်၏။ မြတ်စွာဘုရားနှင့် တပည့်သား ရဟန်းတော်များကြောင့်သာ မာတိကမာတာသည် သံသရာဝဲဂယက်၌ နစ်မြုပ်ခြင်း အန္တရာယ်မှ လွတ်မြောက်နိုင်ခဲ့၏။ ရှေးယခင်ကဆိုလျှင် မာတိကမာတာသည် ကုသိုလ်နှင့်အကုသိုလ်ကို ဖြာပွားပေါ်ဟာရ အနက်အဓိပ္ပာယ်အနေဖြင့် တစ်မျိုး သိခဲ့၏။ တစ်မျိုးအဓိပ္ပာယ် ပေါက်ခဲ့၏။ အခြားသော ဝါဒများအရလည်း ကုသိုလ်နှင့် အကုသိုလ်ကို တစ်မျိုး သိခဲ့၏။ တစ်မျိုးအဓိပ္ပာယ်ပေါက်ခဲ့၏။ ထိုသို့ ကုသိုလ်နှင့် အကုသိုလ်ကို တစ်မျိုး သိခြင်း၊ တစ်မျိုးအဓိပ္ပာယ်ပေါက်ခြင်းမှာ ထိုထိုဝါဒရှင်များ၏ သွန်သင်ချက်အရ ဖြစ်ပါ၏။ သူတို့၏ ဝါဒအရသာ လိုက်နာယုံကြည်ပြီး ကုသိုလ်နှင့် အကုသိုလ်ကို သတ်မှတ်ခဲ့ပါလျှင် မာတိကမာတာသည် သံသရာဝဋ်အတွင်းမှ လွတ်ကင်းရန် မဖြစ်နိုင်တော့။

ဖြာပွားဝါဒအရ ယဇ်ပူဇော်လျှင် ကုသိုလ်ဖြစ်၏။ အယုတ်ဆုံးအားဖြင့် သူတစ်ပါးအသက်ကိုပင်သတ်၍ စေတနာသဒ္ဓါတရား ထက်ထက်ဖြင့် ယဇ်ပူဇော်ခြင်းဖြစ်လျှင် သူတစ်ပါးအသက်ကို သတ်ဖြတ်ခြင်းအတွက် အကုသိုလ်မဖြစ်၊ ကုသိုလ်သာဖြစ်၏။ ယဇ်ပူဇော်ခြင်းအတွက် မဟုတ်ဘဲ အခြားအတွက် သတ်မှသာ အကုသိုလ်ဖြစ်သည်ဟုဆိုပါ၏။ ထိုအဆိုကို လိုက်နာယုံကြည်ပြီး မာတိကမာတာသည် ယဇ်ပူဇော်ခြင်းအတွက် သူတစ်ပါးအသက်ကို သတ်ခဲ့ပါလျှင် အမှန်တကယ်အားဖြင့် ကုသိုလ်မရဘဲ အကုသိုလ်သာ ရပေမည်။

ထိုအခါ ကောင်းရာ မှန်ရာ သုဂတိကိုမရဘဲ ဆိုးရာ ယုတ်ရာ

http://www.cherrythitsar.org



ဒုဂ္ဂတိ ဘာဝကိုသာ ရပေမည်။ ဓာတံ သရဏာတော်အယ်-ဟူသည်နှင့် အညီ ကိုးကွယ်ရာမှ ဝေးဖြစ်ပေတော့မည်။ ဤအန္တရာယ်မှ မာတိကမာတာသည် သိသိကလေး လွတ်မြောက်ခဲ့၏။ ထိုသို့ လွတ်မြောက်ခြင်းမှာ မြတ်စွာဘုရားနှင့် တပည့်သား ရဟန်းတော်များကြောင့် ဖြစ်၏။ အမှန်အားဖြင့် ဤကျေးဇူးသည် မာတိကမာတာအတွက် အလွန်ကြီးမားသောကျေးဇူးဖြစ်၏။ ထို့ကြောင့် မာတိကမာတာသည် ဤကျေးဇူးကိုဆပ်ရန် အမြဲတမ်းအာရုံပြုလျက် ရှိလေရာ မြတ်စွာဘုရား၏ တပည့်သား ရဟန်းတော် ၆၀ ကို ဖူးမြင်ရလျှင် ဖူးမြင်ရချင်း မိမိ၏ အိမ်သို့ပင့်၍ဆွမ်းကပ်၏၊ ဝါဆိုကျောင်းများကို ဆောက်၍လှူဒါန်း၏။ ဤသည်မှာ မာတိကမာတာအနေဖြင့် တတ်နိုင်သလောက် ကျေးဇူးဆပ်ခြင်း ဖြစ်၏။

ထို့အပြင် တိတ္ထိများ၏ ဝါဒအရ တပအကျင့်ကို ပြင်းထန်စွာ ကျင့်ကြသော တိတ္ထိတို့အား လှူဒါန်းလျှင်လည်းကောင်း၊ တိတ္ထိတို့ ဟောကြားသည့်အတိုင်း တပအကျင့်ကို ကျင့်ကြံလျှင်လည်းကောင်း ကောင်းမှုကုသိုလ်သည် ဖြစ်၏။ ဤသို့လည်း ဆိုကြပြန်၏။ ဤအဆိုအတိုင်း ဒါနပြုလျှင် ဖြစ်စေ၊ တပကို ကျင့်လျှင်ဖြစ်စေ ကောင်းမှုကုသိုလ် ဖြစ်ချင်မှဖြစ်မည်။ သဲထဲရေသွန် သဘောမျိုးလည်း ဖြစ်နိုင်၏။ အကယ်၍ မိစ္ဆာဒိဋ္ဌိအမြင်လွှမ်းမိုးနေပါက ကုသိုလ်ကောင်းမှု မဖြစ်သည့် အပြင် မနောကံမိစ္ဆာဒိဋ္ဌိအရ အကုသိုလ်ပင် ဖြစ်သေး၏။ အကုသိုလ်ဖြစ်လျှင် မကောင်းသောအကျိုးကို ရမည်မှာ သေချာ၏။ မာတိကမာတာသည် မြတ်စွာဘုရားနှင့် တပည့်သား ရဟန်းတော်များကြောင့် ဤတိတ္ထိဝါဒအန္တရာယ်မှ လွတ်မြောက်ခဲ့၏။

မာတိကမာတာတို့ခေတ်က ဝါဒများသည် များပြားလှ၏။ ဝါဒရှင်များ အားလုံးကပင် သူတို့၏ ဝါဒအတိုင်း လိုက်နာကျင့်သုံးပါက နတ်ရွာသုဂတိသို့ ရောက်၏။ နိဗ္ဗာန်ချမ်းသာကိုရ၏ ဟူ၍ ဆိုကြသည် ချည်းဖြစ်၏။ မာတိကမာတာတို့သည်လည်း အထိုက်အလျောက် ကြွယ်ဝသူများ ဖြစ်ကြ၏။ စေတနာနှင့် သဒ္ဓါတရား ထက်သန်ကြသူများလည်း ဖြစ်ကြ၏။ ထို့ကြောင့် မာတိကမာတာသည် သူတော်ကောင်းဟူ၍ သတ်မှတ်ခြင်း ခံရသူများအား လှူလို၏၊ သူတို့ ဟောကြားသည့်အတိုင်း တရားဓမ္မများကိုကျင့်ကြံလို၏။ ဤသည်မှာ မာတိကမာတာ၏ ပင်ကိုစရိုက် ဖြစ်၏။ ပဋိသန္ဓေဉာဉ် ဖြစ်၏။

ဤလောက၌ မြတ်စွာဘုရား ပွင့်တော်မူလာသောအခါ ရောက်မှသာ ဒါနဆိုတိုင်း ကောင်းသည်မဟုတ်၊ ဒါနတွင် အယူနှစ်ဖက် ရှိ၏။ မှားသော အယူနှင့် မှန်သောအယူ။ သီလဆိုတိုင်းလည်း ကောင်းသည်မဟုတ်၊ သီလတွင် လည်း အယူနှစ်ဖက်ရှိ၏။ မှားသော အယူနှင့် မှန်သောအယူ။ ဘာဝနာဆိုတိုင်း

http://www.cherrythitsar.org



လည်း ကောင်းသည်မဟုတ်၊ ဘာဝနာတွင်လည်း တရားနှစ်ဖက်ရှိ၏။ မှားသော တရားနှင့် မှန်သောတရား။ မှားသော တရားကို မိစ္ဆာပဋိပဒါဟူ၍ လည်းကောင်း၊ ဝဋ္ဋသီသ ဟူ၍လည်းကောင်း နိဒါနဝဂ္ဂ သံယုတ္တအဋ္ဌကထာ ပဋိပဒါသုတ်၌ ဆို၏။ မှန်သောတရားကိုမူ သမ္မာပဋိပဒါဟူ၍ လည်းကောင်း၊ ဝိဝဋ္ဋသီလ ဟူ၍လည်းကောင်း ထိုသုတ်၌ပင် ဆို၏။ မိစ္ဆာပဋိပဒါကို မှားသောအကျင့်ဟူ၍ လည်းကောင်း၊ သမ္မာပဋိပဒါကို မှန်သောအကျင့်ဟူ၍လည်းကောင်း၊ ဝဋ္ဋသီသကို ဝဋ်ဆင်းရဲသို့ ဦးလှည့်ခြင်းဟူ၍လည်းကောင်း၊ ဝိဝဋ္ဋသီသကို ဝဋ်ဆင်းရဲမှ လွတ်မြောက်ရာ နိဗ္ဗာန်သို့ ဦးလှည့်ခြင်းဟူ၍ လည်းကောင်း အကြမ်းအားဖြင့် မြန်မာပြန်ဆိုနိုင်၏။ ဤသဘောများကို မာတိကာမာတာသည် မြတ်စွာဘုရားနှင့် တပည့်သား ရဟန်းတော်များကြောင့် သိလာရ၏။

ပုထုဇဉ်ဟူသည် ပုထုဇဉ်စိတ်ပင် ရှိ၏။ ပုထုဇဉ်စိတ်ဟူသည်မှာလည်း ကုသိုလ်နှင့် အကုသိုလ်ပင်ဖြစ်သည်။ ထို့ကြောင့် ပုထုဇဉ်များအနေဖြင့် အကြောင်း အားလျော်စွာ ကုသိုလ်ကိုလည်း လုပ်မိ၏။ အကုသိုလ်ကိုလည်း လုပ်မိ၏။ ဤသို့ လုပ်မိခြင်းမှာ ပုထုဇဉ်တို့ သဘာဝအတိုင်း ရှောင်လွှဲမရနိုင်၍ လုပ်မိခြင်း လည်း ဖြစ်နိုင်၏။ တမင်တကာ လုပ်ခြင်းလည်း ဖြစ်နိုင်၏။

သို့ရာတွင် မြတ်စွာဘုရားနှင့် တပည့်သား ရဟန်းတော်များ၏ အဆုံးအမကို ရယူနာကြားရသော အချိန်မှစ၍ အကုသိုလ်ကိုလည်း အကုသိုလ်မှန်းသိ၏။ အကုသိုလ်တွင်လည်း တရားနှစ်ဖက်ရှိမှန်းကို သိ၏။ ကုသိုလ်ကိုလည်း ကုသိုလ်မှန်း သိ၏။ ကုသိုလ်တွင်လည်း တရားနှစ်ဖက် ရှိမှန်းကိုသိ၏။ ဤသို့ သိခြင်းကို စိတ္တာနုပဿနာအရ ယထာဘူတဉာဏ် ဟူ၍ ဆိုရ၏။ ယထာဘူတဉာဏ် ဟူသည် သမ္မာဒိဋ္ဌိပင် ဖြစ်၏။

ဤသဘောကို မာတိကာမာတာသည် သိလာလေ၏။ မြတ်စွာဘုရား၏ တရားတော်ကို မနာကြားရမီ ရှေးယခင်ကဆိုလျှင် မာတိကာမာတာသည် အကုသိုလ်ကိုလည်း ကုသိုလ်ထင်ခဲ့၏။ ကုသိုလ်ကိုလည်း အကုသိုလ်ထင်ခဲ့၏။ ဤသို့ ထင်မိခြင်းမှာ ဗြာဟ္မဏများနှင့် တိတ္ထိယများ၏ မှားယွင်းသော သွန်သင် ချက်ကြောင့် ဖြစ်၏။ အမှန်အားဖြင့် ဤသို့ ထင်မိခြင်း၊ ဤသို့ မှတ်ယူမိခြင်းကို မိစ္ဆာဒိဋ္ဌိဟူ၍ ဆိုရ၏။

ကုသိုလ်ကံကို လုပ်သည်ဖြစ်စေ၊ အကုသိုလ်ကံကို လုပ်သည် ဖြစ်စေ၊ ကံသက်သက်ကိုချည်း တွက်၍မရ၊ ယင်းကံ၏ တရားကိုပါ ထည့်တွက်ရ၏။

မိမိအတ္တအကျိုးစီးပွားအတွက် လုပ်လျှင်မှားသောတရားဟူ၍ ဆိုရ၏။

လောက၏ အကျိုးစီးပွားအတွက် ဖြစ်စေ၊ ဤလောက၌ အခမ္ဘဝါဒ

http://www.cherrythitsar.org



မလွှမ်းမိုးတဲ့ ဓမ္မဝါဒ လွှမ်းမိုးနိုင်စေရန် အတွက်ဖြစ်စေ လုပ်ပါက မှန်သော ဟူရူ ဟူ၍ ဆိုရ၏။

မှန်သောဟူရူဟူသည် ပါရမီသဘောကို ဆောင်၏။ ဇာတ်တော်များ၌ ပါရမီဖြည့်နေကြသော ဟိုဟိုအလောင်းတော်များသည် တိရစ္ဆာန်များ ဖြစ်ကြသည်ကို တွေ့ရ၏။

တိရစ္ဆာန်ဖြစ်သည်ဆိုကတည်းက ဟိုဟိုအလောင်းတော်များသည် အကုသိုလ်ကို လုပ်ခဲ့ကြ၍ဖြစ်ကြောင်း ယင်ရှား၏။ သို့ရာတွင် ဟိုဟို အလောင်းတော်ကြီးများသည် ဖြစ်လေရာ ဘဝဘိုင်း ဘဝဘိုင်း၌ အောက်တန်းစားအနေဖြင့် ဖြစ်ကြသည်မဟုတ်၊ ငှက်ဖြစ်လျှင်လည်း ငှက်မင်း၊ မျောက်ဖြစ်လျှင်လည်း မျောက်မင်း စသည်ဖြင့် အထက်တန်းစား အနေဖြင့်သာ ဖြစ်ကြရ၏။ ထိုသို့ ဖြစ်ခြင်းမှာ ပါရမီသဘောကြောင့် ဖြစ်ကြရခြင်း ဖြစ်၏။

ဤသဘောကိုလည်း မာတိကမာတာ သိ၏။

ဤလောက၌ ကုသိုလ်ကိုလုပ်သည်ပင် ဆိုစေဦး၊ "ဒါ ငါလုပ်တာ" ဟူသော နှလုံးသွင်းဖြင့်သွင်းလျှင် မာနဖြင့်စွဲသော အတ္တအတွက်လုပ်ရာ ရောက်၏။ "ဒါ ငါကောင်းစားဖို့အတွက် လုပ်တာ" ဟူသော နှလုံးသွင်းဖြင့်လုပ်လျှင် တဏှာဖြင့်စွဲသော အတ္တအတွက်လုပ်ရာ ရောက်၏။

"ငါ့အလုပ်သည်သာ သစ္စာ၊ အခြားသူများ၏ အလုပ်သည် မိစ္ဆာ။ ငါ့ အယူသည်သာအမှန်၊ အခြားသူများ၏ အယူသည် အမှား" ဟူသော နှလုံးသွင်း ဖြင့်လုပ်လျှင် ဒိဋ္ဌိဖြင့်စွဲသော အတ္တအတွက် လုပ်ရာရောက်၏၊ အမှန်အားဖြင့် အတ္တသည် တဏှာဖြင့်စွဲသော အတ္တ၊ မာနဖြင့်စွဲသော အတ္တ၊ ဒိဋ္ဌိဖြင့် စွဲသော အတ္တဟူ၍ သုံးမျိုးရှိရာ၏သည်သည့် အတ္တစွဲဖြင့်လုပ်လုပ် အတ္တအတွက် လုပ်ခြင်း မှန်သမျှသည် ဟူရူအနေဖြင့် မကောင်း၊ ယင်းဟူရူမျိုးကို မိစ္ဆာပဋိပဒါဟူ၍ လည်းကောင်း၊ ဝဋ္ဋသိသ ဟူ၍လည်းကောင်း ဆိုရ၏။ အကယ်၍ အကုသိုလ်ကို အတ္တအတွက် လုပ်လျှင်မူအထူးပြောဖွယ်ရာ မလိုတော့။ ကံအနေဖြင့်လည်း မကောင်း၊ ဟူရူအနေဖြင့်လည်း မကောင်း။ ထို့ကြောင့် "ဘူးလေးရာ ဖရုံဆင့်" ဆိုဘိသကဲ့သို့ နှစ်မျိုးလုံး မကောင်း၊ နှစ်မျိုးလုံးမကောင်းလျှင် ဒုဂ္ဂတိအကျိုး ဝင်စစ်သာ ဖြစ်လေ၏။

အကယ်၍ မိမိ၏ အမျိုးသားများအတွက် ဖြစ်စေ၊ နိုင်ငံတော်အတွက် ဖြစ်စေ၊ လောက၌ ဓမ္မဝါဒ ထွန်းကားရေးအတွက်ဖြစ်စေ မလွှဲသာ မရှောင်သာ မိမိ၏ ကိုယ်ကျိုးကိုစွန့်၍ အနစ်နာခံပြီး စေတနာသည့်သဘောဖြင့် အကုသိုလ်ကို လုပ်သည်ဆိုပါက ကံအနေဖြင့် မကောင်းသော်လည်း နှလုံးသွင်းအနေဖြင့်

http://www.cherrythitsar.org



အဋ္ဌကို စွန့်ရာရောက်သောကြောင့် တူရှအနေဖြင့် ကောင်း၏။ ထို့ကြောင့် ထိုတူရှမျိုးကို သမ္မာပဋိပဒါဟူ၍ လည်းကောင်း၊ ဝိဝဋ္ဋိသဟူ၍ လည်းကောင်း ဆိုရ၏။ အမှန်အားဖြင့် ထိုတူရှမျိုးကား အလောင်းတော်ကြီးများ ကျင့်သုံးသည့် တူရှဖြစ်၏။ ယင်းတူရှသည် ပါရမီဖြောက်သော တူရှ ဖြစ်၏၊ ဤသဘောကို လည်း မာတိကမာတာသိ၏။ ထိုသို့ သိခြင်းမှာ မြတ်စွာဘုရားနှင့် တပည့်သား ရဟန်းတော်များကြောင့် ဖြစ်၏။ ထို့ကြောင့် မာတိကမာသသည် မြတ်စွာဘုရား နှင့် တပည့်သားရဟန်းတော်များအား ကျေးဇူးတင်မဆုံး ဖြစ်ရခြင်း ဖြစ်လေ၏။

ရဟန်းတော် ၆၀ သည် မာတိကမာသာ ဆောက်လုပ်လှူဒါန်းသော ဝါဆိုကျောင်း၌ ထိုနှစ်အတွက် ဝါကပ်၏။ ရဟန်းတရားကို ကြိုးစားပမ်းစား အားထုတ်၏။ ထိုသို့ တရားအားထုတ်ခြင်းသည် လောကရှိ လူအပေါင်းအား သံသရာဝဋ်ဒုက္ခမှ စွမ်းနိုင်သမျှ ကယ်တင်ရန် အားထုတ်ခြင်း ဖြစ်၏။ မိမိတို့၏ အကျိုးစီးပွားအတွက်သာ ရည်ရွယ်၍ တရားအားထုတ်ခြင်းမဟုတ်။ ရေနစ်သူ များအား ကယ်တင်နိုင်ရန် ရှေးဦးစွာ မိမိတို့ကိုယ်တိုင် ရေကူးအတတ်ကို တတ် မြောက်အောင် သင်ယူသည့် သဘောမျိုး ဖြစ်၏။ ဤသည်ကိုပင် ပါရမီဟူ၍ ဆိုရ၏။ ပါရမီဟူသည်မှာ မည်သည့်လုပ်ငန်းကို လုပ်လုပ် အများ၏ အကျိုးစီးပွား အတွက် ရည်သန်၍ လုပ်ခြင်းဖြစ်၏။ ထို့ကြောင့် ထိုသို့သော နှလုံးသွင်းဖြင့် လုပ်ခြင်းကို မြင့်မြတ်သူတို့၏ လုပ်ခြင်းဟူ၍ ဆိုရ၏။

ရဟန်းတော်ပေါင်း ၆၀တို့သည် တရားအားထုတ်ကြသောအခါ တစ်စု တစ်ပေါင်းတည်း အားထုတ်ကြသည်မဟုတ်။ တစ်ပါးစီ၊ တစ်ပါးစီ ဆိတ်ငြိမ်ရာ သို့ကပ်၍ အားထုတ်ကြခြင်းဖြစ်၏။ သို့ရာတွင် ကိစ္စရှိသောအခါ စုဝေးနိုင်ရန် ကျောင်း၏ အလယ်ဗဟို၌ ခေါင်းလောင်းကို ထား၏။ တစ်စုံတစ်ခုသော ကိစ္စ ရှိလျှင် ဖြစ်စေ၊ နာမကျန်းရှိလျှင်ဖြစ်စေ ခေါင်းလောင်းကိုထိုးရ၏။ ခေါင်းလောင်း သံကြားလျှင် ရဟန်းတော်များ အားလုံး မိမိတို့၏နေရာမှ လာရောက်စုဝေး၍ တိုင်ပင်ဆွေးနွေးပြီး ဖြစ်ပေါ်လာသော ပြဿနာကို ဖြေရှင်း၏။ ထိုအခါ ရဟန်း တော်များ အားလုံးစုဝေးမိ၏။ ထို့အပြင် ညဦးချမ်းအခါ မထေရ်ကြီး၏ဩဝါဒကို ခံယူရသည့်အခါဖြစ်စေ၊ နံနက်ပိုင်း ဆွမ်းခံကြသောအခါဖြစ်စေ ရဟန်းတော် ၆၀ တို့သည် တစ်ပေါင်းတည်း ရှိကြ၏။ အခြားအချိန်များ၌မူ ကိုယ့်တရားကိုကိုယ် အားထုတ်ကာ တစ်ပါးစီသာ ရှိကြ၏။

တစ်နေ့တွင် မာတိကမာတာသည် ဆီ၊ ထောပတ်၊ တင်လဲ စသည် တို့ကိုယူ၍ ညဦးချမ်းအခါ ကျောင်းသို့သွား၏။ ကျောင်း၌ ရဟန်းတစ်ပါး ကိုမျှ မတွေ့။ ထိုအခါ ကျောင်း၏အလယ်၌ရှိသော ခေါင်းလောင်းကို ထိုးလိုက်

http://www.cherrythitsar.org



၏။ ခေါင်းလောင်းသံ ကြားမှသာ ရဟန်းများသည် တစ်စုတစ်စုသောအရပ်မှ တစ်ပါးစီ တစ်ပါးစီသာ ကြွလာကြ၏။ နှစ်ဦးသောရဟန်းသည် တစ်ကြောင်းတည်းသောခရီးဖြင့် ကြွလာခြင်းဟူ၍ မရှိ။ ဤသည်ကို မြင်လျှင် မာတိကမာတာက "အရှင်ကောင်းတို့သည် အချင်းချင်း ခိုက်ရန်ဖြစ်ပွားငြင်းခုံမှုကို ပြုကြပါသလော"ဟု မေးလေ၏။ ထိုအခါ ရဟန်းတို့ကလည်း "ညဦးချမ်းအခါ မထေရ်ကြီး၏ ဩဝါဒကို ခံယူသောအခါ၊ နံနက် ဆွမ်းခံသွားသောအခါ အကြောင်းကိစ္စရှိ၍ တစ်ဦးတစ်ယောက်က ခေါင်းလောင်းထိုးသဖြင့် ခေါင်းလောင်းသံကြားသောအခါ တို့၌သာ အားလုံး တစ်စုတစ်ပေါင်းတည်း ရှိကြ၏။ ကျန်အချိန်များ၌မူ တစ်စုတစ်စုအရပ်၌ တစ်ပါးစီသာရှိ၍ တရားအားထုတ်ကြ၏။ နှစ်ပါးအတူနေ၍ တရား အားထုတ်ခြင်းပင် မရှိ"ဟူ၍ ပြန်ကြားပြောဆို၏။

ထိုအခါ မာတိကာမာတာသည် ရဟန်းတရားကို လူပုဂ္ဂိုလ်များအနေဖြင့်လည်း အားထုတ်၍ ရနိုင်–မရနိုင် မေးလျှောက်ရာ ရနိုင်ကြောင်း သိရသဖြင့် ရဟန်းတော်များ သင်ကြားပြသပေးသည့်အတိုင်း ၃၂ ကောဋ္ဌာသ ကမ္မဋ္ဌာန်းကို အားထုတ်လေ၏။ မာတာတာကမာတာသည် အနာဂါမိမဂ်ကို ရ၏။ ပဋိသမ္ဘိဒါ လေးပါးကိုလည်း ရ၏။ အဘိညာဉ် ၆ ပါးကိုလည်း ရ၏။ ထိုအခါ မာတိကမာတာသည် ရဟန်းတော် ၆၀ တို့၏ အခြေအနေကို ကြည့်လေရာ ရဟန်း ၆၀ လုံးပင် ပုထုဇဉ်အဆင့်၌သာ ရှိသေးကြောင်း သိရှိရ၏။

မာတိကမာတာသည် ရဟန်း ၆၀တို့အား အရဟတ္တဖိုလ် ရောက်နိုင်ရန် ဥပနိဿယရှိ–မရှိကို ကြည့်ပြန်ရာ ရဟန်းတော် ၆၀ လုံး ရဟန္တာ ဖြစ်နိုင်ကြောင်း တွေ့ရှိရပြန်၏။ သို့ရာတွင် ထိုရဟန်းတော် ၆၀ တို့အတွက် ရဟန္တာဖြစ်ရန် ဥပနိဿယပစ္စည်းနှင့် ပတ်သက်၍ ကျောင်းသင်္ခမ်းလည်း သပ္ပာယ ဖြစ်၏။ ရာသီဥတုလည်း သပ္ပာယ ဖြစ်၏။ ပုဂ္ဂိုလ်အချင်းချင်းလည်း သပ္ပာယ်ယဖြစ်၏။ အစာအာဟာရ အနေဖြင့်မူသပ္ပာယ်ယ မဖြစ်ချေ။ ထို့ကြောင့် ရဟန်းတော် ၆၀ တို့သည် အရဟတ္တဖိုလ်ကိုမရခြင်း ဖြစ်၏။ ဤချွတ်ယွင်းချက်ကို မာတိကမာတာသည် မြင်လေ၏။

ထို့နောက် မာတိကမာတာသည် ရဟန်းတော် ၆၀ တို့နှင့် လျော်ပတ်သော ဆွမ်းဘောဇဉ် အာဟာရများကို စီစဉ်၏။ အိမ်သို့ဆွမ်းစားပင့်၏။ ရဟန်းတော်များအားလုံးသည် မိမိတို့နှင့် လျော်ပတ်သော ဆွမ်းဘောဇဉ်ကို သုံးဆောင်ရလေလျှင် တည်ကြည်သော စိတ်သည်ဖြစ်၏။ တည်ကြည်သောစိတ်ဖြင့် ဝိပဿနာကို ပွားလေသော် ရဟန်းတော် ၆၀ လုံးပင် ပဋိသမ္ဘိဒါ လေးပါးနှင့်တကွ အရဟတ္တဖိုလ်ကို မျက်မှောက်ပြု၍ ရဟန္တာ ဖြစ်ကြလေ၏။

http://www.cherrythitsar.org



ဝါကျွတ်သောအခါ ရဟန္တာ ၆၀ တို့သည် မာတိကမာတာအားပန်ကြား၍ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ မြတ်စွာဘုရားကို ဖူးမြင်ရန် သွားကြလေ၏။ မြတ်စွာဘုရားထံသို့ ရောက်သောအခါ မြတ်စွာဘုရား၏ မေးမြန်းချက်အရ မာတိကမာတာ၏ လျောက်ပတ်သော ဆွမ်း၊ သောဇဉ်၊ အာဟာရကို မှီ၍ရသဖြင့် အားလုံးပင် ပဋိသမ္ဘိဒါလေးပါးနှင့်တကွ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုနိုင်ခဲ့ကြပါကြောင်းဖြင့် မာတိကမာတာ၏ ကျေးဇူးများကို ဖော်ပြ၍ ရဟန္တာ ၆၀ တို့က မြတ်စွာဘုရားအား လျှောက်ထားကြလေ၏။

ရဟန္တာ ၆၀တို့သည် မာတိကမာတာ၏ ဂုဏ်ကျေးဇူးနှင့် ပတ်သက်၍ မြတ်စွာဘုရားအား လျှောက်ထားကြသော အချိန်တွင် ဇေတဝန်ကျောင်းတော်၌ ပုထုဇဉ် ရဟန်းတစ်ပါးသည် သင့်လျော်လျောက်ပတ်ရာ နေရာ၌ရှိ၏။ ထိုရဟန်းသည်လည်း ရဟန္တာ ၆၀ တို့ နည်းတူ မာတိကမာတာကို အမှီပြု၍ ရဟန္တာဖြစ်အောင် တရားအားထုတ် လို၏။ ထိုရဟန်းတော်သည်လည်း ရဟန္တာတို့နည်းတူ အညတရအနေဖြင့်ပင် သာသနာတော်မှတ်တမ်း၌ မှတ်တမ်းတင်ခံရသူဖြစ်၏။ အညတရအနေဖြင့် မှတ်တမ်းတင်ခံရသော်လည်း ထိုရဟန်းသည် အဘိညာဉ် ၆ ပါးနှင့် သမာပတ် ၈ ပါးတို့ဖြင့် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုသွားတော်မူသော ရဟန္တာတစ်ပါး ဖြစ်သည်။

ထို့ကြောင့် ထိုရဟန်းသည် သာသနာတော်၏ အကျိုးစီးပွားအတွက် ဆောင်ရွက်ရာ၌ လုပ်ငန်းအနေဖြင့်ဆိုရလျှင် အညတရမဟုတ်။ သို့ရာတွင် ထင်ပေါ်ကျော်ကြားမှုအနေဖြင့် ဆိုရလျှင်မူ အညတရမှ တကယ့်ကို အညတရ ဖြစ်၏။ သာသနာတော်သမိုင်း၌ အစဉ်အဆက်ကြည်ညိုနှင့်ရလေအောင် မိမိ၏ အမည်ကိုမျှပင် ထုတ်ဖော်၍ မပြောပြသူ ဖြစ်ပါ၏။ ဤသည်ကိုပင် "အပ္ပိစ္ဆ" ဟူ၍ ဆိုရ၏။ "အပ္ပိစ္ဆ"၏ အနက်မှာ အလိုနည်းခြင်း ဖြစ်၏။ အမှန်အားဖြင့် အလိုနည်းလေလေ မိမိ၏ လုပ်ငန်းကို ဆောင်ရွက်ရာ၌ လောဘကို သတ်နိုင်လေလေ ဖြစ်ပါ၏။ လောဘကို အောင်နိုင်သည်နှင့်အမျှ လောကကို အောင်နိုင်၏။ လောကကို အောင်နိုင်ခြင်းဟူသည်မှာ သမုဒယသစ္စာကို ပယ်သတ်နိုင်ခြင်း ဖြစ်၏။ သမုဒယသစ္စာကို ပယ်သတ်နိုင်ခြင်းသည် နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း ဖြစ်၏။ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းသည် လောကကို အောင်နိုင်ခြင်းဖြစ်၏။

အမှန်အားဖြင့် အညတရ၏ "အရသာ"သည် အလွန်ပင် နှစ်သက်ဖွယ် ဖြစ်၏။ နှစ်သက်ဖွယ်ဖြစ်သော်လည်း နှစ်သက်ဖွယ် ဖြစ်ကြောင်း အသိအမှတ်ပြုသူ နည်းပါးလှ၏။ ထို့ကြောင့် လုပ်ငန်းတစ်ခုကို ဆောင်ရွက်ရာ၌ ထင်ပေါ်ချင်သူတ များကြခြင်း ဖြစ်၏။ သို့ရာတွင် လုပ်ငန်းတစ်ခုကို ဆောင်ရွက်ရာ၌ မိမိ၏

http://www.cherrythitsar.org



ဆောင်ရွက်ချက်ကို အသိမပေးဘဲ နောက်ကွယ်မှနေပြီး ကျိတ်၍ တိတ်တိတ်ပုန်း ဆောင်ရွက်လို သူများသည်နှင့်အမျှ ထိုလုပ်ငန်းသည် အောင်မြင်မှု ကြီးမားပါ၏။ အမှန်အတိုင်းဆိုရပါလျှင် ယနေ့တိုင်အောင် သာသနာတော် သန့်ရှင်း၊ တည်တံ့၊ ပြန့်ပွားနေခြင်းသည် အညတရ ရဟန္တာများနှင့် အညတရ ဖြစ်တော်မူသော သီလဝန္တ ပုထုဇဉ် ရဟန်းတော်များ၏ ဂုဏ်တော်၊ ကျေးဇူးတော်တို့ အပေါ်၌ များစွာပင် အမှီပြုလေ၏။

"နည်းနည်း အမည်ခံ၊ များများလုပ်" ဟူသော ခံယူချက်ကို ထိုရဟန်းသည် ကျေနပ်သူဖြစ်၏။ ထို့ကြောင့် သာသနာတော်သမိုင်း၌ မိမိ၏ အမည်မျှကိုပင် လုံးဝခံယူခြင်းမရှိဘဲ "အညာတိည ရဟန္တာ" အဖြစ်သို့ ရောက်အောင် အညတရ အမည်ဖြင့် အလုပ်ကို လုပ်ခဲ့သူဖြစ်၏။ ထိုကဲ့သို့ အလုပ်ကို လုပ်ခဲ့ခြင်းမှာ သာသနာတော်၏ အကျိုးစီးပွားအတွက် ဖြစ်၏။ သာသနာတော်၏ အကျိုးစီးပွားအတွက် ဟူသည်မှာလည်း လောက၏ အကျိုးစီးပွား အတွက်ပင် ဖြစ်၏။ အမှန်အားဖြင့် ကိလေသာ အညစ်အကြေး ကုန်ခမ်းပြီးသော ရဟန္တာတို့၏ သက်ဆုံးတိုင် ဆောင်ရွက်မှု မှန်သမျှတို့သည် လောက၏ အစီးအပွားအတွက်သာ ဖြစ်၏။ သူ၏ အစီးအပွားအတွက်မဟုတ်။ သူ၏ အစီးအပွားသည် ကိလေသာ အာသဝေါ ကုန်ခမ်းစဉ်ကပင် ပြီးစီးခဲ့ပြီဖြစ်၏။ ပြည့်စုံခဲ့ပြီး ဖြစ်လေ၏။

ထို့အပြင် အညတရရဟန်းသည် လောက၏အကျိုးစီးပွားကို အချိန်မဆွဲဘဲ ကျနေရာမှ ကျရာတာဝန်ဖြင့် မြန်မြန်ဆန်ဆန်ဆောင်ရွက်လိုပါက ထင်ပေါ်ကျော်ကြားမှု၌ မတွယ်တာကြရန် မိမိအနေဖြင့် လောကအား စံနမူနာပြလိုသော ဆန္ဒလည်း ရှိ၏။ ထင်ပေါ်ကျော်ကြားခြင်းဟူသည် တကယ်တော့ မာန်နတ်၏ ပထမတာပ်မကြီးနှင့် တိုက်ရခြင်း ဖြစ်၏။ အန္တရာယ်ကြီး၏။ ထိုသို့တိုက်ရာတွင် မိမိက အနိုင်ရချင်တိုင်း ရနိုင်သည် မဟုတ်။ လောကက အကူအပံ့ ပေးမှသာ ရနိုင်ခြင်းဖြစ်၏၊ ထို့အပြင် လောကလ အကူအပံ့ပေးနိုင်အောင် ရှေးဆုတောင်း ကောင်းမှု ရှိဖို့လည်းလို၏။ ပစ္စက္ခ ကြိုးစားမှုလည်းလို၏။ မှီခိုရာ ဥပနိဿယ ကောင်း ရှိဖို့လည်း လို၏။ ဆောင်ရွက်ပိုင်ခွင့် ရှိရာအနေရာ ဖြစ်ဖို့လည်း လို၏။ ဤအင်္ဂါလေးရပ်နှင့် ပြည့်စုံမှုဖြစ်၏။ ဤအင်္ဂါလေးရပ် ပြည့်စုံမှုကို စတုစက္က သမ္ပတ္တိ စက်လေးပါးနှင့် ပြည့်စုံမှုဟူ၍ ဆိုရ၏။

အညတရ ရဟန်းသည် လောက၏အကျိုးစီးပွားကို ဖြစ်နိုင်သမျှ အမြန်ဆုံးဆောင်ရွက်နိုင်ရန်အတွက် ထင်ပေါ်ကျော်ကြားမှု၌ ဆန္ဒမပြုဘဲ အညတရ အနေဖြင့်ပင် ကျေနပ်ပြီး၊ အညတရအနေဖြင့်ပင် တရားထူးရကာ အညတရ အနေဖြင့် ပရိနိဗ္ဗာန်ပြုသွားတော်မူခြင်းဖြစ်၏။ အမှန်အားဖြင့် လူ့ဘဝ တစ်သက်

http://www.cherrythitsar.org



လျှာ ဟူသည်မှာ သံသရာသက်တမ်းနှင့် နှိုင်းစာလိုက်လျှင် သမုဒ္ဒရာ ရေမျက်နှာထက် ခဏတက်သည့် ရေပွက်ပမာမျှသာရှိပါ၏။ တိတိကျကျ ဆိုရလျှင်လူ့ဘဝသက်တမ်းသည် ရေပွက်ပမာမျှလောက်ပင် ကြာလိုက်သည်မဟုတ်။ ဤသဘောကို အညတရ ရဟန်းသည် ကောင်းစွာ သဘောပေါက်၏။ ထို့ကြောင့် မာတိကရွာသို့သွားကာ မာတိကမာတာကို အမှီပြု၍ တရားအားထုတ်လိုခြင်း ဖြစ်၏။ မြန်မြန်ရဟန်းကိစ္စပြီးမှ မိမိ၏ အကျိုးမပါဝင်တော့တဲ့ မြန်မြန် လောက၏ အစီးအပွားသက်သက်ကိုသာ ဆောင်ရွက်နိုင်မည် မဟုတ်ပါလား။ ထို့ကြောင့် အညတရ ရဟန်းသည် မြတ်စွာဘုရားအား လျှောက်ထားပြီး မြတ်စွာဘုရားထံမှ ကမ္မဋ္ဌာန်းကိုတောင်းကာ မြတ်စွာဘုရား ခွင့်ပြုချက်ဖြင့် မာတိကရွာသို့သွားရန် ဆုံးဖြတ်လိုက်၏။

ထို့နောက် အညတရရဟန်းသည် မြတ်စွာဘုရားအား အကျိုးအကြောင်းကို သွားရောက် လျှောက်ထား၏။ မြတ်စွာဘုရားသည် အညတရ ရဟန်း၏ ဣန္ဒြေ အနုအရင့်ကိုကြည့်ပြီး အညတရ ရဟန်း၏ စရိုက်နှင့် လျော်ညီသော ကမ္မဋ္ဌာန်းကို ပေး၍ခွင့်ပြုလိုက်၏။ အညတရရဟန်းသည် မာတိကရွာသို့တရားအားထုတ်ရန် သွားလေ၏။

အညတရ ရဟန်းသည် မာတိကရွာသို့ ရောက်၏။ မိမိ သီတင်းသုံးမည့် ကမ္မဋ္ဌာန်းကျောင်းကို ကြည့်၏။ ကမ္မဋ္ဌာန်းကျောင်း၌ သီတင်းသုံးသည့် ရဟန်းမရှိသဖြင့် အမှိုက်သရိုက်များသည် စုပုံလျက်ရှိ၏။ အညတရ ရဟန်းကလည်း ခရီးပန်းလာသဖြင့် ကျောင်းကို သုတ်သင်နိုင်ခြင်းမရှိဘဲ ဖြစ်သလို သီတင်းသုံးရ၏။ ထို့နောက် "ကျောင်းကို သုတ်သင်မည့်သူကို မာတိကမာတာ လွှတ်ပေးလျှင် ကောင်းလေစွ" ဟု၍ အညတရ ရဟန်းက စိတ်ဖြင့်တောင့်တလိုက်၏။ ထိုတောင့်တချက်ကို မာတိကမာတာက သိသဖြင့် လူတစ်ယောက်ကို စေလွှတ်ပြီး ကမ္မဋ္ဌာန်းကျောင်းကို သုတ်သင်ရှင်းလိုက်၏။

ထို့နောက် အညတရ ရဟန်းက "မာတိကမာတာသည် သကာအဖျော်ကို လူလွှတ်၍ ကျောင်းသို့ လှူလိုက်လျှင် ကောင်းလေစွ" ဟု၍ စိတ်ဖြင့်တောင့်တလိုက်ပြန်၏။ မာတိကမာတာလည်း သကာအဖျော်ရည်ကို စီရင်၍ ကျောင်းသို့ လူလွှတ်ပြီး အလှူခိုင်းလိုက်ပြန်၏။

ထို့နောက် အညတရ ရဟန်းက နက်ဖြန်နံနက်စောစော၌ မာတိကမာတာသည် ယာဂုနှင့် ဟင်းလျာကို စီရင်၍ ကျောင်းသို့ အပို့ခိုင်းပါမူ ကောင်းလေစွဟု၍ စိတ်ဖြင့်တောင့်တပြန်၏။ မာတိကမာတာလည်း အညတရ ရဟန်းအလိုရှိသည့်အတိုင်း ယာဂုနှင့်ဟင်းလျာကို စီရင်၍ လူလွှတ်ပြီး ပို့ခိုင်းလိုက်ပြန်၏။

http://www.cherrythitsar.org



ထို့နောက် အညတရရဟန်းက "မာတိကမာတာသည် ငါ၏ နေ့ဆွမ်းအတွက် ခံဖွယ်သောစဉ်ကို စီစဉ်၍ ကျောင်းသို့အပို့နိုင်းပါမူ ကောင်းလေစွ ဟူ၍ စိတ်ဖြင့်တောင့်တပြန်၏။ မာတိကမာတာလည်း အညတရ ရဟန်း တောင့်တသည့်အတိုင်း ခံဖွယ်သောစဉ်ကို စီစဉ်၍ လှူလှူတ်ပြီး ပို့နိုင်း လိုက်ပြန်၏။

မာတိကမာတာသည် ငါတောင့်တတိုင်း၊ တောင့်တတိုင်း အလုံးစုံကို လှူလှူတ်ပြီး ပေးပို့လှူဒါန်းသည်ချည်းဖြစ်၏၊ သို့ရာတွင် မာတိကမာတာကို မတွေ့ဖူးသေး။ သို့ဖြစ်၍ သည်တစ်ကြိမ်တော့ မာတိကမာတာ ကိုယ်တိုင်လာ၍ ဆွမ်းကပ်ပါမူ ကောင်းလေစွဟူ၍ စိတ်ဖြင့်တောင့်တ လိုက်၏။ မာတိကမာတာ လည်း အညတရ ရဟန်းတောင့်တသည့်အတိုင်း ကျောင်းသို့ ကိုယ်တိုင် လာပြီး ဆွမ်းကပ်လေ၏။ အညတရ ရဟန်းသည် ဆွမ်းဘုဉ်းပေးပြီးနောက် မာတိကမာတာအား ဤသို့ မေးမြန်းလေ၏။

"မာတိကမာတာ ဆိုတာ ဒါယိကာမကြီးလား"

ထိုအခါ မာတိကမာတာလည်း ဟုတ်မှန်ကြောင်း ပြန်လည် လျှောက် ထားလျှင် အညတရ ရဟန်းက–

"ဒါယိကာမကြီးသည် သူတစ်ပါး၏ စိတ်အကြံကို သိပါသလား" ဟု မေးမြန်းပြန်ရာ မာတိကာမာတာက–

"ဘာကြောင့် ဒီလိုမေးပါသလဲ ဘုရား" ဟူ၍ ပြန်လည် လျှောက်ထား လေ၏။ ထိုအခါ အညတရရဟန်းက ဘာကိုပဲ စိတ်ထဲက တောင့်တ တောင့်တသည့်အခါတိုင်း ဒါယိကာမကြီးသည် ဆောင်ရွက်ပေးသည်ချည်း ဖြစ်၏။ ထို့ကြောင့် မေးမြန်းခြင်း ဖြစ်သည်ဟူ၍ ပြန်ပြောလျှင်၊ မာတိကာမာတာ ကလည်း "အရှင်ဘုရား၊ သူတစ်ပါး၏ စိတ်အကြံကို သိသူများသည် ဤလောက၌ များစွာပင် ရှိပါ၏" ဟူ၍ ပြန်ကြားလျှောက်ထားလေ၏။ ထိုအခါ အညတရ ရဟန်းကလည်း "ဒါယိကာမကြီး သူတစ်ပါးကို မေးခြင်းမဟုတ်၊ ဒါယိကာမ ကြီးကိုသာ မေးခြင်းဖြစ်သည်"ဟူ၍ အတင်းအကျပ် မေးသော်လည်း မာတိက မာတာသည် "တပည့်တော် သူတစ်ပါး၏ စိတ်အကြံကို သိပါသည်" ဟူ၍ တိုက်ရိုက်ဖြေဆိုခြင်းမရှိဘဲ "သူတစ်ပါး၏စိတ်အကြံကို သိသူများသည် ဤသို့ ပြုတတ်ကြပါသည်ဘုရား" ဟူ၍ သွယ်ဝိုက်ပြီးသာ ဖြေကြားလေ၏။

အမှန်အားဖြင့် သူတော်ကောင်းတို့မည်သည် မိမိ၏ဂုဏ်ကို ထုတ်ဖော် ပြောဆိုခြင်း မပြုကြ။ အနာဂါမ်ဖြစ်သော မာတိကမာတာ အနေဖြင့် "မိမိသည် သူတစ်ပါး၏ စိတ်အကြံကို သိပါသည်"ဟူ၍ အာသယ်သို့လျှင် ထုတ်ဖော်ပြောဆို

http://www.cherrythitsar.org



ပါလေမည်နည်း။ ထို့ကြောင့်ပင် လောကနီတိဆရာက "အတ္တဂုဏ ပကာသနံ နာမ ဟီန လက္ခဏံ–မိမိ၏ ဂုဏ်ကို ထုတ်ဖော်ပြောဆိုခြင်းမည်သည် သူယုတ်မာ၏ လက္ခဏာ ဖြစ်သည်" ဟု ဆိုခြင်း ဖြစ်ပါသည်။

ထိုအခါ အညတရ ရဟန်းများစွာ ထိတ်လန့်သွား၏။ မိမိကိုယ်ကိုလည်း မယုံ။ မာတိကမာတာသည် တိုက်ရိုက် ထုတ်ဖော်မပန်ခဲ့သော်လည်း သူတစ်ပါး၏ စိတ်အကြံကို သိလည်ကား အမှန်။ မိမိအနေဖြင့် ပုထုဇဉ်တို့အနေဖြင့် ဓမ္မတာအရ မိမိတို့စိတ်ကို မိမိတို့နိုင်ကြသည် မဟုတ်။ သင့်လျော်သည်ကိုလည်း တွေးတတ်၏။ မသင့်လျော်သည်ကိုလည်း တွေးတတ်၏။ အကယ်၍ မသင့်လျော်သည်ကို တွေးမိပါက ရှက်စရာ မကောင်းပါလော။ ထို့ကြောင့် ဤကျောင်းမှ ထွက်ခွာခြင်းသည်ပင်လျှင် မိမိအတွက် အကောင်းဆုံး ဖြစ်ချေမည်ဟု ဆုံးဖြတ်ပြီး မာတိကမာတာအား မိမိသည် ဤကမ္မဋ္ဌာန်းကျောင်း၌ မနေတော့ဘဲ သာဝတ္ထိပြည် ဇေတဝန်ကျောင်း မြတ်စွာဘုရားထံသို့ ပြန်တော့မည်ဟူ၍ ပြောဆို၏။

မာတိကမာတာက တားသော်လည်း အညတရ ရဟန်းသည် မာတိကရွာ၊ မာတိကမာတာကို အမှီပြု၍ မနေရဲတော့။ အညတရ ရဟန်းသည် ပုထုဇဉ် ဖြစ်သော်လည်း သီလစင်ကြယ်၏။ ပါရမီရင့်၏။ ထို့ကြောင့်ရှက်၏။ ကြောက်၏။ ရှက်ခြင်း ဟူသည်မှာ မိမိ၏ ပုထုဇဉ်သိက္ခာကို အကြောင်းပြု၍ ရှက်ခြင်း ဖြစ်၏။ ယင်းကို "ဟိရီ"ဟူ၍ ဆိုရ၏။ ကြောက်ခြင်းဟူသည်မှာ မာတိကမာတာ၏ သူတစ်ပါး စိတ်အကြံကို သိနိုင်မှုကို အကြောင်းပြု၍ ကြောက်ခြင်း ဖြစ်၏။ ယင်းကို"ဩတ္တပ္ပ"ဟူ၍ဆိုရ၏။ အမှန်အားဖြင့် ရှက်ခြင်းနှင့် ကြောက်ခြင်းသည် ကုသိုလ်သဘောဖြစ်၏။ ထို့ကြောင့် ရှက်တတ်သူ၊ ကြောက်တတ်သူ များကို "သူတော်ကောင်းများ"ဟူ၍ ဆိုရ၏။ ဤနေရာ၌ ရှက်ခြင်းနှင့် ကြောက်ခြင်းဟူသည်မှာ မကောင်းမှုမှ ရှက်ခြင်းနှင့် ကြောက်ခြင်း ဖြစ်၏။ အခြားသော ရှက်ခြင်းနှင့် ကြောက်ခြင်းမျိုးမဟုတ်။

ထို့နောက် အညတရရဟန်းသည် မာတိကာရွာမှ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ ပြန်လာ၏၊ ဇေတဝန်ကျောင်းတော်သို့ ရောက်လျှင် မြတ်စွာဘုရားအား အကျိုးအကြောင်းအပြည့်အစုံကို လျှောက်ထား၏။ ထိုအခါ မြတ်စွာဘုရားက အညတရရဟန်းအား မာတိကရွာ ကမ္မဋ္ဌာန်းကျောင်းသို့သာ ပြန်သွားရန် ဆုံးမဩဝါဒ ပေးတော်မူ၏။ အမှန်အားဖြင့် အညတရရဟန်းအား မာတိကရွာ၊ မာတိကမာတာကို ဥပနိဿယပြု၍အားထုတ်မှသာ ရဟန္တာအဖြစ်သို့ရောက်မည် ဖြစ်ကြောင်း မြတ်စွာဘုရားက သိတော်မူသဖြင့် အညတရ ရဟန်းအား မာတိကရွာသို့ ပြန်သွားရန် ညွှန်ကြားခြင်း ဖြစ်၏။

http://www.cherrythitsar.org



ထို့နောက် မြတ်စွာဘုရားက အညတရ ရဟန်းအား အခြားပြင်ပ မည်သည့်အာရုံကိုမျှ အာရုံမပြုဘဲ မိမိ၏ စိတ်ကိုသာ အာရုံပြု၍ ဝိပဿနာရှုမှတ်ပွားများနေလျှင် မာတိကမာတာကို ကြောက်စရာမလိုကြောင်း မိန့်ကြားပြီး ထိုကဲ့သို့ပွားရန် အောက်ပါဂါထာဖြင့် စိတ္တာနုပဿနာ သတိပဋ္ဌာန် ဒေသနာတော်ကို ဟောကြားတော်မူလိုက်၏။

– **စိတ်သည် ဆုံးမရန် အလွန်ခက်၏။ အလွန် လျင်မြန်၏။ ရောက်ချင်ရာသို့ ရောက်တတ်၏။**
– **ထိုစိတ်ကို ယဉ်ကျေးအောင် ဆုံးမနိုင်လျှင် ကောင်း၏။ ယဉ်ကျေးသော စိတ်သည် ချမ်းသာကို ဆောင်နိုင်၏။**

ထိုဒေသနာတော်ကို နာကြားရသော ပရိသတ်တို့တွင် အချို့က ဥပါသကာ အဖြစ်သို့ ရောက်ကြ၏။ ထို့ကြောင့် ထိုဒေသနာတော်သည် တရားနာ ပရိသတ်အတွက်များစွာ အကျိုးရှိသော ဒေသနာတော် ဖြစ်ပါ၏။

စိတ်ဟူသည် ယဉ်ကျေးအောင် ဆုံးမရန်အလွန်ခက်၏။ စိတ်ကို သူ့အလို အတိုင်း အထိန်းအကွပ်မရှိဘဲ လွှတ်ပေးခြင်းအားဖြင့်လည်း ဆုံးမရန်မသင့်။ ထိုသို့ ဆုံးမသောနည်းသည်လည်း မှန်ကန်သောနည်းမဟုတ်။ ထို့ကြောင့်ထိုနည်း ဖြင့်စိတ်ကို ယဉ်ကျေးအောင် ဆုံးမပါကလည်း ထိုသို့ ဆုံးမခြင်းဖြင့် စိတ်သည် ယဉ်ကျေးမလာဘဲပို၍ ရိုင်းသွားမည် ဖြစ်၏။ ပို၍ ရိုင်းသည်နှင့်အမျှ ပို၍လည်း ထကြွသောင်းကျန်း လာမည်ဖြစ်၏။ ထို့ကြောင့် ထိုဆုံးမနည်းသည် "အစွန်း" ရောက်သော ဆုံးမနည်းဖြစ်၏။ ထိုသို့သော အစွန်းရောက် ဆုံးမနည်းကို ကာမသုခလ္လိကာနုယောဂနည်း၌ အကျုံးဝင်၏ ဟူ၍ ဆိုရ၏။

စိတ်ကို ယဉ်ကျေးလာအောင် အတင်းအဓမ္မ ဖိနှိပ်ချုပ်ချယ်ပြီး ဆုံးမ၍ လည်းမရ။ ထိုသို့ အတင်းအဓမ္မ ဖိနှိပ်ချုပ်ချယ်ပြီး ဆုံးမလိုက်ပါကလည်းထိုသို့ ဆုံးမခြင်းသည် စိတ်၏သဘာဝကို တိုက်ခိုက်ရာ ရောက်၏။ အမှန်အားဖြင့် သဘာဝသည် အတိုင်းမသိ ကြီးမားသော စွမ်းအင်ရှိ၏။ ထို့ကြောင့် သဘာဝကို တိုက်ခိုက်လျှင် တန်ပြန်သက်ရောက် "အား"၏ နိယာမ သဘာဝကလည်း ပြန်လည်တိုက်ခိုက်လာမည် ဖြစ်၏။ ထိုအခါ စိတ်သည် ယဉ်ကျေးမလာသည့် အပြင် ကသောင်းကနင်း ဖြစ်လာမည်ဖြစ်၏။ ကသောင်းကနင်း ဖြစ်ခြင်းဟူသည်မှာ စိတ်၌ ရောဂါရခြင်းပင်ဖြစ်၏။ စိတ်၌ ရောဂါရလျှင် စိတ္တဇဝေဒနာရှင် စာရင်းသို့ ရောက်သွားနိုင်၏။ ထို့ကြောင့် မိမိ၏စိတ်ကို ယဉ်ကျေးလာစေရန် အတင်းအဓမ္မ ဖိနှိပ်ချုပ်ချယ်၍ ဆုံးမသောနည်းသည်လည်း မှန်ကန်သောနည်း မဟုတ်။ အစွန်းရောက်သောနည်းသာလျှင် ဖြစ်၏။ ထိုနည်းသည် အတ္တကိလမထာနုယောဂ၌ အကျုံးဝင်၏။

http://www.cherrythitsar.org



ထို့ကြောင့် စိတ်သည် ဆုံးမရ အလွန်ခက်သော စိတ်ဆိုသော စိတ် ဖြစ်ပါ၏။ သို့ဖြစ်လေရာ စိတ်ကို ယဉ်ကျေးအောင်ဆုံးမရာ၌ မဇ္ဈိမပဋိပဒါကျင့်ဖို့ လို၏။ မဇ္ဈိမပဋိပဒါ ကျင့်ပါမှလည်း ဆုံးမနည်းမှန်ကန်ပြီး စိတ်သည် ယဉ်ကျေးလာမည် ဖြစ်၏။ မဇ္ဈိမပဋိပဒါကျင့်သော ဆုံးမနည်းဟူသည်မှာ စိတ္တာနုပဿနာ သတိပဋ္ဌာန်နည်း ဖြစ်၏။

စိတ္တာနုပဿနာအရ စိတ်ကို ဆုံးမသောအခါ စိတ်၏ သဘာဝကို သိထားဖို့ လို၏။ စိတ်၏ သဘာဝကို သိထားလျှင် စိတ်ကို မဇ္ဈိမပဋိပဒါဖြင့် ယဉ်ကျေးအောင် ဆုံးမနိုင်၏။ စိတ်၏ သဘာဝမှာ ဒေသနာတော်အရဆိုလျှင် စိတ်သည် အလွန်လျင်မြန်၏။ တစ်ခုသော ခဏအတွင်း၌ပင် စိတ်သည် ကုဋေ တစ်သိန်းခန့် ဖြစ်နိုင်၏။ ချုပ်နိုင်၏။ စိတ်သည် ထိုမျှလောက် မြန်ပါ၏။

ထို့အပြင် စိတ်သည် သွားချင်ရာသွားတတ်၏၊ "ဒီအရပ် မကောင်းဘူး၊ မသွားနဲ့" ဟူ၍လည်း တားဆီး၍မရ။ လှစ်ခနဲပြေးသွားတတ်၏။ "ဒီအရပ်က ကောင်းတယ်၊ ဒီအရပ်မှာနေ"ဟူ၍လည်း တိုက်တွန်း၍မရ။ မိမိထားရာ အရပ်မှ ဖြုန်းခနဲ ထွက်ပြေးသွားတတ်၏။ တစ်ခါတစ်ရံ မိမိစိတ်သည် ဘယ်ရောက် သွားမှန်းပင် မသိလိုက်။ အမှန်အားဖြင့် စိတ်သည် ထားရာမှာနေချင်လည်း နေ၏။ မနေချင်လည်း မနေ။ မထားရာမှာ မနေချင်လည်းမနေ။ နေချင်လည်း နေ၏။ ထို့အပြင် မိမိက ထားထား မထားထား၊ စိတ်သည် သူနေချင်သလို နေ၏။ သူသွားချင်သလိုသွား၏။ သူ့သဘော၊ သူ့ဆန္ဒ၊ သူဇောကရာဇ်။ ဤသည် မှာ စိတ်၏သဘာဝ ဖြစ်၏။

မသိလျှင် ခက်၏။ သိလျှင်လွယ်၏။ မသိခြင်းသည် အဝိဇ္ဇာ ဖြစ်၏။ သိခြင်းသည် ဝိဇ္ဇာ ဖြစ်၏။ ထို့ကြောင့် မိမိစိတ်ကို မိမိကသိအောင် သတိဖြင့် အမြဲတမ်း စောင့်ကြည့်အပ်၏။ သွားချင်ရာ သွားပါစေ၊ ကိစ္စမရှိ။ သွားမှန်းသိဖို့သာ လို၏။ လောဘအရပ်သို့ သွားလျှင် လောဘအရပ်သို့ သွားမှန်းသိအောင် ဒေါသ အရပ်သို့ သွားလျှင်လည်း ဒေါသအရပ်သို့ သွားမှန်းသိအောင်၊ မောဟအရပ်သို့ သွားလျှင်လည်း မောဟအရပ်သို့ သွားမှန်းသိအောင်၊ ထို့ပြင် ကုသိုလ်အရပ် သို့သွားလျှင်လည်း ကုသိုလ်အရပ်တစ်ခုခုသို့ သွားမှန်းသိအောင် အယုတ်ဆုံး အားဖြင့် မိမိ၏စိတ် ဘယ်ရောက်သွားမှန်း မသိလျှင်တောင်မှဘယ် ရောက်သွားမှန်း မသိသည့်သဘောကိုပင် သိအောင် သတိဖြင့်စိုက်၍ အားထုတ် အပ်၏။ ထိုအခါ မိမိစိတ်သည် မိမိကို လှည့်ပတ်၍ မရတော့။ မိမိ၌ လောဘ စိတ် ဖြစ်လျှင်လည်း လောဘစိတ်ဖြစ်မှန်းကို သိလာ၏။ ဒေါသစိတ် ဖြစ်လျှင် လည်း ဒေါသစိတ်ဖြစ်မှန်းကို သိလာ၏။ မောဟစိတ် ဖြစ်လျှင်လည်း မောဟစိတ်

http://www.cherrythitsar.org



ဖြစ်မှန်းကို သိလာ၏။ ကုသိုလ်စိတ် တစ်ခုခု ဖြစ်နေလျှင်လည်း ကုသိုလ်စိတ် တစ်ခုခု ဖြစ်မှန်းကိုသိလာ၏။ အယုတ်ဆုံးအားဖြင့် ဘာစိတ်ဖြစ်နေမှန်း မသိလျှင်လည်း ဘာစိတ် ဖြစ်နေမှန်း မသိ။ မသိစေကာမူ ထို အတိအကျ မပြောနိုင်သော အာရုံ တစ်ခုခုကို သိနေသောစိတ် ဖြစ်နေမှန်းသိလာ၏။ စိတ္တာနုပဿနာ သတိပဋ္ဌာန် ဟူသည်မှာ မိမိစိတ်က သိနေသော သိစရာအာရုံပိုင်းကို ပဓာနထား၍ အာရုံမပြုဘဲ ထို သိစရာ အာရုံတစ်ခုခုကို သိတတ်သော အာရမ္မဏိက ဖြစ်သော မိမိ၏ စိတ်ကိုသာ ပဓာနထား၍ အာရုံပြုပြီး သိနေခြင်း ဖြစ်၏။ အာရမ္မဏိက ဖြစ်သော စိတ်က အာရုံပြန်ဖြစ်နေခြင်း ဖြစ်၏။

ထိုအခါသူ၏အာရုံသည် စိတ်သာဖြစ်တော့သည်။ အမှန်အားဖြင့် အာရုံပိုင်းနှင့် အာရမ္မဏိကပိုင်းတွင် အာရမ္မဏိကပိုင်းကို ပဓာနထား၍ ရှုမှတ်လျှင် ယင်း၏ အာရုံပိုင်းလည်း အလိုလို ပါဝင်ပြီးသား ဖြစ်လာ၏။ အာရမ္မဏိကပိုင်း ဟူသည်မှာ စိတ်ပင်ဖြစ်၏။ စိတ်ဟူသည် အာရုံနှင့် ကင်း၍မဖြစ် သောကြောင့် စိတ်ဖြစ်သည် ဆိုကတည်းက ယင်းအနေဖြင့် အာရုံပြုရာ အာရုံတစ်ခုခု သည် မလွဲသာ၊ မရှောင်သာ ပါဝင်ပြီးသား ဖြစ်၏။ ထို့ကြောင့် စိတ်ကိုပဓာန ထား၍ သတိဖြင့်ရှုမှတ်ပါက ထိုစိတ်၏အာရုံကိုလည်း အလိုအလျောက် အပဓာန အားဖြင့် ရှုမှတ်ပြီးသား ဖြစ်လေ၏။ ထိုသို့ရှုမှတ်ရာတွင် သတိ၊ ဝီရိယ၊ သမာဓိ ဟူသော သမာဓိမဂ္ဂင်သုံးပါး "အား"မကောင်းမီ "အသိ" ကျဲသော်လည်း ယင်းမဂ္ဂင်သုံးပါး အားကောင်းလာသည်နှင့်အမျှ "အသိ"သည် စိပ်စိပ်လာမည် ဖြစ်၏။ ယင်းမဂ္ဂင်သုံးပါးတွင် သတိပဋ္ဌာန် ဆိုသည့်အတိုင်း "သတိ"သည် ပြဋ္ဌာန်း၏။ "သတိ" ပြဋ္ဌာန်းသည်နှင့်အမျှ ဝီရိယသည်လည်း သမ္မပ္ပဓာန် ထိုက်အောင် ပြဋ္ဌာန်းဖို့လို၏၊ သတိနှင့် ဝီရိယ အားကောင်းလာလျှင် သမာဓိ ဝင်လာမည်။ သမာဓိဝင်လာလျှင် ပညာဝင်လာမည်။ ပညာဝင်လာလျှင် "အသိ" စိပ်၍ စိပ်၍ လာမည်။ ထိုအခါ မိမိ၏ ရှေးစိတ်သည် ဘယ်ကိုပင် ပြေးပြေး၊ ဘယ်ကိုပြေးမှန်း မိမိ၏ နောက်စိတ်ကသိလာ၏။ ထိုအခါ မိမိ၏အရှုခံ "ရှေးစိတ်"နှင့် ရှုတတ်သော "နောက်စိတ်" နှစ်မျိုးလုံး အမြဲတစေ ဖြစ်နေ၊ ပျက်နေသည်ကိုပါ သိလာ၏။ ဤသို့ သိလာသည်ကိုပင် ယထာဘူတဉာဏ်ကို ရခြင်းမည်၏ ဟူ၍ ဆိုရ၏၊

ဖြစ်ပျက် မြင်လာသည်အထိ ယထာဘူတဉာဏ်ကို ရသောအခါ သင်္ခါရတရားတို့၌ ငြီးငွေ့သော နိဗ္ဗိဒါဉာဏ်သည် ဖြစ်ပေါ်လာလေ၏။ နိဗ္ဗိဒါဉာဏ် ဖြစ်ပေါ်လာသည်နှင့်အမျှ စိတ်သည်ယဉ်ကျေးလာ၏။ ထို့နောက် ဖြစ်, ပျက်တို့ ဆုံးရာ နိဗ္ဗာန်ကို မျက်မှောက်ပြုပြီး တဏှာခေါ်သော သမုဒယသစ္စာကို ပယ်နိုင်

http://www.cherrythitsar.org



သော ပိဋကဉာဏ်သည် ဖြစ်ပေါ်လာ၏။ ထိုအခါစိတ်သည် အလုံးစုံ ယဉ်ကျေးလေပြီ။ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာကို ရလေပြီ။

ဤဒေသနာတော်သည် စိတ္တာနုပဿနာ သတိပဋ္ဌာန်ဖြင့် ယထာဘူတဉာဏ်၊ နိဗ္ဗိဒါဉာဏ်၊ ပိဋကဉာဏ်၊ ပေါင်း ဉာဏ်သုံးပါးကို ရ၍ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုနိုင်ကြောင်းဖော်ပြသော ဒေသနာတော် ဖြစ်ပါ၏။

အညတရ ရဟန်းသည် မြတ်စွာဘုရားထံတော်မှ ဤဒေသနာတော်ကို ကြားနာပြီးနောက် မာတိကရွာ ကမ္မဋ္ဌာန်းကျောင်းသို့ ပြန်ကြွလာလေ၏။ ယခု အညတရ ရဟန်းသည် မာတိကမာတာကို မကြောက်တော့၊ သူ့၌ လက်နက်ကောင်း ရှိပြီ။ ထိုလက်နက်ကောင်းကား မြတ်စွာဘုရားပေးလိုက်သော စိတ္တာနုပဿနာ သတိပဋ္ဌာန် ဖြစ်၏။ အညတရ ရဟန်းသည် ကမ္မဋ္ဌာန်းကျောင်း၌ တရားအားထုတ်ရင်း မာတိကမာတာ လှူဒါန်းသော ဆွမ်းဥ်ကိုမှီဝဲကာ နှစ်ရက်၊ သုံးရက်အတွင်း၌ပင် ကိလေသာအာသဝေါ ကုန်ခမ်းသော ရဟန္တာမြတ် ဖြစ်သွားလေ၏။

ထို့နောက် အညတရ ရဟန္တာသည် "ယခု မာတိကမာတာကို အားကိုး ပြု၍ ရဟန္တာဖြစ်ခဲ့ရပြီ။ သံသရာ၌ကော မာတိကမာတာသည် ငါ၏ အားကိုးရာ ဖြစ်ခဲ့ဖူးသလော"ဟု ရှုးစမ်း ဆင်ခြင်လေသော်၊ မာတိကမာတာ သည် ၉၉ ဘဝတိုင်တိုင် သူ၏ ဇနီးဖြစ်ခဲ့ပြီး အခြားယောကျ်ားတစ်ပါး၌ တပ်မက်သော စိတ်ကြောင့် သူ့ကိုသတ်ခဲ့သည်ကို တွေ့ရ၏။ ထိုအခါ "မမ္မ သံဝေဂ" ဖြစ်လေ၏။ ထိုအချိန်တွင် မာတိကမာတာလည်း အညတရ ရဟန်း၏ အခြေအနေကို မိမိအိမ်မှနေ၍ ရှုးစမ်းဆင်ခြင်သောအခါ အညတရ ရဟန်းအနေဖြင့် ရဟန္တာ ဖြစ်သွားသည်ကို လည်းကောင်း၊ အတိတ်ကာလ ၉၉ ဘဝက မိမိက ထိုရဟန်း အား သတ်ခဲ့ဖူးသည်ကို သိမြင်၍ "မမ္မသံဝေဂ" ဖြစ်နေသည်ကို လည်းကောင်း သိမြင်လေ၏။

ထို့နောက် မာတိကမာတာက ဆက်၍ဆင်ခြင်သောအခါ ၁၀၀ မြောက် ဘဝ၌ ဤအညတရ ရဟန်းသည် မိမိ၏ ခင်ပွန်းဖြစ်၍ အညတရ ရဟန်းအတွက် မာတိကမာတာက အသက်စွန့်ခဲ့ရပုံကို မြင်ပြန်၏။ ထိုအခါ မာတိကမာတာက အညတရ ရဟန်းအား အိမ်မှပင်နေ၍ ရှေ့ဆက်ပြီးဆင်ခြင်တော်မူပါရန် လျှောက်ထားသောအခါ၊ အညတရ ရဟန်းသည် ဒိဗ္ဗသောတအဘိညာဉ်ဖြင့် မာတိကမာတာ၏ လျှောက်ထားသံကို ကြားရသဖြင့် ရှေ့ဆက်ပြီး ဆင်ခြင်သောအခါ ၁၀၀ မြောက်ဘဝ၌ မာတိကမာတာသည် မိမိ၏ဇနီးအနေဖြင့် မိမိအတွက် အသက်စွန့်သွားသည်ကို မြင်ရပြန်၏။ ထိုအခါ အညတရ ရဟန္တာသည် မိမိက

http://www.cherrythitsar.org



မာတာနှင့်ပတ်သက်၍ "မာတိကမာတာသည် ငါ့အပေါ် ကျေးဇူးပြုခြင်းကား အံ့ဖွယ်ရှိပေစွ" ဟူ၍ ဝမ်းမြောက်သဖြင့် မာတိကမာတာ၏ ကမ္မဋ္ဌာန်းကျောင်း၌ပင် မာတိကမာတာအား မဂ်လေးပါး၊ ဖိုလ်လေးပါးနှင့်ပတ်သက်၍ ပြဿနာ အရပ်ရပ်တို့ကို ဟောကြားတော်မူပြီး ပရိနိဗ္ဗာန် ပြုတော်မူ၏။

ဤဇာတ်လမ်းကား အလွန်ပင် ထူးဆန်းပါ၏။ ထို့ကြောင့်ပင် ကဝိလက္ခဏာ သတ်ပုံကျမ်း၌ "ကိုးဆယ့်ကိုးဇာတ်၊ ယောက်ျားသတ်၊ အကျွတ် မဂ် ဖိုလ်ဝင်" ဟူ၍ ဖော်ပြခြင်း ဖြစ်လေ၏။

## သာသနာတော်၌ ငြီးငွေ့သော ရဟန်းတော်တစ်ပါး

ဤဝတ္ထုသည်လည်း မြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ်ကာလက သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ တကယ်ပင်ဖြစ်ခဲ့သော သာသနာ့သမိုင်းဝင် ဝတ္ထု ဖြစ်ပါ၏။ သို့ရာတွင် သာသနာ့သမိုင်း၌မူ ဤဝတ္ထုသည် အညတရ အနေဖြင့်သာ မှတ်တမ်းတင်ခြင်း ခံရ၏။ ဤဝတ္ထုသည် အညတရအနေဖြင့်သာ မှတ်တမ်းတင်ခံရသော်လည်း သင်ခန်းစာ ရစရာအနေဖြင့်မူ အညတရ မဟုတ်။ အကယ်၍ အညတရဟူ၍ ဆိုပါလျှင်လည်း ထိုအညတရသည် သာသနာတော်၌ အများဆုံး တွေ့ကြုံရတတ်သော အညတရ ဖြစ်ပါ၏။

သာဝတ္ထိပြည်၌ သူဌေးသားတစ်ယောက်ရှိ၏။ သူဌေးသား ဆိုကတည်းက သူ၏ စားဝတ်နေရေးသည် အတော်အတန်မှ ပြည့်စုံ၏။ ထို့ကြောင့် သူ့ကို ချမ်းသာသူဟူ၍ လောကက သတ်မှတ်ထား၏။ လောက၏ သတ်မှတ်ချက်အရ ဆိုလျှင် သူဌေးသားသည် ချမ်းသာသူ ဖြစ်သည်။ သို့ရာတွင် သူဌေးသားကမူ သူ့ကိုယ်သူ ချမ်းသာသူဟူ၍ မသတ်မှတ်။ အမြဲဆင်းရဲသူ ဟူ၍သာ သတ်မှတ်၏။ ဤသို့ သတ်မှတ်ချက်ခြင်း ခြားနား၏။ လောကက ဗဟိဒ္ဓကိုကြည့်၍ သတ်မှတ်ခြင်း ဖြစ်၏၊ သူဌေးသားက အဇ္ဈတ္တကိုကြည့်၍ သတ်မှတ်ခြင်းဖြစ်၏။ ကြည့်ပုံခြင်း မတူသောအခါ မြင်ပုံခြင်းလည်း ခြားနားသွားလေ၏။

ချမ်းသာခြင်း ဟူသည်မှာ ငြိမ်းချမ်းခြင်း ဖြစ်၏။ ထို့ကြောင့် မြတ်စွာဘုရားကလည်း အမြင့်ဆုံးချမ်းသာကို သန္တိသုခဟူ၍ သမုတ်ထားခြင်း ဖြစ်၏။ သန္တိသုခ၏ အနက်မှာ ငြိမ်းချမ်းမှုချမ်းသာ ဟူ၍ ဖြစ်၏။ အဘိဓမ္မာ ဝေါဟာရအရဆိုလျှင် ချမ်းသာခြင်း ဟူသည်မှာ သုခဝေဒနာ၏ အမည်ဖြစ်၏။ သုခဝေဒနာ ဟူသည်မှာ ချမ်းသာကိုခံစားခြင်းဟူ၍ဖြစ်၏။ သို့ရာတွင် ပဋိစ္စသမုပ္ပါဒ် ဒေသနာ

http://www.cherrythitsar.org



တော်အရဆိုလျှင် ဝေဒနာပစ္စယာ တဏှာဟူ၍ ဆိုခြင်းကြောင့် သုခဝေဒနာ ဟူသည် စစ်မှန်သော ချမ်းသာမဟုတ်။ တဏှာဖြင့် စိစားရသော ချမ်းသာမျိုးသာ ဖြစ်၏။ "ဝေဒနာပစ္စယာ တဏှာ"မဟုတ်တော့ဘဲ" ဝေဒနာပစ္စယာ ပညာ (သမ္မာဒိဋ္ဌိ)"ဖြစ်ပါမှ စစ်မှန်သော ချမ်းသာ သန္တိသုခကို ရမည်ဖြစ်၏။ ဤသို့ သူဌေးသားက နားလည်၏။

သူဌေးသားသည် "ဝေဒနာပစ္စယာ ပညာ (သမ္မာဒိဋ္ဌိ)"ဖြစ်ပါမှ စစ်မှန် သော ချမ်းသာ သန္တိသုခကို ရနိုင်မှန်းတော့ သိပါ၏။ သို့ရာတွင် "ဝေဒနာပစ္စယာ ပညာ (သမ္မာဒိဋ္ဌိ)" ဖြစ်အောင် မည်သို့ လုပ်ရမှန်းတော့မသိ။ အမှန်အားဖြင့် သူဌေးသားသည် ဝေဒနာနုပဿနာ သတိပဋ္ဌာန်တရားကို မနာကြားဖူးသော ကြောင့် ထိုကဲ့သို့ ချမ်းသာစစ် ချမ်းသာမှန် သန္တိသုခ ရနည်းကို မသိခြင်းဖြစ်၏။

ထိုခေတ်က သာဝတ္ထိပြည်တွင် သာသနာတော် ထွန်းကားချိန် ဖြစ်သဖြင့် ဇေတဝန်ကျောင်းတော်၌ ရဟန်းတော်များ များစွာ သီတင်းသုံးလျက် ရှိကြ၏။ ထိုရဟန်းတော်များထဲမှ ရဟန်းတော်တစ်ပါးသည် သူဌေးသားနှင့်အကျွမ်းဝင်၏။ သူဌေးသားအိမ်သို့ ကြွလာလေ့ ရှိ၏။ ထို့ကြောင့် သူဌေးသားသည် မိမိ၏အိမ်သို့ ကြွလာလေ့ရှိသော ဆရာရဟန်းအား စစ်မှန်သော ချမ်းသာ သန္တိသုခ ရရာ ရကြောင်း နည်းလမ်းကောင်းကို မေးမြန်းလျှောက်ထား၏။ အမှန်အားဖြင့် သူဌေးသားသည် ဘဝဒုက္ခမှ လွတ်မြောက်လိုလှပြီ ဖြစ်၏။

သူဌေးသားသည် ဆရာရဟန်းအား ဘဝဒုက္ခမှလွတ်မြောက်မည့် ကျင့်စဉ် ကို မေးမြန်းလျှောက်ထားရာ "စာရေးတံစွမ်း လှူလျှင် ဘဝဒုက္ခမှ လွတ်မြောက် သည်" ဟု ဆရာရဟန်းက သူဌေးသားအား မိန့်ကြား၏။ သူဌေးသားသည် ဆရာရဟန်း မိန့်ကြားသည့်အတိုင်း စာရေးတံ ဆွမ်းကို လှူပါ၏။ သို့ရာတွင် ထိုသို့ လှူခြင်းအားဖြင့် ဝေဒနာပစ္စယာ ပညာ (သမ္မာဒိဋ္ဌိ) မဖြစ်ခဲ့။ ထိုသို့ မဖြစ်ခဲ့သောကြောင့် ဝေဒနာ၏ ဖြစ်ပျက်ကို မမြင်။ ဖြစ်ပျက်ကို မမြင်လျှင် ဝိပဿနာဉာဏ် မဖြစ်။ ဝိပဿနာဉာဏ်ကိုမျှ မရလျှင် မဂ်ဖိုလ်ကို မရ။ မဂ် ဖိုလ်ကိုမရလျှင် စစ်မှန်သောချမ်းသာ သန္တိသုခကို ရဖို့မရှိ။ ထို့ကြောင့် သူဌေးသား သည် မျက်မှောက်ချမ်းသာကို မတွေ့ခဲ့။ ထို့နောက် ဆရာရဟန်းက ဝါဆိုသင်္ကန်း ကိုလှူပါဆိုသဖြင့် ဝါဆိုသင်္ကန်းကို လှူပြန်၏။ သို့ရာတွင် သူလိုချင်သော ချမ်းသာကို မရခဲ့။ ထို့နောက် ဆရာရဟန်းက မိမိပိုင်ပစ္စည်း၏ သုံးပုံတစ်ပုံကို သာသနာတော်၌ လှူပါဆိုသဖြင့် သူဌေးသားက လှူပြန်၏။ သို့ရာတွင် သူ လိုချင်သော ချမ်းသာကို မရခဲ့။ ဆရာရဟန်းက သရဏဂုံ ဆောက်တည်နိုင်း လျှင်လည်း ဆောက်တည်၏။ ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ဆယ်ပါးသီလတို့ကို

http://www.cherrythitsar.org



စောင့်သုံးနိုင်းလျှင်လည်း သူဌေးသားသည် စောင့်သုံး၏။ သို့ရာတွင် သူလိုချင်သော ချမ်းသာကိုကား မရခဲ့။ နောက်ဆုံးတွင် ဆရာရဟန်းက သာသနာ့တောင်၌ ရဟန်းပြုရန် သူဌေးသားအား တိုက်တွန်း၏။ ဆရာရဟန်း တိုက်တွန်းသည့် အတိုင်း သူဌေးသားသည် သာသနာတော်၌ ရဟန်းပြုလေ၏။ သာသနာတော်၌ ကောင်းမှုတို့ကို အစဉ်အတိုင်းပြုသောကြောင့် ဤသူဌေးသားကို "အနုပုဗ္ဗ" သူဌေးသားဟူ၍ ခေါ်၏။

အမှန်အားဖြင့် သူဌေးသားသည် သူ၏ခန္ဓာကို "ငါ" အဖြစ် မြင်သူ မဟုတ်။ သူတာ စိမ်းအဖြစ်သော မြင်သူဖြစ်၏။ ခန္ဓာကိုယ်သည် သူစိမ်းပြင်ပြင် ဖြစ်လျက် ခန္ဓာကိုယ်၏ ဝေယျာဝစ္စကို မညည်းညူဘဲ ခဏမစဲ အမြဲ လုပ်ကိုင် ဆောင်ရွက်ပေးနေရ၏။ ဘာကြောင့်ပါနည်း၊ အဖြေကို သူဌေးသား သိချင်၏။ နံနက်မိုးလင်းလျှင် မျက်နှာသစ်ပေးရ၏။ ထမင်းဆာလျှင် ထမင်းကျွေးရ၏။ ရေငတ်လျှင် ရေတိုက်ရ၏။ ညောင်းလျှင် အညောင်းပြေအောင် ဖြေပေးရ၏။ များပြားလှသည့် ခန္ဓာကိုယ်၏ ဝေယျာဝစ္စများပါတကား။ ခန္ဓာကိုယ်၏ ဝေယျာဝစ္စများကို ဆောင်ရွက်ပေးနေရသည်နှယ်ပင် ဘဝသည် အချိန်ကုန်ခဲ့၏။ "ဘာရာ ဟဝေ ပဉ္စက္ခန္ဓာ" ဟူသည့်အတိုင်း ခန္ဓာငါးပါးသည် ကြီးလေးလှသော ဝန်ထုပ်ဝန်ပိုး ဖြစ်သည်ကို သူဌေးသားသည် သဘောပေါက်၏။

အကယ်၍ ခန္ဓာငါးပါးကို "ငါ" ဟူ၍ ထင်မှတ်ထားသူများအတွက် ဆိုလျှင်တော့ အတ္တသမ္ဘေမံ နတ္ထိ–ဟူသည့်အတိုင်း ခန္ဓာငါးပါးနှင့် ပတ်သက်၍ ဆောင်ရွက်ရသမျှ အားလုံးသည် သာယာဖွယ်ချည်း ဖြစ်ပါ၏။ သို့ရာတွင် ခန္ဓာ ငါးပါးကို "သူ" ဟူ၍ မှတ်ထင်ထားသော သူဌေးသားအတွက်မှာမူ ခန္ဓာငါးပါး နှင့် ပတ်သက်၍ ဆောင်ရွက်ရသမျှ အားလုံးသည် ဆင်းရဲဒုက္ခ စစ်စစ် ဖြစ်လေ၏။ ထိုကြောင့် ထိုခန္ဓာဒုက္ခမှ သူဌေးသားသည် လွတ်မြောက်လိုခြင်း ဖြစ်၏။ အမှန် အားဖြင့် သူဌေးသားသည် ဒုက္ခသစ္စာကို အနုမာနဉာဏ်အနေဖြင့်တော့ ရိပ်စား မိသူ ဖြစ်၏။ သစ္စိကရဏဉာဏ်အနေဖြင့်သာ သိဖို့လိုတော့၏။ သို့ဖြစ်၍သာ သူဌေးသားသည် ဘဝနှင့်ပတ်သက်၍ အခြားသူများနှင့် အမြင်မတူခြင်းဖြစ်၏။

သူဌေးသားသည် သာသနာတော်၌ ရဟန်းပြုလေပြီ။ သူလိုချင်သော ချမ်းသာစစ်၏ သန္တိသုခကို ရတော့မည်၊ ဘဝဒုက္ခမှ လွတ်မြောက်တော့မည်ဟူ၍ သူက ထင်လိုက်၏။ သို့ရာတွင် သူ၏ အထင်သည် လွဲမှားကြောင်း နောက်တော့ သူသိလိုက်ရ၏။ သူ ရဟန်းပြုရာတွင် ဥပဇ္ဈာယ်ဆရာက ဝိနည်းမိုရ် ဖြစ်၏။ ကမ္မဝါစာဆရာက အဘိဓမ္မာဆောင် ဖြစ်၏။ အမှန်အားဖြင့် ဥပဇ္ဈာယ်ဆရာသည် လည်းကောင်း၊ ကမ္မဝါဆရာသည်လည်းကောင်း သူဌေးသားရဟန်း၏ စရိုက်

http://www.cherrythitsar.org



ကို သိသူများ မဟုတ်ကြ။ ထို့ကြောင့် ကမ္မဝါစာဆရာကလည်း အဘိဓမ္မာဆောင် ဖြစ်သည့်အလျောက် အကုသိုလ်တရားများ အကြောင်းကိုချည်း ဟောလေ၏။ ဥပဇ္ဈာယ်ဆရာကလည်း ဝိနည်းမိုရ် ဖြစ်သည့်အလျောက် ဝိနည်းသိက္ခာပုဒ်များ အကြောင်းကိုချည်း ဟောလေ၏။

သူဌေးသားရဟန်းသည် ဝိပဿနာဓုရဖြင့် တရားအားထုတ်ရန် သာသနာတော်၌ ရဟန်းပြုလာသူဖြစ်၏။ ဝိပဿနာတရား အားထုတ်သောအခါ ရှေးဦးစွာ သီလစင်ကြယ်ဖို့လို၏။ ရဟန်းဖြစ်သဖြင့် ဝိနည်းသိက္ခာပုဒ်တော်များအရ အာပတ်မသင့်ဖို့ လို၏။ အာပတ်မသင့်ပါမှ သီလစင်ကြယ်မည် ဖြစ်၏။ သီလစင်ကြယ်ပါမှ စိတ်စင်ကြယ်မည်ဖြစ်၏။ သီလစင်ကြယ်ခြင်းကို သီလဝိသုဒ္ဓိဟု ဆို၏။ စိတ်စင်ကြယ်ခြင်းကို စိတ္တဝိသုဒ္ဓိဟု ဆို၏။ စိတ်စင်ကြယ်ပါမှ သမာဓိ ရမည် ဖြစ်၏။ သမာဓိရပါမှ ဝိပဿနာဉာဏ်ကို ရမည်ဖြစ်၏။ အမှန်အားဖြင့် သမာဓိမရဘဲနှင့် ဝိပဿနာရှု၍မရ။ စိတ်မစင်ကြယ်ဘဲနှင့်လည်း သမာဓိ မရ။ သမာဓိ ဟူသည်မှာလည်း သီလစင်ကြယ်မှဖြစ်၏။ ထို့ကြောင့် ရဟန်း အနေဖြင့် သီလစင်ကြယ်ဖို့လို၏။ သီလစင်ကြယ်ဖို့ဆိုသည်မှာလည်း ဝိနည်း သိက္ခာပုဒ်တော်များအရ အာပတ်မသင့်မှ ဖြစ်၏။ ယခု သူစောင့်ထိန်းရမည့် ဝိနည်းသိက္ခာပုဒ်တော်များကား များလှပါဘိခြင်း၊ ထို သိက္ခာပုဒ်တော်များကို လုံခြုံအောင် မည်ကဲ့သို့ စောင့်ထိန်းရပါမည်နည်း။ သိက္ခာပုဒ်တော်များကို လုံခြုံအောင် စောင့်ထိန်းခြင်း ဟူသည်မှာ မိမိ၏သန္တာန်၌ အကုသိုလ်များ မဖြစ်ပါမှ သိက္ခာပုဒ်တော်များကို လုံခြုံအောင် စောင့်ထိန်းရာရောက်မည် ဖြစ်၏။ ထို့ကြောင့် မိမိ၏သန္တာန်၌ အကုသိုလ်များ မဖြစ်ရလေအောင် မည်ကဲ့သို့ စောင့်ထိန်း ရပါ မည်နည်း။ သူဌေးသားရဟန်းသည် များစွာ ပူပန်သောက ဖြစ်ရ၏။ သီလဝိသုဒ္ဓိ ဖြစ်ရေးအတွက်ပင် များစွာကြောင့်ကြစိုက်ရ၏။ ထိုအခါ စိတ်ဖြူစင်မှု စိတ္တဝိသုဒ္ဓိ ဖြစ်ရေးအတွက် အားထုတ်ဖို့ ခဲယဉ်းလာ၏။ စိတ္တဝိသုဒ္ဓိ မဖြစ်လျှင် သမာဓိ မရ၊ သမာဓိ မရလျှင် ဝိပဿနာ ပွား၍မဖြစ်။ ဝိပဿနာ ပွား၍မဖြစ်လျှင် မဂ်ဖိုလ်ကို မျက်မှောက်မပြုနိုင်။ မဂ်ဖိုလ်ကို မျက်မှောက်မပြုနိုင်လျှင် စစ်မှန်သော ချမ်းသာ သန္တိသုခကို ရနိုင်ဖို့ မရှိတော့။ သူဌေးသား ရဟန်းသည် ဘဝဒုက္ခမှ လွတ်မြောက်ရေးအတွက် တရားအားထုတ်မှုနှင့် ပတ်သက်၍ စဉ်းစားလိုက်တိုင်း စိတ်မချမ်းမသာ ဖြစ်ရ၏။ တစ်နေ့တစ်ခြား ပိန်၍ပိန်၍ လာ၏။ အကြောပြိုင်းပြိုင်း ထ၏။ ဝဲနာ၊ ပွေးတို့ဖြင့် ပြွမ်း၏။ သာသနာတော်၌ ရဟန်းဘဝဟူသည်ဆူးကြား ထဲက ဘူးသီးနှယ်ပါတကား။ ထို့ကြောင့် သူဌေးသား ရဟန်းသည် လူထွက်ရန် စိတ်ဆုံးဖြတ်လိုက်၏။

http://www.cherrythitsar.org



သူဌေးသား ရဟန်းကား ပါဠိကိုလည်း မသင်တော့။ ကမ္မဋ္ဌာန်းတရားကိုလည်း အားမထုတ်တော့။ သူဌေးသားရဟန်း အားထုတ်သော ကမ္မဋ္ဌာန်းမှာ ၃၂ ကောဋ္ဌာသ ကမ္မဋ္ဌာန်းဖြစ်၏။ ထိုကမ္မဋ္ဌာန်းကို အားထုတ်လျှင် ပါဠိကိုလည်း သင်ရ၏။ ပါဠိကို လွှတ်၍ မဖြစ်။ စိတ်ဖြင့်လည်း ကောဋ္ဌာသများကို ပကတိ မျက်စိဖြင့် မြင်သလို မြင်လာအောင် ပွားများရ၏။ သို့ရာတွင် သူဌေးသားရဟန်းသည် ထိုကမ္မဋ္ဌာန်းကို အားမထုတ်တော့ဘဲ လက်လျှော့ပြီး လူထွက်ရန်သာ စိတ် စောလျက်ရှိ၏။ လူ့ဘဝဖြင့်သာ မိမိစွမ်းနိုင်သလောက် ကုသိုလ်ကောင်းမှုများကို ပြုလုပ်တော့မည်၊ မိမိသည် ရဟန်းဘဝဖြင့် သာသနာတော်၌ နေရန် မသင့်လျော်သူ ဖြစ်ချေ၏။ သူဌေးသားရဟန်းက မြင်၏။

ထိုအကြောင်းကို အခြားသီတင်းသုံးဖော်များက မြတ်စွာဘုရားအား လျှောက်ထားကြ၏။ အမှန်အားဖြင့် မြတ်စွာဘုရားသည် ဗုဒ္ဓစက္ခုအစုံဖြင့်လောကကို အမြဲတမ်း ကြည့်နေတော်မူ၏။ မြတ်စွာဘုရား ကြည့်တော်မူသော မျက်စိကို ဗုဒ္ဓစက္ခုဟူ၍ခေါ်၏။ ဗုဒ္ဓစက္ခုမှာ နှစ်လုံးရှိ၏။ မျက်စိတော်တစ်လုံးကို "အာသယာနုသယဉာဏ်" ဟူ၍ခေါ်၏။ အခြားသော မျက်စိတော်တစ်လုံးကို "ဣန္ဒြိယပရောပရိယတ္တိဉာဏ်" ဟူ၍ခေါ်၏။ အာသယာနုဉာဏ်တော်ဖြင့် ထိုထို သတ္တဝါတို့၏ ဘဝအမြင်နှင့် အနုသယကိလေသာကို ကြည့်တော်မူ၏။ မြတ်စွာဘုရား၏ တရားဒေသနာတော်ကို ကြားနာရတိုင်း သတ္တဝါများ ကျွတ်တမ်းဝင်ကြသည် မဟုတ်။ ကျွတ်တမ်းဝင်ထိုက်သော ပါရမီရှိမှသာ ကျွတ်တမ်းဝင်နိုင်ကြ၏။ ပါရမီရှိမှလည်း တရားမွှေတို့ကို ထိုးထွင်း၍ သိမြင်နိုင်သော စွမ်းရည်ကို ရ၏။ ဤသည်ကိုပင် "အာသယ" ဟူ၍ ဆိုရ၏။ အာသယ၏အနက်အရင်းမှာ အမြင်ဒိဋ္ဌိဖြစ်၏။ ထို့ကြောင့် မြတ်စွာဘုရားသည် ဝေနေယျတစ်ဦးတစ်ယောက်၏ ပါရမီအလျောက် မြင်နိုင်စွမ်းရည်ကို ကြည့်ပြီးမှ ထိုက်တန်ရာ တရားဒေသနာတော်ကို ဟောကြားတော်မူခြင်း ဖြစ်၏။ အရမ်းမဲ့ ဟောကြားတော်မူမည်မဟုတ်။ ထို့နောက် မြတ်စွာဘုရားသည် ဝေနေယျ၏ ကိလေသာ အထူအပါးကိုလည်း ကြည့်တော်မူ၏။ ထိုသို့ ကြည့်တော်မူပြီးမှ ထိုက်တန်ရာ တရားဒေသနာတော်ကို ဟောကြားတော် မူခြင်းဖြစ်၏။ ဤသို့ ဝေနေယျတို့၏ အာသယနှင့် အနုသယ နှစ်မျိုးကို မြင်နိုင်စွမ်းသော မြတ်စွာဘုရား၏ ဉာဏ်တော်ကို "အာသယာနုသယဉာဏ်တော်" ဟူ၍ ဆိုရ၏။ နောက် ဝေနေယျတို့၏ ဣန္ဒြေ အနုအရင့်ကိုလည်း ကြည့်တော်မူ၏။ ဣန္ဒြေ ရင့်ချိန်မရောက်သေးပါကလည်း တရားဒေသနာတော်ကို ဟောကြားတော် မမူသေးဘဲ ဣန္ဒြေရင့်မည့်အချိန်တိုင်အောင် စောင့်တော်မူ၏။ ဤသို့ ဝေနေယျတို့၏ ဣန္ဒြေအနုအရင့်ကို သိတော်မူသော မြတ်စွာဘုရား၏

http://www.cherrythitsar.org



ဉာဏ်တော်ကို "ဣန္ဒြိယ ပရောပရိယတ္တိ ဉာဏ်တော်" ဟူ၍ဆိုရ၏။ ဤဉာဏ်တော် နှစ်ပါးသည် ဗုဒ္ဓစက္ခုမည်ပါ၏။

သူဌေးသားရဟန်းနှင့်ပတ်သက်လျှင် ပါရမီရှိသော်လည်း ဣန္ဒြေရင့်ချိန် လိုသေးကြောင်း မြတ်စွာဘုရားက သိတော်မူပြီး ဖြစ်၏။ ထို့ကြောင့် သူဌေးသား ရဟန်းအား သူနှင့်လိုက်ဖက်ရာတရားဒေသနာတော်ကို ဟောကြားတော် မမူသေးဘဲ အခြားသီတင်းသုံးဖော်များက လာရောက်လျှောက်ထားသည့် အချိန်အထိ မြတ်စွာဘုရားက စောင့်တော်မူနေခြင်း ဖြစ်၏၊ ဆိုင်းငံ့နေခြင်းကား မဟုတ်။

ထိုအခါ မြတ်စွာဘုရားသည် သူဌေးသားရဟန်းအား ခေါ်တော်မူပြီး "အခြားသီတင်းသုံးဖော်များ လျှောက်ထားသည့်အတိုင်း မှန်လေသလော" ဟူ၍ မေးတော်မူသောအခါ သူဌေးသားရဟန်းကလည်း မှန်ပါကြောင်း ပြန်လည် လျှောက်တင်၏။ ထိုအခါ မြတ်စွာဘုရားက သူဌေးသားရဟန်းအား "ချစ် သားရဟန်း၊ သင်သည် စောင့်ထိန်းစရာ အများကြီးကို မစောင့်ထိန်းရဘဲ တစ်ခုတည်း ကိုသာ စောင့်ထိန်းရမည်ဆိုလျှင် စောင့်ထိန်းနိုင်မည်လော" ဟု မေးမြန်းတော်မူရာ တစ်ခုတည်းကိုသာ စောင့်ထိန်းရမည်ဆိုလျှင် စောင့်ထိန်းနိုင်ပါကြောင်း သူဌေးသား ရဟန်းက ပြန်လည် လျှောက်ထားသဖြင့် မြတ်စွာဘုရားက ထိုတစ်ခုတည်းသော စောင့်ထိန်းစရာမှာ စိတ်ဖြစ်ကြောင်း၊ စိတ်ကိုသာ နိုင်အောင်စောင့်ထိန်းနိုင်လျှင် ဒုက္ခမှ လွတ်မြောက်မည်ဖြစ်ကြောင်း မိန့်တော်မူပြီး အောက်ပါဂါထာကို ဟောကြားတော်မူ၏။

– **စိတ်သည် မြင်နိုင်ခဲ၏။ သိမ်မွေ့၏။ မိမိနှစ်သက်ရာ အာရုံကို အာရုံပြုလေ့ ရှိ၏။**
– ပညာရှိသည် **မိမိ၏စိတ်ကို စောင့်ထိန်းရာ၏။ အကာပယ်၍သော မိမိ၏စိတ်ကို စောင့်ထိန်းနိုင်ခဲ့သော် ထိုစိတ်သည် ချမ်းသာကို ဆောင်၏။**

သူဌေးသားရဟန်းသည် မူလက ကောဋ္ဌာသကမ္မဋ္ဌာန်းကို စီးဖြန်းသူ ဖြစ်၏။ ထိုခေတ်က ကောဋ္ဌာသ ကမ္မဋ္ဌာန်းနှင့် ရဟန္တာ ဖြစ်ကြသူ များပြား၏။ ထို့ကြောင့် ကောဋ္ဌာသကမ္မဋ္ဌာန်းကို သူဌေးသားရဟန်းက စီးဖြန်းခြင်း ဖြစ်၏။ သို့ရာတွင် ကောဋ္ဌာသကမ္မဋ္ဌာန်းသည် သူဌေးသားနှင့် မလျော်။ သူဌေးသား ရဟန်းနှင့် အသင့်လျော်ဆုံး ကမ္မဋ္ဌာန်းကား စိတ္တာနုပဿနာ သတိပဋ္ဌာန်ဖြစ်၏။ ထို့ကြောင့် မြတ်စွာဘုရားက သူဌေးသားရဟန်းအား စိတ္တာနုပဿနာ ကမ္မဋ္ဌာန်းကို ပေးခြင်း ဖြစ်ပါ၏။ အမှန်အားဖြင့် ထိုကမ္မဋ္ဌာန်းသည် သူဌေးသား ရဟန်းအား သောတာပတ္တိမဂ်သို့ တစ်ပိုင်တည်းသော အချိန်အတွင်း၌ပင် တည်စေတော်မူခဲ့ ပါ၏။

http://www.cherrythitsar.org



စိတ်ကို ငါဟူ၍ စွဲလမ်းနေသူများအတွက် မျက်စိသည် အခြားအရာဝတ္ထုများကိုသာ မြင်နိုင်ပြီး မိမိကိုယ်ကိုမူ ပြန်၍ မြင်နိုင်ခြင်း မရှိသကဲ့သို့ ထို့အတူ စိတ်သည်လည်း အခြားအာရုံများကိုသာ မြင်နိုင်ပြီး မိမိကိုယ်ကိုမူ ပြန်၍မမြင်နိုင်ပါချေ။ ထို့ကြောင့် စိတ်သည် မြင်နိုင်ခဲခြင်း ဖြစ်၏။ အကယ်၍ စိတ်ကို မြင်လိုပါက စိတ်သည် အမြင်တရားခံအဖြစ်သို့ ရောက်အောင် ပြုလုပ်ဖို့လို၏။ ထိုသို့ မလုပ်ပါဘဲ စိတ်သည် မြင်တတ်သောတရားအဖြစ်၌သာ ရှိနေပါက လက်ညှိုးသည် အခြားအရာဝတ္ထုများကိုသာ ညွှန်ပြနိုင်ပြီး မိမိကိုယ်ကိုမူပြန်၍ မညွှန်ပြနိုင်သကဲ့သို့၊ ထို့အတူ စိတ်သည်လည်း အခြားအရာများကိုသာ မြင်ပြီး မိမိကိုယ်ကိုမူ ပြန်၍မြင်ရန် မတတ်ကောင်းချေ။ ထို့ကြောင့် စိတ်ကို မြင်တတ်သော ဓမ္မသဘောမှ အမြင်ခံ ဓမ္မသဘောသို့ ရောက်အောင် ရှေးဦးစွာ အားထုတ်အပ်၏။ ထိုအခါမှသာ စိတ်သည် "မိမိ" မဟုတ်တော့ဘဲ "သူတစ်ပါး"ဖြစ်သွားမည်ဖြစ်၏။ သူတစ်ပါး ဖြစ်သွားလျှင် အာရုံတို့၏ ဓမ္မတာအတိုင်း မြင်ရပြီ ဖြစ်၏။ ဤသဘောကို ရည်ရွယ်၍ ခန္ဓာကို သူတစ်ပါး "ပရတော"အနေဖြင့် ရှုရမည်ဟူ၍ ပိဋကတ်မှာ မိန့်ခြင်း ဖြစ်၏။

မိမိ၏ မျက်စိကို မိမိ၏မျက်စိဖြင့် မြင်အောင် ကြည့်နိုင်သကဲ့သို့ မိမိ၏ စိတ်ကိုလည်း မိမိ၏ စိတ်ဖြင့် မြင်အောင် ကြည့်၍ရ၏။ မိမိနှင့် သူတစ်ပါး ကွဲကွာသွားသောအခါ မိမိက ကြည့်သူ၊ သူတစ်ပါးက အကြည့်ခံဖြစ်၏။ ထိုနည်းအတူပင် စိတ်တစ်ခုက ကြည့်သူ၊ စိတ်တစ်ခုက အကြည့်ခံ ဖြစ်ရ၏။ ကြည့်သူအဖြစ် ဆောင်ရွက်သောစိတ်က မဂ္ဂင်စိတ်၊ အကြည့်ခံအဖြစ် ဆောင်ရွက်သော စိတ်က ကမ္မဋ္ဌာန်း အာရုံစိတ်ဖြစ်ရ၏။ မျက်စိက မျက်စိကို မြင်ရာ၌လည်း ထို့အတူ အကြည့်ခံမျက်စိက ကမ္မဋ္ဌာန်းအာရုံ၊ ကြည့်သူမျက်စိက မဂ္ဂင်တို့ဖြစ်ကြ၏။ ဤသို့ နှစ်မျိုးစီ နှစ်မျိုးစီ ကွဲပြားသွားရ၏။

ဤနေရာ၌ ဉာဏ် (မဂ္ဂင်)ကိုပင် မျက်စိဟု ဆိုခြင်းဖြစ်၏။ ဝတ္ထုမျက်စိသည် မိမိ၏အာရုံကို မြင်၍ ပိုင်ပိုင်နိုင်နိုင်သိသလို ဉာဏ်သည်လည်း မိမိ၏အာရုံကိုရှု၍ ပိုင်ပိုင်နိုင်နိုင်သိ၏။ ထိုသို့ ပိုင်နိုင်စွာသိမှုခြင်းတူသဖြင့် ဉာဏ်ကိုပင် မျက်စိဟုတင်စား၍ ဆိုခြင်း ဖြစ်၏။ ရုပ်ရုံသည် မြင်၍ရသလို ဓမ္မာရုံသည်လည်း မြင်၍ရသည်ဟု ဆိုလိုခြင်းမဟုတ်။ ပိုင်ပိုင်နိုင်နိုင် သိ၍ ရနိုင်ခြင်း တူမှုကိုသာ ဆိုလိုခြင်းဖြစ်ပါ၏။ တရားရှုမှတ်ရာ၌ "စက္ခုံဥဒပါဒိ" အရ ဉာဏစက္ခု ပေါ်လာအောင် အားထုတ်ရ၏။ သမာဓိ အားကောင်းသောအခါ ဉာဏ်မျက်စိသည် ပေါ်လာ၏။ ထို့ကြောင့် ဉာဏ်မျက်စိပေါ်လာအောင် သမာဓိကို ထူထောင်ရ၏။ သမာဓိအားကောင်း၍ ဉာဏ်မျက်စိပေါ်လာသောအခါ ရုပ်ကိုလည်း ကြည့်၍

http://www.cherrythitsar.org



စိတ်ကိုလည်း ကြည့်၍ရ၏။ ပကတိမျက်စိဖြင့် မြင်၍ ပိုင်ပိုင်နိုင်နိုင် သိသလို ဉာဏ်မျက်စိဖြင့် ရှု၍ ပိုင်ပိုင်နိုင်နိုင် သိလေ၏။

ဤအဆင့်ကို ဉာတပရိညာအဆင့် ဟူ၍ ဆိုရ၏။ ဤအဆင့်တွင် စိတ် (မဂ္ဂင်)က စိတ်အာရုံကို မြင်ပြီ။ ထိုအခါ စိတ်သည် မြင်နိုင်ခဲသည် မဟုတ်တော့။ စိတ်သည် မြင်၍ရလေပြီ။ စိတ်ကို မြင်ရသဖြင့် ထိုစိတ်ကို သမာဓိအားကောင်းသော ဉာဏ်ဖြင့်ကြည့်ပါက စိတ်၏သိမ်မွေ့သောသဘောကိုလည်း တွေ့ရ၏။ မိမိနှစ်သက်ရာ ထိုထိုအာရုံတို့၌ အာရုံပြုတတ်သော သဘောကိုလည်း တွေ့ရ၏။ ဒေါသစိတ်ကလည်း ဒေါသဖြစ်လိုက်ရမှ ကျေနပ်၏။ လောဘစိတ်ကလည်း ခွေးသေကောင်ပုပ်၌ပင် ဖြစ်စေ လောဘဖြစ်ရမှ ကျေနပ်၏။ မောဟစိတ်ကလည်း ထို့အတူပင်ဖြစ်၏။ ဤသည်ကို ပင် ဝိပဿနာဝေါဟာရဖြင့် ဆိုပါက ရာဂစိတ် ဖြစ်လျှင်လည်း ရာဂစိတ်ဖြစ်မှန်း သိ၏။ ဒေါသစိတ် ဖြစ်လျှင်လည်း ဒေါသစိတ် ဖြစ်မှန်းသိ၏။ အခြား ဘာစိတ်ဖြစ်ဖြစ် ထိုထိုစိတ်ဖြစ်မှန်းသိ၏ ဟူ၍ ဆိုရ၏။

ထိုဉာတပရိညာအဆင့်ကို လွန်သောအခါ တီရဏပရိညာအဆင့်သို့ ရောက်၏။ ထိုအဆင့်၌ကား ရုပ်ဖြစ်စေ၊ နာမ်ဖြစ်စေ အားလုံး သင်္ခါရသဘောအရ ဖြစ် ပျက်ချည်းသာဖြစ်၏။ ဖြစ်ပျက်ကိုချည်း မြင်ရ၏။ ထိုအခါ ရုပ်နာမ်တို့သည် လှိုင်းသဖွယ် တက်လိုက်ကျလိုက် ဖြစ်သလို၊ ဖြစ်လိုက် ပျက်လိုက်ချည်း ဖြစ်ကြလေ၏။ ထို့နောက် လှိုင်းကင်းသော ရေအလျဉ်သဖွယ် ငြိမ်ငြိမ် စီးဆင်းနေသကဲ့သို့ အဖြစ် မပါတော့ဘဲ အပျက်ချည်းသာ တောက်လျှောက် "ပျက်"နေသည့် အပျက် အစဉ်ကိုလည်း မြင်ရ၏။ ကြည့်စိတ် (မဂ္ဂင်)အားကောင်းလျှင် အားကောင်းသလို အကြည့်ခံ အာရုံစိတ်များ အားလုံး တစ်ပျက်တည်း ပျက်နေသည်ကို မြင်ရ၏။ ဤသည်ကိုပင် ဘင်္ဂဉာဏ် ဟူ၍ ဆိုရ၏။

ထို့နောက် ပဟာနပရိညာ အဆင့်သည် လာ၏။ ပဟာနပရိညာဟူသည် ခန္ဓာတို့၌စွဲနေသော ကိလေသာများကို ပယ်ခြင်းဖြစ်၏။ ပုထုဇဉ် ဟူသမျှတို့သည် အရာရာတိုင်း၌ ငါ၊ ငါ့ဥစ္စာ ဟူ၍ စွဲကြ၏၊ ငါ၊ ငါ့လူမျိုး၊ ငါ့နိုင်ငံ ဟူ၍ စွဲခြင်းမျိုးလည်း ပါ၏။ မိမိနှင့် ဆန့်ကျင်ဘက်များကိုပင် "ငါ" ဖြင့် စွဲလမ်း၏။ ငါ့ရန်သူ၊ ငါ့ရန်သူ လူမျိုး၊ ငါ့ရန်သူနိုင်ငံဟူ၍ စွဲလမ်းခြင်းမျိုးလည်းပါ၏။ ထို့ကြောင့် ပုထုဇဉ်တို့သည် မိမိတို့အနေဖြင့် နှစ်သက်သော အရာ၌ဖြစ်စေ၊ မနှစ်သက်သော အရာ၌ဖြစ်စေ အရာရာတိုင်း၌ "ငါ" ဖြင့် သိမ်းပိုက်ကြသည်ချည်း ဖြစ်ကြ၏။ ပဟာနပရိညာ သဘောအရ အရာရာတိုင်း၌ "ငါ"ကို ပယ်လိုက်သော အခါ "သူ"လည်း အလိုလို ပယ်ပြီးသား ဖြစ်လေ၏။ အမှန်အားဖြင့် "ငါ" ရှိ၍သာ "သူ"ရှိနေရခြင်း ဖြစ်၏။ "ငါ"မရှိလျှင် "သူ"လည်းမရှိတော့။

http://www.cherrythitsar.org



လောက၌ သူ့, ငါ, ပုဂ္ဂိုလ်, သတ္တဝါ ဟူ၍မရှိ။ အားလုံး ဓမ္မချည်းသာရှိလေ၏။ ဝိပဿနာ ဝေါဟာရအားဖြင့် ဆိုရလျှင် "ငါ"ဟူသည်ကား "အတ္တ"ဖြစ်၏။ "သူ"ဟူသည်ကား "အတ္တနိ ယ"ဖြစ်၏။

ဉာဏ်စဉ်များ ရင့်ကျက်မှုအရ အတ္တနှင့် အတ္တနိယကို ဖြစ်ပြတ် ပယ်နိုင်သောအခါ ဘဝဒုက္ခမှ လွတ်မြောက်တော့၏။ မျက်စိနှင့် ရူပါရုံ တွေ့ဆုံသည်ဖြစ်စေ၊ နားနှင့် သဒ္ဒါရုံ တွေ့သည်ဖြစ်စေ၊ အခြား ဒွါရတစ်ခုနှင့် အခြားအာရုံတစ်ခု တွေ့သည်ဖြစ်စေ မည်သို့တွေ့တွေ့၊ ထိုသို့တွေ့ရာ၌ ရာဂလည်းမဖြစ်၊ ဒေါသလည်းမဖြစ်၊ ထိုထို ကိလေသာများ မဖြစ်တော့။ ထိုအခါ မျက်စိ၊ နားစသော အာရုံတံခါးများကို စောင့်ထိန်းပြီး သဘောသို့ ရောက်တော့၏။ တံခါးစောင့် ကောင်းကောင်းကို ရပြီ။ ထိုထိုတံခါးမှ ကိလေသာရန်သူများ မဝင်နိုင်တော့ပြီ။ "စိတ်သည် လုံခြုံလေပြီ။ ထိုအခါ ဘဝဒုက္ခမှ လွတ်ပြီ။ လုံခြုံသော စိတ်သည် ချမ်းသာလေပြီ။ ချမ်းသာဟူသည် နိဗ္ဗာန် ဖြစ်၏။ "ထိုဒေသနာတော် အဆုံး၌ သူဌေးသားရဟန်းသည် သောတာပန်တည်၏။ တရားနာပရိသတ်သည်လည်း လူ့ချမ်းသာ၊ နတ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာကို ထိုက်သင့်သလို ရလေ၏။

# တူတော် သံဃရက္ခိတ

ဤဝတ္ထုသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ တကယ်ဖြစ်ခဲ့သော ဓာတ်လမ်း တစ်ပုဒ်ပင်ဖြစ်၏။ ထို့ကြောင့် ထိုခေတ် ကိုယ်တွေ့ဝတ္ထုဟူ၍ဆိုနိုင်ပါ၏။

သာဝတ္ထိပြည်တွင် အမျိုးကောင်းသား တစ်ယောက်ရှိ၏။ သူ့တွင် နှမ တစ်ယောက်ရှိ၏။ မောင်နှမနှစ်ယောက်တို့သည် အတူတကွနေထိုင်၍ လုပ်ကိုင် စားသောက်ကြ၏။ အချိန်တန် အရွယ်ရောက်သောအခါ နှမက အိမ်ထောင်ပြု၍ အစ်ကိုကမူ အိမ်ထောင်မပြုဘဲ နေ၏။ အစ်ကိုနှင့်နှမသည် လောကအမြင်ချင်း မတူ။ နှမက လောကကို သာယာဖွယ် "အဿာဒ"အဖြစ် မြင်၏။ အစ်ကိုက လောကကို ငြီးငွေ့ဖွယ်"အာဒီနဝ"အဖြစ် မြင်၏။ သာယာဖွယ်အဖြစ် မြင်သူက အိမ်ထောင်ပြု၍၊ ငြီးငွေ့ဖွယ်အဖြစ်မြင်သူက မြတ်စွာဘုရား၏ သာသနာတော်၌ ရဟန်းပြု၏။ အစ်ကိုသည် နှမကို သူ့တာဝန်အရ စောင့်ရှောက်နေလေရာ နှမ အိမ်ထောင်ပြုသွားသောအခါ အစ်ကို၏ တာဝန်သည် ပြီးဆုံး၏။ ထို့ကြောင့် ရဟန်းပြုခြင်း ဖြစ်၏။

ရဟန်းပြုသူ အစ်ကို၏ ဘွဲ့တော်မှာ သံဃရက္ခိတဖြစ်၏။ အစ်ကိုသည် လောကကို ငြီးငွေ့ဖွယ်အဖြစ် မြင်သည်ဆိုကတည်းက ပါရမီ၏တွန်းအားပေးမှုအရ လောကမှ လွတ်မြောက်ရာ "နိဿရဏ"ကို ရှာမည် ဖြစ်၏။ ထို့ကြောင့် အစ်ကိုသံဃရက္ခိတသည် တစ်ရက်၊ နှစ်ရက်လောက် ရဟန်းတရားကို အားထုတ်ကာမျှနှင့် ရဟန္တာ ဖြစ်သွားလေ၏။ သံဃရက္ခိတ မထေရ်သည် တကယ်ပင် လောကမှ လွတ်မြောက်ရာ "နိဿရဏ"ရသွား၏။

နှမသည် မိမိကိုယ်တိုင် လောကမှမလွတ်မြောက်နိုင်စေကာမူ မိမိ၏ သားကိုမူ လောကမှ လွတ်မြောက်စေလို၏။ သားအပေါ်၌ ထားရှိသော သူမ၏ "ဆန္ဒ"သည် သူမ သား၏ "ဘဝ"နှင့် တကယ်တမ်း ညီညွတ်မှုရှိသည် မရှိသည်ကိုမူ သူမသိ။ အမှန်အားဖြင့် "ဆန္ဒ"သည် အဍ္ဍနယ်၌ ရှိ၍ "ဘဝ"သည် အဍ္ဍနယ်ပယ်၌ ရှိ၏။ နယ်ပယ်ခြင်း ခြားသဖြင့် မိမိဆန္ဒအတိုင်း ဘဝသည် အကောင်အထည် မပေါ်ချင်မှပေါ်၏။

ထို့ကြောင့် နှမသည် သူမ၏ သားကို အစ်ကို၏ အမည်အတိုင်း သံဃရက္ခိတဟုမှည့်၍ အစ်ကို၏ထံ၌ သာမဏေပြုပေး၏။ ရဟန်းပြုပေး၏။ ထိုအခါ သူမသား၏ အမည်သည်လည်း "တူတော် သံဃရက္ခိတ" ဟူ၍ပင် သာသနာတော်၌ တွင်လေ၏။ တူတော် သံဃရက္ခိတသည် စာပေသင်ကြားပြီးနောက် ရွာတစ်ရွာ၌ ကျောင်းထိုင်၏။ ကျောင်းထိုင်ဘုန်းကြီး လုပ်၏။

တူတော် သံဃရက္ခိတသည် ဦးရီးတော် သံဃရက္ခိတကိုချစ်၏။ ဦးရီးတော် သံဃရက္ခိတသည် အမေ၏ အစ်ကိုရင်းလည်း ဖြစ်၏။ သူ၏ ဥပဇ္ဈာယ်ဆရာလည်း ဖြစ်၏။ ထို့ကြောင့် တူတော် သံဃရက္ခိတက မိမိ၏ ဦးရီးတော် သံဃရက္ခိတကို ချစ်ခြင်းဖြစ်၏။ တွယ်တာခြင်း ဖြစ်၏။ ဤသို့သော ချစ်ခြင်းနှင့် တွယ်တာခြင်းကို "ဂေဟဿိတပေမ" ဟူ၍ ခေါ်၏။ ဂေဟဿိတပေမဟူသည် တဏှာအပေါ်၌ တည်ဆောက်ထားသော ချစ်ခြင်းနှင့်တွယ်တာခြင်း ဖြစ်၏။ ဤအချစ်နှင့် ဤတွယ်တာမှုသည် ကောင်းသယောင်နှင့်ဆိုး၏။ ကာမစ္ဆန္ဒ နီဝရဏသည် သမာဓိနှင့်ဉာဏ်ကို လိုအပ်သော အတိုင်းအတာအထိ ဖြစ်ပေါ်မလာနိုင်အောင် ကာဆီးကာဆီး လုပ်၏။ မြတ်စွာဘုရားကို ဤအချစ်ဖြင့် ချစ်သောကြောင့်ပင် မြင်းမြီးဆွဲ လုပ်ခဲ့သူ ဆန္န မထေရ်သည် မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ် ကာလအတွင်း တရားထူးကို မရနိုင်ခြင်း ဖြစ်၏။

ဝါတွင်းကာလ တစ်နေ့တွင် တူတော် သံဃရက္ခိတသည် သင်္ကန်းစ နှစ်စ ကိုရ၏။ တစ်စမှာ ၇ တောင်ရှိ၏။ တစ်စမှာ ၈ တောင် ရှိ၏။ ၇ တောင်စ ကို သူ့အတွက် ရည်ရွယ်၍ ၈ တောင်စကို ဦးရီးလည်းဖြစ်၊ ဥပဇ္ဈာယ်လည်း

http://www.cherrythitsar.org



ဖြစ်သော သံဃရက္ခိတ မထေရ်အတွက် ရည်ရွယ်၏။ ဝါကျွတ်သောအခါ ဂ ဘောင်စ သင်္ကန်းကိုယူ၍ ဦးရီးတော်မထေရ်အား လှူရန်လာ၏။ ကျောင်းသို့ ရောက်သောအခါ ဦးရီးတော် မထေရ်ကိုမတွေ့။ ဦးရီးတော်မထေရ် ဆွမ်းခံကြွနိုက် ဖြစ်၍ မတွေ့ခြင်း ဖြစ်၏။ ဦးရီးတော်မထေရ် ဆွမ်းခံပြန်လာလျှင် အဆင်သင့် ဖြစ်စေရန် တံမြက်လှည်းထား၏။ ခြေဆေးရေကိုလည်း တည်ထား၏။

ဦးရီးတော်မထေရ် ဆွမ်းခံရာမှ ပြန်ကြွလာသောအခါ တူတော် သံဃ ရက္ခိတက ဦးရီးတော်သံဃရက္ခိတအား ခရီးဦးကြိုဆို၏။ ဦးရီးတော်၏ သပိတ်ကို လှမ်းယူ၏။ နေရာခင်းပေး၏။ ဦးရီးတော် သံဃရက္ခိတ မထေရ်ကြီးနေရာ၌ ထိုင်သောအခါ တူတော် သံဃရက္ခိတက ထန်းရွက်ယပ်ဖြင့် ယပ်ခတ်ပေး၏။

ထို့နောက် တူတော်သံဃရက္ခိတ ရဟန်းငယ်က ဦးရီးတော် သံဃ သံဃရက္ခိတမထေရ်ကြီးအား သင်္ကန်းစကို လှူဒါန်း၏။ သို့ရာတွင် ဦးရီးတော် သံဃရက္ခိတ မထေရ်ကြီးက အလှူမခံချေ။ ဦးရီးတော် သံဃရက္ခိတ မထေရ် ကြီးသည် ရဟန္တာဖြစ်၏။ အဘိညာဉ်ကို ရ၏။ ငြိမ်းအေးမှုချမ်းသာ သန္တိသုခကို ကိုယ်တိုင်ခံစားနေရသူဖြစ်၏။ ထို့ကြောင့် တူတော် သံဃရက္ခိတအားလည်း ငြိမ်းချမ်းမှုချမ်းသာ သန္တိသုခကို ကိုယ်တွေ့ ခံစားစေချင်၏။ ထိုသို့ ခံစားနိုင်အောင် အားထုတ်ဖို့လည်း မိမိတွင် တာဝန်ရှိသည်ဟု ဦးရီးတော် သံဃရက္ခိတက ခံယူ ထား၏။ တူတော် သံဃရက္ခိတသည် မိမိ၏တူဖြစ်သည်သာမက မိမိ၏ သဒ္ဓိဝိဟာရိက တပည့်လည်းဖြစ်၏။ မိမိသည် သူ၏ ဥပဇ္ဈာယ်ဆရာ ဖြစ်သဖြင့် မိမိ၏တပည့်ကို တစ်နည်းနည်းဖြင့် တရားတာဝန်မှာ ပွားစေပြီး အရိယာအဖြစ်သို့ ရောက်သွားအောင် ဆောင်ရွက်ရန် သင့်လျော်သော နည်းလမ်းကို ကြံစည်မိ၏။ ထို့ကြောင့် ဦးရီးတော် သံဃရက္ခိတက တူတော် သံဃရက္ခိတ၏ သင်္ကန်းစကို အလှူမခံခြင်း ဖြစ်၏။ အမှန်အားဖြင့် အလိုနည်းခြင်း "အပ္ပိစ္ဆ" ဖြစ်လေလေ ချမ်းသာလေလေ ဖြစ်သည်ကို တူတော် သံဃရက္ခိတအား မထေရ်ကြီး လက်တွေ့ ပြလို၏။ လက်တွေ့ပြရန် အချိန်သင့်ပြီဟူ၍လည်း မထေရ်ကြီးက ယူဆ၏။

နိဗ္ဗာန်ချမ်းသာဟူသည် တဏှာ မရှိခြင်းပင် ဖြစ်လေရာ တဏှာ နည်းနည်းမရှိလျှင် နည်းနည်း နိဗ္ဗာန်ရ၏။ နည်းနည်းချမ်းသာ၏။ တဏှာ များများ မရှိလျှင် များများ နိဗ္ဗာန်ရ၏။ များများချမ်းသာ၏။ တဏှာဟူ၍ လုံးဝ မရှိတော့လျှင် လောကုတ္တရာနိဗ္ဗာန်ကို ရ၏။ ထိုအခါ အဆုံးစွန်သော ချမ်းသာ သန္တိသုခသည် ဖြစ်ပေါ်လာ၏။ သန္တိသုခဟူသည် နိဗ္ဗာန်၏ အမည် ဖြစ်၏။ နိဗ္ဗာန်ဟူက အရိယာပုဂ္ဂိုလ်ဖြစ်မှ တိုက်ရိုက်ခံစားခွင့်ရ၏။ အရိယာ ဖြစ်အောင် တဏှာကိုသတ်ရမည်ဖြစ်၏။ တူတော် သံဃရက္ခိတသည် တဏှာကို

http://www.cherrythitsar.org



သတ်၍ အရိယာအဖြစ်သို့ရောက်အောင် အားထုတ်ရန်အချိန်တန်ပေပြီ။ ဂူတော် သံဃရက္ခိတအနေဖြင့် ဒါနမှုနှင့်သာ အချိန်ကိုမကုန်စေလို။ ဝိပဿနာမှုနှင့် အချိန်ကို ပေးစေလို၏။ လှုံ့လစိုက်စေလို၏။

ထိုအခါ ဂူတော်က ဦးရိုးတော်အား ယပ်ခတ်ပေးနိုက်ပြစ်၏။ ဂူတော် သံဃရက္ခိတသည် သူ၏သင်္ကန်းကို ဦးရိုးတော် သံဃရက္ခိတ မထေရ် အလှူမခံသောအခါ မှားဗွာဝမ်းနည်း၏။ ဦးရိုးတော် သံဃရက္ခိတသည် သူ၏ ဦးရိုးတော် အရင်းလည်း ဖြစ်သည်။ ဥပဇ္ဈာယ်ဆရာလည်း ဖြစ်၏။ သို့ပါလျက် သူ၏သင်္ကန်းကို အလှူမခံသည်မှာ အလှူဒါယကာအဖြစ် ခံယူနိုင်လောက်အောင်ပင် သူသည် သာသနာတော်နှင့် မတန်သူဖြစ်၍သာ ဖြစ်မည်။ ဤဘဝ၌ မဂ်ဖိုလ်ကို ရဖို့ဆိုသည်မှာ ဝေးလေစွ။ ဒါနကုသိုလ်မျှကိုပင် ရနိုင်အောင် ဦးရိုးတော်သည် မချီးမြှောက်သည်မှာ မချီးမြှောက်ထိုက်၍သာ ဖြစ်ပေလိမ့်မည်။ ဤသို့တွေးပြီး ဂူတော် သံဃရက္ခိတသည် မှားဗွာ စိတ်မကောင်းခြင်း ဖြစ်၏။

ထို့နောက် သူသည် ဆက်၍ တွေးပြန်၏။ ဦးရိုးတော်က ဤသင်္ကန်း၈ကို လက်မခံလျှင် ဘာလုပ်ရမည်နည်း။ အကောင်းဆုံးကတော့ လူထွက်ခြင်းပင် ဖြစ်၏။ လူထွက်ပြီးလျှင် သင်္ကန်း၈ကို ရောင်းမည်။ ရောင်းရငွေဖြင့် မွေးမြူရေးလုပ်ငန်းကို လုပ်မည်၊ မွေးမြူရေးတွင်လည်း ဆိတ်မွေးမြူရေးသည် အကောင်းဆုံး ဖြစ်၏။ သားကျမြန်၏။ စီးပွားဖြစ်လွယ်၏။ အတော်အသင့် စီးပွားဖြစ်လျှင် အိမ်ထောင်ပြုမည်။ လူ့ဘဝဖြင့်ပင် ကုသိုလ်ကောင်းမှုလုပ်မည်။ သီလကိုစောင့်ထိန်းမည်။ ဒါနကိုပြုမည်။ သီလကုသိုလ်နှင့် ဒါနကုသိုလ်သည်လည်း မဂ်ဖိုလ်ကို မရနိုင်စေကာမူ နတ်ရွာသုဂတိကိုတော့ ရစေနိုင်သည်ပင် ဖြစ်၏၊

ဤသို့ ဂူတော် သံဃရက္ခိတက စိတ်ကူးယဉ်လိုက်ပြန်၏။ နောက် သားတစ်ယောက် ရမည်။ သားကိုလည်း ဦးရိုး၏အမည်အတိုင်း သံဃရက္ခိတ ဟူ၍ပင်မှည့်ခေါ်မည်။ ထို့နောက် လှည်းယဉ်ကလေးနှင့် မိမိ၏ဇနီးနှင့် သားငယ်ကိုခေါ်၍ ဦးရိုးတော်ကို သွားရောက်ကန်တော့မည်။ မိမိက လှည်းယဉ်ကိုမောင်းမည်။ မိမိ၏ဇနီးက သမီးငယ်ကို ပွေ့ချီထားမည်။ နောက် မိမိက တစ်ဖန် သားငယ်ကိုပွေ့ချီရင်း လှည်းယဉ်ကို မောင်းရန် မိမိ၏ ဇနီးထံမှ သားငယ်ကို ယူမည်။ ထိုအခါ မိမိ၏ဇနီးက မိမိအား သားငယ်ကိုမပေးဘဲ လှည်းကိုသာ မောင်းရန် ပြောမည်၊ မိမိက လှည်းယဉ်ကို ဆက်၍မောင်းမည်။ ထိုအချိန်တွင် မိမိ၏ဇနီး လက်မှလွတ်၍ သားငယ်သည် လှည်းလမ်းမပေါ်သို့ ကျသွားမည်။ ကံမကောင်း အကြောင်းမလှချင်တော့ သားငယ်ကို လှည်းကြိတ်သွားသဖြင့် သားငယ် သေဆုံးသွားမည်။ ဤသည်မှာ ဂူတော် သံဃရက္ခိတ၏ စိတ်ကူး

ဖြစ်၏။ စိတ်ကူးသည် ထိုနေရာ၌ပင် မရပ်၊ ဆက်၍သွား၏။ သူ၏ စိတ်ကူးသည် သူချည်းသွားသည်မဟုတ်။ တူတော် သံဃရက္ခိတကိုပါ တစ်ပါးတည်း ခေါ်ဆောင်သွား၏၊ စိတ်ကူးနှင့် သံဃရက္ခိတသည် တစ်သားတည်း ဖြစ်သွား၏။ စိတ်ကူးသည်ပင် သံဃရက္ခိတ၊ သံဃရက္ခိတသည်ပင် စိတ်ကူး။ ဤသည်မှာ မိစ္ဆာသင်္ကပ္ပ၏ စွမ်းအင်ဖြစ်၏။ မိစ္ဆာသင်္ကပ္ပဟူသည်မှာ မှားယွင်းသော စိတ်ကူးဖြစ်၏။ မှားယွင်းသောစိတ်ကူး ဆိုကတည်းက မှားယွင်းသော ကာယကံနှင့် မှားယွင်းသော ဝစီကံကို ဖြစ်ပေါ်စေမည်မှာ အမှန်ဖြစ်၏။

တူတော် သံဃရက္ခိတသည် ယခုအထိ စိတ်ကူးကမ္ဘာ၌ ရှိဆဲပင်ဖြစ်၏။ ထို့ကြောင့် သူသည် သူ၏ဇနီးအပေါ်၌ များစွာစိတ်ဆိုး၏။ သားငယ်ကိုပင် နိုင်အောင် မွေးချီနိုင်သူ မဟုတ်သဖြင့် သားငယ်သည် မသေသင့်ပါဘဲလျက် အသေဆိုးဖြင့်သေရရှာ၏။ ထို့ကြောင့် သူသည် ဒေါသကိုမထိန်းနိုင်ဘဲ ဇနီးအား ကြိမ်လုံးဖြင့် ရိုက်လိုက်၏။

သို့ရာတွင် ကြိမ်လုံးသည် သူ၏ဇနီးကို မထိဘဲ သူ၏ ဦးရီးတော် သံဃရက္ခိတမထေရ်ကြီး၏ ဦးခေါင်းတော်ကို ထိသွား၏။ ထိုအခါ ကြိမ်လုံးသည်လည်း ကြိမ်လုံးမဟုတ်တော့၊ ထန်းရွက်ယပ်ဝန်း ဖြစ်နေ၏။ မိစ္ဆာသင်္ကပ္ပ၏ စွမ်းအင်သည် ထက်လှ၏။ စိတ်ကူးကမ္ဘာက ကြိမ်လုံးသည် လက်တွေ့ကမ္ဘာ၌ ထန်းရွက်ယပ်ဝန်း ဖြစ်နေ၏။ စိတ်ကူးကမ္ဘာက မိမိ၏ ဇနီးသည် လက်တွေ့ကမ္ဘာ၌ မိမိ၏ဦးရီးတော် ဖြစ်နေ၏။ စိတ်ကူးဟူသည် စွမ်းအင်မဲ့သည် မဟုတ်။ မိမိ၏ သီးခြားကမ္ဘာတစ်ခုကို ဖန်ဆင်းနိုင်စွမ်း ရှိချေ၏။ အကယ်၍ စိတ်ကူးသည် မိမိ၏ သီးခြားကမ္ဘာမှ လက်တွေ့ကမ္ဘာသို့ရောက်အောင် ကူးသွားနိုင်ပါလျှင် အလင်္ကာရ ဝေါဟာရအရ ဘာဝဆန်သဖြင့် "မဓုရဘာဝဂုဏ်" မြောက်သည် မည်၏။ သို့ရာတွင် တူတော် သံဃရက္ခိတ၏ စိတ်ကူးကား ထိုသို့မဟုတ်၊ လက်တွေ့ကမ္ဘာသို့ မရောက်ဘဲ ချောက်ကမ်းပါးထဲသို့ ကျသွားလေ၏။ ထိုသို့ ဖြစ်ခြင်းကို အလင်္ကာရ ဝေါဟာရအရ ဘာဝမဆန်သဖြင့် ဩစိတျဟီန ဒေါသသင့်သည် မည်၏။ ဩစိတျဟီနဟူသည် ဘာဝမဆန်သော အဖြစ်မျိုး ဖြစ်၏။

တူတော် သံဃရက္ခိတက သူ၏ဦးခေါင်းကို ထန်းရွက်ဝန်းဖြင့် ရိုက်လိုက်သောအခါ "ရဟန်းငယ်၊ သင်သည် သင်၏ဇနီးကို ထိအောင်မရိုက်နိုင်ဘဲ ငါ၏ဦးခေါင်းကိုသာ ထိအောင် ရိုက်ချေ၏" ဟူ၍ ဦးရီးတော်မထေရ်ကြီးက မိန့်လိုက်၏။ ထိုအခါမှ တူတော် သံဃရက္ခိတသည် သူ၏ စိတ်ကူးကမ္ဘာ ပြိုကျသွားပြီး များစွာထိတ်လန့်၏။ ရှက်လည်းရှက်၏။ သူတစ်ပါး၏စိတ်ကို သိစွမ်းနိုင်သော ဦးရီးတော်မထေရ်၏ ရဟန္တာဘာဝကို ကြည်ညိုဝမ်းမြောက်၏။

http://www.cherrythitsar.org



မိမိ၏ ပုထုဇဉ်ဘဝအတွက်လည်း များစွာဝမ်းနည်းမိ၏။ အံ့ဖွယ်ရှိစွ။ ငါသည် ပျက်စီးခြင်းသို့ ရောက်ပေပြီ။ ငါ၏ ဥပဇ္ဈာယ်ဆရာကား ငါကြိုးသမျှ အားလုံးကို သိချေပြီ။ ငါ့အား ရဟန်းဘဝဖြင့် အကျိုးမရှိတော့ပြီ။ တူတော် သံဃရက္ခိတ ရဟန်းငယ်သည် ဤသို့တွေးရင်း ယပ်ဝန်းကိုချကာ ထွက်ပြေးရန် ကြိုးစားလေ၏။ ထိုအခါ အခြားရဟန်းများက တူတော် သံဃရက္ခိတ ရဟန်းငယ်ကို ဝိုင်းဝန်း ခြံရံ၍ မြတ်စွာဘုရား ရှေ့တော်မှောက်သို့ ခေါ်ဆောင်သွားကြ၏။

မြတ်စွာဘုရား ရှေ့တော်မှောက်သို့ ရောက်သောအခါ မြတ်စွာဘုရားက ရဟန်းငယ်အား သူ၏ဖြစ်ရပ်ကို မေးမြန်းလေရာ၊ ရဟန်းငယ်ကလည်း မြတ်စွာဘုရားအား သူ၏ဖြစ်စဉ်ကို အစမှအဆုံးတိုင်လျှောက်ထား၏။ ထိုအခါ မြတ်စွာဘုရားက ဂါထာဖြင့် အောက်ပါအတိုင်း ဟောကြား၏။

- **စိတ်ဟူသည် ဝေးသော ရပ်သို့လည်း သွားတတ်၏။ တစ်ခုပြီးမှ တစ်ခု ဖြစ်တတ်၏။ကိုယ်သဏ္ဌာန် မရှိ၊ ဟဒယဝတ္ထုတည်း ဟူသော ဥမင်၌ နေ၏။**
- **စိတ်ကို ထိန်းသိမ်းနိုင်သူတို့သည် မာရ်နတ်မင်း၏ အနှောင်အဖွဲ့မှ လွတ်မြောက်ကြလေကုန်မည်။**

စိတ်ဟူသည် သူ့သဘာဝအတိုင်း ဝေးသောကာလသို့လည်း ခဏချင်း ရောက်သွားနိုင်၏။ ဝေးသောဒေသသို့လည်း ခဏချင်း ရောက်သွားနိုင်၏။ ဤသည်မှာ စိတ်၏ သဘာဝ၊ စိတ်၏ စွမ်းအင်ဖြစ်၏။

စိတ်၏ စွမ်းအင်ကို သူ့သဘာဝအတိုင်း"သွားချင်ရာသွား"ဟူ၍ အထိန်း အကွပ်မရှိဘဲ လွှတ်ထားပါကလည်း ကာမသုခလ္လိကာနု ယောဂကျင့်စဉ်အတိုင်း ကျင့်ရာရောက်၍ မသင့်။ "မသွားရဘူး"ဟူ၍ အတင်းအဓမ္မ နှိပ်ကွပ်ထားပြန် ကလည်း အတ္တကိလမထာ နုယောဂကျင့်စဉ်အတိုင်း ကျင့်ရာရောက်၏။ အမှန် အားဖြင့် စိတ်ဟူသည် သူ့သဘာဝအတိုင်း သူ့လုပ်ငန်းကို သူဆောင်ရွက်ရာတွင် ပုဂ္ဂိုလ်အနေဖြင့် မိမိက တစ်ခုတစ်ရာဝင်ရောက် စွက်ဖက်ပါက ထိုသို့ စွက်ဖက် ခြင်းသည် အစွန်းရောက်ကျင့်စဉ် အန္တပဋိပဒါအတိုင်း ကျင့်သည်မည်၏။

မဇ္ဈိမပဋိပဒါအတိုင်း ပုဂ္ဂိုလ်အနေဖြင့် မဟုတ်ဘဲ ဓမ္မအနေဖြင့်သာ မိမိ၏စိတ်ကို မိမိက လေ့လာရ၏။ စိတ်၏လုပ်ငန်းကို သုံးသပ်ရ၏။

အာရုံကိုယူတိုင်း သတိ(သမ္မာသတိ)ဖြင့် မှတ်ရ၏။ အမှတ် ပျက်မသွားရ လေအောင် ဝီရိယ (သမ္မာဝါယာမ)ဖြင့် မပျင်းမရိ ကြိုးပမ်းရ၏။

လွတ်ထွက် မသွားရလေအောင် သမာဓိ (သမ္မာသမာဓိ)ဖြင့် စိုက်ထားရ

http://www.cherrythitsar.org



၏။ အာရုံကို ဘာတ်စုံသိရအောင် ဝိတက် (သမ္မာသင်္ကပ္ပ)ဖြင့် ဆွဲလာရ၏။ ဤအာရုံကား ပုဂ္ဂိုလ်မဟုတ်။ သတ္တဝါမဟုတ်၊ အရာဝတ္ထု မဟုတ်၊ သင်္ခါရသာ ဖြစ်၏ဟူ၍ ပညာ (သမ္မာဒိဋ္ဌိ)ဖြင့် အဆုံးအဖြတ် ပေးရ၏။ ဤလုပ်ငန်းများကို လုပ်ရာတွင် သတိ၊ ဝီရိယ၊ သမာဓိတို့က သမာဓိမဂ္ဂင်အနေဖြင့် ပါဝင်ရ၏။ သင်္ကပ္ပ (ဝိတက်) နှင့် ပညာတို့က ပညာမဂ္ဂင်အနေဖြင့် ပါဝင်ရ၏။ ဤမဂ္ဂင် ငါးပါးကို ဝိပဿနာမဂ္ဂင် ဟူ၍ဆိုရ၏။ စိတ်သည် အာရုံကိုယူတိုင်း ဤလုပ်ငန်း မျိုး၌ အမြဲလုပ်ရ၏။

ဤသို့ လုပ်ရာတွင် ပုဂ္ဂိုလ်အနေဖြင့် လုပ်ရသည်မဟုတ်။ ဓမ္မအနေဖြင့်သာ လုပ်ရ၏။ အမှန်အားဖြင့် ဤလောကသို့ ပုဂ္ဂိုလ်ဟူ၍လည်း မရှိ၊ သတ္တဝါဟူ၍လည်း မရှိ၊ အရာဝတ္ထုဟူ၍လည်းမရှိ။ အားလုံး ဓမ္မချည်းသာ ရှိ၏။ သင်္ခါရချည်းသာ ရှိ၏။

ဓမ္မ (ဝါ) သင်္ခါရကိုပင် ပုဂ္ဂိုလ်ဟူ၍ ဖြစ်စေ၊ သတ္တဝါဟူ၍ ဖြစ်စေ၊ အရာဝတ္ထုဟူ၍ဖြစ်စေ မှတ်ယူလိုက်သည်နှင့် တစ်ပြိုင်နက် "ငါ"သည် ဝင်လာ ၏။ ထို "ငါ"ကိုပင် "အတ္တ"ဟူ၍ ဆိုရ၏။ ထိုအခါ မိမိယူသော အာရုံနှင့် ပတ်သက်၍ "နှစ်သက်ခြင်း"သော်လည်း ဖြစ်နိုင်၏။ "မနှစ်သက်ခြင်း"သော် လည်း ဖြစ်နိုင်၏။ နှစ်သက်ခြင်းဖြစ်လျှင်လည်း ကိလေသာပင် ဖြစ်သည်မည်၏။ မနှစ်သက်ခြင်း ဖြစ်လျှင်လည်း ကိလေသာဖြစ်သည်မည်၏။ ထိုအခါ ကိလေသာ က စိတ်ကို နှောင်ဖွဲ့သည်မည်၏။

ထို့ကြောင့် စိတ်က မည်သည့်အာရုံကို ယူသည်ဖြစ်စေ ထိုအာရုံသည် ပုဂ္ဂိုလ်မဟုတ်၊ အရာဝတ္ထုမဟုတ်၊ အာရုံကိုယူတတ်သော စိတ်သည်လည်း ပုဂ္ဂိုလ်မဟုတ်၊ သတ္တဝါမဟုတ်။ အရာဝတ္ထုမဟုတ်။ အားလုံးဓမ္မချည်း ဖြစ်သည်။ အားလုံး သင်္ခါရချည်း ဖြစ်သည်။ အားလုံး အနိစ္စ၊ ဒုက္ခ၊ အနတ္တ ချည်း ဖြစ်သည်ဟူ၍ မြင်လာရလေအောင် သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပဟူသော ပညာမဂ္ဂင်နှစ်ပါးနှင့် သမ္မာသတိ၊ သမ္မာဝါယာမ၊ သမ္မာသမာဓိဟူသော သမာဓိ မဂ္ဂင်သုံးပါး၊ စုစုပေါင်း ဝိပဿနာမဂ္ဂင် ငါးပါးတို့ဖြင့် ပွားများရ၏။

ထိုသို့ အားထုတ်သောအခါ စိတ်ဟူသည် တစ်ခုတည်းက ဆက်ကာ ဆက်ကာ ဖြစ်နေသည်မဟုတ်။ တစ်ခုပြီးမှတစ်ခု ဖြစ်နေခြင်းဖြစ်၏။ စိတ်တစ်ခု ချုပ်သွားလျှင် နောက်စိတ်တစ်ခုကပေါ်လာ၏။ ထို့ကြောင့် စိတ်သည် ဖြစ်လိုက် ပျက်လိုက်ဖြင့် ဖြစ်နေခြင်း ဖြစ်၏။

ထိုသို့ ဖြစ်လိုက် ပျက်လိုက် ဖြစ်နေရာတွင် စိတ်တစ်ခုတည်းကပင် ထပ်ကာထပ်ကာ ဖြစ်နေသည်လည်း မဟုတ်။ ပထမဖြစ်သောစိတ်သည် ဒုတိယ

ရာပြည့်စာအုပ်တိုက်

http://www.cherrythitsar.org



ဖြစ်သော စိတ်မဟုတ်။ ဤသို့ စိတ်များသည် တစ်ကြိမ်လျှင် တစ်ခုစီ တစ်ခုစီ ဖြစ်၏။ ပထမအကြိမ်ဖြစ်သောစိတ်နှင့် ဒုတိယအကြိမ်ဖြစ်သော စိတ်သည် တစ်ခုတည်းဟုယူပါက သဿတဒိဋ္ဌိဖြင့် ယူသည်မည်၏။

အာမျှ အဆက်အစပ်မရှိဟူ၍ ယူပါကလည်း ဥစ္ဆေဒဒိဋ္ဌိဖြင့် ယူသည် မည်၏။ စိတ်ဟူသည် တစ်စိတ်တည်း မဟုတ်သော်လည်း အကြောင်းအကျိုး အနေဖြင့် အဆက်အစပ်ရှိ၏။ ဤသို့မြင်အောင် ဝိပဿနာမဂ္ဂင် ငါးပါးဖြင့် ကြည့်ရ၏။

စိတ်ဟူသည် ကိုယ်သဏ္ဌာန်မရှိ၊ ဒြပ်မရှိ၊ အစိုင်အခဲလည်း မရှိ။ အကယ်၍ စိတ်ဟူသည် ကိုယ်သဏ္ဌာန်ရှိသည် ဟူ၍လည်းကောင်း၊ ဒြပ်ရှိသည် ဟူ၍လည်းကောင်း၊ အစိုင်အခဲရှိသည်ဟူ၍လည်းကောင်း ယူပါက အတ္တသည် ဝင်လာ၏။ "အတ္တ"ဝင်လာပါက ကြိုက်နှင့် မကြိုက် နှစ်မျိုးတွင် တစ်မျိုးမျိုးသည် မလွဲမသွေ ဖြစ်မည်ယင်၏။ ထိုအခါ စိတ်ကို ကိလေသာက နှောင်ဖွဲ့သည် မည်၏။ အဘယ့်ကြောင့်ဆိုသော် ကြိုက်ခြင်းနှင့် မကြိုက်ခြင်း နှစ်မျိုးလုံးက ကိလေသာများ ဖြစ်ကြသောကြောင့် ဖြစ်ပါ၏။

စိတ်ဟူသည် ဒေသအားဖြင့် ဖြစ်စေ၊ ကာလအားဖြင့်ဖြစ်စေ အဝေးကြီး သို့ သွားနိုင်သည်ဆိုသော်လည်း စိတ်က တကယ်တမ်း အဝေးကြီးသို့ သွားသည် မဟုတ်။ စိတ်က ဟဒယဝတ္ထုရုပ်၌သာ မှီနေပြီး အဝေးကြီးက အာရုံများက စိတ်သို့ လာရောက်ထင်ခြင်း ဖြစ်၏။ ဤသဘောကို ဝိပဿနာ မဂ္ဂင်ငါးပါးကို အားကောင်းသည်နှင့်အမျှ ပြတ်ပြတ်ထင်ထင် မြင်လာမည်ဖြစ်၏။ ဝိပဿနာ မဂ္ဂင်ငါးပါး အားကောင်းဖို့သာ အရေးကြီး၏။ စိတ်သည် အာရုံနှင့်တကွ ဖြစ်ပျက်နေသည်ကို အမှန်အတိုင်း မြင်လာဖို့က သေချာ၏။

ထိုသို့မြင်လာအောင် သီလရှိဖို့လည်း လို၏။ သီလရှိမှ သမာဓိ ရှိ၏။ သမာဓိရှိမှ ပညာရှိ၏။ သီလ၊ သမာဓိ၊ ပညာတို့ ပြည့်စုံလာသည်နှင့်အမျှ အာရုံနှင့် တကွသော စိတ်၏ ဖြစ်ပျက်ပုံကို မြင်လာမည် ဖြစ်၏။ စိတ်၏ ဖြစ်ပျက်ကိုမြင်လျှင် ရုပ်၏ ဖြစ်ပျက်ကိုလည်း မြင်၏။ အားလုံး၏ ဖြစ်ပျက်ကို မြင်၏။ နောက်ဆုံး၌ ရုပ်၊ နာမ်၊ ခန္ဓာ၊ သင်္ခါရတရား အားလုံးတို့၏ ကုန်ဆုံးရာ နိဗ္ဗာန်ကို မြင်လေတော့၏။ ဤသို့ အဆင့်ဆင့်မြင်အောင် အားထုတ်ခြင်းသည် ပင်လျှင် စိတ်ကို စောင့်ရှောက်ခြင်းမည်ပေ၏။ ကိလေသာမှ စိတ်ကို လွတ်မြောက် အောင် ထားခြင်းလည်းမည်၏။ မာရ်မင်း၏ အနှောင်အဖွဲ့မှ လွတ်မြောက်သည် လည်း မည်၏။

ဤဒေသနာတော်ကို နာကြားရသောအခါ တူတော် သံဃရက္ခိတ ရဟန်း

http://www.cherrythitsar.org



ငယ်သည့် သူ၏ ပါရမီအရ ဒေသနာတော်အတွင်း၌ပင် သူ၏ စိတ်ကို ကိလေသာတို့ မဝင်ရောက်နိုင်အောင်၊ မာရ်မင်း၏ အနှောင်အဖွဲ့မှလွတ်အောင် အားထုတ်နိုင်လေတော့၏။ သို့ရာတွင် သူ၏ စိတ်အား ကိလေသာအားလုံးတို့မှ မလွတ်သေး။ မာရ်မင်း၏ အနှောင်အဖွဲ့ အားလုံးမှ မလွတ်သေး၊ လွတ်သင့်သလောက်တော့ လွတ်ပြီ၊ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာမှ လွတ်ပြီ၊ အပါယ်လေးပါးမှ လွတ်ပြီ။ ထို့ကြောင့် တူတော် သံဃရက္ခိတသည် သောတာပတ္တိဖိုလ်၌တည်သော သောတာပန်ဖြစ်လေ၏ ဟူ၍ သာသနာ့မှတ်တမ်း၌ ဖော်ပြခြင်း ဖြစ်ပါ၏။ အခြားသော တရားနာပရိသတ်သည်လည်း မိမိတို့၏ ပါရမီအလျောက် ဤဒေသနာတော်ကို နာကြားရသဖြင့် အကျိုးရှိသည်သာ ဖြစ်ပါ၏။

မိမိတို့၏ အစမထင် သံသရာမှ စ၍ ကျင်လည်ခဲ့ရသူများ ဖြစ်ကြလေရာ ဇာတ်ဝင်သူ မိမိသည်ပင် တူတော် သံဃရက္ခိတ ရဟန်းငယ်လို ပါရမီရှိသူ ဖြစ်နိုင်၏။ ထို့ကြောင့် မြတ်စွာဘုရား ဟောကြားတော်မူသည့်အတိုင်း ရုပ်၊ နာမ်၊ ဓမ္မ သင်္ခါရများ အားလုံးကို ပုဂ္ဂိုလ်အဖြစ်၊ သတ္တဝါအဖြစ်၊ ဒြပ်အခိုင်အခဲအဖြစ် မမြင်ရတော့ဘဲ အားလုံး ဖြစ်ပျက်ချည်း မြင်အောင်၊ ထိုနောက်မှ ဖြစ်ပျက်တို့၏ ကုန်ဆုံးရာ နိဗ္ဗာန်ကိုမြင်အောင် အားထုတ်အပ်ပါ၏။

# စိတ္တဟတ္ထ မထေရ်

မြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ်ကာလက ဖြစ်သည်။ မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူ၏။ သာဝတ္ထိပြည်သားတစ်ယောက်သည် သူ၏ နွားအုပ်ထဲမှ နွားတစ်ကောင် ပျောက်သွားသည်ကို သိလျှင် တောထဲသို့ဝင်၍ နွားကိုရှာ၏။ နွားကို တွေ့သောအခါ နွားအုပ်ထဲသို့ ပြန်မောင်းသွင်းလိုက်၏။

နေကလည်း မွန်းတည့်ချိန်၊ ထမင်းကလည်း မစားရသေး။ သူသည် ထမင်းဆာလှ၏။ ထို့ကြောင့် သူသည် ထမင်းကျန်၊ ဟင်းကျန်များကို စားရလို စားရငြားဟူသော မျှော်လင့်ချက်ဖြင့် ကျောင်းသို့ ဝင်သွား၏။ ရဟန်းတော်များကလည်း ထမင်းကျန် ဟင်းကျန်ကို ကျွေးမွေးလိုက်၏။ ထမင်းကျန် ဟင်းကျန် ဆိုသော်လည်း သူမစားဖူးသော ထမင်းကောင်းများနှင့် ဟင်းကောင်းများဖြစ်ကြ၏။ ထို့ကြောင့် ယနေ့ကျောင်း၌ ဆွမ်းကျွေးရှိသည်ဟု သူက ထင်၏။ သို့ရာတွင် ဆွမ်းကျွေးမရှိဘဲ နေ့စဉ်ရနေကျ ပုံမှန်ဆွမ်းများနှင့် ဆွမ်းဟင်းများသာ ဖြစ်ကြောင်း

http://www.cherrythitsar.org



သူသိသောအခါ သူ့ဘ၀၏ စား၊ ဝတ်၊ နေရေးနှင့် ရဟန်းတို့၏ စား၊ ဝတ်၊ နေရေးကို နှိုင်းယှဉ်ကြည့်မိ၏။ ကွာဟာလိုက်သည့် ဖြစ်ခြင်း။

အစားကောင်းကို နေ့စဉ်စားနေရလျှင် ချမ်းသာသည်။ အဝတ်ကောင်းကို နေ့စဉ်ဝတ်နေရလျှင် ချမ်းသာသည်။ ဤသို့ သူကထင်၏။ သို့ရာတွင် သူ၏ အထင်သည် မမှန်။ တဏှာ၏ သဘောကို သူမသိ၍ ထိုသို့ထင်ခြင်းဖြစ်၏။ တဏှာကို အခြေခံသော ချမ်းသာသည် ယာယီ ချမ်းသာ သာဖြစ်၏။ မိမိ လိုချင်သော အရာဝတ္ထုကိုရလျှင် ချမ်းသာ၏။ ယင်းကို ကာမတဏှာ ချမ်းသာဟု ခေါ်၏။ ခဏတာ စိဖြုတ်တော့ ပိုက်ပိုက်တွေးတွေး ရှိ၏။ အမြဲတော့မဟုတ်၊ ထိုစဉ်အတွင်းတော့ ချမ်းသာ၏။ ထိုကဲ့သို့ ချမ်းသာခြင်းသည် ခဏတာစိဖြုတ်သာ ဖြစ်၏။ ယင်းကို ဘဝတဏှာချမ်းသာဟုခေါ်၏။ နောက် ငြီးငွေ့ပြီး စွန့်ချင်၏။ စွန့်ချင်သည့်အတိုင်း စွန့်ရသောအခါချမ်းသာ၏။ ယင်းကို ဝိဘဝတဏှာချမ်းသာ ဟုခေါ်၏။ အမှန်အားဖြင့် တဏှာ၏ သဘောအရ လိုချင်သည်၊ ရသည်၊ ငြီးငွေ့သည်၊ နောက် လိုချင်သည်၊ ဤသို့ စက်လည်လျက် ရှိ၏။ လိုချင်၍ရခြင်းသည် ကာမတဏှာရ၍ သိမ်းပိုက်ခြင်းသည် ဘဝတဏှာ ငြီးငွေ့၍ စွန့်ခြင်းသည် ဝိဘဝတဏှာ၊ တဏှာသည် စက်ဝန်းသဖွယ် ဖြစ်၏။ လိုချင်လိုက်၊ ရလိုက်၊ ငြီးငွေ့လိုက်၊ နောက်လိုချင်လိုက်၊ မည်သည့်အခါမှ မဆုံးတော့။

အမျိုးကောင်းသားသည် အစားကောင်း စားလိုသဖြင့် ရဟန်းဝတ်လိုက်၏။ သို့ရာတွင် ဤရဟန်းသည် ထူးခြား၏။ အခြားရဟန်းများ၏ ဝေယျာဝစ္စကို လုပ်၏။ ဝတ်ကြီးဝတ်ငယ်ကို ဆောင်ရွက်၏။ သူသည် စာသင်ချင်၍ ရဟန်းဝတ်သူလည်းမဟုတ်၊ တရားဘာဝနာ ကျင့်လို၍ ရဟန်းဝတ်သူလည်းမဟုတ်။ အစားကောင်း စားလို၍သာ ရဟန်းဝတ်သူ ဖြစ်သော်လည်း ကျောင်းဝေယျာဝစ္စနှင့် သံဃာ့ ဝေယျာဝစ္စကို ကျေပွန်အောင် ဆောင်ရွက်ခြင်းသည်ပင် သူ့အတွက် တရားထူးရဖို့ ဥပနိဿယ ဖြစ်လေ၏။

ရဟန်းဝတ်ဖြင့် အစားကောင်းများ စားရပါသော်လည်း သာသနာတော်၌ မပျော်။ လူထွက်လိုက်၏။ အမှန်အားဖြင့် လုပ်ငန်းတစ်ခုကို လုပ်ရာ၌ ယုံကြည်ချက်သည် အရေးကြီး၏။ ယုံကြည်ချက် ဆိုသော်လည်း မျက်ကန်း ယုံကြည်ချက် မဟုတ်။ ဉာဏ်နှင့် ယှဉ်သော ယုံကြည်ချက်ဖြစ်၏။ ယင်းကို သဒ္ဓါနှင့် ပညာ မျှသည်ဟု ဆိုရ၏။ သဒ္ဓါနှင့် ပညာမျှပါမှ ထိရောက်၏။ ထို့ကြောင့် ဉာဏ်ယှဉ်သော ယုံကြည်ချက်ဖြင့် စည်းရုံးမှသာ သိပ်သည်းခိုင်မာ၍ "အားသစ်"ကို ရ၏။ ထို့ကြောင့် ထိုကဲ့သို့သောစည်းရုံးခြင်းမျိုးကို အရည်အချင်းအရ စည်းရုံးခြင်း ဟူ၍ ဆိုရ၏။ ပစ္စည်းလာဘ်လာဘဖြင့် စည်းရုံးခြင်းကား သိပ်သည်းခိုင်မာမှု

http://www.cherrythitsar.org



မရှိသဖြင့် "အားသစ်"ကို မရ။ "အားဟောင်း"အတိုင်းပင် ဖြစ်၏။ ထို့ကြောင့် ထိုကဲ့သို့သော စည်းရုံးခြင်းမျိုးကို အရေအတွက်အရ စည်းရုံးခြင်းဟူ၍ ဆိုရ၏။ အရည်အချင်းအရ စည်းရုံးခြင်းကို "သမာဝါယသမ္ဗန္ဓ" ဟူ၍ ခေါ်၏။ အရေအတွက်အရ စည်းရုံးခြင်းကို "သံယောဂသမ္ဗန္ဓ" ဟူ၍ ခေါ်၏။

ထိုရဟန်း လူထွက်ခြင်းမှာ သာသနာတော်၌ ယုံကြည်ချက်ဖြင့် ရဟန်းဝတ်ခြင်းမဟုတ်ဘဲ အစားကောင်းတည်းဟူသော ပစ္စည်းလာဘ်လာဘဖြင့် စည်းရုံးခြင်းခံရ၍ ရဟန်းဝတ်ခြင်းမျိုးသာ ဖြစ်သဖြင့် စည်းရုံးမှုသဘောအရ ဆန်းလှသည်တော့ မဟုတ်။ ဘာလုပ်စက်ဝန်း၏ လည်ပတ်မှု သဘောအတိုင်း လူထွက်ခြင်းသာ ဖြစ်၏။

သူသည် လူ့ဘဝ၌ ရှေးကလိုပင် လုပ်ကိုင်စားသောက်ပြန်၏။ ပင်ပန်းလွန်းသောအခါ ရဟန်းဝတ်ပြန်၏။ ရဟန်းဝတ်ဖြင့်မပျော်မွေ့သောအခါ လူထွက်ပြန်၏။ နောက်ရဟန်းဝတ်ပြန်၏။ ဤနည်းအားဖြင့် ခြောက်ကြိမ် တိုင်တိုင် ရဟန်းဝတ်၍ လူထွက်၏။ ရဟန်းဝတ်ရာ၌ အကြာကြီးဝတ်သည်မဟုတ်။ ရက်ပိုင်းမျှသာ ဝတ်ခြင်းဖြစ်၏။ သူ့၌ ဇနီးလည်းရှိ၏။ ဇနီးကို အမှတ်ရတိုင်း လူထွက်၍၊ အလုပ်ပင်ပန်းတိုင်း ရဟန်းဝတ်ခြင်း ဖြစ်၏။ ဤသို့သော ပုဂ္ဂိုလ်မျိုးသည် မြတ်စွာဘုရား လက်ထက်တော်၌ပင် ရှိ၏။ သာသနာတော်မှတ်တမ်း၌ သူ၏ အမည်ရင်းကိုမတွေ့ရ။ ရဟန်းများက နောက်ပြောင်၍ခေါ်သော အမည်ကိုသာ တွေ့ရ၏။ နောက်ပြောင်၍ ခေါ်သော အမည်မှာ "စိတ္တဟတ္ထ" ဟူ၍ ဖြစ်၏။ "စိတ္တဟတ္ထ"၏ အနက်မှာ စိတ်၏ အလိုသို့လိုက်သူ ဟူ၍ ဖြစ်၏။ ထိုအမည်ဖြင့် ပင် ထင်ရှား၏။

သူသည် ကျောင်းဝေယျာဝစ္စနှင့် သံဃာ့ဝေယျာဝစ္စကို ဆောင်ရွက်ရာ၌ တာဝန်ကျေသူဖြစ်၏။ ထို့ကြောင့် ရဟန်းဝတ်ရန် ကျောင်းသို့လာတိုင်း ကျောင်းရှိ ရဟန်းများက လိုလိုလားလား ရဟန်းဝတ်ပေးကြခြင်းဖြစ်၏။ သူ၏ ဇနီးသည် လည်းတော်ပါ၏။ လင်သား ရဟန်းဝတ်ခြင်းနှင့်ပတ်သက်၍ ဆူဆူပူပူ လုပ်သည်ကို မတွေ့ရ။ မဖော်ပြနိုင်သော ဝေဒနာတစ်မျိုးမျိုးကိုတော့ ခံစားရရှာပေလိမ့်မည်။ သို့ရာတွင် သမက်လုပ်သူ ရဟန်းဝတ်တိုင်း ယောက္ခမကြီးက သမီးအတွက် ရင်မောရှာလေ၏။

အမှန်အားဖြင့် စိတ္တဟတ္ထမထေရ်သည် ပါရမီရှင် ဖြစ်၏။ ပါရမီရှင် ဖြစ်သော်လည်း သူ၏လုပ်ပုံကိုင်ပုံသည် ပါရမီရှင်နှင့် မတူ။ အပြင်ပန်းအနေဖြင့် ဆိုရလျှင် သူ့ကို ပါရမီရှင်ဟူ၍ မည်သူကမျှ ပြောလိမ့်မည်မဟုတ်။ ခုရဟန်းဝတ်လိုက်၊ ခုလူထွက်လိုက်။ တစ်ကြိမ်လည်းမဟုတ်၊ နှစ်ကြိမ်လည်းမဟုတ်၊

http://www.cherrythitsar.org



ခြောက်ကြိမ်တိုင်တိုင်ပင် ဖြစ်၏။ ထို့ကြောင့် သူ့ကို ပေါ့ပျက်ပျက်ပုဂ္ဂိုလ်ဟူ၍ ထင်ရုံမှတစ်ပါး ပါရမီရှင်ဟူ၍ မည်သူက ထင်လေမည်နည်း။ ပါရမီ၏သဘော သည် နက်နဲ၏။ သိနိုင်ခက်၏။ ဤသို့ပေါ့ပျက်ပျက်နိုင်လှသော ပုဂ္ဂိုလ်များထဲ တွင်ပင် ပါရမီရှင်များ ရှိနိုင်သေးသည်ဆိုလျှင် ဤလောကဌ် အရင့်အမာပါရမီရှင် များ မရှိဟူ၍ ဆိုရန်ခက်ပါ၏။ ထို့ကြောင့် ပါရမီရှင်တို့၏ သဘောကို ရိပ်စား မိစေရန် စိတ္တဟတ္ထမထေရ်ကို မှတ်တမ်းတင်ထားခြင်း ဖြစ်ဟန်တူ၏။

စိတ္တဟတ္ထ မထေရ်သည် စိတ်အလိုသို့ လိုက်နေသူမှန်၏။ သို့ရာတွင် သူသည် သူ့ကိုယ်သူ စိတ်အလိုသို့ လိုက်နေသူမှန်းမသိ။ ထိုသို့ မသိခြင်းသည် ယထာဘူတဉာဏ်ကို မရသေး၍ မသိခြင်း ဖြစ်၏။ အမှန်အားဖြင့် ယထာဘူတ ဉာဏ်ကို ရခြင်းသည် စစ်မှန်သောဉာဏ်ကို ရခြင်း၏အစဖြစ်၏။ ဓမ္မသဘော အရဆိုလျှင် ယထာဘူတဉာဏ်၊ နိဗ္ဗိဒါဉာဏ်၊ ဝိရာဂဉာဏ်တို့သည် အစဉ်အတိုင်း လာသော ဉာဏ်များဖြစ်ကြ၏။ အမှန်အတိုင်း သိလျှင် ငြီးငွေ့၏။ ငြီးငွေ့လျှင် တပ်မက်မှုကင်း၏။ တပ်မက်မှုကင်းခြင်းဟူသည် မဂ်ဉာဏ်ကိုရခြင်း ဖြစ်၏။ ထို့ကြောင့် ယထာဘူတဉာဏ်ကို ရသောသူအတွက် ဘဝလာလာ ကိစ္စမရှိ။ လာချင်ရာလာ၊ အားလုံးကို မှန်ကန်သော နှလုံးသွင်း ယောနိသောမနသိကာရဖြင့် အကျိုးရှိအောင် ဆင်ခြင်နိုင်၏။ အကုသိုလ်လာလျှင်လည်း အကုသိုလ်မှန်းသိ၏။ ကုသိုလ်လာလျှင်လည်း ကုသိုလ် မှန်းသိ၏။ အကုသိုလ်ကိုလည်း ကုသိုလ်ဟူ၍ မထင်။ ကုသိုလ်ကိုလည်း အကုသိုလ်ဟုမထင်။ အဖြစ်ကို အဖြစ်အတိုင်းသာ သိ၏။ အရှိကို အရှိအတိုင်းသာ သိ၏। ဤသို့ သိရခြင်းသည် ယထာဘူတဉာဏ် ဖြစ်၏။

စိတ္တဟတ္ထမထေရ်သည် ခြောက်ကြိမ်မြောက် လူထွက်ပြီးနောက် တောဌ် လယ်သမားအဖြစ် အလုပ်လုပ်၏။ အလုပ်ကလည်း ပင်ပန်းလှ၏။ ထို့ကြောင့် သူသည် ရဟန်းဝတ်ချင်လာပြန်သည်။ ရဟန်းဝတ်လျှင် အဆင်သင့် ဖြစ်ရအောင် အိမ်၌ သင်္ကန်းများကိုသိမ်းဆည်းထား၏။ တစ်ခုသောနေ့တွင် သူသည် သင်္ကန်း ဝတ်ရန် စိတ်ကူး၏။ ထို့ကြောင့် သူသည် လယ်တောမှ ထွန်တုံးကို အိမ်သို့ ပြန်ထားပြီး သင်္ကန်းကိုယူရန် အိမ်တွင်းသို့ ဝင်လိုက်၏။ အိမ်ခန်းတွင်း၌ သူ၏ ဇနီးသည် အအိပ်ဆိုးဆိုးဖြင့် အိပ်ပျော်နေသည်ကို တွေ့ရ၏။ သူ၏ ဇနီး၌ကိုယ်ဝန် လည်းရှိ၏။ ထိုအခါ စိတ္တဟတ္ထမထေရ်သည် သူ၏ ဇနီး၌ "အသုဘသညာ" ကို ရလေ၏။ ထို့နောက် ခန္ဓာတို့၏ "အနိစ္စသညာ"ကို ရလေ၏။ ထိုအခါ စိတ္တဟတ္ထမထေရ်သည် ရဟန်းဝတ်ရန် ကျောင်းသို့သွားလေ၏။ ထားချင်းကပ်အိမ်၌ နေသော ယောက္ခမကြီးသည် သမက်၏ အမူအရာကို မြင်လျှင် သမီး၏ အိမ်သို့

http://www.cherrythitsar.org



သွား၍ ကြည့်၏။ သမီး အိပ်နေသည်ကို မြင်သောအခါ အမေသည် သမက်၏ ဆုံးဖြတ်ချက်ကို သဘောပေါက် သွား၏။ သမက်သည် အကြိမ်ကြိမ် ရဟန်းဝတ်ဖူး၏။ ရဟန်းဝတ်တိုင်း မိမိတို့အား အကျိုးအကြောင်း ပြောပြပြီးမှ ဝတ်၏။ ယခုအကြိမ်တွင် သမက်သည် ဘာကိုမျှမပြောဘဲ သူ့ဆုံးဖြတ်ချက်နှင့်သူရဟန်းဝတ်ခြင်း ဖြစ်၏။ သမက်သည် လူ့ဘောင်ကို များစွာ ငြီးငွေ့သွားဟန် ရှိ၏။ ထို့ကြောင့် အမေသည် မိမိ၏ သမီးအတွက် များစွာရင်မောရရှာလေ၏။ အမေသည် သမီးအားနှိုး၍ အကျိုးအကြောင်း ပြောပြလေရာ သမီးကမူ အမေလိုမဟုတ်၊ ပူပင်ခြင်းအလျှင်းမရှိ။ "စိတ်မပူပါနဲ့အမေရယ်၊ တော်တော်ကြာ သူပြန်လာမှာပါ" ဟူ၍ ဆို၏။

စိတ္တဟတ္ထကား သည်တစ်ချီတော့ တကယ်ပင် သံဝေဂရ၏။ ခန္ဓာတို့၏ အသုဘသညာကို လမ်းသွားရင်း ဆင်ခြင်၏။ ခန္ဓာတို့၏ အနိစ္စသဘော၊ ဒုက္ခသဘော၊ အနတ္တသဘောကိုလည်း လမ်းသွားရင်း ရှုမှတ်၏။ လမ်းသွားရင်း ကျောင်းသို့မရောက်မီပင် စိတ္တဟတ္ထသည် သောတာပန် ဖြစ်သွား၏။ တရားထူးရချင်တော့လည်း ဘာမျှကြာလိုက်သည်မဟုတ်။

စိတ္တဟတ္ထသည် ပါရမီပြည့်ချိန် ရောက်ပြီ။ သီးချိန်တန်လျှင် သီးရမည်ပင် ဖြစ်၏။ ပွင့်ချိန်တန်လျှင် ပွင့်ရမည် ဖြစ်၏။ စိတ္တဟတ္ထအတွက် သစ္စာပန်းသည် ပွင့်ချိန်သို့ရောက်ခဲ့ပြီ။ အရေအတွက်အဆင့်မှ အရည်အချင်းအဆင့်သို့ ကူးပြောင်းရန်၌ အကြောင်းတရားများကို အရေအတွက်အရ ပြည့်စုံအောင် လုပ်ရ၏။ အရေအတွက်အရ ပြည့်စုံနေသော အကြောင်းတရားများသည် မိမိတို့ အချင်းချင်း သင့်လျော်မှု "သပ္ပာယ" အဖြစ်သို့ရောက်အောင် ဆောင်ရွက်ပေးသော နောက်ဆုံး အကြောင်းတရားကို ရသောအခါ အရည်အချင်းအဆင့်သို့ ရောက်သွားလေ၏။ အပ္ပာယအဖြစ်သို့ ဆောင်ရွက်ပေးသော နောက်ဆုံး အကြောင်းတရားကို "ပစ္စတိညာ"ဟူ၍ ခေါ်၏။ စိတ္တဟတ္ထအတွက် ပုထုဇဉ်အဆင့်မှ အရိယာအဆင့်သို့ ရောက်အောင် သပ္ပာယအဖြစ် ဆောင်ရွက်ပေးသော နောက်ဆုံး အကြောင်းတရား "ပစ္စတိညာ"ကား ဇနီးသည်၏ ပိုးစိုးပက်စက် အိပ်ပျော်နေသော အာရုံပင် ဖြစ်၏။ ပဋ္ဌာန်းပါဠိတော် ဥပနိဿယ ပစ္စည်းအရ သပ္ပာယဖြစ်အောင် ဆောင်ရွက်ပေးနိုင်သော အကြောင်းတရားများသည် ပုဂ္ဂိုလ်လည်း ဖြစ်နိုင်၏၊ ရာသီဥတုလည်း ဖြစ်နိုင်၏။ အစာအာဟာရလည်း ဖြစ်နိုင်၏။ နေရာဒေသလည်း ဖြစ်နိုင်၏။ စိတ္တဟတ္ထသည် အိပ်ပျော်နေသောဇနီးကို မိမိ၏ပါရမီများအတွက် သပ္ပာယဖြစ်အောင် ဆောင်ရွက်ပေးနိုင်သောအကြောင်း အဖြစ်ရ၏။

စိတ္တဟတ္ထသည် သောတာပန် ဖြစ်ပြီးလေပြီ။ သူသည် ရဟန်းဘဝကို

http://www.cherrythitsar.org



တောင်းသောအခါ ရဟန်းတော်များက "သင်၏ဦးခေါင်းသည် ဖားသွားကျောက် သဖွယ်ဖြစ်၏" ဟူ၍ မိန့်ကြားတော်မူကြပြီး ရဟန်းဝတ်ပေးလိုက်ကြပြန်၏။ စိတ္တဟတ္ထသည် ခန္ဓာတို့၏ ဖြစ်ပျက်ကို ဆက်၍ ရှုမှတ်ပွားများရာ နှစ်ရက်၊ သုံးရက်အတွင်း၌ပင် ပဋိသမ္ဘိဒါ လေးပါးနှင့်တကွ ရဟန္တာအဖြစ်သို့ ရောက် လေ၏။

ရဟန်းများက စိတ္တဟတ္ထအား "ဤအကြိမ် သင်္ကန်းဝတ်တာ ကြာတယ်" ဟူ၍ ပြောပြသောအခါ စိတ္တဟတ္ထမထေရ်က မိမိရဟန္တာ ဖြစ်ပြီဟူ၍ မပြော။ ရဟန္တာဟူသည် မိမိ ရဟန္တာဖြစ်ကြောင်း ပြောရိုးမရှိ။ ဤသည်ကိုပင် "အဝိဇ္ဇ" ဟူ၍ ဆိုရ၏။ "အဝိဇ္ဇ"ဟူသည် အလိုနည်းခြင်းဟူ၍ အဓိပ္ပာယ်ရ၏။ စိတ္တဟတ္ထ မထေရ်က ရဟန်းတော်များအား –

"အရှင်ဘုရားတို့ ပေါင်းသင်းဆက်ဆံလိုသော စိတ်ရှိသောအခါ တပည့် တော် အိမ်ပြန်သွားခဲ့ပါ၏။ ပေါင်းသင်းဆက်ဆံခြင်းသည် တပည့်တော်အား ပြတ်ခဲ့ပါပြီ။ ယခုအိမ်ပြန်မသွားသော သဘောသို့ ရောက်ခဲ့ပါပြီ"

ဟူ၍ လျှောက်ထားလေရာ၊ ရဟန်းများသည်စိတ္တဟတ္ထမထေရ်ကို မြတ်စွာ ဘုရားထံသို့ ခေါ်သွားပြီး "စိတ္တဟတ္ထမထေရ်သည် တပည့်တော်တို့၏ အဖေးကို ဤသို့ ဖြေကြားပါသည်၊ ရဟန္တာ ဖြစ်သလို ဖြေကြားပါသည်၊ မဟုတ်မမှန် ဖြေကြားပါသည်ဘုရား" ဟူ၍ တင်လျှောက်ကြရာ၊ မြတ်စွာဘုရားက စိတ္တဟတ္ထ မထေရ်သည် အမှန်အတိုင်း ပြောဆိုခြင်းဖြစ်သည်ဟု မိန့်ကြားတော်မူပြီး အောက်ပါဂါထာ ဒေသနာတော်ကို ဟောကြားတော်မူ၏၊

– **တည်တံ့သောစိတ် မရှိသော၊ သူတော်ကောင်းတရားကို မသိသော၊ မိုင်မာသော သဒ္ဓါတရား မရှိသောသူအား ပညာသည် မပြည့်။**

– **ရာဂ မရှိသော၊ ဒေါသမရှိသော၊ ကုသိုလ်နှင့် အကုသိုလ် နှစ်မျိုးလုံးကို ပယ်ပြီးသော၊ ထာဝစဉ် သဒ္ဓါစသော ဇာဂရ ဓမ္မ ငါးပါးတို့ နိုးကြားနေသော ရဟန္တာပုဂ္ဂိုလ်အား ဘေးသော ဘေးသည် မရှိတော့ချေ။**

အရိယသစ္စဉာဏ် ရဖို့ဆိုသည်မှာ ခန္ဓာတို့၏ ဖြစ်ပျက်ကို အမှန် အတိုင်း မြင်ဖို့လို၏၊ ခန္ဓာတို့၏ ဖြစ်ပျက်ကို အမှန်အတိုင်း မြင်ဖို့ဆိုသည်မှာ လည်း မြင်နိုင်စွမ်းသော မျက်စိရှိမှဖြစ်၏။ မြင်နိုင်စွမ်းသော မျက်စိဟူသည်မှာ သမာဓိကရခြင်းဖြစ်၏။ သမာဓိရခြင်းကိုပင် မျက်စိအသစ် ဖြစ်ပေါ်လာပြီဟူ၍ တင်စားပြီး ကျမ်းဂန်များ၌ ဆို၏။ အမှန်အားဖြင့် မိမိတို့၏ ပကတိမျက်စိဖြင့် ရုပ်နှင့်နာမ်ကိုမမြင်နိုင်။ ဉာဏ်မျက်စိဖြင့်သာ ရုပ်နှင့်နာမ်ကို မြင်နိုင်၏။ ထို့ကြောင့် ဝိပဿနာ ရှုမှတ်တော့မည်ဆိုလျှင် ရုပ်နှင့်နာမ်ကို မြင်ဖို့အတွက် ရှေးဦးစွာ

ဉာဏ်မျက်စိကို ရဖို့လို၏။ ဉာဏ်မျက်စိဟူသည်မှာ သမာဓိအား ကောင်းခြင်း ဖြစ်၏။ ယင်းကို စိတ်စင်ကြယ်ခြင်း "စိတ္တဝိသုဒ္ဓိ"ဟူ၍ လည်းကောင်း၊ စိတ်တည်တံ့ခြင်း "အဝိက္ခိတစိတ္တ"ဟူ၍လည်းကောင်း ဆို၏။ စိတ်တည်တံ့မှ ဉာဏ်အမြင်ကို ရ၏။ ဉာဏ်အမြင်ကိုရမှ ရုပ်နှင့်နာမ်ကို မြင်အောင်ကြည့်နိုင်၏။ ရုပ်နှင့်နာမ်ကိုမြင်အောင် ကြည့်နိုင်မှ ယင်းတို့၏ ဖြစ်ပျက်ကို မြင်၏။ ရုပ်နှင့်နာမ်တို့၏ ဖြစ်ပျက်ကိုမြင်မှ ဖြစ်ပျက်ကင်းရာ နိဗ္ဗာန်ကိုမြင်၏။ နိဗ္ဗာန်ကို မြင်ခြင်းသည် ပညာပြည့်စုံခြင်းဖြစ်၏။ ထို့ကြောင့် နိဗ္ဗာန်ကို မြင်နိုင်အောင် ကြည့်နိုင်ရန် ပညာပြည့်ဖို့ လို၏။

ထို့ကြောင့် ပထမဦးစွာ သီလပြည့်ဖို့ လုပ်ရ၏။ သီလပြည့်ပြီးနောက် သမာဓိပြည့်အောင် လုပ်ရ၏။ သမာဓိပြည့်အောင်လုပ်ရာ၌ ယုံကြည်မှုသဒ္ဓါ ခိုင်မာဖို့ လို၏။ မိမိလုပ်ငန်းကို မိမိမယုံကြည်လျှင် သမာဓိရဖို့ခက်၏။ သမာဓိ မရလျှင် ပညာပြည့်ဖို့ ခက်၏။ ပညာမပြည့်လျှင် ရုပ်နှင့်နာမ်ကို မမြင်။ ရုပ်၊ နာမ်တို့၏ ဖြစ်ပျက်ကိုမမြင်။ ရုပ်၊ နာမ်တို့၏ချုပ်ရာ နိဗ္ဗာန်ကို မမြင်။ ထိုအခါ ကိလေသာ ဘေးရန်သာ ထူပြောလှ၏။ ရုပ်နှင့် နာမ်ကို ရုပ်နှင့်နာမ်ဟူ၍ မမြင်ဘဲ ပုဂ္ဂိုလ် သတ္တဝါဟု အမြင်မှားသည်နှင့် တစ်ပြိုင်နက် ကိလေသာဘေးရန် သည် ဝင်လာလေ၏။

အာရုံနှင့် အာရမ္မဏိကတို့ တွေ့ဆုံရာ ဒွါရခြောက်ပါး ရှိ၏။ ယင်း ဒွါရခြောက်ပါးတို့၌ အာရုံတို့သည်ထင်ကြ၏။ ဒွါရခြောက်ပါးတို့ကို ဝန်းရံလျက် အာသဝေါတို့က တည်ရှိကြ၏။ ထို့ကြောင့် အာရုံများသည် ဆိုင်ရာဒွါရများ၌ ထင်သောအခါ အာသဝေါတရားများကို ဖြတ်သန်းသွားကြရ၏။ အာသဝေါ တရားများကို ဖြတ်သန်းသွားသည်နှင့် တစ်ပြိုင်နက် ထိုထိုအာရုံတို့သည် အာသဝေါတရားတို့၏ မာယာစွမ်းအားကြောင့် ပုဂ္ဂိုလ်၊ သတ္တဝါ၊ အရာဝတ္ထုများ မဟုတ်ကြပါဘဲလျက် ပုဂ္ဂိုလ်၊ သတ္တဝါ၊ အရာဝတ္ထုအသွင်သို့ ပြောင်းလဲသွား ကြ၏။ သက်ရှိ မဟုတ်ပါဘဲလျက် သက်ရှိအသွင်သို့ ပြောင်းလဲသွားကြ၏။ အာရမ္မဏိကဖြစ်သော သိစိတ်တို့သည်လည်း အာသဝေါတရားများကို ဖြတ်သန်း သွားသည်နှင့်တစ်ပြိုင်နက် အာသဝေါတရားတို့၏ မာယာစွမ်းအားကြောင့်စိတ် ကသာ သိခြင်းဖြစ်ပါလျက် စိတ်က သိသည်ဟူ၍ မဆိုရဘဲ စိတ်ထဲ၌ "ငါ" ကို ထည့်က "ငါ သိသည်"ဟူ၍ ဖြစ်လေ၏။ ဝေဒနာကသာ ခံစားခြင်း ဖြစ်ပါလျက် ဝေဒနာက ခံစားသည်ဟူ၍ မဆိုရဘဲ "ငါ" ကို ထည့်၍ "ငါ ခံစားသည်" ဟူ၍ ဖြစ်လေ၏။ ဤသို့ဖြစ်၍ "ငါ-အတ္တ" ဝင်လာသောအခါ

http://www.cherrythitsar.org



နှစ်သက်ဖွယ်ပင် ဖြစ်လျှင် ရာဂဝင်လာ၏။ မနှစ်သက်ဖွယ်ဖြစ်လျှင် ဒေါသ ဝင်လာ၏။ ဤသည်များမှာ ကိလေသာရန်သူများ ဖြစ်ကြ၏။

ကိလေသာရန်သူများ ဝင်မလာနိုင်စေခြင်းငှာ အာသဝေါတရားများကို ကုန်ခန်းသွားအောင် အားထုတ်ရ၏။ အာသဝေါတရားများ ကုန်ခမ်းသွားပါက အာရုံနှင့် အာရုမ္မဏိကတို့သည် အာသဝေါတရားများကို ဖြတ်သန်းသွားစရာ မလိုဘဲ ဆိုင်ရာဆိုင်ရာ ဒွါရများ၌ မိမိတို့၏ ပင်ကိုပကတိအတိုင်းသာ ထင်ကြမည်ဖြစ်၏။ အာရုံ ရုပ်၊ နာမ်တို့သည် အာရုံ ရုပ်၊ နာမ်အတိုင်းသာ ထင်ကြမည်။ ပုဂ္ဂိုလ်၊ သတ္တဝါ၊ အရာဝတ္ထုများအဖြစ် မထင်ကြတော့။ အာရမ္မဏိကဖြစ်သော သိစိတ်တို့သည်လည်း သိစိတ်အနေဖြင့်သာ သိကြမည်၊ ငါ အနေဖြင့် သိကြမည်မဟုတ်။ ထိုအခါ ရာဂလည်း ဖြစ်စရာမလို၊ ဒေါသလည်း ဖြစ်စရာမလို၊ မည်သည့်ကိလေသာမှ ဖြစ်စရာမလို။ ကိလေသာ အာသဝေါများ ကုန်ခမ်းသွားအောင် လုပ်ခြင်းဟူသည်ကား ပညာကိုပြည့်အောင်၊ သမာဓိကို ပြည့်အောင်၊ သီလကိုပြည့်အောင် လုပ်ရ၏၊ ထိုကဲ့သို့သော အဆင့်ဆင့်ပြည့်အောင် အားထုတ်ရာ၌ ဣန္ဒြေငါးပါးတို့ကို ညီမျှအောင် ထားရ၏။ သဒ္ဓါနှင့် ပညာ၊ ဝီရိယနှင့် သမာဓိတို့အနက် အစုံလိုက်ပြည့်အောင် အားထုတ်ရ၏။ သတိကိုမူ ခဏမလပ်ရအောင် ဂရုစိုက်ရ၏။ ထိုအခါ နာမ်နှင့်ရုပ်ကို မြင်မည်။ ရုပ်နှင့် နာမ်တို့၏ ဖြစ်ပျက်ကိုမြင်မည်။ ရုပ်နှင့်နာမ်တို့၏ ဖြစ်ပျက်၌ ငြီးငွေ့မည်။ ရုပ်နှင့် နာမ်တို့ချုပ်ရာ နိဗ္ဗာန်ကိုမြင်မည်။ ဤအခါ အာသဝေါတရားများ ကုန်ခန်းမည်။ ခီဏာသဝအမည်ကို ရမည်။ ခီဏာသဝဟူသည် အာသဝေါကုန်ပြီးသူ ဟူ၍ ဖြစ်၏။

စိတ္တဟတ္ထမထေရ်ကား အာသဝေါတရားများကို ကုန်ခန်းအောင် လုပ်ပြီးသူ ခီဏာသဝ ပုဂ္ဂိုလ်ဖြစ်သောကြောင့် ကိလေသာဘေးရန် မရှိသူ ဖြစ်၏။ ထို့ကြောင့် သူသည် လူထွက်တော့မည်မဟုတ် ဟူ၍ မြတ်စွာဘုရားက ဟောကြားတော် မူလိုက်၏။

ထိုအခါမှ ရဟန်းတို့သည် "စိတ္တဟတ္ထမထေရ် ရဟန္တာ" ဖြစ်ကြောင်း" သိကြ၏။ ဤဒေသနာကား တရားနာပရိသတ်အတွက် များစွာအကျိုးရှိသော ဒေသနာတော်ဖြစ်ပါ၏။ မိမိသည် လည်းကောင်း၊ အခြားသူများသည် လည်းကောင်း သစ္စာဉာဏ်ကိုရနိုင်သော ပါရမီရှိသူမဟုတ်ဟု ဆုံးဖြတ်ချက် ချ၍ မရလောက်အောင် ပါရမီတို့၏ သဘောသည် သိမ်မွေ့ပါ၏။

http://www.cherrythitsar.org



မြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ်ကာလက သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ဓမ္မသဘင် နေ့တိုင်းရှိ၏။ ဓမ္မသဘင်သို့ ရဟန်းပရိသတ်လည်း လာရောက်၍ တရားနာကြ၏။ လူပရိသတ်လည်း လာရောက်၍ တရားနာကြ၏။ မြတ်စွာဘုရား ဟောကြားတော်မူသော တရားတော်များကို နာကြားပြီးတိုင်း မိမိတို့၏ ပါရမီအလျောက် ဓမ္မရသကို ကိုယ်တိုင် ခံစားရသည်ချည်း ဖြစ်ကြ၏။

တစ်ခုသော ဓမ္မသဘင်တွင် စိတ္တဟတ္ထမထေရ်နှင့် စပ်လျဉ်း၍ ရဟန်းများသည် သံဝေဂကို ဆိုကြ၏။ စိတ္တဟတ္ထမထေရ်သည် ဇေတဝန်ကျောင်းတော်ရှိ ရဟန်းများကို သံဝေဂဖြစ်လောက်အောင် လည်း ပြုသွားနိုင်သူ ဖြစ်၏။ သူသည် ခြောက်ကြိမ်ခြောက်ခါ ရဟန်းပြုပြီး လူထွက်ခဲ့၏။ ခုနစ်ကြိမ်မြောက်၌သာ ရဟန်းပြုပြီး ပဋိသမ္ဘိဒါ လေးပါးနှင့်တကွ ရဟန္တာဖြစ်၏။ ဤမျှ ပါရမီရင့်သန်သူကိုပင် ကိလေသာသည် တုန်လှုပ်ချောက်ချားနိုင်ခဲ့၏။ ကိလေသာဟူသည်စွမ်းအင်ထက်လှပါတကား၊ ကိလေသာဟူသည် ကြောက်မက်ဖွယ်ရှိလေစွတကား။ ဤသို့ ဓမ္မသဘင်၌ ရဟန်းများသည် သံဝေဂကို ဆိုကြလေ၏။

ရဟန်းပရိသတ်တွင် အကျင့်သီလနှင့် ပြည့်စုံသော ပုထုဇဉ် ရဟန်းမြတ်များလည်း ပါဝင်ကြ၏။ စိတ္တဟတ္ထမထေရ်၏ ဖြစ်ရပ်နှင့် ကြုံစဉ်ကမူ ပုထုဇဉ်ရဟန်းမြတ်များသည် သူတို့၏သီလကို သူတို့ယုံကြည်ကြ၏။ သူတို့၏သီလကို သူတို့ အားကိုးကြ၏။ သူတို့၏ သမာဓိကို သူတို့ယုံကြည်ကြ၏။ သူတို့၏ သမာဓိကို သူတို့ အားကိုးကြ၏။ သူတို့၏ ပညာကို သူတို့ယုံကြ၏။ သူတို့၏ ပညာကိုသူတို့ အားကိုးကြ၏။ သူတို့သည် ကိလေသာ၏စွမ်းအင်ကို အမှန်အတိုင်း မသိကြ။ ထို့ကြောင့် သူတို့သည် ကိလေသာကို အထင်သေးကြ၏။ သူတို့၏ သီလ၊ သမာဓိ၊ ပညာတို့ကို ကိလေသာများသည် မည်သို့မျှ တုန်လှုပ်ချောက်ချားနိုင်စွမ်း မရှိဟူ၍ သူတို့ ထင်ကြ၏။

ယခု သူတို့သည် စိတ္တဟတ္ထမထေရ်ကို မျက်ဝါးထင်ထင် တွေ့ကြပြီ။ ခြောက်ကြိမ်တိုင်တိုင် ရဟန်းဘဝမှ လူ့ဘဝသို့ ပြောင်းခဲ့၏။ စိတ္တဟတ္ထမထေရ်နှင့် ရင်းနှီးသော ရဟန်းများကလည်း သူ့ကို "လော်လည်သူ" ဟူ၍ မြင်ခဲ့၏။ နောက်ဆုံး သူ၏ဇနီးသည်ကပင် သူ၏ ရဟန်းဝတ်မှုကို အထင်မကြီး။ စိတ္တဟတ္ထမထေရ် နောက်ဆုံး ရဟန်းဝတ်ချိန်၌ပင် "တော်ကြာ ပြန်ထွက်လာမှာပါ အမေရယ်" ဟူ၍ ဆိုရလောက်အောင် သူ၏ ရဟန်းဝတ်မှုကလည်း အားလုံး၏ မျက်စိအောက်၌ အထင်သေးစရာ ဖြစ်၏။ ပြက်ရယ်ပြုစရာ ဖြစ်၏။ မည်မျှ ရှက်စရာ ကောင်းလိုက်ပါသနည်း။ အမှန်က စိတ္တဟတ္ထမထေရ်သည် ဤဘဝ၌ပင် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုတော်မူမည့် ပစ္ဆိမဘဝိက ပုဂ္ဂိုလ်မြတ် ဖြစ်၏။

http://www.cherrythitsar.org



သို့ပါလျက် ကိလေသာတို့သည် သူ့ကိုအရှက်ခွဲမိအောင် ခွဲလိုက်သေး၏။ သူလို ငါလို ပုထုဇဉ်များကိုမူ မည်မျှ သီလရှိသည်ဆိုစေ၊ မည်မျှ သမာဓိရှိသည် ဆိုစေ၊ မည်မျှ ပညာရှိသည်ဆိုစေ ကိလေသာတို့သည် မိမိတို့၏ အခွင့်ကိုသာ ရလျှင် လောကအလယ်၌ အရှက်မကွဲကွဲအောင် ခွဲမည်ကား မုချ။ အကျိုးမနည်း နည်းအောင် လုပ်မည်ကား မုချ။ ဤသို့ သူတို့သဘောပေါက်လာကြ၏။

ထို့ကြောင့် “ငါကား အကျင့်သီလနှင့် ပြည့်စုံသူဖြစ်၏။ သူတစ်ပါး အပေါ် ဘယ်တော့မှ နစ်နာထိခိုက်အောင် မလုပ်ဘူး” ဟူ၍လည်း မိမိကိုယ်ကို မိမိ စိတ်ချယုံကြည်ထားရန် မဝံ့မရဲဖြစ်လာကြ၏။ “ငါကား သမာဓိနှင့်ပြည့်စုံသူ ဖြစ်၏။ သူတစ်ပါးအပေါ် အာဃာတလိုက်ပြီး ဘာမှမလုပ်ဘူး” ဟူ၍လည်း မိမိ ကိုယ်ကိုမိမိ အခိုင်အမာပြုရန် ဝန်လေးလာ၏။ “ငါကား ပညာနှင့် ပြည့်စုံသူ ဖြစ်၏။ သူတစ်ပါးအပေါ် ဘယ်တော့မှ မမှန်မတရားမလုပ်ဘူး” ဟူ၍လည်း မိမိကိုယ်ကိုမိမိ ထုတ်ဖော်ပြောဆိုရန် လိပ်ပြာမသန့် ဖြစ်လာလေ၏။

စိတ္တဟတ္ထမထေရ်ကို အကြောင်းပြု၍ ယခု သူတို့သိကြပြီ။ လောဘ ဟူသည်မှာလည်း လိုချင်သလောက် မရသေး၍သာ မိမိ၏ သီလ၊ သမာဓိ၊ ပညာတို့ဖြင့် ခံနိုင်ရည်ရှိနေခြင်း ဖြစ်၏။ အကယ်၍ လိုချင်သလောက်ရပါက မိမိ၏ သီလ၊ သမာဓိ၊ ပညာတို့ကို ချိုးဖျက်ပြီး လောကအလယ်၌ မိမိကိုလောဘ က အရှက်မကွဲကွဲအောင် ခွဲမည်ဖြစ်၏။ ဒေါသဟူသည်မှာလည်း စိတ်ဆိုး လောက်အောင်မကြီးမားသေး၍သာ မိမိ၏သီလ၊ သမာဓိ၊ ပညာတို့ဖြင့်ခံနိုင် ရည် ရှိနေခြင်းဖြစ်၏။ အကယ်၍ စိတ်ဆိုးလောက်အောင် ကြီးမားပါက မိမိ၏ သီလ၊ သမာဓိ၊ ပညာတို့ကို ချိုးဖျက်ပြီး လောကအလယ်၌ မိမိ၏ ဒေါသက အရှက်မကွဲ ကွဲအောင် ခွဲမည် ဖြစ်၏။ မောဟဟူသည်မှာလည်း မတွေဝေလောက် သေး၍သာ မိမိ၏ သီလ၊ သမာဓိ၊ ပညာတို့ဖြင့် ခံနိုင်ရည်ရှိနေခြင်းဖြစ်၏။ အကယ်၍ တွေဝေလောက်ပါက လောကအလယ်၌ မိမိကို မောဟက အရှက်မကွဲ ကွဲအောင် ခွဲမည်ဖြစ်၏။ ပုထုဇဉ်တို့၏ သီလ၊ သမာဓိ၊ ပညာတို့သည် တကယ် တမ်း ကိုယ်ရေးကိုယ်တာနှင့် ကြုံ၍ အကျဉ်းအကျပ် ကျလေသောအခါ ဘာမျှ အားကိုးလောက်သည် မဟုတ်။ ဤသို့ ရဟန်းသည် ဓမ္မသဘင်၌ သံဝေဂကို ဆိုကြလေ၏။

မြတ်စွာဘုရားသည် ရဟန်းတို့၏ သံဝေဂကို သိမြင်တော်မူပြီး ဓမ္မသဘင် သို့ ကြွလာတော်မူကာ ကုဒ္ဒါလပဏ္ဍိတဇာတ်ကို ဟောကြားတော်မူ၏။ ကုဒ္ဒါလ ပဏ္ဍိတဇာတ်အရ ကိလေသာတို့သည် စိတ္တဟတ္ထမထေရ်လို ပုဂ္ဂိုလ်မျိုးကို မဆိုထား နှင့်၊ ဘုရားအလောင်းကိုပင် လောကအလယ်၌ အရှက်မကွဲ ကွဲအောင် ခွဲတတ် ပါ၏။ ဤသို့ ရဟန်းများ သိကြပြီ။

ကိလေသာများသည် ရုပ်ဝတ္ထုများသဖွယ် စုပုံ၍သာ ထား၍ရကောင်းသည် ဆိုပါလျှင် စကြာဝဠာသည်လည်း အလွန်ပင် ကျဉ်းပါ၏။ ဗြဟ္မာ့ဘုံသည်လည်း အလွန်ပင် နိမ့်ပါ၏။ အမှန်အားဖြင့် လောကဟူသည်ပင် အနုသယ ကိလေသာ၏ အသွင်သဏ္ဌာန်တစ်မျိုး ဖြစ်၏။ ထို့ကြောင့် အနုသယကိလေသာမှ လွတ်မြောက်ခြင်းကိုပင် လောကမှ လွတ်မြောက်ခြင်းဟူ၍ဆိုခြင်း ဖြစ်ပါ၏။ မြတ်စွာဘုရားသည် ကိလေသာတို့ စွမ်းအားကြီးမားကြောင်းကို ကုဒ္ဒါလပဏ္ဍိတ ဇာတ်ဖြင့် တရားနာပရိသတ်တို့ နားလည်စေရန် အကျယ်အားဖြင့် ဤသို့ ဟောကြားတော်မူ၏။

ရှေးအခါ ဗာရာဏသီပြည်တွင် ဗြဟ္မဒတ်မင်းသည် မင်းပြုလျက်ရှိ၏။ ဘုရားလောင်းသည် အမျိုးကောင်းသား တစ်ဦးဖြစ်၏။ သူ၏အမည်မှာ ကုဒ္ဒါလပဏ္ဍိတဖြစ်၏။ သူသည် လယ်ယာစိုက်ပျိုးရေးသမား ဖြစ်၏။ လယ်ယာစိုက်ပျိုးရေးသမားဖြစ်သော်လည်း စပါးကို စိုက်ပျိုးသည်မဟုတ်၊ ပြောင်းကိုသာ စိုက်ပျိုးသူဖြစ်၏။ ပြောင်းကို စိုက်ပျိုးသည် ဆိုသော်လည်း ဖြစ်ဖြစ်မြောက်မြောက် ထွန်ဖြင့်စိုက်ပျိုးသည်မဟုတ်။ ပေါက်တူးဖြင့် စိုက်ပျိုးခြင်းသာ ဖြစ်၏။ ထို့ကြောင့် သူ့ကို ကုဒ္ဒါလပဏ္ဍိတ ဟူ၍ခေါ်ခြင်း ဖြစ်၏။ ကုဒ္ဒါလပဏ္ဍိတ၏ အနက်မှာ ပေါက်တူးပညာရှိ ဟူ၍ဖြစ်၏။ ပေါက်တူးဖြင့် စိုက်သည်ဆိုကတည်းက သူ၏ စိုက်ဧကသည်လည်း များများစားစား မဟုတ်ကြောင်း ပေါ်လွင်၏။ သို့ရာတွင် သူသည် စိုက်ဧကကို မြတ်နိုး၏။ သူ၏ ပေါက်တူးကို မြတ်နိုး၏။ သူ၏ ပြောင်းမျိုးစေ့ကို မြတ်နိုး၏။

အမှန်အားဖြင့် ကုဒ္ဒါလပဏ္ဍိတသည် သူ၏ယာ၊ သူ၏ပေါက်တူး၊ သူ၏ ပြောင်းမျိုးစေ့ကို မိမိ၏ဥစ္စာ "အတ္တနိယ" အနေဖြင့် သိမ်းပိုက်ထား၏။ ဤသို့ သူသည်သိ၏။ သို့ရာတွင် သူ၏ယာ၊ သူ၏ပေါက်တူး၊ သူ၏ပြောင်းမျိုးစေ့တို့ ကလည်း ကုဒ္ဒါလပဏ္ဍိတကို သူတို့၏အရှင်အနေဖြင့်ပင် ပြန်လှန် သိမ်းပိုက် ထားကြသည်ကိုတော့ သူသည် မသိ။ တစ်နည်းအားဖြင့် ဆိုရလျှင် ကုဒ္ဒါလ ပဏ္ဍိတက စိုက်ပျိုးဧက၊ ပေါက်တူးနှင့် ပြောင်းမျိုးစေ့ကို သူပိုင်၊ သူ့ဥစ္စာအနေဖြင့် သိမ်းပိုက်၏။ ထိုနည်းအတူပင် စိုက်ပျိုးဧက၊ ပေါက်တူးနှင့်ပြောင်း မျိုးစေ့တို့ ကလည်း ကုဒ္ဒါလပဏ္ဍိတကို သူတို့၏ ပိုင်ရှင်အနေဖြင့်ပင် ပြန်လည်သိမ်းပိုက်၏။ အတ္တနှင့် အတ္တနိယဟူသည်မှာ သက်ရှိအနေဖြင့်သာ ရကောင်းသည် မဟုတ်။ အာရုံနှင့် အရမ္မဏိကသဘောအရ သက်မဲ့၌လည်းရကောင်း၏။ ဤသို့ ကုဒ္ဒါလ ပဏ္ဍိတ မစဉ်းစားမိ၊ အရာဝတ္ထုကို မိမိကသိမ်းပိုက်လျှင် အရာဝတ္ထုကလည်း မိမိကိုပြန်၍ သိမ်းပိုက်ကြောင်း ကုဒ္ဒါလပဏ္ဍိတက မစဉ်းစား။ ပစ္စည်းဥစ္စာများ

တွင်လည်း အာရမ္မဏာနုသယအနေဖြင့် ပိုင်ရှင်အပေါ် သိမ်းပိုက်နိုင်သည့်စွမ်းအား ရှိ၏။ ပုဂ္ဂိုလ်များတွင်လည်း သန္တာနာနုသယအနေဖြင့် ပစ္စည်းဥစ္စာများအပေါ် သိမ်းပိုက်နိုင်သည့် စွမ်းအားရှိ၏။ ပိုင်ဆိုင်သူနှင့် ပစ္စည်းဥစ္စာတို့သည် ငါ့,ငါ့ဥစ္စာ ဟူ၍ အတ္တ၊ အတ္တနိယ အနေဖြင့် အချင်းချင်း သိမ်းပိုက်လျက် ရှိကြပေါ၏။ ဤသို့ ကုဒါလပဏ္ဍိတ က စဉ်းစားမိသဖြင့် သူသည် သူ၏ယာ၊ သူ၏ပေါက်တူး၊ သူ၏ ပြောင်းမျိုးစေ့တို့ကို စွန့်ပြီး ဟိမဝန္တာသို့ ရသေ့ပြု၏။ သို့ရာတွင် အိမ်၌မူ ပြောင်းမျိုးစေ့ကို တစ်ကွမ်းစားခန့် ထားခဲ့၏။

မိုးရာသီ ရောက်လေပြီ။ ကုဒါလပဏ္ဍိတ၏ ယာ၊ ပေါက်တူး၊ ပြောင်း မျိုးစေ့တို့က လည်း သူတို့၏ ပိုင်ရှင် ကုဒါလပဏ္ဍိတကို အာရမ္မဏာနုသယ(အာရုံ၌ ကိန်းသော ကိလေသာ)အနေဖြင့် အစွမ်းပြလေပြီ။ ကုဒါလပဏ္ဍိတသည် ရသေ့ ဝတ်ဖြင့် မနေနိုင်တော့။ သူသည် သူ၏ယာ၊ ပေါက်တူး၊ ပြောင်း မျိုးစေ့တို့ကို လွမ်းလှ၏။ ထို့ကြောင့် သူသည် လူထွက်၍ ပြောင်းစိုက်ခြင်းလုပ်ငန်းကိုလုပ်ပြန် ၏။ ထို့နောက် လူ့ဘဝကို ငြီးငွေ့ကာ ရသေ့ဝတ်၍ ဟိမဝန္တာ၌ နေပြန်၏။ ထို့နောက် လူထွက်၍ ပြောင်းကို စိုက်ပြန်၏။ ဤသို့လျှင် ခြောက်ကြိမ်ခြောက်ခါ တိုင်တိုင် လူထွက်၍ ပြောင်းကိုစိုက်၏။

ဤအကြိမ်၌မူ ကုဒါလပဏ္ဍိတသည် သူ၏ယာ၊ သူ၏ပေါက်တူး၊သူ၏ ပြောင်းမျိုးစေ့တို့က အာရမ္မဏာနုသယ အနေဖြင့် သူ့ကို သူတို့၏ ပိုင်ရှင်အဖြစ် သိမ်းပိုက်ထားကြောင်း သူသိပြီ။ အစ ပထမ၌မူ သူကသာ သူ၏ ပစ္စည်းများအပေါ် လွှမ်းမိုးနိုင်ပြီး သူ၏ပစ္စည်းများက သူ့အပေါ် တုံ့ပြန်လွှမ်းမိုးနိုင်သည်ဟု သူသည်မသိ။ ယခု သူသိပြီ။ ပစ္စည်းဥစ္စာများကလည်း ပိုင်ရှင်အပေါ် အာရမ္မဏာ နုသယသတ္တိဖြင့် လွှမ်းမိုးနိုင်၏။ ပိုင်ရှင်မှာလည်း ပိုင်ရှင်အလျောက် မိမိ၏ ပစ္စည်းအပေါ် လွှမ်းမိုးနိုင်သော သတ္တိရှိ၏။ ယင်းသတ္တိကို သန္တာနာနုသယ (သန္တာန်၌ ကိန်းသော ကိလေသာ)ဟူ၍ ခေါ်၏။ ပစ္စည်းမှာလည်း ပစ္စည်း အလျောက် မိမိ၏ပိုင်ရှင်အပေါ် လွှမ်းမိုးနိုင်သော သတ္တိရှိ၏၊ ယင်းသတ္တိကို အာရမ္မဏာနုသယ ဟူ၍ခေါ်၏။ မိမိ၏ ပစ္စည်းကို မိမိအထင်သေး၍ မရ၊ သူ့မှာလည်း မိမိလိုပင် သတ္တိရှိ၏။

ကုဒါလပဏ္ဍိတသည် သူ့ပစ္စည်းများ၏ အာရမ္မဏာနုသယ သတ္တိကို ပယ်နိုင်ပါမှသာ သူသည် ရသေ့ဘဝဖြင့် ဟိမဝန္တာ၌ တရားဘာဝနာကို ပြောင့် ပြောင့် အားထုတ်နိုင်မည်ဖြစ်၏။ ယခင်က ဤသို့ သူမသိ၍သာ ခြောက်ကြိမ် တိုင်တိုင် လူထွက်ရခြင်း ဖြစ်၏။ ယခု ခုနစ်ကြိမ်မြောက်၌ လူမထွက်တော့။ ယင်းတို့၏ သတ္တိကို သိပြီဖြစ်သောကြောင့် ထိုသတ္တိကို ပယ်ရန်သာရှိတော့၏။



http://www.cherrythitsar.org

http://www.cherrythitsar.org



ဤသို့ ကုဒါလပဏ္ဍိတသည် စဉ်းစားပြီး သူ၏ပေါက်တူးနှင့် ပြောင်းမျိုးစေ့ကို ပုံးတွဲချည်နှောင်ကာ ဂင်္ဂါမြစ်အတွင်းသို့ နေရာမမှတ်မိအောင် လွှဲပြီးလွှင့်ပစ်လိုက်၏။ သူသည် ပေါက်တူးကျရာနေရာကို သေချာစွာကြည့်၏။ သူမမှတ်မိ။ ယခု သူသည် သူ့အပေါ်လွှမ်းမိုးနေသော ပေါက်တူးနှင့် ပြောင်းမျိုးစေ့တို့၏ အာရမ္မဏာ နသာယသတ္တိကို ပယ်နိုင်ပြီ။ ပေါက်တူးကို နိုင်လျှင် ယာယီ ပြောင်းမျိုးစေ့ကိုလည်း သူသည် နိုင်ပြီဖြစ်လေ၏။ ထို့ကြောင့်သူသည် အားရဝမ်းသာစွာဖြင့် "ငါနိုင်ပြီ၊ ငါနိုင်ပြီ" ဟု ဂင်္ဂါမြစ်ကမ်းပါးမှနေ၍ အော်လေ၏။

ထိုအချိန်ကား ဗာရာဏသီမင်းကြီးသည် ပစ္စန္တရစ်ကို အောင်မြင်၍ ဂင်္ဂါမြစ်ကမ်းပါး၌ သစ်ခက်တဲနန်းဖြင့် ယာယီစံနေတော်မူချိန်ဖြစ်၏။ မင်းကြီးသည် ဂင်္ဂါမြစ်၌ ရေချိုးရန် ဆင်းသက်စဉ် ကုဒါလပဏ္ဍိတ၏ အော်သံကို ကြားရခြင်း ဖြစ်၏။ မင်းကြီးသည် အော်သံကြားရာဘက်သို့ သွားလေရာ ကုဒါလပဏ္ဍိတ ရှင်ရသေ့ကိုတွေ့၏။ မင်းကြီးက "မိမိသည် ပစ္စန္တရစ်ကို အောင်နိုင်သူ ဖြစ်၏။ ရှင်ရသေ့က မည်သူ့ကို အောင်နိုင်သူ ဖြစ်ပါသနည်း" ဟု၍မေးလေရာ ကုဒါလပဏ္ဍိတ ရှင်ရသေ့က–

"မင်းကြီး၏ အောင်နိုင်ခြင်းကား အပရန်သူကို အောင်ခြင်း ဖြစ်၏။ ကျွန်ုပ်၏ အောင်ခြင်းကား အတွင်းရန်သူကို အောင်နိုင်ခြင်း ဖြစ်၏။ အပရန်ကို အောင်နိုင်ခြင်းသည် တစ်ဖန် ပြန်၍ရှုံးတတ်၏။ အတွင်းရန်ကို အောင်ခြင်းကား တစ်ဖန်ပြန်၍ မရှုံးတော့။ ကျွန်ုပ်၏ အောင်နိုင်ခြင်းကား လောဘကို အောင်နိုင်ခြင်း ဖြစ်၏" ဟု၍ အောက်ပါ ဂါထာဖြင့် ဗြဟ္မဒတ်မင်းကြီးအား ဒေသနာတော်ကို ဟောလေ၏။

– **တစ်ဖန်ပြန်၍ ရှုံးတတ်သော အောင်နိုင်ခြင်းကား မကောင်းသော အောင်နိုင်ခြင်း ဖြစ်၏။**
– **တစ်ဖန်ပြန်၍ မရှုံးတတ်သော အောင်နိုင်ခြင်းကား ကောင်းသော အောင်ခြင်းဖြစ်၏။**

မည်သည့် အရာဝတ္ထုမဆို အရာဝတ္ထုဟူသမျှတွင် သာယာဖွယ် "အဿာဒ" သဘောလည်း ရှိ၏။ မသာယာဖွယ် "အာဒီနဝ" သဘောလည်း ရှိ၏။ စွန့်ပစ်ဖွယ် "နိဿရဏ"သဘောလည်း ရှိ၏။ ဤသဘောသုံးမျိုးသည် အရာဝတ္ထုတိုင်းတွင် ရှိ၏။ သာယာဖွယ် သဘောအရ မိမိမရသေးသော အရာဝတ္ထုကို ရအောင်လိုချင်၏။ ဤသည်ကို "ကာမတဏှာ"ဟု၍ ဆိုရ၏။ ရပြီးလျှင် မြတ်နိုး၏။ မပျောက်ပျက်ရအောင် ထိန်းသိမ်း၏။ ဤသည်ကို "ဘဝတဏှာ"ဟု၍ ဆိုရ၏။ အတန်ကြာသောအခါ မိမိကိုယ်တိုင် မြတ်နိုးခဲ့သော

http://www.cherrythitsar.org



အရာဝတ္ထုအပေါ် အပြစ်မြင်လာ၏။ ငြီးငွေ့လာ၏၊ စွန့်ပစ်ချင်လာ၏။ ဤသည်ကို "ဝိဘဝတဏှာ"ဟူ၍ ဆိုရ၏။ ဤတွင် မရပ်သေး။ နောက် အသစ်တစ်ခုကို လိုချင်လာပြန်၏။ ဤသို့ဖြင့် ကာမတဏှာသည် စပြန်လေ၏။

ဘဝတွင်ဤနည်းအားဖြင့် လိုချင်လိုက်၊ ရလိုက်၊ စွန့်ပစ်လိုက်၊ နောက် အသစ်ကို လိုချင်လိုက်၊ ရလိုက်၊ စွန့်ပစ်လိုက်အားဖြင့် ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာဟူသော တဏှာသုံးရပ်သည် စက်ရဟတ်ပမာ လည်၍သာ နေလေ၏။

စွန့်ပစ်ခြင်း "နိဿရဏ"ဟူသည် တဏှာဖြင့် စွန့်ပစ်ခြင်းလည်း ရှိ၏။ ဉာဏ်ဖြင့် စွန့်ပစ်ခြင်းလည်း ရှိ၏။ တဏှာဖြင့် စွန့်ပစ်ခြင်းမျိုးဖြစ်ပါက ယင်းတဏှာသည် ဝိဘဝတဏှာဖြစ်၏။ ဝိဘဝတဏှာဖြင့် စွန့်ပစ်ခြင်းဖြစ်လျှင်အဆုံးသတ် စွန့်ပစ်ခြင်းမျိုး မဖြစ်။ နောက်က ကာမတဏှာ၊ ထိုနောက် ဘဝတဏှာ၊ ထိုနောက် ဝိဘဝတဏှာဟူ၍ တဏှာတို့သည် တစ်မျိုးပြီးတစ်မျိုး လာမည်ဖြစ်၏။

စိတ္တဟဒ္ဒမဒေရ်သည် လည်းကောင်း၊ ကုဒါလပဏ္ဍိတသည်လည်းကောင်း မိမိဘဝကို ငြီးငွေ့ပြီး ဝိဘဝတဏှာဖြင့် စွန့်ပစ်ခြင်းမျိုး ဖြစ်သဖြင့် "ဝတ်လိုက် ထွက်လိုက်" လုပ်နေရခြင်း ဖြစ်၏။ ထို့ကြောင့် ထိုစွန့်ပစ်ခြင်း (ဝါ)အောင်ခြင်းကို တစ်ဖန်ပြန်၍ ရှုံးတတ်သော အောင်ခြင်းဟူ၍ ဆိုရ၏။

တဏှာဖြင့်အောင်ခြင်းဟူသည် အပြီးသတ်အောင်ခြင်းမျိုး ဖြစ်ရိုးမရှိကောင်း။ ထို့ကြောင့် မကောင်းသော အောင်နိုင်ခြင်းဟူ၍သာ ဆိုခြင်းဖြစ်ပါ၏။

အပြီးသတ် အောင်နိုင်ခြင်းကား ဉာဏ်ဖြင့်အောင်နိုင်သော အောင်နိုင်ခြင်းသာဖြစ်၏။ ဉာဏ်ဖြင့်အောင်ရာတွင် အမှန်အတိုင်းသိခြင်း "ယထာဘူတဉာဏ်"၊ ငြီးငွေ့ခြင်း "နိဗ္ဗိဒါဉာဏ်"၊ မတပ်မက်ခြင်း "ဝိရာဂဉာဏ်"ဟူ၍ အဆင့်သုံးဆင့်ဖြင့် ဆောင်ရွက်မှသာ တကယ်တမ်း အပြီးသတ်အောင်ခြင်း ဖြစ်၏။ စိတ္တဟဒ္ဒမဒေရ်သည် လည်းကောင်း၊ ကုဒါလပဏ္ဍိတသည်လည်းကောင်း ဘဝကို အောင်ရာတွင် ဉာဏ်ဖြင့် အောင်သောအခါမှသာ နောက်ဆုံး အပြီးသတ်အောင်ခြင်းကို ရ၏။

အရာဝတ္ထုတစ်ခုကို စွန့်ပစ်ချင်သောအခါ စွန့်ပစ်ချင်တိုင်း အရမ်းစွန့်ပစ်၍ မရ။ အရမ်းစွန့်ပစ်ခြင်းသည် "ဝိဘဝတဏှာ"ဖြင့် စွန့်ပစ်ခြင်းသာ ဖြစ်၏။ နောက် ကာမတဏှာဖြင့် ပြန်၍ တပ်မက်လာ၏။

ထို့ကြောင့် အပြီးသတ် စွန့်ပစ်ခြင်းမျိုး မဖြစ်နိုင်။ ဉာဏ်ဖြင့်သာ စွန့်ပစ်

http://www.cherrythitsar.org



ရ၏။ ယင်းဉာဏ်ကို ယထာဘူတဉာဏ် ဟူ၍ဆိုရ၏။ ယထာဘူတ ဉာဏ် ဟူ၍ ဆိုသည့်အတိုင်း မိမိစွန့်ပစ်လိုသော အရာဝတ္ထုနှင့် ပတ်သက်၍ အချက်အလက်များကို ကြောင်းကျိုးနှင့်တကွ သိရ၏။ ထိုသို့ သိသောအခါ စွန့်ပစ်ဖွယ်ကို မြင်ပြီး၊ ယင်းနှင့်ငြီးငွေ့လာ၏။ ယင်းဉာဏ်ကို နိဗ္ဗိဒါဉာဏ်ဟူ၍ ဆိုရ၏။ ငြီးငွေ့လာလျှင် တွယ်တာခြင်းကင်း၏။ တွယ်တာမှု ကင်းခြင်းကိုပင် ဝိရာဂဉာဏ် ဟူ၍ ဆိုရ၏။ ဝိရာဂဉာဏ်ဖြစ်လျှင် အပြီးသတ်အောင်နိုင်ခြင်းကို ရ၏။

ယင်းအောင်နိုင်ခြင်းကား နောက်တစ်ဖန်ပြန်၍ မရှုံးသော အောင်နိုင်ခြင်း ဖြစ်၏။ ဤသို့ အောင်နိုင်ခြင်းဖြင့် ကုဒ္ဒါလပဏ္ဍိတသည် သူ၏ ယာသမားဘဝကို အောင်နိုင်ခဲ့၏။ သူ၏တဏှာကို အောင်နိုင်ခဲ့၏။

ကုဒ္ဒါလပဏ္ဍိတ၏ ဆိုလိုရင်းမှာ လွတ်မြောက်ခြင်း “နိဿရဏ” ဟူသည်မှာ တဏှာဖြင့် လွတ်မြောက်ခြင်းလည်း ရှိ၏။ ဉာဏ်ဖြင့် လွတ်မြောက်ခြင်းလည်း ရှိ၏။ တဏှာဖြင့် လွတ်မြောက်ခြင်းဟူသည်မှာ ဝိဘဝတဏှာဖြင့် လွတ်မြောက်ခြင်းဖြစ်၏၊ ယင်းသည်ပြန်၍ အကျဉ်း ခံရတတ်၏။ ဉာဏ်ဖြင့် လွတ်မြောက်ခြင်းဟူသည်မှာ ဝိရာဂဉာဏ်ဖြင့် လွတ်မြောက်ခြင်း ဖြစ်၏။ ယင်းသည် အပြီးသတ် လွတ်မြောက်ခြင်း ဖြစ်သဖြင့် တစ်ဖန် ပြန်လည်၍ အကျဉ်း မခံရတော့ ဟူ၍ ဖြစ်၏။

ဗြဟ္မဒတ်မင်းကြီးအား တရားဟောလျက်ကပင် ကုဒ္ဒါလပဏ္ဍိတသည် ဂင်္ဂါမြစ်ရေမှရေကို အာပေါကသိုဏ်း ရှုလေရာ ဈာန်အသိဉာဏ်ကို ရပြီးလျှင် ကောင်းကင်၌ ထက်ဝယ်ဖွဲ့ခွေနေတော်မူ၏။ ဗြဟ္မဒတ်မင်းကြီးသည်လည်းဘဝ၏ သာယာဖွယ် “အဿာဒ”၊ မသာယာဖွယ် “အာဒီနဝ”၊ လွတ်မြောက်ဖွယ် “နိဿရဏ”တို့ကို ယထာဘူတဉာဏ်ဖြင့် သိမြင်ပြီး တရားဟောင်း ကုဒ္ဒါလပဏ္ဍိတထံ၌ မိမိ၏ ဗိုလ်ပါနှင့်တကွ ရသေ့ပြု၏။ အခြား ခုနစ်ပြည်ထောင် မင်းများသည်လည်း ဗာရာဏသီပြည်ကို သိမ်းယူရန် လာရာမှ ဗြဟ္မဒတ်မင်းကြီး တောထွက်ခြင်းကို ကြားသိရပြီး သူ တို့လည်း တရားဟောင်း ကုဒ္ဒါလပဏ္ဍိတထံ၌ ရသေ့ပြုကြလေ၏။

ဤဒေသနာတော်အရ ကိလေသာတို့၏ စွမ်းအားသည် ကြီးမား၏။

မိမိတို့၏ ပုထုဇဉ် အကျင့်သိက္ခာဖြင့် “ငါ သူတစ်ပါး ထိခိုက် နစ်နာအောင် မလုပ်ဘူး၊ ငါ အဂတိမလိုက်ဘူး၊ ငါမကောင်း မတရား မလုပ်ဘူး” ဟူ၍ ကြွေးကြော်မနေဘဲ မိမိတို့၏ သတိသမ္ပဇဉ်ဖြင့်သာ မိမိတို့၏ ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတို့ကို ယထာဘူတဉာဏ်ဖြင့် ထိန်းကျောင်းအပ်ပါ၏။ ယထာဘူတဉာဏ်သည် ကိလေသာများမှ လွတ်မြောက်ရေးအတွက် အစဆုံးဉာဏ် ဖြစ်ပါ၏။

# ရဟန်းငါးရာ

သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ မြတ်စွာဘုရားသည် သီတင်းသုံး နေတော်မူ၏။ ထိုစဉ်က မြတ်စွာဘုရား၏ သာသနာတော်သည် အလွန်ထွန်းပချိန် ဖြစ်၏။ အမြို့မြို့အနယ်နယ်မှ အမျိုးကောင်းသားများသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ လာရောက်၍ မြတ်စွာဘုရား၏ အထံတော်၌ ရဟန်း ပြုကြ၏။ ရဟန်းပြုကြပြီးလျှင် ရဟန်းတို့ နားလည်အပ်သော ဝိနည်းသိက္ခာပုဒ် တော်များကို သင်ယူကြရ၏။ တရားဒေသနာများကိုလည်း ပွားများ အားထုတ်ကြ၏။ တရားဒေသနာ အားထုတ်ရာတွင် ပါရမီရှိရုံမျှနှင့် လုံလောက်သည်မဟုတ်။ ပါရမီကို အထွတ်အထိပ်သို့ ရောက်အောင်တွန်းပို့နိုင်သော နောက်ဆုံးအကြောင်း တရားသည်လို၏။ ထိုနောက်ဆုံး အကြောင်းတရားကို သပ္ပာယဟုခေါ်၏။ ထိုသပ္ပာယသည် ရာသီဥတု ဖြစ်ချင်လည်း ဖြစ်နိုင်၏။ အစာအာဟာရ ဖြစ်ချင် လည်း ဖြစ်နိုင်၏။ ပုဂ္ဂိုလ် ဖြစ်ချင်လည်း ဖြစ်နိုင်၏။ အမှန်အားဖြင့် သပ္ပာယ အကြောင်းတရားသည် “စနက်တံ” သဖွယ် ဖြစ်လေ၏။

ဇေတဝန်ကျောင်းတော်တွင် ရဟန်းပေါင်းများစွာ ရှိကြသည့်အနက် ရဟန်းငါးရာတို့သည် အုပ်စုတစ်အုပ်စု အနေဖြင့် စိတ်တူသဘောတူ ရှိကြ၏။ အချင်းချင်းသပ္ပာယ ဖြစ်ကြ၏။ ရဟန်းငါးရာတို့သည် ဇေတဝန်ကျောင်းတော်၌ တရားအားထုတ်ကြပါသော်လည်း တရားထူးကို မရကြ၊ အမှန်အားဖြင့် ဇေတဝန် ကျောင်းတော်သည် ရဟန်းငါးရာတို့အတွက် သပ္ပာယဖြစ်သော နေရာဌာန မဟုတ်။ ထို့ကြောင့် ရဟန်းငါးရာတို့သည် ဇေတဝန်ကျောင်းတော်၌ တရားထူးကို မရနိုင်ခြင်း ဖြစ်၏။ ရဟန္တာမဖြစ်နိုင်ခြင်း ဖြစ်၏။

ရဟန်းငါးရာတို့သည် မြတ်စွာဘုရားထံမှ ကမ္မဋ္ဌာန်းတရားကို တောင်း ကြ၏။ မြတ်စွာဘုရားကလည်း ရဟန္တာဖြစ်နိုင်လောက်အောင်ပင် ကမ္မဋ္ဌာန်း တရားကို ပေးလိုက်၏။ ရဟန်းငါးရာတို့သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း တော်မှထွက်ခွာကြ၏။ ယူဇနာတစ်ရာတိုင်တိုင်သို့ ရောက်သောအခါ ရွာကြီး တစ်ရွာသို့ ရောက်ကြ၏။ ရွာသားများသည် ရဟန်းငါးရာကို ဖူးတွေ့ရသောအခါ များစွာ ဝမ်းသာကြ၏။ သူတို့၏ရွာ၌ ရဟန်းများမရှိကြ။ ထို့ကြောင့် သူတို့ အတွက် ဒါနပြုရန်လည်း ခက်၏။ သီလဆောင့်ရန်လည်းခက်၏။ ကမ္မဋ္ဌာန်း တရားအားထုတ်ဖို့ ဆိုသည်ကား ပို၍ပင်ခက်ပါ၏။ သူတို့သည် လောက၌ မြတ်စွာဘုရား ပွင့်ထွန်း တော်မူနေပါလျက် မြတ်စွာဘုရား၏အသုံးအမကိုမရရှာ ကြ။ နှစ်ပေါင်းများစွာတိုင်တိုင် မြတ်စွာဘုရား ပွင့်တော်မူခြင်းသည် သူတို့အတွက်

http://www.cherrythitsar.org



အဓိပ္ပာယ် မရှိသလိုပင် ဖြစ်၏။ ယခုတော့ အဓိပ္ပာယ် ရှိလေပြီ။ သူတို့သည် မြတ်စွာဘုရားကို မဖူးတွေ့ရသော်လည်း မြတ်စွာဘုရား၏ကိုယ်စား ရဟန်းငါးရာကို ဖူးတွေ့ရလေပြီ။

ရွာသားတို့သည် ဝမ်းမြောက်ဝမ်းသာစွာဖြင့် ရဟန်းများကို ချဉ်းကပ်ကြ၏။ သူတို့သည် သရဏဂုံဆောက်တည်လိုကြ၏။ ငါးပါးသီလကို စောင့်လိုကြ၏။ ထိုတွင် သရဏဂုံဆောက်တည်နိုင်မှ ဗုဒ္ဓဘာသာဝင် ဖြစ်မည်ဖြစ်၏။ ဗုဒ္ဓဘာသာဝင် ဖြစ်ပါမှလည်း လောက၌ မြတ်စွာဘုရား ပွင့်တော်မူခြင်းသည် သူတို့အတွက် အဓိပ္ပာယ်ရှိမည် ဖြစ်၏။ ထို့ကြောင့် ရွာသားတို့သည် သူတို့ရွာ၌ ဝါကပ်တော်မူပါရန် ရဟန်းငါးရာတို့အား လျှောက်ထားကြ၏။ အမှန်အားဖြင့် ဤရွာသည် ရဟန်းငါးရာတို့အတွက် ရဟန္တာဖြစ်နိုင်စေရန် သပ္ပာယ အကြောင်းတရားဖြစ်၏။ ရဟန်းငါးရာတို့သည် ရွာသားများ လျှောက်ထားကြသည့်အတိုင်း ထိုရွာ၌ ဝါတွင်းသုံးလအတွက် ဝါကပ်ရန် သဘောတူရက၏။ အမှန်အားဖြင့် ရဟန်းတော်ဦးရေက များသဖြင့် ဆွမ်းအတွက်လည်း ငဲ့ရသေး၏၊ သို့ရာတွင် ရွာက ကြီးသဖြင့် ဆွမ်းအတွက် မှုတနိုင်၏။ အစာအာဟာရနှင့် ပတ်သက်၍လည်း သပ္ပာယ မဖြစ်နိုင်စရာ အကြောင်းမရှိ။ ထို့ကြောင့် ရဟန်းငါးရာတို့သည် ရွာ၏ တောအုပ်၌ ဝါကပ်ရန် ပြင်ဆင်ကြ၏။

ထိုတောအုပ်၌ နတ်များရှိကြ၏။ နတ်များသည် သစ်ပင်များအပေါ်၌ ဗိမာန်ဖြင့် နေကြ၏။ ရဟန်းတော်များသည် သစ်ပင်အောက်၌ သီတင်းသုံးသော အခါ နတ်များသည် သစ်ပင်များအပေါ်၌ နေ၍မဖြစ်။ ထို့ကြောင့် သူတို့သည် သစ်ပင်များပေါ်မှဆင်း၍ မြေ၌နေကြရ၏။ ရဟန်းများသည် ယနေ့ညအတွက်သာ နေခြင်းဖြစ်သည်ဟု နတ်များက ထင်ကြ၏။ ထို့ကြောင့် နေရေးထိုင်ရေးနှင့် ပတ်သက်၍ နတ်များသည် ပူပန်မှု မရှိကြ။ နောက်တစ်နေ့တွင် ရဟန်းများသည် ရွာသို့ ဆွမ်းခံဝင်ကြ၏။ နောက် တောအုပ်သို့ ပြန်လာကြ၏။ နတ်များကမူ ရဟန်းများသည် နက်ဖြန်သွားကြလိမ့်မည်၊ သန်ဘက်ခါ သွားကြလိမ့်မည်ဟူ၍ မျှော်လင့်ဆဲပင် ဖြစ်ကြ၏။ လဝက်တိုင်တိုင် ပြန်လိမ့်နိုးနိုး သူတို့မျှော်ကိုးကြ၏။ နောက်ဆုံး၌ ရဟန်းများသည် မိမိတို့နေရာတောအုပ်၌ နေကြမှာပါတကားဟူ၍ သိရသောအခါ နတ်များသည် သူတို့၏နေရေးထိုင်ရေးနှင့် ပတ်သက်၍ များစွာ စိတ်ပူပန်ကြ၏။ တစ်လျှောက်လုံး ဗိမာန်ကိုစွန့်၍ မြေ၌နေရန်မဖြစ်။ ထို့ကြောင့် ရဟန်းများ ဤတောအုပ်၌ မနေနိုင်အောင် လုပ်ရန်ကြိုးပမ်းကြ၏။ အမှန်အားဖြင့်လည်း နတ်များသည် ရဟန်းတော်များကို ကြည်ညိုပါ၏။ သို့ရာတွင် အနေဆင်းရဲခြင်းဒုက္ခကို အကြောင်းပြု၍ ကြာရှည် သည်းမခံနိုင်တော့ အဓိသော်မှ

http://www.cherrythitsar.org



အခက်အခဲနှင့် ကြုံသောအခါ မိမိ၏ သားကိုပင် စွန့်ပစ်တတ်၏၊ မချစ်၍တော့ မဟုတ်။ သို့ရာတွင် မိမိ၏ ခန္ဓာကိုယ်ကို ချစ်သလောက် အခြား မည်သည့်အရာကိုမှ မချစ်သောကြောင့် ဖြစ်၏။

အတ္တသမံ ပေမံ နတ္ထိ– လောကတွင် မိမိလောက် ချစ်စရာကောင်းသော အရာဟူ၍ တစ်ခုမျှမရှိဟု အဆိုရှိ၏။ ပုထုဇဉ်တို့၏ အတွေးအမြင်အရ မိမိသည် မိမိအတွက် ချစ်စရာအကောင်းဆုံး ဟူ၍ ခံယူထားပါလျက် လက်တွေ့အားဖြင့် လုပ်ဆောင်ရာ၌မူ မိမိကိုယ်မိမိ တကယ်တမ်းချစ်စရာ ရောက်အောင်မဆောင်ရွက်ကြ၊ အမှန်အားဖြင့် မိမိကိုယ်မိမိ တကယ်တမ်း ချစ်ပါလျှင် ချစ်ရာရောက်အောင် ဆောင်ရွက်ဖို့လို၏။ သို့မှသာ မိမိသည် မိမိအတွက် ချစ်စရာ အကောင်းဆုံးဟူသော အဆိုနှင့် ညီမည်ဖြစ်၏။ သို့မဟုတ်ပါက အပြောတစ်မျိုး အလုပ်တစ်မျိုး ဖြစ်ပေလိမ့်မည်။

မိမိကိုယ်ကို ချစ်ရာရောက်အောင် ဆောင်ရွက်ခြင်းဟူသည်ကား ကာယကံမှုကို လုပ်သည်ဖြစ်စေ၊ ဝစီကံမှုကို လုပ်သည်ဖြစ်စေ၊ မနောကံမှုကို လုပ်သည်ဖြစ် စေ မည်သည့်အမှုကိုလုပ်လုပ် ဓမ္မနှင့်အညီ လုပ်ခြင်းသာဖြစ်၏။ ဓမ္မနှင့်အညီ လုပ်ပါမှ မိမိကိုယ်ကို မိမိက တကယ်တမ်း ချစ်ရာရောက်မည်။ ဓမ္မနှင့်အညီ မလုပ်ဘဲ အဓမ္မသဘောအတိုင်းသာ လုပ်ပါက မိမိကိုယ်ကို မိမိချစ်ရာမရောက်ဘဲ နှစ်ရာသာ ရောက်လေ၏။

မိမိချစ်သော မိမိကိုယ်အတွက် ချစ်ရာရောက်အောင် ဆောင်ရွက်ရာ၌ အမြင့်မြတ်ဆုံးဖြစ်အောင် ဆောင်ရွက်ရ၏။ အမြင့်မြတ်ဆုံးကိုရွေးရာတွင် မဟာသုတသောမ ဇာတ်တော်အရ ပစ္စည်းဥစ္စာထက် ခန္ဓာကိုယ် အစိတ်အပိုင်းများက မြတ်၏။ ခန္ဓာကိုယ် အစိတ်အပိုင်းများထက် အသက်က မြတ်၏၊ အသက်ထက် ဓမ္မက မြတ်၏။ ထို့ကြောင့် ဓမ္မသည် သက်ရှိသက်မဲ့ အရာအားလုံးတို့ထက် မြတ်၏။ ထို့ကြောင့် မိမိ၏ အချစ်ဆုံးဖြစ်သော မိမိအတွက် တကယ်တမ်း ချစ်ရာရောက်အောင် အမြတ်ဆုံး ဆောင်ရွက်မည်ဆိုပါက ဓမ္မနှင့်အညီ ဆောင်ရွက်ခြင်းသာ ဖြစ်လေ၏။

အမှန်အားဖြင့် တောစောင့်နတ်များသည် ရဟန်းများကို မိမိတို့၏ တောအုပ်မှ ထွက်သွားအောင်လုပ်ခြင်းသည် မိမိတို့ကိုယ်ကို မိမိတို့က ချစ်သောကြောင့် ဖြစ်၏။ သို့ရာတွင် နတ်များ၏ ဆောင်ရွက်ချက်သည် ဓမ္မနှင့်အညီ မဟုတ်လေသောကြောင့် မိမိတို့ကိုယ်ကို မိမိတို့က တကယ်တမ်း ချစ်ရာရောက်အောင် ဆောင်ရွက်ခြင်းမျိုးတော့မဟုတ်။ နတ်များသည် ရဟန်းများကို ကြောက်အောင် ခြောက်လှန့်ကြ၏။ ဦးခေါင်းမပါဘဲ ကိုယ်ချည်း ပြကြ၏။ ကိုယ်မပါဘဲ

http://www.cherrythitsar.org



ဦးခေါင်းချည်းလည်း ပြုကြ၏။ ကြောက်စရာကောင်းသော အသံများကိုလည်း ပြုကြ၏။ ထိုမျှသာမကသေး၊ ချောင်းဆိုးရောဂါရအောင်လည်းပြုကြ၏။ နှာစေးနာ ရောဂါရအောင်လည်း ပြုကြ၏။

ရဟန်းငါးရာတို့သည် တောအုပ်၌ တရားအားထုတ်၍မရတော့၊ သူတို့သည် သမာဓိကိုရအောင် မရှုမှတ်နိုင်ကြ။ သမာဓိကိုမရလျှင် ဝိပဿနာကို ရှု၍မဖြစ်။ ဝိပဿနာကိုမရှုနိုင်လျှင် မဂ်ဖိုလ်ကို မရနိုင်။ မဂ်ဖိုလ်ကို မရနိုင်လျှင် ကိလေသာကုန်ဖို့မရှိ။ ကိလေသာမ မကုန်လျှင် အဘယ်သို့ ရဟန္တာ ဖြစ်လိမ့်မည်နည်း။ ထို့ကြောင့် ရဟန်းငါးရာတို့သည် ထိုတောအုပ်မှ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ ပြန်ကြလေ၏။ လောက၌ လူမိုက်တို့သည် မိမိတို့ လုပ်ငန်းများ မအောင်မြင်သောအခါ အခြားသူများအပေါ် အပြစ်ဖို့ကြ၏။ ထို့ထက် လိမ္မာသူဖြစ်ပါက မိမိအပေါ်ကိုပင် မိမိက အပြစ်ဖို့၏။ အလိမ္မာဆုံး ဖြစ်ပါကမူ ဘယ်သူ့အပေါ်ကိုမှ အပြစ်မဖို့ဟူ၍ ဆိုရိုးရှိပါ၏။ ထို့ကြောင့် ရဟန်းငါးရာတို့သည် တောအုပ်အပေါ် အပြစ်ဖို့၍ ပြန်ကြခြင်း ဖြစ်လေ၏။

သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ ရောက်သောအခါ ရဟန်းငါးရာတို့သည် မြတ်စွာဘုရားကို သွားရောက်ဖူးမြော်ကြ၏။ ကမ္မဋ္ဌာန်းတရား အားထုတ်ခြင်းနှင့်ပတ်သက်၍ တွေ့ကြုံရသော အခက်အခဲများကို မြတ်စွာဘုရားအား လျှောက်ထားကြ၏။ မြတ်စွာဘုရားသည် ရဟန်းငါးရာတို့၏ တရားထူးရရေးနှင့် ပတ်သက်၍ အလျောက်ပတ်ဆုံးသော နေရာသည် ဤတောအုပ်သာဖြစ်ကြောင်း သိရှိတော်မူ၏။ ထို့ကြောင့် မြတ်စွာဘုရားက ရဟန်းငါးရာတို့အား ထိုတောအုပ်သို့ပင် ပြန်သွားရန်မိန့်ကြားတော်မူ၏။ ထို့နောက် တောစောင့်နတ်များ မခြောက်လှန့်နိုင်အောင် လက်နက်ကောင်းကိုလည်း ပေးလိုက်၏။ ထိုလက်နက်ကောင်းကား မေတ္တာသုတ် ပရိတ်တော်ပင်ဖြစ်၏။ ကျောင်းအပြင်ဘက် တောအုပ်သို့ ဝင်ချိန်မှစ၍ ကျောင်းအတွင်းသို့ရောက်သည်အထိ မေတ္တာသုတ်ပရိတ်ကို စုပေါင်း ရွတ်ကြရန်လည်း မြတ်စွာဘုရားက မှာကြားတော်မူလိုက်၏။

မေတ္တာသုတ်ပရိတ်ကို ရွတ်ခြင်း၌ ကာယကံအရ မေတ္တာပို့ခြင်းပါ၏။ ဝစီကံအရ မေတ္တာပို့ခြင်းလည်းပါ၏။ မနောကံအရ မေတ္တာပို့ခြင်းလည်းပါ၏။ ရဟန်းငါးရာတို့သည် မြတ်စွာဘုရား ဟောကြားတော်မူလိုက်သည့်အတိုင်း တောအုပ်သို့ ဝင်သည်မှစ၍ မိမိတို့၏ ကျောင်းတွင်းသို့ ရောက်သည့်တိုင်အောင် စုပေါင်းပြီး မေတ္တာသုတ်ပရိတ်တော်ကိုရွတ်ကြ၏။ ကာယကံအရလည်း မေတ္တာပို့ကြ၏။ ဝစီကံအရလည်း မေတ္တာပို့ကြ၏။ မနောကံအရလည်း မေတ္တာပို့ကြ၏။ မေတ္တာ၏ စွမ်းပကားသည် ကြီးမားပါ၏။

http://www.cherrythitsar.org



ထိုအခါ နတ်တို့သည် မိမိတို့ကိုယ်ထက် ရဟန်းငါးရာကို ပို၍ချစ်ကြလေ၏။ ထို့ကြောင့် နတ်တို့သည် ရဟန်းငါးရာတို့အား လိုအပ်သလို ပြုစုကြ၏။ စောင့်ရှောက်ကြ၏။ မိမိတို့နှင့်တကွ ဇနီးသားသမီးတို့သည် မြေ၌ပင်နေ၍ အနေဆင်းရဲခြင်း ဒုက္ခ ခံကြကုန်၏။ နတ်တို့သည် ခန္ဓာကိုယ်အားဖြင့် ဆင်းရဲခြင်းဟူ၍ ဆိုရသော်လည်း စိတ်အားဖြင့်မူ ဆင်းရဲခြင်းမရှိကြ၊ အမှန်အားဖြင့် မေတ္တာသက်ဝင် လာသောအခါ မိမိမေတ္တာ သက်ဝင်သူအပေါ် မိမိအနစ်နာခံရခြင်းသည်ပင်လျှင် မိမိအတွက်အကျိုးအဆာမယိသော စိတ်ကြည်နူးစရာ အဖြစ်သို့ ပြောင်းသွားလေ၏။ ချစ်လေသူအတွက် အနစ်နာခံနိုင်လေ အနစ်နာခံရခြင်းအတွက်လည်း စိတ်ကြည်နူးရလေဖြစ်၏။ ယခုတော့ ရဟန်းငါးရာတို့သည်လည်း ပျော်မွေ့ကြပြီ၊ ထောခေါင်နတ်တို့သည်လည်း ပျော်မွေ့ကြပြီ၊ အားလုံးပျော်မွေ့ကြလေပြီ။

ရဟန်းငါးရာတို့သည် တရားအားထုတ်သောအခါ ပါမောဇ္ဇ၊ ပီတိ၊ ပဿဒ္ဓိ၊ သုခ၊ သမာဓိ၊ ယထာဘူတဉာဏ် ဟူသော ဓမ္မဖြစ်စဉ်များအတိုင်း ဝမ်းသာသဖြင့် နှစ်သက်ကြ၏။ နှစ်သက်သဖြင့် ငြိမ်းချမ်းကြ၏။ ငြိမ်းချမ်းသဖြင့် ချမ်းသာကြ၏။ ချမ်းသာသဖြင့် သမာဓိရကြ၏။ သမာဓိရသဖြင့် ယထာဘူတဉာဏ်ကို ရကြ၏။ ယထာဘူတဉာဏ်ကို ရဟန်းငါးရာတို့ရ၍ ခန္ဓာကိုယ် ဖြစ်ပျက်ကို ဝိပဿနာဉာဏ်ဖြင့် ရှုမြင်သောအခါ မြတ်စွာဘုရားသည် ကိုယ်တော်တိုင် ကြွလာတိသကဲ့သို့ ဂန္ဓာကုဋီမှနေတော်မူလျက်၊ ရောင်ခြည်တော် ခြောက်သွယ်ကို လွှတ်တော်မူလျက် အောက်ပါဂါထာကို ဟောကြားတော်မူ၏။

– **ခန္ဓာကိုယ်ကို မြေအိုးပမာသိ၍၊**
**ဝိပဿနာစိတ်ကို နန်းမြို့ပမာထား၍**
**ပညာလက်နက်ဖြင့် ကိလေသာရန်သူကို တိုက်ခိုက်ရာ၏။**
– **ရအပ်ပြီးသော ဝိပဿနာဉာဏ်ကို စောင့်ရှောက်ရာ၏။**
**တွယ်တာခြင်းမှုကား မရှိရာ။**

ဤဂါထာအရ ၃၂ ကောဋ္ဌာသ အစုအဝေးကြီးသည် ခန္ဓာကိုယ်ပင်ဖြစ်၏။ ခန္ဓာကိုယ်သည် မြေအိုးနှင့်တူ၏။ ဘာမျှ ခိုင်မာသည် မဟုတ်။ ခန္ဓာကိုယ်တွင် ပါဝင်သော ရုပ်နာမ်နှစ်ပါးတို့အနက် နာမ်တရားတို့သည် တစ်ခဏလျှင် ကုဋေတစ်သိန်းခန့် ဖြစ်ကြ၏။ ချုပ်ကြ၏၊ ရုပ်တရားတို့သည်ကား တစ်ခဏလျှင် ကုဋေခြောက်ထောင်ခန့် ဖြစ်ကြ၏၊ ချုပ်ကြ၏၊ ထို့ကြောင့် ရုပ်နာမ်ခန္ဓာတို့သည် ရေစီးပမာသာ ဖြစ်ကြ၏။ တည်မြဲသည်ဟူ၍ မရှိ။ တည်မြဲသည်ဟူ၍ မရှိလျှင်

http://www.cherrythitsar.org



အားကိုးစရာ ဟူ၍လည်းမရှိ၊ သို့ပါလျက် ပုထုဇဉ်လူမိုက်တို့သည် မိမိတို့၏ ခန္ဓာကိုယ်ကို ဖက်တွယ်ထားကြ၏။ အားကိုးတကြီး ပြုကြ၏။ မိမိတို့၏ ခန္ဓာကိုယ်ကို ဖက်တွယ်ခြင်း၊ အားကိုးတကြီး ပြုခြင်းသည် မိုက်မှားမှု သက်သက်သာ ဖြစ်၏။ ထို့ကြောင့် မိမိတို့၏ခန္ဓာကိုယ်သည် မြေအိုးပမာသာဖြစ်၏။ ခိုင်လည်း မခိုင်မြဲ၊ တန်ဖိုးလည်းမရှိ။ ဤသဘော ကို မြင်အောင်ကြည့်ဖို့လို၏။ မြင်အောင် ကြည့်သော စိတ်ဟူသည် ဝိပဿနာစိတ်ပင် ဖြစ်၏။

ဝိပဿနာစိတ်ကို နန်းမြို့ပမာ ခိုင်ခံ့အောင် လုပ်ရ၏။ ဝိပဿနာ စိတ်ကို ခိုင်ခံ့အောင် လုပ်ခြင်းဟူသည် ကိလေသာများ ကပ်ဝင်မလာအောင် လုပ်ခြင်း ဖြစ်၏။

ခန္ဓာကိုယ်က အကြည့်ခံ၊ ဝိပဿနာက အကြည့်။ အကြည့်ခံ ခန္ဓာကိုယ်က ခဏမစဲ တဖွဲဖွဲ ဖြစ်နေ၏၊ ပျက်နေ၏။ သို့ရာတွင် အကြည့်ပိုင်းက ထိုသို့ မမြင်။ ထုနှင့်ထည်နှင့် ခိုင်မြဲနေသောအရာဟု မြင်၏။ ထိုသို့ မြင်ခြင်းမှာ မှား၏။ မှားခြင်းမှာလည်း မောဟကိလေသာ ဖုံးနေသောကြောင့် ဖြစ်၏။ ထို့ကြောင့် မောဟကိလေသာကို သတ်ဖို့လို၏။ မောဟကိလေသာမရှိလျှင် ခန္ဓာကိုယ်ဖြစ်ပျက်နေသည်ကို အမှန်အတိုင်း မြင်မည်ဖြစ်၏။

အကြည့်ခံ အပိုင်းနှင့်ပတ်သက်၍ တစ်စုံတစ်ရာ ပြုပြင်ဖို့ မလိုသော်လည်း အကြည့်အပိုင်းနှင့် ပတ်သက်၍ များစွာ ပြုပြင်ဖို့လို၏၊ အကြည့်အပိုင်းဟူသည် မှာ ဝိပဿနာဖြစ်၏။ ဝိပဿနာထက်ပါမှ ဖြစ်ပျက်ကို မြင်၏။ ထို့ကြောင့် ဝိပဿနာထက်စေရန် ကြိုးပမ်းဖို့လို၏။ ဝိပဿနာထက်စေရန် ကြိုးပမ်းရာ၌ သတိသည် များစွာအရေးကြီး၏။ အကြည့်ခံနှင့် အကြည့်တို့ အဆက်ပြတ် မသွားရလေအောင် သတိကြီးစွာ ထားရ၏၊ သတိလွှတ်ထွက်သွားသည်နှင့် တစ်ပြိုင်နက် မောဟသည် ဝင်ရောက်မည် ဖြစ်၏။ မောဟဟူသည် ခေါင်းဆောင် ကိလေသာ ဖြစ်၏။

မောဟကို အဝိဇ္ဇာဟူ၍ ခေါ်၏။ မောဟတွင် သတ္တိနှစ်ခုရှိ၏။ တစ်ခုသော သတ္တိမှာ မဟုတ်ကို မဟုတ်မှန်း မသိရအောင် ဖုံးကွယ်ခြင်း ဖြစ်၏။ ယင်းကို "အာဝရဏ" ဟူ၍ ဆိုရ၏။ ယင်းသတ္တိကြောင့် ရုပ်နာမ်ခန္ဓာတို့သည် အမြဲတစေ ဖြစ်နေ ပျက်နေကြပါလျက် ဖြစ်နေ ပျက်နေသည်ဟူ၍မသိကြ။ ထိုသို့ မသိကြရ လေအောင် မောဟက သူ၏ "အာဝရဏ" သတ္တိဖြင့် ဖုံးကွယ်ထား၏။ အခြား လူမှုရေးရာ ကိစ္စများ၌လည်း မိမိတို့က မတော်မတရား လုပ်နေကြပါလျက် မတော်မတရား လုပ်နေမှန်း မသိခြင်းသည် မောဟ၏ "အာဝရဏ" သတ္တိ ကြောင့် ဖြစ်လေ၏။ မောဟတွင် နောက်သတ္တိတစ်ခု ရှိသေး၏။ ယင်းသတ္တိကား

http://www.cherrythitsar.org



အဟုတ်ကို ဖြစ်သွားအောင် ဖန်တီးခြင်းပင် ဖြစ်၏။ ယင်းကို "ဝိက္ခေပ" ဟူ၍ ဆိုရ၏။ ယင်းသတ္တိကြောင့် ရုပ်နာမ်ခန္ဓာတို့သည် အမြဲတစေ ဖြစ်နေ ပျက်နေကြပါလျက် ဖြစ်ပျက်မရှိဘဲ အမြဲတည်တံ့နေသည်ဟူ၍သာ သိကြ၏။ အခြား လူမှုရေးရာကိစ္စများ၌လည်း မိမိတို့က မတော်မတရား လုပ်နေကြသည် ဖြစ်ပါလျက် တကယ့်ကို တရားလမ်းမှန်ကျအောင် လုပ်နေသည်ဟူ၍ သိနေ ခြင်းသည် မောဟ၏ ဤ "ဝိက္ခေပ" သတ္တိကြောင့် ဖြစ်လေ၏။

သို့ဖြစ်လေရာ အကြည့်ခံနှင့် အကြည့်တို့ ပြတ်တောက်ပြီး မောဟမဝင် ရောက်နိုင်အောင် သတိဖြင့် အစဉ်တစိုက် ရှုမှတ်နေပါက အကြည့်ခံ ရုပ်နာမ် ခန္ဓာတို့၏ ဖြစ်ပျက်ကို မလွဲမသွေ မြင်လာမည် ဖြစ်၏။ ဤသည်ကိုပင် ပညာ လက်နက်ဖြင့် ကိလေသာရန်သူကို သတ်ခြင်းမည်၏။ ထိုကဲ့သို့ ကိလေသာ ရန်သူများကို သတ်ရာ၌ မောဟ နည်းနည်းကျသွားလျှင် ဝိပဿနာ နည်းနည်း ထက်၏။ ဝိပဿနာ နည်းနည်းထက်လာလျှင် ဘုန်းတန်ခိုး အာနုဘော်များသည် ရှေးကထက်ပို၍ ကြီးလာသည်။ ထို့ကြောင့် အာနုဘော်ကြီးလာခြင်း၌ တွယ်တာ မနေဘဲ မိမိ၏ ဝိပဿနာဉာဏ် ထက်သည်ထက်ထက်အောင် အားထုတ်ရ၏။ ဝိပဿနာဉာဏ် အထွတ်အထိပ်သို့ ရောက်ပြီးနောက် မဂ်ဉာဏ် ဖိုလ်ဉာဏ် ရောက်လာမည်ဖြစ်၏။ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရောက်လာလျှင် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်တော့၏။ ဤသည်ကိုပင် ရပြီးသားဝိပဿနာဉာဏ်ကို စောင့် ရှောက်ခြင်းနှင့် မရသေးသော မဂ်ဉာဏ် ဖိုလ်ဉာဏ်ကိုရအောင် အားထုတ်ခြင်း ဟူ၍ ဆိုရ၏။ ဤဒေသနာတော်၏ အဆုံး၌ ရဟန်းငါးရာတို့သည် ပဋိသမ္ဘိဒါ လေးပါးနှင့်တကွ အရဟတ္တ ဖိုလ်သို့ရောက်၍ ရဟန္တာမြတ်များ ဖြစ်သွားကြရ လေ၏။

# ပုတိဂတ္တတိဿ မထေရ်

မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော် မူစဉ်ကာလ ဖြစ်၏။ သာဝတ္ထိပြည်သား အမျိုးကောင်းသား တစ်ယောက်သည် မြတ်စွာဘုရား၏ သာသနာတော်၌ သက်ဝင်ယုံကြည်လာ၏။ ထို့ကြောင့်သူသည် ရဟန်းပြုလိုက်၏။ သူ့ကို ရဟန်းများက "တိဿ" ဟူ၍ အမည်ပေး လိုက်၏။

တိဿရဟန်းသည် ဇေတဝန် ကျောင်းတော်၌ စာပေကိုလည်း သင်ကြား ၏။ တရားကိုလည်း အားထုတ်၏။ ထို့ကြောင့် တိဿရဟန်းသည် ထိုက်သင့်

http://www.cherrythitsar.org



သလောက် စာပေများကိုလည်း တတ်ကျွမ်း၏။ တရားကိုလည်း ထိုက်သင့်သလောက် ရှုမှတ်နိုင်၏။ သို့ရာတွင် သူသည် သစ္စာလေးပါး မြတ်တရားကို မမြင်သေး။ သစ္စာလေးပါး မြတ်တရားကို မမြင်သေးသဖြင့် အရိယာလည်း ဖြစ်မလာသေးချေ။

ပရိယတ္တိ စာပေများကို သင်ကြားထားလေရာ သူ သင်ကြားထားသော ပရိယတ္တိ စာပေများက ဤလောက၌ ပုဂ္ဂိုလ်ဟူ၍မရှိ၊ သတ္တဝါဟူ၍ မရှိ၊ ရုပ်နှင့် နာမ်သာရှိသည်။ ယင်းရုပ်နှင့် နာမ်တို့သည်လည်း အမြဲတမ်း ဖြစ်နေကြသည်၊ ပျက်နေကြသည်။ ထို့ကြောင့် လောကဟူသည် ရုပ်နာမ်တို့၏ ဖြစ်ပျက်အစဉ်သာ ဖြစ်သည်။ ပုဂ္ဂိုလ်သတ္တဝါတို့၏ အစုအပေါင်းမဟုတ်။ ထို့ပြင် ရုပ်နာမ်တို့၏ ဖြစ်ခြင်းနှင့်ပျက်ခြင်း ကုန်ဆုံးရာ၌ မဖြစ်မပျက်သော နိဗ္ဗာန်ဟူသည် ပရမတ္ထအနေဖြင့် အကယ်ရှိသည်ဟူ၍ ဆိုပါ၏။ ထို့ကြောင့် တိဿရဟန်းသည် လောကကို ကြည့်ပါ၏။ သူသည် လောကကိုကြည့်သော အခါ ရုပ်နှင့်နာမ်ကို မမြင်။ ပုဂ္ဂိုလ်များကို မြင်၏၊ သတ္တဝါများကိုသာ မြင်၏။ ထို့ကြောင့် လောကဟူသည် ခဏတိုင်း ခဏတိုင်း အမြဲတစေ ဖြစ်ပျက်နေသည် ရုပ်နာမ်တို့၏ ဖြစ်ပျက်အစဉ်သာ ဖြစ်သည်ဟူသော စာပေ သင်ကြားချက်များကိုသာ သူသိ၏။

တိဿရဟန်းသည် မြတ်စွာဘုရား၏ သာသနာတော်၌ တကယ်တမ်း ယုံကြည်သက်ဝင်သော သဒ္ဓါတရားဖြင့် ရဟန်းပြုခဲ့သူ ဖြစ်သဖြင့် မြတ်စွာဘုရား၏ ဒေသနာတော်၌ သံသယမဖြစ်။ သူ၏ အသိဉာဏ်၌သာ သံသယ ဖြစ်လေ၏။ ပညာရှိတို့၏ အဆိုအရ ကျင့်စဉ်နှင့် ပတ်သက်၍ လောက၌ မိမိ၏ ရည်မှန်းချက် မပြည့်လေသောအခါ လူမိုက်တို့သည် သူတစ်ပါးအပေါ်၌ သံသယရှိတတ်ကြ၏။ ပညာရှိတို့ကား သူတစ်ပါးအပေါ်၌ သံသယမရှိဘဲ မိမိ၌သာ သံသယ ရှိကြ၏။ သူမြတ်များ ဖြစ်လေသော အခါမှသာ သူတစ်ပါးအပေါ်၌လည်း သံသယမရှိ၊ မိမိအပေါ်၌လည်း သံသယမရှိ၊ သံသယဟူသမျှကို ပယ်ဖျောက် နိုင်ကြတော့သည် ဟူ၍ ဆိုပါ၏။ ဤအဆိုအရဆိုလျှင် တိဿရဟန်းသည် လူမိုက်မဟုတ်၊ ပညာရှိဖြစ်၏။ သို့ရာတွင် သူ ပညာရှိခြင်းကား သံသယကို မဂ်ဉာဏ်ဖြင့် မပယ်သတ်နိုင်သေးသောကြောင့် အရိယာပညာရှိမျိုးတော့ မဟုတ် သေး၊ ပုထုဇဉ်ပညာရှိမျိုးသာ ဖြစ်သေး၏။ အမှန်အားဖြင့် သံသယကို သောတာ ပတ္တိမဂ်ဖြင့် ပယ်နိုင်ပါ၏။

သို့သော် တိဿရဟန်းသည် တရားအားထုတ်ခြင်းကိုလည်း မလျှော့။ သို့ရာတွင် တရားထူးကိုမူမရသေး။ အမှန်အားဖြင့် တရားထူးရခြင်းဟူသည်

http://www.cherrythitsar.org



မှာ ဣန္ဒြေတို့နှင့် ပြည့်စုံညီညွတ်မှုရှိသော အခါမှသာ ဖြစ်၏။ သဒ္ဓါနှင့် ပညာ၊ ဝီရိယနှင့် သမာဓိတို့ အစုလိုက် မျှဖို့လို၏။ ထိုသို့ ဖြစ်ရအောင် သတိကလည်း ခဏမလပ် စောင့်ကြပ်ဖို့လို၏။ ထိုအဆင့်သို့ တိဿမထေရ် မရောက်သေးသဖြင့် သူသည် တရားထူးကို မရခြင်းဖြစ်၏။ တရားထူးရခြင်း၌ အချိန်သည် များစွာ တောင်းပြော၏။ ဘုရားဖြစ်လိုလျှင် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း စောင့်ရ၏။ ပစ္စေကဗုဒ္ဓါဖြစ်လိုလျှင် နှစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်း စောင့်ရ၏။ အဂ္ဂသာဝက ဖြစ်လိုလျှင် တစ်သင်္ချေနှင့်ကမ္ဘာတစ်သိန်း စောင့်ရ၏။ မဟာသာဝက ဖြစ်လိုလျှင် ကမ္ဘာတစ်သိန်းစောင့်ရ၏။ ရိုးရိုး ပကတိသာဝကဖြစ် လိုလျှင် စောင့်ချိန် သတ်မှတ်ချက်မရှိသော်လည်း မိမိတို့၏ ဣန္ဒြေများ ရင့်ကျက်သည်အထိ စောင့်ရ၏။ ထို့ကြောင့် တရားထူးရခြင်း၌ အချိန်သည်များစွာ တောင်းပြောသည်ဟူ၍ ဆိုခြင်း ဖြစ်၏။

ပါရမီကုသိုလ်ဟူသည် ရိုးရိုးကုသိုလ်မျိုးနှင့်မတူ။ ရိုးရိုးကုသိုလ်သည် အဟောသိကံ ဖြစ်နိုင်၏။ ပါရမီကုသိုလ်ကား အဟောသိကံ မဖြစ်နိုင်။ အဟောသိကံ ဟူသည်မှာ အကျိုးမပေးနိုင်သော ကံဖြစ်သည် ဆိုရုံမျှလောက်သာ ဖြစ်သော အချည်းနှီးကံ ဖြစ်၏။ ယခု တိဿမထေရ် အားထုတ်နေသော ဂန္ထဓုရနှင့် ဝိပဿနာဓုရဆိုင်ရာကံများမှာ ပါရမီကုသိုလ်များ ဖြစ်ကြ၏။ ထို့ကြောင့် ထိုကံများသည် အရဟတ္တဖိုလ်ကိုမျက်မှောက်ပြုရေးအတွက် တိဿမထေရ်အား အကျိုးပေးပေလိမ့်မည်။ ယခု အချိန်မကျသေးသဖြင့်သာ အကျိုးမပေးခြင်း ဖြစ်၏။

တိဿမထေရ်သည် စာပေပေ့လာရင်း၊ တရားအားထုတ်ရင်း သူ၏ ကိုယ် ၌ အဖုငယ်တစ်ခုပေါက်လာ၏။ အစပထမတွင် အဖုငယ်သည် မုန်ညင်းစေ့ခန့်ရှိ၏။ နောက် ပဲစေ့ခန့် ဖြစ်လာ၏။ နောက် ကလောစေ့ခန့်၊ နောက် သျှသျှားသီးခန့် ဖြစ်လာပြန်၏။ ထို့နောက် အဖုအပေါက်များသည် ပေါက်ကွဲ၍ တစ်ကိုယ်လုံး ပုပ်လေ၏။ ထို့ကြောင့် တိဿမထေရ်သည် ကျမ်းဂန်များ၌ ပူတိဂတ္တတိဿမထေရ်ဟူ၍ အမည် တွင်လေ၏။ ယင်းအနက်မှာ တစ်ကိုယ်လုံး ပုပ်သော တိဿမထေရ်ဟူ၍ ဖြစ်၏။ တိဿမထေရ်သည် တစ်ကိုယ်လုံး ပုပ်ရုံသာမက အရိုးများလည်း ကျိုးပဲ့ကြကုန်၏။ သွေးပြည်တို့၏ အလိမ်းလိမ်း ကပ်ကုန်၏။ သူ၌ အတူနေ တပည့်များ ရှိကြပါ၏။ အတူနေ တပည့်များသည် လည်း မထေရ်ကိုပြုစုသုတ်သင်ရန် မတတ်နိုင်သဖြင့် မလွှဲသာမရှောင်သာသလူ့ကို စွန့်ပစ်ထားကြကုန်၏။ ထိုအခါ ပူတိဂတ္တတိဿမထေရ်သည် အားကိုးရာမဲ့ဖြစ်၏။ မိမိ၏ နေရာ၌ တစ်ပါးတည်းအိပ်လျက်သာ နေရလေ၏။ အမှန်အားဖြင့် ပူတိဂတ္တတိဿ မထေရ်သည် ဤဘဝ၌ပင် ရဟန္တာဖြစ်မည့် ပါရမီရှင် ဖြစ်၏။

သို့ရာတွင်သူသည် ကြီးစွာသောအတိတ်အကုသိုလ်ကံရှိ၏။ ထိုကံသည် ဝဋ်အနေဖြင့် ယခုအကျိုးပေးလေပြီ။

ဝဋ်သည် ကြောက်မက်ဖွယ်ကောင်းလှ၏။ မြတ်စွာဘုရားသည်ပင် လွတ်အောင်မရှောင်နိုင်ခဲ့၊ ပူတိဂတ္တမထေရ်၏ ဝဋ်ကား ကြာရှည်လှပြီ။ ကဿပ မြတ်စွာဘုရားရှင် လက်ထက်တော်အခါက ဖြစ်၏။ ထိုဝဋ်သည် ထိုမျှလောက် ကြာနေပါသော်လည်း အရိပ်ပမာ လိုက်၍နေ၏။ အကျိုးပေးခွင့်ကို စောင့်မျှော် နေ၏။ ယခုမှ အကျိုးပေးခွင့်ကို ရရှိအကျိုးပေးခြင်း ဖြစ်၏။ ဝဋ်သည် မည်သူ့ ကိုမျှ မရှောင်၊ လူကိုလည်း မရှောင်၊ နတ်ကိုလည်း မရှောင်၊ ဗြဟ္မာကိုလည်း မရှောင်၊ ရဟန္တာကိုလည်း မရှောင်၊ နောက်ဆုံး မြတ်စွာဘုရားကိုပင် မရှောင်ချေ။ မိမိ အကျိုးပေးခွင့်ကို အရိပ်ပမာ လိုက်နေမည်သာ ဖြစ်၏။

ပူတိဂတ္တတိဿမထေရ်သည် ကဿပမြတ်စွာဘုရား လက်ထက်တော် အခါက ငှက်မုဆိုးဖြစ်ဖူး၏။ သူသည် ငှက်များကို အရှင်လတ်လတ် ခြေများကို ချိုးခဲ့ဖူး၏။ အတောင်များကိုလည်း ချိုးခဲ့ဖူး၏။ ထိုသို့ ခြေများ အတောင်များကို ချိုးထားခြင်းမှာ မပျံနိုင်အောင်လုပ်ခြင်း ဖြစ်၏။ သတ်ပြီးထားပါကလည်း ပုပ်ကုန်မည် စိုးရိမ်သောကြောင့် ယခုကဲ့သို့အရှင်လတ်လတ် ခြေများ၊ အတောင် များကို ချိုးထားခြင်း ဖြစ်၏။ ထိုကံသည် ယခုလာလေပြီ။ သူသည် ရှောင်၍ မရတော့ သူသည်ငှက်မုဆိုးဘဝဖြင့် အသက်မွေးသော်လည်း မိစ္ဆာဒိဋ္ဌိတော့ မဟုတ်။ ရတနာသုံးပါး၌ကြည်ညိုတတ်၏။ ဘုရားမှန်း၊ တရားမှန်း၊ သံဃာမှန်း သိ၏။ ကုသိုလ်နှင့် အကုသိုလ်တို့ကိုလည်း သိ၏။ ယင်းတို့၏ အကျိုးကိုလည်း သိ၏။ ထိုသို့ သိပါသော်လည်း ပစ္စုပ္ပန်အသက်မွေးခြင်း လွယ်ကူမှုကို အကြောင်း ပြု၍ ငှက်မုဆိုးဘဝဖြင့် အသက်မွေးခြင်း ဖြစ်၏။ တစ်ဘဝသုခနှင့် အနန္တ ဘဝဒုက္ခကို "တွဲ"ချင်း လဲလိုက်ခြင်း ဖြစ်၏။

ထိုစဉ်က ငှက်မုဆိုးသည် မိမိ၏ အသက်မွေးမှုနှင့်စပ်လျှင် သူ့အတွက် ယနေ့သာ ရှိ၏။ နက်ဖြန်မရှိ။ ပစ္စုပ္ပန်ဘဝသာ ရှိ၏၊ သံသရာမရှိ။ မသိ၍လား ဟူ၍ မေးလျှင်မူ သိပါ၏။ သိပါသော်လည်း မိမိ၏တစ်ဘဝ ကောင်းစားရေး၌ တပ်မက်သော တဏှာက သံသရာဒုက္ခကို ဖုံးကွယ်ထားသော အဝိဇ္ဇာကို ကန့်လန့်ကာဖြင့် အသုံးပြုထားသောကြောင့် ငှက်မုဆိုးသည် သံသရာဒုက္ခကို မမြင်နိုင်ခြင်း ဖြစ်၏။ အသိခေါက်ခက် အဝင်နက်ရခြင်း ဖြစ်၏၊ ယခုတော့ သူသည် ထိုဒဏ်ကို ခံရပြီ၊ သို့ရာတွင် သူသည် ဗုဒ္ဓဘာသာဝင် ဖြစ်သည့်အားလျော်စွာ ရဟန္တာအရှင်မြတ်အား မွန်မြတ်သောဆွမ်းဘောဇဉ်ကို လှူဖူး၏။ နိဗ္ဗာန်ကို ရရန်ဆုတောင်းဖူး၏။ ထိုကောင်းမှုကြောင့် ပူတိဂတ္တတိဿမထေရ်သည် ရဟန္တာ

ဖြစ်မည်ကား အမှန်။ နိဗ္ဗာန်ရမည်ကား အမှန်။ သို့ရာတွင် သူ၏ ပစ္စက္ခတာသည် အားငယ်ဖွယ် ကောင်းလှ၏။ အားငယ်ဖွယ် ကောင်းသော်လည်း ယင်းအားငယ်ဖွယ်ကောင်းလှသော ဘဝကိုပင် မှန်ကန်စွာ အသုံးချတတ်ပါက အနိုင်းမဲ့အကျိုးကို ရနိုင်၏။ ထို့ကြောင့် မိမိတို့အနေဖြင့် မည်သည့်အခြေအနေဆိုးမျိုး၌ ကြုံရသည်ဖြစ်စေ အားငယ်နေရန် မရှိ။ အသုံးချတတ်ရန်သာ အရေးကြီး၏၊ မိမိတို့တွေ့ကြုံရသမျှသည် ယာဝေဘုရား၏ ဖန်ဆင်းချက်မဟုတ်။ မိမိ၏ဖန်ဆင်းချက်သာ ဖြစ်၏။ အကယ်၍ မှားယွင်းစွာ ဖန်ဆင်း မိခဲ့ခြင်းကြောင့် ဒုက္ခအမျိုးမျိုးနှင့်တွေ့ကြုံရလျှင်လည်း အားငယ်ရန်မလို။ ယင်းဒုက္ခကို မှန်ကန်စွာ အသုံးချတတ်ရန်သာ လို၏။ အမှန်အားဖြင့် မကျော်လွှားနိုင်သော အခက်အခဲဟူသည်မရှိ။ အချိန်ကြာလျှင်သာကြာမည်၊ ကျော်လွှားနိုင်သည်ကတော့ အမှန်။ သတိပဋ္ဌာန်ဒေသနာတော်အရ အကုသိုလ်ကိုလည်း သင်္ခါရအဖြစ် ဖြစ်ပျက်ရှုရန် အသုံးချ၍ရ၏။ ကုသိုလ်ကိုလည်း သင်္ခါရအဖြစ် ဖြစ်ပျက်ရှုရန် အသုံးချ၍ရ၏။ ထို့ကြောင့်ဘယ်သူမပြု မိမိမှုဟူသော ကမ္မနိယာမအရ ရရှိလာသော မိမိတို့၏ လက်ရှိအခြေအနေကို ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ အကောင်းဘက်သို့ ရောက်အောင် အသုံးချနိုင်ဖို့ ဤပူတိဂတ္တတိဿမထေရ်က သင်ခန်းစာပေး၏။ ပေးသောသင်ခန်းစာအတိုင်း လိုက်နာအားထုတ်ရန်သာ လို၏။

ပူတိဂတ္တတိဿမထေရ်သည် သူ၏ အိပ်ရာ၌ သွေးပြည် အလိမ်းလိမ်းဖြင့် လဲလျောင်းလျက် ရှိ၏။ သူ၏အရိုးများသည်လည်း ကျိုးနေပြီဖြစ်သဖြင့် ဟိုတက်သည်တက် လှည့်၍ပင် အခက်အခဲရှိ၏။ သူသည် စိတ်ဓာတ်ကျလျက်ရှိ ၏။ စိတ်ဓာတ်ကျသောအခါ သမာဓိကို မရနိုင်။ သမာဓိကို မရခြင်းသည် မျက်စိအမြင်ကို မရခြင်းနှင့် အတူတူပင် ဖြစ်၏။ မျက်စိအမြင်ကို မရလျှင် မြင်စရာများကို ကြည့်သော်လည်း မမြင်နိုင်သကဲ့သို့ သမာဓိကိုမရလျှင် ဝိပဿနာဉာဏ်ဖြင့် မြင်စရာ ရုပ်နာမ်များကို ကြည့်၍ မမြင်နိုင်။ ရုပ်နာမ်ကို မမြင်လျှင် ရုပ်နာမ်တို့၏ ဖြစ်ခြင်း၊ ပျက်ခြင်းကို အဘယ်သို့လျှင် မြင်နိုင်ပါတော့မည်နည်း။ ထို့ကြောင့် ပူတိဂတ္တတိဿ မထေရ်သည် စိတ်ဓာတ်ကျခြင်း ဖြစ်၏။ ကျန်းမာရေးကောင်းစဉ်ကာလကပင် ရုပ်နာမ်တို့၏ ဖြစ်ပျက်ကိုမြင်ပြီး၊ ထို့နောက် ဖြစ်ပျက်တို့ကုန်ဆုံးရာ နိဗ္ဗာန်ကို မမြင်နိုင်လျှင် ယခုကျန်းမာရေး အလွန်ဆိုးရွားချိန်၌ ရုပ်နာမ်တို့၏ ဖြစ်ပျက်ကိုလည်းကောင်း၊ ဖြစ်ပျက်ဆုံးရာ နိဗ္ဗာန်ကိုလည်းကောင်း မည်သို့လျှင် မြင်နိုင်ပါတော့မည် နည်း။ ဤသို့တွေးပြီး ပူတိဂတ္တတိဿမထေရ်က စိတ်အားငယ်ခြင်း ဖြစ်၏။ အမှန်အားဖြင့် ပူတိဂတ္တတိဿမထေရ်သည် တရားအားထုတ်ရာ နောက်ဆုံး သပ္ပာယ အကြောင်းကို သဘောမပေါက်။ သပ္ပာယ

http://www.cherrythitsar.org



အကြောင်း ဟူသည် "စနက်တံ" သဖွယ် ဖြစ်၏။ ထို့ကြောင့် အရေးကြီး၏။ ပုထုဇဉ်အဖြစ်မှ အရိယာအဖြစ်သို့ ကူးပြောင်းခြင်းဟူသည် အခြေအနေတစ်ခုမှ အခြေအနေတစ်ခုသို့ ကူးပြောင်းခြင်းပင်ဖြစ်၏။ ထို့ကြောင့် ဟိုဘက်အခြေအနေနှင့် သည်ဘက်အခြေအနေ နှစ်ရပ်လုံးနှင့် လိုက်လျောညီထွေရှိသော ကြားကာလအခြေအနေတစ်ရပ်ကို အမှန်ပင် လိုအပ်ပါ၏။ ထိုကြားကာလ အခြေအနေတစ်ရပ်ကို ဖန်တီးပေးနိုင်သောအကြောင်းကို သပ္ပာယအကြောင်း ဟူ၍ ဆိုရ၏။ ထိုသပ္ပာယအကြောင်းကို ပူတိ ဂတ္တတိဿမထေရ်သည် မသိ။ မြတ်စွာဘုရားသာ သိတော်မူ၏။ ပူတိဂတ္တတိဿမထေရ် ရဟန္တာဖြစ်ရေးအတွက် သပ္ပာယအကြောင်းသည် မပေါ်ပေါက်နိုင်သေးသမျှ ရဟန္တာဖြစ်မည်လည်း မဟုတ်ချေ။

မြတ်စွာဘုရားသည် ထိုအချိန်တွင် ဂန္ဓကုဋီမှနေ၍ ကျွတ်ထိုက်သောသနေယျတို့အား ကြည့်တော်မူရာ ပူတိဂတ္တတိဿမထေရ်သည် မြတ်စွာဘုရား၏ ဉာဏ်ကွန်ရက်၌ ထင်လေ၏။ ပူတိဂတ္တတိဿ မထေရ်၌ အရဟတ္တဖိုလ်သို့ ရောက်နိုင်သော ဥပနိဿယ အကြောင်းသည် ပြည့်စုံပြီ။ စနက်တံကို မီးရှို့ရန်သာ လိုတော့၏။ မြတ်စွာဘုရားသည် ဂန္ဓကုဋီမှ ပူတိဂတ္တတိဿမထေရ်၏ သင်္ခမ်းကျောင်းသို့ သွား၍ ကိုယ်တော်တိုင် သူနာပြုလုပ်ငန်းကို လုပ်၏။ ထိုအခါမှ အတူနေ တပည့်ရင်းများက မြတ်စွာဘုရားအား သူနာပြုလုပ်ငန်းကို သူတို့လုပ်မည်ဖြစ်ကြောင်း လျှောက်ထားကြ၏။ မြတ်စွာဘုရား ကိုယ်တော်တိုင်က သူနာပြုလုပ်ငန်းကို လုပ်ကိုင်နေမှတော့ အခြားရဟန်း သာမဏေများအနေဖြင့် မည်သူမျှ ဝတ်တုတ်ထိုင်၍ ကြည့်မနေနိုင်တော့ပေ။ အားလုံးက ပျာပျာသလဲ ဝိုင်း၍လုပ်ကြလေ၏။

မြတ်စွာဘုရားသည် ကိုယ်တော်တိုင် ရေနွေးကိုကျို၏။ အခြား ရဟန်းတို့အား ပူတိဂတ္တတိဿမထေရ်ကို ညောင်စောင်းနှင့်တကွ မ၍ယူစေ၏။ ပူတိဂတ္တတိဿမထေရ်ကို ရေနွေးဖြင့် ရေချိုးပေးစေ၏။ သင်္ကန်းတို့ကိုလည်း ရေနွေးဖြင့် ဖွပ်လျှော်စေ၏။ မြတ်စွာဘုရား၏ ဂရုဏာကြင်နာမှုကိုခံယူရရှိသောအခါ ပူတိဂတ္တတိဿမထေရ်သည် သူ့တဝအပေါ် သူကျေနပ်လာ၏။ အားတက်လာ၏။ ထိုအခါ နှစ်သက်ခြင်း ပီတိသည်ဖြစ်၏။ ထို့နောက် ငြိမ်းအေးခြင်း ပဿဒ္ဓိသည် ဖြစ်၏။ ထို့နောက် ချမ်းသာခြင်းသုခသည် ဖြစ်၏။ ထို့နောက် တည်ကြည်မှု သမာဓိသည်ဖြစ်၏။ သမာဓိရလျှင် ဝိပဿနာရှု၍ ရပြီ။ အမှောင်ထဲ၌ အရောင်အဆင်းများ ထင်ရှား ရှိနေပါသော်လည်း မီးရောင်ရှိမှ မြင်နိုင်၏။ သမာဓိကိုရခြင်းသည် မီးရောင်ကို ထွန်းခြင်းပင်ဖြစ်၏။ ယခုမီးရောင်ကို ထွန်းညှိပေးလိုက်ပြီ။ မြင်စရာရုပ်နာမ်တို့ကို ဝိပဿနာဉာဏ်မျက်စိဖြင့် ကြည့်ဖို့သာ လိုတော့၏။ သို့ရာတွင်

http://www.cherrythitsar.org



မည်သည့်နေရာ၌ ကြည့်ရမှန်း မသိသေး၊ ကြည့်ရမည့်နေရာကို ပြဖို့လိုသေး၏။ ထိုအခါ မြတ်စွာဘုရားသည် ပုတိဂတ္တတိဿမထေရ်၏ ဦးခေါင်းရင်း၌ ရပ်တော်မူပြီး ကြည့်ဖို့ရန် ရုပ်နာမ်တို့ရှိရာ နေရာကို ညွှန်ပြသည့်အနေဖြင့် အောက်ပါ ဂါထာကို ဟောကြားတော်မူ၏။

- **ချစ်သားပုတိဂတ္တတိဿ ဤခန္ဓာကိုယ်သည် ဝိညာဉ်ကင်း၍ စွန့်ပစ်ရလျှင် ဘာမျှ အသုံးမကျသော ဖွဲ့အိတ်ကဲ့သို့ ဖြစ်ပေလိမ့်မည်၊**
- **ဤခန္ဓာကိုယ်သည် မကြာမီကာလတွင် မြေအပြင်၌ လဲလျောင်းရပေလိမ့်မည်။**

ခန္ဓာကိုယ်ကို ကြည့်ရာတွင် ကြည့်နည်း နှစ်နည်းရှိ၏။ တစ်ခုသော ကြည့်နည်းမှာ ပပဉ္စမျက်စိဖြင့် ကြည့်နည်း ဖြစ်၏။ နောက်ကြည့်နည်း တစ်ခုမှာ လောကီမဂ္ဂင် မျက်စိဖြင့် ကြည့်နည်းဖြစ်၏။ ပပဉ္စဟူသည်မှာ တဏှာ၊ မာန၊ ဒိဋ္ဌိတို့ ဖြစ်၏။ လောကီမဂ္ဂင် ဟူသည်မှာ ပညာမဂ္ဂင်နှစ်ပါးနှင့် သမာဓိမဂ္ဂင် သုံးပါးတို့ ဖြစ်ကြသည်။ ပညာမဂ္ဂင်နှစ်ပါး ဟူသည်မှာ သမ္မာဒိဋ္ဌိနှင့် သမ္မာသင်္ကပ္ပ ဖြစ်၏။ သမာဓိမဂ္ဂင် သုံးပါးဟူသည်မှာ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာ သမာဓိတို့ ဖြစ်ကြ၏။ ယင်းမဂ္ဂင်ငါးမျိုးကို လောကီမဂ္ဂင်ငါးပါး ဟူ၍ ဆို၏။

ပထမကြည့်နည်းအရ ခန္ဓာကိုယ်ကို ကြည့်သောအခါ ရုပ်နာမ်အဖြစ် မမြင်။ ပုဂ္ဂိုလ် သတ္တဝါအဖြစ် မြင်၏။ ငါအဖြစ်မြင်၏။ ထို့ကြောင့် ခန္ဓာကိုယ်နှင့် ငါသည် အတူတူပင် ဖြစ်၏။ ထိုအခါ အတ္တ သမံ ပေမံ နတ္ထိ– ငါလောက် ချစ်စရာကောင်းသော အရာမည်သည်မရှိ ဟူသော ဒေသနာတော်အရ ခန္ဓာကိုယ်သည် အလွန်နှစ်သက်ဖွယ် ဖြစ်လာ၏။ တွယ်တာဖွယ်ဖြစ်လာ၏။ တပ်မက်ဖွယ် ဖြစ်လာ၏။ ထို့ကြောင့် ခန္ဓာကိုယ်ကို အလိုလိုက်ရ၏။ ထမင်းဆာလျှင် ထမင်း ကျွေးရ၏။ ညောင်းညာလျှင် ဟိုတက်သည်တက် လှည့်ပေးရ၏။ လမ်းလျှောက် ပေးရ၏။ ညစ်ပတ်လျှင်ရေချိုးပေးရ၏။ တစ်ချိန်လုံး သူ့အလုပ်ကိုချည်းလုပ်ပေး ရ၏။ သို့ရာတွင် ခန္ဓာကိုယ်ရှိခြင်းအတွက် မငြီးငွေ့။ ခန္ဓာကိုယ်ကို တစ်မျိုးပြီး တစ်မျိုး လိုချင်နေ၏။ လူ့ခန္ဓာကိုယ်ကို လိုချင်၏။ နတ်ခန္ဓာကိုယ်ကို လိုချင်၏။ ဗြဟ္မာ့ခန္ဓာကိုယ်ကို လိုချင်၏။ ရလျှင် ကျေနပ်၏။ မရမှာကိုပင် စိုးရိမ်နေမိ၏။ ဤသို့ ဖြစ်သည်မှာ ခန္ဓာကိုယ်ကို ပပဉ္စမျက်စိဖြင့် ကြည့်သောကြောင့် ဖြစ်၏။

ခန္ဓာကိုယ်ကို လောကီမဂ္ဂင် မျက်စိဖြင့် ကြည့်သောအခါ တစ်မျိုးဖြစ်၏။ ပုဂ္ဂိုလ်သတ္တဝါအဖြစ် မမြင်၊ ရုပ်နာမ်အဖြစ်သာမြင်၏။ ငါအဖြစ်မမြင်၊ သူ အဖြစ်သာမြင်၏။ မြတ်နိုးစရာအဖြစ်မမြင်၊ စက်ဆုပ်စရာအဖြစ်သာ မြင်၏။ ဆံပင်၊ ခြေသည်း၊ လက်သည်း စသည်ဖြင့် ၃၂ မျိုးတို့၏ အစုအဝေး ဖြစ်၏။

http://www.cherrythitsar.org



အားလုံး စက်ဆုပ်စရာချည်းသာဖြစ်၏။ ထမင်းသာလိုက်၊ ပြောင်းလိုက်၊အောင့်လိုက် စသည်ဖြင့် အမြဲတမ်း နှိပ်စက်နေ၏။ သက်သက် ဒုက္ခတုံး ဒုက္ခခဲသာဖြစ်၏။ ဒုက္ခသစ္စာ စစ်စစ်ဖြစ်၏။ ဘာမျှတွယ်တာစရာဟူ၍မ ရှိ။ မက်မောစရာဟူ၍ မရှိ။ ခန္ဓာကိုယ်ကို မရခြင်းသည် သုခဖြစ်၍၊ ခန္ဓာကိုယ်ကို ရခြင်းသည် ဒုက္ခဖြစ်၏။ ဤသည်မှာ ခန္ဓာကိုယ်ကို မဂ္ဂင်မျက်စိဖြင့် ကြည့်သောကြောင့် မြင်သောအမြင်ဖြစ်၏။ ဤသို့လျှင် တစ်ခုတည်းသော ခန္ဓာကိုယ်က နှစ်မျိုးသော အမြင်ကို ဖြစ်စေပါ၏။

မဂ္ဂင်မျက်စိဖြင့် ခန္ဓာကိုယ်ကို ကြည့်သောအခါ ပုဂ္ဂိုလ်သတ္တဝါ အဖြစ် မမြင်။ ငါအဖြစ် မမြင်။ ၃၂ ကောဋ္ဌာသ အစုအဝေး အဖြစ်သာ မြင်၏။ ရုပ်နာမ် အဖြစ်သာ မြင်၏။ သမာဓိအားကောင်းလာသည်နှင့်အမျှ ယင်းတို့၏ ဖြစ်ပျက်ကိုပါ မြင်လာ၏။ ဖြစ်ပျက်ကို မြင်ဖန်များလာသောအခါ ခန္ဓာကိုယ်၌ ငြီးငွေ့၏။ ငြီးငွေ့ဖန် များလာသောအခါ ခန္ဓာကိုယ်၌ တပ်မက်မှုတဏှာကို ပယ်လေ၏။ ဖြစ်ပျက်ကို မြင်ခြင်းသည် ယထာဘူတဉာဏ် ဖြစ်၏။ ဖြစ်ပျက်ကို မြင်ဖန်များသဖြင့် ခန္ဓာကိုယ်၌ ငြီးငွေ့ခြင်းသည် နိဗ္ဗိဒါဉာဏ်ဖြစ်၏။ ခန္ဓာကိုယ်၌ တပ်မက်မှုကင်းခြင်းသည် ဝိရာဂဉာဏ်ဖြစ်၏။ ဝိရာဂဉာဏ်ဟူသည် မဂ်ဉာဏ်ပင်တည်း။ မြတ်စွာဘုရားသည် ဤဂါထာဒေသနာတော်ကို ဟောကြားတော်မူသောအခါတွင် ပူတိဂတ္တ တိဿမထေရ်သည် အားကောင်းသော သမာဓိကို ရရှိပြီးဖြစ်သဖြင့် သူ၏ခန္ဓာကိုယ်ကို ဝိပဿနာဉာဏ်ဖြင့် ကြည့်၏။ ထိုအခါ မြတ်စွာဘုရား ဟောကြားတော်မူသည့်အတိုင်း မြင်လေ၏။ ထိုအခါ သူသည် ပဋိသမ္ဘိဒါ လေးပါးနှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်လေ၏။

ဤသည်မှာ အဆိုးဆုံး အခြေအနေမှ အကောင်းဆုံး အခြေအနေသို့ ရောက်သွားခြင်းဖြစ်၏။ ထို့ကြောင့် ဗုဒ္ဓဒေသနာတော်အရ အဆိုးဆုံး အခြေအနေကိုပင် အကောင်းဆုံး အခြေအနေသို့ရောက်အောင် အသုံးချနိုင်သည် ဖြစ်လေရာ မိမိ၌ အသုံးချတတ်သော ဉာဏ်ရှိဖို့သာ လို၏။ အသုံးချတတ်လျှင် အဆိပ်သည်လည်း ဆေးဖြစ်၏။ အသုံးမချတတ်လျှင် ဆေးသည်လည်း အဆိပ်ဖြစ်လေ၏။ ထို့ကြောင့် အဆိပ်သည် လည်းကောင်း၊ ဆေးသည်လည်းကောင်း ပဓာနမဟုတ်။ အသုံးချတတ်မှုသာ ပဓာနဖြစ်၏။

အမှန်အားဖြင့် အဆိုးဆုံးဘဝ ဟူသည်မှာလည်း ရုပ်နာမ်ပင် ဖြစ်၏။ အကောင်းဆုံးဘဝ ဟူသည်မှာလည်း ရုပ်နာမ်ပင် ဖြစ်၏။ ဘာမျှ ထူးခြားလှသည် မဟုတ်၊ ဘဝဟူသမျှသည် ပရမတ္ထသစ္စာအားဖြင့် ဒုက္ခသစ္စာသာတည်း။ ဒုက္ခသစ္စာမှ အမြတ်ဆုံးချမ်းသာ သန္တိသုခကို ထုတ်ယူတတ်လျှင် ထုတ်၍ရနိုင်ပါကြောင်း ဤဝတ္ထုက သက်သေခံပါ၏။

# နွားကျောင်းသား နန္ဒ

မြတ်စွာဘုရားသည် သာဝတ္ထိပြည်ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ်က ဤဇာတ်လမ်းသည် ဖြစ်ပေါ်ခဲ့ခြင်း ဖြစ်၏။

အနာထပိဏ်သည် မြတ်စွာဘုရား၏ ကျောင်းဒါယကာလည်း ဖြစ်၏။ ပစ္စည်းလေးပါး ဒါယကာလည်း ဖြစ်၏။ မြတ်စွာဘုရားအား အနာထပိဏ်က ဇေတဝန်ကျောင်းတော်ကို ဆောက်လုပ်လှူဒါန်းခြင်းမှာ "ကျောင်းတစ်ခါ" အနေဖြင့် ဆောက်လုပ်လှူဒါန်းပြီးပြီဟူ၍ တစ်ကြိမ်တစ်ခါသာ တာဝန်ယူလှူဒါန်းခြင်းမျိုးမဟုတ်။ ထာဝစဉ် ပစ္စည်းလေးပါးတို့ဖြင့် အသက်ထက်ဆုံး တာဝန်ယူလှူဒါန်းခြင်းမျိုး ဖြစ်၏။ ထို့အပြင် အနာထပိဏ်သည် သောတာပန်လည်း ဖြစ်၏။ တေဒဂ်ရ ဥပါသကာလည်း ဖြစ်၏၊

နန္ဒကား အနာထပိဏ်၏ နွားကျောင်းသားဖြစ်၏။ အနာထပိဏ်၏ များစွာသောနွားများကို အခဖြင့် ကျောင်းပေးသူဖြစ်သဖြင့် ပစ္စည်းဥစ္စာ ကြွယ်ဝလာ၏။ သို့ရာတွင် နန္ဒသည် သူဌေးအမည်ကို မခံ၊ နွားကျောင်းသား အမည်ကိုသာခံ၏။ နွားကျောင်းခြင်း လုပ်ငန်းဖြင့်သာ ဥစ္စာစီးပွားကို ရှာ၏။ နန္ဒသည် နွားကျောင်းခြင်းလုပ်ငန်းကို မြတ်နိုးသူ ဖြစ်၏။ အမှန်အားဖြင့် အရာရာတိုင်း၌ နှစ်သက်ဖွယ် ရသသည်ရှိ၏။ သက်ရှိဖြစ်လျှင်လည်း သက်ရှိအလျောက် နှစ်သက်ဖွယ် ရသသည် ရှိ၏။ သက်မဲ့ဖြစ်လျှင်လည်း သက်မဲ့အ လျောက် နှစ်သက်ဖွယ် ရသသည် ရှိ၏။ ရှာတတ်ဖို့သာလို၏။ ရသရှိသည်ကတော့အမှန်။ ဗုဒ္ဓဒေသနာတော်အရ သက်ရှိဖြစ်စေ၊ သက်မဲ့ဖြစ်စေ အားလုံးသည် သင်္ခါရချည်း ဖြစ်၏။ သင်္ခါရကို သင်္ခါရအဖြစ် အမှန်အတိုင်းသိသောအခါ သင်္ခါရတို့မှ လွတ်မြောက်မှု ရသကို တွေ့၏။ ထိုရသကား အလွန်တန်ဖိုးကြီးမားသော ရသဖြစ်၏။ ယင်းကို ပါဠိပေါဟာရဖြင့် ဝိမုတ္တိရသဟု ခေါ်၏။ ထို့ကြောင့် အရာရာတိုင်း၌ ရသသည် ရှိသည်ဟု ဆိုရ၏။

နွားကျောင်းသား နန္ဒသည် နွားကျောင်းခြင်း လုပ်ငန်း၌ နှစ်သက်ဖွယ် ရသကို တွေ့အောင်ရှာနိုင်သူဖြစ်၏။ ထို့ကြောင့် နွားကျောင်းသား နန္ဒသည် နွားကျောင်းခြင်းလုပ်ငန်းကို မစွန့်လွှတ်နိုင်ခြင်း ဖြစ်၏။ သို့ရာတွင် နွားကျောင်းခြင်းလုပ်ငန်း၌ နန္ဒတွေ့သော နှစ်သက်ဖွယ် ရသကား တကယ်တမ်း နှစ်သက်ဖွယ် ရသအစစ်မဟုတ်။ ဒုက္ခကိုသာ သုခအဖြစ်မှတ်ထင်ပြီး နှစ်သက်ခြင်းသာဖြစ်၏။ သို့ရာတွင် နန္ဒသည် တစ်ခုသောနေ့တွင် ယင်းကို ဒုက္ခအဖြစ် အမှန်အတိုင်း သိသော ယထာဘူတဉာဏ်ကို ရပြီးနောက်မှ ရသအစစ်ကို တွေ့ပေလိမ့်မည်။

**ရာပြည့်ဇာတ်တိုက်**

http://www.cherrythitsar.org



နန္ဒသည် အနာထပိဏ်၏ နွားကျောင်းသားဖြစ်သည့် အားလျော်စွာ အနာထပိဏ်ထံသို့ နွားနို့နှင့် နို့ထွက်ပစ္စည်းများကိုပို့ရ၏။ ထို့ကြောင့် နန္ဒသည် အနာထပိဏ်နှင့် အကျွမ်းဝင်၏။ ရင်းနှီး၏။ အနာထပိဏ်သူဌေးသည်လည်း လောကကို သူများမြင်သလို မြင်တတ်သူမဟုတ်၊ ထူးသောအမြင်ဖြင့် မြင်တတ်သူ ဖြစ်၏။ ထို့ကြောင့် သုဒတ္တဟူသော အမည်ရင်းပျောက်၍ အနာထပိဏ်ဟူသော အမည်သစ်ကို ရခြင်းဖြစ်၏။

လူ လူချင်း ပတ်ဝန်းကျင်ကို ကြည့်ရာတွင် တချို့က လူကိုမမြင်။ ပစ္စည်းဥစ္စာကို မြင်၏။ ရာထူးများကို မြင်၏။ အာဏာများကို မြင်၏။ ထိုသို့ မြင်သောအခါ ပစ္စည်းဥစ္စာများကို မြတ်နိုး၏၊ ရာထူးများကို မြတ်နိုး၏၊ အာဏာများကို မြတ်နိုး၏။ ထို့ကြောင့် ပစ္စည်းရှိခိုက် အလေးအမြတ်ပြု၏။ အလေးအမြတ်ပြုစရာ ပစ္စည်းဥစ္စာ မရှိတော့သည်နှင့် တစ်ပြိုင်နက် အလေးအမြတ် မပြုတော့။ ရာထူးရှိခိုက် အလေးအမြတ် ပြု၏။ အလေးအမြတ်ပြုစရာ ရာထူး မရှိတော့သည်နှင့် တစ်ပြိုင်နက် အလေးအမြတ်မပြုတော့။ အာဏာရှိခိုက် အလေးအမြတ်ပြု၏၊ အလေးအမြတ်ပြုစရာ အာဏာမရှိတော့သည်နှင့် တစ်ပြိုင်နက် အလေးအမြတ်မပြုတော့။ ထိုသို့ဖြစ်ခြင်းမှာ လောကကို သုတဒိဋ္ဌိ အမြင်ဖြင့်သာ ကြည့်တတ်သောကြောင့် ဖြစ်၏။ သုတဒိဋ္ဌိ အမြင်ဟူသည် ပစ္စည်းဥစ္စာများ၊ ရာထူးများ၊ အာဏာများကိုသာ မြင်တတ်၏။ အခြားတာကိုမူ မမြင်တတ်။ ဤသည်မှာ သုတဒိဋ္ဌိအမြင် သဘောဖြစ်၏။ နောက်အမြင်တစ်မျိုး ရှိသေး၏။ ယင်းအမြင်ကို အနုမိတဒိဋ္ဌိအမြင် ဟူ၍ခေါ်၏။ အနုမိတဒိဋ္ဌိအမြင်က သုတဒိဋ္ဌိ အမြင်ထက်ပို၍ နက်ရှိုင်း၏။ အနုမိတ ဒိဋ္ဌိအမြင်ဖြင့် မိမိပတ်ဝန်းကျင်ရှိလူကို ကြည့်သောအခါ ပစ္စည်းဥစ္စာများကိုလည်း အလေးအမြတ် ပြုစရာအဖြစ်မမြင်။ ရာထူးများကိုလည်း အလေးအမြတ် ပြုစရာအဖြစ်မမြင်။ အာဏာများကိုလည်း အလေးအမြတ် ပြုစရာအဖြစ်မမြင်။ တကယ်တမ်း အလေးအမြတ် ပြုစရာအဖြစ် မြင်သည်ကား ပညာသာဖြစ်၏။ ထို့ကြောင့် ပတ်ဝန်းကျင်ကို အနုမိတဒိဋ္ဌိအမြင် ဖြင့် ကြည့်တတ်သူများသည် ဥစ္စာရှိသူများကိုလည်း အထင်မကြီး။ ရာထူးကြီးသူ များကိုလည်း အထင်မကြီး။ အာဏာရှိသူများကိုလည်း အထင်မကြီး။ သူ အထင်ကြီးသူကား ပညာရှိသာ ဖြစ်၏။ ထို့ကြောင့်သူသည် ပညာရှိကိုသာ အထင်ကြီး၏။ ပညာရှိလူကိုသာ အလေးအမြတ်ပြုတတ်၏၊ နောက်အမြင်တစ်မျိုး ရှိသေး၏။ ယင်းအမြင်ကို သန္တိကာတဒိဋ္ဌိအမြင်ဟူ၍ ခေါ်၏။ သန္တိကာတဒိဋ္ဌိအမြင် က အနုမိတဒိဋ္ဌိအမြင်ထက်ပို၍ နက်ရှိုင်း၏။ သန္တိကာတဒိဋ္ဌိအမြင်ဖြင့် ပတ်ဝန်းကျင်ကို ကြည့်သောအခါ ကိုယ်ကျင့်သိက္ခာကိုသာကြည့်၏။ အခြား

http://www.cherrythitsar.org



ဘာကိုမျှမကြည့်။ ဥစ္စာရှိသူဖြစ်ဖြစ်၊ ဥစ္စာမဲ့သူဖြစ်ဖြစ် ကိုယ်ကျင့်သိက္ခာ ကောင်းလျှင် သူမြတ်နိုး၏။ အလေးအမြတ်ပြု၏။ ကိုယ်ကျင့်သိက္ခာ မကောင်းလျှင်မူ အထင်လည်းမကြီး၊ မြတ်လည်း မမြတ်နိုး။ ထိုနည်းအတူပင် ရာထူးကြီးသူဖြစ်ဖြစ်၊ ရာထူးငယ်သူဖြစ်ဖြစ်၊ ရာထူးမရှိသူ ဖြစ်ဖြစ် ကိုယ်ကျင့်သိက္ခာ ကောင်းမှ မြတ်နိုး၏။ အထင်ကြီး၏။ ကိုယ်ကျင့်သိက္ခာမကောင်းလျှင်မူ အထင်လည်းမကြီး၊ မြတ်လည်း မမြတ်နိုး။ အာဏာရှိသူများကို တွေ့လျှင်လည်း ထိုနည်းအတူပင်မြင်၏။ ပညာရှိသူများကို တွေ့လျှင်လည်း ထိုနည်းအတူပင် မြင်၏။

သန္တိကာ၏ ဒိဋ္ဌိအမြင်ဖြင့် လောကကို ကြည့်တတ်သူများသည် အရာရာကို ကိုယ်ကျင့်သိက္ခာဖြင့်သာ တိုင်းတာတတ်ကြ၏။ အမှန်အားဖြင့် ကိုယ်ကျင့်သိက္ခာ ကောင်းခြင်းသည်သာလျှင် ပါရမီရှိခြင်း မည်၏၊ ပါရမီရှိခြင်းသည်သာလျှင် "စစ်မှန်"သော ကြီးပွားခြင်း မည်၏။ အခြားသော ကြီးပွားခြင်းများကား "အထင်"ကြီးပွားများခြင်းသာ ဖြစ်လေ၏။

အနာထပိဏ်လည်း ပါရမီရှိသူဖြစ်လေ၏။ နန္ဒသည်လည်း ပါရမီရှိသူ ဖြစ်၏။ ထို့ကြောင့် သူတို့နှစ်ယောက်သည် အချင်းချင်း အပြန်အလှန် လေးစား၏။ အပြန်အလှန်မြတ်နိုး၏၊ အပြန်အလှန် အထင်ကြီး၏။ အနာထပိဏ်က အလုပ်ရှင်၊ နန္ဒက အလုပ်သမား။ အလုပ်ရှင်ဖြစ်စေ အလုပ်သမားဖြစ်စေ ကိုယ်ကျင့်သိက္ခာကောင်းလျှင် အလုပ်ရှင်လည်း အလုပ်ရှင်အလျောက် လေးစားဖွယ်ဖြစ်၏။ မြတ်နိုးဖွယ်ဖြစ်၏၊ အထင်ကြီးဖွယ်ဖြစ်၏။ အလုပ်သမားလည်း အလုပ်သမားအလျောက် လေးစားဖွယ်ဖြစ်၏၊ မြတ်နိုးဖွယ်ဖြစ်၏၊ အထင်ကြီးဖွယ် ဖြစ်၏။ အလုပ်ရှင်နှင့် အလုပ်သမားသည် အသက်မွေးမှု နယ်ပယ်၌သာ ခြားနား၏။ ကိုယ်ကျင့်သိက္ခာနယ်ပယ်၌မူ မခြားနား။ ကိုယ်ကျင့်သိက္ခာ နယ်ပယ်၌ ခြားနားသည်ကား ပုထုဇဉ်အဖြစ်နှင့် အရိယာအဖြစ်သာ ဖြစ်၏။ လုပ်ငန်းရှင်လည်း ပုထုဇဉ် ဖြစ်နိုင်၏။ အလုပ်သမားလည်း ပုထုဇဉ် ဖြစ်နိုင်၏။ လုပ်ငန်းရှင်လည်း အရိယာ ဖြစ်နိုင်၏။ အလုပ်သမားလည်း အရိယာဖြစ်နိုင်၏။ ထို့ကြောင့် ဘဝ၌ တကယ် အရေးကြီးသည်ကား ကိုယ်ကျင့်သိက္ခာသာ ဖြစ်လေ၏။

အနာထပိဏ် သူဌေးနှင့် အလုပ်သမားနန္ဒတို့ နှစ်ယောက်သည် အမြင်ချင်းလည်း တူ၏၊ အကျင့်ခြင်းလည်းတူ၏။ သို့ရာတွင် အနာထပိဏ် သူဌေးက အရိယာဖြစ်သဖြင့် ပုထုဇဉ်နန္ဒထက် ပို၍ရင့်၏။ ဦးတည်ချက်ချင်းကား အတူတူ။ နှစ်ယောက်စလုံး သန္တိသုခသို့ ဦးတည်သည်ချည်း ဖြစ်၏။ ထို့ကြောင့် သူတို့နှစ်ယောက်သည် အကျွမ်းဝင်ကြ၏။ နန္ဒသည် အနာထပိဏ်နှင့် အကျွမ်းဝင်

http://www.cherrythitsar.org



သောအခါ မြတ်စွာဘုရား ထံတော်သို့လည်း ရောက်လေတော့၏။ နန္ဒသည် မြတ်စွာဘုရားထံမှ တရားဒေသနာတော်ကိုလည်း နာကြားရ၏။ ထိုအခါ မြတ်စွာဘုရားရှင်အား မိမိ၏အိမ်သို့ ဆွမ်းဘုဉ်းပေး ကြွတော်မူပါရန် လျှောက်ထား၏။ နန္ဒ၏အိမ်သည် ကောသလ ဇနပုဒ်၌ရှိ၏။ ထိုအချိန်တွင် နန္ဒ၏ ဉာဏ်မြေ့တို့သည် မရင့်ကျက်သေး။ ဉာဏ်မြေ့ မရင့်ကျက်သေးပါဘဲလျက် တရားဒေသနာများကို ဟောကြားပါလျှင် နန္ဒသည် တရားဒေသနာတော်၏ အနက်ကို သစ္စာတိုင်အောင် သိနိုင်လိမ့်မည်မဟုတ်။ ထို့ကြောင့် မြတ်စွာဘုရားသည် နန္ဒ၏ ပင့်လျှောက်ချက်ကို လက်ခံတော် မမူချေ။ မြတ်စွာဘုရားသည် အချိန်ကို ကွက်တိဝင်အောင် အသုံးချနိုင်သော ဉာဏ်ရှိ၏။ ထိုဉာဏ်ကို မြတ်စွာဘုရားသည် လွယ်လင့်တကူ ရသည်တော့မဟုတ်၊ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလတိုင်အောင် အားထုတ်မှုရခြင်းဖြစ်၏။ ထို့ကြောင့် မြတ်စွာဘုရားအတွက် အချိန်သည် အရေးကြီးပါ၏။

နန္ဒ၏ ဉာဏ်မြေ့တို့ ရင့်ကျက်ချိန်သို့ ရောက်ခဲ့ပြီ။ ထိုစဉ်က မြတ်စွာဘုရားသည် နောက်ပါ ရဟန်းသံဃာများနှင့်အတူ ဒေသစာရီ ကြွချီဆဲဖြစ်၏။ မြတ်စွာဘုရားသည် နန္ဒကို အမြဲစောင့်ကြည့်နေသူ ဖြစ်တော်မူ၏။ နန္ဒ၏ဉာဏ်မြေ့များ ရင့်ကျက်ချိန်သို့ ရောက်သည်နှင့်တပြိုင်နက် မြတ်စွာဘုရားသည် ဒေသစာရီ ကြွချီတော်မူနေရာမှ နန္ဒ၏ ဇာတိ ကောသလဇနပုဒ်သို့ ကြွတော်မူပြီး နန္ဒတို့ နေထိုင်ရာအနီးရှိ တစ်ခုသော သစ်ပင်အရင်း၌ နောက်ပါရဟန်း သံဃာတော်များ နှင့်အတူ သီတင်းသုံးနေတော်မူ၏။

နန္ဒသည် မြတ်စွာဘုရား ကြွလာတော်မူကြောင်း သတင်းကြားလျှင် မြတ်စွာဘုရားကို လာရောက်ဖူးမြော်ပြီး မြတ်စွာဘုရားနှင့်တကွ နောက်ပါရဟန်း သံဃာတော်များအား သူ၏အိမ်သို့ ပင့်၍ ခုနစ်ရက်တိုင်တိုင် ဆွမ်းကပ်၏။ ခုနစ်ရက်မြောက်သောနေ့၌ မြတ်စွာဘုရားသည် နန္ဒအား တရားဒေသနာတော်ကို ဟောကြားတော်မူ၏။ နန္ဒ၏ ဉာဏ်မြေ့တို့သည် ရင့်လေပြီ။ မြတ်စွာဘုရား ဟောကြားတော်မူသော ဒေသနာတော်၏ သစ္စာတိုင်အောင် သိနိုင်လေပြီ။

မြတ်စွာဘုရားသည် နန္ဒအား ဒါနကို ဟော၏။ ယင်းကို ဒါနကထာ ဟူ၍ ဆို၏။ ဒါနကို ဟောခြင်းမှာ လူအနေဖြင့် လူ့ကျင့်ဝတ်အရ အနစ်နာခံ စွန့်လွှတ်စိတ်ကို မွေးရန်ဖြစ်၏။ ထို့နောက် သီလကို ဟော၏။ ယင်းကို သီလကထာဟူ၍ ဆို၏။ သီလကို ဟောရခြင်းမှာ လူအနေဖြင့် လူ့ကျင့်ဝတ်အရ ကိုယ်ကျင့်သိက္ခာကို ထိန်းသိမ်းရန် ဖြစ်၏။ ထိုနောက် ဒါနနှင့် သီလရှိသူတို့၏

http://www.cherrythitsar.org



လာရောက်ရာ တမလွန်ကိုဟော၏။ ယင်းကို သဂ္ဂကထာဟူ၍ ဆို၏။ တမလွန်ဟူသည်မှာ နတ်ပြည်ဖြစ်၏။ စင်စစ်အားဖြင့် နတ်ပြည်ဟူသည်မှာ ချမ်းသာဖြစ်၏။ ဒါနသဘောအရ အနစ်နာခံ စွန့်လွှတ်တတ်မည်၊ သီလသဘောအရ ကိုယ်ကျင့်သိက္ခာကောင်းမည် ဆိုပါလျှင် ထိုပုဂ္ဂိုလ်သည် မလွဲမသွေ နတ်ပြည်သို့ ရောက်မည်ဖြစ်၏။ နတ်ပြည်ကို ရောက်ခြင်းကား ချမ်းသာကို ရရှိခြင်းဖြစ်၏။ သို့ရာတွင် ဤချမ်းသာက ကာမဂုဏ် ချမ်းသာသာဖြစ်၏။ ကာမဂုဏ်ချမ်းသာဟူသည် "အယောင် ချမ်းသာ" သာဖြစ်၏။ "အစစ်ချမ်းသာ"မဟုတ်။ အစစ်ချမ်းသာ မဟုတ်သမျှ ဒုက္ခသာဖြစ်၏၊ အပြစ် အာဒီနဝသာဖြစ်၏။ ယင်းတို့၏ အလွန်၌ အစစ်ချမ်းသာဟူသည် ရှိသေး၏။ အစစ်ချမ်းသာဟူသည် သန္တိသုခ ဖြစ်၏။ ထို့ကြောင့် အစစ်ချမ်းသာ သန္တိသုခကို လိုချင်ပါလျှင် ကာမဂုဏ်ချမ်းသာကို ဒုက္ခအဖြစ် မြင်အောင် ကြည့်ရ၏။ ဒုက္ခအဖြစ် မြင်အောင် ကြည့်ခြင်းဟူသည်မှာ ကာမဂုဏ်ကို ကာမဂုဏ်အဖြစ် မမြင်ဘဲ သင်္ခါရအဖြစ် မြင်အောင် ကြည့်ခြင်းဖြစ်၏။ ကာမဂုဏ်ကို သင်္ခါရအဖြစ် မြင်အောင် ကြည့်ဖို့အတွက် သတိလို၏။ သတိရှိလာလျှင် သတိရှိသူ "သမာဓိ" ဖြစ်လာ၏။ လုံ့လဝီရိယရှိသူ "အာတာပီ" ဖြစ်လာ၏။ ထိုအခါ ကာမဂုဏ်ကို သင်္ခါရအဖြစ် မြင်သူ "သမ္ပဇာန" ဖြစ်လာ၏။ ထိုအခါ အင်္ဂါသုံးရပ်နှင့်ပြည့်စုံလျှင်ပင် အနိစ္စသဘောကို သိလာ၏၊ ဒုက္ခ သဘောကိုသိလာ၏၊ အနတ္တသဘောကို သိလာ၏။ ဤသို့ သိလာအောင် အားထုတ်ခြင်းကိုပင် မဂ်နှင့်စပ်သောစကား မဂ္ဂကထာဟူ၍ ဆို၏။

မြတ်စွာဘုရားသည် နန္ဒအား ဤသို့လျှင် ဒါနကထာ၊ သီလကထာ၊ သဂ္ဂကထာ၊ မဂ္ဂကထာတို့ကို အစဉ်အတိုင်း ဟောကြားတော် မူသောအခါ နွားကျောင်းသား နန္ဒသည် သောတာပန်အဖြစ်ကို သစ္စာကိုင်အောင် သိမြင်ပြီး သောတာပန် ဖြစ်သွားလေ၏။ နန္ဒအတွက် မြတ်စွာဘုရား၏ ဆောင်ရွက်ဖွယ် သည် ပြီးဆုံးလေပြီ။ ထို့ကြောင့် မြတ်စွာဘုရားသည် နန္ဒတို့နေထိုင်ရာကောသလ ဇနပုဒ်မှ ထွက်ခွာ၍ သာဝတ္ထိ ကြွချီတော်မူ၏။ နန္ဒသည်လည်း မြတ်စွာဘုရား၏ သပိတ်ကိုကိုင်ကာ မြတ်စွာဘုရားကိုလိုက်ပို့လေ၏။ သင့်လျော်သလောက် ရောက် သောအခါ မြတ်စွာဘုရားက နန္ဒအား ပြန်ရန်ပြောသဖြင့် နန္ဒလည်း ပြန်လေ၏။

လမ်းတွင်ပင် နန္ဒသည် မုဆိုးတစ်ယောက်၏ မြားချက်ဖြင့် သေဆုံးသွား၏။ နောက်က လိုက်လာသော ရဟန်းများသည် သေဆုံးသွားသော နွားကျောင်းသား နန္ဒကိုမြင်လျှင် မြတ်စွာဘုရားထံသွားပြီး မြတ်စွာဘုရားအား –

"ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ နွားကျောင်းသား နန္ဒသည် မြတ်စွာဘုရားတို့ ကြွတော်မူလာခြင်းကြောင့် အလှူကြီးကိုပေးပြီး လိုက်ပို့ရာမှ

http://www.cherrythitsar.org



သေဆုံးရ၏။ အကယ်၍ မြတ်စွာဘုရားတို့ မကြွလာပါလျှင် နန္ဒသည် ယခုကဲ့သို့ သေမည်မဟုတ်" ဟူ၍ လျှောက်ထားကြ၏။ ထိုအခါ မြတ်စွာဘုရားက ရဟန်းတို့အား–

"ချစ်သား ရဟန်းတို့၊ နန္ဒကား ငါဘုရားကြွလာသည်ဖြစ်စေ၊ မကြွလာသည်ဖြစ်စေ အရပ်ရှစ်မျက်နှာသို့ သွားသည်ဖြစ်စေ မသွားသည်ဖြစ်စေ သေခြင်းမှ မလွတ်။ အမှန်အားဖြင့် သတ်ခြင်း၊ ဖျက်ဆီးခြင်း မည်သည်ကို ရန်သူတို့သည်လည်း မပြုနိုင်။ လူဆိုးတို့သည်လည်း မပြုနိုင်။ တကယ်တမ်း ပြုနိုင်သူကား မိမိသန္တာန်၌ ကိန်းနေသော အကုသိုလ်ကံသာလျှင် ဖြစ်၏"ဟူ၍ မိန့်တော်မူပြီး အောက်ပါဂါထာကို ဟောကြားတော်မူ၏။

– **လူဆိုးကဖြစ်စေ ရန်သူကဖြစ်စေ အကျိုးမဲ့ ဖျက်ဆီးခြင်းကို ပြုလျှင် ဤအခ တစ်ခုသာပြုနိုင်၏။**
– **မိမိ ပြုထားမိသော အကုသိုလ်ကံကမူ မိမိကို ဘဝများစွာ ဖျက်ဆီး သွားအောင် ပြုနိုင်၏။**

အကုသိုလ်ကံအရ ကောင်းကျိုးမဲ့ကို ဖြစ်စေရာ၌ ဖြစ်စေ၊ ကုသိုလ်ကံအရ ကောင်းကျိုးကို ဖြစ်စေရာ၌ဖြစ်စေ "သူ့ကြောင့်"၊ "ငါ့ကြောင့်" ဟူ၍ ပုဂ္ဂိုလ်သတ္တဝါကို ရည်ညွှန်း၍ ဆိုကြ၏။ အမှန်အားဖြင့် ပုဂ္ဂိုလ်သတ္တဝါသည် "ကံ"ကို သရုပ်ဖော်သူသာ ဖြစ်၏။ အိုးထိန်းသည်သည် ရွှံ့ရှိမှ အိုးလုပ်၍ ရ၏။ ရွှံ့မရှိပါက အိုးကို လုပ်၍မရ။ ထို့ကြောင့် ရွှံ့ကို ဥပါဒါန ကာရဏဟု ဆို၏။ အိုးထိန်းသည်ကို နိမိတ္တကာရဏဟု ဆို၏။ ဤသဘောအတိုင်းပင် အကျိုးမဲ့ကို ရခြင်းနှင့် ကောင်းကျိုးကို ရခြင်းတို့၌ ကံသည် ဥပါဒါနကာရဏမည်၍ ယင်းကံကို သရုပ်ဖော်သော ပုဂ္ဂိုလ်သတ္တဝါတို့ကား နိမိတ္တကာရဏ မည်ကြ၏။

အကျိုးတရားကို ဖြစ်စေရာ၌ အကြောင်းတရားနှစ်ပါး ရှိသည့်အနက် ဥပါဒါနကာရဏဟူသည် အထည်ဝတ္ထုအကြောင်း **(Material Cause)** ဖြစ်၍ နိမိတ္တကာရဏဟူသည် ယင်းအရာဝတ္ထုကို သရုပ်ဖော်သော အကြောင်း **(Efficient Cause)** ဖြစ်၏။ ထို့ကြောင့် ထိုအကြောင်းနှစ်မျိုးတွင် ကံသည်သာ ပဓာန ဖြစ်၏။ ကံကို သရုပ်ဖော်သော ပုဂ္ဂိုလ်သတ္တဝါတို့ကား အပဓာန ဖြစ်ကြ၏။ အပဓာန ဖြစ်ကြသဖြင့် ပုံသေသတ်မှတ်ချက် ပြုလုပ်၍မရ။ တစ်ခုမဟုတ် အခြား တစ်ခုဖြစ်နိုင်၏။ ပဓာနဖြစ်သောကံကား အမျိုးမျိုးမပြောင်းနိုင်။ တစ်ခုတည်းအဖြစ် သတ်မှတ်၍ ရ၏။ ဖွံ့ဖြိုးမှု ရှိခြင်းနှင့် မရှိခြင်းသာ ကွာခြားလေ၏။ ထို့ကြောင့် သေထိုက်သော ကံပါသော နွားကျောင်းသားနန္ဒကို မုဆိုးက မသတ်

http://www.cherrythitsar.org



လျှင်လည်း တစ်ယောက်ယောက်က သတ်မည်သာ ဖြစ်၏။ နွားကျောင်းသား နန္ဒသည် သေရမည်ကား မုချဖြစ်၏။

ထို့ကြောင့်အကျိုးမဲ့ကို မရသူများသည် ကံကိုမဖြစ်အောင် အားထုတ်ဖို့ လို၏။ ကံမရှိတော့လျှင် ကံကို သရုပ်ဖော်မည့်သူဟူ၍ ရှိတော့မည် မဟုတ်။ ကံကိုမဖြစ်အောင် အားထုတ်ရာ၌ ဒါနဖြင့်လည်းမရ။ သီလဖြင့်လည်းမရ။ ဘာဝနာဖြင့်မှ ရ၏။ ဘာဝနာဆိုသည်မှာ ဝိပဿနာ ဘာဝနာဖြစ်၏၊ လူဟူသည် အလုပ်ကို မလုပ်ဘဲ အသက်ရှင်၍မရ၊ အလုပ်တစ်ခုခုကိုတော့ လုပ်ရမည် ဖြစ်၏။

ကိုယ်အလုပ်ဖြစ်ချင် ဖြစ်မည်။ နှုတ်အလုပ် ဖြစ်ချင်ဖြစ်မည်။ စိတ်အလုပ် ဖြစ်ချင်ဖြစ်မည်။ တစ်ခုခုတော့ တစ်ခုခု။ သို့ရာတွင် အလုပ်လုပ်တိုင်း ကံဖြစ်သည် မဟုတ်။ အနုသယ ကိလေသာရှိမှ ကံဖြစ်၏။ ထို့ကြောင့် အနုသယကိလေသာကို သတ်ဖို့လို၏။ အနုသယ ကိလေသာကို မဂ်ဖြင့် သတ်နိုင်၏။ အရဟတ္တမဂ် ဖြစ်လျှင် အနုသယကိလေသာ အားလုံးကို သတ်နိုင်၏၊ မဂ်ကိုရရန် ဖြစ်ပျက်ကို မြင်ဖို့လို၏။ ဝိပဿနာဘာဝနာဖြင့်သာဖြစ်ပျက်ကို မြင်နိုင်၏။ ဤဒေသနာကို နာကြားရသောအခါ ဒေသနာတော်၏ အနက်ကိုသဘောတိုင်အောင်သိသော ရဟန်းများစွာတို့သည် သောတာပန်များ ဖြစ်သွားကြလေ၏။ ထို့ကြောင့် ဒေသနာတစ်ခုကို နာကြားရတိုင်း အနုသယ ကိလေသာကို သတ်ဖို့အထိ အနက်ကို သိအောင် အားထုတ်အပ်ပါ၏။

# သောရေယျ သူဌေးသား

သောရေယျ သူဌေးသား ဝတ္ထုသည် ဤကမ္ဘာမြေအပြင်၌ တကယ်ပင် ဖြစ်ခဲ့သော ဝတ္ထုဖြစ်၏။ ယုံတမ်းဒဏ္ဍာရီ မဟုတ်။ ဖြစ်ခဲ့သောအချိန်မှာလွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ ကျော်ကာလက ဖြစ်၏။ ထိုအချိန်က မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သတင်းတော်ထင်ရှားရှိစဉ်က ဖြစ်၏။ တကယ့်ဖြစ်ရပ် သည် စိတ်ကူးယဉ်ဖြစ်ရပ်ထက် ဆန်းကြယ်သည်ဟူ၍ ပညာရှင်များက အသိ အမှတ် ပြုထားကြသည် မဟုတ်ပါလား။

သောရေယျပြည်တွင် အလွန်ကြွယ်ဝသော ဇနီးမောင်နှံရှိ၏။ သူတို့တွင် သားရတနာ တစ်ယောက်ရှိ၏။ သူသည်သောရေယျ သူဌေးသားအဖြစ် ပိဋကတ် တော် မှတ်တမ်းတွင် ထင်ရှား၏။ အချိန် အရွယ်ရောက်သောအခါ သူ၏မိဘ

http://www.cherrythitsar.org



များက သူ့ကို အိမ်ထောင် ချပေးလိုက်၏။ သူကား ကိုယ်တိုင်လည်း လှသူ ဖြစ်၏။ အလှအပကို အလွန်မက်မောသူလည်းဖြစ်၏။ အမှန်အားဖြင့် သူ၏ဇနီး သည်လည်း လှပသူပင် ဖြစ်ပါ၏။ သို့ရာတွင် လောကအလှ ဟူသမျှသည် အမြင့်ဆုံး သဘောကို ဆောင်သည်ဟူ၍မရှိ။ အသာဆုံးသဘောကို ဆောင်ရိုး မရှိ။ လောကုတ္တရာ အလှသည်သာ အမြင့်ဆုံးသဘောကို ဆောင်၏။ အသာဆုံး သဘောကိုဆောင်ရိုးရှိ၏။ အမြင့်ဆုံးသဘောကို မဆောင်နိုင်သော လောက အလှကို "ပဏိဟိတ" ဟူ၍ ခေါ်သည်။ လောကအလှ ဟူသမျှသည် တစ်ခုထက် အခြားတစ်ခုက တစ်နည်းနည်းဖြင့် သာရိုး ဖြစ်သည်။ မြင့်မားရိုး ဖြစ်သည်။ ထို့ကြောင့်လောကအလှ ဟူသမျှကို ပါဠိဝေါဟာရဖြင့် ပဏိဟိတဟူ၍ ခေါ်ခြင်း ဖြစ်၏။ ပဏိဟိတ၏ အနက်မှာ တောင့်တအပ်၏ ဟူ၍ ဖြစ်၏။ တောင့်တခြင်း ဆိုကတည်းက တစ်နည်းနည်းဖြင့် သာခြင်းကို အဓိပ္ပာယ်အားဖြင့် ဖော်ပြလေ၏။ ထို့ကြောင့် လောကအလှ ဟူသမျှသည် "မိမိထက် 'သာ' သော အလှဟူသည် ရှိလေသေး၏" ဟူသော အနက်ကို ဖော်ပြသည်ချည်း ဖြစ်၏။ အမှန်အားဖြင့် မိမိထက် "သာ" သော သဘောကို မဆောင်နိုင်တော့သော အလှသည်ကား လောကုတ္တရာအလှသာ ဖြစ်လေ၏။ ထို့ကြောင့် လောကုတ္တရာအလှကို အပ္ပဏိဟိတ ဟူ၍ ခေါ်ခြင်းဖြစ်၏။

အလှသဘောကို သောရေယျ သူဌေးသားသည် ဤသို့မသိ၊ အခြား လှသောသူ တစ်ယောက်နှင့် မတွေ့သေးမီ သောရေယျ သူဌေးသားသည် သူ၏ ဇနီးကို အလှဆုံးဟူ၍ မှတ်ယူထား၏။ သောရေယျ သူဌေးသားသည် သူ၏ ဇနီးနှင့် သားနှစ်ယောက်ရ၏။ ထိုစဉ်ကာလအထိ သူ၏ဘဝသည် အဆက် ဆက်မှ ပြည့်စုံပါ၏။ ဥစ္စာပစ္စည်းနှင့် သားသမီးရတနာများသည်ဘာမျှ ပြောစရာ မရှိ။ ဘာမျှ ပြောစရာမရှိသော ဘဝဖြင့် အသက်ရှင်နေရခြင်းကား သောရေယျ သူဌေးသားအတွက် လောကနိဗ္ဗာန်တစ်မျိုးပင် ဖြစ်ချေ၏။

တစ်ခုသောနေ့တွင် သောရေယျ သူဌေးသားသည် သူငယ်ချင်း တစ်ယောက်နှင့်အတူရေချိုးရန် ယာဉ်ငယ်တစ်စီးဖြင့် ရေဆိပ်သို့ ထွက်ခဲ့၏။ နောက်ပါ အခြွေအရံများလည်း များစွာပင် ပါ၏။ ထိုနေ့ကား သောရေယျ သူဌေးသားအတွက်ဘဝ၏ တစ်ဆစ်ချိုးအတွေ့ကို ဖြစ်ပေါ်စေမည့်နေ့ ဖြစ်သည် ကို သူမသိ။ သောရေယျ သူဌေးသားသည်လမ်းတွင် ရှင်မဟာကစ္စည်း မထေရ်နှင့် တွေ့၏။ ရှင်မဟာကစ္စည်းကား အလွန်သပ္ပာယ်သော မထေရ်ဖြစ်၏။ လောက ဝေါဟာရဖြင့် ပြောရလျှင် အလွန်ချောသော၊ အလွန်လှသောမထေရ် ဖြစ်၏။ သောရေယျ သူဌေးသားသည် သူ့ဇနီး၏အလှကိုသာ အလှထင်ခဲ့၊ ထင်ထားခဲ့

http://www.cherrythitsar.org



ရာမှ ရှင်မဟာကစ္စည်းမထေရ်၏အလှကို မြင်လိုက်သောအခါ အလှကိုသာ ကိုးကွယ် တတ်သူတို့၏ ထုံးစံအတိုင်း ရင်သပ်ရှုမော အံ့သြသွားလေ၏။ အံ့သြ ရုံ ဆိုလျှင်လည်း ကိစ္စမရှိ။ ယခုမူ ရင်သပ်ရှုမော အံ့သြရုံသာမက အလှကို မက်မောတတ်သော တဏှာဖြင့် ဤသို့ သူက တောင့်တလိုက်၏။

"ဤမထေရ်သည်မူလည်း ငါ့မယား ဖြစ်ပါမူကား ကောင်းလေစွ၊ သို့မဟုတ် ငါ့မယား၏ အဆင်းသည်လည်း ဤမထေရ် အဆင်းကဲ့သို့ ဖြစ်ပါမူကား ကောင်းလေစွ"

ဤတောင့်တချက်သည် သူ၏ဘဝကို တစ်မျိုးတစ်ဖုံ ပြောင်းလဲ သွားစေနိုင်သော တောင့်တချက်ဖြစ်မှန်း သူမသိ။ အကယ်၍ သိလျှင်လည်း ဤသို့ တောင့်တချက် ဖြစ်မည်မဟုတ်၊ ယခုတော့ သူက မတောင့်တသင့်သော တောင့်တခြင်းမျိုးကို တောင့်တမိလိုက်ပြီ။ လေးညို့မှလွှတ်လိုက်မိသော မြားကို ပြန်၍ ရုပ်သိမ်းနိုင်တော့သလို သူတောင့်တမိလိုက်သော အကုသိုလ်ကို ပြန်၍ ရုပ်သိမ်းရန် မစွမ်းသာတော့။ လွှတ်လိုက်သော မြားသည် မထုးဝင်စေချင်သော အရာဝတ္ထုကို အားကုန်ထိုးဝင်သွားသလို တောင့်လိုက်သော အကုသိုလ်သည် သောရေယျ သူဌေးသားကို ချက်ချင်းပင် ယောကျ်ားဘဝမှမိန်းမဘဝသို့ ပြောင်းလဲစေလိုက်ပါပြီ၊ သူသည် ရှင်မဟာကစ္စည်းမထေရ်အပေါ် ပြစ်မှားမိသော အကုသိုလ်ကံကြောင့် သောရေယျသူဌေးသားဘဝမှ သောရေယျ သူဌေးသမီး ဖြစ်သွားရချေပြီ။

ဤသို့သော ဖြစ်ရပ်ကို ခေးပညာရပ်များက မည်သို့ ဆိုကြမည်မသိ သော်လည်း ကမ္မဝိပါကအရ သောရေယျ သူဌေးသားသည် ယောကျ်ားစစ်မှ မိန်းမစစ်စစ် ဖြစ်သွားသည်ကတော့ အမှန်။ ဒဏ္ဍာရီ မဟုတ်။ ထို့ကြောင့် အစိန္တေယျကို စိန္တေယျ လုပ်ချင်လျှင်တော့ အစိန္တေယျ၏ နိယာမ အတိုင်း ပင်ပန်းခြင်း "ဝိဃာတ" အကျိုးဒုက္ခသာ ဖြစ်ချေမည်။ ရူးသွပ်ခြင်း "ဥမ္မာဒ" အကျိုးဒုက္ခသာ ဖြစ်ချေမည်။ အခြားအကျိုးဒုက္ခတော့ မဖြစ်။

သောရေယျ သူဌေးသားသည် ရုတ်လိုက်သည့် ဖြစ်ခြင်း။ ဘာလုပ်၍ ဘာကိုင်ရမှန်းပင် မသိတော့။ အမှန်အားဖြင့် သူသည် ယခုဘဝ၌ပင် ပဋိသန္ဓေ လေးပါးနှင့်တကွ ရဟန္တာဖြစ်မည့် ပါရမီရှင်ပင် ဖြစ်၏။ ပါရမီရှင် ဖြစ်သော်ငြား ဟူ၍ အကုသိုလ်ကံက မညှာတာ။ သူ့နယ်ရောက်လျှင် သူက အစွမ်းကုန် အကျိုးပေးလိုက်သည်ပင် ဖြစ်၏။ ထို့ကြောင့်သောရေယျသူဌေးသားလို ပါရမီရှင် များသည်ပင် အဝိဇ္ဇာနှင့် တဏှာကြောင့် မှားတတ်ကြသေးလေရာ "ငါ" ဘယ် တော့မှ မမှားဘူး ဟူသော ခံယူချက်မျိုး ခံယူတတ်ကြသော ပုထုဇဉ်များသည်

http://www.cherrythitsar.org



အဘယ်မျှ မိုက်မဲကြလေဘိသနည်း။ ထိုကဲ့သို့သော ပုထုဇဉ်များသည် မိမိတို့၏ မိုက်မဲမှုကို မိမိတို့က မမြင်တတ်သဖြင့် မမြင်ကြသော်လည်း မြင်တတ်သဖြင့် မြင်ကြသော ပညာရှိ လူနတ်ဗြဟ္မာတို့သည် ဤလောက၌ အထင်အရှား ရှိကြပါ၏။ ယုံမှားမရှိရာ။

ကမ္မသကတာဝါဒီတို့ အယူအရ သတ္တဝါတို့၏ သန္တာန်၌ အစမထင် နိုင်သော အချိန်မှစ၍ အနန္တဖြစ်သော ကံတို့သည်အကျိုးမပေးရသေးချင်း အရိပ်ပမာ လိုက်၍ နေကြ၏။ ထိုကံတို့တွင် ဖြစ်စေနိုင်သော ကံလည်းပါ၏။ သူတောင်းစားဖြစ်စေနိုင်သော ကံလည်းပါ၏။ ယောကျ်ား ဖြစ်စေနိုင်သော ကံလည်းပါ၏။ မိန်းမဖြစ်စေနိုင်သော ကံလည်းပါ၏။ သုဂတိဘဝသို့ ရောက် စေနိုင်သော ကံလည်းပါ၏။ ဒုဂ္ဂတိဘဝသို့ရောက်စေနိုင်သော ကံလည်း ပါ၏။ မည်သည့်ကံက မည်မျှလောက် ရှိသည်ဟူ၍ ရေတွက်၍မရ။ အားလုံး အနန္တ ချည်းပင် ဖြစ်၏။

**"Nothing" cannot produce "something"** ဟူသော ကမ္မနိယာမ အရ ကံဟူ၍မရှိလျှင် ကံ၏အကျိုးကို ဖြစ်ပေါ်စေနိုင်လိမ့်မည်မဟုတ်။ ထို့ကြောင့် အနန္တ ဖြစ်သောကံများသည် မိမိတို့၏အကျိုးပေးခွင့်ကို ငံ့လင့်နေကြ၏။ ပေါက် ကွဲရန် အသင့်အနေအထားတွင် ရှိနေကြ၏။ ထိုအချိန်တွင် နောက်ဆုံးအကျိုး ပေးခွင့်ကို ပြုနိုင်သော ကံသည်လာ၏။ ထို "ကံ"ကို "စနက်တံ"သဖွယ် ဖြစ်သော ကံဟူ၍ ဆိုရ၏။ ဒဿနဝေါဟာရအားဖြင့်မူ သပ္ပာယ်ယကာရဏ ဟူ၍ ဆိုလေ၏။

ကမ္မနိယာမအရ သောရေယျသူဌေးသား၏ သန္တာန်၌ မိန်းမဖြစ်စေ နိုင်သော ကံတို့သည် အရိပ်သဖွယ် လိုက်ပါလျက်ရှိကြပါ၏၊ ထိုကံတို့သည် မိမိတို့၏ အကျိုးပေးခွင့်ကို ငံ့လင့်လျက် ရှိနေကြလေရာ နောက်ဆုံး သပ္ပာယ ကာရဏကို ရကြလေတော့၏။ ဤနေရာ၌ သပ္ပာယ ကာရဏဟူသည် သောရေ ယျသူဌေးသားက ရှင်မဟာကစ္စည်းမထေရ်အား သူ၏မယား ဖြစ်စေချင်သော အကုသိုလ်ကံပင်တည်း။ ထို သပ္ပာယကာရဏဖြစ်သော အကုသိုလ်ကံကို အကြောင်း ပြု၍ သူ၏သန္တာန်ရှိ မိန်းမဖြစ်စေတတ်သော ကံများကစုပေါင်းကာ သောရေယျ သူဌေးသားအား သောရေယျသူဌေးသားဘဝမှ သောရေယျသူဌေးသမီးဘဝသို့ ချက်ချင်း အကျိုးပေးလိုက်ခြင်း ဖြစ်လေ၏။

သောရေယျသူဌေးသား၏ သူငယ်ချင်းနှင့် အခြွေအရံများသည် သောရေ ယျသူဌေးသားကို ရှာကြ၏။ မည်သည့်နေရာမှ ရှာ၍မတွေ့သောအခါ သူတို့သည် သူ့ကို အိမ်ပြန်သွားကြပြီဟူ၍ မှတ်ထင်ကြပြီး သောရေယျပြည်သို့

http://www.cherrythitsar.org



ပြန်ကြ၏ သောရေယျသူဌေးသား၏ မိဘများကို အကျိုးအကြောင်းပြောပြကြ၏။ မိဘများသည်တတ်နိုင်သမျှ သောရေယျသူဌေးသားကို ရှာဖွေကြပြန်၏။ နောက်ဆုံး၌ သေပြီဟူ၍ ယူဆပြီး ရက်လည်ဆွမ်းသွတ် ကြလေ၏။

သောရေယျသူဌေးသမီးသည် ခြေဦးတည့်ရာသို့ သွားလေ၏။ ကံအားလျော်စွာပင် တက္ကသိုလ်ပြည်သို့သွားသော လှည်းကုန်သည်များနှင့် တွေ့၍ လှည်းများနောက်မှ အစဉ်တစိုက် လိုက်လေ၏။ ထို့နောက် ခြေကျင်မလိုက်နိုင်သောအခါ အဖိုးအခကိုပေး၍ လှည်းကိုစီးလေ၏။ လှည်းကုန်သည်များကလည်း အမျိုးသမီး၏အဆင်းသဏ္ဌာန်ကိုကြည့်ပြီး တက္ကသိုလ်ပြည်က သူဌေးသားအား ဆက်သရန် ရည်ရွယ်ပြီး အမျိုးသမီးကို ကောင်းမွန်စွာ စောင့်ရှောက်၍ ခေါ်ဆောင်သွားကြ၏။

တက္ကသိုလ်ပြည်သို့ ရောက်သောအခါ လှည်းကုန်သည်များသည် တက္ကသိုလ်ပြည်သား သူဌေးသားအား အကျိုးအကြောင်း ပြောပြကြ၏။ တက္ကသိုလ်ပြည်သား သူဌေးသားတွင်လည်း ဇနီးမရှိသဖြင့် သောရေယျသူဌေးသမီးကို သိမ်းပိုက်လေ၏။ အမှန်အားဖြင့် ဘဝကြွေးမှာ၏ ဖန်တီးမှုကို ခံရခြင်းဖြစ်၏။ အမျိုးသားနှင့် အမျိုးသမီးတို့ အိမ်ထောင်ပြုကြရာတွင် ရေစက်ကြောင့်လည်း ဖြစ်နိုင်၏။ နီးစပ်မှုကြောင့်လည်း ဖြစ်နိုင်၏။ ဤအကြောင်းနှစ်မျိုးတွင် တစ်မျိုးမျိုးကြောင့် ဖြစ်နိုင်၏။ ဤသို့ ကျမ်းဂန်၌ဆို၏။ တက္ကသိုလ်ပြည်သား သူဌေးသားနှင့် သောရေယျ သူဌေးသမီးတို့ အိမ်ထောင်ပြုရာ၌ကား ရေစက်ကြောင့်သာ ဖြစ်လေ၏။

အမျိုးသမီးသည် ယောက်ျားတဝဖြင့် သောရေယျပြည်၌ သားနှစ်ယောက်ကို ရဖူးခဲ့၏။ ယခု တက္ကသိုလ်သူဌေးကတော်ဘဝဖြင့် သားနှစ်ယောက်ကို ရပြန်၏။ စုစုပေါင်း သားလေးယောက်ရခဲ့လေပြီ။ ဖြစ်ရပ်ကား ဆန်းကြယ်လှ၏။ ကြွေးမှာ၏ အတွေ့ကား ဝက်ပါနှယ် ရှိလေ၏။ တစ်နေ့သောနေ့တွင် သူဌေးကတော်သည် လေသာပြတင်းမှ အပြင်သို့ ငေးကြည့်နေစဉ် မိမိ၏ မိတ်ဆွေဟောင်း တစ်ယောက်ကို တွေ့၏။ ထိုမိတ်ဆွေဟောင်းကား သောရေယျပြည်သား သူ၏ သူငယ်ချင်း ပင်ဖြစ်၏။ သူငယ်ချင်းနှင့်အတူပင် ယာဉ်ငယ်ကိုစီးကာ သောရေယျပြည် ရေချိုးဆိပ်သို့သွားခဲ့၏။ ရှင်မဟာကစ္စည်းမထေရ်ကိုမြင်၍ ပြစ်မှားမိသဖြင့် မိန်းမဖြစ်ခဲ့ရ၏။ ထိုစဉ်ကမူ သူငယ်ချင်းကိုရှက်သဖြင့် တိတ်တဆိတ် ထွက်ပြေးခဲ့၏။ ယခု ဒုတိယအကြိမ် ပြန်လည်တွေ့ဆုံသောအခါ သူဌေးကတော်သည် သူငယ်ချင်းနှင့် စကားပြောလိုလှ၏။ မိမိ၏ဘဝကို တက္ကသိုလ်ပြည်၌ နိဂုံးချုပ်တော့မည်ဟူ၍ ဆုံးဖြတ်ထားပါသော်လည်း သူဌေးကတော်၏ ထိုဆုံးဖြတ်ချက်

http://www.cherrythitsar.org



သည် ပျက်ပြားသွားလေပြီ။ ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုလာသော ဘဝကံကြမ္မာ၏ အင်အားနှင့် စွမ်းအင်ကို မည်သူသည် တားဆီးနိုင်ပါမည်နည်း။

သူဌေးကတော်သည် မိမိ၏ အစေအပါးတို့အား သူငယ်ချင်း သောရေယျပြည်သား သူဌေးသားကို အဆေါ်နိုင်းလိုက်၏။ သောရေယျ ပြည်သား သူဌေးသားသည်လည်း ခေါ်နိုင်းသည့်အတိုင်း လိုက်လာ၏။ သောရေယျပြည်သား သူဌေးသားသည် တက္ကသိုလ်ပြည်သို့ အလည်အပတ် လာရောက်သည် မဟုတ်။ လှည်းပေါင်းငါးရာနှင့် ကုန်ကူးသန်းရန် လာရောက်ခြင်းဖြစ်၏။ ထို့ကြောင့် သူသည် အခြားလှည်းငါးရာတို့အား ခေတ္တထားခဲ့ပြီး လာခြင်းဖြစ်၏။ သောရေယျပြည်သား သူဌေးသားသည် တက္ကသိုလ်ပြည်သူဖြစ်နေသော သူဌေးကတော်ကို တွေ့မြင်သောအခါ မမှတ်မိဘဲ ရှိနေ၏။ ထို့နောက်မှ တက္ကသိုလ်ပြည်သူ ဖြစ်နေသော သူဌေးကတော်က အကျိုးအကြောင်းစုံလင်စွာ ပြန်လည်ပြောပြမှ ထိုစဉ်က ဖြစ်ရပ်ကို ပြန်လည်အမှတ်ရလေ၏။

သူငယ်ချင်း သူဌေးသားကား ဗဟုသုတရှိသူဖြစ်၏။ ရှင်မဟာကစ္စည်းမထေရ်အား ပြစ်မှားမိသော အကုသိုလ်ကံသည် မထေရ်ထံ ကျွန်ပ်အောင် တောင်းပန်ပါက ပြေပျောက်သွားမည်ဖြစ်ကြောင်း သိ၏။ သောရေယျသူဌေးသမီးအတွက် ဝင့်ကျွတ်ချိန်ရောက်ပေပြီ။ ထိုအချိန်၌ ကံအားလျော်စွာ ရှင်မဟာကစ္စည်းမထေရ်သည် တက္ကသိုလ်ပြည်၌ သီတင်းသုံးနေတော်မူ၏။ ထို့ကြောင့် သူဌေးကတော်၏ သူငယ်ချင်းသည် ဘဝတွင် အမွန်မြတ်ဆုံးသော ကောင်းမှုကို ပြုရန် ဆုံးဖြတ်လိုက်၏။ အမွန်မြတ်ဆုံးသော ကောင်းမှုဟူသည်ကား သောရေယျ သူဌေးသမီးက ရှင်မဟာကစ္စည်းမထေရ်အပေါ် ပြစ်မှားမိသော အကုသိုလ်ကံကို ပြေပျောက်စေရန် သူဌေးကတော်က မထေရ်အား တောင်းပန်အောင် ဦးစီး ဦးဆောင်ပြု၍ ဆောင်ရွက်ပေးခြင်းဖြစ်၏။ ထိုသို့ ဆောင်ရွက်ပေးပါမှလည်း သောရေယျသူဌေးသမီးသည် သူဌေးသားပြန်၍ ဖြစ်သွားပေလိမ့်မည်။ ဤကောင်းမှုကား ဘဝတွင် အမွန်မြတ်ဆုံးကောင်းမှု ဖြစ်ပါ၏။

ထို့ကြောင့် သူငယ်ချင်း သူဌေးသားသည် သူဌေးကတော်နှင့် တိုင်ပင်၍ ရှင်မဟာကစ္စည်းမထေရ်ကို သူဌေးကတော်အိမ်သို့ ကြွပါရန် သွားရောက်၍ ပင့်၏။ ထိုက်ထိုက်တန်တန် ပူဇော်ရန်လည်း စီစဉ်ထား၏။ နောက်တစ်နေ့ ဆွမ်းခံချိန်တွင် မထေရ်သည် သူဌေးကတော်အိမ်သို့ ကြွလာတော်မူ၏။ ထိုအခါ သူငယ်ချင်းသူဌေးသားက သူဌေးကတော်ကို မထေရ်အား ပူဇော်သက္ကာရတို့ဖြင့် ပူဇော်စေပြီးနောက် မိမိအပြစ်ကို ဝန်ချတောင်းပန်ခိုင်း၏။ သူဌေးကတော်က လည်း ဝန်ချတောင်းပန်၏။ သူငယ်ချင်း သူဌေးသားကလည်း မထေရ်အား

http://www.cherrythitsar.org



အကျိုးအကြောင်းရှင်းပြပြီး တူပံ့၍ တောင်းပန်၏။ ရှင်မဟာကစ္စည်းမထေရ်က လည်း အပြစ်ကို "ငါသည်းခံ၏"ဟူ၍ ဆိုပြီး သည်းခံတော်မူ၏။ ထိုအခါ သောရေယျ သူဌေးသမီးသည် သောရေယျသူဌေးသားဘဝကို ပြန်လည်၍ ရရှိ သွားလေ၏။

တစ်ဘဝတည်း၌ ယောကျ်ားလည်းဖြစ်၊ မိန်းမလည်း ဖြစ်လိုက်ရသော သောရေယျသူဌေးသားသည် များစွာ သံဝေဂ ဖြစ်လေ၏။ အမှန်အားဖြင့် ပါရမီ တို့ ပွင့်ချိန်တန်ခြင်းပင် ဖြစ်၏။ ဘဝဟူသည်ကား ကံများ၏ အစုအပေါင်းသာ ဖြစ်၏။ ထိုကံများကား အချင်းချင်း ညီညွတ်နေကြသည်မဟုတ်၊ အမြဲတမ်း ဝိရောဓိဖြစ်နေကြ၏၊ အချို့ကံက ကောင်းရာဘက်သို့ ဦးတည်၍ ကောင်းကျိုးကို ပေးချင်၏။ အချို့ကံကားမကောင်းရာဘက်သို့ ဦးတည်၍မကောင်းကျိုးကိုပေးချင်၏။ ထိုထို ကံတို့သည် အချင်းချင်းဝိရောဓိသဘောကိုဆောင်နေကြ၏။ မည်သူကမျှ အလျှော့မပေး။ သမ္ပတ်အမျှင်များသည်ဘက်မျိုးစုံသို့ ဦးတည်ပြီး အချင်းချင်း ဝိရောဓိပြုနေကြသလို ဘဝ၌ ထိုကံများသည်လည်း သုဂတိနှင့် အပါယ်၊ နတ်ပြည်နှင့်ငရဲ၊ ဆင်းရဲနှင့် ချမ်းသာ စသည်အားဖြင့် ဘက်မျိုးစုံသို့ ဦးတည်ပြီး ဝိရောဓိပြုနေကြ၏။ ထို့ကြောင့် ဘဝဟူသည် အချင်းချင်း ဝိရောဓိပြုနေကြသော အနန္တ ဖြစ်သော ကံတို့၏ ကိန်းအောင်း စုဝေးရာဌာနဖြစ်၏။ သို့ဖြစ်၍ တစ်ချက်မျှ အမှားမခံ။ တစ်ချက် မှားလိုက်သည်နှင့်တစ်ပြိုင်နက် အသဒိသ ဒါနရှင် မလ္လိကာ မိဖုရားကြီးသည် ငရဲသို့ ကျသွားရ၏။ တစ်ချက်မှားလိုက်သည်နှင့် တစ်ပြိုင်နက် တတိယ သင်္ဂါယနာဒါနရှင် အသောကမင်းကြီးသည် အပါယ်သို့ ရောက်သွားရ၏၊ ပုထုဇဉ်တို့၏ ဘဝကား သံဝေဂဖြစ်ဖွယ် ကောင်းလှ၏။

ထို့ကြောင့် သောရေယျသူဌေးသားသည် ငြိမ်းချမ်းသော အနုရောဓ ဘဝကို တည်ဆောက်ရန် အရှင်မဟာကစ္စည်းမထေရ်ထံ၌ ရဟန်းပြု၏။ အရှင် မဟာကစ္စည်း မထေရ်ကလည်း သောရေယျသူဌေးသားကို ရဟန်းပြုပေးပြီး နောက် ကမ္မဋ္ဌာန်းသင်ပေး၏။ အမည်အားဖြင့်လည်း သောရေယျရဟန်း ဟူ၍ပင်တွင်၏။ အရှင်မဟာကစ္စည်း မထေရ်သည် သောရေယျရဟန်းကို နောက်ပါပြု၍ ဒေသစာရီကြွချီလေရာ သာဝတ္ထိပြည်သို့ ရောက်လေ၏။ သောရေယျရဟန်း၏ နှစ်ဘဝဖြစ်ရပ်ကို ကြားသိကြသောသူများက တုန်လှုပ်ချောက်ချားကာ ရဟန်းထံချဉ်းကပ်၍ မေးကြ၏။ ရင်သပ်ရှုမောလည်း ဖြစ်ကြ၏။ သံဝေဂလည်း ဖြစ်ကြ၏။ သားလေးယောက်နှင့် စပ်၍မေးရာတွင် အဖဘဝဖြင့် ရသော သားနှစ်ယောက်ထက် အမိဘဝဖြင့်ရသော သားနှစ်ယောက်ကို ပို၍ ချစ်ခင်ကြောင်း သောရေယျရဟန်းက ပြန်လည်ဖြေကြား၏။

http://www.cherrythitsar.org



မေးခွန်းများ ဖြေကြားရဖန် များသောအခါ သောရေယျ ရဟန်းသည် ရှက်စနိုးဖြစ်လာ၏။ ထို့ကြောင့် တစ်ပါးတည်းကိန်းအောင်းကာ ရဟန်းတရားကို ပွားများအားထုတ်လေရာ ပဋိသမ္ဘိဒါ လေးပါးနှင့် တကွ ရဟန္တာ ဖြစ်သွားလေ၏။ ထိုအခါ သူ၏ဘဝသည် အချင်းချင်း ဆန့်ကျင်ကာ ဝိရောဓိဖြစ်ကြသော အနန္တဂတ်တို့၏ ကိန်းအောင်းစုဝေးရာ ဝိရောဓိဘဝ မဟုတ်တော့။ အချင်းချင်း လိုက်လျောကာ အနုရောဓိ ဖြစ်ကြသော ဣန္ဒြိယာတို့၏ကိန်းအောင်းစုဝေးရာ အနုရောဓိဘဝ ဖြစ်သွား ခဲ့လေပြီ။

တစ်ခါတစ်ရံ သောရေယျမထေရ်၏ ဘဝနှင့်ပတ်သက်၍ မေးခွန်း များ မေးမြန်းကြရသောအခါ သောရေယျမထေရ် "ငါ့အား တစ်စုံ တစ်ယောက်သော သားတို့အပေါ်၌ချစ်ခြင်းမည်သည် မရှိပြီ" ဟု၍ ဖြေကြားလေသောအခါ ရဟန်း များက ထိုအကြောင်းကို မြတ်စွာဘုရားအား သွားရောက်၍ လျှောက်ထားကြ၏။ ထိုအခါ မြတ်စွာဘုရားက သားတော် သောရေယျမထေရ်သည် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုသွားပြီဖြစ်လေဖြင့် သူ၏ ဖြေကြားချက်မှန်ကန်ကြောင်း မြွက်ကြားတော်မူပြီး အောက်ပါဂါထာ ဒေသနာတော်ကို ဟောကြားတော်မူ၏။

- **ချမ်းသာစေ မည်သည်ကို အမိကလည်း မပေးနိုင်၊ အဖ ကလည်း မပေးနိုင်၊ ဆွေမျိုးကလည်း မပေးနိုင်။ ချမ်းသာသု ကိုသာပေးနိုင်၏၊**
- **မိမိ၏ စိတ်မြတ်က သာလျှင် မိဘဆွေမျိုးတို့က ပေးနိုင်သော ချမ်းသာ ထက်ပို၍ ပို၍ စစ်မှန်သော ချမ်းသာကို ပေးနိုင်၏။**

ဤလောက၌ ချမ်းသာကို ပေးနိုင်သူများ ရှိကြပါ၏။ မိဘများ ကလည်း ပေးနိုင်၏။ ဆွေမျိုးများကလည်း ပေးနိုင်၏။ ချမ်းသာသူ မိတ်ဆွေကောင်း များကလည်း ပေးနိုင်၏။ မစသူများကလည်း ပေးနိုင်၏။ နတ်ဒေဝါများက လည်းပေးနိုင်၏၊ ဆုတောင်းပြည့် ကိုးကွယ်ရာများကလည်း ပေးနိုင်၏။ သို့ရာတွင် ထိုထိုပုဂ္ဂိုလ်များပေးနိုင်သော ချမ်းသာဟူသည်ကား အရည်အသွေး အားဖြင့် "အတု" သာ ဖြစ်၏။ "အစစ်" မဟုတ်။ ကာလအားဖြင့်လည်း ခဏသာ ဖြစ်၏။ ထာဝရမဟုတ်။ အလွန်ဆုံးကြာလှလျှင် တစ်သက်တာ သာ ဖြစ်၏။

တကယ်တမ်း ချမ်းသာကို ပေးနိုင်သည်ကား မိမိ၏ ကုသိုလ်ကံ သာ ဖြစ်၏။ မိမိ၏ ကမ္မဝိညာဏ်ဟူသည်လည်း မိမိ၏ မြင့်မြတ်သော စိတ်ဖြစ်၏။ ကာမာဝစရ ကုသိုလ်စိတ်ကို ထားနိုင်လျှင် ကာမသုဂတိ ချမ်းသာကိုရ၏။ ရူပါ ဝစရ ကုသိုလ်စိတ်နှင့် အရူပါဝစရ ကုသိုလ်စိတ်ကို ထားနိုင်လျှင် ရူပဈာန် ချမ်းသာနှင့် အရူပဈာန် ချမ်းသာကိုရ၏။ အကယ်၍ လောကုတ္တရာစိတ်ကို ထားနိုင်လျှင် နိဗ္ဗာန်ချမ်းသာကိုရ၏။ ထိုချမ်းသာ အမျိုးမျိုးတို့တွင် နိဗ္ဗာန်ချမ်းသာ

http://www.cherrythitsar.org



သည် အရည်အသွေးအားဖြင့် ချမ်းသာစစ် ဖြစ်၏။ ချမ်းသာတုမဟုတ်။ ကာလ အားဖြင့်လည်း ထာဝရချမ်းသာ ဖြစ်၏။ အခြား ချမ်းသာများကား အတုသာ ဖြစ်၏။

ထို့ကြောင့် နိဗ္ဗာန်ချမ်းသာကို လိုချင်လျှင် လောကုတ္တရာစိတ်ကို ထားနိုင် အောင်၊ ရုပ်နာမ်ကို မြင်အောင် အားထုတ်ရ၏။ ရုပ်နာမ်ကို ရိုးရိုးပကတိမျက်စိဖြင့် ကြည့်၍မမြင်နိုင်။ ဉာဏ်မျက်စိဖြင့် ကြည့်မှမြင်နိုင်၏။ ဉာဏ်မျက်စိကို ရဖို့ရန် သမာဓိ လို၏။ သမာဓိကိုရမှ ဉာဏ်မျက်စိကိုရ၏။ သမာဓိကိုရဖို့ဆိုသည်မှာ ကိုယ်ကျင့်သီလကောင်းမှ ဖြစ်၏။ ကိုယ်ကျင့်သီလကို ထူထောင်မိလျှင် သတိကို ထူထောင်ရ၏။ သတိဟူသည် ရိုးရိုးသတိမဟုတ်၊ အပ္ပမာဒအဆင့်သို့ရောက် သော သတိဖြစ်၏။ အပ္ပမာဒအဆင့်သို့ရောက် သောသတိကို ထူထောင်မိပြီ ဆိုလျှင် အာရုံများကို မြင်တိုင်းသိ၊ ကြားတိုင်းသိ ဖြစ်လာ၏။ အာရုံတစ်ခုနှင့် တစ်ခုအကြား မပြတ်မလပ်ရှိအောင်၊ အမေ့အလျော့မရှိအောင် သိလာ၏။ ထိုကဲ့သို့သိလာလျှင် အာရုံတစ်ခုနှင့်တစ်ခုအကြား ကိလေသာ ကြားမခိုနိုင်တော့။ ထိုအခါသမာဓိကိုရ၏။ သမာဓိကိုရလျှင် ရုပ်နာမ်ကို မြင်နိုင်သောဉာဏ်ကို ရ၏။ ထိုဉာဏ်ဖြင့် ရုပ်နာမ်ကို မြင်လာ၏။ ထို့နောက် ရုပ်နာမ်တို့၏ ဖြစ်ပျက် ကို မြင်လာ၏။ ဖြစ်ပျက်ကို မြင်ဖန်များသောအခါ ဖြစ်ပျက်ချုပ်ငြိမ်း၏။ ထို့နောက် ဖြစ်ပျက်တတ်သော ရုပ်နာမ်၏ တပ်မက်ခြင်းကင်း၏။ ဤသဘော ကိုပင် ဉာဏ်စဉ်အကျဉ်းအရ ပါဠိတော်ဟာရအားဖြင့် ယထာဘူတဉာဏ်၊ နိဗ္ဗိဒါ ဉာဏ်၊ ဝိရာဂဉာဏ်ဟူ၍ ခေါ်၏။ ဝိရာဂဉာဏ်ဖြစ်လျှင် လောကုတ္တရာစိတ်ကို ထားနိုင်ပြီဖြစ်၏။ လောကုတ္တရာစိတ်ကို ထားနိုင်လျှင် နိဗ္ဗာန်ချမ်းသာကိုရပေပြီ။

အမှန်အားဖြင့် နိဗ္ဗာန်ချမ်းသာဟူသည်ကား သူတစ်ပါးက ပေးနိုင်သော ချမ်းသာမဟုတ်။ မိမိ၏စိတ်က ပေးနိုင်သော ချမ်းသာဖြစ်၏။ မိမိစိတ်က ပေးခြင်း ဟူသည်မှာ မှန်ကန်သောဝိပဿနာကျင့်စဉ်ဖြင့် ကျင့်ခြင်းဖြစ်၏။ ယခု သောတာပန် မယ်ယေရီသည် မှန်ကန်သောဝိပဿနာကျင့်စဉ်ဖြင့် ကျင့်သော ကြောင့် လောကုတ္တရာစိတ်ကို ထားနိုင်ပြီး ပဋိသမ္ဘိဒါလေးပါးနှင့်တကွ အရဟတ္တ ဖိုလ်ကို မျက်မှောက်ပြုပြီးလေပြီ။ ရဟန္တာ ဖြစ်သွားလေပြီ။

ရဟန္တာ ဖြစ်သွားပြီးသော ပုဂ္ဂိုလ်၌ "ငါ" ဟူ၍ အစွဲအလမ်း မရှိတော့။ "ငါ" ဟူ၍ အစွဲအလမ်း မရှိတော့လျှင် အဘယ်မည်သော ချစ်စရာငါ့သား ငါ့သမီး ဟူ၍ ရှိတော့လေမည်နည်း။ သို့ရာတွင် မြတ်စွာဘုရားသည် လောက အပေါ် အနိုင်းမဲ့မေတ္တာရှင်၊ ကရုဏာရှင် ဖြစ်သကဲ့သို့ မြတ်စွာဘုရား၏သားတော် စစ် ဖြစ်တော်မူကြသော အရိယာသူတော်စင်များသည်လည်း လောကအပေါ်

http://www.cherrythitsar.org



မေတ္တာစိတ်ဖြင့် ချစ်ကြသည်ပင် ဖြစ်ကြ၏။ ကရုဏာစိတ်ဖြင့် ကြင်နာကြသည်ပင် ဖြစ်ကြ၏။ ထို့ကြောင့် အရဟတ္တဖိုလ်ကို ရပြီးသောအခါ–

"ငါ့အတွက် လုပ်စရာဟူသမျှကို အကုန်လုပ်ပြီးပြီ။ နောက်ထပ် ငါ့အတွက် ဟူ၍ လုပ်စရာ ဘာမျှမရှိတော့"

ဟူ၍ ပိဋကတ်တော်များ၌ ဖော်ပြထားခြင်း ဖြစ်ပါ၏။ အမှန် အားဖြင့် ရဟန္တာ အရှင်မြတ်များသည် မိမိတို့ ပရိနိဗ္ဗာန် မပြုသေးသရွေ့ ကာလပတ်လုံး လှုပ်ရှားနေကြခြင်းမှာ သူတို့အတွက်မဟုတ်။ လောက အတွက်သာ ဖြစ်ပါ၏။ ထို့ကြောင့် မြတ်စွာဘုရားနှင့် ရဟန္တာများ လောကကို ချစ်ခြင်းမှာ သူတို့အတွက် မဟုတ် လောကအတွက်ဖြစ်၏။ လောကကို ကြင်နာခြင်းမှာ သူတို့အတွက် မဟုတ် လောကအတွက်ဖြစ်၏။ အလုပ်လုပ်ခြင်းမှာလည်းသူတို့အတွက် မဟုတ် လောကအတွက်ဖြစ်၏။ ထို့ကြောင့် ထိုမေတ္တာမှသာ တကယ့်မေတ္တာ ဖြစ်၏။ ထိုကရုဏာမှသာ တကယ့်ကရုဏာ ဖြစ်၏။

ဤသည်မှာ ဂါထာဒေသနာတော်၏ ဆိုလိုရင်းကို အကျဉ်းမျှ ဖော်ပြခြင်း ဖြစ်ပါ၏။ ဤဂါထာ ဒေသနာတော်သည် တရားနာ ပရိသတ်အတွက် အကျိုးရှိသော ဒေသနာတော် ဖြစ်လေ၏။

**ဓမ္မပဒ– စိတ္တဝဂ်** ပြီး၏။

http://www.cherrythitsar.org


ဓမ္မပဒ

# အပ္ပမာဒဝဂ်

မတ်ရပ် ဗုဒ္ဓဆင်းတုတော်

၁၁ – ၁၂ ရာစု၊ အာရှယဉ်ကျေးမှုပြတိုက်၊ စင်ကာပူ

http://www.cherrythitsar.org



http://www.cherrythitsar.org

# သာမာဝတီ မိဖုရား

ကောသမ္ဗီပြည်တွင် ဥဒေါနမင်းသည် မင်းပြုလျက် ရှိ၏။ ဥဒေါနမင်းတွင် မိဖုရားကြီးသုံးပါးရှိ၏။ ပထမမိဖုရားကြီးမှာ "သာမာဝတီ" ဖြစ်၏၊ ဒုတိယ မိဖုရားကြီးမှာ "မာဂဏ္ဍီ" ဖြစ်၏။ တတိယမိဖုရားကြီးမှာ "ဝါသုလ ဒတ္တာ" ဖြစ်၏။ သာမာဝတီသည် ကောသမ္ဗီပြည် ဃောသကသူဌေးကြီး၏ မွေးစားသမီး ဖြစ်၏။ မိဘအရင်းမှာ ဘဒ္ဒဝတီပြည် ဘဒ္ဒဝတီသူဌေးကြီးဖြစ်၏။ ဃောသက သူဌေးကြီးနှင့် ဘဒ္ဒဝတီသူဌေး ကြီးတို့သည် အချင်းချင်း မမြင်ဖူးကြသော်လည်း သတင်းကြားဖြင့် ရင်းနှီးသော မိတ်ဆွေများဖြစ်ကြ၏။ ဘဒ္ဒဝတီသူဌေး ကွယ်လွန် သွားသဖြင့် ဃောသကသူဌေးကြီးက သာမာဝတီကို မွေးစားခြင်းဖြစ်၏။ မာဂဏ္ဍီမှာ ဗြာဟ္မဏအမျိုးသမီးဖြစ်၏။ ဝါသုလဒတ္တာမှာမူ ဥဇ္ဇေနီပြည် စဏ္ဍပဇ္ဇောတ မင်း၏ သမီးတော်ဖြစ်၏။ မိဖုရားကြီးအသီးသီးတွင် နန်းတွင်းအခြွေ အရံ မောင်းမပေါင်း ငါးရာစီ ရှိကြ၏။ မိဖုရားကြီးသုံးပါးလုံး သာသနာ့မှတ်တမ်း တွင် သူ့နည်းနှင့်သူ ထင်ရှားကြ၏။

ထိုအချိန်တွင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ မြတ်စွာ ဘုရား သည် သီတင်းသုံးတော်မူလျက် ရှိ၏။ နေ့စဉ်နေ့တိုင်း မြတ်စွာ ဘုရားသည် ဝေနေယျတို့အား တရားဒေသနာတော်များကို ဟောပြော ဆုံးမလျက်ရှိ၏။ ဝေနေယျ သတ္တဝါတို့သည်လည်း မိမိတို့၏ ပါရမီ အလျောက် သောတာပန် ဖြစ်သူက ဖြစ်ကြ၏။ သကဒါဂါမ် ဖြစ်သူက ဖြစ်ကြ၏။ အနာဂါမ်ဖြစ်သူက ဖြစ်ကြ၏။ ရဟန္တာ ဖြစ်သူက ဖြစ်ကြ ၏။ သို့ရာတွင် ကောသမ္ဗီပြည်၌မူ ဤ လောက၌ မြတ်စွာဘုရား ပွင့်တော်မူနေသည်ကိုလည်း မသိ။ နေ့စဉ်နေ့တိုင်း တရားဒေသနာတော် များ ဟောပြောနေသည်ကိုလည်း မသိ၊ တပည့်ရဟန်းတော် များသည် လည်း ကောသမ္ဗီပြည်သို့ တရားဒေသနာတော်များကို မြတ်စွာဘုရား ကိုယ်စား ဟောပြောရန် ရောက်လာခြင်း မရှိသေးချေ။

အရာဝတ္ထုတစ်ခု၏ တန်ဖိုးကို အဆုံးအဖြတ်ပေးရန် "ကာလ" သည် လည်း စကားပြော၏။ "ဒေသ" သည်လည်း စကားပြော၏။ "ပယောဂ" သည်

http://www.cherrythitsar.org



လည်း စကားပြော၏။ "ဥပဓိ" သည်လည်း စကားပြော၏။ ဝေနေယျလောက၌ ယင်းလေးပါးတို့၏ ပြည့်စုံခြင်းကို အမြင်၏ကြည်လင်ခြင်းနှင့် ဣန္ဒြေတို့၏ ရင့်ကျက်ခြင်းဟူ၍ ဆိုရ၏။

မြတ်စွာဘုရားသည် သဗ္ဗညုတဉာဏ်တော်ကိုရတော်မူ၍ ဘုရားအဖြစ်သို့ ရောက်ရန် အားထုတ်တော်မူရာ၌လည်း ကာလ၊ ဒေသ၊ ပယောဂ၊ ဥပဓိတို့၏ ပြည့်စုံမှုကို ကိုယ်တော်တိုင် ကြည့်တော်မူဖူး၏။ အမှန်အားဖြင့် ထိုလေးပါးတို့၏ ပြည့်စုံမှုကို ရရှိသောအခါမှသာ ထိုက်တန်သော၊ တန်ဖိုးရှိသော အရာဝတ္ထုကို ရ၏။ ထိုစဉ်က မြတ်စွာဘုရား ကြည့်တော်မူသော ကာလဟူသည် ဘုရားအဖြစ်သို့ ရောက်တော်မူမည့် မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လပြည့်နေ့ ဖြစ်၏။ ဒေသဟူသည် ဗောဓိမဏ္ဍိုင် ဖြစ်၏။ ပယောဂဟူသည် မဟာဝီရိယဝိပဿနာ ရှုခြင်း ဖြစ်၏။ ဥပဓိဟူသည် သုမေဓာရှင်ရသေ့ဘဝမှစခဲ့သော ကောင်းမှုအထူး ဖြစ်၏။ ကောင်းမှုအထူးဟူသည် သက်မဲ့လောက၌ ပွင့်ချိန်တန်မှပွင့်၍ သီးချိန်တန်မှ သီးသော သဘောမျိုးဖြစ်၏။ မိမိ၏အလိုအတိုင်း ပွင့်အောင်၊ သီးအောင် ဆောင်ရွက်လိုပါကလည်း အလိုရှိရုံနှင့်မပြီးသေးဘဲ အကြောင်းတရားတို့ ညီညွတ် ပြည့်စုံစေရန် ကာလ၊ ဒေသ၊ ပယောဂ၊ ဥပဓိတို့၏ အချိုးအစား နိယာမကို သိမှသာလျှင် ဆောင်ရွက်၍ရပေလိမ့်မည်။ သက်ရှိလောက၌ကား ဤနိယာမ သည် ပို၍အရေးကြီး၏။

မြတ်စွာဘုရားသည် ဤနိယာမကို ကောင်းစွာသိတော်မူ၏။ မိမိ ပရိနိဗ္ဗာန်ပြုတော်မူခါနီး ကာလ၌ ပါဝါပြည်မှ ကုသိနာရုံသို့ ကြွတော်မူလာခြင်း သည် မြတ်စွာဘုရား၏ ပစ္ဆိမသာဝကအနေဖြင့် "သုဘဒ္ဒပရိဗိုဇ်"ကို အရဟတ္တ ဖိုလ်သို့ ရောက်စေရန် ကာလ၊ ဒေသ၊ ပယောဂ၊ ဥပဓိတို့၏ ပြည့်စုံမှုကို သုဘဒ္ဒ ပရိဗိုဇ်၌ တွေ့မြင်ရသောကြောင့် ဖြစ်၏။ ကာလအနေဖြင့် မိမိပရိနိဗ္ဗာန်ပြုတော် မူမည့် မဟာသက္ကရာဇ် ၁၄၈ ခုနှစ်၊ ကဆုန်လပြည့်နေ့ ညဉ့်၏မဇ္ဈိမယာမ် ရောက်မှသာ သုဘဒ္ဒပရိဗိုဇ်သည် ရဟန္တာအဖြစ်သို့ ရောက်နိုင်၏။ ထို့ပြင် ဒေသအနေဖြင့် ကုသိနာရုံဒေသ လည်း ဖြစ်ဖို့လို၏။ သုဘဒ္ဒပရိဗိုဇ်သည် ပယောဂ အနေဖြင့် ဝိပဿနာ ရှုခြင်းနှင့် ဥပဓိအနေဖြင့် အညာသိကောဏ္ဍည အလောင်း အလျာဖြစ်သော အစ်ကိုကြီးနှင့်အတူ ပြုလုပ်ခဲ့သော ကောင်းမှုအထူးသည်လည်း ထိုအခါရောက်မှသာ ပြည့်စုံပေလိမ့်မည်။ ထို့ကြောင့် မြတ်စွာဘုရားသည် ဝမ်းသွေးလွန်ရောဂါကို ခံစားရင်း ပါဝါပြည်မှ ကုသိနာရုံသို့ ကြွတော် မူလာခြင်း ဖြစ်၏။

ဤအင်္ဂါလေးပါး မပြည့်စုံမှုကြောင့် သာသနာတော်မှ ဆုံးရှုံးသွားကြ

သော အာဠာရနှင့် ဥဒကတို့ကိုလည်း မြတ်စွာဘုရားသည် ကြုံဖူး၏။ အဇာတသတ်ကိုလည်း ကြုံဖူး၏။ ကာလ၊ ဒေသ၊ ပယောဂ၊ ဥပဓိ တို့သာ ပြည့်စုံနေမည်ဆိုပါက၊ တစ်နည်းအားဖြင့် ဆိုရလျှင် အမြင်ကြည်လင်မှုနှင့် ဣန္ဒြေရင့်ကျက်မှုတို့ကြောင့် ကျွတ်ထိုက်သောအဆင့်သို့ ရောက်နေသော ဝေနေယျသာ ဖြစ်မည်ဆိုပါက မြတ်စွာဘုရားသည် မည်သို့သော ရောဂါဝေဒနာကို ခံစားနေရ နေရ၊ မည်မျှလောက် ဝေးဝေး၊ ထိုဝေနေယျရှိရာသို့ အရောက်သွား၏။

မြတ်စွာဘုရားအနေဖြင့် ကိုယ်ကျိုးသည် ဗောဓိပင်အောက်၌ ဘုရားအဖြစ်သို့ ရောက်ကတည်းက ပြီး၏။ ၄၅ ဝါတို့ကာလပတ်လုံး မနားမနေ ဆောင်ရွက်ခြင်းသည် သူတစ်ပါးအကျိုး ဖြစ်၏။ မြတ်စွာ ဘုရားသည် ဝေနေယျသတ္တဝါများအားလုံးအပေါ်၌ ချစ်၏။ ထို့ကြောင့် မြတ်စွာဘုရားသည် မိမိ၏အကျိုးအတွက် မဟုတ်ဘဲ ဝေနေယျသတ္တဝါတို့၏ အကျိုးအတွက် ဆောင်ရွက်နိုင်ခြင်း ဖြစ်၏။ ထိုသို့ ဆောင်ရွက်ရာ၌လည်း "အတ္တမဲ့ပုဂ္ဂိုလ်" အနေဖြင့် အပေါ်စီးယူ၍ ဆောင်ရွက်ခြင်းမျိုး မဟုတ်ဘဲ မိတ်ဆွေကောင်း "ကလျာဏမိတ္တ" အနေဖြင့်သာ လမ်းညွှန်တိုက်တွန်းခြင်းမျိုး ဖြစ်၏။ အားပေးကူညီခြင်းမျိုး ဖြစ်၏။

ထို့ကြောင့် မြတ်စွာဘုရားသည် လူ့လောကအတွက် လူ့ဝေါဟာရဖြင့် ဆိုရလျှင် "လူ" ကို လူလို မြင်တတ်သောပုဂ္ဂိုလ်များအတွက် အမြင့်မြတ်ဆုံး ပုဂ္ဂိုလ် ဖြစ်၏။ အခြားသော "ဘုံ"သားများကလည်း မြတ်စွာဘုရားကို ဤနည်း အတူ မြင်ပေလိမ့်မည်။ အားလုံးအပေါ် ဤမျှလောက် မွန်မြတ်သော "ကရုဏာရှင်" မျိုးကို မည်သည့်နေရာ၊ မည်သည့်ဘုံဌာနမျိုး၌ တွေ့နိုင်လိမ့်မည်ဟု သင်ထင်ပါသနည်း။

မြတ်စွာဘုရားသည် ဝေနေယျသတ္တဝါများအပေါ် အပိုင်းအခြားမဲ့ ကရုဏာထားနိုင်သော "အတ္တမဲ့" ကရုဏာရှင် ဖြစ်တော်မူ၏။ သို့ရာတွင် မြတ်စွာ ဘုရားသည် ကောသမ္ဗီပြည်သို့ ကိုယ်တော်တိုင် မကြွရောက်ခြင်းနှင့် တပည့်သား သံဃာတော်များအား မစေလွှတ်ခြင်းသည် ကောသမ္ဗီ ပြည်သူပြည်သားများ၌ ကာလ၊ ဒေသ၊ ပယောဂ၊ ဥပဓိတို့၏ အချိန်အခါ ပြည့်စုံမှုကို မြတ်စွာဘုရား မတွေ့မမြင်သေးကြောင့် ဖြစ်၏။

"သစ္စာ" ကို မြတ်နိုးတတ်သော သူများသည် ဖော်ပြပါအင်္ဂါ ၄ ရပ် တို့၏ အချိန်အခါ ပြည့်စုံမှုကပေးသော "အလှည့်" ကို စောင့်ကြရ၏။ အယုတ်ဆုံးအားဖြင့် ခရီးသွားလက်မှတ် ဝယ်ရာ၌ပင် "အလှည့်" ကို စောင့်ရ၏။ "အလှည့်" ရောက်ပါလျက် မယူမိပါကလည်း "သစ္စာ" ကို လွန်ရာရောက်၏။ "အလှည့်" မရောက်သေးဘဲ ယူပြန်ပါကလည်း "သစ္စာ" မှ ဆုတ်ရာရောက်၏။

http://www.cherrythitsar.org



ပါဒအနေဖြင့်ဆိုရလျှင် "သစ္စာ" ကို လွန်သည့်သဘောသည် သဿတဒိဋ္ဌိ သက်ဝင်၏။ "သစ္စာ" မှ ဆုတ်သည့်သဘောသည် ဥစ္ဆေဒဒိဋ္ဌိ သက်ဝင်၏။ "အလှည့်"ရောက်ပြီး ရောက်လာသည့်အလှည့်ကို ရောက်ချိန်၌ မှန်မှန်ကန်ကန် ယူတတ်မှသာ "သစ္စာ"နှင့်ညီပြီး သမ္မာဒိဋ္ဌိ သက်ဝင်မည် ဖြစ်၏။ "အလှည့်" ကို စောင့်ရာ၌လည်း သည်းခံနိုင်ခြင်း "ခန္တီ" သည် များစွာစကားပြော၏။ ကျမ်းဂန်များ၌ "ခန္တီ" ထက် လွန်သောတရားမရှိဟု ဆိုပါ၏။

ကောသမ္ဗီ ပြည်သူပြည်သားများသည် သစ္စာကို မြတ်နိုးတတ်သူများ ဖြစ်ကြပါက လောက၌ ဒုလ္လဘ၊ အတိဒုလ္လဘ ဖြစ်တော်မူသော မြတ်စွာဘုရားကို ဖူးမြင်ခွင့်ရခြင်းနှင့် မြတ်စွာဘုရား၏ တရားဒေသနာ တော်ကို ကြားနာခွင့်ရခြင်း တို့အတွက် ရောက်လာမည့်အလှည့်ကို စောင့်ရပေဦးမည်။ အလှည့်သည်လည်း ရောက်လာမည်အမှန်ဖြစ်၏။ ဝေနေယျတို့၏ ကုသိုလ်ရင့်ချိန်ရောက်ပါက မြတ်စွာဘုရားသည် ကောသမ္ဗီပြည်သို့ ကြွလာတော်မူပြီး ဝေနေယျတို့၏ စရိုက်အလိုက် ဒေသနာတော်များကို ဟောကြားတော်မူမည် ဖြစ်၏။

ကောသမ္ဗီပြည်တွင် သူဌေးကြီးသုံးဦးရှိ၏။ တစ်ဦးမှာ ဃောသကဖြစ်၏။ အခြားတစ်ဦးမှာ ကုက္ကုဋ ဖြစ်၏။ နောက်တစ်ဦးမှာ ပါဝါရိက ဖြစ်၏။ ထို သူဌေးကြီးသုံးဦးတို့သည် မြတ်စွာဘုရား ပွင့်တော်မမူမီကာလကပင် ဟိမဝန္တာ၌ ရှစ်လ သီတင်းသုံး၍ မိုးလေးလရောက်တိုင်း ကောသမ္ဗီပြည်တွင် လာရောက် သီတင်းသုံးကြသော ရသေ့ငါးရာတို့ကို အလှည့်ကျ ပစ္စည်းလေးပါးတို့ဖြင့် လှူဒါန်းကြ၏။

မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် ရသေ့ငါးရာတို့သည် ကောသမ္ဗီပြည်၌ မိုးလေးလတို့အတွက် သီတင်းသုံးရန် ဟိမဝန္တာမှ ကြွလာတော်မူကြရာ တောအုပ်အတွင်းရှိ ပညောင်ပင် စောင့်နတ်မင်းထံမှ လောကတွင် ဘုရားပွင့်ပြီ ဖြစ်ကြောင်း၊ ယခု သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ မြတ်စွာဘုရားသည် တပည့်ရဟန်း သံဃာတော်များ နှင့်အတူ သီတင်းသုံးလျက် ရှိကြောင်း ကြားသိရသဖြင့် များစွာ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြပြီး ထိုအရပ်မှပင် မြတ်စွာဘုရား သီတင်းသုံးတော်မူရာ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်ရှိရာသို့ ရည်မှန်းပြီး လက်အုပ်ချီမိုး ရှိခိုးကြကုန်၏။

ပညောင်ပင်စောင့် နတ်မင်းသည် လွန်ခဲ့သောဘဝက ဇေတဝနကျောင်း ဒါယကာ အနာထပိဏ်သူဌေးကြီး၏ သူရင်းငှားလုပ်သား ဖြစ်၏။ လုပ်သားဘဝ က လုပ်ငန်းခွင်တွင် တာဝန်ထမ်းဆောင်နေရာမှ အလုပ်ချိန် ပြီးစီးသောအခါ အိမ်သို့ ပြန်လာ၏။ ဥပုသ်နေ့ဖြစ်သဖြင့် အားလုံး ဥပုသ်စောင့်ကြ၏။ ထို့ကြောင့်

http://www.cherrythitsar.org



ကလေးသူငယ်မှစ၍ မည်သူမျှ ညစာကို မစားကြ။ ထိုအခါမှ ဥပုသ်နေ့မှန်း သူရင်းငှားက သိ၏။ ထို့ကြောင့် သူလည်း ဥပုသ်စောင့်လေ၏။ ဥပုသ်စောင့်လိုက်သဖြင့် နံနက်စာလည်း မစားခဲ့ရ၊ ညစာလည်း မစားဖြစ်တော့။ ဥပုသ်မှုကား နေ့တစ်ဝက်သာ ရ၏။ တစ်နေ့လုံး အစာမစားရ၍ ညဉ့်၌ လေငူ၏။ အနာထပိဏ် သူဌေးကြီးက "စတုမဓု" စားရန် တိုက်တွန်းသော်လည်း သူရင်းငှားလုပ်သားက ဥပုသ်မပျက်ကြယ်မည် စိုးရိမ်၍မစားဘဲ ဖွတ်တင်းခံသဖြင့် ထိုရောဂါကြောင့် ကွယ်လွန်၏။ စင်ကြယ်သောနေ့ဝက် ဥပုသ်"ကံ" ကြောင့် ဤပညောင်ပင်၌ နတ်သားလာဖြစ်၏။ ပညောင်ပင်စောင့် နတ်မင်းသည် ရသေ့များ၏ မေးမြန်းချက်အရ သူ၏အတိတ်ဘဝကို ပြန်လည်ပြောပြရင်း ရဟန္တာသုံးပါး၌ အလွန်ကြည်ညိုသော အနာထပိဏ်သူဌေးကြီးကို အမှီပြု၍ စောင့်ထိန်းလိုက်ရသော နေ့ဝက်ဥပုသ်ကံ၏အကျိုးကို ပြောပြရာမှ ဤလောက၌ ဘုရားပွင့်တော်မူပြီဖြစ်ကြောင်း ရသေ့ငါးရာတို့ သိကြခြင်း ဖြစ်၏။

ရသေ့ငါးရာတို့သည် ပညောင်ပင်စောင် ရုက္ခစိုးနတ်မင်းထံမှ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ မြတ်စွာဘုရား သီတင်းသုံးလျက် ရှိတော်မူကြောင်း ကြားသိရပြီးနောက် ကောသမ္ဗီသူဌေးကြီးသုံးဦးတို့ထံသို့ ဆက်လက် ကြွတော်မူကြ၏။ ကောသမ္ဗီသူဌေးကြီး သုံးဦးတို့ထံ၌ ဆွမ်းအလှူကို ခံယူ၍ ဆွမ်းစားကြပြီးနောက် ဤသို့မိန့်တော်မူကြလေ၏။

'သူဌေးကြီးတို့၊ လောက၌ ဘုရားပွင့်တော်မူလေပြီ၊ တရားတော်လည်း ထင်ရှားရှိလေပြီ၊ သံဃာတော်များလည်း ထင်ရှားဖြစ်ပေါ်လေပြီ၊ ထို့ကြောင့် မြတ်စွာဘုရားထံသို့ ငါတို့ သွားကြတော့မည်'

ထိုအခါ သူဌေးကြီးသုံးဦးတို့က လည်း ရသေ့များနှင့်အတူ သူတို့လည်း လိုက်မည်ဖြစ်ကြောင်း၊ အတူတကွ သွားကြရန် ခရီးကိုစီစဉ်မည် ဖြစ်ကြောင်း လျှောက်ထားလျှင် ရသေ့များက လည်း ခရီးကိုစီစဉ်နေလျှင် ကြန့်ကြာနေမည် ဖြစ်ကြောင်း၊ ထို့ကြောင့် ငါတို့ သွားနှင့် ကြမည်ဖြစ်ကြောင်း၊ ဒါယကာကြီးတို့က နောက်က လိုက်ခဲ့စေလိုကြောင်း မိန့်ကြားပြီးလျှင် မြတ်စွာဘုရား သီတင်းသုံးတော်မူရာ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ ကြွတော်မူကြလေ၏။

သူဌေးကြီးသုံးဦးတို့သည်လည်း လှည်းငါးရာစီဖြင့် ဆွမ်း၊ သင်္ကန်း၊ ထောပတ်၊ ပျား၊ တင်လဲစသော လှူဖွယ်ပစ္စည်းများကိုတင်ဆောင်ကာ ရသေ့များနောက်မှ လိုက်ကြ၏။

ရသေ့ငါးရာတို့သည် မြတ်စွာဘုရားထံတော်မှောက်သို့ ရောက်ကြပြီး မြတ်စွာဘုရားထံတော်မှ တရားဒေသနာများကို နာကြားရလျှင် ပါရမီပြည့်ပြီး

http://www.cherrythitsar.org



သူများ ဖြစ်ကြသည့်အားလျော်စွာ ပဋိသမ္ဘိဒါလေးပါးနှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်ကြ၏။ ဧဟိဘိက္ခုရဟန်း အဖြစ်ကိုလည်း ရကြ၏။ သူဌေးကြီး သုံးဦးတို့သည်လည်း မြတ်စွာဘုရားထံတော်မှောက်သို့ ရောက်ကြပြီး မြတ်စွာဘုရားထံတော်မှ တရားဒေသနာတော်ကို ကြားနာရလျှင် အသီးသီး သောတာပတ္တိဖိုလ်သို့ ရောက်ကြ၏။

သူဌေးကြီးသုံးဦးတို့သည် မြတ်စွာဘုရားအား ကောသမ္ဗီပြည်သို့ ကြွရောက်တော်မူပါရန် လျှောက်ထားပြီးနောက် ကောသမ္ဗီပြည်သို့ ပြန်လာကာ ကျောင်းတိုက်ကြီးသုံးတိုက် ဆောက်လုပ်ကြ၏။ ဃောသကသူဌေး ဆောက်လုပ်သောကျောင်းတိုက်မှာ "ဃောသိတာရုံ" ကျောင်းတိုက် ဖြစ်၏။ ကုက္ကုဋသူဌေး ဆောက်လုပ်သော ကျောင်းတိုက်မှာ "ကုက္ကုဋာရုံ" ကျောင်းတိုက်ဖြစ်၏။ ပါဝါရိကသူဌေး ဆောက်လုပ်သော ကျောင်းတိုက်ကြီးမှာ "ပါဝါရိကာရုံ" ကျောင်းတိုက် ဖြစ်၏။

သူဌေးကြီးသုံးဦးတို့သည် ကျောင်းတိုက်အသီးသီးကို ဆောက်လုပ်ပြီးနောက် မြတ်စွာဘုရားအား သာဝတ္ထိပြည်မှ ကောသမ္ဗီပြည်သို့ ပင့်၍ လှူဒါန်းလေ၏။ မြတ်စွာဘုရားသည် ကျောင်းတိုက်ကြီးသုံးတိုက်တို့ကို အလှူခံပြီးနောက် တစ်ရက်လျှင် တစ်ကျောင်းတိုက်စီ၌ သီတင်းသုံးတော်မူ၏။ ထိုနေ့အတွက်ကို ကျောင်းဒါယကာအိမ်၌ ဆွမ်းခံကြွတော်မူ၏။

သုမနပန်းသည်သည် နေ့စဉ် သူဌေးကြီးသုံးဦးတို့အား ပန်းများ ပေးသွင်းသူ ဖြစ်၏။ ထို့ကြောင့် သူဌေးကြီးသုံးဦးတို့၏ ခွင့်ပြုချက်ကိုရယူ၍ ဘုရားအမှူးရှိသော သံဃာတော်များအား တစ်နေ့တာအတွက် ဆွမ်းကပ်ခွင့် ရယူ၏။ သုမနပန်းသည်သည် ဆွမ်းကပ်ရန် ပြင်ဆင်နေစဉ် သာမာဝတီမိဖုရားကြီး၏ ပန်းအဝယ်တော် ခုဇ္ဇုတ္တရာသည် သုမနပန်းသည်ထံ ရောက်လာ၏။ ဆွမ်းကပ်ရန် အလုပ်များနေသဖြင့် သုမနပန်းသည်က ခုဇ္ဇုတ္တရာအား ဆိုင်းငံ့ထား၏။ ခုဇ္ဇုတ္တရာလည်း ဆိုင်းငံ့ရင်း ဆွမ်းကပ်ရာ၌ ဝေယျာဝစ္စများကို ကူညီဆောင်ရွက်ပေး၏။ ဆွမ်းကပ်ပြီးနောက် မြတ်စွာဘုရားထံမှ တရားဒေသနာတော်များကို နာကြားရာ ခုဇ္ဇုတ္တရာသည် သောတာပန် ဖြစ်သွား၏။

ဥဒေနမင်းကြီးက သာမာဝတီမိဖုရား ပန်းပန်ရန် နေ့စဉ် ရှစ်သပြာ ပေး၏။ ရှစ်သပြာထဲမှ လေးသပြာဖိုးကိုပန်းဝယ်ပြီး ကျန်လေးသပြာကို ခုဇ္ဇုတ္တရာက ယူ၏။ ဤသို့နေ့စဉ် ခုဇ္ဇုတ္တရာ လုပ်ငေ ရာမှ သုမနပန်းသည်အိမ်၌ မြတ်စွာဘုရား တရားတော်ကို ကြားနာရသဖြင့် သောတာပန် ဖြစ်သွားသောကြောင့် ပန်းဖိုး ရှစ်သပြာလုံးဝယ်ပြီး သာမာဝတီမိဖုရားအား ဆက်သ၏။

http://www.cherrythitsar.org



ပန်းများသည် ဈေးကာလက် နှစ်ဆများနေသောကြောင့် သာမာဝတီမိဖုရား က မေးမြန်းလေရာ ခုဇ္ဇုတ္တရာကလည်း ဈေးက လေးအသပြာဖိုးသာ ဝယ်ပြီး လေးအသပြာကို ယူထားကြောင်း၊ ယနေ့မှ သောတာပန် ဖြစ်သွားပြီဖြစ်သဖြင့် "အဝိန္နာဒါနကံ" ထိုက်သောအမှုကို မလုပ်တော့ဘဲ ရှစ်သပြာလုံး ဝယ်လိုက်သော ကြောင့် ပန်းများနှစ်ဆများသွားရခြင်း ဖြစ်ကြောင်း ပြန်လည်ရှင်းပြ၏။

သာမာဝတီမိဖုရားကလည်း အနည်းငယ်မျှ စိတ်ဆိုးခြင်းမရှိဘဲ ခုဇ္ဇုတ္တရာ နာကြားခဲ့ရသော တရားဒေသနာတော်များကို ပြန်လည်ဟောကြားပေးပါရန် တောင်းပန်ရာ ခုဇ္ဇုတ္တရာက နံ့သာရည်များဖြင့် မိမိကိုယ်ကို သန့်စင်အောင်လုပ်ပြီး မြင့်သောနေရာထက်မှနေ၍ သာမာဝတီမိဖုရား အမှူးရှိသော မောင်းမငါးရာ တို့အား သူနာကြားခဲ့ရသည့်အတိုင်း ပြန်လည်ဟောပြ၏၊ သာမာဝတီမိဖုရား အမှူးရှိသော မောင်းမငါးရာတို့သည် အားလုံး သောတာပန်ဖြစ်သွားကြ၏။ ထိုအချိန်မှစ၍ သာမာဝတီ အမှူးရှိသော မောင်းမများက ခုဇ္ဇုတ္တရာအား မိခင် အရာ၌လည်းကောင်း၊ ဆရာအရာ၌ လည်းကောင်း ထား၏။ ခုဇ္ဇုတ္တရာကလည်း နေ့စဉ် မြတ်စွာဘုရားထံမှ တရားဒေသနာတော်များကို နာကြား၍ သာမာဝတီ အမှူးရှိသော မောင်းမတို့အား ပြန်လည်ဟောကြား၏။

ခုဇ္ဇုတ္တရာက သာမာဝတီ မိဖုရားနှင့် မောင်းမ ငါးရာတို့အား ဟောကြား သော ဒေသနာမှာ "ဣတိဝုတ္တကပါဠိတော်" အနေဖြင့် ထင်ရှား၏။ သုတ်ပေါင်း ၁၁၂ သုတ်ရှိ၏၊ သင်္ဂါယနာ အဆက်ဆက် တင်ခဲ့ကြ၏။

ပုထုဇဉ်တို့၏ အသိမှန်သမျှသည် အားလုံးအမှားသိ၊ သို့မဟုတ် မပြည့်စုံ သောအသိများသာ ဖြစ်ကြ၏။ ယင်းအသိမျိုးကို ပါဠိဝေါဟာရ အားဖြင့် "ဝိပလ္လာသ" သိဟု ဆိုရ၏။ "ဝိပလ္လာသ" ၏အနက်မှာ "ပြောင်းပြန်" ဖြစ်၏။ ထို့ကြောင့် ပုထုဇဉ်တို့သည် လောကကိုပြောင်းပြန် မြင်ကြ၏။ အနိစ္စကို နိစ္စဟု မြင်ကြ၏။ ဒုက္ခကိုသုခဟု မြင်ကြ၏။ အနတ္တကိုအတ္တဟု မြင်ကြ၏၊ အသုဘကို သုဘဟု မြင်ကြ၏။ အကျဉ်းအားဖြင့် ဆိုရလျှင် အမှားကို အမှန်ဟု မြင်ခြင်းပင် ဖြစ်၏။ ထိုသို့ ပြောင်းပြန် မြင်နေကြသော်လည်း မိမိတို့အမြင်ကို အမှန်ဟု ထင်ကြ၏။ ထိုအခါ သူတို့၏အမြင်ကို ပြင်စရာမလိုတော့။ အမှန်ဟု ယူနေသမျှ ကာလပတ်လုံး ထိုအမှန်ကို မည်သို့ နောက်ထပ်ပြင်ရန် လိုချိမ့်မည်နည်း။ ထို့ကြောင့် ထိုပုဂ္ဂိုလ်များသည် တကယ့်အမှန် အရိယသစ္စာကို မြင်ဖို့လမ်းမရှိတော့။ သံသရာ ရေအလျဉ်ကြောင့် စုန်ချည်တစ်ခါ ဆန်ချည်တစ်လှည့်ဖြင့် အဆော မသတ်ဘဲ မျောချင်တိုင်း မျောပေဦးတော့မည်။

မိမိတို့၏အသိသည် ဝိပလ္လာသကိုမပယ်နိုင်သေးသဖြင့် အမှန်ဟု ထင်နေ

http://www.cherrythitsar.org



သော်လည်း တကယ်တမ်းအားဖြင့် အမှားသာဖြစ်သည်။ သို့မဟုတ် မပြည့်မစုံဖြစ်သည်ဟု မြင်မှသာ ထိုအသိကို အမှန်သို့ရောက်အောင်၊ သို့မဟုတ် ပြည့်စုံသော အသိသို့ ရောက်အောင် ပြင်၍ရသည်။ ရူးဝင်နေသော "အပ်" ကို ရူးဝင်သော "အပ်" ဖြင့်ပင် ကော်ထုတ်ရ၏။ ပေနေသော ရွှံ့ညွန်ကို ရွှံ့ညွန်ရေဖြင့်ပင် ဆေးကြောရ၏။ ထို့ကြောင့် မှားနေမှန်းသိပါက ပုထုဇဉ်တို့၏ မှားသောအသိဖြင့်ပင် မှန်အောင် ပြင်၍ရ၏။ အဘယ်ကြောင့်ဆိုသော် "အမှား" ကို "အမှား" ဟု သိခြင်းသည် "ဝိပလ္လာသ" သဘောမှ "ယထာဘူတ" သဘောသို့ ဦးလှည့်သွားသောကြောင့် ဖြစ်၏။ ထိုသို့ ဦးလှည့်သွားခြင်းသည် ဘဝ၏မြင့်မားသော အတွေ့တစ်ခုကို ဖြစ်ပေါ်အောင် ဆောင်ရွက်ခြင်းပင် ဖြစ်၏။ ထို့ကြောင့် အသိတစ်ခုသည် ကိုယ်ကျင့်သိက္ခာနှင့်ပတ်သက်၍ ဘဝ၏ မြင့်မားသော အတွေ့တစ်ခုကို ဖြစ်ပေါ်အောင် ဆောင်ရွက်ပေးနိုင်မှသာ တကယ့်အမှန် အရိယသစ္စာကို မြင်ဖို့ လမ်းပေါ်သို့ တင်ပေးရာ ရောက်၏။ ထိုအခါမှသာ သံသရာရေအလျဉ်ကြောမှ ကြည်းကုန်းထက်သို့ တက်နိုင်ပေလိမ့်မည်။ ကြည်းကုန်း သို့မဟုတ် ဘဝ၏ပန်းတိုင်ကား ဒုစရိုက် ဟူသမျှတို့၏ ကင်းရာ နိဗ္ဗာန်ဖြစ်၏။

ခုဇ္ဇုတ္တရာသည် လေးသပြာရနေခြင်း၌ သာယာဖွယ်ကို တွေ့မြင်နေရာမှ ယခု လေးသပြာရနေခြင်း၌ စက်ဆုပ်ဖွယ်ကို တွေ့လာ၏။ အမှား၌ သာယာနေရာမှ ယခုအမှား၌ စက်ဆုပ်ဖွယ်ကို တွေ့လာ၏။ ဤသည်မှာ ခုဇ္ဇုတ္တရာ၏ ဘဝအတွေ့ဖြစ်၏။ ထို့ကြောင့် ခုဇ္ဇုတ္တရာသည် ယခင်က နေ့စဉ် လေးသပြာကို ခိုးယူခဲ့ကြောင်း၊ ယခုမူ မခိုးယူတော့ကြောင်း ပွင့်လင်းစွာ အမှန်အတိုင်းပြောခြင်း ဖြစ်၏။ ထိုသို့ ပွင့်လင်းစွာ အမှန်အတိုင်း ပြောခြင်းသည် ယခုခေတ်အမြင်နှင့် ဆိုလျှင် ရှက်စရာဖြစ်၏။ မြတ်စွာဘုရားခေတ် အမြင်နှင့် ဆိုရလျှင် ရှက်စရာ မဟုတ်။ မြတ်စွာဘုရား၏ တပည့်ရဟန်းတော်များအနေဖြင့် မည်သည့်ပြစ်မှုကို ကျူးလွန်သည်ဖြစ်စေ မြတ်စွာဘုရားက သော်လည်းကောင်း၊ အခြားသူများက သော်လည်းကောင်း မေးလိုက်လျှင် အမှန်အတိုင်း ပြောသည်သာ ဖြစ်၏။

မြတ်စွာဘုရား လက်ထက်တော်အခါက သစ္စာ၌ မြတ်နိုးသူများ၏။ မာယာနှင့် သာဌေယျတို့၌ စက်ဆုပ်သူများ၏။ ထို့ကြောင့်လည်း တရားဒေသနာတော်များကို ကြားနာရသောအခါ အရိယာအဖြစ်သို့ ရောက်သူများခြင်းဖြစ်၏။ ဤသဘောကို သာမာဝတီမိဖုရား သိ၏။ ခုဇ္ဇုတ္တရာ၏ ဘဝအတွေ့အပြောင်းကိုလည်း သာမာဝတီမိဖုရား သိ၏။ ထို့ကြောင့် သာမာဝတီမိဖုရားသည် ခုဇ္ဇုတ္တရာအား တစ်စုံတစ်ရာ အပြစ်ဆိုခြင်းမပြုဘဲ မိခင်အရာ၌လည်းကောင်း၊ ဆရာအရာ၌လည်းကောင်း ထားခြင်းဖြစ်၏။ ဤသည်မှာ သစ္စာကို မြတ်နိုးခြင်း၏

http://www.cherrythitsar.org



လက်ဝင်းအကျိုး ဖြစ်၏။ ဤအကျိုးသည် ခုဇ္ဇုတ္တရာသို့လည်း ရောက်၏။ သာမာဝတီမိဖုရားသို့လည်း ရောက်၏။

သာမာဝတီမိဖုရား အမှူးပြုသော မောင်းမများသည် မြတ်စွာဘုရား ထံတော်မှောက်သို့ ကိုယ်တိုင် သွားရောက်၍ဖူးမြင်လိုကြပါသော်လည်း အခွင့် မရ၍ မသွားရောက်နိုင်၊ ထို့ကြောင့် မြတ်စွာဘုရားသည် နောက်ပါသံဃာ တော်များနှင့် ကောသမ္ဗီပြည်တွင်းသို့ ဆွမ်းခံဝင်သော အခါ 'ဤကား သာရိပုတ္တရာ၊ ဤကား မောဂ္ဂလ္လာန်၊ ဤကား အာနန္ဒာ' စသည်ဖြင့် သာမာဝတီမိဖုရား အမှူး ရှိသော မောင်းမတို့အား ခုဇ္ဇုတ္တရာက ပြောပြ၏။ သာမာဝတီတို့အုပ်စုကလည်း နံရံအပေါက်များမှ ရှိခိုးကြ၏။

ခုဇ္ဇုတ္တရာနှင့် သာမာဝတီတို့ကား ပဒုမုတ္တရာမြတ်စွာဘုရားထံမှ ဗျာဒိတ် တော် ရပြီးသော ပါရမီရှင်များ ဖြစ်ကြ၏၊ ခုဇ္ဇုတ္တရာက ဂေါတမမြတ်စွာဘုရား လက်ထက်တော်တွင် ဗဟုသုတအရာ၌ ဧတဒဂ် ရမည်ဖြစ်၏။ သာမာဝတီမိဖုရား က မေတ္တာအရာ၌ ဧတဒဂ်ရမည်ဖြစ်၏။ ဗျာဒိတ်တော်အတိုင်းပင် အမျိုးသမီး နှစ်ဦးလုံး ဆိုင်ရာဧတဒဂ် ဘွဲ့ထူးများကို ရကြပါ၏။ ဆိုင်ရာ အကြောင်းတရား များ၏ အချိုးအဆ ပြည့်စုံလေသောအခါ ဆိုင်ရာအကျိုးတရားတို့သည် မလွဲ မသွေဖြစ်ပေါ် ကြရ၏။ ဆိုင်ရာအကြောင်းတရားများ၏ အချိုးအဆ ပြည့်စုံမှု ချုပ်ငြိမ်း လေသောအခါ အကျိုးတရားများသည်လည်း ချုပ်ငြိမ်းရပြန်၏။ ဤသည်ကို အနတ္တဟု ခေါ်ရ၏။

ဥဒေနမင်းကြီး၏ မိဖုရားမာဂဏ္ဍီသည် အလွန်ချောမောလှပသော ဗြာဟ္မဏအမျိုးသမီး ဖြစ်၏။ မာဂဏ္ဍီ၏မိဘနှစ်ပါးက သူတို့၏သမီး မာဂဏ္ဍီ သည် အလွန်ချောမောလှပသောကြောင့် မြတ်စွာဘုရားမှတစ်ပါး အခြားသူများနှင့် မထိုက်တန်ဟုယူဆပြီး ဇနီးအဖြစ် သိမ်းပိုက်ပါရန် မြတ်စွာဘုရားအား လျှောက် ထားရာ မြတ်စွာဘုရားက မာဂဏ္ဍီထက် ပို၍ချောမောလှပသော မာရ်နတ်၏ သမီးများကိုပင် မသိမ်းပိုက်ခဲ့ကြောင်း၊ ကျင်ကြီးကျင်ငယ်တို့ဖြင့် ပြည့်နေသော မာဂဏ္ဍီကို မည်သည့်နည်းနှင့်မျှ မသိမ်းပိုက်နိုင်ကြောင်း ပြောကြားရာမှ မာဂဏ္ဍီ သည် အရှက်ကြီးရှက်ပြီး ပြင်းစွာအမျက်ထွက်ကာ မြတ်စွာဘုရားအပေါ်၌ကြီးစွာ သော ရန်ငြိုးကို ဖွဲ့လေ၏။ လက်စားချေရန် အခါအခွင့်ကို စောင့်လျက် ရှိ၏။

မာဂဏ္ဍီ၏မိဘနှစ်ပါးမှာမူ "ကာမဂုဏ်" တို့၏အပြစ်ကို ဟောတော်မူ သော မြတ်စွာဘုရား၏ ဒေသနာတော်ကိုနာကြားရလျှင်ပင် နှစ်ဦးလုံး အနာဂါမ် ဖြစ်သွားကြ၏။ အမြင်ကြည်လင်ခြင်းနှင့် ဣန္ဒြေတို့၏ ရင့်ကျက်ခြင်းသည် တစ်ဦး နှင့်တစ်ဦး အမြင်ချင်း၊ အဆုံးအဖြတ်ချင်း မတူရာ၌ များစွာစကားပြော၏။

http://www.cherrythitsar.org



မြတ်စွာဘုရားသည် နောက်ပါသံဃာတော်များနှင့် ကောသမ္ဗီ ပြည်တွင်းသို့ ဆွမ်းခံကြွတော်မူသောအခါ လူမိုက်များကို ရွှေဇွဲပေး၍ မြတ်စွာဘုရားနောက်သို့ တကောက်ကောက်လိုက်ကာ အမျိုးမျိုး ဆဲရေးအောင်၊ စွပ်စွဲအောင်၊ ကဲ့ရဲ့အောင် မာဂဏ္ဍီမိဖုရားက ဖန်တီးပြီး မြတ်စွာဘုရားအပေါ် ကလဲ့စားချေ၏။ ဆွမ်းခံဝင်တိုင်း လူမိုက်များက နောက်မှတကောက်ကောက်လိုက်၍ ဆဲရေးဖန် များသောအခါ ရှင်အာနန္ဒာက မြတ်စွာဘုရားအား ဤသို့လျှောက်ထား၏။

'အရှင်ဘုရား၊ ကောသမ္ဗီ ပြည်သူပြည်သားများသည် တပည့်တော်တို့ ဆွမ်းခံရာနောက်သို့ တကောက်ကောက် လိုက်လျက် ဆဲရေးကြပါသည်။ ထို့ကြောင့် အခြားအရပ်သို့ ဆွမ်းခံဝင်သင့်ပါသည်ဘုရား'

ထိုအခါ မြတ်စွာဘုရားက ဤသို့ ပြန်လည်မိန့်ကြားတော်မူ၏။

'အာနန္ဒာ။ အခြားအရပ်ကလည်း ဤသို့ ဆဲရေးပြန်သော် နောက်ထပ် မည်သည့်အရပ်သို့သွားမည်နည်း။ အရပ်လေးမျက်နှာသို့ သွားသောအခါ အရပ်လေးမျက်နှာမှ ရောက်လာသော ရန်သူတို့ကိုရင်ဆိုင်ရမည်။ ထို့ကြောင့် အယူမှား သူတို့ ဆဲရေးသည်ကို သည်းခံခြင်းဖြင့် ရင်ဆိုင်ရမည်။ အာနန္ဒာ မကြောင့်ကြလင့်၊ ဆဲရေးသူတို့သည် ခုနစ်ရက်သာ ဆဲရေးနိုင်ကြမည်။ တစ်စုံတစ်ရာ တုံ့ပြန်ခြင်း မပြုဘဲ ဆိတ်ဆိတ်နေ၍ သည်းခံခြင်းအားဖြင့် ဆဲရေးသူတို့သည် ၈ ရက်မြောက် နေ့၌ ရပ်သွားကြလိမ့်မည်'

မြတ်စွာဘုရား မိန့်တော်မူသည့်အတိုင်း သူမိုက်တို့သည် မြတ်စွာဘုရားနှင့် နောက်ပါ သံဃာတော်များအား ဆွမ်းခံကြွစဉ် ဆဲရေးခြင်းမှ ရပ်သွားကြကုန်၏။ ထို့ကြောင့် မာဂဏ္ဍီ၏ ကလဲ့စားချေမှုသည် မအောင်မြင်ဘဲ ရှိလေ၏။ သို့ရာတွင် မာဂဏ္ဍီသည် အလွယ်တကူနှင့် စိတ်လျှော့တတ်သူမဟုတ်၊ အကုသိုလ်ကံ ဖိစီး ခံရသူများအတွက် ပျက်စီးချိန် ရောက်လေလျှင် "အမှား"သည် "အမှန်" အသွင် ဖြင့် ထင်လာတတ်၏ဟူ၍ ဝဇီရဗုဒ္ဓိဋီကာဆရာ ဆိုသည့်အတိုင်း မာဂဏ္ဍီသည် သူ၏ အကြံအစည်ကို "မှန်ကန်သော ကလဲ့စားချေမှု"အဖြစ်မှတ်ယူပြီး မြတ်စွာ ဘုရားအပေါ် ကလဲ့စားချေမှု မအောင်မြင်လျှင် မြတ်စွာဘုရား၏ သာဝိကာမ သာမာဝတီအပေါ်သို့ လှည့်လာပြန်၏။

သာမာဝတီမိဖုရားသည် ဥဒေနမင်းကြီး အပေါ်ထက် မြတ်စွာဘုရား အပေါ် စိတ်ညွှတ်နေသူဖြစ်ကြောင်း၊ သို့ဖြစ်၍ မင်းကြီး၏ အသက်အန္တရာယ် ထိုးရိမ်ဖွယ်ရာရှိကြောင်း၊ အကယ်၍ မင်းကြီးမယုံကြည်ပါလျှင် သာမာဝတီ မိဖုရား၏အဆောင်သို့ ကြွရောက်၍ နံရံ၌ အပေါက်များဖောက်ပြီး ထိုအပေါက်

http://www.cherrythitsar.org



များမှ မြတ်စွာဘုရားမြို့တွင်းသို့ ဆွမ်းခံကြွစဉ် ချောင်းကြည့်သည်ကို ကိုယ်တိုင် စစ်ဆေးနိုင်ပါကြောင်းဖြင့် လျှောက်ထားပြန်၏။

မင်းကြီးသည် သာမာဝတီမိဖုရား၏ အဆောင်သို့ ကြွရောက်၍ စစ်ဆေးကြည့်ရှုရာ မာဂဏ္ဍီမိဖုရား လျှောက်ထားသည့်အတိုင်း နံရံ၌ အပေါက်များဖောက်ထားသည်ကို တွေ့မြင်သဖြင့် မေးမြန်းရာ မြတ်စွာဘုရားနှင့် နောက်ပါ သံဃာတော်များ ဆွမ်းခံကြွစဉ် ဖူးမြင်ရန် ဖောက် ထားခြင်း ဖြစ်ပါကြောင်းဖြင့် အမှန်အတိုင်း ပြန်လည် တင်လျှောက်သော်လည်း တစ်စုံတစ်ရာ အရေးယူခြင်းမပြုဘဲ အပေါက်များကိုသာ ပိတ်ခိုင်း၏။ ဤနေရာ၌လည်း မာဂဏ္ဍီမိဖုရားကြီး၏ အကြံအစည်သည် ပျက်ပြန်၏။ သစ္စာ၏ အာနုဘော်ပင် ဖြစ်၏။

ပထမ အကြံအစည်ပျက်သွားသောအခါ ဒုတိယအကြံအစည်ကို ကြံစည်ပြန်၏။ မင်းကြီး ပွဲတော်တည်ရန်အတွက် သာမာဝတီမိဖုရားအား ကြက်သားဟင်းချက်ပို့ရန် အမိန့်ချမှတ်ဖို့ တင်လျှောက်ရာ မင်းကြီးကလည်း မာဂဏ္ဍီ တင်လျှောက်သည့်အတိုင်း သာမာဝတီမိဖုရားအား ကြက်သားဟင်းချက်၍ ဆက်သရန် အမိန့်ထုတ်လိုက်၏။

မာဂဏ္ဍီကလည်း ကြက်အရှင်လေးကောင်ကို သာမာဝတီမိဖုရားထံ ပို့လိုက်၏။ သာမာဝတီမိဖုရားက ကြက်အရှင်လေးကောင်ကိုသတ်၍ မချက်လိုကြောင်း လျှောက်ထားလျက် မင်းကြီးထံ ပြန်ပို့လိုက်၏။ ထိုအခါ မြတ်စွာဘုရားအတွက် ချက်၍ပို့ရန် အမိန့်ထုတ်ပြီး ကြက်လေးကောင်ကို သာမာဝတီမိဖုရားထံ ပြန်၍ပို့ရန် မာဂဏ္ဍီက ဥတေနမင်းကြီးအား လျှောက်ပြန်ရာ မင်းကြီးကလည်း မာဂဏ္ဍီတင်လျှောက်သည့်အတိုင်း အမိန့်ထုတ်ပြန်၏။ ထိုအခါမာဂဏ္ဍီက ကြက်အရှင်လေးကောင်အစား ကြက်အသေ လေးကောင်ကို ပို့လိုက်၏။ သာမာဝတီ မိဖုရားကလည်း ကြက်အသေဖြစ်သဖြင့် ချက်၍ပို့လိုက်၏။ သာမာဝတီ မိဖုရားသည် ဥဒေနမင်းကြီးအပေါ်မှာထက် မြတ်စွာဘုရားအပေါ်မှာ စိတ်ညွတ်ကြောင်းကို သက်သေပြရန် မာဂဏ္ဍီမိဖုရားက အားထုတ်ခြင်း ဖြစ်၏။ သို့ရာတွင် မင်းကြီးသည် သာမာဝတီမိဖုရားအား တစ်စုံတစ်ရာ အရေးယူခြင်းမပြု။

မာဂဏ္ဍီမိဖုရားသည် မြတ်စွာဘုရားအပေါ် အာဃာတပြင်းသူ ဖြစ်၏။ မြတ်စွာဘုရားအပေါ်၌ ကလဲ့စားချေရန် မတတ်နိုင်သောအခါ မြတ်စွာဘုရား၏ တပည့်မ သာမာဝတီအပေါ်၌ အကောက်ကြံရန် အားထုတ်ပြန်၏။ ထိုသို့ အားထုတ်ပါသော်လည်း မအောင်မြင်ဘဲရှိသဖြင့် ဇွဲမလျှော့ဘဲ နောက်ထပ် အားထုတ်ပြန်၏။ မာဂဏ္ဍီသည် ပဋိဃ သံယောဇဉ်ကြီးလွန်းသူ ဖြစ်၏။ အာဃာတ ပြင်းလွန်းသူဖြစ်၏။ လက်စားမချေရလျှင်မနေနိုင်သူဖြစ်၏။ အခမ္မ

http://www.cherrythitsar.org



နည်းဖြင့် အနိုင်ယူရန် အားထုတ်မှုသည် အကယ်၍ နိုင်စေကာမူ ယာယီနိုင်မှု မျိုးသာ ဖြစ်၏။ ပျားကဲ့သို့ ချိုလျှင်လည်း အဆိပ်လူးသော ပျားမျိုးသာဖြစ်၏။ ဤဓမ္မတာကို မာဂဏ္ဍီ မသိ၊

မာဂဏ္ဍီသည် ထပ်မံ၍ အကောက်ကြံပြန်သည်။ ဥဒေနမင်းကြီးသည် မိဖုရားသုံးယောက်တို့၏ အဆောင်များ၌ ခုနစ်ရက်လျှင် တစ်လှည့်စီ စံစား၏။ ယခု မာဂဏ္ဍီမိဖုရား၏ အဆောင်၌ စံစားဆဲဖြစ်၏။ ထို့နောက် သာမာဝတီမိဖုရား၏ အဆောင်၌ စံစားမည်ဖြစ်၏။ သာမာဝတီမိဖုရား၏ အဆောင်သို့ မပြောင်းရွှေ့မီ မာဂဏ္ဍီမိဖုရားသည် အစွယ်ချိုးထားသော မြွေဟောက်တစ်ကောင်ကို ဥဒေနမင်းကြီး၏ စောင်းခွက်ထဲ၌ ထည့်ထားပြီး အပေါ်မှ ပန်းကုံးတို့ဖြင့် ပိတ်ဆို့ထား လိုက်၏။

ဥဒေနမင်းကြီးသည် သာမာဝတီမိဖုရား အဆောင်သို့ ကူးသွားသော အခါ စောင်းတော်ကိုပါ တစ်ပါတည်း ယူဆောင်သွား၏။ မာဂဏ္ဍီမိဖုရားက လည်း မင်းကြီးကို စိတ်မချဟုဆိုကာ မင်းကြီးနှင့်အတူလိုက်ပါသွား၏။ သာမာဝတီမိဖုရား အဆောင်သို့ ရောက်သောအခါ မင်းကြီးသည် သလွန်၌ လျောင်းနေစဉ် မာဂဏ္ဍီမိဖုရားသည် စောင်းဝ၌ ပိတ်ဆို့ထားသော ပန်းကုံးကို ဖယ်လိုက်ပြီး မလှမ်းမကမ်းနေရာ၌နေ၏။ မြွေဟောက်သည် နှစ်ရက်၊ သုံးရက် ပိတ်လှောင် ခံထားရသဖြင့် အမျက်ထွက်ကာ ပါးပြင်းကို ထောင်၍ထွက်လာ၏။ မာဂဏ္ဍီ မိဖုရားက အထိတ်တလန့် အော်ဟစ်လိုက်ရာ မင်းကြီးလည်း မြွေဟောက်ကို မြင်သဖြင့် များစွာထိတ်လန့်ကြောက်ရွံ့ပြီး သာမာဝတီမိဖုရားအပေါ် ပြင်းစွာ အမျက်ထွက်လေ၏။ မာဂဏ္ဍီမိဖုရားသည် သာမာဝတီမိဖုရားအပေါ် အကောက် ကြံမှု၌ အောင်မြင်ခြင်းကို ပျားရည်ကဲ့သို့ ချိုသည်ဟု မှတ်ယူကာ ကြည်နူးမိ၏။ သို့ရာတွင် ထိုပျားရည်၌ အဆိပ်ပါသည်ကို မာဂဏ္ဍီ မသိ၊ ဒေသနာတော်အရ အဓမ္မနည်းဖြင့် အောင်နိုင်မှုမှန်သမျှသည် ဓမ္မအလှည့်သို့ ရောက်သောအခါ ကျရှုံးခြင်းဖြင့် အဆုံးသတ်ရ၏။ ဤသည်မှာ ဓမ္မနိယာမဖြစ်၏။ ဤဓမ္မနိယာမကို မည်သည့်တန်ခိုးရှင်မျှ မကျော်လွှန်နိုင်။

ဥဒေနမင်းကြီးသည် သာမာဝတီမိဖုရားအပေါ် ပြင်းစွာ အမျက်ထွက် သဖြင့် သာမာဝတီ မိဖုရားနှင့်တကွ မောင်းမငါးရာတို့အား တန်းစီစေပြီး ဗိုလ်ခြေတစ်ထောင်တင်သောလေးတွင် အဆိပ်လူးမြှားတပ်၍ ကိုယ်တော်တိုင် စီရင်မည်ဟု အမိန့်ချမှတ်၏။

သာမာဝတီမိဖုရားသည် မေတ္တာအရာ၌ ဧတဒဂ်ရသူ ဖြစ်၏။ ထို့ကြောင့် သာမာဝတီမိဖုရားက သူ၏ မောင်းမအခြွေအရံတို့အား မင်းကြီးအပေါ်၌လည်း

http://www.cherrythitsar.org



ကောင်း၊ မာဃလုလင်အပေါ်၌ လည်းကောင်း အနည်းငယ်မျှ အမျက်မထွက်ကြရန်နှင့် မိမိနှင့် ထပ်တူယပ်မျှ မေတ္တာပွားကြရန် သွန်သင်၏။ သွန်သင်သည့်အတိုင်း သာမာဝတီမိဖုရားနှင့် မောင်းမငါးရာတို့သည် ဥဒေနမင်းကြီးနှင့် မာဃလုလင် မိဖုရားအပေါ် မွန်မြတ်နက်ရှိုင်းသော မေတ္တာဘာဝနာကို ပွားကြ၏။

ဒေါသကို မေတ္တာဖြင့်သာ အောင်နိုင်၏ဟု မြတ်စွာဘုရား ဟောကြားတော်မူသည့်အတိုင်း နောက်ဆုံး၌ ဥဒေနမင်းကြီးနှင့် မာဃလုလင်တို့၏ ဒေါသ အပေါ် သာမာဝတီမိဖုရားအမှူးရှိသော မောင်းမငါးရာတို့၏မေတ္တာက အောင်နိုင်ခြင်း၏ ထင်ရှားသော "သာဓက" အနေဖြင့် ပိဋကတ်တော်၌ ဖော်ပြထားခြင်း ဖြစ်၏။

ဥဒေနမင်းကြီးသည် သူ အမိန့်ချမှတ်ထားသည့်အတိုင်း သာမာဝတီ အမှူးရှိသော မောင်းမတို့အား လေးဖြင့်ပစ်ခွင်းရာ မင်းကြီးသည် လေးကို တင်၍လည်းမရ၊ ချ၍လည်းမရ။ ထိုအခါ မင်းကြီးသည် များစွာ ထိတ်လန့်၏။ မင်းကြီး၏ကိုယ်မှ ချွေးတို့သည် ယိုစီးကျကုန်၏။ အခြားကိုင်စရာ ယူစရာကို ကိုင်၍လည်းမရ၊ ယူ၍လည်းမရ ဖြစ်ချေ၏။ မင်းကြီးလည်း များစွာပင်ပန်း၏။ ထိုအခါ မင်းကြီးသည် သာမာဝတီမိဖုရားအား သူ၏ ကိုးကွယ်ရာဖြစ်ရန် တောင်းပန်၏။

သာမာဝတီမိဖုရားကလည်း မင်းကြီးအား မြတ်စွာဘုရားကို ကိုးကွယ်ရန် ပြောကြား၏။ ထို့နောက် မင်းကြီးအား မြားကိုမြေသို့ချိန်၍ လွှတ်ရန် ပြောကြား ပြီး မိဖုရားကိုယ်တိုင်ကလည်း 'မင်းကြီးလက်မှ မြားလွှတ်စေသတည်း' ဟု အဓိဋ္ဌာန်လိုက်ရာ မြားသည် မင်းကြီးလက်မှ လွှတ်လေ၏၊ ထိုအခါမှ မင်းကြီး သည် သက်သာရာ ရတော့၏။

ဥဒေနမင်းကြီးသည် ထိုအခါမှစ၍ မြတ်စွာဘုရားအား ကြည်ညိုလာ၏။ မြတ်စွာဘုရားအမှူးရှိသော သံဃာတော်များအား ခုနစ်ရက်တိုင်တိုင် နန်းတော် သို့ပင့်၍ ဆွမ်းလုပ်ကျွေး၏။ တရားတော်ကိုလည်း နာကြား၏။ သာမာဝတီ မိဖုရားနှင့်တကွ မောင်းမငါးရာတို့အားလည်း မြတ်စွာဘုရားကျောင်းတော်သို့ သွားရောက်၍ တရားနာခွင့်ပေး၏။ တရားနာသွားသောအခါ အစောင့်အရှောက် ကိုလည်း ပေး၏။ မြတ်စွာဘုရား၏ ခွင့်ပြုချက်ဖြင့် ရှင်အာနန္ဒာအား နေ့စဉ် သာမာဝတီမိဖုရား အဆောင်သို့ ဆွမ်းဘုဉ်းပေးရန်နှင့် တရားဒေသနာတော် ဟောကြားရန် ပင့်လျှောက်ပေး၏။ ဤသည်မှာ သာမာဝတီမိဖုရားနှင့် မောင်းမ ငါးရာတို့၏ မေတ္တာဘာဝနာ ဒိဋ္ဌဓမ္မအကျိုး ဖြစ်၏။

မာဃလုလင်မိဖုရားသည် မိမိကြံစည်တိုင်း ပျက်ယွင်းသောအခါ များစွာခံပြင်း

http://www.cherrythitsar.org



၏။ ထို့ကြောင့် မင်းကြီးမှတစ်ဆင့်မဆောင်ရွက်တော့ဘဲ အဆုံးစွန်သောစွန့်စားခြင်းဖြင့် ကိုယ်တိုင်ဆောင်ရွက်ရန် ဆုံးဖြတ်လိုက်၏။ မင်းကြီး တောကစားထွက်ခိုက် ဦးရီးတော် စူဠမာဂဏ္ဍီပုဏ္ဏားအား သာမာဝတီမိဖုရား၏ နန်းပြာသာဒ်ဆောင် တစ်ဆောင်လုံးကို မီးတိုက်စေ၏။

သာမာဝတီ အမှူးပြုသော မောင်းမငယ်ရာတို့လည်း မီးလောင်ကျွမ်း၍ ကွယ်လွန်ကြ၏။ တစ်ခုသော အတိတ်ကာလက သာမာဝတီ အမှူးပြုသော မောင်းမငယ်ရာတို့သည် နိရောဓသမာပတ် ဝင်စားနေသော "ပစ္စေကဗုဒ္ဓါ" တစ်ပါး၏ ချုံပုတ်ကို "ပစ္စေကဗုဒ္ဓါ" ရှိမှန်းမသိဘဲ မီးလှုံလိုသဖြင့် မီးတိုက်ခဲ့၏။ နောက်မှ "ပစ္စေကဗုဒ္ဓါ" ကို တွေ့ကြရာ ဘုရင်မင်းမြတ် ကိုးကွယ်သော "ပစ္စေကဗုဒ္ဓါ" မှန်းသိပြီး မင်းဒဏ်မှ ကြောက်သဖြင့် "အပြတ်" ရှင်းရန် ဆက်လက်မီးတိုက်ခဲ့၏။ "ပစ္စေက ဗုဒ္ဓါ" မှာမူ နိရောဓသမာပတ်၏ စွမ်းအင်ကြောင့် တစ်စုံတစ်ရာအန္တရာယ်မရှိ။ သို့ရာတွင် ထိုအကုသိုလ်ကံသည် အရိပ်ပမာ လိုက်ခဲ့၏။ နှစ်သိန်းပေါင်းများစွာ ငရဲ၌ ကျခဲ့ရ၏။ ဘဝတစ်ရာတိုင်တိုင် ယခုကဲ့သို့ အိမ်လုံးကျွတ် မီးလောင်၍ ကွယ်လွန်ခဲ့ရ၏။ ထို့ကြောင့် ကုသိုလ်ကံဖြစ်စေ၊ အကုသိုလ်ကံဖြစ်စေ ကံ၏အကျိုးကို တားမြစ်ရန် မည်သူမျှ မတတ်နိုင်ဟု မြတ်စွာဘုရားက ဟောတော်မူခြင်းဖြစ်၏။ သံဝေဂရဖွယ် ကောင်းလှ၏။

သာမာဝတီမိဖုရားနှင့် မောင်းမငယ်ရာတို့သည် နန်းပြာသာဒ် မီးလောင်ရာတွင် ပါသွားကြောင်း ဥဒေနမင်းကြီး ကြားသိရသောအခါ မာဂဏ္ဍီမိဖုရား၏ လက်ချက်ဖြစ်ကြောင်း ချက်ချင်း ရိပ်မိ၏။ သို့ရာတွင် အတိအကျ သိနိုင်ရန် မင်းကြီးသည် မှူးမတ်များအလယ်၌ 'သာမာဝတီမိဖုရားရန်ကို အမြဲတမ်း စိုးရိမ်နေရ၏။ ယခုမှ အေးချမ်းစွာ နေရတော့မည်။ နန်းပြာသာဒ်ကို မီးရှို့သူအား များစွာကျေးဇူးတင်ပါ၏' ဟု မိန့်မြွက်တော်မူရာ အနီးတွင် ခစားနေသော မာဂဏ္ဍီမိဖုရားက သူဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ဆွေမျိုးတို့ကို သူ ခိုင်းခြင်းဖြစ်ပါကြောင်းကို တင်လျှောက်၏။

ထိုအခါ မင်းကြီးက 'ယခုကိစ္စ၌ ပါဝင်ဆောင်ရွက်သူများကို ခေါ်ပါ၊ ဆုလာဘ်များစွာ ချီးမြှင့်မည်' ဟု မိန့်ကြား၏။ မာဂဏ္ဍီကလည်း မိမိ ဆွေမျိုးများကို ခေါ်၏။ မင်းကြီးကလည်း ဆုတော်လာဘ် တော်များကို ထိုက်ထိုက်တန်တန် ချီးမြှင့်၏။ ဆွေရိပ်မျိုးရိပ် မကင်းသူများပင် လာရောက်၍ ဆုတော်လာဘ်တော်များကို ယူကြ၏။ နောက်ဆုံး ဆုတော်လာဘ်တော် ယူသူများကုန်သွားသောအခါ ထိုဆုတော်လာဘ်တော် ယူသူများအားလုံးကို ပြန်လည်

http://www.cherrythitsar.org



ဖမ်းဆီး၏။ မင်းရင်ပြင်၌ မြေတွင်းကို တူးစေကာ ချက်အထိ မြှုပ်ပြီး မီးရှို့၍ သတ်ရန် သေဒဏ်ပေးလိုက်၏။

အဓမ္မနည်းဖြင့် ရယူခဲ့သော မာဂဏ္ဍီမိဖုရား၏ အောင်နိုင်မှုနိဂုံးသည် ဓမ္မအလှည့်သို့ ရောက်သောအခါ ကြီးစွာသော ကျရှုံးမှုအဖြစ်သို့ ရောက်သွားလေ၏။ မာဂဏ္ဍီမိဖုရား၏ အသားများကို လှီးဖြတ်၍ ကြော်စေပြီး ထိုအသားကြော်များကို မာဂဏ္ဍီမိဖုရားအား စားစေ၏။ မာဂဏ္ဍီမိဖုရားသည် ကြီးစွာသော ဒုက္ခဝေဒနာကို ခံစား၍ ကွယ်လွန် ရရှာ၏။ လောကတွင် မည်သည့်အလုပ်ကို လုပ်လုပ်၊ မြင့်မြတ်သော စိတ်ထားရှိရမည်၊ စူးစမ်းဆင်ခြင်နိုင်သော အသိဉာဏ်ရှိရမည်၊ လုပ်နည်း လုပ်ဟန် မှန်မည်၊ ဤအင်္ဂါသုံးရပ်နှင့်ညီလျှင် ထိုလုပ်ငန်းသည် နှစ်လို ဖွယ်ကောင်းသော လုပ်ငန်းဖြစ်၏ဟု အနုဒီကာဆရာ ဆိုကြောင်း ဆရာတော် ဦးသောဓိလ (အဘိဓဇ မဟာရဋ္ဌဂုရု) က မိန့်ဖူးပါ၏။

ဝါသုလဒတ္တာ မိဖုရားသည်လည်း မြတ်စွာဘုရား၌ ကြည်ညိုသူ ဖြစ်၏။ ဥဒေနမင်းနှင့် ဝါသုလဒတ္တာ မိဖုရားမှ သားတော် ဗောဓိမင်းသား ထွန်းကားခဲ့၏။ ဗောဓိမင်းသားသည် ကိုယ်ဝန်သားငယ်အဖြစ် တစ်ကြိမ်၊ နို့စို့အရွယ်ဖြင့် တစ်ကြိမ်၊ လက်ထပ်ပြီးသော မင်းသားအဖြစ်တစ်ကြိမ်၊ စုစုပေါင်း သုံးကြိမ် သရဏဂုံ ဆောက်တည်ခဲ့သူ ဖြစ်၏။ မြတ်စွာဘုရားသည် ဘဂ္ဂတိုင်း သုသုမာရဂိရမြို့၌ ၈ ဝါမြောက် ဝါကပ်တော်မူစဉ် ဗောဓိရာဇ ကုမာရသုတ်တော်ကို နာကြားရသဖြင့် ဗောဓိမင်းသားသည် သောတာပန် ဖြစ်သွား၏။

တစ်နေ့တွင် သာမာဝတီ မိဖုရားနှင့် မောင်းမငါးရာတို့ ကွယ်လွန်ခြင်း အကြောင်း၊ မာဂဏ္ဍီမိဖုရားနှင့် ဆွေမျိုးတို့ ကွယ်လွန်ခြင်းအကြောင်းတို့နှင့် ပတ်သက်၍ 'မည်သူသည် အသက်ရှင်နေသူမည်ပါသနည်း၊ မည်သူသည်သေသူ မည်ပါသနည်း' ဟူ၍ ရဟန်းများက မြတ်စွာဘုရားအား လျှောက်ထားကြလေရာ မြတ်စွာဘုရားက ဤသို့ ဟောကြားတော်မူ၏။

– **မမေ့မလျော့ခြင်းသည် မသေရာ နိဗ္ဗာန်သို့ ရောက်သောလမ်းတည်း၊ မေ့လျော့ခြင်းသည် သေမင်းထံသို့ ရောက်သောလမ်းတည်း။**
– **မမေ့မလျော့ကုန်သူတို့သည် သေသော်လည်း သေသည်မမည်ကုန်၊ မေ့လျော့ကုန်သူတို့သည်ကား ရှင်နေသော်လည်း သေသည်မည်ကုန်၏။**
– **ဤသို့သော ခြားနားမှုကို ပြတ်ပြတ်ထင်ထင်သိ၍ မမေ့မလျော့ခြင်း၌ တည်ရှိကုန်သော ပညာရှိတို့သည် မမေ့မလျော့ခြင်း၌ ရွှင်လန်း ဝမ်းမြောက်ကြကုန်၏။ အရိယာတို့၏ ကျက်စားရာဖြစ်သော ဗောဓိပက္ခိယတရားတို့၌ မွေ့လျော်ကုန်၏။**

http://www.cherrythitsar.org



- **ထိုပညာရှိတို့သည် သမထနှင့် ဝိပဿနာဘာဝနာ ရှိကုန်၏။ ကိုယ်စိတ်နှစ်ပါးဖြင့် ပြုအပ်သော လုံ့လနှင့် အမြဲ ပြင်းထန်သော ဝီရိယ ရှိကုန်၏။**
- **ထို့ကြောင့် အချောင်အလွှဲကင်း၍ အလွန်ချမ်းသာဖြစ်သော နိဗ္ဗာန်ကို ကိုယ်တိုင် တွေ့ထိ ခံစားကြရကုန်၏။**

အထက်ပါ ဂါထာများ၏ ဆိုလိုရင်းမှာ ဤသို့ဖြစ်၏။

မမေ့လျော့ခြင်း ဟူသည် သတိရှိခြင်း ဖြစ်၏။ မေ့လျော့ခြင်းဟူသည် သတိမထားခြင်းဖြစ်၏။ "သေခြင်း" ဟူသည် သုံးမျိုးရှိ၏။ ဘဝတစ်ခုမှ ဘဝတစ်ခုသို့ ပြောင်းသွားခြင်းသည် သေခြင်းမည်၏။ မြန်မာဝေါဟာရဖြင့် ကွယ်လွန်သည် ဟူ၍လည်းကောင်း၊ သေသည် ဟူ၍လည်းကောင်း ဆိုရ၏။ ပါဠိဝေါဟာရဖြင့် အဒ္ဓါမရဏဟူ၍ ဆိုရ၏။ နောက်တစ်မျိုးမှာ တစ်ဘဝအတွင်း၌ပင် ခန္ဓာအစဉ်တစ်မျိုးမှ ခန္ဓာအစဉ်တစ်မျိုးသို့ ပြောင်းသွားခြင်းဖြစ်၏။ ယင်းသည်လည်း သေခြင်းပင် မည်၏၊ အေးသော ခန္ဓာအစဉ်မှ ပူသော ခန္ဓာအစဉ်သို့ ပြောင်းသွားခြင်းမျိုး ဖြစ်၏။ ယင်းကို ပါဠိဝေါဟာရအားဖြင့် သန္တတိမရဏဟူ၍ ဆိုရ၏။ ခန္ဓာတို့၏ ခဏတိုင်းခဏတိုင်း ပြောင်းသွားခြင်းသည်လည်း သေခြင်းပင် မည်၏၊ ယင်းကို ပါဠိဝေါဟာရဖြင့် ခဏိကမရဏ ဟူ၍ ဆိုရ၏။

သတိသည် လောကီသတိနှင့် လောကုတ္တရာသတိ ဟူ၍ နှစ်မျိုးရှိ၏။ လောကီရေးရာ ကိစ္စတို့၌ အစဉ်အမြဲ သတိရှိခြင်းသည် လောကီ သတိမည်၏။ ဗောဓိပက္ခိယတရားတို့၌ အစဉ်အမြဲ သတိရှိခြင်းသည် လောကုတ္တရာသတိ မည်၏။ လောကီရေးရာ၌ဖြစ်စေ၊ လောကုတ္တရာ ရေးရာ၌ဖြစ်စေ အစဉ်အမြဲ သတိရှိခြင်းသည် ဆိုင်ရာဆိုင်ရာ လုပ်ငန်းတို့၌ အောင်မြင်ခြင်း၏ ပဓာန အကြောင်း ဖြစ်၏။ သတိဟူသည် ပိုသည်မရှိ၊ လိုသည်သာရှိသည်ဟု ကျမ်းဂန်များ၌ ဆို၏။ သို့ရာတွင် ဤနေရာ၌ လောကီသတိကို မဆိုလို။ လောကုတ္တရာရေးရာ၌မူ သတိသည် သီလကိုလည်း အထောက်အပံ့ပြု၏။ သမာဓိကိုလည်း အထောက် အပံ့ပြု၏။ ပညာကိုလည်း အထောက်အပံ့ပြု၏။ ထို့ကြောင့် သတိသည် မဂ္ဂင်ရှစ်ပါးလုံး သို့မဟုတ် သိက္ခာသုံးပါးလုံးကို အထောက်အပံ့ပြု၏။ ဝိပဿနာအရာ၌ မိမိပြုနေကျအာရုံများကို မပြတ်သွားအောင် သတိဖြင့် ထိန်းသိမ်းရ၏။ အာရုံပြတ်သွားခြင်း ဟူသည်မှာ နီဝရဏတရားများ ဝင်လာခြင်း ဖြစ်၏။ နီဝရဏတရားများသည် ကုသိုလ်ဟူသမျှအားလုံးကို တားမြစ်၏။ ထို့ကြောင့် နီဝရဏတရားများ ဝင်မလာနိုင်စေရန် သတိဖြင့် ထိန်းသိမ်းစောင့်

http://www.cherrythitsar.org



ရောက်ရ၏။ ဤသို့ မိမိယူနေကျအာရုံများကို ပြတ်မသွားအောင် ထိန်းသိမ်း စောင့်ရှောက်နိုင်လျှင် "အတွင်းသတိ" ခိုင်မာလာသည် မည်၏။ အတွင်းသတိ ခိုင်မာလာသည်နှင့်အမျှ ပြင်ပအာရုံများကိုလည်း အလိုလိုသိလာမည်ဖြစ်၏။ ထိလျှင်လည်း ထိမှန်းသိလာ၏။ ကိုင်လျှင်လည်း ကိုင်မှန်း သိလာ၏။ စားမှု သွားမှုတို့၌လည်း ထိုအတူ သိလာ၏၊ ဤသို့ အတွင်းအပြင် အာရုံနှစ်မျိုးလုံး၌ နိဝရဏတရားများ ဝင်မလာနိုင်အောင် ထိန်းသိမ်းနိုင်သောအခါ သတိသည် ကိုယ်ကျင့် သိက္ခာစင်ကြယ်မှု သီလဝိသုဒ္ဓိကို ထိန်းသိမ်းသည်မည်၏။

ကိုယ်ကျင့်သိက္ခာ ပြုစင်လာသည်နှင့်အမျှ စိတ်က အာရုံနောက်သို့ မလိုက်ရတော့ဘဲ အာရုံက စိတ်၌ အလိုလိုထင်လာ၏။ ထိုအခါ သတိသည် ထိမှ သမ္မာဉာဏ်နှင့် ယှဉ်တွဲလာသည်မည်၏။ သတိသည် သမ္မာဉာဏ်နှင့် ယှဉ်တွဲလာ ပါက ဝီရိယကလည်း ဆိုင်ရာအာရုံများကို ထောက်ပံ့လာ၏။ သမာဓိကလည်း ဆိုင်ရာ အာရုံများကိုလည်းစုစည်းလာ၏။ ထိုအဆင့်သို့ ရောက်လာပါက သတိ သည် စိတ်မာတ်ခိုင်မာ စင်ကြယ်မှု စိတ္တဝိသုဒ္ဓိကို ထိန်းသိမ်းသည် မည်၏။

သီလဝိသုဒ္ဓိအရ ကိုယ်ကျင့်သိက္ခာလည်း ဖြူစင်မြင့်မြတ်လာပြီ၊ စိတ္တ ဝိသုဒ္ဓိအရ စိတ်ဓာတ်လည်း ခိုင်မာလာပြီ ဆိုပါက ရှေ့ဆက်၍ တရားအားထုတ် ပါလျှင် ကလျာဏ ပုထုဇဉ်၊ သောတာပန်၊ သကဒါဂါမိ၊ အနာဂါမိ၊ ရဟန္တာ ဟူ၍ အစဉ်အတိုင်း ဖြစ်လာပြီး"အတုမဲ့"ချမ်းသာကို ရရှိလေတော့၏။ သံသရာ ဝဋ်ဆင်းရဲမှ လွတ်မြောက်လေတော့၏။ ဒုစရိုက် ဟူသမျှမှ မြစ်ပြတ်လွတ်တော့၏။ ထိုအခါ ထိုပုဂ္ဂိုလ်မျိုး၌ အတ္တလွန်ကဲမှုဟူ၍ လုံးဝမရှိတော့ဘဲ သူဆောင်ရွက် သမျှသည် လောကအတွက်၊ သူတစ်ပါးအတွက်သာ ဖြစ်တော့၏။

ထိုပုဂ္ဂိုလ်များ၏ သေခြင်းကို ပိုင်းခြား၍ရ၏။ သောတာပန်ဖြစ်လျှင် အလွန်ဆုံး ခုနစ်ဘဝသာသေ၏။ ထို့နောက် နိဗ္ဗာန်ကိုမျက်မှောက်ပြုပြီး ဖြစ်သဖြင့် မသေတော့။ အကျဉ်းအားဖြင့် အရိယာပုဂ္ဂိုလ် ဟူသမျှသည် မသေရာ "နိဗ္ဗာန်" ကို မျက်မှောက်ပြုပြီးဖြစ်သဖြင့် "ဘဝ" ကို ပိုင်းခြား၍ရသောကြောင့် သမ္မုတိ သစ္စာ အနေဖြင့် "သေ" သည်ဟု ဆိုရသော်လည်း ပရိယာယ်အားဖြင့်မူ "မသေသူ" များ ဖြစ်ကြ၏။ အန္ဓပုထုဇဉ်များသည် ဘဝပေါင်း မည်မျှကုန်မှ နိဗ္ဗာန်ကို ရောက်မည်ဟု "ဘဝ" ကို မပိုင်းခြားနိုင်သောကြောင့် "အသက် ရှင်နေသည်" ဟု ဆိုရသော်လည်း သေခြင်းသုံးမျိုးဖြင့် သေသူများ ဖြစ်ကြ၏။ ထို့ကြောင့် သာမာဝတီအုပ်စုသည် "သေ" သော်လည်း "မသေသူ" များ ဖြစ်ကြ၏။ မာဂဏ္ဍီအုပ်စုသည် "ရှင်" သော်လည်း သေသောသူများ ဖြစ်ကြ၏။

# ကုမ္ဘဃောသက

ကုမ္ဘဃောသကသည် ကုဋေလေးဆယ်ကြွယ်ဝသော ရာဇဂြိုဟ်သူဌေး၏ တစ်ဦးတည်းသောသား ဖြစ်၏၊ ထိုခေတ်က ဆေးကုရ၍မရသော ကပ်ရောဂါတစ်မျိုးသည် တစ်ခါတစ်ရံ ဖြစ်ပွားတတ်၏။ အလွန်လည်း ကူးစက်မြန်၏။ ယင်းရောဂါ ကူးစက်ဖြစ်ပွားသည်နှင့် တစ်ပြိုင်နက် ရောဂါဖြစ်ပွားရာ အိမ်ရှိ "ယင်" ကောင်ပင်မကျန် အားလုံး သေဆုံးကြရ၏။ ထို့ကြောင့် ထိုရောဂါကို "ယင်နာ" ဟု ခေါ်ကြ၏။

"ယင်နာ" သည် ကုမ္ဘဃောသက၏ မိသားစု၌ ကျရောက်၏။ ကုမ္ဘဃောသက၏ မိဘနှစ်ဦးလုံးသည် ယင်နာ ကူးစက်ခြင်းခံရသောအခါ သားဖြစ်သူ ကုမ္ဘဃောသကအား မိမိတို့၏ ပစ္စည်းဥစ္စာ ကုဋေလေးဆယ် သိမ်းဆည်းရာနေရာကို ပြောပြ၏။ ဤအိမ်မှ အမြန်ဆုံး ထွက်ခွာရန်လည်း တိုက်တွန်း၏။ ထို့နောက် မိဘနှစ်ဦးလုံး ကွယ်လွန်သွားကြ၏။ ထိုစဉ်က ကုမ္ဘဃောသကသည် အရွယ်မရောက်သေးသော်လည်း မိဘများ၏ ညွှန်ကြားချက်အတိုင်း ရောဂါကင်းရာ အရပ်တစ်ပါးသို့ သွားရောက်နေထိုင်လေ၏။

အရပ်တစ်ပါး၌ ၁၂ နှစ်တိုင်တိုင်နေထိုင်ပြီးနောက် မိမိ၏ဇာတိ ရာဇဂြိုဟ်ပြည်သို့ ပြန်လာ၏။ သို့ရာတွင် ကုမ္ဘဃောသကကို မှတ်မိသူဟူ၍ မည်သူမျှမရှိ။ ကုမ္ဘဃောသကကလည်း မည်သူ့ကိုမျှ မမှတ်မိ။ ကုမ္ဘဃောသကသည် မိဘနှစ်ပါး ညွှန်ကြားခဲ့သည့်အတိုင်း ပစ္စည်းဥစ္စာ ကုဋေလေးဆယ် သိမ်းဆည်းထားရာနေရာသို့ သွားကြည့်၏။ ပစ္စည်းဥစ္စာတို့သည် လက်ရာမပျက်၊ မြေရာမပျက် မူလအတိုင်း အပြည့်အစုံပင် ရှိသည်ကို တွေ့ရ၏၊

ကုမ္ဘဃောသကကို ရာဇဂြိုဟ်သူဌေးသားမှန်း မည်သူကမျှ မသိသဖြင့် ယခုအချိန်တွင် ကုဋေလေးဆယ်ကို ထုတ်ယူသုံးစွဲပါက ဆင်းရဲသားတစ်ဦးအနေဖြင့် မြေတွင်းမှ ရတနာများကို မတော်တဆ တွေ့ရှိပြီး ဖော်ယူသုံးစွဲခြင်း ဖြစ်သည်ဟု ဆိုကာ ကုဋေလေးဆယ်ကိုလည်း မင်းဘဏ္ဍာအဖြစ် သိမ်းဆည်းပေလိမ့်မည်။ လူကိုလည်း ဖမ်းဆီးချုပ်နှောင်ပေလိမ့်မည်။ ထို့ကြောင့် ယခုအချိန်တွင် ရတနာများကို ဖော်ထုတ်သုံးစွဲရန် မသင့်သေးဟု ကုမ္ဘဃောသကက ဆုံးဖြတ်လိုက်၏။

ကာလတစ်ခုသည် ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ တစ်ကြိမ်သာ လာ၏။ နောက်တစ်ကြိမ် ထပ်၍မလာတော့။ နောက်တစ်ကြိမ် ထပ်၍လာသည်ဟု ထင်ရသောကာလသည် နောက်ကာလသာ ဖြစ်၏။ ပထမ ကာလ

http://www.cherrythitsar.org



မဟုတ်တော့။ ထို့ကြောင့် ကာလကိုသိဖို့ လို၏။ ကာလကိုသိလျှင် ပါဠိတော်ဟာရဖြင့် ကာလညျူ ဟူ၍ ဆိုရ၏။ အခြေအနေသည်လည်း ထို "ကာလ" သဘော အတိုင်းပင် ဖြစ်၏။

သို့ဖြစ်၍ အခြေအနေကိုလည်း သိဖို့လို၏။ အခြေအနေကိုသိလျှင် ပါဠိတော်ဟာရဖြင့် ဓေတ္တညျူ ဟူ၍ ဆိုရ၏။ အမှန်အားဖြင့် ဤလောက၌ အချိန်အခါနှင့် အခြေအနေတို့ကို အမှန်အတိုင်းသိမှသာ လိုအပ်သော အကျိုးကိုရအောင် ဆောင်ရွက်နိုင်၏။

ကုမ္ဘဃောသကသည် အချိန်အခါနှင့် အခြေအနေကို မှန်ကန်စွာ သုံးသပ်နိုင်သူ ဖြစ်၏။ သုံးသပ်နိုင်သည့်အလျောက် လည်း မှန်ကန်စွာ အသုံးချနိုင်သူ ဖြစ်၏။ ထို့ကြောင့် ကုမ္ဘဃောသကသည် မိဘအမွေဖြစ်သော ကုဋေလေးဆယ်ထဲမှ တစ်ပြားတစ်ချပ်မျှ အသုံးမပြုသေးဘဲ မိမိ၏စွမ်းအားဖြင့် အသက်မွေးမြူမှု လုပ်ငန်းကို လုပ်ကိုင်ရန် ဆုံးဖြတ်ခြင်း ဖြစ်၏။

မိဘအမွေဖြစ်သော ကုဋေလေးဆယ်ကို လောကအကြောင်းအရ ကုမ္ဘဃောသက ပိုင်သည် မှန်သည်။ သို့ရာတွင် ထိုကုဋေလေးဆယ်ထဲ၌ ကုမ္ဘဃောသက ခွန်အားဖြင့် ရရှိသောငွေဟူ၍ တစ်ပြားတစ်ချပ်မျှမပါဝင်။ ထို့ကြောင့် မိဘအမွေဖြစ်သော ကုဋေလေးဆယ်ကို ပိုင်ခြင်းသည် တရားသဖြင့် ပိုင်ခြင်း ဖြစ်သည်ဟုဆိုရန် ခဲယဉ်း၏။ သို့ဖြစ်၍ တရားသဖြင့် ပိုင်ခြင်းဖြစ်သည်ဟု ဆိုနိုင်ရန် ကုမ္ဘဃောသကသည် "မွေ့ခံယိုက် ဓေ" ဟူသော သားသမီးတို့၏ ကျင့်ဝတ်နှင့်ညီအောင်ကျင့်သော သားကောင်းတစ်ယောက် ဖြစ်လာနိုင်ရန် ရှေးဦးစွာ ကြိုးစားဖို့လိုကြောင်း ကုမ္ဘဃောသက ကောင်းစွာသိ၏။ ထို့ကြောင့် ကုမ္ဘဃောသကသည် မိဘအမွေကို ကောင်းစွာခံယိုက်သော သားကောင်း တစ်ယောက် ဖြစ်လာအောင် ကြိုးစားလေ၏။

ကုမ္ဘဃောသကသည် မိဘအမွေကို "အချောင်"ထိုင်၍စားလိုသူ မဟုတ်၊ မိမိ၏ခွန်အားဖြင့် တရားနှင့်အညီ လုပ်ကိုင်၍ရသောလုပ်ငန်းမှရသော အခ ကြေးငွေသည်သာလျှင် နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ ခွန်ဖြတ်စင်ကြယ် သော ပစ္စည်းဥစ္စာမည်၏။ အသက်မွေးမှုသည်လည်း တရားနှင့်လျော်သော အသက်မွေးမှု မည်၏။ အဘယ့်ကြောင့်ဆိုသော် ထိုငွေ၊ ထိုလုပ်ငန်း၊ ထိုအသက်မွေး မှုသည် မိမိတို့၏ မူလတန်ဖိုးအပေါ်၌ သူတော်ကောင်း ဥစ္စာရတနာခုနစ်ပါးတို့၏ သိက္ခာတန်ဖိုးက အလိုအလျောက် လွှမ်းမိုးပေါင်းစပ်၍ ပါဝင်နေသောကြောင့် ဖြစ်၏။ ဤသို့ ကုမ္ဘဃောသက ယုံကြည်၏။

ထို့ကြောင့် သူသည် ရပ်ကွက်ထဲ၌ "ဆော်ဩရေးမှူး" အလုပ်ကို လုပ်၏။

## ရာပြည့်စာအုပ်တိုက်

http://www.cherrythitsar.org



ဆော်ဩရေးမှူးအလုပ် ဟူသည်မှာ နံနက်စောစောထ၍ ကောင်းမှုရှင်တို့အား ဆွမ်းချက်ရန် အချိန်ရောက်ပြီဖြစ်ကြောင်း၊ အလုပ်သမားတို့အားလည်း အလုပ်ဆင်းရန် အချိန်ရောက်ပြီဖြစ်ကြောင်း လိုက်လံအော်ဟစ် နှိုးဆော်ရသော လုပ်ငန်းဖြစ်၏။ ထိုလုပ်ငန်းကိုလုပ်ရာ၌ အခကြေးငွေအနေဖြင့် အိမ်တစ်လုံးလည်း ရ၏။ အစားရိက္ခာလည်း ရ၏။ ရပ်ကွက်က စုပေါင်းထောက်ပံ့ခြင်း ဖြစ်၏။ ကျန်သောအချိန်များအတွက် ကုမ္ဘဃောသကသည် "တော" သို့တက်၍ စီးပွားရှာ၏။

ကုမ္ဘဃောသကသည် နေ့စဉ် နံနက်စောစောထ၍ လှည့်လည် ဆော်ဩလေရာ ဗိမ္ဗိသာရမင်းကြီးသည် ကုမ္ဘဃောသက၏အသံကို ကြားရသဖြင့် 'ဤအသံရှင်သည်ပစ္စည်းဥစ္စာ များစွာကြွယ်ဝသော ယောကျ်ားတစ်ယောက်၏အသံဖြစ်၏' ဟု မိန့်ကြား၏။ ထိုအခါ မင်းကြီး၏အနီး၌ ရှိနေသော မောင်းမတစ်ယောက်က မင်းလုလင်တစ်ယောက်အား ကုမ္ဘဃောသကနောက်သို့ လိုက်၍ ကြည့်စေလေရာ ကုမ္ဘဃောသကသည် အထီးကျန် သူဆင်းရဲတစ်ယောက်သာ ဖြစ်ကြောင်း ပြန်လည်လျှောက်တင်၏။ မင်းကြီးလည်းဆိတ်ဆိတ်နေ၏။ သို့ရာတွင် ဒုတိယနေ့၌ ကုမ္ဘဃောသကက အော်ဟစ်နှိုးဆော်သောအခါလည်း မင်းကြီးသည် ထိုစကားကိုပင် ထပ်၍ဆို၏။ တတိယနေ့၌လည်း ကုမ္ဘ ဃောသက၏ အသံကို ကြားရပြန်သောအခါ မင်းကြီးသည် ထိုစကားကိုပင် ထပ်၍ဆိုပြန်သည်။

ဗိမ္ဗိသာရမင်းကြီးသည် အသံနှင့် ပတ်သက်သော ပညာရပ်၌ လွန်စွာ ကျွမ်းကျင်သော ပညာရှင်တစ်ဦး ဖြစ်၏။ ထို့ကြောင့် မောင်းမသည် ကုမ္ဘဃောသကနှင့် ပတ်သက်၍ စုံစမ်းခွင့်ပြုပါရန် မင်းကြီးအား လျှောက်ထား၏။ မင်းကြီးကလည်း ခွင့်ပြု၏။ ထို့နောက် စရိတ်စကအဖြစ် အသုံးပြုရန် အသပြာတစ်ထောင်ကိုလည်း မင်းကြီးက မောင်းမအား ခွင့်ပြုလိုက်၏။

ကုမ္ဘဃောသကကို စုံစမ်းရန် မောင်းမသည် မိမိ၏သမီးနှင့်အတူ "ခရီးသွား သူဆင်းရဲ" သားအမိအသွင်ဖြင့် ကုမ္ဘဃောသက နေထိုင်ရာ ရပ်ကွက်သို့ သွား၏၊ ထိုရပ်ကွက်သို့ ရောက်သောအခါ အခြားသူများ၏အိမ်၌ တည်းခိုခွင့် တောင်း၏။ အခြားသူများက ကုမ္ဘဃောသက၏အိမ်၌ ကုမ္ဘဃောသကတစ်ဦးတည်း နေထိုင်သဖြင့် နေရာထိုင်ခင်းချောင်ချိ၍ ထိုအိမ်၌တည်းခိုကြရန် လမ်းညွှန်ကြ၏။ ကုမ္ဘဃောသကကလည်း အမျိုးသမီးငယ်တစ်ယောက် ပါနေသဖြင့် ကိုယ်ကျင့်သိက္ခာ မြင့်ကျွင်းအရ မသင့်လျော်ဟု ယူဆပြီး လက်ခံရန် ငြင်းဆို၏။ သို့ရာတွင် ရပ်ကွက်၏ မေတ္တာရပ်ခံချက်အရ နောက်ဆုံး၌ ကုမ္ဘဃောသကသည် ထိုသားအမိကို သူ၏အိမ်၌ တည်းခိုခွင့် ပြုလိုက်၏။

http://www.cherrythitsar.org



နောက်နေ့တွင် ကုမ္ဘဃောသကသည် ဆော်သြရေးလုပ်ငန်းကို ဆောင်ရွက်ပြီးနောက် ပစ္စည်းဥစ္စာ ရှာဖွေရန် တောသို့ထွက်၏။ အိမ်မှမထွက်မီ နန်းတွင်းသူ အဘွားကြီးက ကုမ္ဘဃောသကအား ညဉ့်စာအတွက် ချက်ပြုတ်ထားမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ဆန်ကို ထားခဲ့စေလိုကြောင်း ပြောရာ ကုမ္ဘဃောသကက ပထမ၌ ငြင်း၏။ နောက်၌ အဘွားကြီး၏ စေတနာကို နားလည်ပြီး ဆန်ကို ပေးခဲ့၏။ နန်းတွင်းသူသားအမိလည်း နန်းတွင်းချက်ပြုတ်နည်းအတိုင်း ချက်ပြုတ်ထား၏။

ကုမ္ဘဃောသကသည် သူ့တစ်သက်တွင် တစ်ခါမျှ မစားဖူးသော နန်းတွင်း အစားအစာများကို စားရသဖြင့် အရသာ တွေ့လေ၏။ နန်းတွင်းသူ သားအမိအား လည်း ပို၍ သံယောဇဉ်ဖြစ်၏။ သို့ရာတွင် ကုမ္ဘဃောသကသည် လော်လည် ပေါ့တန်သော ယောကျ်ားမျိုး မဟုတ်။ အကျင့်စာရိတ္တ ခိုင်မာပြီး ယောကျ်ားပီသ သော ယောကျ်ား ဖြစ်၏။ ထို့ကြောင့် နန်းတွင်းသူ သားအမိနှင့် ဆက်ဆံရာတွင် လေးလေးနက်နက်နှင့် လေးလေးစားစား သဘောထား၍ ဆက်ဆံ၏။ အိမ်ရှင် ကောင်းတစ် ယောက်အနေဖြင့် ဆက်ဆံ၏။ ခွန်အားငယ်သူများ၏ အားကိုးရာ ပုဂ္ဂိုလ် တစ်ဦးအနေဖြင့် ဆက်ဆံ၏။ ထို့ကြောင့် နန်းတွင်းသူအဘွားကြီးသည် သမီးနှင့် ထိမ်းမြားရန် ဆုံးဖြတ်လိုက်၏။ ထိုဆုံးဖြတ်ချက်အတိုင်း အကောင် အထည်ပေါ်လာရန် စီမံ၏။

တစ်နေ့တွင် ကုမ္ဘဃောသက တောသို့သွားခိုက် သူ၏အိပ်ရာ ကြိုးခုတင်မှ ကြိုးများကို ဖြတ်ထားလိုက်၏။ ကုမ္ဘဃောသက ပြန်လာသောအခါ ရပ်ကွက် အတွင်းမှ သူငယ်အချို့ အိမ်တွင်းသို့ ဝင်ရောက်၍ ကုမ္ဘဃောသက၏အိပ်ရာ ကြိုးခုတင်ပေါ်၌ စုပြုံပြီးထိုင်ကြသောကြောင့် ကြိုးများပြတ်သွားကြောင်း၊ မထိုင် ရန် တားမြစ်သော်လည်း မရကြောင်းဖြင့် နန်းတွင်းသူ အဘွားကြီးက ကုမ္ဘ ဃောသကအားရှင်းပြ၏။ ဤသည်မှာ ကုမ္ဘဃောသကနှင့် သမီးငယ်တို့ ထိမ်းမြား ရသောအခြေသို့ ရောက်လာအောင် တမင်ဖန်တီးခြင်းဖြစ်၏။ ဤသို့မှ မဖန်တီး လျှင်လည်း မဖြစ်၊ ကုမ္ဘဃောသကသည် အလွန်စည်းစောင့်သူ ဖြစ်၏။

သို့ဖြစ်လေရာ ကုမ္ဘဃောသကသည် သူဌေးတစ်ဦးဖြစ်ကြောင်း ဖော်ထုတ် ရန် ရည်ရွယ်ချက်ဖြင့် လာရောက်ကြသော နန်းတွင်းသူ သားအမိ၏ ဆောင်ရွက် ချက်များသည် အောင်မြင်မှုဖြစ်မည်။ ထိုသို့ အောင်မြင်မှုလည်း ဗိမ္ဗိသာရမင်းကြီး ၏ အသံနှင့်ပတ်သက်သော အတတ်ပညာသည် ပေါ်လွင်လာမည်၊ သို့မဟုတ် ပါက မင်းကြီးသည် နန်းတွင်းပရိသတ်၏ ပြက်ရယ်ပြုခြင်းကို ခံရပေလိမ့်မည်။ ထို့ကြောင့် နန်းတွင်းသူသားအမိသည် မိမိတို့၏လုပ်ငန်းကို အောင်မြင်အောင် မဖြစ်လျှင် ဖြစ်သည့်နည်းဖြင့် ဆောင်ရွက်ခြင်း ဖြစ်၏။

http://www.cherrythitsar.org



ကုမ္ဘဃောသကအတွက် အိပ်ရန်နေရာ မရှိသောအခါ မိခင်က သမီးအား အိပ်ရာပြင်ပေးရန် ပြော၏။ သမီးကလည်း မိမိ၏အိပ်ရာကို ထက်ဝက်ခွဲ၍ အိပ်ရန် ခင်းပေးလိုက်၏။ ပုထုဇဉ်တို့သဘာဝအတိုင်း ကုမ္ဘဃောသကနှင့် အမျိုးသမီးငယ်တို့သည် အိပ်ရာတစ်ခုတည်းအတူအိပ်ကြသဖြင့် ဖောက်ဖျားကြ၏။ ထိုအခါ အမျိုးသမီးငယ်သည် မိခင်အား ညဉ့်နက်သန်းခေါင်အချိန်တွင် ငိုယို၍ တိုင်တန်း၏။ မိခင်ကလည်း နှစ်ဦးလုံးအား ဖျောင်းဖျပြောဆို၍ ထိမ်းမြားပေးလိုက်၏။ မိသားစုသုံးဦးလုံးပင် ပျော်ရွှင်ချမ်းမြေ့စွာ အိမ်၌ အတူနေကြ၏။ ကုမ္ဘဃောသကသည် ဓနီး၏မိခင်ကိုလည်း မိမိ၏မိခင်သဖွယ် သဘောထား၏။ လေးစား၏။ စကားကို နားထောင်၏။ ဤသည်မှာ နန်းတွင်းသူ မိခင်ကြီးလိုချင်သောအဓိက အချက် ဖြစ်၏။

မိမိအပေါ် ကုမ္ဘဃောသက၏ လေးစားမှုကို အခွင့်အရေးယူ၍ နန်းတွင်းသူ အဘွားကြီးသည် ကုမ္ဘဃောသက၏ ဇာတိရုပ်ကို ပေါ်အောင်ဖော်ရပေလိမ့်မည်။ ဘုရင် ဗိမ္ဗိသာရ၏ မိန့်ကြားချက် မှန်ကန်ကြောင်း သက်သေပြနိုင်ရန် အရေးကြီးပါ၏။ သက်သေပြနိုင်ရန် အထောက်အထားသည်လည်း နန်းတွင်းသူ အဘွားကြီးအပေါ်၌တည်၏။ ထို့ကြောင့်အဘွားကြီးသည် ထိုမျှလောက် ကြိုးစားခြင်း ဖြစ်၏။

ထို့နောက် အဘွားကြီးသည် ဖြစ်စဉ်များကို မင်းကြီးအား အထောက်တော်များမှတစ်ဆင့်တင်လျှောက်၏။ ထို့အပြင် ကုမ္ဘဃောသကတို့နေထိုင်ရာ ရပ်ကွက်၌ ပွဲလမ်းသဘင်ကို အိမ်တိုင်းအိမ်တိုင်း ကျင်းပရမည်ဖြစ်ကြောင်း၊ အကယ်၍ မကျင်းပလျှင် ဤမည်သော မင်းပြစ်မင်းဒဏ်ကို သင့်စေရမည်ဖြစ်ကြောင်း အမိန့်တော် ထုတ်ဆင့်ပေးပါရန်လည်း လျှောက်ထားလိုက်၏။ ကိုယ်လုပ်တော် မောင်းမ လျှောက်ထားသည့်အတိုင်း မင်းကြီးက အမိန့်တော် ထုတ်ဆင့်လိုက်၏။

ဘုရင်မင်းမြတ်၏ အမိန့်တော်အတိုင်း ပွဲလမ်းသဘင် ကျင်းပရန် ယောက္ခမကြီးက ကုမ္ဘဃောသကအား ငွေရှာခိုင်း၏။ ကုမ္ဘဃောသကကလည်း သူ့မှာ ငွေမရှိကြောင်း ပြန်လည်ပြောပြရာ မင်း၏အမိန့်ကို လွန်ဆန်၍ မဖြစ်ကြောင်း၊ အကယ်၍ ကိုယ်ပိုင်ငွေ မရှိလျှင် ချေးငှား၍ပင် လုပ်ရမည်ဖြစ်ကြောင်း၊ ချေးငှား၍လုပ်လျှင် နောင်ပြန်ဆပ်နိုင်သေးကြောင်း၊ မင်းပြစ်မင်းဒဏ်ကို ခံရပါက ဘဝသက်တမ်းတစ်လျှောက်တွင် ဖျက်၍မရကောင်းသော အမည်းစက် ထင်နေလိမ့်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ငွေကိုမရလျှင် ရသည့်နည်းဖြင့် ရှာရမည်ဖြစ်ကြောင်း၊ ထိုသို့ ရှာရာတွင်လည်း ဒုစရိုက်နည်းဖြင့် ရှာရမည်မဟုတ်ကြောင်း၊ အကယ်၍ ဒုစရိုက်နည်းဖြင့် ရှာပါက နောက်ထပ် မင်း၏အမိန့်ကို လွန်ဆန်ရာ

http://www.cherrythitsar.org



ရောက်ကြောင်းရှင်းပြပြီး ယောက္ခမကြီးကကုမ္ဘဃောသကအား ငွေရှာရန် အတင်းတိုက်တွန်း၏။

ကုမ္ဘဃောသကသည် မိမိကိုယ်မိမိ "ဖွဲ့စံလိုက်စေ" ဟူသော ကျင့်ဝတ်နှင့်ညီအောင် ကျင့်ဆဲသာဖြစ်၍ ကျင့်ပြီးသောအဆင့်သို့ မရောက်သေးမှန်းသိ၏။ ထို့ကြောင့် သူသည် မိဘ၏အမွေ ကုဋေလေးဆယ်ထဲမှ တစ်ပြားတစ်ချပ်မျှ ယူ၍ မသုံးစွဲလို။ သို့ရာတွင် သူ့မှာ ကိုယ်ပိုင်ငွေလည်း မရှိ။ ထို့ကြောင့် ကုမ္ဘဃောသကသည် မိဘအမွေ ကုဋေလေးဆယ်ထဲမှ သင့်လျော်သလောက် အချို့ကိုယူပြီး ယောက္ခမကြီးအား ပေးအပ်လိုက်၏။ ယောက္ခမကြီးကလည်း ထိုငွေကို မင်းကြီးအား ဆက်သလိုက်၏။ ပွဲလမ်းသဘင်အတွက် ကုန်ကျငွေကိုမူ သူက စိုက်လိုက်၏။

ကာလအတန်ကြာလျှင် ပွဲလမ်းသဘင် ကျင်းပရန် အမိန့်ရောက် လာပြန်၏။ ရှေးနည်းအတူပင် ယောက္ခမကြီးက ကုမ္ဘဃောသကအား ငွေရှာခိုင်းပြန်၏။ ကုမ္ဘဃောသကကလည်း မိမိ၏အမွေ ကုဋေလေးဆယ်ထဲမှ သင့်လျော်သလောက် အချို့ကိုယူ၍ ယောက္ခမကြီးအား ပေးလိုက်ပြန်၏။ ယောက္ခမကြီးကလည်း ထိုငွေကို မင်းကြီးအား ဆက်သလိုက်၏။ ထို့နောက် ကုမ္ဘဃောသကအား ခေါ်ယူစစ်ဆေးရန် မင်းကြီးအား လျှောက်ထားလိုက်၏။

ကုမ္ဘဃောသကသည် သူ့ကိုယ်သူ "သားကောင်း"တစ်ယောက် အဖြစ်သို့ မရောက်သေးဟု ယူဆထားသော်လည်း သူ၏ယူဆချက် မမှန်ကန်ဘဲ ဓမ္မနိယာမအတိုင်း ကံသည် အကျိုးပေးချိန်သို့ ရောက်လေပြီ။ အတားအဆီး "နီဝရဏ" တံခါးများက သူ၏ကံကို မတားမြစ်နိုင်တော့။ အတားအဆီး နီဝရဏတံခါးသည် သဂြိုဟ်ကျမ်းအရ ၆ ပါးရှိ၏။ လိုချင်လွန်းအားကြီးလျှင်လည်း မရတတ်။ "မရလျှင်သိစေမည်" ဟူ၍ ဒေါသ အားကြီးလွန်းလျှင်လည်း မရတတ်။ ပျင်းရိခြင်း အားကြီးလျှင်လည်း မရတတ်။ စိတ်ပျံ့လွင့်လွန်းလျှင်လည်း မရတတ်။ ယုံမှား သံသယ ဖြစ်လွန်းလျှင်လည်း မရတတ်။ အမှားကိုအမှန်၊ အမှန်ကိုအမှား ဟူ၍ ပြောင်းပြန် အသိမှားနေလျှင်လည်း မရတတ်။ ဤ ၆ မျိုးသည် ကုသိုလ်တရား ဟူသမျှ၏ ဖြစ်ပေါ်မှုကို တံခါးသဖွယ် ပိတ်ပင်တားဆီးတတ်သောကြောင့် နီဝရဏဟူ၍ ဆိုရ၏။ ထိုတံခါး ၆ ပေါက်ကို ကုမ္ဘဃောသကသည် ဗိုလ် ၅ ပါးဖြင့် ဖွင့်ပြီးဖြစ်၏။ ထို့ကြောင့် ကုမ္ဘဃောသက၏ ကုသိုလ်သည် အတားအဆီး မရှိတော့သောကြောင့် ဝင်၍ အကျိုးပေးပေတော့မည်။ သို့ရာတွင် သူ၏ကုသိုလ်သည် ကြောက်မက်ဖွယ်အသွင်ဖြင့်လာလေ၏။ အတွင်းနှံ့ အရသာကို ဆောင်ယူလာသော ဒုးရင်းသီးပမာသာတည်း။

## ရာပြည့်တာအုပ်တိုက်

http://www.cherrythitsar.org



မင်းကြီး၏ အမိန့်အရ မင်းလုလင်တို့သည် ကုမ္ဘဃောသကကို ခေါ်ဆောင်သွားရန် ရောက်လာကြ၏။ ကုမ္ဘဃောသကကလည်း မင်းနှင့်ပတ်သက်သော အပြစ်တစ်စုံတစ်ရာ မရှိသဖြင့် မလိုက်လိုကြောင်း ငြင်းဆန်၏။ သို့ရာတွင် မင်း၏အမိန့်အတိုင်း မင်းလုလင်များက ကုမ္ဘဃောသကကို အနိုင်အထက်ပြု၍ နန်းတော်သို့ ခေါ်ဆောင်သွားကြ၏။

နန်းတွင်းသူ မောင်းမသားအမိသည်လည်း နန်းတော်သို့ ပြန်ကြ၏။ နောက်တစ်နေ့ ညီလာခံတွင် မင်းကြီးက ကုမ္ဘဃောသကအား စစ်မေး၏။ အထောက်အထားအဖြစ် ကုမ္ဘဃောသကထံမှ ရထားသော အသပြာကို မင်းကြီးက ပြ၏။ ကုမ္ဘဃောသကမတတ်နိုင်တော့။ ညီလာခံတွင် ခစားနေကြသော မောင်းမပရိသတ်ဘက်သို့ လှည့်ကြည့်လိုက်ရာ သူ့ဇနီးနှင့် မိခင်ကို နန်းတွင်းဝတ်စုံနှင့် တွေ့ရ၏။ ထိုအခါ မိမိ၏အသပြာများ မင်းကြီးထံ ရောက်သွားသော အကြောင်းကို သိရတော့၏။

ကုမ္ဘဃောသကသည် ဖြစ်ရပ်မှန်အားလုံးကို မင်းကြီးအား အပြည့်အစုံ ပြောဆိုလျှောက်ထား၏။ မိမိ၏အမွေ ကုဋေလေးဆယ်ကိုလည်း မင်းကြီးအား အပ်နှံလိုက်၏။ မင်းကြီးသည် ကုမ္ဘဃောသက၏ ဥစ္စာများကို လှည်းများဖြင့် သယ်ဆောင်၍ မင်းရင်ပြင်၌ စုပုံစေ၏။ ထို့နောက် ရာဇဂြိုဟ် ပြည်သူပြည်သားများအား မင်းရင်ပြင်၌ စုဝေးစေပြီး ကုမ္ဘဃောသက၏ ပစ္စည်းဥစ္စာများကို ပြသလိုက်၏။

ရာဇဂြိုဟ် ပြည်သူပြည်သားများ၏ သဘောတူညီချက်အရ ကုမ္ဘဃောသကအား ရာဇဂြိုဟ်ပြည်၏ သူဌေးရာထူး၌ထား၍ မင်းကြီးက မြှောက်စား၏။ သမီးတော်နှင့်လည်း ထိမ်းမြားပေးလိုက်၏။ ကုသိုလ်ဖြစ်စေ၊ အကုသိုလ်ဖြစ်စေ ကံတရားသည် စွမ်းအားကြီးမားလာပါက ယင်း၏အကျိုးကို မည်သူမျှ မတားမြစ်နိုင်ဟူ၍ ကျမ်းဂန်များ၌ ဆိုပါ၏။

ကုမ္ဘဃောသကသည် သူဌေးရာထူးကို မရမီကလည်း သူ၏ စိတ်ထားသည် လုံ့လဝီရိယနှင့်ယှဉ်၏။ သတိသမ္ပဇဉ်နှင့်ပြည့်စုံ၏။ ခုစရိုက်တို့မှ စင်ကြယ်သောလုပ်ငန်းကိုသာ လုပ်၏၊ ရှူးစမ်းဆင်ခြင်မှုနှင့် ပြည့်စုံ၏။ ကိုယ်နှင့်နှုတ်ကို ထိန်းသိမ်း၏။ တရားသဖြင့် အသက် မွေးမြူ၏။ ယခု သူဌေးရာထူးကို ရပြီးနောက်လည်း သူ၏စိတ်ထားသည် ပြောင်းလဲခြင်းမရှိ။

ဟိတောပဒေသ၌ တဝပျက်ခြင်းနှင့် ပတ်သက်၍ အကြောင်းလေးပါးကို ဤသို့ ဖော်ပြထား၏၊ ပထမအကြောင်းမှာ ရူပကာယနှင့် ပြည့်စုံခြင်းဖြစ်၏။ ရုပ်ရည်ရူပကာယနှင့် ပြည့်စုံလျှင် ပရိသတ်သည်ဝိုင်းဝိုင်းလည်တတ်၏။ ဒုတိယအကြောင်းမှာ ဥစ္စာဓနနှင့် ပြည့်စုံခြင်းဖြစ်၏။ ဥစ္စာဓန ပြည့်စုံလျှင်လည်း

http://www.cherrythitsar.org



ပရိယတ်သည် ဝိုင်းဝိုင်းလည်လည်ပင် ဖြစ်၏၊ တတိယအကြောင်းမှာ အာဏာရှိခြင်း ဖြစ်၏။ အာဏာရှိလာလျှင် ဆည်းကပ်စားသူများသည် ဝင်ပေါက်အမျိုးမျိုးမှ ဝင်ရောက်၍ ချဉ်းကပ်လာကြ၏။ စတုတ္ထအကြောင်းမှာ အမှားနှင့်အမှန်ကို ခွဲခြား၍ မသိခြင်း ဖြစ်၏။ အမှားနှင့်အမှန်ကို ခွဲခြား၍မသိသောအခါ အလျှင်ဦးအောင် ပြောသူ၏စကားကို ယုံတတ်၏။ မိမိ၏ ဝေယျာဝစ္စ လုပ်ပေးသူကိုသာ ဦးစားပေးတတ်၏။ နိုင်ငံအတွက် တာဝန်ကျေအောင် ဆောင်ရွက်သူကို ဦးစားမပေးတတ်။ အရည်အသွေးနှင့် ကိုယ်ကျင့်သိက္ခာ၌ သက်ဝင်ယုံကြည်၍ ဆည်းကပ်လာသူများမှတစ်ပါး အထက်ဖော်ပြပါ အကြောင်းများကြောင့် ဆည်းကပ်လာသူများသည် ဆိုင်ရာပုဂ္ဂိုလ်များ၏ ဘဝကို အနေးနှင့်အမြန် ဖျက်ဆီးကြမည့်သူများသာ ဖြစ်ကြ၏။

ကုမ္ဘဃောသကသည် ဟိတောပဒေသလာ ဘဝပျက်ခြင်း၏ အကြောင်းလေးပါးနှင့် အထိုက်အလျောက် ပြည့်စုံသူ ဖြစ်၏။ သို့ရာတွင် ကုမ္ဘဃောသကသည် ဘဝမပျက်။ ဘဝကို နိုင်အောင်ထိန်းနိုင်သူ ဖြစ်၏။ သူ့၌ ပြတ်သားသော ရည်ရွယ်ချက် ရှိ၏။ ထိုရည်ရွယ်ချက်ကား သူ၏ လုပ်အားဟူ၍ တစ်စုံတစ်ရာ ပါဝင်ခြင်းမရှိဘဲ မိဘအမွေ ကုဋေလေးဆယ်ကို လက်ခံနိုင်အောင် “မွေ့ခံထိုက်ပေ” ဟူသော သားသမီးကျင့်ဝတ်နှင့် ညီအောင်ကျင့်ရမည်ဟူသော ရည်ရွယ်ချက် ဖြစ်၏။ ထိုရည်ရွယ်ချက် ပြည့်အောင်ကျင့်ရာ၌ ဇွဲလုံ့လလည်း ရှိ၏။ စိတ်ဓာတ်လည်း ခိုင်မာ၏။ စူးစမ်း ဆင်ခြင်ဉာဏ်လည်း ရှိ၏။ ထို့ကြောင့် ကုမ္ဘဃောသကသည် သူ၏ဘဝကို မပျက်အောင် ထိန်းနိုင်ခြင်းဖြစ်၏။ ပြတ်သားသော ရည်ရွယ်ချက်ရှိခြင်း၊ ဇွဲလုံ့လရှိခြင်း၊ စိတ်ဓာတ်ခိုင်မာခြင်း၊ အသိဉာဏ်ပညာရှိခြင်း၊ ဤဓမ္မလေးမျိုးကို တန်ခိုးဣဒ္ဓိပါဒ်ဟူ၍ ကျမ်းဂန်များ၌ ဆိုကြပါ၏။ တန်ခိုးဣဒ္ဓိပါဒ်ရှိလျှင် လောကီရေးရာ၌ဖြစ်စေ၊ လောကုတ္တရာရေးရာ၌ ဖြစ်စေ မိမိ၏ ရည်မှန်းချက်အတိုင်းဖြစ်အောင် ဆောင်နိုင်၏။ ထို့ကြောင့် ဗိမ္ဗိသာရမင်းကြီးသည် ကုမ္ဘဃောသကအား ချီးမြှောက်ခြင်းဖြစ်၏။

တစ်ရက်တွင် ဗိမ္ဗိသာရမင်းကြီးသည် ကုမ္ဘဃောသကအား မြတ်စွာဘုရားထံသို့ ခေါ်သွား၏။ ထိုစဉ်က မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူလျက် ရှိ၏။ ထို့နောက် ကုမ္ဘဃောသက၏ ဖြစ်ရပ်များကို မြတ်စွာဘုရားအား လျှောက်ထား၏။ ထိုအခါ မြတ်စွာဘုရားက ဤသို့ မိန့်တော်မူ၏။

— **ဇွဲလုံ့လရှိသော၊ သတိရှိသော၊ ဒုစရိုက်တို့မှ ကင်းသဖြင့် စင်ကြယ်သော လုပ်ငန်းရှိသော၊ ပညာဖြင့် စူးစမ်းဆင်ခြင်တတ်သော၊**

http://www.cherrythitsar.org



– **ကိုယ်နှုတ် နှလုံးကို စောင့်စည်းသော၊ တရားသဖြင့် အသက်မွေးသော မဟာမင်္ဂလာသုတ်တရားနှင့်ပြည့်စုံသူအား ကျော်စောခြင်းသည် အစဉ် တိုးပွား၏။**

ဤလောက၌ လူတို့သည် ရည်မှန်းချက်ရှိသူများလည်းရှိကြ၏။ ရည်မှန်းချက်မရှိဘဲ ပေါ့ပေါ့တန်တန် နေသူများလည်း ရှိကြ၏။ ရည်မှန်းချက် မရှိဘဲ ပေါ့ပေါ့တန်တန်နေသူများသည် သူဌေးဖြစ်ဖြစ်၊ ဆင်းရဲသားဖြစ်ဖြစ် ရခဲလှစွာသော "လူ့ဘဝ" ကို အကျိုးမဲ့ အချည်းနှီး ဖြုန်းတီးနေသူများ ဖြစ်ကြ၏။ အမှန်အားဖြင့် လူ့ဘဝဟူသည် မိမိအတွက် စားရုံ၊ သောက်ရုံ၊ ပျော်ရွှင်ရုံမျှသာ အနက်ရှိသည်မဟုတ်။ လူ့ဘဝဟူသည် ထိုမျှလောက်သာအနက်ရှိသည် ဆိုပါက ရှေးခေတ် မိဿာဒိဋ္ဌိ (စာဝါက) ဂိုဏ်း၏ အဆိုအမိန့်ကို လိုက်နာရာရောက်၏။ လူ့ဘဝဟူသည် ပျော်ရွှင်စရာကောင်းလှသော ကစားကွင်းသဖွယ် ဖြစ်၏ဟူ၍ စာဝါက ဂိုဏ်းသားများက ဆိုကြ၏။ လူ့ဘဝ၏ အနှစ်သာရကား "ကတညုတာ ကတဝေဒီ" မင်္ဂလာတရားတော်အရ ပတ်ဝန်းကျင်ကို အတတ်နိုင်ဆုံး ကျေးဇူး ဆပ်ရန် ဖြစ်၏။

ပတ်ဝန်းကျင်တွင် သက်ရှိသက်မဲ့ အားလုံးပါဝင်၏။ ပတ်ဝန်းကျင်ကို အနိုင်ကျင့်၍လည်း ရ၏။ ပံ့ပိုး၍လည်း ရ၏။ ပတ်ဝန်းကျင်ကို အနိုင်ကျင့်သူသည် သစ္စာမဲ့သူ ဖြစ်၏။ ကျေးဇူးမဲ့သူဖြစ်၏။ မိမိ၏ဘဝရှင်သန်နေခြင်းသည် ပတ်ဝန်း ကျင်က တစ်နည်းနည်းဖြင့် ပံ့ပိုးပေးနေသောကြောင့်ဖြစ်၏။ သို့ဖြစ်၍ ပတ်ဝန်း ကျင်ကို ပြန်လည်၍ ကျေးဇူးဆပ်ရန် တာဝန်ရှိ၏။ ဤသို့ ကျေးဇူးဆပ်ခြင်းကို မင်္ဂလာဟူ၍ ဆိုရ၏။

သက်ရှိပတ်ဝန်းကျင်ကို အုပ်စုခွဲလိုက်လျှင် မိမိထက်မြတ်သူလည်း ရှိ၏။ မိမိနှင့်တန်းတူလည်း ရှိ၏။ မိမိထက် နိမ့်သူလည်းရှိ၏။ ထိုသုံးမျိုးလုံးပင် မိမိဘဝ ရှင်သန်နေရေးအတွက် သူ့နည်းနှင့်သူ ကျေးဇူးပြုနေသူများ ဖြစ်ကြ၏။ ထို့ကြောင့် ပတ်ဝန်းကျင်ကို ကျေးဇူးဆပ်သောအခါ မိမိထက် မြင့်မြတ်သူများကို "ပူဇော်" သောအားဖြင့် ဆပ်ရ၏။ မိမိနှင့်တန်းတူများကို "ကူညီပံ့ပိုး" သော အားဖြင့် ဆပ်ရ၏။ မိမိထက် နိမ့်ကျသောသူများကို "ချီးမြှောက်" သောအားဖြင့် ဆပ်ရ၏။ ဤနည်းမှာ သက်ရှိပတ်ဝန်းကျင်အပေါ် ပြန်လည်၍ ကျေးဇူးဆပ်နည်း ဖြစ်၏။ သက်မဲ့ပတ်ဝန်းကျင်ကိုမူ ပြုစုမြုံးထောင်သောအားဖြင့် ဆပ်ရ၏။

ထိုသို့ကျေးဇူးဆပ်ရာတွင် သဒ္ဓါတရားနှင့်တကွ တက်တက်ကြွကြွ ရှိဖို့ လည်း လို၏။ ဂုဏ်းစမ်းဆင်ခြင်တတ်ဖို့လည်း လို၏။ ယဉ်ကျေးသိမ်မွေ့ဖို့လည်း လို၏။ တရားနှင့်အညီ အသက်မွေးဖို့လည်း လို၏။ ကုသိုလ်ကောင်းမှုတို့၌

http://www.cherrythitsar.org



မမေ့မလျော့ဖို့လည်း လို၏။ ထိုအခါ ထိုသူ၏သန္တာန်၌ စစ်မှန်သော ဥစ္စာရတနာသည် အရိပ်ပမာ ကောက်ကောက်ပါ၏။ ထိုဥစ္စာကို သူတော်ကောင်းတို့၏ ဥစ္စာရတနာ ခုနစ်ပါးဟူ၍ ဆိုရ၏။ သူတော်ကောင်းတို့၏ ဥစ္စာရတနာ ခုနစ်ပါးကို ပိုင်ဆိုင်ထားသူအတွက် ကုဋေလေးဆယ်သည် ပြောပလောက်သောဥစ္စာရတနာများ မဟုတ်တော့။ သို့ရာတွင် ကုဋေလေးဆယ်ကို ပတ်ဝန်းကျင်အား ကျေးဇူးပြုရာ၌ အသုံးချနိုင်ပါ၏။ ဤသည်မှာ မြတ်စွာဘုရားက ဗိမ္ဗိသာရမင်းကြီးနှင့် ကုမ္ဘဃောသကတို့အား ဟောကြားတော်မူသော ဂါထာ၏ ဒေသနာ အနက် ဖြစ်၏။

ကုမ္ဘဃောသကသည် ဂါထာကို ကြားနာရင်း ရှေးဦးစွာ နှစ်သက်ခြင်း "ပီတိ" ဖြစ်၏၊ ထို့နောက် ငြိမ်းအေးခြင်း "ပဿဒ္ဓိ" ဖြစ်၏။ ထို့နောက် ချမ်းသာခြင်း "သုခ" ဖြစ်၏။ ထို့နောက် တည်ကြည်ခြင်း "သမာဓိ" ဖြစ်၏။ ထို့နောက် အမှန်အတိုင်းသိခြင်း "ယထာဘူတ" ဉာဏ်၊ ငြီးငွေ့ခြင်း "နိဗ္ဗိဒါ" ဉာဏ်၊ "ဝိရာဂ" ခေါ် မဂ်ဉာဏ်တို့ အစဉ်အတိုင်း ဖြစ်ပြီးနောက် ကုမ္ဘဃောသကသည် သောတာပန်ဖြစ်သွား၏။ ထိုအခါ ကုမ္ဘဃောသကသည် အမွေခံထိုက်သော သားကောင်း တစ်ယောက်ဖြစ်ရန် ကြိုးပမ်းရာမှ ထိုထက် ပိုမိုသောတရား၏ အနက်ကို သိလာပြီး ပတ်ဝန်းကျင်အပေါ် ထိုက်ထိုက်တန်တန် ကျေးဇူးဆပ်နိုင်သော အရိယာ သူတော်စင်အဖြစ်သို့တိုင်အောင် ရောက်သွားလေ၏။

# စူဠပန် မထေရ်

မဟာပန်နှင့် စူဠပန်သည် ရာဇဂြိုဟ်သူဌေးကြီး "ဓနသေဋ္ဌိ" ၏ တစ်ဦးတည်းသော သမီးမှ မွေးဖွားလာသော မြေးများ ဖြစ်ကြ၏။ မဟာပန်က အကြီး၊ စူဠပန်က အငယ်၊ သူဌေးကြီးသည် မြေးနှစ်ယောက်ကိုသာ မွေးမြူ၏။ ထိန်းသိမ်း၏။ စောင့်ရှောက်၏။ သူ၏ အမွေစား အမွေခံအဖြစ် သတ်မှတ်၏။ နှလုံးပိုက်ထား၏။ သို့ရာတွင် သူ၏သမီးအရင်း မြေးနှစ်ယောက်တို့၏မိခင်နှင့် သူ၏သမက်တို့သည် အသက်ရှင်လျက် ရှိနေသေးပါသော်လည်း သူဌေးကြီးနှင့် သူဌေးကတော်ကြီးနှစ်ဦးလုံးက သားသမီးအဖြစ်မှ အပြီးတိုင် စွန့်ပယ်ထား၏။ မိဘတို့ဝတ္တရား ရှိသည့်အတိုင်း ရင်းနှီးစားသောက်ဖို့ ပစ္စည်းဥစ္စာများကိုမူ အပြတ်ပေးလိုက်၏။ ဤဘဝတွင် နောက်ထပ် မမြင်လိုတော့။ ဖြစ်နိုင်လျှင် ဤဘဝ၌သာမက သံသရာ၌ပင် မဆုံလိုတော့။ အချစ်ကြီးကအမျက်ကြီးသည့် ပုထုဇဉ်တို့၏ စရိုက်ပေတကား။

http://www.cherrythitsar.org



ထိုစဉ်က သူဌေးကြီးနှင့် သူဌေးကတော်ကြီးတို့သည် မိမိတို့၏ တစ်ဦးတည်းသော သမီးဖို့ ချစ်လှ၏။ မြတ်နိုးလှ၏။ ဘုံခုနစ်ဆင့်ပြာသာဒ်၌ ရံရွေတော်များနှင့် ထား၏။ ယောကျ်ားဆိုလျှင် အနီးပင် မသီရ၊ ထိုမျှလောက် စောင့်ရှောက်၏။ ထိန်းသိမ်း၏။ အချိန်တန်မှ မျိုးတူရည်တူအမျိုးကောင်းသားများနှင့်စေ့စပ်၍ ထိမ်းမြားပေးရန် ရည်ရွယ်ထား၏။ သမီး၏အိမ်ထောင်ဖက်အား သမီးကို ရွေးချယ်ခွင့် မပေး။ မိဘများက ရွေးချယ်မှ ပို၍နိုင်မာသော အိမ်ထောင်ရေးကို တည်ဆောက်နိုင်မည်ဟု ယုံကြည်ထား၏။ ဤသည်မှာ သူဌေးကြီးနှင့် သူဌေးကတော်ကြီးတို့၏ ခိုင်မာသော ယုံကြည်ချက်ဖြစ်၏။ ဆုံးဖြတ်ချက်လည်း ဖြစ်၏။

ဒေသနာတော်အရ ဘဝဟူသည် ကံ၏စက်ဝန်းတွင်း၌ ရှိ၏။ ကံ၏စက်ဝန်းကို ဉာဏ်ကတည်ဆောက်၏။ အဆောက်အအုံတစ်ခုတည်ဆောက်ရာတွင် ကံသည် ဆောက်လုပ်ရေးပစ္စည်းနှင့် တူသည်ဟုဆိုလျှင် ဉာဏ်သည် ဗိသုကာနှင့် တူလေ၏။

သူဌေးသမီးသည် သူ၏ဘဝကိုတည်ဆောက်ရာတွင် သူ့၌ရှိသော ကံများကို သူ၏ဉာဏ်ဖြင့် အသုံးပြု၍ တည်ဆောက်ခြင်းဖြစ်၏။ ဉာဏ်ကို အသုံးပြုရာတွင် ပံ့ပိုးမှုများအနေဖြင့် ပတ်ဝန်းကျင်၏သဘာဝလည်း ပါ၏။ ပတ်ဝန်းကျင်၏ အမြင်လည်း ပါ၏။ ပတ်ဝန်းကျင်၏ ဓလေ့လည်း ပါ၏။ မိမိ၏မွေးရာပါဉာဉ်လည်း ပါ၏။ ဤသဘာဝ လေးခုတို့က မိမိအသုံးပြုသော ဉာဏ်အပေါ်၌ ပံ့ပိုး၏။ များစွာဖိအားပေး၏။ ဒေသနာတော်အရ ဤသဘာဝလေးခုကို ဥပါဒါန်ဟု ဆို၏။ "ဥပါဒါနပစ္စယာဘဝေါ"အရ ဥပါဒါန်များကို ဉာဏ်ဖြင့် ကောင်းစွာ အသုံးပြုနိုင်လျှင် ကောင်းသောဘဝ ဖြစ်လာ၍ ဉာဏ်ဖြင့် ကောင်းစွာအသုံးမပြုနိုင်လျှင် မကောင်းသောဘဝ ဖြစ်သွားရ၏။ ထို့ကြောင့် ဘဝကို တည်ဆောက်ရာတွင် ဉာဏ်သည် များစွာအရေးကြီးသဖြင့် ဘဝ၏ဗိသုကာ ဖြစ်လေ၏။ သူဌေးသမီးသည် သူ၏ဉာဏ်ကို မည်သို့ အသုံးပြုပါလေသနည်း။ သူ၏ဉာဏ်သည်လည်း မည်မျှလောက် ထက်မြက်ပါလေသနည်း။

သူဌေးသမီးသည် မိဘများ မျှော်မှန်းထားသည့်အတိုင်း မိမိ၏ အိမ်ထောင်ဖက်ကို မိဘများအား ရွေးချယ်ခွင့်မပေးဘဲ သူကိုယ်တိုင်ရွေးချယ်၏။ သူရွေးချယ်သော အိမ်ထောင်ဖက်ကား မျိုးတူရည်တူ အမျိုးကောင်းသားမဟုတ်၊ အိမ်၌ ခိုင်းစေထားသော အခိုင်းအစေဖြစ်၏။ ထိုအခါ သူဌေးသမီးသည် မိဘများကို ရင်မဆိုင်ရဲတော့သဖြင့် အိမ်မှ သူ၏ခင်ပွန်းနှင့်အတူ ထွက်ခွာ၏။ အသိအကျွမ်းများ လုံးဝမရှိသော ဒေသ၌အခြေချ၏။ "တူနှစ်ကိုယ် တဲအိုဖုက်"၌ နေထိုင်ခြင်းဖြစ်၏။ သူ၏ခင်ပွန်းအပေါ် ထားရှိသော သူဌေးသမီး၏မေတ္တာကား နောက်ပြန်

မဆုတ်သော မေတ္တာဖြစ်၏။ လောကဓံတရားများ၏ ဟိုတက်ဒီတက် မငြိမ်းငြိမ်ထဲ အလယ်၌ မတ်မတ်ရပ်နိုင်သောမေတ္တာ ဖြစ်၏။ ထို့ကြောင့် ထိုမေတ္တာသည် အင်ပြည့်အားပြည့်ရှိလှ၏။ အင်ပြည့်အားပြည့် ရှိသဖြင့်လည်း ပါရမီရှင် မဟာပန်နှင့် စူဠပန်သားမြတ်နှစ်ယောက်ကို လောကအတွက် မွေးဖွားပေးနိုင်ခြင်းဖြစ်၏။ ထေရဂါထာဒုဋ္ဌကထာသာရှုယောင့်မှ လောကအတွက် မဟာပန်နှင့်စူဠပန်ကို မြတ်နိုးမည်ဆိုလျှင် ရုပ်ပိုင်းဆိုင်ရာ ပြည့်စုံမှုအရ အဆင့်နိမ့်သော ကျွန်တစ်ယောက်၏ ဇနီး သူဌေးသမီး၏ စိတ်ပိုင်းဆိုင်ရာ ပြည့်စုံမှုအရ အံ့သြနန်းဖြစ်သော အိမ်ထောင်ရှင် မေတ္တာကိုလည်း မြတ်နိုးရပေလိမ့်မည်။ မြတ်နိုးရုံသာမက လေးလည်း လေးစားရပေလိမ့်မည်။ အမှန်အားဖြင့် ဤမေတ္တာမျိုးသာ ငြိမ်းချမ်းသောလောကကို တည်ဆောက်နိုင်၏။ ငြိမ်းချမ်းသော အိမ်ထောင်သည်ဘဝကို ထူထောင်နိုင်၏။ ဤမေတ္တာမျိုးကို "အဒွိတ္တ မေတ္တာ" ဟု ဆိုကြ၏။ ဓမ္မာကိုယ်အရ နှစ်ခုဖြစ်သော်လည်း ခံစားမှုအရမူ တစ်ခုတည်းဖြစ်၏။ ကာလကလည်း ခွဲ၍မရ၊ ဒေသကလည်း ခွဲ၍မရသော တစ်ခုတည်းမျိုး။

သူဌေးကြီးနှင့် သူဌေးကတော်ကြီးသည် မိမိတို့၏ သမီးအိမ်ရှိ အခိုင်းအစေကျွန်နှင့် လိုက်ပြေးသွားသောအခါ များစွာရှက်၏။ ခေါင်း မဖော်ရဲလောက်အောင် ခံစားရ၏။ မိုက်တွင်းနက်သော သမီးအဖြစ်မှတ်ယူ၍ မိမိတို့၏ သမီးအဖြစ်မှ စွန့်ပယ်ကာ အမွေပြတ် သတ်မှတ်လိုက်၏။ သမီးမျက်နှာကိုလည်း မကြည့်လိုတော့၊ သမက်၏ မျက်နှာကိုလည်း မကြည့်လိုတော့။ မိမိတို့၏အိမ်သို့လည်း အလာမခံလိုတော့။ သူဌေးကြီးနှင့် သူဌေးကတော်ကြီးသည် သမီးအပေါ် စိတ်အနာကြီး နာကြ၏။ လောကဓမ္မတာအရ ကြံစည်တိုင်း ဖြစ်ချင်မှ ဖြစ်သည်ကို မဆင်ခြင်နိုင်လေ၊ သမီးအပေါ် ပို၍စိတ်နာလေ ဖြစ်တော့၏။

နီတိကျမ်းများ၌ ဤလောကတွင် ယုတ်မာသောအမှုကို သားတည်း ပြုလေမူကား မိဘပြုသည် မည်၏။ တပည့်တည်းပြုလေမူကား ဆရာပြုသည် မည်၏။ တိုင်းသူပြည်သားတည်း ပြုလေမူကား မင်းပြုသည် မည်၏။ မင်းတည်း ပြုလေမူကား ပုရောဟိတ် ပြုသည် မည်၏။ ဤသို့ ဆိုထားသည်ကို တွေ့ရ၏။ ထို့ကြောင့် မိမိတို့၏သမီး မိုက်မဲရာ၌ သူဌေးကြီးနှင့် သူဌေးကတော်ကြီးတို့ အပေါ်၌လည်း တာဝန်ရှိပါ၏။ သို့ရာတွင် ထိုသို့ တာဝန်ရှိသည်ကို သူတို့ မဆင်ခြင်နိုင်ပါချေ။ သမီးအပေါ်၌ ကြီးမားသော ချစ်စိတ်သည် ခွင့်လွှတ်တတ်သော ဆင်ခြင်ဉာဏ်ကို ဖုံးလွှမ်းလိုက်၏။

မိမိတို့၏ သားသမီးများ လိမ္မာရေးခြား ရှိစေရန် မိဘတို့အပေါ်၌ လုံးဝ တာဝန်ရှိ၏။ မိဘတို့သည် သားသမီးတို့၏ လက်ဦးဆရာများ ဖြစ်ကြ၏။

http://www.cherrythitsar.org



ထို့ကြောင့် နိတိဆရာက သားငယ် သမီးငယ်ကို မိခင်ဖြစ်သူက ပညာမသင်ကြား စေလျှင် မိခင်သည် သားငယ် သမီးငယ်၏ ရန်သူ မည်၏၊ ဖခင်က မသင်ကြား စေလျှင် ဖခင်သည် ရန်သူမည်၏ဟု ဆိုခြင်းဖြစ်၏။ သို့ရာတွင် သူဌေးကြီးနှင့် သူဌေးကတော်ကြီးသည် မိမိတို့၏ ချစ်လှစွာသောသမီးကို ဘုံခုနစ်ဆင့် ပြာသာဒ် ပေါ်၌ ထားရှိမှုနှင့် လုံခြုံလှပြီ၊ သူစိမ်းယောက်ျားများနှင့် မဆက်ဆံနိုင်အောင် စီစဉ်ပေးရှိမှုနှင့် သူ့ကိုယ်သူ ထိန်းနိုင်မည်ဟု ယူဆခဲ့သော အယူအဆများ၏ ဒဏ်ကို ရင်နှင့်စွာ ခံရလေပြီ။ ယခုမူ တဝတစ်လျှောက်လုံး သမီးနှင့်ပတ်သက်၍ ကြေကွဲနေရုံမှတပါး ဘာမျှမတတ်နိုင်တော့။ ကျရောက်လာသော ဘဝဇာတ်ကြွေး ကို ကျေအောင် ကြိတ်မှိတ်၍ ဆပ်ရပေတော့မည်။

သူဌေးသမီးသည် တစ်ရပ်တစ်ကျေး၌ နေရင်းပင် သားကြီး မဟာပန် ကို ကိုယ်ဝန်ဆောင်လာ၏။ ကိုယ်ဝန်ရင့်လာသောအခါ အမျိုးသမီးတို့ ဓလေ့အတိုင်း အားငယ်လာ၏။ ထိုအခါ မိဘအိမ်သို့ပြန်၍ ဖွားမြင်လို၏။ ခင်ပွန်းသည်အား အကျိုးအကြောင်း ပြောပြ၍ တိုင်ပင်သောအခါ ခင်ပွန်းသည်က မလိုက်ရဲသဖြင့် နေ့ရွှေ့ညရွှေ့ဖြင့် အချိန်ဆွဲလေ၏။ နောက်ဆုံး၌ ခင်ပွန်းသည်မရှိခိုက် အိမ်နီးနား ချင်းတို့အား မှာကြားကာ သူဌေးသမီးသည် မိမိတစ်ယောက်တည်း ရာဇဂြိုဟ်ပြည် ရှိ မိဘအိမ်သို့ မီးဖွားရန်အတွက် အရဲစွန့်ကာပြန်လေ၏။ ခင်ပွန်းသည် ပြန်လာ သောအခါ မိမိ၏ဇနီးကို အိမ်၌မတွေ့သဖြင့် အိမ်နီးနားချင်းတို့အား မေးမြန်းရာမှ မိမိဇနီးသည်သည် သူ၏မိဘအိမ်သို့ ပြန်သွားကြောင်း သိလေလျှင် နောက်က အမီလိုက်၏။

သူဌေးသမီးသည်လည်း မိဘအိမ်သို့ မရောက်ဘဲ လမ်းခရီး၌ပင် မီးဖွား၏။ ထိုအခါ ခင်ပွန်းသည်လည်း ရောက်လာ၏။ မီးဖွားခြင်းကိစ္စ ပြီးပြီဖြစ်သဖြင့် ရာဇဂြိုဟ်ပြည်ရှိ မိဘအိမ်သို့ မပြန်တော့ဘဲ မိမိတို့၏ မူလနေရာသို့ ဇနီးမောင်နှံ နှစ်ဦးတို့သည် သားငယ်ကို ပွေ့ပိုက်ကာ ပြန်လာကြ၏။ သားငယ် စူဠပန်ကို ဖွားမြင်စဉ်ကလည်း ထိုနည်းအတူပင် လမ်းခရီး၌ဖွားမြင်ရ၏။ ပါဠိလို "ပန္ထက" ဟူသည် လမ်းခရီးဖြစ်၏။ ထို့ကြောင့် မိမိ၏ သားနှစ်ယောက်လုံးကို လမ်းခရီး၌ ဖွားမြင်သောကြောင့် အကြီးကို မဟာပန် (မဟာပန္ထက) ဟူ၍လည်းကောင်း၊ အငယ်ကို စူဠပန် (စူဠပန္ထက) ဟူ၍လည်းကောင်း အမည်ကို မှည့်၏။

သားနှစ်ယောက် ကစားတတ်သော အရွယ်သို့ရောက်သောအခါ အခြား သော ကစားဖော် ကစားဖက်များနည်းတူ ဘိုးဘွားများနှင့် ဆွေမျိုးများအကြောင်း ကို မေးမြန်းသဖြင့် လည်းကောင်း၊ သားနှစ်ယောက်၏နောင်ရေးကို တောက်ထား သဖြင့်လည်းကောင်း ဇနီးမောင်နှံနှစ်ယောက်တိုင်ပင်ကာ မိမိတို့၏ သား

http://www.cherrythitsar.org



နှစ်ယောက်လုံးကို ရာဇဂြိုဟ်ရှိ ဘိုးဘွားများထံသို့ ပို့လိုက်၏။ ဘိုးဘွားများကလည်း မြေးနှစ်ယောက်လုံးကို လက်ခံသိမ်းပိုက်ကာ စောင့်ရှောက်ထိန်းသိမ်းလိုက်၏။ သမီးနှင့် သမက်ကိုမူ မိမိတို့အိမ်၌ လက်မခံဘဲ ထိုက်သင့်သော ဥစ္စာပစ္စည်းများကို ရင်းနှီးစားသောက်ရန် ပေးအပ်လိုက်၏။ ဇနီးမောင်နှံ နှစ်ဦးစလုံးပင် မိမိတို့၏ မူလနေရာသို့ ပြန်သွားကြ၏။ သားသမီးများအပေါ်၌ ချစ်သော မိဘတို့၏ မေတ္တာသည် "စ" အဖြစ်ထားရသော မေတ္တာဖြစ်၏။ လောကအပေါ် ချစ်တတ်သော သူများ၏ ဤမေတ္တာ "စ"ဖြင့် ပိုင်းတာရန် မြတ်စွာဘုရားက မေတ္တသုတ်၌ ဟောတော်မူထား၏။ ထို့ကြောင့် မဟာပန်နှင့် စူဠပန်တို့အပေါ် ထားရှိသော မိဘမေတ္တာကို နားလည် နိုင်၏။ ဤမေတ္တာကို အခြေခံ၍ မဟာပန်နှင့် စူဠပန်တို့သည် လောကီ အမွေထက် အတိုင်းမသိ သာလွန်သော လောကုတ္တရာအမွေကို ထိုက်ထိုက်တန်တန် ရကြပေတော့မည်။ ဤအမွေကား လွန်လေပြီးသော ကမ္ဘာတစ်သိန်းကာလက ပွင့်တော်မူခဲ့သော ပဒုမုတ္တရ မြတ်စွာဘုရားထံမှ တောင့်တခဲ့သော အမွေဖြစ်၏၊ နှစ်ပေါင်း ကမ္ဘာတစ်သိန်းတိုင်တိုင် စောင့်ခဲ့ရ၏။ ထိုသို့ စောင့်ခဲ့ရသောအမွေကို ညီနောင်နှစ်ယောက်တို့ ရကြပေတော့မည်။ ထိုသို့ ရနိုင်စေရန် မိဘတို့က ပါရမီဖြည့်ဖက်များအနေဖြင့် ပံ့ပိုးခဲ့ကြ၏။

ဓနသေဋ္ဌိ သူဌေးကြီးသည် မြတ်စွာဘုရား၌ ကြည်ညိုသူဖြစ်၏။ မြတ်စွာဘုရား၏ တရားဒေသနာကို နာကြားရန် ကျောင်းတော်သို့ မကြာခဏ သွားရောက်လေ့ ရှိ၏။ မဟာပန်နှင့် စူဠပန် မြေးနှစ်ယောက်တို့သည် မိမိ၏အိမ်၌ နေထိုင်သောအခါ ဘိုးအေဖြစ်သူက မြတ်စွာဘုရား ကျောင်းတော်သို့သွား၍ တရားနာတိုင်း မြေးအကြီး မဟာပန်ကို ခေါ်၍သွား၏။ စူဠပန်မှာမူ အသက်အရွယ် ငယ်လွန်းသေးသဖြင့် ခေါ်၍မသွား၊

မဟာပန်သည် ဘိုးအေနှင့်အတူ ကျောင်းသို့သွား၍ တရားနာရဖန်များသောအခါ မြတ်စွာဘုရား၏ သာသနာတော်၌ ဝင်ရောက်လိုသော စိတ်ဖြစ်ပေါ်လာ၏။ မဟာပန်သည် အကယ်၍ မြတ်စွာဘုရား၏ သာသနာတော်၌ မဝင်ရောက်ဘဲ လူ့ဘဝဖြင့်ပင် နေမည်ဆိုပါက ဘိုးဘွားတို့၏ လောကီရတနာ ပစ္စည်းဥစ္စာများကို အမွေခံယူပြီး သူဌေးကြီးဘဝဖြင့် ကောင်းမှုကုသိုလ်များကိုလည်းလုပ်နိုင်၏။ ဘဝစည်းစိမ်များကိုလည်း ခံစားနိုင်၏။ ဤသည်ကို မဟာပန်သိ၏။ သို့ရာတွင် မဟာပန်သည် မြတ်စွာဘုရား၌ လေးလေးနက်နက်ကြည်ညိုသူဖြစ်၏။ မြတ်စွာဘုရားသည် စကြဝတေးမင်း စည်းစိမ်များကိုစွန့်၍ တရားကျင့်ပြီး ဘုရားဖြစ်လာသူ ဖြစ်၏။ လောကီစည်းစိမ်များထက် လောကုတ္တရာစည်းစိမ်က အတိုင်းအဆမရှိ သာလွန်ကြောင်း မြတ်စွာဘုရားသည် ထင်ရှားခိုင်မာသော

သက်သေ အထောက်အထားဖြစ်၏။ ထို့ကြောင့် မဟာပန်သည် မြတ်စွာဘုရား၏ သာသနာတော်၌ ဝင်ရောက်၍ လောကုတ္တရာချမ်းသာကို ရယူလိုခြင်း ဖြစ်၏။

ဘိုးဘွားတို့၏ အမွေစည်းစိမ်များကို ခံယူရန် ညီငယ် စူဠပန် ရှိနေပြီ ဖြစ်၏။ မိမိ၏ဉာဏ်အမြင်အရ လောကီစည်းစိမ်များသည် ချမ်းသာဖြစ်ကြောင်း "လောက" က ဆိုသော်လည်း တကယ်တမ်းချမ်းသာ မဟုတ်၊ သောကဖြင့် ဝန်းရံနေသော ချမ်းသာအတုသာ ဖြစ်၏။ ဤသို့ မြတ်စွာဘုရားထံမှ နာကြားရသော တရားဒေသနာတော်များအရ "သိ"လာခြင်းဖြစ်၏။ ထို့ကြောင့် မဟာပန် သည် မြတ်စွာဘုရား၏ သာသနာတော်တွင်းသို့ ဝင်ရောက်ရန် ဆုံးဖြတ်လိုက်ပြီး တစ်ဆက်တည်းပင် ဘိုးအေအား ခွင့်ပန်ရာ ဘိုးအေက လည်း ဝမ်းမြောက်ဝမ်းသာ ခွင့်ပြု လိုက်၏။

မဟာပန်သည် သာမဏေဘဝဖြင့်ဓ၏။ ပရိယတ္တိများကို ကြိုးစား အားထုတ်၏။ အသက် ၂၀ အရွယ်သို့ ရောက်သောအခါ ရဟန်းပြု၏။ ပဋိပတ္တိ များကို ကျင့်ကြံအားထုတ်သောအခါ ရဟန္တာဖြစ်သွားလေ၏။ ရဟန္တာမှ "အရူပါ ဝစရဈာန် အရာ၌ ဧတဒဂ်" ရသော ရဟန္တာဖြစ်၏။ မိမိကိုယ်တိုင် ဈာန်ချမ်းသာ များကိုလည်း ခံစားရ၏။ အရဟတ္တဖိုလ် ချမ်းသာများကိုလည်း ခံစားရ၏။ ထိုအခါ မဟာပန်၏အမြင်သည် လုံးလုံး ပြောင်းသွားလေ၏။

မဟာပန်သည် ယခင် ပုထုဇဉ်ဘဝက လောကကို ကြည့်သောအခါ လောကရှိ အရာရာတိုင်း၌ "ငါ" ကို မြင်၏။ ထို "ငါ" ကို မြင်သဖြင့်လည်း လောကရှိ အရာရာတိုင်းကို တွယ်တာနှစ်သက်ခြင်းဖြစ်၏။ အမှန်အားဖြင့် လောကရှိ အရာရာတိုင်းကို အရာရာတိုင်းအနေဖြင့် နှစ်သက်ခြင်းမဟုတ်။ ယင်းတို့၌ "ငါ" ကို မြင်သဖြင့် "ငါ" အနေဖြင့် နှစ်သက်ခြင်း ဖြစ်၏။

ထို့ကြောင့် ကောင်းသောအရာဝတ္ထု၌လည်း "ငါ" ကို မြင်သဖြင့် နှစ်သက်၏။ မကောင်းသော အရာဝတ္ထု၌လည်း "ငါ"ကို မြင်သဖြင့် နှစ်သက်၏။ နှစ်သက်ခြင်းနှင့် ပတ်သက်၍ လောကရှိ အရာရာတိုင်းသည် အဓိကမဟုတ်၊ ယင်းအရာရာတိုင်း၌ "ငါ" ကို မြင်ခြင်း သည်သာ အဓိကဖြစ်၏။ ရွှေးသေတ္တာင် ပုပ်၌ "ငါ" ကို မြင်ပါက ရွှေးသေတ္တာင်ပုပ်ကို နှစ်သက်၏။ မစင်၌ "ငါ" ကို မြင်ပါက မစင်ကို နှစ်သက်၏။ ယခုမူ မဟာပန်သည် လောကရှိ အရာရာ တိုင်း၌"ငါ"ကို မမြင်တော့။ ထို့ကြောင့် လောကရှိ အရာရာတိုင်းကို မနှစ်သက် ခြင်း ဖြစ်၏။ ယခင်အခါ ပုထုဇဉ်အမြင်ဖြင့် ဘိုးဘွားတို့၏အမွေကို ညီ စူဠပန်အား ခံစားစေခြင်းဖြင့် ညီ စူဠပန်သည် ချမ်းသာလိမ့်မည်ဟု ထင်ခဲ့၏။ ယခု ထိုအထင် မဟုတ်မှန်း မဟာပန်သိလာ၏။ ထို့ကြောင့် ညီ စူဠပန်အား

သာသနာတွင်းသို့ သွင်း၍ လောကုတ္တရာအမွေကို ခံစားနိုင်စေရန် စီစဉ်ဆောင်ရွက်ဖို့ ဆုံးဖြတ်လိုက်၏။ သို့ရာတွင် မြတ်စွာဘုရား၏ ပညတ်တော်အရ အုပ်ထိန်းသူ အတိုး၏ခွင့်ပြုချက်ကို ရယူရန်လိုအပ်၏။ ထို့ကြောင့် မဟာပန်သည် အတိုးအား ညီ စူဠပန်ကို သာသနာ့ဘောင်သို့ သွတ်သွင်းခွင့်ပြုရန် ပန်ကြားရာ အတိုးကလည်း ဝမ်းမြောက်ဝမ်းသာ ခွင့်ပြုလိုက်၏။

ထိုအခါ မဟာပန်သည် ညီ စူဠပန်အား ရှင်ပြုပေး၏။ ထို့နောက် ညီ စူဠပန်အား မြတ်စွာဘုရား၌ နက်နက်ရှိုင်းရှိုင်း ကြည်ညိုလာစေရန် မြတ်စွာဘုရား၏ "ကျက်သရေ" တော်တွဲ့ ဂါထာတစ်ပုဒ်ကို သင်ပေး၏။ ထိုကျက်သရေတော်တွဲ့မှာ ဤသို့ဖြစ်၏။

"အနံ့မပြယ်ဘဲ အစဉ်အမြဲ မွှေးကြိုင်လှသော ကောကနဒပဒုမ္မာကြာသည် နံနက်အခါ၌ ပွင့်သကဲ့သို့၊ အာကာသပြင်၌ တင့်တယ်တောက်ပနေသော နေမင်းကဲ့သို့ ရောင်ခြည်တော် ခြောက်သွယ်တို့ဖြင့် တင့်တယ်တော်မူသော မြတ်စွာဘုရားကို ဖူးမြင်တော်မူပါလော့"

စူဠပန်သည် အစ်ကို မဟာပန်သင်ပေးသည့်အတိုင်း ထိုဂါထာကိုသင်ယူလေရာ ရှေ့ရောက် နောက်မေ့သဘောဖြင့် လေးလတိုင်တိုင် သင်ယူပါသော်လည်း မတတ်မြောက်ဘဲ ရှိလေ၏။ ထိုအခါ မဟာပန်သည် ညီ၏ အရည်အချင်းကို အကဲခတ်၏။ ပရိယတ္တိအနေဖြင့် တစ်ဂါထာကို လေးလတိုင်တိုင် သင်ယူပါလျက် တတ်မြောက်နိုင်သော ဉာဏ်ရည်ဉာဏ်သွေး မရှိပါက ပဋိပတ္တိအနေဖြင့် ရဟန္တာဖြစ်နိုင်ရန် မည်သို့မျှ မဖြစ်နိုင်ချေ။ အချိန်ကုန်ပြီး စည်းစိမ်နှစ်မျိုးမှ ဆုံးရှုံးရသော ရှိမည်။ ရဟန္တာလည်း မဖြစ်၊ လူထွေးလည်းမဖြစ်ဆိုလျှင် စူဠပန် အတွက် များစွာ နစ်နာဖွယ်ရှိ၏။ ထို့ကြောင့် စူဠပန်ကို လူထွက်ခိုင်းပြီး အတိုး အထွားတို့၏ စည်းစိမ်ဥစ္စာကို ခံယူစေခြင်းအားဖြင့် လူ့ဘဝတွင် ကောင်းမှုကုသိုလ် များကို ပြုလုပ်ကာ နတ်ရွာသုဂတိသို့ ရောက်နိုင်၏။ သို့ဆိုလျှင် လောကုတ္တရာ စည်းစိမ်မှ ဆုံးရှုံးသော်လည်း လောကီစည်းစိမ်မှ မဆုံးရှုံးသဖြင့် တော်သေး၏။ မဟာပန်သည်ဤသို့စဉ်းစားပြီး ညီစူဠပန်အား လူထွက်ခိုင်း၏။ မြန်မြန် လူထွက် ဖြစ်အောင် ကျောင်းမှနှင်ထုတ်၏။

ညီ စူဠပန်ကား သာသနာတော်၌ ပျော်မွေ့၏။ လူမထွက်ချင်၊ သို့ရာတွင် အစ်ကိုမဟာပန်ကို မလွန်နိုင်သဖြင့် အခက်များစွာ တွေ့ရ၏။ ထိုစဉ်က မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဇီဝက၏ သရက်ဥယျာဉ်ကျောင်း၌ သီတင်း သုံးလျက် ဖြစ်၏။ သရက်ဥယျာဉ် ကျောင်းတော်၌ မဟာပန်က ဆွမ်းစားကျောင်း ဘုန်းကြီးဖြစ်၏။ ထိုနေ့ တွင်ပင် ဆရာဇီဝကက မြတ်စွာဘုရားနှင့်တကွ

http://www.cherrythitsar.org



ရဟန်းသံဃာအားလုံးအား ဆွမ်းစားပင့်၏။ မဟာပန်ကလည်း စူဠပန်အား ချန်ထားပြီး မြတ်စွာဘုရားနှင့်တကွ သံဃာတော်ပေါင်း ၄၉၉ ပါး ရှိ၏ဟု သတင်းပြန်ကြား၏။ စူဠပန်ကား မိမိကို သံဃာစာရင်းမသွင်းတော့တဲ့ အစ်ကိုမဟာပန်၏ ပြန်ကြားချက်ကို ကြားရသောအခါ များစွာကြေကွဲ၏။ ထိုနေ့မိုးသောက်ပါက လူထွက်တော့မည်ဟု ဆုံးဖြတ်လိုက်၏။ မြတ်စွာဘုရားသည် ကျွတ်ထိုက်သော ဝေနေယျများကို ကြည့်တော်မူရာ စူဠပန်ကို မြင်တော်မူ၏။ ထို့ကြောင့် နံနက်စောစော၌ မြတ်စွာဘုရားသည် စူဠပန်ထွက်မည့် မုခ်ဦး၌ စင်္ကြံကြွတော်မူနေ၏။

စူဠပန်လည်း လူထွက်ရန် နံနက်စောစော ထွက်လာရာ တံခါးမုခ်ဦး၌ စင်္ကြံကြွတော်မူနေသော မြတ်စွာဘုရားကို မြင်သဖြင့် သွားရောက် ဦးချ၏။ မြတ်စွာဘုရားက 'ချစ်သား စူဠပန်၊ နံနက်အစောကြီး ဘယ်ကိုသွားမလို့လဲ' ဟု မေးတော်မူ၏။ ထိုအခါ စူဠပန်က 'မြတ်စွာဘုရား၊ တပည့်တော်၏အစ်ကို မဟာပန်က တပည့်တော်ကို သာသနာတော်နှင့် မတန်ဟုဆိုကာ ကျောင်းမှ နှင်ထုတ်သဖြင့် တပည့်တော် လူထွက်ရန်သွားခြင်း ဖြစ်ပါသည်ဘုရား' ဟု ပြန်လည်လျှောက်ထား၏။ မြတ်စွာဘုရားက 'စူဠပန်၊ သာသနာတော်တွင်းသို့ ဝင်ရောက်လာသူ မှန်သမျှ ငါနှင့်ပတ်သက်၏။ မဟာပန်က နှင်ထုတ်လျှင် ငါက နေရာပေးမည်။ ငါ့နောက် လိုက်ခဲ့' ဟုဆိုကာ မြတ်စွာဘုရားသည် စူဠပန်ကို ဂန္ဓကုဋီကျောင်းတော်သို့ ခေါ်သွား၏။ ဂန္ဓကုဋီကျောင်းတော် သို့ ရောက်သောအခါ ဂန္ဓကုဋီမုခ်ဦး၌ အရှေ့ဘက်သို့လှည့်၍ နှုတ်ဖြင့် 'ရဇောဟရဏံ၊ ရဇောဟရဏံ (မြူကပ်ငြိခြင်း)' ဟု ရွတ်ဆိုပြီး ဝိပဿနာရှုရန် ပိတ်ဖြူစတစ်စကို စူဠပန်အား ပေးလိုက်၏။ ထို့နောက် ဆွမ်းချိန်ကို ငံ့လင့်လျက်နေတော်မူ၏။

စူဠပန်လည်း မြတ်စွာဘုရား ပေးတော်မူသော ပိတ်ဖြူစကို ဆုပ်နယ်လျက်ရှိ၏။ စူဠပန်သည် ဆွတ်ဆွတ်ဖြူသော ပိတ်ဖြူစကို ဆုပ်နယ်နေရာ ပိတ်ဖြူစသည် တဖြည်းဖြည်း ညစ်နွမ်းလာသည်ကို တွေ့ရ၏။ မြတ်စွာဘုရားလည်း ဆွမ်းစားချိန်သို့ရောက်သောအခါ သံဃာတော်များနှင့်အတူ ဇီဝက၏ အိမ်သို့ ကြွတော်မူ၏။ စူဠပန်လည်း အဝတ်ဖြူစကို ဆုပ်နယ်နေရာမှ သင်္ခါရတရားတို့၏ မမြဲသောအနိစ္စသဘောကို မြင်လာ၏။ မြတ်စွာဘုရားကလည်း ရောင်ခြည်တော်လွှတ်၍ ဗဟိဒ္ဓသင်္ခါရမှ အဇ္ဈတ္တသင်္ခါရသို့ ကူးပြောင်း၍ရှုရန် တိုက်တွန်း၏။ ထိုအခါ စူဠပန်သည်သင်္ခါရတရားများအားလုံး၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘောကို ပြက်ပြက်ထင်ထင် မြင်ပြီးနောက် ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်တော်မူ၏။ မဂ္ဂသိဒ္ဓ (မဂ်ကြောင့် ပြီးပြည့်စုံခြင်း) အနေဖြင့် ပိဋကတ်သုံးပုံကိုလည်း တတ်၏။ ဈာန်သမာပတ်များကိုလည်း ရ၏။ အဘိညာဉ်ကိုလည်း

http://www.cherrythitsar.org



ရ၏။ မြတ်စွာဘုရားသာသနာတော်၌ စူဠပန်သည် "နိမ္မိတရုပ် ဖန်ဆင်းရာ၌လည်းကောင်း၊ ရူပါဝစရ ဈာန်အရာ၌လည်းကောင်း" ဟူသော အင်္ဂါနှစ်မျိုးရှိသော ပုဂ္ဂိုလ် ဖြစ်၏။

ဇီဝကသည် မြတ်စွာဘုရားအား ဆွမ်းဆက်ကပ်သောအခါ မြတ်စွာဘုရားက ကျောင်း၌ ရဟန်းများရှိသေးသည်ဟု မိန့်တော်မူကာ သပိတ်ကို မဖွင့်ဘဲ ထား၏၊ ဇီဝကက ကျောင်းသို့ သွားရောက်၍ ကျန်နေသောရဟန်းကို ပင့်လာရန် ယောကျ်ားတစ်ယောက်ကို စေလွှတ် လိုက်၏။ ယောကျ်ားလည်း အလျင်အမြန် ကျောင်းတော်သို့သွား၏၊

ထိုအခါ စူဠပန်သည် နောင်တော်မဟာပန်အား မိမိ၏စွမ်းအားကို ပြသသည့်အနေဖြင့် ရဟန်းတော်တစ်ထောင်ကို ဖန်ဆင်းထား၏။ အချို့က သင်္ကန်းဆိုးနေ၏၊ အချို့က သင်္ကန်းချုပ်နေ၏၊ အချို့က ဓာတ်ကို သရဇ္ဈာယ်နေ၏။ ဤနည်းအားဖြင့် ရဟန်းတော်တစ်ထောင်သည် သူ့အလုပ်နှင့်သူချည်း ဖြစ်ကြ၏။ ယောကျ်ားသည် ကျောင်းသို့ရောက်သောအခါ ရဟန်းပေါင်းများစွာကို တွေ့၏။ ထိုအခါ မည်သည့်ရဟန်းကို ပင့်ရမှန်းမသိသဖြင့် ဇီဝကထံသို့ ပြန်၍ ကျောင်းတော်၌ ရဟန်းပေါင်းများစွာ ကျန်ရှိနေသေးပါကြောင်း ပြန်ကြား ပြောဆို၏။ ထိုအခါ ဇီဝကကလည်း မိမိကိုယ်တိုင်အရိယာဖြစ်သဖြင့် ကျောင်း၌ တန်ခိုးကြီးသော ရဟန်းတစ်ပါး ရှိသေးကြောင်း သိသဖြင့် 'စူဠပန် မည်သော ရဟန်းကို ပင့်ခဲ့လော့' ဟု မှာကြား၍ ယောကျ်ားကို ပြန်လွှတ်ပြန်၏။

ယောကျ်ားလည်း ဇီဝက မှာသည့်အတိုင်း စူဠပန်ကိုပင့်ရန် ကျောင်းသို့ သွားပြန်၏။ ကျောင်းသို့ရောက်သောအခါ 'မည်သူသည် စူဠပန်အရှင်မြတ် ဖြစ်ပါသနည်း' ဟု မေးမြန်းလိုက်သည်နှင့်တစ်ပြိုင်နက် ရဟန်းတော်ပေါင်း တစ်ထောင်တို့က 'ငါ စူဠပန်၊ ငါ စူဠပန်' ဟု မိန့်ကြားကြလေရာ မည်သည့် ရဟန်းကို ပင့်ရမှန်း မသိသဖြင့် ဆရာဇီဝကထံသို့ ပြန်လာပြန်၏။ ထိုအခါ မြတ်စွာဘုရားက 'ပထမဦးစွာ ငါ စူဠပန်' ဟု ပြောသောရဟန်းကို လက်၌ကိုင်၍ 'အရှင် စူဠပန်ကို မြတ်စွာဘုရား ခေါ်တော်မူ၏' ဟုဆိုကာ ပင့်ချေဟု မိန့်တော်မူ၏။ ယောကျ်ားလည်း မြတ်စွာဘုရား မိန့်တော်မူတိုင်း သွားရောက်ပင့်ကာမှ စူဠပန်မထေရ်သည် လာရောက်ပင့်သောဒါယကာနှင့်အတူ ဆရာဇီဝက၏ အိမ်သို့ လိုက်ပါလာ၏။ ကျန်သောရဟန်းများအားလုံး ကွယ်ပျောက် ကြကုန်၏။ ဆွမ်းဘုဉ်းပေးခြင်းကိစ္စ ပြီးသောအခါ စူဠပန်အား ဆွမ်းအနုမောဒနာတရားကို ဟောကြားရန် မြတ်စွာဘုရားက မိန့်ကြားတော်မူရာ စူဠပန်မထေရ်သည် ပိဋကတ်သုံးပုံကို ချောက်ချား၍ ဟောတော်မူ၏။ အံ့ဖွယ်ကောင်းသော ဖြစ်ရပ်ပေတည်း။

http://www.cherrythitsar.org



ရှူဋပန်သည် ကမ္ဘာတစ်သိန်းတိုင်တိုင် ပါရမီများကိုဖြည့်ထားသူ ဖြစ်၏။ ပဋိသမ္ဘိဒာဉာဏ် ကြီးမားသူဖြစ်၏။ သို့ပါလျက် နောင်တော် မဟာပန် သင်ကြားပေးသော ဂါထာတစ်ပုဒ်ကို လေးလတိုင်တိုင် သင်ယူပါသော်လည်း မတတ်မြောက်ဘဲ ရှိ၏။ တက်မည့်တက်တော့လည်း ပိဋကတ်သုံးပုံကို နာရီပိုင်းအတွင်း၌ပင် တတ်မြောက်၏။ ဂါထာတစ်ပုဒ် သင်ပေးသူက နောင်တော်မဟာပန်၊ ပိဋကတ်သုံးပုံကို သင်ပေးသူက သဗ္ဗညုတ ဉာဏ်တော်ရှင် ဘုရားသခင်။ ဆရာချင်း မည်မျှ ကွာခြားပါလေသနည်း။

ရှူဋပန်သည် ကဿပမြတ်စွာဘုရား လက်ထက်တော်၌ ပညာရှိ ရဟန်းဖြစ်ခဲ့၏။ ဉာဏ်အလွန်ထက်၏။ စာပေသင်ယူရာ၌ ဉာဏ်အလွန်နုံသော ရဟန်းတော်တစ်ပါးကို စာပေမသင်ကြားရဲလောက်အောင် ပြက်ရယ်ပြုခဲ့၏။ ဤအကုသိုလ်သည် ရှူဋပန်အား နောက်ဆုံးဘဝတိုင်အောင် လိုက်ခဲ့၏။ သို့ဖြစ်၍ နောက်ဆုံးဘဝ၌ ဂါထာတစ်ပုဒ်ကို လေးလတိုင်တိုင်သင်ယူပါသော်လည်း ရှူဋပန် မတတ်မြောက်နိုင်ခြင်း ဖြစ်၏။ ဤသည်ကား အကုသိုလ်၏ စွမ်းအားဖြစ်၏။ ကုသိုလ်စွမ်းအား အနေဖြင့်မူ ရှူဋပန်သည် တစ်ချိန်က "မင်း" ဖြစ်ခဲ့၏။ မြို့ကိုလှည့် လည်စဉ် နဖူးမှထွက်သောချွေးကို ဖြူစင်သော "အဝတ်စ"ဖြင့် သုတ်လေရာ ဖြူစင်သော "အဝတ်စ" သည် ညစ်နွမ်းသွား၏။ ဖြူစင်သော အဝတ်စသည် ခန္ဓာကိုယ်ကို အကြောင်းပြု၍ ညစ်နွမ်းသွားခြင်းဖြစ်သဖြင့် သင်္ခါရတရားတို့၏ မမြဲသောသဘော "အနိစ္စသညာ" ကို ရပူး၏။ ဤကုသိုလ်သည်လည်း ရှူဋပန်အား နောက်ဆုံးဘဝတိုင်အောင် လိုက်ခဲ့၏။

ရုပ်ဝတ္ထုများအနေဖြင့် "နမ်းတစ်လုံးနဲ့ ဆီမဖြစ်" ဟု ဆိုကြ၏။ နမ်းတစ်လုံးနှင့်ဆီမဖြစ်သော်လည်း အိုင်းစတိုင်း၏ "$E=mC^2$"ဟူသော ညီမျှခြင်းအရ အလွန်ကြီးမားသောစွမ်းအင်ကို ရ၏။ စိတ်ပိုင်းဆိုင်ရာ စွမ်းအင်များအနေဖြင့် မူလရုပ်စွမ်းအင်ထက် အတိုင်းအဆပို၍ ကြီးမားသော စိတ်စွမ်းအင်ကို ရ၏။ ထို့ကြောင့် ရှူဋပန်၏ဘဝအတွက် အကုသိုလ်ကလည်း အကုသိုလ်အလျောက်၊ ကုသိုလ်ကလည်း ကုသိုလ်အလျောက် အကျိုးကို ပေးကြ၏။ ကာလခြားခြင်းသည်လည်း ပဓာနမဟုတ်၊ ဒေသခြားခြင်းသည်လည်း ပဓာနမဟုတ်၊ ဉာဏ်ဘုံအတွင်း၌ အချိန်မရွေးလိုက်နိုင်၏။ ထို့ကြောင့် မြတ်စွာဘုရားက သတ္တာရှုထောင့်မှ ကြည့်၍ "အဖော့မတ္တသု ဝဇ္ဇေသု ဘယဒဿာဝီ – အဏုမြူမျှလောက် သေးငယ်သော အပြစ်တို့၌ပင် ဘေးဟုရှုမြင်ရမည်" ဟု ဟောတော် မူခြင်း ဖြစ်၏။

အမှန်အားဖြင့် ဂရုကကံမဟုတ်ပါက အပြစ်ဟူသမျှသည် ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ လူ့ချမ်းသာ နတ်ချမ်းသာတို့၌ မတားမြစ်နိုင်သော်လည်း

http://www.cherrythitsar.org



နိဗ္ဗာန်ချမ်းသာကိုမှုတားမြစ်တတ်၏။ အပြစ်အားလုံးကို ပယ်သတ်နိုင်မှ ရဟန္တာ ဖြစ်နိုင်၏။ ထို့ကြောင့် အကုသိုလ်ဟူသမျှကို အကြွင်းမရှိ ပယ်သတ်နိုင်သော အရဟတ္တမဂ်ကို ရည်ရွယ်ပါက မည်သည့်အပြစ်ကိုမဆို ပယ်သတ်နိုင်ရန် သမ္မပ္ပဓာန်ကို အလေးထား၍ အားထုတ်အပ်ပါ၏။

မဟာပန်သည် ညီ စူဠပန်၏ အလိုအဈ္ဈာသယကို မသိသဖြင့် ဂါထာတစ်ပုဒ်ကို လေးလတိုင်တိုင် သင်ပေးပါသော်လည်း တတ်မြောက်သဖြင့် ညီ စူဠပန်အား ကျောင်းမှ နှင်ထုတ်ခဲ့၏။ မြတ်စွာဘုရားကား စူဠပန်၏အလိုအဈ္ဈာသယကို သိတော်မူသဖြင့် ဆွမ်းမဘုဉ်းပေးမီ ကာလအတွင်း၌ပင် ပိဋကတ်သုံးပုံကိုရော၊ ပဋိသမ္ဘိဒါလေးပါးကိုရော၊ အဘိညာဉ် ခြောက်ပါးကိုရော၊ အရဟတ္တမဂ် အရဟတ္တဖိုလ်ကိုရော တတ်မြောက်အောင် သင်ပေးနိုင်၏ဟု မြတ်စွာဘုရား၏ အာနုဘော် ဂုဏ်ကျေးဇူးတော်များကို ရဟန်းတော်များက ချီးမွမ်းပြောဆိုကြရာ မြတ်စွာဘုရားက 'ချစ်သား ရဟန်းတို့၊ ငါဘုရား၏ သာသနာတော်အတွင်း၌ အားထုတ်အပ်သော လုံ့လရှိသူသည် လောကုတ္တရာတရား၏ ပိုင်ရှင် ဖြစ်သည် သာတည်း' ဟု မြွက်ကြားတော်မူကာ ဤသို့ ဟောကြားတော်မူလေ၏။

– **ထကြွလုံ့လဖြင့် လည်းကောင်း၊ မမေ့မလျော့ခြင်းဖြင့် လည်းကောင်း၊ သီလကို စောင့်ထိန်းခြင်းဖြင့် လည်းကောင်း၊ ဣန္ဒြေကို ထိန်းသိမ်းခြင်းအားဖြင့် လည်းကောင်း၊**
– **ပညာရှိသည် ကိလေသာရေအလျဉ် မလွှမ်းမိုးနိုင်သော အရဟတ္တမဂ် အရဟတ္တဖိုလ်တည်းဟူသော "ကျွန်း" ကို ပြုရာ၏။**

ယေရဝါဒ သာသနာတော်၌ စိတ်သည် ရှေ့သွားဖြစ်၏။ ထို့ကြောင့် စိတ်သည် အလွန်အရေးကြီး၏။ စိတ်ကိုမထိန်းမကျောင်းဘဲ သူ့ချည်း လွှတ်ပေးလိုက်လျှင်လည်း "ကာမသုခလ္လိက" လမ်းစဉ်အရ ယုတ်ညံ့၏။ အကျိုးမဲ့ကို ဖြစ်စေ၏။ စိတ်ကို အတင်းအဓမ္မ ချုပ်ထိန်းထားပြန်လျှင် လည်း "အတ္တကိလမထ" လမ်းစဉ်အရ ဆင်းရဲပင်ပန်း၏။ အကျိုးမဲ့ကိုပင် ဖြစ်စေ၏။ ထို့ကြောင့် စိတ်ကို မဇ္ဈိမပဋိပဒါလမ်းစဉ်အရ သူကြိုက်သလိုလည်း ဆောင်ရွက်ရန်ခွင့်မပြု။ အတင်းအဓမ္မလည်း မချုပ်ထိန်း။ သို့ရာတွင် ယဉ်ကျေးလာအောင်တော့ ထိန်းရ၏။ စိတ္တံ ဒန္တံ သုခါဝဟံ–ဟူသည်နှင့်အညီ ယဉ်ကျေးသောစိတ်သည်သာ ချမ်းသာကို ဆောင်နိုင်၏။ စိတ်ကို ယဉ်ကျေးအောင် ဆုံးမရာတွင် ထမင်းချက်သလိုပင် လုပ်ရ၏။

စိတ်က ဆန်၊ သဒ္ဓါက အိုး၊ သမာဓိက ရေ၊ ဝီရိယက မီး၊ သတိက ယောက်မ၊ ပညာက ထမင်းချက်သူ၊ ဒါန–သီလ–ဘာဝနာက ဗိုနံလောက်

http://www.cherrythitsar.org



သုံးလုံး။ ဤသို့ နှိုင်းယှဉ်၍ မှတ်သားလျှင် မှတ်သားရ လွယ်၏။ ထမင်းနပ်မှ အာဟာရဖြစ်သလို စိတ်ယဉ်ကျေးမှု ချမ်းသာ၏။ ထို့ကြောင့် ဆန်နှင့်တူသော စိတ်ကို အိုးနှင့်တူသော သဒ္ဓါ၌ထည့်ရ၏။ ထို့နောက် ရေနှင့်တူသော သမာဓိကို အလျောက် ထည့်ရ၏။ ဒါန, သီလ, ဘာဝနာတည်း ဟူသော ဖိုခုံလောက် သုံးလုံးပေါ်၌ တင်ရ၏။ မီးနှင့်တူသော ဝီရိယကို ရေနှင့်လိုက်အောင် ထိုးရ၏။ ယောက်မနှင့် တူသောသတိဖြင့် အမြဲမပြတ်မွှေရ၏။ ချက်သူနှင့်တူသောပညာက နပ်သည်၊ မနပ်သည်ကို ကြည့်ရ၏။ နပ်သောထမင်းသည်သာ အာဟာရ ကို ဖြစ်စေနိုင်သ လို ယဉ်ကျေးသောစိတ်သည်သာ ချမ်းသာကိုဖြစ်စေနိုင်၏။ စိတ်ကို ယဉ်ကျေးအောင် ဆောင်ရွက်ရာတွင် ဣန္ဒြေငါးပါးကို ညီညွတ်အောင် ထားရ၏။ သဒ္ဓါနှင့်ပညာက တစ်တွဲ၊ ဝီရိယနှင့် သမာဓိက တစ်တွဲ၊ သတိကမူ အားလုံးအပေါ်၌ရှိရ၏။ သတိဟူသည် ပိုသည်မရှိ၊ လိုသည်သာရှိ၏၊ သဒ္ဓါနှင့် ပညာတို့ကား အပိုအလို ရှိတတ်၏။ ထို့ကြောင့် အပိုအလိုမရှိ မျှအောင် ဆောင်ရွက်ရ၏။ ထိုသို့ ဆောင်ရွက်မှသာစိတ်သည် ယဉ်ကျေးမည်ဖြစ်၏။

ဣန္ဒြေငါးပါးကိုမျှအောင် ဆောင်ရွက်ရာတွင် ကိုယ်ကျင့်သီလကိုဖြူစင်အောင် ရှေးဦးစွာ စောင့်ထိန်းရ၏၊ ထို့နောက်မှ ပညာမဂ္ဂင်အုပ်စုနှင့် သမာဓိမဂ္ဂင်အုပ်စုတို့ကိုပွားများရ၏။ အကြိမ်များစွာ ပြုရ၏။ ပညာမဂ္ဂင်အုပ်စုနှင့် သမာဓိမဂ္ဂင်အုပ်စုတို့ ပွားများပြီးသောအခါ၊ ကြိမ်ဖန်များစွာ ပြုလုပ်ပြီးသောအခါ ကိုယ်ကျင့်တရားဆိုင်ရာ သီလမဂ္ဂင်အုပ်စုသည် ခိုင်ခိုင်မာမာ ပေါ်ပေါက်လာမည်ဖြစ်၏။ ထိုအခါ ဒုစရိုက်မှုအားလုံးသည် ချုပ်ငြိမ်းသွားမည်ဖြစ်၏။ ဒုစရိုက်မှုအားလုံး ချုပ်ငြိမ်းသွားပြီဆိုကတည်းက သုစရိုက်မှုများနှင့် ပုညကြိယာများ တိုးပွားလာ မည်ဖြစ်၏။ ဤသဘောကို မဇ္ဈိမပဋိပဒါဟု ဆို၏။

ဤလောက၌ လူတို့သည် တစ်ဦးတည်း အထီးကျန်ဘဝဖြင့် နေကြသည် မဟုတ်။ အသိုက်အဝန်းနှင့် နေကြသည်ဖြစ်လေရာ တစ်ဦးနှင့်တစ်ဦး မလွှဲသာ မရှောင်သာ အချင်းချင်းဆက်ဆံကြရမည်ဖြစ်၏။ ထိုသို့ဆက်ဆံရာတွင် ကိုယ်ကာယဖြင့် ဆက်ဆံရသည်လည်းရှိ၏။ နှုတ်ဖြင့် ဆက်ဆံရသည်လည်း ရှိ၏။ ကိုယ်ကာယဖြင့် ဆက်ဆံရာတွင် ကောင်းသည့်သဘောလည်း ပါနိုင်၏။ မကောင်းသည့်သဘောလည်း ပါနိုင်၏။ ကောင်းသည့်သဘောပါလျှင် သုစရိုက်ဟု ဆိုရ၏။ မကောင်းသည့် သဘောပါလျှင် ဒုစရိုက်ဟု ဆိုရ၏။ နှုတ်ဖြင့် ဆက်ဆံရာ၌လည်း ထိုနည်းအတူပင် သုစရိုက်နှင့် ဒုစရိုက် နှစ်မျိုးကွဲပြားသွားနိုင်၏။ ယင်းဒုစရိုက်နှင့် သုစရိုက်တို့၏အခြေခံကား မနောကံဖြစ်၏။ မနောကံ ကောင်းလျှင် ကာယကံနှင့်ဝစီကံတို့လည်း ကောင်းကြ၏။ ယင်းတို့ကို သုစရိုက်

http://www.cherrythitsar.org



ဟူ၍လည်းကောင်း၊ ပုညကြိယာ ဟူ၍လည်းကောင်းဆိုရ၏။ မနောကံ မကောင်းပါက ကာယကံနှင့် ဝစီကံတို့လည်း မကောင်းကြ။ ယင်းတို့ကို ဒုစရိုက်ဟူ၍ ဆိုရ၏။

ဒုစရိုက်ကံ များပါက ကိလေသာတည်းဟူသော ရေအလျဉ် လွှမ်းမိုးပြီး အရဟတ္တဖိုလ်တည်းဟူသော ကျွန်းသည် မပေါ်ပေါက်နိုင်။ သုစရိုက်ကံများမှသာ ကိလေသာတည်းဟူသော ရေအလျဉ် မလွှမ်းမိုးနိုင်သဖြင့် အရဟတ္တဖိုလ်တည်းဟူသော ကျွန်းကို ဆောက်လုပ်နိုင်၏။ အရဟတ္တဖိုလ်တည်းဟူသော ကျွန်းကို ဆောက်လုပ်ရာတွင် အပ္ပမာဒ (သတိပဋ္ဌာန်) နှင့် ထကြွလုံ့လရှိမှု (သမ္မပ္ပဓာန်) တို့သည် အရေးကြီးပါ၏။ ယင်းတို့အင်အားပြည့်သည်နှင့် တစ်ပြိုင်နက် ဗောဓိပက္ခိယဝင် တရားများအားလုံး သူ့ကဏ္ဍနှင့်သူပါဝင်ကြပြီး ကိလေသာ ရေအလျဉ် မလွှမ်းမိုးရာ အရဟတ္တဖိုလ် တည်းဟူသော ကျွန်းကို ဆောက်သည်မည်ပါ၏။ ကျွန်းကို ဆောက်ပြီးဖြစ်လျှင် သံသရာ ရေအလျဉ်၌ မျောနေကြသော ဝေနေယျသတ္တဝါများကို နွမ်းနိုင်သလောက် ကျွန်းပေါ်သို့ ဆွဲတင်ကြမည်ကား ယုံမှားစရာ မရှိပါချေ။ ထို့ကြောင့် အရဟတ္တဖိုလ်တည်းဟူသော ကျွန်းပေါ်အောင် အပ္ပမာဒ (သမ္မာသတိ) နှင့် ထကြွ လုံ့လရှိမှု (သမ္မာဝါယာမ) တို့ကို ကိုယ်ကျင့်သိက္ခာ ဖြူစင်မြင့်မြတ်မှုဖြင့် အဦးထား၍ကျင့်ကြံအားထုတ်ကြရန် ဤဂါထာဖြင့် မိန့်ကြားခြင်း ဖြစ်ပါ၏။

# ဗာလနက္ခတ္တ ပွဲသဘင်

မဇ္ဈိမဒေသ ယဉ်ကျေးမှုအရ မြတ်စွာဘုရား ပွင့်တော်မူစဉ်ကာလက မဇ္ဈိမဒေသ၌ လူမိုက်နက္ခတ်နှင့် ယှဉ်သောကာလတွင် "ဗာလနက္ခတ္တ" ပွဲလမ်းသဘင်ကို ကျင်းပကြ၏။ ပွဲတော်ရက်မှာ စုစုပေါင်း ခုနစ်ရက် ဖြစ်၏။ ပွဲတော်ရက်အတွင်း၌ လူငယ်လူရွယ်တို့သည် ယနေ့ခေတ် တောင်ပြုံးပွဲတော်ကဲ့သို့ပင် လူကြီး လူငယ် မရှောင်၊ ပြောချင်သလို ပြောကြ၏။ ရှက်ရမှန်းလည်း မသိ၊ ကြောက်ရမှန်းလည်း မသိ။ ယခုခေတ်သင်္ကြန်ပွဲတော်၌ကဲ့သို့ မိမိတို့ကိုယ်ကို ဆင်ချင်သလို ဆင်ကြ၏၊ လိမ်းခြယ်ချင်သလို လိမ်းခြယ်ကြ၏။ တွေ့သမျှ လူများကိုလည်း ပိုက်ဆံမပေးမချင်း လိုက်၍ နှောက်ကြ၏၊ ပြောင်ကြ၏။ မကြားဝံ့မနာသာ ပြောကြ၏၊ ဆိုကြ၏။ ပိုက်ဆံပေးလိုက်မှ အနှောက်အပြောင် ရပ်၏၊ အပြောအဆို ရပ်၏။ သူတော်စင်များအနေဖြင့် ထိုပွဲတော်ရက်ကို မြန်မြန်ကုန်ဆုံးစေချင်ကြ၏။

http://www.cherrythitsar.org



လူငယ် လူရွယ်တို့ကမူ ထိုပွဲတော်ရက်ကို ဖြည်းဖြည်း ကုန်ဆုံးစေချင်ကြ၏။ အကြိုက်ချင်းတစ်မျိုးစီပင် ဖြစ်၏။

နက္ခတ္တဗေဒ ပညာရှင်များ၏ သတ်မှတ်ချက်အရ ကောင်းကင်၌ လူမိုက်နက္ခတ်နှင့် ယှဉ်သောကာလကို ကြံရ၏။ လူမိုက်နက္ခတ်နှင့်ယှဉ်တိုင်း ပွဲတော်ကို ခုနစ်ရက်တိုင်တိုင် တရားဝင်ကျင်းပရ၏။ ထိုခေတ်တွင် နက္ခတ်ဗေဒင်၏အရှိန်အဝါသည် အလွန်ပင်ကြီးမား၏။ ကြီးမားသည့်အလျောက်လည်း တိကျ၏၊ မှန်ကန်၏။ အနာဂတ်အတွက် အကျိုးအပြစ်များနှင့် ပတ်သက်လျှင် နက္ခတ်ဗေဒင်၏ အဆိုအမိန့်များကိုသာ အားကိုးရ၏၊ ထို့ကြောင့် နက္ခတ္တဗေဒပညာရှင်များ၏ သတ်မှတ်ချက်အရ လူမိုက်နက္ခတ်နှင့်ယှဉ်သော ပွဲတော်ကို ခုနစ်ရက်တိုင်တိုင် ကျင်းပရခြင်းဖြစ်၏။

ဗာလနက္ခတ္တ ပွဲသဘင်ကို ကျင်းပရာတွင် မူရင်းရည်ရွယ်ချက်အားဖြင့် ဘာသာရေး အနှစ်သာရသည် မြစ်များခံ၏၊ ထိုခေတ်တွင် အရာရာတိုင်း၌ ဘာသာရေးအမြင်သည် လွှမ်းမိုး၏။ နတ်ဖြစ်စေ၊ လူဖြစ်စေ၊ တိရစ္ဆာန်ဖြစ်စေ သက်ရှိသတ္တဝါတိုင်းသည် အစမထင်သော ကာလမှစ၍ သံသရာအကျဉ်းထောင်၌ အကျဉ်းခံနေရသူများ ဖြစ်ကြ၏။ လူတို့သည် သံသရာအကျဉ်းထောင်မှ လွတ်မြောက်လိုကြ၏။ သို့ရာတွင် မည်သည့်ကာလမှလွတ်မြောက်မည်ကို သူတို့မသိကြ။ သံသရာ အကျဉ်းထောင်၌ နေရသည်မှာ ဆင်းရဲခြင်းအတိ ဖြစ်သည်ကိုမူ သူတို့ သိကြ၏။ ယုံလည်းယုံကြ၏၊ လက်လည်း ခံကြ၏။ ထို့ကြောင့် သံသရာအကျဉ်းထောင်မှ လွတ်မြောက်လိုခြင်းဖြစ်၏။ သံသရာအကျဉ်းထောင်မှ လွတ်မြောက်နိုင်ရန်အတွက် ရောက်တတ်ရာရာ စိတ်ကူးရသလို ကြိုးစားကြလေ၏။ ထိုသို့ကြိုးစားသူများတွင် လူသည် အဓိကဖြစ်၏။

ရောက်တတ်ရာရာ ကြိုးစားကြသည့် နည်းများတွင် နည်းနှစ်မျိုးသည် ဘာသာရေးနယ်ပယ်၌ ထင်ရှား၏။ နည်းတစ်မျိုးမှာ ကာမသုခလ္လိကာ နုယောဂနည်း ဖြစ်၍၊ အခြားနည်းတစ်မျိုးမှာ အတ္တကိလ မထာနုယောဂနည်း ဖြစ်၏။ ထိုနည်းနှစ်မျိုးလုံးသည် မြတ်စွာဘုရား၏ သာသနာတော်ပြင်ပ၌ ထင်ရှားကြ၏။

လူသည် ချမ်းသာလို၏၊ ချမ်းသာလိုသည့်အလျောက် မိမိ၏ စိတ်ချမ်းသာနိုင်ရေးအတွက် မိမိ၏စိတ်ကို တံခါးမရှိဓားမရှိ ထင်တိုင်းကြဲနိုင်ရန် လွှတ်ပေးထား၏။ အထိန်းအကွပ်ဟူ၍ ဘာမျှမထား။ ထိုကဲ့သို့ ဆောင်ရွက်ခြင်းအားဖြင့် ချမ်းသာကိုရနိုင်၏ဟူ၍ ယုံကြည်ကြသူများလည်း ရှိ၏။ လောကဓါတ်ဟာရအားဖြင့် "ဘယ်သူသေသေ၊ ငတေမာပြီးရော" ဟူသော ခံယူချက်ဖြင့် ပတ်ဝန်းကျင်ကို ဆက်ဆံသူများဖြစ်၏။ ထိုသူများကို ဘာသာရေးဓါတ်ဟာရ

http://www.cherrythitsar.org



အားဖြင့် "မိမိ အလိုရှိအပ်သော ချမ်းသာသုခကို တပ်မက်ကာ မရရအောင် အားထုတ်သောနည်းအတိုင်း လိုက်နာကျင့်သုံးသူများ" ဟူ၍ဆိုရ၏။ ထိုနည်းကို ကာမသုခလ္လိကာနုယောဂ လမ်းစဉ်၌ ထည့်ရ၏။ အစွန်းရောက်လမ်းစဉ် တစ်မျိုးပင် ဖြစ်၏။

အခြားနည်းတစ်မျိုးမှာလည်း အစွန်းရောက်လမ်းစဉ်ပင် ဖြစ်၏။ ယင်းလမ်းစဉ်အရ မိမိ အလိုရှိအပ်သော ချမ်းသာသုခကို တိုက်ရိုက်မရှာ၊ သွယ်ဝိုက်၍ ရှာ၏။ မိမိတို့သည် အစမထင်သောကာလမှစ၍ သံသရာ၌ စုန်ချည်ဆန်ချည်ဖြင့် မျောနေကြသူများ ဖြစ်ကြ၏။ ထိုသို့မျောနေကြရခြင်းမှာ မိမိတို့၏သန္တာန်၌ ကိန်းဝပ်နေသော ကိလေသာများကြောင့်ဖြစ်၏။ သံသရာ၌မျောနေခြင်း ဟူသည်မှာ သံသရာအကျဉ်းထောင်၌ အကျဉ်းသားအဖြစ် အပြစ်ဒဏ်ကို ကျခံနေရခြင်း ဖြစ်၏။ အပြစ်ဒဏ်ကို ကျခံနေရသည် ဆိုကတည်းက မလွတ်မလပ်နှင့် ဆင်းရဲဒုက္ခကို ခံစားနေရခြင်း ဖြစ်၏။ အကယ်၍ ချမ်းသာသုခကို ရလိုပါက သံသရာအကျဉ်းထောင်မှ လွတ်မြောက်ဖို့လို၏။ သံသရာအကျဉ်းထောင်မှ လွတ်မြောက်သည်ဆိုလျှင်ပင် ချမ်းသာသုခကို အလိုလိုရပြီးသား ဖြစ်၏။ ထို့ကြောင့် မိမိ အလိုရှိအပ်သော ချမ်းသာသုခကို တကယ်တမ်း ရချင်ရိုးမှန်ပါလျှင် သံသရာအကျဉ်းထောင်မှ လွတ်မြောက်အောင် ရှေးဦးစွာအားထုတ်အပ်၏။

သံသရာအကျဉ်းထောင်မှ လွတ်မြောက်အောင် အားထုတ်ခြင်း ဟူသည်မှာ မိမိ၏သန္တာန်၌ ကိန်းဝပ်နေသော ကိလေသာများကို ကင်းစင်အောင် အားထုတ်ခြင်းဖြစ်၏။ မိမိ၏သန္တာန်၌ ကိန်းဝပ်နေသော ကိလေသာများသည် မိမိတို့၏ဆိုင်ရာ အကျိုးတရားများကို မပေးရသေးသရွေ့ ကာလပတ်လုံး ချုပ်ပျောက်ပျက်စီးသွားလိမ့်မည်မဟုတ်၊ အကျိုးပေးပြီးမှသာ ချုပ်ပျောက်ပျက်စီးသွားမည် ဖြစ်၏။ သို့ဖြစ်၍ ကိလေသာများ ကင်းစင်ပပျောက်သွားအောင် ယင်းတို့က အကျိုးတရားများကို ပေးနိုင်ရေးအတွက် ဆောင်ရွက်ပေးဖို့ လို၏။ ကိလေသာများ၏ အကျိုးတရားဟူသည်မှာ ဆင်းရဲဒုက္ခအမျိုးမျိုးကို ခံစားရခြင်း ဖြစ်၏။ ထို့ကြောင့် မိမိတို့၏သန္တာန်၌ ကိန်းဝပ်နေသော ကိလေသာများက အကျိုးပေးသည့်အနေဖြင့် မိမိကိုယ်ကို တမင်တကာ ဆင်းရဲဒုက္ခ ခံစားရအောင် အားထုတ်ရ၏။ မိမိကိုယ်ကို တမင်တကာ ညှဉ်းပန်းရ၏၊ နှိပ်စက်ရ၏။ မိမိကိုယ်ကို ဆင်းရဲအောင် လုပ်နိုင်လေလေ၊ မိမိကိုယ်ကို ညှဉ်းပန်းနိုင် လေလေ၊ မိမိကိုယ်ကို နှိပ်စက်နိုင်လေလေ မိမိသန္တာန်၌ ကိန်းဝပ်နေသော ကိလေသာများ ကင်းစင်လေလေ ဖြစ်၏။

မိမိ၏သန္တာန်၌ ကိန်းဝပ်နေသော ကိလေသာများသည် မိမိတို့ဆိုင်ရာ

http://www.cherrythitsar.org



အကျိုးတရားများကို ပေးပြီးနောက် ကုန်ဆုံးချုပ်ပျောက်သွားသည်နှင့် တစ်ပြိုင်နက် မိမိတို့သည် သံသရာအကျဉ်းထောင်မှ လွတ်မြောက်ပြီး ဖြစ်တော့၏။ ထိုအခါမှသာ မိမိတို့သည် လွတ်လပ်သော ချမ်းသာသုခကို ခံစားရတော့၏။ ထို့ကြောင့် မိမိကိုယ်ကို ဆင်းရဲအောင် ညှဉ်းပန်းနှိပ်စက်ခြင်းသည်လည်း မိမိအလိုရှိအပ်သော ချမ်းသာသုခကို သွယ်ဝိုက်သောအားဖြင့် ရှာဖွေနည်းတစ်မျိုးပင် ဖြစ်၏။ ယင်းနည်းသည်လည်း မြတ်စွာဘုရား ပွင့်တော်မမူမီကာလကပင် မချိမဖေ့သေ၌ ခေတ်စားနေသော ကျင့်စဉ်တစ်မျိုး ဖြစ်၏။ ထိုနည်းအတိုင်း ကျင့်သုံးပါက မိမိ၏စိတ်ကို ကွပ်ကဲနိုင်သမျှ ကွပ်ကဲရ၏။ အနည်းငယ်မျှ လွတ်ချိမပေးရ။ စိတ်ကို နှိပ်ကွပ်နိုင်လေလေ၊ ကျင့်စဉ်အရ ထိရောက်နိုင်လေလေ ဖြစ်၏။ ထိုနည်းကို ဘာသာရေးဝေါဟာရအားဖြင့် မိမိကိုယ်ကို ညှဉ်းပန်းနှိပ်စက်သော "အတ္တ ကိလ မထာနုယောဂ" နည်း ဟူ၍ ဆိုရ၏။

လူတို့သည် မိမိတို့ အလိုရှိအပ်သော ချမ်းသာသုခ ရရှိရေးနှင့် ပတ်သက်၍ ကျင့်သုံးလိုက်နာကြသော နည်းနှစ်မျိုးနှင့် ပတ်သက်၍ ပထမနည်းသည် မိမိ၏စိတ်ကို အထိန်းအကွပ်မရှိ လွှတ်ပေးသောနည်းဖြစ်၍ ကိုယ်ကျင့်သိက္ခာဖွံ့အားကို ယုတ်လျော့စေ၏။ တိရစ္ဆာန်လောကသို့ ဦးတည်သဖြင့် ယုတ်ညံ့၏။ မြူစင်မြင့်မြတ်မှု မရှိ။ အကျိုးမဲ့ကို ဖြစ်စေ၏။ ထိုနည်းဖြင့်ရရှိသော ချမ်းသာသုခသည်လည်း စစ်မှန်သောချမ်းသာသုခ မဟုတ်။ ဒုတိယနည်းကား မိမိ၏စိတ်ကို အတင်းအဓမ္မနှိပ်ကွပ်သောနည်းဖြစ်၍ ဆင်းရဲပင်ပန်းလှ၏။ စိတ်ကို အနှာတရဖြစ်စေ၏။ တည်ငြိမ်မှုကိုမရသဖြင့် အကျိုးမဲ့ကိုပင်ဖြစ်စေ၏။ မြူစင် မြင့်မြတ်မှုလည်း မရှိ၊ စစ်မှန်သော ချမ်းသာသုခကို ရရှိဖို့ကား ဝေးကွာလွန်းလှ၏။

ထို့ကြောင့် ထိုနည်းနှစ်မျိုးလုံးကိုပင် အစွန်းရောက်နည်းများဟု သတ်မှတ်ကာ သူတော်စင်များအနေဖြင့် မကျင့်သုံးမိစေရန် မြတ်စွာဘုရားက ဓမ္မစက္ကပဝတ္တနသုတ်၌ ဟောကြားတော်မူခြင်း ဖြစ်၏။

ဗာလနက္ခတ္တပွဲသဘင်ကို ကျင်းပရန်အတွက် နက္ခတ္တဗေဒပညာရှင်များက သတ်မှတ်ပေးရာ၌ အစပထမတွင် ထိုအချိန်က ခေတ်စားနေသော ဘာသာရေးကျင့်စဉ် နှစ်မျိုးအနက် တစ်မျိုးမျိုးဖြင့် လူတို့အလိုရှိသော ချမ်းသာသုခကို ရရှိနိုင်စေရန် ရည်ရွယ်ရင်း ရှိပါ၏။ အနှစ်သာရအားဖြင့်လည်း ဘာသာရေးအမြင်ပေါ် အခြေခံခြင်း ဖြစ်ပါ၏။

သို့ရာတွင် နောက်ပိုင်း၌ ဗာလနက္ခတ္တ ပွဲသဘင်သည် မူရင်းရည်ရွယ်ချက်ပျောက်ကာ ဘာသာရေး နယ်နိမိတ်၏ အပြင်ဘက်ကိုရောက်ပြီး ထိုအချိန်က သာဝတ္ထိပြည်သားတို့ မြင်ပြင်းကတ်စရာပွဲတော် အဖြစ်သို့ရောက်ခဲ့ပါ၏။ သူတော်

http://www.cherrythitsar.org



ဇင်များအနေဖြင့် ဗာလနက္ခတ္တပွဲတော် ကျရောက်မည့်အချိန်ကိုပင် မနှစ်မြို့နိုင်သည့်သဘောကို ဆောင်လေ တော့၏။ ဤသည်မှာ ဖြစ်ရပ်များတွင် တွေ့ရှိရမြဲဖြစ်သော သမိုင်းဆိုင်ရာ လောကဓံပင် ဖြစ်ချေ၏။

ထိုအချိန်က မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူလျက်ရှိ၏။ သာသနာတော် စည်ပင်ပြန့်ပွားချိန်ဖြစ်၍ သာဝတ္ထိပြည်၌ အရိယာပုဂ္ဂိုလ်များ ၅ ကုဋေခန့် ရှိ၏။ အရိယာပုဂ္ဂိုလ်တို့သည် မြတ်စွာဘုရားအား "ဗာလနက္ခတ္တ" ပွဲသဘင်ကာလအတွင်း၌ သာဝတ္ထိပြည်တွင်းသို့ နောက်ပါ ရဟန်းသံဃာတော်များနှင့်တကွ ဆွမ်းခံကြွတော်မမူပါရန် လျှောက်ထားကြ၏။ "ဗာလနက္ခတ္တ" ပွဲသဘင်ကျင်းပသည့် ခုနစ်ရက်တာကာလအတွင်း လိုအပ်သော ဆွမ်းကွမ်းများကို ကျောင်းတော်သို့ပို့ကြကုန်၏။ အရိယာ ဒါယကာများသည် မိမိတို့ကိုယ်တိုင်လည်း အိမ်ပြင်သို့မထွက်ဘဲ အိမ်တွင်း၌သာ နေကြကုန်၏။

ဗာလနက္ခတ္တပွဲသဘင်၌ ပါဝင်ဆင်နွှဲကြကုန်သူတို့သည် ပွဲသဘင် အစဉ်အလာအတိုင်း ရဟန်းသံဃာတော၊ အရိယာသော နားမလည်၊ မြင်မြင်သမျှကို နောက်ကြ၏။ ပြောင်ကြ၏။ သူတို့ ယုံကြည်ကြသော ဘာသာရေးကျင့်စဉ်များအနက် မိမိတို့၏စိတ်ကို အထိန်းအကွပ်မရှိဘဲ လွှတ်ပေးသော "ကာမသုခလ္လိကာနုယောဂ" ကျင့်စဉ်အရကျင့်သောအားဖြင့် ပါဝင်ဆင်နွှဲသည်ဖြစ်စေ၊ မိမိတို့၏စိတ်ကို အတင်းအဓမ္မ နှိပ်ကွပ်သော "အတ္တကိလမထာ နုယောဂ" ကျင့်စဉ်အရကျင့်သောအားဖြင့် ပါဝင်ဆင်နွှဲသည်ဖြစ်စေ သူတို့ယုံကြည်သည့်အတိုင်း စစ်မှန်သော ချမ်းသာသုခကိုမရဘဲ အလွန်အပြစ်ကြီးသော အရိယူပဝါဒကံကို ကျူးလွန်ရာသာ ရောက်ပေလိမ့်မည်။ အရိယူပဝါဒကံသည် အရိယာများကို စွပ်စွဲသောကံဖြစ်၏။ မည်သို့ပင် တရားအားထုတ်စေကာမူ ထို "ကံ" သည် မဂ်ဖိုလ်ကို မရအောင် တားမြစ်၏။ ထို့ကြောင့် ဗာလနက္ခတ္တပွဲသဘင်၌ ပါဝင်ဆင်နွှဲကြသူများအပေါ် ကရုဏာသက်သောအားဖြင့် အရိယူပဝါဒကံ မထိုက်နိုင်စေခြင်းငှာ မြတ်စွာဘုရားနှင့် နောက်ပါရဟန်းသံဃာတော်များ သာဝတ္ထိပြည်တွင်းသို့ ဆွမ်းခံမဝင်ရန် လျှောက်ထားကြခြင်း ဖြစ်၏။ မိမိတို့အရိယာများကိုယ်တိုင် အိမ်အပြင်သို့ မထွက်ခြင်းလည်း ဖြစ်၏။

ဤလောက၌ အနိုင်ကျင့်မှုများ၊ အဓမ္မလွှမ်းမိုးမှုများ ပပျောက်သွားအောင်ဆောင်ရွက်ရေးအတွက် လောကကို စောင့်ရှောက်ရန် သမ္မာဒေဝ နတ်ကောင်းနတ်မြတ်များထက် လူများ၌ ပို၍တာဝန်ရှိပါ၏။ သမ္မာဒေဝ နတ်ကောင်းနတ်မြတ်များသည် နတ်ပြည်အတွက် ပို၍တာဝန်ရှိသလို ကိုယ်ကျင့်သိက္ခာ

မြင့်မားသူများသည် လူ့ပြည်အတွက် ပို၍ တာဝန်ရှိပါ၏။ ဤသည်မှာ "ကတညုတာ ကတဝေဒီ" မင်္ဂလာတရားတော်အရ ဖြစ်၏။ သို့ဖြစ်၍ ဤလောက၌ အနိုင်ကျင့်မှုများ၊ အဓမ္မလွှမ်းမိုးမှုများအားကောင်းနေသည်ဟု မြင်ရတိုင်း၊ ကြားရတိုင်း လောကကို စောင့်ရှောက်ကြသော သမ္မာဒေဝ နတ်ကောင်းနတ်မြတ်များအား တိုင်တည်နေသည်ထက် လူများသည် မိမိတို့၏တာဝန်အရ မိမိတို့ကိုယ်တိုင် မိမိတို့ စွမ်းအားရှိသလောက် လောကကို ငြိမ်းချမ်းအောင်၊ အနိုင်ကျင့်မှုများ ကင်းအောင်၊ အဓမ္မမှုများမလွှမ်းမိုးဘဲ ဓမ္မများကသာ လွှမ်းမိုးလာအောင် ကြိုးပမ်းရမည် ဖြစ်၏။ ဤသည်မှာ လူ့လောက၌ နေထိုင်ကြသော လူတို့၏ ဖွားရာပါ ကျင့်ဝတ် ဖြစ်၏။ ဤကျင့်ဝတ်နှင့်အညီ သာဝတ္ထိပြည်၌ အရိယာပုဂ္ဂိုလ်တို့သည် လောကကို စောင့်ရှောက်ရန် အားထုတ်ကြခြင်းဖြစ်၏။ ဗာလနက္ခတ္တ ပွဲသဘင်၌ ပါဝင်ဆင်နွှဲကြသူများအား နှိပ်ကွပ်ခြင်းဖြစ်၏။ လောကပါလပုဂ္ဂိုလ်များ အနေဖြင့် လောကကို စောင့်ရှောက်ခြင်းဟူသည်မှာ မိမိတို့ကိုယ်တိုင်က ကိုယ်ကျင့်သိက္ခာမြင့်မားသူများ ဖြစ်ပါမှ မှန်မှန်ကန်ကန် စောင့်ရှောက်ရာရောက်၏။ ဓမ္မဓိဋ္ဌာန်ကျကျ စောင့်ရှောက်ရာရောက်၏။ သို့မဟုတ်ပါက အဝိဇ္ဇာ၏ မာယာ ကွန်ရက်၌ အမိခံရသောသားကောင် ဖြစ်ပါလျက် သားကောင် ဖြစ်မှန်းမသိဘဲ မိမိကိုယ်ကို မုဆိုးအဖြစ် အထင်မှားတတ်ပါ၏။ အဝိဇ္ဇာဟူသည် အမှားကို အမှန်၊ အမှန်ကို အမှားဟူ၍ ပြောင်းပြန်မြင်တတ်သော သဘောရှိချေ၏။ ကျမ်းဂန်များ၌ အဝိဇ္ဇာ၏ လက္ခဏာကို ဤအတိုင်းဆို၏။

သို့ရာတွင် ပုထုဇဉ်တို့၏ သဘာဝအရ လူသည် မိမိ၏အမြင်ကို ပြောင်းပြန် ဖြစ်နေပါလျက် ပြောင်းပြန်ဟုမသိ၊ အတည့် ဟူ၍သာ သိ၏။ သို့ရာတွင် ပြောင်းပြန်အမြင်နှင့် အတည့်အမြင်တို့၏ ခြားနားချက်သည် ရှိ၏။ အတ္တကို ဗဟိုပြု၍ မြင်သော အမြင်ဟူသမျှသည် ပြောင်းပြန်အမြင် ဖြစ်၏။ ထိုသို့မဟုတ်က အတည့်အမြင်ဖြစ်၏။

မြတ်စွာဘုရားသည် လောကတွင် အမြတ်ဆုံး၊ အမြင့်ဆုံး အတုမဲ့ အနှိုင်းမဲ့ပုဂ္ဂိုလ် ဖြစ်၏။ သို့ပါလျက် ပဌမသတ္တာဟအနေဖြင့် အဇပါလသတ္တာဟ၌ စံနေတော်မူစဉ် "သူတစ်ပါး၌ ရိုသေမှု၊ ကျိုးနွံမှု မပြုဘဲ နေထိုင်ရခြင်းသည် ဆင်းရဲ၏။ သို့ရာတွင် ဤလောက၌ မိမိထက် သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်အားဖြင့် သာလွန်မြင့်မြတ်သူဟူ၍ တစ်ဦးတစ်ယောက်မျှမရှိ။ ထို့ကြောင့် မိမိထိုးထွင်း၍ သိပြီးသော တရားတော်ကိုပင် အရိုအသေ အလေးအမြတ်ပြု၍ နေရမူ ကောင်းလေစွ" ဟု အကြံဖြစ်တော်မူပြီး ထိုအကြံအတိုင်းပင် မြတ်စွာဘုရားသည် မိမိ ထိုးထွင်း၍ သိပြီးသော တရားတော်ကိုပင် အရိုအသေ အလေးအမြတ် ပြု၍ နေတော်မူ၏။

http://www.cherrythitsar.org



မြတ်စွာဘုရား၏ အဆုံးအမတော်၌ သက်ဝင်ယုံကြည်ကြသော ထေရဝါဒ ဗုဒ္ဓဘာသာဝင်များပီပီ မြတ်စွာဘုရား၏ ကျင့်ထုံးကို လေးစားစွာ လိုက်နာသောအားဖြင့် ရိုသေထိုက်သူများကို ရိုသေခြင်း "ဂါရဝ" မင်္ဂလာ၊ မိမိကိုယ်ကို နှိမ့်ချခြင်း "နိဝါတ" မင်္ဂလာတို့ဖြင့် မိမိကိုယ်ကို ပြည့်စုံအောင် အားထုတ်အပ်၏။ ထိုကဲ့သို့ အားထုတ်ပါက အလိုအလျောက် ရတနာသုံးပါးကို ဆည်းကပ်ပြီးသားလည်း ဖြစ်၏။ မင်္ဂလာတရားတော်ကို လိုက်နာကျင့်သုံးပြီးသားလည်း ဖြစ်၏။

"ဂါရဝ" မင်္ဂလာတရားနှင့် "နိဝါတ" မင်္ဂလာတရားများကို အလေးအမြတ်ပြု၍ လောကကို ကြည့်သောအခါ လောက၌ မိမိထက် မြင့်သူများကိုလည်း တွေ့ရ၏။ မိမိနှင့် ရည်တူများကိုလည်း တွေ့ရ၏။ မိမိအောက် နိမ့်သူများကိုလည်း တွေ့ရ၏။ မိမိထက် မြင့်သူများအား လေးစားခြင်းကို ပူဇော်သည်ဟု ဆိုရ၏။ မိမိနှင့် ရည်တူများအား လေးစားခြင်းကို ကူညီသည်ဟု ဆိုရ၏။ မိမိအောက် နိမ့်သူများအား လေးစားခြင်းကိုချီးမြှောက်သည်ဟု ဆိုရ၏။ ဤကဲ့သို့ မြင့်သူများ၊ ရည်တူများ၊ နိမ့်သူများအား အဆင့်အလျောက် လေးစားခြင်းသည် လောကကို စောင့်ရှောက်သည် မည်၏။ လောကကို စောင့်ရှောက်ခြင်း၌ မျက်နှာပြင်နှစ်ဖက် ပါ၏။ လေးစားခြင်းခံရသူများဘက်မှ ကြည့်လျှင် ဂါရဝ မျက်နှာပြင်ကို တွေ့ရ၏။ လေးစားတတ်သူများဘက်မှကြည့်လျှင် နိဝါတ မျက်နှာပြင်ကို တွေ့ရ၏။ ဤမျက်နှာပြင်များမှာ ပုဂ္ဂိုလ်ပေါ်၌ အခြေခံတည်သော ပုဂ္ဂလာဓိဋ္ဌာန မျက်နှာပြင်များ ဖြစ်ကြ၏။ ဓမ္မပေါ်၌ အခြေခံတည်သော ဓမ္မာဓိဋ္ဌာနမျက်နှာပြင်များလည်း ရှိသေး၏။ ဓမ္မလွှမ်းမိုးအောင် အားထုတ်ခြင်းသည် လောကကို စောင့်ရှောက်ခြင်း၏ ပဂ္ဂဟ (မြှင့်တင်ခြင်း) မျက်နှာပြင် ဖြစ်၏။ အဓမ္မကျဆုံးအောင် ဆောင်ရွက်ခြင်းသည် နိဂ္ဂဟ (နှိပ်ကွပ်ခြင်း) မျက်နှာပြင် ဖြစ်၏။

ဗာလနက္ခတ္တပွဲသဘင်၌ ပါဝင်ဆင်နွှဲကြသော ပုဂ္ဂိုလ်များအပေါ် သာဝတ္ထိပြည်ရှိ အရိယာသူတော်စင်တို့ဆောင်ရွက်ကြသော ဆောင်ရွက်နည်းကား လောကကို စောင့်ရှောက်ခြင်း၏ နိဂ္ဂဟ မျက်နှာပြင်ဘက်မှ ရပ်တည်၍ ဆောင်ရွက်ခြင်းပင် ဖြစ်၏။ နိဂ္ဂဟမျက်နှာပြင်ဘက်မှ ရပ်တည်၍ ဆောင်ရွက်သော်လည်း ထိုအရိယာပုဂ္ဂိုလ်တို့၏ ဆောင်ရွက်ခြင်းသည် "အတ္တ" ကင်းသောအမြင်ဖြင့် ဆောင်ရွက်ခြင်းဖြစ်၍ "ပြောင်းပြန်အမြင်ဖြင့်" ဆောင်ရွက်ခြင်းမျိုး မဟုတ်ဘဲ "အတည့်အမြင်" ဖြင့် ဆောင်ရွက်ခြင်းမျိုးသာ ဖြစ်၏။ အမှန်အားဖြင့် အရိယာသူတော်စင်ဟူသမျှသည် လောကအပေါ် အမြဲတမ်း ကရုဏာနှင့် ပညာတို့ဖြင့်သာ ကြည့်သူများချည်းသာ ဖြစ်၏။ ဤလောက၌ မြတ်စွာဘုရား ပွင့်တော်မူလာခြင်းသည်လည်း လောကအပေါ် "အတ္တ" ကွာပြီး ကရုဏာနှင့် ပညာတို့ဖြင့်သာကြည့်တတ်

http://www.cherrythitsar.org



သော သူတော်စင်များပေါ်ထွန်းလာအောင် ညွှန်ကြားပြသရန်အတွက် ဖြစ်ပါ၏။ အခြား အဓိပ္ပာယ်ဟူ၍ ထူးထူးခြားခြားမရှိ။

ဗာလနက္ခတ္တပွဲသဘင် ပြီးမြောက်၍ ရှစ်ရက်မြောက်သောနေ့တွင် ဘုရားအမှူးရှိသော ရဟန်းသံဃာတော်များကို သာဝတ္ထိပြည်တွင်းသို့ ဆွမ်းခံကြွရောက်ရန် လျှောက်ထားကြ၏။ ဘုရားအမှူးရှိသော ရဟန်းသံဃာတော်များ သာဝတ္ထိပြည်တွင်းသို့ ဆွမ်းခံကြွရောက်လာသောအခါ အရိယာဒါယကာများက ဆွမ်းများကို လောင်းလှူပြီးနောက် မြတ်စွာဘုရားအား—

'ဗာလနက္ခတ္တပွဲသဘင် ကျင်းပနေစဉ် ခုနစ်ရက်တာကာလအတွင်း တပည့်တော်တို့သည် အလွန်ပင် ဆင်းရဲခြင်းသို့ ရောက်ကြရပါ၏။ ပွဲသဘင်၌ ပါဝင်ဆင်နွှဲကြသူတို့၏ ယုတ်မာညစ်ညမ်းသော စကားတို့ကို ကြားရသဖြင့် တပည့်တော်တို့၏ နားတို့သည် ကွဲအံ့သော အခြင်းအရာသို့ ရောက်ကုန်သကဲ့သို့ ဖြစ်ကြပါကုန်သည် ဘုရား'

ဟူ၍ လျှောက်ထားကြသောအခါ မြတ်စွာဘုရားက ဒါယကာများအား တရားဒေသနာတော်ကို ဂါထာနှစ်ဂါထာဖြင့် ဤသို့ ဟောကြားတော်မူလေ၏။

- **ပညာမရှိကုန်သော လူမိုက်တို့သည် ကုသိုလ်ကောင်းမှုတို့၌ မေ့လျော့ကြကုန်၏။ ပညာရှိသော သူတော်ကောင်းတို့သည် ကုသိုလ်ကောင်းမှု၌ မမေ့လျော့သော "သတိ" တရားကို မြတ်သော ရတနာခုနစ်ပါးကဲ့သို့ စောင့်ကြကုန်၏။**
- **ကုသိုလ်ကောင်းမှု၌ မေ့လျော့ကြကုန်လင့်၊ ကာမဂုဏ်တို့နှင့် အရောမဝင်ကြကုန်လင့်၊ ကုသိုလ်ကောင်းမှု၌ မမေ့ လျော့သောသတိနှင့် ပြည့်စုံသူသည် သမထ ဝိပဿနာကို ပွားများသည်ရှိသော် ပြန့်ပြောသော ချမ်းသာသုခကို ရရှိ၏။**

လူ့ဘဝကို ရကြသူများသည် အလွန်ကြီးမားသော အတိတ်ကုသိုလ်ကံကြောင့် ရကြသူများ ဖြစ်ကြ၏။ ထို့ကြောင့် လူ့ဘဝကို ဒုလ္လဘဟူ၍ မြတ်စွာဘုရားက ဟောတော်မူခြင်း ဖြစ်၏။

သို့ဖြစ်လျှင် လူဟူသည် အလွန် မြတ်နိုးအပ်၊ လေးစားအပ်သော ဂုဏ်အရည်အသွေး ရှိသူဖြစ်ကြောင်း "ပင်ကို" သဘာဝက ပြော၏။ သို့ရာတွင် ပညာမဲ့သူတို့သည် လူ့ဘဝတည်းဟူသောအနှစ်ထက် ရာထူးဂုဏ်သိန် စည်းစိမ် ဥစ္စာတည်းဟူသော အကာကို ပို၍မြတ်နိုးကြ၏။ ပို၍လေးစားကြ၏။ အမှန်အားဖြင့် လူကိုလူအဖြစ် လေးစားခြင်းသည် အလိုအလျောက် ကောင်းမှုကို ဖြစ်ပြီးသားသဘောကိုဆောင်၏။ လေးစားခြင်းခံရသူဘက်မှ ကြည့်လျှင်လည်း

http://www.cherrythitsar.org



မိမိ၏ ဘဝသမ္ပတ္တိအရ မိမိအနေဖြင့် ရသင့်ရထိုက်သော ဂါရဝတရားကို ထိုက်ထိုက်တန်တန် ရရှာရောက်၏။ လေးစားတတ်သူဘက်မှ ကြည့်လျှင်လည်း နိဝါတသဘောအရ မိမိ၌ရှိသော "အတ္တ" ကို ပါးသည်ထက်ပါးအောင် လုပ်ရာ ရောက်သဖြင့် ထေရဝါဒနှင့်အညီ ကုသိုလ်ကောင်းမှုကို မှန်မှန်ကန်ကန်ပြုရာ ရောက်၏။

ထို့ကြောင့် လူကို လူအဖြစ် မြင်တတ်ခြင်းသည်ပင် ကုသိုလ်ကောင်းမှုကို ပြုပြီးသား ဖြစ်သည်ဟု ဆိုနိုင်ခြင်းဖြစ်၏။ ဆိုနိုင်သဖြင့် ဆိုရခြင်းလည်းဖြစ်၏။

လူ့ဘဝကို ပါဠိတော်ပါဟာရအားဖြင့် ဘဝသမ္ပတ္တိဟုဆို၏။ ရာထူး ဂုဏ်သိန် စည်းစိမ်ဥစ္စာတို့ကိုမူ ဘောဂသမ္ပတ္တိဟု ဆို၏။ လူ့ဘဝသည် မူရင်းကျသဖြင့် အနှစ်မည်၏။ ရာထူးဂုဏ်သိန် စည်းစိမ်ဥစ္စာတို့ကား ဘဝကိုမှီ၍ ဖြစ်ရသဖြင့် အကာမည်၏။ ပညာရှိသော သူမှသာ အနှစ်နှင့်အကာကို ခွဲခြား၍သိ၏။ အနှစ်နှင့် အကာကို ခွဲခြား၍မသိသောအခါ အနှစ်ထက် အကာကို ပို၍ တန်ဖိုး ထား၏။ ပို၍အလေးအမြတ် ပြု၏။ ပို၍ မြတ်နိုး၏။ လောကဓမ္မတာအတိုင်း အကာဟူသည် အနှစ်၏အပြင်ဘက်၌ ရှိသဖြင့် သတိသမ္ပဇဉ် မရှိသူများအတွက် မြင်လွယ်၏။ မြင်လွယ်သည့်အတိုင်း သိလွယ်၏။ မြင်လွယ် သိလွယ်သဖြင့် အကာတည်းဟူသော ရာထူးဂုဏ်သိန် စည်းစိမ်ဥစ္စာတို့ကို အနှစ်တည်းဟူသော ဘဝထက် ပို၍ တန်ဖိုးထားသောအခါ၊ ပို၍ အလေးအမြတ် ပြုသောအခါ၊ ပို၍ မြတ်နိုးသောအခါ ကာမဂုဏ်နှင့် အရောဝင်သည်မည်၏။ ကာမဂုဏ်နှင့် အရောဝင်လျှင် ပစ္စုပ္ပန်၊ တမလွန် နှစ်တန်သောဘဝ၌ ဆင်းရဲဒုက္ခသို့ ရောက်ဖို့ရာ ဦးတည်သော လမ်းကြောင်းပေါ်၌ လျှောက်နေသည့်သဘောကို ဆောင်လေ၏။

ထို့ကြောင့် ထေရဝါဒ၌ သက်ဝင် ယုံကြည်ကြသောသူတို့သည် အနှစ်နှင့် အကာကို ခွဲခြား၍သိအောင် အားထုတ်အပ်၏။ ဘဝသမ္ပတ္တိဟူသည် ပရမတ် ဖြစ်၏။ ပရမတ်ဟူသည် ရုပ်နာမ် ဖြစ်၏။ ဘောဂသမ္ပတ္တိဟူသည် ပညတ် ဖြစ်၏။ ပရမတ်ဖြစ်သော ရုပ်နာမ်ကိုမြင်အောင်ကြည့်ရာ၌ သတိသည် အရေးကြီး၏။ သတိရှေ့သွားပြုမှ၊ သတိပြဋ္ဌာန်းမှ ဝီရိယနှင့် သမာဓိတို့ လာမည်ဖြစ်၏။ သတိ၊ ဝီရိယ၊ သမာဓိတို့ ပြည့်စုံသောအခါ သမထလမ်းစဉ်ကို လိုက်လျှင်လည်း ဈာန်ချမ်းသာကို ရနိုင်၏။ ဝိပဿနာလမ်းစဉ်ကို လိုက်လျှင်လည်း မဂ်ဖိုလ်နိဗ္ဗာန် ချမ်းသာကို ရနိုင်၏။ ပညတ်နယ်အတွင်း ကာမာဝစရ ကုသိုလ်ကောင်းမှု၌ ကျေနပ် မည်ဆိုလျှင်လည်း ဒုစရိုက်တရားတို့၏ အခြေခံအတ္တပါးသဖြင့် လူချမ်းသာ၊ နတ်ချမ်းသာကို ရနိုင်၏။

အတ္တာ ဟိ အတ္တနော နာထောအရ မိမိသည်ပင် မိမိ၏ကိုးကွယ်ရာ

http://www.cherrythitsar.org



ဖြစ်သဖြင့် ဤနေရာ၌ အတ္တဟူသည် ဝေဒပါဒအရ မိမိ၏ခန္ဓာကိုယ်ကြီးလည်း မဟုတ်၊ အသက်ဝိညာဉ်ကောင်လည်း မဟုတ်၊ လောကီ လောကုတ္တရာ မွေသာ ဖြစ်၏။ ထို့ကြောင့် မိမိ၏ကိုးကွယ်ရာအနေဖြင့် အတ္တအရ "ဒုစရိုက်တရား" များကို ကိုးကွယ်ရာအဖြစ် ယူသူများလည်း ရှိ၏။ ဒုစရိုက်တရားများကို ကိုးကွယ်လျှင် မိမိကိုယ်ကို ဖျက်ဆီးရာလည်း ရောက်၏။ လောကကို ဖျက်ဆီးရာလည်း ရောက်၏။ သုစရိုက် တရားများကို ကိုးကွယ်ရာအဖြစ် ယူသူများလည်း ရှိ၏။ သုစရိုက်တရားများကို ကိုးကွယ်လျှင် လောကအမြင်အရ အလွှင်သဏ္ဌာန် အားဖြင့် မိမိကိုယ်ကို စောင့်ရှောက်ရာလည်း ရောက်၏။ လောကကို စောင့်ရှောက်ရာလည်း ရောက်၏။ ဗောဓိပက္ခိယတရားများကို ကိုးကွယ်ရာအဖြစ် ယူသူများလည်း ရှိ၏။ ဗောဓိပက္ခိယတရားများကို ကိုးကွယ် လျှင် လောကုတ္တရာအမြင်အရ အနှစ်သာရအားဖြင့် မိမိကိုယ်ကို စောင့်ရှောက် ရာလည်း ရောက်၏။ လောကကို စောင့်ရှောက်ရာလည်း ရောက်၏။ ထို့ကြောင့် ဝေဒပါဒ စုဒ္ဓဘာသာဝင်များအနေဖြင့် ဗောဓိပက္ခိယတရားကိုသာ ကိုးကွယ်ရာအဖြစ် ယူနိုင်အောင် အားထုတ်အပ်၏။ အကယ်၍ ထိုသို့ မတတ်နိုင်လျှင် သုစရိုက်တရားများကို ကိုးကွယ်ရာအနေဖြင့် ယူနိုင်အောင် ကြိုးစားအပ်၏။ ဒုစရိုက်တရားများကိုကား ကိုးကွယ်ရာအနေဖြင့် မည်သည့်နည်းနှင့်မျှ မယူမိအောင် အစဉ်သတိရှိအပ်၏။

ဤသို့ ကိုးကွယ်ရာကို မှန်မှန်ကန်ကန် ယူတတ်အောင် သတိရှိဖို့လို၏။ ဤနေရာ၌ သတိဟူသည် ကုသိုလ်ကောင်းမှုတို့၌ မမေ့မလျော့ခြင်းဖြစ်၏။ ယင်းကို အပ္ပမာဒဟူ၍ ခေါ်၏။ သတိသည် ရင့်ကျက်သောအဆင့်သို့ ရောက်သော အခါ ပညာနှင့်ယှဉ်လာ၏။ ထိုအခါ သတိသမ္ပဇဉ် အမည်ရလာ၏၊ သတိသမ္ပဇဉ် အမည်ရနိုင်ရေးအတွက် သတိ၌ ဝီရိယယှဉ်ဖို့လို၏။ ထို့နောက် သမာဓိယှဉ်ဖို့ လို၏။ သတိသည် သမာဓိတို့နှင့်ယှဉ်သောအခါ သမာဓိမဂ္ဂင် ထိုက်၏။ သမာဓိမဂ္ဂင် ထိုက်သောအခါ ပညာမဂ္ဂင်နှစ်ပါးသည် ပါဝင်လာ၏။ ဤမဂ္ဂင်ငါးပါးကို ကြိမ်ဖန်များစွာ ပွားများအောင် အားထုတ်သောအခါ အကုသိုလ် ဒုစရိုက်များကို မြစ်ပြတ်ပယ်သတ်နိုင်သော သီလမဂ္ဂင်သုံးပါး ပါဝင်လာပြီး စုစုပေါင်း ရှစ်ပါးစုံသော အရိယာအဖြစ်သို့ရောက်၍ နိဗ္ဗာန်ချမ်းသာကို ရရှိ၏။ မဂ္ဂင်ရှစ်ပါးအဆင့်သို့ရောက်အောင် အားမထုတ်ဘဲ သမထလမ်းစဉ်အရ သမာဓိ အုပ်စု၌သာ ကြိမ်ဖန်များစွာ အားထုတ်ပါက ဗြာဟ္မာချမ်းသာကိုရ၏။ ထိုသို့ မဟုတ်ဘဲ လောကီမဂ္ဂင်ငါးပါးဖြင့် ဒါနမှု၊ သီလမှုတို့၌သာ အားထုတ်ပါက လူ့ချမ်းသာ၊ နတ်ချမ်းသာကိုရ၏။

ထို့ကြောင့် သတိသည် အပ္ပမာဒအဆင့်သို့ရောက်၍ ဆိုင်ရာ ယှဉ်ဖက်

http://www.cherrythitsar.org



တရားများကို ပေါ်လာအောင် စွမ်းဆောင်နိုင်လေသောအခါ လူ့ချမ်းသာမှသည် နိဗ္ဗာန်ချမ်းသာတိုင်အောင် အဆင့်ဆင့်သော ချမ်းသာများကို ပေးစွမ်းနိုင်သော ကြောင့် လည်းကောင်း၊ မိမိတို့ ချမ်းသာသည်နှင့်အမျှ လောကကိုပါ မိမိတို့ကဲ့သို့ ချမ်းသာအောင် မိမိတို့၏ ကိုယ်ကျင့်သိက္ခာအရ ဆောင်ရွက်တတ်သောကြောင့် လည်းကောင်း အပ္ပမာဒမည်သော သတိတရားကို မြတ်သော ရတနာခုနစ်ပါး ကဲ့သို့ စောင့်ရှောက်အပ်၏ဟူ၍ မြတ်စွာဘုရားက ဟောတော်မူခြင်း ဖြစ်ပါ၏။

# ရှင်မဟာကဿပ

ရှင်မဟာကဿပ မထေရ်သည် မြတ်စွာဘုရား၏ သာသနာတော်၌ တတိယ နေရာကို ရရှိတော်မူသော မဟာသာဝက ဖြစ်၏။ ပဌမနေရာကို ရရှိတော်မူသော မထေရ်မှာ ရှင်သာရိပုတ္တရာဖြစ်၍ ဒုတိယနေရာကို ရရှိတော်မူသော မထေရ်မှာ ရှင်မောဂ္ဂလာန် ဖြစ်၏။ ရှင်မဟာကဿပသည် ဓုတင်ဆောင်ခြင်း၌ ဧတဒဂ်ရသူ လည်း ဖြစ်၏။

အမှန်အားဖြင့် မြတ်စွာဘုရား၏ ထေရဝါဒသာသနာတော်ကို ယနေ့ တွေ့မြင်ရခြင်းသည် ရှင်မဟာကဿပကြောင့်ဖြစ်၏။ မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုတော်မူပြီးနောက် မြတ်စွာဘုရား၏ ဓာတ်တော်များကို ရှင်မဟာကဿပသည် အဇာတသတ်မင်းနှင့် ညှိနှိုင်း၍ ရာဇဂြိုဟ်၌ ဓာတ်တော်တိုက်ကို တည်ဆောက်ပြီး ထိုဓာတ်တော်တိုက်တွင်း ထည့်သွင်းကာ ထိန်းသိမ်းစောင့်ရှောက်တော်မူခဲ့၏။

သီရိဓမ္မာသောကမင်း လက်ထက်ရောက်မှ ထိုဓာတ်တော်များကို ယူ၍ စေတီပေါင်း ၈၄,၀၀၀ တို့၌ ထည့်သွင်းဌာပနာခဲ့၏။ ထိုသို့ ဌာပနာနိုင်ရန် ရှင်မဟာကဿပသည် "အနာဂတံသ" အတိညာဉ်ဖြင့် ကြည့်ရှုတော်မူပြီး ဗျာဒိတ် ထားတော်မူခဲ့၏။ ထို့ပြင် ရှင်မဟာကဿပသည် မြတ်စွာဘုရား ၄၅ ဝါပတ်လုံး ဟောကြားတော်မူခဲ့သော ဒေသနာများ၌ နောက်ထပ်အပို မထည့်သွင်းနိုင်စေခြင်း ငှာ၊ မချွတ်ယွင်း စေခြင်းငှာ သင်္ဂါယနာတင်တော်မူခဲ့၏။ ထို့ကြောင့် မြတ်စွာဘုရား ၏ သာသနာတော် သန့်ရှင်း၊ တည်တံ့၊ ပြန့်ပွားရေးနှင့် ပတ်သက်၍ ရှင်မဟာ ကဿပ မထေရ်သည် ကြည်ညိုစရာလည်း ကောင်းလှ၏။

ရှင်မဟာကဿပ၏ ငယ်မည်မှာ ပိပ္ပလိ ဖြစ်၏၊ ဥပဓိရုပ် အလွန်ကောင်း ၏။ ဖခင်၏အမည်မှာ ကပိလ ဖြစ်၏။ မွေးဖွားရာဒေသမှာ မဂဓတိုင်း မဟာ တိတ္ထရွာ ဖြစ်၏၊ မျိုးရိုးမှာ ဗြာဟ္မဏဖြစ်၏။ ပစ္စည်းအားဖြင့် ကုဋေ ၈၇ ကုဋေ

http://www.cherrythitsar.org



ကြွယ်ဝ၏။ ဇနီးသည်အမည်မှာ ဘဒ္ဒါကာပိလာနီ ဖြစ်၏။ ဘဒ္ဒါကာပိလာနီသည် မဒ္ဒတိုင်း သာကလမြို့သူ ဖြစ်၏။ ရုပ်ရည်အားဖြင့် အလွန်ချောမောလှပ၏။ မျိုးရိုးမှာလည်း ပိပ္ပလိနှင့် မျိုးရိုးတူ ဗြာဟ္မဏပင် ဖြစ်၏။ ပစ္စည်းဥစ္စာအားဖြင့်လည်း အဆင့်တူများ ဖြစ်ကြ၏။ အနွယ်အားဖြင့် ပိပ္ပလိမှာ ကဿပအနွယ် ဖြစ်၍၊ ဘဒ္ဒါကာပိလာနီမှာ ကောသိယအနွယ် ဖြစ်၏။

ပိပ္ပလိနှင့် ဘဒ္ဒါကာပိလာနီတို့သည် မိဘများ၏ ထိမ်းမြားပေးမှုကြောင့် ဇနီးမောင်နှံ ဖြစ်သွားကြသော်လည်း အချင်းချင်း ဆက်ဆံရာ၌မူ မောင်နှမအရင်း သဖွယ်သာ ဆက်ဆံကြ၏။ ဗြာဟ္မဏယဉ်ကျေးမှုအရ ကာယကံမြောက် ဇနီးမောင်နှံအဖြစ် ဆက်ဆံသည်ဖြစ်စေ၊ မဆက်ဆံသည်ဖြစ်စေ အမိုနှင့်အမသည် အစုံလိုက် ရှိရ၏။ သို့မှသာ ကိလေသာအညစ်အကြေးမှ စင်ကြယ်နိုင်၏။ ပူဇော်ခြင်းမှ ငြိမ်းအေးနိုင်၏။ လူသားများကို မဆိုထားနှင့်၊ ဘုရားများသည်ပင် အဖိုနှင့်အမ အစုံလိုက် ရှိရ၏။ "ဗြဟ္မာ" ၏ဇနီးမှာ "သူရဿတီ" ဖြစ်၏။ "ဗိဿနိုး" ၏ ဇနီးမှာ "လက္ခမီ" ဖြစ်၏။ "သိဝ" ၏ဇနီးမှာ "ပဂ္ဂဝတီ" ဖြစ်၏။ ဗြဟ္မာ၊ ဗိဿနိုး၊ သိဝတို့သည် ဗြာဟ္မဏများ၏ ဘုရားများ ဖြစ်ကြ၏။ ကာလသုံးပါးတွင် ဖြစ်ခြင်း "ဥပါဒ်"သည် ဗြဟ္မာ၏တာဝန် ဖြစ်၏။ တည်ခြင်း "ဌီ" သည် ဗိဿနိုး၏တာဝန် ဖြစ်၏။ ပျက်ခြင်း "ဘင်" သည် သိဝ၏ တာဝန်ပင် ဖြစ်၏။ ထို့ကြောင့် ဗြာဟ္မဏတို့၏ ယဉ်ကျေးမှုအရ ပိပ္ပလိနှင့် ဘဒ္ဒါကာပိလာနီတို့သည် နှစ်ဦးလုံး ဗြာဟ္မဏမျိုးနွယ်များ ဖြစ်ကြသည်အားလျော်စွာ ဇနီးမောင်နှံ ဖြစ်ကြရ၏။

မိဘများ ကွယ်လွန်ကြသောအခါ သူတို့သည် မိဘများ၏ စီးပွားရေး လုပ်ငန်းကို ဦးဆောင်ကြရ၏။ စီးပွားရေးလုပ်ငန်းမှာ လယ်ယာလုပ်ငန်းပင် ဖြစ်၏။ လယ်ယာလုပ်ငန်း၌ ပိုးမွှားများ သေကျေပျက်စီးသည်ကို မြင်ရသော အခါ နှစ်ဦးလုံး သံဝေဂရပြီး တောထွက်ရန် သဘောတူကြ၏။ သို့ရာတွင် သူတို့သည် မြတ်စွာဘုရား ပွင့်တော်မူပြီး ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူသည်ကို မသိ၊ သို့ရာတွင် ဤလောက၌ မြတ်စွာဘုရား ရှိမှန်းကိုတော့ သိကြ၏။ မည်သည့်ပုဂ္ဂိုလ်သည် မြတ်စွာဘုရား ဖြစ်တော်မူသည် ကိုသာ မသိခြင်းဖြစ်၏။ ထို့ကြောင့် ပိပ္ပလိနှင့်ဘဒ္ဒါကာပိလာနီတို့သည် ရဟန်း အသွင် ဝတ်ဆင်ပြီး တောထွက်ကြ၏။ ထို့နောက် နှစ်ယောက်အတူ သွားကြရာမှ လမ်းခွဲကြ၏။ ပိပ္ပလိက ရာဇဂြိုဟ်ပြည်ဘက်သို့ သွား၍ ဘဒ္ဒါကာ ပိလာနီက ပရိဗိုဇ်မ အာရာမ်သို့ သွားလေ၏။

လောက၏ အကျိုးစီးပွားအတွက် ဆောင်ရွက်သူတိုင်း၌ အနှောင့်အယှက်

**ရာပြည့်စာအုပ်တိုက်**

http://www.cherrythitsar.org



သည် တွေ့မြဲဖြစ်၏။ ယင်းကို မာရ်နတ်၏တပ်မကြီး ၁၀ တပ်ဟူ၍ဆို၏။ ဤ ၁၀ တပ်ကို သိဒ္ဓတ္ထမင်းသားလည်း တွေ့ခဲ့၏။ ပိပ္ဖလိနှင့် ဘဒ္ဒါကာပိလာနီတို့လည်း တွေ့ကြ၏။ အခြားမြင့်မြတ်သူ မည်သူမဆို တွေ့ကြ၏။ လောက၏ အကျိုးစီးပွားကို ဆောင်ရွက်ရန်အတွက် မိမိ၏အကျိုးစီးပွားကို စွန့်လွှတ်သူတိုင်း တွေ့ကြ၏။ ထို တပ်မကြီး ၁၀ တပ်ကို နိုင်အောင်တိုက်နိုင်မှသာ အောင်ပွဲကို ရနိုင်မည် ဖြစ်၏။

ပထမ တပ်မကြီးမှာ ကာမဂုဏ် ဖြစ်၏။ ကာမဂုဏ်တွင် ရာထူးဂုဏ်သိန် စည်းစိမ်ဥစ္စာတို့သည် ယင်ရှားကြ၏။ ယင်းတို့အပေါ် ငဲ့ကွက်မှုမရှိဘဲ ဆောင်ရွက်နိုင်ပါမှ လောက၏အကျိုးစီးပွားအတွက် မှန်မှန်ကန်ကန်ဆောင်ရွက်ရာ ရောက်၏။ တရားအတိုင်း ဆောင်ရွက်ရာလည်း ရောက်၏။ ထိုအခါမှသာ တကယ့် မြင့်မြတ်သူဖြစ်၏။ ယခု ပိပ္ဖလိနှင့် ဘဒ္ဒါကာပိလာနီတို့သည် ဤတပ်မကြီးကို အောင်နိုင်သူများ ဖြစ်ကြလေပြီ။

ဒုတိယတပ်မကြီးသည် မိမိလုပ်ငန်း၌ "ရသ" ကို တွေ့အောင် မရှာနိုင်ခြင်းဖြစ်၏။ အမှန်အားဖြင့် ယုတ်နိမ့်သောလုပ်ငန်း၌ဖြစ်စေ၊ မြင့်မြတ်သော လုပ်ငန်း၌ဖြစ်စေ လုပ်ငန်းတိုင်း၌ "ရသ"သည်ရှိ၏။ ထို "ရသ"ကို တွေ့အောင် ရှာနိုင်မှ လုပ်ငန်း၌ ပျော်မွေ့၏။ သို့မဟုတ်ပါက လုပ်ငန်း၌ စိတ်မဝင်စားနိုင်ဘဲ ပျင်းရိလာ၏။ ငြီးငွေ့လာ၏။ ယခု ပိပ္ဖလိနှင့်ဘဒ္ဒါကာပိလာနီတို့သည် တောထွက်၍ တရားအားထုတ်ခြင်း၌ "ရသ" ကို တွေ့အောင် ရှာနိုင်ကြ၏။ ထို့ကြောင့် သူတို့သည် မာရ်နတ်၏ ဒုတိယတပ်မကြီးကိုလည်း အောင်နိုင်ကြပြီ။

တတိယတပ်မကြီးမှာ ဝတ်မှုတ်ခြင်း ဖြစ်၏။ မြင့်မြတ်သူများ အနေဖြင့် မိမိတို့၏လုပ်ငန်းကို စသည်ဆိုကတည်းက စွန့်လွှတ်ရန် "စ" ခြင်း ဖြစ်၏။ သိမ်းပိုက်ရန် "စ"ခြင်းမဟုတ်။ ထိုအခါ ဝတ်မှုတ်ခြင်းသည် မလွဲမသွေ ပါဝင်လာမည်ဖြစ်၏။ သို့ရာတွင် ဝတ်မှုတ်ခြင်းကို တကယ်တမ်း လက်တွေ့ ကြုံလာသောအခါ 'ဘုမဆောင့်မှ သီလ စောင့်နိုင်မည်' ဟူသော ကြွေးကြော်သံဖြင့် လုပ်ငန်းကို စွန့်ခွာတတ်၏။ ယခု ပိပ္ဖလိနှင့်ဘဒ္ဒါကာပိလာနီတို့သည် ဆွမ်းခံရာတွင် ရရာသမျှနှင့်ရောင့်ရဲ၍ အငတ်ခံနိုင်သူများ ဖြစ်ကြ၏။ ထို့ကြောင့် သူတို့သည် ဤတပ်မကြီးကိုလည်း အောင်နိုင်ကြ၏။ သူတို့ကိုမဆိုထားနှင့်၊ သူတို့၏နောက်လိုက် သီဟိုဠ် (သီရိလင်္ကာ) မထေရ်များသည်ပင် စတုတ္ထသင်္ဂါယနာ မတင်မီက ကာလအားဖြင့် "နှစ်" နှင့်ချီ၍ ဆွမ်း လုံးဝမဘဲသည်းဘေးရသဖြင့် ပိဋကတ်တော်များ မပျောက်ကွယ်ရလေအောင် ဗိုက်ပေါ်သဲတင်ပြီး နှုတ်တက်ရွရွ ရွတ်အံခဲ့ကြ၏။ လေပူမလာအောင် စီမံပြီး အငတ်ခံခဲ့ကြ၏။

http://www.cherrythitsar.org



စတုတ္ထ တပ်မကြီးမှာ ပျင်းရိခြင်းဖြစ်၏။ ဓမ္မတာအရ မိမိ၏ လုပ်ငန်း၌ ရသကို တွေ့အောင် မရှာနိုင်သောအခါ ဘာမျှမလုပ်ခြင်း၌သာ ရသကို တွေ့အောင်ရှာတော့၏။ "အမှန်အားဖြင့် လောကအတွက် တာဝန်မျှမယူဘဲ မိမိအတွက် သက်သာသလို အချောင်ခိုနေရခြင်းသည် ချမ်းသာ၏" ဟူ၍ယုတ်နိမ့်သူများက ထင်ကြ၏။ ဤအထင်သည် ပျင်းရိခြင်းအပေါ် အခြေခံသော အထင်ဖြစ်၏။ တစ်ကိုယ်ကောင်း ဝါဒသမား ပျော်ပျော်များ၏အထင် ဖြစ်၏။ ဤအထင်ကား နယ်နယ်ရရ မဟုတ်။ မာရ်နတ်၏ စတုတ္ထတပ်မကြီး ဖြစ်၏။ ထိုတပ်မကြီးကိုလည်း ဝိပ္ပလိနှင့် ဘဒ္ဒါကာပိလာနီတို့သည် အောင်နိုင်ကြသည်ပင်ဖြစ်၏။

ပဉ္စမတပ်မကား ငိုက်မျဉ်းခြင်း ထိနမိဒ္ဓ ဖြစ်၏။ လုပ်ငန်း ဆောင်ရွက်ရလွန်းသဖြင့် ပင်ပန်းခြင်းအားကြီးသောအခါ ငိုက်မျဉ်းခြင်း ထိနမိဒ္ဓသည် ဝင်လာတတ်၏။ ငိုက်မျဉ်းခြင်း ထိနမိဒ္ဓသည် အကုသိုလ် ဖြစ်၏။ အကယ်၍ လုပ်ငန်းသည် ကုသိုလ်ဖြစ်ပါက ထိနမိဒ္ဓကို ပယ်နိုင်သော ပီတိပဿဒ္ဓိ စသော ကုသိုလ်စေတသိက်များ ရှိ၏။ ယင်း စေတသိက်များကို လောချင်ထိုက်အောင် ပွား၍ဖြစ်စေ၊ ဝီရိယစေတသိက်ကို ရှာနိုင်အောင် ပွား၍ဖြစ်စေ ငိုက်မျဉ်းခြင်း ထိနမိဒ္ဓကိုပယ်နိုင်၏။ ဤနည်းဖြင့် ပိပ္ပလိနှင့် ဘဒ္ဒါကာပိလာနီတို့သည် ငိုက်မျဉ်းခြင်း ထိနမိဒ္ဓကိုပယ်၍ မာရ်နတ်၏ ပဉ္စမတပ်ကို နိုင်အောင်တိုက်ခဲ့၏။

ဆဋ္ဌမ တပ်မှာ အကြောက်ဖြစ်၏။ စိတ်ဓာတ်အားငယ်သူများသည် ကြီးမားသော တာဝန်များကိုယူရန် ကြောက်တတ်ကြ၏။ လုပ်ငန်းများကို ဆောင်ရွက်ရာ၌ "ငါ" ကို အမိကထားသူများသာ ကြောက်ရွံ့တတ်ကြပြီး "ငါ" ကို အမိကမထားသူများသည် မကြောက်ကြ။ အမှန်အားဖြင့် "ငါ" ရှိသည်ထင်ပြီး "ငါ" ကို မြတ်နိုးနေသမျှ ကာလပတ်လုံး ကြောက်နေမည်သာ ဖြစ်၏။ "ငါ" မရှိဟုသိပြီး "ငါ" ကို ပယ်သတ်နိုင်သည်နှင့်အမျှ အကြောက်ကို ပယ်သတ်ပြီးဖြစ်၏။ ပိပ္ပလိနှင့် ဘဒ္ဒါကာပိလာနီတို့သည် အနက်ဆုံး အရိယသစ္စာကို ရှာဖွေရာ၌ မာရ်နတ်၏ ဤဆဋ္ဌမတပ်မကြီးကိုလည်း အောင်နိုင်ခဲ့ပါ၏။

သတ္တမ တပ်မကြီးမှာ မပြတ်သားမှု ဝိစိကိစ္ဆာ ဖြစ်၏။ မိမိ၏ လုပ်ငန်း၌ ယုံကြည်မှု မခိုင်မြဲသမျှ မပြတ်သားမှုများ၊ နောက်ဆံတင်းမှုများ၊ တွေဝေမှုများ၊ သံသယများ ရှိနေမည်သာ ဖြစ်၏။ မြန်မာ့သမိုင်းတွင် ဘုရင့်နောင်၏ နောင်ရိုးတိုက်ပွဲသည် နားလည်စရာအကောင်းဆုံး ပြယုဂ်ဖြစ်၏။ ဤသည်မှာ လောကီတိုက်ပွဲသာ ဖြစ်၏။ ထို့ထက်ပြင်းထန်သော လောကုတ္တရာ တိုက်ပွဲ၌ကား ပိပ္ပလိနှင့် ဘဒ္ဒါကာပိလာနီတို့သည် မာရ်နတ်၏ သတ္တမတပ်မကြီးကို တိုက်ရာ၌ တကယ်ပင် ရှုပ်ရှုပ်ချချ နိုင်အောင် တိုက်ခဲ့ပါ၏။

အဋ္ဌမတာပ်မကြီးကား အောက်မြေလွှတ်မှုဖြစ်၏။ ပါဠိဓေါ်ပာဟာရအားဖြင့် မက္ခ ယက္ခ ဟူ၍ဖြစ်၏။ မက္ခ၏ အနက်ရင်းမှာ "ကျေးဇူးကန်းခြင်း" ဖြစ်၏။ ယက္ခ၏အနက်ရင်းမှာ "တိုင်" ဖြစ်၏။ မိမိတို့၏လုပ်ငန်းများ အောင်မြင်လာသောအခါ အောက်မြေလွှတ်တတ်၏။ တစ်ချိန်က ရောင်းရင်းများအနေဖြင့် မိမိအပေါ် ကျေးဇူးများခဲ့သော်လည်း ယခုအချိန်တွင် မိမိအောက် နိမ့်ကျနေသဖြင့် ဖြစ်စေ၊ မိမိ၏ အားကိုးရာမဟုတ်တော့သဖြင့် ဖြစ်စေ ပေးရန်၊ အခွင့်အရေး တောင်းခံရန်၊ မိမိ၏သိက္ခာနှင့် အဆင့်ကျဆိုး ဟူသောအမြင်ဖြင့် ထိုသူများကို အပေါင်းအသင်း မလုပ်ချင်။ ထိုအခါ ထိုရောင်းရင်းများ၏ကျေးဇူးကို ကန်းရတော့၏။ ဤသည်ကို မက္ခဟု ဆို၏၊ ကျေးဇူးကန်းရုံနှင့် မပြီးသေး၊ မိမိကိုယ်ကို "ကျော်ကတိုင်" လို ထင်မှတ်လာ၏။ မည်သူ၏ ဝေဖန်ချက်ကိုမျှ လက်မခံ။ ဝေဖန်လျှင် တုံ့ပြန်မှု **(Reaction)** အနေဖြင့် ဒေါ်ခတ်တော့၏။ မိမိကား "ကျော်ကတိုင်"၊ မိမိကို မည်သူကမျှ ယှိမ်းယှိုင်အောင် မလုပ်နိုင်။ ဤသို့သော ခံယူချက်ကို "ယက္ခ" ဟု ဆို၏။ အမှန်အတိုင်း မမြင်ဘဲ ဤသို့ အောက်မြေလွှတ်ခြင်းကို ဝိပ္ပလိနှင့် ဘဒ္ဒါကာပိလာနီတို့ ပယ်နိုင်ခဲ့ပြီ။

နဝမ တာပ်မကြီးသည် သာယာမှု "နိကန္တိ" ဖြစ်၏။ မှန်ကန်သော စိတ်ရင်း၊ စေတနာရင်းဖြင့် လုပ်ငန်းကို ဆောင်ရွက်သောအခါ ယင်း၏အကျိုးတရားအနေဖြင့် ထူးခြားမှုများသည် တကယ်ပင် ဖြစ်ပေါ်လာတတ်ပါ၏။ လာဘ်သပ်ပကာလည်း ပေါများလာတတ်၏။ ဂုဏ်သတင်းများလည်း ကျော်စောလာတတ်၏။ လေးစားမှုများကိုလည်း ရတတ်လာ၏။ ကိုယ်ရောင်ကိုယ်ဝါများလည်း ထွန်းပလာတတ်၏။ ပီတိ ပဿဒ္ဓိ သဒ္ဓါ ဝီရိယ သုခ ဉာဏ် သတိ သမာဓိ စသော တရားများလည်း ထူးထူးခြားခြား တက်လာ၏။ ထိုအခါ သာယာမှုတဏှာ "နိကန္တိ" သည် ပေါ်လာတတ်၏။ ထိုသို့ပေါ်လာသော်လည်း "နိကန္တိ" အနေဖြင့် ပေါ်လာခြင်းမျိုးမဟုတ်ဘဲ တရား၌ မွေ့လျော်မှု "ဓမ္မရတိ" အယောင်ဆောင်ပြီး ပေါ်လာခြင်းဖြစ်၏။ "နိကန္တိ" ဟူသည်မှာ တပ်မက်တတ်၊ သာယာတတ်သော တဏှာ ဖြစ်၏။ ဤနေရာ၌ အကုသိုလ်က ကုသိုလ်ယောင်ဆောင်ခြင်း ဖြစ်၏။ မူလက စိတ်ကောင်း၊ စေတနာကောင်းတို့ဖြင့် ဆောင်ရွက်သောကြောင့် ထူးခြားသောအကျိုးကို ပေးရာတွင် ထိုစိတ်ကောင်း၊ စေတနာကောင်းတို့ ရှေ့ဆက်ပြီး မဖြစ် ပေါ်စေရန် အကုသိုလ် "နိကန္တိ"က ကုသိုလ်ယောင်ဆောင်ပြီး ဝင်လာခြင်းဖြစ်၏။ ထိုအခါ ကုသိုလ်ကျိုး ရပ်စဲပြီး အကုသိုလ် "နိကန္တိ" က အကျိုးပေးတော့၏။ ထို့ကြောင့် ဘဝတွင် မြင့်ရာမှ နိမ့်ရာသို့ "ဝုန်း" ခနဲ ကျရခြင်း ဖြစ်၏။ ဤ "နိကန္တိ" သည် မာရ်နတ်၏ နဝမတာပ်မ

http://www.cherrythitsar.org



ကြီး ဖြစ်၏။ ထိုတပ်မကြီးကိုလည်း ပိပ္ပလိနှင့်ဘဒ္ဒါကာပိလာနီတို့သည် အောင်နိုင်ခဲ့ကြပါ၏။

ဒသမတပ်မကြီးမှာ မိမိက တော်ကြောင်းနှင့် အခြားသူများက မိမိလောက် မတော်ကြောင်း ပြောဆိုခြင်းဖြစ်၏။ မိမိကတော်ကြောင်း ပြောဆိုခြင်းကို "အတ္တုက္ကံသန" ဟု ခေါ်၍၊ သူများက မိမိလောက် မတော်ကြောင်း ပြောဆိုခြင်းကို "ပရဝမ္ဘန" ဟု ဆို၏။ မာရ်နတ်၏ ထိုဒသမတပ်မကြီးကိုလည်း ပိပ္ပလိနှင့် ဘဒ္ဒါကာပိလာနီတို့က နိုင်လိုက်ပါ၏။

မာရ်နတ်သည် မိမိ၏တပ်မကြီး ၁၀ တပ်တို့ဖြင့် ပိပ္ပလိနှင့် ဘဒ္ဒါကာပိလာနီတို့အား အရိယသစ္စာကို မရနိုင်အောင် တိုက်ခဲ့ပါ၏။ သို့ရာတွင် ပိပ္ပလိနှင့် ဘဒ္ဒါကာပိလာနီတို့သည် လွန်ခဲ့သော ကမ္ဘာတစ်သိန်းက ပွင့်တော်မူသော ပဒုမုတ္တရ မြတ်စွာဘုရားရှင် လက်ထက်တော်မှစ၍ ဖြည့်ခဲ့သော ပါရမီတို့၏ အာနုဘော်ဖြင့် မာရ်နတ်၏တပ်မကြီး ၁၀ တပ်ကို နိုင်အောင်တိုက်ခဲ့၏။ ယခုအခါ အရိယသစ္စာကိုထိုးထွင်း၍ သိရန်သာရှိတော့၏။ ထိုးထွင်း၍ သိရုံမက ပိပ္ပလိက ဓုတင်အရာ၌ လည်းကောင်း၊ ဘဒ္ဒါကာပိလာနီက ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ် အရာ၌လည်းကောင်း ဧတဒဂ်ကိုပင် ရကြပေလိမ့်မည်။

ပိပ္ပလိသည် ဘဒ္ဒါကာပိလာနီနှင့် လမ်းခွဲ၍ ရာဇဂြိုဟ်ဘက်သို့ လာသောအခါ မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်းတော်မှ သုံးဂါဝုတ်တိုင်အောင်ကြွတော်မူပြီး ပိပ္ပလိကို ကြို၏။ မြတ်စွာဘုရားသည် ရာဇဂြိုဟ်နှင့် နာလန္ဒာအကြားရှိ "ဗဟုပုတ္တက" ပညောင်ပင်၌ သီတင်းသုံးတော်မူကာ ပိပ္ပလိကို ကြိုခြင်းဖြစ်၏။ ဘုရားရှင်မှန်းသိအောင် ရောင်ခြည်တော် ခြောက်သွယ်ကိုလွှတ်ကာ ထိုင်နေတော်မူ၏။ ပိပ္ပလိလည်း မြတ်စွာဘုရားကိုမြင်လျှင်မြင်ချင်း ဘုရားရှင်မှန်းသိ၍တပည့်ခံလေ၏။ မြတ်စွာဘုရားကလည်း ပိပ္ပလိအား "ကဿပ" ဟူသော အနွယ်တော်၏အမည်ဖြင့် ရဟန်းအဖြစ်ကို ခွင့်ပြုတော်မူ၏။ ထိုအချိန်မှစ၍ ပိပ္ပလိသည် သာသနာတော်၌ "ရှင်မဟာကဿပ" အမည်ဖြင့် ထင်ရှားတော်မူ၏။

ထိုစဉ်က မြတ်စွာဘုရားသည် ဝါတော် တစ်ဝါမျှသာ ရသေး၏။ မိဂဒါဝုန်၌ ပထမဝါကို ဆိုတော်မူပြီးနောက် အလောင်းတော်ဘဝက ဗိမ္ဗိသာရမင်းကြီး လျှောက်ထားသည့်အတိုင်း ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူနေချိန် ဖြစ်၏။ ထိုအချိန်မှစ၍ မြတ်စွာဘုရားသည် ရှင်မဟာကဿပအား အထူးချီးမြှောက်တော်မူ၏။ မိမိ၏ဒုကုဋ်သင်္ကန်းနှင့် ရှင်မဟာကဿပ၏ ဒုကုဋ်သင်္ကန်းကိုလဲ၍ ဝတ်ရုံစေပြီး မိမိနှင့် ထပ်တူထားကာ ချီးမြှောက်တော်မူ၏။ မြတ်စွာဘုရား၏ ဒုကုဋ်သင်္ကန်းကား ပုဏ္ဏာမည်သော ကျွန်မ၏အလောင်းမှ

http://www.cherrythitsar.org



တစ်ပြည်သားမျှလောက်သော လောက်လေးကိုဖယ်၍ ပုံသကူ ကောက်ယူခဲ့သော သင်္ကန်းဖြစ်၏။ ပုံသကူကောက်ယူစဉ်က မဟာပထဝီမြေကြီးသည် ကောင်းချီး ပေးသောအားဖြင့် ပြင်းစွာတုန်လှုပ်၏။ သင်္ကန်းချုပ်လေ၍ ဝတ်ရုံသောအခါ၌ လည်း ပြင်းစွာတုန်လှုပ်၏။ ရှင်မဟာကဿပသည် ဓုတင်အားလုံးကို ဆောင်၍ ကြိုးစားအားထုတ်လေရာ ၈ ရက်မြောက် အရုဏ်တက်ချိန်၌ ရဟန္တာ ဖြစ်တော် မူ၏။

ရှင်မဟာကဿပသည် သင်္ကန်းတစ်စုံလျှောက်လုံး ဘောကျောင်း၌ သီတင်းသုံးတော်မူ၏။ သင်္ကန်းသုံးထည်ကိုသာ ကိုယ်ပိုင်ထားတော် မူ၏။ အမြဲ ဆွမ်းခံ၍ ဘုဉ်းပေးတော်မူ၏။ ဆွမ်းခံရာ၌လည်း အိမ်စဉ် မကျော်ဘဲ ဆွမ်းခံတော်မူ၏။ ဓုတင်အားလုံးကို ဆောင်၏။ တစ်ခါတစ်ရံ ဆင်းရဲသား များကို ချီးမြှောက်ရန်အလို့ငှာ ဆွမ်းခံမကြွမီ သမာပတ်ကို ဝင်စားတော်မူ၍ သမာပတ်မှ ထတော်မူပြီးနောက် ဆင်းရဲသားရပ်ကွက်ကို ဆွမ်းခံတော်မူ၏။ သိကြားမင်းနှင့် သုဇာမိဖုရားပင် ဆင်းရဲသား ဟန်ဆောင်၍ ဆွမ်းလောင်းဖူး၏။

မြတ်စွာဘုရားသည် ရာဇဂြိုဟ်မှ သုံးဂါဝုတ်တိုင်အောင် ကြွတော်မူပြီး ရှင်မဟာကဿပကို ခရီးဦးကြိုခဲ့၏။ ရှင်မဟာကဿပ ရဟန်းဖြစ်စဉ်ပင်သင်္ကန်း ချုပ်လဲ၍ ဝတ်ရုံစေခဲ့၏။ ရဟန်းများအား ဆုံးမရာ၌ ရှင်မဟာကဿပကို စံထားပြီး 'ကဿပလို နေနိုင်အောင်၊ ကဿပလို ကျင့်နိုင်အောင်၊ ကဿပလို တရားဟောနိုင်အောင် ကြိုးစားကြ' ဟု ဆုံးမလေ့ရှိ၏။ ဈာန်အဘိညာဉ်အရာ၌ လည်း 'ကဿပသည် ငါလိုပင် ဈာန်အဘိညာဉ်ကို ချက်ချင်း ဝင်စားနိုင်သည်' ဟု မိမိနှင့် တန်းတူထား၍ မြှောက်စားတော်မူ၏။ အမှန်အားဖြင့် မြတ်စွာဘုရား သည် ရှင်မဟာကဿပအား မိမိ၏အရိုက်အရာကို ခံယူနိုင်အောင် လေ့ကျင့်ပေး နေခြင်းဖြစ်၏။ မြှောက်စားနေခြင်းဖြစ်၏။ ရှင်မဟာကဿပသည် မိမိ ပရိနိဗ္ဗာန် ပြုတော်မူပြီးနောက် မိမိကိုယ်စား သာသနာ့ဝန်ကို အောင်မြင်စွာ ဆောင်နိုင်စိမ့် သောငှာ ထိုကဲ့သို့ လေ့ကျင့်ပေးနေခြင်း ဖြစ်၏။ သင်ကြားပေးနေခြင်းဖြစ်၏။ မြှောက်စားနေခြင်းဖြစ်၏။

"အဂ္ဂသာဝကများ ဖြစ်ကြသော ရှင်သာရိပုတ္တရာသည် ပထမဦးစွာ ပရိနိဗ္ဗာန်ပြုမည်၊ ထို့နောက် ရှင်မောဂ္ဂလာန် ပရိနိဗ္ဗာန်ပြုမည်။ ထို့နောက် မိမိ ပရိနိဗ္ဗာန်ပြုမည်။ လူ–နတ်–ဗြဟ္မာ–သတ္တဝါများ၏ အကျိုးစီးပွား အလို့ငှာ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်၍ မိမိတည်ထောင်ခဲ့သော သာသနာ တော်ကို ရှင်မဟာကဿပသည် နိုင်နင်းအောင်မြင်စွာ တာဝန်ယူလိမ့်မည်" ဟု ကြိုတင်၍ မြတ်စွာဘုရားရှင်က ရှင်မဟာကဿပ၏ အရည်အသွေးနှင့် ခံယူချက်

http://www.cherrythitsar.org



ကို သိပြီးဖြစ်၏၊ မြတ်စွာဘုရား သိတော်မူသည့်အတိုင်းပင် ရှင်မဟာကဿပသည် မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူပြီးနောက် သာသနာတော်ကို မြတ်စွာဘုရားကိုယ်စား ဆောင်တော်မူခဲ့ရာ ယနေ့တိုင်အောင်ပင် ဖြစ်၏။ ထို့ကြောင့် ယနေ့ သာသနာကို ရှင်မဟာကဿပ၏ သာသနာတော်ဟူ၍ ရှင်မဟာကဿပကို ကြည်ညိုသောအားဖြင့်၊ ကျေးဇူးတင်သောအားဖြင့်ဆိုလျှင် မြတ်စွာဘုရား၏ အလိုတော်အတိုင်း ဆိုခြင်းပင် ဖြစ်သည်ဟု ယုံကြည်အပ်ပါ၏။

မြတ်စွာဘုရားသည် ရှင်မဟာကဿပကို အရိပ်ကြည့်သလို ကြည့်၍ နေ၏။ မိမိ၏အရိုက်အရာကို ခံယူ၍ သာသနာတော်ကို ဆောင်မည့်သူသည် လောကအတွက်သာ ဆောင်ရွက်နေသူ ဖြစ်စေချင်၏။ မိမိအတွက်သာ ဆောင်ရွက်နေသူ မဖြစ်စေချင်။ မိမိအတွက် ဆောင်ရွက်ဖွယ်ကိစ္စအားလုံးကို ရဟန္တာဖြစ်စဉ်ကပင် ဆောင်ရွက်ပြီးဖြစ်၏။ နောက်ထပ် ဆောင်ရွက်ဖွယ်မရှိတော့။ ပရိနိဗ္ဗာန် မပြုမချင်း ဆောင်ရွက်နေသမျှ ကိစ္စအားလုံးသည် လောကအတွက်သာ ဖြစ်ရမည်၊ မိမိအတွက် မဖြစ်ရ။ ဤသို့သော ခံယူချက်မျိုးကို သာဝကတိုင်း၌ ရှိစေချင်၏။ အထူးသဖြင့် ရှင်မဟာကဿပ၌ ရှိစေချင်၏။ ထိုသို့ရှိစေရန်လည်း ရှင်မဟာကဿပအား မြတ်စွာဘုရားက အမြဲသွန်သင်ပေး၏။ လေ့ကျင့် ပေး၏။ မိမိ သွန်သင်ပေးသည့်အတိုင်း၊ မိမိ လေ့ကျင့်ပေးသည့်အတိုင်း ဖြစ်လာခြင်း ရှိ မရှိကိုလည်း မြတ်စွာဘုရားသည် စူးစမ်းတော်မူ၏။ ပစ်မထားချေ။

မြတ်စွာဘုရားသည် သာကီဝင်မင်းသားတို့၏ ဓာတုမာရှာ သျှိသျှားသောကျောင်း၌ သီတင်းသုံးတော်မူစဉ် ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလာန်တို့သည် မြတ်စွာဘုရားကို မဖူးတွေ့ဖူးသော ကျေးတောသား ရဟန်းငါးရာကို ခေါ်၍ ကြွလာကြ၏။ ထိုရဟန်းငါးရာတို့သည် ကျောင်း၌ ဆူညံနေကြသဖြင့် မြတ်စွာဘုရားသည် အဂ္ဂသာဝကနှစ်ပါးနှင့် ရဟန်းငါးရာတို့ကို ကျောင်းမှ နှင်ထုတ်တော်မူ၏။ သာကီဝင်မင်းသားများက မြတ်စွာဘုရားထံ လာရောက်တောင်းပန်မှ အခွင့်ရသဖြင့် အဂ္ဂသာဝကနှစ်ပါးနှင့် ရဟန်းငါးရာတို့ ပြန်လာကြရ၏။

ထိုအခါ မြတ်စွာဘုရားက ရှင်သာရိပုတ္တရာအား 'ငါဘုရား နှင်ထုတ်တုန်းက ဘယ်လို စိတ်ထဲ ဖြစ်ပေါ်လာသလဲ' ဟု မေးတော် မူရာ 'ယခု မြတ်စွာဘုရားသည် သံသာ့ပရိသတ်ပေါ်၌ ကြောင့်ကြစိုက်တော်မမူဘဲ ဖလသမာပတ်ဝင်စားကာ ချမ်းသာစွာ နေတော်မူလိုပြီ။ ငါတို့လည်း မြတ်စွာဘုရားကို အတုလိုက်၍ အေးချမ်းစွာနေကြတော့မည်ဟု စိတ်ထဲ ဖြစ်ပေါ်ခဲ့ပါကြောင်း' လျှောက်ထားရာ 'ဆိုင်းငံ့ဦး၊ ဆိုင်းငံ့ဦး' ဟု မိန့်တော်မူ၏။ ထို့နောက် ရှင်မောဂ္ဂလာန်ကို

http://www.cherrythitsar.org



မေးတော်မူပြန်ရာ 'ယခု မြတ်စွာဘုရားသည် သံဃာ့ပရိသတ်အပေါ်၌ ကြောင့်ကြမဲ့ နေတော်မူလိုပြီ။ ငါနှင့် ရှင်သာရိပုတ္တရာတို့က သံဃာ့ပရိသတ်ကို ဆောင်တော့မည်ဟု စိတ်ထဲ ဖြစ်ပါကြောင်း' လျှောက်ထားလျှင် 'သာစု၊ သာစု' ဟု ခေါ်တော်မူ၍ 'ငါဘုရားလည်း သံဃာ့ပရိသတ်ကို ဆောင်တော်မူမည်။ သင်တို့လည်း ဆောင်ကြ' ဟု မိန့်တော်မူ၏။ အမှန်အားဖြင့် မြတ်စွာဘုရားသည် သံဃာ့ပရိသတ်ကို ယာဝစဉ် ရှိစေချင်၏။ သံဃာရှိမှ ဓမ္မရှိမည်၊ ဓမ္မရှိမှ ဗုဒ္ဓရှိမည်။ ဤလောက၌ ရတနာသုံးပါး ရှိပါမှ စစ်မှန်သော ချမ်းသာလုခ ရှိနိုင်မည်ဖြစ်၏၊ ထို့ကြောင့် မြတ်စွာ ဘုရားသည် သံဃာ့ပရိသတ်ရှိစေရန် ရှင်မဟာကဿပအား အားကိုးခြင်း ဖြစ်၏။

တစ်နေ့သ၌ ရှင်မဟာကဿပသည် ပိဗ္ဗလိဂူ လိုဏ်ဂူတွင် သီတင်းသုံးနေတော်မူ၏။ ဆွမ်းခံချိန်၌ ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံ ဝင်တော်မူ၏။ မွန်းလွဲချိန်တွင် ဆွမ်းခံရာမှ ပြန်ကြွလာ၏၊ ထို့နောက် အလင်းရောင် "အာလောက" ကသိုဏ်းကို ပွားများ၍ မေ့လျော့သော သတ္တဝါတို့ကိုလည်းကောင်း၊ မမေ့လျော့သော သတ္တဝါတို့ကို လည်းကောင်း၊ ကွယ်လွန်သော သတ္တဝါတို့ကို လည်းကောင်း၊ ပဋိသန္ဓေနေသော သတ္တဝါတို့ကို လည်းကောင်း ဒိဗ္ဗစက္ခု အဘိညာဉ်ဖြင့် ကြည့်ရှုကာ နေတော်မူ၏။

ထိုအခါ မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဖြစ်၏။ မြတ်စွာဘုရားသည် "ယနေ့ ငါ၏သားတော် ကဿပသည် မည်သို့သောနေခြင်းဖြင့် နေလေသနည်း" ဟု ဒိဗ္ဗစက္ခု အဘိညာဉ်ဖြင့် ကြည့်ရှုလျှင် ရှင်မဟာကဿပ၏နေခြင်းကို မြင်တော်မူ၍ 'ကဿပ... စုတေခြင်း၊ ပဋိသန္ဓေနေခြင်းကို ပိုင်းခြား၍သိအောင်အားထုတ်ခြင်းသည် သင်၏ အရာမဟုတ်၊ မြတ်စွာဘုရားတို့၏ အရာသာဖြစ်၏' ဟု မိန့်တော်မူပြီး မိမိ၏ ရောင်ခြည်တော်ဖြင့် ရှင်မဟာကဿပ၏ရှေ့မှောက်၌ ကိုယ်တော်တိုင် ရှိတော်မူသကဲ့သို့ ဖြစ်စေ၍ ဤဂါထာကို ဟောတော်မူ၏။

- **ပညာရှိသည် "အပ္ပမာဒ" တရားဖြင့် "ပမာဒ" တရားကို ပယ်ဖျောက်ပြီး သောအခါ ပညာတည်းဟူသော ပြာသာဒ်သို့ တက်၍ သောကကင်းပြီးသူ အနေဖြင့် သောကဖိစီးသူ သူကို မြင်ရ၏။**
- **တောင်ထိပ်၌ရှိသူက တောင်အောက်၌ရှိသူကို မြင်ရသကဲ့သို့ "အပ္ပမာဒ" တရားဖြင့် "ပမာဒ" တရားကို ပယ်ပြီးသော ပညာရှိသည် ပုထုဇဉ်မိုက်တို့ကို မြင်ရ၏။**

ဤလောကတွင် ပယ်ရမည့်တရားများလည်း ရှိကြ၏။ ပွားများရမည့်

တရားများလည်း ရှိကြ၏။ ပယ်ရမည့်တရားများမှာ အကုသိုလ်များ၊ ဒုစရိုက်များ ဖြစ်ကြ၏။ ပွားများရမည့် တရားများမှာ ကုသိုလ်များ၊ သုစရိုက်များ ဖြစ်ကြ၏။ အကုသိုလ်များ၊ ဒုစရိုက်များတွင် "ပမာဒ" သည် ပဓာန ကျ၏။ ကုသိုလ်များ၊ သုစရိုက်များတွင် "အပ္ပမာဒ" သည် ပဓာနကျ၏။ "ပမာဒ" ဟူသည် ကုသိုလ်ကောင်းမှုတို့၌ မေ့လျော့ခြင်းဖြစ်၏။ ကုသိုလ်ကောင်းမှုတို့၌ မေ့လျော့သည်နှင့် အမျှ အကုသိုလ် မကောင်းမှုများ၊ ဒုစရိုက်များသည် ဖြစ်ပေါ်လာကြ၏။ "အပ္ပမာဒ" ဟူသည် ကုသိုလ်ကောင်းမှုတို့၌ မမေ့လျော့ခြင်းဖြစ်၏။ ကုသိုလ်ကောင်းမှုတို့၌ မမေ့လျော့သည်နှင့်အမျှ ကုသိုလ်ကောင်းမှုများ၊ သုစရိုက်များသည် ဖြစ်ပေါ်လာကြ၏။ ဖြစ်ပေါ်လာရုံနှင့် မပြီးသေးဘဲ ပွားသည်ထက် ပွားအောင် အားထုတ်ရ၏။ ကုသိုလ်ကောင်းမှုများ၊ သုစရိုက်များတွင် ဝိပဿနာမဂ္ဂင်များသည် ပဓာနအကျဆုံး ဖြစ်၏။ မိမိတို့၏ ကိုယ်ခန္ဓာ၌ ဖြစ်ပျက်ကို ပကတိမျက်စိဖြင့် မြင်ရသလို ဉာဏ်မျက်စိဖြင့် မြင်အောင် ရှုနိုင်သောအခါ ဝိပဿနာမဂ္ဂင်များ ဖြစ်ပေါ်လာသည် မည်၏။ ထိုဝိပဿနာမဂ္ဂင်များကို ပွားသည်ထက်ပွားအောင် အားထုတ်သောအခါ နောက်ဆုံး၌ ပညာသည် အထွတ်အထိပ်သို့ ရောက်၏။ ထိုပညာကို "အရိယမဂ်" ဟုဆိုရ၏။ လောကဥပမာအားဖြင့် ထိုပညာကို တောင်ထွတ်နှင့် လည်းကောင်း၊ ပြာသာဒ်ဦးဖြင့် လည်းကောင်း နှိုင်းယှဉ်၍ဆိုကြ၏။ ဤသည်မှာ လောကုတ္တရာပညာ ဖြစ်၏။ အကယ်၍ လောကီပညာကို ဆိုလိုပါက "အပ္ပမာဒ" တရားကိုပင် အခြေခံ၍ "သမထ" လမ်းစဉ်အတိုင်း အားထုတ်လျှင် ဈာန်သမာပတ်များကို ရ၏။ ဈာန်သမာပတ်များတွင် "အဘိညာဉ်" သည် အထွတ်အထိပ်ဖြစ်၏။ ထို့ကြောင့် "အဘိညာဉ်ပညာ" ကို တောင်ထွတ်နှင့်လည်းကောင်း၊ ပြာသာဒ်ဦးနှင့် လည်းကောင်း နှိုင်းယှဉ်၍ဆိုကြ၏။ ဤနေရာ၌ အဘိညာဉ်အရ ဒိဗ္ဗစက္ခုအဘိညာဉ်ကို ယူရ၏။

ဝိပဿနာလမ်းစဉ်အတိုင်း အားထုတ်လျှင် တောင်ထွတ် သို့မဟုတ် ပြာသာဒ်ဦးနှင့်တူသော အရဟတ္တမဂ်ပညာကို ရ၏။ သမထလမ်းစဉ်အတိုင်း အားထုတ်လျှင် တောင်ထွတ် သို့မဟုတ် ပြာသာဒ်ဦးနှင့်တူသော ဒိဗ္ဗစက္ခုအဘိညာဉ်ပညာကိုရ၏။ ထိုပညာများကို ရနိုင်ရန် အပ္ပမာဒတရားကို အခြေခံရ၏။ အပ္ပမာဒတရားကို အခြေခံသဖြင့် ယင်းအပ္ပမာဒ တရားသည် အစမှ အဆုံးတိုင်အောင် ပါဝင်၏။ နောက်ဆုံး အရဟတ္တမဂ်ကိုရသောအခါ အရဟတ္တမဂ်က အကုသိုလ်များ၊ ဒုစရိုက်များအားလုံးကို မြစ်ပြတ်ပယ်၏။ သမထလမ်းစဉ်အရ ဒိဗ္ဗစက္ခု အဘိညာဉ်ကို ရသောအခါ ဒိဗ္ဗစက္ခု အဘိညာဉ်က အကုသိုလ်များ၊ ဒုစရိုက်များအားလုံးကို ခွာသောအားဖြင့် ပယ်၏။ မြစ်ပြတ်ပယ်ခြင်းကို "သမုစ္ဆေဒ

http://www.cherrythitsar.org



ပဟာန်" ဟု ဆို၏။ ရှာသောအားဖြင့် ပယ်ခြင်းကို "ဝိက္ခမ္ဘနပဟာန်" ဟု ဆို၏။ ပယ်ခြင်း ပဟာန် ဟူသမျှသည် "အပ္ပမာဒ" ကို အခြေခံ ရသည်ချည်း ဖြစ်သောကြောင့် "အပ္ပမာဒ" တရားက "ပမာဒ" တရားကို ပယ်သည်ဟု ဆိုရ၏။ ဤနေရာ၌ကား အတိညာဉ်အရ ရဟန္တာပုဂ္ဂိုလ်၏ အတိညာဉ်ကို ဆိုခြင်း ဖြစ်၏။ ပုထုဇဉ်ပုဂ္ဂိုလ်၏ အတိညာဉ်ကို ဆိုခြင်းမဟုတ်။

ပညာရေးနယ်ပယ်၌ လောကုတ္တရာပညာအတွက် အားထုတ်လျှင် တောင်ထွတ် သို့မဟုတ် ပြာသာဒ်ဦးလို မြင့်မားသော "အရဟတ္တမဂ် ပညာ"ကို ရအောင်အားထုတ်အပ်၏။ လောကီပညာအတွက် အားထုတ်လျှင်လည်း တောင်ထွတ် သို့မဟုတ် ပြာသာဒ်ဦးလို မြင့်မားသော "အတိညာဉ်ပညာ" ကို ရအောင် အားထုတ်အပ်၏။ ထိုနည်းအတူ စီးပွားရေးနယ်ပယ်၌ အားထုတ်လျှင်လည်း အထွတ်အထိပ်ရောက်အောင်၊ အုပ်ချုပ်ရေးနယ်ပယ်၌ အားထုတ်လျှင်လည်း အထွတ်အထိပ်ရာထူးမျိုး ရအောင်၊ အခြား မည်သည့်နယ်ပယ်၌မဆို အားထုတ်ပြီဆိုပါက အထွတ်အထိပ်သို့ ရောက်အောင် အားထုတ်အပ်၏။

မိမိကိုယ်တိုင် အထွတ်အထိပ်ရောက်အောင်အားထုတ်ခြင်းသည် မိမိ၏ အကျိုးအတွက်မဟုတ်၊ လောက၏အကျိုးအတွက် ဖြစ်၏။ မိမိကိုယ်တိုင် အထွတ်အထိပ်ရောက်နေပါမှ မိမိ၏အောက်ကို အသေအချာ မြင်နိုင်၏။ ပြာသာဒ်ဦးကို ရောက်နေပါမှ ပြာသာဒ်အောက်က ပုဂ္ဂိုလ်များကို အသေအချာ မြင်နိုင်၏။ တောင်ထိပ်၌ ရှိနေပါမှ တောင်ခြေက ပုဂ္ဂိုလ်များကို အသေအချာ မြင်နိုင်၏။ မြင်နိုင်ရုံအတွက်သာ အားထုတ်ခြင်း ဖြစ်ပါက မိမိအတွက်သာ ဖြစ်သဖြင့် မြတ်စွာဘုရား၏ အလိုတော်နှင့်မညီ၊ မြင်ပြီးနောက် ကယ်တင်ရန် အားထုတ်ခြင်းဖြစ်ပါမှ လောကအတွက် အားထုတ်ခြင်းဖြစ်သဖြင့် မြတ်စွာဘုရား၏ အလိုတော်နှင့်ညီ၏။ ထို့ကြောင့် ဗာဟုမာ၌ အဂ္ဂသာဝကနှစ်ပါးအား မြတ်စွာဘုရား မေးတော်မူသောအခါ ဖလသမာပတ် ဝင်စားပြီး သံဃာတော်များ အပေါ် ကြောင့်ကြမှုနေရန် စိတ်ဆန္ဒဖြစ်ပါကြောင်း လျှောက်ထားသော ရှင်သာရိပုတ္တရာအား မြတ်စွာဘုရားက သာဓုမခေါ်ဘဲ၊ မြတ်စွာဘုရားကိုယ်စား သံဃာတော်များကို ဦးဆောင်ဦးရွက်ပြုရန် စိတ်ဆန္ဒ ဖြစ်ပါကြောင်း လျှောက်ထားသော ရှင်မောဂ္ဂလာန်အား သာဓုခေါ်ခြင်း ဖြစ်ပါ၏။ မြတ်စွာဘုရားသည် မိမိကိုယ်တော်တိုင် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီတော်များကို ဖြည့်ပြီး ဘုရားဖြစ်ရန် အားထုတ်ခြင်းသည် မိမိအတွက် မဟုတ်၊ ဝေနေယျသတ္တဝါတို့အား ကယ်တင်ရန်အတွက် အားထုတ်ခြင်းသာ ဖြစ်ပါ၏။ ဝေနေယျသတ္တဝါဟူသည် ကယ်တင်ခြင်းကို ခံထိုက်သော သတ္တဝါများဖြစ်၏။

http://www.cherrythitsar.org



လောကုတ္တရာနယ်ပယ်၌ အမြင့်ဆုံး အရဟတ္တမဂ်ကိုရလျှင် လောကကောင်း၏။ ထိုအခါ လောကမကောင်းသေးသူများကို မြင်၍ ကယ်တင်နိုင်၏။ ကယ်တင်ရန် ဝတ္တရားရှိ၏။ ကယ်တင်ရ၏။ ဒိဗ္ဗစက္ခုအဘိညာဉ် ကိုရလျှင် ပုထုဇဉ်မိုက်များကိုမြင်၍ ကယ်တင်နိုင်၏။ ကယ်တင်ရန် ဝတ္တရားရှိ၏။ ကယ်တင်ရ၏။ ဤနေရာ၌ ဒိဗ္ဗစက္ခု အဘိညာဉ်ကိုရသူ ဟူသည် အဘိညာဉ်နှင့်တကွ အရဟတ္တမဂ်ကို ရပြီးသော ရဟန္တာပုဂ္ဂိုလ် ဖြစ်၏။ အမှန်အားဖြင့် လောကမကောင်းသေးသူများတွင် သောတာပန်နှင့်သကဒါဂါမ်တို့ ပါဝင်သော်လည်း ဤနေရာ၌ ပုထုဇဉ် များကိုသာ ဆိုလိုရင်း ဖြစ်ပါ၏။ သောတာပန်နှင့် သကဒါဂါမ်တို့ကား ဝဋ်မြစ်ပြတ်လေပြီ။

သောတာပန်ဆိုလျှင် အလွန်ဆုံး ခုနစ်ဘဝသာ ကာမဘုံ၌ ဖြစ်နိုင်၏။ သကဒါဂါမ်ဆိုလျှင် တစ်ကြိမ်သာ ဤကာမဘုံ၌ နောက်ထပ် ဖြစ်နိုင်၏။ ထို့ကြောင့် ထိုပုဂ္ဂိုလ်များကို မသေခြင်း "အမတ" တရားကို ရပြီးသူများဖြစ်သော ကြောင့် ဤနေရာ၌ မဆိုလိုခြင်းဖြစ်၏။ ပုထုဇဉ်များကား မရေမတွက်နိုင် လောက်အောင် ဘဝများစွာ သံသရာ၌ ကျင်လည်နေရမည်ဖြစ်၏။ ထို့ကြောင့် ထိုပုဂ္ဂိုလ်မျိုးကို ကယ်တင်ရန် များစွာ လိုအပ်ပါ၏။ သောတာပန်နှင့် သကဒါဂါမ် တို့ကား အရိယသစ္စာလမ်းမကြီးပေါ်၌ လျှောက်နေသူများ ဖြစ်ကြသဖြင့် သူတို့ အတွက် ပူစရာမရှိတော့၊

ထိုနည်းအတိုင်းပင် စီးပွားရှာရာ၌လည်း အထွတ်အထိပ်ရောက်အောင် ရှာရ၏။ ပညာသင်ရာ၌လည်း အထွတ်အထိပ်ရောက်အောင် ကြိုးစားသင်ရ၏။ ရာထူးတက်အောင် ကြိုးစားရာ၌လည်း အထွတ်အထိပ်ရောက်အောင် ကြိုးစား ရ၏။ အခြား မည်သည့်လုပ်ငန်း၌မဆို အထွတ်အထိပ်ရောက်အောင် အားထုတ် ရ၏။

ထိုသို့ အထွတ်အထိပ်ရောက်အောင် ကြိုးစားခြင်း၊ အားထုတ်ခြင်းသည် မိမိအတွက် ယစ်မူးရန်မဟုတ်၊ မိမိအောက်က လူများကို ကယ်တင်ရန်ဖြစ်၏။ မိမိအောက်က လူများကို ကယ်တင်ရန် ဦးတည်ချက်ဖြင့်သာ မိမိကိုယ်တိုင် အထွတ်အထိပ်ရောက်အောင် အားထုတ်ရ၏။ အကျဉ်းအားဖြင့်ဆိုရလျှင် မိမိ၏ ဆောင်ရွက်ချက် ဟူသမျှသည် "ဖောင်" သဘောရှိရ၏။ "ကမ်း" သဘော မရှိရ။ မိမိအတွက် ဦးတည် ချက် မရှိရ။ လောကအတွက် ဦးတည်ချက်ရှိရ၏။ ထိုသို့လောကအတွက် ဦးတည်ချက် ရှိရသည့်အတိုင်း မိမိအတွက် သိမ်းပိုက်ခြင်း "လောဘ"၌"ရသ"ကို မရှာရ။ လောကအတွက် စွန့်လွှတ်ခြင်း "အလောဘ" ၌သာ "ရသ" ကို ရှာရ၏။ မြတ်စွာဘုရားက ရှင်မဟာကဿပ အမှူးပြုသော ပရိသတ်အား ဤသို့သော အဓိပ္ပာယ်ဖြင့် ဤဂါထာကို ဟောတော်မူခြင်းဖြစ်၏။

http://www.cherrythitsar.org

# အဆွေခင်ပွန်း ရဟန်းနှစ်ပါး

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ကာလက ဖြစ်သည်။ ရဟန်းနှစ်ပါးသည် ဇေတဝန်ကျောင်းတော်၌ပင် အဆွေခင်ပွန်းအဖြစ် အတူတကွ သီတင်းသုံးလျက်ပင် ရှိ၏။ ဇေတဝန်ကျောင်းတော်၌ကား ရဟန်းတို့သည် ရဟန်းဝါ ၅ ဝါ ရပြီးပါက ဝါဦး ကာလရောက်လျှင် မြတ်စွာဘုရား အထံတော်မှ ကမ္မဋ္ဌာန်းကို တောင်းပြီးလျှင် မိမိတို့နှင့် သင့်လျော်ရာဒေသသို့ သွား၍ တရားအားထုတ်လေ့ ရှိကြ၏။ ဝါကျွတ်သောအခါမှသာ ဇေတဝန် ကျောင်းတော်သို့ ပြန်လာ ကြပြီးလျှင် မိမိတို့၏ အတွေ့အကြုံများကို မြတ်စွာဘုရား အား ပြန်လည် လျှောက်ထားကြ၏။

အဆွေခင်ပွန်း ရဟန်းနှစ်ပါးလည်း ဝါဦးကာလ၌ မြတ်စွာဘုရားအထံသို့ သွား၍ ကမ္မဋ္ဌာန်းတရားကို တောင်းကြ၏။ ထို့နောက် တစ်ခုသောဒေသရှိ တောရကျောင်းသို့သွား၍ တရားအားထုတ်ကြ၏။ ရဟန်းတရားကို အားထုတ်ဖို့ ဆိုသည်ကား လွယ်သည်မဟုတ်။ မာရ်နတ်၏ တပ်မကြီးဆယ်တပ်ကို နိုင်အောင် တိုက်နိုင်ပါမှ အားထုတ်၍ရ၏။ မာရ်နတ်၏ တပ်မကြီးဆယ်တပ်တွင် မက်မော ဖွယ် ကာမဂုဏ်များသည် အင်အားပြင်းထန်သော တပ်မကြီးဖြစ်၏။ ထိုတပ်မကြီး ကို နိုင်အောင်တိုက်ရန်ကား မိမိ၌ သီလ၊ သမာဓိ၊ ပညာတို့ နိုင်မှာမှ ဖြစ်၏။ သီလ၊ သမာဓိ၊ ပညာတို့တွင်ကား သီလသည် အခြေခံဖြစ်သဖြင့် အလွန် အရေးကြီး၏။ သီလနိုင်ပါမှ သမာဓိကို နိုင်အောင်လုပ်၍ရ၏။ သမာဓိ နိုင်ပါ မှလည်း ပညာကို ထက်မြက်အောင် လုပ်၍ရ၏။ ပညာထက်မြက်ပါမှလည်း ပညတ်ကို ထွင်းဖောက်၍ ရုပ် နာမ် ခန္ဓာကို မြင်၏။ ထိုနောက် ရုပ် နာမ် ခန္ဓာ တို့၏ အဖြစ်နှင့်အပျက်ကို မြင်၏။ ထိုနောက် ရုပ် နာမ် ခန္ဓာတို့၌ ငြီးငွေ့၏။ ထိုနောက် ရုပ် နာမ် ခန္ဓာတို့၌ တပ်မက်ခြင်း ကင်း၏။ ထိုအခါမှသာ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်၏။ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်မှ ရဟန်းပြုခြင်းကိစ္စ ပြီး၏။

လူ့လောက၌ လူလာဖြစ်ရခြင်းသည် လောကကို မိမိအတွက် အသုံး ချရန် မဟုတ်ဘဲ မိမိကိုသာ လောကအတွက် အသုံးချရန်ဖြစ်၏။ လောက အတွက် မိမိကိုယ်ကို အသုံးချဖို့ဆိုသည်မှာလည်း မိမိ၏အကျိုးစီးပွားကို စွန့်လွှတ်နိုင်မှ ဖြစ်၏။ မိမိ၏အကျိုးစီးပွားကို စွန့်လွှတ်ဖို့ ဆိုသည်မှာလည်း မိမိ၌ ပြည့်စုံမှဖြစ်၏။ မိမိ၌ အကျိုးစီးပွား ပြည့်စုံသူကို တောင်ထိပ်သို့ရောက် အောင် တက်ပြီးသူ "ပဗ္ဗတဋ္ဌ" ဟူ၍ ဆို၏။ တောင်ထိပ်သို့ ရောက်နေပါမှ ပတ်ဝန်းကျင်ကို မြင်နိုင်မည်ဖြစ်၏။ တောင်ထိပ်သို့တက်ခြင်း ဟူသည်မှာ

http://www.cherrythitsar.org



ပါရမီဖြည့်ခြင်းဖြစ်၏။ ပါရမီဖြည့်ခြင်း ဟူသည်မှာလည်း ကူညီတတ်ခြင်း ဒါန၊ ကိုယ်ကျင့်သိက္ခာကို စောင့်ထိန်းခြင်း သီလ၊ မိမိ၏ လုပ်ငန်း၌သာ စိတ်ဝင်စားပြီးလာမည့် အကျိုးတရားကို မမျှော်ကိုးခြင်း နိက္ခမ၊ ဇွဲလုံ့လကို မလျှော့ခြင်း ဝီရိယ၊ ပညာဉာဏ် ထက်မြက်အောင် အားထုတ်ခြင်းပညာ၊ အရာရာ၌ သည်းခံခွင့်လွှတ်နိုင်ခြင်း ခန္တီ၊ သစ္စာရှိခြင်း သစ္စာ၊ မိမိ၏ဆုံးဖြတ်ချက်မှ သွေဖည်မသွားခြင်း အဓိဋ္ဌာန၊ အားလုံးကို ချစ်တတ်ခြင်း မေတ္တာ၊ ဘက်မလိုက်ခြင်း ဥပေက္ခာ တို့ပင် ဖြစ်၏။ ယင်း ဆယ်ပါးသော ပါရမီများကို ဖြည့်ကျင့်ခြင်းသည်ပင်လျှင် တောင်ထိပ်သို့ရောက်အောင် တက်ခြင်းဟူ၍ လည်းကောင်း၊ မိမိ၌ အကျိုးစီးပွားပြည့်စုံအောင် ဆောင်ရွက်ခြင်း ဟူ၍လည်းကောင်း ဆိုအပ်ပါ၏။

တောင်ထိပ်သို့ ရောက်ပါမှ ပတ်ဝန်းကျင်ကို အပေါ်က စီး၍ အားလုံးကို မြင်နိုင်မည်ဖြစ်၏။ အားလုံးကို မြင်နိုင်ခြင်း ဟူသည်မှာလည်း နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သော သဗ္ဗညုတဉာဏ်ကို ရခြင်းဖြစ်၏။ ဤသို့ ကယ်တင်နိုင်ရန် အားထုတ်ခြင်းသည်ပင် လူတစ်ယောက်အနေဖြင့် မိမိ၏ဘဝကို လောကအတွက် အသုံးချခြင်း မည်၏။

အထွေခင်မွန်း ရဟန်းနှစ်ပါးသည် မိမိတို့၏ဘဝကို လောကအတွက် အသုံးချနိုင်ရန် တရားအားထုတ်ခြင်း ဖြစ်၏။ တောင်ထိပ်သို့ ရောက်အောင် ကြိုးစားခြင်းဖြစ်၏။ သို့ရာတွင် ရဟန်းနှစ်ပါးအနက် တစ်ပါးမှာ ပါရမီမပြည့်စုံသေးသူ ဖြစ်၏။ သို့ဖြစ်၍ သူသည် ရဟန်းတရားကို အားထုတ်ပါသော်လည်း တရားရဖို့ အရိပ်နိမိတ်ကို မမြင်ချေ။ မာရ်နတ်ကြီးများ၏ တပ်မကြီးများကို နိုင်အောင်မတိုက်နိုင်ချေ။ ထိုအခါ တရားအားထုတ်ခြင်း၌ ငြီးငွေ့လာ၏။ ယင်းသို့ ငြီးငွေ့လာခြင်းကို မာရ်နတ်၏ ဒုတိယတပ် "အရတိ" ဟူ၍ဆိုရ၏။ ထိုရဟန်းသည် မာရ်နတ်၏ ဒုတိယတပ် "အရတိ" ၌ ကျဆုံးသွားလေ၏။

ထိုပထမရဟန်းသည် မာရ်နတ်၏ ဒုတိယတပ်၌ ကျဆုံးသွားသော အခါ မာရ်နတ်၏ အကျဉ်းသား ဖြစ်သွားရ၏။ မာရ်နတ်၏ အကျဉ်းသားပီပီ ဒုတိယရဟန်းက တရားထူးရပြီး မိမိထက် "သာ" သွားမည်ကို စိုးရိမ်၏။ ထိုသို့စိုးရိမ်ခြင်းကို "ဣဿာ" ဟူ၍ ဆို၏၊ ဤနည်းအားဖြင့် ပထမရဟန်းသည် ဒုတိယရဟန်းအပေါ်၌ မနာ လိုခြင်း "ဣဿာ" ကိုပွားမိ၏။ ထို့အပြင် ဒုတိယရဟန်းထက် မိမိက "သာ" ကြောင်းကိုလည်း ပြချင်၏။ ထိုကဲ့သို့ "သာ" ကြောင်းပြချင် ခြင်းကို "မစ္ဆရိယ" ဟု ခေါ်၏။ ဤနည်းအားဖြင့် ပထမရဟန်းသည် ဒုတိယရဟန်းအပေါ်၌ ဝန်တိုခြင်းမစ္ဆရိယကို ပွားမိလေ၏၊ မနာလိုခြင်းနှင့် ဝန်တိုခြင်းသည် ပထမရဟန်းအနေဖြင့် မည်သူ့အပေါ်မှာမှ မထားထိုက်သော

http://www.cherrythitsar.org



အကုသိုလ်မှန်း သိပါလျက် အဆွေခင်ပွန်းပေါ်၌ပင်ထားကာ သူ့ဟာသူ ဟုတ်လှပြီဟု ထင်သော်လည်း မြတ်စွာဘုရား ရှေ့တော်မှောက်သို့ ရောက်သောအခါ မဟုတ်ကြောင်း သူသိရမည် ဖြစ်သည်ကိုမူ သူ မသိပါချေ။ အဝိဇ္ဇာ၏ မာယာကွန်ရက်သည် လှည့်စားတတ်ပေစွ။ သံဝေဂဉာဏ်ဖြစ်ဖွယ် ကောင်းလှပါ၏။ မြတ်စွာဘုရား၏ ကဲ့ရဲ့ခြင်းကို ခံရခြင်းသည်လည်း များစွာပင် နစ်နာလှပါ၏။ နစ်နာ သော်လည်း နစ်နာမှန်း ပထမရဟန်းသည် မသိ။

ဒုတိယရဟန်းကမူ ရဟန်းတရားကို ပြင်းစွာ အားထုတ်၏။ ပထမယံပတ်လုံး စင်္ကြံလျှောက်၏။ စင်္ကြံလျှောက်ရင်းလည်း ကမ္မဋ္ဌာန်းတရားကို ပွားများ၏။ မဇ္ဈိမယံ၌ အပန်းဖြေ၏။ မိုးသောက်ယံ၌ စောစောထ၍ ကမ္မဋ္ဌာန်းတရားကို အားထုတ်၏။ ဤနည်းအားဖြင့် အားထုတ်လေရာ ဒုတိယရဟန်းသည် မကြာမြင့်မီ ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်တော်မူ၏။

ဒုတိယရဟန်းသည် မိမိကိုယ်တိုင် ကမ္မဋ္ဌာန်းတရားကို အားထုတ်ရင်း မိမိ၏အဆွေခင်ပွန်းဖြစ်သော ပထမရဟန်းအားလည်း ကမ္မဋ္ဌာန်းတရားကို အားထုတ်ပါရန် ဤသို့ တိုက်တွန်း၏။

“ငါ့ရှင်၊ ပထမယံပတ်လုံး မီးလှုံကာ ထိုင်နေခြင်းဖြင့် အချိန်ကို မကုန်ပါစေလင့်။ မေ့လျော့သူအား အပါယ်လေးဘုံတို့သည် မိမိ၏အိမ်နှင့် တူကုန်၏။ ဘုရားတို့မည်သည်ကား ကောက်ကျစ်စဉ်းလဲခြင်းဖြင့် နှစ်သိမ့်စေခြင်းငှာ မတတ်နိုင်”

ဤသို့ ဒုတိယရဟန်းက ပထမရဟန်းအား တိုက်တွန်းပါသော်လည်း တိုက်တွန်းသည့်အတိုင်း ပထမရဟန်းက မနာယူသဖြင့် နောက်ထပ် မတိုက်တွန်းတော့ချေ။ အမှန်အားဖြင့် ပထမရဟန်းသည် ဒုဗ္ဗစ ဖြစ်၏။ ဆုံးမရခက်သော သဘော ရှိ၏။

ပထမရဟန်းသည် ပါရမီနည်းသူ ဖြစ်သဖြင့် ဣန္ဒြေတို့ မရင့်ကျက်။ ထိုအခါ ဝီရိယနည်းပါး၏။ ဝီရိယ နည်းပါးသောအခါ “ပျင်း” လာ၏။ ပျင်းခြင်းသည်လည်း မာရ်နတ်၏ တက်တော်သားပင် ဖြစ်၏။ ထို့ကြောင့် ပထမရဟန်းသည် အစပထမ၌ ကမ္မဋ္ဌာန်းတရားကို အားထုတ် ပါသေး၏။ အားထုတ်ပါသော်လည်း သမ္မပ္ပဓာန်ထိုက်သော ဝီရိယမျိုးနှင့် သတိပဋ္ဌာန်ထိုက်သော သတိမျိုးကို မထူထောင်နိုင်သောအခါ သီလအားနည်းသဖြင့် သမာဓိသည် အားမကောင်းတော့ချေ။ သမာဓိအား မကောင်းသောအခါ ပညာနုံ့လာ၏။ ထိုကဲ့သို့ဖြစ်လာရခြင်းမှာလည်း ယုံကြည်မှုသဒ္ဓါအားနည်းသောကြောင့်ဖြစ်၏။ ထို့ကြောင့် ပထမရဟန်းသည် ကမ္မဋ္ဌာန်းတရားကို အားထုတ်ပါသော်လည်း တရားထူးရနိုင်ရန်

http://www.cherrythitsar.org



အရိပ်နိမိတ်ကို မတွေ့နိုင်ခြင်းဖြစ်၏။ တရားထူးရရန် အရိပ်နိမိတ်ကို မတွေ့သေးသောအခါ ပထမရဟန်းသည် ကမ္မဋ္ဌာန်းတရား ကို ဆက်လက် အားမထုတ်တော့ဘဲ သက်သာသလို နေလေ၏။

ပထမရဟန်းသည် ရှင်သာမဏေများနှင့်အတူ ထင်းများကိုစု၏။ ပထမယံ၌ မီးလှုံ၏။ သာမဏေများနှင့် စကားပြော၏။ ဒုတိယရဟန်းသည် ပထမယံပတ်လုံး စင်္ကြံလျှောက်ကာ ကမ္မဋ္ဌာန်းတရားကိုအားထုတ်၏။ မဇ္ဈိမယံသို့ရောက်သောအခါ အပန်းဖြေရန် တိုက်ခန်းတွင်းသို့ ဝင်၏။ ထိုအခါ ပထမရဟန်းသည် မိမိလည်း ရဟန်းတရားကိုအားထုတ်သူဖြစ်ကြောင်း ဒုတိယရဟန်းအား ထင်မှတ်စေလို၍ တိုက် ခန်းတွင်းသို့ ဝင်လိုက်သွားကာ ဤသို့ပြောဆို၏။

'အပျင်းကြီးသောရဟန်း၊ သင်သည် လျောင်းစက်ကာ အိပ်ခြင်းငှာသောသို့ ဝင်ခဲ့သောသူ ဖြစ်ခဲ့၏။ အသို့နည်း၊ ဘုရားရှင်၏အထံ၌ ကမ္မဋ္ဌာန်းကို ယူခဲ့ရကား ထကြွလုံ့လဝီရိယပြု၍ ရဟန်းတရားကို အားထုတ်ခြင်းငှာ သင့်မည် မဟုတ်ပါလော'

ဤသို့ လှည့်ပတ်ပြောဆိုပြီး မိမိ၏လှည့်ပတ်ခြင်းကို မည်သူမျှ မသိဟု ပထမရဟန်းက ထင်၏။ သို့ရာတွင် တန်ခိုးကြီးသောနတ် များက သိနိုင်ကြောင်း ပထမရဟန်းသည် သဘောမပေါက်။ မကောင်းမှု ဟူသည် ဆိတ်ကွယ်ရာမရှိ ဟူ၍လည်းသူသဘောမပေါက်။ သို့ရာတွင် သဘောပေါက်သည်ဖြစ်စေ၊ မပေါက်သည်ဖြစ်စေ ထိုမကောင်းမှုသည် သူ၏သန္တာန်၌ အရိပ်ပမာ အစဉ်လိုက်လျက် ရှိပါ၏။ အခွင့်ရသည်နှင့် တစ်ပြိုင်နက် ထိုမကောင်းမှုသည် အင်အားရှိသလောက် တစ်စုံတစ်နေ့တွင် မကောင်းကျိုးကိုပေးပေလိမ့်မည်။ ပထမရဟန်းသည် ဒုတိယရဟန်းအား ဤသို့ လှည့်စားပြောဆိုပြီးနောက် မိမိ၏လုပ်ဆောင်ချက်ကို အဟုတ်ကြီးထင်ကာ မိမိ၏တိုက်ခန်းတွင်းသို့ ဝင်၍အိပ်လေ၏။ မိုးလင်းမှ ထ၏။

သီတင်းဝါလ ကျွတ်လေပြီ။ ထိုရဟန်းနှစ်ပါးတို့သည် ဇေတဝန် ကျောင်းတော်ရှိ မြတ်စွာဘုရားကို ဖူးမြော်ရန် သာဝတ္ထိသို့ သွားကြ၏။ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ မြတ်စွာဘုရားကို ဖူးတွေ့ကြ၏။ ထိုအခါ မြတ်စွာဘုရားက ရဟန်းနှစ်ပါးအား "ချစ်သားရဟန်းတို့၊ အသို့နည်း၊ သင်ချစ်သားတို့သည် မမေ့မလျော့ ရဟန်းတရားကို အားထုတ် ကြရကုန်၏လော၊ သင် ချစ်သားတို့အား ရဟန်းကိစ္စသည် အပြီးအဆုံးသို့ရောက်ပြီလော" ဟူ၍ မေးတော်မူလေရာ ပထမရဟန်းက–

'ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ဤရဟန်းသည် ရှင်တော်

http://www.cherrythitsar.org



ဘုရား၏ ထံတော်မှ ကမ္မဋ္ဌာန်းတရားကို ယူပြီးသွားသောအခါ မှစ၍ လျောင်းစက်ကာ အိပ်လျက် အချိန်ကို လွန်စေခဲ့ပါသည်။ မေ့မ မလျော့သော အပ္ပမာဒတရားနှင့် ကမ္မဋ္ဌာန်းတရားကို အားထုတ်ခြင်း ဟူ၍ မရှိပါ ဘုရား'

ဟူ၍ လျှောက်ထားလျှင် မြတ်စွာဘုရားက ထို ပဌမရဟန်းအား 'သင်ချစ်သားကတော့ အချိန်တို့ကို မည်သို့ ကုန်လွန်စေပါသနည်း' ဟူ၍ မေးတော်မူရာ ထိုပဌမရဟန်းက ဤသို့ ပြန်လည်လျှောက် ထား၏။

'ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ တပည့်တော်ကတော့ စောစောက လျှင် ထင်းတို့ကို သာမဏေများနှင့်အတူတကွ ယူဆောင်၍ ပဌမယံ လုံး မီးလှုံကာ သာမဏေများနှင့် စကားပြောလျက် မအိပ်ဘဲ သာလျှင် အချိန်ကို ကုန်လွန်စေပါသည်ဘုရား'

မြတ်စွာဘုရားက သူ့ကို ကောင်းချီးပေးလိမ့်မည်ဟု ပဌမရဟန်းက ထင်၏။ အဘယ်ကြောင့်ဆိုသော် သူသည်သာ မအိပ်သူဖြစ်၏။ ဒုတိယ ရဟန်းကား အိပ်သူဖြစ်၏။ အိပ်သူနှင့် မအိပ်သူ နှစ်ယောက်တို့တွင် မအိပ်သူသာ ချီးမွမ်းထိုက်သူ ဖြစ်၏။ အိပ်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မမူဘဲ မအိပ်ခြင်းကိုသာ မြတ်စွာဘုရားသည် ချီးမွမ်းတော် မူ၏။ ဤသို့ ပဌမရဟန်းက နားလည်ထားသဖြင့် သူ မအိပ်ကြောင်း လျှောက်ထားခြင်း ဖြစ်၏။ အမှန်အားဖြင့် ပဌမရဟန်းသည် ဗြာဟ္မဏ လူမျိုး ဖြစ်ဟန်တူ၏။ ဗြာဟ္မဏဝါဒ၌ အဆိုတစ်ခု ရှိ၏။ ထိုအဆိုသည် ပဌမရဟန်း၏ စိတ်ထဲ၌ စွဲ နေဟန်ရှိ၏။ ပဌမရဟန်းသည် ဗုဒ္ဓ၏ သားတော် ဖြစ်သွားသော်လည်း ဗြာဟ္မဏတို့၏ အတွေးအယူသည် သူ့ အပေါ်၌ လွှမ်းမိုးဆဲပင် ဖြစ်၏။ ဗြာဟ္မဏတို့၏ အဆိုမှာ–

"တရားမကျင့်သူတို့အတွက် 'ညဉ့်' သည် တရားကျင့်သူတို့အတွက် 'နေ့' ဖြစ်၏။ တရားကျင့်သူတို့အတွက် 'နေ့' သည် တရား မကျင့် သူတို့အတွက် 'ညဉ့်' ဖြစ်၏"

ဟူ၍ ဖြစ်၏။ ထို့အပြင် ဂျာမန်ကဗျာဆရာ ဂွယ်သယ် **[Goethe (1749-1832)]** ကလည်း " 'အမှား' နှင့် 'အမှန်' ဟူသည် 'အိပ်' ခြင်းနှင့် 'နိုး'ခြင်း သဘောကဲ့သို့ပင် ဖြစ်၏" ဟူ၍ဆိုဖူး၏။ ထို့ကြောင့် ပဌမရဟန်းက ဗြာဟ္မဏ ဝါဒလာ အဆုံးအမကို သဒ္ဓါတရားအတိုင်း မှတ်ယူပြီး သူ မအိပ်ဘဲ နိုးနေခြင်းကို မြတ်စွာဘုရား အနေဖြင့် "သာဓု" ခေါ်လိမ့်မည်ဟု မျှော်လင့်ထား၏။ သို့ရာတွင် မြတ်စွာဘုရားသည် သူ မျှော်လင့်ထားသလို "သာဓု" မခေါ်ဘဲ အောက်ပါအတိုင်း ဂါထာဖြင့် ဟောကြားတော်မူ၏။

– **မမေ့မလျော့ခြင်း "အပ္ပမာဒ" တရားနှင့် ပြည့်စုံသူသည် နိုးကြားသူနှင့်**

**ရာပြည့်တာအုပ်တိုက်**

http://www.cherrythitsar.org



**ထူ၏။ မေ့လျော့ခြင်း "ပမာဒ" တရားနှင့် ပြည့်စုံသူသည် အိပ်သူနှင့် ထူ၏။**

– **ထိုနှစ်ယောက်တို့တွင် အားမွန်ဇလနှင့် ပြည့်စုံသောမြင်းသည် အားမွန် ဇလနှင့် မပြည့်စုံသောမြင်းကို ရှုံ၍ သွားသကဲ့သို့ ထို့အတူ "အပ္ပမာဒ" တရားနှင့် ပြည့်စုံသော ပညာရှိသည် "ပမာဒ" တရားနှင့် ပြည့်စုံသော သူမိုက်ကို သံသရာဝဋ်ဆင်းရဲ၌ ရှုံ့ပစ်၍ သွားလေ၏။**

ဘဝဟူသည် ရှည်လျားသော အိပ်မက်ပင်ဖြစ်၏။ အိပ်မက်ထဲ၌ ပျော်စရာကိုလည်း တွေ့ရ၏။ ငိုစရာကိုလည်း တွေ့ရ၏။ ကောင်းကင်ထဲသို့ ပျံတက်နိုင်၏။ ရေထဲသို့လည်း ငုပ်လျှိုးနိုင်၏။ ဖြစ်ချင်သလိုဖြစ်နိုင်၏။ အိပ်မက်ထဲ၌ မဖြစ်နိုင်သောအရာဟူ၍ ဘာမျှမရှိ။ အားလုံး ဖြစ်နိုင်သည်ချည်းသာဖြစ်ပါ၏။ အိပ်မက်ထဲ၌ အားလုံး ဖြစ်နိုင်သည်ချည်းသာ ဖြစ်စေကာမူ ထိုဖြစ်ရပ်များအားလုံးသည် အိပ်မက်တွင်းကာလ၌ အားလုံး အမှန်ချည်းဖြစ်၏။ အမှားဟူ၍ ဘာမျှမရှိ။ အဘယ်ကြောင့်ဆိုသော် ထိုအတွေ့အကြုံများအားလုံးကို မိမိကိုယ်တိုင် ခံစားရသောကြောင့်ဖြစ်၏။ အမှန်အားဖြင့် ပုထုဇဉ်များသည် မိမိကိုယ်ကို "ရှိ"သည် ဟူ၍သာ ယုံကြည်၏။ "မရှိ"ဟူ၍ ဘယ်အခါမျှမယုံကြည်ကြပါချေ။ ထို့ကြောင့် မိမိ "ရှိ"သည်ဟူသော ယုံကြည်ချက် မှန်ကန်ပါလျှင် မိမိကိုယ်တိုင် တွေ့ကြုံခံစားရသော အတွေ့အကြုံများ အားလုံးသည်လည်း မှန်ကန်သည်ပင် ဖြစ်ပါ၏။

သို့ရာတွင် အိပ်မက်မှ နိုးလာသောအခါ၌ကား အိပ်မက်အတွင်း၌ သူကိုယ်တိုင် တွေ့ကြုံခံစားရသမျှသော အတွေ့အကြုံများအားလုံးသည်ပင် အမှားစစ်စစ် ဖြစ်သွားရပြန်၏။ ထိုအမှားစစ်စစ်သည်လည်း သူကိုယ်တိုင် တွေ့ကြုံခံစားရသော နိုးကြားအတွေ့အကြုံမှ ကိုယ်တွေ့ခံစားချက်များကြောင့်ပင် ဖြစ်၏။ တစ်စုံတစ်ယောက်ထံမှ တစ်ဆင့်ကြားကြောင့် မဟုတ်၊ ကိုယ်တွေ့သိ ကိုယ်တွေ့ကြုံများကြောင့်သာ ဖြစ်ကြလေ၏။ အမှန်အားဖြင့်"အိပ်မက်သိ" ကို "နိုးကြားသိ" က ချေဖျက်လိုက်ခြင်း ပင် ဖြစ်လေ၏။ ထိုနည်းအတူပင် လက်ရှိဘဝ၌လည်း ငါရှိ၏၊ သူဌေး ရှိ၏၊ မင်းရှိ၏၊ သူဆင်းရဲရှိ၏၊ ပုဂ္ဂိုလ်ရှိ၏၊ သတ္တဝါရှိ၏၊ အရာဝတ္ထုရှိ၏။ ထိုရှိသမျှအားလုံးသည်လည်း အမှန်ချည်းဖြစ်၏။ အမှားဟူ၍ ဘာတစ်ခုမျှ မပါ။ ထိုသို့မပါကြောင်းကိုလည်း မိမိကိုယ်တွေ့အနေဖြင့် ယုံကြည်၏။ ခံစားရ၏။ တခြားသူထံမှ တစ်ဆင့်သိမဟုတ်။ ကိုယ်တွေ့သိ၊ ကိုယ်တွေ့မြင် ဖြစ်၏။ ထို့ကြောင့် မိမိကိုယ်တိုင် ကိုယ်တွေ့သိ၊ ကိုယ်တွေ့ကြုံအနေဖြင့်ခံစားရသော အတွေ့အကြုံများကို မည်သို့လျှင်အမှားဟူ၍ ဆိုနိုင်ပါမည်နည်း။ အားလုံး အမှန်ချည်းသာဖြစ်၏။

http://www.cherrythitsar.org



သို့ရာတွင် အရိယသစ္စာကို မျက်မှောက်ပြုသောအခါသမယသည် ရှိ၏။ ထိုအခါ ပုထုဇဉ်တဝက မိမိကိုယ်တိုင် တွေ့ကြုံခံစားခဲ့ရသော အတွေ့အကြုံများအားလုံးသည်လည်း အိပ်မက်ပမာသာ ဖြစ်ကြ၏။ အားလုံး ဟာမျှမဟုတ်။ ယောကျ်ားလည်း မရှိ၊ မိန်းမလည်း မရှိ၊ ပုဂ္ဂိုလ်လည်း မရှိ၊ သတ္တဝါလည်း မရှိ။ ပုဂ္ဂိုလ်ဟူ၍ လည်းကောင်း၊ သတ္တဝါဟူ၍ လည်းကောင်း မရှိသော့လျှင် အဘယ်မှာ "သူဌေး" ဟူ၍ ရှိပါတော့မည်နည်း၊ "မင်း" ဟူ၍ ရှိပါတော့မည်နည်း။

အိပ်မက်တဝ၌ တွေ့ကြုံရသော အတွေ့အကြုံဟူသမျှသည် ဟာမျှမဟုတ်ကြောင်း နိုးလာသောအခါ ကိုယ်တိုင်သိလာသကဲ့သို့ လက်ရှိဘဝ၌ တွေ့ကြုံရသော ငါ၊ ငါ့ဥစ္စာ၊ ငါ့သားသမီး စသော အတွေ့အကြုံများသည်လည်း ဘာမျှမဟုတ်ကြောင်း အရိယသစ္စာကို ကိုယ်တိုင် မျက်မှောက်ပြုမိသောအခါ ကိုယ်တိုင်သိလာလေ၏။ ထို့ကြောင့် ဘဝဟူသည် ရှည်လျားသောအိပ်မက်ပမာသာဖြစ်ချေ၏ ဟူ၍ဆိုခြင်း ဖြစ်ပါ၏။ အရိယသစ္စာကို မရသေးမီကာလအတွင်း၌သာ မိမိကိုယ်ကို "ဟုတ်လှပြီ၊ မှန်လှပြီ၊ တော်လှပြီ" ဟု ထင်နေကြခြင်း ဖြစ်၏။ ထိုသို့ထင်နေခြင်းသည် "ပုထုဇ္ဇနော ဥမ္မတ္တကော" အရ ငိပလွှသလ သဘောဖြင့် မှားယွင်းသောအသိ၊ မှားယွင်းသောအမှတ်၊ မှားယွင်းသော အယူမျှသာ ဖြစ်ချေ၏။

သာသနာပ ကာလ၌လည်း ကောင်းသော "ကံ" သည် ကောင်းသော အကျိုးကို ပေး၏။ မကောင်းသော "ကံ" သည် မကောင်းသော အကျိုးကို ပေး၏။ ဤမျှလောက်ကိုတော့ သူတို့ သိကြ၏။ သို့ရာတွင် သူတို့သိသော "ကောင်း" နှင့် "မကောင်း" ကား သံသရာအတွင်း၌ ဖြစ်သော ကောင်းနှင့် မကောင်းသာ ဖြစ်၏။ ထိုလက် မပိုပါချေ။ မြတ်စွာဘုရား ပွင့်တော်မူပြီးနောက် သိသော "ကောင်း" နှင့် "မကောင်း" ကား တစ်မျိုးဖြစ်၏။ သာသနာပကာလ၌ "မကောင်း"ဟူသည်ကား အကုသိုလ်နှင့် ယင်း၏အကျိုးတရားများသာ ဖြစ်၏။ သာသနာတော် အတွင်း၌ "မကောင်း" ဟူသည်ကား အကုသိုလ်နှင့် ယင်း၏ အကျိုးတရားများသာမက သံသရာချမ်းသာကို တောင့်တ၍ပြုလုပ်သော ကုသိုလ်နှင့် ယင်း၏အကျိုးတရားများပါ ဖြစ်လာ၏၊

ထို့ကြောင့် မြတ်စွာဘုရား၏သာသနာတော်နှင့် ကြုံကြိုက်တုန်း ဒါနကို ပြုသည်ဖြစ်စေ၊ သီလကို ဆောက်တည်သည်ဖြစ်စေ၊ ဘာဝနာကို ပွားများသည် ဖြစ်စေ သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ရေးအတွက်သာ ရည်ရွယ်၍ ပြုလုပ်အပ်၏။ သံသရာချမ်းသာကို ရည်ရွယ်၍ မပြုအပ်၏။ အကယ်၍ သံသရာချမ်းသာကို

http://www.cherrythitsar.org



ရည်ရွယ်၍ ဒါနကိုပြုမည်၊ သီလကို ဆောက်တည်မည်၊ ဘာဝနာကို ပွားများမည် ဆိုပါ လျှင် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတို့ ကာလပတ်လုံး ပါရမီတော်များကို ဖြည့်ကျင့်ပြီးမှ ပွင့်တော်မူရသောမြတ်စွာဘုရားအတွက် ဘုရားပွင့်ရကျိုး နပ်လိမ့်မည် မဟုတ်။

ထို့ကြောင့် ဘုရားပွင့်ရကျိုး နပ်စေရန် "အပ္ပမာဒ" တရားဖြင့် ဗောဓိပက္ခိယ ဘာဝနာကိုပွားများအပ်၏။ ဗောဓိပက္ခိယအုပ်စုဝင် ကုသိုလ်မျိုး ဖြစ်ပေါ်လာစိမ့်သောငှာ ဒါနကို ပြုအပ်၏။ သီလကို ဆောက်တည်အပ်၏။ ဘာဝနာကို ပွားများအပ်၏။ ဗောဓိပက္ခိယ ဆိုက်သော ဒါနပြုခြင်း ဟူသည်မှာ သံသရာချမ်းသာကို မတောင့်တဘဲ သံသရာမှ လွတ်မြောက်ရန်သာ တောင့်တသောဒါန ဖြစ်၏။ ဗောဓိပက္ခိယဆိုက်သော သီလနှင့် ဘာဝနာဟူသည်မှာလည်း ထိုသဘောအတိုင်းပင်ဖြစ်၏။ နိဒါနဝဂ္ဂ သံယုတ္တဋ္ဌကထာ ပဋိပဒါသုတ်၌ "သံသရာချမ်းသာကို တောင့်တ၍ပြုသော ကုသိုလ်ဟူသမျှသည် မှားယွင်းသော အကျင့် "မိစ္ဆာပဋိပဒါ" မည်၏ဟူ၍ ဆို၏။ ထို့ကြောင့် မြတ်စွာဘုရား ပွင့်တော်မူရကျိုး နပ်လေအောင် ဒါနပြုလုပ်ရာ၌လည်း သံသရာချမ်းသာကို မတောင့်တဘဲ သံသရာမှ လွတ်မြောက်ရေးကိုသာ တောင့်တ၍ပြုအပ် ၏။ သီလကို ဆောက်တည်ရာ၌လည်း ထို့အတူ၊ ဘာဝနာကို ပွားများရာ၌လည်း ထို့အတူ သံသရာချမ်းသာကို မတောင့်တဘဲ သံသရာမှလွတ်မြောက်ရေးကိုသာ တောင့်တ၍ ပြုအပ်ပါ၏။ သို့မှသာ မှန်ကန်သောအကျင့် "သမ္မာပဋိပဒါ" ကို ကျင့်ရာရောက်ပေမည်။ မြတ်စွာ ဘုရားကို ရိုသေရာရောက်ပေမည်။ မြတ်စွာဘုရား၏စကားကို နားထောင်ရာ ရောက်ပေမည်။ မြတ်စွာဘုရားကို ကျေးဇူးဆပ်ရာ ရောက်ပေမည်။

ဤသို့ သိမ္မောခြင်းနှင့် မြင်းပိနဥပမာဖြင့် ဒေသနာတော်ကို မြတ်စွာဘုရားက ဟောကြားတော်မူပြီး ပထမရဟန်းကို ကဲ့ရဲ့က၊ ဒုတိယရဟန်းကို ချီးမွမ်းတော်မူ၏။ ဤသို့ ဒေသနာတော်လာဂါထာက ဆိုလိုရင်း ဖြစ်ပါ၏။

## မဃလုလင်

မြတ်စွာဘုရားသည် ဝေသာလီပြည် ကူဋာဂါရပြာသာဒ်၌ သီတင်းသုံး နေတော်မူစဉ်က ဖြစ်၏။ လိစ္ဆဝီမင်းသား မဟာလိသည် သူ၏ရင်တွင်း၌ လိပ်ခဲတည်းလည်း ဖြစ်နေသော ပြဿနာတစ်ရပ်ကိုခံစားနေရ၏။ ထိုပြဿနာ၏ အဖြေကို သူသည် ရှာပါ၏။ သို့ရာတွင် ရှာ၍ကား မတွေ့။ အမှန်အားဖြင့် မဟာလိသည်

ပညာဉာဏ်နံ့သူ မဟုတ်။ တက္ကသိုလ်ပြည် ဒိသာပါမောက္ခဆရာကြီးထံမှ ၁၈ ရပ်သော အတတ်ပညာများကို အပြီးတိုင် သင်ယူတတ်မြောက်ပြီးသူ ဖြစ်၏။ မလ္လာ မင်းသား ဗန္ဓုလသေနာပတိနှင့် ပသေနဒီကောသလမင်းသည် တက္ကသိုလ် ပြည်၌ ပညာသင်ယူစဉ်က မဟာလိ၏ အလွန်ရင်းနှီးသော ကျောင်းနေဖက်များ ဖြစ်ကြ၏။ ထို့ကြောင့် လိစ္ဆဝီမင်းသား မဟာလိသည် သူ့ခေတ်တွင် အထက်တန်း ပညာရှင်လူတန်းစား၌ ပါဝင်သည်ဟုဆိုရ၏။ သို့ပါလျက် စဉ်းစား၍ အဖြေမရ သော ပြဿနာတခု ရှိ၏။ ထိုပြဿနာကား သိကြားမင်းပြဿနာ ဖြစ်၏။

သိကြားမင်းသည် ဝေဒကျမ်းစာများအရ အလွန်တန်ခိုးကြီးသော နတ်မင်း ဖြစ်၏။ ထို့ကြောင့် သိကြားမင်းကို မြင်ရန် ခဲယဉ်းလှ၏။ သို့ပါလျက် မြတ်စွာ ဘုရားက သိကြားမင်းနှင့် အမေးအဖြေပြု၍ "သက္ကပဉှသုတ်" ကို မဂဓတိုင်း ရာဇဂြိုဟ်ပြည်၏ အရှေ့မျက်နှာ အမ္ဗသဏ္ဍဂရွာ၏ မြောက်အရပ် ဝေဒိယက တောင်ယံ ဣန္ဒသာလလိုဏ်ဂူ၌ ဟောကြားတော်မူကြောင်း ကြားသိရသဖြင့် သိကြားမင်းပြဿနာသည် မဟာလိ၏ ရင်တွင်း၌ စတင်ဖြစ်ပေါ်လာခြင်း ဖြစ်၏။

မဟာလိသည် အဖန်ဖန်စဉ်းစား၏။ သူလည်း သိကြားမင်းကို ကိုယ်တိုင် ကိုယ်ကျ မတွေ့ဖူးချေ။ အခြားသော လိစ္ဆဝီမင်းသားများသည်လည်း သိကြားမင်း ကို ကိုယ်တိုင်ကိုယ်ကျ တွေ့ဖူးသည်ဟု မဟာလိ မကြားဘူးချေ။ အမှန်အားဖြင့် သူတို့သည် ဝေဒစာသားတရားအရ သိကြားမင်းကို ကိုးကွယ်ဆည်းကပ်သူများ ဖြစ်ကြ၏။ သို့ပါလျက် သူတို့သည် သိကြားမင်းကို ကိုယ်တိုင်ကိုယ်ကျ မမြင် ဖူးကြ။

ယခုမူ မြတ်စွာဘုရားက သိကြားမင်းနှင့် အမေးအဖြေ လုပ်သည်ဟု ဆို၏။ သိကြားမင်းက မေး၍ မြတ်စွာဘုရားက ဖြေကြားခြင်းဖြစ်၏။ သို့ဖြစ်လျှင် မြတ်စွာဘုရားသည် သိကြားမင်းကို ကိုယ်တိုင်ကိုယ်ကျ မြင်၍ ဟောကြားခြင်း ဖြစ်လေသလော၊ သို့မဟုတ် သိကြားမင်းကို ကိုယ်တိုင်ကိုယ်ကျ မမြင်ဘဲ ဟော ကြားခြင်း ဖြစ်လေသလော။

ဤပြဿနာသည် မဟာလိအတွက် လိပ်ခဲတည်းလည်းဖြစ်သော ပြဿနာ ဖြစ်၏။ မြတ်စွာဘုရားသည် သိကြားမင်းကို မည်သည့်နည်း နှင့်မျှ မမြင်နိုင်ဟု မဟာလိက ယူဆထား၏။ အမှန်အားဖြင့် မဟာလိသည် လိစ္ဆဝီ မင်းသား ငါးရာတို့ကို အတတ်ပညာ သင်ကြားပေးနေသူ ဆရာဖြစ်၏။ ထို့ကြောင့် မဟာလိသည် နှိုင်းချိန်စဉ်းစားနိုင်စွမ်းရှိသူ ဖြစ်ပါ၏။ သို့ရာတွင် သူ၏စဉ်းစားဉာဏ်သည် ရိုးရာဘာသာရေးတရားအရ သူ၏အတွေ့အကြုံ၌ သာ အခြေခံပါ၏။

http://www.cherrythitsar.org



ရိုးရာဘာသာတရားအရ အမှန်တရားအဖြစ် လက်ခံယုံကြည်ရသော ဓမ္မတာသည် သုံးမျိုးရှိ၏။ ဖြစ်ရပ်တစ်ခုသည် မျက်မြင်ကိုယ်တွေ့ ဖြစ်ပါက လည်း ယင်းကို အမှန်တရားအဖြစ် လက်ခံရ၏။ ဤသည်မှာ ယုံကြည်မှုနှင့် ပတ်သက်၍ လက်ခံရသော "ပထမ ဓမ္မတာ" ဖြစ်၏။ ဖြစ်ရပ်တစ်ခုသည် မျက်မြင်ကိုယ်တွေ့ မဖြစ်စေကာမူ ကြောင်းကျိုး ဆင်ခြင်၍ ရလျှင်လည်း ယင်းကို အမှန်တရားအဖြစ် လက်ခံရ၏။ ဤသည်မှာ ယုံကြည်မှုနှင့် ပတ်သက်၍ လက်ခံရသော "ဒုတိယ ဓမ္မတာ" ဖြစ်၏၊ ဖြစ်ရပ်တစ်ခုသည် မျက်မြင်ကိုယ်တွေ့လည်းမဟုတ်၊ ကြောင်းကျိုး ဆင်ခြင်၍လည်းမရ၊ သို့ရာတွင် ပညာရပ်ဆိုင်ရာ ပါရဂူများက အမှန်တရား အဖြစ် လက်ခံထား၏။ သို့ဖြစ်လျှင် ယင်းကိုလည်း အမှန်တရားအဖြစ် လက်ခံရ၏။ ဤသည်မှာ ယုံကြည်မှုနှင့် ပတ်သက်၍လက်ခံရသော "တတိယ ဓမ္မတာ" ဖြစ်၏။ ဤဓမ္မတာသုံးမျိုးသည် ယုံကြည်မှုနယ်ပယ်၌ အမှန်တရားအဖြစ်လက်ခံရာတွင် အခြေခံအကျဆုံးသော ဓမ္မတာများ ဖြစ်ကြ၏။

မြတ်စွာဘုရားက သိကြားမင်းအား သက္ကပဉှသုတ်ကို ဟောကြားတော်မူရာတွင် သိကြားမင်းအစစ်ကို ကိုယ်တိုင်မြင်၍ ဟောကြားခြင်းမဖြစ်နိုင်။ သိကြားမင်းကို ရည်ညွှန်းပြီး ဟောကြားခြင်းသာ ဖြစ်ရာ၏။ သိကြားမင်းအစစ်ကား မြင်ဖို့ ခဲယဉ်း၏။ မြင်ဖို့ ခဲယဉ်းသော်လည်း "သိကြားမင်းအစစ်" ဟူသည် ရှိ၏ ဟူ၍ ကိုယ်တိုင်မြင်၍ တတိယ ဓမ္မတာအရ ဝေဒခေတ်မှစ၍ ခေတ်အဆက်ဆက်က လက်ခံပြီးဖြစ်၏။ ယခု မြတ်စွာဘုရားက သိကြားမင်းကို မြင်သည် ဆိုရာ၌ ရှေးခေတ် ဝေဒပညာရှင်များလိုပင် တတိယဓမ္မတာအရ မြင်ခြင်းမျိုးသာ ဖြစ်ရာ ၏။ ပထမဓမ္မတာအရ မြင်ခြင်းမျိုးတော့ မဖြစ်နိုင်၊ ဤသို့ မဟာလိက ယုံကြည်၏။

အမှန်အားဖြင့် မဟာလိသည် သူ့ခေတ် သူ့အခါအရ အထက်တန်း ပညာရှင်တစ်ဦး ဖြစ်သော်လည်း ပကတိ မျက်စိကိုသာ သိသူဖြစ်၏။ ဉာဏ် မျက်စိကို သိသူမဟုတ်။ ထို့ကြောင့် မြတ်စွာဘုရားလည်း သူ့လိုပင် ပကတိမျက်စိ သာ ရှိသည်၊ ပကတိမျက်စိဖြင့် သိကြားမင်းကို မမြင်နိုင်၊ သိကြားမင်းအဖြစ် ရည်ညွှန်းထားသော သိကြားမင်းအတုကိုသာ မြင်နိုင်သည်၊ သက္ကပဉှသုတ်ကို သိကြားမင်းအား မြတ်စွာဘုရားက ဟောကြားတော်မူရာတွင် မြတ်စွာဘုရားသည် သိကြားမင်းကို တကယ်တွေ့မြင်သည် ဟူ၍ ပြောဆိုယုံကြည်ကြသူများသည် "အကန်းယုံ" လူတန်းစား ပညာမဲ့များသာ ဖြစ်သည်ဟု မဟာလိက သတ်မှတ် ထား၏။

သို့ရာတွင် သူ၏အယူနိုင်မာကြောင်း ပြသရန် မြတ်စွာဘုရားထံမှ ဝန်ခံ

ချက် ရှိဖို့ လိုသေး၏။ မြတ်စွာဘုရားကလည်း သူ မျှော်မှန်းထားသည့်အတိုင်း သိကြားမင်းကို မမြင်ကြောင်း ဝန်ခံလိမ့်မည်ဟု ယုံကြည်ထား၏။ ထို့ကြောင့် သက္ကပဉှသုတ်ကို ဟောကြားတော်မူရာ၌ မြတ်စွာဘုရားသည် သိကြားမင်းကို တကယ် မြင်–မမြင် မဟာလိက မြတ်စွာဘုရားအား မေးမြန်းလျှောက်ထားခြင်း ဖြစ်လေ၏။ အမှန်အားဖြင့် မဟာလိသည် မြတ်စွာဘုရားအား ဝေဒပညာရှင်များ ထက် ပို၍ ဉာဏ်ပညာရှိသူအဖြစ် ခံယူမထားချေ။

မြတ်စွာဘုရားက လိစ္ဆဝီမင်းသား မဟာလိအား သိကြားမင်းကို ကိုယ်တိုင် မြင်ကြောင်း၊ သိကြားမင်း ဖြစ်စေတတ်သော ကျင့်ဝတ်ခုနစ်ပါးကိုလည်း သိကြောင်း၊ ယခု သိကြားမင်း မဖြစ်မီ ရှေးဘဝကိုလည်း သိကြောင်း မိန့်ကြား တော်မူသောအခါမှသာ မဟာလိသည် မြတ်စွာဘုရား၌ သက်ဝင်ယုံကြည်လေ ၏။ ခေတ်အဆက်ဆက်က ဤကမ္ဘာမြေအပြင်တွင် ပညာအရှိဆုံးအဖြစ် သတ်မှတ်ယုံကြည်ပြီး လက်ခံလာကြသော ဝေဒပညာရှိများထက် မြတ်စွာဘုရား က ပို၍ ပညာရှိသည်ဟု မဟာလိက ယုံကြည်လာ၏။

ထို့ကြောင့် မဟာလိသည် မြတ်စွာဘုရား၏တရားတော်ကို ဆက်၍ နာကြားခြင်း ဖြစ်လေ၏။ မြတ်စွာဘုရားသည် မဟာလိအား သိကြားမင်း၏ အတိတ်ဘဝကို ဟောကြားတော်မမူမီ သိကြားမင်းဖြစ်အောင် အကျိုးပေးသော ကျင့်ဝတ်ခုနစ်ပါးကို ရှေးဦးစွာ ဤကဲ့သို့ ဟောကြားတော်မူ၏။ ကျမ်းဂန်များ၌ ဤကျင့်ဝတ်ခုနစ်ပါးကို သိကြားမင်းကျင့်ဝတ် ခုနစ်ပါးဟု ဆို၏။

ကျင့်ဝတ်ခုနစ်ပါးတွင် ပထမဦးဆုံး ကျင့်ဝတ်မှာ မိဘနှစ်ပါးအား လုပ်ကျွေးမွေးမြူခြင်း ဖြစ်သည်။ ဤကျင့်ဝတ်ကို ဓေကျွန်စွာ ကျင့်သုံးပါက ကွယ်လွန်ပြီးနောက် တမလွန်ဘဝတွင် သိကြားမင်း ဖြစ်ရ၏။ မိဘနှစ်ပါးအား လုပ်ကျွေးမွေးမြူခြင်းကို မင်္ဂလာတစ်ပါးအဖြစ် မင်္ဂလသုတ်၌ ဟောကြားထား သည်ကိုလည်း တွေ့ရ၏။

ဒသကနိပါတ် မဟာဓမ္မပါလဇာတ်တော်ကို ဟောကြားတော်မူပြီး ခမည်း တော် သုဒ္ဓေါဒနမင်းကြီးအား အနာဂါမ် တည်စေခြင်းအားဖြင့် လည်းကောင်း၊ တာဝတိံသာနတ်ပြည်၌ အဘိဓမ္မာ ဒေသနာကို ဟောကြား တော်မူပြီး မယ်တော် ဖြစ်ခဲ့ဖူးသော "သန္တုသိတ" နတ်သားအား သောတာပန်အရိယာအဖြစ်သို့ ရောက်စေခြင်းအားဖြင့် လည်းကောင်း မြတ်စွာဘုရားသည် မိဘနှစ်ပါးအား ကျေးဇူးဆပ်တော်မူခဲ့၏။ ရှင်သာရိပုတ္တရာသည်လည်း ပရိနိဗ္ဗာန်စံခါနီးကာလ၌ မယ်တော်အား သောတာပန်တည်အောင် ဒေသနာတော်များကို ဟောကြားတော် မူခြင်းအားဖြင့် မိဘကျေးဇူးကို ဆပ်တော်မူခဲ့၏။

http://www.cherrythitsar.org



မဟာဇနကမင်းသားသည်လည်း မိဘတို့အား ကျေးဇူးဆပ်သူပင် ဖြစ်၏။ သုဝဏ္ဏသာမသည်လည်း ထိုနည်းအတူပင် မိဘတို့အား ကျေးဇူးဆပ်ပါ၏။ ကျမ်းဂန်စာပေများ၌ မိဘတို့အား ကျေးဇူးဆပ်သောအားဖြင့် လုပ်ကျွေးပြုစုကြသော သမင်၊မျောက်၊လင်းတ၊ကျေးဆင် စသည်တို့ကိုတွေ့ရ၏။ မိဘများကို လုပ်ကျွေးမွေးမြူကြသော ရဟန်းတော်များကိုပင် မြတ်စွာဘုရားက သာဓုခေါ်တော်မူကြောင်းလည်း တွေ့ရ၏။ မိဘတို့အား လုပ်ကျွေးမွေးမြူမှုနှင့် စပ်လျဉ်း၍ ပုဏ္ဏောဝါဒ ဆုံးမစာ၌—

“မိဘကို လက်ယာ၊ တမှာ လက်ဝဲ၊ အမြဲထမ်းလျက်၊ ပခုံးထက်တွင်၊ သို့ပင် နိစ္စ၊ လုပ်ကျွေးကြလည်း၊ ရှေးက ပြုဖူး၊ မွေးကျေးဇူးကို၊ အထူးမြင့်မိုရ်၊ မဆပ်နိုင်တည့်” ဟူ၍ စပ်ဆိုထားသည်ကိုလည်း တွေ့ရ၏။ မိဘတို့အား လုပ်ကျွေးမွေးမြူရာတွင် အကျိုးကြီးမားပုံနှင့် ပတ်သက်၍ ဗြာဟ္မဏစာပေများ၌လည်း “မဟာယည” အမည်ဖြင့် ဖော်ပြထားသည်ကိုလည်း တွေ့ရ၏။ မဟာယညဟူသည် ကြီးမြတ်သော ပူဇော်မှုဟူ၍ အဓိပ္ပာယ်ရ၏။

မိဘအပေါ် ဖော်ကားမှုနှင့် ပတ်သက်၍ အထင်ရှားဆုံးသော ဇာတ်ကြောင်းနှစ်ခုမှာ အဇာတသတ်မင်းနှင့် အရှင်မဟာမောဂ္ဂလာန်တို့ ဖြစ်ကြ၏။ အဇာတသတ်မင်းသည် ဖခင် ဗိမ္ဗိသာရမင်းကြီးကိုသာ မသတ်မိပါက ထိုဘဝ၌ပင် သစ္စာလေးပါးကို ထိုးထွင်း၍သိနိုင်သော သောတာပန်အရိယာပုဂ္ဂိုလ်ဖြစ်မည် ဖြစ်၏။ သို့ရာတွင် ဖခင်ဗိမ္ဗိသာရ မင်းကြီးကို သတ်မိသည့် အကုသိုလ်ကံကြောင့် အပါယ်ကျရ၏။ အရှင် မဟာမောဂ္ဂလာန်သည်လည်း နှစ်ဦးအခါက မယားမိုက်၏ ကုန်းတိုက်မှုကြောင့် မျက်မမြင် မိဘနှစ်ပါးကို ခိုးသူယောင်ဆောင်၍ ရိုက်သတ်ခဲ့ဖူး၏။

ထိုအကုသိုလ်ကံသည် နောက်ဆုံးဘဝ၌ပင် ရှင်မဟာမောဂ္ဂလာန် အား အကျိုးပေး၏။ အရှင်မဟာမောဂ္ဂလာန်သည် မြတ်စွာဘုရား၏ သာသနာတော်၌ မြတ်စွာဘုရားမှလွဲလျှင် တန်ခိုးအကြီးဆုံး ရဟန္တာဖြစ်၏။ နန္ဒောပနန္ဒ နဂါးမင်းကိုလည်း ဆုံးမနိုင်စွမ်းရှိ၏။ တာဝတိံသာ နတ်ပြည်ရှိ “ဝေဇယန္တာ” ပြာသာဒ်ကို ခြေမဖြင့် ဆတ်ဆတ်ခါအောင် တုန်လှုပ်နိုင်စွမ်း ရှိ၏။ ထိုမျှလောက် တန်ခိုးကြီးသူ ဖြစ်ပါလျက် ခိုးသားငါးရာတို့၏ ရိုက်သတ်ခြင်းကို ခံရရှာ၏။ အကုသိုလ်ကံတို့၏ အကျိုးပေးမှုသည် ကြောက်မက်ဖွယ် ကောင်းပေစွ။

ကံတို့၏ အကျိုးပေးမှုနှင့် ပတ်သက်၍ “ခန္ဓဝဂ္ဂ” သံယုတ်ပါဠိတော် “ဝါသိဇဋ” သုတ်၌ လက်သမား၏ ပဲခွပ်ရိုးနှင့် ဥပမာပြု၍ ဟောကြားတော်မူထားသည်ကို တွေ့ရ၏။ လက်သမားသည် ပဲခွပ်ကို အရိုးမှကိုင်၍ နေ့စဉ်

http://www.cherrythitsar.org



အလုပ်လုပ်၏။ အစပထမ၌ ပဲခွပ်ရိုးတွင်လက်ရာမထင်ချေ။ သို့ရာတွင် တဖြည်းဖြည်းလက်ရာထင်လာ၏။ သို့ရာတွင် မည်သည့်နေ့က မည်မျှလောက် လက်ရာထင်သည်ကိုမူ မသိချေ။ လက်ရာထင်သည်ကတော့ အမှန်ဖြစ်၏။ ထိုဥပမာအတိုင်းပင် ကုသိုလ် ကံကိုဖြစ်စေ၊ အကုသိုလ်ကံကိုဖြစ်စေ မပြတ်ပြုလုပ်နေပါက လက်သမား၏ ပဲခွပ်ရိုး၌ လက်ရာထင်သကဲ့သို့ ထိုကံသည် တစ်ခဏထက် တစ်ခဏ၊ တစ်နေ့ထက်တစ်နေ့ ဆိုင်ရာဆိုင်ရာ အကျိုးကိုပေးဖို့ ပို၍ပို၍ နီးကပ်လာသည်မှာ မုချဖြစ်၏။

သို့ရာတွင် မည်မျှမည်မျှ ပို၍နီးကပ်လာသည်ကိုမူ မသိချေ။ နီးကပ်လာသည်ကတော့ အမှန် ဖြစ်လေ၏။ ထို့ကြောင့် ကုသိုလ်ကံ ကိုပဲလုပ်လုပ်၊ အကုသိုလ်ကံကိုပဲလုပ်လုပ်၊ ထိုကံသည် ဆိုင်ရာအကျိုးကို တစ်နေ့တွင် မုချပေးပေလိမ့်မည်။ ထို့ကြောင့် မိဘနှစ်ပါးကို အမြဲ လုပ်ကျွေးမွေးမြူသော ကုသိုလ်ကံသည် သာသနာပကာလ၌ဖြစ်စေ၊ သာသနာတွင်းကာလ၌ဖြစ်စေ သိကြားမင်းဘဝကို အမှန်ပင် ပေးပေလိမ့်မည်။

သာသနာပကာလ၌ဖြစ်လျှင် ရတနာသုံးပါးနှင့်စပ်သော အခြား ကုသိုလ်ကံများ အထောက်အပံ့နည်းသဖြင့် ဘုန်းတန်ခိုး အရှိန်အဝါနည်းသော သိကြားမင်းဖြစ်မည်။ သာသနာတွင်းကာလဖြစ်လျှင် ရတနာသုံးပါးနှင့်စပ်သော အခြား ကုသိုလ်ကံများ အထောက်အပံ့အား ရှိသဖြင့် ဘုန်းတန်ခိုး အရှိန်အဝါကြီးမားသော သိကြားမင်းဖြစ်မည်။ ဤမျှသာ ခြားနားမှုရှိ၏။ သိကြားမင်းကတော့ အမှန်ပင် ဖြစ်မည်၊ လိစ္ဆဝီမင်းသား မဟာလိသည် ဤကျင့်ဝတ်ကို မြတ်စွာဘုရားထံတော်မှ နာကြားရသော အခါမျှားစွာ ကျေနပ်၏။ များစွာဝမ်းမြောက်၏။

ထို့နောက် ဒုတိယကျင့်ဝတ်ကို မြတ်စွာဘုရားက မဟာလိမင်းသားအား ဆက်၍ ဟောကြားတော်မူပြန်၏။ ဒုတိယကျင့်ဝတ်မှာ ကြီးသောသူတို့အား ရိုသေလေးစားခြင်း ဖြစ်၏။ အာဒ္ဒါနာဒိယ ပရိတ်၌လည်း မိမိထက်ကြီးသောသူတို့အား ရိုသေလေးစားခြင်းသည် အသက် ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ ခွန်အားဉာဏ်အား ကြီးခြင်း၊ ချမ်းသာကြီးခြင်း တည်းဟူသော အကျိုးထူးတရား လေးပါးကို ပေး၏ ဟူ၍ ဟောကြားတော်မူထားကြောင်း တွေ့ရ၏။

မင်္ဂလသုတ်၌လည်း "ဂါရဝ" မင်္ဂလာအနေဖြင့် လာရှိ၏။ သုစရိုက် တရား ဆယ်ပါးတွင်လည်း ရိုသေခြင်း "အပစာယန" သုစရိုက် တရားအနေဖြင့် လာရှိပြန်၏။ ကြီးသူကိုလည်း ကြီးသူအလျောက်၊ ငယ်သူကိုလည်း ငယ်သူ အလျောက် မိမိ၏ပတ်ဝန်းကျင်ကို ရိုသေခြင်း၊ လေးစားခြင်း၊ မြတ်နိုးခြင်း

http://www.cherrythitsar.org



ရှိပါက လောလောဆယ် ပစ္စုပ္ပန်ပင် ကိုယ်ရောစိတ်ပါ ချမ်းသာရကြောင်းကို မဟာလိမင်းသား သိ၏။

မြတ်စွာဘုရားသည် သဗ္ဗညုတဉာဏ်တော်ကိုရ၍ ပဉ္စမသတ္တာဟ၌ အဇပါလ ညောင်ပင်ရင်းတွင် စံနေတော်မူစဉ်ကပင် "ဤလောက၌ အရိုအသေ အလေးအမြတ်ပြုစရာ မထားဘဲ မိမိဘာသာနေခြင်းသည် မသင့်လျော်၊ ဆင်းရဲလှ၏" ဟူ၍ သိမြင်တော်မူပြီးနောက် အရိုအသေ အလေးအမြတ် ပြုစရာကို ရှာသောအခါ ပုဂ္ဂိုလ်အနေဖြင့် အခြားတစ်ဦး တစ်ယောက်ကိုမျှ မတွေ့ရသည့်အတွက် "မိမိ သိထားပြီးဖြစ်သော တရားတော်များကိုသာ အရိုအသေ အလေး အမြတ် ပြု၍ နေတော့အံ့" ဟု ဆုံးဖြတ်တော်မူပြီး ပရိနိဗ္ဗာန်ပြုတော်မူသည့် အချိန်အထိ လေးဆယ့်ငါးဝါတို့ ကာလပတ်လုံး တရားတော်များကိုသာ အရို အသေ အလေးအမြတ်ပြု၍ နေတော်မူခဲ့၏။

မြတ်စွာဘုရားသော်မှ ရိုသေလေးစားခြင်း၏ မြင့်မြတ်မှုကို သိတော်မူပြီး ရိုသေလေးစားခြင်းနှင့် ကင်း၍ မနေနိုင်လျှင် အခြားပုဂ္ဂိုလ်များ အနေဖြင့်မူ အဘယ်သို့လျှင် ရိုသေလေးစားခြင်းနှင့် ကင်း၍ နေသင့်ပါမည်နည်း။ အမှန် အားဖြင့် ရိုသေလေးစားခြင်း ဟူသည် ဤလောက၌ မရှိမဖြစ်သော တရား ဖြစ်၏။ လုပ်လိုမှ လုပ်ရသောတရား မဟုတ်၊ နိမ့်ကျသောတရားမဟုတ်။

ထို့ကြောင့် ဤကျင့်ဝတ်ကို အမြဲမပြတ် လိုက်နာကျင့်သုံးပါက တမလွန် ဘဝတွင် သိကြားမင်းဖြစ်မည်မှာ ယုံမှားစရာ မရှိပါချေ။ မဟာလိမင်းသားသည် လက်တွေ့မျက်တွေ့အားဖြင့်လည်း ပတ်ဝန်းကျင် အပေါ် မိမိက ရိုသေလေးစား လျှင် ပတ်ဝန်းကျင်ကလည်း မိမိအပေါ် တန်ပြန်သက်ရောက်သောအနေဖြင့် ရိုသေလေးစားသည်ကို တွေ့ရ၏။ ထို့ကြောင့် ဤကျင့်ဝတ်အနေဖြင့်လည်း မြတ်စွာဘုရားအပေါ် မဟာလိမင်းသားသည် များစွာ ကြည်ညိုမိလေ၏။

ထို့နောက် တတိယကျင့်ဝတ်ကို မြတ်စွာဘုရားက မဟာလိမင်းသား အား ဟောကြားတော်မူပြန်၏။ တတိယကျင့်ဝတ်မှာ နူးညံ့ သိမ်မွေ့ ပြေပြစ်သော စကားကို ဆိုခြင်းဖြစ်၏။ အမှန်အားဖြင့် နူးညံ့ သိမ်မွေ့ ပြေပြစ်သော စကား ဟူသည်မှာ ဤလောက၌ လူတို့ ပြောဆိုကြသော စကားခြောက်ခွန်းအနက် မှန်လည်းမှန်၊ အကျိုးလည်းရှိ၊ နားဝင်လည်းချိုဟူသော အင်္ဂါသုံးရပ်နှင့် ပြည့်စုံသောစကား ဖြစ်၏။ ယင်းစကားမျိုးကို "သုဘာသိတ" မင်္ဂလာအနေဖြင့် မင်္ဂလသုတ်၌ ဟောကြားတော်မူထား၏။

သုစရိုက်တရား ဆယ်ပါးတွင်လည်း ကြမ်းတမ်းသော ဖရုသဝါစာ၏ ဆန့်ကျင်ဘက်အနေဖြင့် လာရှိ၏။ ကြမ်းတမ်းသောစကားသည် ဒုစရိုက်ဖြစ်၏။

http://www.cherrythitsar.org



နူးညံ့သိမ်မွေ့ ပြေပြစ်သောစကားသည် သုစရိုက် ဖြစ်၏။ ဒုစရိုက်ဟူသည် အကုသိုလ်ဖြစ်၏။ သုစရိုက်ဟူသည် ကုသိုလ် ဖြစ်၏။ ကုသိုလ်ဖြစ်၍သော သိကြားမင်းဘဝကို အကျိုးပေးနိုင်ခြင်း ဖြစ်၏။

မဟာလိသည် လိစ္ဆဝီမင်းသားငယ်တို့၏ဆရာ ဖြစ်၏။ ထို့အပြင် သစ္စာလေးပါးကို ထိုးထွင်း၍ သိမြင်နိုင်သော ပါရမီရှင်လည်းဖြစ်၏။ ထို့ကြောင့် သူသည် နူးညံ့ပြေပြစ် သိမ်မွေ့သော စကား၏တန်ဖိုးကို သိ၏။ စကားဟူသည် နှယ်နှယ်ရရမဟုတ်။ ပါရမီဆယ်ပါးတွင် သစ္စာပါရမီအနေဖြင့် ဖော်ပြရလောက်အောင် အင်အားကြီးမားပါ၏။ ထို့ကြောင့် နူးညံ့သိမ်မွေ့ ပြေပြစ်သောစကားသည် သစ္စာပါရမီတိုက်လောက်အောင် အင်အားရှိလာပါက သိကြားမင်းဘဝကိုသာမက အရိယာအဖြစ်သို့ ရောက်အောင်ပင် ဆောင်ရွက်နိုင်စွမ်း ရှိပါ၏။ သို့ဖြစ်၍ ဤတတိယ ကျင့်ဝတ်သည်လည်း မဟာလိမင်းသားအတွက် သဘောကျ ကျေနပ်ဖွယ် ဖြစ်သော ကျင့်ဝတ်ပင် ဖြစ်၏။

ထို့နောက် မြတ်စွာဘုရားက မဟာလိမင်းသားအား စတုတ္ထ ကျင့်ဝတ်ကို ဟောကြားတော်မူပြန်၏။ စတုတ္ထကျင့်ဝတ်မှာ ကုန်းတိုက်သော စကားကို မဆိုခြင်းဖြစ်၏။ ကုန်းတိုက်သောစကားသည် ဝစီဒုစရိုက်တွင် ပါဝင်၏။ ကုန်းတိုက်သောစကား၏ အပြစ်သည် ဤလောက၌ လက်တွေ့ မျက်တွေ့အားဖြင့်ပင် ထင်ရှား၏။ တကယ်ပင် ကုန်းတိုက်စကားကို မဆိုဦးတော့၊ ဟိုနားတိုးတိုး ဒီနားတိုးတိုး ပြောဆိုခြင်းပင်လျှင် ပြည်ပျက်စေနိုင်၏။

လိစ္ဆဝီတိုင်းပြည် ပျက်ရသည်မှာ ဝဿကာရ၏ တိုးတိုးစကားကြောင့် ဖြစ်၏။ ထို့ကြောင့် မြင့်မြတ်သူများသည် ကုန်းတိုက်စကားကို မပြောဆိုကြချေ။ ကုန်းတိုက်စကားကို မပြောဆိုခြင်းသည် ဝစီဒုစရိုက်မှ ရှောင်ခြင်းဖြစ်၏။ ဝစီဒုစရိုက်မှ ရှောင်လျှင် ဝစီသုစရိုက်ဖြစ်၏။ ထို့ကြောင့် ဤကျင့်ဝတ်သည်လည်း အကျိုးတရားအနေဖြင့် သိကြားမင်း ဘဝကို ပေးစွမ်းနိုင်ခြင်းဖြစ်၏။ ဤကျင့်ဝတ်ကိုလည်း မဟာလိသည် ကျေနပ်ပါ၏။

ထို့နောက် မြတ်စွာဘုရားက မဟာလိမင်းသားအား ပဥ္စမကျင့်ဝတ်ကို ဟောကြားတော်မူပြန်၏။ ပဥ္စမကျင့်ဝတ်မှာ ဝန်တိုမှု “မစ္ဆရိယ” မရှိခြင်း ဖြစ်၏။ အမှန်အားဖြင့် ဝန်တိုမှု “မစ္ဆရိယ” သည် မနာလိုမှု “ဣဿာ” နှင့်တွဲ၍ ဆိုအပ်ဖြစ်၏။ မနာလိုခြင်းနှင့် ဝန်တိုခြင်းသည် သတ္တဝါတို့ ဆင်းရဲကြောင်းဖြစ်သည်ဟု သက္ကပဉှသုတ်၌ မြတ်စွာဘုရားက သိကြားမင်းအား ဟောကြားတော်မူထား၏။

မနာလိုခြင်းနှင့် ဝန်တိုခြင်းသည် ဤလောက၌ ရှောင်နိုင်ခဲသော အကုသိုလ် အညစ်အကြေး ဖြစ်၏။ သို့ဖြစ်၍လည်း ဤလောက၌ လူတို့သည်

ချမ်းသာအောင် မည်မျှပင် ကြိုးပမ်းကြစေကာမူ မိမိတို့ ကြိုးပမ်းသည့်အတိုင်း ချမ်းသာမလာကြဘဲ ဤမနာလိုမှု၊ ဤဝန်တိုမှုကြောင့် မလွဲသာ မရှောင်သာ ဆင်းရဲကြရ၏။ ထို့ကြောင့် မြတ်စွာဘုရားက မနာလိုမှုနှင့် ဝန်တိုမှုကို ဆင်းရဲခြင်း၏ အကြောင်းအရင်းအဖြစ် သဂ္ဂပဥှသုတ်၌ ဟောတော်မူခြင်း ဖြစ်၏။

ဤလောက၌ လူတို့သည် အချင်းချင်း ပြိုင်နေကြ၏။ ထိုသို့ ပြိုင်နေခြင်းကို "ပလာသ" ဟုခေါ်၏။ အချင်းချင်း ပြိုင်ကြရာတွင် ပေါ်ပေါ်လွင်လွင် ပြိုင်ခြင်းလည်း ရှိ၏။ ကျိတ်၍ မသိမသာပြိုင်ခြင်းလည်း ရှိ၏။ သို့ဖြစ်၍သာ အခြားသူ တစ်ဦးတစ်ယောက် လက်ရှိ တည်ဆဲအခြေအနေမှ နိမ့်ပါးသွားလျှင် စိတ်ထဲက ကျိတ်၍ကျေနပ်နေခြင်းဖြစ်၏။ ပါးစပ်ကမူ စိတ်မကောင်းသည့်ဟန်ဖြင့် ပြောဆိုတတ်၏။ အကယ်၍ လက်ရှိ တည်ဆဲအခြေအနေထက် တိုးတက်သွားလျှင်မူ ကျိတ်၍ စိတ်မချမ်းမသာ ဖြစ်ရပြန်၏။ သူ့ဟာသူ တိုးတက်သွားသည် ကိုပင် မထော်မတရား တိုးတက်သွားသယောင်ယောင်၊ မိစ္ဆာစီဝနည်းဖြင့် ကြီးပွားသယောင်ယောင် သားစုပ်လေလွင့် ပြောတတ်ကြ၏။ ဝါဒဖြန့်တတ်ကြ၏။ ဤသည်ကို မနာလိုမှု "ဣဿာ" ဟု ဆိုရ၏။ ဤ သဘောကို မဟာလိသည် သိပါ၏။

မနာလိုမှု "ဣဿာ" သည် စီးပွားရေးနယ်ပယ်၌သာမက အုပ်ချုပ်ရေး နယ်ပယ်၌လည်း ရှိ၏။ ပညာရေးနယ်ပယ်၌လည်း ရှိ၏။ မည်သူ ရာထူး တက်သွားပြီဆိုလျှင် နားကြားပြင်းကတ်၏။ မည်သူရာထူးကျသွားပြီဆိုမှ နားဝင် ချို၏။ မည်သူ စာပေအသင်အပြ ကောင်းသည်၊ အရေးအသား ကောင်းသည်ဟု ကျော်ကြားလာလျှင်လည်း နားကြားပြင်းကတ်သည်ပင် ဖြစ်၏။

မိတ်ဆွေ အရင်းအချာပင် ဖြစ်စေကာမူ စိတ်ထဲကတော့ မကျေနပ်။ ပြိုင်ဆိုင်မှု "ပလာသ"သဘောအရ မိမိသည်သာလျှင် ရာထူးကြီးကြီး ရလို၏။ မိမိသည်သာလျှင် တော်သည်၊ တတ်သည်ဟု ကျော်ကြားလို၏။ ဤသည်မှာ မိမိကိုယ်ကို အနိုင်အမာပြုခြင်းဖြစ်၏၊ အနိုင်အမာပြုခြင်းကို "ယုဂ္ဂ" ဟုဆို၏။ ဤသဘောကိုလည်း မဟာလိမင်းသားသည် နားလည်ပါ၏။ သဘောပေါက် ပါ၏။

ပုထုဇဉ်တို့သည် နှုတ်က ဘုရားဟောင်းစကားကို ပြောကြသော်လည်း စိတ်က ဒေဝဒတ်အကြံကို ကြံကြ၏။ စီးပွားရေးနယ်ပယ်၌လည်း ပေးထိုက်သော ခွဲတမ်းကိုမပေးဘဲ မိမိက လက်ဝါးကြီးအုပ်ထား၏။ ခေါင်းပုံဖြတ်၏။ အုပ်ချုပ်ရေးနယ်ပယ်၌လည်း ပေးသင့်သော ရာထူးနှင့် အာဏာကို မပေးဘဲ မိမိက ချုပ်ကိုင်ထား၏။ ပညာရေး နယ်ပယ်၌လည်း အခြေအနေမှန်များကို လွှတ်လွှတ်

http://www.cherrythitsar.org



လပ်လပ် တင်ပြခွင့်၊ ဆွေးနွေးခွင့်၊ ဝေဖန်ခွင့်မပေးဘဲ ဖုံးဖိထား၏။ ဤသည်များမှာ ဝန်တိုခြင်း "မစ္ဆရိယ" ဖြစ်၏။ ဤသဘောကိုလည်း လိစ္ဆဝီမင်းသား မဟာလိသည် သိပါ၏။ နားလည်း လည်ပါ၏။

ပုထုဇဉ်တို့သည် ဝန်တိုခြင်း မစ္ဆရိယကို ကျင့်သုံးနိုင်ရန် သူ့ကျေးဇူးကို ချေဖျက်ရ၏။ သူ့ကျေးဇူးကို ချေဖျက်ခြင်းကို "မက္ခ" ဟု ခေါ်၏။ အုပ်ချုပ်ရေး နယ်ပယ်၌ဖြစ်စေ၊ စီးပွားရေးနယ်ပယ်၌ဖြစ်စေ၊ ပညာရေးနယ်ပယ်၌ ဖြစ်စေ ဆိုင်ရာဆိုင်ရာ ပုဂ္ဂိုလ်များ၏ ဂုဏ်ကျေးဇူးကို မြှုပ်ထားရ၏။ ကျေးဇူးမဲ့ကိုသာ ဆိုရ၏။ ဤသို့ဆောင်ရွက်ပါမှလည်း ဝန်တိုသူ "မစ္ဆရိယ" သမား၏ ဆောင်ရွက်ချက်သည် မှန်ကန်သည်၊ တရားနည်းလမ်းကျသည်ဟု ပရိသတ်က မြင်လာမည် ဖြစ်၏။ ယုံကြည်လာမည် ဖြစ်၏။

ဤကျင့်ဝတ်သည် လောကတွင် အရေးအကြီးဆုံးဖြစ်၏။ သတ္တဝါတို့ ဆင်းရဲခြင်း၏ မူရင်းအကြောင်းဖြစ်သော မနာလိုမှု "ဣဿာ" နှင့် ဝန်တိုမှု "မစ္ဆရိယ" ကိုသာ ပယ်ရှားနိုင်မည်ဆိုလျှင် ဤလောကသည် များစွာ နေချင့်စဖွယ် ကောင်းသော ဒေသမွန်တစ်ခု ဖြစ်ပေလိမ့်မည်။ သို့ဖြစ်၍သာ ဝန်တိုမှု "မစ္ဆရိယ" ကင်းပါက အလွန်မွေ့လျော်ဖွယ်ကောင်းသော တာဝတိံသာနတ်ပြည်၌ သိကြားမင်း ဖြစ်ရသည်ဟု မြတ်စွာဘုရားက ဟောကြားတော်မူခြင်း ဖြစ်ရာ၏ ဟူ၍ မဟာလိက တွေးမိလေ၏။

ထို့နောက် မြတ်စွာဘုရားက မဟာလိမင်းသားအား ဆဋ္ဌမကျင့်ဝတ်ကို ဟောကြားတော်မူပြန်၏။ ဆဋ္ဌမကျင့်ဝတ်မှာ သစ္စာနှင့်ယှဉ်သော စကားကို ပြောဆိုခြင်း ဖြစ်၏။ အမှန်အားဖြင့် သံသရာတွင် သစ္စာနှင့် ယှဉ်သောစကား လောက်အင်အားပြည့်သောဓမ္မ ဟူ၍မရှိ။ ထို့ကြောင့် မြတ်စွာဘုရားက သစ္စာကို တစ်ခုတည်းသောတရား "ဧကဓမ္မ" ဟူ၍ စိဉ္စမာနကိုအကြောင်းပြုကာ ဇေတဝန် ကျောင်းတော်၌ ဟောကြားတော်မူခြင်း ဖြစ်၏။

ယင်းသစ္စာကိုချိုးဖျက်ပြီး မုသားပြောရဲသူအတွက် ဤလောက၌ မကျူးလွန်ဝံ့သော မကောင်းမှုဟူသည် မရှိချေဟူ၍လည်း မြတ်စွာဘုရားက ဟောကြားတော်မူထားပြန်၏။ ထို့ကြောင့် မုသာဝါဒ "ကံ" သည် မကောင်းမှုအားလုံးတို့၏ အခြေခံအုတ်မြစ် ဖြစ်၏။ မြတ်စွာဘုရား အလောင်းတော်သည် အခြားမကောင်းမှု ကံများကို ကျူးလွန်ချင် ကျူးလွန်နိုင်သော်လည်း မုသာဝါဒကံကိုမူ မည်သည့် အခါမျှ မကျူးလွန်ခဲ့ချေ။

သစ္စာကို ပါရမီမြောက်အောင် ဖြည့်ကျင့်နိုင်ပါက မိမိ ဖြည့်ကျင့်သော ပါရမီအလျောက် ဘုရားဖြစ်လိုက ဘုရားဖြစ်နိုင်၏။ အဂ္ဂသာဝက ဖြစ်လိုက

http://www.cherrythitsar.org



အဋ္ဌသာဝက ဖြစ်နိုင်၏။ မဟာသာဝက ဖြစ်လိုက မဟာသာဝက ဖြစ်နိုင်၏။ ပစ္စေကဗုဒ္ဓ ဖြစ်လိုက ပစ္စေကဗုဒ္ဓ ဖြစ်နိုင်၏။ အမြင့်ဆုံး သိကြားမင်း ဖြစ်လိုက သိကြားမင်း ဖြစ်နိုင်၏။ သစ္စာနှင့်ယှဉ်သော စကားသည် ထိုမျှလောက် အာနုဘော် ကြီးမားလေသည်။

သို့ရာတွင် မုသားသည်လည်း ကြားရသူပရိသတ်က သစ္စာအဖြစ်လက်ခံလေသောအခါ မုသားပြောသူ ကိုယ်တိုင်က မိမိ၏မုသားကိုပင် သစ္စာအဖြစ် ထင်တတ်ပြန်၏။ ဤသည်ကိုရည်၍ "အမှားကြာတော့ အမှန်ဖြစ်" ဟု ဆိုရိုးပြုခြင်း ဖြစ်တန်ရာ၏။ သို့ဖြစ်၍ မုသားသည်လည်း ဤမျှလောက် အာနုဘော်ကြီးမားပါ၏။ သို့ရာတွင် နောက်ဆုံးတော့ သစ္စာက မုသားကို နိုင်လေ၏။ ဤကျင့်ဝတ်ကိုလည်း မဟာလိသည် ကျေနပ်စွာလက်ခံပါ၏။ ယုံလည်း ယုံကြည်ပါ၏။

ထို့နောက် မြတ်စွာဘုရားက မဟာလိမင်းသားအား သစ္စာကျင့်ဝတ်ကို ဆက်လက် ဟောကြားတော်မူ၏၊ သစ္စာကျင့်ဝတ်မှာ မိမိ၏အမျက်ဒေါသကို နှိပ်ကွပ်ခြင်းဖြစ်၏။ အမျက်ဒေါသကို နှိပ်ကွပ်ခြင်းဟူသည် သည်းခံခြင်းပင် ဖြစ်၏။ သည်းခံခြင်းသည် ပါရမီ ၁၀ ပါးတွင် တစ်ပါးအပါအဝင် ဖြစ်၏။ သည်းခံခြင်းထက် လွန်မြတ်သော တရားမည်သည် မရှိဟူ၍ မြတ်စွာဘုရားက ဟောကြားတော်မူလေ၏။ လက်တွေ့မျက်တွေ့အားဖြင့်လည်း ပတ်ဝန်းကျင်နှင့် ဆက်ဆံရာတွင် ဖြစ်စေ၊ ခက်ခဲသောလုပ်ငန်းကို လုပ်ကိုင်ရာတွင်ဖြစ်စေ သည်းခံပြီး အဟန့်အတားမှန်သမျှကို ကျော်လွှားနိုင်သူများသာ အောင်မြင်ကြသည်ကို တွေ့ရ၏။ ထို့ကြောင့် သစ္စာကျင့်ဝတ်သည်လည်း သိကြားမင်း ဖြစ်လိုသူများ အတွက် လိုက်နာကျင့်သုံးသင့်သော ကျင့်ဝတ်ဖြစ်ကြောင်း မဟာလိမင်းသား နားလည်သွားလေ၏။

မဟာလိမင်းသားသည် မြတ်စွာဘုရားထံမှ သိကြားမင်းဖြစ်ရန် ကျင့်ဝတ် ခုနစ်ပါးကို နာကြားရသောအခါမှသာ မြတ်စွာဘုရားသည် သိကြားမင်းကို ကိုယ်တိုင် မြင်တွေ့ပြီး တရားဟောခြင်းဖြစ်ကြောင်း ယုံကြည်သွားလေ၏။ မြတ်စွာဘုရား၌လည်း အတိုင်းမသိ ကြည်ညို သွားလေ၏။ လူတို့၏ ပကတိမျက်စိထက် အမြင်သန်သော ဉာဏ်မျက်စိဟူသည် ရှိသေး၏။ ယင်းဉာဏ်မျက်စိဖြင့် ဖြင့်ဖုံးကွယ်ထားသော ခြပ်မှ ရုပ်နာမ်ခန္ဓာတို့၏ ဖြစ်ပျက်ကိုပင် မြင်နိုင်ကြောင်း ယခု မဟာလိသိပြီ။

လိစ္ဆဝီမင်းသား မဟာလိသည် မြတ်စွာဘုရား၌ ယုံကြည်သွားလေ၏။ သူ၏ အတွေ့အကြုံအားဖြင့် လူဟူသည် မြင့်သော၊ ပို၍မြင့်သော ဟုဂ္ဂိုလ်များအပေါ်

http://www.cherrythitsar.org



ကရုဏာသက်စရာ မဟုတ်ပါဘဲလျက် ကရုဏာ သက်တတ်၏၊ ချီးမြှောက်စရာ မလိုအပ်ပါဘဲ လျက် ချီးမြှောက်တတ်၏။ နိမ့်သော၊ ပို၍နိမ့်သော ပုဂ္ဂိုလ်များ အပေါ်၌မူ ကရုဏာသက်စရာဖြစ်ပါလျက် ကရုဏာ မသက်တတ်ကြ။ ချီးမြှောက်စရာ လိုအပ်ပါလျက် မချီးမြှောက်တတ်ကြ။ သမုဒ္ဒရာ၌သာ မိုးရွာလိုကြ၏။ လွင်တီးခေါင်၌ မိုးမရွာလိုကြ။ ဤသည်မှာ လူတို့၏ ဓမ္မတာဖြစ်၏၊ ဤဓမ္မတာကို မဟာလိ သိ၏။ မဟာလိ သိသော ဓမ္မတာကား ပုထုဇဉ်လူညံ့တို့၏ ဓမ္မတာသာတည်း။ မဟာလိသည်လည်း ဤဓမ္မတာအတိုင်းပင် သူလည်း ကျင့်ကြံ၏။ အမှန်အားဖြင့် လူသည် ဖြစ်နိုင်လျှင် မြေနှင့်ကင်းလွတ်ရာ "အာကာသကောင်းကင်" ၌ပွင့်သော ကုမုဒြာကြာပန်းသာ ဖြစ်လို၏။ မြေပြင်ပေါ်က "ရေအိုင်" ၌ ပွင့်သော ကုမုဒြာကြာပန်း မဖြစ်လိုပါချေ။

မြတ်စွာဘုရားကား ထိုကဲ့သို့မဟုတ်။ လူတို့၏ဓမ္မတာကို လွန်သော "အနိုင်းမဲ့" လူသားဖြစ်တော်မူ၏။ နိမ့်သော၊ ပို၍နိမ့်သော ပုဂ္ဂိုလ်များအားလုံးပေါ်၌ ကရုဏာသက်တော်မူ၏။ ချီးမြှောက်တော်မူ၏။ ချမ်းသာကို ဆောင်တော်မူ၏။ အမှန်အားဖြင့် လူ နတ် ဗြဟ္မာ သတ္တဝါ ဟူသမျှ အားလုံးသည် မြတ်စွာဘုရားထက် နိမ့်သူများသာဖြစ်ကြ၏။ ထို့ကြောင့် မြတ်စွာဘုရားသည် မိမိထက်နိမ့်သော လူ နတ် ဗြဟ္မာ သတ္တဝါအားလုံး အပေါ်၌ ကရုဏာသက်တော်မူခြင်း ဖြစ်၏။ ချီးမြှောက်တော်မူခြင်း ဖြစ်၏။ ချမ်းသာကို ဆောင်တော်မူခြင်းဖြစ်၏။ သို့ရာတွင် မြတ်စွာ ဘုရားသည် မြေနှင့် ကင်းလွတ်ရာ အာကာသကောင်းကင်ပေါ်၌ပွင့်သော ကုမုဒြာကြာပန်းအနေဖြင့် ဆောင်ရွက်ခြင်းမျိုးတော့မဟုတ်။ မြေပြင်ပေါ်က ရေအိုင်၌ပွင့်သော ကုမုဒြာကြာပန်းအနေဖြင့်သာ ဆောင်ရွက်ခြင်းမျိုး ဖြစ်ပါ၏။ ရွံ့ညွန် အညစ်အကြေး အထပ်ထပ်တွေကြားထဲက အညစ်အကြေးမတင် သန့်စင်သော ကြာပန်းပမာ ကာမဂုဏ် အညစ်အကြေးတွေကြားထဲ၌ နေရင်း ကာမဂုဏ် အညစ်အကြေးဟူ၍ လုံးဝမရှိဘဲ ကာမဂုဏ် အညစ်အကြေးကင်းစွာ ဆောင်ရွက်တော်မူခဲ့၏။ နိမ့်ကျသော၊ ပို၍နိမ့်ကျသော ပုဂ္ဂိုလ်များအကြား၌ နေတော်မူရင်း အမြင့်မြတ်ဆုံး ပုဂ္ဂိုလ်အဖြစ်ဖြင့် ဆောင်ရွက်တော်မူခဲ့၏။ မြတ်စွာဘုရားသည် ကရုဏာသက်စရာ ကောင်းလှသော နိမ့်သော၊ ပို၍နိမ့်သော လူ နတ် ဗြဟ္မာ သတ္တဝါများကို ကယ်တင်နိုင်ရေးအတွက် လူ့ဘဝဖြင့် အမြင့်ဆုံးနေရာကိုရရှိနိုင်ရန် ဤမြေကမ္ဘာ၊ ဤလူ့ပြည်၌သာ ပဋိသန္ဓေ နေတော်မူခြင်းဖြစ်၏၊ အမှန်အားဖြင့် မြတ်စွာဘုရားသည် ပတ်ဝန်းကျင်၏လွှမ်းမိုးခြင်းမှ လွတ်မြောက်ပြီး မိမိကသာ ပတ်ဝန်းကျင်ကို လွှမ်းမိုးနိုင်တော်မူခဲ့ပြီဖြစ်၏။ ဤသည်ကိုပင်ဥပါဒါန်၏ ချုပ်ခြင်းဟူ၍ ဆိုရ၏။

ရာပြည့်စာအုပ်တိုက်

http://www.cherrythitsar.org



ထို့ကြောင့် မဟာလိသည် မြတ်စွာဘုရား၌ အကြွင်းမဲ့ ယုံကြည်၏။ မြတ်စွာဘုရား၏ ဆောင်ရွက်မှုလုပ်ငန်း မှန်သမျှ၌ စိတ်ဝင်စား၏။ သို့ဖြစ်၍သာ မဟာလိသည် မြတ်စွာဘုရားအား သိကြားမင်း၏ ရှေးဘဝ မဃလုလင် အကြောင်းကို ဟောကြားတော်မူပါရန် လျှောက်ထားခြင်း ဖြစ်၏။ မဟာလိ လျှောက်ထားသည့်အတိုင်းလည်း မြတ်စွာဘုရားက ဤသို့ ဟောကြားတော် မူ၏။

မြတ်စွာဘုရားပွင့်တော်မမူမီ တစ်ခုသောအချိန်က မဂဓတိုင်း၌ မစလ ရွာသည် ရှိခဲ့၏။ ထိုရွာတွင် မဃလုလင်တို့မိသားစု နေထိုင်ကြ၏။ မဃလုလင် သည် ထိုခေတ်၏ ဓလေ့အစဉ်အလာအတိုင်း ဇနီးလေးယောက်ကို လက်ထပ်ခွင့် ရှိသဖြင့် ဇနီးလေးယောက်ကို လက်ထပ်ခဲ့၏။ မဃလုလင်၏ ဇနီးလေးယောက် အနက် ဇနီးတစ်ယောက်မှာ သုဓမ္မာ ဖြစ်၏။ အခြားတစ်ယောက်မှာ သုစိတ္တာ ဖြစ်၏။ နောက်တစ်ယောက်မှာ သုနန္ဒာဖြစ်၏။ နောက်တစ်ယောက်မှာ သုဇာတာ ဖြစ်၏။ မဃလုလင်သည် မိမိအနေဖြင့် ဇနီးလေးယောက်ကိုယူခြင်းမှာ ကာမဂုဏ် ခံစားရန် မဟုတ်၊ သားကောင်း သမီးကောင်းများဖြင့် လောက၏ အစီးအပွားကို အင်တိုက်အားတိုက် ဆောင်ရွက်ရန်ဖြစ်၏။

မဃလုလင်သည် ဤလောက၌ အမြဲတစေ ပူဇော်ရမည့်အရာ ငါးမျိုး ရှိကြောင်းကို သိ၏။ ထိုငါးမျိုးတို့အနက် ပဌမအမျိုးမှာ ရိုးရာယဉ်ကျေးမှု ဖြစ်၏။ ရိုးရာယဉ်ကျေးမှုကိုသာ မထိန်းသိမ်းပါက မဃလုလင်တို့၏ မျိုးနွယ် သည် ဤကမ္ဘာမြေအပြင်၌ ရှိနိုင်လိမ့်မည်မဟုတ်။ ထို့ကြောင့် ရိုးရာယဉ်ကျေးမှု ဟူသည် လူသားတိုင်းအတွက် အမြဲတစေ ပူဇော်ရမည့်အရာ ဖြစ်၏။ အမြဲတစေ ပူဇော်ခြင်း ဟူသည်မှာ အလေးအမြတ်ပြု၍ ထိန်းသိမ်းခြင်းဖြစ်၏။

ဒုတိယအမျိုးမှာ ဆရာသမား ကျေးဇူးရှင်များ ဖြစ်၏၊ အကယ်၍သာ ဆရာသမား ကျေးဇူးရှင်များက ဤလောက၌ လူပီပီနေထိုင်ရေးအတွက် သွန်သင် ပြသ ဆိုဆုံးမခြင်း မရှိခဲ့ပါလျှင် မဃလုလင်သည် တောရိုင်းတိရစ္ဆာန်နှင့် ဘာမျှ ခြားနားလိမ့်မည်မဟုတ်။ ထို့ကြောင့် ဆရာသမား ကျေးဇူးရှင်များသည် လူသား တိုင်းအတွက် အမြဲတစေပူဇော်ရမည့်အရာဖြစ်၏။ ဤအစဉ်အလာသည် မြတ်စွာ ဘုရား ပွင့်တော်မူသောအခါ၌ပင် အာစရိယဂုဏော အနုဿာအနေဖြင့် တည်ရှိ နိုင်ခြင်း ဖြစ်၏၊

တတိယအမျိုးမှာ မိဘများဖြစ်ကြ၏။ အကယ်၍သာ မိဘဟူ၍ မရှိဘူး ဆိုပါလျှင် ဤကမ္ဘာမြေအပြင်၌ မဃလုလင်ဟူ၍ပင် မရှိနိုင်ကြောင်းမှာ အထူး ပြောစရာ မလိုသောအချက်ဖြစ်၏။ ထို့ကြောင့် လူသားတိုင်းအတွက် မိဘသည်

http://www.cherrythitsar.org



အမြဲတစေ ပူဇော်ရမည့်အရာ ဖြစ်၏။ အမှန်အားဖြင့် မိဘဟူသည် ပဓာနကျေးဇူးရှင်ဖြစ်၍ ကျန်ပူဇော်ရမည့် အရာလေးမျိုးမှာ အပဓာနကျေးဇူးရှင်များ ဖြစ်ကြ၏။

စတုတ္ထအမျိုးမှာ မိမိမှ တစ်ပါးသော အခြားလူသားများ ဖြစ်ကြ၏။ လူဟူသည် မိမိတစ်ယောက်တည်း အထီးကျန် နေနိုင်သော သတ္တဝါမဟုတ်ချေ။ လူ့သမိုင်းတွင် လူ့ယဉ်ကျေးမှုဟူ၍ မပေါ်ပေါက်မီ ကာလကပင် စ၍ လူတို့သည် အသင်းအဖွဲ့နှင့်နေကြသူများ ဖြစ်ကြလေရာ မိမိမှတစ်ပါးသော အခြားလူသားများသည်လည်း လူတိုင်း လူတိုင်းအတွက် ပူဇော်ရမည့်အရာများပင် ဖြစ်၏။ အမှန်အားဖြင့် မြင့်မြတ်သောနေခြင်း ဗြဟ္မစိုရ်တရား ဟူသည်မှာ မိမိမှတစ်ပါးသော အခြားလူသားများအား အလေးအမြတ်ပြု၍ ပူဇော်ရာမှပင် စလေ၏။ မိမိထက် မြတ်သူများအား ပူဇော်ခြင်းကို "ပူဇော်ခြင်း" ဟူ၍ပင်ဆို၏။ မိမိနှင့် အဆင့်တူများအား ပူဇော်ခြင်းကို "ကူညီခြင်း" ဟူ၍ပင်ဆို၏။ မိမိအောက် နိမ့်သူများအား ပူဇော်ခြင်းကို "ချီးမြှောက်ခြင်း" ဟူ၍ဆို၏။ ထို့ကြောင့် မိမိထက် မြင့်သူဖြစ်စေ၊ မိမိအောက် နိမ့်သူဖြစ်စေ လူသားမှန်သမျှ အားလုံးသည် ဤအမျိုးအစား၌ ပါဝင်၏။ သို့ဖြစ်၍သာ မြင့်မြင့် နိမ့်နိမ့် လူဟူသမျှအပေါ် ခွဲခြားမှုမရှိဘဲ မိမိနှင့်ထပ်တူ တစ်သားတည်း ထား၍ ပူဇော်နိုင်မည်ဆိုလျှင် လူစင်စစ်က ဗြဟ္မာဖြစ်နေသူဟူ၍ ဆိုအပ်ပါ၏။ ထို့ကြောင့်ပင် ထိုကဲ့သို့သော ပုဂ္ဂိုလ်များကို ဗြဟ္မာလိုနေခြင်း၊ ဗြဟ္မဝိဟာရဖြင့် နေသူများဟူ၍ ဆိုကြခြင်းဖြစ်၏။ အမှန်အားဖြင့်လည်း ဤလောက၌ ငြိမ်းချမ်းနိုင်ကြခြင်းမှာ လူသားဟူသမျှကို အမြဲတစေ အလေးအမြတ်ထား၍ ပူဇော်ထိုက်သူများအဖြစ် မခံယူနိုင်သောကြောင့်သာ ဖြစ်ပါ၏။

ပဉ္စမအမျိုးမှာ ကျေးဇူးတော်ရှင်များ အပါအဝင် ပတ်ဝန်းကျင် ရုပ်လောက ဖြစ်၏။ ကျေးဇူးတော်ရှင်များ အပါအဝင် ပတ်ဝန်းကျင် ရုပ်လောကသည်လည်း လူသားများအတွက် အသက်ရှင် နေထိုင်နိုင်ရန် ကျေးဇူးများပါ၏။ ထို့ကြောင့် ကျေးဇူးတော်ရှင်များ အပါအဝင် ပတ်ဝန်းကျင် ရုပ်လောကသည်လည်း အလေးအမြတ်ပြု၍ ပူဇော်စရာပင် ဖြစ်၏။ ရုပ်လောကအား အလေးအမြတ်ပြု၍ ပူဇော်ခြင်းဟူသည်မှာ သစ်ပင်ပန်းမန်များ စိုက်ပျိုးခြင်း၊ ရေတွင်းရေကန်များ တူးခြင်း၊ လမ်းများဖောက်ခြင်း၊ တည်းခိုဇရပ်များ ဆောက်လုပ်ခြင်းတို့ ဖြစ်ကြ၏။

မဃလုလင်တို့ခေတ်သည် မြတ်စွာဘုရား ပွင့်တော်မမူမီက ဖြစ်၏။ မြတ်စွာဘုရား ပွင့်တော်မမူမီကဆိုလျှင် ဗြာဟ္မဏဝါဒသည် မဃလုလင် တို့ခေတ်၌ ထွန်းကား၏။ ထို့ကြောင့် မဃလုလင်သည် ဗြာဟ္မဏဝါဒအတိုင်း လောက၏ ပူဇော်စရာငါးမျိုးကို အမြဲတစေ အလေးအမြတ်ပြု၍ ပူဇော်လေ၏။ ဗြာဟ္မဏ

http://www.cherrythitsar.org



ကျမ်းများတွင် ဤပူဇော်မှုငါးမျိုးကို "မဟာယညာ" ငါးမျိုးဟု ဆိုပါ၏။ မဟာယညာ၏အနက်မှာ ကြီးမြင့်သော ပူဇော်ခြင်း ဟူ၍ ဖြစ်၏။ ဗြာဟ္မဏာဝါဒ အရ လူတိုင်းလူတိုင်းသည် လူ့ကျင့်ဝတ်အနေဖြင့် ဤပူဇော်မှုငါးမျိုးကို နေ့စဉ် နေ့တိုင်း ပူဇော်ရ၏။

မဃလုလင်သည် သိကြားမင်းကျင့်ဝတ် ခုနစ်ပါးကို ဤပူဇော်မှု ငါးမျိုး၌ အသုံးချ၏။ ဤပူဇော်မှုငါးမျိုးကို သိကြားမင်းကျင့်ဝတ်ခုနစ်ပါးတို့ အသုံးပြုရာ "နယ်မြေ" အဖြစ် မဃလုလင်က သတ်မှတ်ပြီး ပူဇော်ခြင်းဖြစ်၏။ ထိုသို့ ပူဇော်ရာတွင် အားထုတ်နည်း လေးမျိုးဖြင့် အားထုတ်ပြီး ပူဇော်ခြင်းဖြစ်၏။ မဃလုလင်သည် ဤပူဇော်မှုငါးမျိုးကို ပူဇော်ရာတွင် စွမ်းနိုင်သမျှ အားစိုက် ခွန်စိုက်လည်း ပူဇော်၏။ ဤပူဇော်မှုကို "နိရဝသေသပူဇာ" ဟူ၍ဆိုရ၏။ မနိုမကာပ် အမြဲမပြတ်လည်း ပူဇော်၏။ ဤပူဇော်မှုကို "နိရန္တရပူဇာ" ဟူ၍ ဆိုရ၏။ ပူဇော်မှုလုပ်ငန်း မပြီးမဆုံးချင်းလည်း ပူဇော်၏။ ဤပူဇော်မှုကို "ဒီဃကာလပူဇာ" ဟု ဆို၏။ ရိုသေလေးစားစွာလည်း ပူဇော်၏။ ဤပူဇော်မှုကို "သက္ကစ္စပူဇာ" ဟူ၍ ဆိုရ၏။

မဃလုလင်သည် လမ်းများကို ဖောက်၏။ ဒေသတစ်ခုနှင့်တစ်ခု ဆက် သွယ်ရာတွင် လမ်းပန်းကောင်းမွန်မှုသည် အရေးကြီး၏။ ထို့ကြောင့် မဃလုလင် သည် လမ်းဖောက်ခြင်းဖြစ်၏။ ထိုသို့လမ်းဖောက်ရာတွင် အခကြေးငွေရ၍ လမ်းဖောက်ခြင်းမဟုတ်။ ရပ်လောကအား ကျေးဇူးဆပ်သည့်အနေဖြင့် လည်းကောင်း၊ ပူဇော်သည့်အနေဖြင့် လည်းကောင်း လမ်းဖောက်ခြင်းဖြစ်၏။ ရပ်လောကအား ပူဇော်ခြင်းကို "ဘူတယညာ" ဟူ၍ ဗြာဟ္မဏာကျမ်းများက ဆို၏။ အမှန်အားဖြင့် ရပ်လောကအားပူဇော်လျှင်လည်း လောကတစ်ခုလုံးအား ပူဇော်ရာ ရောက်ပါ၏။ ဤ သဘောကို မဃလုလင် သိ၏။

အရာရာတိုင်း၌ စွဲမက်စရာ "ရသ" သည် ရှိ၏။ လယ်ထွန်ခြင်း၌လည်း "ရသ" သည် ရှိ၏။ ရောင်းဝယ်ခြင်း၌လည်း "ရသ" သည် ရှိ၏။ လမ်းဖောက် ခြင်း၌လည်း "ရသ" သည်ရှိ၏။ အမှန်အားဖြင့် အရာရာတိုင်း၌ စွဲမက်စရာ "ရသ" သည် ရှိပါ၏။ မည်သည့်လုပ်ငန်းကို လုပ်သည်ဖြစ်စေ၊ ထိုလုပ်ငန်း၌ စွဲမက်စရာ "ရသ" ကို မြင်အောင် ကြည့်တတ်ပါက၊ ထိုလုပ်ငန်း၌ စွဲမက်စရာကို ခံစားတတ်ပါက ထိုလုပ်ငန်းကိုလုပ်ခြင်း၌ ဖျင်းရိခြင်းမရှိဘဲ အမြဲတစေ ပျော်မွေ့ ၏။ အမြဲတစေ ပျော်မွေ့နေလေသောအခါ အားစိုက်ခွန်စိုက်လည်း လုပ်လာ၏။ မနိုမကာပ် အမြဲမပြတ်လည်း လုပ်လာ၏။ အချိန်ကာလ ကြာချင်သလောက် ကြာပါစေ၊ လုပ်ငန်းပြီးဆုံးသည်အထိ လုပ်လာ၏။ လေးလေးစားစားလည်း လုပ်လာ၏။

http://www.cherrythitsar.org



ဤသဘောကို မဃလုလင်သည် သိ၏။ ထို့ကြောင့် မဃလုလင်သည် ပူဇော်မှုလုပ်ငန်းများကို လုပ်ရာ၌ ရွှံ့မကျစေရာရသကို မြင်အောင်ကြည့်၏။ ရွှံ့မကျစေရာ ရသကို ခံစားနိုင်အောင် အားထုတ်၏။ ထိုအခါ မဃလုလင်သည် မစလရွာ၌ ထင်ပေါ်ကျော်ကြားလာ၏။ ဩဇာပတိက္ကမ ရှိလာ၏။ ကြည်ညိုသူ များလာ၏။ အခြံအရံ ပြည့်လာ၏။ ဤသည်မှာ စေတနာ၏ ဒိဋ္ဌဓမ္မ ပစ္စုပ္ပန် အကျိုးဖြစ်၏။ မဃလုလင်သည် သူ့ကိုကြည်ညိုသူ ပရိသတ်အတွင်းမှ ရဲဘော်ရဲဘက်အဖြစ် စိတ်တူသဘောတူ လူကောင်း ၃၃ ယောက်ကို လက်ခံပြီး လမ်းဖောက်ခြင်းလုပ်ငန်းကို ဆောင်ရွက်ကြ၏။ လမ်းခရီးမည်သည်ကား များစွာသော သူတို့အားလည်း နှလုံးကို ပွားစေတတ်၏။ ချမ်းသာသုခလည်း များလှ၏။ ဤသို့ မဃလုလင်တို့အုပ်စုက သူတို့၏စိတ်ထဲ၌ ယုံမှတ်ထား၏။ မဃလုလင်တို့အုပ်စုသည်လမ်းဖောက်ခြင်းလုပ်ငန်းကို တစ်ယူဇနာပြီး တစ်ယူဇနာ၊ တစ်လမ်းပြီးတစ်လမ်းပြီးအောင် ဖောက်လုပ်ကြ၏။ ထိုအခါ မဃလုလင်တို့ အုပ်စု၏ အရှိန်အဝါသည် ပို၍ပို၍ ကြီးမားလာလေ၏။

မစလရွာစားသည် အဓမ္မဝါဒီ ဖြစ်၏။ အဓမ္မလုပ်ငန်း၌ မွေ့လျော်၏။ ဓမ္မလုပ်ငန်းကြောင့် အရှိန်အဝါ ကြီးမားလာသော မဃလုလင်တို့အပေါ် စိုးရိမ်လာ၏။ ထိုအခါ မစလရွာစားသည် မဃလုလင်တို့အုပ်စုအား သူ၏ဘက်တော်သားအဖြစ် ရောက်လာအောင် စည်းရုံး၏။ သူ၏ စည်းရုံးနည်းကား အဓမ္မဝါဒဖြင့် စည်းရုံးသောနည်းတည်း။ မုဆိုးလုပ်ရန် စည်းရုံး၏။ အရက်သေစာ သောက်စားပျော်ပါးရန် သွေးဆောင်၏။ သို့မဟုတ် အခြားဒုစရိုက်လုပ်ငန်းတစ်ခုခုကို လုပ်ဆောင်ပြီး စီးပွားဥစ္စာ ရှာဖွေရန် တိုက်တွန်း၏။ ထိုကဲ့သို့သော မဃလုလင်တို့ အုပ်စုက ဆောင်ရွက်ပါလျှင် စီးပွားရေးအရလည်း မဃလုလင်တို့အုပ်စုထံမှ ထိုက်တန်သော အကောက်အခွန်ကို ရသဖြင့် မိမိအကျိုးရှိမည်၊ စည်းရုံးရေးအရလည်း မဃလုလင်တို့အုပ်စုသည် မိမိဘက်တော်သားများ ဖြစ်လာသဖြင့် မိမိအကျိုးရှိမည်၊ အုပ်ချုပ်ရေးအရလည်း မဃလုလင်တို့အုပ်စုသည် ဒုစရိုက်လုပ်ငန်းများကို မိမိ ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ရလေသောကြောင့် မိမိ၏ဩဇာအောက်၌ အလိုအလျောက် ကျရောက်လာမည် ဖြစ်သဖြင့် မိမိ အကျိုးရှိမည်။ ဤသို့ မစလရွာစားက စဉ်းစား၏။ စဉ်းစားသည့်အတိုင်းလည်း မဃလုလင်တို့အုပ်စုအား အကြံပြု၏။ သို့ရာတွင် မဃလုလင်တို့အုပ်စုက အကြံပြုချက်ကို လက်မခံပါချေ။

ထိုအခါ မစလရွာစားသည် နန်းတော်သို့သွား၍ ဘုရင်မင်းမြတ်အား 'မစလရွာ၌ မဃလုလင်တို့သည် ခိုးသားဓားပြများအဖြစ် ထကြွသောင်းကျန်း

http://www.cherrythitsar.org



လျက် ရှိပါသည်" ဟု လျှောက်တင်၏။ မင်းကြီးကလည်း မစလရှာအား၏ လျှောက်တင်ချက်ကို ယုံကြည်၏။ အမှန်အားဖြင့် မစလရှာအားသည် မင်းကြီး၏ ကျွန်ယုံတော်ဖြစ်၏။ မိမိ၏ကျွန်ယုံတော်သည် မိမိအပေါ် သစ္စာရှိ၏၊ မဟုတ် မမှန်လုပ်ကြံပြီး မည်သို့မျှ ပြောဆို လိမ့်မည်မဟုတ်။ ဤသည်မှာ မင်းကြီး၏ ယုံကြည်ချက်ဖြစ်၏။ မင်းကြီး၏ ယုံကြည်ချက်သည် ပုဂ္ဂိုလ်အပေါ်၌ အားပြုသော ယုံကြည်ချက်ဖြစ်၏။ ယုံကြည်မှုနိယာမအရ မိမိ၏အတွေ့အကြုံအပေါ်၌ အားပြု သော ယုံကြည်ချက်၊ အကြောင်းအကျိုး ဆင်ခြင်နိုင်မှုအပေါ် အားပြုသော ယုံကြည်ချက်၊ ပုဂ္ဂိုလ်အပေါ် အားပြုသောယုံကြည်ချက် ဟူ၍ ယုံကြည် ချက် အမျိုးအစားသုံးမျိုးရှိလေရာ ထိုသုံးမျိုးတွင် ပုဂ္ဂိုလ်အပေါ် အားပြုသော ယုံကြည် ချက်သည် ခိုင်မာမှု အားအနည်းဆုံးဖြစ်၏။ သို့ဖြစ်ပါသော်လည်း မဂဓရာဇ် မင်းကြီးသည် ပုဂ္ဂိုလ်အပေါ်အားပြုသော ယုံကြည်ချက်အရ မစလရှာစာလျှောက် တင်ပြသည့်အတိုင်း လက်ခံယုံကြည်ပြီး မဃလုလင်တို့ အုပ်စုအား ဖမ်းဆီး၍ ဆင်နှင့် နင်းသတ်စေရန် အမိန့်ချမှတ်လိုက်လေရာ မင်းကြီး၏အမိန့်အတိုင်း ဆောင်ရွက်ကြ၏။

မဃလုလင်တို့ အုပ်စုအား ဆင်ဖြင့်နင်းသတ်ရန် စီစဉ်လေပြီ။ တစ်ဖက် တွင် မင်းကြီး၊ မစလရှာအားနှင့် နင်းသတ်မည့်ဆင် ရှိ၏။ အခြားတစ်ဖက်တွင် မဃလုလင် အမှူးပြုသော လူတော်လူကောင်း ၃၃ ယောက်တို့ ရှိကြ၏။ ပုဂ္ဂိုလ် အနေဖြင့်ကြည့်လျှင် တစ်ဖက်က မင်း၊ အခြားတစ်ဖက်က အကျဉ်းစံ။ ဓမ္မ အနေဖြင့်ကြည့်လျှင် တစ်ဖက်ကား "ဓမ္မ"၊ အခြားတစ်ဖက်ကား "အဓမ္မ"။ ဤသို့တွေ့ရ၏။ ရုပ်ပိုင်းအမြင် ဖြင့်ကြည့်လျှင် သက်ရောက်အားနှင့် တန်ပြန် သက်ရောက်အား။

ဤလောက၌ အားချင်းပြိုင်ရာတွင် "အဓမ္မ" က နိုင်သည့်အခါလည်း ရှိ၏။ "ဓမ္မ" က နိုင်သည့်အခါလည်း ရှိ၏။ "အဓမ္မ" က "ဓမ္မ" အပေါ် နိုင်ရခြင်းသည် ယာယီ အနိုင်ရခြင်းသာ ဖြစ်၏။ ထာဝစဉ် အနိုင်ရခြင်းမဟုတ်။ "အဓမ္မ" က ဓမ္မအပေါ် ထာဝစဉ် အနိုင်ရရိုး ဓမ္မတာလည်း မရှိ။ "ဓမ္မ" က "အဓမ္မ" အပေါ် အနိုင်ရခြင်းသည်သာ ထာဝစဉ် အနိုင်ရခြင်းဖြစ်၏။ "ဓမ္မ" ကသာ "အဓမ္မ" အပေါ် ထာဝစဉ် အနိုင်ရရိုးဓမ္မတာ ရှိလေ၏။ ဤဓမ္မတာကို မဃလုလင်သာ သိ၏။ မစလရှာအားလည်းမသိ၊ မဂဓရာဇ်မင်းကြီးလည်း မသိ။ မသိချင်း တူသော်လည်း မစလရှာအားကား ကောက်ကျစ်စဉ်းလဲ၏၊ သူတော် ကောင်းမဟုတ်။ သို့ဖြစ်၍သာ မစလရှာအားသည် မိမိ၏အမှားကို အမှားမှန်း မသိခြင်း ဖြစ်လေ၏။ မင်းကြီးကား အဆင်ခြင်ဉာဏ် နည်းပါးသော်လည်း

http://www.cherrythitsar.org



ရှိးဖြောင့်၏။ သူတော်ကောင်းဖြစ်၏။ ထို့ကြောင့် မင်းကြီးသည် မိမိအမှားကို တွေ့လေသောအခါ အမှားမှန်း ချက်ချင်းသိ၏။

သိသည့်အတိုင်းလည်း ချက်ချင်းပင် ပြင်ဆင်လေ၏။ ဓမ္မပဒ ဂါထာ အမှတ် ၆၃ ၌လည်း မြတ်စွာဘုရားက ဤသို့ ဟောကြားတော် မူထားသည်ကို တွေ့ရ၏။

- **အကြင်လူမိုက်သည် မိမိ၏အမှားကို မြင်သောအခါ မှားမှန်းသိ၏။ ထိုလူမိုက်ကို ထိုသို့သိခြင်းကြောင့်ပင် ပညာရှိ ဟူ၍ ဆိုရ၏။**
- **အကြင်လူမိုက်ကား မိမိ၏အမှားကို မြင်သော်လည်း အမှားမှန်း မသိ၊ အမှန်ဟူ၍ပင် သိ၏။ ထိုလူမိုက်ကို ထိုသို့ သိခြင်းကြောင့်ပင် လူမိုက်စစ်စစ် ဟူ၍ ဆိုရ၏။**

မဃလုလင်သည် မိမိတို့အုပ်စုအား ဆင်ဖြင့်နင်းသတ်တော့မည်ကို သိ၏။ ထိုအခါ မဃလုလင်သည် "အား" ကို ချိန်၏။ မင်းကြီး၏ "အား" သည်လည်းကောင်း၊ မစလလျှာစား၏ အားသည်လည်းကောင်း၊ ဆင်၏ "အား" သည်လည်းကောင်း ဒေါသ "အား" ဖြစ်၏။ အမှန် အားဖြင့် ဒေါသ "အား" ဟူသည် စွမ်းအင်ထက်မြက်လှသော "အား" မဟုတ်။ ထို့ကြောင့် ဒေါသ "အား" ကို နှိမ်နင်းနိုင်ရန် စွမ်းအင်ထက်မြက် သော "အား" တစ်ရပ်ရှိဖို့ လို၏။ ထို "အား" ကို မဃလုလင် သိ၏။ ထို "အား" ကား မေတ္တာ "အား" ပေတည်း။ အကယ်၍ မေတ္တာစစ်စစ် "အား" ကိုသာ ပိုင်ဆိုင်နိုင်မည်ဆိုလျှင် ဒေါသ "အား" ကို အလွယ်တကူ အပြတ်ရှင်းနိုင်မည်ဖြစ်၏။ ထို့ကြောင့် မေတ္တာစစ်စစ် "အား" ကိုသာ ဖွံ့ဖြိုးနိုင်အောင် ကြိုးပမ်းရန် ဆုံးဖြတ်လိုက်၏။ "အား" ချင်း ပြိုင်ရာ၌ ဒေါသကို ဒေါသဖြင့်တုံ့ပြန်၍မရ။ ဒေါသသည် သက်ရောက် "အား" ဖြစ်ခဲ့သော်လည်း ပဋိဒေါသသည် တန်ပြန် သက်ရောက် "အား" သာ ဖြစ်ပေလိမ့်မည်။ ထိုအခါ ဒေါသသည်လည်း အကုသိုလ် ဖြစ်၏။ ပဋိဒေါသသည်လည်း အကုသိုလ်ပင် ဖြစ်၏။ အကုသိုလ်က ကောင်းကျိုးချမ်းသာ ပေးနိုင်ရိုးမရှိ။ အကယ်၍ အကုသိုလ်က ကောင်းကျိုးချမ်းသာ ပေးသည်ဟုဆိုလျှင် ထို ကောင်းကျိုးချမ်းသာသည် အကုသိုလ်နှင့်ယှဉ်သော ပီတိနှင့် သုခသာတည်း။ ကုသိုလ်နှင့်ယှဉ်သော ပီတိနှင့်သုခ မဟုတ်။ ဗုဒ္ဓအဘိဓမ္မာအရ ပီတိနှင့်သုခသည် အကုသိုလ်၌လည်း ယှဉ်နိုင်၏။ ကုသိုလ်၌လည်း ယှဉ်နိုင်၏။ အကုသိုလ်၌ ယှဉ်လျှင် အပြစ်ရှိသော ပီတိနှင့်သုခ ဖြစ်၏။ ကုသိုလ်၌ယှဉ်မှသာ အပြစ်မဲ့သော ပီတိနှင့်သုခ ဖြစ်၏။ အကယ်၍ ဒေါသကို ဒေါသဖြင့်ပင် နိုင်သည်ဆိုစေဦး၊ ရရှိခံစားရသော ပီတိနှင့်သုခသည် အပြစ်ရှိသော ပီတိနှင့်သုခ ဖြစ်သဖြင့် တစ်ခု

http://www.cherrythitsar.org



သောနေ့တွင် ဒုက္ခကို မလွဲမသွေ ခံစားရပေလိမ့်မည်။ ထို့ကြောင့် မဃလုလင်သည် ဒုက္ခကို မည်သည့်အခါတွင်မှ မခံစားလိုသောကြောင့် ဒေါသအားကို တုံ့ပြန်ဒေါသအားဖြင့် မခုခံဘဲ မေတ္တာအားဖြင့် ခုခံရန် ကြိုးပမ်းခြင်း ဖြစ်ပါ၏။

ဒေါသကို ဒေါသဖြင့် မငြိမ်းနိုင်ဘဲ မေတ္တာဖြင့်သာ ငြိမ်းနိုင်ကြောင်း ထိုထိုကျမ်းများ၌ ဆိုကြပါ၏။ ထိုအဆိုအရ လက်တွေ့ကျင့်သုံးရာတွင် မအောင်မြင်သူများ ရှိနိုင်ပါ၏။

ထိုသို့ရှိခြင်းမှာ ကျမ်းများ အဆိုမှားယွင်းခြင်းကြောင့် မဟုတ်ဘဲ မိမိတို့ အသုံးပြုသောမေတ္တာစွမ်းအား မပြည့်သောကြောင့်သာဖြစ်ပါ၏။ ဘီစီ ၈ ရာစုက ပေါ်ပေါက်ခဲ့သော "ယာသက" ဆရာကလည်း 'ကျမ်းများ၏ အဆိုအမိန့်ကို အသုံးချရာတွင် အသုံးမကျကြောင်း တွေ့ရှိရပါက ထိုသို့အသုံးမကျခြင်းမှာ ကျမ်းများ၌ အပြစ်မရှိဘဲ အသုံးကျအောင် အသုံးမချတတ်သူ၌သာ အပြစ်ရှိလေ၏' ဟူ၍ မိန့်ကြားခဲ့ဖူး၏။

မဃလုလင်သည် မိမိနှင့်တကွ မိမိ၏အပေါင်းအသင်းများ ဆင်နင်းသတ်ခံရရန် မင်းကြီး အမိန့်ချမှတ်ချိန်မှစ၍ မင်းကြီးအပေါ်၌ လည်းကောင်း၊ မစလရွာသားအပေါ်၌ လည်းကောင်း၊ ဆင်အပေါ်၌ လည်းကောင်း တစ်စုံတစ်ရာ အမျက်ဒေါသ မထွက်ဘဲ မိမိကိုယ်ကိုမိမိ မေတ္တာထားသကဲ့သို့ မေတ္တာထားရန် မိမိ၏အပေါင်းအသင်းများအား ညွှန်ကြား၏။ ဗြဟ္မဝိဟာရ မြောက်အောင် မေတ္တာဘာဝနာကို ပွားများရန် တိုက်တွန်း၏။ မဃလုလင်နှင့်တကွ သူ၏ လုပ်ဖော်ကိုင်ဖက်များသည် မေတ္တာဘာဝနာကို စင်စင်ကြယ်ကြယ် ဗြဟ္မဝိဟာရ မြောက်အောင် မေတ္တာဘာဝနာကို ပွားများလေ၏။ ထိုသို့ပွားများရာ၌ အမျက်ဒေါသ ဟူ၍ မြူမျှပင် ကြားမဝင်လာအောင် သတိထား၏။ စိတ်ကို ထိန်းချုပ်၏။ လုပ်ငန်းတစ်ခုကို ဆောင်ရွက်ရာတွင် တကယ်တမ်း ဖြစ်လိုသောဆန္ဒလည်း ရှိ၏၊ နိုင်မာသော စိတ်ဓာတ်လည်း ရှိ၏၊ မလျှော့သော ဇွဲလုံ့လ လည်းရှိ၏၊ စူးစမ်းဆင်ခြင်နိုင်သော အသိဉာဏ်ပညာလည်း ရှိ၏။ ဤအင်္ဂါလေးရပ်နှင့် ပြည့်စုံလျှင် လောကီဖြစ်စေ၊ လောကုတ္တရာဖြစ်စေ မည်သည့်လုပ်ငန်းမဆို အောင်မြင်၏။ ထို့ကြောင့် ဤအင်္ဂါလေးရပ်ကို "ဣဒ္ဓိပါဒ်" ဟူ၍ ဆို၏။ ဣဒ္ဓိပါဒ် ဟူသည် တန်ခိုးခြေတည်း။ မဃ လုလင်သည် ဤတန်ခိုး ဣဒ္ဓိပါဒ်ကို အသုံးပြု၍ မေတ္တာဘာဝနာကို ပွားများလေ၏။ ထိုနည်းအတူ သူ၏လုပ်ဖော်ကိုင်ဖက်များကလည်း ပွား၏။

မဃလုလင်တို့အုပ်စုအား ဆင်ဖြင့် နင်းသတ်စေပြီ။ သို့ရာတွင် မဃ လုလင်တို့ အုပ်စု၏ မေတ္တာဘာဝနာ အာနုဘော်ကြောင့် ဆင်သည် မနင်းဘဲ

http://www.cherrythitsar.org



နေလေ၏။ ဆင်ကို အကြိမ်ကြိမ် နှင်းစေသော်လည်း ဆင်သည် မနှင်းတဲ့သာ နေလေ၏။ ထိုအကြောင်းကို မင်းကြီးအား လျှောက်တင်လေရာ 'လူများကို ဆင်မြင်သဖြင့်နှင်းခြင်းငှာ မချဉ်းကပ်ဝံ့သဖြင့် မနှင်းဆဲနေခြင်းဖြစ်မည်၊ လူများကို မမြင်ရလေအောင် ဖျာဖြင့် ဖုံးအုပ်စေပြီး ဆင်ကိုနှင်းခိုင်းလေ' ဟူ၍ အမိန့်ချမှတ်ပြန်၏။ မင်းကြီး၏ အမိန့်အတိုင်း မဃလုလင်တို့အုပ်စုအား ဖျာဖြင့် ဖုံးအုပ်ပြီး ဆင်ကို နှင်းခိုင်းပါသော်လည်း ဆင်သည် မဃလုလင်တို့အုပ်စုအား မနှင်းရုံသာမက အဝေးသို့ ဖယ်ခွာသွားလေ၏။

ထိုအခါမှ မဂဓရာဇ်မင်းကြီးသည် နှစ်ဦးနှစ်ဖက်ကို ရှေ့တော်သို့ သွင်းစေ၍ စစ်ဆေးမေးမြန်းတော်မူ၏။ ထိုအခါ ဖြစ်ရပ်မှန်များကိုသိတော်မူ၏။ မင်းပင်ကောင်းလျက် မင်းမြှောင်ဖျက်သဖြင့် နိုင်ငံတော် မတည်မငြိမ်ဖြစ်ရသည့်သဘောကို မင်းကြီးသည် ကိုယ်တွေ့ကြုံရ၏။ မိမိကိုယ်တိုင် သူကောင်းပြု၍ မြို့စား ရွာစားခန့်ထားသူများတွင် အချို့သည် သူတစ်ပါးကမိမိထက် ပစ္စည်းဥစ္စာအားဖြင့် သာလွန်နေသည်ကို လည်းကောင်း၊ ရာထူးအားဖြင့် မြင့်မားနေသည်ကိုလည်းကောင်း၊ လုပ်ရည်ကိုင်ရည်အားဖြင့် ထက်မြက်နေသည်ကိုလည်းကောင်း၊ ပညာ အရည်အချင်းအားဖြင့် ထူးချွန်နေသည်ကိုလည်းကောင်း၊ ကိုယ်ကျင့်သိက္ခာအားဖြင့် ဖြူစင်မြင့်မြတ်သဖြင့် ပရိသတ်က ကြည်ညိုအားကိုး နေသည်ကိုလည်းကောင်း မနာလိုသဖြင့် မင်းကြီးအား မဟုတ်မမှန် လုပ်ကြံကုန်းတိုက်တတ်သော "ဣဿာ" သမားများကို မင်းကြီးသည် ကိုယ်တွေ့ကြုံရပြီ။ ထို့အပြင် အရာရာ၌ မိမိကချည်းသာ "အသာ" ယူလိုသဖြင့် မဟုတ်မမှန် လုပ်ကြံကုန်းတိုက်တတ်သော "မစ္ဆရိယ" သမားများကိုလည်း မင်းကြီးကိုယ်တိုင် တွေ့ကြုံရပြီ။ ထို့ကြောင့် ယုံကြည်မှုနှင့် ပတ်သက်၍ ပုဂ္ဂိုလ်အပေါ် အခြေပြုသော ယုံကြည်မှုထက် ကျိုးကြောင်း ဆင်ခြင်နိုင်မှုအပေါ် အားပြုသော ယုံကြည်မှုက ပို၍ အားကောင်းကြောင်း၊ သို့ရာတွင် ကိုယ်တွေ့အပေါ် အားပြုသော ယုံကြည်မှုသည်သာလျှင် ယုံကြည်မှုသုံးမျိုးတွင် အားအကောင်းဆုံးဖြစ်ကြောင်း ယခုတော့ မင်းကြီးသည် သိလေပြီ။

မင်းမှုထမ်း၏ ဂုဏ်အင်္ဂါ၊ နိုင်ငံဝန်ထမ်း၏ ဂုဏ်အင်္ဂါတို့နှင့် မညီညွတ်ဘဲ မဃလုလင်တို့အုပ်စုအပေါ် မနာလိုမှု ဣဿာ၊ ဝန်တိုမှု မစ္ဆရိယတို့ဖြင့် မဟုတ်မမှန် လုပ်ကြံပြီး မင်းကြီးအား တိုင်ကြားခဲ့သော မစလရွာစား၏ တိုင်ကြားချက်ကို ပုဂ္ဂိုလ်အပေါ် အားပြုသော ယုံကြည် နည်းဖြင့် မင်းကြီးသည် ယုံကြည်ခဲ့၏။ ယုံကြည်သည့်အတိုင်း မဃလုလင်တို့အဖွဲ့အား မင်းကြီးသည် ပြစ်ဒဏ် စီရင်ခဲ့၏။ ထိုပြစ်ဒဏ်စီရင်ချက်မှားယွင်းကြောင်း မင်းကြီးသိလေပြီ။ 'အမောင်တို့၊ ဤဆင်

http://www.cherrythitsar.org



သည် တိရစ္ဆာန်ဖြစ်ပါလျက် သင်တို့၏ ဂုဏ်ကျေးဇူးကို သိသေး၏။ ငါတစ်မူကား လူဖြစ်ပါလျက် ကျေးဇူးကိုမသိခဲ့။ ငါ၏အဖြစ်ကို သည်းခံကုန်လော့' ဟု မင်းကြီးက တောင်းပန်၏။ အမှားကို အမှားမှန်းသိခြင်းကြောင့် မင်းကြီးကို "ပညာရှိ" ဟု ဆိုရ၏။ မှားမှန်းသိသည်နှင့်တစ်ပြိုင်နက် အမှန်သို့ရောက်အောင် ပြင်ဆင်နိုင်စွမ်း ရှိသောကြောင့် မင်းကြီးကို "သူတော်ကောင်း" ဟု ဆိုရ၏။ ပုထုဇဉ်ဟူသမျှသည် အမှားကို လုပ် သည့်အခါလည်း လုပ်မိ၏။ အမှန်ကို လုပ်သည့်အခါလည်း လုပ်မိ၏။ အမှားကို လုပ်မိလျှင်လည်း မှားမှန်းသိပါက ယထာဘူတကျကျ သိသူ မည်၏။ အမှန်ကို လုပ်မိလျှင်လည်း မှန်မှန်းသိပါက ယထာဘူတကျကျ သိသူပင် မည်၏၊ ဤသို့ စိတ္တာနုပဿနာ သတိပဋ္ဌာန် ဒေသနာတော်၌ လာရှိပါ၏။ မဂဓရာဇ်မင်းကြီးသည် သူ၏အမှားကို ပြင်ဆင်သောအားဖြင့် မဃလုလင်တို့အုပ်စုအား "မစလရွာစား" ခန့်၏။ မူလ မစလရွာစားအား မဃလုလင်တို့ အုပ်စုအား "ကျွန်" အဖြစ် ပေး၏။ ဆင်ရတနာကိုလည်း မဃလုလင်တို့အုပ်စုအားပင် ပေး၏။

ပဌမဒေါသသည် အမှားတစ်ခုဖြစ်၏၊ တုံ့ပြန်ဒေါသသည်လည်း အမှားတစ်ခုပင် ဖြစ်၏။ အမှားနှစ်ခု ပေါင်းလိုက်သောအခါ အမှန် တစ်ခု ဖြစ်မလာဘဲ အမှားသံသရာကိုသာ ဖြစ်ပေါ်စေတတ်ပါ၏။ ဤနည်းကို အစပထမ၌ မင်းကြီးသည် မသိလိုက်၊ နောက်မှ ပြင်ဆင် ခြင်း ဖြစ်၏။ မဃလုလင်တို့အုပ်စုကား ဒေါသအမှားကို မေတ္တာအမှန်ဖြင့် ချေဖျက်ပြီး အမှန်သံသရာကို ဖြစ်ပေါ်စေခဲ့၏။ အမှား ဟူသမျှသည် တစ်ခုသောနေ့တွင် မိမိ၏နိဂုံးသို့ ရောက်မြဲဖြစ်၏။ ထိုတစ်ခုသောနေ့ကား ယနေ့ ဖြစ်ချင်ဖြစ်မည်၊ မနက်ဖြန် ဖြစ်ချင်ဖြစ်မည်၊ နောင်ဘဝ ဖြစ်ချင်ဖြစ်မည်၊ ရောက်မည်ကတော့ ဧကန်။ အမှန်ဟူသမျှလည်း ထိုနည်းပမာ အလားတူသာတည်း။ အဋ္ဌကထာများဖြင့် ပြည့်စုံအောင် ဆင်ခြင်ဖွယ်ကောင်းပေစွ။

ဤလောက၌ မိဘ ကောင်းပါလျက် သားကောင်း သမီးကောင်း များကို ရချင်မှ ရတတ်သည်။ မကောင်းသော သားသမီးများကိုလည်း ရတတ်၏။ ထိုနည်းအတူပင် အုပ်ချုပ်သူ မင်းကောင်း ဖြစ်ပါလျက် အမှုထမ်းကောင်းများကို ရချင်မှ ရတတ်သည်။ မကောင်းသော အမှုထမ်း များကိုလည်း ရတတ်သည်။ ဤသဘောကို မဃလုလင်နှင့် အဖွဲ့သည် မဂဓရာဇ်မင်းကြီးအား အခိုင်အမာ သက်သေပြခဲ့၏။ မဂဓရာဇ်မင်းကြီး သည် ကောင်းစွာ သဘောပေါက်လေ၏။ ထို့ကြောင့် မင်းကြီးက မဃလုလင်နှင့်အဖွဲ့အား ရွာစားခန့်ခဲ့ခြင်း ဖြစ်၏။

မဃလုလင်နှင့် အဖွဲ့သည် မစလရွာစား ဖြစ်ကြသောအခါ ကောင်းမှု

http://www.cherrythitsar.org



ကို ရှေးကထက်တိုး၍ လုပ်ဆောင်ကြရန် ဆုံးဖြတ်ကြ၏။ ကောင်းမှုဟူသည် ကမ္မနိယာမအရ တစ်ခုသောနေ့တွင် မလွဲမသွေ မုချ အကျိုးပေးမည် ဖြစ်၏။ မည်သည့်နေ့ ဟူ၍ မပြောတတ်ခြင်းသာရှိ၏။ အကျိုးပေးမည်ကတော့ မုချ ဖြစ်၏။ ယုံမှားဖွယ်မရှိ။ အဟန့်အတားရှိနေ လျှင်လည်း ထိုအဟန့်အတားသည် တစ်ခုသောနေ့တွင် မုချ ပျောက် ပျက်သွားရမည်ဖြစ်၏။ ကွယ်ပသွားရမည် ဖြစ်၏။ ဤသဘောကို မယလုလင်နှင့်အဖွဲ့သည် ယုံကြည်ကြ၏။ ထို့ကြောင့် ကောင်းမှုကို ရှေးကထက်တိုး၍ လုပ်ဆောင်ကြရန် ဆုံးဖြတ်ကြခြင်း ဖြစ်၏။

မယလုလင်နှင့် အဖွဲ့သည် လမ်းဆုံ၌ ဇရပ်ကြီးတစ်ဆောင်ကို ဆောက် လုပ်ကြရန် အားလုံးသဘောတူကြ၏။ ထိုဇရပ်တွင် အခန်းကြီးသုံးခန်း ပါဝင်မည် ဖြစ်၏။ အခန်းကြီးတစ်ခုမှာ မင်းမိုးရာဇာများ တည်းခိုရန်ဖြစ်၏။ အခြား အခန်းကြီးတစ်ခုမှာ သာမန်ဧည့်သည်များ တန်းခိုရန်ဖြစ်၏။ နောက်ဆုံးအခန်း မှာ ကိုးကွယ်ရာမဲ့များတည်းခိုရန်ဖြစ်၏။ ဤသို့လျှင် အခန်းကြီးသုံးခန်း ပါဝင် သော ဇရပ်ကို ဆောက် လုပ်ကြရန် သဘောတူကြပြီးနောက် လက်သမားတို့အား အပ်နှံလိုက် ကြ၏။

သူတို့သည် မိမိတို့ ဆောက်လုပ်သောဇရပ်၌ အိမ်သူသက်ထား ဇနီးများ အနေဖြင့် တစ်စုံတစ်ရာ ဝင်ရောက်ခြယ်လှယ်၍ သြဇာပေးမည် စိုးသောကြောင့် မိမိတို့၏အိမ်သူများ ပါဝင်ခွင့်မပြုရန် ကတိကဝတ် ထားကြကုန်၏။ မိမိတို့ ယောကျ်ားချည်းဆောင်ရွက်ပါမှ အချင်းချင်း ညှိနှိုင်းဆောင်ရွက်နိုင်မည်ဟု သူတို့ က ယုံကြည်ကြ၏။ များသောအားဖြင့် အမျိုးသမီးများ နောက်ပိုင်းမှ ပါဝင် ပတ်သက်လာပါက ယောကျ်ား များသည် ကိုယ်ကျင့်တရား ပျက်စီးလာတတ်ကြ ၏။ အချင်းချင်း သဘောထား ကွဲတတ်ကြ၏။ ညှိနှိုင်းရ ခဲယဉ်းတတ်ကြ၏။ ထို့ကြောင့် မယလုလင်နှင့်အဖွဲ့သည် မိမိတို့၏ ဇရပ်ဆောက်လုပ်ခြင်းလုပ်ငန်း၌ မိမိတို့၏ အမျိုးသမီးများအား ပါဝင်ပတ်သက်ခွင့် မပြုရန် အချင်းချင်း ကတိ ကဝတ် ပြုကြခြင်းဖြစ်၏။ ထိုသို့ ကတိကဝတ်ပြုထားကြသော်လည်း သူတို့သည်–

"မထိမ့်ကောင်း၊ အပ်နှင်းဥစ္စာ၊ အိမ်ရာမမှား၊ ဝတ်စားဆင်ယင်၊ မြတ်နိုးကြင်၊ ငါးဆင် လင့်ဝန်တာ"

ဟူသော ကျင့်ဝတ်ငါးပါးနှင့်အညီ လိုက်နာကျင့်သုံးသူများသာ ဖြစ်ကြ ပါ၏။

ထိုခေတ် ဓလေ့ထုံးတမ်းများအရ အမျိုးသမီးတို့သည် အမျိုးသားများနှင့် ရင်ပေါင်တန်းလိုက်နိုင်သော အခွင့်အရေးများကို မရရှိကြသော် လည်း အမျိုးသမီး များသည် ဖင်ကိုအရည်အချင်းအားဖြင့် ညံ့သူများ မဟုတ်ကြ။ လင်ယောကျ်ားများ

http://www.cherrythitsar.org



အပေါ် ဖြတ်နိုးသူများလည်း ရှိကြ၏။ လင်ယောကျ်ားများ၏ ဂုဏ်သိက္ခာကို မကျဆင်းသွားအောင် စောင့်ထိန်းတတ်သူများလည်းရှိကြ၏။ ထို့အပြင် အရေး အကြီးဆုံးမှာ မိမိတို့၏ လင်ယောကျ်ားများ၌ ကိုယ်ကျင့်သီလ ပျက်စီးမှု အကုသိုလ် များ သံသရာတစ်လျှောက်လုံး လိုက်ပါမသွားရလေအောင် ဆင်ခြင်နိုင်သူများ လည်း ရှိကြ၏။ မိမိတို့ခင်ပွန်းသည်များအပေါ် သစ္စာစောင့်သိသူများလည်း ရှိကြ၏။ ထိုအရည်အချင်းများအားလုံးကို သုဓမ္မာ၌ တွေ့ရ၏။

သုဓမ္မာ ဟူသည်ကား မဃလုလင်၏ ဇနီးတစ်ယောက်ဖြစ်၏။ ထိုခေတ် ဓလေ့ ထုံးတမ်းအရ အမျိုးသားတစ်ယောက်သည် ဇနီးသည်လေးယောက်ကို တရားဝင် လက်ထပ်ခွင့်ရှိ၏။ ထို့ကြောင့် မဃလုလင်သည် ဇနီးသည် လေးယောက်တို့ကိုလက်ထပ်ထား၏။ ထိုဇနီးတို့မှာ သုနန္ဒာ၊ သုစိတ္တာ၊ သုဓမ္မာနှင့် သုဇာတာတို့ ဖြစ်ကြ၏။

သုဓမ္မာသည် ခင်ပွန်းသည် မဃလုလင်ကိုဖြတ်နိုး၏။ ခင်ပွန်းသည်၏ ဂုဏ်သိက္ခာကို ကျဆင်းမသွားရအောင် စောင့်ထိန်း၏။ မိမိကြောင့် ခင်ပွန်းသည်၏ ကိုယ်ကျင့်သီလ ပျက်စီးမသွားရအောင် ဆင်ခြင်၏။ ခင်ပွန်းသည်အပေါ် သစ္စာ လည်း ရှိ၏။ ပင်ကိုမူလ ပဋိသန္ဓေဉာဏ်လည်း ကောင်း၏။ ထို့အပြင် သုဓမ္မာ သည်—

"အိမ်တွင်းမှုလုပ်၊ သိမ်းထုပ်သေချာ၊ မိတ္တာကြည်ရှောင်၊ မျှအောင် ဝေတီ၊ ပျင်းရိမမူ၊ ဝတ်ငါးဆူ၊ အိမ်သူကျင့်အပ်စွာ"

ဟူသော ဇနီးသည်တို့၏ ကျင့်ဝတ်ငါးပါးနှင့် ပြည့်စုံသူလည်း ဖြစ်၏။ ထို့ကြောင့် သုဓမ္မာသည် ခင်ပွန်းသည်တို့ထားသော "ကာတိ ကာဝတ်"ကို မိမိ၏ ခင်ပွန်းသည် မဃလုလင်အနေဖြင့် ချီးယောက်ရာ မရောက်ရလေအောင် မိမိ၏ ခင်ပွန်းသည် မဃလုလင်အား ဘာမျှမပြောဘဲ မိမိဘာသာမိမိ စီသုကာကြီးနှင့် တိုင်ပင်၍ ထိုဇရပ်၌ မိမိ၏ကုသိုလ်အဖို့ ပါဝင်ခွင့်ရအောင် စီမံ၏။ စီသုကာ ကြီး၏အကြံပြုချက်အတိုင်း သုဓမ္မာသည် အကောင်းဆုံးသစ်သားဖြင့် ထုပိကာ ပြုလုပ်စေ၍ "သုဓမ္မာ" ဟူသောစာတန်းကို ထွင်းထုစေပြီးနောက် မည်သူမျှ မမြင်ရအောင် သိမ်းထား၏။

အခါကောင်း အချိန်ကောင်းကို အခါပေး ဆရာများထံမှရပြီ။ ဇရပ် ဖွင့်ပွဲ ကျင်းပရန်သာရှိတော့၏။ ထိုအခါမှ စီသုကာကြီးက 'ဇရပ်တွင် ထုံးတမ်း စဉ်လာအရ ထုပိကာကို တပ်ဆင်ရကြောင်း၊ ယခုဤဇရပ်တွင် ထုပိကာတပ်ဆင် ရန် မေ့လျော့သွားပါကြောင်း၊ ယခုအချိန်ရောက်မှ သစ်သားကိုရှာဖွေ၍ ထုပိကာ လုပ်လျှင်လည်း အချိန်မရနိုင်တော့ကြောင်း၊ ထို့ကြောင့် လုပ်ပြီးသား ထုပိကာကို ဤ မစလရွာတွင်း၌သာ အမြန်ရှာဖွေသင့်ပါကြောင်း' ဖြင့် တင်ပြလေ၏။

ဗိသုကာကြီးအား အပြစ်တင်နေရုံမျှဖြင့် လုပ်ငန်းမပြီးမြောက်နိုင်သဖြင့် မဃလုလင်တို့အဖွဲ့သည် ဇရပ်အတွက် အသင့်လုပ်ထားသော ထုပိကာကို အမှုတပြင်း ရှာကြ၏။ ထိုအခါ သုဓမ္မာ၏အိမ်၌ အသင့်လုပ်ပြီးသား ထုပိကာကို တွေ့ကြ၏။ ထိုထုပိကာကား အကောင်းဆုံး ထုပိကာဖြစ်၏။ ထို့ကြောင့် မဃလုလင်တို့အဖွဲ့က အသပြာတစ်ထောင်ဖြင့် ထိုထုပိကာကို သုဓမ္မာထံမှ ဝယ်ကြ၏။ ထိုအခါ သုဓမ္မာက 'ဤ ထုပိကာကို အသပြာငွေ မည်မျှပေးပေး ရောင်းမည်မဟုတ်ကြောင်း၊ ဇရပ်အတွက် မိမိ၏အလှူဒါနအနေဖြင့် ပါဝင်ခွင့် ရလျှင် လှူမည်ဖြစ်ကြောင်း' ဖြင့် မဃလုလင်တို့အဖွဲ့အား ပြန်ကြား၏။

"ဤဇရပ်တွင် အမျိုးသမီးများ၏ ကောင်းမှုများ မပါဝင်စေရ" ဟူသော မူလ ကတိကဝတ်ကို ဖျက်ရုံမှတစ်ပါး အခြားဆောင်ရွက်စရာနည်းလမ်း မရှိတော့သည်ကို မဃလုလင်တို့အဖွဲ့က တွေ့ကြ၏။ ဗိသုကာကြီးကလည်း လုပ်ငန်းဟူသမျှသည် ဖြတ်လပ်ပြည့်မှလွဲ၍ အခြား မည်သည့် "ဘုံ" ၌မျှ အမျိုးသမီးများနှင့် ကင်း၍မဖြစ်နိုင်သဖြင့် သုဓမ္မာ၏ တင်ပြချက်အတိုင်း လက်ခံ၍ ထုပိကာကို ယူသင့်ကြောင်း အကြံပြုပြန်၏။ မဃလုလင်တို့အဖွဲ့သည် နောက်ဆုံး၌ သုဓမ္မာအား ကုသိုလ်ပါဝင်ခွင့်ပြုကာ သုဓမ္မာထံမှ ထုပိကာကိုလက်ခံပြီး ဇရပ်၌တပ်ဆင်လိုက်ရ၏။ ထို့ကြောင့် ထိုဇရပ်ကို သုဓမ္မာဇရပ် ဟူ၍သာ ခေါ်တွင်ရတော့လေ၏။

"ဇရပ်ဆောက်လုပ်ရာ၌ အမျိုးသမီးများ မပါဝင်စေရ" ဟူသော ကတိကဝတ်သည် သုဓမ္မာကြောင့် ပျက်သွားရ၏။ ထိုအခါ သုနန္ဒာက ဇရပ်နှင့် ပန်းရလေအောင် ရေကန်ကိုတူး၍ ကုသိုလ်ပြု၏။ သုစိတ္တာက ဥယျာဉ်ကို စိုက်ပျိုး၍ ကုသိုလ်ပြု၏။ မဃလုလင်ကလည်း ဇရပ်၏အနီး၌ ပင်လယ်ကသစ်ပင်ကိုစိုက်၍ ကသစ်ပင်၏ခြေရင်း၌ ကျောက်ဖျာကို ခင်း၏။ သုဇာတာကမူ ဘာမျှမလုပ်ဘဲ အလှပြင်၍သာ အချိန်ကို ကုန်စေ၏။ အမှန်အားဖြင့် သုဇာတာသည် မဃလုလင်၏ ဦးရီး သမီး ဖြစ်၏။ လင်ပြုသမျှသော ကောင်းမှုသည် ဇနီးအတွက်လည်း ပါဝင်၏။ ခင်ပွန်းသည်ပြုခြင်းနှင့် ဇနီးသည်ပြုခြင်းသည် အတူတူပင် ဖြစ်သည်ဟု အယူရှိ၏။ ထို့ကြောင့် သုဇာတာသည် သီးခြားကောင်းမှုကို မပြုခြင်း ဖြစ်၏။

ဇရပ်ကြီးဖွင့်ပြီးသောအခါ ဇရပ်ဒါယကာ ၃၃ ယောက်တို့သည် ဇရပ်ကို ၃၃ ပိုင်း ပိုင်းထား၏။ မိမိတို့၏အပိုင်း၌ ဝင်ရောက်တည်းခို သူများအတွက် ဆိုင်ရာပုဂ္ဂိုလ်က တာဝန်ယူ၍ ပြုစုရ၏။ ရေချိုးရန်၊ စားသောက်ရန်၊ အိပ်ရန် စသည်တို့ကို စီစဉ်ပေးရ၏။ ထိုတာဝန်ကို အဖွဲ့ပိုင် "ဆင်"ကြီးအား ပေးထား၏။ ဆင်ကြီးသည်လည်း ဆင်လိမ္မာပင် ဖြစ်၏။ ထို့ကြောင့် ပေးထားသောတာဝန်ကို ကျေပွန်အောင် ထမ်းဆောင်၏။ ရောက်လာတိုင်းသောဧည့်သည်ကို ဆိုင်ရာ ကောင်းမှုရှင်၏အိမ်သို့ အကြိုအပို့လုပ်၏။

http://www.cherrythitsar.org



လူ့ပြည်၌ အသက်တမ်းအတိုင်း နေပြီးနောက် ကွယ်လွန်ကြသောအခါ မဃလုလင်က တာဝတိံသာနတ်ပြည်၌ သိကြားမင်း ဖြစ်လာ၏။ ကျန်အဖော်များလည်း တာဝတိံသာ နတ်ပြည်၌ပင် သိကြားမင်း၏အဖော် နတ်သားများ ဖြစ်လာကြ၏။ ဗိသုကာကမူ ဝိသကြုံနတ်သား ဖြစ်လာ၏၊ ဆင်ကလည်း ဧရာဝဏ်နတ်သား ဖြစ်လာ၏။ သုနန္ဒာ၊ သုစိတ္တာ၊ သုဓမ္မာ တို့သည်လည်း သိကြားမင်း၏ နတ်မိဖုရားများ ဖြစ်လာကြ၏။ သုဇာတာမှာမူ တစ်စုံသော တောင်ချောက်ကြား၌ ဗျိုင်းမ ဖြစ်၍နေလေ၏။

"သဒိသံ ပါကံ ဇနေတိ–ကံဟူသည် မိမိနှင့်တူသောအကျိုးကို ပေး၏" ဟူသော ကမ္မနိယာမအတိုင်း လူ့ပြည်က သုဓမ္မာဇရပ်သည် တာဝတိံသာ နတ်ပြည်၌ သုဓမ္မာနတ်သဘင် ဖြစ်လာ၏။ ယူဇနာကိုးရာ ရှိ၏။ လူ့ပြည်၌ သုနန္ဒာတူးခဲ့သော ရေကန်သည် တာဝတိံသာ၌ သုနန္ဒာမည်သော ရေကန် ဖြစ်လာ၏။ ယူဇနာငါးရာ ကျယ်၏။ လူ့ပြည်၌ သုစိတ္တာစိုက်ပျိုးခဲ့သော ဥယျာဉ်သည် တာဝတိံသာ၌ စိတ္တလတာမည်သော ဥယျာဉ်ဖြစ်လာ၏။ ယူဇနာငါးရာပင် ကျယ်၏။ မဃလုလင် စိုက်ပျိုးခဲ့သော ပင်လယ်ကသစ်ပင်သည် တာဝတိံသာနတ်ပြည်၌ ပင်လယ်ကသစ်ပင် ဖြစ်လာ၏။ ပင်စည်အဝန်း ယူဇနာ သုံးရာရှိ၏။ ကျောက်ဖျာသည်ကား တာဝတိံသာနတ်ပြည်၌ ပဏ္ဍုကမ္ဗလာ မည်သော ကျောက်ဖျာဖြစ်လာ၏။ ထိုကျောက်ဖျာသည် အလျားအားဖြင့်ယူဇနာ ခြောက်ဆယ်၊ အနံအားဖြင့် ယူဇနာငါးဆယ်၊ အထုအားဖြင့် ယူဇနာ တစ်ဆယ့်ငါး ရှိ၏။ ထိုကဲ့သို့ ဖြစ်ပေါ်လာခြင်းမှာ မိမိတို့ ပြုခဲ့သော "ကံ" ၏ အာနုဘော်ကြောင့် ဖြစ်၏။ ကံ၏အကျိုးတရားတို့သည် ဆန်းကြယ်ပေစွ။

မဃလုလင်တို့အုပ်စု တာဝတိံသာ၌ ဖြစ်လာသောအခါ မူလရှိရင်းစွဲ အသုရာတို့သည် "နတ်ယမကာ" သောက်ပွဲကို ကျင်းပကြ၏။ သိကြားမင်းသည် အသုရာတို့ ကျင်းပသော "နတ်ယမကာ" သောက်ပွဲ၌ပါဝင်ပြီး မသောက်ကြရန် မိမိ၏ပရိသတ်အား မှာထား၏။ ထိုစားသောက်ပွဲ၌ အသုရာတို့သည် မူးယစ်ကြသောအခါ သိကြားမင်းနှင့်အဖွဲ့သည် အသုရာတို့အား သမုဒ္ဒရာအောက်သို့ ပစ်ချကြကုန်၏။ အသုရာတို့၏ ဘုန်းကံကြောင့် မြင်းမိုရ်တောင်၏အောက်၌ အသုရာပြည် ဖြစ်ပေါ်လာ၏။ အသုရာပြည်၌ ဝေပစိတ္တိအသုရာသည် မင်းပြု၏။ အခါတစ်ပါး၌ သိကြားမင်းသည် မိမိ၏ခင်ပွန်းသည်မယားဟောင်း သုဇာတာကို ကြည့်သောအခါ တောင်ချောက်ကြား၌ ဗျိုင်းမဖြစ်နေသည်ကိုတွေ့ရ၏။ ထိုအခါ သိကြားမင်းသည် သုဇာတာဗျိုင်းမအား သူ၏နတ်မိဖုရား ဖြစ်လာစေရန် အားထုတ်၏။ ပထမဦးစွာ သုဇာတာဗျိုင်းမကို တာဝတိံသာနတ်ပြည်သို့

ဆောင်ယူသွား၏။ ထို့နောက် သုနန္ဒာ၊ သုစိတ္တာ၊ သုဓမ္မာတို့နှင့် နန္ဒာကန်တော်၌ တွေ့ဆုံပေး၏။ ထို့နောက် သိကြားမင်းသည် သုဇာတာမျိုးမကို မူရင်းနေရာ တောင် ချောက်ကြားသို့ ပြန်ပို့၏။ ငါးပါးသီလကို စောင့်ထိန်းရန် တိုက်တွန်း၏။ သုဇာတာ မျိုးမသည်လည်း သိကြားမင်း တိုက်တွန်းသည့်အတိုင်း ငါးပါး သီလကို စောင့်ထိန်း၏။ ထို့နောက် ဗာရာဏသီပြည်တွင် အိုးထိန်းသည်၏ သမီး ဖြစ်လာပြန်၏။ ထိုအခါ၌လည်း သိကြားမင်းသည် သခွားသီးသည် အယောင်ဆောင်၍ အိုးထိန်းသည်အိမ်သို့ သွားပြီးလျှင် နတ်ဥစ္စာရတနာများကို အိုးထိန်းသည်သမီးအား ပေးအပ်၏။ မိမိ သိကြားမင်းဖြစ်ကြောင်းလည်း ပြော၏။ ငါးပါးသီလကို ခါးတော်ပုဆိုးကဲ့သို့ စောင့်ရန် မှာကြား၏။ အိုးထိန်းသည် သမီးသုဇာတာသည် ထိုဘဝမှ စုတေသောအခါ အသူရာမင်းကြီး၏သမီး ဖြစ်လာ၏။ အလွန် အဆင်းလှ၏။ ရွှေအဆင်းနှင့်တူ၏။ ငါးပါးသီလ၏ အာနုဘော် ပေတည်း။

ရာမမင်းသားသည် သီတာဒေဝီအပေါ် "စံ" ပြုလောက်အောင် မြတ်နိုး သကဲ့သို့ သိကြားမင်းသည်လည်း သူ၏မိဖုရားများအပေါ် "စံ" ပြုလောက်အောင် ပင် မြတ်နိုးပါ၏၊ ထိုမြတ်နိုးခြင်းကား "တဏှာပေမ" အပေါ် တည်ဆောက်ထား သော မြတ်နိုးခြင်းမျိုး မဟုတ်။ "မေတ္တာ" အပေါ် တည်ဆောက်ထားသော မြတ်နိုးခြင်း ဖြစ်၏။ ထိုမြတ်နိုးခြင်း မျိုးကို ကောင်းမှုပြုဖက် "သဟပုညကာရိနီ" အဖြစ်ဖြင့် လည်းကောင်း၊ တရားကျင့်ဖက် "သဟဓမ္မစာရိနီ" အဖြစ် လည်း ကောင်း မြတ်နိုးခြင်း ဖြစ်သည်ဟု ဆိုရ၏။ လောက၏ အကျိုးစီးပွားအတွက် ဆောင်ရွက်ရာတွင် စိတ်တူသဘောတူ ဖြစ်ပါက တစ်ယောက်အားထက် နှစ်ယောက်အားက ပို၍ စွမ်းအားကြီးမား၏၊

သုဇာတာ အရွယ်ရောက်လာသောအခါ ဝေပစိတ္တိ အသူရာမင်းကြီးသည် သမီးတော်အတွက် ပန်းကုံးစွပ်ပွဲ ကျင်းပပေး၏။ ပန်းကုံးစွပ်ပွဲဟူသည် ခင်ပွန်း ရွေးချယ်ပွဲပင် ဖြစ်၏။ ထိုပွဲ၌ သိကြားမင်းသည် အသူရာ အသိုးအိုယောင်ဆောင်၍ ဝင်ရောက်ယှဉ်ပြိုင်၏။ ထိုပွဲ၌ အသူရာအသိုးအို ပန်းကုံးစွပ်ခြင်းခံရ၏။ ထိုအခါ အသူရာလုလင်ပျိုတို့က "ခင်ပွန်းရွေး ကောင်းလေခြင်း" ဟု ပြောင်ကြ၏၊ လှောင်ကြ၏။

ချစ်ခြင်းမေတ္တာ ဖြစ်ပေါ်လာရေးနှင့် ပတ်သက်၍ အတိတ်ဘဝများ၌ ရေစက်ပါခဲ့ခြင်း၊ ပစ္စုပ္ပန်ဘဝ၌လည်း အချင်းချင်း အကျိုးစီးပွားကို ဆောင်ရွက် ခြင်းဟူ၍ အကြောင်းနှစ်မျိုး ရှိ၏။ ထိုအကြောင်းနှစ်မျိုးအနက် အတိတ်ဘဝက ရေစက်ပါခဲ့ခြင်း အကြောင်းကြောင့်သာ အသူရာ မင်းကြီး၏ သမီးသုဇာတာက

http://www.cherrythitsar.org



အသူရာအဝိုးအို သိကြားမင်းအား ပန်းကုံးစွပ်ခြင်း ဖြစ်၏။ ထိုအခါ အသူရာလုလင်ပျိုတို့ ပြောင်လှောင်နေစဉ် အသူရာအဝိုးအိုက 'ငါ သိကြားမင်း' ဟူ၍ ဟစ်ကြွေးပြီး သုဓာဝတာကို လက်ဆွဲကာ တာဝတိံသာသို့ ပြန်လေ၏။ အလိမ်ခံရပြီဟု သိ၍ နောက်က အသူရာတို့ တပ်ချီ၍ လိုက်ကြသော်လည်း မမီလိုက်တော့။ အကယ်၍ မီစေကာမူ ဘုန်းကံချင်း မတူလှသဖြင့် အသူရာတို့ ဘက်မှ အောင်နိုင်စရာ အကြောင်းမရှိချေ။

သိကြားမင်းသည် တာဝတိံသာ နတ်ပြည်သို့ ရောက်သောအခါ သုဓာဝတာကို နှစ်ကုဋေငါးသန်းကုန်သော နတ်သမီးတို့၏ အကြီးအမှူး ရာထူး၌ထား၍ မြှောက်စား၏။ ထိုအခါမှစ၍ အသူရာပြည်၌ သစ္စတ်ပင် ပွင့်တိုင်း အသူရာတို့သည် မိမိတို့၏ မူလဇာတိ ပင်လယ်ကသစ်ပင်ပွင့်ရာ တာဝတိံသာသို့တက်၍ စစ်ထိုးကြ၏။ စစ်ထိုးတိုင်းလည်း ရှုံးကြလေ၏။ သိကြားမင်းသည် အသူရာတို့ရန်မှ ကာကွယ်ရေးအတွက် အာလိန်ငါးဆင့်ထား၍ တာဝတိံသာကို စောင့်ရှောက်၏။ ပထမအာလိန်တွင် နဂါးတို့ကို အစောင့်ထား၏။ ဒုတိယအာလိန်တွင် ဂဠုန်၊ တတိယအာလိန်တွင် ကုမ္ဘဏ်၊ စတုတ္ထအာလိန်တွင် ဘီလူး၊ ပဉ္စမအာလိန်တွင် စတုမဟာရာဇ် နတ်မင်းကြီးလေးယောက်၊ နောက်ဆုံး၌ ဝရဇိန်လက်နက်စွဲကိုင်ထားသော သိကြားမင်း၏ရုပ်တုကို ထား၏။ အသူရာတို့သည် သိကြားမင်းနှင့် စစ်ထိုးတိုင်း အာလိန်ငါးဆင့်ကို အောင်နိုင်သော်လည်း နောက်ဆုံးအဆင့် သိကြားရုပ်တုကို တွေ့မြင်သောအခါ တပ်လန်၍ ပြေးခဲ့ရသည်ချည်း ဖြစ်၏။

မြတ်စွာဘုရားသည် လိစ္ဆဝီမင်းသား မဟာလိအား သိကြားမင်းဝတ်ကို ဤသို့ ဟောတော်မူပြီးနောက် အောက်ပါအတိုင်း ဂါထာဒေသနာကို ဟောတော်မူ၏။

– **မဃလုလင်သည် "အပ္ပမာဒ" တရားနှင့် ပြည့်စုံသဖြင့် သိကြားမင်းအဖြစ်ကို ရ၏။ ပညာရှိတို့သည် "အပ္ပမာဒ" တရားကို ချီးမွမ်းကြ၏။ "ပမာဒ" တရားကိုမူ ကဲ့ရဲ့ကြ၏။**

လူတို့သည် မိမိ၏ အသက်ရှင်ရေးအတွက် ကာယကံကိုလည်း လုပ်ကြရ၏။ ဝစီကံကိုလည်း လုပ်ကြရ၏။ မနောကံကိုလည်း လုပ်ကြရ၏။ ထိုသို့ လုပ်တိုင်းလုပ်တိုင်း ကုသိုလ်ကံဖြစ်ဖို့ လို၏။ ကုသိုလ်ကံ မဖြစ်လျှင် အကုသိုလ်ကံ ဖြစ်မည် မုချပင်တည်း။ ထိုနှစ်မျိုးတွင် တစ်မျိုးမဟုတ် တစ်မျိုးသည် ဖြစ်နေရ၏။ အခြားတတိယ "ကံ" ဟူ၍မရှိ။ သို့ဖြစ်လေရာ ကုသိုလ်ကံဖြစ်ပါမှ ကောင်းသော အကျိုးကို ပေး၏။ အကုသိုလ်ကံ ဖြစ်ပါမူ မကောင်းသောအကျိုးကို ပေး၏။

ကောင်းသောအကျိုး ဟူရာ၌ ကာမကုသိုလ်ကံဖြစ်ပါက လူမင်း စည်းစိမ်၊

http://www.cherrythitsar.org



နတ်မင်းစည်းစိမ်ကို ရစေ၏။ ချာန်ကုသိုလ် ဖြစ်ပါက ဗြဟ္မာစည်းစိမ်ကို ရ၏။ မဂ်ကုသိုလ် ဖြစ်ပါက နိဗ္ဗာန်ကို ရ၏။ ဤအကျိုးများမှာ ကုသိုလ်အမျိုးအစားလိုက်ရသော အကျိုးများ ဖြစ်ကြ၏။ အကယ်၍ ကုသိုလ်ကံ မဖြစ်ခဲ့သော် အကုသိုလ်ကံ ဖြစ်မည်ဖြစ်၏။ အကုသိုလ်ကံ ဖြစ်သည်ဆိုလျှင်ပင် အပါယ်တံခါး ဖြစ်စေတတ်၏။ ဤသည်မှာ ရှောင်လွှဲ၍ မရကောင်းသော ကမ္မနိယာမ ဖြစ်၏။

ကုသိုလ်ကံ၏ အကြောင်းရင်းမှာ နှလုံးသွင်းကောင်းမှုဖြစ်၍၊ အကုသိုလ်ကံ၏ အကြောင်းရင်းမှာ နှလုံးသွင်းမကောင်းမှု ဖြစ်၏။ နှလုံးသွင်းကောင်းမှုကို "ယောနိသော မနသိကာရ" ဟု ခေါ်၍၊ နှလုံးသွင်း မကောင်းမှုကို "အယောနိသော မနသိကာရ" ဟု ခေါ်၏။ နှလုံးသွင်းကောင်းစေရန် "အပ္ပမာဒ" တရား ရှိဖို့လို၏။ "အပ္ပမာဒ" တရားဟူသည်မှာ ကုသိုလ်ကောင်းမှုပြုရန် မမေ့မလျော့ခြင်း ဖြစ်၏။ အဘိဓမ္မာအရ တရားကိုယ်မှာ သတိစေတသိက် ဖြစ်၏။ သတိစေတသိက် သည် မိမိဖြစ်သည်နှင့် တစ်ပြိုင်နက် ကုသိုလ်ကောင်းမှု ပြုရေးအတွက် အမြဲတမ်း အမှတ်ရစေ၏။ ထိုသို့အမှတ်ရစေပါမှလည်း မမေ့မလျော့ခြင်း "အပ္ပမာဒ" အမည်ကို ရ၏။ မေ့လျော့ပါက "ပမာဒ" အမည်ကိုရ၏။ ကုသိုလ်ကောင်းမှု ပြုရေး၌ မေ့လျော့နေလျှင် အကုသိုလ်သာဖြစ်မည်၊ အကျိုးပေးအနေဖြင့်ဆိုရလျှင် မကောင်းသောအကျိုးကို ပေးမည်။

"အပ္ပမာဒ" အရ ကုသိုလ်ကောင်းမှုပြုရန် နှလုံးသွင်းရာ၌ တောင့်တမှု ပဏိဓိအလိုက် အကျိုးပေးခြင်း ဖြစ်၏။ လောကချမ်းသာကို တောင့်တလျှင် လူမင်း၊ နတ်မင်း၊ ဗြဟ္မာမင်းတို့ ဖြစ်မည်။ လူမင်း ချမ်းသာ၊ နတ်မင်းချမ်းသာ၊ ဗြဟ္မာမင်း ချမ်းသာများကိုလည်း ချမ်းသာဟူ၍ပင်ဆိုရ၏။ သို့ရာတွင် ထိုချမ်းသာမျိုးကား ပဋိစ္စသမုပ္ပါဒ်အရ သောကပရိဒေဝ ဒုက္ခဒေါမနဿ ဥပါယာသ တည်းဟူသော ဒုက္ခစက်ဝန်းမှ မလွတ်သော ချမ်းသာဖြစ်သဖြင့် စစ်မှန်သော ချမ်းသာဟူ၍ မဆိုကြ။ ထိုချမ်းသာမျိုးသည် "ငါ" ကောင်းစားရေးသို့သာ ဦးတည်တတ်၏။ လူမင်း ဖြစ်ချင်သည်၊ နတ်မင်းဖြစ်ချင်သည်၊ ဗြဟ္မာမင်း ဖြစ်ချင်သည် ဆိုကတည်းက မိမိအနေဖြင့် သိမ်းပိုက်ရေးသို့ ဦးတည်ကြောင်း ပေါ်လွင်၏။

နိဗ္ဗာန်ချမ်းသာကို တောင့်တ၍ ကုသိုလ်ကောင်းမှု ပြုလုပ်ရာ၌မူ တောင့်တမှုသည် ဘဝမှ လွတ်မြောက်ရန်အတွက် ဖြစ်၏။ ဘဝမှ လွတ်မြောက်ရန်ဆိုလျှင် ဘဝကို အကျိုးပေးတတ်သော ကုသိုလ်ဖြစ်စေ၊ အကုသိုလ်ဖြစ်စေ "ကံ" မရှိမှ ဖြစ်မည်။ "ကံ" မရှိရန် ဆိုလျှင် ကိလေသာမရှိမှ ဖြစ်မည်။ ကိလေသာမရှိရန် ဆိုလျှင် ဖြစ်ခြင်း၊ ပျက်ခြင်းမရှိသော နိဗ္ဗာန်ကို မြင်မှဖြစ်မည်။ ဖြစ်ခြင်း၊

http://www.cherrythitsar.org



ပျက်ခြင်း၌ ငြီးငွေ့ရန် ဆိုလျှင် ဦးစွာပထမဖြစ်ခြင်း၊ ပျက်ခြင်းကို မြင်မှဖြစ်မည်။ ဖြစ်ခြင်း၊ ပျက်ခြင်းကို မြင်ရန်ဆိုလျှင် ဖြစ်တတ်၊ ပျက်တတ်သော ရုပ်နာမ်နှင့် ယင်းတို့၏ အကြောင်းအကျိုး ဆက်သွယ်မှုကို မြင်မှဖြစ်မည်။

ရုပ်နာမ်နှင့် ယင်းတို့၏ အကြောင်းကျိုးဆက်သွယ်မှုကို မြင်ရန်ဆိုလျှင် သမာဓိ အားကောင်းမှဖြစ်မည်။ သမာဓိအားကောင်းလျှင် စိတ်စင်ကြယ်၏။ ထို့ကြောင့် သမာဓိ အားကောင်းရန်ဆိုလျှင် သတိအားကောင်းမှဖြစ်မည်။ သတိ အားကောင်းပါမှ ဗောဓိပက္ခိယသို့ ဦးတည်သော သမ္မာသတိဖြစ်မည်၊ သမ္မာသတိ ဖြစ်ရန်ဆိုလျှင် မဂ္ဂင်ရှစ်ပါးတွင် ပါဝင်သော မဂ်၏ အစိတ်အပိုင်းအဖြစ်ဖြင့် ဝိပဿနာ၏ အာရုံဖြစ်သော ရုပ် နာမ် ခန္ဓာတို့ကို ရှုမှတ်ရာ၌ နီဝရဏတရားများ အနေဖြင့် အကြား အကြား၌ မဝင်ရောက်နိုင်လောက်အောင် စောင့်ကြည့်နိုင်မှ ဖြစ်မည်။ ထိုအခါမှ သတိသည် အပ္ပမာဒအမည်ကို ရလေ၏။ ဤသို့လျှင် အပ္ပမာဒ အမည်ရသော သတိတရားဖြင့် ဝိပဿနာ၏ အာရုံဖြစ်သော ရုပ် နာမ် ခန္ဓာတို့ကို ရှုမှတ်ရာ၌ နီဝရဏတရားများအနေဖြင့် အကြား အကြား မဝင်နိုင်လောက်အောင် စောင့်ကြည့်ရာမှ နောက်ဆုံး နိဗ္ဗာန်ကို မျက်မှောက်ပြုလာနိုင်သည်အထိ ဖြစ်လာမည်ဖြစ်၏။ အရဟတ္တမဂ်ကို ရသောအခါ၌မူ ကိလေသာတို့ကို အကြွင်းမဲ့ ပယ်သတ်ပြီး "ကံ" ကိုလည်း "ကံ" အဖြစ်မှ ရှေ့လျှောစေကာ ကြိယာအဖြစ်သို့ ရောက်သွားအောင် ဆောင်ရွက်နိုင်စွမ်း ရှိလာမည်ဖြစ်၏။

ထိုအခါ တစ်ဖန် ပဋိသန္ဓေနေရခြင်း ဇာတိသည် ကုန်လေပြီ။ တကယ်တမ်း စစ်မှန်သော နိဗ္ဗာန်ချမ်းသာကို ရပြီ။ ထို့ကြောင့် နိဗ္ဗာန်ချမ်းသာအထိ သွားနိုင်သောအပ္ပမာဒတရားကို ရင့်သည်ထက် ရင့်အောင်၊ နောက်ဆုံး မဂ္ဂင်ထိုက်အောင် ပွားများသင့်ပါ၏။ အပ္ပမာဒတရား၏ ဆန့်ကျင်ဘက် ပမာဒတရားကို ကဲ့ရဲ့အပ်၏၊ နှိမ်နင်းအပ်၏။ ဤသို့လျှင် အဆင့်ဆင့် ပွားများအားထုတ်ခြင်း အားဖြင့် မိမိတို့ကိုယ်တိုင် နိဗ္ဗာန်ကို မျက်မှောက်ပြုပြီးသောအခါ မိမိတို့အတွက် လိုအပ်သော အကျိုးကို ရရှိပြီးဖြစ်သဖြင့် "နောက်ဆံ" မတင်းတော့ဘဲ လောကအတွက်သာ လုံးပန်းနိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ လုံးပန်းနိုင်အောင် လူ့လောက၌ လူလာဖြစ်ရခြင်း ဖြစ်ကြောင်း မြတ်စွာဘုရားက ဤဂါထာဖြင့် ညွှန်ကြား ပြသတော်မူခြင်း ဖြစ်၏။

ဤဒေသနာတော်၏ အဆုံး၌ လိစ္ဆဝီမင်းသား မဟာလိသည် သောတာပတ္တိမဂ်ကို ရ၍ သောတာပန်အရိယာ ဖြစ်သွားလေ၏။ အခြား တရားနာပရိသတ်သည်လည်း မိမိတို့၏ ပါရမီအားလျော်စွာ မဂ်ဖိုလ်ကို မျက်မှောက်ပြုနိုင်သူများက မဂ်ဖိုလ်ကို မျက်မှောက်ပြုကြ၏။ ရိုးရိုး ကာမာဝစရ ကုသိုလ်ကို ရနိုင်သူများက ကာမာဝစရကုသိုလ်ကို ရကြလေ၏။

http://www.cherrythitsar.org

# အညတရ ရဟန်းတစ်ပါး

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေထိုင်တော်မူစဉ်ကာလက တကယ်ပင် ဖြစ်ခဲ့သော ဖြစ်ရပ်တစ်ခုဖြစ်၏။ ထို့ကြောင့် ထိုဖြစ်ရပ်ကို သာသနာ့သမိုင်း၌ "ကိုယ်တွေ့ဝတ္ထု" အဖြစ် ဖော်ပြထားခြင်း ဖြစ်၏။

မြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူစဉ်ကာလက ထိုကဲ့သို့သော ကိုယ်တွေ့ဖြစ်ရပ်များသည် မရေမတွက်နိုင်လောက်အောင်ပင် များလှပါ၏။ ထို့ကြောင့် ထိုကိုယ်တွေ့ဖြစ်ရပ်များအနက် ဤဖြစ်ရပ်ကို အညတရ ရဟန်းတစ်ပါး၏ ဝတ္ထုအဖြစ်ဖြင့်သာ ဖော်ပြထားခြင်းဖြစ်၏။ အမျိုးအမည်ကို ဖော်ပြထားခြင်း မရှိဘဲ သာမန် "အညတရ" အနေဖြင့် ဖော်ပြထားခြင်းသည် ထိုခေတ်၏ တန်ဖိုးဖြတ်မှု "စံ" အရသာ ဖော်ပြထားခြင်း ဖြစ်၏။ တကယ်တမ်း "အညတရ" ဖြစ်၍ ဖော်ပြထားခြင်းမျိုးတော့မဟုတ်။ အမှန်အားဖြင့် ထိုရဟန်းသည် အညတရ ဟု ဆိုရသော်လည်း ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ဈာန်အဘိညာဉ်ရ ရဟန္တာ တစ်ပါးပင် ဖြစ်၏။ သို့ဖြစ်သော်လည်း သူ၏ဆုတောင်းအဓိကာရအရ ဝိသေသပုဂ္ဂိုလ်အနေဖြင့် သာသနာ့သမိုင်းတွင် မှတ်တမ်းတင်ခံယူရန် ဆန္ဒမရှိသော ကြောင့်သာ ဖြစ်၏။

မြတ်နိုးမှု နိယာမအရ "အမြင့်ဆုံး" ပုဂ္ဂိုလ်တို့အား မြတ်နိုးခြင်းသည် သမ္မုတိသစ္စာအရ မှန်ကန်ပါ၏။ သို့ရာတွင် "အနိမ့်ဆုံး" ပုဂ္ဂိုလ်တို့အား မြတ်နိုးခြင်းမှာမူ ပရမတ္ထသစ္စာအရပါ မှန်ကန်လေ၏။ အဘယ့်ကြောင့်ဆိုသော် အနိမ့်ဆုံး ပုဂ္ဂိုလ်တို့အားပင် မြတ်နိုးတတ်သူများအတွက် အမြင့်ဆုံးကပုဂ္ဂိုလ်တို့အား မြတ်နိုးတတ်ဖို့ ဆိုသည်မှာ တစ်စုံတစ်ရာ မလေ့ကျင့်ရဘဲ အလိုအလျောက် ပြီးပြီးသားကိစ္စ ဖြစ်သောကြောင့် ဖြစ်၏။ ထို့ကြောင့် ပါရမီရှုထောင့်မှကြည့်လျှင် ယောက်ျားကောင်းများအနေဖြင့် အနိမ့်ဆုံးပုဂ္ဂိုလ်တို့အား မြတ်နိုးတတ်သောစိတ်ကို ဖြစ်ပေါ်လာအောင် မိမိကိုယ်ကို မိမိ လေ့ကျင့်ရ၏။ အမြင့်ဆုံးပုဂ္ဂိုလ်များအား မြတ်နိုးနိုင်ရန်အတွက်မှာမူ ထိုပုဂ္ဂိုလ်များ၏ ဂုဏ်ထူးဝိသေသများကပင် ဆိုင်ရာ ပတ်ဝန်းကျင် ပရိသတ်ကို မြတ်နိုးတတ်လာအောင် လေ့ကျင့်ပေးပေလိမ့်မည်။ မိမိတို့ အနေဖြင့် အထူးကြောင့်ကြစိုက်ပြီး လေ့ကျင့်ရန် မလိုပါချေ။ ဤနိယာမအရပင် ဝေဿန္တရာမင်းကြီးသည် အနိမ့်ဆုံး ဇူဇကာပုဏ္ဏားအပေါ် မိမိနှင့်တကွ မိမိ၏ သားသမီးများကိုပါ မြတ်နိုးတတ်အောင် လေ့ကျင့်ခဲ့ခြင်းဖြစ်၏။ ဤနိယာမ အရပင် ဤအညတရ ရဟန်းတစ်ပါး၏ဝတ္ထုသည် အညတရများကို မြတ်နိုး

http://www.cherrythitsar.org



တတ်အောင် လေ့ကျင့်ထားကြသူများကြောင့် သာသနာ့သမိုင်း၌ မပျောက်ပျက်ရအောင် မှတ်တမ်းတင်ခံရခြင်း ဖြစ်နိုင်ပါ၏။

ထိုစဉ်က သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ နေ့စဉ်တရားပွဲ ရှိ၏။ တရားဟောကြားသူမှာ မြတ်စွာဘုရား ဖြစ်၏။ အညတရ ရဟန်းသည်လည်း တရားကို အခွင့်ရသလို နာယူ၏။ တရားတော်ကို ကြားနာရသည့်အတိုင်းလည်း ကျင့်၏။ သို့ရာတွင် သူသည် အရိယာအဖြစ်သို့ ရောက်အောင် မိမိ နာကြားရသော ဒေသနာတော်မှ သစ္စာလေးပါးကို ထိုးထွင်း၍မသိချေ။ မြတ်စွာဘုရား တရားဟောကြားတော် မူတိုင်း အရမ်းဟောကြားတော်မူသည် မဟုတ်။ ဗုဒ္ဓစက္ခုဖြင့် ကြည့်၍သာ ဟောကြားတော်မူခြင်း ဖြစ်၏။ ဗုဒ္ဓစက္ခု ဟူသည်မှာ ကျွတ်ထိုက်သော ပုဂ္ဂိုလ်များကို ကြည့်၍ ယင်းတို့၏သန္တာန်၌ရှိသော "အဖုံး" တရားနှစ်ပါးနှင့် ယင်း "အဖုံး" တရားနှစ်ပါးကို ဖွင့်နိုင်သောစွမ်းအင်ကိုမြင်သော စက္ခုဉာဏ်စုံ ဖြစ်၏။ ထိုစက္ခုဉာဏ်စုံဖြင့် ကြည့်ပြီးမှသာ ဝေနေယျတို့အား တရားကိုဟောတော်မူခြင်း ဖြစ်၏။ အချိန်ကုန်ခံပြီး ရမ်း၍ဟောခြင်းမဟုတ်။

"အဖုံး" တရားနှစ်ပါးတွင် တစ်ပါးသော "အဖုံး" မှာ သိစရာ အာရုံပိုင်း၌ "ဖုံး" ခြင်း ဖြစ်၏။ ထိုအဖုံးဖြင့် သိစရာအာရုံပိုင်းကို ဖုံးလိုက်သောအခါ သိစရာအာရုံကို အမှန်အတိုင်း မမြင်တော့။ ဖောက်လွဲဖောက်ပြန် မြင်ရအောင်ပင် "ဖုံး" ခြင်း ဖြစ်၏။ အာရုံပိုင်းဆိုင်ရာ အဖုံးကို "ဉေယျာ ဝရဏ" ဟု ဆို၏။

နောက် "အဖုံး" တစ်ခုမှာ သိတတ်သောဉာဏ်ပိုင်း၌ "ဖုံး" ခြင်းဖြစ်၏။ ထို "အဖုံး" ဖြင့် သိတတ်သော ဉာဏ်ပိုင်းကို ဖုံးလိုက်သောအခါ သိတတ်သော ဉာဏ်သည် သိစရာအာရုံကို အမှန်အတိုင်း မသိတော့။ ဖောက်လွဲဖောက်ပြန် သိလေတော့၏။ အမှန်အားဖြင့် သိတတ်သောဉာဏ်ကို အမှန်အတိုင်း မသိဘဲ ဖောက်လွဲဖောက်ပြန်သိအောင် သိတတ်သော ဉာဏ်ပိုင်း၌ ဖုံးခြင်းဖြစ်၏။ ပါဠိဝေါဟာရအားဖြင့် သိတတ်သောဉာဏ်ပိုင်း၌ ဖုံးသောအဖုံးတရားကို "ဉာဏာ ဝရဏ" ဟု ဆို၏။

သိစရာအာရုံပိုင်း၌ ဖုံးထားခြင်းဟူသည်မှာ ဘီလူးကို နတ်မင်းဝတ်စုံဖြင့် ဖုံးထားခြင်းသဘောမျိုး ဖြစ်၏။ ထိုကဲ့သို့ ဖုံးထားပါက ဘီလူးကို ဘီလူးအဖြစ် မမြင်ရတော့ဘဲ နတ်မင်းအဖြစ်သာ မြင်တော့၏။ ဤသဘောမျိုးကို သိစရာ အာရုံပိုင်း၌ ဖုံးခြင်းဟူ၍ ဆိုရ၏။ တစ်ဖန် "မြင်း" ကို မျက်မှန်စိမ်း တပ်ဆင်ပေး ထားပါက အရာရာတိုင်းကို အစိမ်းရောင်အဖြစ်သာ သိလေ၏။ ဤသဘောမျိုးကို သိစိတ်ပိုင်း၌ ဖုံးခြင်းဟူ၍ဆိုရ၏။ မြတ်စွာဘုရားသည် ဝေနေယျတို့၏ သန္တာန်၌

http://www.cherrythitsar.org



ဖုံးနေသော ဤအဖုံးတရားနှစ်ပါးကို သိတော်မူ၏။ မြင်တော်မူ၏။ ဤအသိ၊ ဤအမြင်ကို အာသယာ နုသယဉာဏ် ဟူ၍ဆို၏။ အာသယသည် အာရုံပိုင်း၌ ပို၍ပတ်သက်၏။ အနုသယသည် သိစိတ်ပိုင်း၌ ပို၍ပတ်သက်၏။ ထိုသို့ ပတ်သက်နေသော်လည်း အာသယာနုသယဉာဏ် စကျုံ့တစ်မျိုးတည်းအနေဖြင့် သော ဝေနေယျများကို ကြည့်တော်မူလေ၏။

ဝေနေယျတို့၏ သန္တာန်၌ရှိသော ထိုအဖုံးတရားနှစ်ပါးကို ဖယ်ရှားနိုင် သောစွမ်းရည် ရှိ–မရှိကို ကြည့်ရပြန်၏။ စွမ်းရည် ရှိ–မရှိ ဟူသည်မှာ ဣန္ဒြေတို့ ရင့်ကျက်မှု ရှိ မရှိပင် ဖြစ်၏။ မြတ်စွာဘုရားက ဒေသနာတော်ကို ဟောကြားခြင်း အားဖြင့် ဝေနေယျတို့သည် မိမိတို့၏သန္တာန်၌ ပုန်းအောင်းနေသော အဖုံးတရား နှစ်ပါး (ဝါ) ကိလေသာ မြူနှစ်မျိုးကို ဖယ်ရှားနိုင်သော ဣန္ဒြေတို့ ရင့်ကျက်မှုရှိမှသာ သစ္စာလေးပါးကို ထိုးထွင်း၍ သိမြင်ပြီး နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်မည်ဖြစ်၏။ ထို့ကြောင့် ဝေနေယျတို့သည် မိမိတို့၏သန္တာန်၌ အဖုံးတရားနှစ်ပါး (ဝါ) ကိလေသာမြူ နှစ်မျိုးကို ဖယ်ရှားနိုင်သော ကိုယ်ပိုင်စွမ်းရည်ရှိဖို့ လိုလေ၏။ ထို့ကြောင့် ထိုစွမ်းရည်များ ရှိမရှိကိုလည်း မြတ်စွာဘုရားသည် ကြည့်တော်မူရ ပြန်၏။ ဝေနေယျတို့၏ သန္တာန်၌ရှိသော စွမ်းရည်ကိုမြင်အောင် ကြည့်နိုင်သော ဉာဏ်တော်ကို ဣန္ဒြိယပရောပရိယတ္တိဉာဏ် ဟူ၍ ဆို၏။ ဣန္ဒြိယ ပရောပရိယတ္တိ ဉာဏ် ဟူသည်မှာ ဣန္ဒြေအနုအရင့်ကို သိသောဉာဏ် ဖြစ်၏။ ထိုဉာဏ်တော်သည် လည်း စကျုံ့တစ်မျိုးပင် ဖြစ်၏။ ထို့ကြောင့် မြတ်စွာဘုရားသည် ဝေနေယျတို့ အား တရားဒေသနာတော်ကို ဟောကြားတော်မူတိုင်း ထိုစကျုံ့နှစ်မျိုးဖြင့် ကြည့်ပြီးမှ ဟောကြားတော်မူခြင်းဖြစ်၏။ ထိုစကျုံ့နှစ်မျိုးဖြင့် ကြည့်ပြီးမှ ဟောကြားတော် မူခြင်း ဖြစ်သောကြောင့် တရားတစ်ပွဲတည်း၌ အရိယာဖြစ်သူများလည်း ရှိကြ၏။ နောက်တစ်ကြိမ် ဆက်၍ နာကြားပါမှ အရိယာဖြစ်သူများလည်း ရှိကြ၏။ နာကြားရုံမျှနှင့် မလုံလောက်သေးဘဲ ကိုယ်တိုင်ကျင့်ကြံအားထုတ်ပါမှ အရိယာ ဖြစ်သူများလည်း ရှိကြ၏။ ဤဘဝ၌ အရိယာမဖြစ်နိုင်တော့ဘဲ ပါရမီကုသိုလ် ရရုံမျှလောက်သာ ဉာဏ်ရှိသူများလည်း ပါကြ၏။

အညာတရ ရဟန်းကား ထိုပုဂ္ဂိုလ်လေးမျိုးတွင် တတိယပုဂ္ဂိုလ် အမျိုး အစား ဖြစ်၏။ ထို့ကြောင့် အညာတရ ရဟန်းသည် သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ မြတ်စွာဘုရားထံတော်မှ ကမ္မဋ္ဌာန်းကိုဆောင်၍ မိမိနှင့် သင့်လျော် ရာ တောအုပ်သို့ဝင်၍ တရားကျင့်၏။ သို့ရာတွင် တရားထူးကို မရ။ ထိုအခါ သူ၏စိတ်၌ "ငါသည် တရားထူးကို ရမှ ရနိုင်ပါတော့မည်လား" ဟူ၍လည်း ကောင်း၊ "မြတ်စွာဘုရားပေးတော်မူလိုက်သော ကမ္မဋ္ဌာန်းသည် ငါနှင့် သင့်လျော်

http://www.cherrythitsar.org



မှ သင့်လျော်ပါရဲ့လား" ဟူ၍လည်းကောင်း သံသယ ဝင်ရောက်လာလေ၏။ သံသယ ဝင်ရောက် လာသည်နှင့်အမျှ အညတရ ရဟန်း၏စိတ်သည် ပျံ့လွင့်လာ၏။ အမှန်အားဖြင့် သံသယနှင့် စိတ်ပျံ့လွင့်မှုသည် သူ့အတွက် ဘဝမှ လွတ်မြောက်အောင် အားထုတ်ရာ၌ အတားအဆီး "သံယောဇဉ်" များ ဖြစ်ကြသည်ကိုသူမသိ။ ထိုသံယောဇဉ်များကို မဖြတ်နိုင်သေးသရွေ့ အညတရ ရဟန်းသည် ဝိပဿနာဉာဏ်စဉ်များကို ရနိုင်ရန်အကြောင်းမရှိ။ မြတ်စွာဘုရား၏ ဒေသနာတော်အရ သံသယကို ကျော်လွှန်နိုင်မှသာ ဝိပဿနာဉာဏ်စဉ်များအရ ရှေ့ဆက်ပြီး တရားအားထုတ်နိုင်မည်ဖြစ်၏။ သံသယကျော်လွှန်နိုင်ရန် အဆင့်သည် ကင်္ခါဝိတရဏဝိသုဒ္ဓိ အဆင့် မျှသာဖြစ်၏။ ကင်္ခါဝိတရဏ ဝိသုဒ္ဓိအဆင့် ဟူသည်မှာလည်း ဝိပဿနာ၏ အခြေခံမျှသာ ဖြစ်၏။

ထိုအခါ အညတရ ရဟန်းသည် စိတ်ဓာတ်ကျဆင်းလာ၏။ စိတ်ဓာတ်ကျဆင်းလျှင် သမာဓိ ပျက်တော့၏။ သမာဓိပျက်လျှင် ရှေ့ဆက်၍ တရားအားထုတ်ရန် မဖြစ်နိုင်တော့ချေ။ ထို့ကြောင့် အညတရ ရဟန်းသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ ပြန်လာပြီး မြတ်စွာဘုရားထံမှ နောက်ထပ် ကမ္မဋ္ဌာန်းတရားကို တောင်းရန် ဆုံးဖြတ်လိုက်၏။ ထိုဆုံးဖြတ်ချက်အတိုင်းပင် အညတရ ရဟန်းသည် မိမိ တရားအားထုတ်ရာ တောအုပ်မှ မြတ်စွာဘုရားထံတော်သို့ ပြန်လာလေ၏။

မြတ်စွာဘုရားကား မဟာကရုဏာရှင် ဖြစ်သည့်အားလျော်စွာ အညတရ ရဟန်းကို ဇေတဝန်ကျောင်းတော်မှ စောင့်ကြည့်နေတော် မူ၏။ ထိုအချိန်တွင် အညတရ ရဟန်း၏ သန္တာန်၌ အသိစံအာရုံ၌ ဖုံးလွှမ်းနေသော ကိလေသာမြူကို ဖယ်ရှားနိုင်လောက်သော ဉာဏ်ရွှေမှာ ရင့်ကျက်သေးသည်ကို သိမြင်တော်မူ၏။ ထို့ကြောင့် ဉာဏ်ရွှေများ ရင့်ကျက်မည့်အချိန်ကို စောင့်ကြည့်တော်မူခြင်း ဖြစ်၏။ အမှန်အားဖြင့် ဤလောက၌ အချိန်နှင့်ပတ်သက်၍ "အချိန်" အရေးပါမှုကို မြတ်စွာ ဘုရားလောက် သိသူဟူ၍ မည်သူမျှ မရှိ။ အချိန်ရောက်နေပါလျက် ရလိုသောအကျိုးကိုရအောင် အားမထုတ်ခြင်းသည် အစွန်းရောက် "သဿတ ဒိဋ္ဌိ" မည်၏။ အချိန်မရောက်သေးပါဘဲလျက် ရလိုသော အကျိုးကို အတင်းအဓမ္မ ရအောင် အားထုတ်ခြင်းသည် အစွန်းရောက် "ဥစ္ဆေဒဒိဋ္ဌိ" မည်၏။ ထို့ကြောင့် ထိုအစွန်းနှစ်ပါးမှ လွတ်သောအားဖြင့် အချိန်နှင့်အကျိုးကို အံဝင်ခွင်ကျဖြစ်အောင် ဆောင်ရွက်နိုင်မှသာ မဇ္ဈိမပဋိပဒါ ဖြစ်သည့် "သမ္မာဒိဋ္ဌိ" မည်၏။ ထို့ကြောင့် မြတ်စွာဘုရားသည် အညတရ ရဟန်းအတွက် အချိန်နှင့်အကျိုး အံဝင်ခွင်ကျ ဖြစ်မည့် အခြေအနေကို ဇေတဝန်ကျောင်းတော်မှ စောင့်ကြည့်နေခြင်းဖြစ်၏။

အညတရ ရဟန်းသည် မိမိ တရားအားထုတ်ရာ တောအုပ်မှ မြတ်စွာဘုရား သီတင်းသုံးတော်မူရာ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ လာလေ၏။ လမ်းတွင် တောမီးလောင်နေသည်ကို တွေ့၏။ ထိုအခါ အညတရ ရဟန်းသည် တောင်ကုန်းပေါ်သို့တက်၍ လောင်နေသော တောမီးကို ရှု၏။ တောမီးသည် ကြီးကြီးငယ်ငယ် လောင်စရာ ဟူသမျှကို အကုန်လောင်လေ၏။ အမှန်အားဖြင့် ဤတောမီးသည် အညတရ ရဟန်း၏ စိတ်အစဉ်ကို ဇောဓိပက္ခိယအဆင့်သို့ ရောက်အောင် တွန်းပို့လိုက်ခြင်း ဖြစ်၏။ ဤသဘောကို "ပစ္စတ်ဉာဏ်"ဟု ဆို၏။ ပစ္စတ်ဉာဏ်သည် ဓနက်တန်သဖွယ်ဖြစ်၏။ ထိုဓနက်တန်ကြောင့် အညတရ ရဟန်း၏ ဥက္ကန္ဒြေတို့သည် ဖြုန်းခနဲ ရင့်ကျက်သွား၏။ ဇောဓိပက္ခိယ အဆင့်သို့ ရောက်သွားကြ၏။ ဇောဓိပက္ခိယ ဟူသည်မှာ သစ္စာလေးပါးကို ထိုးထွင်း၍ သိစွမ်းစေနိုင်သော ဓမ္မအုပ်စု ဖြစ်၏။ အညတရ ရဟန်း၏ စိတ်အစဉ်သည် ဇောဓိပက္ခိယအဆင့်သို့ ရောက်သွားသည်နှင့်တစ်ပြိုင်နက် အသိထူးကို ရလေတော့၏။ ထိုအခါ အညတရ ရဟန်းသည် တောမီးကို တောမီးအဖြစ် မမြင်တော့၊ အရဟတ္တမဂ်အဖြစ် မြင်လေ၏။ လောင်စာများကိုလည်း လောင်စာများအဖြစ် မမြင်တော့။ ကိလေသာများ၊ သံယောဇဉ်များအဖြစ် မြင်တော့၏၊

အညတရ ရဟန်းသည် မြတ်စွာဘုရားထံတော်သို့သွားပြီး ကမ္မဋ္ဌာန်းတရားအသစ်ကိုတောင်းရန်မလိုတဲ့ သူ၏သန္တာန်၌ ကိန်းအောင်းနေသော သံသယများ၊ စိတ်ပူလွှင့်မှုများ၊ စိတ်ဓာတ်ကျဆင်းမှုများကို ပယ်သတ်ရန်သာ လိုကြောင်း သိလေပြီ။ အမှန်အားဖြင့် ဤသံသယ၊ ဤပူလွှင့်မှု၊ ဤစိတ်ဓာတ် ကျဆင်းမှုများသည် လောင်စာများသာ ဖြစ်၏။ လောင်စာရှိနေလျှင် လောင်မည့်မီးသာ လို၏။ ထို့ကြောင့် ထိုမီးကို ရအောင်ရှာရန်သာ ပဓာနဖြစ်၏။ ထို့ကြောင့် အညတရ ရဟန်းသည် မြတ်စွာဘုရားထံတော်သို့ မသွားတော့ဘဲ ဤတောင်ကုန်းပေါ်၌ပင် မလျှော့သော လုံ့လဖြင့် ဝိပဿနာရှုရန် ဆုံးဖြတ်လိုက်၏။

တရားထူးရရန် အားထုတ်ရာ၌ ရာသီဥတုသည် လည်းကောင်း၊ အစာအာဟာရသည် လည်းကောင်း၊ ပုဂ္ဂိုလ်သည်လည်းကောင်း၊ နေရာ ထိုင်ခင်းသည် လည်းကောင်း အားကြီးသော အထောက်အပံ့ ဥပနိဿယ ဖြစ်၏။ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူလျက် အညတရရဟန်းကို စောင့်ကြည့်နေသော မြတ်စွာဘုရားသည် ရောင်ခြည်တော်ဖြင့် ကိုယ်တော်တိုင် ထင်ရှားပြဘိသကဲ့သို့ ပြုတော်မူ၏။ ဤသည်မှာ ဥပနိဿယသတ္တိဖြင့် မြတ်စွာဘုရားက အညတရ ရဟန်းအား ကျေးဇူးပြုခြင်းပင် ဖြစ်၏။ လမင်းသည် တစ်ခုတည်း ဖြစ်ပါသော်လည်း ရေအိုင်ရှိရာတိုင်း၌ လမင်း၏အရိပ်သည် တစ်ပြိုင်နက်တည်း

http://www.cherrythitsar.org



ထင်သကဲ့ သို့ မဟာကရုဏာရှင် မြတ်စွာဘုရားသည်လည်း ဤကျွတ်ထိုက်သော ဝေနေယျတို့၏ ရှေ့မှောက်သို့ တစ်ပြိုင်တည်း ရောင်ခြည်တော်ဖြင့် ကိုယ်ထင်ပြတော်မူ၏။ ထို့နောက် မြတ်စွာဘုရားသည် အညတရရဟန်းအား အောက်ပါအတိုင်း ဟောကြားတော်မူရာ ဒေသနာ၏အဆုံး၌ အညတရ ရဟန်းသည် ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်တော်မူ၏။

- **အပ္ပမာဒတရားနှင့် မွေ့လျော်သော၊ ပမာဒတရား၌ ဘေးကို မြင်သော ရဟန်းသည်၊**
- **ငယ်သော သံယောဇဉ်ကိုလည်းကောင်း၊ ကြီးသော သံယောဇဉ်ကို လည်းကောင်း လောင်မြိုက်၏။ မီးသည် ငယ်သောလောင်စာကို လည်းကောင်း၊ ကြီးသောလောင်စာကိုလည်းကောင်း လောင်မြိုက်သကဲ့သို့ ပင်တည်း။**

လူသည် ဘဝ၌ အသက်ရှင်နေထိုင်ရေးအတွက် အလုပ်တစ်မျိုးမဟုတ် တစ်မျိုးလုပ်ကြရ၏။ ရဟန်းဖြစ်လျှင်လည်း ရဟန်းအလုပ်ကိုလုပ်ရ၏။ လူဖြစ်လျှင်လည်း လူ့အလုပ်ကို လုပ်ရ၏။ ထိုသို့လုပ်ခြင်း၏ ရည်ရွယ်ချက်မှာ စိတ်ချမ်းသာ ကိုယ်ချမ်းသာနှင့် အသက်ရှင် နေသွားနိုင်ရန်ဖြစ်၏။ ထိုသို့ အလုပ်ကို လုပ်ရာတွင် ပတ်ဝန်းကျင်တွင် လူသည် ပဓာနဖြစ်၏။

လူလူချင်းဆက်ဆံရာတွင် အပ္ပမာဒတရားကို အခြေခံ၍ ဆက်ဆံပါက အမြင်သည်တစ်မျိုးဖြစ်၏။ ပမာဒတရားကို အခြေခံ၍ ဆက်ဆံပါက အမြင်သည် တစ်မျိုးဖြစ်၏။ ခံစားမှုသည် တစ်မျိုးဖြစ်၏။ ပမာဒတရားဟူသည် ကောင်းမှုပြုခြင်း၌ မေ့လျော့သော အကုသိုလ်ဖြစ်၏။ အပ္ပမာဒတရားဟူသည် ကောင်းမှုပြုခြင်း၌ မမေ့မလျော့သောကုသိုလ် ဖြစ်၏။ အာရုံတစ်မျိုးတည်း။ တစ်မျိုးတည်း အာရုံဟူသည်မှာ လူပင်ဖြစ်၏။ အခြေခံသည့်တရားက နှစ်မျိုး။ တစ်မျိုးက အပ္ပမာဒ၊ အခြားတစ်မျိုးက ပမာဒ။ ထို့ကြောင့် တစ်မျိုးတည်းသော လူသည်ပင် ပမာဒနှင့် အပ္ပမာဒကိုလိုက်၍ အမျိုးမျိုး ကွဲပြားသွားရ၏။ ထို့ကြောင့် တစ်ခုတည်းကိုပင် ပညာရှိတို့က အမျိုးမျိုး ဆိုကြသည်ဟူ၍ ဆိုရိုးပြုခဲ့ကြခြင်း ဖြစ်လေ၏။ ထိုအမျိုးမျိုးတွင် အပ္ပမာဒကို အခြေခံ၍ ဖြစ်သွားသော အမျိုးမျိုးကား ကောင်းသော အမျိုးမျိုးတည်း။ ပမာဒကို အခြေခံ၍ ဖြစ်သွားသော အမျိုးမျိုးကား မကောင်းသော အမျိုးမျိုးတည်း။

အပ္ပမာဒတရားဖြင့် လူကိုကြည့်ရာတွင် လူ၌ဘာမျှမပါ။ လူသည် သူ့မူလအတိုင်း လူသာဖြစ်၏။ သူ့မူလအတိုင်းဆိုလျှင် လူသည် လူသာဖြစ်၏။ ဇကရာဇ်လည်းမဟုတ်၊ အကျဉ်းထံလည်းမဟုတ်။ ပါမောက္ခလည်း မဟုတ်၊

http://www.cherrythitsar.org



ကျောင်းသားလည်း မဟုတ်၊ သူဌေးသားလည်း မဟုတ်၊ ဆင်းရဲသားလည်း မဟုတ်။ မြန်မာလည်း မဟုတ်၊ တရုတ်လည်း မဟုတ်။ ဤကမ္ဘာမြေပေါ်၌ မိမိ၏မိခင်မှ မွေးဖွားလာသော လူတစ်မျိုးသာလည်း ဖြစ်၏။ ဤသည်မှာ အပ္ပမာဒ အပေါ် အခြေခံ၍ကြည့်ရန် "အစပျိုး" ခြင်း ဖြစ်၏။ ထိုသို့ကြည့်သောအခါ လူကို လူအတိုင်း မြင်ပါစေ၊ ယောက်ျားမိန်းမဟူ၍ပင် ခွဲပြီးမမြင်ပါစေနှင့် ဟူ၍ ကျမ်းဂန်များ၌ ဆို၏။ ဤသဘောကို နန္ဒိမိတ္တဂ္ဂါဟိ ဟူ၍ ဆို၏။

အပ္ပမာဒတရား အခြေခံဖြင့် လူကိုကြည့်သောအခါ လူကို လူအဖြစ်သာ မြင်၏။ ကြည့်သူကလည်း လူ၊ အကြည့်ခံရသူကလည်း လူ၊ တာခြားနားသနည်း။ လူလူချင်း အတူတူပင်ဖြစ်၏။ ထိုအခါ ဗြဟ္မစိုရ်တရားသည် ဖြစ်ပေါ်လာ၏။ ဗြဟ္မစိုရ်တရား ဖြစ်ပေါ်လာလျှင် အနုမာန အကုသိုလ်သံယောဇဉ်များသည် ချုပ်ငြိမ်း၏။ ဤအဆင့်တွင် အခြေခံသော အပ္ပမာဒတရားကား အနုမာနအပ္ပမာဒ တရားဖြစ်၏။ မြင်သောမျက်စိကလည်း ပကတိမျက်စိပင် ဖြစ်၏။

ထိုနောက် ပို၍ရင့်သော အပ္ပမာဒတရားကို အခြေခံပြီး လူကို ကြည့်ပြန်သောအခါ လူကိုလူဟူ၍ပင် မမြင်တော့။ ရုပ် နာမ် ခန္ဓာများကိုသာ မြင်တော့၏။ ပုဂ္ဂိုလ် ဟူ၍လည်း မရှိတော့၊ သတ္တဝါ ဟူ၍လည်း မရှိတော့။ မူလအာရုံကတော့ လူပင် ဖြစ်၏။ အပြောင်းအလဲမရှိ။ အပ္ပမာဒတရား ရင့်ကျက်မှုနှင့် ဉာဏ်အမြင် ရင့်ကျက်မှုသာ ကွာ၏။ ဤအဆင့်တွင် မြင်သောမျက်စိကား သမာဓိဉာဏ် မျက်စိ ဖြစ်၏။ ပကတိမျက်စိ မဟုတ်တော့။ ပကတိမျက်စိ မဟုတ်သော်လည်း သမာဓိ ဉာဏ်မျက်စိသည် ပကတိမျက်စိလိုပင် ရုပ် နာမ် ခန္ဓာများကို ပြတ်ပြတ် ထင်ထင် မြင်ပါ၏။ တွေးခေါ်၍မြင်ခြင်း မဟုတ်။ ထိုအဆင့်တွင်မှ ဆိုင်ရာ ကိလေသာ သံယောဇဉ်များသည်လည်း အဆင့်လိုက် ချုပ်ငြိမ်းလေ၏။

ထိုနောက် ပို၍ ရင့်ကျက်သော အပ္ပမာဒတရားကို အခြေခံ၍ ရုပ် နာမ် ခန္ဓာများကို ကြည့်ပြန်သောအခါ ရုပ် နာမ် ခန္ဓာများကိုပင် မမြင်တော့။ ဖြစ် ပျက်ကိုသာ မြင်တော့၏။ ဤအဆင့်တွင် မြင်သောမျက်စိကား ဝိပဿနာ ဉာဏ်မျက်စိ ဖြစ်၏။ ဝိပဿနာ ဉာဏ်မျက်စိသည်လည်း ပကတိ မျက်စိလိုပင် မြင်ပါ၏။ တွေးခေါ်၍မြင်ခြင်းမဟုတ်။ ထိုအဆင့်တွင်မှ ဆိုင်ရာကိလေသာ သံယောဇဉ်များသည်လည်း အဆင့်လိုက် ချုပ်ငြိမ်းသေး၏။

ထိုနောက် ပို၍ရင့်ကျက်သော အပ္ပမာဒတရားကို အခြေခံ၍ ဖြစ်ပျက်ကို ကြည့်ပြန်သောအခါ ဖြစ်ပျက်ကိုပင် မမြင်တော့ဘဲ ဖြစ်ပျက်တို့၏ ကုန်ဆုံးရာ နိဗ္ဗာန်ကို မြင်တော့၏။ မြင်သောမျက်စိကား အရဟတ္တမဂ်ဉာဏ် မျက်စိတည်း။ အရဟတ္တမဂ်ဉာဏ် မျက်စိသည်လည်း ပကတိမျက်စိလိုပင် နိဗ္ဗာန်ကို ပြတ်ပြတ်

http://www.cherrythitsar.org



ထင်ထင်မြင်ပါ၏။ မွန်းတည့်ချိန် အလင်းရောင်၌ မြင်ခြင်းမျိုးဖြစ်၏။ ထိုအခါ ကိလေသာ သံယောဇဉ်ဟူသမျှသည် ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ အကြွင်းမဲ့ ချုပ်ငြိမ်းလေ၏။ ဤသည်မှာ အပ္ပမာဒတရားကို အခြေခံ၍ လူကို ကြည့်ရာမှ ဗြဟ္မစိုရ်အဆင့်မှသည် အရဟတ္တမဂ် အဆင့်တိုင်အောင် အဆင့်ဆင့်သော ကုသိုလ်တရားများ ဖြစ်ပွားလာပုံ ဖြစ်၏။

တစ်ဖန် ပမာဒတရားကို အခြေခံ၍ လူကိုကြည့်ပြန်သောအခါ လူကို လူအဖြစ် မမြင်တော့ဘဲ တောရာဇ်အဖြစ်လည်း မြင်တတ်၏။ အကျဉ်းစံအဖြစ်လည်း မြင်တတ်၏။ သူဌေးအဖြစ်လည်း မြင်တတ်၏။ ပါမောက္ခအဖြစ်လည်း မြင်တတ်၏။ ကျောင်းသားအဖြစ်လည်း မြင်တတ်၏။ မြန်မာအဖြစ်လည်း မြင်တတ်၏။ တရုတ်အဖြစ်လည်း မြင်တတ်၏။ ထိုသို့မြင်သောအခါ မြင်သူနှင့် အမြင်ခံရသူတို့သည် အချင်းချင်းမတူဘဲ ကွဲပြားခြားနားသွားကြ၏။ ကွဲပြားခြားနားသွားသည်နှင့် တစ်ပြိုင်နက် သူ့အုပ်စုနှင့် ငါ့အုပ်စုသည် ဖြစ်ပေါ်လာ၏။ ငါ့အုပ်စုကို ချစ်၏၊ မြတ်နိုး၏၊ အားကိုး၏။ သူ့အုပ်စုကို မုန်းတီး၏၊ ရွံရှာ၏၊ ပျက်စီးစေလို၏။ ဤသည်မှာ ပမာဒတရားကို အခြေခံ၍ လူကို ကြည့်ရာမှ အဆင့်ဆင့်သော အကုသိုလ် သံယောဇဉ်များ ဖြစ်ပွားလာပုံကို ဖော်ပြခြင်းဖြစ်၏။ ဤဒေသနာတော်အရပင် အညတရရဟန်းသည် ပဋိသမ္ဘိဒါလေးပါးနှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်တော်မူသွား၏။

လူ့လောကတွင် နေရသူများသည် နေ့စဉ်ပင် လူများကို ကြည့်နေရ၏။ ထိုသို့ ကြည့်နေရသောအခါ အပ္ပမာဒတရားကို အခြေခံ၍ကြည့်ပါလျှင် ဗြဟ္မစိုရ်တရားမှသည် အရဟတ္တဖိုလ်တိုင်အောင်သော တရားမြတ်များကိုရရှိ၏။ ပမာဒတရားကို အခြေခံ၍ကြည့်ပါက လောဘအုပ်စုရှိ ချစ်ခြင်း "တဏှာ"၊ မြတ်နိုးခြင်း "မာန"၊ အားကိုးခြင်း "ဒိဋ္ဌိ" တို့သည်လည်းကောင်း၊ ဒေါသအုပ်စုရှိ မုန်းတီးခြင်း "ဒေါသ"၊ မိမိထက်သာသွားမှာကို စိုးရိမ်ခြင်း "ဣဿာ"၊ မိမိကသာ အမြဲတမ်း အပေါ်စီးရယူလိုခြင်း "မစ္ဆရိယ" တို့သည်လည်းကောင်း မဖြစ်မနေ ပေါ်ပေါက်လာမည် ဖြစ်၏။

ထို့ကြောင့် မိမိပတ်ဝန်းကျင်ရှိ လူကို ကြည့်ရာတွင် အပ္ပမာဒတရားကို အခြေခံ၍ ကြည့်ပါမှ မိမိသည်လည်းကောင်း၊ လောကသည် လည်းကောင်း ငြိမ်းချမ်းပေလိမ့်မည်၊ မဂ်ဖိုလ်အဆင့်ကိုမရစေကာမူ ဗြဟ္မစိုရ်အဆင့်ကို ရလျှင်ပင် ဤလောကသည် နေချင့်စဖွယ် ဖြစ်လာပေလိမ့်မည်။ ပမာဒတရားကို အခြေခံ၍ ကြည့်ပါမူကား ဤလောကသည် ငရဲလောကနှင့် သိပ်ပြီး ခြားနားလှမည်မဟုတ်။ ထို့ကြောင့် လူကိုကြည့်ရာတွင် အပ္ပမာဒတရားဖြင့်ကြည့်ရန် မြတ်စွာဘုရားက

http://www.cherrythitsar.org



ဤဂါထာကို ဟောကြားတော်မူခြင်းဖြစ်ပါ၏။ လူကို အပ္ပမာဒတရားဖြင့်ကြည့်တတ်လိုပါက သင်္ခါရတရားတို့၏ မမြဲသော သဘောကို နားလည်ရန်လိုကြောင်း—

ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ

ဟူ၍ ဟောကြားတော်မူခဲ့ခြင်းဖြစ်ကြောင်း မှတ်သားအပ်ပါ၏။ အမှန်အားဖြင့် လောကဟူသည် တရားကိုယ်အားဖြင့် သင်္ခါရတရားများသာတည်း။

# နိဂမဝါသီတိဿ မထေရ်

ဤဖြစ်ရပ်သည်လည်း မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်ကာလက ဤကမ္ဘာမြေအပြင်၌ တကယ်ပင်ဖြစ်ခဲ့သောဖြစ်ရပ်ဖြစ်၏။ ထိုစဉ်ကာလက မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူ၏။ နိဂုံးသားတစ်ယောက်သည် မြတ်စွာဘုရား ထံတော်၌ ရဟန်းပြု၏။ သူ၏အမည်ရင်းမှာ တိဿဖြစ်၏။ တိဿသည် ဇေတဝန်ကျောင်းတော်၌ပင် ရဟန်းဝါ ၅ ဝါ ရသည်အထိ ပရိယတ္တိကိုသင်ယူ၏။ ထို့နောက်မြတ်စွာဘုရားထံမှ ကမ္မဋ္ဌာန်းတရားကို တောင်းယူ၍ သူ၏မွေးဖွားရာ နိဂုံး၌ပင် ပြန်၍ သီတင်းသုံး၏။ တရားအားထုတ်၏။

တိဿသည် အမည်ရင်း ဖြစ်၏။ ထိုနိဂုံး၌ပင် ဖွားမြင်ခဲ့၏။ ထိုနိဂုံး၌ပင် ကြီးပြင်းခဲ့၏။ ရဟန်းဖြစ်ပြန်တော့လည်း သူ၏ဇာတိ နိဂုံး၌ပင် ပြန်၍ တရားအားထုတ်၏။ သာဝတ္ထိပြည်၌ အနာထပိဏ် သူဌေးကြီးကလည်း အလှူကြီးများကို ပေး၏။ ထိုအလှူသို့လည်း တိဿမထေရ် မကြွလာ။ ဝိသာခါကလည်း အလှူကြီးများကို ပေးပါ၏။ ထိုအလှူသို့လည်း တိဿမထေရ် မကြွလာ။ ကောသလမင်းကြီးကလည်း အသဒိသ အလှူတော်ကြီးကို ပေးပါ၏။ ထိုအလှူသို့လည်း တိဿမထေရ်သည် ကြွလာခြင်း မရှိ။ အသဒိသအလှူ ဟူသည်မှာ နှယ်နှယ်ရရ အလှူမျိုးမဟုတ်၊ ဘုရားရှင် တစ်ဆူတစ်ဆူတို့၏ လက်ထက်တော်၌ တစ်ကြိမ်တစ်ကြိမ်သာ ပေါ်ပေါက်ရိုးဖြစ်သော အလှူမျိုး ဖြစ်၏။ ထို့ကြောင့် ထိုအလှူမျိုးသည် အံ့ဖွယ်ဖြစ်သဖြင့် တိဿမထေရ်သည် လာရောက်သင့်ပါ၏။ သို့ပါလျက် တိဿမထေရ်သည် လာရောက်ခြင်း မရှိ။ တိဿမထေရ်ကား အလွန်အံ့ဩဖွယ်ကောင်းသော မထေရ်ပါတကား။

ထိုအခါ အခြားရဟန်းများ၏ စိတ်၌ တိဿမထေရ်အပေါ် အမြင်တစ်မျိုး

http://www.cherrythitsar.org



မြင်လာ၏။ တိဿမထေရ်သည် မိမိ၏ဓာတ်ကို တွယ်တာလွန်း၏။ မိမိ၏ ဆွေမျိုးများအပေါ် သံယောဇဉ် ဖြစ်လွန်း၏။ ကောသလမင်းကြီး၏ အသဒိသ အလှူမျိုးသို့ပင် မလာရောက်နိုင်လောက်အောင် မိမိ၏ဓာတ်ကို ခဏလေးမျှ မခွဲနိုင် မခွဲရက်ဖြစ်နေသည်မှာ ရဟန်းတစ်ပါးအနေဖြင့် မသင့်။ အခြားရဟန်းများက တိဿမထေရ်အပေါ် ဤသို့ အမြင်မှားကြ၏။ ဤသို့ အမြင်မှားခြင်းကို အကြောင်းပြု၍ တိဿမထေရ်ကို ထုံးစံအတိုင်း တိဿမထေရ်ဟု မခေါ်တော့ဘဲ တိဿ၏ရှေ့၌ "နိဂမဝါသီ" ဟူသောဝေါဟာရကို ဖြည့်စွက်၍ "နိဂမဝါသီမထေရ်" ဟုခေါ်ကြ၏။ နိဂမဝါသီ၏အနက်မှာ နိဂုံး၌သာ နေသူဟူ၍ ဖြစ်၏။ အခြားရဟန်းများက တိဿမထေရ်အပေါ် အမြင်မှားခြင်းကို အကြောင်းပြု၍ နိဂမဝါသီဟု ခေါ်ဝေါ်သမုတ်ရာမှ တိဿမထေရ်သည် "နိဂမဝါသီတိဿမထေရ်" ဟူ၍ အမည်တွင်လာခြင်း ဖြစ်သည်။

အမှန်အားဖြင့် တိဿမထေရ်သည်အများထင်သလို မိမိ၏ဓာတ်၊ မိမိ၏ ဆွေမျိုးများကို တွယ်တာလွန်းသူ မဟုတ်၊ သံယောဇဉ်ဖြစ်လွန်းသူ မဟုတ်။ ခဏလေးမျှ မခွဲနိုင် မခွာရက်ဖြစ်သူ မဟုတ်။ တိဿမထေရ်သည် အရာရာ၌ တွယ်တာမှုကိုဖြတ်ရန် ကြိုးပမ်းနေသူဖြစ်၏။ သံယောဇဉ်ကိုဖြတ်ရန် အားထုတ်နေသူ ဖြစ်၏။ မခွဲနိုင် မခွာရက်ဖြစ်မှုကို ပယ်သတ်ရန် ကြိုးစားနေသူ ဖြစ်၏။ ထို့ကြောင့် တိဿမထေရ်သည် အနာထပိဏ်သူဌေးကြီး၏ အလှူသို့ မလာခြင်း ဖြစ်၏။ ဝိသာခါ၏ အလှူသို့ မလာခြင်းဖြစ်၏။ ကောသလမင်းကြီး၏ အသဒိသအလှူသို့ မလာခြင်း ဖြစ်၏။ ဤသဘောမျိုးကို ကျေးဇူးကန်းခြင်းဟူ၍ မဆိုရ၊ စိမ်းကားခြင်းဟူ၍ မဆိုရ။ အမှန်အားဖြင့် ကျေးဇူးဆပ်ရန် အားထုတ်နေခြင်းသာ ဖြစ်၏၊ ပြုပြင်ရှုပ်ပွားရန် ကြိုးပမ်းနေခြင်းသာ ဖြစ်၏။

ဤသဘောမျိုးကို ကျမ်းဂန်များ၌ တောင်ခြေတစ်ခုလုံးကို မြင်နိုင်ရန် တောင်ထိပ်သို့ တက်နေခြင်း "ပဗ္ဗတဋ္ဌ" ဟူ၍လည်းကောင်း၊ ပြာသာဒ်ခြေရှိ အရာဝတ္ထုအားလုံးကို မြင်နိုင်ရန် ပြာသာဒ်ထက်သို့ တက်နေခြင်း "ပါသာဒဋ္ဌ" ဟူ၍လည်းကောင်း ဆိုပါ၏။ အမှန်အားဖြင့် တောင်ထိပ်သို့ရောက်ပါမှ တောင်ခြေရှိ အရာဝတ္ထုများကို မြင်ပြီး လိုအပ်သမျှ ညွှန်ကြားနိုင်မည်ဖြစ်၏။ ပြာသာဒ်ထက်သို့ ရောက်ပါက ပြာသာဒ်ခြေရှိ အရာဝတ္ထုများကိုမြင်ပြီး လိုအပ်သလို ညွှန်ကြားနိုင်မည် ဖြစ်၏။ ထို့အပြင် တရားကိုမြင်သူသာ ဘုရားကို မြင်သူမည်၏ ဟူ၍ ဆိုလေရာ ဘုရားကို ပကတိမျက်စိဖြင့် မြင်အောင် အားထုတ်ခြင်းဟူသည်မှာ မြတ်စွာဘုရား ဟောကြားတော်မူသည့်အတိုင်း လိုက်နာကျင့်ကြံခြင်းသာ ဖြစ်၏။ ဤသို့ လိုက်နာကျင့်ကြံခြင်းကိုသာ မြတ်စွာဘုရားအပေါ်၌

http://www.cherrythitsar.org



လည်းကောင်း၊ လောကအပေါ်၌လည်းကောင်း ကျေးဇူးဆပ်ခြင်းဟူ၍ ဆိုရ၏။ လောကအပေါ် ပြုဟူစိုက်ပျိုးခြင်း ဟူ၍လည်း ဆိုရ၏။ ဤသဘောကို တိဿမထေရ်သည် သိ၏။

တိဿမထေရ်သည် အနာထပိဏ်သူဌေး၏ အလှူသို့ သွားခြင်း၌ ကုန်သွားမည့်အချိန်များကို လည်းကောင်း၊ ဝိသာခါကျောင်းအမ၏ အလှူသို့ သွားခြင်း၌ ကုန်သွားမည့် အချိန်များကိုလည်းကောင်း၊ ကောသလမင်းကြီး၏ အသဒိသ အလှူတော်ကြီးသို့ သွားခြင်း၌ ကုန်သွားမည့်အချိန်များကို လည်းကောင်း တွက်ချက်၍ ထိုအချိန်များကို တရားအားထုတ်ခြင်း၌ အသုံးချ၏။ အချိန်ကို မှန်ကန်စွာ အသုံးချတတ်ဖို့ လို၏။ အချိန်မကျသေးပါဘဲ လျက် အသုံးချမိပါကလည်း ဥစ္စာဒိဋ္ဌိသဘောသက်ရောက်၍ ပျက်စီးတတ်၏။ အချိန် ကျနေပါလျက် အသုံးမချမိပါကလည်း သဿတဒိဋ္ဌိသဘော သက်ရောက်၍ ပျက်စီးတတ်၏။ အချိန်ကို အံဝင်ခွင်ကျ သုံးတတ်ပါမှ သမ္မာဒိဋ္ဌိသဘော သက်ရောက်၍ အကျိုးရှိ၏။ ဤသဘောကို တိဿမထေရ် သိ၏။ ထို့ကြောင့် တိဿမထေရ်သည် အချိန်ကို မှန်ကန်စွာအသုံးချတတ်သဖြင့် သာသနာ့ မှတ်တမ်း ဖြစ်သော ပိဋကတ်တော်၌ ဤသို့ မှတ်တမ်းတင်ခံရခြင်းဖြစ်၏။

**နိဂမဝါသီ တိဿမထေရ်သည် အလိုနည်း၏၊ ရောင့်ရဲလွယ်၏၊ ဆိတ်ငြိမ်ရာ၌ မွေ့လျော်၏၊ အားထုတ်အပ်သော လုံ့လဝီရိယ ရှိ၏။**

ထူးခြားသော အသိဉာဏ်ကို ရခြင်း၌ ပတ်ဝန်းကျင်သည်လည်းကောင်း၊ ရာသီဥတုသည်လည်းကောင်း၊ အစာအာဟာရသည် လည်းကောင်း၊ နေထိုင်ရာ နေရာသည် လည်းကောင်း အားကြီးသောအကြောင်း ဖြစ်၏။ အားကြီးသော အထောက်အပံ့ဖြစ်၏။ ဤသို့ ပဋ္ဌာန်းပါဠိတော်ဥပနိဿယပစ္စည်းခန်း၌ လာ၏။ ထိုသဘောကိုလည်း တိဿမထေရ် သိ၏။ အမှန်အားဖြင့် ဤဒေသ ဤမျိုးနွယ်စု ၌ လူဖြစ်လာရခြင်းသည် အကြောင်းမဲ့ မဟုတ်။ မိမိ၏ အတိတ်ကံအရ ဤ ပတ်ဝန်းကျင်၊ ဤ ရာသီဥတု၊ ဤအစာအာဟာရ၊ ဤကျောင်းသခ်မ်း၊ ဤမြေ ဤရေ ဤလေတို့က ဥပနိဿယပစ္စည်းအနေဖြင့် မိမိအပေါ် ကျေးဇူးပြုလိုက်ခြင်း ဖြစ်သည်ဟု တိဿမထေရ် သိ၏။

ထိုကျေးဇူးကို တိဿမထေရ် ပြန်လည် ပေးဆပ်ရမည်ဖြစ်၏။ ထို့အပြင် ငယ်စဉ်ကာလကစ၍ သူသိထားသော အဆိုအမိန့်တစ်ခု ရှိ၏။ ထိုအဆိုအမိန့်မှာ–

**"ယေသမှာ သမ္မေဝှာ ဝိဂုဏော၊ ပရေမှာ သုနန္ဒိတော။**

**သမေမွှာ၊** မိမိ၏အမျိုး, မိမိ၏ရပ်ရွာ, မိမိနိုင်ငံ, မိမိတို့၏ ရိုးရာ ယဉ် ကျေးမှုသည်။ **ဝိဂုဏော၊** ဂုဏ်မဲ့နေသည်ဟု ထင်ရစေကာမူ။ **သုနန္ဒိတော၊** အဆ

http://www.cherrythitsar.org



များစွာ ပို၍ တိုးတက်နေသည်ဟု ထင်ရသော။ **ပရဓမ္မာ**၊ သူတစ်ပါး အမျိုး၊ သူတစ်ပါးရပ်ရွာ၊ သူတစ်ပါးနိုင်ငံ၊ သူတစ်ပါးတို့၏ ယဉ်ကျေးမှုထက်။ **သေယျော**၊ မြတ်၏။"

ဟူ၍ ဖြစ်၏။ ထိုအဆိုအမိန့်သည် တိဿမထေရ်၏စိတ်ထဲ၌ စွဲနေ၏။ ဤဒေသ၊ ဤနိဂုံး၊ ဤမိဘမျိုးနွယ်၌ လူလာဖြစ်ရခြင်းသည် ဤဒေသ၊ ဤနိဂုံး၊ ဤမိဘမျိုးနွယ်တို့၏ အကျိုးစီးပွားကို ဆောင်ရွက်ရန် ကံတရားက တာဝန်ပေးလိုက်ခြင်း ဖြစ်၏။ အကယ်၍ မိမိ၏အကျိုးစီးပွားကိုသာ ရှေးရှု၍ ဤဒေသထက် သာယာကောင်းမွန်သော အခြားဒေသသို့ သွားနေမည်ဆိုလျှင် မိမိသည် မိမိ၏ တာဝန်းတာဝန်ကို ကျေပွန်အောင် ဆောင်ရွက်နိုင်သူ မဖြစ်နိုင်။ မိမိ၏ဒေသကို အထင်သေးပြီး သူတစ်ပါး၏ဒေသကို အထင်ကြီးသူသာ ဖြစ်ချေသည်။ ထို့အပြင် လူဖြစ်လာမှုအတွက် မိမိအပေါ် များစွာကျေးဇူးပြုခဲ့သော ဤဒေသ၊ ဤနိဂုံး၊ ဤဆွေမျိုး၊ ဤမိဘတို့အပေါ် ကျေးဇူးကန်းရာသော ရောက်ချေမည်။ ဤသို့ တိဿမထေရ်သည် ခံယူ၏။

တိဿမထေရ်သည် မိမိ၏တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်လိုသူ ဖြစ်၏။ ယန္တရားတစ်ခုတွင် ခွေးသွားစိပ်တာဝန်ကိုသာ စွမ်းစွမ်းတမံ ကျေပွန်စွာ ထမ်းဆောင်ပါက ယန္တရားတစ်ခုလုံးသည်လည်း ကောင်းမွန်စွာ လည်ပတ်နိုင်မည် ဖြစ်သောကြောင့် ခွေးသွားစိပ်က ယန္တရားအပေါ် ကျေးဇူးဆပ်ရာ ရောက်၏။ အမှန်အားဖြင့် လောက၏အကျိုး အတွက် ဆောင်ရွက်ခြင်းဟူသည် ခွေးသွားစိပ်လို မိမိ၏တာဝန်ကို ကျေပွန်စွာ စွမ်းစွမ်းတမံ ဆောင်ရွက်ခြင်းပင်ဖြစ်၏။ မိမိ၏တာဝန်ကိုဂုဏ်မဲ့သည်ထင်ပြီး သူတစ်ပါး၏တာဝန်ကို သွားရောက်ဆောင်ရွက်ခြင်းသည်သာလျှင် လောက၏အကျိုးမဲ့ကို ပြုရာရောက်၏။

ထို့ကြောင့် တိဿမထေရ်သည် သူ့ဒေသ၊ သူ့နိဂုံး၊ သူ့ဆွေမျိုး၊ သူ့မိဘတို့၏ ကျေးဇူးကို စွမ်းစွမ်းတမံ ကျေပွန်စွာ ဆောင်ရွက်နိုင်ရန် သူ့တာဝန်ကို သူ စွမ်းစွမ်းတမံ ကျေပွန်စွာဆောင်ရွက်ရမည်ဖြစ်၏။ တိဿမထေရ်၏ တာဝန်ကား တရားအားထုတ်ဖို့ ဖြစ်၏။ ထို့ကြောင့် တိဿမထေရ်သည် မည်သည့် ဒေသသို့မျှ မသွားဘဲ အချိန်ပြည့် တရားအားထုတ်ခြင်း ဖြစ်၏။ မိမိတာဝန်ကို မိမိ ကျေပွန်စွာ ဆောင်ရွက်ခြင်းသည် ဆိုင်ရာလောကအပေါ် ကျေးဇူးဆပ်ခြင်းပင် ဖြစ်၏။ သူတစ်ပါးတာဝန်ကို ဝင်ရောက်ဆောင်ရွက်ခြင်းသည်သာ ဆိုင်ရာ လောကအပေါ် ကျေးဇူးကန်းခြင်း ဖြစ်၏။ အမှန်အားဖြင့် ခွေးသွားစိပ်သည် ခွေးသွားစိပ်တာဝန်ကို မဆောင်ရွက်လျှင်ဖြစ်စေ၊ ယန္တရား၏ အခြားအစိတ်အပိုင်းတစ်ခု တာဝန်ကို ဝင်ရောက်ဆောင်ရွက်လျှင်ဖြစ်စေ ထိုယန္တရားသည်

မည်သည့်နည်းနှင့်မျှ ကောင်းမွန်စွာ လည်ပတ်နိုင်မည်မဟုတ်ပေ။ ထိုအခါ ဖွေးလွှားခိုင်လည်း ယန္တရားအပေါ် ကျေးဇူးမဲ့ကို ပြုရာရောက် ပါ၏။ ဤသို့ တိဿမထေရ် နားလည်၏။ နားလည်သည့်အတိုင်းလည်း တိဿမထေရ်သည် လိုက်နာ ကျင့်သုံး၏။

သတ္တဝါတို့၏ဘဝတွင် အသက်မွေးမြူမှုသည် အရေးကြီး၏။ အသက် မွေးမြူမှုကို ဝမ်းရေးဟုဆို၏။ ဝမ်းရေးသည် ပစ္စည်းဥစ္စာရရှိမှုနှင့်လည်း စပ်၏။ အများက အသိအမှတ်ပြု ခံရမှုနှင့်လည်း စပ်၏။ ထင်ရှားကျော်စောမှုနှင့်လည်း စပ်၏။ ပစ္စည်းဥစ္စာ ရရှိမှုကို "လာဘ" ဟု ခေါ်၏။ အများက အသိအမှတ်ပြု ခံရမှုကို "သက္ကာရ" ဟု ခေါ်၏။ ထင်ရှားကျော်စောမှုကို "သိလောက" ဟု ခေါ်၏။

အကယ်၍ ဝမ်းရေးအတွက် ပစ္စည်းဥစ္စာများကို ရှာဖွေရာ၌ဖြစ်စေ၊ အများက အသိအမှတ်ပြုခြင်း ခံရမှုအတွက် အားထုတ်ရာ၌ဖြစ်စေ၊ ထင်ပေါ် ကျော်စောမှုကိုရရှိအောင် ဆောင်ရွက်ရာ၌ဖြစ်စေ ဒုစရိုက်နည်းကိုမသုံးဘဲ မျှတရုံမျှနှင့်သာ ကျေနပ်မည်ဆိုလျှင်၊ ထိုသို့ကျေနပ်ခြင်းသည်လည်း စိတ်တိုင်း ကျဖြစ်မည်ဆိုလျှင် ဝမ်းရေးသည် သမ္မာအာဇီဝ ဖြစ်၏။ ထိုသို့မဟုတ်ဘဲ ထိုထက်ပို၍ရအောင် ကြိုးပမ်းမည်ဆိုလျှင် ဝမ်းရေးသည် မိစ္ဆာအာဇီဝသို့ ဦးတည် ၏။ မိစ္ဆာအာဇီဝသို့ ဦးတည်သည်နှင့်တစ်ပြိုင်နက် ကာယဒုစရိုက်များကိုလည်း ကျူးလွန်ရတတ်၏။

ဒုစရိုက်များကို ကျူးလွန်ခြင်းအားဖြင့် ပစ္စည်းဥစ္စာများကို ကုဋေကုဋာချီ၍ ရချင်ရမည်။ တစ်ကမ္ဘာလုံးက ဝိုင်းဝန်း၍ မြှောက်ပင့်ချီးကျူးခြင်းကို ခံရလျှင် ခံရမည်။ ကမ္ဘာတစ်ဝန်းလုံး၌ လျှမ်းလျှမ်းတောက် ထင်ရှားကျော်စောခြင်းကို ရချင်ရမည်။ သို့ရာတွင် မည်သို့ပင်ရစေကာမူ ထိုသို့ရခြင်းအားဖြင့် အရိယသစ္စာ ကို သိဖို့တော့ ဝေးလွှားလေ၏။ အရိယသစ္စာကို မသိလျှင်လည်း စစ်မှန်သော ချမ်းသာကို ရဖို့မရှိ။

"ဒုစရိုက်များဖြင့်ရသော ပစ္စည်းဥစ္စာများသည် လည်းကောင်း၊ လေးစားမှုများသည် လည်းကောင်း၊ ထင်ရှားကျော်စောမှုများသည် လည်းကောင်း လောကချမ်းသာကို ပေးနိုင်၏" ဟူ၍ ဆိုစေဦးတော့၊ ထိုလောကချမ်းသာသည် မိမိကိုယ်ကို ထူးမြိုရန် သောတာပတ္တိမဂ်ဖြင့် ဒုက္ခဒေါမနဿတို့ကို မိမိနှင့်အတူ မိမိ၏ဝမ်းဗိုက်ထဲ၌ပင် တစ်ပါတည်း သယ်ယူလာ၏။ ဤသည်မှာ မိစ္ဆာအာဇီဝ၏ ဓမ္မတာ ဖြစ်၏။ ဤဓမ္မတာကို တိဿမထေရ် သိ၏။

သမ္မာအာဇီဝ ဟူသည် ဓမ္မမဝဋ္ဋိပဒါ သဘောအရ ဝမ်းရေး၌ တကယ်

http://www.cherrythitsar.org



တမ်း စစ်မှန်သောချမ်းသာကိုလိုပါက လိုသောသူမည်သူမဆို အယုတ် အလွန်မရှိ မျှတရုံနှင့်သာကျေနပ်ရ၏။ ကျေနပ်ခြင်း၌လည်း စိတ်တိုင်းကျဖြစ်ရ၏။ အကယ်၍ အယုတ်အလွန် ရှိလာပြီဆိုလျှင် ထိုသို့ ရှိလာသည်နှင့်တစ်ပြိုင်နက် တကယ်တမ်း စစ်မှန်သောချမ်းသာကို မရတော့။ သောကပရိဒေဝ ဒုက္ခဒေါမနဿတို့ခြံရံသော ချမ်းသာကိုသာ ရမည်ဖြစ်၏။ ထိုချမ်းသာမျိုးကိုတော့ တိဿမထေရ် မလိုချင်။ တကယ်တမ်း စစ်မှန်သော ချမ်းသာကိုသာ လိုချင်၏။ ထို့ကြောင့် တိဿမထေရ်သည် မဂ္ဂင်ရှစ်ပါးတွင် အခြေခံအနေဖြင့် "ဝမ်းရေး" နှင့်ပတ်သက်သော သမ္မာအာဇီဝမဂ္ဂင်ကို ကျင့်သုံးခြင်း ဖြစ်၏။ အခြားအရေးများသည် ဝမ်းရေးအပေါ်၌ အခြေခံကြသည်ဖြစ်လေရာ ဝမ်းရေးကိုနိုင်လျှင် အခြားအရေးများကိုလည်း နိုင်ဖို့ သေချာ၏။

ထို့ကြောင့် တိဿမထေရ်သည် သူ၏မွေးဖွားရာဇာတိ ဖြစ်သော နိဂုံး၌ ပစ္စည်းလေးပါး ရရှိမှုနှင့်လည်းကောင်း၊ အများက အသိအမှတ်ပြုခြင်း ခံရမှုနှင့်လည်းကောင်း၊ ထင်ရှားကျော်စောမှုနှင့်လည်းကောင်း ပတ်သက်၍ သူ့လုပ်ငန်းအတွက် မျှတရုံမျှနှင့် ကျေနပ်၏။ ထိုသို့ ကျေနပ်ရခြင်း၌လည်း စိတ်တိုင်းကျပင်ဖြစ်၏။ ဤသည်မှာ တိဿမထေရ်အနေဖြင့် သမ္မာအာဇီဝ မဂ္ဂင်လမ်းပေါ်၌ လျှောက်ခြင်းဖြစ်၏။ သမ္မာအာဇီဝမဂ္ဂင်လမ်းပေါ်၌ တည့်တည့်မတ်မတ် လျှောက်နိုင်လျှင် ကျန်သောမဂ္ဂင်များသည်လည်း သမ္မာအာဇီဝမဂ္ဂင်နှင့် ပူးပေါင်းပြီး အရိယသစ္စာဉာဏ်သည် မုချမသွေ ပေါ်လာမည်ဖြစ်၏။ ထို အခါသမယကို တိဿမထေရ်သည် ငံ့လင့်၏။

ဤမြေ၌နေ၍ ဤရေကိုသောက်ပြီး ဤလေကိုရှူကာ ဤနိဂုံး၏ဆွမ်းကိုစားပြီး အသက်ရှင်ခဲ့ရသော တိဿမထေရ်အနေဖြင့် ဤမြေ၊ ဤရေ၊ ဤလေ၊ ဤနိဂုံး၏အကျိုးစီးပွားကိုမှ မဆောင်ရွက်လျှင် အခြားမည်သူ မည်သူက ဝင်ရောက်၍ ဆောင်ရွက်ပေးလိမ့်မည်နည်း။ ဤသို့ တိဿမထေရ် စဉ်းစားပြီး ဤမြေ၊ ဤရေ၊ ဤလေ၊ ဤနိဂုံး၏ အကျိုးစီးပွားကို ဆောင်ရွက်ရန် ဤနိဂုံးမှ မခွာဘဲ အချိန်ပြည့် တရားအားထုတ်ခြင်း ဖြစ်လေ၏။ အမှန်အားဖြင့် တိဿမထေရ်သည် သူ့ဒေသ၏ကျေးဇူးကို အလွန်သိသူ ဖြစ်၏။ သူ မှီတင်းနေထိုင်ရာဒေသ၏ ကျေးဇူးကိုသိခြင်း ဟူသည်မှာ သူ့တာဝန်ကိုသူ ကျေပွန်စွာ ထမ်းရွက်ခြင်းပင် ဖြစ်၏။ မိမိ၏တာဝန်ကို မိမိ ကျေပွန်စွာ ထမ်းဆောင်ခြင်းသည် မိမိဆိုင်ရာ ဒေသအပေါ် ကျေးဇူးဆပ်ခြင်း မည်ပါ၏။ ဤသို့ တိဿမထေရ်က နားလည်ထား၏။

"လောကသည် အကန်းဖြစ်၏" ဟူ၍ မြတ်စွာဘုရားက ဟောကြားတော်

http://www.cherrythitsar.org



မှုထား၏။ မျက်မမြင်ပုဏ္ဏားသည် ဆင်ကိုစမ်းသောအခါ ဆင်၏အစွယ်ကို စမ်းမိ၏။ ထိုအခါ သူ၏ကိုယ်တွေ့သိအရ 'ဆင်ဟူသည် သန်လျက်နှင့်တူ၏' ဟူ၍ အနိုင်အမာ ဆိုလေ၏။ သူ၏ကိုယ်တွေ့ အသိသည် မပြည့်စုံသည်ကို မျက်မမြင်ပုဏ္ဏား သဘောမပေါက်။ သဘောမပေါက်သောအခါ သူ၏ကိုယ်တွေ့ အသိကို သူ၏ကိုယ်တွေ့အရ အနိုင်အမာဆုံး၊ အပြည့်စုံဆုံးအဖြစ် သတ်မှတ်၍ 'ဆင်ဟူသည် သန်လျက် နှင့်တူသည်' ဟု ဆိုခြင်း ဖြစ်လေ၏။ ဤသည်မှာ အသိမရင့်ကျက် သူတို့၏ မစွမ်းတာဖြစ်၏။

ဤနည်းအတူပင် အခြားရဟန်းများက အသိမရင့်ကျက်သူများပီပီ တိဿမထေရ်အား ဆွေမျိုးများကို တွယ်တာသူ၊ မိမိ၏ဇာတိကို သိယောဇဉ် ကြီးသူ၊ ခဏကလေးတောင်မှ မခွဲနိုင် မနွာရက်သူအဖြစ် စွပ်စွဲ၍ မြတ်စွာဘုရားအား လျှောက်ထားကြ၏။ မြတ်စွာဘုရားကား တိဿမထေရ်၏ ခံယူချက်ကို သိတော်မူ၏။ ထိုသို့ သိတော်မူသော်လည်း အများသံသယ ရှင်းစိမ့်သောငှာ တိဿမထေရ်ကို အများ၏ရှေ့တော်မှောက်သို့ ခေါ်တော်မူ၍ မေးရ၏။ ထိုအခါ တိဿမထေရ်က ဖြစ်ရပ် အစုံအလင်ကို အများ၏ရှေ့မှောက်၌ မြတ်စွာဘုရားအား လျှောက်ထားရာ မြတ်စွာဘုရားက သာဓုခေါ်တော်မူပြီး မိမိလည်း တိဿမထေရ်လိုပင် မိမိ မွေးရပ်နေထိုင်ရာဒေသအပေါ် ကျေးဇူးဆပ်ခဲ့ဖူးကြောင်းဖြင့် နဝက နိပါတ် သုဝဇာတ်ကို ဟောကြားတော်မူ၏။

# သုဝဇာတ်

လွန်လေပြီးသောအခါက ဟိမဝန္တာရှိ ဂင်္ဂါမြစ်ကမ်း၌ ရေသဖန်းပင် တစ်ပင် ရှိ၏။ ထိုရေသဖန်းပင်ကို မှီ၍ များစွာသောကျေးတို့ နေထိုင်ကြ၏။ ဘုရားလောင်းသည် ကျေးမင်းဖြစ်၏။ ရေသဖန်းသီးတို့ ကုန်လေသောအခါ ကျေးတို့သည် အခြားဒေသသို့ ပျံသွားကြကုန်၏။ ကျေးမင်းကားမပျံ၊ နေရစ်ခဲ့၏။ သဖန်းသီး ကုန်သောအခါ သဖန်းညွန့်၊ သဖန်းညွန့် ကုန်သောအခါ သဖန်းရွက်၊ သဖန်းရွက် ကုန်သောအခါ သဖန်းခေါက်တို့ကိုစား၍ ဂင်္ဂါမြစ်ရေကို သောက်ကာ နေ၏။

ထိုအခါ အာနန္ဒာလောင်းဖြစ်သော သိကြားမင်းသည် ဘုရားလောင်း ကျေးမင်း၏စိတ်ဓာတ်ကို စူးစမ်းလို၏။ ထို့ကြောင့် သိကြားမင်းသည် ရေသဖန်း ပင်ကို ခြောက်သွေ့အောင်လုပ်၏။ ကျေးမင်းသည် အခြောက်ကိုစား၏၊ ခွာ၍ မသွား။ ထိုနောက် သိကြားမင်းသည် အခြောက်ကို အမှုန့်ဖြစ်အောင် လုပ်ပြန်၏။

http://www.cherrythitsar.org



ကျေးမင်းသည် အမှုန့်ကိုပင် စား၏၊ ရွာ၍မသွား။ လေတိုက်သည်ကိုလည်းကောင်း၊ နေပူသည်ကိုလည်းကောင်း မမှုတဲ့ ရေသဖန်းပင် ငုတ်တို၌သာ နေ၏။ အခြားသို့မသွား။ ထိုအခါ သိကြားမင်းသည် ဟင်္သာအသွင်ဖန်ဆင်းပြီး ကျေးမင်းထံ လာရောက်၍ ဤသို့ ပြောဆို၏။

'ကျေးမင်း၊ ဤတော၌ စိမ်းစိုသောအရွက်ရှိသော အပင်တို့သည်လည်းကောင်း၊ များသောအသီးရှိသော အပင်တို့သည်လည်းကောင်း ရှိကြကုန်၏။ သို့ပါလျက် ဤရေသဖန်းပင် ငုတ်တို၌ ကျေးမင်း၏စိတ်သည် ဘာကြောင့် မွေ့လျော်လေဘိသနည်း'

ထိုအခါ ကျေးမင်းက 'ဤရေသဖန်းပင်သည် စည်ပင်ဝေပြော ကြီးပွားသောအခါ၌ ငါတို့သည် ပျော်ရွှင်မြူးထူး စားသောက် လာခဲ့ကြ၏။ ငါတို့ကြောင့်ပင် ဤရေသဖန်းပင်သည် သီးနှံကင်းမဲ့ ခြောက်သွေ့ရ၏။ ထိုအခါ ရေသဖန်းပင်ကို စွန့်ပစ်၍ သွားမည်ဆိုလျှင် ရေသဖန်းပင်အပေါ် ကျေးဇူးကန်းရာ ရောက်ပေလိမ့်မည်။ ထို့ကြောင့် ငါ့အတွက် အာဟာရတို့ကို ရှာတအောင် ရရှိ သုံးဆောင်နိုင်သေးသရွေ့ ကာလပတ်လုံး ဤ ရေသဖန်းပင်ကို ငါ စွန့်မည်မဟုတ်' ဟု ဟင်္သာအား ပြန်ပြော၏။

မိမိ မှီတင်းနေထိုင်ရာ သစ်ပင်ဝတ္ထုများ၌ပင် ဥပနိဿယပစ္စည်း သဘောအရ အလွှေစင်ပွန်းအနေဖြင့် ကျေးဇူးသိအပ်ကြောင်း ပြောဆိုသော ကျေးမင်း၌ ကြည်ညို၍ သိကြားမင်းသည် ရေသဖန်းပင်ကို မူလအတိုင်း အရွက်၊ အသီးများ ရှိလာအောင် အားထုတ်ပြီးမှ တာဝတိံသာသို့ ပြန်လေ၏။

မြတ်စွာဘုရားသည် ဤသို့ နဝကနိပါတ် သုဝဇာတ်ကို ဟောကြားတော်မူပြီးနောက် ဆက်လက်၍ အောက်ပါဂါထာကို ဟောကြားတော်မူ၏။

- **အပ္ပမာဒတရား၌ မွေ့လျော်သော၊ ပမာဒတရား၌ "ဘေး" ဟူ၍ မြင်လေ့ရှိသော ရဟန်းသည်၊**
- **သမထနှင့် ဝိပဿနာတို့မှ ဆုတ်ယုတ်ခြင်းငှာ မထိုက်။ အမှန်အားဖြင့် နိဗ္ဗာန်၏အနီး၌သာ ရှိ၏။**

ဤလောက၌ နေထိုင်ကြသူများသည် အများစုမှာ ပုထုဇဉ်များ ဖြစ်ကြ၏။ ပုထုဇဉ်များ ဖြစ်ကြသည့် အားလျော်စွာ "လောဘ" လည်း ဖြစ်ကြ၏။ "ဒေါသ" လည်း ဖြစ်ကြ၏။ အခြားအကုသိုလ်များလည်း ဖြစ်ကြ၏။ ဤသည်မှာ ဓမ္မတာဖြစ်၏။ သို့ရာတွင် ဖြစ်လာသော "လောဘ" ကို "လောဘ" အတိုင်း ထား၍မဖြစ်၊ ပယ်သတ်နိုင်အောင် အားထုတ်ဖို့လို၏။ ထိုနည်းအတူ ဖြစ်လာသော "ဒေါသ" ကိုလည်း "ဒေါသ" အတိုင်း ထား၍မဖြစ်၊ ပယ်သတ်နိုင်

http://www.cherrythitsar.org



အောင် အားထုတ်ဖို့ လို၏။ အခြားအကုသိုလ်များ ဖြစ်လာကြပါကလည်း ထို အကုသိုလ်များကို အကုသိုလ်များအတိုင်း ထား၍မဖြစ်၊ ပယ်သတ်နိုင်အောင် အားထုတ်ဖို့ လို၏။

ဖြစ်လာသော အကုသိုလ်များကို ပယ်သတ်သည့်နည်းမှာ စုဒ္ဒဒေသနာ တော်၌ ရှိ၏။ ထိုနည်းကား စိတ္တာနုပဿနာနည်း ဖြစ်၏။ စိတ္တာနုပဿနာသည် သတိပဋ္ဌာန် ဒေသနာ၌ လာ၏။ သတိပဋ္ဌာန်ဟူသော အဓိပ္ပာယ်အတိုင်း "သတိ" ပြဋ္ဌာန်း၏။ "သတိ" ကို "အပ္ပ မာဒ" ဟူ၍ဆို၏။ သို့ရာတွင် "သတိ" တိုင်း "အပ္ပမာဒ" အဓိပ္ပာယ်ကို မရ။ ဗောဓိပက္ခိယအုပ်စုသို့ ဝင်သော "သတိ" မှသာ အပ္ပမာဒအဓိပ္ပာယ်ကို ရ၏။ ဗောဓိပက္ခိယဟူသည်မှာ မဂ်ဖိုလ်ကို ရလိုသော ကုသိုလ်အုပ်စု ဟူ၍ ဖြစ်၏။ ၃၁ ဘုံ၌ မွေ့လျော်ပြီး လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာ ချမ်းသာကိုရလိုသော သာမန်ကာမာဝစရ ကုသိုလ်အုပ်စုမဟုတ်။

စိတ္တာနုပဿနာအရ ဖြစ်လာသော အကုသိုလ်များကို ပယ်သတ်နိုင်ရန် ရှေးဦးစွာ အပ္ပမာဒခေါ် သတိရှိနေဖို့ လို၏။ သတိသာ ရှိနေပါက၊ သတိသာ ပြဋ္ဌာန်းနေပါက "လောဘ" ဖြစ်လျှင်လည်း "လောဘ" ဖြစ်မှန်းသိ၏။ "ဒေါသ" ဖြစ်လျှင်လည်း "ဒေါသ" ဖြစ်မှန်းသိ၏။ အခြား အကုသိုလ်တစ်မျိုးမျိုး ဖြစ်ပါကလည်း အခြားအကုသိုလ်တစ်မျိုးမျိုး ဖြစ်မှန်းကို သိ၏။ ဤသို့ သိခြင်းကို ယထာဘူတဉာဏ် ဟူ၍ ခေါ်၏။ အကယ်၍ အပ္ပမာဒခေါ် သတိသာ ရှိမနေပါက၊ သတိသာ ပြဋ္ဌာန်းမနေပါက အကုသိုလ် ဖြစ်သည်ကိုလည်း အကုသိုလ်ဖြစ်မှန်းမသိ။ တစ်ခါတစ်ရံ အကုသိုလ်ကိုပင် ကုသိုလ်ဟူ၍ ထင်မှတ် မှားတတ်သေး၏။ ထိုသို့ဆိုလျှင် ယထာဘူတဉာဏ်သည် မည်သည့်နည်းနှင့်မျှ ဖြစ်နိုင်မည် မဟုတ်။

ထို့ကြောင့် မိမိသန္တာန်၌ ဖြစ်လာသော အကုသိုလ်များကို အပ္ပမာဒ ခေါ် သတိပြဋ္ဌာန်းမှုဖြင့် အကုသိုလ်များ ဖြစ်မှန်းသိအောင် အားထုတ်အပ်၏။ ဤသည်မှာ စိတ္တာနုပဿနာ သတိပဋ္ဌာန်အရ ယထာဘူတဉာဏ် အဆင့်ဖြစ်၏။ ထို့နောက် ဖြစ်ပျက်ရှုသောအဆင့် လာ၏။ အကုသိုလ်များသည်လည်း သင်္ခါရ တရားများပင် ဖြစ်သဖြင့် ဖြစ်ပျက်ရှု၍ရ၏။ ဖြစ်ပျက်ကို မြင်လျှင်ပင် "ကုသိုလ်" ဟူသော ပီသေသ အဓိပ္ပာယ်မှ "သင်္ခါရ" ဟူသော သာမည အဓိပ္ပာယ်သို့ ပြောင်းသွား ရ၏။ အဓိပ္ပာယ်ပြောင်းခြင်းသည် အကုသိုလ် ပျောက်ခြင်း၏အစ ဖြစ်လေ၏။

ဖြစ်ပျက်ကို မြင်ဖန်များလျှင် ဖြစ်ပျက်၌ငြီးငွေ့၏။ ထို့နောက် ဖြစ်ပျက်၏ အဆုံးကို မြင်လေ၏။ ဖြစ်ပျက်၏အဆုံး ဟူသည်ကား နိဗ္ဗာန်ဖြစ်၏။ အမှန် အားဖြင့် အပ္ပမာဒခေါ် သတိသည် သီလသိက္ခာကိုလည်းစောင့်ထိန်း၏။ သမာဓိ

http://www.cherrythitsar.org



သိက္ခာကိုလည်း စောင့်ထိန်း၏။ ပညာသိက္ခာကိုလည်း စောင့်ထိန်း၏။ သိက္ခာသုံးပါးလုံးကိုပင် စောင့်ထိန်း၏။ ထို့ကြောင့် မြတ်စွာဘုရား၏ ဒေသနာတော်၌ အပ္ပမာဒတရားကို အလေးထား၍ ဟောကြားတော်မူခြင်း ဖြစ်၏။

အကယ်၍ အပ္ပမာဒတရား၌ မမွေ့လျော်ဘဲ မေ့လျော့ခြင်း ပမာဒတရား၌သာ မွေ့လျော်မည်ဆိုလျှင် ဖြစ်လာသည့် အကုသိုလ်တရားများကို ပယ်သတ်နိုင်ခြင်းမရှိဘဲ အကုသိုလ်တရားများ၏ အကျိုးပေးမှုအလိုက် မကောင်းသောအကျိုးများကိုသာ ခံစားရမည်ဖြစ်၏။ ဤသည်မှာ ကမ္မနိယာမအရ ဖြစ်ပါ၏။

အပ္ပမာဒသည် အကုသိုလ်ကို ပယ်သတ်ပြီး နိဗ္ဗာန်ကို ရစေနိုင်၍ ပမာဒသည် အကုသိုလ်ကို ပွားစေပြီး သံသရာကို ရစေနိုင်၏။ ထိုသို့ ဖြစ်ရခြင်းမှာ အပ္ပမာဒသည် ဖြစ်လာသမျှသော အကုသိုလ်များကို ပယ်သတ်နိုင်ပြီး၊ ပမာဒသည် ဖြစ်လာသော အကုသိုလ်များကို တိုးပွားစေနိုင်သောကြောင့် ဖြစ်ပါ၏။ သို့ဖြစ်လေရာ အပ္ပမာဒတရား၌ မွေ့လျော်ပြီး ပမာဒတရား၌ "ဘေး" ဟူ၍ ရှုမြင်လေ့ရှိသူသည် မလွှဲမသွေ တရားအားထုတ်ပြီး နိဗ္ဗာန်ကို မျက်မှောက်ပြုရမည်ဖြစ်ပါ၏။ ထိုသို့ နိဗ္ဗာန်ကို မျက်မှောက်ပြုရအောင် အားထုတ်ခြင်းသည် မြင့်မြတ်သူများအနေဖြင့် မလွှဲမသွေ ဆောင်ရွက်ရမည့် တာဝန်ဖြစ်၏။ ထိုတာဝန်ကို ကျေပွန်အောင် ဆောင်ရွက်ခြင်းသည် မိမိနှင့် ပတ်သက်ရာလောကကို ကျေးဇူးဆပ်ခြင်းပင် ဖြစ်၏။ မိမိနှင့်ပတ်သက်ရာ လောကဟူသည်မှာ မိမိ၏ဘဝခန္ဓာ ဖြစ်ထွန်းပေါ်ပေါက်ရေးအတွက် မိမိအပေါ် ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုကြသော ပုဂ္ဂိုလ်များ၊ ရာသီဥတုများ၊ အစာအာဟာရများ၊ နေရာဒေသများ ဖြစ်ကြ၏။

ဤသည်မှာ ဖော်ပြပါဂါထာ၏ ဆိုလိုရင်း ဖြစ်၏။ ဂါထာ၏ အဆုံး၌ နိဂမဝါသီ တိဿမထေရ်သည် ပဋိသမ္ဘိဒါ လေးပါးနှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်၏။ အခြားသော တရားနာပရိသတ်များထဲတွင်လည်း အရိယာဖြစ်သူက ဖြစ်၍ ဒေသနာကုသိုလ် ရသူက ရကြလေ၏။ ထို့ကြောင့် လူတို့သည် မိမိတို့၏ ဘဝခန္ဓာအပေါ် ကျေးဇူးများကြသော သက်ရှိသက်မဲ့များအပေါ် ပြန်လည် ကျေးဇူးဆပ်သောအနေဖြင့် မိမိတို့၏တာဝန်ကို ကျေပွန်စွာထမ်းရွက်ပြီး ထိုသို့ ထမ်းရွက်ခြင်းအားဖြင့် နိဗ္ဗာန်ကိုရအောင် အားထုတ်စေပ်ကြောင်း မှတ်သားအပ်ပါ၏။ မှတ်သားသည့်အတိုင်းလည်း လိုက်နာကျင့်သုံးအပ်ပါ၏။

**ဓမ္မပဒ – အပ္ပမာဒဝဂ်** ပြီး၏။

http://www.cherrythitsar.org

ဝဂ္ဂ ၁၃

# ပုပ္ဖဝင်

ဗုဒ္ဓရုပ်ပွားတော်
(Hakuho Period [645 - 710]) ယာကုရှိဂျိ ဘုရားကျောင်း၊ ဂျပန်

http://www.cherrythitsar.org



http://www.cherrythitsar.org

# ဒေသန္တရ ဝေးသည့် ရဟန်းပေါ်ရော

သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ မြတ်စွာဘုရား သီတင်းသုံးတော်မူစဉ် အခါက ဖြစ်ခဲ့သော ဖြစ်ရပ်ဖြစ်၏။ ဇေတဝန်ကျောင်းတော်တွင် မြတ်စွာဘုရားသည် သီတင်းသုံးနေတော်မူ၏။ ရဟန်းသံဃာတော်ပေါင်း များစွာတို့သည်လည်း မြတ်စွာဘုရားကို အမှီပြု၍ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေကြသည်ပင် ဖြစ်၏။ ထိုရဟန်းများအနက် စာပေပို့ချမှု ဝါသနာပါကြသော ရဟန်းတော်များကလည်း ပရိယတ္တိစာပေများကို ပို့ချကြ၏။ ဝိပဿနာတရားအားထုတ်မှု ဝါသနာပါသော ရဟန်းတော်များကလည်း မြတ်စွာဘုရားထံမှ ကမ္မဋ္ဌာန်းကိုယူ၍ မိမိတို့နှင့် သင့်လျော်ရာဒေသသို့ သွား၍လည်းကောင်း၊ ဇေတဝန်ကျောင်းတော်၌ပင်နေ၍ လည်းကောင်း တရားအားထုတ်ကြ။ ရဟန်းတော်များသည် မြတ်စွာဘုရားကို ဖူးမြော်ရန် ထိုထိုဇနပုဒ်များမှလည်း ဇေတဝန်ကျောင်းတော်သို့ လာကြသည်လည်း ရှိ၏။ ထို့ကြောင့် ဇေတဝန်ကျောင်းတော်ကြီးသည် ရဟန်းသံဃာတော်များ ထွက်လိုက်ဝင်လိုက်ဖြင့် စည်ကားလျက်ရှိ၏။ မြတ်စွာဘုရားကမူ ရဟန်းသံဃာတော်များအားလုံးကို အမြဲကြည့်နေတော်မူ၏။ တရားထူးရရန်အတွက် ဣန္ဒြေများ ရင့်ကျက်မည့်ကာလကို စောင့်စားနေတော်မူ၏။ နှစ်ပေါင်း လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းတိုင် အောင်ကျင့်ကြံခဲ့ပါသော်လည်း လောကကို ချီးမြှောက်ရန်အတွက် မြတ်စွာဘုရားရတော်မူသည့်အချိန်က တိုတိုကလေးသာ ဖြစ်၏။ စုစုပေါင်းမှ ၄၅ နှစ်သာဖြစ်၏။ ကျင့်ရသည့် ကာလနှင့်စာလျှင် ရရှိသည့်အချိန်သည် တိုတောင်းလွန်းလှ၏။

ထို ၄၅ နှစ်တာ ကာလအတွင်း မြတ်စွာဘုရားသည် အချိန်ကို အသုံးချတော်မူခြင်း၌ အနည်းငယ်မျှ လစ်ဟင်းခြင်းကို ပြုတော်မမူ၊ ကျွတ်ထိုက်သူ ဝေနေယျ သတ္တဝါများအနက်မှ တစ်ယောက်မျှ ကျန်ရစ်မနေရအောင် အမြဲမပြတ် ကြည့်ရှုတော်မူ၏။ ဝေနေယျသတ္တဝါများထဲတွင် နတ်များလည်း ပါ၏။ ဗြဟ္မာများလည်းပါ၏။ လူများလည်း ပါ၏။ ရဟန်းများလည်းပါ၏။ ကျွတ်ထိုက်သူ

http://www.cherrythitsar.org



ဆိုရာ၌ သစ္စဉာဏ်ကိုရ၍ အရိယာ ဖြစ်သူများလည်း ပါ၏။ ကောင်းမှုကုသိုလ် ရရှိမှုသာ ဖြစ်သူများလည်း ပါ၏။ ပါရမီရရှိမှုသာ ဖြစ်သူများလည်းပါ၏။ ထို့ကြောင့် မြတ်စွာဘုရားသည် နေ့စဉ်သတ္တဝါများကို ဗုဒ္ဓမျက်စိဖြင့် အမြဲ ကြည့်ရှုတော်မူနေရခြင်း ဖြစ်၏။ သို့မှသာ ရရှိတော်မူသည့်အချိန်ကလေးကို ထိုက်ထိုက်တန်တန် အသုံးချတော်မူနိုင်မည် ဖြစ်၏။

မြတ်စွာဘုရားသည် ကျွတ်ထိုက်သော သတ္တဝါများကို တရား ဟောတော် မူရာ၌ တစ်နေရာတည်းတွင်နေပြီး တရားဟောတော်မူသည် မဟုတ် မိမိထံသို့ တရားနာ မလာရောက်နိုင်သူများထံသို့ မြတ်စွာဘုရားက ကိုယ်တော်တိုင်ကြွ၍ တရားဟောကြားတော်မူ၏။ ထိုသို့ မြတ်စွာဘုရားက ကိုယ်တော်တိုင်ကြွ၍ ဟောကြားတော်မူရန်လည်း မဟာကရုဏာတော်သည် မြတ်စွာဘုရား၌ ရှိပြီးသား ဖြစ်၏။ ထို့ကြောင့် မြတ်စွာဘုရားသည် သဗ္ဗညုတဉာဏ်တော်ကို ရရှိ၍ ဘုရား အဖြစ်သို့ ရောက်တော်မူပြီးနောက် ပဉ္စဝဂ္ဂီငါးပါးတို့အား ရဟန္တာအဖြစ်သို့ ရောက်အောင် ဓမ္မစက္ကပဝတ္တန သုတ်တော်ကို ဟောကြားတော်မူခဲ့ပါ၏။ ထို့နောက် ယသသူဌေးသားနှင့် သူငယ်ချင်း ငါးဆယ့်လေးယောက်တို့အား ရဟန္တာဖြစ်အောင် ဟောကြားတော်မူခဲ့ပြန်၏။ ပထမဝါတွင်း၌ စုစုပေါင်း ရဟန္တာ ၆၀ တို့သည် မြတ်စွာဘုရား၏ သာသနာတော်၌ အရိုင်အမာ သာသနာပြုပုဂ္ဂိုလ်များ အဖြစ် ပေါ်ထွန်းခဲ့လေ၏။ ထို့နောက် ရဟန္တာ ၆၀ တို့အား တစ်ပါးစီတစ်ပါးစီသာသနာ ပြု စေလွှတ်တော်မူပြီးနောက် မိမိကိုယ်တိုင်လည်း တစ်ပါးတည်းပင် ကဿပ ညီနောင်တို့ကို စတင်၍ ဟောကြားတော်မူရန် သာသနာပြုခရီး ဒေသစာရီ ကြွချီတော်မူခဲ့လေ၏။

ထိုအခါမှစ၍ မြတ်စွာဘုရားသည် မိမိရသော ၄၅ နှစ်တာကာလကို ကလေးကို အပြည့်အဝ အသုံးချသောအားဖြင့် ဒေသစာရီကြွချီ၍ သာသနာပြု ကြွတော်မူ၏။ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ရောက်၍ ပထမဝါတော် ၂၀ တိုင်အောင် ဝါကပ်ရာဌာနကို သတ်သတ်မှတ်မှတ် မထားဘဲ ကျွတ်ထိုက်သော ဝေနေယျသတ္တဝါများရှိရာ ဌာနများ၌ ဝါကပ်တော်မူ၏။ ဝါကျွတ်လေသောအခါ ဒေသစာရီ ကြွချီတော်မူ၏။ ဤသို့လျှင် မြတ်စွာဘုရားသည် သူ၏ သာသနာပြု လုပ်ငန်းကို ဒေသစာရီ ကြွချီခြင်းဖြင့် ပဓာနပြု၍ ဆောင်ရွက်တော်မူ၏။

မြတ်စွာဘုရား ဒေသစာရီ ကြွချီသောအခါ နောက်တော်က ရဟန်း သံဃာတော်များပါ၏။ ဆိုင်ရာပုဂ္ဂိုလ်အား သစ္စာတရားကို ဟောကြားတော် မူသောအခါ နောက်ပါ ရဟန်းသံဃာတော်များသည်လည်း တရားနာပရိသတ် ဖြစ်သွားရ၏။ ထိုအခါ နောက်ပါရဟန်းသံဃာတော်များထဲမှ ကျွတ်ထိုက်သူ

http://www.cherrythitsar.org



များက ကျွတ်သွားတော်မူကြ၏။ မကျွတ်ထိုက်သူများကလည်း မကျွတ်ဘဲ ဆက်လက်၍ ကျွတ်ရန်အချိန်ကို စောင့်ရပြန်၏။

မကျွတ်ထိုက်သူများတွင် ဒေသနှ ရခရိုးသည် ရဟန်းငါးရာ ပါဝင်၏။ ဒေသနှ ရခရိုးသည် ရဟန်းငါးရာတို့သည် ဤဘဝတွင် မကျွတ်ထိုက်၍ မကျွတ်သည်တော့မဟုတ်။ အချိန်လိုသေး၍သာ မကျွတ်ခြင်းဖြစ်၏။ အမှန်အားဖြင့် အချိန်သည် များစွာစကားပြော၏။ အချိန်မကျမီ လုပ်ပါက ဥစ္ဆေဒိဋ္ဌိအမြင်ဖြင့် အချိန်၏တန်ဖိုးကို ဖြတ်ရာရောက်၏။ အချိန်လွန်မှ လုပ်ပါကလည်း သဿတ ဒိဋ္ဌိအမြင်ဖြင့် အချိန်၏ တန်ဖိုးကို ဖြတ်ရာရောက်၏။ အချိန်နှင့်ပတ်သက်လျှင် သမ္မာဒိဋ္ဌိ အမြင်ဖြင့် ဆုံးဖြတ်ပါမှ အချိန်သည် တန်ဖိုးရှိ၏။ ထို့ကြောင့် အချိန် လိုသေးသောအခါ ဣန္ဒြေတို့သည် မရင့်ကျက်ကြသေးခြင်း ဖြစ်၏။ ထိုအခါ သဒ္ဒါနှင့် ပညာသည်လည်းကောင်း၊ ဝီရိယနှင့် သမာဓိသည် လည်းကောင်း အချိုးအဆ မမျှတဘဲ ရှိလေ၏။ အချိုးအဆမမျှခြင်းမှာ အပ္ပမာဒဓေါ် သတိက လိုအပ်သလို မထိန်းကျောင်းနိုင်သေးသောကြောင့်ဖြစ်၏။ အပ္ပမာဒဓေါ် သတိက လိုအပ်သလို အာရုံကို ထိန်းကျောင်းလာနိုင်သည်နှင့်အမျှ နီဝရဏတို့ ကင်းကွာ သွား၏။ နီဝရဏများ ကင်းကွာသွားသည်နှင့်အမျှ အာရုံတစ်ခုနှင့်တစ်ခုအကြား "မသိလိုက်ခြင်း" အနေဖြင့် ကိလေသာများ ကြားခိုနိုင်မှု မရှိတော့ဘဲ ဒွါရ ဖြ ပါး၌ ထင်လာသမျှ အာရုံများကို ရုပ်နှင့်နာမ် ခွဲခြားပြီး ထင်တိုင်းသိတော့၏။ ထိုအခါ သမာဓိသည်အားကောင်းလာ၏။ ပကတိမျက်စိဖြင့် မြင်သလို အာရုံကို ရုပ်နှင့်နာမ် ခွဲခြားပြီး သမာဓိဉာဏ်မျက်စိဖြင့် မြင်၏။ စင်စစ်အားဖြင့် အာရုံ ဟူသည်ကား ရုပ်နှင့်နာမ်သာဖြစ်၏။ အခြားဘာမျှ မဟုတ်၊ ထိုအခါ သမာဓိနှင့် ဝီရိယသည်လည်း မျှလေတော့၏။ သဒ္ဒါနှင့် ပညာသည်လည်း မျှလေတော့၏။ ထို့ကြောင့် ဝိပဿနာတရားအားထုတ်ရာတွင် အပ္ပမာဒဓေါ် သတိသည် အလွန် အရေးကြီးခြင်း ဖြစ်လေ၏။

ဒေသနှ ရခရိုးသည ရဟန်းငါးရာတို့သည် မြတ်စွာဘုရား၏ နောက်တော် ပါးက ပါသွားသူများ ဖြစ်ကြလေရာ မြတ်စွာဘုရား၏ ဒေသစာရီ ခရီးစဉ် တစ်လျှောက်လုံး သူတို့အဖို့ ပြောစရာချည်း ဖြစ်၏။ အံ့ဘနန်းဖြစ်စရာချည်း ဖြစ်၏။ ဘယ်ဒေသနှင့် ဘယ်ဒေသ ခရီးအကြားက ဘယ်လို၊ ဘယ်ဒေသနှင့် ဘယ်ဒေသ ခရီးအကြားက ဘယ်ညာစသည်ဖြင့် သူတို့အဖို့ အချင်းချင်းပြောစရာ တစ်ပုံတစ်ခေါင်းပင် ရှိလေ၏။

တစ်ခုသောနေ့၏ ညချမ်းတွင် ဒေသနှ ရခရိုးသည် ရဟန်းငါးရာတို့ သည် တရားဆွေးနွေးရာဌာန၌ မြတ်စွာဘုရားဒေသစာရီကြွချီတော်မူစဉ် မြတ်စွာ

http://www.cherrythitsar.org



ဘုရား၏ နောက်တော်ပါးက လိုက်ပါသွားစဉ်ကာလက မိမိတို့ တွေ့ကြုံခံစားခဲ့ရသော ဇာတ်လမ်းများကို အချင်းချင်း ပြန်လည် ပြောဆိုနေကြ၏။ မည်သည့်ဒေသ ရောက်တော့ မည်သို့၊ မည်သည့်ဒေသ ရောက်တော့မည်ပုံ စသည်ဖြင့် ပြောဆိုနေကြခြင်း ဖြစ်၏။ ထိုကဲ့သို့ ပြောဆိုနေရခြင်း၌ သူတို့သည် ကျေနပ်နေကြ၏။

ထိုနေ့သည် သူတို့အတွက် ထူးခြားသောနေ့ဖြစ်လိမ့်မည်ဟူ၍ သူတို့ မသိကြ။ အမှန်အားဖြင့် ထိုနေ့သည် ဒေသန္တရစရိုးသည် ရဟန်းငါးရာအတွက် သစ္စာပန်းများပွင့်မည့်နေ့ ဖြစ်၏။ သူတို့၏ ဉာဏ်ရွှေတို့သည် ရင့်ကြလေပြီ။ မြတ်စွာဘုရားသည် လောကကို ဗုဒ္ဓမျက်စိဖြင့် ကြည့်တော်မူသောအခါ ဒေသန္တရစရိုးသည် ရဟန်းငါးရာတို့သည် ကျွတ်ထိုက်သူများအဖြစ် မြတ်စွာဘုရား၏ ဉာဏ်တော်ကွန်ရက်၌ ထင်လာလေ၏။

ကျွတ်ထိုက်သူအဖြစ် မြတ်စွာဘုရား၏ ဉာဏ်တော်ကွန်ရက်၌ ထင်လာသောအခါ ကျွတ်ထိုက်သူများ၏ စရိုက်အလိုက် ဒေသနာတော်ကို မြတ်စွာဘုရားက ဟောကြားတော်မူ၏။ မြတ်စွာဘုရား၏ ဒေသနာတော်သည် ကျွတ်ထိုက်သူများ၏ စရိုက်နှင့် အမြဲတမ်း ညီညွတ်၏။ အကယ်၍ လယ်သမားသည် ကျွတ်ထိုက်သူဖြစ်ပါက လယ်ယာလုပ်ငန်းမှ သစ္စာဉာဏ်ကို ပေါ်အောင်ဖော်ထုတ်တော်မူ၏။ အကယ်၍ ကျွတ်ထိုက်သူသည် ပန်းထိမ်သည်ဖြစ်ပါက ပန်းထိမ်လုပ်ငန်းမှ သစ္စာဉာဏ် ထွက်လာအောင် မြတ်စွာဘုရားက ဒေသနာတော်ကို ဟောကြားတော်မူ၏။ အမှန်အားဖြင့် ဤလောကတွင် လုပ်ငန်းတိုင်း၌ သစ္စာတရားသည် ရှိ၏။ မဖော်ထုတ်တတ်၍ မထွက်ပေါ်လာနိုင်ခြင်းသာ ဖြစ်၏။ သစ္စာတရား မရှိ၍တော့ မဟုတ်။ မြတ်စွာဘုရား ပွင့်ထွန်းပေါ်ပေါက်လာသောအခါမှသာ သစ္စာတရားကို ဖော်ထုတ်၍ သတ္တနေလျှသတ္တဝါများကို မြင်လာအောင် ပြသွမ်းနိုင်ပါ၏။ အမှန်အားဖြင့် မြတ်စွာဘုရားသည် သစ္စာလေးပါး မြတ်တရားကို မရှိရာမှရှိလာအောင် ဖန်ဆင်းသူ ဥပ္ပါဒကမဟုတ်။ သစ္စာလေးပါးမြတ်တရားကား လောက၌ ထာဝစဉ် ရှိနေသည်သာ ဖြစ်၏။ သို့ရာတွင် ယင်းကို ရှာဖွေ၍ ဖော်ထုတ်နိုင်သူ မရှိသဖြင့် သစ္စာလေးပါးမြတ်တရားကို မသိရသဖြင့် မရှိသကဲ့သို့ ဖြစ်ချေ၏။ ထို့ကြောင့် မြတ်စွာဘုရားသည် သစ္စာလေးပါးမြတ်တရားကို ဖန်ဆင်းသူဥပ္ပါဒက မဟုတ်ဘဲ ပေါ်လာအောင် ဖော်ထုတ်သူ အဘိဇ္ဈဉ္စကသာဖြစ်၏ ဟူ၍ဆိုရ၏။ ထိုသို့ဖော်ထုတ်ရာ၌ မြတ်စွာဘုရားသည် အနိုင်းမဲ့ အတုလဖြစ်တော်မူ၏။ လယ်သမားအတွက် လယ်ယာလုပ်ငန်းမှ သစ္စာလေးပါးကို ဖော်ထုတ်၍ ပြတော်မူ၏။ ပန်းထိမ်သည်အတွက် ပန်းထိမ်လုပ်ငန်းမှ သစ္စာလေးပါးကို ဖော်ထုတ်၍ ပြတော်မူ၏။ အမှန်အားဖြင့် နေရာတိုင်းတွင် သစ္စာလေးပါးသည်ရှိ၏။ မသိ၍သာ

http://www.cherrythitsar.org



မရှိသကဲ့သို့ ဖြစ်နေရခြင်း ဖြစ်၏။ ၃၀ ဘုံ၏ နေရာဝိုင်းတွင် သခင်ရှိ၏။ သခင်ရှိလျှင် သစ္စာလေးပါးရှိလေ၏။ အရှိကို အသိဖြစ်အောင် ပြုစွမ်းနိုင်သူကား မြတ်စွာဘုရားသော ဖြစ်ပါ၏။ မြတ်စွာဘုရား၏ တပည့်သာဝကများသာ ဖြစ်ပါ၏။

မြတ်စွာဘုရားသည် ဒေသန္တရခရီးသည် ရဟန်းငါးပါးတို့ကို ကြည့်တော်မူလေရာ သူတို့၏ ပါရမီပြည့်ချိန်ကို မြင်တော်မူ၏။ သူတို့၏ ဉာဏ်ရင့်ကျက်ချိန်ကို သိတော်မူ၏။ ထို့ကြောင့် မြတ်စွာဘုရားသည် ဒေသန္တရခရီးသည် ရဟန်းငါးပါးတို့အား သစ္စာလေးပါး မြတ်တရားကို မြင်အောင် ပြတော်မူမည် ဖြစ်၏။ ထိုသို့ ပြရာတွင် ခရီးသွားလုပ်ငန်းမှပင် သစ္စာလေးပါးကို မြင်အောင် ပြတော်မူမည်ဖြစ်၏။ ရဟန်းငါးပါးတို့သည် ဒေသန္တရခရီးသွားလုပ်ငန်း၌ ကျွမ်းကျင်ကြလေရာ ကျွမ်းကျင်သော လုပ်ငန်းထဲမှ သစ္စာလေးပါးကို တွေ့အောင် ရှာခြင်းသည် သူတို့အတွက် လွယ်၏။ သက်လည်းသက်သာ၏။ မြင်လည်း မြင်မြန်၏။ အမှန်အားဖြင့် မြတ်စွာဘုရားသည် မည်သည့်လုပ်ငန်းကိုမဆို လိုနေရာမှ ပြည့်စုံသွားရလေအောင် သစ္စာလေးပါးဖြင့် ဖြည့်ပေးတော်မူသူ ဖြစ်ပါ၏။

တစ်ခုသောနေ့၏ ညချမ်းတွင် ဒေသန္တရရဟန်းငါးပါးတို့ တရားဆွေးနွေးရာဌာနသို့ မြတ်စွာဘုရား ကြွလာတော်မူ၏။ မြတ်စွာဘုရားအတွက် ခင်းထားအပ်သော နေရာ၌ မြတ်စွာဘုရားသည် ထိုင်တော်မူပြီး လျှင် ရဟန်းငါးပါးတို့အား ဆွေးနွေးလက်စဖြစ်သော ဒေသန္တရခရီးသွားခြင်း လုပ်ငန်းမှ သစ္စာလေးပါးဖော်ထုတ်ခြင်းနှင့် စပ်လျဉ်း၍ အောက်ပါဂါထာ ဒေသနာတော်ကို ဟောကြားတော်မူ၏။

– **အဘယ်သူသည် ဤအရပ်သောကို ရွေးချယ်နိုင်လတ္တံ့နည်း။ အပါယ်ဘုံကို လည်းကောင်း၊ နတ်နှင့်တကွသော လူ့ဘုံကို လည်းကောင်း ရွေးချယ်နိုင်လတ္တံ့နည်း။**
– **ကျွမ်းကျင်လိမ္မာသော ပန်းသည်သည် ပန်းများကို ရွေးချယ်သကဲ့သို့ အဘယ်သူသည် ကောင်းစွာဟောကြားအပ်သော ဤတရားတော်ကို ရွေးချယ်နိုင်လတ္တံ့နည်း။**
– **သေက္ခပုဂ္ဂိုလ်သည် ဤအရပ်သောကို ရွေးချယ်နိုင်လတ္တံ့၊ အပါယ်ဘုံကို လည်းကောင်း၊ နတ်နှင့်တကွသော လူ့ဘုံကိုလည်းကောင်း ရွေးချယ်နိုင် လတ္တံ့။**
– **ကျွမ်းကျင်လိမ္မာသောပန်းသည်သည် ပန်းများကို ရွေးချယ်သကဲ့သို့ သေက္ခပုဂ္ဂိုလ်သည် ကောင်းစွာဟောကြားအပ်သော ဤတရားတော်ကို ရွေးချယ်နိုင်လတ္တံ့။**

# ရာပြည့်စာအုပ်တိုက်

http://www.cherrythitsar.org



ဒေသန္တရခရီးသည် ရဟန်းငါးရာတို့သည် မြတ်စွာဘုရား၏ ဤဂါထာ ဒေသနာတော်ကို ကြားနာရသောအခါ သစ္စာတိုင်အောင် အနက်ကို သိမြင်ကြပြီး အားလုံး ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာများ ဖြစ်သွားကြလေ၏။

သတ္တဝါသည် မိမိတို့၏ ဘဝကို မိမိတို့ရွေးချယ်နိုင်ကြ၏။ သူတစ်ပါးက လာရောက်၍ ရွေးချယ်ပေးနိုင်ကြသည်မဟုတ်။ မိမိတို့၏ ဘဝဟူသည် မိမိတို့၏ အတ္တဘောပင် ဖြစ်၏။ ထို့ကြောင့် ငရဲဘဝကို ရွေးချယ်လျှင် ငရဲအတ္တဘောကိုရ၏။ တိရစ္ဆာန်ဘဝကို ရွေးချယ်လျှင် တိရစ္ဆာန်အတ္တဘောကိုရ၏။ နတ်ဘဝကို ရွေးချယ်လျှင် နတ်အတ္တဘောကို ရ၏။ လူ့ဘဝကို ရွေးချယ်လျှင် လူ့အတ္တဘောကိုရ၏။ ဗြဟ္မာဘဝကို ရွေးချယ်လျှင် ဗြဟ္မာအတ္တဘောကို ရ၏။ အတ္တဘောကိုရခြင်း ဟူသည်မှာ ထိုထိုဘဝတို့၌ ဖြစ်ခြင်းဖြစ်၏။ အကယ်၍ ဘဝတို့မှ လွတ်မြောက်ရာ နိဗ္ဗာန်ကို ရွေးချယ်လျှင်လည်း နိဗ္ဗာန်ကိုရ၏၊ မိမိတို့ ကြိုက်သလို မိမိတို့ ရွေးချယ်နိုင်ခွင့်ရှိသဖြင့် မိမိတို့သည် လွတ်လပ်ရေးစစ်စစ်ကို ရကြသူများဖြစ်ကြ၏။ သို့ရာတွင် မိမိတို့သည် မှန်မှန်ကန်ကန် ရွေးချယ်တတ်ဖို့တော့ လို၏။ သို့မဟုတ်ပါက မိမိတို့လိုချင်သည်ကတခြား မိမိတို့ရွေးချယ်သည်ကတခြားဖြစ်တတ်၏။ ထိုသို့ဖြစ်ပါက မိမိရွေးချယ်မှု မှားခြင်း၏ ဒဏ်ကို မိမိသာခံရဖို့ ရှိ၏။ ဘယ်သူမပြု မိမိမှုသာတည်း။

ပန်းသည်သည် ပန်းကုံးများကို ကုံးသောအခါ မိမိကြိုက်သောပန်းများကို ရွေးချယ်၍ ကုံးနိုင်၏။ ပန်းကောင်းများကို ရွေးချယ်၍ ပန်းကုံးများကိုကုံးလျှင် ပန်းကုံးကောင်းကောင်းကို ရမည်ဖြစ်၏။ အကယ်၍ အရွေးမှားပြီး မကောင်းသော ပန်းများပါသွားလျှင် ပန်းကုံးသည် ကောင်းလိမ့်မည်မဟုတ်။ အရွေးမတတ်လျှင်တော့ လိုချင်သည်ကတခြား၊ ရသည်ကတခြား ဖြစ်တတ်၏။ ထိုအခါ မိမိ အနေဖြင့် ဘာမျှမတတ်နိုင်ဘဲ ရှိချေမည်။ လက်မှလွှတ်လိုက်ပြီးသော မြှားအပေါ် မိမိအနေဖြင့် ဘာမှမတတ်နိုင်သလိုပင် ဖြစ်ချေမည်။ ထို့ကြောင့် ပန်းသည်များ အနေဖြင့် ပန်းများကို အရွေးတတ်ဖို့လို၏၊ ပန်းများကို အရွေးမှားပြီး ကုံးမိပါက ပန်းသည်သာ ခံရပေလိမ့်မည်။

ခရီးသွားရာ၌လည်း ထို့အတူပင်ဖြစ်၏။ မိမိသွားလိုသည့် ဒေသကို မိမိဘာသာ ရွေးချယ်ပြီး သွားဖို့ပင် ဖြစ်၏။ အရွေးမှားပြီးအသွားမှားပါက အရွေးမှားခြင်း၏ ဒဏ်ကို မိမိသာခံရပေလိမ့်မည်၊ အရွေးမှန်ပြီး အသွားမှန်ပါကလည်း အရွေးမှန်ခြင်း၏ အကျိုးကို မိမိသာခံစားရပေလိမ့်မည်။ ထို့ကြောင့် သွားချင်သည်ကတခြား၊ ရွေးသည်ကတခြား မဖြစ်ရလေအောင် ရွေးတတ်သော အသိဉာဏ် မိမိ၌ရှိဖို့တော့ လို၏။

ရာပြည့်စာအုပ်တိုက်

များသောအားဖြင့် လူတို့သည် လိုချင်သည်ကတခြား၊ ရွေးချယ်သည်ကတခြား ဖြစ်တတ်ကြ၏။ မိမိကိုယ်ကို "မိမိအချစ်ဆုံး"အဖြစ် ခံယူထားသည်မှာ အငြင်းပွားစရာမရှိ၊ ယုံမှားစရာမရှိ၊ အပြည့်အဝမှန်၏။ ထို့ကြောင့် မိမိအချစ်ဆုံး မိမိ၏ ကိုယ်အတွက် အကောင်းဆုံးဖြစ်စေချင်၏။ လူဖြစ်စေချင်၏။ နတ်ဖြစ်စေချင်၏။ ဗြဟ္မာဖြစ်စေချင၏။ လူဖြစ်စေချင်သဖြင့် လူ့ဘဝကို ရလိုပါလျှင် ကောင်းမှုကုသိုလ်ကံကိုလုပ်ဖို့လို၏။ နတ်ဖြစ်စေချင်သဖြင့် နတ်ဘဝကို ရလိုပါလျှင် ကောင်းမှုကုသိုလ်ကံကို လုပ်ဖို့လို၏။ ဗြဟ္မာဖြစ်စေချင်သဖြင့် ဗြဟ္မာဘဝကို ရလိုပါလျှင် သမထဘာဝနာကို အားထုပ်ဖို့ လို၏။ သံသရာမှ ထွက်မြောက်လိုသဖြင့် နိဗ္ဗာန်ကိုရလိုပါလျှင် ဝိပဿနာအားထုတ်ဖို့ လို၏။ သို့ရာတွင် လူတို့သည် လူ့ဘဝကိုတော့ ရချင်၏။ နတ်ဘဝကိုတော့ရချယင်၏။ ကောင်းမှုကုသိုလ်ကိုတော့ မရွေး။ ဗြဟ္မာဘဝကိုတော့ရချင်၏။ သမထဘာဝနာကိုတော့မရွေး။ နိဗ္ဗာန်ကိုတော့ လိုချင်၏။ ဝိပဿနာကိုတော့ မရွေး၊ အကုသိုလ်ကံကိုသာ ရွေးချယ်တတ်ကြ၏။ မကောင်းမှုကိုသာ ရွေးချယ်တတ်ကြ၏။ တစ်ခဏတာကောင်းစားရေးအတွက် သတ်၏။ ဖြတ်၏။ လိမ်၏။ ညာ၏။ ကောက်ကျစ်၏။ မတရားလုပ်၏။ ရေရှည်ကောင်းစားရေးအတွက်ဘာမျှ မကြည့်။ ထို့ကြောင့်လိုချင်သည်က တခြား၊ ရသည်ကတခြား ဖြစ်ရလေအောင် ကောင်းမှုကုသိုလ်ကံကို မရွေးချယ်ဘဲမကောင်းမှု အကုသိုလ်ကံကို ရွေးချယ်ခြင်းဖြစ်၏။ စိတ်ကတော့ မိမိ၏ဘဝ၊ မိမိ၏အတ္တသောကို ကောင်းစားစေချင်၏။ အလုပ်ကတော့ မိမိ၏ဘဝ၊ မိမိ၏အတ္တသောနစ်နာရေးအတွက် ရွေးချယ်၍ လုပ်၏။ ထိုအခါ မိမိ၏ဘဝ မိမိ၏အတ္တသောကို ချစ်ပါသည် ဆိုသော်လည်း တကယ်တမ်း ချစ်ရာရောက်အောင် မိမိ၏ဘဝအတွက် မှန်မှန်ကန်ကန် ရွေးချယ်ရာမကျ။ မိမိ၏အတ္တသောအတွက် မှန်မှန်ကန် ကန်ရွေးချယ်ရာမကျ။ လိုချင်သည်ကတခြား၊ ရွေးချယ်သည်က တခြားဖြစ်လေ၏။ ထိုအခါ မိမိအရွေးအချယ်မှားခြင်း၏ ဒဏ်ကို မိမိသာ ခံဖို့ရှိပါ၏။

မိမိ၏ဘဝ၊ မိမိ၏အတ္တအတွက် ရွေးချယ်ရာ၌ အရွေးချယ်မှန်ဖို့ လို၏။ အရွေးချယ်မှန်ဖို့အတွက် အမြင်မှန်ဖို့လို၏။ အမြင်ဟူသည်မှာ အကြမ်းအားဖြင့် သုံးမျိုးရှိ၏၊ ယင်းသုံးမျိုးတို့မှာ (၁) ပပဥ္စအမြင် (၂) ဗြဟ္မဝိဟာရအမြင် (၃) မဂ္ဂင်အမြင်တို့ ဖြစ်ကြ၏။ ပပဥ္စအမြင်ဟူသည်မှာ တဏှာအမြင်၊ မာနအမြင်၊ ဒိဋ္ဌိအမြင်တို့ ဖြစ်ကြ၏။ လောကကို တဏှာအမြင်ဖြင့်ကြည့်သောအခါ မိမိ၏ အကျိုးစီးပွားကို ပထမထားတတ်၏။ မာနအမြင်ဖြင့်ကြည့်သောအခါ နေရာတကာ၌ ငါပါရမှကျေနပ်၏။ ဒိဋ္ဌိအမြင်ဖြင့် ကြည့်သောအခါ "ငါလုပ်တာမှ

http://www.cherrythitsar.org



ကောင်းတယ်၊ ငါပြောတာမှမှန်တယ်" ဟူ၍မြင်တတ်၏။ ဤအမြင်သုံးမျိုးဖြင့် ကြည့်ခြင်းကို ပပဉ္စအမြင်ဖြင့် ကြည့်ခြင်းဟူ၍ဆိုရ၏။ ပပဉ္စအမြင်သည် မှန်သော အမြင်မဟုတ်။ ထို့ကြောင့် မိမိ၏ဘဝကို ပပဉ္စအမြင်ဖြင့်သာ ရွေးချယ်ပါက အပါယ်ဘဝကို ရွေးချယ်မိလျက်သား ဖြစ်သဖြင့် လိုချင်သည်ကတခြား၊ ရသည် ကတခြား ဖြစ်ပေလိမ့်မည်။

ဗြဟ္မဝိဟာရအမြင်ကို ဗြဟ္မစိုရ်အမြင်ဟူ၍လည်းခေါ်၏။ ယင်း အမြင် ဟူသည် မေတ္တာအမြင်၊ ကရုဏာအမြင်၊ မုဒိတာအမြင်၊ ဥပေက္ခာအမြင်တို့ဖြစ်ကြ ၏။ လောကကို မေတ္တာအမြင်ဖြင့် ကြည့်သောအခါ အားလုံးကို ချစ်စရာချည်း အဖြစ်မြင်၏။ ကရုဏာအမြင်ဖြင့်ကြည့်သော အခါ အားလုံးကို ကြည့်နာစရာချည်း အဖြစ်မြင်၏။ မုဒိတာအမြင်ဖြင့် ကြည့်သောအခါ အားလုံးကို ဂုဏ်ယူစရာချည်း အဖြစ် မြင်၏။ ဥပေက္ခာ အမြင်ဖြင့် ကြည့်သောအခါ အားလုံးကို လူသားချင်း အတူတူချည်း အဖြစ် မြင်၏။ ဤအမြင်လေးမျိုးဖြင့် ကြည့်ခြင်းကို ဗြဟ္မဝိဟာရ အမြင်ဖြင့် ကြည့်ခြင်းဟူ၍လည်းကောင်း၊ ဗြဟ္မစိုရ်အမြင်ဖြင့် ကြည့်ခြင်းဟူ၍ လည်းကောင်း ဆိုရ၏။ ဤ အမြင်လေးမျိုးသည် ၃၁ ဘုံအတွက်သာ ဖြစ်ပါက မှန်သောအမြင်ဖြစ်၏။ ထို့ကြောင့် မိမိဘဝကို ဗြဟ္မဝိဟာရ အမြင်ဖြင့် ရွေးချယ် ပါက လူ့ဘဝ၊ နတ်ဘဝ၊ များနိုရလျှင် ဗြဟ္မာဘဝကို ရနိုင်သဖြင့် အမြင်မှန်ဖြင့် ဘဝမှန်ကို ရွေးချယ်ခြင်းဟူ၍ ဆိုရ၏။

မဂ္ဂင်အမြင်ဟူသည်မှာ ဝိပဿနာအမြင် ဖြစ်၏။ လောကမှ ထွက်မြောက် လိုပါက လောကကို ကြည့်သောအခါ ဝိပဿနာအမြင်ဖြင့်သာ ကြည့်ရ၏။ လောကကို ဝိပဿနာအမြင်ဖြင့် ကြည့်သောအခါ ပုဂ္ဂိုလ်အဖြစ်လည်းမမြင်၊ သတ္တဝါအဖြစ်လည်း မမြင်၊ အားလုံးကို ရုပ်နှင့်နာမ်အဖြစ်သာ မြင်လေ၏။ ထိုအခါ မြင်လျှင်မြင်ကာမျှအတိုင်း ထား၏။ ယင်း၌ "ငါ" ကို အပိုမထည့်။ ကြားလျှင်ကြားကာမျှအတိုင်းထား၏။ ယင်း၌ "ငါ" ကို အပိုမထည့်။ သိလျှင် သိကာမျှအတိုင်းထား၏။ ယင်း၌ "ငါ" ကို အပိုမထည့်။ "ငါ"မထည့်လျှင် "ငါမြင်သည်၊ ငါကြားသည်၊ ငါသိသည်" ဟူ၍မဖြစ်။ "မြင်စိတ်က မြင်သည်၊ ကြားစိတ်ကကြားသည်၊ သိစိတ်က သိသည်" ဟူ၍သာ ဖြစ်လေ၏။ အမှန် အားဖြင့် ဖြစ်ဖြစ်သမျှ၌ "ငါ" ကိုအပိုထည့်၍ "ငါ" ပါနေခြင်းသည် လောက ဖြစ်၏။ ဖြစ်ဖြစ်သမျှ၌ "ငါ"ကိုအပိုမထည့်သဖြင့် "ငါ" မပါတော့ခြင်းသည် လောကုတ္တရာ ဖြစ်၏။ လောက၌ "ငါ" ကို ပယ်ပြီးလေပြီ။ "ငါ" မပါဝင် တော့။ အကယ်၍ ပါသေးသည်ဆိုလျှင်လည်း အနာဂါမ်တိုင်အောင်သာ ပါ၏။ ရဟန္တာ၌မပါ။

http://www.cherrythitsar.org



ဖြစ်ဖြစ်သမျှ၌ "ငါ" မပါဝင်အောင် လုပ်ရာတွင် လုပ်ငန်း၌ သမာဓိ မဏ္ဍင်ဖြစ်ဖို့ လို၏။ သမာဓိမဏ္ဍင်ဖြစ်လျှင် ရုပ်နှင့်နာမ်ကို မြင်လာမည် ဖြစ်၏။ ရုပ်နှင့်နာမ်တို့၏ ဖြစ်ပျက်ကိုမြင်လာမည်ဖြစ်၏။ ဖြစ်ပျက်တို့၌ ငြီးငွေ့လာမည် ဖြစ်၏။ ရုပ်နှင့်နာမ်တို့၌ တပ်မက်တတ်သော တဏှာကိုပယ်သတ်မည် ဖြစ်၏။ တဏှာကို ပယ်သတ်လိုက်သဖြင့် တဏှာမှ လွတ်မြောက်လျှင်ပင် လောကမှ လွတ်မြောက်လေတော့၏။ ထို့ကြောင့် လောကမှလွတ်မြောက်လိုပါလျှင် မဂ္ဂင် အမြင်ဖြင့် လောကကိုကြည့်ရ၏။ မဂ္ဂင်အမြင်ဖြင့် ကြည့်လေသောအခါ ဘဝနှင့် ပတ်သက်၍ ရွေးချယ်ခြင်းနှင့် ရခြင်းတို့သည် တစ်ထပ်တည်း ဖြစ်လေတော့၏။

ဤသည်တို့ကား ဂါထာဒေသနာတော်၏ အနက်နှင့်အဓိပ္ပာယ်တို့ ဖြစ်ပါ၏။ ဤဒေသနာတော်အရ သတ္တဝါတို့သည် မိမိတို့၏ဘဝကို မိမိတို့ကြိုက်သလို ရွေးချယ်ကြရ၏။ သူတစ်ပါးက လာရောက်၍ ရွေးချယ်ပေးရသည် မဟုတ်။ မိမိတို့က ရွေးချယ်သည့်အတိုင်းပင် မိမိတို့ဘဝကို မိမိတို့ ရကြ၏၊ ထို့ကြောင့် ရွေးချယ်ရာတွင် လိုချင်သည်ကတခြား၊ ရသည်ကတခြား မဖြစ်ရလေအောင် ဘဝနှင့်ပတ်သက်၍ ရွေးချယ်ရာတွင် အပ္ပမာဒတရား ရှေ့ထား၍ ရွေးချယ် အပ်ပါ၏။

# တံလျှပ်ကမ္မဋ္ဌာန်းကိုရှုသောရဟန်း

သာဝတ္ထိပြည်ဇေတဝန်ကျောင်းတော်၌ မြတ်စွာဘုရား သီတင်းသုံးတော်မူစဉ် ကာလကဖြစ်သည်။ သာဝတ္ထိပြည်၌ အမျိုးကောင်းသား တစ်ယောက်ရှိ၏။ သူသည် ပါရမီရှင် ဖြစ်၏။ ပါရမီရှင်ဖြစ်သော်လည်း အမျိုးအမည်အားဖြင့် သာသနာ့မှတ်တမ်း၌ မထင်ရှားခဲ့။ အညတရအနေဖြင့်သာ မှတ်တမ်းတင်ခြင်းကို ခံခဲ့ရ၏။ သူသည် ပါရမီများကို ဖြည့်ကျင့်စဉ်ကပင် အညတရဘဝကို မြတ်နိုး ခဲ့ဟန်ရှိ၏။ ထို့ကြောင့်လည်း အညတရဘဝဖြင့်ပင် ပဋိသမ္ဘိဒါလေးပါးနှင့်တကွ အရဟတ္တဖိုလ်ကိုရ၍ အညတရဖြင့်ပင် ပရိနိဗ္ဗာန်ကို ပြုတော်မူခြင်း ဖြစ်၏။

နှစဉ်ကာလ ပါရမီတော်များကို ဖြည့်ကျင့်စဉ်ဘဝများက မည်သူမဆို ပုထုဇဉ်တို့၏ဓမ္မတာအရ တောင့်တခြင်းများသည် သုံးမျိုးရှိတတ်ကြ၏။ ထို သုံးမျိုးတွင် ပထမတစ်မျိုးမှာ လာဘဖြစ်၏။ ဒုတိယတစ်မျိုးမှာ သက္ကာရဖြစ်၏။ တတိယတစ်မျိုးမှာ သိလောကဖြစ်၏။ လာဘဟူသည်မှာ ပစ္စည်းဥစ္စာများ ဖြစ်၏။ လူဟူသည် ပစ္စည်းဥစ္စာများနှင့် ပြည့်စုံချင်၏။ ထို့ကြောင့် လူသည်

http://www.cherrythitsar.org



ပစ္စည်းဥစ္စာများနှင့် ပြည့်စုံဖို့ ဆောင့်တ၏။ ရအောင် အားထုတ်၏။ ရအောင် အားထုတ်ရာတွင် တရားသဖြင့်ရအောင် အားထုတ်သည်လည်းရှိ၏။ မရလျှင် ရသည့်နည်းဖြင့် အတင်းအဓမ္မရအောင် အားထုတ်သည်လည်းရှိ၏။ သို့ရာတွင် ပါရမီသဘော သက်ရောက်အောင် အားထုတ်ရာ၌ကား တရားသဖြင့်ရအောင် အားထုတ်ခြင်းမျိုးသာ ဖြစ်၏၊ အမှန်အားဖြင့် ဤလောကတွင် ပစ္စည်းဥစ္စာများကို မရလျှင် ရသည့်နည်းဖြင့် အတင်းအဓမ္မရအောင် အားထုတ်ခြင်းက များပါ၏။ သို့ဖြစ်၍လည်း ပစ္စည်းဥစ္စာများနှင့် ပတ်သက်၍ ပါရမီရှိသူ နည်းပါးခြင်း ဖြစ်ဟန် ရှိလေ၏။ ဤသည်မှာ လာဘနှင့်ပတ်သက်သော ဆောင့်တခြင်း ဖြစ်၏။ လာဘ၏ ဆွဲဆောင်မှုကို တွန်းလှန်နိုင်သူများသည် ဤလောက၌ ရှားမှ ရှားလေ၏။

ရှားမှရှားထဲကပင် လာဘ၏ ဆွဲဆောင်မှုကို တွန်းလှန်နိုင်သူများလည်း ရှိကြပါ၏။ ထိုသူတို့ကား ပစ္စည်းဥစ္စာများကိုအရေးမစိုက်ကြသော်လည်း ရာထူး ဌာနန္တရများကိုအရေးစိုက်ကြလေ၏။ ရာထူးဌာနန္တရများကို သက္ကာရဟူ၍ ဆိုရ၏။ အမှန်အားဖြင့် ရာထူးဌာနန္တရများဖြင့် ဆွဲဆောင်ခြင်းကို တွန်းလှန်နိုင်သူများ သည်လည်း ရှားမှရှားပင် ဖြစ်ပါ၏။ ထို့ကြောင့်ပင် ဤလောက၌ ရာထူးဌာနန္တရ များ၏ အရှိန်အဝါ ကြီးမားနေခြင်း ဖြစ်ဟန်ရှိပါ၏။ သို့ရာတွင် တရားသဖြင့် ရာထူးဌာနန္တရများကို ရအောင် အားထုတ်ခြင်းဖြင့် ပါရမီသဘောကို ရအောင် ယူနိုင်သော်လည်း မတရားသဖြင့် ရာထူးဌာနန္တရများကိုရအောင် အားထုတ်ခြင်းဖြင့် ကား ပါရမီသဘောကိုရအောင် ယူနိုင်ဖို့လမ်းမရှိပါချေ။ ပါရမီသဘောကို ရောက်သည်ဖြစ်စေ၊ မရောက်သည်ဖြစ်စေ ရာထူးဌာနန္တရများကိုမရလျှင် ရသည့်နည်းဖြင့် ရအောင်အားထုတ်ခြင်းသည် ဤလောက၌နေ့ရာအနှံ့ရှိလေ၏။ "ငါ"က အနစ်နာခံပြီး လုပ်ခဲ့တာ၊ ရခြင်းရလျှင် "ငါ" သာ ရသင့်တယ်ဟူသော ခံယူချက်ဖြင့် အတင်းအဓမ္မရယူခြင်းမျိုးသည်လည်း ပါရမီလိုက်သော ရယူခြင်း မျိုးမဟုတ်။

အချို့သူတို့ကား ပစ္စည်းဥစ္စာများကိုလည်း မမက်မော၊ ရာထူး ဌာနန္တရ များကိုလည်း မမက်မော။ ထိုသူမျိုးလည်း ဤလောက၌ရှိသည်ပင် ဖြစ်ပါ၏။ သို့ရာတွင် ထိုသူမျိုးသည် ထင်ပေါ်ကျော်ကြားမှုများကိုမူမက်မောလေ၏။ ဘွဲ့ထူး ဂုဏ်ထူးများကိုမက်မောလေ၏။ ထင်ပေါ် ကျော်ကြားမှုများနှင့် ဘွဲ့ထူးဂုဏ်ထူး များကို ပါဠိဝေါဟာရအားဖြင့်ဆိုရလျှင် သိလောကဟုဆိုရ၏၊ သိလောက၏ အနက်မှာ ထင်ပေါ်ကျော်ကြားမှုဖြစ်၏။ ထို့ကြောင့် ဘွဲ့ထူးဂုဏ်ထူးများကိုလည်း သိလောက ၌ ထည့်သွင်းရေတွက်ခြင်း ဖြစ်၏။ အမှန်အားဖြင့် ထင်ပေါ်ကျော်ကြား

http://www.cherrythitsar.org



မှု ကိုဖြစ်စေ၊ ရာထူးဂုဏ်ထူးများကိုဖြစ်စေ တရားသဖြင့် ရအောင်အားထုတ်ခြင်း သည် ပါရမီသဘော သက်ရောက်ခွင့် ရှိပါသော်လည်း မတရားသဖြင့် ရအောင် အားထုတ်ခြင်းကား ပါရမီသဘောသက်ရောက်ခွင့် မရှိ၊ ပါရမီသဘောသက် ရောက်သည်ဖြစ်စေ၊ ပါရမီသဘော မသက်ရောက်သည်ဖြစ်စေ ထင်ပေါ် ကျော်ကြားမှုများနှင့် ဘွဲ့ထူးဂုဏ်ထူးများကိုရအောင် အားထုတ်ခြင်းကား ဤ လောက၌ ရှိသည်ပင် ဖြစ်ပါ၏။

သာဝတ္ထိပြည်မွေး အညတရ အမျိုးကောင်းသားသည် နှစ်ခုသော ပါရမီများ ကို ဖြည့်စဉ်ကာလက သူ၏ဆန္ဒအတိုင်းပင် အဂ္ဂသာဝကဖြစ်ဖို့ လည်း မမျှော် မှန်းခဲ့၊ မဟာသာဝကဖြစ်ဖို့လည်း မရည်ရွယ်ခဲ့၊ ရိုးရိုး ပကတိ သာဝကအဖြစ်ဖြင့် သာ နိဗ္ဗာန်ကို ရယူလိုပါ၏။ ထို့ကြောင့် သူသည် ပဋိသမ္ဘိဒါလေးပါးနှင့် အရဟတ္တဖိုလ်ကို ရသွားသူ ဖြစ်ပါသော်လည်း ပိဋကတ်တော်မှတ်တမ်းများ၌မူ အညတရအနေဖြင့်သာ မှတ်တမ်းတင်ထားခြင်း ခံရသူဖြစ်ကြောင်း တွေ့ရခြင်း ဖြစ်၏။

အမှန်အားဖြင့် ဘဝတွင် အညတရအဖြစ်သည်သာလျှင် စိတ်ချမ်းမြေ့ဖွယ် ကောင်းလှသည်ဟူ၍ သာဝတ္ထိပြည်မွား အညတရ အမျိုးကောင်းသားက သံသရာ တစ်လျှောက်လုံး ယုံကြည်လာဟန်ရှိ၏။ သို့မဟုတ်ဘဲ လောဘအရ သံသရာ၌ ဥစ္စာရှင်ဖြစ်ရလေအောင် ရည်မှန်းရသည်မှာလည်း ပင်ပန်းလှ၏။ သဏှာရအရ သံသရာ၌ ရာထူးဌာနန္တရကြီးမားသူဖြစ်ရလေအောင် အားထုတ်ရသည်မှာလည်း ပင်ပန်းလှ၏။ သိလောကအရ သံသရာ၌ ထင်ပေါ်ကျော်ကြားသော ဘွဲ့ထူးရှင်၊ ဂုဏ်ထူးရှင်ဖြစ်ရလေအောင် ဆုတောင်းရသည်မှာလည်း ပင်ပန်းလှပါ၏။ ထို့ကြောင့် သာဝတ္ထိပြည်မွား အညတရ အမျိုးကောင်းသားသည် သံသရာ၌ ကျင်လည်နေရစဉ် မိမိ၏တွေ့သမျှ၊ ကြုံသမျှ၌သာ နှစ်သက်ဖွယ်ရာကို တွေ့ အောင် ရှာနိုင်သူ အညတရဖြစ်ရပါစေကြောင်း ဆုပန်ခဲ့ဟန်ရှိလေ၏။ အကယ်၍ မိမိ၏တွေ့သမျှကြုံသမျှ၌သာ နှစ်သက်ဖွယ်ရာကို တွေ့အောင်ရှာနိုင်သူ အညတရမဖြစ်ခဲ့သော်၊ လောဘ၌သာ နှစ်သက်ဖွယ်ရာကို တွေ့အောင်ရှာနိုင်သူ ဓနရှင်ဖြစ်ရအောင် ကြိုးပမ်းချင်လည်း ကြိုးပမ်းရပေလိမ့်မည်။ သို့မဟုတ်ပါက သဏှာရ၌သာ နှစ်သက်ဖွယ်ရာကို တွေ့အောင်ရှာနိုင်သူ ရာထူးဌာနန္တရရှင် ဖြစ်ရအောင် ကြိုးပမ်းချင်လည်းကြိုးပမ်းရပေလိမ့်မည်။ သို့မဟုတ်ပါက သိလော က၌သာ နှစ်သက်ဖွယ်ရာကို တွေ့အောင်ရှာနိုင်သူ ဘွဲ့ထူးရှင်၊ ဂုဏ်ထူးရှင် ဖြစ်ရလေအောင် ကြိုးပမ်းချင်လည်း ကြိုးပမ်းရပေလိမ့်မည်။ မီးလည်းမီးအလှနှင့် မီး၊ လေလည်းလေအလှနှင့်လေ၊ ရေလည်းရေအလှ နှင့်ရေ၊ မြေလည်း မြေအလှ

http://www.cherrythitsar.org



နှင့်မြေ၊ အရာရာတိုင်းတွင် သူ့အလှနှင့်သူ။ အလှဟူသည်မှာ နှစ်သက်ဖွယ်ရာသပင်ဖြစ်၏။ အလင်္ကာရကျမ်းများက အလှကို ရသဟူ၍ ခေါ်ကြ၏။ ဒဿနကျမ်းများက အလှကို အာနန္ဒ ဟူ၍ခေါ်ကြ၏။ ဗုဒ္ဓဒေသနာတော်အရဆိုပါလျှင် အရာရာတိုင်းတွင် သာယာဖွယ်အဿာဒသည် ရှိ၏။ သာယာဖွယ် အဿာဒရှိသဖြင့်လည်း ဤလောက၌ အရာရာတိုင်းဟူ၍ ရှိနေရခြင်း ဖြစ်၏။ သို့ရာတွင် လောကရှိ အရာရာတိုင်း၌ ရှိသောသာယာဖွယ် အဿာဒကား အစစ်သာယာဖွယ် မဟုတ်၊ အတုသာယာဖွယ် ဖြစ်၏။ မသာယာဖွယ် အာဒီနဝကို သာယာဖွယ် ဖြစ်အောင် တဏှာက ဖန်ဆင်းထားခြင်းသာဖြစ်၏။ ထို့ကြောင့် လောကရှိ အရာရာတိုင်းကို သာယာဖွယ်အဖြစ် တဏှာဖြင့်မြင်နေရာမှ မသာယာဖွယ်အဖြစ် ဉာဏ်ဖြင့်အမှန်အတိုင်း မြင်အောင်ကြည့်ရ၏။ ထိုအခါမှသာ အစစ်အမှန်အလှမည်သော ဝိမုတ္တိရသကို တွေ့လေ၏။ တစ်နည်းအားဖြင့်ဆိုရလျှင် အလှသည် နှစ်မျိုးရှိ၏။ လောကအလှနှင့် လောကုတ္တရာအလှတို့ ဖြစ်ကြ၏။ လောကအလှတွင် မသာယာဖွယ် အာဒီနဝသည် ပါဝင်၏။ လောကုတ္တရာ အလှတွင်မူ မသာယာဖွယ် အာဒီနဝသည် ပါဝင်ခြင်းမရှိ။ ထို့ကြောင့် မသာယာဖွယ် အပြစ်အနာအဆာ အာဒီနဝ ပါဝင်သောအလှကို လောကအလှဟူ၍ လည်းကောင်း၊ သာယာဖွယ် အဿာဒဟူ၍လည်းကောင်း ဆိုရ၏။ မသာယာဖွယ် အပြစ်အနာအဆာ အာဒီနဝ မပါဝင်သောအလှကို လောကုတ္တရာအလှ ဟူ၍လည်းကောင်း၊ လွတ်မြောက်ရာ နိဿရဏ ဟူ၍လည်းကောင်း ဆိုပါ၏၊ ထို့ကြောင့် လောကရှိအရာရာတိုင်းကို မှန်ကန်သော အမြင်ဖြင့် ကြည့်မြင်မည်ဆိုပါလျှင် ပထမသာယာဖွယ်အဿာဒကို တွေ့ရ၏။ ဒုတိယအပြစ်အနာအဆာ အာဒီနဝကို တွေ့ရ၏။ တတိယ လွတ်မြောက်မှု နိဿရဏကို တွေ့ရ၏၊ အမှန်အားဖြင့် ဤသုံးမျိုးသည် နောက်ဆုံးလောကုတ္တရာအလှ ဝိမုတ္တိရသသို့ တက်လှမ်းရာ၌ လှေကားသုံးထစ်သဖွယ် ဖြစ်လေ၏။

သို့ဖြစ်လေရာ အညတရအနေဖြင့် သာမည၌ အလှကို ရှာရခြင်းသည် လွယ်ကူ၏။ ဧတဒဂ္ဂအနေဖြင့် ဝိသေသ၌ အလှကို ရှာရခြင်းသည် ခက်ခဲ၏။ သာမညဖြစ်ဖြစ်၊ ဝိသေသဖြစ်ဖြစ် ပရမတ္ထအားဖြင့် သင်္ခါရသဘောအရ အားလုံး အတူတူဖြစ်လေ၏။ ထို့ကြောင့် သာဝတ္ထိပြည်မှ အညတရအမျိုးကောင်းသားသည် သံသရာတစ်လျှောက် ကျင်လည်ရစဉ် အညတရအဖြစ်ဖြင့် ကျေနပ်ခဲ့ခြင်း ဖြစ်ဟန်တူ၏။ ယခုနောက်ဆုံးဘဝ၌လည်း သာဝတ္ထိပြည်မှ အညတရ အမျိုးသားသည် လောကကို သာယာဖွယ် အဿာဒအဖြစ်မြင်စဉ်က လူ့ဘဝဖြင့် ပျော်မွေ့လေ၏။ သို့ရာတွင် ပါရမီတို့၏ ဆော်ဩမှုအရ လောကကို မသာယာဖွယ်

http://www.cherrythitsar.org



အပြစ်အနာအဆော အာဒီနဝအဖြစ် မြင်သောအခါ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး၍ လျက် ရှိပါသော မြတ်စွာဘုရားထံတော်၌ ရဟန်းပြုလေ၏။ လောကုတ္တရာအလှဖြစ်သော ဝိမုတ္တိရသသို့ တက်လှမ်းရန်အတွက် တတိယ လှေကားထစ်ဖြစ်သောနိဿရဏကို ရရန်အတွက် သူသည် ရဟန်းပြုခြင်းဖြစ်၏။ ရဟန်းပြုပြီးနောက် ရဟန်းတို့၏ဝတ္တရားအတိုင်း တဒေသပရိယတ္တိများကို ဇေတဝန်ကျောင်းတော်၌ပင် အညတရရဟန်းသည် သင်ကြားလေ၏။

အညတရရဟန်းသည် ပါရမီများ၏ ဓာတ်ဆော်မှုအရ ဝိပဿနာတရားကို အားထုတ်လို၏။ အမှန်အားဖြင့်လည်း သူ့အတွက် ဤတဝသည် နောက်ဆုံးဘဝ ဖြစ်၏။ ထို့ကြောင့်သူသည် မြတ်စွာဘုရားထံတော်မှ ကမ္မဋ္ဌာန်းတရားကိုတောင်း၍ သူနှင့် သင့်လျော်ရာ တောကျောင်း၌ သီတင်းသုံးပြီးလျှင် ဝိပဿနာတရားကို အားထုတ်လေ၏။ သူသည် ကြိုးစွာသောဝီရိယဖြင့် ဝိပဿနာတရားကို အားထုတ်ပါသော်လည်း မဂ်ဖိုလ်ကို မရနိုင်ဘဲ ရှိလေ၏။ ထိုသို့မဂ်ဖိုလ်ကို မရသေးခြင်းမှာ အချိန်မရောက်သေးသဖြင့် သူ၏ဣန္ဒြေများ မရင့်သေးသော ကြောင့် ဖြစ်၏။ သဒ္ဓါနှင့် ပညာ၊ ဝီရိယနှင့် သမာဓိ ဤအစုံများကို သတိဖြင့် ညီညွတ်အောင် လုပ်ဖို့လို၏။ အချိန်ကျမှလည်း ညီညွတ်အောင် လုပ်၍ရ၏။ တစ်ခုခုက လွန်ကဲနေလျှင်မဖြစ်။ သို့ရာတွင် ဣန္ဒြေအစုံများ မညီညွတ်သဖြင့် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် မဆိုက်သေးသည်ကိုပင် ကမ္မဋ္ဌာန်းတရား မမှန်သဖြင့် သစ္စာဉာဏ်ကို မရခြင်းဖြစ်သည်ဟူ၍ သူက ထင်လေ၏။ ထို့ကြောင့် သူ့အတွက် အရဟတ္တဖိုလ်ကို ရစေနိုင်သော ကမ္မဋ္ဌာန်းတရားကို ဟောကြားတော်မူပါရန် လျှောက်ထားဖို့အတွက် အညတရရဟန်းသည် သူသီတင်းသုံးရာ တောကျောင်းမှ မြတ်စွာဘုရား သီတင်းသုံးတော်မူရာ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ ပြန်လာခြင်းဖြစ်လေ၏။ အမှန်အားဖြင့် ပုထုဇဉ်ဟူသည် မျက်ကန်းသော ဖြစ်၏။ အထင်ကိုပင် အမြင်လုပ်တတ်၏။ ထို့ကြောင့် အညတရ ရဟန်းသည် ကမ္မဋ္ဌာန်းနှင့်ပတ်သက်၍ သူ၏အထင်ကို သူ၏အမြင် လုပ်ပြီး သာဝတ္ထိပြည်ဇေတဝန် ကျောင်းတော်သို့ ပြန်လာခြင်းဖြစ်၏။

အညတရရဟန်းသည် လမ်း၌ တံလျှပ်ကို မြင်၏။ တံလျှပ်ဟူသည် အဝေးမှကြည့်သောအခါ မြင်၏။ အနီးသို့ရောက်သောအခါ မမြင်၊ ထို့ကြောင့် တံလျှပ်သည် ဖြစ်လိုက်၊ ပျက်လိုက်သော သဘောရှိ၏။ အညတရရဟန်းသည် တံလျှပ်ကိုမြင်၏။ တံလျှပ်၏ ဖြစ်ခြင်းနှင့်ပျက်ခြင်းကိုလည်း မြင်၏။ သို့ရာတွင် သူသည် တံလျှပ်မှတစ်ဆင့် သူ၏ခန္ဓာကိုယ်ကို မမြင်။ သူ၏ခန္ဓာကိုယ်၏ ဖြစ်ခြင်းနှင့် ပျက်ခြင်းကိုလည်း မမြင်။ အမှန်အားဖြင့် ဝိပဿနာဟူသည်မှာ

http://www.cherrythitsar.org



မိမိခန္ဓာကိုယ်ကိုလည်းကောင်း၊ မိမိခန္ဓာကိုယ်၏ ဖြစ်ခြင်းနှင့်ပျက်ခြင်းကိုလည်းကောင်း မြင်ရ၏။ သို့မှသာ ဝိပဿနာဖြစ်၏။ အစပထမ၌ အညတရ ရဟန်းသည် တံလျှပ်သဘော ကို မြင်၏။ တံလျှပ်သဘောမှ ခန္ဓာကိုယ်သဘောကို ဆက်ကူးပြီး ဖြစ်ပျက်ကိုမမြင်။ ထိုအခါဝိပဿနာမဖြစ်သဖြင့် တရားမရဘဲ ရှိလေ၏။ ထို့နောက်မှ အညတရရဟန်းသည် တံလျှပ်သဘောမှ ခန္ဓာကိုယ်သဘော ကိုဆက်၍ကူးမိလေ၏။ တံလျှပ်လိုပင် ခန္ဓာကိုယ်သည်လည်း ဖြစ်လိုက်ပျက်လိုက်ရှိချေ၏။ ထိုအခါ ခန္ဓာကိုယ်၏ အနိစ္စသဘော၊ ဒုက္ခသဘော၊ အနတ္တသဘောကိုမြင်၏။

အမှန်အားဖြင့် ဝိပဿနာဟူသည်မှာ အာရုံနောက်သို့ စိတ်ကမလိုက်ဘဲ ဒွါရများ၌ ရောက်လာသော အာရုံများကိုသာ စိတ်ကကြည့်ရ ခြင်းဖြစ်၏။ ယခု အညတရ ရဟန်းသည် မိမိ၏ ဒွါရများ၌ ထင်လာသော အာရုံများကိုလည်းကောင်း၊ ယင်းအာရုံများ၏ ဖြစ်ပျက်ကို လည်းကောင်း၊ မိမိ၏ ခန္ဓာ၌ တင်၍ကြည့်တတ်ပေပြီ။ သူသည် ဝိပဿနာဉာဏ်ကို ရပေပြီ။

ထို့နောက် အညတရ ရဟန်းသည် ခရီးဆက်၍ လာလေရာ အစိရဝတီ မြစ်ကမ်းပါး ရောက်လာ၏။ သူသည် ခရီးပန်းသဖြင့် အစိရဝတီ မြစ်တွင်းသို့ ဆင်း၍ ရေချိုးလေ၏။ ထို့နောက် အညတရရဟန်းသည် အစိရဝတီ မြစ်ကမ်းပါး၌ထိုင်ကာ အစိရဝတီမြစ်ရေကို ကြည့်မိ၏။ မြစ်ရေ၌ ရေမြှုပ်စိုင်တို့သည် ဖြစ်လိုက်၊ ပျက်လိုက် ဖြစ်နေသည်ကို သူမြင်၏။ ထိုအခါ သူသည် သူ၏ ခန္ဓာကိုယ်၌ အာရုံတင်၍ ခန္ဓာကိုယ်သည်လည်း ရေမြှုပ်စိုင်နည်းတူ ဖြစ်လိုက်ပျက်လိုက် ပါတကားဟူ၍ ရှုမိလေ၏။ ဤသည်မှာ အညတရ ရဟန်းသည် ဝိပဿနာဉာဏ်စဉ်များကို ရခြင်း ဖြစ်၏။ ဝိပဿနာဟူသည်မှာ ခန္ဓာ၏ ဖြစ်ပျက်ကို ဉာဏ်မျက်စိဖြင့် မြင်ခြင်းဖြစ်၏။

မြတ်စွာဘုရားသည် အမှုမဲ့အမှတ်မဲ့ နေသည်မဟုတ်။ အညတရ ရဟန်းကို အစဉ်တစ်စိုက်စောင့်ကြည့်နေ၏။ အညတရရဟန်းသည် သူ၏ခန္ဓာကိုယ်နှင့် ပတ်သက်၍ တံလျှပ်သဘောကိုလည်းကောင်း၊ ရေမြှုပ်စိုင်သဘောကိုလည်း ကောင်း အာရုံတင်၍ ရှုလေသောအခါ မြတ်စွာဘုရားက အညတရ ရဟန်းအား "ချစ်သား ခန္ဓာကိုယ်သည် တံလျှပ်ကဲ့သို့လည်းကောင်း၊ ရေမြှုပ်စိုင်ကဲ့သို့ လည်းကောင်း ဖြစ်ပြီးလျှင် ပျက်တတ်၏" ဟု မိန့်တော်မူပြီးလျှင် ဤဂါထာကို ဟောကြားထားတော်မူ၏။

– **ဤခန္ဓာကိုယ်ကို ရေမြှုပ်သဘောရှိသည်ဟု သိပြီး၍ လည်းကောင်း၊ တံလျှပ်သဘောရှိသည်ဟု ကောင်းစွာ သိပြီး၍ လည်းကောင်း၊ တဏှာဝဋ်မင်း၏**

**ရာပြည့်စာအုပ်တိုက်**

http://www.cherrythitsar.org



**တောအုမှုလောင်းနုကျွတ်တို့ကို ပယ်ဖျက်ပြီး၍ သေမင်းမမြင်ရာ နိဗ္ဗာန်သို့ သွားရာ၏။**

ဂါထာဒေသနာတော်၏ အဆုံး၌ အညတရ ရဟန်းသည် ပဋိသမ္ဘိဒါ လေးပါးနှင့်တကွ အရဟတ္တဖိုလ်ကို မျက်မှောက်ပြု၍ သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်ရှိ မြတ်စွာဘုရားထံတော်မှောက်သို့ ရှိခိုးလျက် ရောက်လာလေ၏။ သူသည် သူ့အတွက် လုပ်စရာလုပ်ငန်းများကို အားလုံးလုပ်ပြီးလေပြီ။ သူ့အတွက် နောက်ထပ်လုပ်စရာဟူ၍ ဘာမျှမရှိတော့။ အသက်ရှင်နေသမျှ ကာလ ပတ်လုံး သူလုပ်သမျှအားလုံးသည် လောကအတွက်သာ ဖြစ်လေ၏။ ရဟန္တာ မဖြစ်မီကာလက သူလုပ်သမျှထဲ၌ သူ့အတွက် ပါဝင်တန်သလောက် ပါဝင် သေး၏။ အမှန်အားဖြင့် တဏှာလောဘကို အပြီးအပြတ် မပယ်သတ်နိုင်သေး ပါက လောကအတွက် မည်မျှပင်လုပ်လုပ်၊ လုပ်သူအတွက် ပါဝင်သင့်သလောက် ပါဝင်ပါ၏။ ယခုမူ သူသည် တဏှာလောဘကို အပြီးအပြတ် ပယ်သတ်နိုင် လေပြီ။ ထို့ကြောင့် သူလုပ်သမျှအားလုံးသည် လောကအတွက်သာ ဖြစ်၏။ သူ့အတွက်မဟုတ်တော့။ သို့ဖြစ်၍သာ တဏှာလောဘကို အပြီးအပြတ် ပယ် သတ်တော်မူပြီးသော အရိယာပုဂ္ဂိုလ်များသည် လောက၏ကျေးဇူးရှင်များ ဖြစ်ကြ ခြင်း ဖြစ်ပါ၏။

အန္ဓပုထုဇဉ်များသည် မိမိတို့၏ ခန္ဓာကိုယ်ကို ပြန်ကြည့်သောအခါ ဒြပ် အနေဖြင့်သာ မြင်ကြ၏။ အရာဝတ္ထုများအနေဖြင့်သာ မြင်ကြ၏။ ပုဂ္ဂိုလ် သတ္တဝါများအနေဖြင့်သာ မြင်ကြ၏။ ထိုသို့ မြင်ကြခြင်းမှာ ဉာဏ်မျက်စိဖြင့် ကြည့်ခြင်းမျိုးမဟုတ်ဘဲ ပကတိမျက်စိဖြင့် ကြည့်ခြင်းမျိုး ဖြစ်သောကြောင့် ဖြစ်၏။ အမှန်အားဖြင့် ပကတိမျက်စိသည် ဒြပ်ဝတ္ထုကိုသာ မြင်စွမ်းနိုင်ပါ၏။ ပုဂ္ဂိုလ်သတ္တဝါကိုသာ မြင်စွမ်းနိုင်ပါ၏။ ဒြပ်မဲ့ကို မမြင်စွမ်းနိုင်။ ပုဂ္ဂိုလ်မဲ့၊ သတ္တဝါမဲ့ဖြစ်သော သဘာဝဓမ္မကို မမြင်စွမ်းနိုင်။ အမှန်အားဖြင့် လောက၌ ပုဂ္ဂိုလ်သတ္တဝါဟူ၍မရှိ၊ ဓမ္မ သဘာဝသာရှိလေ၏။ ထို့ကြောင့် ပုဂ္ဂိုလ်သတ္တဝါကို မြင်ခြင်းသည် အမှားကိုမြင်ခြင်းဖြစ်၏။ ဓမ္မသဘာဝကိုမြင်မှ အမှန်ကို မြင်ခြင်း ဖြစ်၏။ ဓမ္မသဘာဝသည် တံလျှပ်သဘောရှိ၏။ ရေမြှုပ်စိုင်သဘော ရှိ၏။ တံလျှပ်သည်လည်းကောင်း၊ ရေမြှုပ်စိုင်သည်လည်းကောင်း အနိုင်အမာ အတ္တ မဟုတ်၊ အနှစ်အတ္တမဟုတ်။ ခဏချင်းဖြစ်၏။ ခဏချင်းပျက်၏။ အားကိုးစရာ၊ တွယ်တာစရာဟူ၍ ဘာမျှမရှိ။ သူ့သဘောသူဆောင်ကာ ဖြစ်၏၊ သူ့သဘော သူဆောင်ကာ ပျက်၏။မည်သူကမျှ ဖြစ်စေသတည်း ဟူ၍လည်းကောင်း၊ ပျက်စေသတည်းဟူ၍လည်းကောင်း၊ ဖန်ဆင်း၍မရ။ သူ့အကြောင်းနှင့်သူ့

http://www.cherrythitsar.org



အကျိုးသာဖြစ်လေ၏။ ထိုနည်းအတူ ခန္ဓာကိုယ်၏ဖြစ်မှုပျက်မှုကိုလည်း ဤသို့သာ ဖြစ်တတ်သည့်သဘော "ဧဝံဓမ္မတာ" ဟူ၍ ဆိုရ၏။ အညတရ ရဟန်းသည် ခန္ဓာကိုယ်ကို ဤသို့မြင်လေပြီ။

ခန္ဓာကိုယ်ကို ဤသို့မြင်ခြင်းသည် လွယ်ကူသောမြင်ခြင်းမဟုတ်။ ဝိပဿနာဉာဏ်ဖြင့်ကြည့်မှ မြင်၏။ လောကကိုလည်းကောင်း၊ ခန္ဓာကိုယ်ကိုလည်းကောင်း ဝိပဿနာဉာဏ်ဖြင့် ကြည့်နိုင်ရန် မြင်တတ်သော မျက်စိရှိဖို့လို၏။ မြင်တတ်သောမျက်စိဟူသည်မှာ သမာဓိ ဖြစ်၏။ ထို့ကြောင့် ကျမ်းဂန်များ၌ ဝိပဿနာရှုရန် သမာဓိရခြင်းကိုပင် "စက္ခုံ ဥဒပါဒိ" မျက်စိသည် ဖြစ်ပေါ်ပြီ ဟူ၍ဆိုခြင်းဖြစ်၏။ ဓမ္မတာအရ မျက်စိရှိမှ ကြည့်စရာကိုကြည့်၍ မြင်၏။ ပကတိမျက်စိဖြင့်ကြည့်လျှင် အရာဝတ္ထုကို မြင်၏။ ပုဂ္ဂိုလ်သတ္တဝါကို မြင်၏။ သူ့မျက်စိနှင့်သူ မြင်စရာဖြစ်၏။ သမာဓိမျက်စိဖြင့်ကြည့်လျှင် ဝိပဿနာအရာ၌ ခန္ဓာကိုယ်၏ ရုပ်နာမ်ကို မြင်၏၊ ဖြစ်ပျက်ကိုမြင်၏။ ဖြစ်ပျက်ဆုံးရာ နိဗ္ဗာန်ကို မြင်၏၊ ထို့ကြောင့် ဝိပဿနာရှုရာတွင် အရေးအကြီးဆုံးမှာ မျက်စိကို ရဖို့ပင်ဖြစ်၏။ မျက်စိဟူသည်မှာ သမာဓိဖြစ်၏။ ပုဂ္ဂိုလ်သတ္တဝါသည် ပကတိမျက်စိဖြင့် ကြည့်သောအခါ မြင်စရာများကို မြင်သကဲ့သို့ ဉာဏ်သည် သမာဓိမျက်စိဖြင့် ကြည့်သောအခါ မြင်စရာများကို မြင်၏။ ဤနေရာ၌ မြင်စရာများဟူသည်မှာ ရုပ် နာမ် ခန္ဓာ ဖြစ်ပျက်နှင့် သစ္စာလေးပါးပင်ဖြစ်၏။ သစ္စာလေးပါးတွင် ဒုက္ခလည်းပါ၏။ ဒုက္ခ၏အကြောင်း တဏှာလောဘလည်းပါ၏။ ဒုက္ခချုပ်ရာ နိဗ္ဗာန်လည်းပါ၏။ နိဗ္ဗာန်သို့ရောက်ကြောင်း မဂ္ဂလည်းပါ၏။

ဤလောကတွင် မည်သူမဆို လောကအပေါ် ကျေးဇူးဆပ်ရမည့်သူများချည်းဖြစ်၏။ မည်သူမျှ လောက၏ကျေးဇူးနှင့်ကင်းသူဟူ၍ မရှိ။ အကယ်၍ လောကသာမရှိလျှင် သူဟူ၍လည်းမရှိ၊ ငါဟူ၍လည်းမရှိ၊ ပုဂ္ဂိုလ်ဟူ၍လည်း မရှိ၊ သတ္တဝါဟူ၍လည်း မရှိ။ ထို့ကြောင့် မည်သူမျှ လောက၏ကျေးဇူးနှင့် ကင်းသူဟူ၍ မရှိဟုဆိုခြင်းဖြစ်၏။ လောက၏ ကျေးဇူးနှင့် မကင်းလျှင် လောကအပေါ် ပြန်လည်၍ ကျေးဇူးဆပ်ရ၏။ ဤသည်မှာ ဓမ္မတာဖြစ်၏။ ထို့ကြောင့် လောကအပေါ် ထိုက်ထိုက်တန်တန် ပြန်လည်၍ ကျေးဇူးဆပ်နိုင်စွမ်းသောလောက၏ သားကောင်း သမီးကောင်းဖြစ်လိုပါလျှင် မိမိ၏ အကျိုးကိုသာ ကြည့်တတ်သော တဏှာလောဘကို ပယ်သတ်နိုင်ရေးအတွက် ဝိပဿနာဘာဝနာကို ပွားများအားထုတ်မိအောင် ကြိုးပမ်းအပ်ပါ၏။ မြတ်စွာဘုရား၏ အထက်ပါ ဂါထာတော်မှ ဤအနက်၊ ဤအဓိပ္ပာယ်ကို ရအောင် ယူသင့်ပါကြောင်း တင်ပြအပ်ပါ၏၊

http://www.cherrythitsar.org



# ဝိဇ္ဇာ

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ကာလက ဖြစ်ခဲ့သော ဖြစ်ရပ်ဖြစ်၏။ ထိုစဉ်က ပညာသင်ကြားရေးနှင့်ပတ်သက် လျှင် ငွေကြေးတတ်နိုင်သောသူများသည် တက္ကသိုလ်ပြည် ဒိသာပါမောက္ခ ဆရာကြီးထံသို့သာ သွားရောက်၍ ပညာသင်ကြားကြရ၏။ ငွေကြေးတတ်နိုင် သူများတွင် မင်းသားများလည်း ပါ၏။ ဗြဟ္မဏလုလင်များလည်း ပါ၏။ သူဌေးသူကြွယ်များလည်း ပါ၏။ ငွေကြေးမတတ်နိုင်သူများကား တက္ကသိုလ် ပြည်ပြန် ပညာသင်များမှတစ်ဆင့် မိမိတို့အသန်သော သင်ယူကြရ၏။

ထိုခေတ်ပညာရေးမှာလည်း ၁၈ ရပ်သော အတတ်ပညာရပ်များ ဖြစ်ကြ၏။ ၁၈ ရပ်သော အတတ်ပညာရပ်များတွင် ဝိဇ္ဇာပညာရပ်များလည်း ပါ၏။ သိပ္ပံပညာရပ်များလည်းပါ၏။ ဝိဇ္ဇာပညာရပ်ကို သင်ယူသည် ဖြစ်စေ၊ သိပ္ပံပညာရပ်ကို သင်ယူသည်ဖြစ်စေ မည်သည့်ပညာရပ်ကိုပင် သင်ယူ သင်ယူ ကျောင်းသားတိုင်း မသင်မနေရ ပညာရပ်တစ်ခုရှိ၏။ ယင်းပညာရပ်ကား ဝေဒ ဆိုင်ရာပညာရပ်ဖြစ်၏။ ကျောင်းသားတစ်ယောက်သည် ဝေဒဆိုင်ရာပညာရပ် ကို မသင်ယူခဲ့လျှင် သူ၏ဘဝသည်မပြည့်စုံဟူ၍ ထိုခေတ်က အယူအလမ်း ရှိ၏။ ထို့ကြောင့် ကျောင်းသားတိုင်းသည် ဝေဒဆိုင်ရာပညာရပ်ကို သင်ယူရခြင်း ဖြစ်၏။ ဝေဒဆိုင်ရာပညာရပ်ကို တတ်မြောက်ပါမှလည်း လူသည် လောကတွင် နေထိုင်တတ်၏။ ဤသည်မှာ ထိုခေတ်တက္ကသိုလ်ပညာရေး၏ အခြေခံအုတ်မြစ် ဖြစ်၏။

သတ္တဝါတို့၏ ပင်ကိုစိတ်အရ လူသည် ကောင်းကောင်းစားချင်၏။ ကောင်းကောင်းဝတ်ချင်၏။ ကောင်းကောင်းနေချင်၏။ ကျန်းကျန်းမာမာလည်း ရှိချင်၏။ အမှန်အားဖြင့် ကောင်းကောင်းစားလိုခြင်း၊ ကောင်းကောင်း ဝတ်လိုခြင်း၊ ကောင်းကောင်းနေလိုခြင်း၊ ကျန်းကျန်းမာမာရှိလိုခြင်းသည် ဘဝတွင် အခြေခံ အကျဆုံးသောလိုအပ်ချက်ဖြစ်၏။ ထို့ကြောင့် လူဟူသမျှသည် ထိုအခြေခံ အကျဆုံးသော လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်အတွက် နေ့မရှောင်၊ မိုးရှောင် မရှောင် ကြိုးပမ်းနေခြင်းဖြစ်၏။ ထိုသဘောကို တက္ကသိုလ်ပြည်က ဒိသာ ပါမောက္ခဆရာကြီးသည် သိပါ၏။ ထို့ကြောင့် ဒိသာပါမောက္ခဆရာကြီးသည် မိမိ၏ တပည့်များအား စား၊ ဝတ်၊ နေ၊ ကျန်းမာမှု ဤလေးခုနှင့်ပတ်သက်၍ ကြိုးပမ်းရာတွင် ကြိုးပမ်းနည်းကို အမျိုးဇာတ်အလိုက် သင်ကြားပေးလိုက်ပါ၏။

သို့ရာတွင် စား၊ ဝတ်၊ နေ၊ ကျန်းမာမှု ဤလေးခုသည် ဘဝအတွက်

http://www.cherrythitsar.org



အခြေခံအကျဆုံးသော လိုအပ်ချက်ဖြစ်သည်မှာ မှန်ပါ၏။ ထို့ကြောင့်ဤအခြေခံအကျဆုံးသော လိုအပ်ချက်လေးခုအတွက် မနားမနေ ကြိုးပမ်းအပ်သည်မှာလည်း မှန်ပါ၏။ သို့ရာတွင် ဘဝတွင် ပန်းတိုင်ဟူ၍ ရှိ၏။ ဘဝတွင်အဓိပ္ပာယ်ဟူသည် ရှိ၏။ ဘဝတွင် အနှစ်သာရဟူသည် ရှိ၏။ ဘဝ၏ပန်းတိုင်၊ ဘဝ၏အဓိပ္ပာယ်၊ ဘဝ၏အနှစ်သာရအရ ဆိုရလျှင် စား၊ ဝတ်၊ နေ၊ ကျန်းမာမှု ဤလေးခုသည် ဘဝတွင် အနိမ့်ဆုံးသော လိုအပ်ချက်သာဖြစ်၏။ ဤလိုအပ်ချက်လေးခုကို တိရစ္ဆာန်များသည်ပင် လိုအပ်လျက်ရှိလေရာ ဤလိုအပ်ချက်လေးခုပြည့်စုံခြင်းသည် တိရစ္ဆာန်ဘဝနှင့် လူ့ဘဝကို ခြားနားအောင် ပြုလုပ်ပေးနိုင်သော နယ်ခြားမျဉ်းမဟုတ်ချေ။ ထို့ကြောင့် ဤလိုအပ်ချက်လေးခုကို လူ့ဘဝတွင် အနိမ့်ဆုံးသော၊ အညံ့ဆုံးသော၊ အမိုက်မဲဆုံးသော လိုအပ်ချက်ဟူ၍ လည်းကောင်း၊ ယင်းလေးမျိုးကိုသာ ဘဝ၏ပန်းတိုင်၊ ဘဝ၏အဓိပ္ပာယ်၊ ဘဝ၏အနှစ်သာရအဖြစ် မှတ်ယူနေပါလျှင် ထိုကဲ့သို့သောမှတ်ယူချက်သည် မှန်ကန်သော မှတ်ယူချက်မဟုတ်ဟူ၍လည်းကောင်း ဒီသာပါမောက္ခ ဆရာကြီးက သူ၏တပည့်များအား သင်ကြားပေးပါ၏။ အမှန်အားဖြင့် စား၊ ဝတ်၊ နေ၊ ကျန်းမာမှု ဤလေးခုသည် ဘဝတွင် ရုပ်ပိုင်းဆိုင်ရာတောင့်တချက်များသာဖြစ်၏။ ဘဝတွင် ရုပ်ပိုင်းသည် ခန္ဓာဖွဲ့စည်းမှုအရ အပြင်ပိုင်းအကျဆုံးသော၊ အကြမ်းဆုံးသော အပိုင်းဖြစ်၏။ ထို့ကြောင့် ရုပ်ပိုင်းဆိုင်ရာ လိုအပ်ချက်ကို ဒီသာပါမောက္ခ ဆရာကြီးက ဘဝတွင်အနိမ့်ဆုံးသော၊ အညံ့ဆုံးသော အမိုက်မဲဆုံးသော တောင့်တချက်ဟူ၍ ဆိုခြင်းဖြစ်ပါ၏။ အမှန်အားဖြင့် ရုပ်ပိုင်းဆိုင်ရာ လိုအပ်ချက်သည် ဘဝတွင် လမ်းစဉ်သာဖြစ်၏။ ပန်းတိုင်မဟုတ်။

ရုပ်ပိုင်းဆိုင်ရာလိုအပ်ချက်များ ပြည့်စုံသောအခါ ဘဝတွင် ကာယသုခရှိသည် မှန်ပါ၏။ ကာယသုခဟူသည်ကား စိတ္တသုခမရှိလျှင် သုခဟူ၍ပင် ပြောဖို့ခက်သော သုခမျိုးဖြစ်၏။ ထို့ကြောင့် စိတ္တသုခသည် ကာယသုခထက် ပို၍တန်ဖိုးအားဖြင့် မြင့်မားလေ၏။ ထို့ကြောင့် လူအဖြစ် အသက်ရှင်နေရသရွေ့ ကာလပတ်လုံး စိတ္တသုခအရာဘဝတွင် ပျော်ရွှင်ချမ်းမြေ့ဖို့လည်း လိုအပ်ပါ၏။ ထို့ကြောင့် ဒီသာပါမောက္ခ ဆရာကြီးက အဋ္ဌာရသ ၁၈ ရပ်သော ပညာရပ်များကို မိမိ၏ တပည့်များအား သင်ကြားပေးရာတွင် ခံစားမှုဝေဒနာဆိုင်ရာ အနုပညာရပ်များကိုပါ ထည့်သွင်းသင်ကြားပေးလိုက်ခြင်းဖြစ်၏။ အနုပညာရပ်များဖြင့် လောကကို ကြည့်သောအခါ အလှကို တွေ့မည်ဖြစ်၏။ အကြမ်းအားဖြင့် အလှသည် "ပန်း"၌လည်းရှိ၏။ ပန်း၌ရှိသောအလှကို "ပန်းအလှ" ဟူ၍ ဆိုရ၏။ "ပန်း"အလှ၏ တရားကိုယ်မှာ ဝိရိယဖြစ်၏။ ထို့ကြောင့် ဝိရိယာဓိက

http://www.cherrythitsar.org



ဘုရားလောင်းများသည် လောကကိုအလှဆင်သော ရတနာများ အနေဖြင့် ချစ်စရာကောင်းခြင်းဖြစ်၏။ ချစ်စရာကောင်းသည်ဆိုလျှင် လှ၍သာဖြစ်၏။ ထို့အပြင် အလှသည် "အသုံး"၌လည်း ရှိ၏။ အရာဝတ္ထုတစ်ခုကို အသုံးကျအောင် အသုံးချတတ်ခြင်းသည် အလှပင်ဖြစ်၏။ သို့ဖြစ်လေရာ အသုံးကျအောင် အသုံးချတတ်ခြင်းသည် အလှဟူ၍ပင် ဆိုရ၏။ အမှန်အားဖြင့် အသုံးအလှ၏ တရားကိုယ်မှာ ဉာဏ်ပညာဖြစ် ၏။ ထို့ကြောင့် ပညာဓိကဘုရားလောင်းများသည် လောကအတွက် အလှရတနာများအနေဖြင့် ချစ်စရာကောင်းကြခြင်းဖြစ်၏။ ချစ်စရာကောင်းသည်ဆိုလျှင် လှ၍သာဖြစ်လေ၏။ ဤလောက၌ အလှရှိသည်ဟုဆိုပါလျှင် ဖြစ်စေ၊ အလှကိုမြင်တတ်သူများက လောကသည် လှသည်ဟု ဆိုပါလျှင်ဖြစ်စေ လောကသည် သူ၏ကိုယ်ပိုင်ပင်ကိုအလှဖြင့် လှသည် မဟုတ်။ ဝီရိယ၊ သဒ္ဓါနှင့် ပညာတို့၏ အလှကို ဆေးရောင်ဆွတ်ဖျန်းသကဲ့သို့ အဝတ်အစား အလှဖြင့်သာ လှခြင်းဖြစ်ပါ၏။ သို့ရာတွင် ဤအလှသည်လည်း ဘဝ၏ပန်းတိုင် မဟုတ်၊ ဘဝ၏ လမ်းစဉ်မျှသာ ဖြစ်ပါ၏။ သို့ရာတွင် ထိုလမ်းစဉ်ကား ခံစားမှုဝေဒနာနှင့်သာ ပတ်သက်လေ၏။ အမှန်အားဖြင့် လောကအလှဟူသည် သာယာဖွယ်အသားအသင်ဖြစ်၏။

အလှနှင့်ပတ်သက်၍ ခံစားမှုဝေဒနာဟူသည် ခန္ဓာဖွဲ့စည်းမှုတွင် အတွင်းပိုင်းအကျဆုံးမဟုတ်။ ရုပ်ပိုင်းထက်ပို၍ အတွင်းပိုင်းကျသည်သာ ရှိ၏။ ထို့ကြောင့်လောက၌ အလှကို မြင်အောင် ကြည့်တတ်ရုံမျှနှင့် ဘဝ၏ပန်းတိုင်၊ ဘဝ၏အဓိပ္ပာယ်၊ ဘဝ၏အနှစ်သာရကို မြင်ပြီဟူ၍ မဆိုနိုင်ခြင်းဖြစ်၏။ အမှန်အားဖြင့် လောက၏အလှသည်လည်း ဘဝ၏ ပန်းတိုင်အတွက် လမ်းစဉ်အဖြစ် အသုံးကျလေသောကြောင့် ဒီသာပါမောက္ခ ဆရာကြီးက သူ၏တပည့်များအား အဋ္ဌာရသ ၁၈ ရပ်သောပညာရပ်များကို သင်ကြားပေးရာတွင် အလှသဘောကိုလည်း ထည့်သွင်းသင်ကြားပေးခြင်း ဖြစ်၏။ အမှန်အားဖြင့်လည်း အလှနှင့်ပတ်သက်၍ ခံစားမှုဝေဒနာသည် ခန္ဓာဖွဲ့စည်းမှုသဘောအရဆိုလျှင် ဒုတိယ မြောက်အဆင့် ဝေဒနက္ခန္ဓာသာဖြစ်ပါ၏။ ထို့ကြောင့် ဤလောကတွင် ပျော်ရွှင်စရာများနှင့် ပြည့်စုံရုံမျှဖြင့်လည်း ဘဝ၏ပန်းတိုင်ကို ရောက်ပြီဟူ၍လည်းကောင်း၊ ဘဝ၏အဓိပ္ပာယ်ကို သိပြီဟူ၍လည်းကောင်း၊ ဘဝ၏အနှစ်သာရကို ရပြီဟူ၍လည်းကောင်း မဆိုနိုင်ခြင်း ဖြစ်၏။ ဤသဘောကို ဒီသာပါမောက္ခ ဆရာကြီးသည် သိပါ၏။

တက္ကသိုလ်ပြည်၌ ဒီသာပါမောက္ခဆရာကြီးသည် သူ၏ တပည့်များအား အဋ္ဌာရသ ၁၈ ရပ်သော အတတ်ပညာရပ်များကိုသင်ကြားပေးရာတွင် လောက၌

http://www.cherrythitsar.org



အလှကြည့်နည်းအပြင် ကျိုးကြောင်း ဆင်ခြင်နည်းကိုလည်း ထည့်သွင်းပေးလေ၏။ ကျိုးကြောင်းဆင်ခြင်နည်းကား သညာနှင့် ပတ်သက်၏။ လောကဖြစ်စဉ်များကို ကြည့်ရာတွင် ကျိုးကြောင်းဆင်ခြင်နည်းဖြင့် ကြည့်တတ်ပါမှ ဘဝ၏ပန်းတိုင်သို့ ဦးတည်နိုင်မည် ဖြစ်၏။ သို့မဟုတ်ပါက ဘဝ၏ပန်းတိုင်နှင့် ပြောင်းပြန်သွားမိတတ်၏။ ထို့ကြောင့် ကျိုးကြောင်းဆင်ခြင်နည်းကိုပါ သိဖို့လိုခြင်းဖြစ်၏။ သို့ရာတွင် ကျိုးကြောင်းဆင်ခြင်နည်းသည်လည်း ဘဝ၏ပန်းတိုင်မဟုတ်။ ဘဝ၏ အဓိပ္ပာယ်မဟုတ်။ ကျိုးကြောင်းဆင်ခြင်တတ်ရုံမျှနှင့် ဘဝ၏ အဓိပ္ပာယ်သည် ပြီးပြည့်စုံခြင်း ရှိသည်မဟုတ်။ ခန္ဓာဖွဲ့စည်းမှုအရဆိုလျှင် ကြောင်းကျိုးဆင်ခြင်နိုင်မှုသည် တတိယအဆင့်၌သာ ရှိ၏။ ယင်းကို သညာက္ခန္ဓာ၏သဘောဟူ၍ ဆိုရ၏။ ထို့ကြောင့် ကြောင်းကျိုး ဆင်ခြင်နိုင်မှုသည် ဘဝ၏ပန်းတိုင်မဟုတ်သေးဘဲ လမ်းစဉ်မျှသာ ဖြစ်ပါ၏။ အမှန်အားဖြင့် ကြောင်းကျိုးဆင်ခြင်နိုင်မှုကို မှန်မှန်ကန်ကန် အသုံးချနိုင်မှသာ ဘဝ၏အဓိပ္ပာယ်ကို နားလည်လာမည် ဖြစ်၏။ ဘဝ၏ပန်းတိုင်ကို ရောက်လာမည် ဖြစ်၏။ ဘဝ၏ အနှစ်သာရကို ရလာမည် ဖြစ်ပါ၏။

လူ့ဘဝတွင် ကြောင်းကျိုးဆင်ခြင်တတ်ရုံ၊ အသိပညာရှင် အတတ်ပညာရှင် ဖြစ်ရုံမျှနှင့်လည်း လူ့ဘဝ၏အနက်၊ လူ့ဘဝ၏ အဓိပ္ပာယ်သည် ပြီးပြည့်စုံသည်မဟုတ်။ လူ့ဘဝ၏ပန်းတိုင်သို့ ရောက်သည်မဟုတ်။ ဘဝ၌ တိုးတက်သည်ထက် တိုးတက်အောင်၊ မြင့်မားသည်ထက်မြင့်မားအောင် တီထွင်ဖို့ လိုသေး၏။ ဖန်တီးဖို့ လိုသေး၏။ အမှန်အားဖြင့် ဘဝ၌ တိုးတက်သည်ထက် တိုးတက်အောင်၊ မြင့်မားသည်ထက်မြင့်မားအောင် တီထွင်ခြင်းသသည်လည်း ကောင်း၊ ဖန်တီးခြင်းသည်လည်းကောင်း၊ ကြံဆခြင်းသည်လည်းကောင်း ခန္ဓာဖွဲ့စည်းမှုအရဆိုလျှင် စတုတ္ထအဆင့်သာ ဖြစ်ပါ၏။ ပါဠိပေါဟာရအားဖြင့် ဆိုပါက သင်္ခါရက္ခန္ဓာသာဖြစ်၏။ ထို့ကြောင့် ဘဝနှင့်ပတ်သက်၍ တီထွင်ကြံဆမှုဟူသမျှသည်လည်းကောင်း၊ ဖန်တီးမှုဟူသမျှသည်လည်းကောင်း ဘဝတွက် လိုအပ်သည်မှန်သော်လည်း ယင်းတို့သည် ဘဝအတွက် နောက်ဆုံးလိုအပ်ချက် မဟုတ်သေး၊ စတုတ္ထ အဆင့်လိုအပ်ချက်မျှသာ ဖြစ်ပါ၏။ ထို့ကြောင့် ဒီသာ ပါမောက္ခ ဆရာကြီးသည် သူ၏တပည့်များအား အဋ္ဌာရသ ၁၈ ရပ်သော ပညာရပ်များကို သင်ကြားပေးရာ၌ တီထွင်ကြံဆနိုင်မှု သဘောကို ဘဝတွင် စတုတ္ထ အဆင့်အနေဖြင့်သာ သင်ကြားပေးလိုက်ခြင်းဖြစ်၏။ နောက်ဆုံးအပြီး သတ်အနေဖြင့် သင်ကြားပေးလိုက်ခြင်း မဟုတ်ပါချေ။

ဘဝတွင် နောက်ဆုံးအရေးတကြီးအနေဖြင့် အပြီးသတ် သင်ကြား

http://www.cherrythitsar.org



ပေးရမည့် သဘောရှိ၏။ ယင်းကား ကိုယ်ကျင့်သိက္ခာ ဖြူစင်မြင့်မြတ်မှုပင် ဖြစ်၏။ ခန္ဓာဖွဲ့စည်းမှုသဘောအရဆိုလျှင် နောက်ဆုံးပဉ္စမအဆင့်ဖြစ်၏။ ယင်းကို ဝိညာဏက္ခန္ဓာဟူ၍ဆိုရမည်၊ အမှန်အားဖြင့် ကိုယ်ကျင့်သိက္ခာ ဖြူစင်မြင့်မြတ်ပါမှ ဘဝ၏အနက်သည်လည်းကောင်း၊ ဘဝ၏အဓိပ္ပာယ်သည်လည်းကောင်း ပြီးပြည့်စုံမည်ဖြစ်၏။ ဘဝ၏ ပန်းတိုင်ကိုလည်း ရရှိမည်ဖြစ်၏။ ထို့ကြောင့် ဒိသာပါမောက္ခဆရာကြီးသည် သူ၏တပည့်များအား အဋ္ဌာရသ ဝိဇ္ဇ ရပ်သော အတတ်ပညာများကို သင်ကြားပေးရာ၌ ကိုယ်ကျင့်သိက္ခာဖြူစင်မှုကို အလေးအနက်ထား၍ သင်ကြားပေးခြင်း ဖြစ်လေ၏။

အမှန်အားဖြင့် ကိုယ်ကျင့်သိက္ခာ ဖြူစင်မြင့်မြတ်မှုဟူသည်မှာ မိမိ၏ သန္တာန်၌ အဝိဇ္ဇာ၊ တဏှာမကပ်ရောက်ရေးပင် ဖြစ်၏။ လောကတွင် မည်သည့် လုပ်ငန်းကို လုပ်သည်ဖြစ်စေ မှားယွင်းမှုအဝိဇ္ဇာနှင့် တပ်မက်မှုတဏှာတို့ မပါဝင်အောင် ဆောင်ရွက်နိုင်မှသာ ဘဝ၏အဓိပ္ပာယ်ပြည့်စုံသည် မည်ပါ၏။ ဘဝ၏ ပန်းတိုင်ကို ရောက်သည်မည်ပါ၏။ အမှန်အားဖြင့် ဘဝ၏ ပန်းတိုင်ကို ရောက်ခြင်းဟူသည်မှာ မှားယွင်းမှုအဝိဇ္ဇာနှင့် တပ်မက်မှု တဏှာကို ပယ်သတ်နိုင်ခြင်းပင် ဖြစ်၏၊ ထိုသို့ပယ်သတ် နိုင်ခြင်းကိုပင် ကိုယ်ကျင့်သိက္ခာမြင့်မြတ်ဖြူစင်ခြင်းဟူ၍ဆိုရမည်။ ဤသဘောကိုဒိသာပါမောက္ခဆရာကြီးသည် သိပါ၏။ သိ၍လည်း သူ၏တပည့်များအား ကိုယ်ကျင့်သိက္ခာ ဖြူစင်မြင့်မြတ်အောင် သင်ကြားပေးခြင်း ဖြစ်ပါ၏။

သို့ရာတွင် ထိုစဉ်ကာလက တက္ကသိုလ်ပြည်၌ ကိုယ်ကျင့်သိက္ခာ ဖြူစင် မြင့်မြတ်ရေးနှင့်ပတ်သက်၍ သင်ကြားပေးသော ဘာသာရပ်ကား ဝေဒဘာသာ ရပ်ဖြစ်လေ၏။ အမှန်အားဖြင့် သဗ္ဗညုလေးပါးမြတ်ဘုရား သည်ထိုစဉ်ကာလက မစွံ့သေးသဖြင့် ပြန့်ပွားခြင်း မရှိသေးတဲ့ ဝေဒသာလျှင် ပြန့်ပွားခြင်း ရှိပါ၏။ ထို့ကြောင့် များသောအားဖြင့် ပညာသင်ကြားရာ ဒေသများ၌ ကိုယ်ကျင့်သိက္ခာ ဖြူစင်မြင့်မြတ်ရေးနှင့်ပတ်သက်၍ သင်ကြားရမည်ဆိုပါလျှင် ဝေဒကျမ်းစာ များကိုသာ သင်ကြားပေးခြင်းဖြစ်လေ၏။ ဝေဒကျမ်းစာများသည်လည်း အဝိဇ္ဇာ နှင့်တဏှာအပြစ်များကို သိသည်ပင်ဖြစ်၏။ ထိုသို့ သိပါသော်လည်း အဝိဇ္ဇာနှင့်တဏှာကို ပယ်သတ်နိုင်သော ဖော်ရှစ်ပါး ပွားများနည်းကို မသိသော ကြောင့် ဝေဒ၏သွန်သင်ချက်များဖြင့် အဝိဇ္ဇာနှင့် တဏှာကို မပယ်သတ်နိုင်ခြင်း ဖြစ်၏။ အဝိဇ္ဇာနှင့်တဏှာကို မပယ်သတ်နိုင်သော်လည်း ဘဝ၏ ပန်းတိုင်ဟူသည် မှာ အဝိဇ္ဇာနှင့်တဏှာကို ပယ်သတ်ခြင်းပင် ဖြစ်သည်ဟူ၍တော့ သူတို့သည် သိကြပါ၏။ အဝိဇ္ဇာနှင့်တဏှာတွင် အဝိဇ္ဇာကို သေအောင်အားထုတ်ရသည်ထက်

http://www.cherrythitsar.org



တဏှာကိုသေအောင် အားထုတ်ရသည်က ပို၍ပေါ်လွင်၏။ ထို့ကြောင့် ကျမ်းဂန်များ၌ တဏှာကိုသေအောင် အားထုတ်ခြင်း "နိဗ္ဗာန်"ကိုသာ အလေးအနက်ထား၍ ဆိုခြင်းဖြစ်၏။ အမှန်အားဖြင့်လည်း တဏှာသေလျှင် အဝိဇ္ဇာလည်း သေသည်ပင် ဖြစ်ပါ၏။ သဘောအရ တဏှာသေခြင်းသည်ပင် ကိုယ်ကျင့်သိက္ခာ ဖြူစင်မြင့်မြတ်ခြင်းဖြစ်၏။ သို့ဖြစ်၍သာ ဒီသာပါမောက္ခဆရာကြီးသည် သူ၏ တပည့်များအားအဋ္ဌာရသ ၁၈ ရပ်သော ပညာရပ်များကို သင်ကြားပေးရာတွင် ကိုယ်ကျင့်သိက္ခာဖြူစင်မှုကို ဘဝ၏ ပန်းတိုင်အနေဖြင့် သင်ကြားပေးလိုက်ခြင်း ဖြစ်၏။

ဒီသာပါမောက္ခဆရာကြီး၏ တပည့်များထဲတွင် ပသေနဒီ ကောသလ မင်းသား၊ လိစ္ဆဝီမင်းသား မဟာလိနှင့် မလ္လာမင်းသား ဗန္ဓုလတို့ပါဝင်၏။ ပသေနဒီကောသလမင်းသားသည် ကောသလတိုင်းနှင့် ကာသိတိုင်းတို့ကို အစိုးရသော မဟာကောသလ မင်းကြီး၏ သားတော်ဖြစ်၏။ မဟာလိသည် ဝေသာလီပြည် လိစ္ဆဝီမင်း၏ သားတော်ဖြစ်၏။ ဗန္ဓုလသည် မလ္လာမင်း၏ သားတော်ဖြစ်၏။ မဟာကောသလမင်းသည် သက်ဦးဆံပိုင်ဘုရင်ဖြစ်၍ လိစ္ဆဝီမင်းနှင့်မလ္လာမင်းတို့ကား ဂဏရာဇာခေါ် ဒီမိုကရေစီမင်းများဖြစ်ကြ၏။ မင်းသားသုံးယောက်တို့သည် တက္ကသိုလ်ပြည်အဝင်ဝ တည်းခိုဇရပ်၌ တွေ့ဆုံကြရာမှ ရင်းနှီးသော မိတ်ဆွေများဖြစ်သွားကြ၏။ မင်းသားသုံးယောက်တို့သည် ဒီသာပါမောက္ခဆရာကြီးထံ ပညာသင်နေစဉ် ကာလတစ်လျှောက်လုံး လည်း အရင်းနှီးဆုံး အဆွေခင်ပွန်းများ ဖြစ်ကြ၏။

ဆိုးတိုင်ပင်ဖက် ကောင်းတိုင်ပင်ဖက်အနေဖြင့် မင်းသားသုံးယောက်တို့သည် စိတ်တူသဘောတူဖြင့် မိမိတို့ဝါသနာပါရာ ပညာရပ်များကို သင်ယူကြ၏။ ဒီသာပါမောက္ခဆရာကြီးကလည်း အဋ္ဌာရသ ၁၈ ရပ်သော ပညာရပ်များ အပြင် ရူပက္ခန္ဓာ၏သဘောအရ စား၊ ဝတ်၊ နေ၊ ကျန်းမာရေး ဤလေးခုနှင့် ပတ်သက်၍လည်းကောင်း၊ ဝေဒနက္ခန္ဓာ၏သဘောအရ လောကတွင် အလှကို မြင်အောင်ကြည့်မှုနှင့်ပတ်သက်၍ လည်းကောင်း၊ သညက္ခန္ဓာ၏သဘောအရ လောကတွင် ကြောင်းကျိုးဆင်ခြင်နိုင်မှုနှင့် ပတ်သက်၍လည်းကောင်း၊ သင်္ခါရက္ခန္ဓာ၏သဘောအရ လောကတွင် တီထွင်ကြံဆမှုနှင့် ပတ်သက်၍လည်းကောင်း၊ ဝိညာဏက္ခန္ဓာ၏ သဘောအရ လောကတွင် ကိုယ်ကျင့်သိက္ခာဖြူစင်အောင် အားထုတ်မှုနှင့် ပတ်သက်၍လည်းကောင်း ဝေဒဆိုင်ရာ အကိုးအကား အထောက် အထားများဖြင့် သင်ကြားပေးလိုက်၏။

သင်တန်းကာလကလည်း ပြီးစုံလေပြီ။ မိမိတို့ သင်ယူခဲ့သော ဘာသာရပ်

http://www.cherrythitsar.org



များကို ကျွမ်းကျွမ်းကျင်ကျင်လည်း တတ်မြောက်ကြလေပြီ။ ထို့ကြောင့် မင်းသားသုံးယောက်တို့သည် မိတို့၏ တိုင်းပြည်သို့ ပြန်ကြ၏။ မိမိတို့၏ တိုင်းပြည်သို့ မပြန်မီ လိုအပ်သော အကူအညီများ ရှိပါက အချင်းချင်း ရင်းနှီးစွာ ဖွင့်ဟတောင်းခံကြရန်လည်း ကတိကဝတ်ပြုကြ၏။ အမှန်အားဖြင့် ကတိကဝတ်ပြုစဉ်က တကယ်ပင် လှိုက်လှိုက်လှဲလှဲ စိတ်ပါလက်ပါ ပြုကြခြင်း ဖြစ်ပါ၏။ သို့ရာတွင် "ငါ" ကိုဗဟိုပြုသော အတ္တသည် မိမိနှင့်ဆန့်ကျင်လာလျှင် ခြည်သို့သော ကတိကဝတ်ကိုမဆို ချေဖျက်နိုင်ကြောင်း မင်းသားသုံးယောက်တို့မသိကြ။ သူတို့သင်ယူခဲ့သော ကိုယ်ကျင့်သိက္ခာမှာလည်း ဝေဒကျမ်းကန်လာ ကိုယ်ကျင့်သိက္ခာများသာ ဖြစ်၏။ ဝေဒကျမ်းလာ ကိုယ်ကျင့်သိက္ခာများသည် အသိတွင်သာ အဆုံးသတ်သော ကိုယ်ကျင့်သိက္ခာများသာ ဖြစ်ကြ၏။ အမှန်အားဖြင့် ကိုယ်ကျင့်သိက္ခာဟူသည် အရှိတွင်အစုံးသတ်ပါမှ တန်ဖိုးရှိပါ၏။ အသုံးလည်းကျပါ၏။ တရားကို "သိ"ရုံသာသိပြီး တရား "ဖရှိ" လေသောအခါ ထိုအသိသည် အဝိဇ္ဇာ၏ "ရှေ့နေ"သာဖြစ်ချေ၏။ ထို့ကြောင့် အသိနှင့်အရှိတို့သည် တစ်သားတည်းကျမှသာ တစ်ထပ်တည်းကျမှသာ အဝိဇ္ဇာကိုတော်လှန်ပြီး တဏှာကို သတ်နိုင်မည် ဖြစ်၏။ အဝိဇ္ဇာနှင့် တဏှာကို သတ်နိုင်လေသောအခါ အတ္တဟူသည် အဘယ်မှာ ရှိပါတော့မည်နည်း။ ထိုအခါမျိုးမှ ပြုလုပ်ကြသော ကတိကဝတ်သည်သာ "သစ္စာ" ကတိကဝတ် ဖြစ်ပါ၏။ သို့မဟုတ်ပါက "မိစ္ဆာ" ကတိကဝတ်သာ ဖြစ်လေလိမ့်မည်။

တက္ကသိုလ်ပြည်တွင် ပညာသင်ကာလ ပြီးဆုံးလေသောအခါ ပဉ္စာလနိုင်ငံ(?)တောသလမင်းသားသည်လည်း မိမိသင်ယူခဲ့သော တာသာရပ်များကို တတ်မြောက်ပြီဖြစ်၍ မိမိနိုင်ငံသို့ ပြန်လေ၏။ စန္ဒုလေ(?)မင်းသားသည်လည်း မိမိသင်ယူခဲ့သော တာသာရပ်များကို တတ်မြောက်ပြီဖြစ်၍ မိမိနိုင်ငံသို့ပြန်လေ၏။ မဟာလိမင်းသားသည်လည်း မိမိသင်ယူခဲ့သော တာသာရပ်များကို တတ်မြောက်ပြီဖြစ်၍ မိမိနိုင်ငံသို့ ပြန်လေ၏။

မင်းသားသုံးယောက်တို့သည် မိမိတို့၏နိုင်ငံသို့ပြန်ကြသော်လည်း မိမိတို့ အချင်းချင်းထားခဲ့ကြသော ကတိကိုမူ အမှတ်ရနေကြ၏။ သူတို့၏ ကတိကို သူတို့က ထာဝရသစ္စာအဖြစ် မှတ်ယူထားကြ၏။ အမှန်အားဖြင့် ဝေဒကျမ်းစာများအရ သင်ကြားထားသော ပုထုဇဉ်တို့၏ ကိုယ်ကျင့်သိက္ခာသည် အတ္တအပေါ်၌ တည်ဆောက်ထားသော ကိုယ်ကျင့်သိက္ခာဖြစ်သဖြင့် အတ္တနှင့် ဆန့်ကျင်သည်နှင့်အမျှ ထိုကိုယ်ကျင့်သိက္ခာသည် အတ္တက ပြန်လည်ခါတွက်ခြင်းကို ခံရမည် ဖြစ်၏။ ထိုအခါ ဝေဒကျမ်းစာများအရ အတ္တအပေါ်၌ တည်ဆောက်ထားသော

http://www.cherrythitsar.org



ကိုယ်ကျင့်သိက္ခာသည် ကာလ၊ ဒေသ၊ ပယောဂ၊ ဥပဓိအရသာ သစ္စာဖြစ်လေ၏။ ထာဝရသစ္စာမဟုတ်။ ထိုသဘောကို ဇန္နုလသည် မိမိနှင့်တကွ သားတော်များ ၃၂ ယောက်တို့သည် မိမိနှင့် ကတိကဝတ်ပြုခဲ့သော ပသေနဒီကောသလမင်းကြီး၏ အသက်ကို ခံရသောအခါမှ သိသာလေ၏။ အသိကားနောက်ကျလေပြီ။ ထို့နည်းအတူပင် လိစ္ဆဝီမင်းသား မဟာလိသည်လည်း မိမိနိုင်ငံဝေသာလီမြို့၏ ဘိသိက်ခံမင်္ဂလာရေကန်သို့ ဇန္နုလမင်းသား လာရောက်ကျူးကျော်ပြီး မိမိ၏ တပည့်လိစ္ဆဝီမင်းသားငယ် ငါးရာကို မြားဖြင့်ပစ်ခတ်သတ်ဖြတ် သွားမှသာ မိမိတို့၏ကျောင်းနေစဉ်ကာလက လေးလေးနက်နက်ထားခဲ့သော ကတိသည် ကာလ၊ ဒေသ၊ ပယောဂ၊ ဥပဓိတို့အရသာမှန်သော ယာယီသစ္စာသာဖြစ်၍ ထာဝစဉ်မှန်သော ထာဝရသစ္စာ မဟုတ်ကြောင်း သိလေ၏။ အသိကား နောက်ကျချေပြီ။ အမှန်အားဖြင့် ပုထုဇဉ်ဟူသမျှသည် မိမိ၏အတ္တက ယုယမြတ်နိုးစဉ်ကာလ၌ "တဲကုပ်"ကိုပင် "ရွှေနန်းတော်" ထင်တတ်ကြပါ၏။ ထို့ကြောင့် ကျမ်းဂန်များ၌ "ပုထုဇ္ဇနော ဥမ္မတကော– ပုထုဇဉ်ဟူသမျှသည် အတ္တ၏ ကျေးကျွန်၊ အတ္တ၏ အကျဉ်းသား အရူးများသာဖြစ်၏" ဟူ၍ ဟောတော်မူခြင်း ဖြစ်တန်ရာ၏။

ပသေနဒီကောသလ၊ မဟာလိနှင့် ဇန္နုလမင်းသား သုံးယောက်တို့သည် မိမိတို့ သင်ယူသော အတတ်ပညာများကို အဆုံးတိုင် သင်ယူပြီးသောအခါ တက္ကသိုလ်ပြည် ဒိသာပါမောက္ခ ဆရာကြီးအား ကန်တော့၍ မိမိတို့နိုင်ငံသို့ ပြန်ကြလေ၏။ နိုင်ငံတော်က တာဝန်ပေးလိုက်သည့်အတိုင်း မိမိတို့ သင်ယူခဲ့သော အတတ်ပညာများကို အပြီးတိုင်တတ်မြောက်အောင် သင်ယူခြင်းအားဖြင့် နိုင်ငံ၏ ဂုဏ်ကို မကျအောင် ထိန်းသိမ်းနိုင်ခဲ့ပါ၏။ မင်းသားသုံးယောက်လုံးပင် နိုင်ငံတော် အတွက် အားကြီးမာန်တက် ဆောင်ရွက်ရန် ရည်မှန်းချက်ကိုယ်စီဖြင့် ပြန်လာခြင်း ဖြစ်၏။

နိုင်ငံတော်ကလည်း အမှုမဲ့အမှတ်မဲ့နေသည်မဟုတ်၊ သင်ခိုင်းလိုက်သောပညာများကို ထိထိရောက်ရောက် တကယ်တမ်း တတ်မြောက်ခြင်း ရှိမရှိ စမ်းသပ်ပါ၏။ ထိုစမ်းသပ်ချက်ကား ယနေ့ခေတ်ထက်ပင် ပြင်းထန်၏။ ထိကျ၏။ ခက်ခဲ၏။ တင်းကျပ်၏။ ပသေနဒီကောသလမင်းသားသည် သင်ယူလာခဲ့သော ပညာရပ်များကို ခမည်းတော်မင်းကြီးနှင့်တကွ ပရိသတ်ဗိုလ်ထုအား ထင်ရှားပြရ၏။ ခမည်းတော်မင်းကြီးနှင့်တကွ ပရိသတ်ဗိုလ်ထုကလည်း စေ့စေ့စပ်စပ်စစ်ဆေး၏။ အရည်အချင်း ပြည့်မီသူကိုမှ သူတို့က မင်းမြှောက်လိုကြ၏။ ထိုက်တန်သောအရည်အချင်း မရှိသူကို မင်းအဖြစ် အားမကိုးလို။ ထို့ကြောင့် မင်းအဖြစ်မတင်မြှောက်လို။ နိုင်ငံသားတိုင်း၏ စိတ်ထဲ၌သူတို့၏ မင်းမြတ်သည်

http://www.cherrythitsar.org



အသမ္ဘိန္နခတ္တိယ ဖြစ်စေချင်ပါ၏။ အသမ္ဘိန္နခတ္တိယ ဟူသည်မှာ မျိုးရိုးစဉ်ဆက် မပျက်သော မင်းဟူ၍ဖြစ်၏။ ထိုအောက်ကား လူရဲကောင်းကြီးကွယ်သောအောက် ဖြစ်၏။ ထို့ကြောင့် ပညာတော်သင်မင်းသားများအား နိုင်ငံတော်ကိုအုပ်ချုပ်နိုင် သော အရည်အချင်း ရှိ–မရှိ တင်းတင်းကျပ်ကျပ် စစ်ဆေးကြခြင်းဖြစ်၏။ ခမည်းတော် မဟာကောသလမင်းကြီးနှင့်တကွ ပရိသတ်စိုလ်ထုက ထိုကဲ့သို့ တင်းတင်းကျပ်ကျပ် စစ်ဆေးပါသော်လည်း ပသေနဒီကောသလ လ မင်းသားသည် အားလုံးကျေနပ်အောင် အစွမ်းပြနိုင်ခဲ့၏။ ထို့ကြောင့် မဟာကောသလမင်းသား သည် သားတော်ပသေနဒီကောသလမင်းသားအား အရိုက်အရာ ထီးနန်းကို လွှဲအပ်လေ၏။ အမှန်အားဖြင့် ဝေဒဓမ္မ၏ သွန်သင်မှုအရ မဟာကောသလ မင်းကြီးသည် တောထွက်၍ တရားဘာဝနာကို ပွားများအားထုတ်ရန် အချိန်သို့ ရောက်ပြီဖြစ်၏။

ဝေဒဓမ္မအရ လူတိုင်းတွင် ဘဝတာဝန်နှင့်ပတ်သက်၍ ထမ်းဆောင် ရန်အဆင့်လေးဆင့်ကိုသတ်မှတ်ထား၏။ ထိုသတ်မှတ်ချက်ကို "လူ" ဖိသသူ ဟူသမျှသည် လေးလေးစားစားလိုက်နာရ၏။ မည်သူမျှ ဖောက်ဖျက်ကျူးလွန်ခွင့် မရှိ။ အားလုံးတိတိကျကျလိုက်နာ၏။ ထိုအဆင့်လေးဆင့်တွင် ပထမအဆင့် ကို "ဗြဟ္မစာရီ" အဆင့်ဟူ၍ ဆို၏။ ကျောင်းသားအနေဖြင့် ပညာသင်ကြား ရသော အဆင့်ဖြစ်၏။ ဒုတိယအဆင့်ကို "ဂဟပတိ"အဆင့်ဟူ၍ ဆို၏။ အိမ်ထောင်ပြု၍ အိမ်ထောင်ရှင်အနေဖြင့် မိသားစုတာဝန်ကို ထမ်းဆောင်ရသော အဆင့်ဖြစ်၏။ မိသားစုတာဝန် ကိုကျေပွန်စွာ ထမ်းဆောင်ခြင်းတွင် နိုင်ငံ့တာဝန် ကို ထမ်းဆောင်ခြင်းသဘော ပါဝင်လာအောင် ဆောင်ရွက်ပါမှ မိသားစုတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခြင်း မည်၏။ ထိုအောက်နိတိကျမ်းများအဆိုအရ လူ တစ်ယောက်သည် မိသားစုအတွက် စတေးရ၏။ မိသားစုသည် ရွာအတွက် စတေးရ၏။ ရွာသည်မြို့အတွက် စတေးရ၏။ မြို့သည်နိုင်ငံ့အတွက် စတေး ရ၏။ တတိယအဆင့်ကို "ဝနပတ္ထ" အဆင့်ဟူ၍ဆို၏။ မိသားစုတာဝန်ကို မိမိသားများအား လွှဲအပ်ပေးပြီးနောက် မိမိကိုယ်တိုင်က တရားဘာဝနာ ပွားများခြင်းကို ဆောင်ရွက်ရ၏။ တရားဘာဝနာပွားများခြင်းတွင် ပတ်ဝန်း ကျင်အား လမ်းညွှန်ရခြင်းသဘောသည် ပါဝင်၏။ နိုင်ငံတော်၏ အကျိုးစီးပွား ကိုသာ အာရုံစိုက်ရသောအဆင့်ဖြစ်၏။ ထိုအဆင့်တွင် မိသားစု၏ဆန္ဒထက် နိုင်ငံတော်၏ဆန္ဒကို ဦးစားပေးရ၏။ စတုတ္ထအဆင့်ကို "သညာသိ" အဆင့်ဟူ၍ ခေါ်၏။ လောကီရေးရာ အားလုံးကို စွန့်ပယ်ပြီး လောကုတ္တရာရေးရာအတွက်ပါ ညည်ရွယ်၍ ဆောင်ရွက်ရသော အဆင့်ဖြစ်၏။ ယခု မဟာကောသလမင်းကြီး

http://www.cherrythitsar.org



သည် ဘာဝတာဝန်အလိုက် ဝေဒဗ္ဗ၏သွန်သင်ချက်အရသောသွက်၍ ဘာရုံး ဘာဝနာပွားများအားထုတ်သော ဘာဝ၏ တာဝန်ယအဆင့်၏တာဝန်ကို ဆောင်ရွက်ရန် သားတော်ပသေနဒီကောသလ လမင်းသားအား ယီးနန်းကို လွှဲအပ် ခြင်းဖြစ်၏။ ထို့ကြောင့် မဟာကောသလ လမင်းကြီးကို ဘာသာတရား၌ လေးစား သူဟူ၍ဆိုရ၏။

မဟာလိမင်းသားသည်လည်း မိမိ၏နိုင်ငံ ဝေသာလီပြည်သို့ ပြန်ရောက် ၏။ ဝေသာလီပြည်၌ အုပ်ချုပ်သူလူတန်းစားကို လိစ္ဆဝီမင်းသားများဟူ၍ ခေါ်၏။ ထို့ကြောင့် မဟာလိသည်လည်း လိစ္ဆဝီမင်းသားပင်ဖြစ် ၏။ ဝေသာလီ ပြည်ကိုအုပ်ချုပ်ရန် လိစ္ဆဝီမင်းသားများထဲမှ အလှည့်ကျစနစ်ဖြင့် အများဆန္ဒအရ ရွေးချယ်၍မင်းမြှောက်၏။ သို့ဖြစ်လေရာ မဟာလိသည်လည်း အရွေးချယ်ခံ မင်းလောင်းပင်ဖြစ်၏။ မဟာလိသည် သူ၏အဖော် လိစ္ဆဝီမင်းသားများအား တက္ကသိုလ်ပြည်ဒိသာပါမောက္ခ ဆရာကြီးထံမှ သင်ယူလာခဲ့သော ပညာရပ် များကို အလှန်ပြချင်၏။ သူ၏အစွမ်းကို လိစ္ဆဝီမင်းသားအား မြင်စေချင်၏။ အတ္တမာနပြင်းသူ ဖြစ်၏။ သို့ရာတွင် သူ၏ အတ္တမာနကား သူ့အတွက်ချည်း မဟုတ်၊ သူ၏နိုင်ငံအတွက်လည်းပါ၏။

မဟာလိမင်းသားသည် သူ၏ ပညာစွမ်းများကိုပြရန် အချိန်ကို ငံ့လင့်နေ သည့်အတိုင်း သူ၏ပညာစွမ်းများကို ပြရန် အချိန်သို့ ရောက်လေပြီ "သမာဓိ ကာမစ္ဆန္ဒသေ ပဋိပက္ခော" ဟူသည်နှင့်အညီ သူ၏အစွမ်းကို ပြလိုစိတ်အားကြီး သောအခါ အတ္တတဏှာသည် သူ၏စိတ်ကိုလွှမ်းမိုးလေတော့၏။ ထိုအခါသူ၏ အစွမ်းကို ယုံကြည်လွန်းသောအတ္တဒိဋ္ဌိသည်လည်း မသိမသာဝင်လာ၏။ လိစ္ဆဝီ မင်းသားများထဲတွင် "မဟာလိမှမဟာလိ" ဟူသောအမြင်မျိုးကို အားလုံး၏ ရင်၌ ကန်းဝပ် စေလိုသောဆန္ဒသည် မဟာလိ၏နှလုံးသားကို လိုသည်ထက်ပို၍ လွှမ်းမိုးထား၏။ ထိုအခါ သမာဓိသည် မိမိ၏ ဝီရိယကို မထိန်းနိုင်ဘဲရှိ၏။ ထို့ကြောင့် မဟာလိသည် သူ၏ အတတ်ပညာပြပွဲ၌ ကြီးစွာသော လုံ့လဝီရိယ ဥဿာဟဖြင့်ပြလေရာ သူ၏မျက်စိများ ဒဏ်ရာရပြီး ပျက်စီးသွားပြီး မျက်မမြင် ဖြစ်သွားရရှာလေ၏။ လိုချင်စိတ် အားကြီးခြင်းသည် သမာဓိ၏ ပဋိပက္ခဖြစ်၏။ အမှန်အားဖြင့် သမာဓိဖြင့် စိတ်ကို တည်ငြိမ်အောင်မထားနိုင်လျှင် အမှန်အကန် သိသော ယထာဘူတဉာဏ်ဟူ၍ ဖြစ်ရိုးမရှိချေ။ ယထာဘူတဉာဏ်မရှိသော ကြောင့် မဟာလိမင်းသားသည် ဘဝပျက်ရခြင်း ဖြစ်၏။ လောကကို ကြည့်ရာ တွင် လောကကို လောကအဖြစ် မြင်တတ်သော ဓမ္မမျက်စိဖြင့် လောကကို မကြည့်ဘဲ လောကကို ငါအဖြစ် မြင်တတ်သော အတ္တမျက်စိဖြင့်သာ လောကကို

http://www.cherrythitsar.org



ကြည့်သူတိုင်းသည် တစ်စုံသောနေ့တွင် မဟာလိမင်းသားလိုပင် မိမိမျှော်မှန်းသလို ဖြစ်မလာဘဲ ဒုက္ခနှင့်တွေ့ရန် သေချာပါ၏။

ဝေသာလီပြည် လိစ္ဆဝီမင်းသားများသည် သူ့ကျေးဇူးကို သိတတ်သူများ ဖြစ်ကြ၏။ မဟာလိမင်းသားမျက်စိကွယ်သွားခြင်းသည် "ဝါကွ" ဟူ၍ မိမိ၏ အတ္တမာနကိုပြလိုသောကြောင့် ကွယ်သွားခြင်း ဖြစ်သော်လည်း သူ၏ စေတနာကား ဝေသာလီပြည်၏ အနာဂတ်အားမာန်ကို ထူထောင်လိုသော စေတနာ ဖြစ်ကြောင်း သူတို့ သိကြ၏၊ ထို့ကြောင့် မဟာလိ၏ အတ္တမာနသည် မဟာလိ အတွက်သာ မဟုတ်ဘဲ ဝေသာလီပြည်အတွက်လည်း ဖြစ်လေသောကြောင့် တစ်နည်းအားဖြင့် မြတ်နိုးဖွယ်သဘောကို ဆောင်ပါ၏။ ထိုမြတ်နိုးဖွယ်ကား မဟာလိ မင်းသားအတွက်တော့မဟုတ်၊ ဝေသာလီပြည်အတွက်သာ ဖြစ်လေ၏။ မဟာလိမင်းသားကား ဒုက္ခိတ ဖြစ်ရရှာပါ၏။

လိစ္ဆဝီမင်းသားများသည် မဟာလိမင်းသား၏ စေတနာကို ကျေးဇူး ဆပ်သောအားဖြင့်လည်းကောင်း၊ မဟာလိမင်းသား၏ အရည်အချင်းကို အလေး အမြတ် ပြုသောအားဖြင့်လည်းကောင်း မဟာလိမင်းသားကို ဆရာခန့်၏။ ဂိုဏ္ဍာတော်အဖြစ် တစ်နှစ်လျှင် အခွန်တစ်သိန်းရသော မြို့တံခါးကို ပေး၏။ မြို့တံခါးအနီး၌ပင် အိမ်တော်ကို ဆောက်လုပ်ပေး၏။ လိစ္ဆဝီမင်းသား ငါးရာ တို့အား တက္ကသိုလ်ပညာများကို မဟာလိမင်းသားထံမှ သင်ယူစေ၏။ အမှန် အားဖြင့်ဆိုရလျှင် ယခင်ကာလက လိစ္ဆဝီမင်းသားငယ်များကို တက္ကသိုလ်ပြည် ဒိသာပါမောက္ခဆရာကြီးထံသို့ စေလွှတ်၍ ပညာရပ်များကို သင်ယူစေရ၏။ ယခုအခါ၌မူ တက္ကသိုလ်ပြည်သို့ မစေလွှတ်ရတော့ဘဲ ဝေသာလီပြည်၌ပင် မဟာလိမင်းသားထံမှ သင်ယူနိုင်ပြီဖြစ်၏။ ထို့ကြောင့် မဟာလိမင်းသား မျက်စိကွယ်ရခြင်းသည် မဟာလိမင်းသားအတွက် "အဆိုး" ဖြစ်သော်လည်း၊ ဝေသာလီပြည် လိစ္ဆဝီမင်းသားများအတွက် "အကောင်း" ဖြစ်လေ၏။ ကံကြမ္မာ ၏ အလှည့်အပြောင်းသည် အစိန္တေယျ ဖြစ်၏။ မဟာလိမင်းသားသည် လိစ္ဆဝီ မင်းသားငယ် ငါးရာတို့အား တက္ကသိုလ်ပညာရပ်များကို နေ့စဉ်သင်ပေး၏။ သင်ကြားရာတွင်လည်း သူသင်ကြားလာသည့်အတိုင်း ဆရာစားမချန်ဘဲ သင်ကြားပေး၏။

ဗန္ဓုလမင်းသားသည်လည်း မိမိနိုင်ငံ မလ္လပြည်သို့ ပြန်လည်ရောက် လာ၏။ ထိုအခါ သူသည်လည်း သူ၏ပညာစွမ်းကို မလ္လမင်းသားတို့အား ပြရမည်ဖြစ်၏။ သို့မှသာ ဗန္ဓုလသည် ထိုခေတ် တက္ကသိုလ်ပြည်ပြန် ပညာသင် တို့၏ ကျင့်ဝတ်နှင့် ညီမည်ဖြစ်၏။ မလ္လနိုင်ငံအတွက် မလ္လမင်းသားတို့သည်

လက်ရုံးရည်ကို အလေးအမြတ်ပြုကြ၏။ ထို့ကြောင့် သူတို့သည် ဗန္ဓုလအား သူ၏ ဓားစွမ်းရည်ကို ပြနိုင်ရန် စီစဉ်ကြ၏။ အမှန်အားဖြင့်လည်း ဗန္ဓုလသည် တက္ကသိုလ်ပြည်၌ ပညာသင်ယူစဉ်ကပင် ဓားခုတ်အတတ်၌ တစ်ဖက်ကမ်းခပ် တတ်မြောက်ကျွမ်းကျင်ခဲ့သူ ဖြစ်၏။ လေးမြားအတတ်၌လည်း သူတစ်ပါး မယှဉ်သာအောင် တော်သူဖြစ်၏။

မလ္လမင်းသားတို့သည် ငယ်စဉ်ကပင် ဗန္ဓုလ၏ စွမ်းအားကို သိကြ၏။ တက္ကသိုလ်ပြည်မှ ပညာသင်ယူပြီးသောအခါ ဗန္ဓုလ၏ စွမ်းအားသည် မည်မျှ လောက် ကြီးမားလာနိုင်သည်ကို သူတို့၏ စိတ်ထဲမှ တွေးကြည့်နေကြ၏။ ထို့ကြောင့် သူတို့သည် ဗန္ဓုလ၏ စွမ်းအားကို အမှန်အတိုင်းသိနိုင်ရန် ကြံဆကြ၏။ သူတို့သည် အတောင်ခြောက်ဆယ် ရှည်သော ဝါးလုံးခြောက်ဆယ်လျှင် တစ်စည်း ကျဖြင့် ဝါးအစည်းခြောက်ဆယ်ကို စည်းကြ၏။ ဝါးလုံးတစ်လုံးစီ အတွင်း၌ လည်း သံချောင်းများကို တစ်ချောင်းစီ ထည့်သွင်းထားကြ၏။ ဗန္ဓုလသည် သူ၏တက္ကသိုလ်ပညာရပ်များဆိုင်ရာ စွမ်းပကားကို ပြသောနေ့တွင် ဝါးအစည်း ခြောက်ဆယ်ကို သံလျက်ဖြင့် ခုတ်ဖြတ်ရန်ဖြစ်၏။ ထိုသို့ ခုတ်ဖြတ်နိုင်ပါလျှင် မလ္လမင်းသားတို့ မျှော်လင့်ထားသည့်အတိုင်း ဗန္ဓုလ၏ တက္ကသိုလ်ပညာရပ် ဆိုင်ရာ အရည်အချင်းစမ်းသပ်ပွဲကို ဗန္ဓုလ အောင်မြင်မည် ဖြစ်၏။

ဗန္ဓုလ၏အရည်အချင်းစမ်းသပ်ပွဲကား ဝါးတစ်စည်းလျှင် ဝါးအလုံး ခြောက်ဆယ်ပါသော ဝါးအစည်းပေါင်း ခြောက်ဆယ်ကို သန်လျက်ဖြင့် ခုတ်ရန် ဖြစ်၏။ သာမညအားဖြင့်ဆိုလျှင်မူ ဤအတိုင်းသာ ဖြစ်၏။ သို့ရာတွင် ဝါး တစ်လုံးစီအတွင်း၌ သံချောင်းတစ်ချောင်းစီ ထည့်သွင်းထားသည်ကိုမူ ဗန္ဓုလ သည်မသိ။ ဗန္ဓုလမသိစေရအောင်လည်း မလ္လမင်းသားများက စီစဉ်ကြခြင်း ဖြစ်၏။ ထိုကဲ့သို့ စီစဉ်ကြခြင်းမှာလည်း ဗန္ဓုလကို မုန်းတီး၍ ပရိသတ်အလယ်၌ အရှက်ခွဲရန်မဟုတ်။ ဗန္ဓုလကို ချစ်၍သာ ဖြစ်၏။ ဗန္ဓုလ၏ အရည်အသွေးကို ပရိသတ်အလယ်၌ အံ့ချီးတနန်း ထင်ရှားပြလို၍သာဖြစ်၏။ သို့ရာတွင် လက်တွေ့ အားဖြင့် ပေါ်ထွက်လာသော အကျိုးတရားသည် ပြောင်းပြန်ဖြစ်၏။ အဘိဓမ္မာ ဒေသနာတော်အရဆိုလျှင် မလ္လမင်းသားတို့သည် ကောင်းမှုကုသိုလ်ကံကို ပြုစဉ်က မကောင်းမှုအကုသိုလ်ကံ ရောနှောပါဝင်သွားသောကြောင့် "အကောင်း" လုပ်ပါလျက် အဆိုးသဖွယ် ဖြစ်ရခြင်း ဖြစ်၏။ ဤသို့ ဖြစ်ရခြင်းမှာလည်း ကမ္မနိယာမအတိုင်းသာ ဖြစ်လေ၏။

ဗန္ဓုလမင်းသားသည် မလ္လမင်းသားတို့၏ အလယ်၌ မိမိ တက္ကသိုလ် ပညာရပ်ဆိုင်ရာ အရည်အချင်းများကို ပြရန်အချိန်သို့ ရောက်လေပြီ။ အတောင်

http://www.cherrythitsar.org



ခြောက်ဆယ်မြင့်သော ဝါးအစည်းပေါင်းခြောက်ဆယ်တို့ကို ခုတ်ဖြတ်ရန် အသင့်အနေအထားနှင့် ထောင်ထားပြီးလေပြီ။ ဗန္ဓုလ၏ စိတ်ထဲ၌ကား ဝါးအစည်းခြောက်ဆယ်ကို ရိုးရိုးဝါးအစည်း ခြောက်ဆယ်အဖြစ်သာ မှတ်ယူထား၏။ ဝါးတစ်လုံးစီတစ်လုံးစီအတွင်း၌ သံချောင်းတစ်ချောင်းစီပါသော ဝါးအစည်းခြောက်ဆယ်အဖြစ်မမြင်။ ထို့ကြောင့်ဗန္ဓုလမင်းသားစိတ်ထဲ၌ တစ်စုံတစ်ရာ ရင်ခုန်ခြင်းမရှိ။ စိတ်အေးအေးနှင့်ပင် ဗန္ဓုလသည် အတောင်ရှစ်ဆယ်တိုင်အောင် ခုန်တက်၍ ဝါးအစည်းပေါင်း ခြောက်ဆယ်ကို ခုတ်ဖြတ်လေ၏။ ဝါးအစည်းတိုင်းပင် တိတိရိရိပင်ပြတ်ပါ၏။ သို့ရာတွင် နောက်ဆုံး ဝါးအစည်း ပြတ်သောအခါ ရှေးဝါးအစည်းများ ပြတ်သလိုမပြတ်ဘဲ "ကရိ--ကရိ"ဟု သံချောင်းသံမြည်၍ပြတ်လေ၏။ ထိုအခါမှဗန္ဓုလသည် ဝါးအစည်းပေါင်းခြောက်ဆယ်အပေါ် သံသယဖြင့် စုံစမ်းသောအခါ ဝါးလုံးတိုင်း၌ သံချောင်းတစ်ချောင်းစီပါကြောင်း သိရလေ၏။

ဗန္ဓုလသည် မလ္လမင်းသားများအပေါ် အထင်လွဲလေပြီ။ ဝါးလုံးတိုင်း၌ သံချောင်းတစ်ချောင်းစီ ထည့်ထားခြင်းမှာ သူ့ကိုမုန်းသဖြင့် အရှက်ခွဲလို၍ ထည့်ထားခြင်းဖြစ်သည်ဟူ၍ သူကယူဆ၏။ သူ့ကိုချစ်သဖြင့် သူ၏ဂုဏ်ကို ထင်ရှားပြလို၍ ပြုခြင်းဖြစ်သည်ဟု သူက မယူဆ။ အကယ်၍သာ ဤကိစ္စကို ကြိုတင်၍ သူသိခဲ့ပါလျှင် ဝါးအစည်း ခြောက်ဆယ်ကို အသံမမြည်ရအောင် ခုတ်ဖြတ်ပြလိုက်ချင်ပါဘိဟူ၍ မလ္လမင်းသားတို့အပေါ် ကြိတ်မနိုင်ခဲမရဖြစ်တိုင်း ဗန္ဓုလက တွေး၏။ ထို့ကြောင့် ဤမလ္လတိုင်းနိုင်ငံ၌ သူ့ကိုချစ်သောသူ မည်သည် တစ်ယောက် မျှမရှိဟူ၍သာ ဗန္ဓုလက အဆိုင်အမာယူဆလိုက်လေပြီ။ လက်ရုံးရည်ကို အားကိုးလွန်းသော ဗန္ဓုလ၏ ဆောင်မခြင်ဆုံးဖြတ် လိုက်ခြင်းသည် ဗန္ဓုလ အတွက် လည်းကောင်း၊ မလ္လနိုင်ငံအတွက် လည်းကောင်း မိုးမျှော်ကျခြင်းဖြစ်သည်ဟူ၍ ထိုစဉ်က ဗန္ဓုလသည် မသိ။ ဗန္ဓုလသည် မိမိမှားယွင်းသော ဆုံးဖြတ်ချက်အတိုင်း ဆက်လက်ဆောင်ရွက်ရန် သူ၏ဖခမည်းတော်နှင့် မယ်တော်တို့အား တင်ပြလျှောက်ထား၏၊ သူ၏ တင်ပြချက်မှာ ဤသို့ဖြစ်၏။

မလ္လနိုင်ငံရှိ မလ္လမင်းသားများအားလုံးကို သတ်၍ မလ္လထီးနန်းကို လုယူရန် ဟူ၍ဖြစ်၏။ ထိုအခါ ဗန္ဓုလ၏ ခမည်းတော်နှင့် မယ်တော်တို့သည် များစွာ ထိတ်လန့်သွား၏။ ဗန္ဓုလ၏အကြံကို အပြင်းအထန်တားမြစ်၏။ သူတို့၏သားသည် တက္ကသိုလ်ပညာတတ်တစ်ယောက် ဖြစ်သဖြင့် ဤမျှမိုက်လိမ့်မည်ဟု သူတို့က မထင်ခဲ့။ ယခု သူတို့သား ဗန္ဓုလက သူမိုက်ကြောင်းကို လက်တွေ့အားဖြင့် ပြလေပြီ။ အမှန်အားဖြင့် ဗန္ဓုလသည် မိကောင်းဘကောင်း၏သား

http://www.cherrythitsar.org



ဖြစ်၏။ ဗန္ဓုလ၏ မိုက်ခြင်းသည် ငယ်ရွယ်သူတို့၏ ဓမ္မတာအတိုင်း လက်ရုံးမာန် ယောဗ္ဗနကြောင့်သာ ဖြစ်၏။ ပင်ကိုစရိုက်ကြောင့်မဟုတ်။ ဤသို့ မိဘနှစ်ပါးက သိကြ၏။ ထို့ကြောင့် မိဘနှစ်ပါးက ဗန္ဓုလအား ဆုံးမ၏။ အမှန်အားဖြင့် မင်းစည်းစိမ် ဆိုသည်မှာ–

ရွှေအိမ်နန်းနှင့်၊ ကြငှန်းလည်းခံ
မြတ်ပေါင်းရုံလျက်၊ ဖျော်စံရိပ်ငြိမ်
စည်းစိမ်မကွာ၊ မင်းချမ်းသာကား
သမုဒ္ဒရာ၊ ရေမျက်နှာထက်၊ ခဏတက်သည့်
ရေပွက်ပမာ၊ တစ်သက်လျာတည်း။

ဟူသည့်အတိုင်း သံသရာလက်တမ်းနှင့်စာလျှင်ဘာမျှကြာလှသည် မဟုတ်။ စက္ကန့်ပိုင်းမျှပင်မကြာဘဲ ရေပွက်ပမာမျှသာ ဖြစ်ချေ၏။ မိမိရေးခဲ့သော မိမိသမိုင်းသည်သာ ကမ္ဘာအဆက်ဆက်ကြာမြင့်ပါ၏။ မိမိရေးခဲ့သော မိမိသမိုင်းသည် ဗြဟ္မာ့ပြည်မှတ်တမ်း၌လည်း ရှိ၏။ နတ်ပြည်မှတ်တမ်း၌လည်း ရှိ၏။ လူ့ပြည်မှတ်တမ်း၌လည်းရှိ၏။ ဤသဘောကို မိဘနှစ်ပါးက သားတော် ဗန္ဓုလအား နားဝင်အောင် သွန်သင်၏။ ထို့အပြင် မိဘနှစ်ပါးက သားတော် ဗန္ဓုလအား "ချစ်သား၊ ဤမင်းစဉ်မင်းဆက် မည်သည်ကို ဤသို့ပြုခြင်းငှာ မရအပ်" ဟူ၍လည်းတားမြစ်၏။ ထိုအခါဗန္ဓုလသည် သူ၏အကြံကို စွန့်လိုက်၏။ အမှန်အားဖြင့် ဗန္ဓုလသည် လောက၌ "ဓမ္မ"သည်သာလျှင် အင်အား ဟူသော ဝါဒကို ယုံကြည်သူဖြစ်ပါ၏။ သို့ရာတွင် သူ၏ "လက်ရုံးမာန်" ကြောင့်သာ မိုက်မှားခြင်း ဖြစ်၏။ ယောဗ္ဗနမာန် လွှမ်းမိုးခြင်း ခံရသောအခါ "အဓမ္မ"ကိုလည်း အင်အားအဖြစ် အားကိုးမိခြင်းဖြစ်၏။ "အဓမ္မ"ကို အင်အား အဖြစ် အားကိုးမိသောအခါ လောကကို အနိုင်ကျင့်ဝါဒသည်လည်း လွှမ်းလာ တတ်ပါ၏။ တစ်ဘဝကောင်းစားရေးသာ အားပြုသော သံသရာမဲ့ ဝါဒသည် လည်း လွှမ်းမိုးတတ်ပါ၏။ "ဘယ်သူသေသေ ငတေမာရင် ပြီးရော"ဟူသော အတ္တလွန်ဝါဒသည်လည်း လွှမ်းမိုးတတ်ပါ၏။ မိဘနှစ်ပါး၏ ဆိုဆုံးမမှုကြောင့် ဗန္ဓုလသည် မလ္လနိုင်ငံ၌ မင်းသားများအားလုံးကို သတ်၍ ဘုရင်ပြုလုပ်ရန် သူ၏စီမံချက်ကို စွန့်လွှတ်လိုက်၏။

ဗန္ဓုလသည် မလ္လမင်းသားများအားလုံးကို စိတ်နာ၏။ သတ်လိုသည် အထိစိတ်နာ၏။ သို့ရာတွင် သူ၏မိဘနှစ်ပါး၏ ဆုံးမမှုကြောင့် မလ္လမင်းသား များ အားလုံးကို မသတ်ဖြစ်တော့။ အမှန်အားဖြင့် ဗန္ဓုလအနေဖြင့် မိကောင်း ဘကောင်းကိုရသည်မှာ အရတော်လေစွ။ အကယ်၍သာ ဗန္ဓုလသည် မလ္လ

http://www.cherrythitsar.org



မင်းသားများ အားလုံးကိုသတ်ပြီး မလ္လနိုင်ငံ၌ မင်းပြုမည်ဆိုလျှင် စံရာကာလ အနေဖြင့် တစ်ခဏသာ ဖြစ်သော်လည်း စံရာကာလသာနေဖြင့်မူ ကြီးစွာသော မကောင်းမှု အကုသိုလ်ကံသည် ဗန္ဓုလမင်းသားအတွက် သံသရာတစ်လျှောက်လုံး ပွားစီးနေလိမ့်မည်။ ယခုမူ ထိုအကုသိုလ်ကံမှ လွတ်မြောက်လေ၏။ သို့ရာတွင် ဗန္ဓုလ၌ ငယ်သောအကုသိုလ်ကံများရှိကြ၏။ ထိုအကုသိုလ်ကံများကား မိမိ၏ ကြီးရင့်သော၊ အမျိုးအနွယ်တော်စပ်သော မလ္လမင်းသားများအပေါ် ကံသုံးပါး တို့ဖြင့် ပြစ်မှားမိသော အကုသိုလ်ကံများပင်ဖြစ်၏။ အမှန်အားဖြင့် မလ္လမင်းသား များဟူသည်မှာ သူ၏ဆွေမျိုးဉာတိများ ဖြစ်၏။ ထိုအထဲတွင် ကြီးသူများလည်း ပါ၏။ ငယ်သူများလည်းပါ၏။ ဗုဒ္ဓဒေသနာတော်အရဆိုလျှင် ဆွေမျိုးတို့၏ အရိပ်သည် အလွန်ပင် အေးချမ်းလှပါ၏။ သို့ရာတွင် ဗန္ဓုလသည် ဆွေမျိုးတို့၏ အရိပ်ကို မထိမ့်မြင်ပြု၏။ စော်ကား၏။ ထိုအကုသိုလ်ကံများသည် ဗန္ဓုလမင်းသား နောက်သို့ သံသရာတစ်လျှောက်လုံး အကျိုးမပေးရမချင်း အရိပ်ပမာ လိုက်နေ မည်ဖြစ်၏။

ဗန္ဓုလသည် ဆွေမျိုးများကို စိတ်နာ၏။ ထို့ကြောင့်သူသည် မလ္လနိုင်ငံကို စွန့်ခွာရန် ဆုံးဖြတ်လိုက်၏။ သူ့မှာအားကိုးရှိ၏။ သူ၏ အားကိုးမှာ တက္ကသိုလ် တွင် ပညာသင်ဖက်ပသေနဒီကောသလ ဖြစ်၏။ သူ၏ ကျောင်းနေဖက် သူငယ်ချင်း ပသေနဒီကောသလမင်းသားသည် ဘုရင်ပင်ဖြစ်နေလေပြီ။ ထို့ကြောင့်သူသည်ပင် ပသေနဒီကောသလ မင်းကြီး၏ စိုးစံရာ သာဝတ္ထိပြည်သို့ သွားလေတော့၏။ အမှန်အားဖြင့် ဗန္ဓုလသည် မိမိအပေါ် ဥပနိဿယပစ္စည်း အနေဖြင့် များစွာကျေးဇူးပြုသော မလ္လနိုင်ငံနှင့် မလ္လမင်းသားတို့ကို စွန့်ခွာဖို့ မသင့်။ မသင့်ပါဘဲလျက် စွန့်ခွာခြင်းကြောင့် ဗန္ဓုလသည် မိမိနိုင်ငံအပေါ် ကျေးဇူး မဲ့ရာရောက်ပါ၏။ အကယ်၍ အကြောင်းအားလျော်စွာ မလ္လနိုင်ငံကို စွန့်ခွာရ သည် ဆိုလျှင် မိမိအနေဖြင့် ကံသုံးပါးတို့ဖြင့် ပြစ်မှားမိသော မလ္လမင်းသားတို့အား ဝန်ချကန်တော့ပြီးမှ သွားဖို့ကောင်းပါ၏။ သို့ရာတွင် ဗန္ဓုလသည် သူငယ်ချင်း အားကိုးဖြင့် ကောသလတိုင်း သာဝတ္ထိပြည်သို့ သွားလေပြီ၊ မိမိအပေါ် ကျေးဇူး ကြီးမားလှသော မိမိနိုင်ငံနှင့် မိမိလူမျိုးအပေါ်ကိုမူ ဝန်ချကန်တော့ခြင်း မပြုခဲ့ပေ။ ဝိပဿနာ မကောင်းသေးသော ပုထုဇဉ်တစ်ယောက်အနေဖြင့် ဗန္ဓုလမင်းသားသည် သံသရာခရီးသည် အဖြစ်ဖြင့် ဝိပဿနာသဘာရေးများ၏ လမ်းညွှန်မှုအတိုင်း အမှောင်တွင်း၌ လျှောက်ရပေဦးတော့မည်။

ဗန္ဓုလမင်းသားသည် သူ၏ဆွေတော်မျိုးတော်ဖြစ်သော မလ္လမင်းသား များအပေါ်၌ အထင်မှားခဲ့၏။ သူ၏ မွေးဖွားရာကုသိနာရုံပြည်၌ သူ့ကို ချစ်ခင်

http://www.cherrythitsar.org



သော ဆွေတော်မျိုးတော်ဟူ၍ တစ်ယောက်မျှပင် မရှိတော့ဟု သူက အနိုင်အမာ ယူဆထား၏။ ထို့ကြောင့် သူသည် ကုသိနာရုံပြည်နှင့် ဆွေတော်မျိုးတော်ဖြစ်သော မလ္လမင်းသားများကို စွန့်ခွာရန် ဆုံးဖြတ်လိုက်၏။ အမှန်အားဖြင့် အရိပ်အားလုံး တို့တွင် ဆွေမျိုးရိပ်သည်သာ အအေးချမ်းဆုံး ဖြစ်သည်ကို ဗန္ဓုလမင်းသားသည် မသိ။ ထို့ကြောင့် သူသည် မွေးဖွားရာဒေသကိုလည်းကောင်း၊ ဆွေမျိုးများ အားလုံးကို လည်းကောင်း စွန့်ခွာရန် ဆုံးဖြတ်ခြင်းဖြစ်၏။ အမှန်အားဖြင့် သူ၏ ဇာတိချက်ကြွေ ကုသိနာရုံမြေသည်လည်းကောင်း၊ ဆွေတော်မျိုးတော် ဖြစ်သော မလ္လမင်းသားတို့သည်လည်းကောင်း ဗန္ဓုလအပေါ် များစွာ ကျေးဇူး များခဲ့ပါ၏။ အကယ်၍သာ ကုသိနာရုံပြည်နှင့် မလ္လမင်းသားတို့သာ ဤမြေအပြင် ၌ မရှိဘူးဆိုပါလျှင် ဗန္ဓုလမင်းသားဟူ၍လည်း ရှိမည်မဟုတ်တော့။ ဤသို့ အကြောင်းနှင့်အကျိုးတို့၏ ဆက်နွှယ်မှုကို ဗန္ဓုလမင်းသားသည် သတော မပေါက်။ ထို့ကြောင့် ဗန္ဓုလမင်းသားသည် သူ၏မွေးရပ်မြေ ကုသိနာရုံနှင့် မလ္လမင်းသားများအပေါ် ကျေးဇူးဆပ်ရန် မစဉ်းစားဘဲ စွန့်ခွာရန်သာ စဉ်းစား ခြင်းဖြစ်၏။ အမှန်အားဖြင့် မိမိတိုင်းပြည်နှင့် မိမိလူမျိုးလောက် မိမိအပေါ် ကျေးဇူးများသော အခြားတိုင်းပြည်နှင့် အခြားလူမျိုးဟူ၍ မရှိကောင်း။ ပညာရှိ များကလည်း "အရေးကြီးတော့ သွေးနီးရာ၏" ဟူ၍ဆိုထားလေရာ ပညာရှိများ၏ အဆိုသည် ပဌာန်းဥပနိဿယပစ္စည်း သဘောမျိုးဖြစ်၏။ သို့ရာတွင် ဗန္ဓုလ မင်းသားသည် ကုသိနာရုံပြည်နှင့် မလ္လမင်းသားတို့အပေါ် သွေးနီးမှုကို မစဉ်းစား။ သူ့အပေါ် မနာလိုဝန်တိုသူများအဖြစ်သာ စဉ်းစား၏။

ဗန္ဓုလမင်းသားမှာ အားကိုးရသောကျောင်းနေဖက် သူငယ်ချင်း နှစ်ယောက်ရှိ၏။ အခက်အခဲကြုံလျှင် ကူညီကြစတမ်းဟူ၍ ကတိကဝတ် ပြုထားသူများဖြစ်ကြ၏။ ထိုကတိကဝတ်မှာလည်း တက္ကသိုလ်ပြည် ဒိသာ ပါမောက္ခ ဆရာကြီးထံ၌ပညာသင်ယူစဉ်ကပင် ထားသော ကတိကဝတ် ဖြစ်၏။ ထို့ကြောင့် ထိုကတိကဝတ်သည် အလွန်ခိုင်မာသော ကတိကဝတ်ဖြစ်သည်ဟု ဗန္ဓုလမင်းသားက မှတ်ယူ၏။ အမှန်အားဖြင့် ပုထုဇဉ်တို့၏ ကတိကဝတ်ဟူသမျှ သည် အတ္တအပေါ် အခြေခံသည်ချည်း ဖြစ်၏။ ထို့ကြောင့် မိမိ၏ အကျိုးစီးပွား အပေါ် ထိခိုက်သေးမိကာလတိုင်သာ ပုထုဇဉ်တို့၏ ကတိကဝတ်သည် ခိုင်မာ ပါ၏။ ထိုထက်ပို၍ မခိုင်မာပါချေ။ သို့ရာတွင် ဗန္ဓုလမင်းသားကမူ ထိုကတိ ကဝတ်ကို မကျိုးပျက်နိုင်သော ကတိကဝတ်အဖြစ် မှတ်ယူထား၏။ ထို့ကြောင့် မလ္လမင်းသားတို့ကို စွန့်ခွာရန် ကြံသောအခါ သူငယ်စဉ် ကျောင်းသားဘဝက ထားခဲ့သော ကတိကဝတ်များကို အားကိုးပြီး ကြံစည်ခြင်း ဖြစ်၏။

http://www.cherrythitsar.org



ဗန္ဓုလမင်းသား၏ ကျောင်းနေဖက်သူငယ်ချင်းများမှာ စုစုပေါင်း နှစ်ဦးဖြစ်၏။ တစ်ဦးမှာ ဝေသာလီပြည် လိစ္ဆဝီမင်းသား မဟာလိဖြစ်၏။ အခြားတစ်ဦးမှာ သာဝတ္ထိပြည် ပသေနဒီကောသလမင်းသားဖြစ်၏။ ထိုသူနှစ်ယောက်ကို ဗန္ဓုလက အားကိုး၏။ အမှန်အားဖြင့် မဟာလိနှင့် ပသေနဒီကောသလတို့သည် ဗန္ဓုလအတွက် သူစိမ်းများဖြစ်ကြ၏။ ဆွေမျိုးများမဟုတ်ကြ။ "မြင်းရာဟင်းကောင်း၊ ခင်ရာဆွေမျိုး" ဟု စကားပုံရှိပါ၏။ ထိုစကားပုံအရ မဟာလိနှင့် ပသေနဒီတို့ကို ဗန္ဓုလ၏ ဆွေမျိုးစာရင်း၌ "ဉာတကာနဉ္စ သင်္ဂဟော" ဟူသော မင်္ဂလာ တရားတော်အရ ပံ့ပိုးရမည့်တာဝန်ရှိလေ၏။ တာဝန်ကတာဝန် သတ်သတ် ဖြစ်၏။ သို့ရာတွင် ဗန္ဓုလမင်းသားသည် တာဝန်နှင့် ခင်မင်ခြင်းကို မခွဲခြားနိုင်ဘဲ ရှိ၏။ ထို့ကြောင့် ဗန္ဓုလသည် ခင်မင်ခြင်းအပေါ် အားကိုးပြု၍ တိုင်းတစ်ပါးသို့ ထွက်ခွာသွားရန် အားထုတ်ခြင်းဖြစ်၏။ ဉာဏ်ပညာဖြင့် အားထုတ်ခြင်းမဟုတ်။ ဒေါသစိတ်ဖြင့် အားထုတ်ခြင်း ဟူသည်မှာ "အပြစ်နှင့်တကွဖြစ်ခြင်း၊ မကောင်းသော အကျိုးကိုပေးခြင်း" သဘောရှိပါ၏။

ဝေသာလီပြည်၏အုပ်ချုပ်ရေးစနစ်သည် ကုသိနာရုံပြည်၏ အုပ်ချုပ်ရေးစနစ်နှင့် အတူတူပင်ဖြစ်၏။ ထို့ကြောင့် ဗန္ဓုလသည် မဟာလိမင်းသားထံသို့ သွားရန်မဆုံးဖြတ်ဘဲ ပသေနဒီကောသလထံ သွားရန်ဆုံးဖြတ်ခြင်း ဖြစ်၏။ သာဝတ္ထိပြည် ပသေနဒီကောသလမင်း၏ အုပ်ချုပ်ရေးစနစ်ကား ပဒေသရာဇ်စနစ်ဖြစ်၏။ ထို့ကြောင့်သူသည် ကုသိနာရုံပြည်ကိုစွန့်ခွာ၍ သာဝတ္ထိပြည်တွင် သက်ဆုံးတိုင် နေထိုင်တော့မည်ဖြစ်ကြောင်း ပသေနဒီကောသလထံ အကြောင်းကြားလိုက်၏။

ဗန္ဓုလမင်းသား၏ အရည်အချင်းကို ပသေနဒီကောသလ မင်းကြီးက သိ၏။ ထို့ကြောင့် ကောသလမင်းသည် ဗန္ဓုလမင်းသားကို မြို့ပြင်က ခရီးဦးကြိုပြု၏။ ထို့နောက် မြို့တွင်းသို့ အခမ်းအနားဖြင့်ခေါ်၏။ ထို့နောက် စစ်သူကြီးရာထူးဖြင့် မြှောက်စား၏။ ဗန္ဓုလမင်းသားသည် ကောသလမင်းကြီး၏ စစ်သူကြီးအဖြစ် နိုင်ငံတာဝန်ကို ထမ်းဆောင်၏။ မိခင်ဖခင်တို့ကိုလည်း ကုသိနာရုံပြည်မှ သာဝတ္ထိပြည်သို့ ခေါ်ယူ၍ စောင့်ရှောက်ထား၏။ တူတော်သူဒီဃရာယနကိုလည်း ခေါ်ယူစောင့်ရှောက်ထား၏။ ဗန္ဓုလမင်းသားသည် သူ၏ဇာတိ ကုသိနာရုံနှင့် ဆွေတော်မျိုးတော်ဖြစ်သော မလ္လမင်းသားတို့နှင့် ပတ်သက်၍ အဆက်ဖြတ်လိုက်၏။ နိုင်ငံနှင့်လူမျိုးအပေါ် ဗန္ဓုလမင်းသား ဤမျှလောက် စိတ်နာ၏။ အမှန်အားဖြင့် ဗန္ဓုလမင်းသားအပေါ် ကုသိနာရုံပြည်ကလည်း ကောင်းပါ၏။ မလ္လမင်းသားများကလည်း ကောင်းကြပါ၏။ ကုသိနာရုံပြည်နှင့်

http://www.cherrythitsar.org



မလ္လ မင်းသားတို့က ဗန္ဓုလမင်းသားအပေါ် ကောင်းကြသောကြောင့် ဗန္ဓုလမင်းသားသည် တက္ကသိုလ်ပြည် ဒိသာပါမောက္ခဆရာကြီးထံသို့ ပညာတော်သင်အဖြစ် သွားရခြင်းဖြစ်၏။ အမှန်အားဖြင့် ကုသိနာရုံပြည်သည် ဗန္ဓုလ မင်းသားအပေါ် များစွာမျှော်လင့်ထား၏။ မျှော်မှန်းသည့် ထိုက်ထိုက်တန်တန် နေရာယူနိုင်ရန် ကုသိနာရုံပြည်သည် ဗန္ဓုလမင်းသားအပေါ်များစွာ အားကိုး၏။ ကုသိနာရုံပြည်နှင့် မလ္လမင်းသားများအပေါ် ဗန္ဓုလမင်းသား၏ အထင်မှားမှုကြောင့် ကုသနာရုံပြည်သည် ဗန္ဓုလနှင့်ပတ်သက်၍ များစွာနစ်နာရ၏။ အကယ်၍သာ ဗန္ဓုလမင်းသားသည် ကုသိနာရုံ၏ ဘုရင်ဖြစ်လာမည်ဆိုလျှင် ကုသိနာရုံ၏ သမိုင်းသည် တစ်မျိုးဖြစ်လာနိုင်၏။ ယခုတော့ ကုသိနာရုံနှင့် မလ္လမင်းသားတို့က ဗန္ဓုလမင်းသားအပေါ် မျှော်လင့်ပါသော်လည်း မျှော်လင့်သည့်အတိုင်း ဖြစ်မလာ။ ကံကြမ္မာတို့၏ အလှည့်အပြောင်းကား အံ့ဖွယ်ရှိပါ၏။

ဗန္ဓုလမင်းသားသည် စစ်သူကြီး၏ တာဝန်ဖြင့် သာဝတ္ထိပြည် ပသေနဒီကောသလမင်းကြီးကို သစ္စာရှိရှိဖြင့် ဆည်းကပ်ခစား၏။ ပသေနဒီကောသလမင်းကြီးကလည်း ဗန္ဓုလကို အားကိုး၏။ ကောသလမင်းကြီးသည် ဗန္ဓုလ၏ အရည်အသွေးကို ကျောင်းသားဘဝကပင် ကောင်းစွာသိ၏။ ထို့ကြောင့်ပင် မင်းကြီးက ဗန္ဓုလကို အားကိုးခြင်းဖြစ် ၏။ အားကိုးသည့်အလျောက်လည်း ဗန္ဓုလက ကောသလမင်းကြီးအပေါ် သစ္စာရှိရှိဖြင့် ဆည်းကပ်ခစားပါ၏။ ထိုအချိန်ထိတော့ ငယ်သူငယ်ချင်း နှစ်ယောက်တို့၏ ဘဝသည် အေးချမ်းပါ၏။

ဗန္ဓုလမင်းသားသည် လုပ်ငန်းအနေဖြင့်ဆိုရလျှင် စိတ်ချမ်းသာပါ၏။ သို့ရာတွင် အိမ်ဦးစီးတစ်ယောက်အနေဖြင့်မူ စိတ်ချမ်းသာခြင်းမရှိ။ အမှန်အားဖြင့် ဗန္ဓုလသည် သားသမီးများကို လိုချင်၏။ ထိုသို့ လိုချင်ပါသော်လည်း ဗန္ဓုလ၏ဇနီးသည် မလ္လိကာက သားသမီးများကို မွေးဖွားပေးနိုင်ခြင်းမရှိ။ ထိုခေတ် ယဉ်ကျေးမှုအရ သားသမီးမမွေးဖွား သောအိမ်ရှင်မသည် အသရေမဲ့သူဖြစ်၏။ ထို့ကြောင့် ဇနီးသည်က အသရေမဲ့သူဖြစ်လျှင် သူလည်းလည်း အလိုလို အသရေမဲ့သူအဖြစ်သို့ ရောက်၏။ ထို့ကြောင့် သူ၏အိမ်ထောင်ရေးကို တွေးမိတိုင်း ဗန္ဓုလသည် စိတ်မချမ်းမသာ ဖြစ်ရလေ၏။

ဗန္ဓုလ၏ ဇနီးသည်ကလည်း မထင်ရှားသူမဟုတ်။ မလ္လမင်း၏ သမီးတော် မလ္လိကာအနေဖြင့် ထင်ရှားသူဖြစ်၏။ ရတနာသုံးပါး ကြည်ညိုသူဖြစ်၏။ ရှေးဘုန်းကံအားဖြင့် မဟာလတာတန်ဆာကို ရသူဖြစ်၏။ ထို့ကြောင့် သူမသည် အသရေမဲ့သူမဖြစ်နိုင်၊ အသရေရှိသူသာ ဖြစ်နိုင်၏။ ဤသို့ "အနုမာန" သဘောဖြင့် ဆင်ခြင်နိုင်ပါ၏။ သို့ရာ တွင် "ပစ္စက္ခ" သဘောအရ မလ္လိကာသည်

http://www.cherrythitsar.org



အမြဲမဖြစ်၏။ ထို့ကြောင့် အသရေမဲ့သူသာဖြစ်၏။ ဒသနကျမ်းများ၏ အဆို အရ ပစ္စက္ခနှင့်အနုမာန နှိုင်းယှဉ် လိုက်လျှင် ပစ္စက္ခကအသာဆောင်း၏။ ထို့ကြောင့် မလ္လိကာကို အသရေမဲ့သူအမြဲမအဖြစ်သော ဗန္ဓုလက သတ်မှတ်ရလေတော့၏။ ထို့ကြောင့်ဗန္ဓုလက မလ္လိကာကို မိမိ၏ မိဘအိမ်သို့ ပြန်သွားရန် မလွှဲမရှောင်သာ နှင်လွှတ်လိုက်၏။ အမှန်အားဖြင့် ဗန္ဓုလသည် မလ္လိကာကိုချစ်ပါ၏။ သို့ရာတွင် ထိုခေတ်အစဉ်အလာအရ လိုက်နာနေကြသော ယဉ်ကျေးမှုကို ဗန္ဓုလလို စစ်သူကြီးတစ်ယောက်အနေဖြင့် ဆန့်ကျင်ရန် မဖြစ်နိုင်ချေ။ ထို့ကြောင့် ဗန္ဓုလ သည် မိမိ၏ နှလုံးသားကို စတေးပြီး မိမိ၏ဇနီး မလ္လိကာကို နှင်ရခြင်း ဖြစ်၏။

ထိုခေတ်ဆိုင်ရာ ယဉ်ကျေးမှုအရ အိမ်ထောင်ပြုခြင်းဟူသည်မှာ ကာမ ဂုဏ်သဘောအရမဟုတ်၊ လောက၏အစီးအပွားအရ သားကောင်း သမီး ကောင်းများဖြင့် လောကကို အလုပ်အကျွေးပြုရေးအတွက် ဖြစ်၏၊ ထို့ကြောင့် သားသမီးများများရဖို့လို၏။ သားသမီးများများရလျှင် ဤလောကကို လူ့တာဝန် ကို ကျေအောင်ဆောင်ရွက်ရာ ရောက်၏၊ ထို့ကြောင့် ဗန္ဓုလသည် သားသမီး များများ ရချင်၏။ သို့ရာတွင် သူ၏ဇနီးမလ္လိကာက သားသမီးဟူ၍ တစ်ယောက် မျှမမွေး။ ထိုအခါ ဗန္ဓုလသည် မလ္လိကာကို ကွာရုံမှတစ်ပါး အခြားဘာမျှ လုပ်စရာမရှိတော့။ ဗန္ဓုလအနေဖြင့် ထိုခေတ်ယဉ်ကျေးမှုအရ မလ္လိကာကို ကွာရမည်။ သားသမီးများရအောင် နောက်ထပ်အိမ်ထောင်ပြုရမည်။ ထိုသို့ပြုပါမှ ဗန္ဓုလသည် ထိုခေတ်ယဉ်ကျေးမှုဘောင်အတွင်း၌ လိုက်နာကျင့်ကြံသူ ဖြစ်မည်။ သို့မဟုတ်ပါက ဗန္ဓုလသည် လူ့အသိုင်းအဝိုင်းမှ ကြဉ်ဖယ်ခြင်းကို ခံရမည်ဖြစ်၏။

မလ္လိကာသည် ဗန္ဓုလ၏ သဘောကို နားလည်ပါ၏။ အမှန်အားဖြင့် သူမအနေဖြင့် မိဘရပ်ထံသို့ ပြန်ရခြင်းအတွက် ဗန္ဓုလအပေါ်၌ အပြစ်ဟူ၍မရှိ။ သူ့အပေါ်၌သာ အပြစ်ဟူ၍ ရှိသည်ဟု မလ္လိကာက မှတ်ယူပါ၏။ သူမအနေဖြင့် သားသမီးမမွေးခြင်းသည် ထိုခေတ်ယဉ်ကျေးမှုဆိုင်ရာ ကြီးစွာသော အပြစ် ဖြစ်၏။ ထို့ကြောင့်မလ္လိကာသည် သူမ၏ အပြစ်ကို သူမသိသည်အားလျော်စွာ မိဘရပ်ထံပြန်ဖို့ ပြင်လေ၏။ ဘယ်သူ့မပြုမိမိမှုသာ ဖြစ်၏။ ကံကြမ္မာ၏ အကျိုးပေးစက်ဝန်းကို မည်သူက ဟန့်တားနိုင်ပါသနည်း။ ဗန္ဓုလလည်း ကံကြမ္မာ ၏ သားကောင်ဖြစ်၏။ မလ္လိကာလည်း ကံကြမ္မာ၏သားကောင်ဖြစ်၏။ ကမ္မဝဋ် ၏ စက်ကွင်းသည် ကျယ်ဝန်းလှပါ၏။ ဤသဘောကိုပင် "သဗ္ဗေသတ္တာ ကမ္မ သကာ" ဟူ၍ မှတ်ယူပြီး မလ္လိကာသည် မည်သူ့အပေါ်၌မျှ အပြစ်မချဘဲ မိမိအပေါ်၌သာ အပြစ်ချရလေ၏။ မိမိအပေါ်၌သာ မိမိကအပြစ်ချခြင်းကို မြတ်သောနေခြင်း ဗြဟ္မဝိဟာရ ဟူ၍လည်းကောင်း၊ မြတ်သောအကျင့်ကို ကျင့်ခြင်း ဗြဟ္မစရိယဟူ၍လည်းကောင်း ဆိုရ၏။

http://www.cherrythitsar.org



မလ္လိကာသည် မြတ်စွာဘုရားကို ကြည်ညိုသူ ဖြစ်၏။ မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးလျက်ရှိ၏။ ထို့ကြောင့် မလ္လိကာသည် ကုသိနာရုံပြည် မိဘရပ်ထံ မပြန်မီ မြတ်စွာဘုရားကို ဖူးမြော်ချင်သေး၏။ နောက်တစ်ကြိမ် မြတ်စွာဘုရားကို ဖူးမြင်ဖို့ဆိုသည်မှာ လွယ်ကူသည်မဟုတ်။ မိမိအားငယ်နေချိန်၌ မြတ်စွာဘုရားကို ဖူးမြင်ခြင်းအားဖြင့် မြတ်စွာဘုရားထံမှ ကြီးမားသော အားအဆေးကို ရနိုင်၏။ ထိုအခါ မိမိသည် အားငယ်သူအဖြစ်မှ အားကြီးသူအဖြစ်သို့ ရောက်နိုင်၏။ ဤသို့တွေး၍ မလ္လိကာသည် ဇေတဝန်ကျောင်းတော်သို့ဝင်၍ မြတ်စွာဘုရားကို ဖူးမြင်လေ၏၊ မြတ်စွာဘုရားက မလ္လိကာအား အကျိုးအကြောင်းကိုမေးမြန်းသောအခါ သားသမီးရတနာ မထွန်းကားသဖြင့် ခင်ပွန်းဖြစ်သူ ဗန္ဓုလက မိဘအိမ်သို့ ပြန်ရန်ပြောသဖြင့် မိဘအိမ်သို့ ပြန်ရန်ထွက်ခွာလာခြင်းဖြစ်ကြောင်း၊ မိဘအိမ်သို့ မပြန်မီ မြတ်စွာဘုရားကို ဝင်ရောက်ဖူးမြင်ခြင်းဖြစ်ပါကြောင်းဖြင့် မလ္လိကာက မြတ်စွာဘုရားအား လျှောက်ထား၏။ သားသမီးမရခြင်းကြောင့် မိဘအိမ်သို့ ပြန်မည်ဆိုလျှင် မိဘအိမ်သို့ မပြန်တော့ဘဲ ဗန္ဓုလထံသို့သာ ပြန်သွားရန် မြတ်စွာဘုရားက မလ္လိကာအား မိန့်ကြားတော်မူ၏။

ထိုအခါ မလ္လိကာသည် မြတ်စွာဘုရား၏ မိန့်ကြားချက်အားကိုးဖြင့် ကုသိနာရုံရှိ မိဘထံ မပြန်တော့ဘဲ ခင်ပွန်းဖြစ်သူ ဗန္ဓုလထံသို့သာ ပြန်လာလေ၏။

မလ္လိကာသည် သူမ၏မိဘရှိရာ ကုသိနာရုံသို့မပြန်ဘဲ မိမိထံသို့ ပြန်လာသည်ကို မြင်သောအခါ အဘယ်ကြောင့်မိမိထံ ပြန်လာပါသနည်းဟု ဗန္ဓုလက မေးလျှင် မြတ်စွာဘုရားက ပြန်ခိုင်း၍ မိမိ၏အိမ်သို့ ပြန်လာခြင်းဖြစ်ကြောင်း ပြောပြ၏။ ထိုအခါ ဗန္ဓုလသည်ဝမ်းမြောက်ဝမ်းသာစွာဖြင့် မလ္လိကာကို လက်ခံလေ၏။ မြတ်စွာဘုရားက မလ္လိကာကို ဗန္ဓုလထံ ပြန်ခိုင်းသည်ဆိုကတည်းက မလ္လိကာသည် အမြုံမ မဟုတ်ကြောင်း၊ သားသမီးရတနာများကို မကြာမီ ရမည်ဖြစ်ကြောင်း ဗန္ဓုလနှင့်မလ္လိကာတို့ နှစ်ယောက်လုံးကနားလည်လိုက်၏။ အမှန်အားဖြင့် မြတ်စွာဘုရားသည် လောကုတ္တရာချမ်းသာကိုသာမက လောကချမ်းသာကိုပါ လမ်းညွှန်၏၊ လောကချမ်းသာကို လမ်းညွှန်ရာ၌ ဝေဒကျမ်းများက လမ်းညွှန်သလို ပန်းတိုင်အဖြစ် လမ်းမညွှန်၊ လမ်းစဉ်အဖြစ်သာ လမ်းညွှန်တော်မူ၏။ ကြည့်တတ်လျှင် သင်္ဂါလေးပါးကို လောကဖြစ်စဉ်ဟူသမျှ၌ တွေ့နိုင်၏။

များမကြာမီကာလတွင် မလ္လိကာသည် ကိုယ်ဝန်ရ၍ ချင်ခြင်းတပ်လေ၏။ အမြုံမဟုတ်ဘဲ သားသမီးများကို ရတော့မည်ဖြစ်၍ နှစ်ဦးလုံး များစွာ ဝမ်းမြောက်ကြ၏။ ထိုအခါ ဗန္ဓုလစစ်သူကြီး၏ အိမ်ဂေဟာသည် သိရိဂေဟာ

http://www.cherrythitsar.org



ဖြစ်သို့ ရောက်သွားလေ၏။ အတိတ်က စိတ်မချမ်းမသာ ဖြစ်ခဲ့ရသမျှသည် ယခုတော့ အတိုးချ၍ စိတ်ချမ်းသာခြင်းအဖြစ်သို့ ရောက်ပါလေပြီ။ လောမ ဟ သည်မှာ သက်တံ့တက်တံ့သဘောကို ဆောင်၏။

မလ္လိကာ၏ ချင်ခြင်းမှာ အန္တရာယ်များလှပါ၏။ ဝေသာလီပြည် လိစ္ဆဝီမင်းတို့ အတိသိက်သွန်းရာ မင်္ဂလာရေကန်သို့ဆင်းပြီး ရေလည်းချိုးချင်၏။ ရေကိုလည်း သောက်ချင်၏။ ထိုကြောင့် ဤသို့ချင်ခြင်းဖြစ် မှန်းတော့မသိ။ ချင်ခြင်းဖြစ်သည်ကတော့ အမှန်ပင်ဖြစ်၏။ လိစ္ဆဝီမင်းသားတို့၏ ဂုဏ်ကြမှာ ဟူ၍ပင်ဆိုရမည်ထင်၏။ မင်္ဂလာရေကန်ကို အစောင့်အကြပ် ထူထပ်စွာချထား ၏။ အပေါ်၌ သံကွန်ရက်အုပ်ထား၏။ ထို့ကြောင့် ငှက်တို့ပင် သက်ဆင်းခွင့် မရ။ လိစ္ဆဝီမင်းတို့သည် မင်္ဂလာ ရေကန်ကိုမျှပင် တန်ဖိုးထား၏။ ထိုရေကန်က ရေကိုမှ မလ္လိကာက လည်း ချိုးချင်၏၊ သောက်ချင်၏။ ဤချင်ခြင်းကို အကြောင်း ပြု၍ ကြေကွဲဖွယ်တို့ ဖြစ်လာပေတော့မည်။

ဤချင်ခြင်းကို ပြေပျောက်စေရန် ဗန္ဓုလသ္ဖ တာဝန်ရှိ၏။ ရေကန်သို့ သွားမည်ဆိုပါက မဟာလမင်းသားအပိုင်စားရာ တံခါးမှ သွားရမည် ဖြစ်၏။ မဟာလိမင်းသားကား အခြားသူမဟုတ်။ ဗန္ဓုလ၏ ကျောင်းနေဖက်လည်း ဖြစ်၏။ ကတိကဝတ်ပြုဖက်လည်းဖြစ်၏။ ထို့ကြောင့်ဗန္ဓုလသည် မလ္လိကာ၏ ချင်ခြင်းကိုပြေပျောက်စေရန်အတွက် မဟာလိမင်းသားမှ တစ်ဆင့် လိစ္ဆဝီမင်းသား များသို့မေတ္တာရပ်ခံလျှင် မည်မျှကောင်းပေမည်နည်း။ အနုနည်းကိုသုံး၍ မရပါမှ အကြမ်းနည်းကို သုံးသည်ဆိုပါလျှင် ကျောင်းသားဘဝက မိမိပေးထားခဲ့သော ကတိကဝတ်သည် အဓိပ္ပာယ် ရှိမည်ဖြစ်၏။ ယခုတော့ ဗန္ဓုလသည် အကြမ်းနည်း ကို သုံးလေ၏။ အမှန်အားဖြင့် ပုထုဇဉ်များအနေဖြင့် မိမိ၏အတ္တကို ထိပါးလာ သောအခါ ထားခဲ့သော ကတိကဝတ်ဟူသမျှသည် သစ္စာနှင့်ယှဉ်ခြင်း မရှိလှပါ ချေ၊

ဗန္ဓုလသည် သူ၏ဇနီးမလ္လိကာကို ရထားထက်တင်၍ သာဝတ္ထိပြည်မှ ထွက်ပြီးလျှင် ရထားကို မောင်းနှင်လျက် မဟာလိ လိစ္ဆဝီမင်းသား အပိုင်စားရာ တံခါးမှ ဝေသာလီပြည်သို့ ဝင်လေ၏။ အမှန်အားဖြင့် ဗန္ဓုလသည် မဟာလိကို အားနာဖို့ ကောင်းပါ၏။ သို့ရာတွင် ဗန္ဓုလသည် ငယ်သူငယ်ချင်း မဟာလိကို အားမနာ။ ဗန္ဓုလ၏ ရထားသည် မဟာလိ၏ တံခါးခုံနှင့် တိုက်မိသောအခါ အသံထွက်၏။ ထိုအသံကိုကြားရုံမျှနှင့် ဗန္ဓုလ၏ ရထားဖြစ်ကြောင်း မဟာလိက သိလိုက်၏။ ဗန္ဓုလ၏ စွမ်းပကားကို ကျောင်းနေဖက်မို့ မဟာလိက ကောင်းစွာ သိလိုက်၏။ ထို့ကြောင့် ယနေ့ လိစ္ဆဝီမင်းသားတို့အပေါ်၌ ကြီးစွာသောအန္တရာယ်

http://www.cherrythitsar.org



ကျရောက်တော့မည် ဖြစ်ကြောင်း မဟာလိမင်းသားသည် သိ၏။ သို့ရာတွင် မဟာလိသည် မျက်စိမမြင် ဒုက္ခိတဖြစ်၍ လိစ္ဆဝီမင်းသားတို့အား သြဝါဒပေးရုံမှ တစ်ပါး ဘာမျှမတတ်နိုင်ရှာ ထိုအခါ မဟာလိသည် ကြီးစွာသော ကြေကွဲမှုကို ခံစားရ၏။ ဗန္ဓုလသည် သူ့အားပေးခဲ့သော ကတိကို လေးစားပြီး သူ့ကို နှုတ်ဆက်လျှင် အတော်မျှ ကောင်းလေမည်နည်း။ မဟာလိ ဤသို့တွေး၏။ သို့ရာတွင် ယခုတော့ ဗန္ဓုလသည် သူ့ကိုပင်မနှုတ်ဆက်၊

ဗန္ဓုလသည် မင်္ဂလာရေကန်သို့ သွား၏။ မင်္ဂလာရေကန်စောင့်များကို နှင်ထုတ်ပြီး မလ္လိကာကို ရေချိုးစေ၏။ ရေကိုလည်းသောက်စေ၏။ ဗန္ဓုလ ကိုယ်တိုင်လည်း ရေချိုး၏။ ထို့နောက် ဗန္ဓုလသည် မလ္လိကာကို ရထားပေါ်သို့ တင်ပြီး လာလမ်းအတိုင်း ပြန်လေ၏။ ရေကန်စောင့်များက အကျိုးအကြောင်းကို လိစ္ဆဝီမင်းသားတို့အား လျှောက်တင်လေသောအခါ လိစ္ဆဝီမင်းသား ငါးရာတို့သည် ဒေါသအမျက်ခြောင်းခြောင်းထွက်၍ ဗန္ဓုလနှင့် မလ္လိကာတို့ကို လိုက်ရဖမ်းဆီးရန် ရထားငါးရာတို့ကို စီစဉ်ကြ၏။ ထိုသို့ ဖမ်းဆီးမည်ဖြစ်ကြောင်း မဟာလိအား တင်ပြရာ မဟာလိက ဗန္ဓုလ၏ စွမ်းရည်ကိုသိသဖြင့် တားမြစ်ပါ၏။ သို့ရာတွင် လိစ္ဆဝီမင်းသား ငါးရာတို့သည် မင်းသားတို့၏မာန်ဖြင့် သူတစ်ပါးက လာရောက် စော်ကားသည်ကို ခေါင်းငုံ့ခံခြင်းထက် ပြန်လည်တိုက်ခိုက်ရင်း သေသည်က မြတ်သည်ဟူသော စိတ်ယူချက်ဖြင့် မဟာလိ၏တားမြစ်မှုကို မနာခံဘဲ ဗန္ဓုလ နောက်သို့ လိုက်ကြ၏။ အမှန်အားဖြင့် မဟာလိသည် လိစ္ဆဝီမင်းသား ငါးရာတို့၏ ဆရာဖြစ်၏။ ဆရာဖြစ်သည့်အလျောက် မဟာလိသည် အခြေအနေအရပ်ရပ် ကို လိစ္ဆဝီမင်းသား ငါးရာတို့ထက် ပို၍ သိပါ၏။ ထို့ကြောင့် တားမြစ်ခြင်း ဖြစ်၏။ ဒေါသဖြင့် ဆောင်ရွက်ခြင်းဟူသမျှတို့သည် ယာဝရအောင်နိုင်ရိုး မရှိ။ အကယ်၍ အောင်နိုင်လျှင်လည်း ယာယီအောင်နိုင်ခြင်းမျှသာ ဖြစ်လေ၏။ အဒေါသဖြင့် ဆောင်ရွက်ခြင်းသည်သာ ယာဝရ အောင်နိုင်ခြင်းကို ရယူနိုင်၏။ အဘယ်ကြောင့်ဆိုသော် ဉာဏ်ဟူသည် ဒေါသနှင့်မယှဉ်ဘဲ အဒေါသနှင့်သာ ယှဉ်နိုင်သောကြောင့် ဖြစ်၏။ ဉာဏ်ယှဉ်ပါမှလည်း လုပ်ငန်းဟူသည် ပြီးစီးရိုး ရှိပါ၏။ ထို့အပြင် ဉာဏ်သည်သာလျှင် အချိန်အခါနှင့်အခြေအနေကို တွက်ဆ နိုင်လေသည်။

မဟာလိသည် လိစ္ဆဝီမင်းသား ငါးရာတို့အား တားမြစ်၍ မရသောအခါ ဤသို့မှာကြားလိုက်၏။

"ဗန္ဓုလ၏ ရထားဘီးသည် ပုံဆောင်းတိုင်အောင်နစ်မြုပ်သည်ကို မြင်ရလျှင် ရှေ့သို့ ဆက်မလိုက်ကြနှင့် ပြန်ခဲ့ကြ။

http://www.cherrythitsar.org



"အကယ်၍ ဆက်လိုက်ခဲ့ပါက မိုးကြိုးသံကဲ့သို့သော အသံကို ကြားရလျှင် ရှေ့သို့ ဆက်မလိုက်ကြနှင့် ပြန်ခဲ့ကြ။

"အကယ်၍ ဆက်လိုက်ပါက သင်တို့၏ ရထားဦး၌ အပေါက်ကိုမြင်လျှင် ဆက်မလိုက်ကြနှင့်၊ ပြန်ခဲ့ကြ"

လိစ္ဆဝီမင်းသား ငါးရာတို့သည် ဗန္ဓုလနောက်သို့ လိုက်ကြသောအခါ ရထားငါးရာတို့ တစ်ဖြောင့်တည်းဖြစ်ချိန်တွင် မဟာလိ မှာလိုက်သည့်အတိုင်း ဗန္ဓုလ၏ ရထားပုံတောင်းတိုင်အောင် မြုပ်သည်ကိုလည်း မြင်ကြ၏။

ဗန္ဓုလ၏ ရထား ပုံတောင်းတိုင်အောင်မြုပ်ခြင်းသည် လေးတင်သောကြောင့် ဖြစ်၏။ လိစ္ဆဝီမင်းသားတို့ကား နောက်မဆုတ်၊ ဆက်၍ လိုက်မြဲလိုက်ကြ၏။ ထို့နောက် မိုးကြိုးသံကဲ့သို့သော အသံကိုလည်း ကြားကြ၏။ ထိုအသံသည် လေးညို့ကိုခတ်သောကြောင့် ဖြစ်၏။ လိစ္ဆဝီမင်းသားတို့ကား နောက်မဆုတ်။ ထို့နောက် ရထားဦး၌ အပေါက်ကို မြင်ကြ၏။ ရထားဦး၌အပေါက်သည် ဗန္ဓုလက ရထားငါးရာကို မြားဖြင့် ပစ်လိုက်သောကြောင့်ဖြစ်၏။ ဗန္ဓုလသည် မြားတစ်စင်းတည်းဖြင့် ရထားငါးရာလုံးကို လူနှင့်တကွ ထုတ်ချင်းခပ်အောင် ပစ်လိုက်လေ၏။ ထိုအခါ လိစ္ဆဝီမင်းသားငါးရာလုံး မြားမှန်၍ သေဆုံးကြ၏။ လိစ္ဆဝီ မင်းသားများအနေဖြင့် အခြေအနေကို မသုံးသပ်ဘဲဒေါသဖြင့် ဆောင်ရွက်ခြင်း၏ အပြစ်ပင်ဖြစ်၏။ ဗန္ဓုလသည် "အနိုင်ကျင့်ဝါဒ" ကိုသုံး၏။ သူသည် လိစ္ဆဝီမင်းသားတို့အပေါ် အနိုင်ကျင့်ခဲ့၏။ ထိုအကုသိုလ်ကံ၏ အကျိုးဆက်အနေဖြင့် ဗန္ဓုလသည် ပသေနဒီကောသလမင်းကြီး၏ အနိုင်ကျင့်ခြင်းကို ခံရပေလိမ့်မည်။ ကံဟူသည် တူသောအကျိုးကို ပေး၏။

မလ္လိကာသည် သားရတနာများကို အမြွှာပူး ဖွားမြင်ပါ၏။ ဖွားမြင်သည်မှာ ၁၆ ကြိမ်တိုင်ဖြစ်၏။ ထို့ကြောင့် ဗန္ဓုလသည် သား ၃၂ ယောက်တို့၏ ဖခင်ဖြစ်လာ၏။ ယခုတော့ ဗန္ဓုလသည် သူ၏ဘဝကို များစွာ ကျေနပ်၏။ ဗန္ဓုလသည် ပသေနဒီကောသလအပေါ် စစ်သူကြီးအနေဖြင့် သစ္စာရှိစွာ ခစားပါ၏။ သူ၏သား ၃၂ ယောက်တို့အိမ်ထောင်ကျသည့်တိုင်အောင် ဗန္ဓုလ၏ ဘဝသည် အေးချမ်းပါ၏။ သူ၏သားများကိုလည်း စစ်ဘက်၌ပင် တာဝန်ကို ထမ်းဆောင်စေ၏။ ထိုစဉ်က ပသေနဒီကောသလ၏ နိုင်ငံ၌ ဗန္ဓုလ၏ အရှိန်အဝါသည် များစွာကြီးမားပါ၏။

တစ်ခုသောနေ့တွင် တရားသူကြီးများသည် တံစိုးလက်ဆောင်ယူ၍ အမှုကို မမှန်မကန် ဆုံးဖြတ်ကြ၏။ နစ်နာသူများက ဗန္ဓုလ စစ်သူကြီးထံ လာ၍ တိုင်တန်းကြ၏။ ထိုအခါ ဗန္ဓုလသည် တရားခွင်သို့သွား၍ အမှန်အတိုင်းဆုံးဖြတ်

http://www.cherrythitsar.org



ပေးလိုက်၏။ ပြည်သူပြည်သားများသည် ဗန္ဓုလကို များစွာကောင်းချီးပေးကြ၏။ မင်းကြီးသည် ထိုအကြောင်းကိုသိ၏။ ယခုတော့ ဗန္ဓုလသည် သေနာပတိလည်း ဖြစ်၏။ တရားသူကြီးလည်းဖြစ်၏။ ဗန္ဓုလ၏အရှိန်အဝါသည် ကြီးသည်ထက် ကြီးလာ၏။ လောကဓံတရားများ၏ နိယာမအရ ဗန္ဓုလသည် အမြင့်ပိုင်းသို့ ရောက်ချေပြီ။ အမြင့်ပိုင်းသို့ရောက်ပြီးနောက် အနိမ့်ပိုင်းသို့ ရောက်ရန်သာ ရှိပါ၏။ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်အရ ဘဝ၏ ဖြစ်စဉ်များသည် မျဉ်းဖြောင့်လို သွားသည်မဟုတ်၊ စက်ဝန်းလိုသွားလေ၏။ ထို့ကြောင့် အမြင့်ဆုံး ရောက်လိုက်၊ အနိမ့်ဆုံးရောက် လိုက် ဖြစ်ပါ၏၊

ဗန္ဓုလအပေါ် မလိုလားသော အုပ်စုလည်း ရှိ၏။ ထိုအုပ်စုက ဗန္ဓုလသည် နန်းစည်းစိမ်ကို လုရန်ကြံနေသည်ဟူ၍ မင်းကြီးအား ကုန်းချော၏။ မင်းကြီးသည် အဆင်ခြင်ဉာဏ် ရှိလှသူမဟုတ်။ ထို့အပြင် ဗန္ဓုလအပေါ် ကျေးဇူးသားသူဘဝက သူပေးထားသော ကတိကဝတ်ကိုလည်း သေးစားသူ မဟုတ်။ ထို့ကြောင့် မင်းကြီးသည် ကုန်းချောစကားကို ယုံကြည်၍ ဗန္ဓုလနှင့် သူ၏သားများကို သတ်ရန်ကြံတော့၏။ ပစ္စန္တရစ်ကို တစ်ဖက်က ဆူပူအောင် လုပ်ပြီး ဗန္ဓုလနှင့်သားများကို နှိမ်နင်းခိုင်း၏။ တစ်ဖက်က ဗန္ဓုလနှင့်သားများကို သတ်ခိုင်း၏။ ကောသလမင်းကြီး၏ပရိယာယ်အရ ဗန္ဓုလနှင့်သား ၃၂ ယောက် လုံး သေဆုံးကြလေ၏။ ဗန္ဓုလသည်ထိပ်ဆုံးကလူ ဖြစ်ခဲ့သော်လည်း ယခုတော့ လောကဓံအရ အောက်ဆုံးကလူ ဖြစ်သွားလေ၏။

မလ္လိကာသည် ဗန္ဓုလထက် ပို၍ရင့်ကျက်၏။ ဗန္ဓုလထက်ပို၍ လောကဓံကို နားလည်၏။ ထိုနေ့က အဂ္ဂသာဝက နှစ်ပါးနှင့်တကွ ရဟန်းတော် ငါးရာတို့အား မလ္လိကာအိမ်သို့ပင့်၍ ဆွမ်းကပ်သောနေ့ဖြစ်၏။ ထိုနေ့တွင်မှ ဗန္ဓုလနှင့် တကွ သား ၃၂ ယောက်တို့ လုပ်ကြံခံရကြောင်း သတင်းစကားသည် မလ္လိကာ ထံသို့ ရောက်လာ၏ ထိုရာတွင် မလ္လိကာသည် ဣန္ဒြေမပျက် ဆွမ်းကျွေးမြဲ ကျွေးပါ၏။ မင်္ဂလာအလုပ်နှင့် အမင်္ဂလာသတင်းတို့သည် တိုက်ဆိုင်လှချေ၏။ ထိုရာတွင် သူ့ကဏ္ဍနှင့်သူ ဖြစ်ပါ၏။ ထေရ်ကျမ်းများအရဆိုလျှင် ဆွမ်းကျွေး များသောကြောင့် ခင်ပွန်းနှင့်သားများ အသတ်ခံရခြင်းဖြစ်သည်ဟူ၍ ယုံကြည် ဖွယ်ပင် ဖြစ်ပါ၏။ ကုသိုလ်ကောင်းမှုအလုပ်တတ်လျှင် ခိုက်တတ်သည်ဟူသော အယူသည် ထေရ်ကျမ်းစာများ၏ အယူအဆသာဖြစ်၏။

မလ္လိကာသည် ခင်ပွန်းနှင့် သားများအပြစ်မဲ့ဘဲ အသတ်ခံရပါသော် လည်း မင်းကြီးအပေါ် အာဃာတမထား ခွင့်လွှတ်၏။ မလ္လိကာကား ဘဝကို ဆင်ခြင်နိုင်သူ ဖြစ်၏။ မလ္လိကာသည် မင်းကြီး၏ခွင့်ပြုချက်အရ ချွေးမများကို

http://www.cherrythitsar.org



လည်း သူတို့၏ မိဘများအိမ်သို့ ပို့လိုက်၏။ သူကိုယ်တိုင်လည်း မိဘရပ်ထံ ကုသိနာရုံသို့ ပြန်လေ၏။ မြတ်စွာဘုရားသည် ကုသိနာရုံ၌ ပရိနိဗ္ဗာန်ပြုတော်မူသောအခါ မလ္လိကာသည် ကုသိနာရုံ၌ရှိ၏။ ခင်ပွန်းသည် ဗန္ဓုလ ကွယ်လွန်ချိန်မှ စ၍ အသုံးမပြုဘဲထားခဲ့သော "မဟာလတာ" တန်ဆာကို မြတ်စွာဘုရား၏ ဥတုဇရုပ်ကလာပ်တော်အား လှူဒါန်းပြီး သူမကိုယ်တိုင် သာသာဟဋ္ဌိကဖြောက် ဆင်မြန်းလိုက်၏။ မဟာလတာတန်ဆာနှင့် ရုပ်ကလာပ်တော်သည် အံဝင်ခွင်ကျပင် ဖြစ်လေ၏။ မလ္လိကာကား ကုသိနာရုံ၌ပင် အသက်ထက်ဆုံး နေသွားလေ၏။

ပသေနဒီကောသလမင်းကြီးသည် ပြာသာဒ်၏အထက်မှ လမ်းမကို အမှတ်တမဲ့ကြည့်မိ၏။ လမ်းမ၌ ရဟန်းတော်ပေါင်းများစွာတို့သည် ဆွမ်းခံကြွ နေသည်ကို မြင်လေ၏။ အမှန်အားဖြင့် ထိုအချိန်ကား မြတ်စွာဘုရားရှင်၏ သာသနာတော် အထွန်းတောက်ဆုံးအချိန်ဖြစ်၏။ သာဝတ္ထိမြို့တော်သည် သင်္ကန်းရောင်တို့ဖြင့် ထွန်းပလျက်ရှိ၏။ သို့ရာတွင် မင်းကြီး၏ နန်းတော်သို့ကား ရဟန်းတော်များမကြွကြ။ မင်းကြီးသည် ယုံကြည်ကိုးကွယ်မှုနှင့်ပတ်သက်၍ အလေးအနက်ထားသူမဟုတ်။ တိတ္ထိများနှင့်တွေ့လျှင်လည်း အလိုက်အထိုက် ပင် ဆက်ဆံလိုက်၏။ ပရိဗိုဇ်များနှင့်တွေ့လျှင်လည်း အလိုက်အထိုက်ပင်ဆက်ဆံ လိုက်၏။ မြတ်စွာဘုရားနှင့်တွေ့လျှင်လည်း အလိုက်အထိုက်ပင် ဆက်ဆံလိုက် ၏။ ထိုအချိန်အထိ မင်းကြီးသည် ဗုဒ္ဓဘာသာဝင်တစ်ဦးအဖြစ်ဖြင့် ရတနာသုံး ပါးကိုသာ ကိုးကွယ်ရာဟူ၍ သတ်သတ်မှတ်မှတ် မပြုသေးချေ။ ထို့ကြောင့်ပင် မင်းကြီးသည် ရဟန်းတော်များကို သူ၏နန်းတော်သို့ပင့်၍ အမြဲတမ်း ဆွမ်းဝတ်ကို မပြုခြင်းဖြစ်၏။

သို့ရာတွင် ဤမျှလောက်များပြားသော ရဟန်းတော်များသည် ဤအချိန်၌ မည်သည့်ဒေသသို့ ဆွမ်းခံကြွကြလေသနည်း။ မင်းကြီးသည် သိချင်၏။ ထိုအချိန်မှစ၍ မင်းကြီးသည် ရတနာသုံးပါး၌ စိတ်ဝင်စားလာ၏။ ထို့ကြောင့် မင်းကြီးသည် သူ၏အမတ်များအား မေးလေ၏။ ထိုအခါအမတ်များက အနာထပိဏ်သူဌေး၏အိမ်၌ နေ့စဉ် ရဟန်းတော်နှစ်ထောင်၊ ဝိသာခါ ဒါယိကာမ ကြီးအိမ်၌ နေ့စဉ် ရဟန်းတော်ငါးရာ၊ သုပ္ပဝါသာ ဒါယိကာမကြီးအိမ်၌ နေ့စဉ် ရဟန်းတော်ငါးရာတို့ ဆွမ်းစားကြွကြပါကြောင်းဖြင့် မင်းကြီးအား လျှောက်တင်ကြ၏။ ထိုအခါ မင်းကြီးသည်လည်း ရဟန်းတော်များအား ဆွမ်းကျွေးချင်စိတ် ပေါက်လာ၏။ ထိုအခါ မင်းကြီးသည် မြတ်စွာဘုရားနှင့်တကွ

http://www.cherrythitsar.org



ရဟန်းတော်ပေါင်းတစ်ထောင် သူ၏နန်းတော်သို့ ဆွမ်းစားကြွပါရန် ကျောင်းတော်သို့သွား၍ မြတ်စွာဘုရားအား လျှောက်ထား၏။

မြတ်စွာဘုရား အမှူးပြုသော ရဟန်းတော်ပေါင်း တစ်ထောင်တို့သည် ပသေနဒီကောသလမင်းကြီး၏ နန်းတော်သို့ ဆွမ်းစားကြွကြ၏။ မင်းကြီးသည် ခုနစ်ရက်တိုင်တိုင် မိမိလက်ဖြင့် သာဟတ္ထိကမြောက်အောင် လှူဒါန်းလေ၏။ ခုနစ်ရက်မြောက်သောနေ့၌ မြတ်စွာဘုရားနှင့်တကွ ရဟန်းတော်ငါးရာတို့ နေ့စဉ် နန်းတော်သို့ ဆွမ်းစားကြွတော်မူပါရန် မင်းကြီးသည်မြတ်စွာဘုရားအား လျှောက်ကြား၏။ ထိုအခါ မြတ်စွာဘုရားက ဘုရားရှင်တို့မည်သည် အားလုံးကို ဝံ့ရသဖြင့် တစ်ဦး တစ်ယောက်တည်း၏အိမ်၌ ဆွမ်းစားကြွရိုးမရှိကြောင်း မိန့်ကြားသော အခါ ထိုသို့ဖြစ်လျှင် မြတ်စွာဘုရားရှင်၏ကိုယ်စား တစ်ပါးကဦးဆောင်ပြီး ရဟန်းတော်ငါးရာတို့ နေ့စဉ် မိမိ၏နန်းတော်သို့ ဆွမ်းစားကြွပါရန် မင်းကြီးက လျှောက်ထား၏။ မြတ်စွာဘုရားက ရှင်အာနန္ဒာအား ထိုတာဝန်ကို ပေးတော်မူ၏။

ရှင်အာနန္ဒာသည် ရဟန်းငါးရာနှင့်အတူ ပသေနဒီကောသလ မင်းကြီး၏ နန်းတော်သို့ ဆွမ်းစားကြွတော်မူ၏။ မင်းကြီးသည် ရှင်အာနန္ဒာနှင့်တကွ ရဟန်းငါးရာတို့အား မိမိကိုယ်တိုင် ခုနစ်ရက်တိုင်တိုင် သာဟတ္ထိကမြောက် လှူဒါန်းလေ၏။ အခြားမည်သူ့အားမျှ တာဝန်မလွှဲ။ ဆွမ်းများကိုမူနေ့စဉ် ချက်ရန် ညွှန်ကြားထား၏။

ရှစ်ရက်မြောက်သောနေ့တွင် ရှင်အာနန္ဒာနှင့် ရဟန်းငါးရာတို့သည် မင်းကြီး၏ နန်းတော်သို့ ဆွမ်းစားကြွလာကြ၏။ ထိုနေ့တွင် မင်းကြီးသည် အခြားသော ကိစ္စများကြောင့် ဆွမ်းလုပ်ကျွေးရန် မေ့လျော့နေ၏။ အခြားမှူးမတ်များကို တာဝန်ပေးထားခြင်း မရှိသောကြောင့် မှူးမတ်များ ကလည်း ရှင်အာနန္ဒာနှင့် ရဟန်းငါးရာတို့အား ဆွမ်းလုပ်ကျွေးခြင်းမပြုကြ။ ဆွမ်းချိန်လွန်သောအခါ ရှင်အာနန္ဒာနှင့် ရဟန်းငါးရာတို့သည် မင်းကြီး၏ နန်းတော်မှ ပြန်ကြွသွားကြ၏။ ဒုတိယနေ့၌လည်း မင်းကြီးသည် မေ့လျော့ပြန်၏။ ရှင်အာနန္ဒာနှင့် ရဟန်းငါးရာတို့သည် ဆွမ်းချိန်လွန်သောအခါ မင်းကြီး၏ နန်းတော်မှ ပြန်သွားကြပြန်၏။ တတိယနေ့၌ကား အခြားရဟန်းတို့သည် မင်းကြီး၏ နန်းတော်သို့ မကြွကြတော့ဘဲ ရှင်အာနန္ဒာတစ်ပါးတည်းသာ ကြွတော်မူလာ၏။ ရှင်အာနန္ဒာကား ပါရမီရှင်ပီသ၏။ ကမ္ဘာတစ်သိန်းတို့ ကာလပတ်လုံး ပါရမီတော်များကို ဖြည့်ကျင့်ထားသူ ဖြစ်၏။ ထို့ကြောင့် ပါရမီရှင်အနေဖြင့် ရှင်အာနန္ဒာသည် မိမိ၏အကျိုးစီးပွား ထက် သူတစ်ပါး၏အကျိုးစီးပွားကိုငဲ့၏။ ထို့ကြောင့် ရှင်အာနန္ဒာသည် အခြား ရဟန်းများ မကြွကြသော်လည်း မိမိတစ်ပါးတည်းပင် မင်းကြီး၏ နန်းတော်သို့

http://www.cherrythitsar.org



ကြွလာခြင်းဖြစ်၏။ မှူးမတ်များကလည်း ရှင်အာနန္ဒာကို ဆွမ်းလုပ်ကျွေးလိုက်၏။

မင်းကြီးသည် ဆွမ်းချိန်လွန်သောအခါ သတိရလဖြင့် ဆွမ်းကျွေးရာဌာနသို့ ရောက်လာ၏။ ရဟန်းတော်များ မကြွကြလဖြင့် ဆွမ်းများကို နဂိုမူလအတိုင်း မင်းကြီးတွေ့သောအခါ မင်းကြီးသည် များစွာအမျက်ထွက်၏။ ရဟန်းတို့သည် သက်သက်မဲ့ မိမိ၏ ဘဏ္ဍာတော်များကို ကုန်အောင်ပြုလုပ်သည်ဟူ၍ မကျေမနပ်ဖြစ်၏။ ထို့ကြောင့် မင်းကြီးသည် မြတ်စွာဘုရားထံသို့ သွား၍ တိုင်တန်း၏။ ထိုအခါ မြတ်စွာဘုရားက ရဟန်းတော်များသည် မင်းကြီးနှင့် အကျွမ်းမဝင်ကြသောကြောင့် မင်းကြီး၏ နန်းတော်သို့ ဆွမ်းခံမကြွခြင်းဖြစ်မည်ဟူ၍ မင်းကြီးအား မိန့်တော်မူ၏။ ရဟန်းတော်များနှင့် အကျွမ်းမဝင်ခြင်းအကြောင်း ၉ ပါးတို့ကို မြတ်စွာဘုရားက ပသေနဒီကောသလမင်းကြီးအား အောက်ပါအတိုင်း ဟောကြားတော်မူ၏။

၁။ မြတ်နိုးစွာ ခရီးဦးမကြိုခြင်း၊

၂။ မြတ်နိုးစွာ ရှိမခိုးခြင်း၊

၃။ မြတ်နိုးစွာ နေရာထိုင်ခင်းမပေးခြင်း၊

၄။ လှူဖွယ်ဝတ္ထုကိုရှိလျက် ဝှက်ထားခြင်း၊

၅။ လှူဖွယ်ဝတ္ထုများစွာရှိပါလျက် အနည်းငယ်သာ လှူဒါန်းခြင်း၊

၆။ ကောင်းမွန်သော လှူဖွယ်ဝတ္ထုရှိပါလျက် မကောင်းသော လှူဖွယ်ဝတ္ထုကို လှူခြင်း၊

၇။ ရိုသေစွာမလှူဘဲ ရိုမသေပေးလှူခြင်း၊

၈။ တရားနာရန် ရဟန်းထံသို့ မချဉ်းကပ်ခြင်း၊

၉။ နာသော်လည်း ရိုသေစွာ မနာယူခြင်း၊

ပသေနဒီကောသလမင်းကြီးသည် မြတ်စွာဘုရားဟောကြားတော်မူလိုက်သော တရားတော်ကို နာကြားရသောအခါ ရဟန်းတော်များနှင့် များစွာအကျွမ်းဝင်ချင်လာ၏။ ထို့ကြောင့် မင်းကြီးသည် ရဟန်းတော်များနှင့် ကျွမ်းဝင်နိုင်မည့် နည်းလမ်းကိုရှာ၏။ မင်းကြီးရှာလည့်အတိုင်း နည်းလမ်းကိုတွေ့၏။ မင်းကြီးတွေ့သော နည်းလမ်းကား မြတ်စွာဘုရားနှင့် ဆွေမျိုးတော်စပ်ရေးပင်ဖြစ်၏။ မြတ်စွာဘုရားနှင့် ဆွေမျိုးတော်စပ်ဖို့ဆိုသည်မှာ မြတ်စွာဘုရား၏ ဆွေတော်မျိုးတော်ဖြစ်သော သာကီဝင် မင်းသမီးတစ်ယောက်ကို မိမိ၏နန်းတော်၌ မိဖုရားကြီးတင်မြှောက်မှ ဖြစ်မည်ဟူ၍ မင်းကြီးက သဘောပေါက်လေ၏။ ဤသို့တင်မြှောက်လိုက်သော် ရဟန်းငယ်များနှင့် သာမဏေများပါ "ဤမင်းကြီး

http://www.cherrythitsar.org



ကား ငါတို့၏ ဖခင်ဖြစ်သော မြတ်စွာဘုရား၏ ဆွေမျိုးဖြစ်သည်ဟု ခံယူပြီး မိမိ၏နန်းတော်သို့ ရဲရဲဝံ့ဝံ့ ကြွကြပေလိမ့်မည်။" ဟူ၍တွေးလေ၏။

"ကံကုန်လျှင် ဉာဏ်ယိုသည်" ဟူသောဆိုရိုးစကားရှိ၏။ မင်းကြီးကား ကံကုန်ခါနီးပေပြီ။ ထို့ကြောင့် ဉာဏ်ယိုခြင်းဖြစ်၏။ သာကီဝင်မင်းသမီးကို မိဖုရားကြီးမြှောက်မိခြင်းကြောင့် ရာဇဂြိုဟ်မြို့ပြင်ရှိ ဇရပ်ပေါ်၌ သာမန်ဆင်းရဲသားတစ်ယောက်၏ သေခြင်းမျိုးဖြင့် သေရပေတော့မည်။ အမှန်အားဖြင့် မင်းကြီးသည် ရဟန်းတော်များနှင့် အကျွမ်းဝင်လိုပါလျှင် သာကီဝင်မင်းသမီးကို မိဖုရားမြှောက်ပြီး မြတ်စွာဘုရားနှင့် ဆွေမျိုးတော်စပ်အောင် လုပ်ရန်မလိုပဲ မြတ်စွာဘုရား ဟောကြားတော်မူသည့်အတိုင်း ရဟန်းတော်များနှင့် အကျွမ်းဝင်ခြင်း ၄ ပါးအတိုင်း လိုက်နာဆောင်ရွက်ရန်သာ လိုသည်ဟူ၍ စဉ်းစားသင့်၏။ မင်းကြီးသည် ဉာဏ်ယိုခဲ့ချေပြီ။ ထို့ကြောင့် အမှန်အတိုင်း မစဉ်းစားနိုင်တော့ဘဲ တလွဲတချော် စဉ်းစားမိခြင်းဖြစ်၏။

မင်းကြီးသည် သူ၏အတွေးအတိုင်း ကပိလဝတ်ပြည် သာကီဝင်မင်းများထံ သူ၏တမန်များကို စေလွှတ်ပြီး သာကီဝင်မင်းသမီးတစ်ယောက်ကို ဆက်သရန် အကြောင်းကြားလိုက်၏။ ထိုစဉ်က သာဝတ္ထိပြည်သည် ကပိလဝတ်ပြည်ထက် များစွာအင်အားကြီးမား၏။ ထို့ကြောင့် သာကီဝင်မင်းတို့သည် ကောသလမင်းကြီး တောင်းဆိုသည့်အတိုင်း သာကီဝင်မင်းသမီးကို မပေးပါက ကောသလမင်းကြီးအနေဖြင့် ကပိလဝတ်ပြည်ကို ရန်ပြုမည်စိုးရိမ်ပြီး ဝါသဘခတ္တိယာအမည်ရှိ ကျွန်မသမီးကို ပေးလိုက်၏၊ သာကီဝင်မင်းတို့သည် မိမိတို့၏ အမျိုးဇာတ်ကို အခြားအမျိုးဇာတ်များနှင့် ထိမ်းမြားရိုးအစဉ်အလာ မရှိ။ သူတို့သည် ဇာတိမာန်ကြီးသူများ ဖြစ်ကြ၏။ ထို့ကြောင့် သူတို့သည် ကောသလမင်းကြီးအား သာကီဝင်မင်းသမီး စစ်စစ်ကိုမပေးဘဲ ကျွန်မသမီး ဝါသဘခတ္တိယာကို သာကီဝင်မင်းသမီးအဖြစ် ပြောကြားပြီး ပေးလိုက်ခြင်းဖြစ်၏။ ဤမုသာဝါဒကံကြောင့် သာကီဝင်မင်းတို့အပေါ် ကြီးစွာသောအန္တရာယ် ကျရောက်မည်ကို သူတို့မသိ။ အမှန်အားဖြင့် ကုသိုလ်အရာတွင် အမှန်အတိုင်းပြောခြင်း သစ္စာဝါဒသည်အင်အားကြီးသလို အကုသိုလ်အရာတွင် ထိမ်ညာခြင်း မုသာဝါဒသည် အင်အားကြီး၏။

ဝါသဘခတ္တိယကား သာကီဝင် မင်းသမီးစစ်စစ်မဟုတ်။ မိခင်မှာ ကျွန်မဖြစ်၏။ ဖခင်မှာမူ သာကီဝင်မင်းသားဖြစ်၏။ မိခင်အမည်မှာ နာဂမုဏ္ဍာဖြစ်၍၊ ဖခင်အမည်မှာ မဟာနာမဖြစ်၏။ မဟာနာမသည် မြတ်စွာဘုရားနှင့် ညီအစ်ကိုဝမ်းကွဲတော်စပ်၏။ သာကီဝင်တို့သည် ရိုးရာယဉ်ကျေးမှုအရ မိမိတို့နှင့် အမျိုးအနွယ်တူချင်းသာ ထိမ်းမြားကြ၏၊

ကောသလမင်းကြီးသည် ဝါသဘခတ္တိယာကို များစွာမြတ်နိုး၏။ ဝါသဘခတ္တိယသည် အဆင်းလှ၏။ ကောသလမင်းကြီးသည် မိဖုရား ဝါသဘခတ္တိယာကို မိဖုရားကြီးအရာ၌ထား၏။ ဝါသဘခတ္တိယာသည် မောင်းမငါးရာတို့၏ အကြီးအမှူးဖြစ်၏။ မိဖုရား ဝါသဘခတ္တိယာသည် မကြာမြင့်မီပင်လျှင် သားတော် ဝိဋူဋဘကို ဖွားမြင်၏။ ဝိဋူဋဘသည် ရွှေအဆင်းနှင့်တူသော အဆင်းရှိ၏။ မင်းကြီးသည် သားတော် ဝိဋူဋဘကို များစွာမြတ်နိုး၏။ မိဖုရား ဝါသဘခတ္တိယာသည် သာဝတ္ထိနန်းတော်၌ ကောင်းစားနေသော်လည်း ပျော်မွေ့လှသည်တော့မဟုတ်။ မိမိကို ကျွန်မသမီးအဖြစ် မင်းကြီးသိသွားမှာကို အမြဲစိုးရိမ်နေ၏။ သာကီဝင်မင်းသမီး စစ်စစ်မဟုတ်ပါဘဲလျက် သာကီဝင်မင်းသမီးစစ်စစ်အဖြစ် ဟန်ဆောင်နေရသော ဝါသဘခတ္တိယာသည် မိမိ၏ ဘဝဝဋ်ကြွေးကို ကျေအောင်ဆပ် ရပေလိမ့်မည်။ ဒေသနာတော်အရ ဝဋ်ကြွေးမည်သည် မပေးဆပ်ဘဲ ကျေရိုးမရှိချေ။ တန်ခိုးအရာ ဧတဒဂ်ရသော ရှင်မောဂ္ဂလာန်သည်ပင် နောက်ဆုံးဘဝ၌ ခိုးသားငါးပြ ငါးရာတို့၏ အထုအရိုက်ကို ခံရခြင်းဖြင့် ဘဝဝဋ်ကြွေးကို ကျေအောင် ပေးဆပ်ရ၏။ ဘဝဝဋ်ကြွေး လွတ်အောင် ရှောင်၍မရ။

ဝိဋူဋဘမင်းသားသည် အရွယ်ရောက်သောအခါ မယ်တော်ဘက်မှအဘိုးအဘွားတို့ရှိရာ ကပိလဝတ်ပြည်သို့ လွန်စွာသွားလို၏။ မယ်တော်အား ထိုအကြောင်းကို ပြောကြားရာ မယ်တော်ဝါသဘခတ္တိယာက အခြေအနေမှန်ကို သိသဖြင့် မသွားရန် အတန်တန်တားမြစ်၏။ သားတော် ဝိဋူဋဘကလည်း အဖန်ဖန်တောင်းပန်၏။ တားမြစ်၍မရသည့်အဆုံး၌ သားတော် ဝိဋူဋဘအား မယ်တော်ဝါသဘခတ္တိယာကခွင့်ပြုလိုက်ရလေ၏။ ဤသို့ခွင့်ပြုခြင်းကား သားတော်အပေါ် ချစ်သောစိတ်ဖြင့် ဘဝနှင့်ရင်း၍ ခွင့်ပြုလိုက်ရသော ခွင့်ပြုခြင်းဖြစ်၏။ သားတော် ဝိဋူဋဘသည် ကပိလဝတ်ပြည်သို့ သွားခြင်းအားဖြင့် ဖြစ်ပေါ်နိုင်သော အကျိုးဆက်များကို ဝါသဘခတ္တိယာ မိဖုရားသည် တွက်ဆနိုင်၏။ ထို့ကြောင့် ဝိဋူဋဘမင်းသား မသွားမီ ဝါသဘခတ္တိယာက သာကီဝင်မင်းသားများအား သားတော်ဝိဋူဋဘ ရောက်လာသောအခါ သာကီဝင်တို့၏ ဇာတိမာန်ကို မပြပါရန် ကြိုတင်၍ တောင်းပန်လျှောက်ထား၏။

ဝိဋူဋဘမင်းသားသည် ခမည်းတော် ကောသလမင်းကြီး၏ ခွင့်ပြုချက်အရ များစွာသောအခြွေအရံတို့ဖြင့် သာဝတ္ထိပြည်မှ ကပိလဝတ်ပြည်သို့ ထွက်လေ၏။ သာကီဝင်တို့သည် ဝိဋူဋဘအား မင်းကွန်း၌ ဧည့်ခံရန် စီစဉ်ထား၏။ ထို့အပြင် ဝိဋူဋဘအောက် ငယ်ကုန်သော သာကီဝင်မင်းသား၊ မင်းသမီးများကို

http://www.cherrythitsar.org



ဓနုပုဒ်သို့ စေလွှတ်ထား၏။ ဝိဋူဍဘထက် ကြီးကုန်သော မင်းသား၊ မင်းသမီးတို့သည်သာ ကပိလဝတ်၌ ကျန်ရစ်ကြ၏။ သူတို့သည် ဝိဋူဍဘကို မင်းကွန်း၌ ဧည့်ခံကြ၏။ ထိုအခါ ဝိဋူဍဘသည် အသက်အားဖြင့်အငယ်ဆုံးဖြစ်သောကြောင့် မြင်မြင်သမျှသော သာကီဝင်မင်းသား၊ မင်းသမီးများအားလုံးကို ရှိခိုးဦးချရလေ၏။ ဝိဋူဍဘကို ရှိခိုးဦးချမည့် သာကီဝင်မင်းသား၊ မင်းသမီးဟူ၍ တစ်ယောက်မျှ မရှိချေ။ ဤသည်မှာလည်း သာကီဝင် မင်းသားများအနေဖြင့် မလုပ်သင့်သည်ကို လုပ်ခြင်းဖြစ်၏။ သူတို့သည် ကိုယ်ကျင့်သိက္ခာထက် ဇာတိမာနကို တန်ဖိုးထားကြ၏။ သို့ရာတွင် သာကီဝင်မင်းသားတို့သည် ဝိဋူဍဘအား ဧည့်ဝတ်အနေနှင့်မူ ကြီးစွာသော ပူဇော်သက္ကာကို ပြုကြပါ၏။ ဝိဋူဍဘမင်းသားသည် နှစ်ရက် သုံးရက်မျှသာ ကပိလဝတ်ပြည်၌ နေပြီးနောက် သာဝတ္ထိပြည်သို့ ပြန်လာလေ၏။

ဝိဋူဍဘ ပြန်သွားသောအခါ သူ့ကို မင်းကွန်း၌ဧည့်ခံစဉ်က ဝိဋူဍဘ ထိုင်သောနေရာကို "ကျွန်မသား၏နေရာ" ဟူ၍ ဆိုပြီး စင်ကြယ်အောင် နို့ရည်ဖြင့် ဆေးကြောကြကုန်၏။ ဝိဋူဍဘ၏ မင်းချင်းတစ်ယောက်သည် သူ၏ လက်နက်မင်းကွန်း၌ ကျန်နေသဖြင့် ပြန်လာပြီး ယူရာမှ ဝိဋူဍဘမင်းသားသည် ကျွန်မသားဖြစ်ကြောင်းပေါ်လာ၏။ ထိုအကြောင်းကို မင်းကြီးသိသွားသောအခါ မင်းကြီးသည် စိတ်လည်းဆိုး၏။ ရှက်လည်းရှက်၏။ ဝါသဘခတ္တိယာကိုလည်း မိဖုရားအရာမှချပြီး ကျွန်မ၏အရာ၌ထား၏။ ဝိဋူဍဘကိုလည်း မင်းသားတို့၏ အဆောင်အယောင်မှ နုတ်သိမ်းပြီးလျှင် ကျွန်ယောကျ်ား၏ အရာ၌ ထားလေ၏။ ထိုအခါ ဝါသဘခတ္တိယာအနေဖြင့် မိမိခံစားချက်ကို ထိန်းသိမ်းနိုင်သော်လည်း ဝိဋူဍဘအနေဖြင့်မူ မိမိ၏ခံစားချက်ကို မထိန်းသိမ်းနိုင်ဘဲ "ငါမင်းဖြစ်သောအခါ သာကီဝင်မင်းတို့၏ လည်ချောင်းသွေးဖြင့် ငါထိုင်သည့်နေရာကို ဆေးကြောမည်" ဟူ၍ စိတ်ထဲ၌"တေး"ထားပြီး အာဃာတ ထားလိုက်၏။

တစ်ခုသောနေ့တွင် မြတ်စွာဘုရားသည် မင်းကြီး၏ နန်းတော်သို့ ကြွတော်မူလေရာ မင်းကြီးက မြတ်စွာဘုရားအား ဝါသဘခတ္တိယာနှင့် ဝိဋူဍဘတို့ အကြောင်းကို လျှောက်ထားကြရာမှ မြတ်စွာဘုရားက အဖအမျိုးနှင့် အမိအမျိုးတို့တွင် အဖအမျိုးသာ ပဓာနဖြစ်ကြောင်း ဟောကြားတော်မူသဖြင့် ဝါသဘခတ္တိယာနှင့် ဝိဋူဍဘတို့အား မူလအဆင့်၌ ပြန်လည်ချထား၏။ ဝါသဘခတ္တိယာနှင့် သားတော် ဝိဋူဍဘတို့သည် မိမိတို့၏ မူလရာထူးကို ပြန်၍ရကြသော်လည်း သူတို့၏ ခံစားချက်ကား သူတို့၏ သန္တာန်၌ အမာရွတ်အဖြစ် ကျန်ရစ်လေ၏။

ဝိဋ္ဋူဘသည် မင်းအဖြစ်ကို မျှော်မှန်းထားသည့်အတိုင်း မင်းအဖြစ်ကို ရ၏။ သူ၏မင်းအဖြစ်ကို ရခြင်းကား ဗန္ဓုလ၏တူ ဒီဃကာရာယနစစ်သူကြီးက မင်းမြှောက်၍ မင်းအဖြစ်ကို ရခြင်းဖြစ်၏။ သူ၏ကြံရည်ဖန်ရည်ကြောင့် မင်းအဖြစ်ကို ရခြင်းမဟုတ်။ ကံ၏အရာကား ဆန်းကြယ်၏။ အစိန္တေယျ ဖြစ်၏။ ကြံစည်သော်လည်း ကြံစည်သည့်အတိုင်း ဖြစ်ချင်မှဖြစ်၏။ မကြံစည်ဘဲ နှင့်လည်း ကံကြွမှု၏ ဖန်တီးမှုကြောင့် အကျိုးတရားသည်ဖြစ်၏။

ဒီဃကာရာယနသည် စစ်သူကြီး ဗန္ဓုလ၏တူမဖြစ်၏။ ပသေနဒီ ကောသလမင်းကြီးသည် သူတစ်ပါးတို့၏ ကုန်းချောစကားကိုယုံပြီး အပြစ်မဲ့သော ဗန္ဓုလစစ်သူကြီးကိုသတ်မိ၏။ ဗန္ဓုလ စစ်သူကြီးကိုသာမက သူ၏ သား ၃၂ ယောက်တို့ကိုပါ အဆစ်ထည့်၍သတ်လိုက်၏၊ သတ်ပြီးမှ မင်းကြီးသည်မှားမှန်း သိ၏။ ထိုကြောင့်မင်းကြီးသည် စစ်သူကြီးကတော် မလ္လိကာကိုလည်း တောင်းပန် ၏။ တူဖြစ်သူ ဒီဃကာရာယနကိုလည်း စစ်သူကြီးရာထူးကို ပေး၏။ သို့ရာတွင် ဒီဃ ကာရာယနသည် သူ၏ဦးရီးတော် ဗန္ဓုလကို သတ်သည့်အတွက် မင်းကြီး အပေါ် မကျေ။ လက်စားချေရန် အမြဲတမ်း အကြံထုတ်နေသူ ဖြစ်၏။ မလ္လိကာ ကမူ တရားပြည့်ဝသူ ဖြစ်သဖြင့် မင်းကြီးအပေါ် အာဃာတမထား။ မင်းကြီးကို ခွင့်လွှတ်၏။

ထိုအချိန်က မြတ်စွာဘုရားသည် သာကီဝင်မင်းတို့၏ ပိုင်နက်ဖြစ်သော မေဒါဠုပ သို့မဟုတ် ဓနပရုမ နိဂုံး၌ သီတင်းသုံးနေတော်မူ၏။

မင်းကြီးသည် မြတ်စွာဘုရားကို ဖူးမြော်ရန် အခြွေအရံများဖြင့် သွား၏။ ကျောင်းတော်အနီး၌ သစ်ခက်တဲနန်းကို ဆောက်ပြီး စခန်းချနေ၏။ မြတ်စွာ ဘုရားကိုဖူးမြင်ရန် အနည်းငယ်သောအခြွေအရံများဖြင့် ကျောင်းတော်သို့ သွား၏။ မင်းမြောက်တန်ဆာ ငါးပါးကို စစ်သူကြီး ဒီကာရာယနအားပေးခဲ့၏။ ကျောင်း တော်သို့ရောက်သောအခါ မိမိ၏ အခြွေအရံများကို အပြင်၌ထားခဲ့ပြီး မိမိ တစ်ယောက်တည်း ဂန္ဓကုဋီကျောင်းတော်သို့ ဝင်သွားလေ၏။

ယခုအချိန်သည် စစ်သူကြီး ဒီဃကာရာယနအတွက် လက်စားချေရန် အကောင်းဆုံးအချိန် ဖြစ်၏။ ဒီဃကာရာယနသည် ဦးရီးတော် ဗန္ဓုလအတွက် မင်းကြီးအပေါ် လက်စားချေရန် ဆုံးဖြတ်လိုက်၏။ ထို့ကြောင့် ဒီဃကာရာယန သည် ထိုနေရာ၌ပင် မင်းမြောက်တန်ဆာ ငါးပါးဖြင့် ဝိဋ္ဋူဘမင်းသားကို မင်းမြှောက်၏။ မင်းကြီးအတွက် မြင်းတစ်စီး၊ သန်လျက်တစ်ချောင်း၊ မောင်းမ တစ်ယောက်ထားခဲ့၏။ ဝိဋ္ဋူဘကို ထီးဖြူဆောင်းမိုးပြီး သူတို့အားလုံး သာဝတ္ထိ ပြည်သို့ ပြန်ကြ၏။ ဒီဃကာရာယနသည် ကိုယ်တိုင်ဘုရင်မလုပ်။ စစ်သူကြီး

http://www.cherrythitsar.org



အဖြစ်သော အမှုတော်ကိုထမ်း၏၊ ဝိဋူဍဘသည် သူ့ထက်ဘုရင်ဖြစ်ထိုက်သူ ဖြစ်ကြောင်း ဒီဃကာရာယနက သိ၏။ ထို့ကြောင့် ဒီဃကာရာယနသည် သူကိုယ်တိုင်ဘုရင်မလုပ်ဘဲ ဝိဋူဍဘကို မင်းမြှောက်ခြင်းဖြစ်၏။

မင်းကြီးသည် မြတ်စွာဘုရားကို ဖူးမြင်ပြီးနောက် ဂန္ဓကုဋီ ကျောင်းတော်မှ ထွက်လာသောအခါ စစ်သည်တော်များကို တစ်ယောက်မှ မတွေ့မြင်တော့။ ကျန်ရစ်သူ မောင်းမက မင်းကြီးအား အခြေအနေ အရပ်ရပ်ကို တင်ပြလျှောက်ထား သဖြင့် မင်းကြီးသည် အားလုံးကိုသိလိုက်လေပြီ။ သူတစ်ယောက်တည်း သာဝတ္ထိ ပြည်သို့ ပြန်ရန်မဖြစ်တော့။ သားတော်ဝိဋူဍဘနှင့် စစ်ခင်းရမည့်အခြေအနေသို့ ရောက်လေပြီ။ ထို့ကြောင့် ကောသလမင်းကြီးသည် တူတော်အဇာတသတ်၏ အကူအညီဖြင့် သားတော်ဝိဋူဍဘကို စစ်ပြုနိုင်ရန် ရာဇဂြိုဟ်ပြည်ရှင် ဘုရင် အဇာတသတ်ထံသို့ မြင်းတစ်စီး၊ သံလျက်တစ်ချောင်း၊ မောင်းမတစ်ယောက်နှင့် သွားလေ၏။ မင်းကြီး ရာဇဂြိုဟ်ရောက်သောအခါ အချိန်မှဲ့ဖြစ်လေပြီ။ ထို့ကြောင့် ရာဇဂြိုဟ်၏ မြို့တံခါးများကို ပိတ်ထားလေရာ မင်းကြီးသည် မြို့အပြင်ဇရပ်၌ အိပ်ရ၏။ ထိုအချိန်က မင်းကြီးသည် သက်တော် ရှစ်ဆယ်အရွယ်သို့ ရောက်နေပြီ ဖြစ်သဖြင့် အင်အားချည့်နဲ့နေပြီဖြစ်၏။ အစားအသောက်မမှန်ဘဲ ခရီးပန်းဒဏ် ကြောင့် မင်းကြီးသည် ထိုဇရပ်၌ပင် မိုးမလင်းမီ ကံတော်ကုန်လေ၏။ ကာသိတိုင်း နှင့် ကောသလတိုင်းတို့၏ ဘုရင် ပသေနဒီကောသလမင်းသည် သူတစ်ပါး၏ မြို့ပြင်ပဝယ် ကိုးကွယ်ရာမဲ့သူတို့၏ နေရာဇရပ်အို၌ နတ်ရွာစံ၍ ကံတော်ကုန်ရ သည်မှာ သံဝေဂဖြစ်ဖွယ် ကောင်းလှ၏။ ဘယ်သူမပြု မိမိ၏ အမှုသာဖြစ်ချေ၏။ ကောင်းသော ကိုယ်ကျင့်သိက္ခာဖြင့် ထိန်းကျောင်းထားသော မိမိ၏အမှုသည်သာ တကယ်တမ်း ကောင်းသောအကျိုးကို ဖြစ်စေနိုင်၏။ ကောင်းသော ကိုယ်ကျင့် သိက္ခာဖြင့် ထိန်းကျောင်းခြင်းဟူသည်မှာ မိမိတို့၏ဘဝကို သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးရပ်တို့ဖြင့် တည်ဆောက်ထားခြင်း ဖြစ်၏။

မိုးလင်းသောအခါမှ အဇာတသတ်သည် ဦးရီးတော် ကောသလမင်းကြီး ၏အဖြစ်ကို သိ၏။ အချိန်ကား လွန်ခဲ့ပြီ။ ဦးရီးတော် နတ်ရွာစံပြီဖြစ်သဖြင့် ဝိဋူဍဘကို ဖမ်းသော်လည်း အကျိုးမရှိသောကြောင့် အဇာတသတ်မင်းသည် ဝိဋူဍဘကို မဖမ်းဘဲ မင်းအဖြစ်သာ အသိအမှတ် ပြုလိုက်၏။ ဦးရီးတော် ကောသလမင်းကြီးကိုလည်း ကောင်းစွာသဂြိုဟ်၏။ ကောသလမင်းကြီးသည် ရှင်ကံကောင်းသော်လည်း သေကံမကောင်းဟူ၍ ဆိုရန်ရှိသော်လည်း အမှန် အားဖြင့် ရှင်ကံမကောင်း၍သာ သေကံမကောင်းရခြင်း ဖြစ်၏။ ဓမ္မတာအားဖြင့် အကြောင်းနှင့်အကျိုးသည် တူရ၏။

http://www.cherrythitsar.org



ယခု ဝိဋူဋဘသည် ကာသိတိုင်းနှင့် ကောသလတိုင်း နှစ်တိုင်းတို့၏ ဘုရင်ဧကရာဇ် ဖြစ်လေပြီ။ သူသည် သာကီဝင်မင်းတို့အပေါ် လက်စားချေပေ တော့မည်။ ဝိဋူဋဘကား ဆရာကောင်း၏ တပည့်မဟုတ်။ ဆရာကောင်း မရှိလျှင် တပည့်ကောင်းဖြစ်ဖို့ ခဲယဉ်း၏။ လောက၌ ဆရာကောင်း "ကလျာဏ မိတ္တ"သည် လောကီလောကုတ္တရာ အရာရာကို ပြီးစေနိုင်သည်ဟူ၍ မြတ်စွာ ဘုရားက ဟောကြားတော်မူထား၏။ ဝိဋူဋဘ၌ ဆရာကောင်း "ကလျာဏမိတ္တ" မရှိလေသောအခါ သူသည် မလုပ်သင့်သည်များကို လုပ်တော့မည်ဖြစ်၏။ ဖခမည်းတော်၏ ထီးနန်းကို လုယူမည်ဖြစ်၏။ သာကီဝင်များကို သတ်မည် ဖြစ်၏။ ဝိဋူဋဘသည် မင်းသားအဖြစ် လူ့ဘဝကို ရလာခြင်း၌ ဖခမည်းတော် ကောသလ မင်းကြီးသည်လည်းကောင်း၊ သာကီဝင်တို့သည်လည်းကောင်း သူ့ အပေါ် များစွာကျေးဇူးများ၏။ ထိုကျေးဇူးများကို ဝိဋူဋဘသည် ထောက်သင့် ပါ၏။ လောက၌ လူဖြစ်လာရခြင်း၏တာဝန်သည် မိမိအပေါ် ကျေးဇူးများသော ပတ်ဝန်းကျင်လောကကို ကျေးဇူးရှင်အဖြစ် သိခြင်းနှင့်တတ်နိုင်သမျှ ကျေးဇူး ဆပ်ခြင်းပင် ဖြစ်၏။ ယင်းကိုပင် ပါရမီဟူ၍ခေါ်ရ၏။ ဝိဋူဋဘကား ပါရမီရှိသူ မဟုတ်။ ထို့ကြောင့် သူသည် မလုပ်ကောင်းသော အလုပ်များကို လုပ်လေ၏။ မိမိအပေါ် တင်ရှိသော ပတ်ဝန်းကျင်လောက၏ ကျေးဇူးကို မသိသောအခါ လူဟူသည် မိမိလုပ်သမျှကို အကောင်းဟူ၍ ထင်တတ်၏။ လောကသည်ဟူ၍ လည်း ထင်တတ်၏။ လောကသည် မိမိ၏ ကျေးဇူးရှင်မဟုတ်ဘဲ မိမိကသာ လောက၏ ကျေးဇူးရှင်အဖြစ် မိမိကိုယ်တိုင် မိမိကထင်လေ၏။

ဝိဋူဋဘသည် ယခုမင်းဧကရာဇ်ဖြစ်လေပြီ။ ငယ်စဉ်က သူ "တေး" ထားသည့်အတိုင်း သာကီဝင်များကိုသတ်ရန် သာဝတ္ထိမှ ကပိလဝတ်သို့ စစ်ချီ လေ၏။ ကပိလဝတ်ကား အားနည်း၏။ သာဝတ္ထိကား အားကြီး၏။ ဝိဋူဋဘ သည် အနိုင်ကျင့်ဝါဒ၌ သက်ဝင်ယုံကြည်သူ ဖြစ်သည့်အတိုင်း ကြီးစွာသော စစ်အင်အားဖြင့် ကပိလဝတ်သို့ စစ်ချီခြင်း ဖြစ်၏။ ပထမအကြိမ် စစ်ချီသောအခါ မြတ်စွာဘုရားသည် ကပိလဝတ်ပြည်အနီး အရိပ်ကျိုးတိုးကျဲတဲရှိသော သစ်ပင် ရင်း၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ ဝိဋူဋဘသည် စစ်သည်အလုံးအရင်းနှင့် ချီတက်လာရာ မြတ်စွာဘုရားကို မြင်သဖြင့် "သာဝတ္ထိပြည် ပိုင်နက်၌ အရိပ်ကောင်း သော သစ်ပင်များရှိပါလျက် ထိုသစ်ပင်ရင်း၌သီတင်းမသုံးဘဲ ကပိလဝတ်ပြည် ပိုင်နက်ထဲက အရိပ်ကျိုးတိုးကျဲတဲဖြစ်နေသော သစ်ပင်ရင်း၌ ဘာကြောင့်သီတင်း သုံးနေတော်မူပါသနည်း" ဟူ၍ မြတ်စွာဘုရားကို မေးလျှောက်လေရာ၊ မြတ်စွာ ဘုရားက "အရိပ်အားလုံးတို့တွင် ဆွေမျိုးတို့၏ အရိပ်သည် အေးချမ်းလှပေ

http://www.cherrythitsar.org



သည်” ဟု၍ မိန့်တော်မူ၏။ ဆွေတော်မျိုးတော်တို့ကို ချီးမြှောက်ရန် မြတ်စွာဘုရားသည် ကြွလာခြင်း ဖြစ်တန်ရာ၏ဟု၍ တွေးပြီး ဝိဋူဋဘသည် တပ်ခေါက်၍ ပြန်ခဲ့၏။ ဒုတိယအကြိမ် စစ်ချီရာ၌လည်း မြတ်စွာဘုရားနှင့်တွေ့၍ ဝိဋူဋဘသည် တပ်ခေါက်၍ပြန်ခဲ့၏။ တတိယအကြိမ် စစ်ချီရာ၌လည်း ဝိဋူဋဘသည် မြတ်စွာဘုရားနှင့် တွေ့၍တပ်ခေါက်ပြီး ပြန်ခဲ့ရပြန်၏။ စတုတ္ထအကြိမ် စစ်ချီရာ၌မူ မြတ်စွာဘုရားကိုမတွေ့သဖြင့် ကပိလဝတ်ပြည်သို့အရောက် ချီတက်ပြီး ဘိုးတော်မဟာနာမမင်းမှတစ်ပါး ကျန်သာကီဝင် အားလုံးကို သတ်ဖြတ်လိုက်လေ၏။ မြတ်စွာဘုရားသည် သုံးကြိမ်တိုင်အောင်ပင် မိမိဆွေတော်မျိုးတော်တို့၏ အသက်ကို ကယ်သောအားဖြင့် ကျေးဇူးဆပ်ပါ၏။ စတုတ္ထအကြိမ်၌ကား အကုသိုလ်ကံ၏ အကျိုးပေးခွင့်ကို တားမြစ်ရန် မတတ်ကောင်းသောကြောင့် မြတ်စွာဘုရားသည် ကြွတော်မမူတော့။ အမှန်အားဖြင့် မြတ်စွာဘုရားသည် သူတစ်ပါး၏ ကျေးဇူးကိုသိပြီး ကျေးဇူးကို ဆပ်တော်မူရာ၌လည်း အတုမဲ့ပင် ဖြစ်ပါပေ၏။

ဝိဋူဋဘသည် သာကီဝင်မင်းတို့၏ လည်ချောင်းသွေးဖြင့် မင်းကွန်း၌ သူထိုင်ခဲ့သော နေရာကို ဆေးကြောလိုက်ရသဖြင့် များစွာကျေနပ်၏။ ဝိဋူဋဘသည် အာဃာတပြင်းသူဖြစ်၏။ အာဃာတပြင်းသူတို့၏ လက်ထဲ၌ အာဏာရခြင်းသည် လောကအတွက် ကျိန်စာသင့်ခြင်းပင် ဖြစ်လေ၏။ အမှန်အားဖြင့် လောက၌ အဓမ္မသည်လည်း ဓမ္မအပေါ် အားကြီးသော အကြောင်းဥပနိဿယအနေဖြင့် ယာယီအောင်ပွဲခံ တတ်ပါ၏။

ဝိဋူဋဘသည် မြတ်စွာဘုရားနှင့်လည်း ဆွေမျိုးတော်၏။ သာကီဝင်မင်းတို့နှင့်လည်း ဆွေမျိုးတော်၏။ မိမိ၏ဆွေမျိုးများကို ရက်စက်စွာ သတ်ဖြတ်ပြီးနောက် ဝိဋူဋဘသည် သာဝတ္ထိပြည်သို့ ပြန်လာခဲ့၏။ အစိရဝတီမြစ်သို့ ရောက်သောအခါ မိုးချုပ်ပြီဖြစ်သဖြင့် မြစ်ပြင်သဲသောင်၌ သစ်ခက်တဲနန်း ဆောက်၍ စံနေလေ၏။ အတိတ် အကုသိုလ်ကံကြီးသူတို့သည် မြစ်ပြင်သဲသောင်ထက်၌အိပ်ကြ၏။ အတိတ်အကုသိုလ်ကံ နည်းသူတို့သည် ကုန်းပေါ်၌ အိပ်ကြကုန်၏၊ အိပ်ပျော်ချိန်တွင် မိုးကြီးသည်းထန်စွာ ရွာသွန်း၍ အစိရဝတီမြစ်ရေသည် အပေါင်းအပါများနှင့်တကွ ဝိဋူဋဘကို သမုဒ္ဒရာသို့ သယ်ဆောင်သွားလေ၏။ ဝိဋူဋဘနှင့်တကွ အပေါင်းပါတို့၏ သေခြင်းသည်လည်း အသေဆိုးပင် ဖြစ်၏။

မိမိကိုယ်ကိုမိမိ ဟုတ်လှပြီဟုဆိုပြီး အခွင့်သာစဉ်က ရမ်းကားမှုကြောင့် ခမည်းတော် ပသေနဒီကောသလမင်းကြီးသည်လည်း အသေဆိုးဖြင့် သေရ၏။ သားတော် ဝိဋူဋဘသည်လည်း အသေဆိုးဖြင့် သေရ၏။ ထိုသို့ သေရခြင်းသည်

http://www.cherrythitsar.org



မည်သူ့ကြောင့်မျှမဟုတ်၊ မိမိကိုယ်တိုင် ပြုခဲ့သော အတ္တနှင့်မာန၏ အကျိုးပေးကြောင့်သာ ဖြစ်၏။ စင်စစ် ပုဂ္ဂိုလ်ဇော်များအနေဖြင့် အတ္တနှင့်မာန မကောင်းနိုင်လေရာ အတ္တဖြစ်လျှင် အတ္တဖြစ်မှန်းသိအောင် အားထုတ်ရ၏။ မာနဖြစ်လျှင် မာန ဖြစ်မှန်းသိရအောင် အားထုတ်ရ၏။ ယင်းသို့ သိခြင်းသည်ပင်လျှင် ယထာဘူတ ဉာဏ် ဖြစ်၏။ ယထာဘူတဉာဏ်ဟူသည် ကုသိုလ်ဖြစ်၏။ ကုသိုလ်ဖြစ်လျှင် ကောင်းကျိုးကို ပေးပါ၏။

# ပတိပူဇိကာ

ဤဝတ္ထုသည် မြတ်စွာဘုရား ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ်က ဝတ္ထုဖြစ်၏။ ဤဝတ္ထု ဖြစ်ပေါ်လာခြင်းမှာလည်း သာဝတ္ထိပြည်သူ ပတိပူဇိကာ ဒါယိကာမကို အကြောင်းပြု၍ ဖြစ်ပေါ်လာခြင်း ဖြစ်၏။ မြတ်စွာ ဘုရား ဟောကြားတော်မူသော ဤဝတ္ထုကို နာကြားရသောအခါ သစ္စာလေးပါး တိုင်အောင် သိကြသဖြင့် များစွာကုန်သော တရားနာပရိသတ်တို့သည် အရိယာ များဖြစ်ကြကုန်၏။ ပါရမီရှိသူများအတွက် "စနက်တံ" သဖွယ်ဖြစ်သော နောက်ဆုံးအကြောင်း "သမ္ပါယိကာရဏ"နှင့်သာ တိုက်ဆိုင်လျှင် အရိယာဖြစ်ဖို့ ဆိုသည်မှာ ခဲယဉ်းလှသည် မဟုတ်။

ဤလောက၌ မြတ်စွာဘုရား ပွင့်တော်မူလာခြင်းမှာ ရှိပြီးသား "အဟောင်း"များကို တော်လှန်ကာ ဖျက်ဆီးပစ်ရန်မဟုတ်။ ရှိပြီးသား "အဟောင်း" များအပေါ်၌ "အသစ်"ကို အထွတ်တင်ရန်သာ ဖြစ်၏။ ဤ နေရာ၌ "အသစ်" ဟူသည်မှာ သစ္စာလေးပါးဖြစ်၏။ သင်္ခါရဟူသည် နေရာတိုင်း ၌ ရှိ၏။ သင်္ခါရရှိလျှင် သစ္စာလေးပါးသည်လည်း ရှိသည်သာ ဖြစ်၏၊ အမှန် အားဖြင့် သင်္ခါရဟူသည် သတ္တလောက၏ တရားကိုယ်ဖြစ်၏။ ဩကာသ လောက၏ တရားကိုယ်လည်းဖြစ်၏။ ပရမတ္ထအရဆိုလျှင် သတ္တလောက ဟူသည်လည်း တကယ်ရှိသည်မဟုတ်။ ဩကာသ လောကဟူသည်လည်း တကယ်ရှိသည်မဟုတ်။ သင်္ခါရလောကသာလျှင် တကယ်ရှိ၏။ ထို့ကြောင့် သတ္တလောကနှင့် ဩကာသလောကတို့သည် သင်္ခါရလောက၏ "အသွင်" များ သာ ဖြစ်ကြ၏။ မြတ်စွာဘုရား ပွင့်တော်မမူမီ ကာလကဆိုလျှင် ထိုထိုပုဂ္ဂိုလ်တို့ သည် သတ္တလောကနှင့် ဩကာသလောကကို တကယ်အရှိအနေဖြင့် သိကြ၏။ သင်္ခါရလောကကို တကယ်အရှိအနေဖြင့် သူတို့မသိကြ။ သူတို့သည် အနိစ္စကို

http://www.cherrythitsar.org



လည်း သိကြပါ၏။ သို့ရာတွင် သူတို့သိသော အနိစ္စသည် သမ္မုတိ အနိစ္စသာ ဖြစ်၏။ သင်္ခါရအနိစ္စမဟုတ်။ သူတို့သည် ဒုက္ခကိုလည်းသိကြပါ၏။ သို့ရာတွင် သူတို့သိသော ဒုက္ခသည် သင်္ခါရဒုက္ခမဟုတ်။ သမ္မုတိဒုက္ခ သာဖြစ်၏။ သူတို့သည် အနတ္တကိုလည်း သိကြပါ၏။ သို့ရာတွင် သူတို့သိသော အနတ္တသည် သင်္ခါရအနတ္တမဟုတ်။ သမ္မုတိအနတ္တသာ ဖြစ်၏။ မြတ်စွာဘုရား ပွင့်တော်မမူမီကဆိုလျှင်သူတို့သည် သင်္ခါရလောကကို မသိကြဘဲ သတ္တလောကနှင့် ဩကာသလောကကိုသာ သိကြသဖြင့် သူတို့သည် သံသရာသုခကို ရရှိရေး အတွက်သာ စိတ်ဝင်စားကြ၏။ ထို့ကြောင့် သူတို့သည် သံသရာသုခရရှိရေး အတွက် ဒါနမှု၊ သီလမှု၊ ဘာဝနာမှုတို့ကို ပြုလုပ်ကြခြင်းဖြစ်၏။ မြတ်စွာဘုရား ပွင့်တော်မူသောအခါကျမှသာ ရှေးခေတ်အစဉ်အလာ ဒါနမှု၊ သီလမှု၊ ဘာဝနာမှု တို့အပေါ်၌ သစ္စာလေးပါးကို အထွတ်တင်၍ သံသရာလွတ်မြောက်မှု သန္တိသုခ ကို ရရှိရန်အတွက် သင်္ခါရအနိစ္စ၊ သင်္ခါရဒုက္ခနှင့် သင်္ခါရအနတ္တတို့ကို တရား ကျင့်သူများကိုယ်တိုင်မြင်အောင် ဟောကြားတော်မူခြင်းဖြစ်၏။

မြတ်စွာဘုရားပွင့်တော်မမူမီကဆိုလျှင် လောက၌ အကောင်းဆုံးဝါဒ အနေဖြင့် "ကမ္မဝါဒ" သာရှိခဲ့ပါ၏။ မြတ်စွာဘုရားပွင့်တော်မူသော အခါမှသာ နဂိုမူလရှိပြီးသား "ကမ္မဝါဒ" အပေါ်၌ သစ္စာလေးပါးကို အထွတ်တင်နိုင်ရန် "ဉာဏဝါဒ" က ဟောကြားတော်မူခြင်း ဖြစ်၏။ ကမ္မဝါဒအရ ကျင့်လျှင် လူချမ်းသာကိုရ၏။ နတ်ချမ်းသာကိုရ၏။ ဗြဟ္မာချမ်းသာကိုရ၏။ "ဉာဏဝါဒ" အရကျင့်လျှင် နိဗ္ဗာန်ချမ်းသာကို ရ၏။ ဉာဏဝါဒအမြင်အရဆိုလျှင် လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာဟူသည် ချမ်းသာမဟုတ်။ ဆင်းရဲသာဖြစ်၏။ နိဗ္ဗာန်ချမ်းသာမှသာ ချမ်းသာဖြစ်၏။ ထို့ကြောင့် မြတ်စွာဘုရား ပွင့်တော်မူသော အခါ၌ကား ဒါနသည်လည်း မူလနဂိုရှိပြီးသား ဒါနနှင့်မတူ။ သီလသည်လည်း နဂိုရှိပြီးသား သီလနှင့်မတူ။ ဘာဝနာသည်လည်း နဂိုရှိပြီးသား ဘာဝနာနှင့် မတူ။ သစ္စာလေးပါးကို အထွတ်တင်ထားသော ဒါန၊ သီလ၊ ဘာဝနာတို့ပင် ဖြစ်ကြလေ၏။

သစ္စာလေးပါးကို အထွတ်တင်ခြင်းဟူသည်မှာ မိမိတို့ပြုလုပ်ထားသော ဒါန၊ သီလ၊ ဘာဝနာတို့ကို အနိစ္စသဘော၊ ဒုက္ခသဘော၊ အနတ္တသဘောတို့ကို မြင်လာအောင် ဟောကြားတော်မူ ခြင်းဖြစ်၏။ အမှန်အားဖြင့် သင်္ခါရတရားတို့၏ အနိစ္စသဘော၊ ဒုက္ခသဘော၊ အနတ္တသဘောကိုမြင်ပါမှ ဉာဏဝါဒအရ သစ္စဉာဏ်ကို ရမည်ဖြစ်၏။ သစ္စဉာဏ်ကို ရပါမှလည်း နိဗ္ဗာန်ချမ်းသာကို ရမည် ဖြစ်၏။ ဤနေရာ၌ ဉာဏဝါဒဟူသည်မှာ ဝိပဿနာပင်ဖြစ်၏။ ဝိပဿနာ

http://www.cherrythitsar.org



ဟူသည်မှာ မြတ်စွာဘုရား ပွင့်တော်မူသောအခါမှသာ သိရသောဉာဏ် ဖြစ်၏။ ထို့ကြောင့် မြတ်စွာဘုရားသည် ပရိသတ်အား တရားဟောကြားတော်မူတိုင်း သစ္စာလေးပါးကို ထိုးထွင်း၍သိနိုင်စေရန် ဝိပဿနာကို ပါဝင်အောင် ဟောကြားတော်မူလည်ချည်းသာ ဖြစ်၏။ သစ္စာလေးပါးမှလွတ်သော တရားမည်သည် မရှိဟူ၍ဆိုပါလျှင် ဝိပဿနာမှ လွတ်သောတရား မည်သည်လည်း မရှိကောင်းချေ၊ သို့ရာတွင် တရားနာပရိသတ်တိုင်း ဝိပဿနာဆိုက်အောင် သိချင်မှသိ၏။ ဝိပဿနာဆိုက်အောင် သိသူများကား တစ်ခုသောနေ့တွင် နိဗ္ဗာန်ကို မျက်မှောက်ပြုမည်ဖြစ်၏။ ဝိပဿနာဆိုက်အောင် မသိသူများကား မိမိတို့၏ ကံအားလျော်စွာ လူ့ဘဝ လူ့ချမ်းသာများကို ရချင်လည်း ရနိုင်၏။ နတ်ဘဝနတ်ချမ်းသာများကို ရချင်လည်းရနိုင်၏။ ဗြဟ္မာဘဝ ဗြဟ္မာချမ်းသာများကို ရချင်လည်း ရနိုင်၏။ အချည်းနှီးတော့ မဖြစ်၊ တစ်ခုခုသော ချမ်းသာကို ရမည်ကား ဧကန်ဖြစ်ပါ၏။

မြတ်စွာဘုရားသည် တရားဒေသနာတော်ကို ဟောကြားတော်မူသောအခါ တရားနာပရိသတ်၏ စရိုက်အလိုက် ဟောကြားတော်မူ၏။ လယ်သမားကို ဟောကြားတော်မူသောအခါ လယ်ယာလုပ်ငန်းမှ သင်္ခါရတို့၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တကိုမြင်ပြီး သစ္စာလေးပါးကို ပေါ်ပေါက်လာအောင် ဟောတော်မူ၏။ ပန်းထိမ်သမားအား ဟောကြားတော်မူသောအခါ ပန်းထိမ်လုပ်ငန်းမှ သင်္ခါရတို့၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တကိုမြင်ပြီး သစ္စာလေးပါးကိုပေါ်ပေါက်လာအောင် ဟောကြားတော်မူ၏။ အခြားပုဂ္ဂိုလ်များအား တရားဟောကြားတော်မူသောအခါ အခြားပုဂ္ဂိုလ်များ၏ စရိုက်အရ ထိုထိုပုဂ္ဂိုလ်တို့၏ လုပ်ငန်းများမှ သစ္စာလေးပါးကို ပေါ်ပေါက်လာအောင် ဟောကြားတော်မူ၏။ ဤသည်မှာ သဗ္ဗညုတဉာဏ်တော်၏ အစွမ်းပင်ဖြစ်၏။ ဤဝတ္ထုမှာ ပန်းခူးခြင်းနှင့်ပတ်သက်သော ဝတ္ထုဖြစ်၏။ ထို့ကြောင့် ပန်းခူးခြင်းလုပ်ငန်းမှ သစ္စာလေးပါးကိုပေါ်ပေါက်လာအောင် တရားဒေသနာတော်ကို တရားနာပရိသတ်အား မြတ်စွာဘုရားက ဟောကြားတော်မူခြင်းဖြစ်၏။ မြတ်စွာဘုရား ဟောကြားတော်မူ သည့်အတိုင်းပင် သစ္စာလေးပါးသည် ပေါ်ထွက်ခဲ့ပါ၏။ ဝတ္ထုမှာ ဤသို့ဖြစ်ပါ၏။

တာဝတိံသာနတ်ပြည်၌ မာလာဘာရီ အမည်ရှိသော နတ်သား တစ်ယောက်သည် ရှိ၏။ မာလာဘာရီနတ်သားတွင် နတ်သမီးတစ်ထောင် အခြွေအရံရှိ၏။ တစ်ခုသောနေ့တွင် မာလာဘာရီ နတ်သားနှင့် နတ်သမီးတစ်ထောင်တို့သည် ပန်းဥယျာဉ်သို့သွားကြ၏။ ပန်းဥယျာဉ်သို့ ရောက်သောအခါ နတ်သမီးငါးရာက ပန်းပင်ပေါ်သို့တက်၍ ပန်းများကို ခူးကြ၏။ အောက်သို့ ပစ်ချကြ၏။ ကျန်နတ်သမီးငါးရာတို့က ပစ်ချလိုက်သော ပန်းများကို သီကုံးကြ၏။ ပန်းကုံး

http://www.cherrythitsar.org



များဖြစ်သောအခါ သူတို့သည် မာလာဘာရီနတ်သားကို ဆင်မြန်းကြ၏။ အမှန်အားဖြင့် နတ်သမီးတစ်ထောင်တို့ စိတ်ထဲ၌ မာလာဘာရီနတ်သား ကျေနပ်ရန်သာ ဆန္ဒရှိကြ၏။ အခြားသူတို့အတွက် ကိုယ်ပိုင်ဆန္ဒဟူ၍ ဘာမျှမရှိ။ မာလာဘာရီ နတ်သားပျော်လျှင် သူတို့လည်းပျော်ကြ၏။ မာလာဘာရီ နတ်သား မပျော်လျှင် သူတို့လည်း မပျော်ကြ။ ထို့ကြောင့် နတ်သမီး တစ်ထောင်ဟူသည် အသွင်အားဖြင့် ရုပ်ပိုင်းသဘောအရ တစ်ထောင် ဖြစ်၏။ စိတ်ပိုင်းသဘောအရ ဆိုလျှင် တစ်ခုတည်း ဖြစ်လေ၏။ မာလာဘာရီနတ်သား၏ စိတ်နှင့် နတ်သမီး တစ်ထောင်တို့၏ စိတ်သည် တစ်ခုတည်းဖြစ်၏။ ထို့ကြောင့်အားလုံးသည် တစ်ယောက်တည်းသဖွယ် ဖြစ်ကြ၏၊ အသွင်သာကွဲသော်လည်း သဘောကား တစ်ခုတည်း ဖြစ်လေ၏။ ကံတို့၏အကျိုးပေးမှုသည် ဆန်းကျယ်၏။ ထို့ကြောင့် “ကမ္မဝိသယော အစိန္တေယျော – ကံ၏အရာသည် အစိန္တေယျဖြစ်သည်” ဟူ၍ ဆိုခြင်းဖြစ်ပါ၏။ နတ်ပြည်၌ အမျိုးသမီးအရေအတွက်က များခြင်းသည်လည်း သူတို့၏ကံနှင့် သူတို့ပင်ဖြစ်၏။

ဥယျာဉ်ထဲ၌ ပန်းပင်ပေါ်တက်သော နတ်သမီးငါးရာထဲက နတ်သမီး တစ်ယောက်သည် စုတေသွားပြီး သူမ၏ကံအရ သာဝတ္ထိပြည် အမျိုးကောင်း၏ အိမ်၌ ပဋိသန္ဓေသွား၍တည်နေ၏။ သူမ၏ဆန္ဒအရ အမျိုးသမီးပင်ဖြစ်၏။ သူမသည် အမျိုးသားဖြစ်လိုသော ဆန္ဒမရှိ။ ထို့ကြောင့်သူမသည် အမျိုးသမီး ဖြစ်ရခြင်းဖြစ်၏။ သူမသည် အတိတ်ဘဝကို ပြန်လည်မှတ်မိသော ဉာဏ်ကို ရ၏။ ထိုဉာဏ်ကို “ဇာတိဿရ ဉာဏ်”ဟူ၍ခေါ်၏၊ သူမသည် ဇာတိဿရ ဉာဏ်ဖြင့် ပြန်လည်စဉ်းစားသောအခါ လွန်ခဲ့သောဘဝက မာလာဘာရီနတ်သား၏ဇနီး နတ်သမီး ဖြစ်ခဲ့သည်ကို ပြန်လည်မှတ်မိ၏။ မှတ်မိသည့်အလျောက် တာဝတိံသာနတ်ပြည်၌ မာလာဘာရီနတ်သား၏ ဇနီးသာ ပြန်ဖြစ်လို၏။ ထိုကဲ့သို့ ဖြစ်နိုင်ရန်ကိုသာ ကြံစည်၏။ တောင့်တ၏။

ချစ်ခြင်းမေတ္တာဟူသည်မှာ ဆန်းကျယ်၏။ ရေစက်ကြောင့်လည်း ချစ်ခြင်းမေတ္တာသည် ဖြစ်တတ်၏။ ရေစက်ကို “ပုဗ္ဗေဝ သန္နိဝါသ” ဟူ၍ ခေါ်၏။ ပစ္စုပ္ပန် ရင်းနှီးမှုကြောင့်လည်း ချစ်ခြင်းမေတ္တာသည် ဖြစ်တတ်၏။ ပစ္စုပ္ပန်ရင်းနှီးမှုကို “ပစ္စုပ္ပန္နဟိတ”ဟူ၍ ခေါ်၏။ ဒေသနာတော်အရဆိုလျှင် ချစ်ခြင်းမေတ္တာ ဖြစ်ရာ၌ ဤအကြောင်းနှစ်ပါး သာရှိ၏။ ဤသတို့သမီးအတွက် ဆိုလျှင် ရေစက်သည် များစွာပြင်းထန်၏။

ယခုအခါ ဤသတို့သမီးကား တာဝတိံသာနတ်သမီးမဟုတ်တော့။ သာဝတ္ထိပြည်သူ အမျိုးသမီးဖြစ်၏။ ထို့ကြောင့် လောကထုံးတမ်းအရ အရွယ်

http://www.cherrythitsar.org



ရောက်လာသောအခါ သင့်လျော်ရာအမျိုးသားတစ်ယောက်နှင့် အိမ်ထောင်ချပေးလိုက်၏။ ဤသတို့သမီးသည် ယခုအခါ အိမ်ရှင်မ ဖြစ်သွားလေပြီ။ အိမ်ရှင်မ ဖြစ်သွားသဖြင့် ထိုခေတ်ယဉ်ကျေးမှုအရ အိမ်ရှင်မတို့၏ တာဝန်ဝတ္တရားကို ကျေပွန်စွာ ထမ်းဆောင်ပါ၏။ ထို့အပြင် ထိုစဉ်က သာဝတ္ထိပြည်၌ သာသနာတော်သည် ထွန်းလင်း၏။ သာသနာတော် ထွန်းလင်းသည့်အလျောက်လည်း ဤသတို့သမီးသည် မြတ်စွာဘုရား၏ သာသနာတော်၌ ကြည်ညို၏။ ရဟန်းသံဃာတော်များကား မြေသြဇာကောင်းသော လယ်ယာနှင့်တူ၏။ မြေသြဇာကောင်းသော လယ်ယာ၌ မည်သည့်မျိုးစေ့ကိုစိုက်စိုက်၊ စိုက်သမျှသည် ဖြစ်ထွန်း၏။ ထိုနည်းအတူပင် ရဟန်းသံဃာတော်များ၌ မည်သည့်ကောင်းမှုကိုပြုပြု၊ မိမိပြုသမျှ ကောင်းမှုသည် မိမိလိုချင်သော အကျိုးကိုပေးသည်သာ ဖြစ်၏။ ထို့ကြောင့် ရဟန်းသံဃာတော်များကို "ပုညခေတ္တ" ဟူ၍ ဆိုခြင်းဖြစ်၏။ "ပုညခေတ္တ" ဟူသည်မှာ ကောင်းမှုများကိုစိုက်ပျိုးရာမြေ ဟူ၍ဖြစ်၏။ သာဝတ္ထိပြည်၌ ကောင်းမှုများကို စိုက်ပျိုးရာမြေသည် ပေါများလှ၏။ တကယ်တမ်း စိုက်ပျိုးဖို့သာ အရေးကြီး၏။

ဤသတို့သမီးသည် ရဟန်းသံဃာတော်များ၌ ကောင်းမှုများကို ပြုလုပ်၏။ ပြုလုပ်သော ကောင်းမှုများ၏ အကျိုးတရားအနေဖြင့် မာလာဘာရီနတ်သား၏ ဇနီးဖြစ်ရန်သာ ဆုတောင်း၏။ အခြားမည်သည့် ဆုကိုမျှ မတောင်း။ ထို့ကြောင့် ဤသတို့သမီးကို "ပတိပူဇိကာ"ဟူ၍ ရဟန်းသံဃာတော်များက အမည်ပေးထား၏။ ပတိပူဇိကာ၏ အနက်မှာ လင်ယောကျ်ားကိုပူဇော်သူဟူ၍ ဖြစ်၏။ ဤ၌ လင်ယောကျ်ားဟူသည်မှာ မာလာဘာရီနတ်သားဖြစ်၏။ လက်ရှိ လင်ယောကျ်ားမဟုတ်။ သို့ရာတွင် ရဟန်းသံဃာတော်များကမူ ပတိပူဇိကာ မြတ်နိုးသော လင်ယောကျ်ားဟူသည် သာဝတ္ထိပြည်သား လက်ရှိလင်ယောကျ်ား ဟူ၍သာ မှတ်ထင်ကြ၏။ မာလာဘာရီနတ်သားဟူ၍ မမှတ်ထင်ကြ။ ထို့ကြောင့် ရဟန်း သံဃာတော်များက ပတိပူဇိကာကို လင့်ဝတ္တရားကျေသူအဖြစ်လည်း ကောင်း၊ သာသနာတော်အတွက် ကျေးဇူးများသူ အဖြစ်လည်းကောင်း မှတ်ယူနေကြခြင်းဖြစ်၏။ မိခင်သဖွယ် ခင်မင်လေးစားနေကြခြင်းဖြစ်၏။

ပတိပူဇိကာသည် သာဝတ္ထိပြည်သား လင်ယောကျ်ားနှင့် သားလေး ယောက်ရ၏။ ထို့နောက် ပတိပူဇိကာသည် အသက်အတိုင်းနေ၍ ကွယ်လွန်လေ၏။ ပတိပူဇိကာ ကွယ်လွန်သောအခါ သူမတောင့်တသည့် အတိုင်းပင် မာလာဘာရီနတ်သားထံ၌ ပြန်၍ ဖြစ်၏။ ထိုအချိန်၌ မာလာရီနတ်သားနှင့် နတ်သမီးတို့သည် ပန်းဥယျာဉ်၌ ပျော်မြူးတုန်းပင်ရှိသေး၏။ လူ့ပြည်၌ နှစ်ပေါင်း

http://www.cherrythitsar.org



တစ်ရာသည် တာဝတိံသာနတ်ပြည်၌ တစ်ရက်ဖြစ်လေရာ ပတိပူဇိကာ ပျောက်သွားခြင်းသည် တာဝတိံသာ နတ်ပြည်အတွက် ခဏသာဖြစ်လေ၏။ ပတိပူဇိကာကိုတွေ့သောအခါ မာလာဘာရီနတ်သားက "အသင်နတ်သမီးကို မတွေ့မိဘူး၊ ဘယ်ရောက်နေတုံး" ဟူ၍မေးမြန်းသောအခါ ပတိပူဇိကာနတ်သမီးက မိမိသည် နတ်သမီးဘဝမှ စုတေ၍ သာဝတ္ထိပြည်၌ လူသွားဖြစ်ကြောင်း၊ အမျိုးကောင်းသားတစ်ယောက်နှင့် အိမ်ထောင်ကျ၍ သားလေးယောက်ရခဲ့ကြောင်း၊ ယခု လူ့ဘဝမှ စုတေ၍ တာဝတိံသာနတ်ပြည်၌ အရှင်မာလာဘာရီ နတ်သားထံတွင် နတ်သမီးပြန်ဖြစ်ပါကြောင်းဖြင့် ပြန်ကြား၏။ ထို့အပြင် ပတိပူဇိကာနတ်သမီးက လူတို့၏ သက်တမ်းသည် လူတို့၏ နှစ်အရေအတွက်အရ နှစ်ပေါင်းတစ်ရာဟူ၍ ဆိုရသော်လည်း တာဝတိံသာနတ်တို့၏ အရေအတွက်အရဆိုပါလျှင် တစ်ရက်မျှသာရှိကြောင်း၊ လူတို့သည် နှစ်ပေါင်းတစ်ရာကိုပင် နှစ်ပေါင်းအသင်္ချေကဲ့သို့ မှတ်ယူပြီး ကောင်းမှုကုသိုလ်ကို မပြုလုပ်ကြဘဲ မေ့မေ့လျော့လျော့ နေတတ်ကြကြောင်းဖြင့် ပြောလေရာ မာလာဘာရီနတ်သားသည် လူတို့အတွက် များစွာသံဝေဂ ဖြစ်လေ၏။ တာဝတိံသာနတ်တို့၏ အမြင်အရဆိုပါလျှင် လူ့ပြည်၌ လူ့သက်တမ်းအရ နှစ်ပေါင်းတစ်ရာဟူသည်မှာ ဘာမျှကြာလိုက်သော ကာလမဟုတ်ကြောင်း၊ ဝဋ်ဒုက္ခမှ လွတ်မြောက်ရေးအတွက် မမေ့မလျော့သော သတိတရားဖြင့် ကုသိုလ်ကောင်းမှုများကို ကြိုးစား၍ ပြုလုပ်သင့်ပါကြောင်း မာလာဘာရီ နတ်သားက ပတိပူဇိကာအား ပြောကြားပြီး လူတို့အတွက် သံဝေဂဖြစ်လေ၏။

နောက်နေ့၌ ရဟန်းများသည် ပတိပူဇိကာ ဆွမ်းကပ်ရာဇရပ်သို့ ရောက်လာကြ၏။ ဆွမ်းစားဇရပ်သည် ခါတိုင်းနှင့်မတူတော့။ နေရာထိုင်ခင်းများသည်လည်း သပ်သပ်ရပ်ရပ် မရှိ။ သောက်ရေ သုံးရေများသည်လည်း အဆင်သင့်မရှိ။ အားလုံးရှုပ်ပွနေ၏။ ထိုအခါကျမှ ပတိပူဇိကာ ဒါယိကာမသည် လွန်ခဲ့သောနေ့က ကွယ်လွန်သွားပြီဖြစ်ကြောင်း ရဟန်းများသိကြ၏။ ပတိပူဇိကာသည် သာသနာတော်အတွက် များစွာကျေးဇူးများသူဖြစ်၏။ ထို့ကြောင့် ရဟန်းတော်များက ပတိပူဇိကာအပေါ် မိခင်သဖွယ် မြတ်နိုးကြ၏။ ယခု ပတိပူဇိကာ ကွယ်လွန်ကြောင်း သိကြသောအခါ ပုထုဇဉ်ရဟန်းတို့သည် ငိုကြွေးကြ၏။ ရဟန္တာများမှာမူ ဓမ္မသံဝေဂဖြစ်ကြ၏။ ငိုကြွေးခြင်းမပြုကြ။ ရဟန္တာများသည် လောဘကိုလည်းပယ်ပြီးပြီ။ ပဋိဃကိုလည်း ပယ်ပြီးပြီ။ ဒေါမနဿကိုလည်း ပယ်ပြီးပြီ၊ ထို့ကြောင့် ရဟန္တာများအနေဖြင့် ငိုကြွေးခြင်းကိုမပြုကြခြင်း ဖြစ်၏။

ရဟန်းတို့သည် ဇေတဝန်ကျောင်းတော်သို့ ပြန်ရောက်သောအခါ မြတ်စွာဘုရားထံတော်မှောက်သို့ သွားရောက်ကြပြီး နံနက်ပိုင်းက အကြောင်းပကတိ

http://www.cherrythitsar.org



ဖြစ်ပါလျက် ညဥ့်ဦးအချိန်၌ ကွယ်လွန်သွားသော ပဋိပူဇိကာ ဥပါသိကာမအကြောင်းကို လျှောက်ထားပြီး ယခု ဥပါသိကာမသည် မည်သည့်ဘုံဘဝ၌ ဖြစ်နေပါသနည်းဟူ၍ မေးမြန်းလျှောက်ထားသောအခါ မြတ်စွာဘုရားက ပဋိပူဇိကာ ဥပါသိကာမသည် တာဝတိံသာ နတ်ပြည်ရှိ ခင်ပွန်းဟောင်းဖြစ်သူ မာလာဘာရီ နတ်သားထံ ပြန်ဖြစ်ကြောင်း မိန့်ကြားတော်မူပြီး၊ ဘဝကို ပန်းခူးခြင်းလုပ်ငန်းနှင့် နှိုင်းယှဉ်ပြီး အောက်ပါအတိုင်း ဂါထာဖြင့် ဟောကြားတော်မူ၏။

– **ပန်းခူးသူသည် ပန်းတို့ကို အာသာရမ္မက်ဖြင့် ဆွတ်လူသကဲ့သို့၊**

– **ကာမဂုဏ်တို့၏ စုဆောင်းရာဘဝ၌ အာသာရမ္မက် မပြေငြိမ်းသော သူများကို သေမင်းသည် ဆွတ်ခူးလေ၏။**

ကာမဂုဏ်တို့၏ စုဆေးရာဘဝဟူသည် ပန်းသဖွယ်ဖြစ်၏။ ပန်းခူးသူများသည် မရသေးသော ပန်းများကိုလည်း အာသာရမ္မက်ဖြင့်ဆွတ်ခူး၏။ ခူးပြီးသော ပန်းများကိုလည်း မညှိုးနွမ်းအောင် ထိန်းသိမ်း၏။ ညှိုးနွမ်းသွားသော ပန်းများကိုမူ စွန့်ပစ်ပြီး နောက်ထပ်ပန်းများကိုခူးပြန်၏။ ဤသည်မှာ ပန်းခူးသူတို့၏ ဓမ္မတာ ဖြစ်၏။

ပန်းခူးသူသည် မိမိခူးသော ပန်းများကို မိမိအတွက် အလှဆင်ရန် ခူးသည်လည်းရှိ၏။ ဘုရားတင်ရန် ခူးသည်လည်း ရှိ၏။ ရောင်းဖို့ရန် ခူးသည်လည်းရှိ၏။ အခမ်းအနား၌ အလှဆင်ရန် ပန်းခူးသည်လည်းရှိ၏။ အမှန်အားဖြင့် ပန်းခူးသူသည် ပန်းများကို သူ၏ဆန္ဒအတိုင်း အသုံးချချင်သလို အသုံးချလေ၏။

လူ့ဘဝဟူသည်မှာလည်း ပန်းများသဖွယ် ဖြစ်ပါ၏။ ပန်းများ လှသလို လူ့ဘဝသည် လှပါ၏။ ပန်းများမွှေးသလို လူ့ဘဝသည် မွှေးပါ၏။ လှသော၊ မွှေးသောပန်းများကို ပန်းခူးသူကခူးပြီး သူအသုံး ချချင်သလိုချ၏။ ထိုနည်းအတူ လှသော၊ မွှေးသော လူ့ဘဝများကို သေမင်းကခူးပြီး သူအသုံးချချင်သလို ချလေ၏။ လှသော၊ မွှေးသော ပန်းများကို လောက၌ ထိုက်ထိုက်တန်တန် အသုံးချ၍ရသလို လှသော၊ မွှေးသောလူ့ဘဝများကိုလည်း လောက၌ ထိုက်ထိုက်တန်တန် အသုံးချ၍ ရပါ၏။ ပန်းများကို ဘုရားတင်၍ ပူဇော်သလို မိမိတို့၏ ဘဝကိုလည်း လောကအတွက် ပူဇော်နိုင်ပါ၏။ ဘုရားတင်၍ ပူဇော်ခြင်းဖြင့် ပန်းများကို ထိုက်ထိုက်တန်တန်အသုံးချသလို လောကအတွက် ပူဇော်ခြင်းဖြင့် မိမိတို့၏ဘဝကို ထိုက်ထိုက်တန်တန် အသုံးချ၍ရပါ၏။ ပန်းအလှနှင့် ဘဝအလှကို မည်သို့အသုံးချမည်နည်း။

ပန်း၏ အလှသည် ပန်းအတွက်လည်းဖြစ်၏။ ဥယျာဉ်မှူးအတွက်လည်း

http://www.cherrythitsar.org



ဖြစ်၏။ လောကအတွက်လည်းဖြစ်၏။ ထိုနည်းအတူ လူ့ဘဝ၏အလှသည် မိမိအတွက်လည်းဖြစ်၏။ နိုင်ငံတော် အတွက်လည်းဖြစ်၏။ လောကအတွက် လည်းဖြစ်၏။ ရတနသုတ် ပရိတ်တော်၌ မြတ်စွာဘုရားက ဘဝ၏အလှကို လောကအတွက်၊ ဆွေမျိုးဉာတကာတို့အတွက် အသုံးချရန် စရိယာအနေဖြင့် ဟောကြားတော်မူခဲ့၏။ လောကတွင် မြင့်မြတ်သူ ဟူသမျှသည် မိမိတို့ဘဝ၏ အလှကို ရတနသုတ်တော်လာ မြတ်စွာဘုရားဟောကြားတော်မူထားသည့်အတိုင်း အသုံးချသည်ချည်းဖြစ်၏။ မိမိတို့၏ ဘဝအလှကို ထိုကဲ့သို့ အသုံးမချသရွေ့ ကာလပတ်လုံး မိမိကိုယ်ကို မိမိက ဘယ်လောက်ပင် တော်သည်ဟုထင်ထင် လူဖြစ်စေ၊ နတ်ဖြစ်စေ၊ ဗြဟ္မာဖြစ်စေ မည်သူမဆို အညံ့ချည်းသာ ဖြစ်၏။ အမှန်အားဖြင့် မိမိတို့၏ ဘဝအလှကို မြတ်စွာဘုရား ဟောကြားတော်မူသည့် အတိုင်း အသုံးချနိုင်မှသာ "ဗုဒ္ဓ ဘာသာဝင်" စစ်စစ်ဖြစ်မည်ဖြစ်၏။ သို့မဟုတ် ပါက ဗုဒ္ဓဘာသာဝင်အတုသာ ဖြစ်လေလိမ့်မည်။ ဤသည်မှာ ဂါထာ၏ဆိုလိုရင်း ဖြစ်ပါ၏။

## မစ္ဆရိယသူဌေး

ဤဝတ္ထုသည်မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော် ၌ သီတင်းသုံး နေတော်မူစဉ်က ဝတ္ထုဖြစ်၏။ ထို့ကြောင့် ဤဝတ္ထုသည် မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ် လွန်ခဲ့သော နှစ်ပေါင်း နှစ်ထောင့်ငါးရာကျော်ကာလ ဤကမ္ဘာမြေအပြင်၌ တကယ်ဖြစ်ခဲ့သော ဝတ္ထုဖြစ်လေ၏။

ရာဇဂြိုဟ်ပြည်ကြီး၏ မနီးမဝေးသောအရပ်၌ သက္ကာရခေါ်သော နိဂုံး သည်ရှိ၏။ ထိုနိဂုံး၌ ကုဋေရှစ်ဆယ်ကြွယ်ဝသော သူဌေးကြီးတစ်ဦး နေထိုင်၏။ သူ၏အမည်မှာ မစ္ဆရိယ ဖြစ်၏။ မစ္ဆရိယသူဌေးကြီးသည် ကုဋေရှစ်ဆယ် ကြွယ်ဝပါသော်လည်း အလွန်နှမြော၏။ အလွန်ကပ်စေးနှဲ၏။ ထို့ကြောင့် သူ့ကို မစ္ဆရိယသူဌေးဟူ၍ ခေါ်ခြင်းဖြစ်၏။ မစ္ဆရိယ၏အနက်မှာ နှမြောခြင်း၊ ကပ်စေးနှဲခြင်း ဟူ၍ဖြစ်၏။ မစ္ဆရိယသူဌေးသည် မည်သူ့ကိုမှလည်း မလှူ၊ မည်သူ့ကိုမှလည်း မထောက်ပံ့။ သူကိုယ်တိုင်လည်းမစား၊ သူ၏မိသားစုကို လည်း မကျွေး၊ သူ့စည်းစိမ် သူကြည့်၍ ပီတိဖြစ်နေသူဖြစ်၏။ ထို့ကြောင့် မစ္ဆရိယသူဌေးသည် လောကအမြင်တွင် အလွန်ယုတ်ညံ့သူ ဖြစ်၏။ လူမပီသသူ ဖြစ်၏။

http://www.cherrythitsar.org



ဓမ္မတာအားဖြင့် လူဟူသည်ကောင်းမှုကုသိုလ်ကြောင့် လူ့ဘ၀ကို ဒုလ္လဘအနေဖြင့် ရလာသူဖြစ်သဖြင့် လူတိုင်း၏ ရင်တွင်း၌ မြင့်မြတ်မှုသည် ရှိ၏။ ယင်းမြင့်မြတ်မှုကို အရိယသစ္စာပန်း ဟူ၍ဆိုရ၏။ အရိယသစ္စာ ပန်းရှိသည်ဆိုသော်လည်း ဖွားဖွားစွင့်ပွင့်သည့်အနေဖြင့် ရှိသည်တော့ မဟုတ်၊ အငုံအဖူးအနေဖြင့် ရှိခြင်းသာဖြစ်၏။ ထိုအငုံအဖူးသည် ပွင့်သင့်သောအချိန်ရောက်၍ ပွင့်အောင်ဖန်တီးနိုင်သော အခြေအနေကိုရလျှင် ဖွားဖွားစွင့်ပွင့်ပေလိမ့်မည်။ ပွင့်သင့်သောအချိန်ဟူသည်မှာ ဉာဏ်ရင့်ကျက်ချိန်ဖြစ်၏။ ပွင့်အောင်ဖန်တီးနိုင်သော အခြေအနေဟူသည်မှာ သင့်လျော်သော နောက်ဆုံးအကြောင်းဖြစ်၏။ ပွင့်သင့်သောအချိန်သည် ယခုဘ၀ ဖြစ်ချင်လည်းဖြစ်မည်။ နောက်ကမ္ဘာဖြစ်ချင်လည်းဖြစ်မည်။ နောက်ကမ္ဘာအဆက်ဆက် ဖြစ်ချင်လည်းဖြစ်မည်။ ပွင့်အောင်ဖန်တီးနိုင်သော အခြေအနေဟူသည် ရင့်သောဝိပဿနာဉာဏ်ဖြင့် မိမိ၏ခန္ဓာကို မြင်နိုင်အောင် စရိုက်နှင့်လျော်သော သစ္စာတရားကို နာကြားရခြင်းဖြစ်၏။ အမှန်အားဖြင့် ပုဂ္ဂိုလ်တစ်ဦး၏ ရင်တွင်း၌ ငုံနေသော အရိယသစ္စာပန်းများ ပွင့်သောအချိန်နှင့် ပွင့်အောင်ဖန်တီးနိုင်သော အခြေအနေကို မြတ်စွာဘုရားသာ သိတော်မူ၏။

မြတ်စွာဘုရားသည် ဓမ္မတာအတိုင်း မဟာကရုဏာ သမာပတ်မှ ထတော်မူ၍ အရိယသစ္စာပန်းငုံများ ပွင့်နိုင်သော ပုဂ္ဂိုလ်များကို ကြည့်ရှုတော်မူသောအခါ မဏ္ဍရီယသူဌေးကို မြင်တော်မူ၏။ မဏ္ဍရီသူဌေးနေသော သက္ခာယနိဂုံးသည် သာ၀တ္ထိပြည်မှ လေးဆယ့်ငါးယူဇနာ ဝေး၏။ ခရီးဝေးသည်၊ နီးသည်မှာ မြတ်စွာဘုရားအတွက် အကြောင်းမဟုတ်။ ကျွတ်ထိုက်မကျွတ်ထိုက်သာ အကြောင်းဖြစ်၏။ မည်မျှဝေးသော နေရာ၌ဖြစ်စေ ကျွတ်ထိုက်သော ပုဂ္ဂိုလ်ရှိလျှင် ထိုပုဂ္ဂိုလ်ထံသို့ မြတ်စွာဘုရားသည် တစ်နည်းနည်းဖြင့်ကြွသွားတော်မူပြီး ကျွတ်အောင် တရားဒေသနာတော်ကို ဟောကြားတော်မူမည် ဖြစ်၏။ လယ်တော၌ရှိလျှင်လည်း လယ်တောသို့ကြွ၍ ဟောကြားတော်မူမည်ဖြစ်၏။ နတ်ပြည်၌ရှိလျှင်လည်း နတ်ပြည်သို့ကြွ၍ ဟောကြားတော်မူမည်ဖြစ်၏။ နောက်ဆုံး ပရိနိဗ္ဗာန် စံဖို့ဆဲဆဲ ဝမ်းသွေးသွန်ရောဂါကို ခံစားနေရင်း တန်းလန်းကပင် ပါဝါပြည်မှ သုံးဂါဝုတ်ဝေးသော ကုသိနာရုံသို့ ၂၅ ကြိမ်နားတော်မူကာ သုဘဒ္ဒပရိဗိုဇ်ကို ချွတ်တော်မူရန် ခြေကျင်ကြွတော်မူ၏။ လောကအထွေ ထားရှိတော်မူသော မြတ်စွာဘုရား၏ မဟာကရုဏာတော်သည် အံ့ဖွယ်ရှိပေစွ။

လောကအထွေ တကယ်တမ်းချစ်တတ်ဖို့၊ ကြင်နာတတ်ဖို့ ဆိုသည်မှာ လွယ်သည်တော့မဟုတ်။ မလွယ်သော်လည်း မွေးမြူလျှင်ရ၏။ မွေးမြူခြင်း

http://www.cherrythitsar.org



ဆိုသည်မှာ မိမိ၏ ကိုယ်ကျိုးစီးပွားကို စွန့်၍ လောကအတွက် အနစ်နာခံခြင်း ဖြစ်၏။ အနစ်နာမခံနိုင်ဘဲနှင့်တော့ လောကအပေါ် ကျေစ်၍မရ၊ ကြင်နာ၍ မရ။ ထို့ကြောင့် လောကအပေါ်တာကယ်တမ်းချစ်နိုင်ရန်၊ ကြင်နာနိုင်ရန် မြတ်စွာ ဘုရားသည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်တိုင် အနစ်နာခံခဲ့၏။ ပစ္စေက ဗုဒ္ဓများသည် နှစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်တိုင် အနစ်နာခံခဲ့၏။ အဂ္ဂသာဝက များသည် တစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်တိုင် အနစ်နာခံခဲ့၏။ မဟာသာဝက များသည် ကမ္ဘာတစ်သိန်းတိုင်တိုင် အနစ်နာခံခဲ့၏။ ပကတိသာဝကများသည် ထိုက်သင့်သလို အနစ်နာခံခဲ့၏။ လောကအပေါ် ချစ်တတ်ဖို့၊ ကြင်နာတတ်ဖို့ အတွက် အနစ်နာခံခြင်းနှင့်ပတ်သက်၍—

"တစ်ဓတစ်ဓ၊ စွန့်ငှဲမှလျှင်၊ ဘဝနောက်နှောင်း၊ ဆက်တိုင်း ကောင်း ၏" ဟူ၍မိမိအနေဖြင့် အနစ်နာခံနိုင်အောင် တဖြည်းဖြည်းချင်း ကျင့်ယူရန် ပညာရှိများက သွန်သင်ခဲ့ခြင်း ဖြစ်ပါ၏။ အမှန်အားဖြင့် အနစ်နာခံခြင်းမရှိပါဘဲ လျက် လောကအပေါ် "ချစ်ပါသည်၊ ကြင်နာပါသည်" ဟုဆိုလျှင် ထိုချစ်ခြင်းနှင့် ကြင်နာခြင်းသည် မိမိ၏အတ္တစိတ်ကို ဖုံးကွယ်ရန် အသုံးပြုသော "ဒိုင်း" သာ ဖြစ်ပေလိမ့်မည်။

တစ်ခုသောနေ့တွင် မဇ္ဈရိယသူဌေးသည် ရာဇဂြိုဟ်ပြည် ဘုရင်မင်းမြတ်ကို ခစားရာမှ အပြန်လမ်းတွင် အိုးကင်းမုန့် စားနေကြသူများကို မြင်၍ အိုးကင်းမုန့် စားချင်လာ၏။ သို့ရာတွင် မိမိ၏ ဥစ္စာ ကုန်မည်စိုးရိမ်သဖြင့် ဝယ်ယူ၍လည်း မစား၊ မိမိ၏အိမ်၌လည်း လုပ်၍မစားဘဲ စားချင်စိတ်ကို ဖျောက်ပြီးနေ၏။ မိမိ အိုးကင်းမုန့်စားချင်ကြောင်းကို မိမိ၏ အိမ်သူအိမ်သားများကိုပင် မပြောချေ။ အကယ်၍ပြောလိုက်လျှင် အိမ်သူအိမ်သားများက မိမိအား အိုးကင်းမုန့် လုပ်ကျွေး ပါက သက်သက် ဥစ္စာပစ္စည်းဆုံးရှုံးပေလိမ့်မည်ဟု တွက်ဆပြီး မဇ္ဈရိယသူဌေးက မည်သူ့အားမျှ မပြောခြင်းဖြစ်၏။ မဇ္ဈရိယသူဌေးသည် ဤမျှလောက် နမြောသူ ဖြစ်၏။ မိမိ၏ဝမ်းကိုပင် မငဲ့ညှါသူဖြစ်၏။

မဇ္ဈရိယသူဌေးသည် အိုးကင်းမုန့်စားချင်စိတ်ကို ဖျောက်ပါသော်လည်း စားချင်စိတ်သည် မပျောက်ခဲ့၊ ရသတဏှာက မဇ္ဈရိယသူဌေးကို နှိပ်စက်လေပြီ။ မဇ္ဈရိယသူဌေးသည် ပိန်ချုံးလာ၏။ အားအင်ချည့်နဲ့လာ၏။ သူဌေးကတော်က အကျိုးအကြောင်းကို မေး၏။ သူဌေးကြီးက ဘာမျှမပြော။ ထိုအခါ သူဌေး ကတော်ကလည်း ဘာမျှမလုပ်တတ်။ မဇ္ဈရိယသူဌေးသည် ပိန်သည်ထက် ပိန်လာ၏။ ချုံးသည်ထက်ချုံးလာ၏။ နောက်ဆုံး၌ မတတ်သာတော့၍ မဇ္ဈရိယ သူဌေးသည် သူဌေးကတော်အား ထုတ်ဖော်ပြောရတော့၏။ လောကသည်

http://www.cherrythitsar.org



ထူးဆန်း၏။ ယုံနိုင်ဖွယ် မရှိလောက်အောင် ထူးဆန်း၏။ ယုံနိုင်ဖွယ်မရှိသော်လည်း ထူးဆန်းသောဖြစ်ရပ်ဆန်းများကား ဤကမ္ဘာမြေအပြင်၌ တကယ်ပင်ဖြစ်ခဲ့ပါ၏။

နောက်ဆုံး၌ မဇ္ဈရိယသူဌေးနှင့် သူဌေးကတော်တို့သည် ဘုံခုနစ်ဆင့်မြင့်သော ပြာသာဒ်ထက်သို့တက်၍ အိုးကင်းမုန့်လုပ်ရန် စီစဉ်ကြ၏။ အခြားသူများ မသိနိုင်စေရန် ထိုသို့စီစဉ်ခြင်းဖြစ်၏။ အခြားသူ များသိသွားပါက အိုးကင်းမုန့်ကို ဝေငှပေးရမည်ဖြစ်၏။ ထိုသို့ ပေးရသော အစဉ်အလာသည် ထိုခေတ်၌ရှိ၏။ အစဉ်အလာရှိသော်လည်း ထိုအစဉ်အလာကို မဇ္ဈရိယသူဌေးသည် လိုက်နာကျင့်သုံးခြင်းမရှိ။ ထို့ကြောင့် မဇ္ဈရိယသူဌေးနှင့် သူဌေးကတော်တို့သည် အခြားသူများမသိစေရန် ဘုံခုနစ်ဆင့် ပြာသာဒ်ပေါ်သို့တက်၍ အိုးကင်းမုန့်လုပ်ရန် အားထုတ်ကြခြင်းဖြစ်၏။ ဇနီးမောင်နှံနှစ်ဦးတို့ မုန့်လုပ်ခြင်းဖြစ်သော်လည်း သူဌေးကတော်အတွက် ဆေးစုမပါဝင် သူဌေးကြီးတစ်ယောက်တည်း အတွက်သာ ဖြစ်၏။ ဥစ္စာကုန်မည်စိုးသဖြင့် သူဌေးကြီးက မိမိတစ်ယောက်တည်း အတွက်သာလုပ်ရန် ပြောသဖြင့် သူဌေးကတော်ကြီးသည် မိမိအနေဖြင့် စားချင်ပါသော်လည်း မိမိ၏စားချင်စိတ်ကိုပယ်ဖျောက်ပြီး သူဌေးကြီး တစ်ယောက်တည်းအတွက်သာ လုပ်ပေးလေ၏၊

တဏှာသည် နစ်သက်ဖွယ်အရောင်ကို ဆိုးပေးတတ်၏။ ထို့ကြောင့် ဓမ္မဂုဏ္ဍ ပဒဋ္ဌာနသုတ်၌ တဏှာကို "တကြတကြာတိ နန္ဒိနီ" ဟူ၍ မြတ်စွာဘုရားက ဟောကြားတော်မူခြင်း ဖြစ်၏။ တကြတကြာတိနန္ဒိနီ၏ အနက်မှာ တပ်မက်မိသော အရာရာတိုင်းကို တပ်မက်စရာကောင်းလောက်အောင် တဏှာက ပြုလုပ်ပေး၏ ဟူ၍ ဖြစ်၏။ ထို့ကြောင့် လူတို့သည် မိမိတို့ကိုယ်ကို မိမိတို့က "အဟုတ်ကြီး" ထင်မှတ်နေကြခြင်းဖြစ်၏။ တဏှာက မိမိတို့ကိုယ်ကိုလည်း ကောင်း၊ မိမိတို့၏ အတွေးအယူများကို လည်းကောင်း ချစ်စရာကောင်းအောင် အရောင်များ ဆိုးပေးထားသည်ကိုမသိသဖြင့် ထိုကဲ့သို့ "အဟုတ်ကြီး" ထင်မှတ်နေကြခြင်းဖြစ်၏။ မဇ္ဈရိယသူဌေးကြီးသည်လည်း သူ့ကိုယ်သူ အဟုတ်ကြီး ထင်မှတ်နေ၏။ သူ၏အစီအစဉ်ကို သူက ကျေနပ်၏။ ကောင်းလှပြီဟူ၍ ထင်၏။ ဘယ်သူမျှမသိဘူးဟူ၍လည်း သူကထင်၏။ သို့ရာတွင် သူ၏ အစီအစဉ်ကို မြတ်စွာဘုရားက သိတော်မူ၏။ အမှန်အားဖြင့် ဤလောက၌ မည်သည့်လျှို့ဝှက်ချက်ကိုလုပ်လုပ် ထိုလျှို့ဝှက်ချက်ကို သိသူများသည် အမြဲတမ်း ရှိကြလေ၏။

ထိုနေ့ကား မဇ္ဈရိယ သူဌေးမောင်နှံတို့အတွက် ထူးခြားသော နေ့ဖြစ်၏။

http://www.cherrythitsar.org



ထိုနေ့တွင် မဇ္ဈိမဒေသရှိ ကိုသလတိုင်းမှ ထိုထိုကျေးရွာများဖြစ်ကြပေ လိမ့်မည်။ အလှူခံနှင့်ခြောသူများအဖြစ်မှ အလှူကိုရက်ရောသူများအဖြစ်သို့ ရောက်ကြပေလိမ့်မည်။ သူတို့ဇနီးမောင်နှံ၏ ရင်တွင်းရှိ သစ္စာပန်းများသည် ဝွားဝွားစွင့်စွင့် ပွင့်ချိန်သို့ရောက်ကြလေပြီ။ ပွင့်နိုင်အောင်အခြေအနေကို မြတ်စွာဘုရားက ဖန်တီးပေးဖို့သာ လိုတော့၏။

မြတ်စွာဘုရားသည် ရှင်မောဂ္ဂလာန်ကို တာဝန်ပေးလိုက်၏။ မစ္ဆရိယ သူဌေးမောင်နှံကို သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ရောက်အောင် ဆောင် ကြဉ်းလာရန်ဖြစ်၏။ မြတ်စွာဘုရားသည် မဟာကရုဏာရှင်ဖြစ်သည့် အားလျော် စွာ ရာဇဂြိုဟ်ပြည် သက္ကရာဇ်နိဂုံးသို့ ကိုယ်တော်တိုင်ကြွ၍ မစ္ဆရိယ သူဌေးမောင်နှံ အား တရားဟောချက်ရန် ဖြစ်သော်လည်း မစ္ဆရိယသူဌေး ဇနီးမောင်နှံသည် ရှင်မောဂ္ဂလာန်နှင့် စပ်၏။ သူတို့၏ သစ္စာပန်းများကို ပွင့်အောင် အခြေအနေကို ဖန်တီးရာ၌ ရှင်မောဂ္ဂလာန်၏ ကဏ္ဍသည်လည်းလိုအပ်၏။ ထို့ကြောင့် မြတ်စွာ ဘုရားက ရှင်မောဂ္ဂလာန်အား တာဝန်ပေးခြင်းဖြစ်၏။ အမှန်အားဖြင့် အကြောင်း တရားများ ပြည့်စုံမှ ထိုက်တန်သောအကျိုးတရားဟူသည်ဖြစ်ပေါ်ရ၏။ မစ္ဆရိယ သူဌေးမောင်နှံတို့ သစ္စာလေးပါးကို သိရာ၌ ရှင်မောဂ္ဂလာန်သည် အကြောင်း တရားများအနက် အကြောင်းတရား တစ်ခုအနေဖြင့် ပါဝင်၏။ သစ္စာတရားများ သိရေးနှင့် ပတ်သက်၍ လျို့ဝှက်ချက်သည်ရှိ၏။ ယင်းကိုသိဖို့ လို၏။ လျို့ဝှက် ချက် ဟူသမျှကို သိနိုင်တော်မူသောကြောင့်လည်း မြတ်စွာဘုရားသည် လူနတ် ဗြဟ္မာတို့၏ ဆရာဖြစ်တော်မူခြင်း ဖြစ်ပါ၏။

ထိုနေ့ဆွမ်းခံချိန်တွင် ရှင်မောဂ္ဂလာန်သည် မစ္ဆရိယသူဌေးမောင်နှံတို့ အိုးကင်းမုန့်ပြုလုပ်ရာ ဘုံခုနစ်ဆင့် ပြာသာဒ်၏ ကောင်းကင်ပြင်၌ ဆွမ်းရပ်တော် မူ၏။ သူဌေးကြီးသည် သူ၏လျို့ဝှက်ချက်ကို မည်သူမျှမသိဟု ထင်နေရာမှ ရှင်မောဂ္ဂလာန်ကို မြင်လိုက်ရသောအခါ များစွာထိတ်လန့်သွား၏။ ရှက်လည်း ရှက်၏။ စိတ်လည်းဆိုး၏။ အမှန်အားဖြင့် အခြားသူများမသိနိုင်သော လျို့ဝှက် ချက်ဟူ၍ ဤလောက၌ မရှိနိုင်ကြောင်း မစ္ဆရိယသူဌေးကြီးက မသိ။

ရှင်မောဂ္ဂလာန်သည် ကောင်းကင်ပြင်၌ ပလ္လင်ခွေထိုင်ဆင်းတုသဖွယ် ကြည်ညို ဖွယ်ရှိလှပါ၏။ သို့ရာတွင် မစ္ဆရိယသူဌေးသည် မကြည်ညို၊ အမြင်ကတ်ဖွယ် အဖြစ်သာမြင်၏။ ဤသည်မှာ အဝိဇ္ဇာ၏ သဘောဖြစ်၏။ အဝိဇ္ဇာသည် မကောင်းကို မကောင်းမှန်းမသိရအောင် ဖုံး၏။ မကောင်းကို အကောင်းအဖြစ် မြင်ရအောင် ဖော်၏။ အကောင်းကိုလည်း အကောင်းမှန်း မသိရအောင် ဖုံး၏။ အကောင်းကို မကောင်းအဖြစ် မြင်ရအောင် ဖော်၏။ အဝိဇ္ဇာသည် ဖုံးလည်း

http://www.cherrythitsar.org



ဖုံး၏။ ဖော်လည်းဖော်၏။ အဝိဇ္ဇာသတ္တိကြောင့် မစ္ဆရိယသူဌေးကြီးသည် ကြည်ညိုစရာကောင်းလှသော ရှင်မောဂ္ဂလာန်ကို ရွံမုန်းစရာအဖြစ် မြင်ခြင်း ဖြစ်၏။

ရပ်ရုံမက လမ်းလျှောက်နေလျှင်လည်း မလှူဟူ၍ မစ္ဆရိယသူဌေးကြီးက ရှင်မောဂ္ဂလာန်အားပြောသောအခါ၊ ရှင်မောဂ္ဂလာန်သည် ကောင်းကင်ပြင်၌ စင်္ကြံလျှောက်၏။ စင်္ကြံလျှောက်ရုံမက ပလ္လင်ဖွဲ့ခွေ ထိုင်နေသော်လည်း မလှူဟူ၍ သူဌေးကြီးက ပြောပြန်၏။ ရှင်မောဂ္ဂလာန်က ကောင်းကင်ပြင်၌ ပလ္လင်ဖွဲ့ခွေ ထိုင်နေတော်မူ၏။ ပလ္လင်ဖွဲ့ခွေ ထိုင်နေရုံမက လေသာပြတင်း၌ ရပ်နေသော်လည်း မလှူဟူ၍ သူဌေးကြီးက ဆိုပြန်လျှင်၊ ရှင်မောဂ္ဂလာန်သည် လေသာပြတင်း၌ ရပ်တော်မူ၏။ လေသာပြတင်း၌ ရပ်ရုံမက အခိုးအငွေ့ကို လွှတ်သော်လည်း မလှူဟူ၍ သူဌေးကြီးက ဆိုသောအခါ ရှင်မောဂ္ဂလာန်သည် အခိုးအငွေ့ကို လွှတ်လေ၏။ ထိုအခါ ပြာသာဒ်သည် အခိုးအငွေ့ဖြင့် ဖုံးလွှမ်း၏။ သူဌေးကြီး၏ မျက်စိနှစ်လုံးသည် အလွန်ကျိန်းစပ်လေ၏။ အခိုးအငွေ့လွှတ်ရုံမက မီးလျှံ တောက်အောင်ပြုသော်လည်း မလှူဟူ၍ သူဌေးကြီးသည်မပြောဝံ့တော့။ မီးလျှံ တောက်အောင်ပြုပါက ပြာသာဒ်ကို မီးလောင်သွားမည် ဖြစ်၏။ ပြာသာဒ် မီးလောင်သွားမှာကိုတော့ သူဌေးကြီးက စိုးရိမ်၏။ မတတ်သာသည့် အဆုံး၌ ရှင်မောဂ္ဂလာန်အား အိုးကင်းမုန့် အနည်းငယ်ကိုလှူရန် သူဌေးကြီးက သူဌေး ကတော်အား ပြောလေ၏။

သူဌေးကတော်ကလည်း သူဌေးကြီးပြောသည့်အတိုင်း ရှင်မောဂ္ဂလာန် အားလှူရန် အိုးကင်းမုန့် အနည်းငယ်ကို လုပ်၏။ အနည်းငယ်လုပ်ပါမှ အိုးကင်းမုန့်သည် အတိုင်းအဆမရှိ ကြီးမားသွား၏။ မကျေနပ်၍ ထပ်လုပ်လျှင် ထပ်လုပ်လေ ပိုကြီးမားလေ ဖြစ်၏။ သူဌေးကတော်ကို အားမရ၍ သူဌေးကြီးက ကိုယ်တိုင်လုပ်ကာမှ မုန့်က ပို၍ ကြီးမားသွားပြန်၏။ မတတ်သာသည့်အဆုံး၌ မုန့်တစ်ခုကို လှူရန်ယူ၏။ သို့ရာတွင် မုန့်သည် အားလုံးပါလာ၏။ တစ်ခုတည်း ယူ၍မရ။ မည်သို့ပင် ဆွဲငင်ဖဲ့ခွာပါသော်လည်း အိုးကင်းမုန့်အားလုံးတို့သည် အချင်းချင်း ကပ်ငြိ၍သာ ရှိကုန်၏။ သူဌေးကြီးအတွက် စားစရာဟူ၍ ချန်မရသာ ဖြစ်လေ၏။ ထိုအခါ သူဌေးကြီးသည် စားလိုစိတ်မရှိတော့။ ရသတဏှာသည် ပြတ်လေ၏။ နောက်ဆုံး၌ ဓမ္မတာအရ နှမြောခြင်းတည်းဟူသော အဓမ္မအပေါ် ရက်ရောခြင်းတည်းဟူသော ဓမ္မတာ အောင်ပွဲခံစ ပြုလေပြီ။ အဘိဓမ္မာဒေသနာ တော်အရ အကုသိုလ်ဟူသည် မည်မျှပင်အင်အားကြီးစေ နောက်ဆုံး၌ ကုသိုလ်ကို အရှုံးပေးရ၏။ ထို့ကြောင့် သူဌေးကြီး မောင်နှံတို့သည် အိုးကင်းမုန့် အားလုံးကို

http://www.cherrythitsar.org



ရှင်မောဂ္ဂလာန်အားလှူလေ၏။ ရှင်မောဂ္ဂလာန်ကလည်း ဒါနအကျိုးကို သူဌေးကြီးမောင်နှံအား ဟောကြား၏။ သူဌေးကြီးမောင်နှံသည် ရှင်မောဂ္ဂလာန်၏ ဒါနတရားကို နာကြားရသောအခါ ရှင်မောဂ္ဂလာန်ကို ကြည်ညိုလာပြီး ဤပြာသာဒ်ပလ္လင်ထက်၌ပင် ဘုဉ်းပေးရန် လျှောက်ထားကြ၏။ ရှင်မောဂ္ဂလာန်ကလည်း မြတ်စွာဘုရားနှင့် ရဟန်းငါးရာတို့သည် ဤမုန့်ကို ဘုဉ်းပေးရန် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ စောင့်နေကြကြောင်း၊ သို့ဖြစ်၍ ဤအိုးကင်းမုန့်ကို သာဝတ္ထိပြည် ဇေတဝန်ကျောင်းသို့ ယူဆောင်သွားမည် ဖြစ်ကြောင်း၊ သူဌေးကြီးမောင်နှံကိုယ်တိုင်လှူဒါန်းလိုပါက သူဌေးကြီးမောင်နှံနှင့်တကွ အိုးကင်းမုန့်တို့ကို သာဝတ္ထိပြည် ဇေတဝန်ကျောင်းသို့ ယူဆောင်သွားမည်ဖြစ်ကြောင်း ရှင်မောဂ္ဂလာန်က မိန့်ကြား၏။

သူဌေးကြီးမောင်နှံတို့လည်း ရွှင်လန်းဝမ်းမြောက်စွာဖြင့် လှူဖွယ်ပစ္စည်းများကို ယူဆောင်၍ ရှင်မောဂ္ဂလာန်နှင့်အတူ ဇေတဝန်ကျောင်းတော်သို့ လိုက်လေ၏။ သက္ကရာဇ်နိဂုံးနှင့် ဇေတဝန်ကျောင်းတော်သည် ၄၅ ယူဇနာ ဝေးသော်လည်း ရှင်မောဂ္ဂလာန်၏ တန်ခိုးတော်ကြောင့် ဘုံခုနစ်ဆင့်ပြာသာဒ်မှ ဆင်းသည်နှင့် တစ်ပြိုင်နက် သူဌေးကြီးမောင်နှံတို့သည် ဇေတဝန်ကျောင်းသို့ ရောက်လေ၏။

ဇေတဝန်ကျောင်းတော်သို့ ရောက်သောအခါ သူဌေးကြီး မောင်နှံသည် အိုးကင်းမုန့်များကို မြတ်စွာဘုရားအား လှူဒါန်း၏။ ရဟန်းငါးရာတို့အားလည်း လှူဒါန်း၏။ မုန့်များကားမကုန်။ ထို့နောက် ဇေတဝန်ကျောင်းတော်ရှိ ရဟန်းတော်များအားလုံးတို့အား လှူဒါန်း၏။ မုန့်များကားမကုန်။ ထို့နောက် စားကြွင်းစား အလှူခံပုဂ္ဂိုလ်တို့အား လှူဒါန်းပြန်၏။ မုန့်တို့ကားမကုန်။

ထို့နောက် သူဌေးကြီးမောင်နှံတို့က မြတ်စွာဘုရားအား အိုးကင်းမုန့်များ မကုန်သေးပါကြောင်း လျှောက်ထားကြသောအခါ၊ သူဌေးကြီးမောင်နှံအား မြတ်စွာဘုရားက အိုးကင်းမုန့်များကို ဇေတဝန်ကျောင်းတော်၏ မုခ်ဝအနီးရှိ ချိုင့်ဝှမ်း၌ စွန့်ပစ်ရန် အမိန့်ရှိလေဖြင့် သူဌေးကြီးမောင်နှံတို့သည် အိုးကင်းမုန့်များကို မြတ်စွာဘုရား အမိန့်တော်ရှိသည့်အတိုင်း စွန့်ပစ်ကြလေ၏။ အဋ္ဌကထာဆရာများခေတ်တိုင်အောင်ပင် အိုးကင်းမုန့်များ စွန့်ပစ်ရာဒေသသည် အထင်အရှားရှိ၏။ ထိုနေရာကို ပါဠိဝေါဟာရအားဖြင့် "ကပလ္လပူဝပဗ္ဘာရ" ဟု ခေါ်၏။ မြန်မာဝေါဟာရအားဖြင့် အိုးကင်းမုန့်စွန့်ပစ်ရာ ချိုင့်ဝှမ်းဟူ၍ ဖြစ်၏။

ထို့နောက် ဆွမ်းကိစ္စပြီးသောအခါ မြတ်စွာဘုရားသည် သူဌေးကြီးမောင်နှံအား အနုမောဒနာတရားကို ဟောကြားတော်မူ၏။ အနုမောဒနာတရားကို ဟောကြားတော်မူသောအခါ ရှေးဦးစွာ ဒါနတရားကို ဟောကြားတော်မူ၏။

http://www.cherrythitsar.org



ဒါနကိုပြုလုပ်ရာတွင် သီလရှိနေဖို့လည်း လိုအပ်၏။ ထို့ကြောင့် သီလတရားကို လည်း ဟောကြားတော်မူ၏၊ ထို့နောက် ဒါနနှင့် သီလတို့ဖြင့် နတ်ပြည်သို့ ရောက်နိုင်ကြောင်း သဂ္ဂကထာကို ဟောကြားတော်မူ၏။ အမှန်အားဖြင့် လူ ချမ်းသာ နတ်ချမ်းသာ ဟူသည်မှာ သောတနောက်ခံရှိသဖြင့် ချမ်းသာစစ် မဟုတ်ကြောင်းဖြင့် ကာမဂုဏ်တို့၏ အပြစ်ကို ဟောကြားတော်မူ၏။ ထို့နောက် ချမ်းသာစစ်ရကြောင်းဖြစ်သော သစ္စာတရားကို ဟောကြားတော်မူ၏။ ဤသည် မှာ မြတ်စွာဘုရား၏ တရားဟောစဉ်ဖြစ်၏။

သူဌေးကြီးမောင်နှံသည် ဒါနအကြောင်းကို နာကြားရသောအခါ နှမြော စိတ် ကင်းလာ၏။ သီလအကြောင်းနာကြားရသောအခါ ကိုယ်ကျင့်သိက္ခာ တည်ဆောက်ချင်စိတ် ဖြစ်လာ၏။ နတ်ပြည်အကြောင်း ကြားရသောအခါ ကောင်းမှု "ပုညကိရိယာ" ပြုချင်စိတ် ဖြစ်ပေါ်လာ၏။ ကာမဂုဏ်တို့၏ အပြစ်ကို ကြားရသောအခါ သံသရာ၌ ငြီးငွေ့လာ၏။ သစ္စာတရားကို ကြားနာရသော အခါ မိမိ၏ ရုပ် နာမ် ခန္ဓာတို့ကို ဖြစ်ပျက်ရှုသော ဝိပဿနာဉာဏ်များသည် အစဉ်အတိုင်းဖြစ်လာပြီး နောက်ဆုံး၌ သစ္စာလေးပါး မြတ်တရားကို ထိုးထွင်း၍ သိသော မဂ်ဉာဏ် ဖိုလ်ဉာဏ်ကိုရကာ သူဌေးကြီးမောင်နှံတို့သည် သောတာပန် အရိယာများဖြစ်သွားကြ၏။ သောတာပန်အရိယာ ဖြစ်သွားသောအခါ မှစ၍ သူဌေးကြီးမောင်နှံတို့သည် သူတို့၏ ကုဋေရှစ်ဆယ်ကို မြတ်စွာဘုရား၏ သာသနာ တော်အတွက် ရက်ရောစွာ အသုံးပြုကြ၏။ အမှန်အားဖြင့် မစ္ဆရိယ သူဌေးမောင်နှံ တို့အား အလှူနှမြောသူများဘဝမှ အလှူရက်ရောသူများဘဝသို့ ရောက် အောင်၊ လူမပီသသောဘဝမှ အရိယာသူတော်စင်များဘဝသို့ ရောက်အောင် မြှင့်တင်ရာ၌ ရှင်မောဂ္ဂလာန်၏ ကျေးဇူးသည် များးစွာပါဝင်၏။ ထို့ကြောင့် မြတ်စွာဘုရားက လောကအပေါ် ရဟန်းတော်များအနေဖြင့် ကျင့်ရမည့် ကျင့်စဉ် ကို ဂါထာဖြင့် ဤသို့ဟောကြားတော်မူ၏။

– ပျားသည် ပန်းကိုလည်းကောင်း၊ ပန်း၏ အဆင်းနှင့်အနံ့ကို လည်းကောင်း မပျက်စီးစေဘဲ ပန်းဝတ်ရည်ကို စုပ်ယူ၍ ပျံသွားသကဲ့သို့၊ ထိုနည်းအတူ ရဟန်းဟူသည် အာယကာတို့၏ ငွေးစိမ်ဥစ္စာကို လည်းကောင်း၊ သဒ္ဓါ တရားကိုလည်းကောင်း မပျက်စီးစေဘဲ ဒါယကာတို့အပေါ်၌ ကျင့်သုံးရာ၏။

ရဟန်းဟူသည်မှာ ဒါယကာတို့ထံမှ ပစ္စည်းလေးပါးကိုယူ၍ ထိုပစ္စည်း လေးပါးအပေါ် အမှီပြုကာ မိမိ၏ သီလ သမာဓိ ပညာတည်းဟူသော သိက္ခာ သုံးပါးကို ရင့်သည်ထက်ရင့်အောင် တည်ဆောက်ရသူများ ဖြစ်ကြလေရာ

http://www.cherrythitsar.org



ဒါယကာတို့ထံမှ ပစ္စည်းလေးပါးကို ယူခြင်း၌ ပျားများ ပန်းဝတ်ရည်ယူနည်းအတိုင်း ယူရ၏။ ပစ္စည်းဥစ္စာများ ယုတ်လျော့သွားအောင်လည်း မယူရ၊ သဒ္ဓါတရား ယုတ်လျော့သွားအောင်လည်း မယူရ။

ဒါယကာများထံမှ ပစ္စည်းလေးပါးကို ရယူခြင်းသည် ဒါယကာတို့အား ချီးမြှောက်ခြင်းပင် ဖြစ်လေရာ ဒါယကာတို့အား ချီးမြှောက်ရာရောက်လေအောင် ရဟန်းအနေဖြင့် မိမိ၏ သိက္ခာသုံးပါးကို ရှင်သည်ထက်ရှင်အောင် အားထုတ်ရ၏။ မိမိ၏သိက္ခာသုံးပါးကို ရှင်သည်ထက်ရှင်အောင် အားထုတ်ပါက ထိုသို့ အားထုတ်ခြင်းဖြင့် မိမိ၏ ဒါယကာများ၌ ချမ်းသာသုခကို တိုးပွားအောင် ချီးမြှောက်ရာလည်း ရောက်၏။ ဒါယကာတို့၏ သဒ္ဓါစေသာ ဣန္ဒြေများကို ရှင်ကျက်သည်ထက် ရှင်ကျက်အောင် ဆောင်ရွက်ပေးရာလည်း ရောက်၏။

တာဝန်ကိုယ်စီ ရှိကြ၏။ ဒါယကာများက ရဟန်းများအား ပစ္စည်းလေးပါးဖြင့် ထောက်ပံ့ခြင်း "ပစ္စယာနုဂ္ဂဟ" တာဝန်ရှိ၏။ ရဟန်းများက ဒါယကာများအား ဓမ္မဖြင့် ထောက်ပံ့ခြင်း "ဓမ္မာနုဂ္ဂဟ"တာဝန်ရှိ၏။ ဒါယကာများသည် ပစ္စည်းဥစ္စာ ရှာဖွေရေး လုပ်ငန်း၌သာ အချိန်ကုန်သူများဖြစ်ကြ၏။ ထို့ကြောင့် ဓမ္မရေးရာနှင့် ပတ်သက်လျှင် နားလည်မှု နည်းပါးကြ၏၊ ရဟန်းများကား ဓမ္မကိုရှာဖွေ ကျင့်သုံးရေးလုပ်ငန်း၌ အချိန်ကုန်သူများဖြစ်ကြ၏။ ထို့ကြောင့် ရဟန်းများသည် ဓမ္မရေးရာနှင့်ပတ်သက်လျှင် များစွာကျွမ်းကျင်၏၊ သို့ဖြစ်လေရာ ဓမ္မရေးရာနှင့်ပတ်သက်လျှင် ကျွမ်းကျင်သော ရဟန်းတော်များက ဓမ္မရေးရာနှင့်ပတ်သက်လျှင် မကျွမ်းကျင်ကြသော ဒါယကာများအား လောက၌ ဓမ္မနှင့်အညီ နေတတ်အောင်၊ ထိုင်တတ်အောင် ဟောပြောကြရမည် ဖြစ်၏။ ထိုသို့ ဟောပြောခြင်းသည်ပင် မိမိ၏ တာဝန်ကို ဆောင်ရွက်ခြင်း မည်၏။ ဤသည်ပင် ဂါထာ၏အနက်ဖြစ်လေ၏။

# ပါဝေယျက အာဇီဝက

သာဝတ္ထိပြည်တွင် ဇေတဝန်ကျောင်းတော်လည်းရှိ၏။။ ပရိဗိုဇ် ကျောင်းတိုက်များလည်းရှိ၏။ အာဇီဝက ကျောင်းတိုက်များလည်းရှိ၏။ ကောသလမင်းကြီးကား ဘာသာရေးဆိုင်ရာ ပုဂ္ဂိုလ်များအားလုံးနှင့် သင့်လျော်သလို ဆက်ဆံသူဖြစ်၏။ ထို့ကြောင့် သူ၏ နိုင်ငံ၌ ဘာသာရေးဆိုင်ရာ ကျောင်းတိုက်မျိုးစုံ တည်ရှိနေခြင်းဖြစ်၏။

## ရာပြည့်စာအုပ်တိုက်

http://www.cherrythitsar.org



အာဇီဝကကျောင်းတိုက်တွင်ပါဝေယျကသည် သီတင်းသုံးနေထိုင်၏။ ပါဝေယျကသည် အာဇီဝက တက္ကတွန်းဖြစ်၏။ အာဇီဝကဂိုဏ်း၏ ကျင့်စဉ်အရ ကျင့်နေသူလည်း ဖြစ်၏။ အာဇီဝကတို့၏ ကျင့်စဉ်ကား တပကျင့်ဖြစ်၏။ အာဇီဝကတို့၏ တပအကျင့်ကား အတ္တကိလမထ ကျင့်စဉ်၌ ပါဝင်၏။ တပ အကျင့်ကို ကျင့်ရာတွင် ပြင်းပြင်းထန်ထန် ကျင့်သူများလည်းရှိ၏။ လျော့ရိလျော့ရဲ ကျင့်သူများလည်းရှိကြ၏။ ပါဝေယျကကား ပြင်းပြင်းထန်ထန် ကျင့်သူ မဟုတ်ဘဲ လျော့ရိလျော့ရဲကျင့်သူဖြစ်၏။ ထို့ကြောင့် ပါဝေယျကသည် သာဝတ္ထိပြည် ပြည်သူ ပြည်သားများနှင့် ရင်းရင်းနှီးနှီး ဆက်ဆံခြင်းဖြစ်၏။ အမှန်အားဖြင့် ပါဝေယျကသည် ဒါယကာ၊ ဒါယိကာမများနှင့်ဆက်ဆံရာတွင် သူ၏ အာဇီဝက တဒကို ယုံကြည်သက်ဝင်လာအောင် အားထုတ်ရေးသည် ပဓာနမဟုတ်၊ ခင်မင် ရင်းနှီးရေးသည်သာ ပဓာနဖြစ်၏။ ဆွေလိုမျိုးလို ခင်မင်အောင် ပါဝေယျကသည် အားထုတ်၏။ ဆွေရင်းမျိုးချာလု ခင်မင်ရင်းနှီးပါက လာဘ်လာဘများကို ပေါ များစွာ ရနိုင်ကြောင်းကိုပါ ပါဝေယျကသည် သိ၏။ ထို့ကြောင့် ပါဝေယျကသည် ဒါယကာ၊ ဒါယိကာမများနှင့် ဆက်ဆံရာတွင် ဆွေမျိုးရင်းချာ တစ်ယောက်လို ခင်မင်သွားအောင် ဆက်ဆံခြင်းဖြစ်၏။ ဒါယကာ ဒါယိကာမတို့၏ ဝေယျာဝစ္စ များကို ကြိုးစားပမ်းစားဆောင်ရွက်ပေး၏။ မိသားစု၏ အားကိုးစရာ တစ်ယောက် အနေဖြင့် သက်ဝင်ခံယူသွားအောင် အားထုတ် ၏။ ဤသို့သော အားထုတ်နည်း မျိုးကို မြတ်စွာဘုရား၏ ဝိနည်းဒေသနာတော်က တားမြစ်သော်လည်း အာဇီဝက တို့၏ ဝိနည်းဒေသနာ တော်ကမူမတားမြစ်ချေ။

သာဝတ္ထိပြည်တွင် သူကြွယ်မတစ်ယောက်ရှိ၏။ ထိုသူကြွယ်မသည် ပါဝေယျက၏ ဒါယိကာမဖြစ်၏။ သူကြွယ်မသည် ပါဝေယျကကို သားအရင်း လိုချစ်၏။ အမှန်အားဖြင့် ထိုသူကြွယ်မသည် ထိုတာဝန်ဝင် သစ္စာလေးပါးကို ထိုးထွင်း၍သိပြီး သောတာပန်ဖြစ်လောက်အောင် ပါရမီရင့်သူ ဖြစ်၏။ သို့ပါ လျက် သူကြွယ်မသည် အာဇီဝကများကို ကိုးကွယ်လျက်ရှိ၏။ အထူးသဖြင့် ပါဝေယျကကို ကိုးကွယ်လျက်ရှိကြ၏။ သူကြွယ်မသည် ပါဝေယျကကို သားလို လည်းချစ်၏။ ကိုးကွယ်စရာ ပုဂ္ဂိုလ်တစ်ဦးအနေဖြင့်လည်း ကိုးကွယ်၏။ သူကြွယ်မသည် ပါဝေယျကထံမှ တရားဓမ္မကို နာကြား၏။ ပါဝေယျကတို့၏ အာဇီဝကဂိုဏ်း၏ အဆုံးအမအတိုင်းလည်း လိုက်နာကျင့်သုံး၏။ သို့ရာတွင် သူကြွယ်မသည် အာဇီဝကတို့၏အဆုံးအမဖြစ်သော အာဇီဝကတို့၏ သာသနာ၌ မဂ္ဂင်ရှစ်ပါးကို အရိပ်အယောင်မျှပင် မတွေ့။ မဂ္ဂင်ရှစ်ပါး၏ အရိပ်အယောင်ကို မတွေ့သော်လည်း သူကြွယ်မသည် အာဇီဝကများကို ကိုးကွယ်မြဲ ကိုးကွယ်၏။

http://www.cherrythitsar.org



ပါဒေယျကကိုလည်း ထောက်ပံ့မြဲထောက်ပံ့၏။ သံယောဇဉ်ဆိုသည်ကား စက်၏။ တွယ်တာမိလျှင် ဖြတ်ရက်၏။ အမှန်အားဖြင့် သံယောဇဉ်ဟူသည် မဂ်ဉာဏ်ဖြင့်သာ ဖြတ်နိုင်သော ကြိုးဖြစ်၏။ သာမန်လောကီ ကုသိုလ်ဉာဏ်များဖြင့် ဖြတ်ပါသော်လည်း တင်းခံတတ်၏။ ဤသည်ကိုပင် မာရ်နတ်၏ တပ်၌ ကျဆုံးခြင်း ဟူ၍ဆိုရ၏။ ယခုလည်း သူကြွယ်မသည် ပါဒေယျကအပေါ် သားလို တွယ်တာမိသော သံယောဇဉ်ကြောင့် မာရ်နတ်၏ တပ်မ၌ ကျဆုံးရခြင်း ဖြစ်၏။

ထိုစဉ်က သာဝတ္ထိပြည်သူပြည်သားများသည် မြတ်စွာဘုရား၏ ကျောင်းတော်သို့ သွားတရားနာလေ့ရှိကြ၏။ သူကြွယ်မသည် မြတ်စွာဘုရား၏ ကျောင်းတော်သို့သွား၍ တစ်ခါမျှ တရားနာယူခြင်း မရှိ။ ထို့ကြောင့် မြတ်စွာဘုရား၏ ဒါနကထာကိုလည်း နာကြားဖူးခြင်းမရှိ။ သီလကထာကိုလည်း နာကြားဖူးခြင်းမရှိ။ ဒါနကထာနှင့် သီလကထာတို့သည် နတ်ပြည်သို့ ရောက်ကြောင်းလမ်းစဉ်နှင့် ပတ်သက်သော တရားဒေသနာများ ဖြစ်ကြ၏။ နိဗ္ဗာန်သို့ ရောက်ကြောင်း လမ်းစဉ်နှင့် ပတ်သက်သော မဂ္ဂကထာကို ကြားနာဖို့ကား ဝေးလေ၏။ မြတ်စွာဘုရား၏ တရားဟောစဉ်ကား ဤသို့ဖြစ်၏။ ရှေးဦးစွာ နတ်ပြည်သို့ ရောက်ကြောင်း အကျင့်ဖြစ်သော ဒါနနှင့်သီလကိုဟောကြားတော်မူ၏။ ဒါနနှင့် သီလကြောင့်ရရှိသော နတ်ပြည်ကို အကျိုးတရားအနေဖြင့် ဟောကြား တော်မူ၏။ နတ်ပြည်အကြောင်းကို သဂ္ဂကထာဟူ၍ဆို၏။ လောကီတရားတို့၏ ကြောင်းကျိုးအစုံကို ဟောကြားပြီးနောက် လောကုတ္တရာ တရားတို့၏ ကြောင်းကျိုးအစုံကို ဟောကြားတော်မူ၏။ ထိုတွင် အကြောင်းလမ်းစဉ်ကို မဂ္ဂကထာ ဟူ၍ခေါ်၏။ အကျိုးပန်းတိုင်ကို ကာမာနံ အာဒီနဝကထာဟူ၍လည်းကောင်း၊ နိက္ခမ္မေ အာနိသံသကထာ ဟူ၍လည်းကောင်း ခေါ်၏။

မဂ္ဂကထာတွင် ဝိပဿနာလည်းပါ၏။ သစ္စာလည်း ပါ၏။ ဝိပဿနာကို ကြားနာရသဖြင့် ကြားနာရသည့်အတိုင်း ကျင့်ကြံအားထုတ်၍ ဝိပဿနာဉာဏ်များကို ရသောအခါ ကာမဂုဏ်တို့၏ အပြစ်ကို မြင်၏။ ကာမဂုဏ်တို့၌ ငြီးငွေ့၏။ ဤသည်မှာ ဝိပဿနာ၏ အကျိုးဖြစ်၏။ ယင်းအကျိုးကို "ကာမာနံ အာဒီနဝကထာ" ဟူ၍ ဆို၏။ ဤအကျိုးကို ရသည်ဆိုလျှင်ပင် ကာမဂုဏ်ကြောင့်ရသော ဆင်းရဲဒုက္ခ အမျိုးမျိုးမှ လွတ်မြောက်၏။ သစ္စာလေးပါးကို သိ၍ သစ္စာဉာဏ်ကို ရသောအခါ ကာမဂုဏ်တို့မှ လွတ်မြောက်ရာ နိဗ္ဗာန်ချမ်းသာကို ရ၏။ နိဗ္ဗာန်ချမ်းသာတွင် ကာမဂုဏ်တို့မှ လွတ်မြောက်မှုသည် အကျိုးအာနိသင် အနေဖြင့် ပါဝင်၏။ ယင်းအကျိုးအာနိသင်ကို "နိက္ခမ္မေ အာနိသံသကထာ" ဟူ၍ ဆိုရ၏။

http://www.cherrythitsar.org



သူကြွယ်မကြီး၏ အိမ်နီးနားချင်းတို့သည် ဇေတဝန်ကျောင်းတော်သို့ သွား၍ မြတ်စွာဘုရား၏ တရားဒေသနာတော်များကို နာကြားကြ၏။ နတ်ပြည် စည်းစိမ်ကိုလိုလျှင် လိုက်နာကျင့်သုံးရမည့် ဒါနနှင့် သီလတို့ကို သူတို့သည် သိလာကြ၏။ ကာမဂုဏ်တို့မှ လွှတ်မြောက်ပြီး ကာမဂုဏ်ချမ်းသာတို့ထက်ပိုသော နိဗ္ဗာန်ချမ်းသာကို ရလိုပါလျှင် လိုက်နာကျင့်သုံးရမည့် မဂ္ဂင်ရှစ်ပါး အကျင့်မြတ် တရားကိုလည်း သူတို့သည် သိလာကြ၏။ အိမ်နီးနားချင်းကောင်းများ အနေဖြင့် သူတို့သိလာကြသော တရားဓမ္မများကို သူကြွယ်မအား ပြောကြားသောအခါ သူကြွယ်မသည် များစွာ စိတ်ဝင်စား၏။ သူကြွယ်မ၏ ပါရမီတို့သည် သူ့အဆင့် အလျောက် ရင့်လေပြီ။ ထို့ကြောင့် သူကြွယ်မသည် မြတ်စွာဘုရား၏ ကျောင်း တော်သို့ သွား၍ မြတ်စွာဘုရား၏ တရားဒေသနာတော်များကို များစွာနာကြား ချင်လာ၏။ သူပြောလူပြော ကြားရုံနှင့်ပင် မြတ်စွာဘုရား၏ တရားတော်သည် များစွာအံ့ဖွယ်ရှိပါ၏။ တစ်ခါမျှ မကြားဖူးသော မဂ္ဂင်ရှစ်ပါးကိုလည်း ကြားရ၏။ တစ်ခါမျှ မကြားဖူးသော နိဗ္ဗာန်ချမ်းသာကိုလည်း ကြားရ၏။ အမှန်အားဖြင့် သူကြွယ်မသည် မိမိ၏ ရင့်သောပါရမီဉာဏ်ဖြင့် မြတ်စွာဘုရား၏ တရားတော် အတိမ်အနက်ကို ခန့်မှန်းနိုင်၏။ ထို့ကြောင့် သူကြွယ်မသည် မြတ်စွာဘုရား၏ ကျောင်းတော်သို့ သွား၍ မြတ်စွာဘုရား၏ တရားဒေသနာတော်ကို နာကြားလိုခြင်း ဖြစ်၏။ ပါရမီများက နှိုးဆော်လာသောအခါ ဤသို့ပင် ဖြစ်ရ၏။ ထို့ကြောင့် သူကြွယ်မသည် ဇေတဝန်ကျောင်းတော်သို့ သွား၍ တရားနာရန် ဆုံးဖြတ်လိုက်၏။

ဆုံးဖြတ်ပြီးနောက် ပါဝေယျက ပြောကြား၏။ အမှန်အားဖြင့် ပါဝေယျကသည် သူကြွယ်မ၏ ဆိုးတိုင်ပင်ဖက် ကောင်းတိုင်ပင်ဖက် ဖြစ်၏။ ထို့ကြောင့် သူကြွယ်မက ပါဝေယျအား ထုတ်ဖော်ပြောပြခြင်းဖြစ်၏။ ထိုအခါ ပါဝေယျကသည် များစွာ တုန်လှုပ်သွား၏၊ သူ့အတွက် ဒါယိကာမ တစ်ယောက် ဆုံးရှုံးသွားမှာကို များစွာ စိုးရိမ်၏။ ထို့ကြောင့် ပါဝေယျကသည် သူကြွယ်မအား ဇေတဝန်ကျောင်းတော်သို့ သွားရောက်၍ တရားမနာရန် ပြောကြား၏။ ယခင်က ဆိုလျှင် ပါဝေယျက သဘောမတူသော လုပ်ငန်းဟူသမျှကို သူကြွယ်မသည် မလုပ်ဘဲ နေမြဲဖြစ်၏။ ယခုအခါ၌မူ ပါရမီက၏ နှိုးဆော်မှုကြောင့် သူကြွယ်မ သည် ဇေတဝန်ကျောင်းတော်သို့ သွား၍ မြတ်စွာဘုရား၏ တရားကိုနာယူရန် အလွန် စိတ်သန်လျက်ရှိ၏ ထို့ကြောင့် ဒုတိယအကြိမ် သူကြွယ်မသည် ပါဝေ ယျကအား ပြောပြန်၏။ ပါဝေယျကလည်း ဒုတိယအကြိမ် တားမြစ်ပြန်၏။ သူကြွယ်မက တတိယအကြိမ် ပါဝေယျကအားပြောပြန်၏။ ပါဝေယျကလည်း တတိယအကြိမ် တားမြစ်ပြန်၏။

**ရာပြည့်တာအုပ်တိုက်**

http://www.cherrythitsar.org



ထိုအခါ သူကြွယ်မသည် တစ်မျိုးကြံ၏၊ ပါဝေယျကကို ဆောင်းပန်နေလျှင်တော့ ပါဝေယျကက တားမြစ်နေသဖြင့် မြတ်စွာဘုရား၏ တရားဒေသနာတော်ကို နာယူဖြစ်မည် မဟုတ်၊ မြတ်စွာဘုရားကို အိမ်သို့ဆွမ်းစားပင့်ပြီး တရားနာမှပဲ ဖြစ်ပေတော့မည်။ ဤသို့ သူကြွယ်မက ကြံ၏။ ကြံသည့်အတိုင်းပင် မိမိ၏သားအား ဇေတဝန်ကျောင်းတော်သို့ သွား၍ မြတ်စွာဘုရားအား ဆွမ်းစားပင့်လှတ် လိုက်၏။ သားလည်း မြတ်စွာဘုရားကို ဆွမ်းစားပင့်ရန် သွား၏။ သို့ရာတွင် သူကြွယ်မ၏သားသည် ဇေတဝန်ကျောင်းတော်သို့ တိုက်ရိုက်မသွားဘဲ အာဇီဝက ကျောင်းတိုက်သို့သွား၍ ပါဝေယျကကို တွေ့၏။ ပါဝေယျကက အကျိုးအကြောင်း မေးမြန်းသောအခါ မိမိ၏မိခင်က မြတ်စွာဘုရားကို ဆွမ်းစားပင့်ခိုင်းလိုက်သဖြင့် ဇေတဝန်ကျောင်းတော်သို့ သွား၍ မြတ်စွာဘုရားကို ဆွမ်းစားပင့်ရန် သွားမည်ဖြစ်ကြောင်း သူကြွယ်မ၏သားက ပါဝေယျကအား ပြော၏၊ ထိုအခါ ပါဝေယျကသည် မြတ်စွာဘုရားကို သွားရောက်မပင့်ရန် ပြော၏၊ သူကြွယ်မ၏ သားကလည်း မိခင်၏အမိန့်ကို လွန်ဆန်ရန် မဖြစ်နိုင်ကြောင်း ပြောလျှင် မိခင်၏ အမိန့်ကို လိုက်နာသည့်အနေဖြင့် “မည်သည့်အိမ်၊ မည်သည့်လမ်း က” ဟု နေရပ်ကို မပြောဘဲ မြတ်စွာဘုရားအား ဆွမ်းစားကြွတော်မူရန်သာ လျှောက်ထားပြီး ပြန်လာခဲ့ဟူ၍ မှာကြားလိုက်၏။ သူကြွယ်မ၏ သားသည်လည်း ပါဝေယျက အကြံပေးသည့်အတိုင်းပင် ဇေတဝန်ကျောင်းတော်သို့သွား၍ နေရပ်လိပ်စာမပြောဘဲ မြတ်စွာဘုရားကို ဆွမ်းစားပင့်လေ၏။ ဝတ်ကျေဝတ်ကုန် သဘောဖြစ်၏။

ထို့နောက် သူကြွယ်မ၏သားသည် ပါဝေယျက သိတင်းသုံးရာ အာဇီဝက ကျောင်းတိုက်သို့သွားပြီး ပါဝေယျကအား အကျိုးအကြောင်း ပြောပြလေ၏။ ပါဝေယျကကိုလည်း မနက်ဖြန် ဆွမ်းစားကြွရန်ပင့်၏။ ပါဝေယျကနှင့် သူကြွယ်မသားတို့က နေရပ်လိပ်စာကို မလျှောက်ထားခဲ့သဖြင့် မြတ်စွာဘုရားသည် သူကြွယ်မ၏ အိမ်သို့ ကြွနိုင်မည် မဟုတ်သောကြောင့် သူတို့နှစ်ယောက်သာ အစားကောင်းများကို စားရတော့မည်ဟု ကျိတ်၍ ဝမ်းသာနေကြ၏။ ပါဝေယျကနှင့် သူကြွယ်မသားနှစ်ယောက် တို့သည် သဗ္ဗညုတဉာဏ်တော်ရှင် မြတ်စွာဘုရား၏ စွမ်းအင်ကိုမသိကြ။ အမှန်အားဖြင့် မြတ်စွာဘုရားသည် သူကြွယ်၏အိမ်သို့ သွားရာလမ်းကို မဆိုထားနှင့်၊ စကြဝဠာပြည်သို့ သွားရာလမ်းကိုလည်း သိ၏။ နတ်ပြည်သို့ သွားရာလမ်းကိုလည်း သိ၏။ အပါယ်လေးပုံသို့ သွားရာလမ်းကိုလည်း သိ၏။ ထိုထို နေရာဒေသ အားလုံးသို့ သွားရာလမ်း အားလုံးကို မြတ်စွာဘုရားသည် သိတော်မူ၏။

http://www.cherrythitsar.org



ပါဝေယျကသည် ထိုနေ့ဆွမ်းစားကာလပင်လျှင် သူကြွယ်မ၏ အိမ်သို့ လာ၏။ မိမိအတွက်ခင်းထားသော နေရာ၌နေ၏။ ပါဝေယျကအတွက် နေရာကို နောက်တက်တိုက်ခန်း၌ ခင်းထား၏။ မြတ်စွာဘုရားသည်လည်း နံနက်စောစော ကပင်လျှင် သပိတ်သင်္ကန်းကို ယူတော်မူ၍ သူကြွယ်မအိမ်သို့ ကြွတော်မူပြီးလျှင် မြတ်စွာဘုရားအတွက် ခင်းထားအပ်သော နေရာ၌ နေတော်မူ၏။ သူကြွယ်မသည် မြတ်စွာဘုရားအား မွန်မြတ်သော ဘောဇဉ်တို့ဖြင့် လုပ်ကျွေး၏။ ဆွမ်းစားတော်မူပြီးနောက် မြတ်စွာဘုရားသည် ဆွမ်းအနုမောဒနာတရားကို ဟောကြားတော်မူ၏။ သူကြွယ်မ သည်လည်း "သာဓု--သာဓု" ဟူ၍ ကောင်းချီးပေးလျက် တရားတော်ကို နာကြား၏။

သူကြွယ်မ၏ သာဓုခေါ်သံကိုကြားသောအခါ ပါဝေယျကသည် များစွာ ဒေါသထွက်၏။ (?) တည်တံ့၍နေခြင်းငှာ မစွမ်းနိုင်သည်ဖြစ်၏။ ဤ ဒါယိကာမကြီးသည် မိမိအား ယခင်ကလို ကြည်ညိုသဒ္ဓါ ရှိတော့မည် မဟုတ်။ ကြည်ညိုသဒ္ဓါ မရှိတော့လျှင် မိမိအား လှူဒါန်းတော့မည်မဟုတ်။ ပါဝေယျကသည် ဤသို့ ယူဆပြီး ဆွမ်းပင်မစားတော့ဘဲ မိမိနေရာ တိုက်ခန်းမှ ထွက်ပြီးလျှင်–

"ဟယ် သူယုတ်မ၊ ရှင်ကြီးဂေါတမအား ဤသို့သော ပူဇော် သက္ကာရကို ပြု၏။ သင်သည် ပျက်လေတော့"ဟူ၍ သူကြွယ်မအား လည်းကောင်း၊ မြတ်စွာ ဘုရားအားလည်းကောင်း ဆဲရေး၍ မိမိ၏ အာဇီဝကကျောင်းတိုက်သို့ ပြန်သွား လေ၏

သူကြွယ်မသည် မြတ်စွာဘုရားအား များစွာ အားနာ၏။ မိမိ၏ အမြစ် ကိုလည်း ရှက်၏။ ထို့ကြောင့် သူကြွယ်မသည် မြတ်စွာဘုရား ဟောကြားတော် မူသော တရားတော်၌ ကောင်းစွာမနာကြားနိုင်ဘဲရှိလေ၏။ သမာဓိကို ဆောက် တည်၍ မရနိုင်ဘဲ ရှိလေ၏။ မြတ်စွာဘုရားသည် သူကြွယ်မ၏ စိတ်အခြေအနေ ကို သိတော်မူ၏။ အမှန်အားဖြင့် သူကြွယ်မသည် မြတ်စွာဘုရားထံမှ ဒါနကို နာကြားရသော်လည်း ဒါနမှန်း မသိ။ သီလကို နာကြားရသော်လည်း သီလမှန်း မသိ။ မဂ္ဂင်ရှစ်ပါး ဝိပဿနာကို နာကြားရသော်လည်း မဂ္ဂင်ရှစ်ပါး ဝိပဿနာမှန်း မသိ။ သူကြွယ်မ၏ စိတ်သည် ပျံ့လွင့်နေလေ၏။ ထိုအခါ မြတ်စွာဘုရားက သူကြွယ်မအား တရားတော်၌ လေးလေးနက်နက် တည်တည်ငြိမ်ငြိမ် နာယူနိုင် စေရန် ဂါထာဖြင့် အောက်ပါအတိုင်း ဟောကြားတော်မူ၏။

– **အမြားသူများ၏ အပြစ်များကို မကြည့်ရာ၊ အမြားသူများ၏ ထိုထို ကောင်းမှု မကောင်းမှု ပြုမပြုတို့လည်း မကြည့်ရာ၊**
– **မိမိ၏ ကောင်းမှုပြုသည် မပြုသည်ကိုသာ ကြည့်ရာ၏။**

**ရာပြည့်ဓာအုပ်တိုက်**

http://www.cherrythitsar.org



ဤဒေသနာတော်ကို ကြားရသောအခါ သူကြွယ်မသည် စိတ်၏တည်ငြိမ်မှု သမာဓိကိုရ၏။ သမာဓိကိုရလျှင် အမှန်အတိုင်း သိစွမ်းနိုင်သော ယထာဘူတဉာဏ်ကို ရ၏။ ယထာဘူတဉာဏ်ကို ရသောအခါ ခန္ဓာတို့၏ ဖြစ်ပျက်ကို မြင်သော ဝိပဿနာဉာဏ်ကိုရ၏။ ထို့နောက် ဖြစ်ပျက်တို့၏ကုန်ဆုံးရာ နိဗ္ဗာန်ကို မြင်သော မဂ်ဉာဏ်ကိုရ၏။ သူကြွယ်မရသော မဂ်ဉာဏ်ကား သောတာပတ္တိမဂ်ဉာဏ် ဖြစ်၏။ ထို့ကြောင့် သူကြွယ်မသည် သောတာပန် ဖြစ်သွားလေ၏။ ဂါထာ၏ ဆိုလိုရင်း အဓိပ္ပာယ်အကျဉ်းမှာ ဤသို့ဖြစ်၏။ မည်သူပင်ဖြစ်ဖြစ် လုပ်ငန်းတစ်ခုခုကို လုပ်ရာ၌ ဤဂါထာပါ သွန်သင်ချက်အတိုင်း လုပ်ရ၏။ ထိုသို့လုပ်ပါက လောကီအကျိုးများကိုသာမက အရိယသစ္စာကို သိခြင်းတိုင်အောင်သော လောကုတ္တရာ အကျိုးများကိုပါရ၏။

ပတ်ဝန်းကျင်တွင် ကောင်းမှုကို လုပ်သူများလည်းရှိ၏။ မကောင်းမှုကို လုပ်သူများလည်းရှိ၏။ "သကမ္မသကာ ကမ္မသကာ" ဆိုသည့်အတိုင်း သူတို့လုပ်သောကံက သူတို့အတွက် ဖြစ်၏။ မိမိအတွက် ဖြစ်စေလိုလျှင် ပတ်ဝန်းကျင်၏ ဆွဲဆောင်မှုကို သည်းခံရ၏။ ကောင်းသော လုပ်ငန်းဖြင့် ဆွဲဆောင်လျှင်လည်း သည်းခံရ၏။ မကောင်းသော လုပ်ငန်းဖြင့် ဆွဲဆောင်လျှင်လည်း သည်းခံရ၏။ ကောင်းသောလုပ်ငန်းဖြင့် ဆွဲဆောင်ခြင်း ဟူသည်မှာ မိမိကိုမြှောက်ခြင်း ဖြစ်၏။ မကောင်းသော လုပ်ငန်းဖြင့် ဆွဲဆောင်ခြင်းဟူသည်မှာ မိမိကို ချောက်ခြင်းဖြစ်၏။ ထို့ကြောင့် မြှောက်ခြင်း၌လည်း အလေးထားရမည် မဟုတ်၊ ချောက်ခြင်း၌လည်း အလေးထားရမည် မဟုတ်။ ဤသို့ အလေးမထားခြင်းသည်ပင် သည်းခံခြင်း ခန္တီပါရမီသဘော သက်ရောက်၏။

ပတ်ဝန်းကျင်၏ ဆွဲဆောင်မှုများကို အလေးထားဘဲ မိမိ၏ ရည်မှန်းချက်များကို မျက်ခြည်ပြတ်မခံခြင်းသည် ဥပေက္ခာပါရမီသဘော သက်ရောက်၏။ ယင်းကိုပင် လျစ်လျူရှုခြင်းဟူ၍ ဆိုရ၏။ အကျဉ်းအားဖြင့် ဆွဲဆောင်မှုများကို တွန်းလှန်နိုင်ခြင်းသည် သည်းခံခြင်း ခန္တီ၏ သဘောဖြစ်၏။ မိမိ၏ ရည်မှန်းချက်အတိုင်း ဆက်လက်ဆောင်ရွက်နိုင်ရန် စိတ်ကိုထားခြင်းသည် ဥပေက္ခာ၏သဘောဖြစ်၏။ အမှန်အားဖြင့် သူ့အလုပ်ကိုသူလုပ်၍ ကိုယ့်အလုပ်ကို ကိုယ်လုပ်ရမည်ဖြစ်၏။ ကိုယ့်အလုပ်ကို ကိုယ်က မလုပ်ဘဲ သူ့အလုပ်၌ စိတ်ရောက် နေရမည်မဟုတ်။ ထို့ကြောင့် သူ့အလုပ်၌ စိတ်မရောက်အောင် အားထုတ်ခြင်းသည် ခန္တီ၏သဘောဖြစ်၏။ ကိုယ့်အလုပ်၌သာ ကိုယ်ကစိတ်ရောက်အောင် အားထုတ်ခြင်းသည် ဥပေက္ခာ၏ သဘောဖြစ်၏။ သို့ဖြစ်လေရာ လုပ်ငန်းဟူသမျှ၌ ဤသဘောနှစ်မျိုးကို အခြေခံအားဖြင့် လိုအပ်၏။ ဤသဘောနှစ်မျိုးကို အခြေခံပြီးမှ

http://www.cherrythitsar.org



ဆိုင်ရာဆိုင်ရာ အလုပ်များကို လုပ်ရမည် ဖြစ်၏။ ဆိုင်ရာဆိုင်ရာအလုပ်များ ဟူသည်မှာ ဒါန သီလ ဘာဝနာ ဟူသော ကောင်းမှုများဖြစ်၏။ အခြေခံသဘော အားဖြင့် ဒါနဟူသည်မှာ ပံ့ပိုးခြင်း ဖြစ်၏။ သီလဟူသည်မှာ စိတ်ယုတ်မာများ ဝင်မလာနိုင်အောင်တားဆီးခြင်းဖြစ်၏။ ဘာဝနာဟူသည်မှာ ဖြူစင်သော စိတ်ကို ဖွံ့ဖြိုးခြင်း ဖြစ်၏။ ထို့ကြောင့် စီးပွားရေး၊ ပညာရေး၊ လူမှုရေး၊ နိုင်ငံရေး၊ အုပ်ချုပ်ရေး စသော ရေးရာအဖြာဖြာတို့ကို ဆောင်ရွက်ရာ၌ ဒါနသဘောကိုလည်း ပါဝင်အောင် ဆောင်ရွက်ရ၏။ သီလသဘောကိုလည်း ပါဝင်အောင် ဆောင်ရွက်ရ၏။ ဘာဝနာသဘောကိုလည်း ပါဝင်အောင် ဆောင်ရွက်ရ၏။

ထိုသို့ဆောင်ရွက်ရာတွင် အရေးကြီးသော ခံယူချက်တစ်မျိုးကို ထားရှိရန် လိုအပ်၏။ ထိုခံယူချက်မှာ မည်သည့်လုပ်ငန်းကို လုပ်လုပ်၊ ရာထူးဂုဏ်သိန် စည်းစိမ်ဥစ္စာနှင့် ထင်ပေါ်ကျော်စောမှုများကို မမျှော်မှန်းဘဲ လွတ်လပ်စင်ကြယ် သော စိတ်ဖြင့် ဆောင်ရွက်ခြင်း ဖြစ်၏။ ယင်းကို နေက္ခမ္မပါရမီ ဟူ၍ဆိုရ၏။ အမှန်အားဖြင့် လောကအတွက် အလုပ်လုပ်ရာတွင် ဘာကိုမျှ မျှော်ကိုးခြင်းမရှိဘဲ စေတနာမှန် သန့်သန့်ဖြင့် လုပ်ကိုင်ဆောင်ရွက်ခြင်းသည် နေက္ခမ္မပါရမီအကျင့်ကို ကျင့်ရာ ရောက်ပါ၏။ ထို့ကြောင့် မိမိတို့၏ ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုများကို လုပ်ရာ၌ သည်းခံခြင်း ခန္တီ၊ သူ့အလုပ်၌ စိတ်မရောက်သောဘဲ မိမိ၏ အလုပ် ၌သာ စိတ်ရောက်ခြင်း ဥပေက္ခာ၊ အကျိုးကို မမျှော်ကိုးဘဲ စေတနာသန့်သန့်ကို ထားခြင်း နေက္ခမ္မတို့ကို အခြေခံပြီးမှ ဆောင်ရွက်အပ်ပါ၏။

# သတ္တုပါဏိ ဥပါသကာ

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေထိုင် တော်မူစဉ်ကာလက ဖြစ်ခဲ့သော ဖြစ်ရပ်တစ်ခု ဖြစ်၏။

သတ္တုပါဏိသည် သာဝတ္ထိပြည်သားဖြစ်၏။ သူသည် အနာဂါမ်လည်း ဖြစ်၏။ ပိဋကတ်သုံးပုံကိုလည်း ဆောင်နိုင်၏။ သို့ရာတွင် သူသည် ရဟန်းမဝတ်။ ရဟန်းဝတ်ဟူသည် ဝတ်ချင်တိုင်းဝတ်၍ ဖြစ်သည်မဟုတ်။ သဒ္ဓါတရားလည်း ရှိပါမှ၊ အကြောင်းလည်း ညီညွတ်မှ ဝတ်၍ ဖြစ်၏။ ထို့ကြောင့် ရဟန်းဘဝကို သဒ္ဓါပစ္စဋ္ဌိတ ဘာသော ခုလ္လသောဟု ခုလ္လအတစ်ခုအနေဖြင့် မြတ်စွာဘုရားက ဟောကြားတော်မူခြင်း ဖြစ်၏။ အမှန်အားဖြင့် သတ္တုပါဏိ ဥပါသကာသည် အနာဂါမ်လည်း ဖြစ်၏။ ပိဋကတ်သုံးပုံကိုလည်း နှုတ်ငုံဆောင်နိုင်၏။ ထို့ကြောင့်

http://www.cherrythitsar.org



သူသည် ရဟန်းပြုလင့်ပါ၏။ သို့ရာတွင် သူသည် သဒ္ဓါတရား ရှိပါသော်လည်း အကြောင်းမညီညွတ်သဖြင့် ရဟန်းဝတ်နှင့် မနေနိုင်ဘဲ လူဝတ်ဖြင့်သာ နေခြင်းဖြစ်၏။ ရဟန်းဘဝ၏ တန်ဖိုးကို ဆတ္တပါဏိ ဥပါသကာသည် သိပါ၏။

တစ်နေ့တွင် ဆတ္တပါဏိသည် နံနက်စောစောကပင် ဥပုသ်သီလဆောက်တည်ပြီး မြတ်စွာဘုရားကို ဖူးမြော်၍ တရားတော်ကို နာကြားရန် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ သွားလေ၏။ အနာဂါမ်တိုင်အောင် အရိယသစ္စာကို သိမြင်ပြီး ဖြစ်သော်လည်း "မြတ်စွာဘုရားကို ဖူးမြင်ခြင်း၊ မြတ်စွာဘုရားထံတော်မှ တရားတော်ကို ကြားနာခြင်းသည် သူတော်ကောင်းတို့၏ တာဝန်ဖြစ်သည်"ဟု ဆတ္တပါဏိ ဥပါသကာက မှတ်ယူပြီး မြတ်စွာဘုရား သီတင်းသုံးရာ ကျောင်းတော်သို့ သွားခြင်းဖြစ်၏။ သူတော်ကောင်းဟူသည် မိမိ၏ တာဝန်ကို ကျေပွန်စွာ ဆောင်ရွက်လေ့ ရှိ၏။

ဆတ္တပါဏိ ဥပါသကာသည် မြတ်စွာဘုရားကို ဆည်းကပ်၍ တရားတော်ကို နာကြားနေစဉ် ပသေနဒီကောသလမင်းသည်လည်း မြတ်စွာဘုရားကို ဖူးမြော်ခစားဆည်းကပ်ခြင်းငှာ ကျောင်းတော်သို့ရောက်လာ၏၊ ထိုအခါ ဆတ္တပါဏိဥပါသကာအတွက် အခက်ကြုံ၏။ ဆတ္တပါဏိ ဥပါသကာ၌ ဝတ္တရား နှစ်ခုသည် တစ်ပြိုင်နက်တည်း တွေ့ဆုံ၏။ တစ်ခုသောဝတ္တရားမှာ တိုင်းသူပြည်သားတို့၏ ဝတ္တရားဖြစ်၏။ တိုင်းသူပြည်သားတို့၏ ဝတ္တရားအရ ဆတ္တပါဏိသည် မိမိ၏ ဘုရင်မင်းမြတ်ကို တွေ့မြင်လျှင် ထ၍အရိုအသေပေးပြီး ခရီးဦးကြိုဆို ရမည်ဖြစ်၏။ ထိုသို့ ကြိုပါမှလည်း တိုင်းသူပြည်သားတို့၏ ဝတ္တရား ကျေမည်ဖြစ်၏။ အခြားဝတ္တရားတစ်ခုမှာ ဥပါသကာတို့၏ ဝတ္တရား ဖြစ်၏။ ဝတ္တရားအရ ဆတ္တပါဏိဥပါသကာသည် ထိုင်မြဲနေရာ၌ ထိုင်၍သာလျှင် မြတ်စွာဘုရား၏ တရားတော်ကို မလှုပ်မယှက် နာမြဲနာရမည်ဖြစ်၏။ ထိုသို့မှ မိမိ၏ ထိုင်မြဲနေရာ၌ထိုင်ပြီး တရားတော်ကို နာမြဲအတိုင်း မနာယူဘူးဆိုလျှင် ဥပါသကာ၏ ဝတ္တရားပျက်၏။

ဆတ္တပါဏိဥပါသကာသည် မိမိအပေါ်၌ တစ်ပြိုင်နက်တည်း ကျရောက်လာသော ဝတ္တရားနှစ်မျိုးကို တစ်ပြိုင်နက်တည်း ကျေပွန်အောင် ဆောင်ရွက်ရန် မဖြစ်နိုင်သောအခါ ထိုဝတ္တရားနှစ်မျိုးအနက် မည်သည့် ဝတ္တရားကို ကျေပွန်အောင် လိုက်နာရပါမည်နည်း။ ဆတ္တပါဏိသည် မတုန်လှုပ်သောသဒ္ဓါဖြင့် မြတ်စွာဘုရားကို ကြည်ညိုသူဖြစ်၏။ ထို့ကြောင့် ဆတ္တပါဏိသည် ထိုပြဿနာကို ဆုံးဖြတ်ရာ၌ တွေးခေါ်စဉ်းစားစရာ သိပ်ပြီးမလိုလှ။ လောက၌ မြတ်စွာဘုရားထက် ပို၍ အလေးထားရမည့် အရာဟူ၍ ဘာမျှမရှိဟု ဆတ္တပါဏိက သိ၏။ ထို့ကြောင့်

http://www.cherrythitsar.org



ကောသလ မင်းကြီး အမျက်ထွက်လျှင်လည်း ထွက်ပါစေတော့၊ မြတ်စွာဘုရား၌ မရိုသေရာရောက်အောင် တရားတော်ကို နာယူရင်း တန်းလန်းက ထပြီး မင်းကြီးကို သူများနည်းတူ ခရီးဦးမကြိုဆိုတော့ဘူး ဟုဆုံးဖြတ်ပြီး တရားတော်ကိုသာ ဆက်လက် နာယူလေ၏။

ဆတ္တပါဏိဥပါသကာသည် အနာဂါမ်ဖြစ်၏။ အနာဂါမ် ဖြစ်သဖြင့် ဒေါသကိုပယ်ပြီးဖြစ်၏။ ဒေါသကိုပယ်ပြီးဖြစ်သဖြင့် သူ့၌ ကြောက်ရွံ့သော စိတ်ဟူ၍မရှိ။ အဘိဓမ္မာ တရားကိုယ်အရ ကြောက်ရွံ့ခြင်း ဟူသမျှ ဒေါသပင် ဖြစ်၏။ သို့ရာတွင် ယင်းဒေါသကား နုသောဒေါသဖြစ်၏။ ထို့ကြောင့်ဒေါသကို ပစ်ပယ်ပြီးသော ဆတ္တပါဏိ ဥပါသကာသည် မင်းကြီးမှ မိမိထံသို့ ကျရောက်လာနိုင်သော ဘေးအန္တရာယ်များ မကြောက်ရွံ့ခြင်းဖြစ်၏။ ဆတ္တပါဏိဥပါသကာသည် မင်းကြီးကို မကြောက်ရွံ့သော်လည်း မင်းကြီးကိုမူ ရိုသေလေးစား၏။ မင်းကြီးအပေါ်၌ မောက်မာမှု ဟူ၍ မရှိ။ မောက်မာမှုဟူသည် မာနဖြစ်၏။ အနာဂါမ် အနေဖြင့် မာနကို မြစ်ပြတ် မပယ်နိုင်သေးသော်လည်း မာနကိုကောင်းစွာ ထိန်းချုပ်နိုင်ပေပြီ။ မင်းကြီးအပေါ် မဆိုထားနှင့်၊ မည်သူ့အပေါ်၌မဆို ဆတ္တပါဏိ ဥပါသကာသည် မာနကို ထိန်းချုပ်နိုင်၏။

ဆတ္တပါဏိဥပါသကာ မျှော်လင့်ထားသည့်အတိုင်း ကောသလမင်းကြီးသည် ဆတ္တပါဏိ ဥပါသကာကို အမျက်ထွက်၏။ ထိုနေရာရှိ အခြားသော တရားနာပရိသတ်အားလုံးက မိမိအပေါ် လေးစားကြပါလျက် ဆတ္တပါဏိ ဥပါသကာက မိမိအပေါ် အဘယ်ကြောင့် မလေးစားသနည်း။ မင်းကြီးသည် မကျေနပ်။ ဆတ္တပါဏိ ဥပါသကာက နေရာမှထ၍ မိမိကို ခရီးဦး မကြိုဆိုခြင်းကိုပင် သူ့အပေါ် မလေးစားခြင်းဟူ၍ ကောသလမင်းကြီးက အဓိပ္ပာယ်ကောက်ယူ၏။ များသောအားဖြင့် ကြီးမြင့်သူတစ်ဦးသည် အရိုအသေကိုကြိုက်တတ်ကြ၏။ သို့ရာတွင် မြတ်စွာဘုရား၏ရှေ့တော်မှောက်၌ မင်းကြီးသည် ဘာတတ်နိုင်ပါ မည်နည်း။ ကောသလမင်းကြီးသည် ဆတ္တပါဏိ ဥပါသကာအပေါ် စိတ်ထဲက "ဒေါး" ထားလိုက်၏။

မြတ်စွာဘုရားက ကောသလမင်းကြီး၏ အာသယကို သိ၏။ မြတ်စွာဘုရားသည် မဟာကရုဏာရှင် ဖြစ်တော်မူသည့် အားလျော်စွာ မပြစ်မှားထိုက်သော ဆတ္တပါဏိ ဥပါသကာအပေါ် ပြစ်မှားမိသော ကောသလမင်းကြီး၏ မကောင်းမှုကို ပြေပျောက်စေလို၏။ အကယ်၍ မပြေပျောက်ပါက ထိုအပြစ်သည် ရှည်စွာသော ကာလတို့ပတ်လုံး မင်းကြီးအား မလိုလားအပ်သော အပြစ်ကို ဖြစ်ပေါ်စေလိမ့်မည်။ ထို့ကြောင့် မင်းကြီးသို့ ရောက်နိုင်သော ထိုအပြစ်ကို ပျောက်ပါစေခြင်း

http://www.cherrythitsar.org



အကျိုးမှာ မြတ်စွာဘုရားက မင်းကြီး၏ ရှေ့မှောက်၌ ဆတ္တပါဏိ ဥပါသကာအား ဤသို့ ချီးမွမ်း၏။

“မင်းကြီး၊ ဆတ္တပါဏိ ဥပါသကာသည် ပညာရှိ၏။ သိမြင်အပ်ပြီးသော တရားရှိ၏။ ပိဋကတ်သုံးပုံကို ဆောင်၏။ အကျိုးဟုတ်သည် မဟုတ်သည်၌ လိမ္မာ၏။”

သုံးလောကထွတ်ထား မြတ်စွာဘုရားကိုယ်တော်က ဆတ္တပါဏိ ဥပါသကာအား ချီးမွမ်းသည်ကို ကြားသောအခါ ကောသလမင်းကြီးသည် ဆတ္တပါဏိ ဥပါသကာအပေါ် ဖြစ်မှားမိသော မိမိ၏အပြစ်ကို မှားမှန်းမြင်လာ၍ စိတ်ဆိုး ပြေသွား၏။ အာဃာတ ပျောက်သွား၏။ ထိုသည်မှာ ပုထုဇဉ်တို့၏ ဓမ္မတာ ဖြစ်၏။ ပုထုဇဉ်များအနေဖြင့် မိမိက “မကောင်း” ထင်ထားသော လူတစ်ဦး တစ်ယောက်နှင့် ပတ်သက်၍ ကြီးမြတ်သူများက “အကောင်း” အဖြစ် ချီးမွမ်း သည်ကို ကြားရသောအခါ မိမိအမှားမှန်း ပြန်၍ သိလေ့ရှိ၏။ မိမိ၏အထင်ကို ပြန်၍ သိမ်းတတ်၏။ အာဃာတထားမိလျှင်လည်း ထားမိသည့်အာဃာတသည် ပြေပျောက်၏။ ကြီးမြတ်သူတို့၏ အမိန့်သည် သာမန်သူလိုငါလို ပုဂ္ဂိုလ်များ အပေါ် ထူးစွာထိရောက်၏။ အကိုးအကားတစ်ခုသဖွယ် ဖြစ်၏။

ထို့နောက် တစ်ခု သောနေ့၌ ကောသလမင်းကြီးသည် မိမိ၏ နန်းတော် အထက် ဘုံနန်းပြာသာဒ် စံအားနေတော်မူစဉ် မင်းရင်ပြင်၌ ဖြတ်သွားသော ဆတ္တပါဏိ ဥပါသကာကို မြင်၏။ မင်းကြီးသည် ဇေတဝန်ကျောင်းတော်၌ ဆုံမိသော ဖြစ်ရပ်ကို ချက်ချင်းသတိရ၏။ ထို့ကြောင့် မင်းကြီးသည် မင်းချင်း တစ်ယောက်ကိုလွှတ်၍ ဆတ္တပါဏိဥပါသကာကို ခေါ်ခိုင်းလိုက်၏။ ဆတ္တပါဏိ ဥပါသကာသည် သင့်လျော်သော နေရာ၌ ဖိနပ်ကိုချွတ်၏။ ထီးကိုပိတ်၏။ ခြေကျင်လာ၏။ မင်းကြီးသို့ချဉ်းကပ်၍ ရှိခိုးပြီးနောက် သင့်လျော်သောနေရာ၌ နေ၍ခစား၏။ ထိုအခါ မင်းကြီးက ဆတ္တပါဏိ ဥပါသကာအား ဤသို့မေး၏။

“ဆတ္တပါဏိဥပါသကာ၊ ထီးနှင့်ဖိနပ်ကို ဘာကြောင့် ချွတ်ထား ခဲ့သနည်း”

ဆတ္တပါဏိ ဥပါသကာက “အရှင်မင်းကြီး ခေါ်တော်မူသည်ဟု ကြားသိရ ပါသောကြောင့် မိမိစီးလာသော ဖိနပ်ကို ချွတ်၍ ထီးကိုပိတ်ပြီး အရှင်မင်းကြီးထံ လာခြင်းဖြစ်ပါသည်” ဟု ပြန်လည်လျှောက်ထား၏။ ထိုအခါ မင်းကြီးက “ငါ မင်းဖြစ်ကြောင်းကို ယနေ့မှသာ သင်တို့ သိခြင်းဖြစ်ပေလိမ့်မည်။” ဟု မိန့်တော်မူသောအခါ “အရှင်မင်းကြီး မင်းဖြစ်ကြောင်းကို ကျွန်တော်မျိုးတို့ အမြဲတမ်းသိပါသည်” ဟု ဆတ္တပါဏိ ဥပါသကာက ပြန်လည်လျှောက်၏။

ထိုအခါ "ငါမင်းဖြစ်ကြောင်းကို သင်တို့သည် အမြဲတမ်းသိသည်ဆိုလျှင် ရှေး တစ်ချိန်က မြတ်စွာဘုရားကျောင်းတော်၌ သင်တို့သည်ငါ့ကိုမြင်ပါလျက် အဘယ့် ကြောင့် နေရာမှထ၍ ငါ့ကို ခရီးဦးမကြိုဆိုသနည်း" ဟု မင်းကြီးက ဆတ္တပါဏိ ဥပါသကာအား မေး၏။ ဆတ္တပါဏိသည် အနာဂါမ်ဖြစ်သဖြင့် သီလရှိ၏။ သီလရှိသဖြင့် ရဲရင့်၏။ ထို့ကြောင့် မှန်ကန်စွာ ပရိယာယ်မပါဘဲ ဆတ္တပါဏိ ဥပါသကာက မင်းကြီးအား ဤသို့ လျှောက်တင်၏။

"အရှင်မင်းကြီး၊ မင်းတကာတို့ထက် မြတ်သော မင်း ဖြစ်တော်မူသော မြတ်စွာဘုရား၏ အထံတော်၌နေပါလျက် တစ်နိုင်ငံမျှကိုသာ အစိုးရတော်မူသော ပဒေသရာဇ် မင်းဖြစ်တော်မူသော အရှင်မင်းကြီးကိုမြင်၍ မိမိခေတ္တနေရာမှ ထ၍ ဖယ်ရှောင်ပေးလျှင် မင်းတို့၏မင်း ဖြစ်တော်မူသော မြတ်စွာဘုရား၌ မရိုမသေ မကိုင်းညွတ်ခြင်း အဂါ၀ရသည် ဖြစ်ရာရောက်ပါမည်။ ထို့ကြောင့် ကျွန်တော်မျိုးတို့သည် အရှင်မင်းကြီးကို မြင်ပါလျက် မထသွားခြင်း၊ မဖယ်ရှောင် ခြင်း ဖြစ်ပါသည်။"

ဆတ္တပါဏိဥပါသကာ လျှောက်တင်သည့်အတိုင်း မင်းကြီးက လက်ခံ၏။ မင်းကြီးသည် ဆတ္တပါဏိ ဥပါသကာအပေါ် အပြစ်မယူတော့။ အနာဂါမ် ပုဂ္ဂိုလ်အပေါ် အပြစ်ယူမိပါလျှင် မိမိသာ နစ်နာမည်ဖြစ်ကြောင်း မင်းကြီးက သိ၏။ မင်းကြီးသည် ရှေးကလိုမဟုတ်တော့၊ ရတနာသုံးပါး၌ ကြည်ညိုတတ် လာပေပြီ။ ထို့နောက် မင်းကြီးက သူ၏နန်းတော်၌ မလ္လိကာဒေဝီနှင့် ဝါသဘ ခတ္တိယာတို့အား ပိဋကတ်သုံးပုံကို ချပို့သင်ကြားပေးပါရန် ဆတ္တပါဏိ ဥပါသကာ အား မိန့်ကြား၏။ ထိုအခါ ဆတ္တပါဏိဥပါသကာက မင်း၏နန်းတော်၌ မိဖုရားကြီး နှစ်ပါးတို့အား လူပုဂ္ဂိုလ်က ဆရာလုပ်ပြီး သင်ကြားပြသသည်ထက် ရဟန်းတော်တစ်ပါးက ဆရာလုပ်ပြီး သင်ကြားပြသသည်က ပို၍ သင့်လျော် ကြောင်း ပြန်လည်လျှောက်တင်၏။ မင်းကြီးသည် ဆတ္တပါဏိ ဥပါသကာ အကြောင်းကို မြတ်စွာဘုရားထံမှတစ်ဆင့် သိပြီးဖြစ်၏။ ထို့ကြောင့် မင်းကြီးသည် ဆတ္တပါဏိဥပါသကာ၏ လျှောက်တင်ချက်ကို လက်ခံလိုက်၏။

ကောသလမင်းကြီးက ဆတ္တပါဏိ ဥပါသကာ အကြံပြုသည့်အတိုင်း ဇေတဝန်ကျောင်းတော်ရှိ မြတ်စွာဘုရားထံတော်သို့သွား၍ မလ္လိကာဒေဝီနှင့် ဝါသဘခတ္တိယာဒေဝီ နှစ်ပါးတို့အား ပိဋကတ်သုံးပုံကို နေ့စဉ် နန်းတော်သို့ကြွ၍ သင်ကြားပေးတော်မူပါရန် လျှောက်ထား၏။ မြတ်စွာဘုရား အနေဖြင့် ဒါယကာ တစ်ဦးတည်းထံသို့ နေ့စဉ်သွားရိုးမရှိဘာ မရှိသောကြောင့် ရှင်အာနန္ဒာအား

http://www.cherrythitsar.org



မင်းကြီး၏ နန်းတော်သို့ နေ့စဉ်သွား၍ မိဖုရားကြီး နှစ်ပါးတို့အား ပိဋကတ်သုံးပုံကို သင်ကြားပေးရန် တာဝန်ပေးလိုက်၏။

ရှင်အာနန္ဒာသည် မြတ်စွာဘုရား၏ တာဝန်ပေးချက်အရ ကောသလ မင်းကြီး၏ နန်းတော်သို့ နေ့စဉ်ကြွ၍ မိဖုရားကြီးနှစ်ပါးအား ပိဋကတ်သုံးပုံကို သင်ကြားပေး၏။ မိဖုရားနှစ်ပါးတို့တွင် မလ္လိကာမိဖုရားသည် ပိဋကတ်တော် များကို သင်ယူရာ၌ များစွာစိတ်ဝင်စား၏။ ထို့ကြောင့် ကြိုးစားပမ်းစား သင်ယူ ၏။ ဆရာလုပ်သူ ရှင်အာနန္ဒာက မေးလိုက်လျှင် မလ္လိကာသည် ဆရာကျေနပ် အောင် ဖြေနိုင်၏။ ဝါသဘ ခတ္တိယာကား ထိုသို့မဟုတ်။ ကောသလမင်းကြီးက သင်ခိုင်း၍သာ သင်ယူရခြင်း ဖြစ်၏။ မိမိကိုယ်တိုင်အနေဖြင့် သင်ယူလိုစိတ် မရှိလှ။ ထို့ကြောင့် ကြိုးစားသန်းစား မသင်ယူ။ ဆရာလုပ်သူ ရှင်အာနန္ဒာက သင်ပေးထားသော သင်ခန်းစာများနှင့်ပတ်သက်ပြီး မေးလိုက်လျှင်လည်း ဝါသဘ ခတ္တိယာသည် ဆရာကျေနပ်အောင် ဖြေကြားနိုင်ခြင်း မရှိ။

တစ်နေ့တွင် မြတ်စွာဘုရားက ရှင်အာနန္ဒာအား စာပေသင်ယူနေသော မိဖုရားကြီးများနှင့် ပတ်သက်၍ စာပေတတ်မြောက်မှု အခြေအနေကို မေးမြန်း သောအခါ ရှင်အာနန္ဒာက မြတ်စွာဘုရားအား ဤသို့ ပြန်လည်လျှောက်ထား၏။

"အရှင်ဘုရား ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ မလ္လိကာမိဖုရားသည် တရားတော်ကို ရိုသေကောင်းမွန်စွာ သင်ယူပါသည်။ တရားတော်ကို ရိုသေ ကောင်းမွန်စွာ သရဇ္ဈာယ်ပါသည်။ ရိုသေကောင်းမွန်စွာ ပါဠိကို ခံယူခြင်းငှာ စွမ်းနိုင်ပါသည်။ အရှင်မင်းမြတ်၏ ဆွေတော်မျိုးတော် သမီးဖြစ်သော ဝါသဘ ခတ္တိယာ မိဖုရားသည် တရားတော်ကို ရိုသေကောင်းမွန်စွာ မသင်ယူ။ တရားတော် ကို ရိုသေကောင်းမွန်စွာ မသရဇ္ဈာယ်။ ပါဠိကိုခံယူခြင်းငှာ မစွမ်းနိုင်ပါ ဘုရား"

မြတ်စွာဘုရားသည် ရှင်အာနန္ဒာလျှောက်ကြားသည်ကို ကြားတော်မူလျှင် "ချစ်သား အာနန္ဒာ၊ ငါဘုရားဟောကြားတော်မူအပ်သော တရားတော်မည်သည် ရိုသေကောင်းမွန်စွာ မနာကြား၊ မသရဇ္ဈာယ်၊ မမှီဝဲသောသူအား အဆင်းသဏ္ဌာန် နှင့်သာ ပြည့်စုံ၍ အနံ့မရှိသော ပန်းကဲ့သို့ အကျိုးမရှိသာ ဖြစ်၏။ ရိုသေကောင်းမွန် စွာ နာကြားသရဇ္ဈာယ် မှီဝဲသောသူအား အဆင်းသဏ္ဌာန်နှင့်လည်း ပြည့်စုံ၊ အနံ့လည်းရှိသော ပန်းကဲ့သို့ များစွာသော အကျိုးအာနိသင် ရှိသေ၏" ဟူ၍ မိန့်တော်မူပြီးလျှင် အောက်ပါအတိုင်း ဂါထာနှစ်ဂါထာကို ဟောကြားတော်မူ၏။

– **အနံ့မရှိသော်လည်း အဆင်းရှိသောကြောင့် နှစ်သက်ဖွယ် ကောင်းသော ပန်းသည် မမြတ်မနိုး အကျိုးမရှိသကဲ့သို့၊**

**ရာပြည့်စာအုပ်တိုက်**

http://www.cherrythitsar.org



- **ကောင်းစွာ ဟောကြားတော်မူထားသော ပိဋကတ်သုံးပုံသည် ရှိသော်ငြား မသင်မကြား၊ ရှိသော်ငြား မကျင့်ကြံသူအား အကျိုးမရှိ။**
- **အနံ့လည်းရှိ၊ အဆင်းလည်းရှိသဖြင့် နှစ်သက်ဖွယ်ကောင်းသော ပန်းသည် နှစ်သက်မြတ်နိုး အကျိုးရှိသကဲ့သို့၊**
- **ကောင်းစွာ ဟောကြားတော်မူထားသော ပိဋကတ်သုံးပုံသည် ရှိသော်ငြား သင်ယူ၊ ရှိသော်ငြား ကျင့်ကြံသူအားသာ အကျိုးရှိ၏။**

ပန်းဟူသည် လှမြဲဖြစ်၏၊ သို့ရာတွင် မွေးချင်မှ မွေး၏။ အမှန်အားဖြင့် ပန်းတိုင်းလှ၏။ သို့ရာတွင် ပန်းတိုင်းမမွေး။ အရာဝတ္ထုတိုင်း တွင် မူရင်းတန်ဖိုးနှင့် အခြေအနေတန်ဖိုးဟူ၍ နှစ်မျိုးရှိ၏။ မူရင်းတန်ဖိုးသည် အရာဝတ္ထုပြည့်စုံမှု (ဥပဓိသမ္ပတ္တိ)၌ တည်၏။ အခြေအနေတန်ဖိုးသည် အချိန်အခါပြည့်စုံမှု (ကာလသမ္ပတ္တိ)၊ အခြေအနေပြည့်စုံမှု (ဒေသသမ္ပတ္တိ)၊ အသုံးချ ပြည့်စုံမှု (ပယောဂသမ္ပတ္တိ) တို့၌ တည်ရှိ၏။ သို့ဖြစ်လေရာ မူရင်းတန်ဖိုးသည် အခြေအနေတန်ဖိုးများအပေါ်၌ များစွာ မှီ၏။

ငွေတစ်ကျပ်သည် မူရင်းတန်ဖိုးအနေဖြင့် တစ်ကျပ်သာ ဖြစ်၏။ သို့ရာတွင် ခရီးစရိတ်မရှိချိန်၌ ငွေတစ်ကျပ်နှင့် သာမန်အချိန်၌ ငွေတစ်ကျပ်သည် တစ်ကျပ် ချင်းတူသော်လည်း ကာလကိုလိုက်၍ တန်ဖိုးချင်း ခြားနားသည်။ သူတော်စင်အား ထောက်ပံ့ရသော ငွေတစ်ကျပ်နှင့် သူယုတ်မာအား ထောက်ပံ့ရသော ငွေတစ်ကျပ် သည် တစ်ကျပ်ချင်းတူသော်လည်း ဒေသကိုလိုက်၍ တန်ဖိုးချင်းခြားနား၏။ လှူဒါန်းဖို့ပေးရသော ငွေတစ်ကျပ်နှင့် လောင်းကစားဖို့ပေးရသော ငွေတစ်ကျပ် သည် ပယောဂကိုလိုက်၍ တန်ဖိုးချင်းခြားနား၏။

မြတ်စွာဘုရားဟောကြားတော်မူထားသော ပိဋကတ်သုံးပုံသည် လူ နတ် နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ပေးနိုင်သည် မှန်သော်လည်း သင်ယူမှု မမှန်ကန်သောအခါ လူ နတ် နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ပေးချင်မှသာ ပေး၏။ မိမိ၏ ပိဋကတ်တတ်မြောက်မှုကို အကြောင်းပြု၍ ဒေါသ မာန်မာနများ ပွားစီးပါက မိမိ၏ အကျိုးမဲ့ကိုပင် ဖြစ်စေနိုင်၏။ ဤသို့သော သင်ယူမှုကို အလဂဒ္ဒူပမာ သင်ယူမှုဟူ၍ ကျမ်းဂန်များ၌ ဆိုပါ၏။ အလဂဒ္ဒူပမာ ဟူသည်မှာ မြွေဖမ်းဥပမာဖြစ်၏။ မြွေကို အဖမ်းမတတ်သောအခါ ဖမ်းသူကို မြွေ ပြန်ကိုက် သည့် သဘောမျိုး ဖြစ်၏။

ပိဋကတ်သုံးပုံကိုသင်ယူသောအခါ သင်ယူမှု မှန်ကန်ပါမှ ပိဋကတ် သုံးပုံက သင်ယူသူအား လူ နတ် နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ပေး၏ ဤသို့သော သင်ယူမှုကို သံသရာမှ လွတ်ရာလွတ်ကြောင်း အကျိုးကို ရရှိရန်

http://www.cherrythitsar.org



အတွက် သင်ယူမှုဟူ၍ ကျမ်းဂန်များ၌ ဆိုပါ၏။ ထို့ကြောင့် ပိဋကတ်သုံးပုံကို သင်ယူသောအခါ သင်ယူမှုမှန်ကန်ပါမှ သူတော်ကောင်းဖြစ်နိုင်၏။ သင်ယူမှု မမှန်ကန်ပါက သူတော်ကောင်း မဖြစ်နိုင်ချေ။ ထို့ကြောင့် ပိဋကတ်စာပေပညာရှင် တိုင်း သူတော်ကောင်း ဖြစ်သည်ဟု စိတ်ချလက်ချ ယုံကြည်၍မရ။ အခြား စာပေ ပညာရှင်များသည်လည်း ထို့အတူပင်ဖြစ်၏။ ပိဋကတ်စာပေပညာရှင် များပင် သင်ယူမှုမမှန်ပါက သူတော်ကောင်းမဖြစ်နိုင်ပါလျှင် အခြား စာပေ ပညာရှင်များကား ဆိုဖွယ်ရာမရှိပြီ။ သင်ယူမှု မမှန်ပါက သူတော်ကောင်း မဖြစ်နိုင်သည်သာ ဖြစ်၏။

ထို့ကြောင့် အရာဝတ္ထု တစ်ခုခုနှင့်ပတ်သက်၍ စဉ်းစားသောအခါ ယင်း အရာဝတ္ထု၏ မူရင်းတန်ဖိုးအပြင် အခြေအနေတန်ဖိုးများကိုပါ ထည့်သွင်း၍ စဉ်းစား ရ၏။ အခြေအနေ တန်ဖိုးများတွင် ကာလသဘောလည်းပါ၏။ ဒေသသဘော လည်းပါ၏။ ပယောဂသဘောလည်းပါ၏။

ဤ ဆတ္တပါဏိ ဥပါသကာဝတ္ထုသည် ကြားနာရသူများအတွက် များစွာ အကျိုးရှိသော ဝတ္ထုဖြစ်၏။ မြတ်စွာဘုရား လက်ထက်တော် အခါက သောတာပန် တသည်ဖြင့် အရိယာသစ္စာကို ထိုးထွင်း၍သိစေနိုင်၏။ ယနေ့ခေတ်၌လည်းယူတတ် သူများအဖို့ များစွာအကျိုးရှိစေနိုင်သော ဝတ္ထုဖြစ်ပါ၏။

# ဝိသာခါ

ဝိသာခါသည် ဓနဥ္စယ သူဌေးနှင့် သူဌေးကတော် သုမနဒေဝီတို့၏ သမီးဖြစ်၏။ ဓနဥ္စယ သူဌေးနှင့် သူဌေးကတော် သုမနဒေဝီတို့သည် အင်္ဂတိုင်း ဘဒ္ဒိယမြို့၌ နေကြသဖြင့် ဝိသာခါသည် ဘဒ္ဒိယမြို့သူ ဖြစ်၏။ အင်္ဂတိုင်းကို အုပ်စိုးသောမင်းမှာ ဗိမ္ဗိသာရ ဖြစ်၏။ ဘုရင် ဗိမ္ဗိသာရသည် မဂဓတိုင်းနှင့် အင်္ဂတိုင်း နှစ်တိုင်းတို့၏ ဘုရင်ဖြစ်၏။ ဘုရင်ဗိမ္ဗိသာရတွင် ဇောတိက၊ ဇဋိလ၊ မေဏ္ဍက၊ ပုဏ္ဏက နှင့် ကာကဝလ္လိယပေါင်း သူဌေးကြီး ငါးဦးတို့ရှိ၏။ သူဌေးကြီး ငါးဦးတို့တွင် မေဏ္ဍက သူဌေးကြီးသည် ဝိသာခါ၏ ဖခင် ဓနဥ္စယသူဌေး၏ ခမည်းတော် ဖြစ်၏။ ထို့ကြောင့် ဝိသာခါသည် ဗိမ္ဗိသာရမင်းကြီး၏သူဌေးစာရင်းဝင် မေဏ္ဍက သူဌေးကြီး၏ မြေးဖြစ်၏။ ဘုရင်မင်းမြတ်၏ သူဌေးစာရင်းဝင်ဖို့ ဆိုသည်မှာ လွယ်သည်တော့မဟုတ်၊ အတိုင်းမသိနိုင်သော စည်းစိမ်ဥစ္စာတို့နှင့် ပြည့်စုံဖို့ လို၏။ အမှန်အားဖြင့် ပစ္စည်းဥစ္စာများ ပြည့်စုံရုံမျှနှင့်လည်း နိုင်ငံတော်၌ သူဌေး

ရာထူးကို ရသည်မဟုတ်၊ ဘုန်းကံရှိဖို့လည်း လိုသေး၏။ အတိုင်းမသိနိုင်သော ပစ္စည်းဥစ္စာများနှင့် ပြည့်စုံခြင်းကို "အမိတဘောဂ"ဟု ဆို၏။ ဘုန်းကံရှိခြင်းကို "မဟာ ပုည"ဟု ဆို၏။

တစ်နေ့တွင် မြတ်စွာဘုရားသည် အင်္ဂတိုင်း ဘဒ္ဒိယမြို့သို့ နောက်ပါ ရဟန်းသံဃာအပေါင်း ခြံရံလျက် ကြွတော်မူလာ၏။ အင်္ဂတိုင်း ဘဒ္ဒိယမြို့၌ ကျွတ်ထိုက်သော ဝေနေယျသတ္တဝါများရှိကြ၏။ ထို ကျွတ်ထိုက်သော ဝေနေယျ သတ္တဝါများကိုချွတ်ရန် မြတ်စွာဘုရားသည် ကြွလာတော်မူခြင်းဖြစ်၏။ မြတ်စွာ ဘုရား၏ မဟာကရုဏာတော်သည် အံ့ဖွယ်ရှိပါ၏။ ကျွတ်ထိုက်သောသတ္တဝါရှိရိုး မှန်လျှင် မြတ်စွာဘုရားသည် ကျွတ်ထိုက်သော သတ္တဝါရှိရာဒေသသို့ အရောက် သွား၏။ ဗြဟ္မာ့ပြည်ဖြစ်လျှင်လည်း ဗြဟ္မာ့ပြည်သို့ အရောက်သွား၏။ နတ်ပြည် ဖြစ်လျှင်လည်း နတ်ပြည်သို့အရောက်သွား၏။ လူ့ပြည်ရှိ ဒေသတစ်ခုခု ဖြစ်လျှင် လည်း ထိုဒေသသို့ အရောက်သွား၏။ ဒေသနှင့် ပတ်သက်လျှင်လည်း လမ်း ကောင်းသည်၊ လမ်းမကောင်းသည်မှာ ပဓာနမဟုတ်။ ကျွတ်ထိုက်သော သတ္တဝါ ရှိဖို့သာ ပဓာနဖြစ်၏။ ရာသီဥတုနှင့်ပတ်သက်လျှင်လည်း အေးသည်၊ ပူသည်မှာ ပဓာနမဟုတ်။ ကျွတ်ထိုက်သော သတ္တဝါရှိဖို့သာ ပဓာနဖြစ်၏။ မိမိနှင့် ပတ်သက်လျှင်လည်း ပင်ပန်းသည်၊ နွမ်းနယ်သည်၊ နာမကျန်းဖြစ်နေသည်မှာ ပဓာနမဟုတ်။ ကျွတ်ထိုက်သော သတ္တဝါ ရှိဖို့သာ ပဓာနဖြစ်၏။ ဆက်ဆံရေးနှင့် ပတ်သက်လျှင်လည်း မိမိအပေါ် ရန်ပြုမည်၊ ရန်မပြုမည်မှာ ပဓာနမဟုတ်။ ကျွတ်ထိုက် မကျွတ်ထိုက်သာ ပဓာနဖြစ်၏။ ဤနည်းဖြင့် မြတ်စွာဘုရားသည် အာဠဝက ဘီလူးကိုလည်း ချွတ်ခဲ့၏။ အင်္ဂုလိမာလကိုလည်းချွတ်ခဲ့၏။ ဗကဗြဟ္မာကိုလည်းချွတ်ခဲ့၏။ ယခုလည်း အင်္ဂတိုင်း ဘဒ္ဒိယမြို့သူ မြို့သားများကို ချွတ်ရန် ကြွလာတော်မူခြင်း ဖြစ်၏။

ဝိသာခါ၏ အဘိုး မေဏ္ဍကသူဌေးကြီးသည် မြတ်စွာဘုရား၏ ဂုဏ် သတင်းများနှင့် ပတ်သက်၍ ကြားဖူးပြီးဖြစ်၏။ ထို့ကြောင့် သူဌေးကြီးသည် မြတ်စွာဘုရားကို သွားရောက်ဖူးမြော်လိုလှ၏။ သို့ရာတွင် အကြောင်းကြောင်း ကြောင့် သူဌေးကြီးသည် မြတ်စွာဘုရားကို သွားရောက် ဖူးမြော်ခွင့် မရခဲ့။ ယခု မြတ်စွာဘုရား ကိုယ်တော်တိုင်က နောက်ပါ ရဟန်းသံဃာများ ခြံရံလျက် သူ၏မြို့ ဘဒ္ဒိယသို့ ရောက်လာခဲ့လေပြီ။ အံ့ဖွယ်ကောင်းလေစွ ဟူ၍ သူထင်၏။ အမှန်အားဖြင့် သူအပါအဝင် ကျွတ်ထိုက်သော ပုဂ္ဂိုလ်တို့၏ ဥပနိဿယကြောင့် မြတ်စွာဘုရားသည် ဤဘဒ္ဒိယမြို့သို့ ကြွလာတော်မူခြင်း ဖြစ်သည်ဟု သိပါလျှင် မေဏ္ဍက သူဌေးကြီးသည် ပို၍ပင် အံ့သြလေလိမ့်မည်၊ ပို၍ပင် ဝမ်းသာလေလိမ့်မည်။

http://www.cherrythitsar.org



ထိုစဉ်က ဝိသာခါသည် ၇ နှစ်အရွယ်မျှသာ ရှိသေး၏။ မေဏ္ဍက သူဌေးကြီးသည် သူ၏ မြေးမကလေး ဝိသာခါကို အခြွေအရံ သတို့သမီးငယ် ငါးရာတို့နှင့်အတူ မြတ်စွာဘုရားကို ခရီးဦးကြိုပြုရန်တာဝန်ပေးလိုက်၏။ ဝိသာခါ အနေဖြင့် သူမ၏ အခြွေအရံ သတို့သမီးငယ် ငါးရာတို့နှင့်အတူ မြတ်စွာဘုရားကို ခရီးဦးကြိုခွင့်ရခြင်းသည် တိုက်ဆိုင်ခြင်းကြောင့်မဟုတ်။ ပါရမီတော်တို့၏ လှုံ့ဆော်ချက်ကြောင့်သာ ဖြစ်၏။ ဝိသာခါသည် အဘိုးဖြစ်သူ မေဏ္ဍက သူဌေးကြီး၏ တာဝန်ပေးချက်အရ သူမ၏အခြွေအရံ သတို့သမီးငယ် ငါးရာတို့ နှင့်အတူ ရထားကိုယ်စီစီးကာ မြတ်စွာဘုရားကို သွားရောက်၍ ခရီးဦးကြို၏။ ခရီးဦးကြိုရာတွင် ရထားဖြင့် သွားသင့်သော အရပ်တိုင်အောင်သာ ရထားဖြင့် သွားပြီး၊ ရထားဖြင့် မသွားသင့်သော အရပ်တွင် ဝိသာခါသည် ရထားမှဆင်းသက် ပြီး သူမ၏အခြွေအရံများနှင့်အတူ ခြေကျင်သွား၏ မြတ်စွာဘုရားကို ချဉ်းကပ် ဝပ်လျှိုး ရှိခိုး၏။ နောက်က အဘိုးဖြစ်သူ မေဏ္ဍက သူဌေးကြီးနှင့် ပရိသတ်လည်း ပါ၏။ မြတ်စွာဘုရားသည် ဝိသာခါနှင့်အတူ အခြွေအရံ သတို့သမီးငယ် ငါးရာ တို့အား တရားဟောကြားတော်မူရာ အားလုံး သောတာပန်ဖြစ်သွားကြ၏။ ကုမုဒြာကြာတို့သည် ပွင့်ချင်ပါလျက် လရောင်ကို မရသေးသဖြင့် မပွင့်နိုင် ကြသေးဘဲ လရောင်ကိုရသည်နှင့် တစ်ပြိုင်နက် ပွင့်ကြလေသကဲ့သို့ ဝိသာခါနှင့် အခြွေအရံ ငါးရာတို့သည် ထိုနည်းအတူ မြတ်စွာဘုရား၏ တရားဒေသနာ တော်ကို နာကြားရသည်နှင့် တစ်ပြိုင်နက် အရိယာသစ္စာပန်းများကို ကိုယ်စီ ပန်ဆင်နိုင်ကြလေတော့၏။

မေဏ္ဍကသူဌေးကြီးသည်လည်း မြတ်စွာဘုရား ယံတော်မှောက်သို့ ရောက်၍ အပြစ်ခြောက်ပါးကင်းလွတ်သော နေရာ၌ထိုင်ကာ မြတ်စွာဘုရား ကို ရိုသေညွတ်ကျိုး ရှိခိုး၏။ မြတ်စွာဘုရားကလည်း မေဏ္ဍက သူဌေးကြီးအား သူ၏စရိုက်နှင့်ညီသော တရားတော်ကို ဟောကြားတော်မူ၏။ သူဌေးကြီးသည် လည်း ထိုတရားပွဲတွင်ပင် သောတာပန် ဖြစ်သွား၏။ သူဌေးကြီးသည် မြတ်စွာ ဘုရားနှင့်တကွ ရဟန်းသံဃာတော်များကို နောက်တစ်နေ့မှ စ၍ ၁၅ ရက်တို့ ပတ်လုံး သူ၏အိမ်၌ ဆွမ်း ခဲဖွယ် ဘောဇဉ်တို့ဖြင့် လုပ်ကျွေး၏။ မြတ်စွာဘုရားသည် ဘဒ္ဒိယမြို့၌ ကျွတ်ထိုက်သူ ဝေနေယျသတ္တဝါများကို မကျန်ရအောင် တရား ဒေသနာတော်များကို ဟောကြားတော်မူခြင်းကိစ္စ ပြီးဆုံးသွားသောအခါ ဘဒ္ဒိယ မြို့မှ ပြန်ကြွတော်မူ၏။

မာဂဓတိုင်းနှင့် အင်္ဂတိုင်းတိုင်းနှစ်တိုင်းကိုအုပ်စိုးသော ဗိမ္ဗိသာရမင်းနှင့် ကောသလတိုင်းကို အုပ်စိုးသော ပသေနဒီကောသလမင်းတို့သည် အချင်းချင်း

http://www.cherrythitsar.org



သမီးယောက်ဖ တော်စပ်ကြ၏။ ဗိမ္ဗိသာရမင်းကြီး၏ နိုင်ငံ၌ သူဌေးကြီး ငါးဦးတို့ ရှိကြပြီး၊ ပသေနဒီ ကောသလမင်းကြီး၏ နိုင်ငံ၌မူ သူဌေးရာထူးဖြင့် ချီးမြှောက်ထိုက်သူဟူ၍ တစ်ဦးမျှမရှိ။ ထို့ကြောင့် ကောသလမင်းကြီးသည် ဗိမ္ဗိသာရမင်းကြီးထံမှ သူဌေးကြီး ငါးဦးအနက် တစ်ဦးဦးကို တောင်းယူရန် စဉ်းစားမိ၏။ ကမ္ဘာနိယာမအရ ဘုန်းကံနှင့်ပြည့်စုံသူ တစ်ဦးတစ်ယောက်သည် လောက၌ ထူးထူးခြားခြားပေါ်ထွန်းခဲ့ပါလျှင် သူ့ကိုပံ့ပိုးရန်အတွက် အခြားဘုန်းကံ ရှိသူများသည်လည်း အခြွေအရံများအနေဖြင့် ပေါ်လာရ၏။ ဘုန်းကံမဲ့သူ တစ်ဦးတစ်ယောက်သည် လောက၌ ထူးထူးခြားခြား ပေါ်ထွန်းပါလျှင်လည်း သူ့ကို ပံ့ပိုးရန်အတွက် အခြားဘုန်းကံမဲ့သူများသည်လည်း အခြွေအရံများ အနေဖြင့် ပေါ်လာရ၏။ အကောင်းဘက်ကဖြစ်စေ၊ မကောင်းဘက်က ဖြစ်စေ ထူးထူးခြားခြား ပေါ်လာသူမှန်သမျှသည် အထီးကျန်အနေဖြင့် ပေါ်လာရိုးမရှိ။ အသင်းအပင်းပါလာမြဲ ဖြစ်၏။ ဤသည်ကိုပင် "သမဏောန သမဏော၊ ဂေါဏောန ဂေါဏော– ရဟန်း ရဟန်းချင်း၊ နွား နွားချင်း" ဟု လောက၌ ဆိုရိုးပြုကြ၏။ ဤနိယာမကို ကောသလမင်းကြီး သဘောမပေါက်၍ ဗိမ္ဗိသာရမင်းကြီးထံမှ သူဌေးတစ်ဦးကို တောင်းယူရန် အကြံရခြင်းဖြစ်၏။

ဤအကြံအတိုင်းပင် ကောသလမင်းကြီးသည် ဗိမ္ဗိသာရမင်းကြီးထံသို့ သွား၍ သူဌေးကြီးငါးဦးအနက် တစ်ဦးဦးကို ပေးရန် တောင်း၏။ ဗိမ္ဗိသာရမင်းကြီးကား သောတာပန်ဖြစ်၏။ သောတာပန်ဖြစ်လျှင် လောက၏ အကျိုးစီးပွားအတွက် ဆောင်ရွက်ရန် ပို၍ တာဝန်ရှိလာ၏။ ထို့ကြောင့် ဗိမ္ဗိသာရမင်းကြီးသည် ဓမ္မနှင့် အဓမ္မတွင် ဓမ္မကို မြတ်နိုးသူ ဖြစ်၏။ လုပ်ချင်သည်နှင့် လုပ်သင့်သည် နှစ်မျိုးတွင် လုပ်သင့်သည်ကိုသာ လုပ်သူဖြစ်လာရ၏။ လုပ်ချင်သည့် သဘောသည် ဓမ္မနှင့်လည်းယှဉ်၏။ အဓမ္မနှင့်လည်း ယှဉ်၏။ လုပ်သင့်သည့် သဘောသာ ဓမ္မနှင့်ယှဉ်၏။ ထို့ကြောင့် ဗိမ္ဗိသာရမင်းကြီးသည် မိမိ၏နိုင်ငံရှိ သူဌေးကြီး ငါးဦးတို့အနက် တစ်ဦးတစ်ယောက်ကိုမျှ မပေးဘဲ အင်္ဂတိုင်း ဘဒ္ဒိယမြို့နေ မေဏ္ဍကသူဌေးကြီး၏သား ဓနဉ္စယသူဌေးကိုသာ ကောသလမင်းကြီးအား ပေးလိုက်၏။ ဓနဉ္စယသူဌေးသည် သူဌေးဖြစ်သည်ကား မှန်၏။ သို့ရာတွင် ရာထူးကိုတော့ မရသေးချေ။ ကောသလမင်းကြီးသည်လည်း ဗိမ္ဗိသာရမင်းကြီး ပေးသည့်အတိုင်းပင် ဓနဉ္စယသူဌေးကိုသာ ယူ၏။ အမှန်အားဖြင့် လောက၌ မိမိနှင့် ထိုက်တန်သည်ကိုသာ ယူပါမှ မိမိအတွက် အကျိုးပွားစီး၏။ မိမိနှင့် မထိုက်တန်သည်ကို ယူမိပါက မိမိအတွက် အန္တရာယ်ဖြစ်၏။ သို့ရာတွင် ထိုက်တန် သည်မထိုက်တန်သည်ကို ခွဲခြားသိဖို့လို၏။ မိမိ၏ ကိုယ်ကျိုး ကိုယ်စီးပွား

http://www.cherrythitsar.org



အတွက်သာ တစ်ကိုယ်ကောင်းသမား အနေဖြင့် မလိုက်တန်သည်ချည်း ဖြစ်၏။ အများ၏ အကျိုးစီးပွားအတွက် လိုချင်ပါမှ လိုက်တန်သည့် သဘောကို ဆောင်၏။ ထို့ကြောင့် "လိုက်တန်၊ မလိုက်တန်" ဆုံးဖြတ်ရာတွင် မိမိ အကျိုးရှိမှုနှင့် အများအကျိုးရှိမှုတည်း ဟူသော ကိုက်တံဖြင့် တိုင်းတာဆုံးဖြတ်ရ၏။

ဗိမ္ဗိသာရမင်းကြီးကလည်း ဓနဉ္စယ သူဌေးကို မိမိဝတ္တရားအရ များစွာ ချီးမြှောက် လိုက်၏။ ကောသလမင်းကြီးသည် ဓနဉ္စယသူဌေးကို မိမိနိုင်ငံသို့ ဆောင်ကြဉ်းလာ၏။ တစ်ညဉ့်အိပ် ခရီးလွန်သောအခါ ကောသလတိုင်းအတွင်း မွေ့လျော်ဖွယ်ကောင်းသော ဒေသတစ်ခုသို့ ရောက်လာ၏။ ထိုအခါ ဓနဉ္စယ သူဌေးသည် ဤဒေသ၌ သူ့ဘာသာသူ မြို့တည်ထောင်၍ နေခွင့်ပေးပါရန် ကောသလမင်းကြီးအား လျှောက်ထား၏။ ကောသလမင်းကြီးကလည်း ခွင့်ပြု လိုက်၏။ ထိုဒေသ၌ ဓနဉ္စယ သူဌေးသည် သူနေဖို့အတွက် မြို့ကို တည်ထောင်၏။ မြို့ကိုလည်း "သာကေတ" ဟု အမည်မှည့်၏။ သာကေတ၏အနက်မှာ မိမိ နေဖို့ အတွက် မိမိဘာသာ တည်ထောင်သောမြို့ ဟူ၍ဖြစ်၏။ သာကေတမြို့သည် သာဝတ္ထိမြို့တော်မှ ခုနစ်ယူဇနာဝေး၏။ ဓနဉ္စယသူဌေးသည် မိမိ၏ အခြွေအရံ ပရိသတ်များနှင့် အတူသာကေတမြို့၌ နေထိုင်လေ၏။ သူ့မြို့နှင့် သူ့ပရိသတ် ကား အံဝင်ခွင်ကျ ဖြစ်လေ၏။

မင်းနေပြည် သာဝတ္ထိ၌ မိဂါရသူဌေး မိသားစုသည် ရှိ၏။ ထိုမိသားစု တွင် ပုဏ္ဏဝဍ္ဎန မည်သော သားငယ်ရှိ၏။ ပုဏ္ဏဝဍ္ဎန အရွယ်ရောက်လာသောအခါ မိဘများက သားပုဏ္ဏဝဍ္ဎနအား မိဘတို့၏ ဝတ္တရားအတိုင်း အိမ်ထောင်ချပေး ချင်၏။ သို့ရာတွင် ပုဏ္ဏဝဍ္ဎနကမူ အိမ်ထောင်မပြုလို။ ထို့ကြောင့် အိမ်ထောင်ပြုရန် သူငြင်းပယ်၏။ အမှန်အားဖြင့် သူအိမ်ထောင်မပြုလိုခြင်းမှာ တစ်ယောက်တည်း တာဝန်မဲ့ အေးအေးချမ်းချမ်း နေလို၍သာ ဖြစ်၏။ အခြား အကြောင်းထူးဟူ၍ ဘာမျှမရှိ။ ကမ္ဘာ့သမိုင်း၌ ရောမမြို့ကြီး မီးဟုန်းဟုန်းတောက် လောင်နေစဉ် စောင်းတီးပြီး အပျော်ကြီးပျော်နေသော နီရိုးဘုရင်လိုလူစားမျိုး သူက ဖြစ်ချင်၏။ အမှန်အားဖြင့် ရောမမြို့ကြီး မီးဟုန်းဟုန်း တောက်နေသလိုပင် ဤလောကရှိ လူမှုဆက်ဆံရေး နယ်ပယ်သည်လည်း သူ့နည်းနှင့်သူ မီးဟုန်းဟုန်းတောက်နေ သည်ပင် ဖြစ်၏။ ထို့ကြောင့် ထိုမီးကိုငြိမ်းသတ်ဖို့ လူတိုင်း၌ တာဝန်ရှိ၏။

ပုဏ္ဏဝဍ္ဎနသည် ဆရာအနေဖြင့် ငြိမ်းသတ်မည်ဆိုပါက ရသေ့ ရဟန်း ပြုဖို့လို၏။ တပည့်အနေဖြင့် သတ်မည်ဆိုပါက အိမ်ထောင်ရှင် လုပ်ဖို့လို၏။ ရသေ့ရဟန်းဟူသည်ကားဆရာဖြစ်၏။ ထို့ကြောင့် လောကသားတို့အား မှန်ကန် သော ဘဝနေနည်းကို ဆရာအနေဖြင့် သင်ပေးရ၏။ မှန်ကန်သော ဘဝနေနည်း

http://www.cherrythitsar.org



ဖြင့် နေတတ်ပါမှ လူတို့သည် အချင်းချင်း ငြိမ်းချမ်းစွာ ယှဉ်တွဲပြီး နေနိုင်မည် ဖြစ်၏။ ထို့ကြောင့် ရသေ့ရဟန်းဟူသည်လည်း ရသေ့ရဟန်းအလျောက် တာဝန်ရှိ၏။ အိမ်ထောင်ရှင်ဟူသည်ကား တပည့်ဖြစ်၏။ တပည့်ဟူသည် ဆရာသင်ပေးသည့်အတိုင်း လိုက်နာဖို့လို၏။ ဆရာသင်ပေးသော ဘဝနေနည်း အတိုင်း လိုက်နာနိုင်အောင် တပည့်၏ သန္တာန်၌ စာနာစိတ်ရှိနှင့်ဖို့ လို၏။ စာနာစိတ် ပြည့်ပြည့်စုံစုံ ရှိရလေအောင် တပည့်သည် အိမ်ထောင်ရှင် ဖြစ်ဖို့လိုခြင်း ဖြစ်၏။ အိမ်ထောင်ရှင်ဖြစ်မှသာ မိမိ၏ ပတ်ဝန်းကျင်ရှိ လောကနှင့်ဆက်ဆံရာ တွင် စာနာစိတ်မျိုးစုံဖြင့် ဆက်ဆံနိုင်မည်ဖြစ်၏။ စာနာစိတ် မျိုးစုံဖြင့် ဆက်ဆံ နိုင်ပါမှလည်း လောကကို ငြိမ်းချမ်းအောင် ဗြဟ္မစိုရ်တရားများဖြင့် လက်တွေ့ အကောင်အထည်ဖော်ရာ ရောက်မည်ဖြစ်၏။ ထို့ကြောင့် မိဂါရသူဌေးက သူ၏ သား ပုဏ္ဏဝဍ္ဎနကို အိမ်ထောင်ချရန် မိဘတို့၏ ဝတ္တရားအတိုင်း တိုက်တွန်းခြင်း ဖြစ်၏။ အမှန်အားဖြင့် အိမ်ထောင်ချခြင်းဟူသည်မှာ လောကကောင်းကျိုး ကို ဆောင်ရွက်နိုင်ရန် တာဝန်ပေးခြင်းဖြစ်၏။ နောက်ဆုံး၌မိဘတို့၏ တိုက်တွန်း ချက်အရ ပုဏ္ဏဝဍ္ဎနသည် အိမ်ထောင်ပြုရန် သဘောတူလိုက်၏။ သို့ရာတွင် ကောင်းခြင်းငါးဖြာနှင့် ပြည့်စုံသော သတို့သမီးကိုရပါမှ အိမ်ထောင်ပြုမည် ဖြစ်ကြောင်း မိဘတို့အား သူ၏ဆန္ဒကို ထုတ်ဖော်တင်ပြရာ သူ၏ မိဘနှစ်ပါး ကလည်း သား၏ ဆန္ဒအတိုင်း ဖြစ်ရလေအောင် ဆောင်ရွက် ပေးမည်ဖြစ်ကြောင်း ကတိပြုလိုက်၏။

ကောင်းခြင်းငါးပါး ဟူသည်မှာ ဆံပင်၏ ကောင်းခြင်း၊ အသား၏ ကောင်းခြင်း၊ အရိုး၏ကောင်းခြင်း အရေ၏ကောင်းခြင်းနှင့် အရွယ်၏ ကောင်းခြင်း တို့ဖြစ်၏။ ကောင်းခြင်းငါးပါးနှင့် ပြည့်စုံသော အမျိုးသမီးဟူသည် ဘုန်းရှိသူဖြစ်၏၊

ဆံပင်၏ ကောင်းခြင်းဟူရာ၌ ဆံပင်များသည် ဥဒေါင်းမြီးကို စည်း၍ ထားသကဲ့သို့ ညီညွတ်၏။ ပကတိ ပင်ကိုအားဖြင့် အရောင်အဆင်း သန့်ရှင်း တောက်ပလျက် မည်းနက်၏။ လိမ်ကောက်ခြင်းမရှိ။ ရှည်ကောင်း၏။ နောက်သို့ ဖြေ၍ချလိုက်လျှင် ခြေဖနောင့်သို့ တိုင်၏။ အဖျားများမှာလည်း ကော့ညွတ်ကြ၏။ ဤသို့ဖြစ်ပါမှ ဆံပင်၏ ကောင်းခြင်းမည်၏။

အသား၏ ကောင်းခြင်းဟူရာ၌ နှုတ်ခမ်းသည် ပကတိအားဖြင့် နီမြန်း၏။ စေ့စပ်၏။ လက်ဖဝါးနှင့် ခြေဖဝါးတို့သည်လည်း နီမြန်းကြ၏။ ဤသို့ဖြစ်ပါမှ အသား၏ကောင်းခြင်း မည်၏။

အရိုး၏ကောင်းခြင်း ဟူရာ၌ သွားတို့သည် မစိပ်မကျဲ ပုလဲကို စီထား

http://www.cherrythitsar.org



ဝိသကဲ့သို့ ဖြစ်ကြ၏။ သန့်ရှင်းဖြူစင်၏။ အနံ့မွှေးမြင့်မရှိ။ ပကတိညီညွတ်၏။ အရိုးအဆစ်တို့သည်လည်း ပြေပြစ်ချောမွေ့ကြ၏။ ဤသို့ဖြစ်ပါမှ အရိုး၏ ကောင်းခြင်း မည်၏။

အရေ၏ကောင်းခြင်း ဟူရာ၌ ကိုယ်ရေသည် တွန့်ခြင်း၊ လိပ်ခြင်း မရှိ။ ချောမွေ့၏။ နူးညံ့၏။ ပြေပြစ်၏။ ဤသို့ဖြစ်ပါမှ အရေ၏ ကောင်းခြင်းမည်၏။

အရွယ်၏ကောင်းခြင်း ဟူရာ၌ သားသမီးဆယ်ယောက် မွေးဖွားပြီး ဖြစ်စေကာမူ အရွယ်မကျ။ "တစ်သားမွေး တစ်သွေးလှ" ဟူဝိသကဲ့သို့ဖြစ်၏။ ဤသို့ ဖြစ်ပါမှလည်း အရွယ်၏ကောင်းခြင်း မည်၏။

ထိုခေတ်က အလှမယ်ရွေးခြင်းသည် ယနေ့ခေတ်ရွေးခြင်းနှင့် မတူ။ ကိုယ်ခန္ဓာအစိတ်အပိုင်းတို့၏ အတိုင်းအတာကို ပဓာနမထား။ ဖော်ပြပါအတိုင်း ကောင်းခြင်းငါးဖြာကိုသာ ပဓာနထား၏။ သူ့ခေတ် သူ့အမြင်နှင့် သူပင်ဖြစ်၏။

လောက၌ ကောင်းခြင်းငါးဖြာနှင့်ပြည့်စုံသော သတို့သမီး ရဖို့မလွယ်။ ဤသည်ကို ပုဏ္ဏဝဍ္ဎနသည် သိ၏။ အိမ်ထောင်မပြုလို၍ မရနိုင်သော သတို့သမီးကို တမင်ရှာဖွေခိုင်းခြင်းဖြစ်၏။ ဤသည်မှာ ပုဏ္ဏဝဍ္ဎန၏ နည်းပရိယာယ် ဖြစ်၏။ သို့ရာတွင် မိဘတို့ကား မိမိတို့၏သားကို တာဝန်မဲ့ လူသားတစ်ယောက် မဖြစ်စေလိုချေ။

အမှန်အားဖြင့် လူ့ဘဝသည် တာဝန်နှစ်ရပ်ဖြင့် စခဲ့၏။ လူ့ဘဝသည် ထိုတာဝန်နှစ်ရပ်ဖြင့်ပင် ဆုံးရ၏။ ထို့ကြောင့် ထိုတာဝန်နှစ်ရပ်သည် လူ့ဘဝ၏ အစ နယ်နိမိတ်မျဉ်းလည်း ဖြစ်၏။ အဆုံး နယ်နိမိတ်မျဉ်း လည်းဖြစ်၏။ သို့ဖြစ်လေရာ ထိုနယ်နိမိတ် မျဉ်းနှစ်ကြောင်း၏ အတွင်း၌ ရှိမှသာ လူ့ဘဝသည် တကယ်တမ်း လူမည်သော လူ့ဘဝ ဖြစ်၏။ ထိုနယ်နိမိတ် မျဉ်းနှစ်ကြောင်း၏ အပြင်ဘက်၌ ရှိသောလူ့ဘဝကား တကယ်တမ်း လူမည်သော လူ့ဘဝ မဟုတ်ချေ၊ လူဟုထင်ရသော လူ့ဘဝသာ ဖြစ်လေ၏။

ထိုတာဝန်နှစ်ရပ်ကို "ဟာနောပါဒါန" ဟူ၍ ခေါ်၏။ ဟာနော ပါဒါန ဟူသည် ဟာနနှင့် ဥပါဒါန ပုဒ်နှစ်ပုဒ်ကို သဒ္ဒါကျမ်းလာ သန္ဓိစပ်နည်းဖြင့် စပ်ထားသောပုဒ်ဖြစ်၏။ ထိုတွင် လူဟူသည် "ဟာန" အရ အနစ်နာလည်း ခံနိုင်ရ၏။ "ဥပါဒါန" အရ သူတစ်ပါးအကျိုးကိုလည်း ဆောင်ရွက်ရ၏။ အဝိုင်းနှင့်လေးထောင့် တစ်ထပ်တည်း ကျအောင် လုပ်ပါက ဤ "ဟာနောပါဒါန" သဘောတရားကို အသုံးပြုပြီး၊ လှီးဖြတ်သင့်သည်ကို လှီးဖြတ်ပြီး ဖြည့်ပေးသင့်သည်ကို ဖြည့်ပေးပါမှ အဝိုင်းနှင့်လေးထောင့်သည် တစ်ထပ်တည်းကျ၏။ အမှန်အားဖြင့် လောက၌ လူဟူသမျှသည် ကိုယ်ကျိုးစီးပွားနှင့် စပ်လာလျှင်

http://www.cherrythitsar.org



အပိုင်းနှင့် လေးယောက်သမ္မယ်ချည်းသာ ဖြစ်၏။ အနာခံခြင်းနှင့် သူ့အကျိုးကို ပံ့ပိုးခြင်း တည်းဟူသော "ဟာနောပါဒါန" သဘောတရားကို မသုံးနိုင်သမျှ ကာလပတ်လုံး လူများသည် တစ်ဦးနှင့်တစ်ဦးဆက်ဆံရာ၌ ချောမောပြေပြစ်စွာ ဆက်ဆံ၍ ရမည်မဟုတ်။ လူများသည် တစ်ဦးနှင့်တစ်ဦး ဆက်ဆံရာ၌ ပြေပြစ် ချောမွေ့စွာ မဆက်ဆံနိုင်သမျှ ကာလပတ်လုံး လောကသည် ငြိမ်းချမ်းလိမ့်မည် မဟုတ်။ အမြဲတမ်းဆူပွက်နေမည်သာဖြစ်၏။ ထို့ကြောင့် လူမှန်လျှင် အချင်းချင်း ဆက်ဆံရာ၌ မိမိဘက်က အနာခံခြင်းနှင့် သူ့ဘက်ကို ပံ့ပိုးခြင်းတည်း ဟူသော တာဝန်နှစ်ရပ်ကို ဆောင်ရွက်ဖို့လိုပါ၏။ ထိုသို့ ဆောင်ရွက်ပါမှလည်း လူသည် မိမိတာဝန်ကို ကျေပွန်စွာ ဆောင်ရွက်ရာ ရောက်မည်ဖြစ်၏။

ပုဏ္ဏဝဍ္ဎန၏ မိဘနှစ်ပါးတို့သည် သူတို့၏သား ပုဏ္ဏဝဍ္ဎနကို လောက၌ တကယ်တမ်း လူမည်သောလူ ဖြစ်လာနိုင်စေရန် လူ့ဘဝ၏ တာဝန်နှစ်ရပ်ကို ထမ်းရွက်စေချင်၏။ ထို့ကြောင့် မိဘနှစ်ပါးသည် သား၏ ဆန္ဒကိုဖြည့်ဆည်းရန် ကောင်းခြင်းငါးဖြာနှင့်ပြည့်စုံသော သတို့သမီးကို ရနိုင်ရေးအတွက် အားထုတ် ရပေဦးတော့မည်။

မိဂါရသူဌေးသည် မိမိ၏သား ပုဏ္ဏဝဍ္ဎနအတွက် ကောင်းခြင်းငါးဖြာ နှင့်ပြည့်စုံသော သတို့သမီးကို ရှာရန်စီစဉ်ရတော့၏။ ထိုသို့ စီစဉ်ရာ၌ ခက်ခက် ခဲခဲ စီစဉ်ရသည်တော့မဟုတ်။ ဗြဟ္မဏတို့အား ထိုက်သင့်သော ပူဇော်သက္ကာရ ဖြင့် ပူဇော်ပြီး တာဝန်ကို အပ်နှံလိုက်ရုံဖြင့် ကိစ္စပြီးပါ၏။ သို့ရာတွင် မိဘတို့၏ ဓမ္မတာအတိုင်း စိတ်ကတော့ ပူရသေး၏။ ဗြဟ္မဏများသည် မိမိတို့၏ အသက် မွေးမြူမှု လုပ်ငန်းများတွင် သတို့သားများအတွက် သတို့သမီးလောင်း ရှာရသော လုပ်ငန်းသည်လည်း တစ်ခုအပါအဝင် ဖြစ်၏။

မိဂါရသူဌေးသည် သတို့သမီး ရှာဖွေမှုလုပ်ငန်း၌ ကျွမ်းကျင်သော ဗြဟ္မဏ ရှစ်ယောက်တို့ကို မိမိ၏အိမ်သို့ပင့်၍ ထိုက်သင့်သော ပူဇော်သက္ကာရ များဖြင့် ပူဇော်၏။ ကောင်းခြင်းငါးဖြာနှင့် ပြည့်စုံသော သတို့သမီးကို မိမိတို့၏ သား ပုဏ္ဏဝဍ္ဎနအတွက် ရှာဖွေပေးပါရန် ဗြဟ္မဏ ရှစ်ယောက်တို့အား အပ်၏။ အကယ်၍ အမျိုးသမီးကိုတွေ့ပြီး ဆောင်ကြဉ်း လာသောအခါ ထပ်မံပြီး ပူဇော် ဦးမည်ဖြစ်ကြောင်းကိုလည်း ကတိပေးလိုက်၏။ ကောင်းခြင်းငါးဖြာနှင့် ပြည့်စုံ သော သတို့သမီးကိုတွေ့ပါက ပန်ဆင်ပေးရန် အဖိုးတစ်သိန်းထိုက်သောရွှေပန်း ခိုင်ကိုလည်း ပေးအပ်လိုက်၏။ ဤသည်မှာ မြတ်စွာဘုရားခေတ်က သတို့သမီး ရှာဖွေနည်း ဖြစ်၏။ အထက်တန်းလွှာများသည် မိမိတို့၏ သားရတနာများ အတွက် ထိုက်တန်သော အမျိုးသမီးများကို ဤနည်းအတိုင်း ရှာဖွေကြ၏။

http://www.cherrythitsar.org



ဗြဟ္မဏ ရှစ်ယောက်တို့သည် မိဂါရ သူဌေး၏သား ပုဏ္ဏဝဍ္ဎနအတွက် ကောင်းခြင်းငါးဖြာနှင့် ပြည့်စုံသော သတို့သမီးကိုရှာဖွေရန် တစ်မြို့ပြီးတစ်မြို့ သွားကြ၏။ နောက်ဆုံး၌ ဗြဟ္မဏရှစ်ယောက်တို့သည် သာကေတမြို့သို့ရောက်လာကြ၏။ သူတို့သည် မြစ်ကမ်းရှိ တည်းခိုဇရပ်၌ တည်းခိုကြ၏။ ထိုခေတ်က ဘာသာယဉ်ကျေးမှုအရ ခရီးသည်များအတွက် မြို့အပြင်၌ တည်းခိုဇရပ်များကို ကောင်းမှုရှင်များက ဆောက်လုပ်လှူဒါန်းလေ့ ရှိကြ၏။

ဗြဟ္မဏ ရှစ်ယောက်တို့သည် သာကေတမြို့၌ နက္ခတ်ပွဲသဘင်တစ်ခုနှင့် ကြုံကြိုက်၏။ ထိုနက္ခတ်ပွဲသဘင်ကို "ဝိဝဋ္ဌ" နက္ခတ်ပွဲသဘင်ဟု ခေါ်၏။ နှစ်စဉ် တစ်နှစ်တစ်ကြိမ် ကျင်းပရသော ရိုးရာ နက္ခတ်ပွဲ သဘင် ဖြစ်၏။ အမှန်အားဖြင့် ဝိဝဋ္ဌနက္ခတ်ပွဲသဘင်သည် လူငယ်များအတွက် လွတ်လပ်ရေး နက္ခတ်ပွဲသဘင် ဖြစ်၏။ တစ်နှစ်ပတ်လုံး အိမ်တွင်း၌သာနေကြရသော သမီးပျိုများသည် ဝိဝဋ္ဌ နက္ခတ်ပွဲသဘင် ကာလအတွင်း မိမိတို့၏ အခြွေအရံများဖြင့် လွတ်လပ်စွာ မြစ်ဆိပ်သို့ သွားခွင့် ရကြ၏။ အမျိုးသားပျိုများကလည်း မိမိတို့၏ အမျိုးဇာတ် အားလျော်စွာ မိမိတို့နှစ်သက်သော အမျိုးသမီးကိုတွေ့လျှင် ပန်းကုံးပစ်၍ရွေးချယ် ခွင့်ရကြ၏။

ဝိသာခါသည် ၁၆ နှစ်အရွယ်သို့ ရောက်ပြီ ဖြစ်၏။ ထို့ကြောင့် ဝိဝဋ္ဌ နက္ခတ်ပွဲသဘင်၌ ပါဝင်ဆင်နွှဲရန်အတွက် အခြွေအရံ အမျိုးသမီးငါးရာနှင့်အတူ မြစ်ဆိပ်သို့သွား၏။ ထုံးစံအတိုင်းဆိုလျှင် ဝိသာခါသည်ရထားငါးရာဖြင့် သွားနေကျ ဖြစ်၏။ သို့ရာတွင် ဝိဝဋ္ဌနက္ခတ်ပွဲသဘင် အစဉ်အလာအတိုင်း ထိုနေ့တွင် ဝိသာခါသည် အခြွေအရံ အမျိုးသမီးငါးရာနှင့်အတူ ခြေကျင်သွားလေ၏။ တစ်နှစ်မှ တစ်ကြိမ်သာ ရသော အခွင့်အရေးဖြစ်သဖြင့် ဝိသာခါတို့ တစ်သိုက်သည် ပျော်မြူးကြ၏။ သို့ရာတွင် ဝိသာခါကား သူလိုငါလို သာမညဝိသာခါ မဟုတ်။ သောတာပန် ဝိသာခါ ဖြစ်၏။ ထို့ကြောင့် သူမသည် ဣန္ဒြေရ၏။ ယဉ်ကျေး၏။ သိမ်မွေ့၏။ ထူးခြား၏။ မိမိကိုယ်ကို ထိန်းနိုင်၏။

ဝိသာခါတို့တစ်သိုက် တည်းခိုဇရပ်အနီးသို့ ရောက်သောအခါ မိုးရွာလေ၏။ ထိုအခါ ဝိသာခါ၏ အခြွေအရံ အမျိုးသမီးငါးရာတို့သည် သူ့ထက်ငါ အလျင်ဦးအောင် ဇရပ်သို့ ပြေးကြ၏။ ဝိသာခါကား မပြေး။ ပုံမှန်အတိုင်းပင် တည်းခိုဇရပ်သို့ သွား၏။ ဗြဟ္မဏရှစ်ယောက်တို့သည် လက္ခဏာအတတ်၌ ကျွမ်းကျင်သူများ ဖြစ်ကြ၏။ ထို့ကြောင့် သူတို့သည် ဝိသာခါကို ထူးသော မိန်းကလေးအဖြစ် သိကြ၏။ ကောင်းခြင်းငါးဖြာတွင် အရိုး၏ကောင်းခြင်းမှ တစ်ပါး ကျန်ကောင်းခြင်း လေးပါးကိုလည်း သူတို့တွေ့ကြပြီးဖြစ်၏။ ထို့ကြောင့်

သူတို့သည် အရိုး၏ကောင်းခြင်းအရ သွားတို့ကို စိစစ်ရန် လိုကြ၏။ အမှန်အားဖြင့် ဝိသာခါနှင့် စကားပြောကြည့်လျှင် ဝိသာခါ၏ သွားများကို မြင်ပြီး သွားတို့ကို စိစစ်ပြီးသား ဖြစ်မည်ကို သူတို့ သိကြ၏။ သို့ရာတွင် ကောင်းခြင်းငါးဖြာဆိုသည်မှာ ရုပ်ပိုင်းနှင့်သာပတ်သက်၏။ စိတ်ပိုင်းနှင့်မပတ်သက်။ ထို့ကြောင့် သူတို့သည် ဝိသာခါ၏ စိတ်နေသဘောထားကိုလည်း စိစစ်လိုကြသေး၏၊ အမှန်အားဖြင့် လူတွင် ရုပ်ပိုင်းအလှလည်း လိုအပ်သည် မှန်ပါ၏။ ထို့ထက်ပို၍ လိုသည်ကား စိတ်ပိုင်းအလှ ဖြစ်၏။ အမှန်အားဖြင့် "စိတ္တေန နီယတိ လောကော" အရ သံသရာ လောကသည် စိတ်ဖြင့်ပင် "စ"၏။ စိတ်ဖြင့်ပင် "ဆုံး"၏၊ ထို့ကြောင့် စိတ်ကပို၍ ပဓာနကျ၏။

ဗြာဟ္မဏ ရှစ်ယောက်တို့သည် ဝိသာခါကို စိတ်ဆိုးအောင် စကြ၏။ ဝိသာခါက စကားပြန်ပြောလျှင် ဝိသာခါ၏ သွားတို့ကို မြင်ရမည်ဖြစ်သဖြင့် အရိုး၏ကောင်းခြင်းကိုလည်း စိစစ်ပြီးသားဖြစ်၏။ ဝိသာခါ၏ စိတ်ထားကိုလည်း စိစစ်ပြီးသား ဖြစ်၏။

"ဤသမီးငယ်သည် ထိုင်းမှိုင်း၏။ လေးလံ၏။ လျင်မြန်မှုမရှိ။ ဖျတ်လတ်မှုမရှိ။ အကယ်၍ အိမ်ထောင်ကျမည်ဆိုပါက သူမ၏ ခင်ပွန်းသည် အချိန်မီ ထမင်းစားရဖို့ မလွယ်" ဟု သူတို့အချင်းချင်း ပြောဟန်ဖြင့် ဝိသာခါကို စကြ၏။ ဝိသာခါက မိမိကို စမှန်းသိ၏။ သို့ရာတွင် ဝိသာခါသည် ဗြာဟ္မဏတို့ကို စိတ်မဆိုး။ သူမသည် သောတာပန်ဖြစ်လေသဖြင့် ဒေါသကို အထိုက်လျောက် ပယ်ပြီးဖြစ်၏၊ လောက၏အကျိုးကိုလည်း တတ်အားသလောက် သယ်ပိုးလို၏။ လောက၏ အကျိုးကို သယ်ပိုးရာတွင် ကာယကံမေတ္တာဖြင့်လည်း သယ်ပိုးရ၏။ ဝစီကံမေတ္တာဖြင့်လည်း သယ်ပိုးရ၏။ မနောကံမေတ္တာဖြင့်လည်း သယ်ပိုးရ၏။ အမှန်အားဖြင့် မိမိနှင့် ဆက်ဆံရသူများအပေါ် မေတ္တာရှေ့ထား၍ ဆက်ဆံခြင်းသည်ပင် လောက၏အကျိုးကို သယ်ပိုးခြင်းမည်၏။

ဝိသာခါက "ဤသမီးငယ်သည် ထိုင်းမှိုင်း၏၊ လေးလံ၏၊ လျင်မြန်မှုမရှိ။ ဖျတ်လတ်မှုမရှိဟု မိမိကို ဘာ့ကြောင့် ဖခင်တို့ ပြောဆိုပါသနည်း" ဟု ဗြာဟ္မဏ ရှစ်ယောက်တို့အား ပြန်မေး၏။ ထိုအခါ ဗြာဟ္မဏတို့က မိုးရွာစဉ် အခြားသော သမီးငယ်များသည် မိမိတို့၏ ကိုယ်ခန္ဓာနှင့် အဝတ်တန်ဆာများကို မိုးမစိုရလေအောင် အဆောတလျင် ဤဇရပ်သို့ ပြေးလာနိုင်စွမ်း ရှိကြ၏။ သင်သမီးငယ်မှုကား သူများလို လျင်မြန်ဖျတ်လတ်စွာ ပြေးလာနိုင်စွမ်းမရှိသောကြောင့် အဝတ်တန်ဆာများလည်း စိုကုန်ပြီ။ လူလည်း တစ်ကိုယ်လုံးစိုကုန်ပြီ မဟုတ်ပါလားဟူ၍ ဗြာဟ္မဏတို့က ဝိသာခါကို ပြန်ပြောကြ၏။

http://www.cherrythitsar.org



ဝိသာခါကလည်း လောကတွင် လျှင်မြန်စွာသွားလာလှုပ်ရှားရန် မလင့်သူ လေးဦးရှိ၏။ ထိုလေးဦးတို့မှာ–

၁။ မင်းမြောက်တန်သော ငါးပါးကို ဆင်မြန်းထားသောမင်း၊

၂။ ကကြိုးတန်သော ဆင်ထားသော မင်္ဂလာဆင်တော်၊

၃။ ရဟန်းသံဃာတော်များ၊

၄။ အမျိုးသမီးများ

တို့ဖြစ်ကြပါသည်ဟု ပြန်ပြော၏။ အမှန်အားဖြင့် သမီးပျိုများသည် ရောင်းကုန် သဖွယ် ဖြစ်ကြပါ၏။ ရောင်းကုန်ဟူသည်မှာ ဝယ်သူများ နှစ်မြို့က်လောက်အောင် တင့်တယ်နိုင်သမျှ တင့်တယ်နေဖို့လို၏။ ထို့ကြောင့် ရောင်းကုန်သဖွယ်ဖြစ်သော သမီးပျို တစ်ယောက်အနေဖြင့် အဆောတလျင် ပြေးလွှားပါက မြေပြင်ပေါ်တွင် ချော်လဲလျှင် ကိုယ်လက်အင်္ဂါ ချွတ်ယွင်းသွားနိုင်ပါသည်။ ထို့အပြင် ဣန္ဒြေရှင် အနေဖြင့် ကာယိန္ဒြေလည်း မထိန်းရာရောက်ပါသည်။ အမှန်အားဖြင့် သမီးပျို များသည် မိမိတို့၏ စိတ်ချမ်းသာရေးထက် ရောင်းကုန်ပိုင်ရှင်ဖြစ်သော မိဘများ၏ စိတ်ချမ်းသာရေးကို ပို၍ ဦးစားပေးကြရပါ၏၊ ထို့ကြောင့် သမီးငယ် အနေဖြင့် အခြားသမီးငယ်များထက် လျှင်မြန်ဖျတ်လတ်ပါသော်လည်း အခြားသမီးငယ်များ ပြေးသွားကြသလို မပြေးသွားခြင်း ဖြစ်ပါသည်ဟု ဝိသာခါက ဗြဟ္မဏာများ အား ပြောပြ၏။

ထိုအခါ ဗြဟ္မဏာများသည် ဝိသာခါ၏ သွားများကို မြင်ရသောအခါ အရိုး၏ကောင်းခြင်းကိုလည်း တွေ့ကြ၏။ ဝိသာခါ၏ စိတ်ထားကိုလည်း သိကြ၏။ ထို့ကြောင့် ဗြဟ္မဏာ ရှစ်ယောက်တို့သည် ဝိသာခါကို ကောင်းခြင်း ငါးဖြာနှင့်ပြည့်စုံသော သတို့သမီးအဖြစ် တစ်သတောတည်း ဆုံးဖြတ်ကြ၏။ ထို့နောက် တစ်သိန်းတန်ရွှေပန်းနိုင်ကို ဝိသာခါအား ပန်ဆင်ရန် ပေးကြ၏။

ဝိသာခါသည် ဗြဟ္မဏာတို့ထံမှ သာဝတ္ထိပြည် မိဂါရသူဌေးက သူ၏ သားပုဏ္ဏဝဍ္ဍနအတွက် "မြန်း" ခြင်း ဖြစ်ကြောင်း သိရသောအခါ ထိုဆောက် မလေ့လုံးစိအရ မျိုးရိုးဇာတ်တူချင်း ဖြစ်သဖြင့် တစ်သိန်းတန် ရွှေပန်းနိုင်ကို လက်ခံလိုက်၏။ အမှန်အားဖြင့် ဝိသာခါသည် သတို့သားပုဏ္ဏဝဍ္ဍန၏ ရုပ်ဆင်း အင်္ဂါကို မမြင်ဖူးချေ။ သို့ရာတွင် ရိုးရာယဉ်ကျေးမှုကို လိုက်နာသောအားဖြင့် ပုဏ္ဏဝဍ္ဍနကို လက်ခံလိုက်ခြင်းဖြစ်၏။ ဒေသနာတော် အရဆိုလျှင်–

မိမိကတရားကိုဆောင့်လျှင် တရားကလည်း မိမိကိုပြန်၍ဆောင့်၏။

မိမိကတရားကိုချစ်လျှင် တရားကလည်း မိမိကိုပြန်၍ချစ်၏။

ထို့ကြောင့် မိမိကသာ တရားကို စောင့်ဖို့လို၏။ မိမိကသာ တရားကို

http://www.cherrythitsar.org



ချစ်ဖို့လို၏။ တရားကမိမိကိုချစ်ဖို့ဆိုသည်မှာ အထူးတောင့်တဖို့ မလို၊ မိမိအပေါ် ၌ တည်၏။ သက်ရောက်အားနှင့် တန်ပြန်သက်ရောက်အားတို့၏ နိယာမအတိုင်း "ဓမ္မတရား"သည် အချိန်မရွေး တုံ့ပြန်ရန် အသင့်ရှိ၏။ တစ်စုံတစ်ရာ သံသယ ဖြစ်စရာမရှိ။

ဝိသာခါသည် ဗြဟ္မဏတို့ထံမှ တစ်သိန်းတန် ရွှေပန်းခိုင်ကို လက်ခံ လိုက်ပြီးနောက် ဖခင် ဓနဉ္စယသူဌေးထံသို့ ရထားငါးရာကို လွှတ်လိုက်ပါရန် ပန်ကြားလိုက်၏။ ဝိသာခါသည် အခြွေအရံငါးရာနှင့် လာစဉ်က ခြေကျင် လာခဲ့၏။ ထိုစဉ်က သူမသည် ပိုင်ရှင်မဲ့ဖြစ်၏။ ရိုးရာယဉ်ကျေးမှုက ပိုင်ရှင်မဲ့ အမျိုးသမီးကိုမူ ခြေကျင်သွားရန်ခွင့်ပြု ၏။ သို့ရာတွင် ပိုင်ရှင်ရှိ အမျိုးသမီးကိုမူ ခြေကျင်သွားရန် ရိုးရာယဉ်ကျေးမှုက ခွင့်မပြု။ ထို့ကြောင့် ဝိသာခါသည် သောတာပန်ဖြစ်သော်လည်း မိမိကို အစဉ်အလာတစ်လျှောက် ထိန်းသိမ်းနေသော ရိုးရာယဉ်ကျေးမှုကို လိုက်နာ၏။ ရိုးရာယဉ်ကျေးမှုသည်လည်း သမ္မုတိသစ္စာအရ လောကကိုစောင့်သည့် လောကပါလ တရားပင်ဖြစ်၏။ ထို့ကြောင့် မိမိတို့၏ ရိုးရာယဉ်ကျေးမှုသည် ပရမတ္ထသစ္စာအရ ဓမ္မနှင့် မဆန့်ကျင်သရွေ့ ကာလပတ် လုံး မည်သူမဆို မိမိတို့၏ ရိုးရာယဉ်ကျေးမှုကို လောကပါလ တရားအနေဖြင့် စောင့်ထိန်းဖို့ တာဝန်ရှိ၏။

ဖခင် ဓနဉ္စယ သူဌေးကြီးသည် သမီးဖြစ်သူ ဝိသာခါထံမှ ရထားငါးရာကို လွှတ်လိုက်ပါရန် သတင်းစကားကို ကြားရလျှင် အခြေအနေများကို သိလိုက်၏။ ထို့ကြောင့် သူဌေးကြီးသည် ရထားငါးရာကို လွှတ်လိုက်၏။ ဝိသာခါသည် ရထားများ ရောက်လာသောအခါ မိမိ၏အခြွေအရံများနှင့်တကွ ရထားတို့ပေါ်စီ စီး၍ အိမ်သို့ပြန်လာ၏။ ဗြဟ္မဏ ရှစ်ယောက်တို့သည်လည်း ဝိသာခါတို့နှင့် အတူပင် ရထားများနောက်က လိုက်ပါသွားကြ၏။

မိမိတို့အိမ်သို့ ရောက်သောအခါ ဓနဉ္စယသူဌေးသည် ဗြဟ္မဏတို့အား ဧည့်ဝတ်ကို ထိုက်တန်စွာပြု၏။ ဗြဟ္မဏတို့ကလည်း သူတို့၏ လာရင်းကိစ္စကို ပြောပြ၏။ မိဂါရသူဌေး၏ ကုဋေလေးဆယ် ချမ်းသာကြွယ်ဝမှုများကိုလည်း ပြောပြ၏။ သားပုဏ္ဏဝဍ္ဎနအကြောင်းကိုလည်း ပြောပြ၏။ အမှန်အားဖြင့် မိဂါရသူဌေး၏ စည်းစိမ်သည် ဓနဉ္စယသူဌေး၏ စည်းစိမ်နှင့်စာလျှင် ဘာမျှပြောပလောက်သည်မဟုတ်။ သို့ရာတွင် ဓနဉ္စယ သူဌေးကြီးသည် အမြော် အမြင်ရှိသော ဖခင်ဖြစ်သည့် အားလျော်စွာ သမီးဝိသာခါ၏ အဆုံးအဖြတ်ကို လက်ခံသောအားဖြင့် မိမိ၏သမီး ဝိသာခါကို မိဂါရသူဌေး၏သား ပုဏ္ဏဝဍ္ဎနနှင့် ထိမ်းမြားရန် သဘောတူလိုက်၏။ ဗြဟ္မဏတို့အားလည်း ဧည့်ဝတ်ကို လျော်ကန်စွာ

http://www.cherrythitsar.org



ပြုပြီးနောက် ထိုက်သင့်သော ပူဇော်သက္ကာရဖြင့် ပူဇော်၍ သာဝတ္ထိပြည် မိဂါရ သူဌေးထံသို့ ပြန်လွှတ်လိုက်၏။

ဗြာဟ္မဏ ရှစ်ယောက်တို့သည် မျက်နှာပန်းလှစွာဖြင့် သာကေတမြို့မှ သာဝတ္ထိပြည်သို့ ပြန်ခဲ့ကြ၏။ သူတို့သည် ပုဏ္ဏဗဒ္ဓနတို့၏ဓမ္မတာအတိုင်း သူတို့၏ ချွမ်းဆောင်ချက်ကို ဂုဏ်ယူကြ၏။ ဝင့်ကြွားကြ၏။ မိဂါရသူဌေး၏ အိမ်သို့ ရောက်သောအခါ သူတို့ ရှာဖွေတွေ့ရှိခဲ့သော သတို့သမီးမှာ ဝိသာခါအမည် ရှိကြောင်း၊ ကောင်းခြင်းငါးဖြာနှင့် ပြည့်စုံကြောင်း၊ စိတ်ထားမှာလည်း မွန်မြတ် သိမ်မွေ့ကြောင်း၊ ဗဟုသုတများစွာ ကြွယ်ဝကြောင်း၊ အရွယ်မှာလည်း ၁၆ နှစ်အရွယ်ဖြစ်ကြောင်း၊ မျိုးရိုးအားဖြင့်လည်း ရာဇဂြိုဟ်ပြည်ဘုရင် ဗိမ္ဗိသာရ၏ သူဌေးငါးဦး၌ မေဏ္ဍကသူဌေးကြီး၏ မြေး ဓနဉ္စယသူဌေးကြီး၏ သမီးဖြစ်ကြောင်း ဖြင့် မိဂါရသူဌေးအား ပြောပြသောအခါ မိဂါရသူဌေးသည် များစွာဝမ်းသာသွား ၏။ ဓနဉ္စယ သူဌေးဟူသည်မှာ နှယ်နှယ်ရရ သူဌေးမဟုတ်။ ပသေနဒီ ကောသလ မင်းကြီးကိုယ်တိုင် ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်ဗိမ္ဗိသာရထံမှ အနူးအညွတ် တောင်းယူပြီး ကိုယ်တော်တိုင် သာကေတမြို့ကို တည်ထောင်ချင့်ပြုထားသော သူဌေးကြီး ဖြစ်၏။ ထို့ကြောင့် မိမိထက် အဆက်ဆက်မှ များစွာမြင့်မားပါပေ သည်ဟု မှုလကပင် ဝန်ခံထားရသူ ဖြစ်၏။ မိဂါရသူဌေးကြီးသည် ချွေးမလောင်း ဝိသာခါ၏ အကြောင်းကို တွေးရင်းတွေးရင်း ဝမ်းသာလေ၏၊ အကယ်၍များ ချွေးမဖြစ်သူ ဝိသာခါကို အကြောင်းပြု၍ သူသည် သောတာပန်ဖြစ်သွားပေဦး မည်ဟု ကြိုတင်သာသိထားပါလျှင် မိဂါရသူဌေးကြီးသည် ချွေးမဖြစ်သူ ဝိသာခါ နှင့် ပတ်သက်၍ မည်မျှဝမ်းသာရှာလေမည် မသိ။

မိဂါရသူဌေးကြီးသည် မိမိ၏သားအတွက် သတို့သမီးဆောင်ယူရေး ကိစ္စနှင့် ပတ်သက်၍ အတော်ပင် အလုပ်များသွား၏။ ကောသလမင်းကြီးကို လည်း သံတော်ဦးမတင်၍ မဖြစ်။ သံတော်ဦးတင်ရသေး၏။ ဝိသာခါသည် ဘုရင်မင်းကြီး ကိုယ်တော်တိုင် ရာဇဂြိုဟ်မှ ဆောင်ယူလာသော ဓနဉ္စယသူဌေးကြီး ၏ သမီးဖြစ်သည် မဟုတ်ပါလော။ ကောသလမင်းကြီးကလည်း လူ့ဌ တာဝန် ရှိသည် အားလျော်စွာ သတို့သမီးကိုဆောင်ကြဉ်းရေးအတွက် သူသည် စစ်သည် ဗိုလ်ပါများနှင့် သူကိုယ်တိုင်လိုက်မည်ဖြစ်ကြောင်း မိဂါရသူဌေးကြီးအား မိန့်ကြား လိုက်၏။ ထိုအခါ မိဂါရ သူဌေးသည် အားလည်းရ၏။ ဝမ်းလည်းသာ၏။ ဂုဏ်လည်းယူ၏။ သို့ရာတွင် မိမိ၏ လုပ်ငန်း၌ လစ်ဟင်းမှု မရှိရလေအောင် ဆောင်ရွက်ဖို့တာဝန်ကား သေးလှသည်မဟုတ်။ မင်းကြီးအတွက်လည်း တာဝန် ယူရ မည်။ သာဝတ္ထိမြို့က ဖိတ်သင့် ဖိတ်ထိုက်သူများကိုလည်း မကျန်ရစ်ရ

http://www.cherrythitsar.org



လေအောင် ဖိတ်ရဦးမည်ဖြစ်၏။ စိတ်မောစရာ ကောင်းလိုက်ပါဘိခြင်း။ သို့ရာတွင် စိတ်မောစရာကောင်းခြင်း၌ "ရသ"ကို တွေ့မြင်နေရသောကြောင့်ပင် မိဂါရ သူဌေးသည် စိတ်မမောနိုင်ခဲ့။ မိဂါရသူဌေးသည် မေန္ဒရသူဌေးထံသို့ သတို့သမီး တောင်းရမ်းရေးနှင့် ပတ်သက်၍ မိမိတို့လာမည့် အစီအစဉ်ကို ဤသို့ အကြောင်းကြားစာကို ပို့လိုက်၏။

"ကျွန်ုပ်တို့ လာလျှင် သာဝတ္ထိပြည့်ရှင် ဘုရင်မင်းမြတ်လည်း ပါမည်။ မင်းကြီး၏ စစ်သည်ဗိုလ်ပါများလည်း ပါမည်။ မင်းကြီး၏ စစ်သည်ဗိုလ်ပါများသည် အလွန်များပါသည်၊ ထို့ပြင် သာဝတ္ထိပြည်မှ ပရိသတ်များလည်း ပါမည်။ သို့ဖြစ်ပါ၍ မေန္ဒယသူဌေးကြီး အနေဖြင့် ဧည့်ဝတ်ပြုနိုင်ပါမည်လော"

မိဂါရသူဌေးသည် သူ၏အကြောင်းကြားစာ၌ "ဝင့်ဝါသံ" ကိုပါ သွယ်ဝိုက်၍ ဖော်ပြလိုက်၏၊ သူသည်လည်း သာဝတ္ထိပြည်၌ အရှိန်အဝါရှိသူတစ်ယောက်ဖြစ်ကြောင်းကို တိုက်ရိုက်ဖော်ပြမထားသော်လည်း သူ၏အကြောင်းကြားစာ၌ ထိုသဘောကို တွေ့မြင်နိုင်၏။

မေန္ဒယသူဌေးသည် ပညာရှိသူ ဖြစ်၏။ ထို့ကြောင့် စာ၏သဘောကို သိ၏။ မည်သည့်စာမဆို "စာ" ဟူသမျှ၌ မြင်ရသော အနက်အဓိပ္ပာယ်လည်းပါ၏။ ယင်း၏နောက်ကွယ်၌ မမြင်ရသော အနက်အဓိပ္ပာယ်လည်းပါ၏။ ယင်းသို့ အစုံလိုက်ခွဲ၍ မရကောင်းသော အနက်အဓိပ္ပာယ်ကို "တာပ္ပရိယ" ဟုခေါ်၏။ ထိုတွင် မြင်ရသော အနက်အဓိပ္ပာယ်ကို ပကတိမျက်စိဖြင့် ဖတ်၍ မြင်နိုင်၏။ ယင်းနောက်ကွယ်ရှိ မမြင်ရသော အနက်အဓိပ္ပာယ်ကို ဉာဏ်မျက်စိဖြင့်သာ ဖတ်၍မြင်နိုင်၏။

မေန္ဒယသူဌေးကား ဉာဏ်မျက်စိဖြင့် စာကို ဖတ်သူ ဖြစ်၏၊ ထို့ကြောင့် မေန္ဒယသူဌေးသည် မိဂါရသူဌေး၏ အကြောင်းကြားစာ "ဝင့်ဝါသံ"ကို တွေ့မြင်ရခြင်းဖြစ်၏။ ထိုအခါ မေန္ဒယသူဌေးကလည်း သူ၏ "အဗ္ဗ"ကို အထိအပါး မခံနိုင်သဖြင့် ဤသို့ပင် မိဂါရသူဌေးထံ စာပြန်လိုက်၏။

"ဤမျှလောက်ပရိသတ်နှင့် လာခြင်းကို မဆိုထားနှင့်၊ တစ်ကျိပ်သော မင်းပရိသတ်နှင့်ပင် လာစေဦး၊ ကျွန်ုပ်အတွက် ထိုက်တန်သော ဧည့်ဝတ်ပြုရေးနှင့် ပတ်သက်၍ အနည်းငယ်မျှပင် ကြောင့်ကြမှုမရှိပါ"

မာနေ ဥန္နတာ လောကာ– မာနကြောင့်ပင် လောကသည် မြင့်မားသည်ထက် မြင့်မားလာခြင်း ဖြစ်လေရာ သူဌေးကြီး နှစ်ဦးတို့သည် "သူ့ထက်ငါက

http://www.cherrythitsar.org



သာကြောင်း” မာနဖြင့် ပြိုင်ကြပါလေ၏။ မာနဟူသည် အကုသိုလ်ပင် ဖြစ်ပါသော်လည်း ပဋ္ဌာန်းဒေသနာတော်အရ အကုသိုလ်တက်သို့လည်း ကွန်းပို့နိုင်၏။ ကုသိုလ်တက်သို့လည်း ကွန်းပို့နိုင်၏။ ထို့ကြောင့် တကယ်တမ်း အဆိုးအကောင်းဟူသည် ပမာနအားဖြင့် မာနအပေါ်၌မတည်ဘဲ အသုံးချသူအပေါ်၌သာ တည်ပါ၏။ ဒေသနာတော်၌လည်း ဆရာဇီဝကသည် “အဆိပ်” ကို “ဆေး” အဖြစ် အသုံးချခဲ့ကြောင်း ဖတ်ရှုနိုင်ပါ၏။

မိဂါရသူဌေးသည် သား ပုဏ္ဏဝဍ္ဍနအတွက် ချွေးမလောင်း ဝိသာခါကို ဖခင် ဓနဉ္စယ သူဌေးထံမှ မိတ်တို့ ဝတ္တုရားနှင့်အညီ တောင်းယူရန် သာဝတ္ထိမှ သာကေတသို့ လာကြ၏၊ သာကေတသို့ လာသည်ဆိုသော်လည်း သာကေတသို့ တိုက်ရိုက်အရောက်လာသည် မဟုတ်။ သာကေတသို့မရောက်မီ ယူဇနာခွဲ အရပ်၌ ရပ်နားနေကြသေး၏။ ထို့နောက် သူတို့လာကြောင်းသတင်းကို ဓနဉ္စယ သူဌေးထံ ပို့လိုက်ကြ၏။ ဧည့်သည်များအတွက် အစစအရာရာ ကြိုတင်ပြင်ဆင်နိုင်ရန် ဖြစ်၏။ မိဂါရသူဌေးသည် သာကေတသို့ လာရာ၌ အိမ်စောင့်လောက်ကိုသာ ချန်ထားပြီး သူ၏ ပရိသတ်အားလုံးကို ခေါ်လာ၏၊ ဧည့်သည်များ အနေဖြင့် ပသေနဒီကောသလမင်းကြီးလည်း ပါ၏။ အိမ်ရှေ့မင်းလည်း ပါ၏။ စစ်သည်ဗိုလ်ပါများလည်းပါ၏။ သာဝတ္ထိ၌ ထင်ရှားသော သူဌေးကြီးများလည်းပါ၏။ မိဂါရသူဌေးသည် သာဝတ္ထိ၌ သူ၏အဆင့်အတန်းကို ဝိသာခါ၏ ဖခင် ဓနဉ္စယသူဌေးအား ပြလိုသောကြောင့် ယခုကဲ့သို့ ပရိသတ် အစုံအညီနှင့် သာကေတသို့ လာခြင်းဖြစ်၏။

ဓနဉ္စယသူဌေးသည် မိဂါရသူဌေးတို့ လာကြောင်းသတင်းစကားရလျှင် ထိုက်တန်သော လက်ဆောင်ပဏ္ဏာများကို မိဂါရသူဌေးထံ ပို့လိုက်၏။ မိမိ၏ သမီး ဝိသာခါကို ခေါ်၍ ဧည့်ဝတ်ကိုပြုစုရန် တာဝန်ပေးလိုက်၏။ အမှန်အားဖြင့် ဓနဉ္စယသူဌေးကြီးသည် မိမိ၏သမီး ဝိသာခါ၏ စီမံခန့်ခွဲမှုဆိုင်ရာ အရည်အချင်းကို သိလို၍ ထိုကဲ့သို့ တာဝန်ပေးခြင်းဖြစ်၏။ ဝိသာခါသည် မကြာမြင့်မီကာလအတွင်း အိမ်ရှင်မတစ်ယောက် ဖြစ်ပေတော့မည်၊ ထိုအခါ အိမ်ရှင်မကောင်း တစ်ယောက် အနေဖြင့် အစစအရာရာ စီမံအုပ်ချုပ်နိုင်စွမ်း ရှိဖို့လို၏။ ဓနဉ္စယ သူဌေးကြီးသည် အရပ်တစ်ပါးသို့ လိုက်ပါသွားရမည်ဖြစ်သော မိမိ၏ သမီးငယ် ဝိသာခါနှင့် ပတ်သက်၍ ဖခင်အနေဖြင့် အစစအရာရာ စိတ်ချလို၏။ ထို့ကြောင့် ဓနဉ္စယ သူဌေးကြီးသည် မိမိသမီး ဝိသာခါ၏ အရည်အချင်းကို လက်တွေ့စမ်းသပ်ခြင်းဖြစ်၏။

ဝိသာခါကား ကမ္ဘာတစ်သိန်းတိုင်တိုင် ပါရမီဖြည့်လာသော ပါရမီရှင်

http://www.cherrythitsar.org



ဖြစ်၏။ ထို့ကြောင့် သူ၏ ဉာဏ်သည် ထက်မြက်၏။ ၇ နှစ် အရွယ်ကပင် သိနိုင်ခဲသော အရိယသစ္စာကို ထိုးထွင်း၍သိပြီး သောတာပန်ဖြစ်ခဲ့၏။ ညီသည်များအား သူတို့၏ အဆင့်အတန်းနှင့်အညီ ထိုက်ထိုက်တန်တန် ညီ့ဝတ်ပြုရေးအတွက် စီမံခန့်ခွဲနိုင်မှုသည် အရိယသစ္စာကို ထိုးထွင်း၍ သိနိုင်မှုနှင့် စာလျှင် သာမျှပြောပလောက်သည် မဟုတ်။ ထို့ကြောင့် ဝိသာခါသည် မိဂါရသူဌေးကြီးအတွက်လည်း လိုလေသေး မရှိရလေအောင် စီမံနိုင်၏။ ကောသလမင်းကြီးအတွက်လည်း စီနိုင်၏။ အိမ်ရှေ့မင်းသားအတွက်လည်း စီမံနိုင်၏။ ဂုဏ်သရေရှိ ဧည့်သည်တော် သူဌေးများအတွက်လည်း စီမံနိုင်၏။ စစ်သည်ဗိုလ်ပါများအတွက်လည်း စီမံနိုင်၏။ အယုတ်ဆုံးအားဖြင့် ဆင်ထိန်း၊ မြင်းထိန်းတို့ လွတ်လွတ်လပ်လပ် နေနိုင်ကြစေရန်အတွက် ပါလာသည့် ဆင်၊ မြင်းများကိုပါ မိမိ၏ လူများဖြင့်ပင် အစားထိုး စောင့်ရှောက်နိုင်ရန်အထိ အသေးစိတ် စီမံနိုင်၏။ မည်သည့်နေရာ၌မျှ လစ်ဟင်းမှုဟူ၍ မရှိချေ။ ထိုအခါမှသာ ဖခင် ဓနဉ္စယ သူဌေးကြီးသည် ယောက္ခမအိမ်သို့ လိုက်ပါသွားရမည့် မိမိသမီး ဝိသာခါနှင့် ပတ်သက်၍ အနာဂတ်နေထိုင်ရေးအတွက် စိတ်ချလက်ချ ရှိသွားတော့၏။

ထိုနေ့၌ပင် ဓနဉ္စယ သူဌေးကြီးသည် မိမိသမီးဝိသာခါအတွက် မဟာလတာ တန်ဆာကို ပန်းထိမ်သည် ငါးရာတို့ထံအပ်နှံ၏။ မဟာလတာ တန်ဆာတွင် ရွှေစင်နိက္ခ ၁၀၀၀၊ စိန် ၄ ကွမ်းစား၊ ပုလဲ ၁၁ ကွမ်းစား၊ သန္တာ ၃၂ ကွမ်းစား၊ ပတ္တမြား ၃၃ ကွမ်းစားတို့ပါဝင်၏။ ထိပ်ထက်အလယ်၌ ဥဒေါင်းရုပ်ပါ၏။ ဝတ်ဆင်လိုက်လျှင် ဦးခေါင်းမှ ခြေဖမိုးတိုင်အောင် ဖုံး၏။ မဟာလတာတန်ဆာသည် အဖိုးအားဖြင့် ၉ ကုဋေထိုက်၏။ လက်ခအားဖြင့် တစ်သိန်းဖြစ်၏။ အချိန်ကာလအားဖြင့် လေးလတိုင်တိုင်လုပ်ရ၏။ ပန်းထိမ်လုပ်သားပေါင်း ငါးရာတို့ဖြင့် လုပ်မှပြီး၏။ ဤမြေအပြင်၌ မဟာလတာတန်ဆာ ဝတ်ဆင်နိုင်သူ အမျိုးသမီး သုံးယောက်သာ ရှိ၏။ ထိုအမျိုးသမီး သုံးယောက်တို့မှာ–

(၁) ဝိသာခါ၊
(၂) ဗန္ဓုလစစ်သူကြီးကတော် မလ္လိကာ၊
(၃) ဗာရာဏသီ သူဌေးသမီး

တို့ဖြစ်ကြ၏။ အမျိုးသမီးများအနေဖြင့် သင်္ကန်းလှူလျှင် မဟာလတာတန်ဆာကို ရနိုင်၏။

သို့ရာတွင် သင်္ကန်းလှူတိုင်း မဟာလတာတန်ဆာကို ရသည်မဟုတ်။ ကောင်းမှုဟူသမျှ အကျိုးပေးရာ၌ ဆိုင်ရာအကြောင်းတရား လေးပါးတို့အပေါ် အခြေခံ၏။ အကြောင်းတရား လေးပါးတို့တွင် စေတနာသည် ပဓာနအကြောင်း

http://www.cherrythitsar.org



ဖြစ်၏။ ယင်းကို ဥပါဒါနအကြောင်းဟု ဆို၏။ စေတနာကောင်းမှု၊ မကောင်းမှုအပေါ်အကျိုးပေးမှုသည် များစွာတည်၏။ စေတနာကောင်းလျှင်ကောင်းသလောက် အကျိုးပေး၏။ ဒုတိယအကြောင်းမှာ ကမ္မသကတာဉာဏ် ဖြစ်၏။ အကျိုးပေးမှုသည် မိမိယုံကြည်မှုနှင့်ပတ်သက်သော အသိဉာဏ်အပေါ်၌လည်း တည်၏။ ယင်းကို နိမိတ္တ အကြောင်းဟုဆို၏။ တတိယအကြောင်းမှာ လှူဖွယ်ဝတ္ထုနှင့် အလှူခံပုဂ္ဂိုလ်ဖြစ်၏။ ယင်းကို သမဝါယီအကြောင်းဟုဆို၏။ အကျိုးပေးရာ၌ လှူဖွယ်ဝတ္ထု၏ အမျိုးအစားအရ အကျိုးပေး၏။ အဝတ်အထည်လှူလျှင် အဝတ်အထည်နှင့်ဆိုင်သော အကျိုးကိုပေး၏။ အစားအသောက်ကိုလှူလျှင် အစားအသောက်နှင့်ဆိုင်သော အကျိုးပေး၏။ ထို့အပြင် အလှူခံပုဂ္ဂိုလ်များအနေဖြင့် သီလရှိမှု၊ မရှိမှုသည် အရေးကြီး၏။ စတုတ္ထအကြောင်းမှာ တောင့်တချက်ဖြစ်၏။ ယင်းကိုပဏိဓိဟူ၍ လည်းကောင်း၊ ပတ္ထနာဟူ၍ လည်းကောင်းဆို၏။ အကျိုးပေးရာတွင် မိမိ၏ တောင့်တချက်အရ အကျိုးပေး၏။ လူ့ဘဝကို တောင့်တလျှင် လူဖြစ်၏။ နတ်ဘဝကို တောင့်တလျှင် နတ်ဖြစ်၏။ နိဗ္ဗာန်ကို တောင့်တလျှင် နိဗ္ဗာန်ကို ရ၏။ ထို့ကြောင့် ကောင်းမှုများကို လုပ်ရာ၌ဤအကြောင်းတရားလေးပါးတို့၏ ကောင်းခြင်းနှင့် မကောင်းခြင်းအပေါ် တည်၏။ သို့ဖြစ်လေရာ အမျိုးသမီးများအနေဖြင့် မဟာလတာ တန်ဆာကို ရလိုပါလျှင် မဟာလတာ တန်ဆာကို ရည်မှန်းပြီး သီလဝန္တပုဂ္ဂိုလ်တို့အား ကောင်းသော သင်္ကန်းကိုလှူရ၏။ လှူသောအခါ သီလကို စောင့်ထိန်းပြီး ဉာဏ်ယှဉ်သော စေတနာဖြင့် လှူပါက မဟာလတာတန်ဆာကို ရနိုင်ပါ၏။ ဝိသာခါသည် ကဿပဘုရားရှင်လက်ထက်တော်က ရဟန်းတော်များအား ဤအကြောင်းလေးပါးနှင့်ပြည့်စုံအောင် သင်္ကန်းလှူခဲ့သောကြောင့် ယခုကဲ့သို့ မဟာလတာတန်ဆာကို ရခြင်းဖြစ်၏။

မဟာလတာတန်ဆာဟူသည် ပန်းထိမ်ငါးရာတို့ဖြင့် လေးလတိုင်အောင်လုပ်မှ ပြီး၏။ မိဂါရသူဌေးကြီးတို့ ရောက်သောနေ့၌ပင် ဓနဉ္စယ သူဌေးကြီးက သမီးဝိသာခါအတွက် မဟာလတာတန်ဆာကို လုပ်ခြင်းဖြစ်လေရာ မဟာလတာတန်ဆာ ပြီးအောင်ဆိုလျှင် မိဂါရသူဌေးကြီးသည် သာကေတ၌ လေးလတိုင်အောင် စောင့်နေရပေလိမ့်မည်။ မိဂါရသူဌေးကြီးအတွက် သိပ်အရေးမကြီးသော်လည်း ပသေနဒီ ကောသလမင်းကြီးအတွက်မူ သိပ်အရေးကြီး၏။ နိုင်ငံအုပ်ချုပ်ရေးဆိုသည်မှာ အုပ်ချုပ်သူ ဘုရင်ရှိမှ ကောင်း၏။ ဘုရင်မရှိလျှင် နိုင်ငံသည် ကစဉ့်ကလျား ဖြစ်သွားနိုင်၏။ ထို့ကြောင့် ကောသလမင်းကြီးသည်

http://www.cherrythitsar.org



သာကေတသို့ရောက်ပြီးနောက် နှစ်ရက်သုံးရက်ကြာလျှင်ပင် သတို့သမီးကို သာဝတ္ထိသို့ ပို့ရေးကိုစီစဉ်ဖို့ ဓနဥ္စယသူဌေးကြီးကို အကြောင်းကြား၏။ မင်းကြီးသည် နေပြည်တော် သာဝတ္ထိသို့ ပြန်ချင်လေပြီ။ ဓနဥ္စယသူဌေးကြီး အတွက် မင်းကြီးအနေဖြင့် သာဝတ္ထိသို့ ပြန်နိုင်ရေး မဟာလတာတန်ဆာကို မြန်မြန် ပြီးအောင် စီစဉ်ဖို့ အရေးကြီး၏။ မည်သို့ပင် မြန်အောင်စီစဉ်စေကာမူ အနည်းဆုံး လေးလကြာပေလိမ့်မည်။ ထို့ကြောင့် မင်းကြီးအား သာကေတ၌ လေးလကြာ နေထိုင်ရေးအတွက် မိုးကာလ ဖြစ်နေသဖြင့် သွားရေးလာရေး မလွယ်ကူမှုကို အကြောင်းပြ၍ ဓနဥ္စယ သူဌေးကြီးက မင်းကြီးအား ပြန်မကြွပါရန် တောင်းပန် လျှောက်ထား၏၊ စစ်သည်ဗိုလ်ပါများနှင့်တကွ ဧည့်ပရိသတ် မည်မျှပင် များစေကာမူ အားမနာပါရန်လည်း သူဌေးကြီးက မင်းကြီးအား လျှောက်ထား၏။ မင်းကြီးမှစ၍ ဆင်ထိန်း မြင်းထိန်းအထိ လူတိုင်းလူတိုင်းက "သူဌေးကြီးသည် ငါ့ကိုသူများထက် ပို၍ ဂရုစိုက်သည်" ဟု ထင်ရလောက်အောင်ပင် ဧည့်သည် အားလုံးအပေါ် ဂရုစိုက်၏။

ထိုအခါ မင်းကြီးလည်း သာကေတ၌ပျော်လေပြီ။ စစ်သည်ဗိုလ်ပါများလည်း ပျော်လေပြီ။ မိဂါရ သူဌေးနှင့်တကွ သူ၏ပရိသတ်များ အားလုံးလည်း ပျော်ကြလေပြီ။ ဓနဥ္စယ သူဌေးကြီးကလည်း သူ၏မြို့ သာကေတကို ပွဲလမ်းသဘင်များဖြင့် တကယ့်ပျော်စရာကောင်းလောက်အောင် စီစဉ်၏။ သမီး ဝိသာခါကလည်း ဧည့်ဝတ်ကျေပွန်ရေးအတွက် အဘက်ဘက်မှ ပံ့ပိုး၏။ ထို့ကြောင့် သာဝတ္ထိပရိသတ်သည် သာကေတ၌ ပျော်ကြခြင်းဖြစ်၏။

ထိုနေ့ကား တန်ဆောင်မုန်းလပြည့်နေ့ ဖြစ်၏။ မိဂါရသူဌေးတို့ သာကေတသို့ ရောက်သည်မှာလည်း လေးလတင်းတင်းပြည့်လေပြီ။ မဟာလတာ တန်ဆာလည်း ပြီးလေပြီ။ နောက်နေ့တွင် ဓနဥ္စယ သူဌေးကြီးသည် မိမိ၏သမီး ဝိသာခါကို ယောက္ခမအိမ်သို့ ထည့်လိုက်ရပေတော့မည်။ မိမိ၏ သမီး လိမ္မာရေးခြားရှိသည်ကို ဖခင်ဖြစ်သူ ဓနဥ္စယ သူဌေးကြီးက သိပါ၏။ သို့ရာတွင် သမီးအပေါ် ချစ်သောစိတ်ကြောင့် လိုသေးလိမ့်နိုးနိုးဖြင့် ထပ်၍မှာချင်သေး၏။ ထို့ကြောင့် ဓနဥ္စယ သူဌေးကြီးသည် သမီးဝိသာခါကို မိမိ၏ အနီးသို့ ခေါ်ပြီး ဆုံးမ၏။ သူဌေးကြီး ဆုံးမသံကို တစ်ဖက်ခန်းရှိ မိဂါရသူဌေးကြီးက ကြား၏။ ထိုအခါ စူးစမ်းလိုသော စိတ်ဖြင့် သေသေချာချာ နားထောင်၏။

ဓနဥ္စယသူဌေးကြီးက သမီးဝိသာခါအား အချက် ၁၀ ချက်ဖြင့် ဤသို့ ဆုံးမ၏။ သူဌေးကြီး၏ ဆုံးမချက်များမှာ မှတ်ရလွယ်အောင် တို၏။ တိုသည့်

http://www.cherrythitsar.org



အပြင် စကားဝှက်သဘောလည်း ရှိ၏။ ဝိသာခါကမူ မိမိ၏ ဖခင် သူဌေးကြီး၏ ဩဝါဒများကို အပြည့်အစုံနားလည်၏။ သူဌေးကြီး၏ ဆုံးမချက် ၁၀ ချက်တို့မှာ ဤသို့ ဖြစ်၏။

(၁) အိမ်တွင်းကမီးကိုအိမ်ပြင်သို့ မထုတ်ရ၊
(၂) အိမ်ပြင်ကမီးကို အိမ်တွင်းသို့ မသွင်းရ၊
(၃) ပြန်ပေးသူအားသာ ပေးရ၏၊
(၄) ပြန်မပေးသူအား မပေးရ၊
(၅) ပြန်ပေးသည်ဖြစ်စေ၊ မပေးသည်ဖြစ်စေ ပေးရ၏၊
(၆) ချမ်းသာစွာ ထိုင်ရ၏
(၇) ချမ်းသာစွာ စားရ၏၊
(၈) ချမ်းသာစွာ အိပ်ရ၏၊
(၉) မီးကိုရှိသေစွာ လုပ်ကျွေးရ၏၊
(၁၀) အိမ်တွင်းနတ်တို့ကို ရှိခိုးရ၏။

ဓနဉ္စယသူဌေးကြီးသည် မိမိ၏သမီး ဝိသာခါအား အထက်ပါအတိုင်း ဩဝါဒ ၁၀ ချက်တို့ဖြင့် ဆုံးမ၏ ဩဝါဒများသည် ဓနဉ္စယ သူဌေးဘက်မှ ကြည့်လျှင် ဝိသာခါအတွက် အားလုံးပင် အကောင်းချည်း ဖြစ်၏။ မိဂါရသူဌေး ဘက်မှကြည့်လျှင်မူ မကောင်းအဖြစ် မြင်ရ၏။ အမှန်အားဖြင့် ဆန့်ကျင်ဘက် အစုံတို့၏ ပေါင်းစည်းခြင်းသည် လောက ဖြစ်၏။ သို့ဖြစ်လေရာ လောကရေးရာ ဟူသမျှ၌ ဆန့်ကျင်ဘက်သဘောပါမှလည်း လောကရေးရာ ဖြစ်၏။ ဆန့်ကျင်ဘက် သဘောပါမှလည်း လောကရေးရာဖြစ်သည်။ ဆန့်ကျင်ဘက်သဘော မပါသည်နှင့် တစ်ပြိုင်နက် လောကုတ္တရာ ဖြစ်သွားတော့၏။ ထို့ကြောင့် လောကုတ္တရာကို ဝိမုတ္တိဟု ခေါ်ခြင်းဖြစ်၏။ ဝိမုတ္တိဆိုသည်မှာ ဆန့်ကျင်ဘက်အစုံတို့၏ ပေါင်းစည်းခြင်း သဘောမှ လွတ်မြောက်ခြင်းဟူ၍ အနက်ရှိ၏ ထို့ကြောင့် ဖခင် ဓနဉ္စယ သူဌေးကြီးက သမီးဝိသာခါအား ပေးလိုက်သော ဩဝါဒ ၁၀ ချက်နှင့် ပတ်သက်၍ လောကရေးရာ သဘောအရ ဝိသာခါနှင့်မိဂါရ သူဌေးကြီး အကြားတွင် ကြီးစွာသော ပြဿနာသည် တစ်ခုသောနေ့တွင် ဖြစ်ပေါ်ရခြင်း ဖြစ်၏။

ဓနဉ္စယသူဌေးကြီးသည် သမီးဝိသာခါအား တစ်ရပ်တစ်ကျေး ယောက္ခမ အိမ်သို့ ထည့်လိုက်ရမည်ဖြစ်ရာ မိဘမေတ္တာ၏ ဓမ္မတာအတိုင်း စိတ်မချနိုင်ဘဲ ရှိ၏။ ထို့ကြောင့် ဓနဉ္စယသူဌေးကြီးသည် ပရိသတ်ဗိုလ်ပုံအလယ်၌ ပညာရှိ သူဌေးကြီး ရှစ်ဦးတို့ကို ပင့်၍—

"သမီးဝိသာခါ အပေါ်၌ အပြစ်တစ်စုံတစ်ရာ ဖြစ်ပေါ်ခဲ့ပါလျှင် သူဌေးကြီး ရှစ်ဦးတို့သည်ပင် စီရင်ဆုံးဖြတ်ကြပါ"

ဟူ၍ ပြောဆိုပြီး သမီးဝိသာခါကို အပ်နှံလိုက်၏။ ဓနဥ္စယသူဌေးကြီး သည် သမီးဝိသာခါ၏ အရည်အချင်းကို သိပါသော်လည်း မိဘတို့၏ မေတ္တာအရ စိတ်မချနိုင်တိုင်း သမီးအတွက် သင့်နိုးရာရာကို ပြောလည်းပြောဆို၏။ လုပ်လည်း လုပ်၏။ သို့ပါသော်လည်း ကျေနပ်သည်ဟူ၍မရှိ။ သို့ရာတွင် အချိန်၏ အဆုံး အဖြတ်အရ နောက်ထပ် ပြောဆိုဆုံးမချိန်နှင့် လုပ်ချိန်မရှိတော့သဖြင့် သူဌေးကြီး ရှစ်ဦးအား မိမိ၏ကိုယ်စား ဆိုဆုံးမရန် အပ်နှံခြင်းဖြစ်၏။

ဓနဥ္စယသူဌေးကြီးသည် သမီးဝိသာခါအား ယောက္ခမအိမ်၌နေစဉ် တစ်စုံတစ်ရာ လိုလေသေးမရှိရလေအောင် ပံ့ပိုး၏။ လှည်းအစီးပေါင်း ၁၅၄ စီးတိုက် ဥစ္စာပစ္စည်းများကို ပေးလိုက်၏။ ကျွန်ယောကျ်ား၊ ကျွန်မိန်းမတို့ကိုလည်း ပေးလိုက်၏။ နွားလားဥသဘများကိုလည်း ပေးလိုက်၏၊ နို့စားနွားမများကို လည်း ပေးလိုက်၏။ ရွာကြီး ၁၄ ရွာမှ လူအပေါင်းတို့သည်လည်း ဝိသာခါ၏ အခြွေအရံအဖြစ် လိုက်ပါကြကုန်၏။ ဝိသာခါ၏ ရေးဆောင်းမှုကြောင့် လူများနှင့် တိရစ္ဆာန်များသည် ဝိသာခါနောက် လိုက်ပါရခြင်းအတွက် အားလုံးပျော် ရွှင်ကြ၏။ ဤသို့ဖြစ်ခြင်းကိုပင် အစ္ဈာသယ သံယောဂဟူ၍ ဆို၏။ အစ္ဈာသယ သံယောဂ ဟူသည်မှာ အချင်းချင်း မှတ်တည့်ခြင်းပင် ဖြစ်၏။ ဘဝရေစက် ဆုံစည်းခြင်း ဟူ၍လည်း ဆိုကြ၏။ အတိတ်ကာလများက ဝိသာခါ ပြုခဲ့သော ကောင်းမှု၏ စက်ဝန်းသည် အံ့သြဖွယ် ကောင်းလောက်အောင် ကျယ်ပြန့်လေ၏။

ဓနဥ္စယသူဌေးကြီးသည် သမီးဝိသာခါကို သာဝတ္ထိသို့ ထည့်လိုက် ရလေပြီ၊ မိဂါရသူဌေးကြီးသည်လည်း ကောသလမင်းကြီး၏ ဦးဆောင်မှုဖြင့် ဝိသာခါကို သာဝတ္ထိသို့ဆောင်ကြဉ်းသွားလေပြီ။ စွန့်လွှတ်လိုက်ရသော သူတို့၏ ရင်တွင်း၌ ခံစားမှုက တစ်မျိုး ဖြစ်၏။ ရယူသွားသော သူတို့၏ ရင်တွင်း၌ ခံစားမှုက တစ်မျိုးဖြစ်၏။ သို့ရာတွင် ထိုခံစားမှုများသည် ဝိသာခါကို အကြောင်း ပြု၍ ဖြစ်ကြသည်ချည်း ဖြစ်၏။ ဝိသာခါကို အကြောင်းပြု၍ ဖြစ်ကြခြင်းတူသော် လည်း အကျိုးခံစားမှုကား မတူ။ ဤလောက၌ အမျိုးအမည်ကို တိတိကျကျ ခွဲခြား၍ ပြဆိုခြင်းငှာ မစွမ်းသာသော သဘာဝများသည် ရှိကြ၏။ ထိုသဘာဝများ ကို ဒဿနကျမ်းများ၌ အနိဗ္ဗစနီယ ဟူ၍ဆို၏။ အနိဗ္ဗစနီယ၏ အနက်မှာ ဝေါဟာရများဖြင့် တိတိကျကျ ခွဲခြား၍ ပြဆိုခြင်းငှာ မတတ်ကောင်းသော သဘောဟူ၍ ဖြစ်၏။ ဝိသာခါနှင့် ပတ်သက်၍ ဖြစ်ပေါ်လာသော ဓနဥ္စယ

http://www.cherrythitsar.org



သူဌေးကြီး၏ ရင်တွင်းခံစားချက်နှင့် မိဂါရသူဌေးကြီး၏ ရင်တွင်းခံစားချက်များသည်လည်း အနိဋ္ဌစနိယ စာရင်းဝင် ခံစားချက်များပင် ဖြစ်ကြ၏။

ဝိသာခါသည် သာဝတ္ထိမြို့ တံခါးဝသို့ရောက်လေပြီ။ သာဝတ္ထိမြို့တွင်းသို့ ဝင်သောအခါ ဝိသာခါက မိမိအနေဖြင့် မည်သို့ဝင်သင့်သည်ကို စဉ်းစား၏။ ရထားတွင်း၌ တိတ်တဆိတ်ထိုင်၍ပင် ဝင်ရမည်လော၊ မဟာလတာတန်ဆာဖြင့် ကိုယ်ထင်ပြ၍ ဝင်ရမည်လော၊ ဤသို့ စဉ်းစား၏။ နောက်ဆုံး၌ မဟာလတာတန်ဆာ၏ အာနုဘော်ကို သာဝတ္ထိမြို့သူမြို့သားများအား ထင်ရှားပြနိုင်ရေးအတွက် ဝိသာခါသည် ရထား၌ မတ်တတ်ရပ်ကာဝင်ရန် ဆုံးဖြတ်လိုက်လေ၏။ အဆုံးအဖြတ်တစ်ခုကို ချမှတ်ရာ၌ မိမိဆုံးဖြတ်လိုက်သော အဆုံးအဖြတ်သည် အကြောင်းမဲ့ မဟုတ်။ အကြောင်းလေးပါးတို့၏ ပေါင်းစည်းမှုသဘောသည် မိမိ၏ အဆုံးအဖြတ်၌ သင့်လျော်သလို ပါဝင်၏။ အကြောင်းလေးပါးတွင် မိမိကျင်လည်ခဲ့ရသော ပတ်ဝန်းကျင်၏ အတွေ့အကြုံလည်း အကြောင်းတစ်ခုအနေဖြင့် ပါ၏။ တံငါပတ်ဝန်းကျင်၌ ကျင်လည်ခဲ့သူဖြစ်လျှင် ပြဿနာတစ်ရပ်ကို ဆုံးဖြတ်ရာ၌ တံငါလိုပင် ဆုံးဖြတ်၏။ မိမိ၏ ဘဝအမြင်လည်း အကြောင်းတစ်ခုအနေဖြင့် ပါ၏။ ဘဝအမြင် ဟူသည်မှာ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိနှင့် သမ္မာဒိဋ္ဌိတို့တွင် တစ်မျိုးမျိုးဖြစ်၏။ ရိုးရာယဉ်ကျေးမှုနှင့် ဓလေ့စရိုက်လည်း အကြောင်းတစ်ခုအနေဖြင့် ပါ၏။ ဗုဒ္ဓဘာသာ ရိုးရာယဉ်ကျေးမှုနှင့် ဓလေ့စရိုက်ဖြစ်လျှင် ယင်းတို့အရ ဆုံးဖြတ်၏။ အတိတ်ကံ၏ တွန်းအားလည်း အကြောင်းတစ်ခုအနေဖြင့်ပါ၏။ ကံကုန်လျှင် ဉာဏ်ထုံ၏။ ကံထက်လျှင် ဉာဏ်သွက်၏။ ထိုအခါ ထုံသောဉာဏ်၊ သွက်သော ဉာဏ်တို့ဖြင့် ဆုံးဖြတ်၏။ ဤအကြောင်းလေးမျိုးကို ဥပါဒါန်ဟုခေါ်၏။ အဆုံးအအဖြတ်ကို ကမ္မဘဝဟုခေါ်၏။ ဝိသာခါ၏ အဆုံးအဖြတ်၌လည်း အကြောင်းဥပါဒါန်တို့သည် သင့်လျော်သလို ပါဝင်ကြ၏။ မှားခြင်းနှင့်မှန်ခြင်းသည် ဤအကြောင်းများအပေါ်၌ တည်၏။

ဝိသာခါသည် မဟာလတာတန်ဆာကို ဆင်မြန်းလျက် ရထားထက်၌ ရပ်ကာ မိဂါရသူဌေး၏အိမ်သို့သွားစဉ် သာဝတ္ထိမြို့သူမြို့သားများသည် ဝိသာခါကို ကြည့်ကြ၏။ ကောသလမင်းကြီးကိုလည်း သူတို့မြင်ဖူးပြီ။ ကောသလမင်းကြီးသည် သူတို့အတွက် အဆန်းမဟုတ်။ မိဂါရသူဌေးကိုလည်း သူတို့မြင်ဖူးပြီ။ မိဂါရသူဌေးကြီးသည်လည်း သူတို့အတွက် အဆန်းမဟုတ်။ ဝိသာခါကိုမူ သူတို့ မမြင်ဖူးသေး။ ကြားရုံသာ ကြားဖူး၏။ ထို့ကြောင့် ဝိသာခါသည် သူတို့အတွက် အဆန်းဖြစ်၏။ ထို့ကြောင့် သာဝတ္ထိမြို့သူမြို့သားများသည် ဝိသာခါကို အလုအယက်ကြည့်ကြ၏။ ဝိသာခါ၏ ကျက်သရေကား သူတို့အတွက် အံ့ဘနန်း ဖြစ်ပါ၏။ ထိုအခါမှစ၍ ဝိသာခါကို တစ်မြို့လုံးက သိသွားလေ၏။ ဝိသာခါ

http://www.cherrythitsar.org



အတွက် မင်္ဂလာလက်ဖွဲ့အနေဖြင့် သာဝတ္ထိမြို့သူမြို့သားများက ပေးပို့သော လက်ဆောင်ပစ္စည်းများမှာလည်း အံ့ဖွယ်ကောင်းလောက်အောင် များပါ၏။ ဝိသာခါသည် မိမိထံရောက်လာသော လက်ဆောင်ပစ္စည်းများကို သာဝတ္ထိမြို့အနှံ့ ပြန်၍ လက်ဆောင်အဖြစ်ပေး၏။ အမှန်အားဖြင့် ဝိသာခါသည် မိမိ သာဝတ္ထိသို့ ရောက်သောနေ့မှာပင် ပေးကမ်းခြင်း ဒါနသင်္ဂဟဖြင့် သာဝတ္ထိ တစ်မြို့လုံး၏ စိတ်နှလုံးကို ယူကျုံးသိမ်းပိုက်လိုက်ခြင်း ဖြစ်လေ၏။

ဝိသာခါသည် မိမိ၏ ယောက္ခမအိမ်သို့ ရောက်သောနေ့၌ပင် လက်ဆောင်များကို ပေးကမ်းခြင်းအားဖြင့် သာဝတ္ထိမြို့သူမြို့သားများနှင့် မိတ်ဆွေဖွဲ့ပြီး ဖြစ်၏။ လက်ဆောင်များကို ပေးကမ်းရာ၌လည်း အထူးတလည် မိမိကစိုက်၍ ပေးကမ်းရသည်မဟုတ်၊ လက်ဆောင်အဖြစ် မိမိ ထံရောက်လာသောပစ္စည်းများကို မိမိကချည်း အကုန်မသိမ်းပိုက်ဘဲ သာဝတ္ထိမြို့သူမြို့သားများအား သင့်လျော်သလို ပြန်လည်၍ ပေးကမ်းခြင်းသာ ဖြစ်၏။ ရသမျှကိုအကုန်မယူဘဲ သင့်လျော်သလို ပြန်လည်ခွဲဝေ ပေးခြင်းသည် ရောင့်ရဲမှုတစ်မျိုးပင် ဖြစ်၏။ ယင်းရောင့်ရဲမှုမျိုးကို လူတိုင်းကျင့်သုံးနိုင်သည် မဟုတ်။ မြင့်မြတ်သူ သူတော်စင်များမှသာ ကျင့်သုံးနိုင်၏။ ဤရောင့်ရဲမှုမျိုးကိုပါဠိဝေါဟာရအားဖြင့် သန္တောသဟု ဆို၏။

ဝိသာခါအပေါ် ဓမ္မ၏ စမ်းသပ်ချက် နောက်တစ်မျိုး ရှိသေး၏။ ဝိသာခါ ယောက္ခမအိမ်သို့ ရောက်သောနေ့၌ပင် ညဉ့်နက်ချိန်၌ အာဇာနည်မြင်းမလည်း သားဖွား၏။ သာမန်အားဖြင့်ဆိုလျှင် အာဇာနည်မြင်းမ သားဖွားခြင်းသည် ဝိသာခါ၏ အလုပ်မဟုတ်။ ဤအမြင်မျိုးကို ဝိသာခါ၏ ယောက္ခမ မိဂါရသူဌေးကလည်း မြင်၏၊ မိဂါရသူဌေးကြီး သာမဟုတ်၊ သာမန်သူလိုငါလို လူတန်းစားဟူသမျှက ဤသို့ပင် မြင်မည်ဖြစ်၏။ သို့ရာတွင် ဝိသာခါကမူ သူလိုငါလို သာမန်လူတန်းစား မဟုတ်၊ သူမသည် သောတာပန် ဖြစ်၏။ သောတာပန်အမြင်နှင့် ပုထုဇဉ်အမြင်သည် ဓမ္မတာအားဖြင့် ခြားနား၏။

ဝိသာခါ၌ ကြင်နာတတ်သော နှလုံးသားရှိ၏။ ကြင်နာတတ်သော နှလုံးသားအရ ဝိသာခါသည် နာကျင်မှု ဝေဒနာကို ခံစားနေရသော အာဇာနည်မြင်းမအပေါ်၌ ကရုဏာ ဖြစ်လေ၏။ ကရုဏာဟူသည် ပြဿစိုရ်အဆင့်သို့ ရောက်ရှိမှန်ပါက ဆင်းရဲဒုက္ခ ရောက်နေသူများအပေါ် ခွဲခြားမှုမရှိဘဲ သနားသည်ချည်းဖြစ်၏။ ထို့ကြောင့် ကရုဏာကို အပ္ပမညဟုခေါ်ခြင်း ဖြစ်သည်။ အပ္ပမညဟူသည်မှာ သောင်ခတ်ခြင်း မရှိဟူ၍ အဓိပ္ပာယ်ရ၏။ ဝိသာခါသည် ကရုဏာ၏ စေ့ဆော်ချက်အရ မီးရှူးတိုင်များကို ထွန်း၏၊ ကျွန်မတို့ကိုခေါ်၍ အာဇာနည်မြင်းမရှိရာ မြင်းဇောင်းသို့သွား၏။ အာဇာနည်မြင်းမကို ရေနွေးတို့ဖြင့် ပွတ်သပ်

http://www.cherrythitsar.org



ဆေးကြော သုတ်သင်ပြီးလျှင် ဆီတို့ဖြင့် လိမ်းကျံပေး၏။ ပြုစုခြင်းကိစ္စပြီးမှ ဝိသာခါသည် သူမ၏ အိပ်ခန်းသို့ ပြန်၏။ ဤသည်ကို သူမ၏ ယောက္ခမဖြစ်သူ မိဂါရသူဌေးက သဘောမကျ။ သဘောမကျသော်လည်း ဘာမျှတော့မပြော။ ဘာမျှမပြောသဖြင့် သဘောမကျခြင်းသည် ကျေပျက်သွားခြင်းမရှိသောအခါ မိဂါရသူဌေး၏ စိတ်ထဲ၌ "အစုအခဲ" အဖြစ်သို့ ရောက်သွားလေ၏။

လူမှုဆက်ဆံရေးနယ်ပယ်၌ တစ်ဦးနှင့်တစ်ဦး ပေါင်းသင်းဆက်ဆံရာတွင် အချင်းချင်း အမြင်တူဖို့လည်းအရေးကြီး၏။ အမြင်ချင်း တူရုံမျှနှင့်လည်းမပြီးသေး၊ အကျင့်ချင်းတူဖို့လည်း လိုသေး၏။ အမြင်ချင်းလည်း တူပါမှ၊ အကျင့်ချင်းလည်း တူပါမှ သိပ်သည်းသော စည်းရုံးမှုကို ရနိုင်၏။ တစ်ဦးနှင့်တစ်ဦး အမြင်ချင်း တူမှုနှင့်၊ အကျင့်ချင်းတူမှုကို ပါဠိဝေါဟာရအားဖြင့် "ဒိဋ္ဌိသီလ သာမည" ဟု ခေါ်၏။ ဤတွင် "ဒိဋ္ဌိ" ဟူသည် အမြင်ဖြစ်၏။ "သီလ" ဟူသည် အကျင့် ဖြစ်၏။ "သာမည" ဟူသည် တူမှုဖြစ်၏။ ချွေးမဖြစ်သူ ဝိသာခါနှင့် ယောက္ခမ ဖြစ်သူ မိဂါရတို့သည် အမြင်ချင်းလည်း မတူကြ၊ အကျင့်ချင်းလည်း မတူကြ။ သို့ဖြစ်လေရာ သူတို့နှစ်ယောက်၏ ဆက်ဆံရေးသည် ပြေပြစ်ဖို့ ခက်ပေလိမ့်မည်။ ဆက်ဆံရေးပြေပြစ်စေရန် သူတို့နှစ်ယောက်သည် အမြင်ချင်းလည်းတူ၊ အကျင့်ချင်းလည်းတူသော နေ့ကို စောင့်ရပေလိမ့်မည်။

မိဂါရသူဌေးကြီးသည် ပုဏ္ဏဝဍ္ဎနနှင့် ဝိသာခါတို့အတွက် မင်္ဂလာဆွမ်းကို ဆက်ကပ်ရဦးမည် ဖြစ်၏။ မင်္ဂလာဆွမ်း ဆက်ကပ်သည့် အစဉ်အလာသည် ထိုခေတ်ကပင် ရှိ၏။ ထို့ကြောင့် သူဌေးကြီးသည် မင်္ဂလာဆွမ်းအဖြစ် နို့ဃနာ ဆွမ်းကို စီစဉ်၏။ ထို့နောက် သူဌေးမကြီးသည် မြတ်စွာဘုရားကို မကိုးကွယ်ဘဲ တိတ္ထိတို့ကို ကိုးကွယ်သူ ဖြစ်သည့် အားလျော်စွာ တိတ္ထိပေါင်းရာတို့ကို သူ၏အိမ်သို့ ဆွမ်းဘုဉ်းပေးရန် ပင့်လေ၏။ တိတ္ထိပေါင်းရာတို့သည်သူဌေးကြီး၏အိမ်သို့ ကြွလာကြပြီး ဆွမ်းဘုဉ်းပေးကြ၏။ သူဌေးကြီးက သူ၏ချွေးမ ဝိသာခါအား သူပင့်ထားသော ရဟန္တာများကို ဖူးမြော်ရန် ခေါ်လိုက်၏။ ဝိသာခါကား ဘာသာတရား၌ ကိုင်းရှိုင်းသူ ဖြစ်လေရာ ရဟန္တာဟူသော အသံကို ကြားရသည်နှင့် တစ်ပြိုင်နက် ဝမ်းပန်းတသာဖြင့် ရဟန္တာများကို ဖူးမြင်ရန် လာလေ၏။ ရဟန္တာများကလည်း သူတို့၏ ဒါယကာရင်း မိဂါရသူဌေးကြီး၏ ချွေးမဝိသာခါကို မြင်ဖူးချင်ပါ၏။

ဝိသာခါသည် သူဌေးကြီး၏ ရဟန္တာများကို မကြည့်ရဲအောင် ရှက်၏။ ရဟန္တာအားလုံး ကိုယ်လုံးတီးချည်း ဖြစ်ကြ၏။ သူဌေးကြီးကမူ ရဟန္တာများကို ကြည်ညို၍မဆုံး၊ ဝိသာခါကမူ ရဟန္တာများကို ရှက်၍မဆုံး။ နှလုံးသွင်း ခြားနားလေသောအခါ မြင်စရာကမခြားနားသော်လည်း အမြင်များကမူ ခြားနား

http://www.cherrythitsar.org



လေ၏။ ဝိသာခါသည် ချက်ချင်းပင် ပြန်ထွက်လာ၏။ ရဟန္တာများကို ရှိလည်းမခိုး၊ ကြည့်လည်းမကြည့်ပေ။ သူဌေးကြီးသည် သူ၏ချွေးမအတွက် များစွာမျက်နှာပူ၏၊ ရဟန္တာများကလည်း ဝိသာခါ၏ အပြုအမူအတွက် များစွာစိတ်ဆိုး၏။ ရဟန္တာဆိုသော်လည်း သူတို့၏ ဒေါသကို ပယ်နိုင်သူများမဟုတ်ကြ။ ဒေါသကို မပယ်နိုင်သော်လည်း သူတို့သည် သူတို့၏ ပရိသတ်၌ ရဟန္တာများအဖြစ် ထင်ရှားကြ၏။

ဝိသာခါသည် ယောက္ခမဖြစ်သူ မိဂါရသူဌေးကြီးအတွက် ယူကျုံးမရရှိလှ၏။ ကိုးကွယ်ရာ မှားခြင်းသည် မှားခြင်းတကာတို့တွင် အမှားဆုံးသော မှားခြင်းဖြစ်၏။ ထို့ကြောင့် ဝိသာခါသည် သူ၏ ယောက္ခမဖြစ်သူ မိဂါရသူဌေးကြီးကို ကယ်တင်ရန် ဆုံးဖြတ်လိုက်၏။ အမှန်အားဖြင့် လောကတွင် လူတိုင်း၌ တာဝန်နှစ်ခုရှိ၏။ တာဝန်နှစ်ခုအနက် တစ်ခုသောတာဝန်မှာ အနစ်နာခံခြင်း ဖြစ်၏။ ယင်းကို ပါဠိဝေါဟာရအားဖြင့် "ဟာန" ဟုခေါ်၏။ အခြားတစ်ခုသော တာဝန်မှာ ပွံ့ပိုးခြင်းဖြစ်၏ ယင်းကို ပါဠိဝေါဟာရအားဖြင့် "ဥပါဒါန" ဟုခေါ်၏။ အနစ်နာခံခြင်းဖြင့် တစ်ကိုယ်ကောင်းစိတ်သားကို ပါးသည်ထက်ပါးအောင်လုပ်ကာ ကိလေသာများကို တဖြည်းဖြည်းချင်း ပယ်သတ်နိုင်၏။ ပွံ့ပိုးခြင်းဖြင့် ပါရမီများရင့်ကျက်ကာ သစ္စာလေးပါးကိုထိုးထွင်း၍ သိနိုင်သောဗောဓိဉာဏ်ကို ရစေနိုင်၏။ ဝိသာခါသည် သောတာပန်ဖြစ်သဖြင့် လူ့ဘဝ၏ တာဝန်နှစ်ရပ်ကို ထမ်းရွက်ရန် အစဉ်ဆန္ဒရှိ၏။ ဝိသာခါ၏ ထိုဆန္ဒကြောင့်ပင် မိဂါရသူဌေးကြီးသည် တစ်ခုသောနေ့တွင် သောတာပန် ဖြစ်ပေလိမ့်မည်။

မိဂါရသူဌေးကြီး၏ ဆရာ တိတ္ထိများက ဝိသာခါကို အိမ်မှ နှင်ထုတ်ရန် တိုက်တွန်း၏။ သူဌေးကြီးကလည်း ချွေးမဖြစ်သူ ဝိသာခါကို အိမ်မှနှင်ထုတ်ချင်၏။ သို့ရာတွင် ဝိသာခါသည် အရှိန်အဝါကြီးမားသော မိသားစုမှ ဆင်းသက်လာသူဖြစ်၏။ ထို့ကြောင့် သူဌေးကြီးသည် စိတ်ထင်တိုင်း ဝိသာခါကိုနှင်ထုတ်ရန်မဝံ့ရဲ။ သို့ဖြစ်၍ မလိမ္မာသေးသည့်အရွယ်ဖြစ်သဖြင့် ဝိသာခါအပေါ် ခွင့်လွှတ်ပါရန် သူဌေးကြီးက သူ၏ဆရာ တိတ္ထိများကို တောင်းပန်၏။ တောင်းပန်ပင်တောင်းပန်သော်လည်း သူဌေးကြီးကိုယ်တိုင်ကမူ ဝိသာခါအပေါ် ကျေနပ်လှသည် မဟုတ်၊ မတတ်သာသဖြင့် အောင့်အည်းနေရခြင်းသာ ဖြစ်၏။

အချိန်သည် အင်အားကြီးမား၏။ သစ်ပင်တို့သည် အချိန်ကျမှ ပွင့်၏။ အချိန်ကျမှ သီး၏။ ပါရမီတို့သည်လည်း အချိန်ကျမှပင် ရင့်ကျက်ကြ၏။

တစ်နေ့တွင် မိဂါရသူဌေးကြီးသည် နို့ဃနာထမင်းကို ရွှေခွက်၌ ထည့်၍

http://www.cherrythitsar.org



စားနေ၏။ ဝိသာခါကလည်း သူဌေးကြီးကို ယပ်ခတ်ပေးလျက် ရှိ၏။ ထိုအချိန်တွင် ရဟန်းတော်တစ်ပါးသည် မိဂါရသူဌေးကြီး၏ အိမ်ရှေ့၌ ဆွမ်းလာရပ်၏။ သူဌေးကြီး မမြင်ဘူးထင်သဖြင့် ဝိသာခါက နေရာရွှေ့ပေး၏။ သူဌေးကြီးသည် မူလကပင် ရဟန်းတော်ကို မြင်ပြီး ဖြစ်၏။ ဆွမ်းမလောင်းလိုသဖြင့် မမြင်ယောင်ဆောင်နေခြင်းဖြစ်၏။ ဤသဘောကို ဝိသာခါက မရိပ်မိ၊ နောက်မှ ရိပ်မိသောအခါ ဝိသာခါသည် ယောက္ခမကြီးအတွက် များစွာစိတ်မကောင်းဖြစ်ရလေသည်။ သို့ရာတွင် ဝိသာခါသည် မိမိအနေဖြင့် ယောက္ခမကြီးအတွက် ကလျာဏမိတ္တဖြစ်လာအောင် ကြိုးစားရန် ဆုံးဖြတ်လိုက်၏။ ကလျာဏမိတ္တ ဖြစ်လာအောင်ဆောင်ရွက်ရာတွင် အကြမ်းနည်းကို သုံးသည်လည်းရှိ၏။ အနုနည်းကို သုံးသည်လည်း ရှိ၏။ ဤနေရာတွင် အကြမ်းနည်းကိုသုံးရန် ဆုံးဖြတ်ပြီး မိမိတို့၏အိမ်ရှေ့၌ ဆွမ်းရပ်နေသော ရဟန်းတော်အား 'ကန်တော့ပါသေး၏ ဘုရား၊ တပည့်တော်မ၏ ယောက္ခမသည် "အဟောင်း" ကိုသာ စားသောက်ပါသည်' ဟု လျှောက်ထားလိုက်၏။

ထိုအခါ မိဂါရသူဌေးကြီးသည် "အဟောင်း" ဆိုသည်မှာ "မစင်" ကို ဆိုလိုသည်ဟု အဓိပ္ပာယ်ယူပြီး များစွာ စိတ်ဆိုး၏။ ဝိသာခါသည် မိမိ၏ ဆရာတိတ္ထိတို့အား မထီမဲ့မြင်ပြုစဉ်က သူဌေးကြီးသည် သည်းခံနိုင်ပါ၏။ ဤအကြိမ် မိမိအား "အဟောင်းကိုစားနေသည်" ဟုဆိုသောအခါ သည်းမခံနိုင်တော့။ သူဌေးကြီးသည် ပေါက်ကွဲသွားလေပြီ။ ထို့ကြောင့်သူဌေးကြီးက 'ဤအယုတ်မကို ဤ အိမ်မှ နှင်ထုတ်ကြကုန်လော့' ဟု ကျွန်အမှုလုပ်တို့အား အမိန့်ပေးလိုက်၏။ သို့ရာတွင် ထိုအချိန်၌ ဝိသာခါ၏ ကျွန်အမှုလုပ်များသာ ရှိကြလေရာ ဝိသာခါကို နှင်ထုတ်ဖို့ မဆိုထားနှင့် လက်ဖြင့်ထိဝံ့သူ မရှိပါချေ။

မိမိ၏ယောက္ခမကြီးအား ကယ်ချွတ်မည့်ရအချိန်သို့ ရောက်ပြီဟု ဝိသာခါက သိ၏။ ထို့ကြောင့် ဝိသာခါက သူဌေးကြီးအား ဖခင်က နှင်ထုတ်တိုင်း မိမိသွားမည် မဟုတ်ကြောင်း၊ မိမိကိုဆောင်ယူစဉ်က မိမိ၏ဖခင် ဓနဉ္စယသူဌေးကြီးက မိမိနှင့်ပတ်သက်၍ ဖြစ်ပေါ်လာသော အပြစ်ကြီး၊ အပြစ်ငယ်များအပေါ် အဆုံးအဖြတ်ပေးရန် သူဌေးကြီး ရှစ်ဦးတို့အား အပ်နှံလိုက်ကြောင်း၊ သို့ဖြစ်၍ သူဌေးကြီး ရှစ်ဦးတို့၏ အဆုံးအဖြတ်ကို ခံယူမည် ဖြစ်ကြောင်းဖြင့် ပြန်လည်ပြောဆို၏။ ဝိသာခါသည် ဓမ္မနှင့်အညီ ပြောတတ်သူဖြစ်၏။ ထို့ကြောင့် မိဂါရသူဌေးကြီးသည် ဝိသာခါ ပြောသည့်အတိုင်းပင် သူဌေးကြီး ရှစ်ဦးတို့အား မိမိ၏အိမ်သို့ ဖိတ်ကြားရလေ၏၊ သူဌေးကြီး ရှစ်ဦးတို့ ရောက်လာသောအခါ မိဂါရသူဌေးကြီးက သင့်လျော်ရာနေရာ၌ ထားပြီး ဝိသာခါ ကျူးလွန်သော

http://www.cherrythitsar.org



အပြစ်များကို တင်ပြ၏။ ထိုအပြစ်များကြောင့် ဝိသာခါကို ဤအိမ်မှ နှင်ထုတ်သော မည် ဖြစ်ကြောင်းကိုပါ ပြောဆို၏။

မိဂါရသူဌေးကြီးက ဝိသာခါအပေါ် တင်ပြသောအပြစ်များတွင် ပထမ တင်ပြသောအပြစ်မှာ ဝိသာခါက မိမိအား ဖဲဝင်ကိုစားနေသည်ဟု ရိုင်းပျစွာ ဆဲရေးသည်ဟူသော စွပ်စွဲချက် ဖြစ်သည်။ ဝိသာခါကမူ မိမိအနေဖြင့် သူဌေးကြီး အား ဖဲဝင်ကို စားနေသည်ဟု မဆိုကြောင်း၊ အဟောင်းကို စားနေသည်ဟုသာ ဆိုကြောင်း၊ အဟောင်းဟုသည်မှာ ဤပစ္စုပ္ပန်ကာလ၌ ကောင်းမှုကုသိုလ်အသစ် ကိုမပြုဘဲ အတိတ်ဘဝက ပြုခဲ့သော ကောင်းမှုကုသိုလ် အဟောင်းအကျိုးကိုသာ ခံစားနေခြင်း ဖြစ်သည်ဟု ဆိုလိုပါကြောင်း ပြန်လည်တင်ပြရာ ဝိသာခါအပေါ် တင်ထားသော မိဂါရသူဌေးကြီး၏ စွဲချက်သည် ပျက်ပြယ်သွား၏။

ပထမစွဲချက်ပျက်လျှင် ဒုတိယစွဲချက်ကို သူဌေးကြီးက ဝိသာခါ အပေါ် တင်ပြန်၏။ ဒုတိယစွဲချက်မှာ ဝိသာခါသည် ဂုဏ်သရေရှိ အမျိုးသမီး ဖြစ်ပါလျက် တစ်ခုသောနေ့၏ ညဉ့်သန်းခေါင်ချိန်တွင် မီးရှူးမီးတိုင်များ ထွန်းညှိ ကာ ကျွန်မိန်းမများ ခြံရံလျက် အိမ်၏ အနောက်ဘက်သို့ ဆင်းသွားသည်ဟူသော စွပ်စွဲချက် ဖြစ်၏။ ထိုစွပ်စွဲချက် နှင့်ပတ်သက်၍ ဝိသာခါက မြင်းဗောင်းတွင် အာဇာနည်မြင်းမ သားဖွားသဖြင့် သွားရောက်ပြုစုခြင်း ဖြစ်ကြောင်း ရှင်းပြရာ မိဂါရသူဌေးကြီး၏ ဒုတိယစွပ်စွဲချက်သည်လည်း ပျက်ပြယ်သွားပြန်၏။

မိဂါရသူဌေးကြီးသည် အတန်ငယ် စိတ်သက်သာရာ ရသွား၏။ သို့ရာ တွင် ဓနဉ္စယသူဌေးကြီးက ဝိသာခါအားပေးလိုက်သော အိမ်ထောင်ရှင်မဆိုင်ရာ ဩဝါဒ ၁၀ ချက်နှင့် ပတ်သက်၍ သူ၏စိတ်ထဲ၌ မတင်မကျရှိနေ၏။ ဓနဉ္စယ မိသားစုတို့၏ လျှို့ဝှက်ချက်များ ဖြစ်နေမည်လား ဟူ၍လည်း သံသယ ဖြစ်မိပြန်၏။ ထို့ကြောင့် မိဂါရသူဌေးကြီးသည် ဝိသာခါအပေါ် ထိုဩဝါဒ ၁၀ ချက်နှင့် ပတ်သက်၍ တတိယစွပ်စွဲချက်များအဖြစ် စွပ်စွဲပြန်ရာ ဝိသာခါ က တစ်ချက်ချင်း ဤသို့ ပြန်လည် ရှင်းပြ၏။

**အတွင်းမီးကို အပြင်သို့မထုတ်ရ** ဟူသည်မှာ ချွေးမတစ်ယောက် အနေ ဖြင့် မိမိတို့၏ အိမ်တွင်းရေးကို အခြားသူများသို့ မပြောရဟူ၍ ဖြစ်၏။

**အပြင်မီးကို အတွင်းသို့ မသွင်းရ** ဟူသည်မှာအခြားသူများ၏ အိမ်တွင်း ရေးကို မိမိတို့၏ မိသားစုများအား မပြောရ ဟူ၍ ဖြစ်၏။

**ပေးကမ်းတတ်သူအားသာ ပေးကမ်းရာ၏** ဟူသည်မှာ မိမိတို့၏ ပစ္စည်း များကို ငှားရမ်းပြီး အမှန်မခံဘဲ ပြန်လည် ပေးတတ်သူအားသာ ပစ္စည်းများကို ငှားရမ်းရမည် ဟူ၍ဖြစ်၏။

http://www.cherrythitsar.org



**မပေးကမ်းသူအား မပေးကမ်းရ** ဟူသည်မှာ မိမိတို့၏ ပစ္စည်းများကို ငှားရမ်းပြီး ပြန်မပေးတတ်သူအား ပစ္စည်းများကို မငှားရမ်းရဟူ၍ ဖြစ်၏။

**ပေးကမ်းသည်ဖြစ်စေ မပေးကမ်းသည်ဖြစ်စေ ပေးကမ်းရာ၏** ဟူသည်မှာ ဆင်းရဲသော ဆွေမျိုးနှင့် မိတ်ဆွေများအား "ပြန်ရကောင်းစေ" ဟူ၍ သဘောမထားဘဲ မိမိ၏ စွမ်းနိုင်သလောက် ထောက်ပံ့ရမည် ဟူ၍ဖြစ်၏။

**ချမ်းသာစွာ နေထိုင်ရမည်** ဟူသည်မှာ လူကြီးမိဘများနှင့် နေထိုင်ရာတွင် မန်းလွှန်း မပေးလွှန်း၊ လေတင် လေအောက် စသည်ဖြင့် အပြစ်ဖြောက်ပါးကင်းသည့် နေရာများ၌ နေထိုင်ရမည် ဟူ၍ ဖြစ်၏။

**ချမ်းသာစွာ စားရမည်** ဟူသည်မှာ ယောက္ခမ၊ မိဘ၊ ခင်ပွန်းတို့ကို ရှေးဦးစွာ ကျွေးမွေးပြီးမှ မိမိအနေဖြင့် ကျန်လျှင်စားပြီး မကျန်လျှင် သင့်လျော်သလို စီစဉ်၍ စားရမည် ဟူ၍ဖြစ်၏။

**ချမ်းသာစွာ အိပ်ရမည်** ဆိုသည်မှာ ယောက္ခမ၊ မိဘများနှင့် ခင်ပွန်းသည်တို့ မအိပ်မီ သင့်လျော်သောဝတ္တရားကို ပြု၍ သူတို့အိပ်ပြီးမှ အိပ်ရမည် ဟူ၍ ဖြစ်၏။

**မီးကို ရိုသေစွာ လုပ်ကျွေးရမည်** ဟူသည်မှာ ခင်ပွန်းသည်၏ မိခင်နှင့် ဖခင်ကို ယစ်မီးကဲ့သို့ အလေးအမြတ်ပြု၍ စောင့်ရှောက်ရမည် ဟူ၍ ဖြစ်၏။

**အိမ်ဦးနတ်ကို ရိုသေရမည်** ဟူသည်မှာ မိမိ၏ခင်ပွန်းကို အိမ်ဦးနတ်ကဲ့သို့ ရိုသေလေးစားစွာ ဆက်ဆံရမည် ဟူ၍ဖြစ်၏။

ဝိသာခါ၏ ရှင်းပြချက်ကို ကြားရသောအခါ သူတို့မကြားဖူးသော ဓမ္မနှင့်ယှဉ်သော သြဝါဒ ဖြစ်သောကြောင့် သူဌေးကြီး ရှစ်ဦးတို့သည် ဝိသာခါအပေါ် များစွာ လေးစားသွားကြသည်။ ဝိသာခါ၏ ဖခင် ဓနဥ္စယသူဌေးကြီးအပေါ်၌လည်း များစွာကြည်ညိုသွားကြ၏။ မိဂါရ သူဌေးကြီးသည်လည်း ဝိသာခါအပေါ် အထင်မှားခဲ့သည့်အတွက် များစွာနောင်တရ၏။ အမှန်အားဖြင့် ဝိသာခါသည် တကယ်ပင် သူတော်ကောင်းဖြစ်ကြောင်း သူတို့တွေ့ကြပြီ။ လောကတွင် သူတော်ကောင်း ဖြစ်ဖို့အတွက် အမှားကို အမှားမှန်းသိဖို့သာ အရေးကြီး၏။ အမှားကို အမှားမှန်းသိခြင်းသည် ယထာဘူတဉာဏ် မည်၏။ အမှားကို အမှားမှန်းမသိဘဲ အမှန်အဖြစ် သိခြင်းသည် ဒိဋ္ဌိမည်၏။ ယထာဘူတ ဉာဏ်သည် ကုသိုလ်ဖြစ်၍ ကောင်းကျိုးကို ပေး၏။ ဒိဋ္ဌိသည် အကုသိုလ်ဖြစ်၍ မကောင်းကျိုးကို ပေး၏။ မိဂါရသူဌေးကြီးသည် ဝိသာခါနှင့် ပတ်သက်၍ အမှားကိုအမှားမှန်း သိလေပြီ။ ထို့ကြောင့် သူသည် သူ၏အမှားကိုပြင်ရန် စိတ်ဆောလျက် ရှိ၏။ မိဂါရသူဌေးကြီးသည် ပါရမီရှိသူဖြစ်၏။ မြင့်မြတ်သော စိတ်ထားရှိသူ ဖြစ်၏။

**ရာပြည့်စာအုပ်တိုက်**

http://www.cherrythitsar.org



ထို့ကြောင့် သူသည် သူလိုငါလို ပုဂ္ဂိုလ်မျိုးကဲ့သို့ မိမိ၏ အယူကို မှားမှန်းသိပါလျက် မြဲမြံစွာ စွဲကိုင်သူ "အာဓာနဂ္ဂါဟီ" ပုဂ္ဂိုလ်မဟုတ်၊ မိမိ၏ အယူကို မှားမှန်း သိပါလျက် မစွန့်ချင်သူ "ဒုပ္ပဋိနိဿဂ္ဂီ" ပုဂ္ဂိုလ်မဟုတ်၊ မိမိ၏အယူကို မှားမှန်း သိသည်နှင့် တစ်ပြိုင်နက် ချက်ခြင်းစွန့်လိုက်နိုင်သူဖြစ် လေ၏။

ဝိသာခါသည် သူ့မ၏ ယောက္ခမကြီးအပေါ် အောင်ပွဲကို ရလိုက်၏။ ထိုအောင်ပွဲကို မိမိ၏ အကျိုးစီးပွားအတွက် အသုံးမချဘဲ ယောက္ခမကြီး၏ အကျိုးစီးပွားအတွက် အသုံးချရန် ဝိသာခါက ဆုံးဖြတ်လိုက်၏။ ထို့ကြောင့် ဝိသာခါက မိမိသည် သာဝတ္ထိပြည် မိဂါရသူဌေးကြီး၏အိမ်၌ မနေတော့ဘဲ သာကေတမြို့ရှိ မိဘအိမ်သို့ ပြန်တော့မည် ဖြစ်ကြောင်း သူဌေးကြီး ရှစ်ဦးနှင့်တကွ ယောက္ခမဖြစ်သူ မိဂါရ သူဌေးကြီးအား ပန်ကြားလိုက်၏။ ထိုအခါ မိဂါရ သူဌေးကြီးသည် သူ၏အပြစ်ကို ဝန်ခံပြီး ဝိသာခါအား မပြန်ရန် မေတ္တာရပ်ခံ၏။ သူဌေးကြီး ရှစ်ဦးတို့ကလည်း ပိုင်းဝန်း၍ မေတ္တာရပ်ခံ၏။ ထိုအခွင့်အရေးကို ဝိသာခါ စောင့်မျှော်နေခဲ့၏။ ယခု ထိုအခွင့်အရေးကို သူမရလေပြီ။ ထိုအခါ ဝိသာခါက မြတ်စွာဘုရားနှင့်တကွ ရဟန်းသံဃာတော်များကို ကိုးကွယ်ခွင့်ရပါမှသာ မပြန်ဘဲ ဤအိမ်၌ ဆက်လက်နေထိုင်မည်ဖြစ်ကြောင်း ပြန်လည်ပြောဆိုလေရာ မိဂါရသူဌေးကြီးက ခွင့်ပြုလိုက်လေ၏။ ထို့ကြောင့် ဝိသာခါသည် မိဂါရ သူဌေးကြီးအိမ်၌ပင် ဆက်လက်နေထိုင်၏။ ဤသို့ဖြစ်လာမည်ကို ဝိသာခါက ကြိုတင်၍ သိ၏။ အမှန်အားဖြင့် ဤအိမ်၌ ဝိသာခါသည် သိရိုနတ်သမီးပင် ဖြစ်လေ၏။ မိဂါရ သူဌေးကြီး မောင်နှံတို့သည် ဝိသာခါကို အကြောင်းပြု၍ သောတာပန်များ ဖြစ်ကြပေလိမ့်မည်၊

နောက်တစ်နေ့၌ ဝိသာခါသည် မြတ်စွာဘုရားအမှူးပြုသော ရဟန်း သံဃာတော်များကို မိမိအိမ်သို့ပင့်၍ ဆွမ်းကပ်၏။ မိဂါရသူဌေးကြီး အိမ်၌ မြတ်စွာဘုရားအမှူးရှိသော ရဟန်းသံဃာတော်များအား ဝိသာခါက ဆွမ်းကပ် ကြောင်း သတင်းကြားရလျှင် တိတ္ထိတို့သည် သူဌေးကြီးအား မြတ်စွာဘုရားနှင့် မတွေ့နိုင်စေရန်သော်ငှာ သူဌေးကြီးကို ပိုင်းဝန်းတားရန်အတွက် သူဌေးကြီးအိမ်သို့ ရောက်လာကြ၏။ သူဌေးကြီးကိုလည်း ပိုင်းဝန်းတားကြ၏။ သူဌေးကြီးကလည်း တိတ္ထိတို့နှင့် အလိုက်သင့် အလျားသင့် ပြောဆိုနေရ၏။

ဝိသာခါသည် ဆွမ်းကပ်ပြီးသောအခါ မြတ်စွာဘုရားထံမှ တရားတော်ကို နာယူရန် ယောက္ခမကြီးအား ဖိတ်၏။ ထိုအခါ တိတ္ထိတို့က သူဌေးကြီးအား မြတ်စွာဘုရားထံသို့ တရားနာမသွားရန် တားမြစ်၏။ သူဌေးကြီးကလည်း ဝိသာခါအား မိမိအားသာမိမိတရားနာယူရန် ပြန်ကြား၏။ သို့ရာတွင် ဝိသာခါက

http://www.cherrythitsar.org



သူဌေးကြီးအား ဒုတိယအကြိမ် ဖိတ်ပြန်၏။ ဤအကြိမ်၌မူ သူဌေးကြီးသည် မနေသာတော့၊ တရားနာ သွားရတော့မည် ဖြစ်၏။ တိတ္ထိတို့က လည်း တရားနာလျှင် အပြင်ဘက်သို့ ထွက်မနာဘဲ တင်းတိမ် အတွင်းကနေပြီး တရားနာရန် သူဌေးကြီးအား မှာလိုက်၏။ တိတ္ထိတို့မှာလိုက်သည့်အတိုင်းပင် သူဌေးကြီးသည် တင်းတိမ် အတွင်းမှနေ၍ တရားတော်ကို နာယူ၏။ မြတ်စွာဘုရားသည် သူဌေးကြီး၏ ပါရမီအလျောက် တရားဒေသနာတော်ကို ဟောကြားတော်မူရာ သူဌေးကြီးသည် သစ္စာလေးပါးကို ထိုးထွင်း၍သိပြီး သောတာပန် ဖြစ်သွားလေ၏။ ထို့နောက် သူဌေးကြီးသည် တင်းတိမ်ကိုမပြီး ချွေးမဖြစ်သူ ဝိသာခါထံသို့ သွား၍ ဝိသာခါကို မိမိ၏ မိခင်အရာ၌ထားကြောင်း ပြောကြား၏။

ထို့နောက် မြတ်စွာဘုရားကို ရှိခိုးဦးချ၍ သူဌေးကြီးက မိမိ၏ ချွေးမကြောင့် သူသည် အပါယ်လေးပါးမှ လွတ်မြောက်သူ ဖြစ်ရပါပြီဟု လျှောက်ထား၏။ ထိုအခါမှစ၍ ဝိသာခါသည် "မိဂါရမာတာ" ဟု အမည်တွင်၏။ မိဂါရမာတာ ဟူသည်မှာ မိဂါရသူဌေးကြီး၏ မိခင်ဟူ၍ ဖြစ်၏။ အမှန်အားဖြင့် အရိယာပုဂ္ဂိုလ်များသည် ပုထုဇဉ်များအပေါ် မိခင်သဖွယ် အမြဲတမ်း ခွင့်လွှတ်ထားတတ်ကြပါ၏။ ဓမ္မတာအရ ယုတ်ညံ့သူများအပေါ် ခွင့်လွှတ်တတ်လေသောအခါ ထိုသူသည် ဓမ္မ၏ အာနုဘောကြောင့် မြင့်မြတ်သူအဖြစ်သို့ ရောက်သွားလေ၏။

နောက်တစ်နေ့၌ ဝိသာခါသည် ဘုရားအမှူးရှိသော ရဟန်းသံဃာတော်များကို ပင့်၍ ဆွမ်းကပ်ပြန်၏။ ဤအကြိမ်၌ မိဂါရ သူဌေးကြီး၏ဇနီး သူဌေးကတော်ကြီးသည် သောတာပန် ဖြစ်သွားလေ၏။ ထို့ကြောင့်ပင် လောက၌ ကလျာဏမိတ္တကိုသာ ရဖို့လို၏။ ကလျာဏ မိတ္တကိုရလျှင် အရာရာတိုင်းကို ပြီးစေနိုင်၏ဟူ၍ မြတ်စွာဘုရားက ဟောတော်မူခြင်းဖြစ်ရာ၏။

ထိုအချိန်မှစ၍ မိဂါရသူဌေးကြီး၏ အိမ်သည် မြတ်စွာဘုရား၏ သာသနာတော်အတွက် ဟင်းလင်းဖွင့်ထားသော တံခါးသဖွယ် ဖြစ်လေ၏။

မိဂါရသူဌေးကြီးသည် ချွေးမဖြစ်သူ ဝိသာခါကို များစွာကျေးဇူးတင်၏။ ယခင်ကဆိုလျှင် သူကိုးကွယ်သော တိတ္ထိတို့၏ သြဝါဒအရ ဘဝ၏တန်ဖိုးကို အနုတ်ကိန်းများဖြင့် တွက်ခဲ့သူဖြစ်၏။ ယခု မြတ်စွာဘုရား၏ သြဝါဒအရ ဘဝ၏တန်ဖိုးကို အပေါင်းကိန်းများဖြင့် တွက်တတ်လေပြီ။ ထို့ကြောင့် သူသည် သောတာပန်ဖြစ်သွားခြင်း ဖြစ်၏။ သူသာမဟုတ် သူ၏ဇနီး သူဌေးကတော်ကြီးသည်လည်း သောတာပန် ဖြစ်ခဲ့ပြီ။ သူဌေးကြီး ဇနီးမောင်နှံတို့ မြတ်စွာဘုရား၏ တရားဒေသနာတော်ကို နာကြား၍ သောတာပန်ဖြစ်သွားကြခြင်း၌ ချွေးမဖြစ်သူ ဝိသာခါသည် လက်ဦးဆရာဖြစ်၏။ ထို့ကြောင့် သူဌေးကြီး ဇနီးမောင်နှံက

http://www.cherrythitsar.org



ဝိသာခါကို ကျေးဇူးတင်ကြခြင်းဖြစ်၏။ ဝိသာခါသည် တကယ်လည်း ကျေးဇူးတင်ထိုက်သူဖြစ်၏။

ဘဝ၏ တန်ဖိုးကို အနုတ်ကိန်းများဖြင့် တွက်လေသောအခါ ကိန်းဂဏန်းများ မည်မျှပင် ကြီးမားစေကာမူ အနုတ်သဘောအရ အရှုံးသာ ဖြစ်၏။ ဗြဟ္မာချမ်းသာ ဟူသည်လည်း ကိန်းဂဏန်းအရ ကြီးမားစေကာမူ "အကြွေး" သဘောအရ လောကစက်ဝန်းမှ မလွတ်ကင်းနိုင်သဖြင့် အရှုံးပင် ဖြစ်၏။ နတ်ချမ်းသာ ဟူသည်လည်း ကိန်းဂဏန်းအရ ကြီးမားစေကာမူ "အကြွေး" သဘောအရ လောကစက်ဝန်းမှ မလွတ်ကင်းနိုင်သဖြင့် အရှုံးပင်ဖြစ်၏။ ဘဝတန်ဖိုးကို အပေါင်းကိန်းများဖြင့် တွက်ကြည့်သောအခါ နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ ရသမျှသော ကိန်းဂဏန်းများသည် အပေါင်းသဘောအရ အမြတ်သာ ဖြစ်၏။ အမြတ်သဘောအရ သံသရာမှ လွတ်လေပြီ၊ သံသရာမှ လွတ်ခြင်းသည် ဝဋ်ဒေါ်ကြွေးမှ လွတ်ခြင်းဖြစ်၏။ ထို့ကြောင့် သံသရာမှ လွတ်ခြင်းကိုပင် နိဗ္ဗာန်ချမ်းသာ ဟူ၍ဆိုရ၏။ နိဗ္ဗာန်ချမ်းသာ၌ လောကနောက်ခံ မရှိတော့။

မိဂါရသူဌေးကြီး ဇနီးမောင်နှံသည် သောတာပန်များ ဖြစ်ကြသဖြင့် အလွန်ဆုံး ခုနစ်ဘဝသာ သံသရာ၌ ကျင်လည်ရမည်ဖြစ်၏။ ခုနစ်ဘဝဆိုသည်မှာ သံသရာ သက်တမ်းနှင့်စာလိုက်လျှင် ဘာမျှပြောပလောက်သည်မဟုတ်။ ခုနစ်ဘဝ၏ ထိုမှာဘက်၌ ဒုက္ခအားလုံးတို့၏ ချုပ်ငြိမ်းရာ နိဗ္ဗာန်ချမ်းသာသည် ရှိ၏။ သောတာပန်ဘဝနှင့် ယခုပင်နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုနေပြီဖြစ်၏။ ဤချမ်းသာကား ချွေးမဖြစ်သူ ဝိသာခါကိုအကြောင်းပြု၍ ရအပ်သော ချမ်းသာဖြစ်၏။ ထို့ကြောင့် သူဌေးကြီးသည် မိမိ၏ချွေးမဝိသာခါကို မိခင်အရာ၌ထားပြီး မိမိ၏ မိခင်အဖြစ် အသိအမှတ်ပြုခြင်းပင် ဖြစ်၏။ အမှန်အားဖြင့် ချွေးမ၏ ကျေးဇူးသည်အနန္တ ဖြစ်လေသောအခါ ကျေးဇူးရှုထောင့်မှ ကြည့်လျှင် မိခင်၏ အမည်ကို ရထိုက်ပါ၏။

မိဂါရသူဌေးကြီးသည် မိမိ၏ချွေးမ ဝိသာခါအား ကျေးဇူးဆပ် ခြင်း၏ သင်္ကေတအနေဖြင့် အခမ်းအနားတစ်ခုကို ကျင်းပရန် စဉ်းစား၏။ စဉ်းစားရသမျှထဲမှ အကောင်းဆုံးအနေဖြင့် ပူဇော်ပွဲအခမ်းအနားကို ကျင်းပရန် ဆုံးဖြတ်လိုက်၏။ ပူဇော်ပွဲအခမ်းအနားကား ဃနမဋ္ဌကတန်ဆာဖြင့် ပူဇော်သည့် အခမ်းအနားဖြစ်၏။ ဃနမဋ္ဌကတန်ဆာကား အဖိုးတစ်သိန်းထိုက်၏။ ဝိသာခါတွင် ကိုးကုဋေနှင့်တစ်သိန်းထိုက်သော မဟာလတာတန်ဆာ ရှိပြီးသားဖြစ်၏။ သို့ရာတွင် မဟာလတာ တန်ဆာကား အခါခပ်သိမ်း ဝတ်ဆင်၍မရ၊ အခါခပ်သိမ်း ဝတ်ဆင်၍ရသော တန်ဆာတစ်ခုကို သူဌေးကြီးက ဝိသာခါအား ပေးချင်၏။

http://www.cherrythitsar.org



အမြတ်တမ်း ဝတ်ဆင်နိုင်ခြင်းသည် ပူဇော်ဖွယ်ဝတ္ထုအပေါ်၌ အချိန်၏ တန်ဖိုးကို ပေါင်းထည့်သည့်သဘောရှိသဖြင့် ပို၍လေးနက်သည်ဟု သူဌေးကြီးက ယူဆ၏ အမှန်အားဖြင့် မိဂါရသူဌေးကြီးက ယနမဍ္ဍကတန်ဆာကို သူ၏စေတနာ ရပ်ကြွဟု သဘောထား၏။ ဝိသာခါကလည်း နားလည်၏။ ယနမဍ္ဍက တန်ဆာသည် အသွင်သဏ္ဌာန်အားဖြင့် ရွှေစင်ဖြစ်သော်လည်း အနှစ်သာရအားဖြင့် မိဂါရသူဌေးကြီး၏ စေတနာကိုအခိုင်အခံ့ပြုလုပ်ပြီး ထုလုပ်ထားသောတန်ဆာဖြစ်သည်ဟု ခံယူကာ ဝိသာခါက တန်ဖိုးထား၏။

မိဂါရသူဌေးကြီးသည် မြတ်စွာဘုရား အမှူးရှိသော သံဃာတော်များကို မိမိ၏အိမ်သို့ ပင့်၏၊ ဆွမ်းများကို ဆက်ကပ်၏။ လှူဖွယ်ဝတ္ထုများကို လှူ၏။ နံ့သာရေအိုး ၁၆ လုံးတို့ဖြင့် ဝိသာခါကို ရေချိုးပေး၏။ ရေချိုးပေးပြီးသောအခါ ယနမဍ္ဍကတန်ဆာကို ဝိသာခါအား ဆင်မြန်းပေး၏ မြတ်စွာဘုရား၏ ရှေ့တူရူ၌ ထိုင်စေပြီး တရားတော်ကို နာယူစေ၏။ မြတ်စွာဘုရားက အနုမောဒနာ တရားတော်ကို ဟောကြားတော်မူ၏။ မိဂါရ သူဌေးကြီးက ဝိသာခါအား ယနမဍ္ဍကတန်ဆာဖြင့် ပူဇော်သည့်အခမ်းအနားသည် မြတ်စွာဘုရားနှင့် သံဃာတော်များ စေတဝန်ကျောင်းတော်သို့ ပြန်ကြွခြင်းဖြင့် အဆုံးသတ်၏။

ဗုဒ္ဓဘာသာ ယဉ်ကျေးမှုအရ အခမ်းအနားတစ်ခုခုကို လုပ်သောအခါ ဘာသာရေးကို အနှစ်သာရပြု၍ လုပ်ခြင်းသည် ဖြူစင်ခြင်းနှင့် မြင့်မြတ်ခြင်း သဘောကို ဆောင်၏။ မိဂါရသူဌေးကြီးက ဝိသာခါအား ယနမဍ္ဍက တန်ဆာကို ပေးခြင်းသည် ချီးမြှောက်သောအားဖြင့် ပေးခြင်းမဟုတ်၊ ပူဇော်သောအားဖြင့် ပေးခြင်းဖြစ်၏။ ချီးမြှောက်ခြင်း ဟူသည်မှာ နိမ့်သောသူများအား မြင့်သောသူများက ပေးခြင်းဖြစ်၍ ပူဇော်ခြင်း ဟူသည်မှာ မြင့်သူများအား နိမ့်သူများက ပေးခြင်း ဖြစ်၏။ ဤအနက်အဓိပ္ပာယ်ကို ဝိသာခါသည် သိ၏။ ထို့ကြောင့် ဝိသာခါသည် မိဂါရသူဌေးကြီး၏ စေတနာကို အလေးအမြတ်ပြုသောအားဖြင့် ယနမဍ္ဍက တန်ဆာကို တန်ဖိုးထား၍ ဝတ်ဆင်ပါ၏။

ဝိသာခါသည် သားသမီးနှစ်ကျိပ်၊ မြေး လေးရာ၊ မြစ် ရှစ်ထောင် ရှိ၏။ ဆင်ပြောင် ငါးစီးအားကို ဆောင်နိုင်၏။ ပသေနဒီကောသလမင်းကြီးသည် ဝိသာခါ ဆင်ပြောင်ငါးစီးအားကို ဆောင်သည်ဟု ကြားရသည်ကို မယုံကြည်။ မယုံကြည်ပါသော်လည်း အပြောတများ၏။ အမှန်အားဖြင့် ကောသလမင်းကြီးသည် အရာရာတိုင်း၌ မိမိကိုယ်နှင့်နှိုင်း၍စဉ်းစား၏။ သူများနှင့် နှိုင်း၍ မစဉ်းစား။ ကောသလမင်းကြီးသည် ဝိသာခါကို သူနှင့်နှိုင်း၍ စဉ်းစားသောအခါ မိမိက ဆင်ပြောင်ငါးစီးအားကို မဆောင်နိုင်သဖြင့် ဝိသာခါလည်း ဆင်ပြောင်ငါးစီး

http://www.cherrythitsar.org



အားကို ဆောင်နိုင်မည်မဟုတ်ဟု မင်းကြီးက ယုံကြည်၏။ အကယ်၍ မင်းကြီးသည် မိမိကိုယ်ကို ဝိသာခါနှင့် နှိုင်း၍စဉ်းစားမည်ဆိုပါလျှင် မိမိနှင့် ဝိသာခါတို့ မတူသောသဘောကို တွေ့မည်ဖြစ်၏။ ထိုအခါ မိမိ မဖြစ်နိုင်ရုံနှင့် ဝိသာခါ မဖြစ်နိုင်ဟူ၍ ဆုံးဖြတ်ခြင်းမျိုးကို ပြုမည်မဟုတ်။

ဝိသာခါ ဆင်ပြောင်ငါးစီးအားကို ဆောင်နိုင်ခြင်းရှိမရှိကို ကောသလ မင်းကြီးက စမ်းကြည့်ချင်၏။ သူတစ်ပါး၏ ပြောဆိုမှု၌ ယုံကြည်ရခြင်းသည် ပင်ပန်း၏။ အမှန်အားဖြင့် ဒသနနယ်ပယ်၌ တကယ်ယုံကြည်ထိုက်သူများက ပြောလျှင် ယုံကြည်ရသော သဘောသည် ရှိ၏။ ယင်းသဘောကို သဒ္ဓေယျသိဒ္ဓဟုဆို၏။ သို့ရာတွင် ကောသလမင်းကြီးသည် သဒ္ဓေယျသိဒ္ဓကို လက်မခံလိုချေ၊ ကိုယ်တွေ့ကြုံ မှယုံချင်၏။ ယင်းကို ပစ္စက္ခသိဒ္ဓဟု ဆို၏။ အမှန်အားဖြင့် လောက၌ ကိုယ်တွေ့ကြုံခြင်း၏ နယ်ပယ်သည် ကျဉ်းမြောင်းပါ၏။

တစ်နေ့တွင် ဝိသာခါနှင့် အခြွေအရံများသည် မြတ်စွာဘုရား၏ တရားတော်ကို နာကြားပြီး ဇေတဝန်ကျောင်းတော်မှ ပြန်လာကြ၏၊ မင်းရင်ပြင်ကို ဖြတ်သောအခါ ဝိသာခါ၏ အားကို စမ်းသပ်ရန် မင်းကြီးက ဆင်တစ်ကောင်ကို လွှတ်စေ၏။ ဝိသာခါ၏ အခြွေအရံများက ကစဉ့်ကလျားပြေးကြသော်လည်း ဝိသာခါက မပြေးဘဲ ဆင်ကို အသာအယာတွန်းလိုက်ရာ ဆင်သည် မင်းရင်ပြင်၌ ဆောင့်ကြောင့်လဲလေ၏၊ မင်းကြီးအနေဖြင့် ဝိသာခါ၏အားကို သိရ၍ ကျေနပ်၏။ ဆင်မှာမူ မချိမဆန့် ခံရ၏။ ဘေးစာခံတို့၏ ဘဝဟူသည် ဤသဘောမျိုးအတိုင်း သာဖြစ်၏။ သက်ဆိုင်သူများ အားရကျေနပ်စေဖို့အတွက် ဘေးစာခံတို့သည် မိမိတို့၏ ဘဝကို စတေးကြရလေ၏၊

ဝိသာခါ၏ အလှသည် ထူးခြား၏။ သွားနေပြန်ပါကလည်း သွားနေသော အခါ ဝိသာခါ၏ အလှသည် မြတ်နိုးစရာ အကောင်းဆုံးဟုထင်ရ၏။ ရပ်နေပြန်ပါကလည်း ရပ်နေသော ဝိသာခါ၏ အလှသည် မြတ်နိုးစရာ အကောင်းဆုံးဟုထင်ရ၏။ ထိုင်နေပြန်ပါကလည်း ထိုင်နေသော ဝိသာခါ၏ အလှသည် မြတ်နိုးစရာအကောင်းဆုံးဟု ထင်ရ၏။ အိပ်နေပြန်ပါကလည်း အိပ်နေသော ဝိသာခါ၏ အလှသည် မြတ်နိုးစရာအကောင်းဆုံးဟု ထင်ရ၏။ ဣရိယာပုထ် လေးပါးတွင် ဣရိယာပုထ် တစ်ပါးပါး၏ အလှသည် မြတ်နိုးစရာအကောင်းဆုံးဟု ထင်ရခြင်းမှာ ဝိသာခါ၏ ထူးခြားသောအလှဖြစ်၏။ ထိုအလှမျိုးကို အနိဗ္ဗစနီယ အလှဟု ဆို၏။ အနိဗ္ဗစနီယ အလှဟူသည်မှာ ပြောချင်သလို ပြောအားကာမှ ပြောတိုင်းမှန်သောအလှ ဖြစ်၏။ သို့ဖြစ်၍ ဝိသာခါသည် သားသမီးနှစ်ကျိပ်၊ မြေးလေးရာ၊ မြစ်ရှစ်ထောင်ရသည့်တိုင်အောင် အလှမပျက်ခြင်းဖြစ်၏။

**ရာပြည့်စာအုပ်တိုက်**

http://www.cherrythitsar.org



တစ်နေ့တွင် ဝိသာခါသည် မိမိ၏ ကျွန်မနှင့်အတူ ဇေတဝန် ကျောင်းတော်သို့ တရားနာယူရန် သွား၏။ ဝိသာခါ၏ ကျွန်မသည်လည်း ဆင်ပြောင်ငါးစီးအားကို ဆောင်နိုင်၏။ ဝိသာခါသည် အိမ်မှထွက်သောအခါ မဟာလတာတန်ဆာကို ဆင်မြန်းသွား၏။ ကျောင်းတော်မုခ်ဝသို့ရောက်မှ မဟာလတာတန်ဆာကိုချွတ်၍ ဃနမဋ္ဌကတန်ဆာကို ဝတ်ဆင်၏။ မဟာလတာတန်ဆာကို မိမိ၏ ကျွန်မလက်သို့ ထည့်၍ သိမ်းဆည်းထားစေ၏။ နောက် မြတ်စွာဘုရားထံ၌ တရားတော်ကို နာကြား၏။ အမှန်အားဖြင့် ဝိသာခါသည် သောတာပန်ဖြစ်သဖြင့် မိမိဘာသာ မိမိတရားတော်ကို နှလုံးသွင်းနိုင်သည်ပင် ဖြစ်၏။ သို့ရာတွင် အရိယာဟူသည်မှာ လောကအတွက် ဒိဋ္ဌာနုဂတိ ဖြစ်စေရန် အစဉ်အာရုံပြု၏။ ဒိဋ္ဌာနုဂတိ ဟူသည်မှာ လူအပေါင်းတို့ အတုလိုက်၍ ပြုလုပ်စေရန် ကိုယ်တိုင်လုပ်ပြခြင်းဖြစ်၏။ အရိယာဟူသမျှသည် ပို၍မြင့်မားလာလေလေ အကျင့်မြတ်ကို ကျင့်သုံးခြင်း၌ ပို၍ ကိုယ်တိုင် ကျင့်သုံးပြလေလေ ဖြစ်၏။ အရှင်မဟာကဿပသည် သူ၏ဘဝ တစ်လျှောက်လုံး ဓုတင်အကျင့်ကို ကျင့်သုံးခဲ့၏။ အရှင်မဟာကဿပသည် ရဟန္တာဖြစ်ပြီးဖြစ်သဖြင့် ဓုတင်အကျင့်သည် သူ့အတွက် အကျိုးရှိသည်ဟု မဆိုနိုင်သော်လည်း လောကအတွက်နှင့် သာသနာတော်အတွက်ကား ဒိဋ္ဌာနုဂတိ အနေဖြင့် များစွာအကျိုးရှိပါ၏။ ဤဓမ္မတာအရ ဝိသာခါသည် ဇေတဝန်ကျောင်းတော်သို့ သွား၍ မြတ်စွာဘုရားထံမှ တရားတော်ကို နာကြားခြင်း၌ ဒိဋ္ဌာနုဂတိ သဘောလည်းပါ၏။ ဝိသာခါသည် တရားတော်ကို နာကြားပြီးနောက် သုပ္ပိယာ ဥပါသိကာမနှင့်အတူ ကျောင်းပရိဝုဏ်အတွင်းသို့ လှည့်လည်သွားလာပြီး ကျောင်းပရိဝုဏ်အပြင်သို့ ထွက်လာ၏။ ထိုအခါမှ မဟာလတာတန်ဆာကို တရားနာကြားရာ နေရာ၌ ဝိသာခါ၏ ကျွန်မက မေ့ထားခဲ့ကြောင်း သိရ၏။ ထိုအခါ ဝိသာခါက ကျွန်မအား မဟာလတာ တန်ဆာကို ပြန်၍ယူရန် စေခိုင်းလိုက်၏။ သို့ရာတွင် မဟာလတာတန်ဆာကို ရှင်အာနန္ဒာ သိမ်းထားပြီး ဖြစ်ပါက ပြန်၍မယူဘဲ ရှင်အာနန္ဒာအား လှူဒါန်းပြီး ဖြစ်ကြောင်း လျှောက်ထား၍ ပြန်လာရန် မှာလိုက်၏။

ဝိသာခါ၏ ကျွန်မသည် ဇေတဝန်ကျောင်းတော်သို့ ပြန်သွားသောအခါ ရှင်အာနန္ဒာနှင့်တွေ့၍ မာလတာတန်ဆာ မေ့ကျန်ရစ်သဖြင့် လာ၍ယူခြင်း ဖြစ်ကြောင်း လျှောက်ထား၏။ ရှင်အာနန္ဒာကလည်း မိမိသိမ်းဆည်းထားရာ နေရာကိုပြပြီး ယူသွားရန် မိန့်ကြားလေရာ ကျွန်မကလည်း အကယ်၍ မဟာလတာတန်ဆာကို ရှင်အာနန္ဒာ လက်ဖြင့် သုံးသပ်ပြီးဖြစ်ပါက ပြန်၍မယူဘဲ

http://www.cherrythitsar.org



အရှင်မြတ်အား လျှုဒါန်းပြီးဖြစ်ကြောင်း လျှောက်ထား၍ ပြန်လာရန် မှာကြားလိုက်ပါကြောင်း လျှောက်ထား၏။

ကျွန်မသည် မဟာလတာတန်ဆာကိုမယူဘဲ လက်ချည်းပြန်လာ၏။ အကျိုးအကြောင်းကို ဝိသာခါအား ပြောပြ၏။ အရှင်မတော်တို့သည် မဟာလတာတန်ဆာကို ထိန်းသိမ်းခြင်း၌ တာဝန်ကြီးကြပ်ပေးလိမ့်မည်ဟု ပြောပြီး ကျွန်မအား မဟာလတာတန်ဆာကို သွားယူစိုင်း၏။ ထို့နောက် ဝိသာခါသည် မဟာလတာတန်ဆာကို အဖိုးကိုးကုဋေဖြင့် ရောင်းချ၏။ ဝယ်ယူမည့်သူ မရှိသောအခါ မိမိဘာသာမိမိပြန်ဝယ်၏။ မြတ်စွာဘုရားအား ပစ္စည်းလေးပါးတို့တွင် အဘယ်ပစ္စည်းဖြင့် လှူဒါန်းရပါမည်နည်းဟု လျှောက်ထားရာ မြတ်စွာဘုရားက မြို့၏အရှေ့မျက်နှာ၌ ကျောင်းဆောက်လုပ် လှူဒါန်းရန် လျှောက်ပတ်၏ ဟူ၍ မိန့်တော်မူ၏။

မြတ်စွာဘုရား မိန့်တော်မူသည့်အတိုင်း သာဝတ္ထိမြို့၏ အရှေ့မျက်နှာ၌ ပုဗ္ဗာရုံကျောင်းကို ဆောက်လုပ်၏။ ကျောင်းမြေနေရာအတွက် ကိုးကုဋေ၊ ကျောင်းအတွက် ကိုးကုဋေ၊ ကျောင်းတွင် ပူဇော်ပွဲအတွက် ကိုးကုဋေ စုစုပေါင်း နှစ်ဆယ့်ခုနစ်ကုဋေ ကုန်ကျ၏။ ကျောင်းမှာ ဘုံနှစ်ဆင့်ရှိသော ပြာသာဒ်ကျောင်းဖြစ်၏။ အထက်ဘုံအဆင့်၌ တိုက်ခန်းငါးရာ၊ အောက်ဘုံအဆင့်၌ တိုက်ခန်းငါးရာ စုစုပေါင်း တိုက်ခန်း တစ်ထောင်ရှိ၏။ ကျောင်းပရိဝုဏ်သည် ရှစ်ပယ်ကျယ်ဝန်း၏။ ဘုံနှစ်ဆင့် ပြာသာဒ်ကျောင်းကြီးကို ဝန်းရံပြီး ပြာသာဒ်ငယ် ငါးရာ၊ ကျောင်းငယ် ငါးရာ၊ ဇရပ် ငါးရာတို့ကိုပါ ဆောက်လုပ်၏။

ပုဗ္ဗာရုံကျောင်းကို ဆောက်လုပ်ရာတွင် အချိန် ကိုးလကြာ၏။ ထိုစဉ်က မြတ်စွာဘုရားသည် သာဝတ္ထိ၌မရှိ၊ ဒေသစာရီလှည့်လည် ကြွတော်မူနေ၏။ ဒေသစာရီ ကြွတော်မူခြင်းမှာလည်း ဘဒ္ဒိယမြို့နေ ဘဒ္ဒိယသူဌေးသားကို အကြောင်းပြု၍ ကြွတော်မူခြင်းဖြစ်၏။ ဝိသာခါ၏ ရွေးချယ်မှုနှင့် မြတ်စွာဘုရား၏ တာဝန်ပေးမှုအရ အရှင်မောဂ္ဂလာန်နှင့်တပည့်ငါးရာတို့သည် ပုဗ္ဗာရုံကျောင်း ဆောက်လုပ်ရာ၌ အပ်–မအပ် စိစစ်ရန် တာဝန်ယူကြ၏။ ကိုးလကြာသောအခါ ပုဗ္ဗာရုံကျောင်းလည်း ပြီး၏။ မြတ်စွာဘုရားလည်း ဒေသစာရီကြွချီရာမှ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ ပြန်ရောက်တော်မူ၏။ မြတ်စွာဘုရား ပြန်ရောက်လျှင် ဝိသာခါသည် ပုဗ္ဗာရုံကျောင်း မိုးလေးလပတ်လုံး ရဟန်းသံဃာတော်များနှင့်တကွ သီတင်းသုံးပါရန် မိုးလေးလတို့ ကာလပတ်လုံး ကျောင်းပူဇော်ပွဲကို ခံယူတော်မူပါရန် မြတ်စွာဘုရားအား လျှောက်ထား၏။ မြတ်စွာဘုရားကလည်း လက်ခံတော်မူ၏။

ဝိသာခါသည် ပုဗ္ဗာရုံကျောင်း၌ မိုးလေးလပတ်လုံး သီတင်းသုံးတော်မူကြသော မြတ်စွာဘုရားအမှူးရှိသော ရဟန်းသံဃာတော်များအား မိုးလေးလပတ်လုံး ပစ္စည်းလေးပါးတို့ဖြင့် ပူဇော်၏။ စုစုပေါင်း ကိုးကုဋေကုန်ကျ၏။ ပူဇော်ပွဲပြီးဆုံးသည့်နေ့ ညချမ်းတွင် ဝိသာခါသည် မိမိ၏ သားသမီးမြေးမြစ်အပေါင်းတို့ ခြံရံလျက် ကျောင်းပြာသာဒ်အစဉ်ကို လှည့်လည်လျက် သီချင်းငါးပုဒ်တို့ကို သာယာသောအသံဖြင့် သီဆို ကျူးရင့်၏။ ဝိသာခါ ဒါယိကာမကြီး ယခုကဲ့သို့ သီဆိုကျူးရင့်သည်ကို မကြားဖူးကြသော ရဟန်းတို့က ဝိသာခါ ဒါယိကာမကြီး စိတ်ဖောက်ပြန်သွားလေပြီလားဟု ထင်ကြ၏။

အမှန်အားဖြင့် လောကတွင် သူလည်းက၏၊ ငါလည်းက၏။ သို့ဖြစ်လေရာ အကချင်းကား အတူတူ သို့ရာတွင် ကရာ၌ နှလုံးသွင်းကျတော့ မတူ။ ထိုနည်းအတူ လုပ်ငန်းများကို လုပ်ရာ၌ လုပ်ငန်းချင်းကား အတူတူ၊ သို့ရာတွင် နှလုံးသွင်းကားမတူ။ လောကတွင် သူလည်းသီဆို၏။ ငါလည်း သီဆို၏။ သို့ဖြစ်လေရာ သီဆိုချင်းကား အတူတူ သို့ရာတွင် သီဆိုရာ၌ နှလုံးသွင်းကျတော့ မတူ။ ထိုနည်းအတူ ပျောကြပြောကြရာ၌ ပျောကြပြောကြချင်းကအတူတူ သို့ရာတွင် နှလုံးသွင်းကျတော့မတူ။ ထို့ကြောင့် လုပ်ငန်းတစ်ခုသည် အပြင်ပန်းအနေဖြင့် ကောင်းသည် ထင်ရသော်လည်း တကယ်တမ်းကျတော့ ကောင်းချင်မှ ကောင်း၏။ အပြင်ပန်းအနေဖြင့် မကောင်းဟု ထင်ရသော်လည်း တကယ်တမ်း ကျတော့ ကောင်းနေတတ်၏။ သို့ဖြစ်လေရာ အသွင်သဏ္ဌာန်နှင့် အနှစ်သာရတို့၏ ဆက်စပ်မှုကို လေ့လာပြီးမှ အကောင်းအဆိုးကို ဆုံးဖြတ်ရ၏။ အသွင်သဏ္ဌာန်သက်သက်ကို ကြည့်ပြီး ဆုံးဖြတ်၍မရကောင်း။ ဤသဘောကို အန္တယသိဒ္ဓဟု ဆို၏။ အန္တယသိဒ္ဓ သဘောအရ မည်သည့်အမှု၌မဆို အပြင်ပိုင်း အသွင်သဏ္ဌာန်နှင့် အတွင်းပိုင်း အနှစ်သာရတို့၏ အဆက်အစပ်ကို လေ့လာပြီးကာမှ အမှန်တရားကို သိနိုင်ခွင့် ရှိ၏။

ရဟန်းတို့သည် အန္တယသိဒ္ဓကို မသိကြသောအခါ သီချင်းသီဆိုသော ဝိသာခါ၏ အပြင်ပန်းသီဆိုမှုကို ကြည့်ပြီး ဝိသာခါ စိတ်ဖောက်ပြန်သွားလေပြီလား ဟူ၍ ထင်ကြခြင်း ဖြစ်လေ၏။ ထို့ကြောင့် မိမိတို့ တွေ့မြင်ရသော လုပ်ငန်းများနှင့် ပတ်သက်၍ အမှန်အတိုင်း သိနိုင်ရေးအတွက် အန္တယသိဒ္ဓကို နားလည်အောင် လေ့လာအပ်၏၊

ဖြစ်စဉ်တိုင်းတွင် အပြင်ပုံသဏ္ဌာန်နှင့် အတွင်းသရုပ်ဟူ၍ ဓမ္မသည် အပိုင်းနှစ်ပိုင်းအနေဖြင့် ပါဝင်မြဲ ဖြစ်၏။ အပိုင်းနှစ်ပိုင်းတို့၏ အဆက်အစပ်ကို မြင်အောင် မကြည့်နိုင်သောအခါ လူတို့သည် အမြင်များဖြင့် ဆုံးဖြတ်ကြလေ၏။

http://www.cherrythitsar.org



ပုဗ္ဗာရုံကျောင်း ရေစက်ချပွဲ၌ ကျောင်းပရဝုဏ်ကို လှည့်လည်၍ သီချင်းသီဆို လေသော ဝိသာခါကျောင်းအစ်မကြီးနှင့် ပတ်သက်၍ ဝိသာခါ ကျောင်းအစ်မကြီး၏ အပြင်ပုံသဏ္ဌာန်နှင့် အတွင်းသရုပ်တို့၏ အဆက်အစပ်ကို မြင်အောင် မကြည့်နိုင်ကြသော ရဟန်းတို့က ဝိသာခါအပေါ် မှားသော အဆုံးအဖြတ်ကို ပြုကြ၏။ ထိုရဟန်းတို့၏ အမြင်၌ ဝိသာခါသည် အရူးအိုး ဖြစ်၏။ အရူးအိုးဟူသည် သီချင်းကို မဆိုကောင်း၊ မကကောင်း။ ယခုမူ အရူးအိုးဝိသာခါသည် သီချင်းလည်းဆို၏၊ ကဟန်ကိုလည်းပြု၏။ ဤအရွယ်၌ သီဆိုခြင်း၊ ကဟန်တို့ကို ပြုခြင်းသည် စိတ်ဖောက်ပြန်မှသာ ပြုနိုင်သောအရာဖြစ်၏။ ထို့ကြောင့် ဝိသာခါသည် စိတ်ဖောက်ပြန်သွားခြင်း ဖြစ်နိုင်၏။

အမှန်အားဖြင့် သီချင်းသီဆိုခြင်း၊ ကဟန်ပြုခြင်းသည် ဝိသာခါကျောင်းအစ်မကြီး၏ အပြင်ပုံသဏ္ဌာန်သာ ဖြစ်၏။ ဖြစ်ရပ်တစ်ခုနှင့် ပတ်သက်၍ အပြင်ပုံသဏ္ဌာန်ကိုသာ ကြည့်ပြီး ဆုံးဖြတ်မည်ဆိုလျှင် ထိုဆုံးဖြတ်ချက်သည် မဇ္ဈိမပဋိပဒါကျသော ဆုံးဖြတ်ချက်မျိုးမဟုတ်၊ မဇ္ဈိမပဋိပဒါကျသော ဆုံးဖြတ်ချက်မျိုးမဟုတ်လျှင် ထိုဆုံးဖြတ်ချက်သည် မှန်ဖို့အကြောင်းမရှိ။ ထို့ကြောင့် ဆုံးဖြတ်ချက် တစ်ခုမှန်ဖို့ဆိုလျှင် မဇ္ဈိမပဋိပဒါကျဖို့ လိုအပ်ပါ၏။ အဆုံးအဖြတ်တစ်ခုကို ဆုံးဖြတ်ရာတွင် မဇ္ဈိမပဋိပဒါကျရေးနှင့် ပတ်သက်၍ အပြင်ပုံသဏ္ဌာန်ကိုလည်း မြင်အောင် ကြည့်ရ၏။ အတွင်းသရုပ်ကိုလည်း မြင်အောင် ကြည့်ရ၏။ အပြင် ပုံသဏ္ဌာန်နှင့် အတွင်းသရုပ်တို့၏ အဆက်အစပ်ကိုလည်း မြင်အောင် ကြည့်ရ၏။ ထိုသို့ ကြည့်ပြီး ဆုံးဖြတ်မှသာ မဇ္ဈိမပဋိပဒါကျသော ဆုံးဖြတ်ချက်ကို ရနိုင်၏။ ထိုသို့မဟုတ်ဘဲ အပြင်ပုံသဏ္ဌာန်ကိုသာ အားကိုးပြီး ဆုံးဖြတ်လျှင် ဖြစ်စေ၊ အတွင်းသရုပ်ကိုသာ အားကိုးပြီး ဆုံးဖြတ်လျှင်ဖြစ်စေ ထိုဆုံးဖြတ်ချက်မျိုးသည် အစွန်းရောက်ဆုံးဖြတ်ချက်မျိုးသာ ဖြစ်၏။ အစွန်းရောက် ဆုံးဖြတ်ချက်မျိုးကို အန္တပဋိပဒါကျသော ဆုံးဖြတ်ချက်ဟူ၍ ဆိုရ၏။ အစွန်းရောက် ဆုံးဖြတ်ချက်မျိုးဟူသည် မှန်သောသဘောကို မဆောင်ချေ။

ဝိသာခါကျောင်းအစ်မကြီး၏ အတွင်းသရုပ်ကို ပုဗ္ဗာရုံ ကျောင်းတော် ရေစက်ချပွဲ၌ ကျောင်းပရိဝုဏ်အတွင်း လှည့်လည် သီဆိုသောအခါ တွေ့မြင်ရ၏။

အမှန်အားဖြင့် သီဆိုခြင်း ဟူသမျှသည် ပျော်၍ သီဆိုကြသည်ချည်း ဖြစ်၏။ ပျော်သည်ဆိုရာတွင်လည်း ကုသိုလ်သဘောအရ ပျော်သည်လည်း ရှိ၏။ အကုသိုလ်သဘောအရ ပျော်သည်လည်း ရှိ၏။ ကုသိုလ်သဘောအရ ပျော်၍ သီဆိုရာ၌ ယင်းသို့သီဆိုခြင်းကို သီဆိုခြင်းဟူ၍ မဆိုရဘဲ ဥဒါန်း

http://www.cherrythitsar.org



ကျူးရင့်ခြင်း ဟူ၍ ဆိုရ၏။ အကုသိုလ်သဘောအရ ပျော်၍သီဆိုခြင်းကိုမူ သီဆိုခြင်းဟူ၍ပင် ဆိုရ၏။ အကုသိုလ် သဘောအရ ပျော်၍သီဆိုခြင်း၏ အတွင်းသရုပ်၌ မောဟသည်မလွဲမသွေပါဝင်၏။ ကုသိုလ်သဘောအရ ပျော်၍ သီဆိုခြင်း အတွင်းသရုပ်၌ အမောဟသည် အလွဲမသွေ ပါဝင်၏။ ထို့ကြောင့်ပင် ကုသိုလ်သဘောအရ ပျော်၍သီဆိုခြင်းကို သီဆိုခြင်းဟူ၍ မဆိုရဘဲ ဥဒါန်း ကျူးရင့်ခြင်း ဟူ၍ ဆိုရခြင်းဖြစ်၏။

ပုဗ္ဗာရုံကျောင်း ရေစက်ချပွဲ ဝိသာခါ ကျောင်းအစ်မကြီး သီဆိုသည် မှန်၏။ သီဆိုခြင်းသည်လည်း အရှယ်နှင့်မလိုက်သည်မှာလည်း မှန်၏။ ဤသည်မှာ အပြင်ပိုင်းသဏ္ဍာန်ပိုင်းဖြစ်၏။ အပြင်ပိုင်းသဏ္ဍာန်ပိုင်း၏ အတွင်းသရုပ်ပိုင်းကို ကြည့်ဖို့လိုသေး၏။ အပြင်ပိုင်းသဏ္ဍာန်ပိုင်းနှင့် အတွင်းသရုပ်ပိုင်းတို့၏ အဆက် အစပ်ကို မြင်အောင်ကြည့်ပြီးမှ ဝိသာခါကျောင်းအစ်မကြီးနှင့် ပတ်သက်၍ ဆုံးဖြတ်လျှင် ထိုဆုံးဖြတ်ချက်သည် မှန်သောဆုံးဖြတ်ချက် ဖြစ်ပေလိမ့်မည်။ မှန်ကန်သော အဆုံးအဖြတ် ရရှိနိုင်ရေးအတွက် မြတ်စွာဘုရားသည် ပုဗ္ဗာရုံကျောင်း ပရိဝုဏ်ကို လှည့်လည်၍ သီဆိုနေသော ဝိသာခါကျောင်းအမကြီး၏ အတွင်း သရုပ်ကို ရဟန်းတို့အား ဟောကြားတော်မူရ၏။ ဝိသာခါ ကျောင်းအစ်မကြီး၏ အတွင်းသရုပ်ပိုင်းသည် ဤဘဒ္ဒကမ္ဘာမှ သချၤာရေတွက် ကမ္ဘာတစ်သိန်းအထက် အစပြုခဲ့ပါ၏။ အမှန်အားဖြင့် နိဗ္ဗာန်မှတစ်ပါး အရာရာတိုင်းသည် ကာလ၏ ဩဇာအောက်၌ ရှိရသည်ချည်းဖြစ်၏။ နိဗ္ဗာန်သည်သာလျှင် ကာလ၏ ဩဇာကို လွန်မြောက်နိုင်၏။ ထို့ကြောင့် နိဗ္ဗာန်ကို ကာလဝိမုတ္တဟူ၍ ကျမ်းဂန်များ၌ ဆို၏။ ကာလဝိမုတ္တ ဟူသည်မှာ ကာလ၏ ဩဇာမှ လွတ်မြောက်သော ဟူ၍ အနက်ရှိ၏ ဝိသာခါကျောင်း အစ်မကြီး၏ အတွင်းသရုပ်ပိုင်းသည် နိဗ္ဗာန် မဟုတ်ဘဲ ကုသိုလ်မှုများသာ ဖြစ်လေသောကြောင့် ကာလ၏ဩဇာကို မလွန် မြောက်နိုင်ဘဲ ကာလ၏ ပံ့ပိုးမှုကို ယူခဲ့ရခြင်း ဖြစ်၏။

ထိုစဉ်က လောက၌ ပဒုမုတ္တရ မြတ်စွာဘုရားသည် ပွင့်တော်မူလျက် ရှိ၏။ လောက၏အကျိုးစီးပွားကို ဆောင်တော်မူဆဲဖြစ်၏။ ထိုအခါက ဝိသာခါ အလောင်းအလျာဥပါသိကာမသည် ကြီးစွာသောကောင်းမှုကိုပြု၏။ ကြီးစွာသော ကောင်းမှုဟူသည်မှာ မြတ်စွာဘုရားနှင့်တကွ သံဃာတော် တစ်သိန်းတို့ကို ခုနစ်ရက်တိုင်တိုင် ဆွမ်းလုပ်ကျွေးခြင်းဖြစ်၏။ အဆုံးနေ့၌ သင်္ကန်းများကို လှူဒါန်းခြင်းဖြစ်၏။ ထို့နောက် အလှူဒါနပြုသောဥပါသိကာမတို့တွင် အသာ ဆုံး ဧတဒဂ်ဆုကို ပန်၏။ ထိုဆုကို ရဖို့အတွက် ဝိသာခါအလောင်းအလျာသည် ကမ္ဘာတစ်သိန်းတိုင်တိုင် ဖြည့်ကျင့်ရ၏။ ဝိသာခါအတွက် အလှူဒါန ပြုရာ၌

http://www.cherrythitsar.org



ဗောဓိရဖို့အတွက် ဖြတ်လမ်းဟူ၍ မရှိ၊ လမ်းဖြောင့်သာရှိ၏။ လမ်းဖြောင့်ဟူသည်မှာလည်း ဗောဓိဆုရဖို့အတွက် ကမ္ဘာတစ်သိန်းတိုင်တိုင် ပါရမီများကို ဖြည့်ကျင့်ခြင်းဖြစ်၏။ ထိုသို့ ဖြည့်ကျင့်ရာတွင် အခြားစည်းစိမ်များကို တောင့်တခြင်းမရှိဘဲ ဒါနပြုရာတွင် ဗောဓိရဖို့ တစ်ခုတည်းကိုသာ တောင့်တခဲ့ရ၏။ တောင့်တရုံနှင့် မပြီးသေးဘဲ ကမ္ဘာတစ်သိန်းတိုင်အောင် ပျိုးရင်း အချိန်ကို စောင့်ခဲ့ရ၏။ ထိုက်တန်သောအကျိုးကို လိုချင်လျှင် ထိုက်တန်သော အချိန်ကို စောင့်ရသည်မှာ ဓမ္မတာဖြစ်၏။ ဝိသာခါ အလောင်းအလျာသည် ထိုဗောဓိဆုကို ရဖို့အတွက် အချိန်ကာလလိုသေးသဖြင့် လူ့ပြည်၌လည်း ကျင်လည်ခဲ့ရ၏။ နတ်ပြည်၌လည်း ကျင်လည်ခဲ့ရ၏။ ထိုသို့ ကျင်လည်ခဲ့ရာတွင် ကဿပမြတ်စွာဘုရားရှင်လက်ထက် ကိကီမင်းကြီး၏ သမီးတော်ဘဝသည် ထင်ရှား၏။ ဝိသာခါ အလောင်းအလျာသည် ကိကီမင်းကြီး၏ အထွေးဆုံး သမီးတော် ဖြစ်ခဲ့၏။ ထိုစဉ်က သူမ၏အမည်သည် သံဃဒါသီ ဟူ၍ဖြစ် ၏။ သံဃဒါသီဟူသည်မှာ သံဃာတော်အရှင်မြတ်များ၏ ကျွန်မဟူ၍ ဖြစ်၏။ အမည်နှင့်လိုက်လျောအောင်ပင် ဝိသာခါအလောင်းအလျာသည် သံဃာတော် အရှင်မြတ်များ၏ ဝေယျာဝစ္စကို အားစိုက်ခွန်စိုက် ဆောင်ရွက်ခဲ့၏။ ကဿပမြတ်စွာဘုရားရှင်၏ ထံတော်၌လည်း အလှူဒါနပြုကြသော ဥပါသိကာမတို့တွင် အသာဆုံး ဗောဓိဆုကိုပင် ဝန်ခဲ့၏။ ထိုစဉ်က ဝိသာခါအလောင်းအလျာသည် အချိန်မကျသေးသဖြင့် ဗောဓိဆုကို မရရှိခဲ့ချေ။ အချိန်ဟူသည်မှာလည်း တိုတောင်းလှသည် မဟုတ်။ ကမ္ဘာတစ်သိန်းတိုင်အောင်ပင် ဖြစ်၏။

ယခုတော့ အချိန်သည် စေ့ရောက်လေပြီ။ ကမ္ဘာတစ်သိန်းကာလသည် ပြည့်လေပြီ။ မှည့်ချိန်တန်သောအခါ မှည့်၍ သီးချိန်တန်မှ သီးကြသည်မှာလည်း ဓမ္မတာပင် ဖြစ်၏။ အမှန်အားဖြင့် လောကတွင် ကြုံကြိုက်ခြင်းဟူ၍ မရှိ။ အကြောင်းတရားတို့၏ ပြည့်စုံခြင်းသာ ရှိ၏။ အကြောင်းတရားတို့၏ ပြည့်စုံခြင်းကို အပြည့်အစုံမခွဲခြားနိုင်သောအခါ ကြုံကြိုက်ခြင်းဟူ၍ ဆိုကြ၏။ ဝိသာခါကျောင်းအစ်မကြီးသည် ကမ္ဘာတစ်သိန်းအထက်က အစပြုခဲ့သော မိမိ၏ကောင်းမှုမျိုးစေ့သည် ယခုတော့ အပင်ပေါက်၍ အသီးကိုသီးလေပြီ။ ဝိသာခါသည် ကမ္ဘာတစ်သိန်းအထက်က ပဒုမုတ္တရ မြတ်စွာဘုရားထံတော်၌ စိုက်ပျိုးခဲ့သော မိမိ၏ကောင်းမှုမျိုးစေ့သည် ယခု ဂေါတမမြတ်စွာဘုရား၏ လက်ထက်တော် အသီးသီးလေပြီ။ မျိုးစေ့ကို စိုက်ပျိုးခြင်းနှင့် မျိုးစေ့မှ အသီးသီးခြင်းတို့ကား နှစ်ပေါင်းကမ္ဘာတစ်သိန်းကြာ၏။ မျိုးစေ့၏ ဓမ္မတာပင် ဖြစ်၏။

http://www.cherrythitsar.org



မျိုးဇေ့၏ အသီးအနေဖြင့် ဝိသာခါသည် ဆုရှစ်ပါးကို လည်းကောင်း၊ ဇောဒဂ်ကိုလည်းကောင်း ရမည်ဖြစ်၏။ ဆုရှစ်ပါး ဟူသည်မှာ—

(၁) သံဃာအား အသက်ထက်ဆုံး မိုးရေခံ သင်္ကန်းကို လှူဒါန်းခွင့်ရခြင်း၊

(၂) အာဂန္တုက ဧည့်သည်ရဟန်းတို့အား ဆွမ်းလှူဒါန်းခွင့်ရခြင်း၊

(၃) ခရီးသွား ရဟန်းတို့အား ဆွမ်းလှူဒါန်းခွင့် ရခြင်း၊

(၄) ဂိလာနရဟန်းတို့အား ဆွမ်းလှူဒါန်းခွင့်ရခြင်း၊

(၅) သူနာပြုရဟန်းတို့အား ဆွမ်းလှူဒါန်းခွင့်ရခြင်း၊

(၆) ဂိလာနရဟန်းတို့အား ဆေးဝါးလှူဒါန်းခွင့်ရခြင်း၊

(၇) အမြဲတမ်း ယာဂုလှူဒါန်းခွင့် ရခြင်း၊

(၈) ဘိက္ခုနီသံဃာအား ရေသနုပ်သင်္ကန်းကို လှူဒါန်းခွင့်ရခြင်း၊

တို့ဖြစ်ကြ၏။သာသနာတော်၌ အရှင်ကောင်းတို့အား လှူဒါန်းခွင့်ရခြင်းသည် နယ်နယ်ရရ ဘုန်းကံမဟုတ်။ ယင်းသို့ လှူဒါန်းခွင့်ရခြင်းကို ကျမ်းဂန်များ၌ သာသနာပြုခွင့်ရခြင်းဟူ၍ ဆိုပါ၏။ အမှန်အားဖြင့် ဘုန်းကံနှင့် ပြည့်စုံသူများသာ သာသနာပြုခွင့်ရကြ၏။ သာသနာပြုခြင်းနှင့် ပတ်သက် ၍ ရတနာသုံးပါးအား ပစ္စည်းလေးပါး လှူဒါန်းခြင်းကို အပြင်ပုံသဏ္ဌာန်အနေဖြင့် တွေ့ရမည်ဖြစ်သော်လည်း အတွင်းသရုပ် အနေဖြင့်မူ တဏှာ လောဘ သတ်ခြင်းကို တွေ့ရမည် ဖြစ်၏။ အမှန်အားဖြင့် လောက၌ တကယ်တမ်းချမ်းသာအောင် အားထုတ်ခြင်း ဟူသည်မှာ မိမိတို့၏ သန္တာန်၌ ကိန်းနေသော တဏှာလောဘကို သေအောင် သတ်ခြင်းသာ ဖြစ်၏။ မြတ်စွာဘုရားသည် "အနေကဇာတိ သံသာရံ" ဥဒါန်း ဂါထာတော်ဖြင့် လောဘကိုနိုင်လျှင် လောကကိုနိုင်ပြီးဖြစ်ကြောင်း ဟောကြားတော်မူထား၏။ ထို့ကြောင့် လောဘကိုသတ်ခြင်းသည်သာ တကယ်တမ်း သာသနာပြုခြင်းဖြစ်၏။ ပစ္စည်းလေးပါး လှူဒါန်း၍ လူ့စည်းစိမ်၊ နတ်စည်းစိမ်၊ ဗြဟ္မာစည်းစိမ်ကို ရည်မျှော်ခြင်းသည် အနှစ်သာရအားဖြင့် သာသနာပြုခြင်း မဟုတ်၊ ဝါဏိဇ္ဇဝါဒအရ ကုန်သွယ်ခြင်းသာ ဖြစ်၏။ ထို့ကြောင့် အလှူဒါနပြုကြရာ၌ ကုန်သွယ်ခြင်းသဘော မသက်ရောက်ရလေအောင် အလှူဒါန၏ အတွင်းသရုပ်ကို မြင်အောင်ကြည့်ရ၏။ အလှူဒါန၏ အပြင်ပုံသဏ္ဌာန်နှင့် အတွင်းသရုပ်ကိုလည်းကောင်း၊ ယင်းတို့၏အဆက်အစပ်ကိုလည်းကောင်း မြင်အောင်ကြည့်နိုင်မှ အဖြေမှန်ကို သိနိုင်မည်ဖြစ်၏။

ဝိသာခါကျောင်းအမသည် တကယ်ပင် သာသနာပြုခဲ့သူ ဖြစ်၏။ ထို့ကြောင့်လည်း ဝိသာခါသည် ဂေါတမမြတ်စွာဘုရား၏ သာသနာတော်၌ ပစ္စည်းလေးပါး လှူဒါန်းသူ ဥပါသိကာမတို့တွင် အသာဆုံးဇောဒဂ်ကို ရမည့်သူ

http://www.cherrythitsar.org



ဖြစ်၏။ ထို့ကြောင့် သာသနာပြုခြင်းနှင့် ပတ်သက်၍ ဝိသာခါကျောင်းအစ်မကြီး၏ လုပ်ထုံးလုပ်နည်းကို နားလည်အောင် အားထုတ်အပ်၏။ ထိုသို့ အားထုတ်ရာတွင် ဒါန၏ အပြင်ပိုင်းသဏ္ဌာန်ကိုလည်းကောင်း၊ ဒါန၏ အတွင်းသရုပ်ကိုလည်းကောင်း၊ အပြင်ပိုင်းသဏ္ဌာန်နှင့် အတွင်းသရုပ်တို့၏ အဆက်အစပ်ကိုလည်းကောင်း မြင်အောင်ကြည့်ပြီး သာသနာပြုခြင်း၏ အနက်အဓိပ္ပာယ်ကို နားလည် =အောင် ကြိုးပမ်းအပ်ပါ၏။

ဝိသာခါ ကျောင်းအစ်မသည် လွန်လေပြီးသော ကမ္ဘာတစ်သိန်းထက်က ပဒုမုတ္တရ မြတ်စွာဘုရားလက်ထက်တော်၌ မိမိစိုက်ပျိုးခဲ့သော ကောင်းမှုမျိုးစေ့မှ ယခု အသီးသီးလာသည်ကို မြင်တွေ့ရသဖြင့် ဥဒါန်းကျူးရင့်ခြင်းသာ ဖြစ်၏။ စိတ်ဖောက်ပြန်သောအားဖြင့် သီချင်းကို သီဆိုခြင်း မဟုတ်ဟူ၍ မြတ်စွာဘုရားသည် ရဟန်းတော်များအား အောက်ပါအတိုင်း တရားဒေသနာတော်ကို ဂါထာဖြင့် ဟောကြားတော်မူ၏။

- **ပန်းသည်သည် ပန်းပုံမှ များစွာသော ပန်းကုံးတို့ကို သီကုံးအံ့သကဲ့သို့၊**
- **သတ္တဝါတို့သည် ဘဝပန်းရုံမှ များစွာသောကုသိုလ်ပန်းကုံးတို့ကို ပြုအပ်ပါ၏။**

ပန်းဥယျာဉ်ရှိ ပန်းရုံ၌ ကောင်းသောပန်းများလည်း ပွင့်နိုင်၏။ မကောင်းသော ပန်းများလည်း ပွင့်နိုင်၏။ သို့ရာတွင် ပန်းသည်များကမူ ကောင်းသော ပန်းများကို ပယ်ရှား၍ ကောင်းသော ပန်းများကို ရွေးချယ်၍ သီကုံးကြ၏။ ထို့ကြောင့် ပန်းသည်များသည် မိမိတို့၏ ပန်းဥယျာဉ်ရှိ ပန်းရုံများ၌ မကောင်းသော ပန်းများ မပွင့်နိုင်အောင်၊ ကောင်းသော ပန်းများပွင့်သည်ထက် ပွင့်နိုင်အောင် ကြိုးပမ်းကြ၏။ သို့မှသာ ပန်းသည်များသည် မိမိတို့၏ပန်းဥယျာဉ်ရှိ ပန်းရုံများမှ လှပသော ပန်းများကို သီကုံးနိုင်မည်ဖြစ်၏။ ပန်းကုံးများ လှပါမှ ပန်းကုံးများ၏ တန်ဖိုးသည် မြင့်မားမည် ဖြစ်၏။

ထို့အတူပင် လောကသည် ပန်းဥယျာဉ်ဖြစ်၍၊ ဘဝသည် ပန်းရုံဖြစ်၏။ လောကတည်းဟူသော ပန်းဥယျာဉ်ရှိ ဘဝတည်းဟူသော ပန်းရုံမှ အကုသိုလ်ပန်းများလည်း ပွင့်နိုင်၏။ ကုသိုလ်ပန်းများလည်း ပွင့်နိုင်၏။ သတ္တဝါတို့သည် မိမိတို့၏ ဘဝတည်းဟူသော ပန်းရုံမှ အကုသိုလ်ပန်းများ မပွင့်ရလေအောင် ကုသိုလ်ပန်းများသာ ပွင့်ရလေအောင် ကြိုးပမ်းအပ်၏။

အကုသိုလ်ပန်းများကိုလည်း သီကုံး၍ရ၏။ ကုသိုလ်ပန်းများကိုလည်း သီကုံး၍ရ၏။ အကုသိုလ်ပန်းများကို သီကုံးသောအခါ သမုဒယ သစ္စာပန်းကုံးကို ရ၏။ ကုသိုလ်ပန်းများကို သီကုံးသောအခါ မဂ္ဂသစ္စာပန်းကုံးကိုရ၏။ လောက

http://www.cherrythitsar.org



တည်းဟူသော ပန်းဥယျာဉ်ကို သမုဒယသစ္စာ ပန်းကုံးများဖြင့် တန်ဆာဆင်သောအခါ လောကတည်းဟူသော ပန်းဥယျာဉ်သည် ဒုက္ခသစ္စာသဘောကို ဆောင်ကာ အမြဲတမ်း မငြိမ်းမချမ်း ရှိပေလိမ့်မည်။ လောကတည်းဟူသော ပန်းဥယျာဉ်ကို မဂ္ဂသစ္စာပန်းကုံးများဖြင့် တန်ဆာဆင်သောအခါ လောကတည်းဟူသော ပန်းဥယျာဉ်သည် နိရောဓသစ္စာ သဘောကိုဆောင်ကာ အမြဲတမ်း ငြိမ်းချမ်းခြင်း ရှိပေလိမ့်မည်။

ဝိသာခါ ကျောင်းအမကြီးသည် ပဒုမုတ္တရမြတ်စွာဘုရား လက်ထက်တော်မှစ၍ ဂေါတမမြတ်စွာဘုရား လက်ထက်တော်တိုင်အောင် ကမ္ဘာတစ်သိန်းတို့ ကာလပတ်လုံး လောကတည်းဟူသောပန်းဥယျာဉ်ရှိ ဘဝတည်းဟူသော ပန်းရုံမှ အကုသိုလ်ပန်းများ ပွင့်ရလေအောင် ကုသိုလ်ပန်းများ ပွင့်သည်ထက်ပွင့်ရအောင် ကြိုးပမ်းပြီး ကုသိုလ်ပန်းများကို သီကုံးထားသော မဂ္ဂသစ္စာပန်းကုံးများဖြင့် တန်ဆာဆင်လိုက်ရာ၊ သူမအတွက် လောကတည်းဟူသော ပန်းဥယျာဉ်သည် မငြိမ်းချမ်းသော ဒုက္ခသစ္စာ အဆင့်မှ ငြိမ်းချမ်းသော နိရောဓသစ္စာအဆင့်သို့ ရောက်သွားခဲ့လေပြီ။

အကျဉ်းအားဖြင့်ဆိုရလျှင် လောကသည် ပန်းဥယျာဉ်ဖြစ်၏။ ဘဝသည် ပန်းရုံဖြစ်၏။ ဘဝပန်းရုံမှ အကုသိုလ်ပန်းများ မပွင့်ဘဲ ကုသိုလ်ပန်းများသာ ပွင့်အောင်ကြိုးပမ်းရာ၏။ အကုသိုလ်ပန်းများ ပွင့်လျှင် ဘဝသည် ဒုက္ခဖြစ်၏။ ကုသိုလ်ပန်းများပွင့်လျှင် ဘဝသည် ဒုက္ခနိရောဓ ဖြစ်၏။ ဒုက္ခနိရောဓ ဟူသည် သန္တိသုခပင် ဖြစ်ပါ၏။

## အာနန္ဒထေရပဉှာ

အာနန္ဒထေရပဉှာ ဟူသည်မှာ ရှင်အာနန္ဒာက မြတ်စွာဘုရားအား မေးလျှောက်သည့် ပြဿနာ ဖြစ်၏။

ရှင်အာနန္ဒာသည် မြတ်စွာဘုရားနှင့် ညီအစ်ကိုဝမ်းကွဲ တော်စပ်၏။ မြတ်စွာဘုရား၏ ခမည်းတော်မှာ သုဒ္ဓေါဒနဖြစ်၍ ရှင်အာနန္ဒာ၏ ခမည်းတော်မှာ အမိတောဒနဖြစ်၏။ သုဒ္ဓေါဒနနှင့် အမိတောဒနတို့သည် ညီအစ်ကိုအရင်းများ ဖြစ်ကြ၏။ ထို့ကြောင့် မြတ်စွာဘုရားနှင့် ရှင်အာနန္ဒာတို့သည် ညီအစ်ကို ဝမ်းကွဲဖြစ်လေ၏။ ထို့အပြင် ရှင်အာနန္ဒာသည် မြတ်စွာဘုရား၏ ဖွားဖက်တော် ၇ ဦးတို့အနက် တစ်ဦးအပါအဝင် ဖြစ်၏။

http://www.cherrythitsar.org



မြတ်စွာဘုရားသည် ပထမအကြိမ် ကပိလဝတ်ပြည်သို့ ကြွလာတော်မူပြီး ခမည်းတော် သုဒ္ဓေါဒန မင်းကြီးအား အနာဂါမ်တည်စေပြီး မိထွေးတော် မဟာပဇာပတိ ဂေါတမီအား သောတာပန် တည်စေခဲ့၏။ ဆွေတော်မျိုးတော်တို့အားလည်း မိမိတို့၏ ပါရမီအလိုက် တရားများကို သိမြင်စေခဲ့၏။ ထို့နောက် မြတ်စွာဘုရားသည် ကပိလဝတ်ပြည်မှ ရာဇဂြိုဟ်ပြည်သို့ ပြန်လည်ကြွသွားတော်မူခဲ့၏။ ထိုစဉ်ကပင် အမိတောဒန၏သား အာနန္ဒာမင်းသားသည် အခြားသော သာကီဝင်မင်းသားများ ဖြစ်ကြသော ဘဒ္ဒိယ မင်းသား၊ အနုရုဒ္ဓ မင်းသား၊ ဘဂု မင်းသား၊ ကိမိလ မင်းသား၊ ဒေဝဒတ္တမင်းသားတို့နှင့်အတူ မြတ်စွာဘုရား၏ ထံ၌ ရဟန်းပြုခဲ့၏။ သူတို့၏ အမှုထမ်းဆတ္တာသည် ဥပါလိသည်လည်း သူတို့နှင့် အတူပင် ရဟန်းပြုခဲ့၏၊ ထို့ကြောင့် ထိုစဉ်က မြတ်စွာဘုရား၏ ထံတော်၌ ရဟန်းပြုကြသူများမှာ သာကီဝင်မင်းသားခြောက်ယောက်နှင့် အမှုထမ်း ဆတ္တာသည် ဥပါလိတို့ဖြစ်ကြ၏။ သူတို့ရဟန်းပြုစဉ်က မြတ်စွာဘုရားသည်ရာဇဂြိုဟ် ပြည်သို့ ရောက်တော်မမူသေးဘဲ မလ္လတိုင်း အနုပိယသရက်ဥယျာဉ်၌ ခေတ္တ သီတင်းသုံးတော်မူစဉ် ဖြစ်လေ၏။

အာနန္ဒာမင်းသားသည် သူ့ဆန္ဒအရ ရဟန်းပြုသည်မဟုတ်၊ လူကြီးမိဘများ၏ တာဝန်ပေးချက်အရ ရဟန်းပြုခြင်းဖြစ်၏၊ ထို့ကြောင့် သူသည် မြတ်စွာဘုရားအပေါ် ဓမ္မရေးရာအရာ ကြည်ညိုသည်ထက် ပုဂ္ဂိုလ်ရေးရာအရ တွယ်တာသည်က ပို၍များ၏။ သို့ရာတွင် ရှင်အာနန္ဒာသည် နောက်ပိုင်း၌မန္တာနီ ပုဏ္ဏေးမ၏သား ရှင်ပုဏ္ဏထံမှ တရားတော်ကို နာကြားရသဖြင့် သောတာပန် ဖြစ်သွားသောအခါမှသာ ဓမ္မရသကို ပို၍ပို၍ နားလည်လာ၏။ သို့ရာတွင် ရှင်အာနန္ဒာသည် မြတ်စွာဘုရား၏ လုပ်အကျွေးအဖြစ်ဖြင့် မြတ်စွာဘုရား၏ အရိပ်ပမာ မြတ်စွာဘုရားနှင့် အတူရှိနေပြီး မြတ်စွာဘုရား ဟောကြားတော်မူသမျှ တရားတော်အားလုံးကို အကုန်သိမြင်တော်မူသော်လည်း မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်က ရဟန္တာမဖြစ်ခဲ့။ မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုတော်မူပြီးနောက် သုံးလနှင့် လေးရက်ကြာမှ ရဟန္တာ ဖြစ်တော်မူ၏။ အကြောင်းတရားတို့ ပေါင်းဆုံ ညီညွတ်ပါမှ အကျိုးတရားဟူ၍ ဖြစ်လာလေရာ အကြောင်းတရားတို့ ပေါင်းဆုံညီညွတ်ဖို့အတွက် အချိန်သည် "အား" တစ်ရပ် အနေဖြင့် များစွာ အရေးကြီးလေ၏။ အမှန်အားဖြင့် နိဗ္ဗာန်မှတစ်ပါး လောကဖြစ်စေ၊ လောကုတ္တရာဖြစ်စေ အခြားမည်သည့်တရားမျှ အချိန်၏ ဩဇာရိပ်မှ လွတ်မြောက်နိုင်ရိုးမရှိချေ။ နိဗ္ဗာန်သည်သာလျှင် "ကာလဝိမုတ္တ" အနေဖြင့် အချိန်၏ ဩဇာရိပ်မှ လွတ်မြောက်နိုင်ပါ၏။ ထို့ကြောင့် လုပ်ငန်းတစ်ခု အောင်မြင်အထည်

http://www.cherrythitsar.org



ပေါ်အောင် ဆောင်ရွက်ရေးနှင့် ပတ်သက်၍ အချိန်ကို များစွာတွက်ဆရပါ၏။ အချိန်မကျသဲ လုပ်မိပါကလည်း "ဥဗ္ဗေဒဒိဋ္ဌိသဘော သက်ရောက်၍ မအောင်မမြင် ဖြစ်တတ်၏။ အချိန်လွန်မှ လုပ်မိပါကလည်း "သဿတဒိဋ္ဌိ" သဘော သက်ရောက်၍ မအောင်မမြင်ဖြစ်တတ်၏။ အချိန်ကိုက် လုပ်မိပါမှသာ "သမ္မာဒိဋ္ဌိ" သဘော သက်ရောက်၍ အောင်မြင်နိုင်၏။

ရှင်အာနန္ဒာသည် ဧတဒဂ်ငါးတန်ရ ပုဂ္ဂိုလ်မြတ်ဖြစ်၏။ ကမ္ဘာတစ်သိန်းတိုင်အောင် ပါရမီဖြည့်ကျင့်ခဲ့သော ပါရမီရှင်လည်းဖြစ်၏။ ဧတဒဂ်ငါးတန်တွင် ဗဟုသုတအရာ၌လည်း ရှင်အာနန္ဒာသည် ဧတဒဂ်ရ၏။ သတိအရာတွင်လည်း ရှင်အာနန္ဒာသည် ဧတဒဂ်ရ၏။ အသိပညာ အရာတွင်လည်း ရှင်အာနန္ဒာသည် ဧတဒဂ်ရ၏၊ လုံ့လဝီရိယ အရာတွင်လည်း ရှင်အာနန္ဒာသည် ဧတဒဂ်ရ၏။ မြတ်စွာဘုရားကို ပြုစုလုပ်ကျွေးသည့်အရာတွင်လည်း ရှင်အာနန္ဒာသည် ဧတဒဂ်ရ၏။ ဤသာသနာတော်၌ ဧတဒဂ် ငါးတန်ရသူမှာ ရှင်အာနန္ဒာ တစ်ပါးတည်းသာ ဖြစ်၏။ ထို့ကြောင့် ရှင်အာနန္ဒာကား ပဌမသင်္ဂါယနာတင်ပွဲ၌ သံဃာ့ပရိသတ်က သင်္ဂါယနာတင် ပုဂ္ဂိုလ်အဖြစ် ရွေးချယ်ရလောက်အောင် အလွန်ထူးချွန်သော ပါရမီရှင်ဖြစ်၏။ အလွန်ထူးချွန်ပါသော်လည်း ရဟန္တာ ဖြစ်ရာ၌မူ ရှင်အာနန္ဒာသည် အလွန်ပင် နောက်ကျပါ၏။

မြတ်စွာဘုရားနှင့် အချိန်ရှိသမျှနေရပြီး မြတ်စွာဘုရား၏ တရားတော်ဟူသမျှကိုလည်း အားလုံးကုန် သိမြင်ပါလျက် မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်ကာလအတွင်း ရဟန္တာမဖြစ်ခြင်းမှာ ရှင်အာနန္ဒာအတွက် အံ့သြဖွယ်ဖြစ်သည်ဟု ဆိုနိုင်ပါသော်လည်း မဖြစ်ထိုက်သေး၍ မဖြစ်ခြင်းသာဖြစ်၏။ အမှန်အားဖြင့် အကြောင်းနှင့်အကျိုး နိယာမအရအကြောင်း အဆောက်အအုံတို့ ပြည့်စုံပါမှ အကျိုးတရားဟူ၍ ဖြစ်ပေါ်လေရာ ဤလောက၌ မိမိ၏ ဆန္ဒရှိရုံမျှနှင့်တော့ မိမိဆန္ဒအတိုင်း အကျိုးတရားဟူသည် ဖြစ်ပေါ်လိမ့်မည် မဟုတ်။ လက်သမားတစ်ယောက်သည် မည်မျှပင် တော်စေကာမူ သစ်သားနှင့် အဆောက်အအုံပုံစံ မရှိလျှင်ဖြစ်စေ၊ အဆောက်အအုံပုံစံသာရှိပြီး သစ်သားမရှိလျှင် ဖြစ်စေ မိမိဆောက်လိုသော အဆောက်အအုံကို ဆောက်၍ မရကောင်းသကဲ့သို့ပင် ထို့အတူ "သမ္ဘာရ" မရှိဘဲ မိမိဆန္ဒ ရှိရုံမျှနှင့် ဘဝကို တည်ဆောက်၍ မရကောင်း။ "သမ္ဘာရ" ကို အဆောက်အအုံဟူ၍ မြန်မာပြန်ကြ၏။ အဆောက်အအုံဟူသည်မှာ ပါရမီများ၊ ဘုန်းကံများ၊ ကြမ္မာများပင် ဖြစ်၏။ ယင်းကား အကြောင်းတရားသဘောရှိလေ၏။ ဘဝဟူသည်မှာ ကမ္မဘဝနှင့် ဥပပတ္တိဘဝတို့ ဖြစ်၏။ ယင်းကား အကျိုးတရားသဘော ရှိလေ၏။ ထို့ကြောင့် သမ္ဘာရနှင့် ဘဝသည်

http://www.cherrythitsar.org



လိုက်လျောညီထွေရှိရ၏။ သမ္ဘာရက ခွင့်ပြုသလောက်သာ ဘဝသည် ဖြစ်ခွင့်ရှိလေ၏။

ရှင်အာနန္ဒာသည် မြတ်စွာဘုရားနှင့် အတူနေပြီး မြတ်စွာဘုရား ၄၅ ဝါပတ်လုံး ဟောကြားတော်မူသော တရားဒေသနာများအားလုံးကို နာယူရပါလျက်၊ နာယူရသည့်အတိုင်းလည်း သိမြင်ပါလျက် မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ် ကာလအတွင်း ရဟန္တာ မဖြစ်ခြင်းမှာ အဆောက်အအုံ အကြောင်းတရားတည်းဟူသော “သမ္ဘာရ”များသည် အချိန်တည်းဟူသော အင်အားစုအရ ရင့်ကျက်ချိန် မရောက်သေး၍ မရင့်ကျက်သေးသဖြင့် ရဟန္တာ မဖြစ်သေးခြင်းသာ ဖြစ်၏။ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုပြီးနောက် သုံးလနှင့် လေးရက်လွန်မှ ရှင်အာနန္ဒာ၏ ဘုန်းကံပါရမီတည်း ဟူသော“သမ္ဘာရ”များ ရင့်ကျက်ချိန် ရောက်၍ ရင့်ကျက်သဖြင့် ရဟန္တာဖြစ်သွားခြင်း ဖြစ်၏။

အမှန်အားဖြင့် အကြောင်းတရား “သမ္ဘာရ” တို့ ရင့်ကျက်ခြင်းနှင့် ပတ်သက်၍ အချိန်အံဝင်ခွင်ကျရှိမှု မရှိမှုကို သိနိုင်ဖို့အတွက် “သမ္မာဒိဋ္ဌိ” သဘောရှိဖို့သာ လို၏။ အချိန်စောလျှင်လည်း “ဥစ္ဆေဒဒိဋ္ဌိ” သဘော ဖြစ်၏။ အချိန်နောက်ကျလျှင်လည်း “သဿတ ဒိဋ္ဌိ” သဘောဖြစ်တတ်လေ၏။ ထို့ကြောင့်အချိန်ကိုက်ဖြစ်မှန်း သိဖို့အတွက် သမ္မာဒိဋ္ဌိသဘောကိုလိုခြင်း ဖြစ်၏။ သမ္မာဒိဋ္ဌိဖြင့် အချိန်ကိုတွက်၍ ဆောင်ရွက်တတ်ပါမှ မိမိဆောင်ရွက်သော လုပ်ငန်း အောင်မြင်မည်ဖြစ်၏။

ထိုစဉ်က ရှင်အာနန္ဒာသည် မြတ်စွာဘုရားနှင့်အတူ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးစဉ် ဖြစ်၏။ ထို့ကြောင့် ရှင်အာနန္ဒာသည် ရဟန္တာမဖြစ်သေးချေ။ ရဟန္တာမဖြစ်သေးသဖြင့် သိစရာဟူသမျှကို အားလုံး သိပြီး ဖြစ်သည်ဟု မဆိုနိုင်သော်လည်း သိသင့်သမျှကိုတော့ သိပြီးဖြစ်ပါ၏။ အမှန်အားဖြင့် သိစရာဟူသမျှသည် အရေအတွက်အားဖြင့် “အများ” ဖြစ်သော်လည်း အရည်အချင်းအားဖြင့်“တစ်ခု”တည်းသာ ဖြစ်၏။ ယင်းကိုပင် “ဧကော ဓမ္မော”ဟူ၍ ဆိုကြ၏။ တစ်ခုတည်းသောတရား “ဧကော ဓမ္မော” ဟူသည်မှာ သမုဒယသစ္စာ သို့မဟုတ် နိရောဓသစ္စာပင် ဖြစ်၏။ အနေကဇာတိသံသာရံရှိ ဂါထာ၌ သမုဒယသစ္စာကိုပင် တစ်ခုတည်းသောတရား “ဧကောဓမ္မော” အဖြစ် ဖော်ပြထားသည်ကို တွေ့ရ၏။ အမှန်အားဖြင့်လည်း သမုဒယသစ္စာကို မြင်ပါမှ နိရောဓသစ္စာကို မြင်နိုင်မည်ဖြစ်၏။ နိရောဓသစ္စာကို မြင်လျှင် တစ်ပြိုင်နက်တည်း သစ္စာလေးပါးစလုံးကို မြင်ပြီးဖြစ်၏။ ထို့ကြောင့် အရေအတွက်အားဖြင့် သစ္စာလေးပါးကို မြင်ခြင်းဟူသည် အရည်အချင်းအားဖြင့် သမုဒယသစ္စာ သို့မဟုတ်

http://www.cherrythitsar.org



နိရောဓသစ္စာကို မြင်ခြင်းပင်ဖြစ်၏။ သို့ဖြစ်၍ သစ္စာလေးပါးကို မြင်ခြင်းကိုပင် "ဓေတာ ဓမ္မော" ကိုမြင်ခြင်း ဟူ၍ဆိုရ၏။ ဒသနနယ်ပယ်၌လည်း အမျိုးမျိုးကို သိခြင်းသည် လူမိုက်ဖြစ်၍ တစ်ခုတည်းကိုသိမှ ပညာရှိဟူ၍ ဆိုပါ၏။ အမှန် အားဖြင့်လည်း အမျိုးမျိုးဟူသည် လောက၌ အမှတ်အသား မာယာသာ ဖြစ်၏။ တစ်ခုတည်းဟူသည် လောကုတ္တရာ၏ အမှတ်အသား အရိယသစ္စာ ဖြစ်၏။ လောကုတ္တရာ၏ အမှတ်အသားဖြစ်သော အရိယသစ္စာကို သိသည်နှင့်တစ်ပြိုင် နက် လောက၏ အမှတ်အသားဖြစ်သော မာယာကိုသိခြင်းကိစ္စသည် ပြီးလေ တော့၏။ မာယာကိုပင် အဝိဇ္ဇာဟုလည်း ခေါ်ကြ၏။ ထိုစဉ်က ရှင်အာနန္ဒာသည် သောတာပန်မျှသာ ဖြစ်သေး၏။ ရဟန္တာမဖြစ်သေးချေ၊ ထို့ကြောင့် ရှင်အာနန္ဒာ သည် မာယာ၏ အပိုင်းအခြားကို အကုန်အစင်မသိ။ နိယာမနှင့် ပုဗ္ဗာဟူ၍ နှစ်မျိုးရှိရာတွင် နိယာမ တစ်မျိုးတည်း၊ ပုဗ္ဗာက အမျိုးမျိုး။ နိယာမကို သိပါက ပုဗ္ဗာပေါင်း မည်မျှပင်လာပါစေ၊ အကုန်လုံးကိုတွက်နိုင်၏၊ ထို့ကြောင့် နိယာမ သည် အရေးကြီး၏။ နိယာမသည် သစ္စာသဘောဖြစ်၍ ပုဗ္ဗာသည် မာယာသဘော ဖြစ်၏။

ရှင်အာနန္ဒာသည် အလုပ်အကျွေးဝေယျာကို ယူစကပင် ဆုတောင်းတစ်ခု ကို တောင်းထား၏။ ရှင်အာနန္ဒာ တောင်းထားသောဆုမှာ အကယ်၍ သူ၏သန္တာန်၌ တရားဓမ္မနှင့်စပ်လျဉ်း၍ ယုံမှားသံသယ ဖြစ်ခဲ့ပါလျှင် ခဏချက်ချင်း မြတ်စွာဘုရားထံတော်မှောက်သို့ ကပ်ရောက်၍ မေးလျှောက်ခွင့် ရဖို့ပင် ဖြစ်၏။ ထိုဆုကို မြတ်စွာဘုရားက ရှင်အာနန္ဒာ အားပေးခဲ့၏။ ယခု ရှင်အာနန္ဒာ၏ သန္တာန်၌ ယုံမှားသံသယတစ်ခု ဖြစ်ခဲ့လေပြီ။ ထိုသို့သော ယုံမှားသံသယကား ရနံ့နှင့်ပတ်သက်သော ယုံမှားသံသယ ဖြစ်၏။

ရနံ့နှင့်ပတ်သက်၍ အနှစ်မှဖြစ်သောရနံ့၊ အခြမ်းမှဖြစ်သောရနံ့၊ အပွင့်မှ ဖြစ်သော ရနံ့ဟူ၍ ဤရနံ့သုံးမျိုးတို့ကို မြတ်သော ရနံ့များအဖြစ် မြတ်စွာဘုရား ဟောကြားတော်မူသည်ကို ရှင်အာနန္ဒာ ကြားဖူး၏။ ထိုရနံ့သုံးမျိုးကား မြတ် သည်ဟုဆိုရလောက်အောင် အရပ်မျက်နှာများအားလုံးသို့ ပျံ့နှံ့ခြင်းမရှိ။ လေအောက် သို့သာလျှင် ပျံ့နှံ့နိုင်၏။ လေညာသို့လည်းမပျံ့နိုင်။ ဘေးသို့လည်း မပျံ့နိုင်။ သို့ပါလျက် မြတ်စွာဘုရားက ဤရနံ့သုံးမျိုးကို မြတ်သော ရနံ့များဟူ၍ ဟောကြားတော်မူ၏။ ထိုသို့ ဟောကြားတော်မူခြင်းမှာ သမ္မုတိသစ္စာ အနေဖြင့် ဟောကြားတော် မူခြင်းပင် ဖြစ်လေသလော၊ ပရမတ္ထသစ္စာ အနေဖြင့်ပင် ဟောကြားတော်မူခြင်းဖြစ်လေသလော။ အမှန်အားဖြင့် သမ္မုတိသစ္စာနှင့် ပရမတ္ထ သစ္စာ နှစ်မျိုးတို့တွင် သမ္မုတိသစ္စာသည် အပေါ်ထပ် အဆောက်အအုံသဖွယ်

http://www.cherrythitsar.org



ဖြစ်၍ ပရမတ္ထသစ္စာသည် အခြေခံ အုတ်မြစ်သဖွယ် ဖြစ်၏။ အပေါ်ထပ် အဆောက်အအုံ ဆိုသည်မှာ မြင်သာသော အပြင်ပိုင်းသဏ္ဌာန်ဖြစ်၍ အခြေခံအုတ်မြစ် ဆိုသည်မှာ မမြင်သာသော အတွင်းရုပ်ဖြစ်၏။ လောကသမ္မုတိအားဖြင့်လည်း လူတို့သည် မြင်သာသော အပိုင်းကိုသာ အလေးအနက်ပြု၍ အမှားအမှန်ကို ဆုံးဖြတ်ကြ၏။ မမြင်သာသော အပိုင်းကိုမူ ထည့်သွင်းစဉ်းစားလေ့ မရှိကြ။ အမှန်အားဖြင့် အမှားအမှန် ဆုံးဖြတ်ရာတွင် သစ္စာအရဆိုပါက သမ္မုတိသစ္စာ သဘောကိုလည်း ကြည့်ဖို့ လို၏။ ပရမတ္ထသစ္စာသဘောကိုလည်း ကြည့်ဖို့လို၏။ အဆောက်အအုံအရ ဆိုပါက အပေါ်ထပ် အဆောက်အအုံကိုလည်း ကြည့်ရ၏။ အခြေခံ အုတ်မြစ်ကိုလည်း ကြည့်ရ၏။ အသွင်အရဆိုပါက အပြင်ပိုင်းသဏ္ဌာန် ကိုလည်း လေ့လာရ၏။ အတွင်းသရုပ်ကိုလည်း လေ့လာရ၏။ သို့မှသာ အမှား အမှန် ဆုံးဖြတ်ရာ၌ ပြည့်ပြည့်စုံစုံ ရှိမည်ဖြစ်၏။

ထို့ကြောင့် ရှင်အာနန္ဒာသည် သူ၏သံသယကို ပယ်ဖျောက်နိုင်ရန် အလို့ငှာ မြတ်စွာဘုရားအား အရပ်ဆယ်မျက်နှာလုံးသို့ သင်းပျံ့မွှေးကြိုင်လှိုင်သော ရနံ့ဟူသည် ရှိကောင်းပါသလောဟူ၍ လျှောက်ထားရာ မြတ်စွာဘုရားက ရှင်အာနန္ဒာအား အောက်ပါနှစ်ဂါထာတို့ဖြင့် တရားဒေသနာတော်ကို ဟောကြား တော်မူ၏။

- **ပန်းရနံ့သည် လေညာသို့ မဆောက်၊ စန္ဒကူးဖြစ်စေ၊ တောင်စလယ်ဖြစ်စေ၊ ကြက်ရုံးဖြစ်စေ လေညာသို့မဆောက်။**
- **သူတော်ကောင်းတို့၏ ရနံ့သည် လေညာသို့ ဆောက်၏။ အမှန်အားဖြင့် သူတော်ကောင်းတို့၏ ရနံ့သည် လေညာသို့သာမက အရပ်လေးမျက်နှာသို့ သင်းပျံ့မွှေးကြိုင်စွာဖြင့် ဆောက်လေ၏။**
- **စန္ဒကူးရနံ့ထက်လည်းကောင်း၊ တောင်စလယ်ရနံ့ထက် လည်းကောင်း၊ ကြာရနံ့ထက် လည်းကောင်း၊ ကြက်ရုံးရနံ့ထက် လည်းကောင်း သူတော် ကောင်းတို့၏ သီလရနံ့သည် ပို၍မြတ်ပါ၏။**

ထိုနေ့ကား ပထမသင်္ဂါယနာမတင်မီ တစ်ရက်အလို ဝါခေါင်လပြည့် ကျော်လေးရက်နေ့ဖြစ်၏။ ဝါခေါင်လပြည့်ကျော် ၅ ရက်နေ့တွင် သင်္ဂါယနာ တင်တော့မည်ဖြစ်၏။ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုသောနေ့မှာ မဟာသက္ကရာဇ် ၁၄၈ခုနှစ် ကဆုန်လပြည့်နေ့ဖြစ်၏။ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုပြီးနောက် ၃ လနှင့် ၄ ရက်မြောက်နေ့တွင် သံဃာ့အစည်းအဝေး၌ 'ဤရဟန်းအပေါင်း တို့တွင် ရဟန်းတစ်ပါးသည် ကိလေသာတည်းဟူသော သားစိမ်းနံ့ကို ပံ့လျှောင် စေလျက် လှည့်လည် ကျက်စားသွားလာနေသတည်း' ဟူ၍ ရဟန်းအချို့က

http://www.cherrythitsar.org



ရှင်အာနန္ဒာကို ရည်ရွယ်စောင်းချိတ်၍ပြောဆိုကြ၏။ ကိလေသာသည် အနံ့ပြင်း၏။ အကုသိုလ်သည် အနံ့ပြင်း၏။ ကိုယ်ကျင့်သီလမဲ့ခြင်းသည် အနံ့ပြင်း၏။

ရှင်အာနန္ဒာသည် သောတာပန်ဖြစ်၏။ ကမ္ဘာတစ်သိန်းတိုင်တိုင် ပါရမီဖြည့်ခဲ့သော ပါရမီရှင်လည်း ဖြစ်၏။ သို့ပါလျက် ရှင်အာနန္ဒာသည် မိမိကိုယ်တိုင်က ကိလေသာမကုန်ခန်းသေးသဖြင့် ကိလေသာကုန်ခန်းတော်မူပြီးသော ရဟန္တာမထေရ်များ၏ အကြား၌ ကိလေသာတည်းဟူသော သားစိမ်းနံ့ကို ပျံ့လှောင်စေနိုင်ပါ၏။ သတ္တဝါသည် အံ့သြဖွယ်ကောင်းလောက်အောင် ဆန်းကျယ်ပါတကားခြင်း။ အမှန်အားဖြင့် ရှင်အာနန္ဒာသည် သူ၏ ကိလေသာရနံ့ကို သူသိချင်မှသိမည် ဖြစ်သော်လည်း ကိလေသာ ကင်းစင်တော်မူသော သူတော်စင်များက သိ၏။ ကိလေသာရနံ့သည် အရပ် ၁၀ မျက်နှာဝန်းကျင်ကို ပျံ့လှောင်စေနိုင်ပါလျှင် သီလရနံ့သည်လည်း အရပ် ၁၀ မျက်နှာ ဝန်းကျင်ကို မွှေးပျံ့ကြိုင်လှိုင်စေနိုင်သည်သာ ဖြစ်၏။ သီလရနံ့ဟူသည် ကိလေသာကင်းသော သီလသိက္ခာ၏ ရနံ့ပင် ဖြစ်၏။ သီလသိက္ခာရနံ့တွင် သမာဓိ သိက္ခာရနံ့လည်းပါ၏။ ပညာသိက္ခာရနံ့လည်းပါ၏။ သိက္ခာသုံးပါးနှင့် ပြည့်စုံသူကို သူတော်ကောင်းဟူ၍ ဆိုရ၏။ ဓမ္မတာအားဖြင့် သူတော်ကောင်း၏ ကိုယ်ကျင့်သီလပြည့်စုံမှု ရနံ့သည် သူ့သဘောသူဆောင်ကာ ထက်ဝန်းကျင်၌ မွှေးကြိုင်သကဲ့သို့ သူယုတ်မာ၏ ကိုယ်ကျင့်သီလ ကင်းမဲ့မှုသည်လည်း ထက်ဝန်းကျင်၌ ပျံ့လှောင်ပါ၏။

သူတော်ကောင်း၏ ရနံ့သည် ပန်းရနံ့များထက် ပို၍သင်းပျံ့ပါ၏။ ကြိုင်လှိုင်ပါ၏။ လေအောက်သို့လည်း သွားပါ၏။ လေညာသို့လည်း သွားပါ၏။ အရပ် ၁၀ မျက်နှာတိုင်အောင် သွားပါ၏။ ကိလေသာရနံ့ ရှိစဉ်က ရှင်အာနန္ဒာသည် ပထမသင်္ဂါယနာတင် မထေရ်တို့အား ဝမ်းမြောက်မှု သောမနဿကို မဖြစ်စေနိုင်သော်လည်း ရှင်အာနန္ဒာသည် ကိလေသာကုန်ခန်း၍ ရဟန္တာဖြစ်သွားသောအခါ ပထမသင်္ဂါယနာတင်မထေရ်တို့သည် ရှင်အာနန္ဒာကို တွေ့ရခြင်းကြောင့် များစွာပင် ပီတိ သောမနဿ ဖြစ်ကြ၏။ ရှင်မဟာကဿပကဆိုလျှင် 'ငါ့ရှင် အာနန္ဒာ၊ သင်၏ အရဟတ္တဖိုလ်သို့ ရောက်ရှိခြင်းကား တင့်တယ်လှပေစွ' ဟု မြွက်ကြားရင်း သာဓုသုံးကြိမ်ခေါ်တော်မူ၏။ သီလရနံ့သည် ဘဝဂ်မဆုံ ပျံ့နှံ့၍မွှေးကြိုင်လွှမ်းပါ၏။ သို့ရာတွင် သီလရနံ့သည် မည်မျှပင် မွှေးကြိုင်စေကာမူ သီလရနံ့ကို တန်ဖိုးမထားနိုင်သူများလည်း ဤလောက ၌ ရှိကြသေးသည်ပင် ဖြစ်၏။ ထို့ကြောင့် ဤလောက၌ ငရဲဟူ၍ ရှိနေရခြင်း ဖြစ်၏။

ဒေသနာတော်အရ ဤလောက၌ ရနံ့အားလုံးတို့တွင် သီလရနံ့သည် အမြတ်ဆုံးဖြစ်၏။ သီလရနံ့ ဟူသည်မှာလည်း ရရှိကျင့်သုံးရန် မဖြစ်ကောင်း

http://www.cherrythitsar.org



သောအရာလည်းမဟုတ်။ ထို့ကြောင့် သီလရနံ့ကို ရရှိ ကျင့်သုံးနိုင်ရန် ကြိုးပမ်းအပ်၏။ မွှေးသောပန်းရနံ့ကို လူအပေါင်းတို့က နှစ်သက်မြတ်နိုးသလို မွှေးသော သီလရနံ့ကိုလည်း သူတော်စင်များက နှစ်သက်မြတ်နိုးကြပါ၏။ သူတော်စင်များနှင့် သူယုတ်မာများတွင် အထက်အထက် နတ်ပြည်နှင့် ဗြဟ္မာပြည်များ၌ သူတော်စင်များက အများစုဖြစ်ကြ၏။ သူတော်စင်များသည် လောကကိုဖြစ်ချင်သလို ဖြစ်တော့ဟူ၍ လက်ပိုက်ပြီး ကြည့်နေကြသည်မဟုတ်။ ဓမ္မဘက်မှ ရပ်တည်၍ လောကကို စောင့်ရှောက်နိုင်ရန် အမြဲတမ်း ကြိုးပမ်းနေကြပါ၏။

ကိုယ်ကျင့်သိက္ခာသည်အရေးကြီးပါ၏။ လောကတွင် နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စစ်ရေး၊ လူမှုရေး၊ ဘာသာရေး၊ စီးပွားရေး စသည်ဖြင့် ရေးရာအဖြာဖြာရှိကြသည့်အနက် ဘာသာရေးကို အခြေခံအုတ်မြစ်အဖြစ်ခံယူပြီး အခြားသော ရေးရာများအားလုံးကို အပေါ်ထပ်အဆောက်အအုံအဖြစ် ခံယူ၍ ဆောင်ရွက်ခြင်းသည် ဗုဒ္ဓဘာသာအရ ဆောင်ရွက်ခြင်းဖြစ်၏။ စစ်တိုက်လျှင်တောင်မှ ဘာသာရေးကို အခြေခံအုတ်မြစ်အဖြစ် ခံယူချက်ဖြင့် တိုက်ရမည် ဖြစ်လေရာ အခြားသောရေးရာများကို ဆောင်ရွက်ရာ၌လည်း ဘာသာရေးကို အခြေခံအုတ်မြစ်အဖြစ် ခံယူပြီး မဆောင်ရွက်နိုင်စရာ အကြောင်းဘာမျှမရှိ။ မည်သည့် လုပ်ငန်းကို လုပ်သည်ဖြစ်စေ ကုသိုလ်နှင့် အကုသိုလ်နှစ်မျိုးတို့တွင် တစ်မျိုးမျိုးဖြင့် လုပ်ရမည်ဖြစ်ရာ ကုသိုလ်ဖြင့်လုပ်နိုင်အောင်ကြိုးစား ခြင်းသည် ဘာသာရေးကို အခြေခံအုတ်မြစ်အဖြစ် ခံယူ၍ လုပ်ရာရောက်ပါ၏။ ဘာသာရေးကို အခြေခံအုတ်မြစ်အဖြစ် ခံယူထားသောအခါ လောကအတွက်၊ ဓမ္မအတွက် ဦးစားပေးတတ်လာပါ၏။ ဤသို့ ဦးစားပေးတတ်လာသည်နှင့်အမျှ သီလရနံ့သည်လည်း ပို၍ပို၍ မွှေးကြိုင် လာပေလိမ့်မည်။ ဤသို့ ဒေသနာတော်က ဆိုလို၏။

## ရှင်မဟာကဿပအား ဆွမ်းလှူဒါန်းခြင်း

မြတ်စွာဘုရား၏ သာသနာတော်၌ ရှင်သာရိပုတ္တရာက ပထမနေရာကိုယူ၍ ရှင်မောဂ္ဂလာန်က ဒုတိယနေရာကို ယူလျှင် ရှင်မဟာကဿပက တတိယနေရာကို ယူမည်ဖြစ်၏။ အမှန်အားဖြင့် ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလာန်တို့သည် မြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူစဉ်သာ မြတ်စွာဘုရားကို ပံ့ပိုးသောအားဖြင့် သာသနာတော်ကို ပြုကြခြင်းဖြစ်၏။ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်

http://www.cherrythitsar.org



မနူမီ ရှင်သာရိပုတ္တရာက အလျင်ပရိနိဗ္ဗာန် ပြု၏။ လဝက်လွန်ပြီးနောက် ရှင်မောဂ္ဂလာန် က ပရိနိဗ္ဗာန်ပြုပြန်၏။ အဂ္ဂသာဝကနှစ်ပါးလုံးပင် မြတ်စွာဘုရားထက် အလျင် ပရိနိဗ္ဗာန်ပြုတော်မူကြ၏။ ပရိနိဗ္ဗာန်ပြုကြခြင်းမှာလည်း သူတို့ပြုချင်ကြ၍ ပြုကြသည်မဟုတ်၊ ဓမ္မတာအရ ပြုကြခြင်း ဖြစ်၏။

ရှင်သာရိပုတ္တရာသည် မဟာသက္ကရာဇ် ၁၄၈ ခု၊ တန်ဆောင်မုန်း လပြည့်နေ့၌ မိမိ၏ဇာတိ နာလကရွာ၌ ပရိနိဗ္ဗာန်ပြုတော်မူ၏။ ရှင်မောဂ္ဂလာန်သည် မဟာသက္ကရာဇ် ၁၄၈ ခု တန်ဆောင်မုန်းလကွယ်နေ့၌ ရာဇဂြိုဟ်ပြည် ဣသိဂိလိတောင်ယံ ကာဠသိလာ ကျောက်ဖျာထက်၌ ပရိနိဗ္ဗာန်ပြုတော်မူ၏။ မြတ်စွာဘုရားသည်ကား မဟာသက္ကရာဇ် ၁၄၈ ခု ကဆုန်လပြည့်နေ့၌ ကုသိနာရုံ အင်ကြင်းတော၌ ပရိနိဗ္ဗာန်ပြုတော်မူ၏။ အဂ္ဂသာဝကနှစ်ပါးနှင့် မြတ်စွာဘုရားသည် ဘာမျှခြားလိုက်သည်မဟုတ်။ လပိုင်းမျှသာ ခြား၏။ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်အောင် ပါရမီတော်များကို ဖြည့်ကျင့်တော်မူပြီးမှ တည်ထောင်ခဲ့ရသော သာသနာတော်သည် မြတ်စွာဘုရားလည်း မရှိတော့ပြီ၊ အဂ္ဂသာဝကနှစ်ပါးလည်း မရှိတော့ပြီ ဆိုပါလျှင် မည်သို့သော အခြေအနေမျိုးသို့ ရောက်သွားနိုင်လေသနည်း။

ဤနေရာတွင် ထိုက်တန်သော သူရဲကောင်းသည် ရှိ၏။ ထို သူရဲကောင်းကား ရှင်မဟာကဿပ ဖြစ်၏။ ရှင်မဟာကဿပသည် မြတ်စွာဘုရား၏ သာသနာတော်ကို အဓွန့်ရှည်စွာ တည်အောင်ဆောင်ရွက်နိုင်သူ ဖြစ်၏။ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူပြီးနောက် အရေးအကြီးဆုံး လုပ်ငန်းကား မြတ်စွာဘုရား ၄၅ ဝါတို့ကာလပတ်လုံး နေရာအနှံ့ဟောကြားတော်မူထားသော ဒေသနာတော်များကို တစ်စုတည်း၊ တစ်ပေါင်းတည်း ဖြစ်သွားရလေအောင် စုစည်းဖို့ပင် ဖြစ်၏။ စုစည်းရာ၌လည်း စနစ်တကျစုစည်းဖို့ လို၏။

ဒေသနာတော်များကို ပန်းများနှင့်နှိုင်း၍ဆိုကြ၏။ ပန်းများသည် ပြန့်ကျဲနေလျှင်လည်း မလှ။ မလှသည့်အပြင် ကြာရှည်ခံအောင် ထိန်းသိမ်းရလည်း ခက်၏။ အစုလိုက်အပုံလိုက် ထားလျှင်လည်း မလှ။ မလှရုံမက ကြာရှည်ခံအောင် ထိန်းသိမ်းရလည်း ခက်၏။ ထို့ကြောင့် ပန်းများကို သီကုံးထားဖို့ လို၏။ သီကုံးရာ၌လည်း စနစ်တကျသီကုံးမှ လှလည်းလှမည်ဖြစ်၏။ ကြာရှည်လည်းခံမည်ဖြစ်၏။ သို့ဖြစ်၍ ပန်းများကို စနစ်တကျသီကုံးထားသလို မြတ်စွာဘုရား၏ ဒေသနာတော်များကိုလည်း ပိဋကတ်အားဖြင့်လည်းကောင်း၊ နိကာယ်အားဖြင့်လည်းကောင်း၊ ဓမ္မက္ခန္ဓာ အားဖြင့်လည်းကောင်း စနစ်တကျ ခွဲခြား၍ စုစည်းလိုက်၏။ ဤသို့ဆောင်ရွက်ခြင်းကိုပင် သင်္ဂါယနာတင်ခြင်းဟူ၍ ဆိုရ၏။

http://www.cherrythitsar.org



မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူသောအခါ ကုသိနာရုံ၌ပင် ရဟန်းသံဃာတော်ပေါင်း ခုနစ်သိန်းရှိ၏။ အခြားအရပ်ဒေသများ၌လည်း ရဟန်းသံဃာတော်များ ရှိကြဦးမည်ပင်ဖြစ်၏။ ထိုအချိန်၌ ထိုမျှများပြားသော ရဟန်းသံဃာတော်များကို ဦးဆောင်နိုင်ရန် ကြိုးပမ်းရသည်မှာ တော်ရုံတန်ရုံအရည်အချင်းကောင်းရုံမျှနှင့် ဖြစ်နိုင်မည်မဟုတ်။ ထို့ပြင် ထိုခေတ်ကာလည်း များသောအားဖြင့် ရဟန်းသံဃာများသည် ကိလေသာကုန်ခန်းပြီးသား ရဟန္တာများက များ၏။ ထို့ကြောင့် သူတို့သည် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ မူလအရည်အချင်းကို အစဉ်းသိဖြစ်ကြ၏။ ဝါဒဖြန့်၍မရ။ သိမ်းသွင်း၍မရ။ "အတော်"တွေကြားထဲမှာ "အတော်ဆုံး" ကို ရွေးရသည်မှာ လွယ်လည်းလွယ်၏ ခက်လည်းခက်၏။ ခက်သည်မှာ မတိမ်းမယိမ်းများအပြိုင် ရှိနေသောကြောင့်ဖြစ်၏။ လွယ်သည်မှာ မိမိတို့၏ပမာဏကို မိမိတို့ကိုယ်တိုင်က အပ်ကျမပ်ကျ သိနေသောကြောင့် ဖြစ်၏။ မိမိတို့၏ ပမာဏကို မိမိတို့က အပ်ကျမပ်ကျ သိနေပါလျှင် ရိုးသားသူများအနေဖြင့် မိမိတို့ထက် တော်သူကို နေရာပေးရန်အတွက် ဆုတ်ဆိုင်းစရာ အကြောင်းမရှိ။ ထို့ကြောင့် မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုရာသို့ရောက်လာကြသော ရဟန်းသံဃာခုနစ်သိန်းက အနာဂတ်သာသနာတော်အတွက် ခေါင်းဆောင်အဖြစ် ရှင်မဟာကဿပကို တညီတညွတ်တည်း ရွေးချယ်လိုက်ကြ၏။ ရှင်မဟာကဿပကလည်း လက်ခံတော်မူလိုက်၏။

မည်သူခေါင်းဆောင်ဖြစ်သင့်သနည်း။ အားလုံးက မိမိတို့၏ ပမာဏကို မိမိတို့ သိကြ၏။ အားလုံးသည် ရိုးသားဖြူစင်သူများ ဖြစ်ကြ၏။ ရှင်ဒေဝဒတ်လို ခေါင်းဆောင်လုပ်ချင်သူ ဟူ၍မရှိ။ နေရာမှန်ကို သိကြ၏။ နေရာမှန်အတွက် လူမှန်ကိုလည်း သိကြ၏။ အမှန်အားဖြင့် မိမိတို့၏ အရည်အချင်းကို မိမိတို့ သိကြ၍ ရိုးသားဖြူစင်သူများ၏ အကြား၌ နေရာမှန်၊ လူမှန် ရွေးချယ်မှုသည် များစွာပင် လွယ်ကူပါ၏။

ရှင်မဟာကဿပသည် ဗြာဟ္မဏအတက်မှ ဆင်းသက်သူ ဖြစ်၏။ ထို့ကြောင့် ပညာစရိုက်ပါ၏။ အကျင့်စရိုက်လည်းပါ၏။ မြတ်စွာဘုရားနှင့်တွေ့ပြီး မြတ်စွာဘုရားထံမှ ဓုတင်အကျင့်ကို ဆောင်ခံပြီး ကျင့်သုံးခဲ့ရာ ၇ ရက်သာ ပုထုဇဉ်ဘဝနှင့်ရှိပြီး ၇ ရက်လွန်မြောက်သည်နှင့် တစ်ပြိုင်နက် ပဋိသမ္ဘိဒါ လေးပါးနှင့်တကွ အဘိညာဉ်ခြောက်ပါးတို့ဖြင့် ရဟန္တာဖြစ်သွားတော်မူခဲ့၏။ ဉာဏ်ပညာကြီးမား၏။ အကျင့်လည်း ကြီးမား၏။ ဓုတင်အကျင့်ဟူသည်မှာ ပင်ပန်းလွန်း၏။ ကိလေသာ ကုန်ခန်း၍ ရဟန္တာဖြစ်ပြီးသူအတွက် ဓုတင်အကျင့်သည်အကျိုးမရှိ၊ ပင်ပန်းရုံသာ အကျိုးရှိ၏။ သို့ပါလျက် ရှင်မဟာ

http://www.cherrythitsar.org



ကဿပသည် မှုတင်အကျင့်ကို တစ်သက်ပတ်လုံး ကျင့်သုံးသူ ဖြစ်၏။ မှုတင်အကျင့်သည် သူ့အတွက် အကျိုးမရှိသော်လည်း သာသနာတော်၌ နောင်လာနောက်သားများ အနေဖြင့် အကျင့်အတွက် အကျိုးရှိသည်ဟု ရှင်မဟာကဿပက ပြချင်၏။ အကျင့်ဟူသမျှသည် ကျင့်သူအတွက်လည်း အကျိုးရှိနိုင်၏။ ကျင့်သူအတွက် အကျိုးမရှိလျှင် အကျင့်အတွက် အကျိုးရှိပါ၏။ ဤသည်ကိုပင် ဒိဋ္ဌာနုဂတိဟု ဆို၏။ အမှန်အားဖြင့် အကျင့်ဟူသမျှသည် အယုတ်ဆုံး အကျင့်အတွက် အကျိုးရှိလေသောကြောင့် ထိုထိုအကျင့်များ ပျောက်ကွယ်မသွားခြင်း ဖြစ်၏။

ရှင်မဟာကဿပသည် သူ ရဟန္တာဖြစ်ပြီးသည်မှစ၍ သူလုပ်သမျှ၊ သူပြောသမျှ သူကြံသမျှသည် သာသနာတော်အတွက်ချည်း ဖြစ်၏။ သာသနာတော်အတွက်ဟူသည်မှာ လောကအတွက်ပင်ဖြစ်၏။ လောကအတွက်ဆိုရာ၌ ပစ္စုပ္ပန်အတွက်လည်းပါ၏။ အနာဂတ်အတွက်လည်းပါ၏။ ထို့ကြောင့် ရှင်မဟာကဿပ၏ အသက်ရှည်ခြင်းကား သူ၏အတွက် အသက်ရှည်ခြင်းမဟုတ်၊ လောကအတွက် အသက်ရှည်ခြင်းဖြစ်၏။ သူ၏ ဆောင်ရွက်ချက်သည်လည်း သူ၏အတွက် ဆောင်ရွက်ခြင်းမဟုတ်။ လောကအတွက် ဆောင်ရွက်ခြင်းဖြစ်၏။ ထို့ကြောင့် ရှင်မဟာကဿပသည် လောကအတွက်အကျိုးရှိရလေအောင် မည်သို့ဆောင်ရွက်ရမည်နည်းဟူ၍ အမြဲတမ်း စဉ်းစားပုံရ၏။

တစ်ခါသော် လောကကို ချီးမြှောက်ရန်အတွက် ရှင်မဟာကဿပသည် နိရောဓသမာပတ်ကို ဝင်စားတော်မူ၏။ နိရောဓသမာပတ်ကို ဝင်စားသောအခါ ရှေးဦးစွာ ရူပါဝစရဈာန် ငါးပါးကို အစဉ်အတိုင်း ဝင်စားရ၏။ ထို့နောက် အရူပါဝစရဈာန်လေးပါးကို အစဉ်အတိုင်း ဝင်စားရ၏။ ထို့နောက်မှ စိတ်စေတသိက်နှင့် ဝိညာဉ်ရုပ်များချုပ်သော နိရောဓသမာပတ်ကိုရောက်၏။ ရှင်မဟာကဿပ နိရောဓသမာပတ် ဝင်စားသောနေရာမှာ ရာဇဂြိုဟ်ပြည် ပိပ္ပလိဂူ၌ ဖြစ်၏။ ၇ ရက်ပတ်လုံး နိရောဓသမာပတ်ကို ဝင်စားတော်မူပြီးနောက် နိရောဓသမာပတ်မှ ထ၍ လောကကို ချီးမြှောက်ခြင်းငှာ ရာဇဂြိုဟ်မြို့သို့ ဆွမ်းခံကြွတော်မူ၏။ နိရောဓသမာပတ်မှ ထတော်မူပြီးသောသူအား လှူဒါန်းသေးကမ်းပါက ချက်ချင်းဒိဋ္ဌဓမ္မ အကျိုးထူးကိုပေး၏။ နိရောဓသမာပတ်ကား စွမ်းအင် ကြီးမားလှသော သမာပတ်ဖြစ်၏။

သိကြားမင်း၏ အလုပ်အကျွေး နတ်သမီးငါးရာတို့သည် ရှင်မဟာကဿပ နိရောဓသမာပတ်မှ ထ၍ ရာဇဂြိုဟ်သို့ အိမ်စဉ်အတိုင်း ဆွမ်းခံဝင်မည်ကို သိကြ၏။ ထို့ကြောင့် နတ်သမီးငါးရာတို့သည် နတ်သုဓာများဖြင့် ရှင်မဟာကဿပအား ဆွမ်းလောင်းရန် ကြိုးစားကြ၏။ ရှင်မဟာကဿပကား

http://www.cherrythitsar.org



သူဆင်းရဲများကို ချီးမြှောက်ရန်အလို့ငှာ နိရောဓ သမာပတ်ကိုဝင်စား၍ နိရောဓ သမာပတ်မှ ထကာ ဆွမ်းခံကြွခြင်း ဖြစ်၏။ နတ်သမီးများကဲ့သို့ ချမ်းသာပြီး သူများကို ချီးမြှောက်ရန် ဆွမ်းခံကြွခြင်းမဟုတ်။ ထို့ကြောင့် ရှင်မဟာကဿပက နတ်သမီးများကို တားမြစ်၏။ နတ်သမီးများက လည်း ဖွဲ့ကောင်း၏။ အလှူခံပါရန် အတင်းအဓမ္မ လျှောက်ထားကြ၏။ ရှင်မဟာကဿပကလည်း အလှူမခံဘဲ မလှူရန်တားမြစ်၏။ လောက၌ မဟုတ်လျှင် မဟုတ်သည့်အတိုင်း ပြောဆို တားမြစ်ရန်မှာ တကယ်တမ်း တရားကိုစောင့်သူများ၏ တာဝန်ဖြစ်၏။ မဟုတ် မှန်မှန်းသိပါလျက် အကြောင်းကြောင်းတို့ကြောင့် မဟုတ်သည့်အတိုင်း ထုတ်ဖော် ပြောဆိုပြီး မတားမြစ်ခြင်းသည် တရားကို စောင့်သောသူများ၏ ကျင့်ဝတ်မဟုတ်။ ရှင်မဟာကဿပသည် သူ့အတွက် အသက်ရှင်သူမဟုတ်။ လောကအတွက် အသက်ရှင်သူ ဖြစ်၏။ ဓမ္မအတွက် အသက်ရှင်သူဖြစ်၏။ သာသနာတော်အတွက် အသက်ရှင်သူ ဖြစ်၏။ အမှန်အားဖြင့် လောကအတွက် ဆိုလျှင်လည်းဆို၊ ဓမ္မအတွက် ဆိုလျှင်လည်းဆို၊ သာသနာအတွက် ဆိုလျှင်လည်းဆို ထိုအဆို အားလုံးသည် ဝေါဟာရအားဖြင့် ကွဲပြားစေကာမူ အနက်အားဖြင့် အတူတူပင် ဖြစ်၏။ လောကအတွက် ဟူသည်လည်း ဓမ္မအတွက်ပင် ဖြစ်၏။ ဓမ္မအတွက် ဟူသည်လည်း သာသနာအတွက်ပင် ဖြစ်၏။

သို့ဖြစ်လေရာ လောကအတွက် နစ်နာမည်ဆိုလျှင် ဖြစ်စေ၊ ဓမ္မအတွက် နစ်နာမည်ဆိုလျှင်ဖြစ်စေ၊ သာသနာအတွက် နစ်နာမည်ဆိုလျှင်ဖြစ်စေ ရှင်မဟာကဿပအတွက် နစ်နာရာရောက်၏။ ရှင်မဟာကဿပသည် မိမိအတွက်နစ်နာ လာပါက ထိုကဲ့သို့ နစ်နာခြင်းအတွက် ကြောင့်ကြမဲ့မနေနိုင်ဘဲ လှုပ်ရှားရ၏။ ထို့ကြောင့် နတ်သမီး ငါးရာတို့၏ ဆွမ်းကို အလှူမခံခြင်းဖြစ်၏။ နိရောဓ သမာပတ်မှထ၍ ရာဇဂြိုဟ်မြို့သို့ ရှင်မဟာကဿပဆွမ်းခံဝင်ခြင်းသည် ဆင်းရဲသူ ဆင်းရဲသားများကို ချီးမြှောက်ရန်ဖြစ်၏။ ရှင်မဟာကဿပသည် သူ၏ ရည်ရွယ်ချက်ကို အပျက်မခံနိုင်။ အကယ်၍ နတ်သမီးငါးရာတို့၏ ဆွမ်းကို အလှူခံလိုက်မည်ဆိုပါက နိရောဓသမာပတ်ကို ဝင်စားခြင်း၏ အာနိသင်သည် ပျက်ပြယ်သွားပေလိမ့်မည်။ ထို့ကြောင့် ရှင်မဟာကဿပကတားမြစ်ခြင်းဖြစ်၏။ ရှင်မဟာကဿပက တားမြစ်နေသည့် ကြားမှပင် နတ်သမီးငါးရာတို့ကလည်း အတင်းအဓမ္မဆွမ်းကို လောင်းလှူရန်အားထုတ်ကြ၏။ နောက်ဆုံး မတတ်သာသည့် အခါကျမှ ရှင်မဟာကဿပသည် အကြမ်းနည်းကို သုံးရတော့၏။ ကောင်းမှုအရာ၌ပင်ဖြစ်စေကာမူ "မဟုတ်" သည်ကို တားမြစ်နိုင်ရေးအတွက် အကြမ်းနည်းကို သုံးသင့်က သုံးရသည်။ ထိုအခါကျမှ နတ်သမီးငါးရာတို့သည် နတ်ပြည်သို့

http://www.cherrythitsar.org



ထွက်ပြေးသွားကြ၏။ တကယ်ဆိုတော့လည်း အမှန်တရားဟူသည် နေရာတိုင်း၌ လိုပါ၏။ ကောင်းမှုပြုရာ၌ပင် လိုပါ၏။

အဓမ္မတဏှာနှင့် သူ့ထံသို့ ရောက်လာကြသော နတ်သမီးငါးရာတို့ကို သိကြားမင်းက မေးယူရ၏။ နတ်သမီးငါးရာတို့ကလည်း နိရောဓသမာပတ်မှ ထ၍ ဆွမ်းခံကြွတော်မူသော ရှင်မဟာကဿပအား ဆွမ်းလောင်းရန် အားထုတ်ရာမှ ဆွမ်းမလောင်းရဘဲ အကြိမ်းအမောင်းခံရပြီး ထွက်ပြေးရပုံများကိုပါ သိကြားမင်းအား လျှောက်ထားကြ၏။ သိကြားမင်းကား စေ့စပ်သူ ဖြစ်၏။ သေသေချာချာ မေး၏။ သိကြားမင်းကလည်း နိရောဓသမာပတ်မှ ထ၍ ဆွမ်းခံကြွတော်မူသော ရှင်မဟာကဿပမထေရ်အား ဆွမ်းလောင်းချင်၏။ ဆွမ်းလောင်းရာတွင် နတ်သမီးငါးရာလို အကြိမ်းအမောင်းမခံလို။ ပိုင်ပိုင်နိုင်နိုင်ဖြင့် လောင်းလှူချင်၏။ ထို့ကြောင့် ရှင်မဟာကဿပ ခွင့်ပြုမည့် လောင်းလှူနည်းကို သိချင်၏။ နတ်သမီးငါးရာကလည်း ဆင်းရဲသူဆင်းရဲသားများကို ချီးမြှောက်ရန် အလို့ငှာ နိရောဓသမာပတ်မှထ၍ ရာဇဂြိုဟ်မြို့သို့ အိမ်စဉ်အတိုင်း ဆွမ်းခံကြွခြင်းဖြစ်ကြောင်း ပြောကြားပြီး မိမိတို့ကို ရှင်မဟာကဿပက နှင်ထုတ်လိုက်ပါသည်ဟု နတ်သမီးငါးရာတို့က သိကြားမင်းကို ပြောကြား၏။ ထိုအခါ သိကြားမင်းသည် အကြံရလေပြီ။

သိကြားမင်းသည် သုဇာတာကို ခေါ်၏။ မိမိကိုယ်တိုင်ကမူ အိုမင်းကြီးရင့် လေပြီးသော ကျိုးသောသွားရှိသော ဖွေးဖွေးဖြူသော ဆံရှိသော၊ နံရိုးကျဲတဲ တုန်လဲမတတ် တည့်မတ်အောင် မရပ်နိုင်သော ရက်ကန်းသည် အဘိုးအိုသဏ္ဌာန် ဖန်ဆင်း၏။ သုဇာတာကိုလည်း ထိုကဲ့သို့ပင် အဘွားအိုသဏ္ဌာန် ဖန်ဆင်းစေ၏။ အဘိုးအိုနှင့်အဘွားအို ဇနီးမောင်နှံနှစ်ဦးတို့သည် ရာဇဂြိုဟ်မြို့အပြင်၌ ရက်ကန်းသည်များ ရပ်ကွက်တွင် နေထိုင်ကြ၏။ ရက်ကန်းချည်များကို ဖြန့်နေကြ၏။ ရက်မောက်များကိုလည်း လုံးနေကြ၏။

ရှင်မဟာကဿပသည် ဆွမ်းခံကြွတော်မူလာ၏။ ထိုအခါ သူအို လင်မယားကို မြင်တော်မူ၏။ သူအိုလင်မယားကား ပင်ပန်းလှ၏။ တစ်ယောက်ကား ရက်ကန်းကိုဖြန့်၏။ အခြားတစ်ယောက်ကား ရက်မောက်ကို လုံး၏။ အိုမင်းမစွမ်းရှိကာမှ အကူအပံ့မရှိဘဲ မိမိတို့ဘာသာ မိမိတို့ အသက်မွေးမြူမှုကို ပြုရ၏။ ဤမြို့၌ ဤသူအိုလင်မယားထက် သာလွန်ပိုမို၍ဆင်းရဲငြိုငြင်သူဟူ၍ မရှိလောက်အောင်ပင်ဖြစ်၏။ မြင်ရသည်နှင့်ပင် ကြင်နာစရာ ဖြစ်၏။ သိကြားမင်းကား တတ်လည်း တတ်နိုင်ပါပေ၏။ ရှင်မဟာကဿပသည်ပင် မျက်စိလည် သွားရ၏။

**ရာပြည့်ဇာတ်တိုက်**

ရှင်မဟာကဿပသည် သူအိုလင်မယားကို ချီးမြှောက်ရန် သူအို လင်မယားတို့၏ အိမ်ရှေ့၌ ဆွမ်းရပ်၏။ ပထမ၌ သူအိုလင်မယားက ရှင်မဟာကဿပကို မျက်စိမှုန်သဖြင့် မမြင်ဟန်ဆောင်၏။ နောက်မှ အသေအချာကြည့်ပြီး ရှင်မဟာကဿပမှန်း သိသည့်အနေဖြင့်မိမိတို့အိမ်၌ မရှိမဲ့ရှိမဲ့ကို လောင်းလှူသည့်အနေဖြင့် လှူရန်သပိတ်ကို အိမ်ထဲသို့ ယူသွား၏။ နတ်လုမောကို သပိတ်ထဲသို့ ထည့်လှူလိုက်၏။ ဆွမ်းအနံ့ကား ရာဇဂြိုဟ်တစ်မြို့လုံးသို့ ပျံ့နှံ့၍ ကြိုင်လှိုင်သွားလေ၏။

အဘိုအိုလင်မယားသည် ဆင်းရဲသလောက် သူတို့လှူသော ဆွမ်းကား အဆင့်မြင့်လှ၏။ ရှင်မဟာကဿပသည် မနေနိုင်တော့၊ ဆင်ခြင်ရတော့၏။ ထိုအခါမှ သိကြားမင်း ဖြစ်မှန်းကိုသိ၏။ လှူပြီးသား ဆွမ်းကို စွန့်ပစ်၍လည်း မဖြစ်တော့။ ဒါနမြောက်သွားပြီ ဖြစ်၏။ သိကြားမင်းကား ပိုင်လှ၏။ ရှင်မဟာကဿပအနေဖြင့် သိကြားမင်းအပေါ် အပြစ်တင်ရုံမှတစ်ပါး အခြားလုပ်စရာလည်းမရှိ။ ပြောစရာလည်းမရှိ။ ဥပါယ်တမျဉ်ဖြင့် လှည့်ဖြားရခြင်းကြောင့် ကောင်းမှု၏ အကျိုးအာနိသင်ကို ရ–မရ သိကြားမင်းက ရှင်မဟာကဿပအား မေးလျှောက်၏။ ရှင်မဟာကဿပကရကြောင်း ဖြေဆိုလိုက်သဖြင့် သိကြားမင်းသည် သူ၏ ကြံရည်ဖန်ရည်အပေါ် များစွာပင် ကျေနပ်သွား၏။ ကိုယ်ကျိုးကိုယ် စီးပွားနှင့်စပ်လျှင် သူတော်ကောင်း ဆိုသူများပင် မိမိတို့၏ ကိုယ်ကျင့်သိက္ခာကို ထိန်းနိုင်မှ ခက်ပါ၏။

ယခုလို သူအိုလင်မယားယောင်ဆောင်ပြီး နိရောဓသမာပတ်မှ ထ၍ ဆွမ်းခံကြွတော်မူသော ရှင်မဟာကဿပအား ဆွမ်းလောင်းလှူခြင်းဖြင့် ဆင်းရဲသူဆင်းရဲသားတို့၏ စည်းစိမ်ဥစ္စာကို လုယူရာ ရောက်ကြောင်း ဖြင့် ရှင်မဟာကဿပက သိကြားမင်းအား ပြောသောအခါ သိကြားမင်းက မိမိလည်း သိကြားမင်းဖြစ်စေကာမူ ဆင်းရဲသားပင် ဖြစ်ပါကြောင်း၊ မိမိသည် သာသနာပ၌ လှူခဲ့ရသော ကောင်းမှုကုသိုလ်ကံကြောင့် သိကြားမင်းဖြစ်ကြောင်း၊ သာသနာတွင်း၌ ပြုခဲ့ရသော ကောင်းမှုကုသိုလ်ကံကြောင့် နတ်သားဖြစ်လာကြသော စူဠရထနတ်သား၊ မဟာရထ နတ်သား၊ အနေကဝဏ္ဏ နတ်သားများသည် သိကြားမင်း ဖြစ်သော မိမိထက်က ကိုယ်ရောင်ကိုယ်ဝါ ထွန်းပကြပါကြောင်း၊ ထို့ကြောင့်တပည့်တော်သည် နတ်သားများထက် ဆင်းရဲပါကြောင်းဖြင့် လျှောက် ထားပြီး တာဝတိံသာနတ်ပြည်သို့ ပြန်သွားလေ၏၊ တာဝတိံသာနတ်ပြည်သို့ ပြန်တက်သွားရင်း–

'ရှင်မဟာကဿပ၌ လှူဒါန်းရသော ကောင်းမှုသည် အံ့ဖွယ်ရှိစွတကား၊ အလွန်အံ့ဖွယ်ရှိစွတကား' ဟု သုံးကြိမ်သုံးခါ ဥဒါန်းကျူးရင့်လေသောအခါ

http://www.cherrythitsar.org



သိကြားမင်း၏ ဥဒါန်းကျူးရင့်သံကို မြတ်စွာဘုရား ကြားတော်မူသဖြင့် အောက်ပါ ဂါထာကို ဟောကြားတော်မူ၏။

- **တောင်ဇလပ်ပန်းနှင့် စန္ဒကူးတို့၏ အနံ့သည် ရှိ၏။ ထိုအနံ့သည် အနည်းငယ်မျှသာ ဖြစ်၏။**
- **သီလရှိသူတို့၏ အနံ့သည်ရှိ၏။ ထိုအနံ့သည်သာ ဥဒ ဘုံ၌ အမြတ်ဆုံး အနေဖြင့် သင်းပျံ့ကြိုင်လှိုင်၏။**

ပန်းသတင်းလေညင်းဆောင်၊ လူ့သတင်းလူချင်းဆောင် ဟူသော ဆိုရိုးစကားပုံရှိ၏။ ပန်းရနံ့ ဟူသည်မှာလည်း မိမိအမွှေးကြောင်း မိမိကိုယ်တိုင်က ပြောဖို့မလို။ လေညင်းကပြောမည်ဖြစ်၏။ မိမိကိုယ်တိုင်က မိမိအမွှေးကြောင်း ပြောပါက ထိုပန်းရနံ့သည် တကယ်တမ်း ပန်းရနံ့မဟုတ်။ သီလရှိသူများ၏ သီလရနံ့ ဟူသည်မှာလည်း မိမိသီလရှိကြောင်း မိမိ ကိုယ်တိုင်က ပြောဖို့မဟုတ်။ အခြားသူများက အဆင့်ဆင့်အနေဖြင့်ပြောဖို့ ဖြစ်၏။ မိမိအကြောင်းကို မိမိက ပြောခြင်းသည် သူယုတ်မာတို့၏ လက္ခဏာဖြစ်သည်ဟု နီတိကျမ်း၌ ဆို၏။ အခြားသူများ အဆင့်ဆင့်တွင် နတ်များလည်းပါ၏။ ဗြဟ္မာများလည်း ပါ၏။ ဥဒ ဘုံသား အားလုံးပါ၏။ ထိုသူတို့ကား မမြင်သာသော စွမ်းအားများ ဖြစ်ကြ၏။ လောက၌ မမြင်သာသော စွမ်းအားများသည် အမှုမဲ့အမှတ်မဲ့နေကြသည် မဟုတ်။ လောကကို အမြဲတမ်း ကြည့်နေကြ၏။ ဓမ္မလှုမ်းမိုးလျှင်လည်း ဓမ္မ လွှမ်းမိုးသည့်အလျောက် ကြည့်နေကြ၏။ ထိုအခါ ဓမ္မဘက်တော်သားများက ဝမ်းမြောက်ကြ၏။ အဓမ္မ လွှမ်းမိုးလျှင်လည်း အဓမ္မလွှမ်းမိုးသည့်အလျောက် ကြည့်နေကြ၏။ ထိုအခါ အဓမ္မဘက်တော်သားများက ဝမ်းမြောက်ကြ၏။ ဓမ္မနှင့် အဓမ္မတွင် အဓမ္မသည်လည်း အောင်တတ်ပါ၏။ အဓမ္မက အောင်သော အခါ ယာယီအောင်ခြင်းမျိုးဖြင့်သာ အောင်၏။ ဓမ္မက အောင်သောအခါမှသာ ထာဝရ အောင်ခြင်းမျိုးဖြင့် အောင်လေ၏။

ထို့ကြောင့် ကျမ်းဂန်များ၌ အဓမ္မကို ပယ်သတ်အပ်သော တရားဟူ၍ လည်းကောင်း၊ ဓမ္မကို ပယ်သတ်တတ်သော တရားဟူ၍လည်းကောင်း ဆိုခြင်း ဖြစ်ပါ၏။

ဓမ္မတွင် သီလသည် ပဓာနဖြစ်၏။ သီလရနံ့ သင်းပျံ့ခြင်းသည် ဓမ္မရနံ့ သင်းပျံ့ခြင်းဖြစ်၏။ အဓမ္မတွင်လည်း သီလမရှိခြင်းသည် ပဓာနဖြစ်၏။ သီလမရှိသူကို ဥဒ ဘုံက သိနေသလို သီလရှိသူကိုလည်း ဥဒ ဘုံက သိ၏။ နတ်တို့၏ မျက်စိနှင့် နတ်တို့၏ နားသည် အရာရာတိုင်းကို မြင်နိုင်၏။ ကြား လည်းကြားနိုင်၏။ သူတို့သည် လောက၏ အခြေအနေကို အမြဲတမ်း ကြည့်နေ

http://www.cherrythitsar.org



ကြ၏။ အမှုမဲ့အမှတ်မဲ့ နေကြသည်မဟုတ်။ သူတို့သည် ဓမ္မနှင့် အဓမ္မ စစ်ပွဲ၌ ကိုယ်တိုင်ကိုယ်ကျ မပါဝင် ကြသော်လည်း ပါဝင်သူများဘက်မှ သက်ဆိုင်သလို ပံ့ပိုးကြလေ၏။ အမှန်အားဖြင့် ဓမ္မနှင့်အဓမ္မစစ်ပွဲကား ခဏမလပ် တိုက်နေကြပါ၏။ ဓမ္မဘက်ကနိုင်လျှင် လောကသည်သာယာမည်။ အဓမ္မဘက်က နိုင်လျှင် လောကသည် ဆူပွက်မည်။

ပန်းရနံ့သည် လေအောက်သို့သာ သွားနိုင်၏။ သီလရှိသူများ၏ သီလရနံ့သည်လည်းကောင်း၊ သီလမရှိသူများ၏ ယုတ်ညံ့သော အနံ့သည်လည်းကောင်း၊ ဥဒ ဘုံတိုင်အောင် သွားနိုင်၏။ သီလရနံ့သည် ဥဒဘုံ၌ မြင့်မြတ်သော အနေဖြင့် လှိုင်ပါ၏။ သီလမရှိသူတို့၏ ယုတ်ညံ့သော အနံ့သည် ဥဒ ဘုံ၌ စက်ဆုပ်ဖွယ်အနေဖြင့်လှိုင်ပါ၏။ ထို့ကြောင့် ဥဒ ဘုံကို သီလရနံ့ဖြင့် မွှေးကြိုင်ပျံ့သင်းနိုင်ပါစေသောငှာ ဓမ္မ၏အခြေခံဖြစ်သော သီလကို လုံခြုံအောင် ထိန်းသိမ်းအပ်ပါ၏။

ဤဓမ္မဒေသနာကို နာကြားရသောအခါ မိမိတို့၏ ပါရမီအလျောက် သစ္စာလေးပါးကို ထိုးထွင်း၍သိသူများက သစ္စာလေးပါးကို သိကြ၏။ ဓမ္မသဝန ကုသိုလ်ရသူများက ဓမ္မသဝနကုသိုလ်ကို ရကြလေ၏။

# ဂေါဓိကမထေရ်

ထိုစဉ်က မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူ၏။ မြတ်စွာဘုရား၏ တပည့်သာဝကတို့တွင် ဂေါဓိကသည် တစ်ပါးအပါအဝင်ဖြစ်၏။ ဂေါဓိကသည် မြတ်စွာဘုရား၏ သာသနာတော်၌ သက်ဝင်ယုံကြည်သဖြင့် အိမ်ရာထောင်သော လူ့ဘောင်မှ အိမ်ရာမထောင် ရဟန်းဘောင်သို့ ဝင်ရောက်ခဲ့၏။

နိဗ္ဗာန်ချမ်းသာကို ရှာရာတွင် လူသားတို့၏ရှာနည်းလည်းရှိ၏။ လူသားတို့ကား ပေါ့ပေါ့တန်တန် စားကာသောက်ကာဖြင့် နိဗ္ဗာန်ချမ်းသာကို ရှာ၏။ ထိုရှာနည်းကို ကာမသုခလ္လိကာနုယောဂ ရှာနည်းဟူ၍ မြတ်စွာဘုရားက ဟောကြားတော်မူ၏။ ကာမသုခလ္လိကာနုယောဂ ရှာနည်းကား အန္တပဋိပဒါ ရှာနည်းမည်၏။ အန္တပဋိပဒါ ရှာနည်းဟူသည်မှာအစွန်းရောက်ရှာနည်း ဖြစ်၏။ နောက်ရှာနည်း တစ်မျိုး ရှိသေး၏။ နောက် ရှာနည်းတစ်မျိုးကား တိတ္ထိတို့၏ ရှာနည်းဖြစ်၏။ တိတ္ထိတို့ကား မိမိတို့၏ ခန္ဓာကိုယ်ကို ပင်ပန်းညှဉ်းဆဲကာ

http://www.cherrythitsar.org



နိဗ္ဗာန်ချမ်းသာကို ရှာ၏။ ထိုရှာနည်းကို အပ္ပကိလမထာနုယောဂ ရှာနည်းဟူ၍ မြတ်စွာဘုရားက ဟောကြားတော်မူ၏။ အပ္ပကိလမထာနုယောဂ ရှာနည်းကား အန္တပဋိပဒါရှာနည်း မည်၏။ အန္တပဋိပဒါရှာနည်း ဟူသည်မှာ အစွန်းရောက် ရှာနည်း ဖြစ်၏။ နောက်ရှာနည်း တစ်မျိုးရှိသေး၏၊ နောက်ရှာနည်းတစ်မျိုးကား ရဟန်းတို့၏ ရှာနည်းဖြစ်၏။ ရဟန်းတို့ ရှာနည်းကို မဇ္ဈိမပဋိပဒါ ရှာနည်း ဟူ၍ မြတ်စွာဘုရားက ဟောကြားတော်မူ၏။ မဇ္ဈိမပဋိပဒါ ရှာနည်း ဟူသည်မှာ အယုတ်အလွန်မရှိ ရှာနည်းပင် ဖြစ်၏။

သစ်ပင်တစ်ပင်ရှိ သစ်သီးများကို ခူးရာတွင် ရှေးဦးစွာ လှေကားကို ထောင်ရ၏။ လှေကားပေါ် တက်ပြီးနောက် ခူးရမည့်အသီးကို ညွှန်ပြနိုင်းရ၏။ နောက် ခူးရ၏။ နောက် မှည့်သည်မမှည့်သည်ကို မြင်နိုင်ရန် ဟိုဘက်ဒီဘက် လှည့်ကြည့်ရ၏။ နောက်မှည့်မမှည့်ကို ဆုံးဖြတ်ရ၏။ ဤသည်မှာ မဇ္ဈိမပဋိပဒါ၏ လုပ်ငန်းစဉ်ဖြစ်၏။ လှေကားထောင်ခြင်းကို သီလသိက္ခာ ဖြည့်ကျင့်ခြင်းနှင့် နှိုင်းယှဉ်၏။ လှေကား မထောင်ဘဲနှင့် သစ်သီးကို ခူး၍ မရသလို သီလမရှိဘဲနှင့် နိဗ္ဗာန် ချမ်းသာကို ရှာ၍မရကောင်းချေ။ ထို့ကြောင့် သီလသည် နိဗ္ဗာန်ချမ်းသာကို ရှာရာ၌ လှေကားနှင့်တူသည်ဟု ဆိုရ၏။ သီလသိက္ခာ ဖြည့်ကျင့်ပြီးနောက် သမာဓိသိက္ခာကို ဖြင့်ကျင့်ဖို့လို၏။ သမာဓိသိက္ခာတွင် သတိ၊ သမာဓိ၊ ဝီရိယ ဟူ၍ မေ့လုံးအုပ်ပါဝင်၏။ ထိုသုံးခုတွင် ဝီရိယသည် လှေကားကို တက်သူနှင့်တူ၏။ သတိကား ခူးရမည့်အသီးကို ညွှန်ပြခြင်းနှင့်တူ၏။ သမာဓိကား ခူးခြင်းနှင့်တူ၏။ အမှန်အားဖြင့် သစ်သီးကို ခူးရာတွင် ခူးသူလည်းရှိမှဖြစ်၏။ ခူးတတ်အောင် ခူးရမည့် သစ်သီးကို ညွှန်ပြခြင်းလည်း ရှိမှဖြစ်၏။ ခူးလည်းခူးမှ လိုအပ်သော သစ်သီးကို ရမည်ဖြစ်၏။ သမာဓိကို ဖြည့်ကျင့်ပြီး နောင်ပညာ သိက္ခာကို ဖြည့်ကျင့်ဖို့ လို၏။ ပညာသိက္ခာတွင် သမ္မာသင်္ကပ္ပနှင့် သမ္မာဒိဋ္ဌိတို့ နှစ်ပါး ပါဝင်၏။ သမ္မာသင်္ကပ္ပဟူသည် သစ်သီးမှည့်သည် မမှည့်သည်ကို မြင်နိုင်စေရန် ဟိုဘက်ဒီဘက်လှည့်ပြခြင်းနှင့် တူ၏။ သမ္မာဒိဋ္ဌိဟူသည်ကား သမ္မာသင်္ကပ္ပက ဟိုဘက်ဒီဘက် လှည့်ပြသည်ကို ကြည့်ရှုပြီး မှည့်မမှည့် ဆုံးဖြတ်ခြင်းနှင့်တူ၏။

ဤသည်မှာ သိက္ခာသုံးပါး၏ လုပ်ငန်းစဉ် ဖြစ်၏။

သိက္ခာသုံးပါးကို မဂ္ဂင်ရှစ်ပါးဟူ၍ဆိုရ၏။ မဂ္ဂင်ရှစ်ပါးတွင် သီလမဂ္ဂင် သုံးပါး၊ သမာဓိမဂ္ဂင် သုံးပါးနှင့် ပညာမဂ္ဂင် နှစ်ပါးတို့ ပါဝင်၏။ မဂ္ဂင်ရှစ်ပါး ပါဝင်သောကျင့်စဉ်ကို မဇ္ဈိမပဋိပဒါ ဟူ၍ဆိုရ၏။ မဇ္ဈိမပဋိပဒါသည် ရဟန်းတို့၏ နိဗ္ဗာန်ချမ်းသာကိုရှာနည်း ဖြစ်၏။

သီလမဂ္ဂင်ကို ထူထောင်ရာတွင် ဂေါမိကမထေရ်အတွက် သီလလေးပါး

http://www.cherrythitsar.org



လုံခြုံဖို့ အရေးကြီး၏။ သီလလေးပါးကို စတုပါရိသုဒ္ဓိသီလ ဟူ၍ဆိုရ၏။ သီလလေးပါးတွင် ဣန္ဒြိယသံဝရသီလကိုလည်း ဂေါဓိကမထေရ်သည် လုံခြုံအောင် စောင့်ထိန်း၏။ ဣန္ဒြိယသံဝရသီလဟူသည်မှာ မိမိ၏ဣန္ဒြေကို စောင့်ထိန်းသော သီလဖြစ်၏။ မြင်လျှင်မြင်သော အာရုံ၌ ပုဂ္ဂိုလ်သတ္တဝါ ယောကျ်ား မိန်းမ အရာဝတ္ထုဟူ၍ မသုံးသပ်။ မြင်လျှင် မြင်ကာမျှသာ အဆုံးသတ်၏။ ပုဂ္ဂိုလ်အဖြစ်လည်း မမြင်။ သတ္တဝါအဖြစ်လည်းမမြင်။ မိန်းမအဖြစ်လည်း မမြင်။ မိန်းမ အဖြစ်လည်း မမြင်။ အရာဝတ္ထုအဖြစ်ညီး မမြင်၊ ပုဂ္ဂိုလ်သတ္တဝါ ယောကျ်ား မိန်းမ အရာဝတ္ထုအဖြစ်မြင်နေလျှင် ကြိုက်နှင့်မကြိုက်သည် ပေါ်လာမည်ဖြစ်၏။ ကြိုက်နှင့် မကြိုက်ကား ကိလေသာဖြစ်ချေ၏။ ထို့အတူ ကြားလျှင်လည်း ကြားသော အာရုံ၌၊ နံလျှင်လည်း နံသော အာရုံ၌ လျက်လျှင်လည်း လျက်သော အာရုံ၌၊ ထိတွေ့လျှင်လည်း ထိတွေ့သော အာရုံ၌၊ သိလျှင်လည်း သိသောအာရုံ၌၊ ပုဂ္ဂိုလ်သတ္တဝါ ယောကျ်ား မိန်းမအရာဝတ္ထုအဖြစ် မသိ။ ရုပ်နာမ်မျှ သင်္ခါရအဖြစ်သာသိလေ၏။ ရုပ်နာမ်မျှ သင်္ခါရအဖြစ် သိလေသော ကြောင့် ကြိုက်ခြင်းလည်းမဖြစ်။ မကြိုက်ခြင်းလည်း မဖြစ်။ ကြိုက်ခြင်းနှင့် မကြိုက်ခြင်းတို့ မဖြစ်ခြင်းသည်ပင် ကိလေသာမဖြစ်ခြင်း မည်၏။ ကိလေသာ မဖြစ်သော်လျှင် ရုပ်နာမ်ကို ရုပ်နာမ် အပြစ်သာ သိသော ယထာဘူတဉာဏ်သည် ဖြစ်လေ၏ ယထာဘူတဉာဏ် ဟူသည်ကား ကုသိုလ်တရားတည်း။

ဣန္ဒြိယ သံဝရသီလကို စောင့်ထိန်းရာ၌ ဆိုင်ရာဆိုင်ရာ အာရုံများကို မမြင်အောင်၊ မကြားအောင် စောင့်ထိန်းခြင်းသည်ကောင်း၏။ သို့ရာတွင် အာရုံများ၏ အလယ်၌ ရှိနေရသဖြင့် မမြင်အောင်၊ မကြားအောင် မစောင့်ထိန်းနိုင်ပါက ထိုထို အာရုံတို့၌ ပုဂ္ဂိုလ်သတ္တဝါ အရာဝတ္ထုအဖြစ်သို့ မရောက်ရလေအောင် မြင်လျှင် မြင်ကာမျှ၊ ကြားလျှင်ကြားကာမျှ အဆင့်၌သာ အဆုံးသတ်နိုင်အောင် အားထုတ်ရမည် ဖြစ်၏။ အမှန်အားဖြင့် မိမိသိသော အာရုံသည် "ဘာရယ်" လို့ မသိခြင်းနှင့် အဆုံးသတ်ရမည်ဖြစ်၏။ "ဘာရယ်" လို့ သိလိုက်သည်နှင့် တစ်ပြိုင်နက် ကြိုက်ခြင်းနှင့်မကြိုက်ခြင်းသည် ဖြစ်ပေါ်လာပေလိမ့်မည်။ ကြိုက်ခြင်းနှင့်မကြိုက်ခြင်းကား ကိလေသာများဖြစ်ကြ၏။ ဂေါဓိကမထေရ်သည် ဣန္ဒြိယ သံဝရသီလကို စောင့်ထိန်းရာ၌ အတော်ပင် သတိထား၏။ သတိထားခြင်းဟူသည် မေ့လျော့ခြင်း အပ္ပမာဒတရားပင် မဟုတ်ပါလား။

ဂေါဓိကမထေရ်သည် ဣန္ဒြိယသံဝရ သီလကို အားစိုက်ခွန်စိုက် စောင့်ထိန်း၏။ သီလသည် မဂ္ဂင်ရှစ်ပါးတွင် ဆုတ်မြစ်ဖြစ်၏။ လှေကားလည်းဖြစ်၏။ ဣန္ဒြိယသံဝရသီလကိုသာမက ပါတိမောက္ခသံဝရသီလကိုလည်း အသက်နှင့်

http://www.cherrythitsar.org



ထပ်တူပင် စောင့်ထိန်း၏။ ပါတိမောက္ခသံဝရသီလ ဟူသည်မှာ ၂၂၇ သွယ်သော သိက္ခာပုဒ်များ ဖြစ်၏။ ထိုသိက္ခာပုဒ်များကို ကျူးလွန်ခြင်းသည် သီလသိက္ခာ ဖောက်ဖျက်ခြင်းပင် ဖြစ်၏။ သီလသိက္ခာကို ဖောက်ဖျက်ပါက မဂ်ဖိုလ်နိဗ္ဗာန် ရရေးဟူသော အကျင့်မြတ်ကို မည်သို့လျှင် ကျင့်သုံးရာရောက်ပါတော့မည်နည်း။ ထို့ကြောင့် ဂေါဓိကမထေရ်သည် ၂၂၇ သွယ်သော ပါတိမောက်လာ သိက္ခာပုဒ်တော်များကို ထိန်းသိမ်းစောင့်ရှောက်ပါ၏။

နောက် တတိယမြောက် သီလရှိသေး၏။ ယင်းသီလကို ပစ္စယသန္နိဿိတ သီလဟူ၍ ခေါ်၏။ ရဟန်းတစ်ပါးအနေဖြင့် မိမိရရှိသော ပစ္စည်းဝတ္ထုများ သုံးစွဲရာ၌ အမှုမဲ့အမှတ်မဲ့ သုံးစွဲရသည်မဟုတ်။ ရဟန်းတစ်ပါးအတွက် ပစ္စည်းလေးပါးသည် ပန်းတိုင်မဟုတ်၊ လမ်းစဉ်သာ ဖြစ်၏။ လမ်းစဉ်ဆိုရာ၌ သံသရာတစ်ဖက်ကမ်းသို့ ကူးဖို့ရာ တံတားသို့မဟုတ် ဖောင်ဟူ၍ ဆိုပါက ပို၍ အနက်အဓိပ္ပာယ် ပေါ်လွင်ပေလိမ့်မည်။ ထို့ကြောင့် တံတားသို့မဟုတ် ဖောင်၌ တွယ်တာခြင်း မရှိရသလိုပင် ပစ္စည်းလေးပါး၌ တွယ်တာခြင်း မရှိရပေ။ တံတားသို့မဟုတ် ဖောင်မရှိလျှင် တစ်ဖက်ကမ်းသို့ကူး၍ မရကောင်းသလို ပစ္စည်းလေးပါး မရှိကလည်း မဂ်ဖိုလ်နိဗ္ဗာန်ရရေးဟူသော အကျင့်မြတ်ကို ကျင့်သုံးခြင်းငှာ မဖြစ်ကောင်း။ ထို့ကြောင့် ရဟန်းအတွက် ပစ္စည်းလေးပါးသည် အရေး ကြီး၏။ ပစ္စည်းလေးပါးသည် ရဟန်းအတွက် အရေးကြီးသည် မှန်သော်လည်း ပစ္စည်းလေးပါးကို သုံးစွဲခြင်းက ရဟန်းအတွက် ပို၍အရေးကြီး၏။ ရဟန်းတစ်ပါးအနေဖြင့် ပစ္စည်းလေးပါးကို သုံးစွဲသောအခါ ပစ္စည်းလေးပါး၌ တွယ်တာမက်မောမှုမရှိဘဲ တံတားအဖြစ်၊ ဖောင်အဖြစ် သဘောသဖွယ်သာ "ကိစ္စပြီးလျှင်ပြီးရော" အနေဖြင့် သဘောထားရ၏။ ဤသို့လည်း ဂေါဓိက မထေရ်သည် ပစ္စည်းလေးပါး၌ ဆင်ခြင်၍ အသုံးပြုနိုင်၏။ ပစ္စည်းလေးပါးကို ဆင်ခြင်၍ သုံးနိုင်ခြင်းသည်လည်း အရေးကြီးသော သီလသိက္ခာကို ဖြည့်ကျင့်ခြင်းပင် ဖြစ်၏၊

ဂေါဓိကမထေရ်သည် စတုတ္ထသီလကိုလည်း လုံခြုံအောင် ကျင့်ပါ၏။ စတုတ္ထမြောက် သီလကား အာဇီဝပါရိသုဒ္ဓိသီလပင်ဖြစ်၏။ အာဇီဝပါရိသုဒ္ဓိသီလ ဟူသည်မှာ ရဟန်းတစ်ပါးအနေဖြင့် အသက် မွေးမြူမှု စင်ကြယ်ခြင်း ဖြစ်၏။ ရဟန်းတစ်ပါးအနေဖြင့် လူတို့နှင့် ဆက်ဆံရာတွင် ခင်မင်လာအောင် မလုပ်ကောင်း၊ အထင်ကြီးလာအောင်လည်း မလုပ်ကောင်း။ ခင်မင်အောင်ဖြစ်စေ၊ အထင်ကြီးအောင်ဖြစ်စေ လုပ်သဖြင့်ရသော ပစ္စည်းလေးပါးသည် ရဟန်းတို့အား မအပ်။ ထို့ကြောင့် ဂေါဓိကမထေရ်သည် အသက်မွေးမြူမှုနှင့် စပ်၍လည်း

http://www.cherrythitsar.org



အာဇီဝပါရသုဒ္ဓိသီလကို အသက်တစ်မျှဓောင့်ရှောက်၏။ အမှန်အားဖြင့် ဂေါဓိကမထေရ်သည် စတုပါရိသုဒ္ဓိသီလတည်းဟူသော သီလလေးပါးလုံးကို လုံခြုံအောင် စောင့်ရှောက်ရာ၌ အသက်နှင့်ထပ်တူပင်ဖြစ်၏။ သီလလုံခြုံမှ သမာဓိနှင့် ပညာတို့ရောက်အောင် တက်လှမ်းနိုင်မည် မဟုတ်ပါလား။

သမာဓိကို ထူထောင်ရာ၌ ပထမအဆင့်မှာ "ခိတ္တ"အဆင့်ဖြစ်၏။ "ခိတ္တ" အဆင့်ဟူသည်မှာ အာရုံကို မိမိရရ ဖမ်းနိုင်ခြင်း ဖြစ်၏။ ထို့နောက် "မုဋ္ဌ"အဆင့်ဖြစ်၏။ "မုဋ္ဌ"အဆင့်မှာ အာရုံကို ပြတ်ပြတ်သားသား မမြင်ခြင်း ဖြစ်၏။ ထို့နောက် "ဝိခိတ္တ" အဆင့်ဖြစ်၏။ "ဝိခိတ္တ" အဆင့်မှာ အာရုံကို တစ်မျိုးတည်း မဟုတ်ဘဲ ဟိုအာရုံ ရောက်လိုက်၊ ဒီအာရုံရောက်လိုက် ဖြစ်နေခြင်း ပင်ဖြစ်၏။ ထို့နောက်မှ ဧကဂ္ဂတာအဆင့်သို့ရောက်တော့၏။ ဂေါဓိကမထေရ်သည် ဧကဂ္ဂတာအဆင့်သို့ ရောက်ပေပြီ။ ဧကဂ္ဂတာ အဆင့်သို့ရောက်လျှင် အာရုံ၌ စိတ်ကို ကောင်းစွာထား၍ ရ၏။ ပထမ၌ ဥဂ္ဂဟနိမိတ် ထင်လာ၏။ ထို့နောက် ပဋိဘာဂနိမိတ် ထင်လာ၏။

ဂေါဓိကမထေရ်သည် တစ်ပါးတည်း ရာဇဂြိုဟ်ပြည် ဣသိဂိလိ တောင်နံရံ၌ သီတင်းသုံးနေ၏။ ကမ္မဋ္ဌာန်းကို အားထုတ်၏။ သီလလေးပါး လုံခြုံသဖြင့် သီလဝိသုဒ္ဓိအဆင့်ကိုရ၏။ နောက် သမာဓိကို ဆက်၍ ပွားများအားထုတ်လေရာ စိတ္တဝိသုဒ္ဓိ အဆင့်ကိုရ၏။ စိတ္တဝိသုဒ္ဓိ အဆင့်ကိုရလျှင် သမာဓိအားကောင်း၏။ ကမ္မဋ္ဌာန်းနိမိတ်သည်လည်း ပဋိဘာဂနိမိတ် အဆင့်သို့ရောက်၏။ ဂေါဓိကမထေရ်သည် ဆက်၍ ဆက်၍ အားထုတ်၏။ နောက်ဆုံး၌ ဈာန်ကို ရလေ၏။ ဈာန်ရသော်လည်း ကျန်းမာရေးချို့တဲ့မှုကြောင့် ဈာန်မှလျှောကျလေ၏။ ဂေါဓိကမထေရ်ကား သာသနာတော်၌ တကယ်ပင် မွေ့လျော်သူ ဖြစ်၏။ ထို့ကြောင့် မကျန်းမာသည့်ကြားမှာပင် ဈာန်ကို အားထုတ်၏။ နဂိုက ရဖူးသည့်အတိုင်း အားထုတ်စဉ်များကို မှန်မှန်ကန်ကန် အားထုတ်လေရာ ဈာန်ကိုရပြန်၏။ ထို့နောက် အနာရောဂါ နှိပ်စက်မှုကြောင့် ဈာန်မှ လျှောကျ၏။ တနည်းအားဖြင့် ခြောက်ကြိမ်တိုင်တိုင် ဈာန်လျှောကျ၏။ ခုနစ်ကြိမ်မြောက်၌ ဂေါဓိကမထေရ်က ဈာန်ကိုရလျှင် မိမိကိုယ်ကို သတ်သေတော့အံ့ဟု ကြံ၏။ အကယ်၍ ဈာန်မရဘဲ သေလွန်လျှင် မကောင်းသော ဂတိသို့ရောက်နိုင်၏။ ဈာန်တန်းလန်းနှင့် သေလွန်မှ ကောင်းသော ဂတိသို့ ရောက်မည်ဖြစ်၏။ ထို့ကြောင့် သတ္တမအကြိမ် ဈာန်ကို ရလျှင် မိမိကိုယ်ကို သတ်၍ သေတော့မည်ဟု ကြံစည်၏။

ဂေါဓိကမထေရ်သည် မိမိကိုယ်ကို မိမိသတ်၍ သေလျှင် နောက်ဆုံး၌ ဝိပဿနာရှု၍ အရဟတ္တဖိုလ်သို့ မလွဲမသွေ ရောက်ပေတော့မည်။ အရဟတ္တ

http://www.cherrythitsar.org



ဖိုလ်သို့ရောက်လျှင် မာရ်နတ်မင်းနိုင်ငံမှ လွတ်မြောက်ပေတော့မည်။ ဤသည်ကို မာရ်နတ်က ခွင့်မလွှတ်နိုင်။ ထို့ကြောင့် ဂေါဓိကမထေရ်သည် မိမိကိုယ်ကိုမိမိ မသတ်ဖြစ်ရလေအောင် မာရ်နတ်က တားမြစ်ချင်၏။ မာရ်နတ်အနေဖြင့် တား လျှင်ကား ဂေါဓိကမထေရ်က လိုက်နာမည်မဟုတ်။ မြတ်စွာဘုရားအနေဖြင့် တားပါမှသာ ဂေါဓိကမထေရ်သည် လိုက်နာပေလိမ့်မည်။ ဤသို့ ကြံစည်ပြီး မာရ်နတ်က မြတ်စွာဘုရားအား ဤသို့ လျှောက်ထား၏။

'ကြီးသော လုံ့လရှိတော်မူသော၊ ကြီးသော ဘုန်းကျက်သရေ ရှိတော် မူသော တန်ခိုးတော်အားဖြင့်လည်းကောင်း၊ အခြံအရံအားဖြင့် လည်းကောင်း ထွန်းပတော်မူသော၊ အလုံးစုံသော ဘေးရန်တို့ကို လွန်မြောက်တော်မူပြီးသော၊ မျက်စိအမြင်ရှိတော်မူသော မြတ်စွာဘုရား၊ အရှင်ဘုရား၏ ခြေတော်အစုံတို့ကို တပည့်တော်မာရ်နတ်သည် ရှိခိုးပါ၏။ ကြီးမြတ်သော လုံ့လရှိတော်မူသော မြတ်စွာဘုရား၊ အရှင်ဘုရား၏တပည့်သားဖြစ်သောအရှင်ဂေါဓိကသည် ရောဂါ က နှိပ်စက်ထားသည်ဖြစ်၍ သေခြင်းကို တောင့်တနေပါ၏။ သေဖို့ရန်အားထုတ် နေပါ၏။ ပြိုးပြိုးပြက်သောအရောင်ကို ဆောင်တော်မူသော မြတ်စွာဘုရား၊ အရှင်ဘုရားသည် သေခြင်း၌ တောင့်တနေသော အရှင်ဂေါဓိကကို တားမြစ်တော် မူပါလော့။

'သဗ္ဗာဝါအပေါင်း၌ ထင်ရှားတော်မူသော ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၊ ရှင်ဘုရား၏ သာသနာတော်၌ မွေ့လျော် သော အရှင်ဂေါဓိကသည် သေက္ခအဆင့်သာ ရှိပါသေးလျက် အရဟတ္တဖိုလ်သို့ မရောက်သေးပါဘဲ သေခြင်းကို အားထုတ်ခြင်းသည် အဘယ်သို့လျှင် သင့်လျော် နိုင်ပါမည်နည်း'

မာရ်နတ်သားက ဂေါဓိကမထေရ်နှင့်ပတ်သက်၍ လျှောက်ထားစဉ်မှာပင် ဂေါဓိကမထေရ်သည် ဓားလက်နက်ဖြင့် မိမိကိုယ်ကို အဆုံးစီရင်လိုက်၏။ ဖြစ်ပေါ်လာသော ဝေဒနာကိုရှုမှတ်၏။ ရှုမှတ်ရာ၌ အားကြိုးမာန်တက် ရှုမှတ်၏။ နောက်ဆုံး၌ အရဟတ္တဖိုလ်ကို မျက်မှောက်ပြု၏။ အဟတ္တဖိုလ်ကို မျက်မှောက် ပြုပြီးမှ ပရိနိဗ္ဗာန် ပြုလေ၏။

ထိုအခါ မြတ်စွာဘုရားက မာရ်နတ်အား–

'မာရ်နတ်၊ ပညာရှိတို့သည် ဤသို့ ပြုကြကုန်၏။ အသက်ရှည်ခြင်းကို မတောင့်တကြ။ ဂေါဓိကမထေရ်သည် တဏှာကို အမြစ်နှင့်တကွ ပယ်နုတ်၍ ပရိနိဗ္ဗာန်ပြုလေပြီ။'

ဟု မိန့်ကြားတော်မူ၏။ မြတ်စွာဘုရားသည် များစွာသော ရဟန်းတို့နှင့်

http://www.cherrythitsar.org



တကွ ဂေါဓိကမထေရ် သိတင်းသုံးရာနေရာသို့ ကြွရောက်တော်မူ၏။ ဂေါဓိက မထေရ် အလောင်းကိုလည်း သဂြိုဟ်၏။

ထို့နောက် မာရ်နတ်က မြတ်စွာဘုရားအား –

'ကျွန်ုပ်သည် ဂေါဓိကမထေရ်၏ ဝိညာဉ်ကို အထက်၌လည်း ရှာခဲ့ပါ၏။ အောက်၌လည်း ရှာခဲ့ပါ၏။ ကူရှု၌လည်းရှာခဲ့ပါ၏။ ထောင့်အရပ်၌လည်း ရှာခဲ့ပါ၏။ ဂေါဓိက မထေရ်၏ ဝိညာဉ်ကို မတွေ့ခဲ့ပါ။ ဂေါဓိက မထေရ်သည် မည်သည့်အရပ်၌ဖြစ်ပါလေသနည်း' ဟု မေးလေ၏။ ထိုအခါ မြတ်စွာဘုရားက မာရ်နတ်အား အောက်ပါဂါထာဖြင့် မိန့်ကြားတော်မူ၏။

**– ပြည့်စုံသော သီလရှိကုန်သော၊ အမေ့မေ့ဘာတရားဖြင့် နေလေ့ရှိကုန်သော ကောင်းစွာသိပြီး၍ ဝိမုတ္တိငါးပါးဖြင့် ကိလေသာတို့မှ လွတ်ကုန်ပြီးသူ တို့၏ လားရောက်ရာဌာနကို မာရ်နတ်သည် မသိမမြင်နိုင်ပေ။**

တရားရှုမှတ်သောအခါ ပုဂ္ဂိုလ်သတ္တဝါ အရာဝတ္ထုသဘောကို နှလုံး မသွင်းရချေ၊ ရုပ်နာမ်များကိုသာ နှလုံးသွင်းရ၏၊ ရုပ်နာမ်များကို နှလုံးသွင်း အောင် ရှေးဦးစွာ သီလစင်ကြယ်အောင် အားထုတ်ရ၏။ သီလစင်ကြယ်အောင် အားထုတ်ခြင်းဆိုသည်မှာ သီလကို မကျိုးမပေါက်အောင်စောင့်ထိန်းခြင်း ဖြစ်၏။ သီလကို မကျိုးမပေါက်အောင် စောင့်ထိန်းပြီးနောက် သမာဓိကို ထူထောင်ရ၏။ သမာဓိကို ထူထောင်ခြင်းဟူသည်မှာ မိမိကြိုက်ရာ ကမ္မဋ္ဌာန်းအာရုံကို ရှုမှတ်ခြင်း ဖြစ်၏။ များသောအားဖြင့် ထွက်သက်ဝင်သက်ကို ရှုမှတ်လေ့ရှိကြ၏။ ထွက်သက် ဝင်သက်၌ မပျံ့လွင့်ဘဲ အတော်ကြာကြာ စိတ်ကို ထားနိုင်သော အခါ သမာဓိ ရသည်မည်၏။ ထိုတွင် သီလစင်ကြယ်ခြင်းကို သီလဝိသုဒ္ဓိဟု ခေါ်၏။ ထွက် သက်ဝင်သက် အာရုံ ပျံ့လွင့်မှုမရှိဘဲ စိတ်ကို အတော်ကြာကြာ ထားနိုင်သဖြင့် သမာဓိရခြင်းကို စိတ္တဝိသုဒ္ဓိဟု ခေါ်၏။

ထို့နောက် မိမိ၏ ဒွါရများ၌ ထင်လာသော အာရုံများကို ရှုမှတ်ရ၏။ ထင်လာသော အာရုံများကား ရုပ်နှင့်နာမ်နှစ်မျိုးတို့တွင် တစ်မျိုးမျိုးသာ ဖြစ်ရ၏။ ပုဂ္ဂိုလ်သတ္တဝါ အရာဝတ္ထု မဖြစ်ရ။ အကျဉ်းအားဖြင့် သိစရာကို ရုပ်အဖြစ် လည်းကောင်း၊ သိခြင်းကို နာမ်အဖြစ်လည်းကောင်း ခွဲပြားစွာ သိလာအောင် အားထုတ်ရ၏။ ရုပ်နှင့်နာမ် ခွဲခြင်းကို ဒိဋ္ဌိဝိသုဒ္ဓိဟု ခေါ်၏။

ရုပ်နှင့်နာမ်တွင်လည်း သူ့အကြောင်းကြောင့် သူ့အကျိုးဖြစ်သည်ကို တွေ့လာရမည်ဖြစ်၏။ အမှန်အားဖြင့် လောကတွင် ပုဂ္ဂိုလ်သတ္တဝါ အရာဝတ္ထု ဟူ၍မရှိ။ ရုပ်နှင့်နာမ်သာ ရှိ၏။ ရုပ်နှင့်နာမ်တို့သည်လည်း ဖြစ်ချင်တိုင်း ဖြစ်နေကြသည်မဟုတ်။ သူ့အကြောင်းကြောင့် သူ့အကျိုး ဖြစ်နေခြင်း သဘော

http://www.cherrythitsar.org



သာဖြစ်၏။ အကြောင်းအကျိုးဖြစ်စဉ်သာဖြစ်၏။ "ငါ" ဖြစ်သည်လည်း မဟုတ်၊ "ငါ" သိသည်လည်းမဟုတ်။ ဖြစ်သည်ကလည်း ဖြစ်တတ်သော ဓမ္မသာဖြစ်၏။ သိသည်က လည်း သိတတ်သော ဓမ္မသာဖြစ်၏။ ပုဂ္ဂိုလ်သတ္တဝါ အရာဝတ္ထုက ဖြစ်သည်မဟုတ်၊ ပုဂ္ဂိုလ် သတ္တဝါ အရာဝတ္ထုက "သိ" သည် မဟုတ်။ ဓမ္မကသာ "ဖြစ်" ၏။ ဓမ္မကသာ "သိ"၏။ ဤသို့ အကြောင်းနှင့် အကျိုးတို့၏ ဆက်သွယ်မှုသဘောကို သိလာသောအခါ သင်္ခါရုပေက္ခာ ဝိသုဒ္ဓိ အဆင့်ကို ရသည်မည်၏။

နောက် ရုပ်နာမ်တို့၏ ဖြစ်ပျက်ကို မြင်လာမည်ဖြစ်၏။ ဖြစ်ပျက်ကို မြင်ဖန်များလာသောအခါ ဖြစ်ပျက်၌ ငြီးငွေ့လာမည်ဖြစ်၏၊ ထို့နောက် ဖြစ်ပျက် အဆုံးကို မြင်လာမည်ဖြစ်၏။ ဖြစ်ပျက် အဆုံးကာနိဗ္ဗာန်ကိုမြင်လျှင် လောက၏ အဆုံးကို သိပြီဖြစ်၏။ သံသရာမှ လွတ်မြောက်ပြီဖြစ်၏။ နောက်ထပ်ဖန် ပဋိသန္ဓေနေခြင်း ဟူ၍မရှိတော့။

ဤသို့ ရုပ်နာမ်များကို ရှုမှတ်ခြင်းကိုပင် ဝိပဿနာရှုသည်ဟု ဆိုရ၏။ ဝိပဿနာရှုရာတွင် ရှေးဦးစွာ အခိုက်အတန့်အားဖြင့် ကိလေသာမှလွတ်၏။ ယင်းကို "တဒင်္ဂဝိမုတ္တိ" ဟုခေါ်၏။ နောက် အတော်ကြာကြာ ကိလေသာမှ လွတ်၏။ ယင်းကို "သမုစ္ဆေဒဝိမုတ္တိ" ဟုခေါ်၏။ နောက် ဖိုလ်ဖြင့် ကိလေသာမှ လွတ်၏။ ယင်းကို "ပဋိပ္ပဿဒ္ဓိ ဝိမုတ္တိ" ဟုခေါ်၏။ နောက် ပစ္စဝေက္ခဏာဖြင့် ကိလေသာမှလွတ်၏၊ ယင်းကို "ဏိဿရဏဝိမုတ္တိ" ဟုခေါ်၏။ အရဟတ္တဖိုလ်ကို ရပြီးလျှင် ဝိမုတ္တိငါးပါးဖြင့် ကိလေသာမှ လွတ်ပြီးသူ ဖြစ်လေတော့၏။ နိဗ္ဗာန် ချမ်းသာကို ရလေပြီ။

# သိရိဂုတ္တနှင့် ဂရဟဒိန္န

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေထိုင်တော်မူစဉ် ကာလကဖြစ်၏။ သိရိဂုတ္တနှင့် ဂရဟဒိန္န သူကြွယ်နှစ်ဦးတို့သည် ရင်းနှီးသော မိတ်ဆွေများ ဖြစ်ကြ၏၊ သူတို့ နှစ်ဦးလုံး သာဝတ္ထိပြည်၌ နေထိုင်ကြ၏။ လောကီရေးရာကိစ္စများ၌ သူတို့သည် အ ဒုတိယ မိတ်ဆွေများဖြစ်ကြ၏။ အ ဒုတိယမိတ်ဆွေ ဟူသည်မှာ ကိုယ်ခန္ဓာအားဖြင့် နှစ်ခုပြားသော်လည်း စိတ်ဓာတ်အားဖြင့် နှစ်ခုမပြား၊ တစ်သားတည်းဖြစ်လေ၏။

ကိုးကွယ်ယုံကြည်မှုအရမူ တောင်နှင့်မြောက်ပမာ ခြားနား၏။ သိရိဂုတ္တ

http://www.cherrythitsar.org



သူကြွယ်က မြတ်စွာဘုရား၌ယုံကြည်၏။ မြတ်စွာဘုရားကိုကိုးကွယ်၏။ ဂရဟာဒိန္နကမူ တိတ္ထိတို့၌ယုံကြည်၏။ တိတ္ထိတို့ကို ကိုးကွယ်၏။ မိမိတို့၏ ယုံကြည်ချက်နှင့် မိမိတို့သာ ဖြစ်၏။ အမှန်အားဖြင့် သိရိဂုတ္တသူကြွယ်အနေဖြင့်–

"ပေးကမ်းမှုသား၊ ရည်တူထား၍၊ စီးပွားကျိုးပြု၊ ဆိုမှုချစ်ကြည်၊ ကတိတည်သည်၊ ငါးမည်မိတ်ဆွေ ကျင့်ဝတ်တည်း"

ဟူသည်နှင့်အညီ ဂရဟာဒိန္နအား ကိုးကွယ်ယုံကြည်မှုနှင့် ပတ်သက်၍ တိတ္ထိများ၌ ယုံကြည်ကိုးကွယ်မှု မပြုရန် မိတ်ဆွေဝတ္တရားနှင့်အညီ အကြံပြုဖို့ကောင်း၏။ သို့ရာတွင် ကိုးကွယ်ယုံကြည်မှုနှင့် ပတ်သက်၍ အကြံပြုရသည်ကား လွယ်သည်မဟုတ်။ သံသရာ၌ ကောင်းကျိုးဆိုးပြစ်ကို ခံယူရမည့် သဘောနှင့်ဆိုင်၏။ ကိုးကွယ်ယုံကြည်မှုမှန်လျှင်လည်း သံသရာ၌ အဆန်လမ်းသို့ ဦးတည်မည်ဖြစ်၏။ ကိုးကွယ်ယုံကြည်မှု မှားလျှင်လည်း သံသရာ၌ အစုန်လမ်းသို့ ဦးတည်မည် ဖြစ်၏။ သံသရာအဆန်လမ်းသို့ ဦးတည်သောအခါ သုဂတိဘဝသို့ ရောက်၏။ သံသရာအစုန်လမ်းသို့ ဦးတည်သောအခါ ဒုဂ္ဂတိဘဝသို့ ရောက်၏။ ထို့ကြောင့် သိရိဂုတ္တ သူကြွယ်က ကိုးကွယ်ယုံကြည်မှုနှင့် ပတ်သက်၍ ဂရဟာဒိန္နသူကြွယ်အား အချိန်၏ အဆုံးအဖြတ်အတိုင်း ခံယူစေရန် မည်သို့မျှ အကြံမပြုခြင်းဖြစ်၏။ အချိန်သည် ဆုံးဖြတ်တတ်ပါ၏။

ဂရဟာဒိန္နသူကြွယ်ကမူ ထိုသို့မဟုတ်၊ သိရိဂုတ္တသူကြွယ်ကို ကိုးကွယ်ယုံကြည်မှုနှင့်ပတ်သက်၍ ဆွယ်၏။ ဘာသာတရား၏ ဆုံးမသွန်သင်ချက်ချင်းကွာခြား၏။ မြတ်စွာဘုရား၏ အဆုံးအမက ကိုးကွယ်ယုံကြည်မှုနှင့် ပတ်သက်၍ ဆွယ်တရားမဟောရန် သွန်သင်၏။ တိတ္ထိတို့၏ အဆုံးအမက ကိုးကွယ်ယုံကြည်မှုနှင့်ပတ်သက်၍ ဆွယ်တရားဟောရန် တိုက်တွန်း၏။ ဘာသာတရားများ၏ သင်ကြားချက်အတိုင်း သိရိဂုတ္တသူကြွယ်က ဂရဟာဒိန္နသူကြွယ်အား ကိုးကွယ်ယုံကြည်မှုနှင့် ပတ်သက်၍ ဆွယ်တရားမဟော။ ဂရဟာဒိန္နသူကြွယ်ကမူ သိရိဂုတ္တသူကြွယ်အား ကိုးကွယ်ယုံကြည်မှုနှင့်ပတ်သက်၍ ဆွယ်တရားဟောလေ၏။ မိမိတို့၏ ဆရာတိတ္ထိများသည် အတိတ် ပစ္စုပ္ပန် အနာဂတ်ကို သိနိုင်သူများအဖြစ် သိရိဂုတ္တသူကြွယ်အား ဂရဟာဒိန္နသူကြွယ်က ပြောပြ၏။

ဝါဒဖြန့်ရာတွင် မသိမသာ ဝါဒဖြန့်ခြင်းကား ကောင်းပါ၏။ ရသလည်း မြောက်ပါ၏။ တိုက်ရိုက်ဝါဒဖြန့်ခြင်းကား မကောင်း၊ ရသ မမြောက်သည့်အပြင် ဒေါသပါသင့်၏။ ဂရဟာဒိန္နသူကြွယ်၏ ဝါဒဖြန့်ခြင်းကား ဒေါသသင့်သော ဝါဒဖြန့်ခြင်းဖြစ်၏။ သိရိဂုတ္တသူကြွယ်နှင့်တွေ့တိုင်း သူ၏ဆရာ တိတ္ထိများ ကောင်းကြောင်းကိုသာ ပြော၏။ အခြားပြောစရာ စကားမရှိလျှင် သူ၏ဆရာ

http://www.cherrythitsar.org



တိတ္ထိများ ကောင်းကြောင်းသို့ စကားဦးကိုလှည့်၏။ သီရိဂုတ္တသူကြွယ်ကား ပညာဉာဏ် အဆင်အခြင် နည်းသူမဟုတ်။ သောတာပန် ဖြစ်နိုင်အောင် ဥပနိဿယ ရှိသူဖြစ်၏။ ဂရဟဒိန္န သူကြွယ်သည်လည်း ပညာအဆင်အခြင်နည်းသူ မဟုတ်ပါ။ သူသည်လည်း သောတာပန်ဖြစ်နိုင်အောင် ဥပနိဿယရှိသူပင် ဖြစ်၏။ သို့ရာတွင် ဂရဟဒိန္န သူကြွယ်၌ အဆွေခင်ပွန်းကောင်း ကလျာဏမိတ္တ မရှိ။ အဆွေခင်ပွန်းဟူသည်မှာ အားကောင်းသော ပတ်ဝန်းကျင်ပင် ဖြစ်၏။ ထံငါ ပတ်ဝန်းကျင်နှင့်ပေါင်းလျှင် ထံငါသိသာ သိ၏။ ကုန်သည်ပတ်ဝန်းကျင်နှင့် ပေါင်းလျှင် ကုန်သည်သိသာ သိ၏။ ယခုလည်း ဂရဟဒိန္နသူကြွယ်သည် တိတ္ထိ ပတ်ဝန်းကျင်နှင့်ပေါင်း၏။ ထို့ကြောင့် ဂရဟဒိန္နသူကြွယ်သည် တိတ္ထိသိကိုသာ သိလေ၏။ တိတ္ထိသိဟူသည်မှာ လာဘ်လာဘရဖို့၊ အများ၏ ကြည်ညိုလေးစားမှုကို ခံရဖို့၊ ထင်ပေါ်ကျော်ကြားဖို့သာ ဖြစ်၏၊ လာဘ်လာဘရဖို့ကို "လာဘ" ဟု ခေါ်၏။ အများ၏ ကြည်ညိုလေးစားမှုခံရဖို့ကို "သက္ကာယ" ဟုခေါ်၏။ ထင်ပေါ်ကျော်ကြားဖို့ကို "သိလောက" ဟု ခေါ်၏။ ထို့ကြောင့် ဂရဟဒိန္နသူကြွယ်သည် ပင်ကိုအားဖြင့် ဉာဏ်ပညာအဆင်အခြင်နှင့် ပြည့်စုံပါသော်လည်း မကောင်းသော တိတ္ထိဝန်းကျင်နှင့် ပေါင်းမိလေသောကြောင့် တိတ္ထိအမြင် ဝင်သွားခြင်း ဖြစ်၏။ အမှန်အားဖြင့် သိမှုနယ်ပယ်၌ ပတ်ဝန်းကျင်သည် အရေးကြီး၏။

ဂရဟဒိန္နက သူ၏ ဆရာတိတ္ထိများသည် အတိတ် ပစ္စုပ္ပန် အနာဂတ်ကို သိကြောင်း၊ ဆရာတိတ္ထိများအနေဖြင့် အရာရာကို သိကြောင်း၊ မသိသော အရာဟူ၍ တစ်ခုမျှမရှိကြောင်း ပြောပြသောအခါ သီရိဂုတ္တက ဂရဟဒိန္နအား ထိုက်တန်သော သင်ခန်းစာကို ပေးချင်လာ၏။ ဂရဟဒိန္န၏ ပင်ကိုအရည်အချင်းကို သီရိဂုတ္တက သိ၏၊ အကယ်၍ သူ၏ဆရာတိတ္ထိများနှင့် ပတ်သက်၍ တိတ္ထိများပြောသလို သိမှုနယ်ပယ်၌ ရေရေရာရာ တစ်ခုမျှမရှိကြောင်းကို အထောက်အထားဖြင့် အခိုင်အမာပြနိုင်လျှင် သူ၏ဆရာ တိတ္ထိများသည် ကိုးကွယ်ထိုက်သူများ မဟုတ်ကြောင်းကို သူ့အလိုလို သူကိုယ်တိုင် ဆုံးဖြတ်လာနိုင်မည်ဖြစ်၏။ နှုတ်ဖြင့်ပြောခြင်းထက် လက်တွေ့ပြခြင်းက ပို၍ ထိရောက်သည်ကို သီရိဂုတ္တ သိ၏ အမှန်အားဖြင့် တိတ္ထိများသည် သိမှုဆိုင်ရာ ဝိဇ္ဇာနယ်ပယ်၌လည်း ထိုက်ထိုက်တန်တန် သိသူများမဟုတ်ကြ။ ကျင့်မှုဆိုင်ရာ စရဏနယ်ပယ်လည်း အကျင့်ကောင်းအကျင့်မြတ်ရှိသူများမဟုတ်ကြ။ တိတ္ထိများသည် ဝိဇ္ဇာစရဏဂုဏ်နှင့်ကင်းသူများဖြစ်ကြ၏။ ဤသဘောကို သီရိဂုတ္တက ဂရဟဒိန္နအား မိမိရရ လက်တွေ့ပြချင်၏။ နှုတ်ဖြင့် ရှင်းပြနေခြင်းဖြင့် အကျိုးမသက်ရောက်ကြောင်းကို

http://www.cherrythitsar.org



သိရိဂုတ္တလူကြွယ်က သိလေ၏။ အဘယ်ကြောင့်ဆိုသော် သူတို့နှစ်ဦးသည် လောကီရေးရာကိစ္စများ၌ ဉာဏ်ရည်တူ ဖြစ်သောကြောင့်ပင် ဖြစ်လေ၏။

သိရိဂုတ္တအနေဖြင့် တိတ္ထိဆရာကြီးများသည် ဝိဇ္ဇာစရဏ နယ်ပယ်၌ သာမှု ရောရေရာရာမရှိကြောင်းကို သက်သေပြရန် နည်းလမ်းများကို စဉ်းစားသော အခါ နည်းလမ်းကောင်းတစ်ရပ်ကို စဉ်းစားမိ၏။ ထိုနည်းလမ်းကား ဆွမ်းစားပင့် သည့် နည်းလမ်းသာဖြစ်၏။ ထို့ကြောင့် သိရိဂုတ္တက ဂရဟဒိန္နအား တိတ္ထိဆရာ ကြီး ငါးရာတို့ကို မိမိ၏အိမ်သို့ ဆွမ်းစားကြွပါရန် ပင့်နိုင်းလိုက်၏။ ဂရဟဒိန္နကား ဝမ်းသာလိုက်သည့် ဖြစ်ခြင်း။ မိမိနှားကိုပင် မိမိကမယုံကြည်နိုင်လောက်အောင် ဖြစ်သွား၏။ မြတ်စွာဘုရား၌ လွန်ကဲစွာကြည်ညိုနေသူ တစ်ယောက်က သူ့ဆရာ တိတ္ထိကြီးများကို ဆွမ်းစားပင့်ခြင်းမှာ ကိုးကွယ်ယုံကြည်မှုကို ပြောင်း လိုက်ခြင်းပင် ဖြစ်၏။ ထိုကဲ့သို့ ပြောင်းသွားအောင် သူ၏စွမ်းဆောင် နိုင်ချက်ကိုလည်း သူက အားရကျေနပ်လျက်ရှိ၏။ သူ့ကိုယ်သူ ဘာသာရေး သူရဲကောင်းအဖြစ်ပင် ဂရဟဒိန္နက ယူဆလိုက်၏။

ဂရဟဒိန္နက သူ၏ဆရာ တိတ္ထိများအား နက်ဖြန် သိရိဂုတ္တ၏ အိမ်သို့ ဆွမ်းစားကြွပါရန် ပင့်လျှောက်သောအခါ တိတ္ထိဆရာကြီးများကလည်း အံ့သြကြ၏။ ဝမ်းလည်းသာကြ၏။ ဂရဟဒိန္နကိုလည်း ချီးကျူးကြ၏။ ဆွယ်တရား အဟောကောင်းသော ဂရဟဒိန္နလို ဒါယကာကောင်း များများရလျှင် တိတ္ထိတို့၏ သာသနာသည် မြတ်စွာဘုရား သာသနာလိုပင် ထွန်းလင်းတောက်ပနေမည် ဖြစ်၏။ မြတ်စွာဘုရား၏ သာသနာနှင့်အပြိုင် ယှဉ်နိုင်မည်ဖြစ်၏။ ဤသို့ တိတ္ထိဆရာကြီးများက ယုံကြည်လာကြ၏။ ထို့ကြောင့် သူတို့သည် ဒါယကာ ကောင်းများကို စည်းရုံးရန် စဉ်းစားကြ၏။ စဉ်းစားသည့်အတိုင်းလည်း ဆောင်ရွက် ရန် ဆုံးဖြတ်ကြ၏။

သိရိဂုတ္တ၏ အိမ်ကား ကြီးကျယ်၏ ခမ်းလည်းခမ်းနား၏။ အဆောင် လည်းများစွာရှိ၏။ အိမ်နှစ်ဆောင်ကြား၌ တိတ္ထိဆရာကြီးများကို ဆွမ်းကျွေးရန် စီစဉ်၏။ အိမ်နှစ်ဆောင်ကြား၌ တွင်းကြီးတစ်တွင်းကို တူးစေ၏။ တွင်းထဲ၌ မစင်များကိုထည့်ထား၏။ တွင်းပေါ်၌ တိတ္ထိ ဆရာကြီးများ ထိုင်ရန် နေရာထိုင်ခင်း ကို စီစဉ်ထား၏။ အခင်းများကို ရုပ်သိမ်းလိုက်ပါက တိတ္ထိဆရာကြီးများသည် မစင်တွင်းထဲသို့ ဦးစောက် ပြောင်းပြန် ကျသွားအောင်လည်း စီစဉ်ထား၏။ အပေါ်ယံကြော အနေဖြင့်ကြည့်လျှင် တိတ္ထိဆရာကြီးများ၏ နေရာထိုင်ခင်း များသည် အားလုံး ထိုက်ထိုက်တန်တန်နှင့် မွန်မွန်မြတ်မြတ်ချည်း ဖြစ်ကြ၏။ တပည့်များကိုလည်း လျှို့ဝှက်စွာ ညွှန်ကြားထား၏။ တိတ္ထိဆရာကြီး ငါးရာတို့

http://www.cherrythitsar.org



နေရာအသီးသီး၌ ထိုင်လိုက်ပြီးသည်နှင့် တစ်ပြိုင်နက် အခင်းပျဉ်ချပ်ကို ရုပ်သိမ်းလိုက်ရန် ဖြစ်၏။ ထိုသို့ ရုပ်သိမ်းလိုက်ပါက တိတ္ထိဆရာကြီးငါးရာတို့သည် အောက်က မစင်တွင်းထဲသို့ ဦးစောက်ပြောင်းပြန် ကျသွားမည်ဖြစ်၏။

စားဖွယ်သောက်ဖွယ် အိုးကြီးအိုးငယ်များကိုလည်း ဟန်ပြအနေဖြင့် ငှက်ပျောရွက်တို့ဖြင့်လည်းကောင်း၊ အဝတ်ဖြူတို့ဖြင့်လည်းကောင်း မျက်နှာဝတို့ကို ဖုံးအုပ်၍ စည်းနှောင်ထားစေ၏။ အိုးထဲ၌ကားဘာမျှမရှိ။ အိမ်၏ နောက်ဘက်၌ကား ယာဂုထမင်း ထောပတ်၊ ဆီ၊ ပျား၊ တင်လဲ၊ မုန့်မှုန့်တို့ဖြင့် အလိမ်းလိမ်းကပ်ငြိအောင် အိုးတို့ကို ပြုပြင်ထား၏။ အပေါ်ယံအနေဖြင့် ကြည့်လျှင် စားစရာ သောက်စရာများကို အားလုံး အဆင်သင့် ဖြစ်နေလေ၏။

ဂရဟဒိန္နသူကြွယ်ကား တစ်ညဉ့်လုံးပင် အိပ်ပျော်သည်ဟူ၍မရှိ။ စိတ်လည်းပူ၏။ ဝမ်းလည်းသာ၏။ စိတ်ပူခြင်းနှင့် ဝမ်းသာခြင်းတို့သည် သူတစ်ပြန်ကိုယ်တစ်ပြန် လုံးထွေးလျက် ရှိကြ၏။ နံနက်မိုးလင်းသည်နှင့် တစ်ပြိုင်နက် ဂရဟဒိန္နသည် သိရိဂုတ္တ၏အိမ်သို့ အဆောတလျင် သွားလေ၏။ သူ၏ဆရာ တိတ္ထိကြီးများအတွက် ဆွမ်းကျွေးမှုအစီအစဉ်နှင့် ပတ်သက်၍ သိရိဂုတ္တက မည်သို့စီစဉ်ထားသည်ကို သိချင်၏။ သိရိဂုတ္တကလည်း သူစီစဉ်ထားသည့်အတိုင်း အစီအစဉ်များကို အားရကျေနပ်ဖွယ်ကောင်းလောက်အောင် ပြလိုက်၏။ တကယ်လည်း ကျေနပ်ဖွယ် ကောင်းပါ၏။

ဂရဟဒိန္နသည် ယခုမှပင် ရင်အေးသွားတော့၏။ သူ့ဆရာ တိတ္ထိများကို ဝံ့ကြွားစွာ သွားရောက်ပင့်ဆောင်၏၊ သူကိုယ်တိုင်ကမူ သိရိဂုတ္တ၏အိမ်သို့ အရောက်ပို့ပေးပြီး နောက်မှ ပြန်၏။ တိတ္ထိကြီး ငါးရာတို့သည်လည်း အားရဝမ်းသာစွာပင် သိရိဂုတ္တအိမ်သို့ ဆွမ်းစား ကြွလာကြသဖြင့် တိတ္ထိတို့၏ အစဉ်အတန်းကြီးသည် မညီမညာပင် ရှိပါ၏။ ရိုးရိုးမျက်စိဖြင့် ကြည့်လျှင်ပင် တိတ္ထိတို့၏ ကြွဟန်သည် ကြည်ညိုဖွယ်ကိုမဆောင်လှ။ သို့ရာတွင် ဂရဟဒိန္နအနေဖြင့်ကား ကြည်ညိုရင်း ရှိသည်က တစ်ကြောင်း၊ ဝမ်းသာမှုလွှမ်းကဲနေသည်က တစ်ကြောင်းတို့ကြောင့် ထူးခြားမှုကို မတွေ့၊ ဝမ်းသာအားရဖြစ်နေခြင်းဖြင့် ကိုယ့်အာရုံနှင့်ကိုယ် ပျော်နေလေ၏။

တိတ္ထိဆရာကြီးတို့ ကြွလာသောအခါ သိရိဂုတ္တသည် အိမ်ဝမှထွက်၍ ကြိုလင့်၏။ ငါးပါးသော ထိခြင်းဖြင့် ရှိခိုး၏။ ထို့နောက် ဤသို့ ကြံဆင်ခြင်၏။

"အသင်တိတ္ထိကြီးတို့သည် မိတ်ဆွေ ဂရဟဒိန္နပြောဆိုသည့် အတိုင်း အတိတ် ပစ္စုပ္ပန် အနာဂတ်ကို သိသည်ဆိုပါလျှင် ဤအိမ်တွင်းသို့ မကြွပါလင့်။ ဤအိမ်တွင်း၌ အသင်တို့အတွက် ကျွေးမွေးလှူဒါန်းရန် စီစဉ်ထားသော အရာ

http://www.cherrythitsar.org



ဟူ၍ဘာမျှမရှိ၊ အကယ်၍ အသင်တို့သည် ဂရဟဒိန္နပြောသည့်အတိုင်း အတိတ် ပစ္စုပ္ပန် အနာဂတ်ကို မသိသဖြင့် ဤအိမ်တွင်းသို့ ဝင်ရောက်၍ ကြွကြပါက မစင်တွင်းသို့ ဦးစောက်ပြောင်းပြန်ကျရောက်ကြပေလိမ့်မည်၊ ဤသည်မှာ အသင်တို့၏ တန်ခိုးအာနုဘော်ကို စမ်းသပ်ခြင်းဖြစ်ပါ၏။"

ဤသို့ သိရိဂုတ္တက တတိတ္ထိကြီးတို့၏ရှေ့မှရပ်ကာ လက်အုပ်ကိုချီမြှောက်ပြီး စိတ်ဖြင့် ပြောဆို၏။ သို့ရာတွင် တိတ္ထိကြီးတို့ကား အိမ်တွင်းသို့ ဝင်ရောက်ရန်သာ ကြိုးစားလျက် ရှိလေ၏။

ထို့နောက် တိတ္ထိကြီး ငါးရာတို့သည် အစဉ်အတိုင်း ဝင်ရောက်ရန်ပြင်၏။ ဝင်ရောက်သောအခါ တစ်ဦးချင်း မထိုင်ကြရန်ကိုလည်း လျှောက်ထား၏။ အားလုံး ငါးရာ ညီညီညာညာရပ်ပြီးမှ တစ်ပြိုင်နက် ထိုင်ကြရန် ဖြစ်၏။ ဤသို့ ပြုရခြင်းမှာ ဤအိမ်သို့ ရောက်လာကြကုန်သော အရှင်ကောင်းတို့အတွက် သတ်မှတ်ထားသော "ဝတ်" ပင် ဖြစ်ပါ၏ ဟူ၍လည်း လျှောက်ထားကြ၏။ လျှောက်ထားသည့်အတိုင်းပင် တိတ္ထိကြီး ငါးရာတို့သည် မိမိတို့၏ နေရာအသီးသီး၌ မထိုင်ကြသေးဘဲ ရပ်နေကြလေ၏။ အားလုံးစုံညီ ရပ်မိပြီးသောအခါ ထိုင်ရန် အားထုတ် ကြ၏။

တိတ္ထိကြီးတို့ထိုင်ရန် အားထုတ်သည်နှင့် တစ်ပြိုင်နက် အမှုလုပ်ယောကျ်ားများက တိတ္ထိကြီးများ၏ အောက်ရှိ ပျဉ်ချပ်များကို ဆွဲဖယ်လိုက်ကြ၏။ ထိုအခါ တိတ္ထိကြီး အားလုံးတို့သည် မစင်တွင်းသို့ ဦးစောက်ပြောင်းပြန် ကျကုန်ကြ၏။ တိတ္ထိကြီးများကား မည်သူ့ကို စိတ်ဆိုးရမှန်း မသိရအောင်ပင် ရှိကြ၏။ သိရိဂုတ္တကို စိတ်ဆိုးရမည်လော၊ ဂရဟဒိန္နကို စိတ်ဆိုးရမည်လော၊ မဝေခွဲတတ်အောင်ပင် ရှိကြ၏။ နောက်ဆုံး၌ နှစ်ယောက်လုံးကိုပင် စိတ်ဆိုးကြလေ၏။

တိတ္ထိကြီးများသည် မစင်တွင်းမှ တက်လာသောအခါ၌လည်း လှောင်ပြောင်ခြင်းကို ခံရသေး၏။ တစ်ဒုက္ခအပေါ် နှစ်ဒုက္ခဆင့်သည့် သဘောပင် ဖြစ်၏။ အတိတ်ပစ္စုပ္ပန်ကို သိသည်ဆိုပါလျက် အောက်၌မစင်တွင်းရှိသည်ကိုပင် မသိနိုင်ကြသည်မှာ သင်တို့သည် အပြောနှင့်အလုပ် ရှေ့နောက်ညီညွတ်ပါ၏လော ဟူ၍လည်း စေ့စေ့နာနာခြင်းကို ခံကြရရှာ၏။ သိရိဂုတ္တအပေါ် ယုံကြည်အားရခဲ့သမျှသည် တိတ္ထိကြီးတို့၏ ပြင်းထန်သောနာကြည်းခြင်းအဖြစ်သို့ ပြောင်းလဲသွား၏၊ ယခု ဖြစ်ရပ်နှင့်ပတ်သက်၍ ရှက်လည်းရှက်၏။ လူများသိသွားမှာလည်း စိုးရိမ်၏။ လူသိရှင်ကြား လက်စားလည်းချေလို၏။ ဘာလုပ်ရမှန်းမသိလောက်အောင် တိတ္ထိကြီးတို့သည် စိတ်လှုပ်ရှားကြ၏။

http://www.cherrythitsar.org



နောက်ဆုံး၌ ဂရဟာဒိန္နကို စိတ်ဆိုးသော်လည်း ဖြစ်ရပ်များကို ဂရဟာဒိန္နအားပြောပြ၏။ အပြစ်လည်းတင်၏။ ထိုအခါ ဂရဟာဒိန္နသည် တကယ်ပင်စိတ်ဆိုး၏။ တိတ္ထိကြီးများကို မကြည်ညိုသည် ဆိုစေဦး သိရိဂုတ္တအနေဖြင့် သူ့ကိုငဲ့သင့်၏ သူ့မျက်နှာကို ထောက်သင့်၏။ လူ့ယဉ်ကျေးမှု နယ်ပယ်၌ ယခုကဲ့သို့ လုပ်ဆောင်ခြင်းသည် တကယ်ပင် ရိုင်းစိုင်းပါ၏။ အမှန်အားဖြင့် တိတ္ထိဆရာကြီးတို့သည် ကောင်းမှုတို့၏ စိုက်ပျိုးရာ လယ်ယာမြေကောင်း "ပုညက္ခေတ္တ" ဂုဏ်နှင့်ပြည့်စုံသူများ ဖြစ်ကြပါ၏၊ ဤသို့လည်း ဂရဟာဒိန္နက ယူ၏။ သိရိဂုတ္တသည် သူ၏ အကုသိုလ်နှင့်သူပင်ဖြစ် လိမ့်မည်ဟုလည်း ဂရဟာဒိန္န အနေဖြင့် မဖြေတတ်။ သိရိဂုတ္တသည် သူ့ကို စော်ကားသည်ဟုသာ မြင်၏။ ဂရဟာဒိန္နသည် သိရိဂုတ္တကို အရေးယူရန်စဉ်းစား၏။ နောက်ဆုံး၌ ကောသလမင်းကြီးအား တိုင်ကြားရန် ဆုံးဖြတ်၏။

သိရိဂုတ္တ အနေဖြင့်ကား ဂရဟာဒိန္နကို စော်ကားလိုစိတ် ရှိသည်မဟုတ် ဂရဟာဒိန္န၏ အကျိုးကို ဆောင်လိုသော စိတ်သာ ရှိ၏။ မိတ်ဆွေကောင်းတို့၏ ဝတ္တရားနှင့်အညီ ကိုးကွယ်ယုံကြည်မှုနှင့်ပတ်သက်၍ ကိုးကွယ်မှု မမှားစေရန်သာ သင့်လျော်ထိုက်တန်သောနည်းဖြင့် ဂရဟာဒိန္နအား သင်ခန်းစာပေးလိုရင်းဖြစ်၏။ သိရိဂုတ္တအနေဖြင့် တိတ္ထိကြီးတို့အား စော်ကားလိုစိတ်လည်းမရှိ။ ရတောင့်ရခဲသော လူ့ဘဝကိုရစိုက် အိမ်ရာတည်ထောင် လူတို့ဆောင်၌ မနေပါက မှန်ကန်သော အကျင့်မြတ် ဗြဟ္မစရိယကို ကျင့်သုံးနိုင်ရေးအတွက် ထိုက်တန်သော သင်ခန်းစာကို တိတ္ထိကြီးတို့အား ပေးရန်သာ ဖြစ်၏။ သို့ရာတွင် သိရိဂုတ္တ ပေးသော သင်ခန်းစာကား တိတ္ထိကြီးများအတွက်ရော ဂရဟာဒိန္နအတွက်ပါ ဆေးခါးကြီးသဖွယ် ဖြစ်၏။

တိတ္ထိကြီးတို့ကား ဆွမ်းကျွေးယောင်ဆောင်ပြီး မစင်တွင်းဆို့ ချလိုက်သည့်ကိစ္စနှင့် ပတ်သက်၍ သိရိဂုတ္တအား အသပြာဒဏ်ငွေတစ်ထောင် ထပ်ရိုက်ပါရန် ကောသလမင်းကြီးအား ဂရဟာဒိန္နက တိုင်ကြားလိုက်၏။ သိရိဂုတ္တကား ဂရဟာဒိန္နကို စိတ်မဆိုး၊ သူ့စေတနာကို နားလည်လိမ့်မည်ဟု သူကယုံကြည်၏။ ကောသလမင်းကြီးကို တိုင်လိုက်သဖြင့် ကောသလမင်းကြီး၏ ဆင့်ခေါ်ချက်အရ သိရိဂုတ္တသည် မင်းကြီးထံ သွားရောက်၍ ထုချေရ၏။

ကောသလမင်းကြီးကား ဘာသာတရားများ၌ လေးနက်စွာ ယုံကြည်သူ မဟုတ်။ အုပ်ချုပ်သူအနေဖြင့် သင့်လျော်သလိုသာ ဆက်ဆံသူဖြစ်၏၊ ဗုဒ္ဓဘာသာဝင်များနှင့် တွေ့လျှင်လည်း ဗုဒ္ဓဘာသာအလိုက် ဆက်ဆံ၏။ တိတ္ထိတို့၏ ဒါယကာများနှင့် တွေ့လျှင်လည်း တိတ္ထိတို့၏ ဘာသာတရား၌ သင့်လျော်သလို

http://www.cherrythitsar.org



ဆက်ဆံ၏။ သာဝတ္ထိပြည်၌ကား ဗုဒ္ဓဘာသာ ကျောင်းတော်ကြီးများလည်းရှိ၏။ တိတ္ထိတို့၏ ကျောင်းတော်ကြီးများလည်း ရှိ၏။ ပရိဗိုဇ်တို့၏ ကျောင်းတော်ကြီးများလည်း ရှိ၏။ ဘာသာတရားများ အားလုံးကို လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့် ပြုထား၏။ ကောသလမင်းကြီးအနေဖြင့်လည်း အစပထမပိုင်း၌ မည်သည့်ဘာသာ၌မျှ တိတိကျကျ ယုံကြည်ကိုးကွယ်သူ မဟုတ်၊ နောက်ပိုင်း ရောက်မှသာ ဗုဒ္ဓတရားတော်၌ သက်ဝင်ယုံကြည်လာသူဖြစ်၏။ မည်သည့် ဘာသာတရားကို ကိုးကွယ်သည်ဖြစ်စေ အုပ်ချုပ်သူ မင်းကြီးအနေဖြင့်မူ မှန်ရာအတိုင်းသာ စီရင်ဆုံးဖြတ်ရမည် ဖြစ်၏။

မင်းကြီးက ဖြစ်ရပ်များကို မေး၏။ ဂရဟဒိန္နဘက်မှလည်း တိတ္ထိကြီးများကို ပင့်၍ ဆွမ်းကျွေးမည့် အယောင်ဆောင်ကာ မစင်တွင်း ထဲသို့ကျအောင် သိရိဂုတ္တက လုပ်ပါကြောင်း၊ ထိုကဲ့သို့ လုပ်ခြင်းသည် ဘာသာဝင်တို့၏ စိတ်ကို နာကြည်းစေပါကြောင်း တိတ္ထိကြီးတို့၏ ပုညဂုဏ်ကို ဖျက်ဆီးရာရောက်ပါကြောင်းဖြင့် စွဲချက်တင်၏။ တိတ္ထိကြီးများကို မစင်တွင်းထဲသို့ ကျရောက်အောင် လုပ်သည်မှာ မှန်ပါကြောင်း၊ အမှန်အားဖြင့် သိရိဂုတ္တဘက်မှ တိတ္ထိကြီးများကို မစင်တွင်းထဲသို့ အမင်တကာကျအောင်လုပ်ခြင်းမဟုတ်ပါကြောင်း၊ ဂရဟဒိန္န၏ ပြောဆိုချက်အရ တိတ္ထိကြီးများသည် အတိတ်ပစ္စုပ္ပန် အနာဂတ်ကို သိသည့်အပြင် အရာရာကို သိသည်၊ မသိသောအရာကို ဘာမျှမရှိဟု ဆိုသဖြင့် တကယ်ပင် အရာရာကို သိနိုင်ခြင်း ရှိမရှိကို စုံစမ်းသော အနေဖြင့်သာ ယခုကဲ့သို့ စီစဉ်ခြင်းဖြစ်ပါကြောင်း၊ တိတ္ထိကြီးတို့၏ တန်ခိုးရှိန်စော် အာနုဘော်ကို စူးစမ်းခြင်းသာ ဖြစ်ပါကြောင်း၊ တကယ်တမ်း စော်ကားလိုစိတ်များ မည်သူ့အပေါ်မှာမှ မရှိပါကြောင်းဖြင့် ရှင်းလင်း၏။ ထုချေ၏။ ထိုအခါ ကောသလမင်းကြီးက သိရိဂုတ္တကို အနိုင်ပေးလိုက်၏။

ဂရဟဒိန္နကား ယူကျုံးမရ ဖြစ်ရပြန်၏။ တရားဆိုင်ပါ ကလည်း တရားက ရှုံးပြန်၊ မိမိ၏ ဆရာတိတ္ထိများ အနေဖြင့်လည်း လူသိရှင်ကြား အရှက်တကွဲ အကျိုးနည်းဖြစ်ရပြန် သူဘာလုပ်ရမည်နည်း၊ ဘာမှ မလုပ်တတ်အောင် ရှိလေ၏။ သူက ကောသလမင်းကြီး မျက်နှာလိုက်သည်ဟု ထင်၏။ နောက်ဆုံးအနေဖြင့် သူတတ်နိုင်သည့် နည်းသည် ရှိ၏။ ထိုနည်းကား လက်စားချေသည့် နည်းပင် ဖြစ်၏။ မြတ်စွာဘုရားနှင့် သူ၏ တပည့်သာဝကများကို သိရိဂုတ္တလို ဆွမ်းစားပင့်ပြီး လက်စားချေ သည့်နည်းဖြင့် လက်စားချေရန်ဖြစ်၏။ ထိုနည်းကိုသုံးရန် ဂရဟဒိန္နသည် သန္နိဋ္ဌာန်ချလိုက်လေ၏။

ဂရဟဒိန္နသည် သိရိဂုတ္တကို စကားမပြော၊ စိတ်ဆိုးနေ၏။ မိမိ၏ ဆရာ

http://www.cherrythitsar.org



တိတ္ထိကြီးများကို ရက်ရက်စက်စက် မစင်တွင်းထဲသို့ကျအောင် လုပ်ခဲ့သောကြောင့်ဖြစ်၏။ သီရိဂုတ္တ၏ဆရာ မြတ်စွာဘုရားကိုလည်း တစ်နည်းနည်းဖြင့် အရှက်ကွဲအောင်လုပ်ရန် ဂရဟဒိန္နက သန္နိဋ္ဌာန်ချ ထား၏။ အမှန်အားဖြင့် ဂရဟဒိန္နသည် မြတ်စွာဘုရား၏ အနန္တ စွမ်းအားတော်များကို မသိ၍ ထိုကဲ့သို့ သန္နိဋ္ဌာန်ချထားခြင်းဖြစ်၏။ မြတ်စွာဘုရားကို ဤလောက၌ ဗြဟ္မာ နတ်လူတို့တွင် မည်သူကမျှ အသက်သေလောက်အောင် အန္တရာယ်မပြုနိုင်သည်ကို ဂရဟဒိန္နက မသိ။ အကယ်၍ သိပါလျှင်လည်း ယုံကြည်ခြင်းမရှိ။ အကြောင်းတရားများ ပြည့်စုံလုံလောက်ပါက လိုအပ်သော အကျိုးတရားဟူသည် ဖြစ်ရမည်ဟူ၍ ဂရဟဒိန္နက ယုံကြည်၏။ သူ၏ ယုံကြည်ချက်ကား လောကနိယာမသာဖြစ်၏။ မြတ်စွာဘုရားကား လောကနိယာမကိုလွန်၍ လောကုတ္တရာ နိရာမနှင့်သာ ဆိုင်၏။ ထို့ကြောင့် မြတ်စွာဘုရားသည် တန်ခိုးအာရဒ္ဓ အကြောင်းနှင့်အကျိုးတို့၏ ဖြစ်စဉ် နယ်နိမိတ်မှ လွန်မြောက်ပြီး ဖြစ်၏။ ဤဖြစ်ရပ်ကို ဂရဟဒိန္နသည် ကိုယ်တိုင် မျက်ဝါးထင်ထင် တွေ့မြင်သောအခါမှသာ ယုံကြည်လေလိမ့်မည်။

ဂရဟဒိန္နသည် သီရိဂုတ္တနှင့် စကားမပြော၍မဖြစ်။ သီရိဂုတ္တကို အချိုသတ်ဖို့ကရှိသေး၏။ ဂရဟဒိန္နက သီရိဂုတ္တ၏ဆရာ မြတ်စွာဘုရားကို ကြည်ညိုဟန်ဆောင်ရပေဦးမည်။ သို့မှသာ လက်စားချေ၍ရမည် ဖြစ်၏။ ထို့ကြောင့် ဂရဟဒိန္နက သီရိဂုတ္တနှင့် ပြန်လည်၍စကားပြောဆို၏။ စကားများတွင် မြတ်စွာဘုရားနှင့် တပည့်သာဝကများသည် ကြည်ညိုဖွယ် ဖြစ်ကြောင်း၊ အကျင့်စရဏနှင့် ပြည့်စုံ၍ အသိဝိဇ္ဇာနှင့်လည်း ပြည့်စုံကြောင်းတို့ပါဝင်၏။ သူ၏ဆရာ တိတ္ထိကြီးများသည် အပြောနှင့်အလုပ် မညီသူများဖြစ်ကြောင်းလည်း ပါဝင်၏၊ ထိုသို့ မြတ်စွာဘုရားကို ချီးမွမ်းပြီး တိတ္ထိကြီးများကိုကဲ့ရဲ့သည်မှာ ဂရဟဒိန္နက သီရိဂုတ္တကို အချိုသပ်ခြင်းသာဖြစ်၏။ ဂရဟဒိန္န၏ စိတ်ထဲတွင်တော့ "နေနှင့်ဦး" ဟူ၍သာ ဖြစ်၏။

ရက်အတန်ကြာ ရသောအခါ ဂရဟဒိန္နက သီရိဂုတ္တအား မြတ်စွာဘုရားနှင့် ရဟန်းငါးရာတို့အား သူ၏အိမ်သို့ ဆွမ်းစားပင့်ခိုင်း၏။ သီရိဂုတ္တအနေဖြင့် ယုံတစ်ဝက်မယုံတစ်ဝက်ဖြစ်နေ၏။ တကယ်ကြည်ညို၍ ပင့်ခြင်းလည်း ဖြစ်နိုင်၏။ လက်စားချေလို၍ ပင့်ခြင်းလည်း ဖြစ်နိုင်၏။ သို့ရာတွင် မြတ်စွာဘုရား၏ သဗ္ဗညုတဉာဏ်တော်ကို သီရိဂုတ္တက ယုံကြည်ပြီးသားဖြစ်၏။ မြတ်စွာဘုရားအတွက် မည်သည့်အန္တရာယ်မှ မဖြစ်ကောင်းကြောင်းကိုလည်း သီရိဂုတ္တကသိ၏။ ထို့ကြောင့် သီရိဂုတ္တက မြတ်စွာဘုရားနှင့် နောက်ပါရဟန်းတို့ငါးရာ တို့အား ဂရဟဒိန္န၏အိမ်သို့ ပင့်ပေးမည်ဖြစ်ကြောင်း ဝန်ခံလိုက်၏။

http://www.cherrythitsar.org



ဂရဟာဒိန္နက ဝမ်းသာလိုက်သည့်ဖြစ်ခြင်း။ သီရိဂုတ္တအနေဖြင့် မြတ်စွာဘုရားနှင့် ရဟန်းငါးရာတို့အား "ပင့်မှပင့်ပေးပါမလား" ဟူ၍ ဂရဟာဒိန္နက သံသယဖြစ်ခဲ့၏။ ယခုတော့ သူ၏သံသယသည် ကင်းပျောက်သွားလေပြီ။ သူလုပ်စရာရှိသည်များကို ဆက်လက်လုပ်ရန်သာ လိုတော့၏။ သူ၏ဆရာတိတ္ထိကြီးများကို မစင်တွင်းထဲသို့ ကျအောင်သာ သီရိဂုတ္တကလုပ်ခဲ့၏။ သီရိဂုတ္တ၏ဆရာ မြတ်စွာဘုရားနှင့် ရဟန်းငါးရာတို့ကို မီးကျီးတွင်းထဲသို့ကျပြီး သေလွန်အောင် လုပ်ရန် သန္နိဋ္ဌာန်ချထားလေ၏။ သို့မှသာ ထိုက်တန်သော လက်စားချေခြင်း ဖြစ်ပေမည်။ ဂရဟာဒိန္နသည် သူ၏ လက်စားချေမှုနှင့်ပတ်သက်သည့် အစီအစဉ်ကို ကျိတ်၍ ဝမ်းသာနေ၏။

ဂရဟာဒိန္နသည်လည်း ကြွယ်ဝချမ်းသာသူဖြစ်၏။ အိမ်များ အဆောင်ဆောင်ရှိသူ ဖြစ်၏။ ထို့ကြောင့် အိမ်နှစ်ဆောင်ကြား၌ ကြီးစွာသော တွင်းကို တူးစေ၏။ တွင်းထဲ၌ ရှားသားမီးကျီးများကို အပြည့်ထည့်စေ၏။ မီးကျီးတွင်းများအပေါ်၌ နေရာထိုင်ခင်းကို စီစဉ်စေ၏။ နေရာထိုင်ခင်းကို ကျကျနန စီစဉ်ထား၏။ သီရိဂုတ္တ စီစဉ်ထားသည်ထက် ပို၍ ကောင်းအောင် စီစဉ်၏။ မြတ်စွာဘုရားကို လှည့်စား၍ရမည်ဟု ဂရဟာဒိန္နကထင်၏။ ဗြဟ္မာနတ်လူတို့တွင် မည်သူမျှ မြတ်စွာဘုရားကို လှည့်စား၍ မရကြောင်းကို ဂရဟာဒိန္နက မသိ၊ လှည့်စားခြင်း ဟူသည်မှာ မာယာ၏ကွန်ရက်ဖြင့် ဖမ်းခြင်းပင် ဖြစ်၏။ မာယာကို အကြွင်းမဲ့ ပယ်ပြီးသော မြတ်စွာဘုရားအား အဘယ်မည်သော မာယာ၏ကွန်ရက်ဖြင့်ဖမ်းနိုင်ပါလေမည်နည်း။ ဤသဘောကို ဂရဟာဒိန္နက မသိသော်လည်း သီရိဂုတ္တက သိ၏။

သီရိဂုတ္တသည် မြတ်စွာဘုရားသီတင်းသုံးတော်မူရာ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ သွားရောက်၍ ဂရဟာဒိန္န၏အိမ်သို့ နောက်ပါ ရဟန်းငါးရာနှင့် ဆွမ်းစားကြွတော်မူပါရန် ပင့်လျှောက်၏။ ဂရဟာဒိန္န၏ ဆရာတိတ္ထိကြီးငါးရာတို့အား သူ၏အိမ်သို့ပင့်ပြီး မစင်တွင်းထဲ ကျစေခဲ့ကြောင်းကိုလည်း လျှောက်ထား၏၊ ယခု ဂရဟာဒိန္နက ဆွမ်းစားပင့်သည်မှာ လက်စားချေလို၍ ဖြစ်နိုင်ကြောင်း လျှောက်ထား၏။ အမှန်အားဖြင့် သီရိဂုတ္တသည် စိတ်လှုပ်ရှားလွန်း၍ ထိုကဲ့သို့ မြတ်စွာဘုရားအား ဖြစ်ရပ်မှန်များကို လျှောက်ထားခြင်း ဖြစ်၏။ လက်စားချေလို၍ ဆွမ်းစားပင့်ခြင်းဖြစ်ပါက မြတ်စွာဘုရားအနေဖြင့် ကြိုတင်ဆင်ခြင်ပြီး မလိုက်တန်က မလိုက်နိုင်ရန် သတိပေးသည့် အနေဖြင့် သီရိဂုတ္တက လျှောက်ထားခြင်းဖြစ်၏။ အမှန်အားဖြင့် သီရိဂုတ္တသည် ပုထုဇဉ်မျှသာ ဖြစ်သေး၏။ မြတ်စွာဘုရား၏ ဉာဏ်တော်အနန္တနှင့် ဂုဏ်တော်အနန္တကို

http://www.cherrythitsar.org



ပိုင်းခြား၍ သိနိုင်ခြင်းမရှိသောကြောင့် ယခုကဲ့သို့ ပုပန်ကြောင့်ကြမိခြင်းဖြစ်လေ၏။ ဤသည်မှာ ပုထုဇဉ်တို့၏ ဓမ္မတာဖြစ်ပါ၏။

မြတ်စွာဘုရားသည် သိရိဂုတ္တသူကြွယ်၏ လျှောက်ထားချက်အရ ဆင်ခြင်တော်မူ၏။ ဆင်ခြင်တော်မူသောအခါ ဂရဟဒိန္န၏ အိမ်နှစ်ဆောင်ကြား၌ကြီးစွာသော တွင်းကြီးကို တူးထားပြီး မီးကျီးခဲ အပြည့်ထည့်ထားသည်ကို မြင်တော်မူ၏။ တစ်ဖန် ဆွမ်းစားကြွသွားတော်မူခြင်းအားဖြင့် သိရိဂုတ္တသူကြွယ်နှင့် ဂရဟဒိန္နသူကြွယ် နှစ်ဦးလုံး သောတာပန်ဖြစ်မည်ကိုလည်းကောင်း၊ ပရိသတ်များလည်း သစ္စာတရားကို ထင်လင်းစွာ သိမည်ကိုလည်းကောင်း မြင်တော်မူ၏။ ထို့ကြောင့် မြတ်စွာဘုရားသည် နောက်ပါ ရဟန်းငါးရာနှင့်အတူ ဂရဟဒိန္နသူကြွယ်၏အိမ်သို့ ဆွမ်းစားကြွရန် လက်ခံတော်မူ၏။

မြတ်စွာဘုရားအတွက် ဝေနေယျသတ္တဝါများကို ချေချွတ်တော်မူရာ၌ အင်္ဂုလိမာလနှင့် အာဠဝကတို့လို အတိုက်အခံ အန္တရာယ်ပြုကြသူများလည်း ရှိကြ၏။ ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလာန်တို့လို လိုက်လျောညီထွေ ပြုကြသူများလည်း ရှိကြ၏။ အတိုက်အခံ အန္တရာယ် ပြုခြင်းနှင့် လိုက်လျောညီထွေပြုခြင်းတို့ကို မြတ်စွာဘုရားအနေဖြင့် သီးခြားမြင်တော်မမူ။ မြတ်စွာဘုရားအနေဖြင့် မြင်တော်မူသည်ကား ဝေနေယျသတ္တဝါတို့၏သန္တာန်၌ ဉပနိဿယ ရှိမှုနှင့် မရှိမှုသာဖြစ်၏။ အကယ်၍ ဝေနေယျသတ္တဝါတို့၏သန္တာန်၌ ဉပနိဿယရှိမည်ဆိုပါလျှင် နေပူသည်ကိုလည်း မမှု၊ မိုးရွာသည်ကိုလည်း မရှောင်၊ ပင်ပန်းသည်ကိုလည်း အလေးမထား၊ မကျန်းမာသည်ကိုလည်း ဂရုမစိုက်၊ ဗြဟ္မာ့ပြည်၌ရှိလျှင်လည်း ဗြဟ္မာ့ပြည်သို့ အရောက်သွား၏။ နတ်ပြည်၌ရှိလျှင်လည်း နတ်ပြည်သို့ အရောက်သွား၏။ လူ့ပြည်ဒေသ တစ်ခုခု၌ရှိမည်ဆိုလျှင် လည်း ထိုဒေသသို့ အရောက်သွား၏။ အမှန်အားဖြင့် အတိုက်အခံ အန္တရာယ်ပြုခြင်းနှင့် လိုက်လျောညီထွေပြုခြင်းသည် သူတို့ဘက်မှ အမြင်သာ ဖြစ်၏။ မြတ်စွာဘုရားဘက်မှ အမြင်မဟုတ်။ မြတ်စွာဘုရားဘက်မှ မြင်သည်ကား ဉပနိဿယ ရှိမှုနှင့် မရှိမှုသာဖြစ်၏။

နောက်တစ်နေ့နံနက်စောစောတွင် သိရိဂုတ္တသည် ဂရဟဒိန္န၏ အိမ်သို့ အရောက်သွား၏ မြတ်စွာဘုရားနှင့် နောက်ပါ ရဟန်းငါးရာ တို့အတွက် ဆွမ်းများ အဆင်သင့် ဖြစ်မဖြစ်ကို လေ့လာ၏။ ဂရဟဒိန္နကလည်း ဆွမ်းများ အဆင်သင့်ဖြစ်ကြောင်းကို ပြောပြလိုက်၏။ လက်တွေ့အားဖြင့် ဆွမ်းအိုး၊ ယာဂုအိုး၊ ထောပတ်အိုး၊ သကာပျားအိုးများကို လည်း ပြလိုက်၏။ အမှန်အားဖြင့် ဆွမ်းအိုး၊ ယာဂုအိုး၊ ထောပတ်အိုး၊ သကာပျားအိုးများကား ဟန်ပြများသာတည်း။

ရှုပြည့်စာအုပ်တိုက်

http://www.cherrythitsar.org



အထဲ၌ ဘာမျှမရှိ၊ အထဲ၌ ဘာမျှမရှိသော်လည်း အပြင်ပန်းအနေဖြင့် ရှိဟန် ဆောင်ထားခြင်းဖြစ်၏။ သည်ကိုတော့ သီရိဂုတ္တသူကြွယ်က မသိ။ ဂရဟဒိန္န ပြောသည့်အတိုင်းပင် လက်ခံယုံကြည်လိုက်၏။ သို့ရာတွင် ဤနည်းကားသူ စီစဉ်ခဲ့သည့် နည်းဖြစ်သည်ကိုတော့ အမှတ်ရထား၏။ အမှန်အားဖြင့် တကယ် တမ်း မြတ်စွာဘုရားအတွက်ဆိုပါလျှင် ဟင်းလင်းအိုးများပင် ဖြစ်စေကာမူ မမြင်နိုင်သော စွမ်းအင်များကြောင့် ဆွမ်းအိုးများသည်လည်း ဆွမ်းအပြည့်ပင် ဖြစ်ရ၏။ ယာဂုအိုးများသည်လည်း ယာဂုအပြည့်ပင် ဖြစ်ရ၏။ ထောပတ်အိုး များသည်လည်း ထောပတ်အပြည့် ဖြစ်ရ၏။ သကာများအိုးများသည်လည်း သကာများအပြည့်ပင် ဖြစ်ရ၏။ ဤသဘောကိုတော့ သီရိဂုတ္တသူကြွယ်က နားလည်ပြီးသားဖြစ်၏။

ဂရဟဒိန္နအိမ်၌ ပရိသတ်များသည် စည်ကားလှ၏။ သမ္မာဒိဋ္ဌိ အုပ်စု ဝင်များကလည်း မြတ်စွာဘုရား၏ တရားဒေသနာတော်ကို နာကြားရန်နှင့် မြတ်စွာဘုရား၏ တင့်တယ်သောအသရေတော်ကို ဖူးမြော်ရန် ဖြစ်၏။ မိစ္ဆာဒိဋ္ဌိ အုပ်စုကလည်း မြတ်စွာဘုရားနှင့်တကွ ရဟန်းငါးရာတို့ ပျက်စီးခြင်းမလှပျက်စီး သည်ကို ကြည့်ရှုရန်ဖြစ်၏။ သူ့အတွေးနှင့်သူ လာခြင်းဖြစ်၏။ တစ်ရံရော အခါက တိတ္ထိကြီး ငါးရာတို့ မရှုမလှ ပျက်စီးသွားသည်ကို နှစ်ဖက်လုံးက အမှတ်ရနေ၏။ ယခုလည်း မြတ်စွာဘုရားနှင့်ရဟန်းငါးရာတို့ မရှုမလှ ပျက်စီး မည်၊ မပျက်စီးမည်ကို သိချင်ကြ၏။ အမှန်အားဖြင့် ဤဆွမ်းစားပင့်ပွဲသည် သူ့ခေတ်သူ့ဥပဒေအရသာ ထိုက်သင့်သလောက် အပြစ်ရှိသော်လည်း ယနေ့ ခေတ်ဥပဒေနှင့် ကြည့်ပါလျှင် လွန်စွာအပြစ်ကြီးပါ၏။ မြင့်မြတ်သူများကို အစုလိုက်သေကြောင်း ကြံစည်ခြင်းကား မိုက်မဲလွန်းလှ၏။ ကြံစည်သူကလည်း နယ်နယ်ရရ ပုဂ္ဂိုလ်မဟုတ်။ သောတာပန်ဖြစ်မည့်သူဖြစ်၏၊ သောတာပန် ဖြစ်မည့် ပုဂ္ဂိုလ်မျိုးကိုပင် ယခုလိုမိုက်မိုက်ကန်းကန်း ကြံစည်နိုင်အောင်၊ ဆွဲဆောင် နိုင်ခြင်းသည် ဆရာတင်မှားခြင်း၏ အပြစ်သာ ဖြစ်၏။ ဆရာတင် မှား ပါက သာမန်သူလို ငါလို ပုထုဇဉ်မျိုးကိုဆိုလျှင် မည်မျှသော အတိုင်းအတာအထိ မှားယွင်းစေနိုင်မည်ကို မည်သူက အတပ် ပြောနိုင်ပါလေမည်နည်း။

ဆွမ်းစားချိန်ရောက်သောအခါ မြတ်စွာဘုရားနှင့် နောက်ပါ ရဟန်း ငါးရာတို့သည် ဂရဟဒိန္နအိမ်သို့ ဆွမ်းစားကြွကြ၏။ ဂရဟဒိန္န၏ အိမ်တံခါးသို့ ရောက်သောအခါ ဂရဟဒိန္နသူကြွယ်သည် အိမ်မှထွက်၍ မြတ်စွာဘုရားအား ငါးပါးသော ထိုခြင်းဖြင့် ရှိခိုး၏။ စိတ်ထဲမှလည်း ဤသို့လျှောက်ထား၏။

"အရှင်တို့သည် အလုံးစုံကိုသိသည်ဆိုပါလျှင် ကျွန်ုပ်၏အိမ်သို့ မဝင်ပါ

http://www.cherrythitsar.org



လင့်။ အရှင်တို့အား ကျွေးမွေးစရာဟူ၍ ဘာမျှမရှိ၊ အရှင်တို့အား မီးကျီးတွင်းထဲသို့ ကျစေနိုင်မည် ဖြစ်၏'

ဂရဟဒိန္နသည် မြတ်စွာဘုရား၏ သပိတ်တော်ကိုယူ၍ ဤအရပ်မှ ကြွတော်မူပါဟု လျှောက်ထား၏။ ထို့နောက် မြတ်စွာဘုရားအား တစ်ပါးထိုင်ပြီးမှ တစ်ပါးကြွရန်ကိုလည်း လျှောက်ထား၏။ မြတ်စွာဘုရားသည်လည်း ဂရဟဒိန္န လျှောက်ထားသည့်အတိုင်း တစ်ပါးတည်း ကြွ တော်မူ၏။ မီးကျီးတွင်းအနီးသို့ ရောက်သောအခါ ဂဟဒိန္နသည် ဘေးသို့ရှောင်လိုက်၏။ မြတ်စွာဘုရားသည် မီးကျီးတွင်း၏ အထက်၌ ခြေတော်ကို လှမ်းတော်မူလိုက်သည့်အခါ မီးကျီးတွင်း ထဲမှ လှည်းဘီးပမာဏ ရှိသော ပဒုမ္မာကြာသည် ခင်းထားအပ်သော ဖျာကိုဖယ်ရှား၍ မြတ်စွာဘုရား၏ ခြေတော်ကို ခံလင့်၏။ မြတ်စွာဘုရားသည် ပဒုမ္မာကြာပေါ်၌ နင်းကြွတော်မူပြီးလျှင် မြတ်စွာဘုရားအတွက် ခင်းထားသော နေရာ၌ ထိုင်တော် မူ၏။ ရဟန်းငါးရာတို့သည်လည်း အလားတူပင် ပေါက်လာသော ပဒုမ္မာကြာ ပေါ်သို့ နင်းကြွပြီးလျှင် မိမိတို့အတွက် ခင်းထားအပ်သော နေရာအသီးသီး၌ ထိုင်နေတော်မူကြ၏။ ထိုအခြင်းအရာကို မြင်တွေ့ရသောအခါ ဂရဟဒိန္နသည် ဖောချော်ပြန်လေပြီ။

ဂရဟဒိန္နသည် ချက်ချင်းပင် သိရိဂုတ္တသူကြွယ်ထံသို့ သွားရောက်၍ ဖြစ်ရပ်မှန်များကို ပြောပြ၏၊ ယခုမှ ခက်ချေပြီ။ မြတ်စွာဘုရားနှင့် နောက်ပါ ရဟန်းငါးရာတို့အား ကျွေးမွေးစရာ ဟူ၍ ဘာမျှမရှိ။ အားလုံးကုန် မီးကျီးတွင်း ထဲသို့ ကျရောက်ကာ ပျက်စီးကုန်လိမ့်မည်ဟု ထင်မှတ်ထားသဖြင့် ဘာမျှ ချက် မထား၊ ယခုမှ ချက်ပြုတ်ရန်လည်း အချိန်မရှိတော့။ မြတ်စွာဘုရား၏ တန်ခိုး တော်ကို မြင်ရသဖြင့် ကျွေးမွေး လှူဒါန်းချင်သည့် ဆန္ဒကလည်း ပြင်းပြလေ၏။ ဂရဟဒိန္နကား ကျွတ်ချိန်တန်လေပြီ။ သူ၏ ဥာဏ်စေ့တို့သည်လည်း အထွတ်အထိပ် သို့ ရောက်လေပြီ။ ထို့ကြောင့် သူက သိရိဂုတ္တထံမှ အကူအညီကိုတောင်းခံခြင်း ဖြစ်၏။

သိရိဂုတ္တက အေးဆေးစွာပင် ပြန်လည်၍ ပြောလိုက်၏။ မြတ်စွာဘုရား အတွက်ဆိုလျှင် အရာရာသည် ပြီးပြည့်စုံမြဲဖြစ်၏၊ ထို့ကြောင့် ဆွမ်းအိုးထဲတွင် ယခင်က ဆွမ်းမရှိသော်လည်း ယခုဆွမ်းရှိမည်ဖြစ်၏။ ယာဂုအိုးထဲ၌ ယခင်က ယာဂု မရှိသော်လည်း ယခု ယာဂုရှိနေမည် ဖြစ်၏၊ ထောပတ်အိုးထဲ၌ ယခင်က ထောပတ်မရှိသော်လည်း ယခု ထောပတ်ရှိနေမည်ဖြစ်၏။ သကာပျားအိုး၌ ယခင်က သကာပျား မရှိသော်လည်း ယခု သကာပျားရှိနေမည် ဖြစ်၏။ ထိုထို အိုးများကို ပြန်ကြည့်ရန် သိရိဂုတ္တက ဂရဟဒိန္နအား တိုက်တွန်း၏။ မိမိလည်း

http://www.cherrythitsar.org



ဂရဟာ ဒိန္နနှင့်အတူ ဂရဟာဒိန္နအိမ်သို့ လိုက်ပါမည်ဖြစ်၏။ ထိုအခါ သိရိဂုတ္တနှင့် ဂရဟာဒိန္နတို့ နှစ်ယောက်တို့သည် ဂရဟာဒိန္နအိမ်သို့ အမြန်ဆုံးပြန်လာကြလေ၏။ အိမ်သို့ရောက်သောအခါ အိုးများကို အဆောတလျင် ဖွင့်ကြည့်ကြ၏။ ဆွမ်းအိုးများကလည်း ဆွမ်းအပြည့်၊ ဟင်းအိုးများကလည်း ဟင်းအပြည့်၊ ယောပတ်အိုးများကလည်း ယောပတ်အပြည့်၊ သကာပျားအိုးများကလည်း သကာပျားအပြည့်၊ အံ့ဖွယ်ရာကောင်းလိုက်သည့် ဖြစ်ခြင်း။ သိရိဂုတ္တနှင့် ဂရဟာဒိန္နတို့ နှစ်ယောက်လုံး ဝမ်းသာသွားကြ၏။ ဂရဟာဒိန္နက ပို၍ဝမ်းသာ၏။ သူ၏ ရင်ထဲက ပူပန်မှုဟူသမျှ အားလုံး ပျောက်ကင်းသွားလေပြီ။

ဂရဟာဒိန္နသည် မြတ်စွာဘုရားနှင့် နောက်ပါရဟန်းငါးရာတို့အား ကောင်းမွန်စွာ ဆွမ်းလုပ်ကျွေးလေ၏၊ ဤ ဆွမ်းလုပ်ကျွေးခြင်းကား ဂရဟာဒိန္နအနေဖြင့် မိမိကိုယ်တိုင် မချက်ရပါဘဲနှင့် ကျွေးရသော ဆွမ်းလုပ်ကျွေးခြင်းတည်း။ လောက၌ မဖြစ်ဖူးမြဲ ဖြစ်ခဲ့သော ဆွမ်းလုပ်ကျွေးခြင်းတည်း။ မြတ်စွာဘုရား၏ ဂုဏ်တော်အစေါင်းကား အံ့ဩဖွယ် ကောင်းပါဘိ။ ဆွမ်းဘုဉ်းပေးပြီးသောအခါ မြတ်စွာဘုရားသည် အောက်ပါနှစ်ဂါထာဖြင့် ဆွမ်းအနုမောဒနာကို ပြုတော်မူ၏။

**– လောမြေ၌ စွန့်ပစ်အပ်သောအမှိုက်ပုံ၌ မွှေးလှိုင်သော အနံ့ရှိသော စိတ်နှလုံးကိုကို ရွှင်လျော်စေတတ်သော ပဒုမ္မာကြာသည် ပွင့်ထွန်းသကဲ့သို့၊**

**– ထို့အတူ အမှိုက်သဖွယ်ဖြစ်သော မျက်ကန်းပုထုဇဉ်တို့၏ အလယ်၌ မြတ်စွာဘုရား၏ တပည့်သာဝကသည် ပညာဖြင့် အလွန်တင့်တယ်၏။**

လောက၌ အမှိုက်ပုံများသည်ရှိကြ၏။ အမှိုက်ပုံများဟူသည်မှာ ရွှံ့ညွန်များပင် ဖြစ်ကြ၏။ ရွှံ့ညွန်များအတွင်းမှ ပဒုမ္မာကြာသည်ပေါက်ရ၏။ ထို့ကြောင့် ရွှံ့ညွန်များကို တန်ဖိုးမဲ့များဟူ၍ မဆိုအပ်။ အကောင်းနှင့်အဆိုးသည် အစဉ်အမြဲ ဒွန်တွဲလျက် ရှိပါ၏။ အဆိုးကို အကြောင်းပြု၍ အကောင်းသည် ပေါ်ခဲ့ရ၏။ အကောင်းဟူ၍ ပေါ်လာခြင်းသည် အဆိုး၏ကျေးဇူးကြောင့်ပင် ဖြစ်၏။ ထို့ကြောင့် အကောင်းအနေဖြင့် အဆိုးကို ကျေးဇူးတင်ရမည် ဖြစ်၏။ အကောင်းသည် အကောင်းအနေဖြင့် အဆိုးကို စွန့်ခွာရမည် မဟုတ်။

ပဒုမ္မာကြာသည် ရွှံ့ညွန်ကြောင့် ဖြစ်ပေါ်လာခြင်း ဖြစ်၏။ အကယ်၍ ရွှံ့ညွန်သာ မရှိလျှင် ပဒုမ္မာကြာသည် ဖြစ်ပေါ်လာခြင်း မရှိနိုင်။ ထို့ကြောင့် ပဒုမ္မာကြာ နေဖြင့် ရွှံ့ညွန်ကို ကျေးဇူးတင်ရမည် ဖြစ်၏။ ကျေးဇူးတင်လျှင် ကျေးဇူးဆပ်ဖို့ လို၏။ ကျေးဇူးဆပ်ခြင်းဟူသည်ကား ရွှံ့ညွန်ကို မစွန့်ခွာဘဲ ရွှံ့ညွန်တောကို အလှဆင်ပေးခြင်းပင် ဖြစ်၏။ အကယ်၍ မင်းများ၊ အမတ်များ

http://www.cherrythitsar.org



သူဌေးသူကြွယ်များက ပဒုမ္မာကြာကို မြတ်နိုးပါသည်ဆိုသဖြင့် ပဒုမ္မာကြာသည် မင်းများ၊ အမတ်များ၊ သူဌေးသူကြွယ်များ နောက်သို့ ကောက်ကောက်ပါအောင် လိုက်သွားမည်ဆိုပါလျှင် ရွှံ့ညွှန်တောသည် များစွာပင် ခြောက်သွေ့ဝမ်းနည်း၍ ကျန်ရစ်နေပေလိမ့်မည်။ ပဒုမ္မာကြာကလည်း ရွှံ့ညွှန်တောကို ကျေးဇူးကန်းရာ ရောက်ပေလိမ့်မည်။

ထိုနည်းအတူပင် အမျိုက်တော၊ ရွှံ့ညွှန်တောနှင့်တူသော လူမိုက်များကို အကြောင်းပြု၍ ပညာရှိများသည် ပေါ်ပေါက်လာရခြင်း ဖြစ်၏။ အကယ်၍ သံသေဂလူ့ဇရာ လူမိုက်များသာ မရှိဘူးဆိုပါလျှင် ပညာရှိများသည် ပေါ်ပေါက်လိမ့်မည် မဟုတ်။ ထို့ကြောင့် လူမိုက်များသည် ပညာရှိများအပေါ် များစွာ ကျေးဇူးများပါ၏။ ကျေးဇူးများသည့် အလျောက်လည်း ပညာရှိများက လူမိုက်များအား ကျေးဇူးဆပ်သင့်ပါ၏၊ ကျေးဇူးဆပ်ခြင်း ဟူသည်မှာ လူမိုက်များ အနေဖြင့် လူမိုက်ဘဝမှ လွတ်မြောက်အောင် ဆောင်ရွက်ပေးခြင်းဖြစ်၏။ အကယ်၍ ပညာရှိများက မိမိတို့ ပညာရှိများအနေဖြင့် လူမိုက်များကို လျစ်လျူရှုပြီး မိမိတို့ တစ်ကိုယ်ကောင်း ဘဝ၌သာ ပျော်မွေ့နေမည်ဆိုပါလျှင် လူမိုက်တို့၏ ဘဝသည် များစွာ ခြောက်သွေ့ဝမ်းနည်းဖွယ် ဖြစ်ပေလိမ့်မည်။ ပညာရှိများကလည်း လူမိုက်များကို ကျေးဇူးကန်းရာ ရောက်ပေလိမ့်မည်။

ပဒုမ္မာကြာက ရွှံ့ညွှန်တောကို ကျေးဇူးဆပ်ရာ၌ ရွှံ့ညွှန်၏ အနံ့အသက်များ မိမိအပေါ် မကပ်ရောက်စေဘဲ ရွှံ့ညွှန်တောကိုအလှဆင်သကဲ့သို့ ပညာရှိများက လူမိုက်များကို ကျေးဇူးဆပ်ရာ၌လည်း လူမိုက်တို့၏ စရိုက်များ မိမိတို့အပေါ်၌ မကပ်ရောက်စေဘဲ သည်းခံခွင့်လွှတ်ခြင်းဖြင့် လူမိုက်တို့၏ဘဝကို ကယ်တင်အပ်ပါ၏။ ထိုသို့ ကယ်တင်ခြင်းသည် ပညာဖြင့် တင့်တယ်ခြင်း မည်ပါ၏။

ဒေသနာတော်အဆုံး၌ သိရိဂုတ္တနှင့် ဂရဟဒိန္နတို့ နှစ်ဦးစလုံး သောတာပန် ဖြစ်သွားကြ၏။ ကြွရောက်လာသော ပရိသတ်အပေါင်း ရှစ်သောင်းလေးထောင်တို့တွင် သစ္စာလေးပါးကို သိသူများက သိကြ၏။ နတ်ရွာ သုဂတိသို့ ရောက်ကြောင်း ကောင်းမှုကုသိုလ်ကို ရသူများက ရကြလေ၏။ ဤဒေသနာတော်ကား အကျိုးရှိသော ဒေသနာတော်ပါတည်း။

**ဓမ္မပဒ— ဝုပ္ပဝဂ် ပြီး၏။**

**ရာပြည့်စာအုပ်တိုက်**

http://www.cherrythitsar.org



"ဦးရွှေအောင် ရေးသားခဲ့သော စာစောင် မဂ္ဂဇင်း ထိုထိုက စာများကို ဖတ်ရသည့် အခါလည်း အတော် နှစ်သက်ခဲ့ပါ၏။ ဤအတွေးအခေါ် ဤရေးဟန်များမှာ တခြား စာရေးဆရာများ၌ မတွေ့ရသော အတွေးအခေါ်သစ်၊ ရေးဟန် အဆန်းအသစ်များ ဖြစ်ရာ ဦးရွှေအောင်၏ ရေးဟန်ကို မီအောင် တုပဖို့ရာ လွယ်လိမ့်မည် မထင်ပါပေ။"

(အရှင် ဇနကာဘိဝံသ၊ သင်္ဂြိုဟ်ဆရာတော်)

"ကျွန်တော်သည် ဆောင်းပါးသမားတစ်ယောက် အနေနှင့် စာပေဆောင်းပါးများ ရာချီပြီး ရေးခဲ့ပြီးပါပြီ။ ဆရာဦးရွှေအောင်၏ ဆောင်းပါးသုံးပုဒ်(ဇော်ဂျီမဂ္ဂဇင်း ၁၉၉၀ ပြည့်နှစ် ဖေဖော်ဝါရီ မတ် ဧပြီ သုံးလ ဆက်တိုက် ပါဝင်ခဲ့သည့် ဗျူဟာ ယမကာဝင် လာ ' ဝေဝရွှာ ' အမည်ဆက် ဆောင်းပါးရှည်) ကို ဖတ်ပြီးလိုက်သော အခါတွင်ကား ကျွန်တော့် ဆောင်းပါးတွေကို ဘေးချိတ် ပြီး ဒီလို ဆောင်းပါးမျိုး တစ်ပုဒ်လောက်များ ရေးလိုက်နိုင်ရင် ဟို တစ်ရာလောက်ကို လွှင့် ပစ်လိုက်နိုင်ပါရဲ့ ဟု အောက်မေ့လိုက်မိသေးကြောင်းကိုလည်း ထပ်လောင်းပြီး ပြောလိုက်ရ ပါ ပေသတည်း။"

(အောင်သင်း)